မန္တလေးသမိုင်းအကျဉ်းနှင့် လေ့လာကြည့်ရှု ဖူးမြော်ဖွယ်ရာများ
အရှင်ဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာ ဋီကာကျမ်းပြု
ပုဂ္ဂိုလ်ကျော်များ၏ အတ္ထုပ္ပတ္တိ အဖြစ်တော်စဉ်များ
မန္တလေးမြို့ မြောက်ပြင် မင်္ဂလာရာမတိုက်၊
မဟာခေမိကာရာမ သစ်ဆိမ့်တိုက်၊ ဝေဠုဝန်တိုက် သာသနာဝင်
သာသနာပြုပုံပြုနည်း ကြည်ညိုဖွယ် သံဝေဂရဖွယ်တို့ဖြင့်
တန်ဆာဆင်အပ်သော

# မန္တလေးသာသနာဝင်
## (ဒုတိယသတိမတွဲ)

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

## အရှင်ကောသလ

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

( ပြု စု ရေး သား သည် ။ )

သာသနာ - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၄

အတွဲအမှတ်စဉ်(၂၂)

မန္တလေး
သာသနာ့ဝင်

[illegible]
[illegible]

# ဆုတောင်းပတ္ထနာ

-----ooo-----

ဤသည့်ပုည၊ ကုသလကြောင့်၊ လောဘ,ဒေါသ၊
မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊
ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလျှပွယ်၊
လျှစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်
ခေမာအထွတ်တိုင်စေသောဝ် .....။

(မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး)

မယာကတ၊ ကုသလကို၊ များလှဝေနေ၊
ရကြစေ၊ ပေးဝေအမျှသာ။

များသတ္တဝါ၊ ဝေနေယျာလည်း၊ ရောဂါခပင်း၊
ကင်းလွတ်ရှင်း၊ ငြိမ်းခြင်းရောက်စေပါ။

ကောင်းကြံဟူသမျှ၊ ပြည့်စုံကြလျက်၊ သက္ကာယရန်၊
ပယ်သတ်ဉာဏ်၊ မြန်မြန်လင်းစေပါ။


ဒိဋ္ဌိသတ်နည်း၊ တရားကြီးလည်း၊ ငြီးငြီးထိန်ဝါ၊
မှောင်ပယ်ခွါ၊ မြန်စွာလင်းစေပါ။

မြန်စွာထွန်းပ၊ သက္ကယကို၊ ပယ်ချပြီးခါ၊
ရိယာဇာတ်တွင်း၊ ရောက်တုံလျှင်း၊ လင်းစေသာသနာ။

(အဂ္ဂမဟာပဏ္ဍိတ မဟာဗောဓိဆရာတော်ဘုရားကြီး၊ သုံးခွမြို့)

မန္တလေးသာသနာဝင် နှင့် အခြားကျမ်းပေါင်းများစွာတို့ကို

ရေးသားပြုစုတော်မူသော



ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

# အရှင်ကေလာသ

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

# မန္တလေးသာသနာဝင်
# ဒွါဝီသတိမတွဲ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ | ဆ-ဇ |
| ၂။ | သာသနာရေးဦးစီးဌာနမှ ခွင့်ပြုစာ | ဈ |
| ၃။ | မန္တလေးသာသနာဝင်ဖြစ်ပေါ်လာပုံ နိဒါန်းစကား ..... ဆရာတော် အရှင်ကုမာရ | ဋ-ဍ |
| ၄။ | မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲ ကျမ်းဦးမှတ်ဖွယ် | ဏ-ဒ |
| ၅။ | ဗုဒ္ဓပ္ပဏာမ | ဓ |
| ၆။ | ဓမ္မပ္ပဏာမ | န |
| ၇။ | သံဃပ္ပဏာမ | ပ |
| ၈။ | အာစရိယပ္ပဏာမ | ဖ |
| ၉။ | အဘိယာစကပဋိညာဉ် | ဗ |
| ၆။ | မန္တလေးသမိုင်းကျဉ်းနှင့် လေ့လာကြည့်ရှုဖူးမြော်ဖွယ်ရာများ | ၁ |
| ၇။ | အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ် | ၁၃ |
| ၈။ | သောတတ္ထကီကျမ်းပြု စူဠဗုဒ္ဓဃောသမဟာထေရ် | ၅၁ |
| ၉။ | အရှင်ဗုဒ္ဓဒတ္တ မဟာထေရ် | ၅၄ |
| ၁၀။ | မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ မဟာထေရ် | ၅၉ |
| ၁၁။ | အဋ္ဌကထာဋီကာကျမ်းပြု အရှင်ဓမ္မပါလ မဟာထေရ် | ၆၁ |
| ၁၂။ | မဟာနိဒ္ဒေသအဋ္ဌကထာနှင့် စူဠနိဒ္ဒေသအဋ္ဌကထာကျမ်းပြု အရှင်ဥပသေန မဟာထေရ် | ၇၃ |
| ၁၃။ | ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု အရှင်မဟာနာမ မဟာထေရ် | ၇၇ |
| ၁၄။ | ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရီ မဟာထေရ် | ၈၁ |
| ၁၅။ | အဘိဓမ္မတ္ထသင်္ဂြိုဟ်, နာမရူပပရိစ္ဆေဒ, ပရမတ္ထဝိနိစ္ဆယကျမ်းပြု အရှင်အနုရုဒ္ဓါမဟာထေရ် | ၈၃ |

# မန္တလေးသာသနာဝင်

# ဒွါဝီသတိမတွဲ

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ကစ္စည်းသဒ္ဒါကြီးကျမ်းပြု အရှင်ကစ္စာယနမဟာထေရ် | ၈၇ |
| ၁၇။ | သာရသင်္ဂဟအဋ္ဌကထာကျမ်းပြု အရှင်သိဒ္ဓတ္ထ မဟာထေရ် | ၉၁ |
| ၁၈။ | ပဒရူပသိဒ္ဓိ, ပဒရူပသိဒ္ဓိဋီကာ, ပဇ္ဇမဓုကျမ်းပြု အရှင်ဗုဒ္ဓပိယ မဟာထေရ် | ၉၃ |
| ၁၉။ | ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိ မဟာထေရ် | ၉၆ |
| ၂၀။ | ပရက္ကမဗာဟုမင်းကြီး၏ သာသနာသုတ်သင်ပွဲ သံဃမဟာနာယက အရှင်ကဿပ မဟာထေရ် | ၁၀၀ |
| ၂၁။ | အဋ္ဌကထာဋီကာကျမ်းပြု အရှင်သာရိပုတ္တရာ မဟာထေရ် | ၁၀၂ |
| ၂၂။ | အဘိဓမ္မမာတိကာဝဏ္ဏနာခေါ် မောဟဝိစ္ဆေဒနီနှင့် ဝိမတိဋီကာကျမ်းပြု အရှင်ကဿပ မဟာထေရ် | ၁၁၇ |
| ၂၃။ | ဝိနယဝိနိစ္ဆယဋီကာ, ထူပဝံသ စသည်ကျမ်းပြု အရှင်ဝါစိဿရ မဟာထေရ် | ၁၁၈ |
| ၂၄။ | ဆန်း၊ အလင်္ကာ,ပယောဂသိဒ္ဓိ စသည်ကျမ်းပြု အရှင်သံဃရက္ခိတမဟာသာမိ မဟာထေရ် | ၁၂၀ |
| ၂၅။ | အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန် မဟာထေရ် | ၁၂၄ |
| ၂၆။ | သိဒ္ဓတ်သင်္ဂြိုဟ်, သမန္တကူဋဝဏ္ဏနာ, ရသဝါဟိနီကျမ်းပြု အရှင်ဝေဒေဟ မဟာထေရ် | ၁၂၇ |
| ၂၇။ | အဘိဓမ္မာဝတာရဋီကာသစ်နှင့် ဋီကာကျော်ကျမ်းပြု အရှင်သုမင်္ဂလသာမိ မဟာထေရ် | ၁၂၉ |
| ၂၈။ | ကင်္ခါဝိတရဏီအဘိနဝဋီကာ(ကင်္ခါဋီကာသစ်)ကျမ်းပြု အရှင်ဗုဒ္ဓနာဂ မဟာထေရ် | ၁၃၁ |
| ၂၉။ | ဇိနာလင်္ကာရစာကိုယ်,ဋီကာကျမ်းပြု အရှင်ဗုဒ္ဓရက္ခိတ မဟာထေရ် | ၁၃၃ |
| ၃၀။ | မောဂ္ဂလ္လာန်သဒ္ဒါကျမ်းနှင့် ဝုတ္တိဝိဝရဏပဉ္စိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန် မဟာထေရ် | ၁၃၄ |

# ဒွါဝီသတိမတွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | ပဒသာခနေကျမ်းပြု ပိယဒဿီမဟာထေရ် | ၁၃၇ |
| ၃၂။ | ပဒသာခနိဋီကာကျမ်းပြု သံဃရာဇာ အရှင်ရာဟုလာမဟာထေရ် | ၁၃၈ |
| ၃၃။ | ယိုးဒယားနိုင်ငံမှ ပါဠိကျမ်းပြုဆရာတော် အရှင်ရတနပညာ မဟာထေရ် | ၁၄၀ |
| ၃၄။ | ယိုးဒယားမှ မိလိန္ဒ(ပဉ္စ)ဋီကာကျမ်းပြု တိပိဋကစူဠာဘယ မဟာထေရ် | ၁၄၃ |
| ၃၅။ | ဗာလာဝတာရဋီကာသစ်ကျမ်းပြု အရှင်သိရိသုမင်္ဂလ မဟာထေရ် | ၁၄၅ |
| ၃၆။ | အဘိဓာနပ္ပဒီပိကာသူစိကျမ်းပြု အရှင်သုဘူတိ မဟာထေရ် | ၁၄၇ |
| ၃၇။ | မဏ္ဍလာရာမ သာသနာဝင် | ၁၅၀ |
| ၃၈။ | ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓာလင်္ကာရ မဟာထေရ် | ၁၅၄ |
| ၃၉။ | ဝိစိတ္တာလင်္ကာရ ဉာဏာဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, ဝိစိတ္တာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ ဆရာတော် အရှင်ဝိစိတ္တ မဟာထေရ် | ၂၅၄ |
| ၄၀။ | အရှင်စန္ဒိမာ မဟာထေရ် | ၂၅၉ |
| ၄၁။ | ဆရာတော် အရှင်အာဒိစ္စ | ၂၆၀ |
| ၄၂။ | ဆရာတော် အရှင်ပညာသာရ | ၂၆၁ |
| ၄၃။ | ဆရာတော် အရှင်နန္ဒိယ | ၂၆၂ |
| ၄၄။ | အဘိဓမ္မာကျမ်းဂန်တတ်ပါရဂူ ဒုတိယမြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသ | ၂၆၃ |
| ၄၅။ | နရိန္ဒာဘိသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, နရိန္ဒာဘိသိရီသဒ္ဓမ္မဇောတိပါလဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, နရိန္ဒာဘိဓဇအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်နရိန္ဒ မဟာထေရ် | ၂၆၇ |
| ၄၆။ | ဝိနည်းငါးကျမ်းပြန် ပဌမစာတော်ချဆရာတော် အရှင်ဖိုန | ၂၇၇ |
| ၄၇။ | ပုဂံဆရာတော် စာချ အရှင်ဉာဏ | ၂၇၉ |

(ဃ) မန္တလေးသာသနာဝင်

# ဒွါဝီသတိမတွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာ | ၂၈၂ |
| ၄၉။ | ပဋ္ဌမကျော် ပဋ္ဌမစာတော်ချဆရာတော် အရှင်အာဒိစ္စ | ၂၈၇ |
| ၅၀။ | ပဋ္ဌမကျော် ဦးအုန်း | ၂၉၀ |
| ၅၁။ | စာချဆရာတော် အရှင်သာဂရ | ၂၉၃ |
| ၅၂။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝေပုလ္လာဘိဝံ | ၂၉၄ |
| ၅၃။ | ပဋ္ဌမစာတော်ချ ဆရာတော် အရှင်ဝိစိတ္တ | ၃၀၂ |
| ၅၄။ | ရွှေကျင်နိကာယဓမ္မသေနာပတိ ဆရာတော် အရှင်တိဿ | ၃၀၅ |
| ၅၅။ | အဂ္ဂမဟာသေနာပတိ ယောအတွင်းဝန်အမတ်ကြီးဦးဖိုးလှိုင် | ၃၀၇ |
| ၅၆။ | မဟာခေမိကာရာမ သစ်ဆိမ့်သာသနာဝင် | ၃၂၀ |
| ၅၇။ | တေဇောသာရာဘိပဏ္ဍိတပရမ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်တေဇောသာရ | ၃၂၂ |
| ၅၈။ | ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ပညာသီဟာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာသီဟ | ၃၂၄ |
| ၅၉။ | ဆရာတော် အရှင်ဂန္ဓမာ | ၄၀၃ |
| ၆၀။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပဏ္ဍိစ္စ | ၄၀၄ |
| ၆၁။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူရိယ | ၄၀၇ |
| ၆၂။ | ဆရာတော် အရှင်က္လန္တက | ၄၀၉ |
| ၆၃။ | ပဋ္ဌမစာတော်ချ ဆရာတော် အရှင်သာဂရဗုဒ္ဓိ | ၄၂၀ |
| ၆၄။ | ဇာတကဘာဏကသစ်ဆိမ့်တိုက်စာချ ဆရာတော် အရှင်ဝိလာသ | ၄၂၄ |

# ဒွါဝီသတိမတွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၅။ | မဏိသာရမဉ္ဇူသာနိဿယ စသောကျမ်းပြုဆရာတော် အရှင်ဝိသုဒ္ဓါစာရမဟာထေရ် | ၄၂၆ |
| ၆၆။ | မဟာဝိသုတာရာမတိုက်တော်တည် ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ မဟာထေရ် | ၄၃၆ |
| ၆၇။ | အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဥေယျ | ၅၈၇ |
| ၆၈။ | ''အာစာရာဘိဓဇသိရီပဝရရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်အာစာရ | ၅၉၄ |
| ၆၉။ | ဝေဠုဝန် သာသနာဝင် | ၆၃၄ |
| ၇၀။ | နန္ဒမာလာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်နန္ဒမာလာ | ၆၃၅ |
| ၇၁။ | ဆရာတော် အရှင်တိလောက | ၆၃၇ |
| ၇၂။ | ဆရာတော် အရှင်အာဒိစ္စ | ၆၃၇ |
| ၇၃။ | မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီး အပြီးသတ်ခြင်း | ၆၅၃ |


♦♦♦

# မန္တလေးသာသနာဝင်
# ဒွါဝီသတိမတွဲ
# ကျမ်းစာအုပ်အလှူရှင်

၁။ ထိုင်ဝမ်နိုင်ငံမှ (ဓမ္မဝံသကျောင်းသစ် ဆရာတော်
ဘဒ္ဒန္တကုသလ အရှင်စင်တောက်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)

၂။ ဟောင်ကောင် ရွှိယစ်ကော်ပိုးရေးရှင်းမှ -
ရန်ကြိန်ရှင်း၊ ညက်ရွှယ်လျန်၊ ကျန်းဇေ့ရှိ၊
ရန်ကြိန့်ဟောက်၊ ဝေကျောင်းယူ မိသားစုများ။

၃။ ထိုင်ဝမ်နိုင်ငံ လင်းဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့
တပည့် - ဒါယကာ ဒါယိကာမများ မှ စုပေါင်းလှူဒါန်း
သော နဝကမ္မ အလှူတော်ငွေများဖြင့် ဤစာအုပ်
ကို ပုံနှိပ်ထုတ်ဝေ၍ ဓမ္မဒါနပြု လှူဒါန်းကြပါသည်။

ဘဒ္ဒန္တကုမာရ

အဂ္ဂမဟာပဏ္ဍိတ

[illegible]

မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်

အမှတ်-မြောက် မဟာမြ[illegible]


[illegible]

ရက်နေ့

သို့/

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ ။ သုတေသနလုပ်လိုသော ပုဂ္ဂိုလ်များအတွက် မန္တလေးသာသနာဝင်ကျမ်းစာ (အတွဲ - - - ၂၁၊၂၂၊၂၃၊၂၄၊၂၅)များ ရိုက်နှိပ်ထုတ်ဝေခွင့်ပြုရန်ကိစ္စ။

၁။ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ကြသော ဆရာကြီးဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်)နှင့် ဦးကြည်ညွှန့်(ဒု-ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)တို့၏ လျှောက်ထားချက်အရ ဘုန်းကြီး၏ အနန္တကျေးဇူးရှင် ဆရာတော်အရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ ဂုဏ်ထူး) မထေရ်မြတ်က ရေးသားပြုစု၍ မန္တလေးသာသနာဝင် (ပဌမတွဲ မှ ပဉ္စဝီသတိမတွဲအထိ) ၂၅-တွဲကို ရေးသားပြုစု၍ တစ်တွဲလျှင် လက်နှိပ်စက်စာမူ ငါးမူစီကို ဦးကြည်ညွှန့် (ညွှန်ကြားရေးမှူးချုပ်)အား ပေးအပ်ခဲ့ပါသည်။

၂။ ယင်းစာမူများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိသာ (ငါးတွဲကို) သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ခွင့်ပေခဲ့ပါသည်။

၃။ ဘုန်းကြီးသည် ဆရာတော်၏ စာမူများဖြစ်သော-

(က) ပင်းယသာသနာဝင်ကျမ်း။

(ခ) ဝိမုတ္တိမဂ္ဂ (သီဟိုဠ်မူမှ မြန်မာပါဠိစာမူ)

(ဂ) အဘိဓာန်နိဒါန်းစာမူတို့ကို ကွန်ပျူတာစာစီ၍ တစ်အုပ်လျှင် (၅၀၀)စီ ရိုက်နှိပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

(ဃ) ပုဂံသာသာဝင်

(င) အင်းဝသာသနာဝင်၊

(စ) အမရပူရသာသနာဝင်ကျမ်းစာတို့ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ရိုက်နှိပ်ခွင့်ပေလျက်ရှိပါသည်။

၄။ ဆရာတော်၏ တကြည့်တိုက်မှ မန္တလေးသာသနာဝင် (၂၁-မှ၂၅)အထိ လက်နှိပ်စက်စာမူကြမ်းများကို တာဝန်ရှိဆရာတော်များက ပေးလိုက်သဖြင့် လက်ခံရရှိခဲ့ပါသည်။

# (၉) သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ

၅။ ယင်းစာမူကြမ်းများကို ကွန်ပျူတာစာစီ၍ သင့်လျော်သည့်အခါ သုတေသီများလေ့လာရန် တစ်တွဲလျှင် (၃၀၀)အုပ်စီ ရိုက်နှိပ်၍ စာကြည့်တိုက်များ သုတေသီများသို့ မွေဒါနအဖြစ် လှူဒါန်းမှုဖော်၍ ဆရာတော်၏ အနန္တကျေးဇူးဂုဏ်များကို ပေးဆပ်လိုပါသဖြင့် ရိုက်နှိပ်ထုတ်ဝေခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရက်စွဲ။ ။ ၁၃၇၄–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်
၂၀၁၂–ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ ကြာသပတေးနေ့

[illegible]

အဂ္ဂမဟာပဏ္ဍိတ
ပဓာနနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
မင်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 37096



မိမိ၏ အနန္တကျေးဇူးရှင်
ဆရာသခင် ထေရ်အရှင်မြတ်၏
ကျေးဇူးဂုဏ်ကို အာရုံပြုရည်မှန်းလျက်
အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးဆောင်ရွက်လိုသော
စေတနာ သဒ္ဓါတရားသက်သက်ဖြင့်သာ
ဤ ကျမ်းစာအုပ်ကို လက်နှိပ်စက်မှုမှ
(ကွန်ပျူတာစီ)ပုံနှိပ်မှုသို့ ပုံနှိပ်ထုတ်ဝေ၍
ဓမ္မဒါနပြု လှူဒါန်းခြင်းဖြစ်ပါသည်။

အရှင်ကုမာရ
အဂ္ဂမဟာပဏ္ဍိတ

ရက်စွဲ။ ။၁၃၇၅-ခုနှစ်၊ တပို့တွဲလကွယ်နေ့
၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်၊ သောကြာနေ့။

# သာသနာရေးဦးစီးဌာနမှ ခွင့်ပြုစာ (ဈ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စာအမှတ်၊ ၀၁ / ၇- စာမူစိစစ်/ သသန(စာမေးပွဲ)
ရက်စွဲ ၊ ၂၀၁၂ - ခုနှစ် ၊ နိုဝင်ဘာလ ၁၆ ရက်

ဆက်ကပ်ပါရန်

ဆရာတော်ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
သိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်၅၅၀၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ ပုံနှိပ်ခြင်းမပြုရသေးသည့် မန္တလေးသာသနာဝင်ကျမ်းများ ပုံနှိပ်ခွင့်ပြုရန် မေတ္တာရပ်ခံလာခြင်းကိစ္စပါဘုရား

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ကျမ်းပြုဆရာတော်ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေဂုဏ်ထူး) ရေးသားပြုစုခဲ့သည့် ပုံနှိပ်ကျန်ရှိနေသော မန္တလေးသာသနာဝင်ကျမ်း (အတွဲ-၂၁ မှ ၂၅ထိ) လက်နှိပ်စက်စာမူများကို ကျမ်းပြုဆရာတော်၏ စာကြည့်တိုက်မှ ရရှိထားသဖြင့် သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ရန် အစီအစဉ်မရှိသေးပါက စောင်ရေ(၃၀၀)စီပုံနှိပ်၍ ဓမ္မဒါန လှူဒါန်းလိုပါကြောင်း မေတ္တာရပ်ခံစာကို လက်ခံရရှိပါသည်ဘုရား။

၂။ ဆရာတော်ပြုစုသော ကျမ်းစာများသည် သုတေသီပုဂ္ဂိုလ်များအတွက် အကျိုးများ၍ ရှားပါးသော ကျမ်းစာများဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း ပညာပါရမီ ကုသိုလ်ဒါနပြုနိုင်ပါကြောင်းနှင့် ပုံနှိပ်ပြီးကျမ်းစာများကိုလည်း သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

(မိုးဇော်သူ)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

- ညွှန်ကြားရေးမှူး၊စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန
  (ဆရာတော်၏ မန္တလေးသာသနာဝင်အမှတ်-၆မှ ၁၀ထိစာမူများ ကျမ်းပြုဌာနခွဲ၌ ရှိ/မရှိ စိစစ်တင်ပြပေးရန်)
- လက်ခံစာတွဲ
- မျှောစာတွဲ

ဆရာပြုရာ
ဤကျမ်းစာ
သာသနာအတွက် ဖြစ်ပါသည်။

တန်ဖိုးသိသိ
တန်ဖိုးရှိ
ကဝိရှင်လူ ယူကြမည်။

ဆရာ့ကျေးဇူး
ဂုဏ်အထူး
အထူးသိ၍ ဆပ်ပါသည်။

## မန္တလေးသာသနာဝင်
## ဒွါဝီသတိမတွဲ ဖြစ်ပေါ်လာပုံ

မိမိ၏ အနန္တကျေးဇူးရှင် ဖြစ်တော်မူသော ဆရာတော် အရှင်ကေလာသ (ဓမ္မာစရိယ, ဂဏဝါစက၊ B.A.ဂုဏ်ထူး သီရိလင်္ကာ, အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်သည် ဝီရိယဓာတ် လွန်ကဲတော်မူလှပါသည်။ နေ့စဉ် ဓာတွတ္ထသင်္ဂဟ, အဘိဓာနပ္ပဒီပိကာ, ဓမ္မပဒ, အပါဒါန်အစရှိသော အာဂုမ်နှုတ်တက်အရ ကျက်ထားသော ကျမ်းစာများကို ပြန်လှန်အလွတ်ရွတ်ဆိုခြင်း အစရှိသော စာကျက်စာပြန် လုပ်ငန်းတို့ကိုလည်း ပရိစယ အာသေဝနသတ္တိ ဖြစ်အောင်အား ထုတ်တော်မူပါသည်။ နိကာယ်ပိဋကတ်တော်တို့ကို ချပို့ရန် အတွက် ပြင်ဆင်ခြင်းလုပ်ငန်း၊ ကျမ်းစာပြုစုရေးသားမှုလုပ်ငန်းတို့ဖြင့်သာ လူ့ဘဝ၏အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

၁၃၇၃-ခုနှစ်၊ ဝါဆိုပြီးချိန်၌ နောင်တော်အရင်းပမာဖြစ်သော ဝိမုတ္တိတောင်ဆရာတော် အရှင်ဇောတိကထေရ်၏ ကျန်းမာရေးကိစ္စကို ကြည့်ရှုရန်နှင့် မဟာဝံသပါဠိ(သီဟိုဠ်မူ)စာအုပ်ကို ခေတ္တငှါးရမ်းလိုမှု အစရှိသောကိစ္စဖြင့် ပခုက္ကူသို့သွားရောက်ခဲ့ပါသည်။ မဟာဝံသပါဠိစာအုပ်လည်း အရှင်ပညာသီဟ (ဂဏဝါစက)ထေရ်၏ ကူညီရှာဖွေပေးမှုကြောင့် ရရှိခဲ့ပါသည်။ အရှင်ပညာဇောတ (ဂဏဝါစက၊ သဒ္ဓမ္မဇောတိက)နှင့် အရှင်ပညာသီဟ (ဂဏဝါစက၊ တိပိဋကာလင်္ကာရ)ထေရ်များက ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ မန္တလေးသာသနာဝင် (တိုက်ပရိုက်တာစာမူကြမ်း)များကို ရှာဖွေစုဆောင်းထားကြပြီး မပျောက်မပျက်စေရန် တပါတည်းယူသွားဖို့ လျှောက်ထားကြသဖြင့် မိမိလည်း စာအုပ်များကို ကတ္တူပုံးဖြင့် ထည့်၍ယူခဲ့ပါသည်။ တပည့်-အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A. )က ကွန်ပျူတာစာစီပေးပါမည်ဟု လျှောက်ထားသဖြင့် တွေ့ရှိသည့်စာမူများကို ကောက်ယူပြီးပေးလိုက်ပါသည်။ ကွန်ပျူတာစာစီမှုများကို ရရှိလာသည့်အခါမှ မန္တလေးသာသနာဝင်၊ စတုဝီသတိမတွဲ ဖြစ်နေသည်ကို သိရပါသည်။

(၄)

# နိဒါန်းစကား

ထိုအချိန်မှစ၍ ကတ္တူပုံးထဲကစာမူများကို တစ်တွဲစီထုတ်၍ စိစစ်ကြည့်သည့်အခါ ဧကဝီသတိမတွဲ-မှ ပဉ္စဝီသတိမတွဲအထိ စာအုပ် ၅-အုပ်စာ ဖြစ်နေကြောင်း သိရှိရပါသည်။ ကွန်ပျူတာစာစီလုပ်ငန်း အတော်အသင့် ပြီးစီးနေသဖြင့် ပြီးစီးသည့်ကျမ်းစာမှစ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဆုံးဖြတ်ရပါတော့သည်။ သို့ဖြင့် မန္တလေးသာသနာဝင် **အတွဲ-၂၄ (စတုဝီသတိမတွဲ)** ကို ၂၀၁၃-ခုနှစ်၊ ဇူလိုင်လတွင် ရှေးဦးစွာ အုပ်ရေ (၅၀၀)ကျော် ထုတ်ဝေ လှူဒါန်း၍လည်းကောင်း၊ ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယအကြိမ် မန္တလေးသာသနာဝင် **အတွဲ-၂၁ (ဧကဝီသတိမတွဲ)**ကျမ်းကိုလည်းကောင်း၊ ယခုအခါ မန္တလေးသာသနာဝင် **အတွဲ-၂၂ (ဒွါဝီသတိမတွဲ)**ကျမ်းကို ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလတွင် တတိယအကြိမ်အဖြစ်လည်းကောင်း ထုတ်ဝေ လှူဒါန်းခြင်းဖြစ်ပါသည်။

မန္တလေးသာသနာဝင်ကျမ်းစာ ပဌမတွဲမှ ပဉ္စဝီသတိမတွဲအထိ ကျမ်းစာများကို သာသနာရေးဦးစီးဌာနသို့ ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းကျမ်းစာများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိ စာအုပ်အဖြစ် သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေပြီးဟု သိရပါသည်။ ကျန်အတွဲများ ယခုအချိန်အထိ ထုတ်ဝေသည်ကို မတွေ့ရပါ။

ထို့ကြောင့် မန္တလေးသာသနာဝင် (စာမူကြမ်း) ၅-တွဲကို သုတေသီတို့အတွက် ရိုက်နှိပ်လှူဒါန်းခွင့်ပြုပါရန် (နိုဝင်ဘာ ၈-ရက်၊၂၀၁၂)နေ့စွဲပါ စာဖြင့် ညွန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနသို့ တင်ပြခွင့်တောင်းခဲ့ပါသည်။ (နိုဝင်ဘာ ၁၆-ရက်၊၂၀၁၂)နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနက ခွင့်ပြုခဲ့ပါသည်။ စာမူများသည် ဆရာတော်ဘုရား ပြန်လည် စိစစ်ခြင်းမရှိသော လက်နှိပ်စက်စာမူများဖြစ်ပါသည်။ သို့ဖြစ်၍ လက်နှိပ်စက်စာမူများကို မိမိသင့်သလို ပြန်လည်စီစစ်၍ စာအုပ်အဖြစ် ရိုက်နှိပ်လှူဒါန်းခြင်း ဖြစ်ပါသည်။

ပြန်လည်စီစစ်ရန်ကိစ္စမှာ - မိမိမကျွမ်းကျင်သော လုပ်ငန်းဖြစ်နေ၍ မစိစစ်နိုင်တော့ပါ၊ သုတေသီများ လိုအပ်သလို အသုံးပြုနိုင်ရန် ရိုက်နှိပ်လှူဒါန်းခြင်း ဖြစ်ပါသည်။ သို့အတွက် လိုအပ်ချက်များ မှားယွင်းချက်များ အသင့်အတင့်ပါရှိနေသည်ကို ပြင်ဆင်၍ အသုံးပြုတော်မူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိမိသည် ဆရာသခင် အနန္တကျေးဇူးရှင်၏ ဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင်များအဖြစ် စိုက်ထူခဲ့သော ကျမ်းစာတို့ကို အနန္တကျေးဇူးဂုဏ်တော်များကို တတ်နိုင်သမျှ ပူဇော်လိုသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုကျမ်းစာများ ထွက်ပေါ်လာရေးအတွက် အရှင်တေဇိန္ဒာစာရ (ဓမ္မာစရိယ၊ M.A Ph.D (Thesis) မဟာစည်)၊ အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A, Ph.D (Thesis) )နှင့် တပည့်-ကျောင်းသား မောင်အောင်ကျော်ဇော-တို့က စိတ်ရှည်ရှည်ဖြင့် ကွန်ပျူ တာစာစီပြီးကျမ်းစာ လက်နှိပ်စက် မူကြမ်းများမှတစ်ဆင့် ကွန်ပျူတာစာမူဖြစ်အောင် ဆောင်ရွက်ပေးကြပါသည်။ ကွန်ပျူတာစာစီ အချောမူများဖြစ်အောင် ဆရာ့တပည့် (မြစ်ကျိုး)က ပြန်လည်ပြင်ဆင် မွမ်းမံပေးပါသည်။

တပည့်ဖြစ်သူ- ဒေါက်တာအရှင်ဥက္ကဋ္ဌ (ဆရာ့တပည့်-မြစ်ကျိုး)နှင့် အရှင်နန္ဒသီရိ(ရွှေမြေ-နန္ဒ)တို့က ကျမ်းစာအုပ်ပုံစံဖြစ်အောင် အဖက်ဖက်က ပုံဖော်ဆောင်ရွက်ပေးကြပါသည်၊ စေတနာရှင်များက ထက်ထက်သန်သန်ဖြင့် လှူဒါန်းထောက်ပံ့ကြပါသည်။ ပုံနှိပ်တိုက်, စာအုပ်ချုပ် လုပ်အားရှင်များကလည်း ပံ့ပိုးကူညီကြပါသည်။ ဤအကြောင်းတရားပေါင်းများစွာ၏ ကျေးဇူးပြုမှုကြောင့် ကျမ်းစာအုပ်အဖြစ် တတိယအကြိမ် ပေါ်ထွက်လာသော "မန္တလေးသာသနာဝင်၊ ဒွါဝီသတိမတွဲ" မိမိ၏ အနန္တကျေးဇူးရှင်၏ သာသနာပြုလုပ်ငန်းကို သုတေသီတို့လက်သို့ အရောက် ပို့ဆောင်ပေးလိုက်ပါသည်။ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**သုစေနာနံ ပသာဒါယ၊ သုစေနသ ဝိရုဠှိယာ။**
**သုစေနာနံ ကမ္မံ ကတွာ၊ ပဏ္ဍိတာ သုစေနာ သဒါ။**

**အရှင်ကုမာရ**

**(အဂ္ဂမဟာပဏ္ဍိတ)**

**ဒုတိယပါမောက္ခချုပ်ဆရာတော်**

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**

၁၉-၉-၂၀၁၃၊ ကြာသပတေးနေ့။

# မန္တလေးသာသနာဝင်
# ဒွါဝီသတိမတွဲကျမ်း
# ကျမ်းဦးမှတ်ဖွယ်

မန္တလေးသာသနာဝင်ကျမ်းကြီး ကေဝီသတိမတွဲ ရေးသားပြုစုအပြီးတွင် ဆက်လက်၍ မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကြီးကို ဆက်လက်ရေးသား ပြုစုပါသည်။

ယင်းမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲ၌–

၁။ မန္တလေးသမိုင်းအကျဉ်းနှင့် လေ့လာကြည့်ရှုဖူးမြော်ဖွယ်များ

၂။ အရှင်မဟာဗုဒ္ဓဃောသအစရှိသော အဋ္ဌကထာဋီကာကျမ်းပြုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိအဖြစ်တော်စဉ်

၃။ မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမတိုက် သာသနာဝင်

၄။ မန္တလေးမြို့မြောက်ပြင် မဟာခေမိကာရာမသစ်ဆိမ့်တိုက်သာသနာဝင်

၅။ မန္တလေးမြို့မြောက်ပြင် ဝေဠုဝန်တိုက်သာသနာဝင် တို့ပါရှိလေသည်။

ထိုတွင် မန္တလေးသမိုင်းအကျဉ်းနှင့် လေ့လာကြည့်ရှုဖူးမြော်ဖွယ်များတွင် မန္တလေးမြို့ကြီး၏ သာသနာ့ပြတိုက်ကြီးသဖွယ်ဖြစ်ပုံ၊ မန္တလေးမြို့တော်ကြီးတည်ပုံ အကျဉ်း၊ အနုစ်တရာပြည့်ပွဲတော်ကြီး ကျင်းပခြင်းသမိုင်းချုပ်၊ မန္တလေးမြို့၌ ဆွဲဆောင်သည့်အရာများ စသည့်အချက်အလက်များကို အကျဉ်းချုပ်၍စုပေါင်းဖော်ပြထားရာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

အရှင်မဟာဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာ ဋီကာကျမ်းပြုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိအဖြစ်တော်စဉ်ပြရာ၌– အရှင်မဟာဗုဒ္ဓဃောသ၏ ဇာတိချက်ကြွေမွေးရပ်မြေ၊ အရှင်မဟာဗုဒ္ဓဃောသရဟာန်းဖြစ်၊ ပညာသင်၊ အဋ္ဌကထာကျမ်းကြီးများပြုစီရင်ပုံ စသည်တို့ဖော်ပြထားပါသည်။ ၎င်းပြင် အရှင်စူဠဗုဒ္ဓဃောသ၊ အရှင်ဗုဒ္ဓဒတ္တ၊ မူလဋီကာကျမ်းပြုအရှင်အာနန္ဒာ၊ အဋ္ဌကထာ ဋီကာကျမ်းပြုအရှင် ဓမ္မပါလ၊ မဟာနိဒ္ဒေသအဋ္ဌကထာ၊ စူဠနိဒ္ဒေသ အဋ္ဌကထာကျမ်းပြု အရှင်ဥပသေန၊ ပဋိသမ္ဘိဒါ မဂ္ဂအဋ္ဌကထာကျမ်းပြု အရှင်မဟာနာမ၊ ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရိ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း စသည့်ကျမ်းပြု အရှင်အနုရုဒ္ဓါ၊ ကစ္စည်းသဒ္ဒါကြီးကျမ်းပြု

အရှင်ကစ္စာယန၊ သာရသင်္ဂဟ အဋ္ဌကထာကျမ်းပြု အရှင်သိဒ္ဓတ္ထ၊ ပဒရူပသိဒ္ဓိ စသည့်ကျမ်းပြုဆရာတော် အရှင်ဗုဒ္ဓပိယ၊ ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိ၊ ပရက္ကမဗာဟုမင်းကြီး၏ သာသနာ့သုတ်သင်ပွဲ သံဃမဟာနာယက အရှင်မဟာကဿပ၊ အဋ္ဌကထာ ဋီကာနိသျကျမ်းပြု အရှင်သာရိပုတ္တရာ၊ မောဟဝိစ္ဆေဒနီ ပါဠိနှင့် ဝိမတိဋီကာကျမ်းပြု အရှင်စောဠိယကဿပ၊ ဝိနယဝိနိစ္ဆယဋီကာ၊ ထူပဝံသပါဠိ ကျမ်းပြု အရှင်ဝါစိဿရ၊ ဆန်း အလင်္ကာ ပယောဂသိဒ္ဓိ စသည့်ကျမ်းပြု အရှင်သံဃရက္ခိတ၊ သိဒ္ဒတ်သင်္ဂြိုဟ်ရာ၊ သမန္တကူဋဝဏ္ဏနာ၊ ရသဝါဟိနီ ကျမ်းပြု အရှင်ဝေဒေဟ၊ ဋီကာကျော်ကျမ်းပြု အရှင်သုမင်္ဂလသာမိ၊ ကင်္ခါဋီကာသစ် ကျမ်းပြု အရှင်ဗုဒ္ဓနာဂ စသည့် အဋ္ဌကထာ ဋီကာ ဗျာကရုဏ်းကျမ်းပြု သမိုင်း ကျမ်းပြုမထေရ်ကျော်တို့၏ အတ္ထုပ္ပတ္တိများ စာပေသမိုင်းများရှိရာ လွန်စွာတွေ့နိုင်ခဲ သည့်သမိုင်းများကို တွေ့ရဖတ်ရှုရမည် ဖြစ်သည်။

<u>မဏ္ဍလာရာမသာသနာဝင်</u>။ ။ မဏ္ဍလာရာမသာသနာဝင်၌ မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမကျောင်းတိုက်ကြီးသမိုင်းနှင့် မဏ္ဍလာရာမတိုက်တော်တည် ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၃–ထပ်ရ မဏ္ဍလာရာမ(ပြည်) ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်နှင့် မဏ္ဍလာရာမတိုက်စာချဆရာတော်များ၊ မဏ္ဍလာရာမတိုက်ထွက် သာသနာပြုဆရာတော်ဘုရားကြီးများ၏ အဖြစ်တော်စဉ် နှင့် သာသနာပြုလုပ်ဆောင်ချက်တို့ ဖော်ပြထားပါသည်။

<u>မဟာခေမိကာရာမသစ်ဆိမ့်သာသနာဝင်</u>။ ။မဟာခေမိကာရာမသစ်ဆိမ့်သာသနာဝင်၌ မန္တလေးမြို့မြောက်ပြင် မဟာခေမိကာရာမသစ်ဆိမ့်ကျောင်းတိုက်ကြီးသမိုင်း၊ သစ်ဆိမ့်တိုက်တည် "တေဇောသာရာဘိပဏ္ဍိတပရမ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်တေဇောသာရ၊ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂–ထပ်ရဆရာတော် အရှင်ပညာသီဟ စသောသစ်ဆိမ့်တိုက် နာယကဆရာတော်များ၊ သစ်ဆိမ့်တိုက် စာချဆရာတော်များ၊ သစ်ဆိမ့်တိုက်ထွက် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ အဖြစ်တော်စဉ်ကို ကြည်ညိုဖွယ်, သံဝေဂဖြစ်ဖွယ် ဖော်ပြထားပါသည်။

# ကျမ်းဦးမှတ်ဖွယ်

ဝေဠုဝန်သာသနာဝင်။ ။ ဝေဠုဝန်သာသနာဝင်၌ မန္တလေးမြို့မြောက်ပြင် ဝေဠုဝန်ကျောင်းတိုက်ကြီးသမိုင်းနှင့် ယင်းဝေဠုဝန်ကျောင်းတိုက်တည် နန္ဒမာလာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်နန္ဒမာလာ၊ ၎င်းနောက် ဆရာတော်အရှင်တိလောက၊ ၎င်းနောက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာဒိစ္စ၏ အဖြစ်တော်စဉ်ကို ပြဆိုထား ပါသည်။

ဖတ်ရှုသဒ္ဒါပွား သံဝေဂဉာဏ်ဖြစ် သာသနာပြုရန်ဆန္ဒပြု။ ။ မိမိသည် မဟာဿာဟ ဖွဲလုံ့လဖြင့် ဤမန္တလေး သာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီးကိုလည်း ကြိုးပမ်းပြုစုရာ ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်း စာတော်ဖတ်သည်လည်း ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီး ဖတ်ရှုပြီးသဒ္ဒါတရားတိုးပွား၊ သံဝေဂဉာဏ်ရင့်သန်၍ ဘုရားမြတ်စွာသာသနာပြုပုဂ္ဂိုလ်များ ဖြစ်ကြပါစေဟု ဆန္ဒပြုပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းစေသော်။

အရှင်ကေလာသ
ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီ–အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

၁၃၄၈–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀–ရက်။

===ooo===

# မန္တလေးသာသနာဝင်
# ဒွါဝီသတိမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓပ္ပဏာမ

သာသနံ ပဋ္ဌပေတွာန၊ စိရံ ဌာတုံ သုမာပယိ။
ဝန္ဒာမိ သိရသာ တမ္ပိ၊ ဂန္ထကိစ္စေ သုသံယုတော။

ယောဘဂဝါ၊ ဘုန်းတော်မကိုဋ် ဆောင်းစိုက်တော်မူ သယမ္ဘူထွတ်ထား အကြင်မြတ်စွာဘုရားသည်။ သာသနံ–သာသနဝံသ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော် အနွယ်အဆက်ကို။ ပဋ္ဌပေတွာန၊ ကရုဏာရှေးရှု တည်ထားဖြစ်စေတော်မူပြီး၍။ ဌာတုံ၊ ဤသဒ္ဓမ္မသုံးဖြာ သာသနာတော်စက်ကို။ စိရံ၊ မြင့်ရှည်မြားမြောင် နှစ်ငါး ထောင်ရှည် ကာလတည်အောင်။ သုမာပယိ၊ ဝေနေမျှားစွာ သတ္တဝါအား သံသာ နှောင်ညွတ် လွတ်ရန်ရည်ရော် ဖန်ဆင်းတည်ထောင်တော်မူခဲ့လေပြီ။ တမ္ပိဘဂဝန္တံ၊ ဘုန်းတော်မကိုဋ် ဆောင်းစိုက်တော်မူ သယမ္ဘူထွတ်ထား ထိုမြတ်စွာဘုရားကိုလည်း။ ဝါ၊ သဒ္ဓမ္မသုံးဖြာ သာသနာကို ကာလကြာရှည် တည်ထောင်ဖန်ဆင်း တရားမင်း ထွတ်ထား ထိုမြတ်စွာဘုရားကိုလည်း။ ဂန္ထကိစ္စေ၊ ကျမ်းပြုစာချ ကိစ္စအဝဝ၌။ သုသံယုတော၊ ပညာသံဝတ္တနိက ရှေးကမ္မကြောင့် မကွာနှေ့ညှ ယှဉ်ခွင့်(ပြုခွင့်)ကို ရရှိပါသော။ အဟံ၊ အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ် သည်။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ ဝန္ဒာမိ၊ ဘယာလာဘ စသည်အပြစ် မညစ်မလူး ကြည်နူးလှစွာ ရှိခိုးပါ၏။

(မိမိသည် မန္တလေးသာသနာဝင်ကျမ်းကြီး ကေဝီသတိမတွဲ ကျမ်းကြီးပြီး သဖြင့် တဖန် မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီးကို ပြုစီရင်ရမည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို လွန်စွာအလိုရှိပါသည်။ သို့ဖြစ်ပါ၍ အသချေ်အနန္တ ဂုဏ်တော်များသခင် ဘုရားရှင်ကို ရှိခိုးပါသည်။ ယင်းသို့ ဘုရား ရှင်ကို ရှိခိုးပူဇော်သဖြင့် ဗုဒ္ဓါရမ္မဏပီတိတွေဖြစ်၍ ကာယ၊ ဉာဏ အားအင်တွေ

ပြည့်လျှမ်းပြီး ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတ္တဲကျမ်းကြီး အောင်လံ စိုက်ဆောက် ပြီးမြောက် လိမ့်မည်ဟု ယုံကြည်ပါသည်။)

■

## ဓမ္မပ္ပဏာမ

ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ၊ သစ္ဆိကတွာ နိရုန္တရံ။
တံ ဓမ္မံ အဘိဝန္ဒာမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။

ဗုဒ္ဓေါပိ၊ သစ္စာလေးပါးတရားသိမြင် ဘုရားရှင်သည်သော်မှလည်း။ ယံဓမ္မံ၊ အကြင်မဂ်ဖိုလ် နိဗ္ဗာန်ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ်တရားတော်ကို။ နိရုန္တရံ၊ အစဉ် မပြတ်ကြားမလပ်အောင်။ ဘာဝေတွာစေဝ၊ ဖြစ်ပွားတော်မူပြီး၍လည်းကောင်း။ သစ္ဆိကတွာ၊ ကိုယ်ထိလက်ရောက် မျက်မှောက်ပြုတော်မူပြီး၍လည်းကောင်း။ ဗုဒ္ဓတ္တံ၊ ဘုရားမြတ်စွာ၏အဖြစ်သို့။ ဝါ၊ ဘုရားမြတ်စွာ၏ ဖြစ်ကြောင်းဖြစ်ရာ အရဟတ္တ မဂ်ဉာဏ်သဗ္ဗညုတဉာဏ်တော်သို့။ သမုပါဂတော၊ ကိလေသာစက် သုံးထောင်ဝက် ဟူ ရန်သူအလုံး ချေမှုန်းဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ။ တံ ဓမ္မံအပိ၊ ထိုမဂ်ဖိုလ် နိဗ္ဗာန်ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်း။ အဘိဝန္ဒာမိ၊ ဘယ,လာဘ စသည်အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုးပါ၏။ (''ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ'' အစရှိသောဂါထာဖြင့် တရားတော်ကိုလည်း ရှိခိုးပါ၏။ တရားတော်ကို ထပ်မံရှိခိုးရသဖြင့် ဗုဒ္ဓါရမ္မဏပီတိအပြင် ဓမ္မာရမ္မဏပီတိကိုပါရပြီး ကိုယ်အားဉာဏ်အားတွေ ပိုမိုလန်းဆန်းတိုးတက်လာပြီး မန္တလေးသာသနာဝင် ဒွါဝီသတိမတ္တဲကျမ်းကြီး အောင်အောင်မြင်မြင်ပြုစုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်)

■

## သံဃပ္ပဏာမ

သြရသာနံ မုနိန္ဒဿ၊ မာရသေနပ၀ိဃာတိနံ။
ပုတ္တာနံ အရိယသံဃံအပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။

မုနိန္ဒဿ၊ အင်္ဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေဖြစ် တော်မူသော မြတ်စွာဘုရား၏။ သြရသာနံ၊ တရားရင်နှစ်သားတော်စစ် ဖြစ်တော်မူ ကြကုန်သော။ မာရသေနပ၀ိဃာတိနံ၊ မာရ်ဒေဝရာဇ်နတ်မင်းညစ်၏ ကိလေသာစစ် သည်အလုံးကို ချေမှုန်းဖျောက်ဖျက်တော်မူကြကုန်သော။ ပုတ္တာနံ၊ သားတော်တို့၏။

ဂဏ်၊ သချ်ာတွက်စစ် ရှစ်ယောက်အပေါင်းဖြစ်သော။ အရိယာသံဃာအပေါ်၊ ကိလေသာ ဟူ မြူမှုံမကပ် အရိယာသံဃာတော်မြတ်ကိုလည်း။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ သဒ္ဓါအစွမ်း ပညာလွှမ်းလျှက် ချီးမွမ်းပါ၏။ ဝါ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

(မိမိသည် ''သြရသာနံ မုနိန္ဒသာ'' အစရှိသောဂါထာဖြင့် အရိယာသံဃာတော်မြတ် အပေါင်းကိုလည်း ရှိခိုးပါသည်။ ယင်းသို့ သံဃာတော်အားရှိခိုးသဖြင့်လည်း အနှောင့် အယှက်များလုံးဝကင်းစင်ပြီး ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကြီး ပြီးစီး အောင်မြင်လိမ့်မည်ဟု စွဲမြဲယုံကြည်ပါသည်။)

■

## အာစရိယပ္ပဏာမ

**နမာမိ ထေရသေဋ္ဌေပိ၊ တိပေဋကဝိသာရဒေ။**
**သီလာဒိဂုဏသံယုတ္တေ၊ ထေရေသု နိန္နမာနသော။**

ထေရေသု၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးသခင် ထေရ်အရှင် မြတ်တို့၌။ နိန္နမာနသော၊ ညွတ်ယိမ်းကိုင်းရှိုင်းသောစိတ်ရှိသော။ အဟံ၊ အရှင်ကေလာသခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရှပ် အကျွန်ုပ်သည်။ တိပေဋကဝိသာရ ဒေ၊ ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာ ဋီကာခန်းခန်း ကျမ်းဂန်အရပ်ရပ်တို့၌ ရွံ့ရှာခြင်း ကင်းတော်မူကြကုန်သော။ သီလာဒိဂုဏသံယုတ္တေ၊ သီလသမာဓိပညာဂုဏ်၌ ယှဉ် တော်မူကြကုန်သော။ ထေရသေဋ္ဌေပိ၊ ဆရာတော်အရှင်နန္ဒိယ၊ ဆရာတော်အရှင် ဥက္ကံသာဘိဝံသဟူသော မဟာထေရ်မြတ်တို့ကိုလည်း။ နမာမိ၊ ရိုသေမြတ်နိုးရှိခိုးပါ ၏။

(ဘဝနတ်ထံပျံလွန်တော်မူပြီဖြစ်သော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်သည် မိမိအား ပခုက္ကူစာချနည်း၌ ကျွမ်း ကျင်နိုင်နင်းအောင် ပါဠိ အဋ္ဌကထာကျမ်းဂန်များကို ဆိုဝါပေး၍ သွန်သင်ချ ပို့ပေးတော်မူခဲ့လေသည်။ မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမတိုက် အမရပူရ ကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်ဥက္ကံသာဘိ ဝံသသည်လည်း မန္တလေးစာချနည်းကို တတ်သိကျွမ်းကျင်အောင် စာပေချပို့ သင်ပြ ပေးတော်မူခဲ့လေသည်။ ထိုကျေးဇူးရှင်ဆရာတော်နှစ်ပါးတို့ကိုလည်း ''နမာမိ ထေရသေဋ္ဌေပိ''အစရှိသော ဂါထာဖြင့် ရိုသေမြတ်နိုး ရှိခိုးဦးချပါသည်ဟူလို။)

## အဘိယာစကနှင့်ပဋိညာဉ်

ကရိဿာမိ သုသမ္ဗုဒ္ဓံ၊ ဝံသံ သဗ္ဗင်္ဂသောဘနံ။
ယာစိတော ဒီဃဒဿီဘိ၊ မဟာသယေဟိ သာဓုဘိ။

ဝန္ဒိတွာ၊ ရတနာသုံးပါးဆရာသမားတို့ကို လေးစားရိုကျိုး ရှိခိုးဦးချပြီး၍။ ဒီဃဒဿီဟိ၊ အရှည်မြော်မြင် သမိုင်းဝါသနာရှင်ဖြစ်ကြကုန်သော။ မဟာသယေဟိ၊ မြင့်မြတ်သောအလိုအဇ္ဈာသယရှိကြကုန်သော။ သာဓုဘိ၊ သူ့ကျိုးကိုယ့်ကျိုး ဤနှစ်မျိုးကို သည်ပိုးမပြတ်ပြီးစေတတ်သော နိုင်ငံတော်ကောင်စီဝင်ဦးလှမောင် သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးကြည်ညွန့်တို့သည်။ ယာစိတော၊ ရိုသေလေးမြတ်တောင်းပန်အပ်သည်ဖြစ်၍။ သုသမ္ဗုဒ္ဓံ၊ မယုတ်ကုံလုံပြည့်စုံသော။ သဗ္ဗင်္ဂသောဘနံ၊ အလုံးစုံသော အစိတ်အပိုင်းတိုင်း အခန်းတိုင်း၌တင့်တယ်သော။ ဝံသံ၊ မန္တလေးသာသနဝံသံ၊ မန္တလေးသာသနာဝင်ကျမ်းကို။ ကရိဿာမိ၊ ဂန္ထဓုရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုစုစီရင်ပေအံ့။

(ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ နောက်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံတော်ကောင်စီဝင်အငြိမ်းစား– စသည်ဖြင့်ထင်ရှားသော M.A. M.S. B.L. - ဦးလှမောင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် နောက်တွင်ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးကြည်ညွန့်တို့သည် မန္တလေးသာသနာဝင်ကျမ်းကြီးများ အတွဲပေါင်းများစွာပြုစီရင်ပေးဖို့ အကြိမ်ကြိမ်လျှောက်ထားကြလေသည်။ သို့ဖြစ်၍ စာပေကျမ်းဂန်အရပ်ရပ်ချပို့ယင်း ကိစ္စလပ်လျားချိန်အကြားတွင် ပြုစီရင်ပါမည်ဟူလို။)

ပဌမ၊ အဘိယာစက၊ ပဋိညာဉ် ပြီး၏။

■■■

## မန္တလေးမြို့သမိုင်းကျဉ်းနှင့် လေ့လာကြည့်ရှု ဖူးမြော်ဖွယ်ရာများ

<u>သာသနာ့ပြတိုက်သဖွယ်</u>။ ။ မန္တလေးမြို့သည် ဗုဒ္ဓမြတ်စွာ သာသနာ့သမိုင်းနှင့်စပ်၍ အလွန်လျှင် လေ့လာ မှတ်သားဖွယ်ကောင်းလှသည်။ စေတီပုထိုးအမျိုးမျိုးနှင့် ရဟန်းသံဃာတော်များ သီတင်းသုံး၍ စာပေချပို့ တရားဓမ္မပွားများရာ ကျောင်းတိုက်များနှင့်ပြည့်နေသဖြင့် သာသနာ့ပြတိုက်ကြီးသဖွယ် ဖြစ်ပေသည်။

<u>ရတနာပုံရွှေမြို့တော်ဟုသမုတ်</u>။ ။ မင်းတုန်းမင်းသည် သက္ကရာဇ် ၁၂၁၈ –ခုနှစ်တွင် မန္တလေးမြို့တော်ကြီးကို တည်ထောင်ဖန်ဆင်းရန် မှူးမတ်ပညာရှိအပေါင်းတို့နှင့်တိုင်ပင်ပြီးနောက် ဆရာတော် သံဃာတော်များ၊ မှူးတော်မတ်တော်ပညာရှိတို့၏ အညီအညွတ်ဆုံးဖြတ်ချက်အရ သက္ကရာဇ် ၁၂၁၈–ခုနှစ်၊ တပိုတွဲလဆန်း ၉–ရက်၊ တနင်္လာနေ့တွင် မန္တလေးရွှေမြို့ တော်ကြီးကို စတင်တည်ဆောက်တော်မူခဲ့လေသည်။ ၃–နှစ်အကြာ ၁၂၂၁– ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆–ရက်၊ ဗုဒ္ဓဟူးနေ့ည ၃–ချက်တီးကျော်အချိန်တွင် မန္တလေးမြို့တော်ကြီးတည်ဆောက်၍ပြီးစီးသဖြင့် ရတနာပုံရွှေမြို့တော်ဟု သမုတ် တော်မူလေသည်။

<u>အနှစ်တရာပြည့်ပွဲတော်ကြီးကျင်းပခဲ့</u>။ ။ မင်းတုန်းမင်းတရားကြီး တည်ထောင်ခဲ့သော မန္တလေး မြို့တော်ကြီးသည် ကောဇာသက္ကရာဇ် ၁၃၂၁–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆– ရက်နေ့တွင် မြို့သက်တစ်ရာ ပြည့်မြောက်ခဲ့လေသည်။ သို့ဖြစ်၍ ထိုစဉ်က မန္တလေး မြို့တော်တည် ရာပြည့်ပွဲတော်ကြီးကို သောင်းသောင်းဖျဖျ ခမ်းနားစွာ ကျင်းပခဲ့ကြ ကုန်၏။

<u>မန္တလေးမြို့လာချင်အောင် ဆွဲဆောင်သည့်အရာများ</u>။ ။ မန္တလေးမြို့၌ အလွန်ထင်ရှားသော မဟာမုနိရုပ်တော်မြတ်ကြီး၊ သကျသီဟရုပ်ရှင်တော်ကြီး၊ အိမ်တော်ရာစေတီတော်၊ မန္တလေးတောင်၊ မန္တလေးတောင်ခြေရှိကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်

စသည့် စေတီပုထိုးအမျိုးမျိုးနှင့် ပရိယတ္တိသာသနဟိတအသင်း (သကျသီဟ အသင်း) သာသနာ့ဗိမာန်တော်ကြီးစသည့် အံ့မခန်းသာသနိကအဆောက်အအုံများ၊ နန်းတော်ကြီးစသည့် အရာဝတ္ထုများနှင့် သဘောကြည်ဖြူကြသည့် မန္တလေးမြို့သူ/မြို့သားတို့၏ ယဉ်ကျေးပျူငှာမှု စသည်တို့ကြောင့် မန္တလေးကို အရောက်သွားလိုကြသူသာ များလေသည်။

မန္တလေးမြို့ဘူတာရုံကြီး။ ။ မီးရထားစုံဆိုက်သည့် ဘူတာရုံကြီးကား မြို့လယ်၌ ခမ်းနားကျယ်ပြောလှသည်။ မီးရထားမှဆင်းလိုက်သည်နှင့်တပြိုင်နက် သွားလိုရာလိုက်ပို့ကြမည့် ယာဉ်မျိုးစုံကို တွေ့ရသည်။ ယင်းယာဉ်များ မန္တလေးမြို့ရောက်လာသူအပေါင်းအား ကြည်ကြည်သာသာ လိုရာခရီးလိုက်ပို့ကြပါသည်။ တည်းခိုရာအခက်အခဲရှိလျှင်လည်း ကူညီတတ်ကြသည်။

ရွှေးဖြစ်ဟောင်းအောက်မေ့ဖွယ်နန်းတော်ကြီး။ ။ ဘူတာရုံကြီးမှ ထွက်လာခဲ့ရာလမ်းမပေါ် ရောက်သည်နှင့်တပြိုက် မြောက်ဘက်သို့မျှော်ကြည့်လိုက်လျှင် တစ်ဖာလုံခန့်အကွာတွင် သာသနာပြုမင်းနှစ်ပါးတို့ စံမြန်းခဲ့သည့် ညိုမှိုင်းနေသော နန်းတော်မြို့ရိုးကြီးနှင့် နန်းတော်ကြီးကိုပတ်၍ စီးဆင်းနေသည့် ရေယာဉ်ကျုံးကြီးကို တွေ့ရလေသည်။ ရှေးဟောင်း အောက်မေ့ဖွယ်ပါတကား။

တစ်မိုင်နှင့်ကိုက် ၃၄၀–ရှိ။ ။ မင်းတုန်းမင်းသည် ကျုံးနှင့်မြို့ရိုးကြီးဝန်းရံထားသည့် နန်းမြို့တော်ကို ကောဇာ သက္ကရာဇ် ၁၂၁၈–ခုနှစ်၊ တပို့တွဲလမှစတင်၍ တည်ခဲ့လေသည်။ နန်းမြို့တော်ကြီးကို တည်ရာ၌ စတုရန်းလေးထောင့်စပ်စပ်ပုံချ၍ တစ်ဖက်လျှင် တာ ၆၀၀–စီအညီအမျှပြု၍ လေးဘက်ပေါင်းလျှင် တာပေါင်း ၂၄၀၀–ရှိလေသည်။ မြန်မာတာသည် ၁၀–ပေ၊ ၆–လက်မရှိလေသည်။ ထို့ကြောင့် မြို့ရိုးတစ်ဘက်ထိပ်မှ တဘက်ထိပ်အထိ တာပေါင်း ၆၀၀–ရှိသည်ဖြစ်ရာ အင်္ဂလိပ်အတိုင်းအတာဖြင့်သော် တစ်မိုင်နှင့် ကိုက်ပေါင်း ၃၄၀–ရှိလေသည်။

<u>မြို့တံခါးပေါင်း ၁၂–ခုရှိ</u>။ ။ ကျုံးတော်၏အရံသည် ဤမှာဘက်ကမ်းမှ တဘက်ကမ်းအထိ တာ ၂၀–ရှိသည်ဟူ၏။ ပေအားဖြင့် ၂၁၀–ရှိသည်။ မင်းတရားကြီးတို့ရှိစဉ်က ဤကျုံးတော်အတွင်း မင်းစီးလှေတော် သမ္ဗန်တော်များတို့သည် ရွှေရောင်တပြောင်ပြောင်တလက်လက်ဖြင့် လှော် ခတ်နေကြလျှက် ညအခါဝယ် တူရိယာသံတို့ဖြင့် ရေကင်းလှည့်လည်တော်မူသည်။ မြို့ရိုးတဘက်တွင် မြို့အတွင်းသို့ဝင်နိုင်သော တံခါးပေါင်း ၃–ခုစီ ရှိသည်။ လေးဘက်လုံးတွင်မူ မြို့တံခါးပေါင်း ၁၂–ခုရှိလေသည်။

<u>မင်္ဂလာတံခါး</u>။ ။ ကျုံးလမ်းကြီးအတိုင်း အရှေ့သို့လျှောက်သွားပါက လူများစည်ကားပြီး မော်တော်ယာဉ်များ ကျုံးကိုဖြတ်သန်းကူးသွားလျှက်ရှိသည့် တံခါးတစ်ခုကို တွေ့မြင်ပါလိမ့်မည်။ ထိုတံတားကိုဖြတ်၍ နန်းတော်တွင်းသို့ဝင်သွားသော တံတားအမည်မှာ ကျော်မိုးတံတားဟုခေါ်သည်။ ဤကျော်မိုးတံခါးသည် မင်္ဂလာရှိသောကိစ္စများအတွက် သွားလာဝင်ရာထွက်ရာ တံခါးဖြစ်၍ ယင်းတံခါးကို မင်္ဂလာတံခါးဟုလည်း ခေါ်ကြသည်။

<u>သီပေါမင်းဤတံခါးမှ ခေါ်ဆောင်သွားခဲ့</u>။ ။ သက္ကရာဇ် ၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၈) ရက်နေ့တွင် သာသနာ့ဒါယကာ သီပေါမင်းတရားကို နယ်ချဲ့အင်္ဂလိပ်တို့သည် ဘီဒိုလှည်းပေါ်တွင်တင်၍ ဖမ်းဆီးခေါ်ဆောင်ခဲ့လေသည်။ ဤတံတားကို ယခုအခါတွင် အုတ်အင်္ဂတေတို့ဖြင့် ခိုင်ခန့်စွာပြုလုပ်ထားသော်လည်း မြန်မာမင်းများလက်ထက်က သစ်သားကုန်းဘောင် ၃–ဆက်ဖြင့် လွယ်ကူစွာ ဖြုတ်နိုင် ဆက်နိုင်အောင် အရှင်ပြုလုပ်ထားသည်။

<u>ကြီးမားသော မော်ကွန်းတိုင်ကြီး</u>။ ။ ဤကျုံး၏ရေများမှာ ရတနာနဒီမြစ်မှ ဆက်သွယ်၍ ရေရှင်သွင်းပြီးလျှင် ရေဟောင်းများကိုလည်း ထုတ်ပစ်နိုင်လေသည်။ တော်သလင်းအခါတွင် မင်းစီးရွှေလှေ ရွှေဖောင်တို့နှင့် ဘုရင်မင်းတရားကြီးထွက်စံတော်မူပြီးလျှင် ဤကျုံးအတွင်း၌ ရေပွဲသဘင်များ ကျင်းပလေ့ရှိသည်။ အခြားကျုံးတံတားများမှာလည်း ဤနည်းနှင်နှင်ဖြစ်သည်။ ထိုတံတားမှနေ၍ အရှေ့သို့တက်လိုက်လျှင် တံခါးဝ၏ ရှေ့တည့်တည့်၌

ထောင့်ဖြတ် ကာရံထားသော အုတ်တံတိုင်းကိုတွေ့ရပေမည်။ ယင်းကို မီးတားဟု ခေါ်သည်။ ထိုမီးတားတံတိုင်း၏ လက်ျာဘက်တွင် ကြီးမားသော မော်ကွန်းတိုင်ကြီး ရှိလေသည်။

လွှတ်လပ်ရေးကျောက်တိုင်ကြီး။ ။ ဤကျော်မိုးတံခါးကိုဖြတ်ကျော်၍ အတွင်းသို့ဝင်လိုက်လျှင် လက်ျာဘက် ခပ်လှမ်းလှမ်းအရပ်၌ မြင့်မားသော လွှတ်လပ်ရေးကျောက်တိုင်ကြီးကို တွေ့နိုင်လေသည်။ ဤကျောက်တိုင်ကြီးကား မြန်မာလူမျိုးတို့၏ ရန်သူနယ်ချဲ့ကို တော်လှန်၍ အောင်မြင်သည့် အထိမ်းအမှတ်ပင်ဖြစ်သည်။

နန်းတော်ရာဟောင်း။ ။ ရှေ့သို့ဆက်လက်သွားလျှင် ဝဲဘက်တွင် နဲ့သာနီရေနန်းပြသာဒ်ကို တွေ့ရပါလိမ့်မည်။ ထိုမှတစ်ဖန် ဆက်လက်သွားလျှင် ဖြူဖွေးသောအုတ်ခုံမြင့်ကြီးပေါ်၌ နန်းတော်ဟောင်းကြီးကိုတွေ့ရပါလိမ့်မည်။ ထိုနန်းတော်အုတ်ခုံ၏အရှေ့ဘက်မင်းတက်လှေခါးရင်းတွင် အမြောက်ကြီးနှစ်ခုကို တွေ့ရပါလိမ့်မည်။ ယင်းမင်းတက် လှေခါး အထက်သို့ တက်သွားခဲ့လျှင် ညီလာခံရာမြေနန်းပြသာဒ်ကြီးကို အောက်မေ့ဖွယ်ရာ ဖြစ်၏။

ပဟိုရ်စင်။ ။ ၎င်းမှအရှေ့ဘက်ဆက်သွားလျှင် မြင့်မားသောမျှော်စင် အလား တည်ဆောက်ထားသည့် အုတ်ခုံဟောင်းနှစ်ခုကို တွေ့မြင်ရပါလိမ့်မည်။ ယင်းတို့မှာ စွယ်တော်စင်နှင့် ပဟိုရ်စည်တော် စင်တော်ကြီးများဖြစ်သည်။

မင်းမိဖုရားတို့၏အုတ်ဂူများ။ ။ ထိုပဟိုရ်စည်တော်စင်ကြီးမှ ဝဲဘက်ကြည့်လိုက်လျှင် အုတ်ဂူပြာသာဒ်များကို တွေ့ရပါလိမ့်မည်။ ယင်းတို့မှာ မင်းတုန်းမင်းတရားကြီးနှင့်တကွ စကြာဒေဝီမိဖုရားခေါင်ကြီး၏ အုတ်ဂူများအပြင် လောင်းရှည်မိဖုရားကြီး၏အုတ်ဂူ၊ ဆင်ဖြူမရှင်၏အုတ်ဂူတို့ ဖြစ်ကုန်၏။

<u>လက်နက်ချကျောက်စာတိုင်</u>။ ။ နန်းတော်၏တောင်ဘက်တနေရာတွင် ကျောင်စာတိုင်တစ်ခုရှိသည်။ ယင်းကျောက်စာတိုင်အခဲ့းမှာ ဗြိတိသျှဗိုလ်မှူး ဂျင်နရယ်ဖရဲ၏ တာဂတ်ထံ မြန်မာဘုရင် သီပေါမင်း လက်နက်ချအညံ့ခံကြောင်း ရေးမှတ်ထားသည်ဟူ၏။

<u>နန်းတော်ပုံစံငယ်</u>။ ။ ထိုနန်းတော်အုတ်ခုံကြီးကို လက်ျာရစ်ပတ်၍ တဖြည်းဖြည်းလျှောက်သွားခဲ့လျှင် အနောက်စမုခ်အဆင်း၌ မန္တလေးနန်းတော်၏ပုံစံအဆောင်ဆောင်အနန်းတို့၏ အဆောက်အအုံငယ်များကို သစ်သားဖြင့်ပြုလုပ်ထားသည်ကို တွေ့မြင်နိုင်လေသည်။

<u>မန္တလေးတောင်</u>။ ။ မြေနန်းပြသာဒ်ဆောင် အရှေ့ဘက်လမ်းမကြီးအတိုင်းဆက်၍လျှောက်သွားခဲ့လျှင် အရှေ့မုခ်တံတားကို တွေ့ရပါလိမ့်မည်။ ယင်းတံခါးမှထွက်၍ ဝဲဘက်သို့မျှော်ကြည့်လိုက်လျှင် မန္တလေးတောင်ကို အထင်းသားတွေ့မြင်နိုင်လေသည်။ အရှေ့ဘက်ကျုံးနှင့်မြို့ရိုးကို ဝဲဘက်၌ထား၍ အစဉ်တစိုက်လျှောက်သွားလျှင် ယင်းမြို့ရိုးနှင့် ကျုံးဆုံးသည်နှင့်တပြိုင်နက်မန္တလေးတောင်သို့ ဆိုက်ရောက်တော့သည်။

<u>မန္တလေးတောင်တဝိုက် ဖူးမြော်လေ့လာစရာတွေ</u>။ ။ မန္တလေးတောင်ပေါ်သို့ ဖြည်းဖြည်းလေးတက်ရောက်ကာ ဗျာဒိတ်ပေးဆင်းတုတော်ကြီးမှစ၍ ဘုရားစုံဖူးမြော်ပြီး မန္တလေးတောင်ခြေတဝိုက် ဦးခန္တီပြတိုက်၊ မဟာသကျမာရဇိန်၊ ကျောက်တော်ကြီးဆင်းတုတော်ကြီး၊ စန္ဒာမုနိ၊ မဟာလောကမာရဇိန်ကုသိုလ်တော်စေတီတော်ကြီး၊ ကျောက်စာများ စသည်တို့ကို ကြည့်ရှုဖူးမြော်လေ့လာနိုင်လေသည်။

**မန္တလေးသုပုရံ နာမ၊ အတီဝ ရာမဏေယျကံ။**
**ဒဿနိယေဟိနေကေဟိ၊ သုတေသီဟိဘိမာနိတံ။**

မန္တလေးမြို့တော် စာသင်တိုက်ကျောင်းများတွင် အရှင်မဟာဗုဒ္ဓဃောသစသော ကျမ်းပြုပုဂ္ဂိုလ်ကြီး၏ ကျမ်းစာများကိုလည်း ချပို့သာသနာပြုတော်မူကြရာ ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်း၌ အရှင်မဟာဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာ၊ ဋီကာကျမ်းပြုပုဂ္ဂိုလ်ကြီးများ၏ အဖြစ်တော်စဉ်အတ္ထုပ္ပတ္တိသမိုင်းကို စာပေသမိုင်းသွင်းကာ အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

## အရှင်မဟာဗုဒ္ဓဃောသမဟာထေရ်

အရှင်မဟာဗုဒ္ဓဃောသမဟာထေရ်သည် အလွန်လျှင်ကျွမ်းကျင်တတ်မြောက်သည့် အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်ကျော်ကြီးဖြစ်လေသည်။ ပါဠိစာပေလေ့လာသူတိုင်း အရှင်မဟာဗုဒ္ဓဃောသအမည်ကို သိကြကြားဘူးကြသည်။

## ဖွားမြင်ခြင်း၊ အတတ်အမျိုးမျိုးကျွမ်းကျင်တတ်မြောက်ခြင်း

အရှင်ဗုဒ္ဓဃောသသည် ဘာရတဝသခေါ်သော အိန္ဒိယနိုင်ငံ၏အလယ်ချက်မဗဟိုကျသော မဇ္ဈိမဒေသအပါအဝင် ဗောဓိမဏ္ဍိုင်အနီး ဗုဒ္ဓဂယာအရပ်ဒေသနယ်ပယ်၌ ဖွားမြင်ခဲ့သော ပုဏ္ဏားလုလင်တယောက်ဖြစ်သည်။ သူသည် ဝိဇ္ဇာခေါ်သောအတတ်ပညာ၊ သိပ္ပအမည်ရသောအတတ်၊ ကလာဟုဆိုအပ်သော သီဆိုတီးမှုတ်ခြင်းစသော ၆၄–ပါးသော အတတ်တို့ကိုတတ်မြောက်သည်သာမက ဣရု၊ သာမ၊ ယဇု ခေါ်သော ဝေဒ ၃–ကျမ်း(ဗေဒင် ၃–ပုံ) တို့၌လည်း ပါရဂူမြောက်ပေါက်ရောက်တတ်သိသည့် ပုဂ္ဂိုလ်ထူးဖြစ်လေသည်။

ဗောဓိမဏ္ဍသမီပမှိ၊ ဇာတော ဗြာဟ္မဏမာဏဝေါ။
ဝိဇ္ဇာသိပ္ပကလာ ဝေဒီ၊ တီသု ဝေဒေသု ပါရဂေါ။[၁]

## အယူဝါဒအမျိုးမျိုးကျွမ်းကျင် ဇမ္ဗူဒိပ်လှည့် ဝါဒပြိုင်

သူသည် အယူဝါဒအမျိုးမျိုး၌ ဒိုးကဲ့သို့မွှေ ကျေညက်ကျွမ်းကျင်တတ်မြောက်သဖြင့် ဝါဒအားလုံးတို့၌ ရဲရင့်လှပေသည်။ အခြေအတင်ဝါဒပြောဆိုခြင်း စကားစစ်ပွဲ ဝါဒစစ်ပွဲ နွှဲလိုရကား အိန္ဒိယနိုင်ငံ ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်ကာ ဝါဒပြိုင်ဆိုင်ပြောဆိုခဲ့လေသည်။

သမ္ဗာ ဝိညာတသမယော၊ သမ္ဗဝါဒဝိသာရဒေါ။
ဝါဒတ္ထီ ဇမ္ဗုဒီပမှိ၊ အာဟိဏ္ဍန္တော ပဝါဒိကော။[၂]

---

၁။ မဟာဝံသ၊ ၃၇။၂၁၅။
၂။ မဟာဝံသ၊ ၃၇။၂၁၆။

## ကျောင်းတိုက်တတိုက်ရောက်၍ ပတဥ္ဇလိဝါဒကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း

ဤသို့ဖြင့်လှည့်လည်၍ ဝါဒပြိုင်ပွဲနွဲလျက်ရှိရာ ကျောင်းတိုက်တတိုက်သို့ ရောက်၍ ညဥ့်အချိန်ခါ၌ ပုဒ်ပါဌ်အက္ခရာအပြည့်အစုံ အသံနေအသံထားညီညွတ်စွာ ဖြင့် ပတဥ္ဇလီ၏ အယူဝါဒကို ပြန်လည်သုံးသပ် ရွတ်ဖတ်သရဇ္ဈာယ်လေတော့သည်။

ဝိဟာရမေကံ အာဂမ္မ၊ ရတ္တိံ ပါတဥ္ဇလိမတံ။
ပရိဝတ္တေတိ သမ္ပုဏ္ဏ-ပဒံ သုပရိမဏ္ဍလံ။[၁]

## အရှင်ရေဝတနှင့်တွေ့ခြင်း၊ အရှင်ရေဝတမေးသမျှဖြေခြင်း

ထိုကျောင်းတိုက်၌သီတင်းသုံးလျက်ရှိသော ကျမ်းတတ်သည့်အရှင်ရေဝတ အမည်ရသော မထေရ်မြတ်က ဤသူကား သာမာန်လူသားအညံ့စား မဟုတ်ပါ တကား ပညာဉာဏ်ကြီးမားသူပေတည်း။ ဆုံးမရန်သင့်လျော်ထိုက်တန်၏ဟု သိရ ကား အရှင်ရေဝတမထေရ်မြတ်က မြည်း၏အသံဖြင့်မြည်တွန်နေသူကားအဘယ်သူ နည်းဟု မေးမြန်းမိန့်ဆိုလေရာ ဗုဒ္ဓဃောသလောင်းလျာပုဏ္ဏားလုလင်ကား အရှင် ရေဝတမထေရ်မြတ်အား မြည်း၏အသံ၌အနက်အဓိပ္ပါယ်ကိုသိရှိနားလည်ပါ၏လော ဟုပြန်၍မေးလေ၏။ ထိုအခါ မထေရ်မြတ်ကသိပါသည်ဟုမိန့်ဆိုလတ်သော် ပုဏ္ဏားလုလင်က မိမိအယူဝါဒကိုတင်ပြလေသည်။ မေးသမျှကို မထေရ်က ဖြေကြားသည့်ပြင် ချွတ်ယွင်းသည်ကိုလည်း ထောက်ပြလေသည်။

တတ္ထေကော ရေဝတော နာမ၊ မဟာထေရော ဝိဇာနိယ။
မဟာပညော အယံ သတ္တော၊ ဒမေတုံ ဝဋ္ဋတီတိ သော။
ကော နု ဂဒြဘရာဝေန၊ ဝိရဝန္တောတိ အဗြဝိ။
ဂဒြဘာနံ ရဝေ အတ္ထံ၊ ကိံ ဇာနာသီတိ အာဟ တံ။
အဟံ ဇာနေ'တိ ဝုတ္တော သော၊ ဩတာရေသိ သကံ မတံ။
ဝုတ္တံ ဝုတ္တံ ဝိယာကာသိ၊ ဝိရောဓမ္ပိ စ ဒဿယိ။[၂]

---

၁။ မဟာဝံသ၊ ၃၇။၂၁၆။

၂။ မဟာဝံသ၊ ၃၇။၂၁၈-၂၂၀။

## အဘိဓမ္မာအနက်မသိခြင်း, ရဟန်းပြုခြင်း

တပည့်တော်မေးသမျှကို အရှင်ဘုရားကဖြေလိုက်ပါပြီ တပည့်တော်များ ယွင်းချက်ကိုလည်း အရှင်ဘုရားထောက်ပြခဲ့ပါပြီ၊ သို့ဖြစ်သဖြင့် အရှင်ဘုရားက လည်း မိမိဝါဒကိုတင်ပြပါဦးလော့ဟု လုလင်ကတိုက်တွန်းလျှောက်ထားသဖြင့် အရှင်ရေဝတက အဘိဓမ္မာပါဠိတော်ကို ဟောပြသောအခါ လုလင်မှာ အဘိဓမ္မာ ပါဠိ၏ အနက်အဓိပ္ပါယ်သဘောသကန်ကို မသိနိုင်ပဲရှိလေသဖြင့် ဤဗေဒင်ကား အဘယ်သို့သောဗေဒင်ပါနည်းဟုမေးလျှောက်ရာ ဤဗေဒင်ကားဘုရားရှင်၏ ဗေဒင်ဗုဒ္ဓမန္တန် ဖြစ်ပေသည်ဟုမိန့်ဆိုရာ တပည့်တော်သင်ပါရ စေဟုလျှောက်ထား သောအခါ ရဟန်းပြုပြီးမှသင်ပေးမည်ဟုမိန့်သဖြင့် ဗုဒ္ဓဗေဒင်ကိုသင်ကြားလို သည့်အတွက် ရှင်ရဟန်းပြုပြီးလျှင် ပိဋကတ်သုံးပုံကိုသင်ကြားလေတော့သည်။ နောင်အခါတွင် ဤတရားတော်မြတ်ကား နိဗ္ဗာန်သွားရန် တစ်ကြောင်းတည်းသော လမ်းဖြစ်သည်ဟု ထိုတရားကို သဘောပေါက်သွားလေသည်။

တေန ဟိ တွံ သကံ ဝါဒ–မောတာရေဟီတိ စောဒိတော။
ပါဠိမာဟာဘိဓမ္မဿ၊ အတ္ထမဿ န သောဓိဂါ။
အာဟ ကဿေ'သ မန္တောတိ၊ ဗုဒ္ဓမန္တောတိ သော ဖြဝိ။
ဒေဟိ မေ တန္တိ ဝုတ္တေ ဟိ၊ ဂဏှ ပဗ္ဗဇ္ဇတံ ဣတိ။
မန္တတ္ထီ ပဗ္ဗဇိတွာ သော၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။
ဧကာယနော အယံ မဂ္ဂေါ၊ ဣတိ ပစ္ဆာ တမဂ္ဂဟီ။[၁]

## ဗုဒ္ဓဃောသ အမည်ရခြင်း

ပိဋကတ်ကို တိုတောင်းစွာသောကာလအတွင်း သဘောပေါက်တတ် မြောက်ခဲ့သော အဋ္ဌကထာကျမ်းပြုလောင်းလျာ၏ ဘုရားမြတ်စွာ၏ အသံတော်ပမာ အသံ၏သာယာမည်ဟိန်းပုံကို ထောက်ဆကြ၍ ဘုရားမြတ်စွာကဲ့သို့ပင် မြေအပြင် တွင်ထင်ရှားသည့်ပုဂ္ဂိုလ် ဖြစ်လိမ့်မည်ဟုနှလုံးပြုကြကာ ဗုဒ္ဓဃောသဟု ဥပဇ္ဈာယ် ဆရာတို့က မှည့်ခေါ်ဝေါ်ကြလေသည်။

ဗုဒ္ဓဿ ဝိယ ဂမ္ဘီရ–ဃောသတ္တာ တံ ဝိယာကရုံ။
ဗုဒ္ဓဃောသောတိ ဃောသော ဟိ၊ ဗုဒ္ဓေါ ဝိယ မဟီကလေ။

---

၁။ မဟာဝံသ၊ ၃၇။၂၂၁၊၂၂၂၊၂၂၃။

## ဉာဏောဒယကျမ်းနှင့် အဋ္ဌသာလိနီကျမ်းကိုပြုစုခြင်း

အရှင်မဟာဗုဒ္ဓဃောသရဟန်းတော်သည် ထိုကျောင်းတိုက်၌ပင် ဉာဏောဒယမည်သောကျမ်းကိုစီရင်ပြီးလျှင် ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့်ဖြစ်သော အဋ္ဌသာလိနီကျမ်းကို စီရင်တော်မူလေသည်။

တတ္ထ ဉာဏောဒယံ နာမ၊ ကတွာန ပကရဏံ တဒါ။
ဓမ္မသင်္ဂဏိယာ ကာသိ၊ ကဏ္ဍံ သော အဋ္ဌသာလိနိံ။[၁]

ဉာဏောဒယကျမ်းသည် မိလိန္ဒပဉှာကျမ်းဖြစ်သည်။ ဤမဟာဝံသဂါထာယ ဉာဏောဒယအရ ဉာဏောဒယကျမ်းဟူသည် မိလိန္ဒပါဠိဖြစ်ကြောင်း သီဟိုဠ်ကျွန်း ဝိဇ္ဇောဒယတက္ကသိုလ် ဗုဒ္ဓဘာသာဌာနမှူး အာနန္ဒာမေတ္တေယျကသီဟိုဠ်မိလိန္ဒပဉှာပါဠိတော်နိဒါန်း၌ ဖော်ပြခဲ့သည်။

## မိလိန္ဒဋီကာအဆို

မိလိန္ဒပဉှာဋီကာကိုရေးသားဖွင့်ဆိုခဲ့သူ တိပိဋကစူဠာဘယထေရ်က မိလိန္ဒဋီကာ သီဟိုဠ်မူ ၃၇၁–၌ "ဣမာ ပဉ္စဂါထာ ကေန ကတာတိ? စောဒနာ ဘဒန္တဗုဒ္ဓဃောသာစရိယေန ကတာတိ ပရိဟာရော။ န ကေဝလံ ပဉ္စ ဂါထာဝ ထေရေန ဝစနေပိ အညံ ပုဗ္ဗပရဝစနမ္ပိ တေန ဝုတ္တံ"ဟူသောစကားဖြင့် မိလိန္ဒပဉှာပါဠိတော်လာ–

မိလိန္ဒော နာမ သော ရာဇာ၊ သာဂလာယံ ပုရုတ္တမေ။
ဥပဂဉ္ဆိ နာဂသေန–ဂင်္ဂါ စ ယထာ သာဂရံ။

စသော ၅–ဂါထာနှင့် အရှင်နာဂသိန်မထေရ်၏အဖြေစကားများ မိလိန္ဒဘုရင် အမေးစကားများ ကျန်ရှေ့နောက်စကားရပ်များကို အရှင်မဟာဗုဒ္ဓဃောသထေရ် မိန့်ဆိုကြောင်း ဖွင့်ပြသည်။ ထိုကိုထောက်၍ အရှင်အာနန္ဒာမေတ္တေယျ သီဟိုဠ်ပညာရှင်သည် ဉာဏောဒယကျမ်းဟူသည် ဉာဏ်ကို တိုးပွားစေတတ်သော မိလိန္ဒပဉှာကျမ်းဟု ဆုံးဖြတ်ခြင်းဖြစ်သည်။

---

၁။ မဟာဝံသ၊ ၃၇။၂၂၅။

## အဋ္ဌသာလိနီကျမ်းကို သီဟိုဠ်ကျမှ ရေးသားခြင်း

ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့်အဋ္ဌသာလိနီအဋ္ဌကထာကို သီဟိုဠ်ကျမှရေးသားကြောင်း အဋ္ဌကထာ၌လာသော သီဟိုဠ်ဝတ္ထုဖြစ်စဉ်ဖြစ်ရပ်တို့ဖြင့် ထင်ရှားလှသည်။ သို့ဖြစ်၍ ဓမ္မသင်္ဂဏီနိယာ,ကာသိ-၌ အကာသိ-ကိုပြုစီရင်ရန် အားထုတ်ပြီဟုကြဲဆသင့်ကြောင်း ပညာရှင်တို့မိန့်ဆိုသည်။

## ပရိတ္တအဋ္ဌကထာကို ရေးသားရန်အားထုတ်ခြင်း အရှင်ရေဝတမိန့်ခြင်း

ထို့ပြင် ပညာတံခွန်လူရည်ချွန် အရှင်မဟာဗုဒ္ဓဃောသသည် ပရိတ္တအဋ္ဌကထာကို ရေးသားပြုပြင်စီရင်ရန် အားထုတ်လေသည်။

## ပရိတ္တအဋ္ဌကထာဟူသည် ခုဒ္ဒကပါဌအဋ္ဌကထာ

ဤ၌ ပရိတ္တအဋ္ဌကထာဟူသည်လည်း ငယ်သောအဋ္ဌကထာ ခုဒ္ဒကပါဌအဋ္ဌကထာဖြစ်ကြောင်း သီဟိုဠ်ပညာရှိ အာနန္ဒာမေတ္တေယျထေရ်က စာရေးသူအား အမိန့် ရှိဘူးလေသည်။

## ပရိတ္တအဋ္ဌကထာဟူသည် အဋ္ဌကထာကျဉ်း

ပရိတ္တအဋ္ဌကထာဟူသည် အဋ္ဌကထာကျဉ်းဟူ၍လည်း ဒေါက်တာမာလလာဆေကရက Dictionary of Phliproper Names ၌ ဖော်ပြခဲ့သည်။

ထိုအကြောင်းသိ၍ အရှင်ရေဝတထေရ်က မိန့်သည်မှာ-

ငါ့ရှင် ဗုဒ္ဓဃောသ ငါတို့ပျော်ကြ ဘာရတဝသခေါ်သော ဤဇမ္ဗူဒိပ်ကျွန်းအရပ်ဒေသ၌ ဘုရားဟောပါဠိမျှကိုသာလျှင် ဆောင်ရွက်လေ့ကျက်ကြ၏။ ပါဠိကိုဖွင့်ပြရာ အဋ္ဌကထာများလည်း မရှိခဲ့ကြပါချေ။ ထိုနည်းတူစွာပင် ကွဲပြားသောအာစရိယဝါဒတို့လည်း မရှိကြချေ။

ပရိတ္တဋ္ဌထကမ္ဘေဝ၊ ကာတု,မာရဘိ ဗုဒ္ဓိမာ။
တံ ဒိသွာ ရေဝတော ထေရော၊ ဣဒံ ဝစနမဗြဝိ။
ပါဠိမတ္တမိဓာနီ တံ၊ နတ္ထိ အဋ္ဌကထာ ဣဓ။
တထာစရိယဝါဒါ စ၊ ဘိန္နရူပါ န ဝိဇ္ဇရေ။[၁]

---

၁။ မဟာဝံသ၊ ၃၇။၂၂၆-၂၂၇။

## သီဟိုဠ်အဋ္ဌကထာကို မာဂဓပြန်ရန်တိုက်တွန်းခြင်း

ထို့ပြင် အရှင်ရေဝတမဟာထေရ်ကဆက်လက်၍ ငါ့ရှင်ဗုဒ္ဓဃောသ ပဌမ၊ ဒုတိယ၊ တတိယသံဂါယနာ ၃–တန် တင်အပ်ပြီးဖြစ်သော ဘုရားဟောဒေသနာတော် အပေါင်းနှင့် အရှင်သာရိပုတ္တရာအစရှိသော မဟာထေရ်မြတ်တို့ ဟောဖော်မြွတ်ကြားအပ်သော ဒေသနာတော်အစုကိုကြည့်ရှုဆင်ခြင်တော်မူ၍ အရှင်မဟိန္ဒအမည်ရသော ဒီပပ္ပသာဒက ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တပညာရှင်မထေရ်မြတ်သည် သီဟိုဠ်ဘာသာဖြင့် စီရင်ရေးသားခဲ့သော သန့်ရှင်းစင်ကြယ်လှသော သီဟိုဠ်အဋ္ဌကထာသည် သီဟိုဠ်ကျွန်း၌ သုံးစွဲတည်ရှိလျှက်ရှိလေ၏။ ငါ့ရှင်သည် သီဟိုဠ်သို့ သွား၍ ဖော်ပြပါသီဟိုဠ်အဋ္ဌကထာကို မာဂဓတိုင်းရင်းသားတို့၏အသုံးအနှုန်းပါဠိစကားလုံးဖြင့် ပြန်ဆိုရေးသားပါလော့ ပြန်ဆိုရေးသားစေချင်ပါ၏။ ထိုပါဠိဘာသာအဋ္ဌကထာသည် တစ်လောကလုံး၏အကျိုးအစီးအပွားကို ထွန်းကားစေလိမ့်မည်ဟု မိန့်တော်မူလေသည်။

> သီဟဠဋ္ဌကထာ သုဒ္ဓါ၊ မဟိန္ဒေန မတီမတာ။
> သံဂီတိတ္တယမာရူဠှံ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
> သာရိပုတ္တာဒိဂီတံ စ၊ ကထာမဂ္ဂံ သမေက္ခိယ။
> ကတာ သီဟဠဘာသာယ၊ သီဟဠေသု ပဝတ္တတိ။
> တံ တတ္ထ ဂန္တွာ သုတွာ တွံ၊ မာဂဓာနံ နိရုတ္တိယာ။
> ပရိဝတ္တေဟိ သာ ဟောတိ၊ သဗ္ဗလောကဟိတာဝဟာ။[၁]

## မဟာနာမမင်းလက်ထက် သီဟိုဠ်ကျွန်း ဗုဒ္ဓဃောသထေရ်ရောက်ခြင်း

သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၉၅၅–ခုနှစ်တွင် ဒုတိယဥပတိဿမင်း၏ မိဖုရားသည် ရဟန်းပြုနေသော ဥပတိဿမင်း၏ ညီတော်မဟာနာမကို ချစ်စပျိုးချစ်ကြိုးသွယ်မိရကား မိမိအရှင်သခင်လင်ဖြစ်သော ဥပတိဿကို ဓားဖြင့်နေရာတွင် ပွဲချင်းပြီးထိုးသတ်ခဲ့သည်။ ရဟန်းပြုနေသော မဟာနာမသည် မိဖုရားရန်မှကြောက်သဖြင့်လူထွက်ခဲ့ကာ နောင်တော်သတ် မိဖုရားကိုသိမ်းပိုက်၍ မင်းပြုရလေသည်။

---

၁။ မဟာဝံသ၊ ၃၇။၂၂၈–၂၂၉–၂၃၀။

ရညော တဿ ကနိဋ္ဌေန၊ မဟာနာမေန ဝလ္လဘာ။
ဒေဝီ သတ္တံ နိပါတေတွာ၊ တမဋ္ဌာနမှိ မာရယိ။
ပဗ္ဗဇိတွာ ကနိဋ္ဌော သော၊ ဇိဝမာနမှိ ဘာတရိ။
ဟတေ ရာဇိနိ ဘိတာယ၊ အာဝတ္တိတွာ,သိ ဘူပတိ။
မဟေသိ အတ္တနောကာသိ၊ မဟေသိ ဘာတုဃာတိနိ။[၁]

အရှင်ဗုဒ္ဓဃောသသည် အရှင်ရေဝတ၏မိန့်ကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာလက်ခံခဲ့ပြီး ဖော်ပြပါမဟာနာမမင်းလက်ထက် သာသနာသက္ကရာဇ် ၉၅၅-ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ဖဲခွါခဲ့ကာ လင်္ကာခေါ်ဆိုသီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ဆိုက်ရောက်လေတော့သည်။

ဝံ ဝုတ္တော ပသန္နော သော၊ နိက္ခမိတွာ တတော က္ကမံ။
ဒီပမာဂါ က္ကမသေဿဝ၊ ရညော ကာလေ မဟီပတိ။[၂]

## အရှင်သံဃပါလထံ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒကိုသင်ယူခြင်း

အရှင်မဟာဗုဒ္ဓဃောသသည် သူတော်ကောင်းကြီးများသာဖြစ်ကြသော ရဟန်းတော်တို့၏သီတင်းသုံးရာ ကျောင်းတိုက်ကြီးဖြစ်သည့် ဒက္ခိဏာသာခါမဟာဗောဓိပင်၊ မဟာစေတီ၊ လောဟမဟာပါသာဒစသည်တို့ဖြင့် တန်ဆာဆင်ထားသည့် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ရောက်ရှိ၍ ပဓာနဃရခေါ်သော ကမ္မဋ္ဌာန်းကျောင်းကြီးသို့ ကြွရောက်ကာ အရှင်သံဃပါလမထေရ်မြတ်ထံ၌ သီဟိုဠ်အဋ္ဌကထာအားလုံးနှင့် ထေရဝါဒကို ကြားနာသင်ယူပြီးလျှင် ဤသည်သာလျှင်မြတ်စွာဘုရား၏ အလိုတော် ဖြစ်သည်ဟုဆုံးဖြတ်ချက်ချခဲ့ပြီ။

မဟာဝိဟာရံ သမ္ပတ္တော၊ ဝိဟာရံ သဗ္ဗသာဓုနံ။
မဟာပဓာနဃရံ ဂန္တွာ၊ သံဃပါလဿ သန္တိကာ။
သီဟဠဋ္ဌကထံ သုတွာ၊ ထေရဝါဒဉ္စ သဗ္ဗသော။
ဓမ္မသာမိဿ ဧသော ဝ၊ အဓိပ္ပါယောတိ နိစ္ဆယ။

---

၁။ မဟာဝံသ၊ ၃၇။၂၀၉-၂၁၀-၂၁၁။

၂။ မဟာဝံသ၊ ၃၇။ ၂၃၁။

## သံဃာစည်းဝေးစေခြင်း ပိဋကတ်တော်တောင်းခြင်း ဝိသုဒ္ဓိမဂ်ရေးသားခြင်း

အရှင်မဟာဗုဒ္ဓဃောသသည် ဖေါ်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်ချပြီး နောက် မဟာဝိဟာရကျောင်းတိုက်ကြီး၌ သံဃာစည်းဝေးစေပြီး "သံဃာတော် အရှင်မြတ်တို့ဘုရား အဋ္ဌကထာကို ရေးသားပြုပြင်စီရင်ရန်တပည့်တော်အား ပိဋကတ်အားလုံးကို ပေးတော်မူကြပါ"ဟု လျှောက်ထားလေ၏။ ထိုအခါ သံဃာ တော်က အရှင်ဗုဒ္ဓဃောသကို စုံစမ်းခြင်းငှာ ဂါထာ ၂–ပုဒ်ကိုပေးတော်မူ၍ ဤဂါထာတို့၌ သင်၏စွမ်းရည်ကိုပြပါဦးလော့၊ ထိုရေးသားချက်စွမ်းရည်ကို ကြည့်ရှု ပြီးလျှင် ပိဋကတ်အားလုံးကို ပေးကြကုန်အံ့ဟု ဆိုကြလေ၏။

တတ္ထ သံဃံ သမာနေတွာ၊ ကာတုမဋ္ဌကထံ မမံ။
ပေါတ္ထကေ ဒေထ သဗ္ဗေတိ၊ အာဟ ဝီမံသိတုံ သတံ။
သံဃော ဂါထာဒွယံ တဿာ–ဒါသိ သာမတ္ထိယံ တဝ။
ဧတ္ထ ဒဿေဟိ တံ ဒိသွာ၊ သဗ္ဗေ ဒေမာတိ ပေါတ္ထကေ။

## ဝိသုဒ္ဓိမဂ်ကျမ်းကိုရေးသားစီရင်ခြင်း

အရှင်ဗုဒ္ဓဃောသသည် အဋ္ဌကထာနှင့်တကွ ပိဋကတ်၃–ပုံကို သံဃာ တော်က ပေးအပ်သော ၂–ဂါထာ၌သာလျှင် အကျဉ်းချုံးပေါင်းစုကာ ဝိသုဒ္ဓိမဂ်ကျမ်း ကို ရေးသားစီရင်တော်မူလေသည်။

ပိဋကတ္တယမေတ္ထေဝ၊ သဒ္ဓိမဋ္ဌကထာယ သော။
ဝိသုဒ္ဓိမဂ္ဂံ နာမာကာ၊ သင်္ဂဟေတွာ သမာသတော။

## ဝိသုဒ္ဓိမဂ်ကျမ်း ဗောဓိပင်အနီး ဖတ်ပြရန် စီမံခြင်း

ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ရေးသားစီရင်ပြီးနောက် အရှင်ဗုဒ္ဓဃောသသည် ဘုရားမြတ်စွာ၏အလိုအဖွာသယလိမ္မာကျွမ်းကျင်သောသံဃာတော်မြတ်ကို စည်း ဝေးစေပြီး သံဃမိတ္တာထေရီမပင့်ဆောင်စိုက်ပျိုးခဲ့သော ဒက္ခိဏာသာခါမဟာ ဗောဓိပင်အနီး၌ ထိုဝိသုဒ္ဓိမဂ်ကျမ်းကိုဖတ်စေ၍ အဆုံးအဖြတ်ပေးစေရန် စီမံ အားထုတ်လေတော့သည်။

တတော သံဃံ သမူဟေတွာ၊ သမ္ဗုဒ္ဓမတကောဝိဒံ။
မဟာဗောဓိသမီပမှိ၊ သော တံ ဝါစေတုမာရဘိ။ (မဟာဝံသ၊ ၃၇၊ ၂၃၇။)

## နတ်များဝှက်ထားသဖြင့် ၂–ကြိမ်၊ ၃–ကြိမ် ရေးသားရခြင်း

ထိုအခါ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် အရှင်ဗုဒ္ဓဃောသ၏ သိမ်မွေ့ထက်မြတ်သော ဉာဏ်စွမ်းရည်ကို လူရှင်ရဟန်းအလယ် ထင်ရှားပေါ်လွင် စိမ့်သောငှါ ဝိသုဒ္ဓိမဂ်ပေစာထုပ်ကို ကွယ်ဝှက်၍ထားကြလေသည်၊ သို့ဖြစ်၍ အရှင် မဟာဗုဒ္ဓဃောသသည် ၂–ကြိမ်၊ ၃–ကြိမ်တိုင်အောင် ထပ်၍ ရေးသားစီရင်ရ ပြန်လေသည်။

ဒေဝတာ တဿ နေပုညံ၊ ပကာသေတုံ မဟာဇနေ။
ဆာဒေသုံ ပေါတ္ထကံ သော'ပိ၊ ဒွတ္တိက္ခတ္တုမ္ပိ တံ အကာ။

(မဟာဝံသ၊ ၃၇ ၊ ၂၃၈။)

## ဝှက်ထားသော ပေစာ ၂–ထုပ်ကို နတ်တို့ပြန်ထားကြခြင်း

၃–ကြိမ်မြောက်၌ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကိုဖတ်စေရန် ထုတ်ဆောင်သော အခါ နတ်များက မူလကကွယ်ဝှက်ထားသော အခြားပေစာ ၂–ထုပ်ကိုလည်း ထိုတတိယအကြိမ်ရေး ပေထုပ်ရှိရာ၌ တပေါင်းတည်း ထားကြလေသည်။

ဝါစေတုံ တတိယေ ဝါရေ၊ ပေါတ္ထကေ သမုဒါဟဋေ။
ပေါတ္ထကဒွယမညမ္ပိ၊ သဏ္ဌာပေသုံ တဟိံ မရူ။

(မဟာဝံသ၊ ၃၇၊ ၂၃၉။)

## စာမူ ၃–မူစလုံး ကိုက်ညီခြင်း
## ထေရဝါဒပါဠိပုဒ်ဝါကျတို့ ကိုက်ညီခြင်း

ရဟန်းတော်အရှင်မြတ်တို့သည် ဝိသုဒ္ဓိမဂ်ကျမ်း ၃–စောင်ကို တပြိုင်နက် ရွတ်ဘတ်ကြကုန်၏၊ ထိုသို့ ရွတ်ဘတ်သောအခါ ၃–ကျမ်းလုံး၌ ကျမ်းဂန်ပါဠိ အားဖြင့်လည်းကောင်း ရှေ့နောက် အစီအစဉ်အားဖြင့်သော်လည်းကောင်း ထေရ ဝါဒပါဠိတော်ဝါကျတို့နှင့်ဖြစ်စေ ကွဲလွဲခြင်းမရှိ အားလုံးတူကြလေသည်။

ဝါစယိံသု တဒါ ဘိက္ခူ၊ ပေါတ္ထကတ္တယမေကတော။
ဂန္ထတော အတ္ထတော စာပိ၊ ပုဗ္ဗာပရဝသေန ဝါ။
ထေရဝါဒေဟိ ပါဠီဟိ၊ ပဒေဟိ ဗျဉ္ဇနေဟိ စ။
အညတ္တတ္တမဟုနေဝ၊ ပေါတ္ထကေသုပိ တီသုပိ။

(မဟာဝံသ၊ ၃၇၊ ၂၄၀၊ ၂၄၁။)

၂၉၀၂၉

## အရိမေတ္တေယျဘုရားလောင်းဟု ကြွေးကြော်ကြခြင်း

ထိုအခါ သံဃာတော်အရှင်မြတ်အပေါင်းသည် လွန်စွာဝမ်းမြောက်ဝမ်းသာရှိ၍ ဤရဟန်းတော် ဗုဒ္ဓဃောသသည် မချွတ်ကေန် အမှန်မုချ အရိမေတ္တေယျဘုရားလောင်း ဖြစ်ပေသည်ဟု အဖန်ဖန်ကြွေးကြော်လေတော့သည်။

အထ ဥဂ္ဃောသယိ သံဃော၊ တုဋ္ဌဟဋ္ဌော ဝိသေသတော။
နိဿံသယံ'ယံ မေတ္တေယျော၊ ဣတိ ဝတွာ ပုနပ္ပုနံ။

(မဟာဝံသ၊ ၃၇၊ ၂၄၂။)

## သံဃာတော်ကပိဋကတ်ပေးခြင်း
## အရှင်ဗုဒ္ဓဃောသအဋ္ဌကထာရေးခြင်း

ချီးကျူးသြဘာထောမနာပြုကြွေးကြော်ပြီးလျှင် အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃-ပုံပါဠိတော်ပေစာတို့ကို အရှင်ဗုဒ္ဓဃောသအား ပေးအပ်လေသည်။ အရှင်ဗုဒ္ဓဃောသသည် လူရှင်တို့နှင့်ရောယှက်စပ်သွယ်ဆက်ဆံရခြင်းမှကင်းသော ပိဋကတ်ကျောင်းတိုက်၌သီတင်းသုံးလျှက် ထိုအခါကတည်ရှိနေသော အဋ္ဌကထာအားလုံးတို့ကို လူအားလုံးတို့၏မူရင်းဘာသာဖြစ်သော မာဂဓဘာသာ(ပါဠိဘာသာ) ဖြင့်ပြန်ဆိုတော်မူလေသည်။

သဒ္ဓိမဋ္ဌကထာယ,ဒါ၊ ပေါတ္ထကေ ပိဋကတ္တယေ။
ဂန္ထာကာရေ ဝသန္တော သော၊ ဝိဟာရေ ဒုရသင်္ကရေ။
ပရိဝတ္တေသိ သဗ္ဗာပိ၊ သီဟဠဋ္ဌကထာ တဒါ။
သဗ္ဗေသံ မူလဘာသာယ၊ မာဂဓာယ နိရုတ္တိယာ။

(မဟာဝံသ၊ ၂၇၊ ၂၄၃၊ ၂၄၄။)

## ဘုရားပါဠိအထား အလေးထားကြခြင်း

ပါဠိဘာသာဖြင့်ပြန်ဆိုထားသော ထိုအဋ္ဌကထာသစ်သည် ဘာသာအမျိုးမျိုးကို တတ်သိပြောဆိုကြသော ပုဂ္ဂိုလ်အားလုံးတို့အား အကျိုးကျေးဇူးများလှတော့သည်။ ထို့ကြောင့် အလုံးစုံသော ထေရဝါဒဂိုဏ်းဝင်အရှင်မြတ်တို့သည် ထိုအဋ္ဌ

ကထာသစ်ကို ပါဠိတော်ကဲ့သို့ပင် အလေးတမူအရေးယူလျှက်လက်ခံတော်မူကြလေသည်။

သတ္တာနံ သဗ္ဗဘာသာနံ၊ သာ အဟောသိ ဟိတာဝဟာ။
ထေရိယာစရိယာ သဗ္ဗေ၊ ပါဠိံ ဝိယ တမဂ္ဂဟုံ။
(မဟာဝံသ၊ ၃၇၊ ၂၄၅။)

## မဟာဗောဓိပင်ဖူးရန် ဇမ္ဗူဒိပ်ပြန်ကြွခြင်း

ရည်မှန်းချက်ကိစ္စလုပ်ငန်းဆုံးခန်းတိုင် မြောက်အထွတ်အထိပ်သို့ရောက်သောအခါ အရှင်ဗုဒ္ဓဃောသသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိကိုရှိခိုးပူဇော်ဖူးမြော်ကန်တော့ရန် ဇမ္ဗူဒိပ်(အိန္ဒိယနိုင်ငံ)သို့ ပြန်ကြွတော်မူလေသည်။

အထ ကတ္တဗ္ဗကိစ္စေသု၊ ဂတေသု ပရိနိဋ္ဌိတိံ။
ဝန္ဒိတုံ သော မဟာဗောဓိံ၊ ဇမ္ဗုဒီပမုပါဂမုံ။
(မဟာဝံသ၊ ၃၇၊ ၂၄၆။)

## အရှင်ဗုဒ္ဓဃောသနှင့်စပ်၍ ဝါဒအမျိုးမျိုး

အရှင်ဗုဒ္ဓဃောသနှင့်ပတ်သက်၍ ဝါဒအမျိုးမျိုးကွဲလျှက်ရှိသည်။ အရှင်ဗုဒ္ဓဃောသသည် ကျော်ကြားမှုမလိုသဖြင့် သူ၏နေရပ်၊ မိမည်ဖမည်စသည်တို့ကို မဖော်ပြခဲ့ပေ။ ထိုသို့မပြခဲ့သည့်အတွက် အဋ္ဌုပ္ပတ္တိသမိုင်းရာဇဝင် လေ့လာသူများအတွက် ကြီးကျယ်သောဟာကွက်ဖြစ်ရသည်။ မဟာမင်္ဂလထေရ်ရေး ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၌ ဗောဓိပင်အနီး ဃောသကရွာ ကေသပုဏ္ဏားနှင့် ကေသီပုဏ္ဏေးမတို့၏ သားဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြခဲ့လေသည်။ မဲထီးဆရာတော်၏ ဝံသဒီပနီကျမ်း ၆၅-၌ သုဝဏ္ဏဘူမိဃောသရွာက ဗုဒ္ဓဃောသဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြလေသည်။

မှန်နန်းရာဇဝင်ပဌမတွဲ ၂၁၀-၌လည်း ဓမ္မပါလမင်းသည် သာသနာတော်၌ အလွန်ကြည်ညိုရကား အရှင်ဗုဒ္ဓဃောသအား ဆင်ဖြူတစ်စီး အမတ်ကြီး ၄-ယောက်နှင့်တကွ အထူးထူးသော လက်ဆောင်တို့ဖြင့် ချီးမြှင့်ပေး၏။ အရှင်ဗုဒ္ဓဃောသသည် ပုသိမ်သင်္ဘောဆိပ်မှ မဇ္ဈိမဒေသသို့ကူးတော်မူပြီးလျှင် မဇ္ဈိမဒေသ၌ မဟာဗောဓိသတ္တဋ္ဌာန၊ နေရဉ္ဇရာ၊ ပုဗ္ဗာရုံကျောင်းတော်စသော ပုံစံများကို ပန်းချီတို့ရေးစေ

ပြီးလျှင် သီဟိုဠ်ကျွန်းသို့ကူးအံ့သည်ကို ကြံတော်မူ၏။ ရာဇဝင်ကြီးအဆိုကိုဖော်ပြသည် စသည်ဖြင့်ဝါဒကွဲများ များပြားလွန်းလှပေသည်။ သဒ္ဒမ္မသင်္ဂဟပ္ပကရဏလီ၊ သောတုဇနေ ဟိတကာရီ၊ ဓမ္မပဒမဟာဋီကာ စသောကျမ်းတို့၌လာသော အရှင်ဗုဒ္ဓဃောသဖြစ်စဉ် သည်လည်း မဟာဝံသဆင်တူပုံဖော်ထားသော စကားများဖြစ်ပေသည်။

## အိန္ဒိယတောင်ပိုင်းသားဟူသောဝါဒ

အေ–ဒီ ၁၈၉၈–ခု၊ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ကိုလံဘိုရိုက်အဘိဓမ္မတ္ထဝိဘာ ဝိနီနိဂုံး၌ အရှင်မဟာဗုဒ္ဓဃောသသည် အိန္ဒိယတောင်ပိုင်း အန္ဓကတိုင်းသား ဖြစ်သည်ဟု ဖော်ပြလျက်ရှိလေသည်။ သီဟိုဠ်သာသနာဝံသပြဒီပကကျမ်း၌ အရှင် ဗုဒ္ဓဃောသသည် ဇမ္ဗူဒိပ်မြောက်ပိုင်းသားဖြစ်၍ အိန္ဒိယတောင်ပိုင်း၌ ရောက်ရှိ သီတင်းသုံး ဗဟုသုတဆည်းပူးသည်ဟု ဖော်ပြသည်။ အိန္ဒိယတောင်ပိုင်း၌ ကာဝေရိပဋ္ဋန၊ ဘူတမင်္ဂလ၊ ဗုဒ္ဓမင်္ဂလ၊ သံဃမင်္ဂလ၊ ဗောဓိမင်္ဂလ၊ တိရုဝိလင်တုရိုက် ကော်ယိလ်၊ ကုမ္ဘကေါန၊ တိရုဝလံစူလီ၊ ပဋ္ဋစ္စိရမ်၊ ပေါန်ပဋ္ဋရိ၊ ဗုဒ္ဓကုဒ္ဓိဉရိုက်ဟူရ်၊ ပေရုညစေရိ၊ ကော်ဋ္ဋပ်ပါဒ္ဒိ၊ မယူရပဋ္ဋန၊ နာဂပဋ္ဋန– အစရှိသောရပ်ရွာဒေသများ၌ ဗုဒ္ဓဘာသာကျောင်းတိုက်ကြီးများ များစွာတည်ရှိခဲ့ကြသည်။ စုံစမ်းသင့်သောအရာ ဖြစ်လေသည် စသည်ဖြင့်ဖော်ပြခဲ့လေသည်။

အရှင်မဟာဗုဒ္ဓဃောသသည် သာသနာသက္ကရာဇ် ၉၀၀–ကျော်တွင် အိန္ဒိယတောင်ပိုင်း မောရဏ္ဍခေဋ ဗြာဟ္မဏမျိုးမှ ပေါက်ဖွားခဲ့သည်။ သူသည် ငယ်စဉ် ကမှစ၍ ဝေဒ ၃–ကျမ်းနှင့် ဝိဇ္ဇာ၊ သိပ္ပကလာအတတ်တို့ကို တတ်မြောက်ခဲ့သည်။ အိန္ဒိယတောင်ပိုင်း ထေရဝါဒကျောင်းတိုက်တစ်တိုက်၌ အရှင်ရေဝတထေရ်ထံ ရဟန်း အဖြစ်ကိုရရှိခဲ့သည်။ သူ၏ဉာဏ်ရည်ဉာဏ်သွေးကိုမှန်းဆပြီး ဘုရားရှင်အလား ကျော်ကြားမည်ကို ထောက်ဆ၍ ဗုဒ္ဓဃောသဟု ဥပဇ္ဈာယ်တို့က မှည့်ခေါ်ကြသည်။ ဗုဒ္ဓဃောသသည် မယူရဒူတသဘော်ဆိပ်အရပ်၌ လည်းကောင်း၊ ကဉ္စိပူရမြို့တို့၌ လည်းကောင်း အန္ဓကအဋ္ဌကထာကိုသင်ယူပြီး သီဟိုဠ်မဟာဝိဟာရကျောင်းတိုက်သို့ ရောက်ရှိခဲ့သည် စသည်ဖြင့် နောက်ခေတ်ပညာရှင်တို့ အရှင်ဗုဒ္ဓဃောသအဖြူပွတ္တိကို ဖော်ပြကြသေးသည်။ သို့ဖြစ်စေကာမူ မဟာဝံသဖော်ပြသည့်အတိုင်း ဆရာတော် အစဉ်အဆက်မှတ်တမ်းများအလျောက် စိစိစစ်စစ် မှတ်ထားသင့်ပေသည်။

## အဋ္ဌကထာသစ်ကို ရေးသားပြုစုခြင်း

အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာဖြင့်တည်ရှိနေသော မဟာအဋ္ဌကထာကိုဘာသာပြန်၍ ရေးသာရုံမျှမကပဲ စပ်ဆိုင်ရာသီဟိုဠ်ဝတ္ထုများထည့်သွင်းခြင်း အာစရိယဝါဒများထည့်သွင်းခြင်း၊ သမယန္တရများထည့်သွင်းခြင်း စသည်ဖြင့်ဝေဝေဆာဆာ ပြောင်မြောက်စွာ ဖွင့်ခဲ့သည်။ နောက်ထပ်ဆရာတစ်ဦး ထိုထက်သာအောင် ရေးမစွမ်းနိုင်အောင် ရေးသားခဲ့သည်။ ထို့ကြောင့်အာဇာနည်ပုဂ္ဂိုလ်တဦးဦးက အရှင်ဗုဒ္ဓဃောသအဋ္ဌကထာကို မပြည့်စုံဆို၍ နောက်ထပ်ရေးသားသူမပေါ်ပေါက်ခဲ့ချေ။

## ဝိသုဒ္ဓိမဂ်ကျမ်း

ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာကျမ်းကြီးသည် အရှင်ဗုဒ္ဓဃောသ၏အဘိုးတန်မှုတည် ကျမ်းကြီးဖြစ်သည်။ ၎င်းကျမ်းကို မဟာဝံသနှင့် ဗုဒ္ဓဃောသုပ္ပတ္တိ စသည်တို့က တညဥ့်တည်းဖြင့် ၃–ဆောင်ပြီးသည်ဟု ချီးကျူးရေးသားကြသည်။ သို့သော် ဝိနည်း အဋ္ဌကထာကြီးကို ၁–နှစ်ရေးရသည်ဟုဆိုသဖြင့် ၆–လ၊ ၅–လ၊ ၄–လ၊ ၃–လ လောက်ရေးရမည်ဖြစ်ကြောင်း နိုင်ငံခြားပညာရှင်များနှင့် မြန်မာပညာရှိဆရာတော်များ မှန်းဆကြလေသည်။ အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို–

သီလေ ပတိဋ္ဌာယ နရော၊ သပ္ပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ ကော ဣမံ ဝိဇဋယေ ဇဋံ။

ဟူသော သံ၊ ၁။ ၁၃–ဂါထာကိုခေါင်းတည်၍ ထိုဂါထာ၌ ပဓာနအားဖြင့် ဟောတော်မူအပ်သော သီလ၊ သမာဓိ၊ ပညာတို့ကိုအသီးသီးအကျယ်ဝေဖန်ပြု စီရင်တော်မူလေသည်။ အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို အရှင်သံဃပါလ ထေရ်တောင်းပန်သဖြင့် ရေးသားရကြောင်း–

ဝိဘဇ္ဇဝါဒီ သေဋ္ဌာနံ၊ ထေရိယာနံ ယသဿိနံ။
မဟာဝိဟာရဝါသီနံ၊ ဝံသဇဿ ဝိဘာဝိနော။
ဘဒန္တသံဃပါလဿ၊ သုစိသလ္လေခဝုတ္တိနော။
ဝိနယာစာရယုတ္တဿ၊ ယုတ္တဿ ပဋိပတ္တိယံ။
ခန္တိသောရစ္စမေတ္တာဒိ–ဂုဏဘူသိတစေတသော။
အဇ္ဈေသနံ ဂဟေတွာန၊ ကရောန္တေန ဣမံ မယာ။

ဟူသောဂါထာများဖြင့် တောင်းပန်သောမထေရ်မြတ်ကို ဂုဏ်ပုဒ်နှင့်တကွ ဖော်ပြခဲ့သည်။ ဝိသုဒ္ဓိမဂ်ကျမ်း၌ ၁။ သီလနိဒ္ဒေသ၊ ၂။ ဓုတင်္ဂနိဒ္ဒေသ၊ ၃။ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၊ ၄။ ပထဝီကသိဏနိဒ္ဒေသ၊ ၅။ သေသကသိဏနိဒ္ဒေသ၊ ၆။ အသုဘ ကမ္မဋ္ဌာနနိဒ္ဒေသ၊ ၇။ ဆအနုဿတိနိဒ္ဒေသ၊ ၈။ အနုဿတိ ကမ္မဋ္ဌာန နိဒ္ဒေသ၊ ၉။ ဗြဟ္မဝိဟာရနိဒ္ဒေသ၊ ၁၀။ အာရုပ္ပနိဒ္ဒေသ၊ ၁၁။ သမာဓိနိဒ္ဒေသ၊ ၁၂။ ဣဒ္ဓိဝိဓနိဒ္ဒေသ၊ ၁၃။ အဘိညာနိဒ္ဒေသ၊ ၁၄။ ခန္ဓနိဒ္ဒေသ၊ ၁၅။ အာယတန နိဒ္ဒေသ၊ ၁၆။ ဣန္ဒြိယသစ္စနိဒ္ဒေသ၊ ၁၇။ ပညာဘူမိနိဒ္ဒေသ၊ ၁၈။ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၊ ၁၉။ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ၊ ၂၀။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ၂၁။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ၂၂။ ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ ၂၃။ ပညာဘာဝနာနိသံသနိဒ္ဒေသ– အားဖြင့်အခဏ်းပေါင်း ၂၃–ခဏ်း ပါဝင်လေသည်။

## ၅၈–ဘာဏဝါရ

၅၈–ဘာဏဝါရပါဠိအရေအတွက်ရှိကြောင်း ကျမ်းဆရာကိုယ်တိုင်–

**ဝိသုဒ္ဓိမဂ္ဂေါ ဧသော စ၊ အန္တရာယံ ဝိနာ ဣဓ။**

**နိဋ္ဌိတော အဋ္ဌပညာသ–ဘာဏဝါရာယ ပါဠိယာ။**

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သည်။

## ဝိမုတ္တိမဂ္ဂကျမ်း

အရှင်ဗုဒ္ဓဃောသ၏ဝိသုဒ္ဓိမဂ်မပေါ်ခင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ မဟာအရိဋ္ဌဉပတိဿထေရ်စီရင်ခဲ့သော ဝိမုတ္တိမဂ်ကျမ်းလည်း ရှိခဲ့သည်။ ၎င်းကျမ်းသည် အခဏ်းပေါင်း ၁၃–ခဏ်းရှိသည်။

ဝိမုတ္တိမဂ်ကျမ်း–

**သီလံ သမာဓိပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။**

**အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။**

ဟူသောဂါထာကိုခေါင်းစဉ်၍ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတို့ကို ဝေဖန်ဖော်ပြထားလေသည်။ အပိုင်းပေါင်း ၁၃–ပိုင်းရှိရာ အပိုင်းကို ကဏ္ဍ–ဟူ၍မသုံးပဲ ပဌမော နိဒါနကဏ္ဍော၊ ဒုတိယော သီလကဏ္ဍော၊ တတိယော ကဏ္ဍော စသည်ဖြင့်သုံးနှုန်းဖော်ပြထားသည်။ ဝိသုဒ္ဓိမဂ်နှင့် ဝိမုတ္တိမဂ်ကွဲလွဲချက်တို့ကိုလည်း တိုက်ဆိုင်၍ကြည့်ရှုသင့်သည်။

ဝိသုဒ္ဓိမဂ်ပဌမအုပ် စာမျက်နှာ ၈–၌ အညေ ပန သီရဍ္ဍော သီလဍ္ဍော သီတလဍ္ဍော သီလဍ္ဍောတိ ဝေမာဒိနာပိ နယေနေတ္ထ အတ္ထံ ဝဏ္ဏယန္တိ– ဟူ၍ထုတ် ပြထားရာ ဝိမုတ္တိမဂ်ကျမ်း ဒုတိယကစ္ဆ၌ ကိမတ္ထံ သီလံ သီတလတ္ထံ၊ သေဋ္ဌဋ္ဌံ သီလနဋ္ဌံ သဘာဝဋ္ဌံ သုခဒုက္ခဘာဝသမ္ပယုတ္တဋ္ဌံ သီရဋ္ဌံ ပတိဋ္ဌဋ္ဌံ– ဟုလာရှိသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ အညေအရ ဝိမုတ္တိမဂ်ဆရာဖြစ်ကြောင်း သိသာသည်။

သီလအပြားကိုပြရာ၌ ဝိသုဒ္ဓိမဂ်သီလသည် မိမိ၏ သီလနလက္ခဏာအားဖြင့် ၁–ပါး၊ စာရိတ္တဝါရိတ္တအားဖြင့် ၂–ပါး၊ ဟီန မဇ္ဈိမ ပဏီတအားဖြင့် ၃–ပါး၊ ဟာနဘာဂိယ ဌိတိဘာဂိယ ဝိသေသဘာဂိယ နိဗ္ဗေဓဘာဂိယအားဖြင့် ၄–ပါး၊ ပရိယန္တပါရိသုဒ္ဓိသီလ စသည်တို့၏အစွမ်းအားဖြင့် ၅–ပါးအပြားရှိကြောင်း ဖွင့်ပြသည်။ ဝိမုတ္တိမဂ် ဒုတိယကစ္ဆ၌မူကား ကတိဝိဓံ သီလံ တိဝိဓံ ကုသလံ သီလံ အကုသလံ သီလံ အဗျာကတံ သီလန္တိ ကာယိကံ ဝါစသိကံ မာနသိကန္တိပိ– ဟု ၃–မျိုး၊ ၂–နည်း ပြားကြောင်းဖော်ပြသည်။ ဝိသုဒ္ဓိမဂ်ဓုတင်ဆောက်တည်ခန်း ၅၉–၌ ဂဟပတိဒါန စီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ ဟုဖော်ပြထားရာ ဝိမုတ္တိမဂ် တတိယကစ္ဆ သီဟိုဠ်မူစာမျက်နှာ ၅–၌ ဂဟပတိဒါနံ စီဝရံ ပဋိက္ခတ္တိတ္တာ ပံသုကူလံ သမာဒိယာမိ –ဟုဖော်ပြထားသည်၊ ဤသို့စသည်ဖြင့်ဝိသုဒ္ဓိမဂ်ကျမ်းနှင့် ဝိမုတ္တိမဂ္ဂကျမ်းတို့ ကွဲလွဲချက် အတော်များများတွေ့ရပေသည်။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားလည်း စိစစ်ထားပြီးရှိလေသည်။ ၎င်းကျမ်းကို သီဟိုဠ် သားရဟန်းတော် အရှင်သောမနှင့် အရှင်ခေမိန္ဒတို့ အင်္ဂလိပ်ဘာသာပြန်ခဲ့ကြပါ သည်။ ဖော်ပြပါ ဝိမုတ္တိမဂ်ကျမ်းကို စာရေးသူသီဟိုဠ်အက္ခရာမှပြန်၍ ဗုဒ္ဓသာသနာ အဖွဲ့သို့ ပို့ထားပြီးဖြစ်ရာ စာအုပ်ဖြစ်ရာ တစ်ချိန်တွင် သုတေသီတို့ တိုက်ဆိုင်ကြည့်ရှု နိုင်လေသည်။

## သမန္တပါသာဒိကာအမည်ရှိသော ဝိနည်းအဋ္ဌကထာ

အရှင်မဟာဗုဒ္ဓဃောသထေရ် အစလက်ဦး ပြန်ဆိုရေးသားသော အဋ္ဌကထာမှာ သမန္တပါသာဒိကာခေါ်သော ဝိနည်းပိဋကတ်၏ အဖွင့်အဋ္ဌကထာများ ဖြစ်လေသည်။ ၎င်းအဋ္ဌကထာသည် ဝန်းကျင်ဥဿုံ အလုံးစုံကြည်ညိုဖွယ် ဆောင် တတ်သောဂုဏ်နှင့် ပြည့်စုံသောကြောင့် သမန္တပါသာဒိကာဟု ကိုယ်တိုင်မှည့်ခေါ် ခဲ့လေသည်။

## ကြည်ညိုဖွယ်ဂုဏ်ပုဒ်များ

ဤဝိနည်းအဋ္ဌကထာ၌–

၁။ ဆရာအစဉ်အဆက်ကိုပြခြင်း၊

၂။ နိဒါန်းဝတ္ထုကိုပြခြင်း၊

၃။ ပရသမယခေါ်သော မဟာယာနဝါဒစသည်များကို ရှောင်ကြဉ်ခြင်း၊

၄။ ထေရဝါဒတည်းဟူသော ကိုယ့်အယူ ကိုယ့်ဝါဒသက်သက်ဖြင့် သန့်ရှင်းစင်ကြယ်ခြင်း၊

၅။ ပုဒ် ဗျည်း ဝါကျတို့ကို သုတ်သင်ထားခြင်း၊

၆။ ပုဒ်တို့၏အနက်တို့ကိုဖွင့်ပြထားခြင်း၊

၇။ ပါဠိယောဇနာပုံအစဉ်ကိုပြခြင်း၊

၈။ သိက္ခာပုဒ်အဆုံးအဖြတ်ကိုပြခြင်း၊

၉။ ဝေဘန်ပုံနည်းအထူးကိုပြခြင်း–

ဟူသောဂုဏ်ပုဒ်တို့ကြောင့် ဝိနည်းအဋ္ဌကထာ၏ဝန်းကျင်ဥသုံအလုံးစုံ ကြည်ညိုဖွယ်ကိုဆောင်ပုံကို အရှင်ဗုဒ္ဓဃောသထေရ်သည် ဝိ၊ ဋ္ဌ၊ ၁။ ၁၆၇၊ ၂၄၆။ နှင့် ဝိ၊ ဋ္ဌ၊ ၄။ ၂၆၃။ နိဂုံးတို့၌–

အာစရိယပရမ္ပရတော၊ နိဒါနဝတ္ထုပ္ပဘေဒဒီပနတော။
ပရသမယဝိဝဇ္ဇနတော၊ သကသမယဝိသုဒ္ဓိတော စေဝ။

ဗျဉ္ဇနပရိသောဓနတော၊ ပဒတ္ထတော ပါဠိယောဇနက္ကမတော။
သိက္ခာပဒဝိနိစ္ဆယတော၊ ဝိဘင်္ဂနယဘေဒဒဿနတော။

သမ္ပဿတံ န ဒိဿတိ၊ ကိဉ္စိ အပါသာဒိကံ ယတော ဧတ္ထ။
ဝိညူနမယံ တသ္မာ၊ သမန္တပါသာဒိကာတွေဝ။

ဟူသောဂါထာများဖြင့် ဖော်ပြခဲ့လေသည်။

အရှင်ဗုဒ္ဓဃောသသည် အစဆုံးပြန်ဆိုဖွင့်ပြရသော အဋ္ဌကထာဖြစ်သဖြင့် ဗုဒ္ဓသာသနာ့သမိုင်းအကျဉ်းကို ဗာဟိရနိဒါနကထာအဖြစ်ဖြင့် ထုတ်ပြခဲ့လေသည်။ သံဂါယနာ ၃–တန်အကြောင်း ကိုးတိုင်းကိုးဌာန သာသနာပြုအဖွဲ့ ဓမ္မဒူတများ စေလွှတ်ပုံတို့ကို ဖော်ပြခဲ့လေသည်။

## အရှင်ဗုဒ္ဓသိရိထေရ် တောင်းပန်မှု

အရှင်ဗုဒ္ဓဃောသသည် သမန္တပါသာဒိကာအမည်ရသော ဝိနည်းအဋ္ဌကထာကို အရှင်ဗုဒ္ဓသိရိထေရ် တိုက်တွန်းတောင်းပန်သဖြင့် ရေးရမည်ဖြစ်ကြောင်း တိုက်တွန်းတောင်းပန်မှုကို တစေ့စေ့ရေးရေး တွေးကြံအောင့်မေ့လျှက် ရေးရမည်ဖြစ်ကြောင်း–

တသ္မာ ဣမံ ပါဠိနယာနုရူပံ၊ သံဝဏ္ဏနံ သမာ၂ရဘိဿံ။
အဇ္ဈေသနံ ဗုဒ္ဓသိရိဝှယဿ၊ ထေရဿ သမ္မာ သမနုဿရန္တော။

ဟူသောဂါထာဖြင့် ဂန္ထာရမ္ဘ၌ မှတ်တမ်းတင်ခဲ့လေသည်။

## ဆရာနှင့်ရေးရာဌာန

အရှင်ဗုဒ္ဓဃောသသည် မဟာအဋ္ဌကထာနှင့် မဟာပစ္စရိအဋ္ဌကထာကုရုန္ဒီအဋ္ဌကထာ–ဟူသော သီဟိုဠ်အဋ္ဌကထာတို့ကို ဝိနည်း၌ ကျွမ်းကျင်တတ်မြောက်သည့် အရှင်ဗုဒ္ဓမိတ္တထံသင်ယူပြီး မဟာဝိဟာရကျောင်းတိုက်ကြီး၏ တောင်ဖက်ပဓာနဃရကျောင်းဆောင်၌ ရေးသားကြောင်းကိုလည်း–

မဟာအဋ္ဌကထာဉ္စေဝ၊ မဟာပစ္စရိမေဝ စ။
ကုရုန္ဒိဉ္စာပိ တိဿောပိ၊ သီဟဠဋ္ဌကထာ ဣမာ။
ဗုဒ္ဓမိတ္တောတိ နာမေန၊ ဝိဿုတဿ ယသဿိနော။
ဝိနယညုဿ ဓီရဿ၊ သုတွာ ထေရဿ သန္တိကေ။
မဟာမေဃဝနုယျာနေ၊ ဘူမိဘာဂေ ပတိဋ္ဌိတော။
မဟာဝိဟာရော ယော သတ္ထု–မဟာဗောဓိဝိဘူသိတော။
ယံ တဿ ဒက္ခိဏေ ဘာဂေ၊ ပဓာနဃရမုတ္တမံ။
သုစိစာရိတ္တသီလေန၊ ဘိက္ခုသံဃေန သေဝိတံ။

စသည်ဖြင့် ပရိဝါအဋ္ဌကထာနိဂုံး၌ မိန့်ဆိုခဲ့လေသည်။

## သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာပြီးချိန်

အရှင်ဗုဒ္ဓဃောသသည် သာသနာသက္ကရာဇ် ၉၅၅–ခုနှစ်တွင် နန်းတက်သော သိရိနိဝါသ–ဟူသောဘွဲ့ထူးရှိသော မဟာနာမမင်း၏နန်းသက် ၂၀–ပြည့်မြောက်၌ စတင်ရေးသားခဲ့ရာ နန်းသက် ၂၁–နှစ်မြောက်အချိန်တွင် ပြီးစီးကြောင်း

ပါလယန္တဿ သကလံ၊ လင်္ကာဒီပံ နိရဗ္ဗုဒံ။
ရညော သိရိနိဝါသဿ၊ သိရိပါလယသဿိနော၊
သမဝီသတိမေ ခေမေ၊ ဇယသံဝစ္ဆရေ အယံ။
အာရဒ္ဓါ ကေဝိသမို၊ သမ္မတ္တော ပရိနိဋ္ဌိတာ။
ဟူသော ဝိ၊ ဠ၊ ၄။ ၂၆၄–နိဂုံးဂါထာဖြင့် ပေါ်လွင်လေသည်။

သမန္တပါသာဒိကာအဋ္ဌကထာကို သီဟိုဠ်၌ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၁၀၅၇–ရှိ၍ ဗမာပြည်၌ရိုက် ၄–လုံးတွဲ ဆဋ္ဌသံဂါယနာစာမျက်နှာ ၁၃၅၉–ရှိလေသည်။ ယိုးဒယား၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။

## သုမင်္ဂလဝိလာသိနီအမည်ရှိသော ဒီဃနိကာယ်အဋ္ဌကထာ

အရှင်ဗုဒ္ဓဃောသသည် သုမင်္ဂလဝိလာသိနီအမည်ရှိသော ဒီဃနိကာယ် အဋ္ဌကထာကိုလည်း ဆိုင်ရာသီဟိုဠ်ဝတ္ထုများသွင်း၍ မဟာအဋ္ဌကထာကို ကိုယ်ထည်ပြုလျက် ရေးသားစီရင်ခဲ့သည်။ ဒီဃနိကာယ်အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့၌ရှိသည်ဟုယူဆရသော သုမင်္ဂလပရိဝေဏ၌သီတင်းသုံးသည့် ဒါဌာနာ ဂသံဃထေရ်တောင်းပန်သဖြင့် ရေးသားစီရင်ခဲ့ရကြောင်း–

အာယာစိတော သုမင်္ဂလ–ပရိဝေဏနိဝါသိနာ ထိရဂုဏေန။
ဒါဌာနာဂသံဃတ္ထေရေန၊ ထေရဝံသန္ဝယေန။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သည်။ အဋ္ဌကထာ၏အမည်ကိုလည်း ပရိဝေဏအမည် ကိုပါထည့်၍ သုမင်္ဂလဝိလာသိနီအဋ္ဌကထာဟု အမည်တပ်ခဲ့သည်။

ဒီဃနိကာယ်အဋ္ဌကထာနိဂုံးလာ–

"သာ ဟိ မဟာအဋ္ဌကထာယ၊ သာရမာဒါယ နိဋ္ဌိတာ"

ဟူသောစကားရပ်ဖြင့် ကုရုန္ဒီအဋ္ဌကထာ၊ မဟာပစ္စရိအဋ္ဌကထာ–စသည်တို့မှာ ဝိနည်းပိဋကတ်လောက်သာရှိသည်ဟု ယူဆစရာရှိပေသည်။

## ဝိသုဒ္ဓိမဂ်ပါပြီးကို ဒီဃနိကာယ်အဋ္ဌကထာ၌ ထပ်မရေး

အရှင်ဗုဒ္ဓဃောသသည် သီလ၊ ဓုတင်၊ ကမ္မဋ္ဌာန်း၊ စရိုက်အစီအရင်၊ ဈာန်၊ သမာပတ်၊ အဘိညာဉ်၊ ပညာအဆုံးအဖြတ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်၊ ဝိပဿနာတို့နှင့်ဆိုင်သောစကားများ ဒီဃနိကာယ်မှာ

ပါလင့်ကစား ဤဒီဃနိကာယ်၌ထပ်မရေးပဲ ဝိသုဒ္ဓိမဂ်မှာရေးခဲ့ပြီးဖြစ်၍ ၎င်းမှယူစေလို လေ့လာစေလိုကြောင်းကို–

သီလကထာ ဓုတဓမ္မာ၊ ကမ္မဋ္ဌာနာနိ စေဝ သဗ္ဗာနိ။
စရိယာဝိဓာနသဟိတော၊ ဈာနသမာပတ္တိဝိတ္ထာရော။
သဗ္ဗာ စ အဘိညာယော၊ ပညာသင်္ကလနိစ္ဆယော စေဝ။
ခန္ဓာဓာတာယတနာနိ–န္ဒြိယာနိ အရိယာနိ စေဝ စတ္တာရိ။
သစ္စာနိ ပစ္စယာကာရဒေသနာ သုပရိသုဒ္ဓနိပုဏနယာ။
အဝိမုတ္တတန္တိမဂ္ဂါ၊ ဝိပဿနာဘာဝနာ စေဝ။
ဣတိ ပန သဗ္ဗံ ယသ္မာ၊ ဝိသုဒ္ဓိမဂ္ဂေ မယာ သုပရိသုဒ္ဓံ။
ဝုတ္တံ တသ္မာ ဘိယျော၊ န တံ ဣဓ ဝိစာရယိဿာမိ။

ဟူသောဂါထာများဖြင့် သိသာသည်။

## နိကာယ်ကြီးလေးရပ်အလယ် ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ်ကို သေသေချာချာရည်ရွယ်ချက်ဖြင့် နိကာယ်ကြီးလေးရပ်အလယ်မားမားမတ်မတ်ရပ်တည်ပြီး နိကာယ်ကြီးလေးရပ်အနက်တို့ကို ဖွင့်ပြကြောင်းကိုလည်း–

မဇ္ဈေ ဝိသုဒ္ဓိမဂ္ဂေါ၊ ဧသ စတုန္နမ္ပိ အာဂမာနဉှိ။
ဌတွာ ပကာသယိဿတိ၊ တတ္ထ ယထာဘာသိတမတ္ထံ။

ဟူသော သီလက္ခန်အဋ္ဌကထာဂန္ထာရမ္ဘစသည်ဖြင့် ဖော်ပြခဲ့သည်။ ဤစကားဖြင့်ပင်အရှင်ဗုဒ္ဓဃောသသည် နိကာယ်လေးရပ်၏အဋ္ဌကထာကိုသာ ရေးသားခဲ့ကြောင်းတချို့ပညာရှင်တို့ ဆုံးဖြတ်ခဲ့ကြသည်။

## ဒီဃနိကာယ်အဋ္ဌကထာဖွင့်ပုံ

ဒီဃနိကာယ်အဋ္ဌကထာ၌ ရှေးဦးစွာ နိဒါနကထာဖြင့် ပြသင့်သောအချက်အလက် တော်တော်များများကို ဖော်ပြခဲ့သည်။ ပဋ္ဌမသံဂါယနာတင်အကြောင်း ဒီဃ နိကာယ်၌ သုတ် ၃၄–သုတ်၊ မဇ္ဈိမနိကာယ်၌ ၁၅–ဝဂ်၊ သုတ်ပေါင်း ၁၅၂–သုတ်၊ သံယုတ္တနိကာယ်၌ သုတ်ပေါင်း ၇၇၆၂–သုတ်၊ အင်္ဂုတ္တရနိကာယ်၌ သုတ်ပေါင်း ၉၅၅၇–သုတ်တို့ရှိကြောင်း နိကာယ် ၄–ရပ်မှအကြွင်း ခုဒ္ဒကနိကာယ်

မည်ကြောင်း အင်္ဂါ ၉–တန်စသည်တို့ကိုလည်း နိဒါနကထာ၌ဖော်ပြခဲ့သည်။ ၎င်းပြင် ဖြဟ္မဇာလသုတ်အဆုံး၌ မြေလှုပ်ခြင်းအကြောင်းကို စုံစုံလင်လင်ဖွင့်ပြခဲ့သည်။

ဘုရားရှင်တောထွက်တော်မူရာအခါ ဗောဓိမဏ္ဍိုင်သို့ချဉ်းကပ်တော်မူစဉ် အခါ၊ ပံသုကူသက်န်းဖွပ်လျှော်တော်မူစဉ် ကာဠကာရာမသုတ်ဟောတော်မူစဉ်အခါ၊ ဂေါတမကသုတ်ဟောတော်မူစဉ်၊ ဝေဿန္တရဇာတ်ဟောတော်မူစဉ်၊ ဤဗြဟ္မဇာလ သုတ်ဟောတော်မူစဉ်တို့၌သာ မြေကြီးတုန်လှုပ်သည်မဟုတ်သေးပေ၊ မဟိန္ဒသီဟိုဠ်ကြွ၍ နန္ဒဝန်ဥယျာဉ်၌အနမတဂ္ဂသုတ် စသည့်တရားဒေသနာများ ဟောတော်မူစဉ် ကလျာဏီကျောင်းတိုက် ပိဏ္ဍပါတိယထေရ် စေတီရင်ပြင်တံမြက်လှည်းအပြီး ဗုဒ္ဓါရမ္မဏပီတိယူလျှက် ဤဗြဟ္မဇာတသုတ်ကို လေ့ကျက်စဉ် လောဟပါသာဒ ပြာသာဒ်ထက်၌ ဒီဃဘာဏကရဟန်းတော်များ ဗြဟ္မဇာလသုတ်ရွတ်ဘတ်ပြစဉ် တို့၌လည်း မြေလှုပ်ကြောင်းစသည်တို့ကိုဖွင့်ပြသည်။ ၎င်းအပြင် မဟာပရိနိဗ္ဗာန သုတ်အဆုံး ဓာတ်တော်ဝေဖန်ခဏ်းအဖွင့်၌–

အဋ္ဌဒေါဏံ စက္ခုမတော သရီရံ၊ သတ္တဒေါဏံ ဇမ္ဗုဒီပေ မဟေန္တိ။
ဧကဉ္စ ဒေါဏံ ပုရိသဝရုတ္တမဿ၊ ရာမဂါမေ နာဂရာဇာ မဟေတိ။
ဧကာ ဟိ ဒါဌာ တိဒိဝေဟိ ပူဇိတာ၊ ဧကာ ပန ဂန္ဓာရပုရေ မဟီယတိ။
ကာလိင်္ဂရညော ဝိဇိတေ ပုနေကံ၊ ဧကံ ပန နာဂရာဇာ မဟေတိ။

စသောဂါထာများကို သီဟိုဠ်မထေရ်မြတ်တို့မိန့်ဆိုထားခဲ့ကြောင်း မှတ်ချက်ချခဲ့သည်။ ဤဒီဃနိကာယ်အဋ္ဌကထာကို သီဟိုဠ်၊ ယိုးဒယား၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်သုံးစွဲလျှက်ရှိကြသည်။ ဗမာပြည်၌ အကြိမ်ကြိမ်ရိုက်နှိပ်ပြီး သင်ယူချပို့လေ့လာ လျှက်ရှိရာ သံဂါယနာစာမျက်နှာ ၉၉၂–မျက်နှာ ရှိလေသည်။

## ပပဉ္စသူဒနီအမည်ရှိသော မဇ္ဈိမနိကာယ်အဋ္ဌကထာ

ပပဉ္စသူဒနီအမည်ရှိသော မဇ္ဈိမနိကာယအဋ္ဌကထာကိုလည်း ပြုစီရင်ခဲ့ သည်။ မဇ္ဈိမနိကာယ်အဋ္ဌကထာကို ဇမ္ဗူဒိပ်(အိန္ဒိယနိုင်ငံ)ရှိ မယူရဒူတသင်္ဘောဆိပ်၌ အတူတူနေထိုင်ဖက်သီတင်းသုံးဖော်ဖြစ်သော ရဟန်းတော် အရှင်ဗုဒ္ဓမိတ္တထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း–

**အာယာစိတော သုမတိနာ ထေရေန ဘဒန္တဗုဒ္ဓမိတ္တေန။**
**ပုဗ္ဗေ မယူရဒူတပဋ္ဋနမှိ သဒ္ဓိံ နိဝသန္တေန။**

ဟူသော နိဂုံးလာဂါထာတော်ဖြင့် ထင်ရှားလေသည်။ ဤအဋ္ဌကထာကိုလည်း

မဟာအဋ္ဌကထာလာအနှစ်အမြွက်တော်တို့ကိုထုတ်ယူ၍ ရေးသားကြောင်း-

''သာ ဟိ မဟာအဋ္ဌကထာယ သာရမာဒါယ နိဋ္ဌိတာ သော''

ဟူသော မ၊ ဋ၊ ၄။ ၂၅၃-နိဂုံးဖြင့် ဖော်ပြခဲ့သည်။ ထိုနိဂုံးဖြင့် မဟာအဋ္ဌကထာကို ဘာသာပြန်၍ ရေးသားသည်မဟုတ်ကြောင်း သိသာလေသည်။ ဤကျမ်းသည် ဘာဏဝါရပေါင်း ၁၀၇-ဘာဏဝါရရှိကြောင်း နိဂုံး၌ဖော်ပြခဲ့သည်။ ဖော်ပြပါမဇ္ဈိမ နိကာယ်အဋ္ဌကထာကို သီဟိုဠ်၌လည်း သီဟိုဠ်အက္ခရာဖြင့် ရိုက်နှိပ်ပြီးဖြစ်ရာ ရှိုင် ဆိုက်စာမျက်နှာ ၁၂၇၆-မျက်နှာရှိလေသည်။ ယိုးဒယားနိုင်ငံ၊ အင်္ဂလန်စသည်တို့၌ လည်း ရိုက်နှိပ်ပြီးဖြစ်သည်။ ဗမာပြည်ရိုက် ဆဋ္ဌသံဂါယနာမူစာမျက်နှာ ၁၂၈၁- ရှိလေသည်။

## သာရတ္ထပ္ပကာသိနီအမည်ရှိသော သံယုတ္တအဋ္ဌကထာ

သာရတ္ထပ္ပကာသိနီအမည်ရှိသော သံယုတ္တအဋ္ဌကထာကိုလည်း အရှင် ဇောတိပါလထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း-

**တေသာ ကရဏတ္ထံ၊ ထေရေန ဘဒ္ဒန္တဇောတိပါလေန၊**

**သုစိသီလေန သုဘာသိတဿ၊ ပကာသယန္တညာဏေန။**

ဟူသော သံ၊ ဋ၊ ၃။ ၃၄၀- နိဂမနကထာလာ ဂါထာဖြင့်ထင်ရှားလေသည်။ ဤ သာရတ္ထပ္ပကာသိနီအမည်ရှိသော အဋ္ဌကထာ၌ ဘာဏဝါရပေါင်း ၇၈-ဘာဏဝါရ ရှိကြောင်းလည်း ကျမ်းဆရာကိုယ်တိုင် ဖော်ပြခဲ့သည်။ ကျမ်းဆရာသည် သံယုတ္တနိ ကာယ်၌ သဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတန ဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်အားဖြင့် ဝဂ် ၅-ဝဂ်ရှိကြောင်း ပြဆိုခဲ့ပြီး သုတ်ပေါင်း ၇၇၆၂-သုတ်ရှိကြောင်းကိုလည်း-

**သတ္တသုတ္တသဟဿာနိ၊ သတ္တသုတ္တသတာနိ စ။**

**ဒွါသဋ္ဌိ စေဝ သုတ္တာနိ၊ သော သံယုတ္တသင်္ဂဟော။**

ဟူသောဂါထာဖြင့်မိန့်ဆိုခဲ့လေသည်။

ဤသာရတ္ထပ္ပကာသိနီမည်သော သံယုတ္တဋ္ဌကထာကို သီဟိုဠ်ကျွန်း၌ရိုက်နှိပ် ထားရာ ရှိုင်ဆိုက်စာမျက်နှာ ၇၆၄-ရှိလေသည်။ ယိုးဒယားနိုင်ငံ အင်္ဂလန်နိုင်ငံ စသည်တို့၌လည်း ရိုက်နှိပ်ရာကမ္ဘာက သိပြီးဖြစ်သော အဋ္ဌကထာဖြစ်လေသည်။ မြန်မာပြည်၌လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ နောက်ဆုံးဆဋ္ဌသံဂါယနာတင်ချိန် ရိုက်နှိပ်ခဲ့သော သံယုတ္တနိကာယ်အဋ္ဌကထာမှာ စာမျက်နှာပေါင်း ၉၉၀-ရှိလေသည်။

## တောင့်တချက်

ဤသို့ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ်၏ ဝီရိယတောင်အထုဖြင့်ဖွင့်ပြအပ်ခဲ့သော သာရတ္ထပ္ပကာသိနီမည်သော အဋ္ဌကထာကျမ်းကြီးကို သာသနာပျော်ရှင်ရဟန်းတော်တို့သည် မဆုတ်မနစ်သောဝီရိယဖြင့် လေ့လာကြည့်ရှုချပို့နိုင်ကြ၍ သာသနာပြုနိုင်ကြပါစေဟု တောင့်တရပေသည်။

**ဗုဒ္ဓဃောသေန ဝီရေန၊ ထေရေန ထိရစေတသာ။**
**လိခိတံ တံ သုပဿန္တု၊ ဝါစေန္တု သာသနေ ရတာ။**

## မနောရထပူရဏီအမည်ရှိသော အင်္ဂုတ္တရနိကာယအဋ္ဌကထာ

မနောရထပူရဏီအမည်ရှိသော အင်္ဂုတ္တရနိကာယ အဋ္ဌကထာကိုလည်း အိန္ဒိယတောင်ပိုင်း ကဉ္စိပုရစသည့်ဌာနများနှင့် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီးတို့၌ အတူတကွ သီတင်းသုံးခဲ့ရသည့် အရှင်ဇောတိပါလမဟာထေရ်နှင့် ပိဋကတ် ၃-ပုံ ကမ်းတဖက်ရောက်တတ်မြောက်သော ဇီဝကအမည်ရှိသော ဥပါသကာတို့ တောင်းပန်သဖြင့် ရေးသားကြောင်း-

အာယာစိတော သုမတိနာ၊ ထေရေန ဘဒ္ဒန္တဇောတိပါလေန၊
ကဉ္စိပုရာဒီသု မယာ၊ ပုဗ္ဗေ သဒ္ဓိံ ဝသန္တေန။
ဝရတမ္ဗပဏ္ဏိဒီပေ၊ မဟာဝိဟာရမှိ ဝသနကာလေပိ၊
ဝါတံ ဂတေ ဝိယ ဒုမေ၊ ဝလဉ္ဇမာနမှိ သဒ္ဓမ္မေ။
ပါရံ ပိဋကတ္တယသာဂရဿ၊ ဂန္တွာ ဌိတေန သုမတိနာ။
ပရိသုဒ္ဓဇီဝေနာဘိယာစိတော ဇီဝကေနာပိ။

ဟူသောဂါထာများဖြင့် ဖော်ပြခဲ့သည်။ အင်္ဂုတ္တရ်အဋ္ဌကထာရေးရန်တောင်းပန်သော အရှင်ဇောတိပါလမှာ သာရတ္ထပ္ပကာသိနီမည်သော သံယုတ္တနိကာယအဋ္ဌကထာကို ရေးသားရန်တောင်းပန်သော အရှင်ဇောတိပါလမထေရ်ပင် ဖြစ်နိုင်စရာရှိပေသည်။

## မနောရထပူရဏီ အမည်ရကြောင်း

အရှင်ဗုဒ္ဓဃောသသည် နိကာယ်ကြီး ၄-ရပ်၏ပါဠိတော်အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကိုရေးရန်အလိုဆန္ဒပြင်းပြခဲ့သဖြင့် မလျော့သောဇွဲဖြင့် ရေးသားစီရင်ခဲ့ရာ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာပြီးဆုံးသောအခါ ရည်မှန်းချက်အားလုံး အဆုံးသတ်ကာ

အောင်လံစိုက်ဆောက်ပြီးမြောက်ခဲ့သဖြင့် အင်္ဂုတ္တရနိကာယဋ္ဌကထာကို မနောရထပူရဏီဟုမှည့်ခေါ်ခဲ့ကြောင်း–

သဗ္ဗာဂမသံဝဏ္ဏနမနောရထော ပူရိတော စ မေ ယသ္မာ၊
တောယ မနောရထပူရဏီတိ နာမံ တတော အဿာ။

ဟူသောဂါထာဖြင့်မိန့်ဟာခဲ့သည်။ ဤအင်္ဂုတ္တရနိကာယအဋ္ဌကထာသည် ဘာဏဝါရပေါင်း ၉၄–ဘာဏဝါရရှိလေသည်။ သီဟိုဠ်ကျွန်း၌ရိုက်နှိပ်ပြီးဖြစ်ရာ ရှိုင်ဆိုက်စာမျက်နှာ ၈၅၅–ရှိလေသည်။ ယိုးဒယား၊ အင်္ဂလန် စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်ဆဋ္ဌသံဂါယနာစာမူတော်စာမျက်နှာ ၁၁၇၀–ရှိလေသည်။

## ပတ္ထနာပြုချက်

ဤသို့ဖြင့် အရှင်မဟာဗုဒ္ဓဃောသသည် ကြီးမားလှစွာသော အလောင်းတော်တို့၏ဝီရိယဖြင့် ရေးသားစီရင်တော်မူခဲ့သော မနောရထပူရဏီအမည်ရှိသော အင်္ဂုတ္တရနိကာယ် အဋ္ဌကထာကြီးကို သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့သည် သဒ္ဓါတရားရှေ့သွားပြုပြီး ကြီးစွာသော လုံ့လဥဿာဟဖြင့် သင်ယူလေ့လာချပို့နိုင်၍ စာပေလာတိုင်း ကျင့်ကြံနိုင်ပါစေဟု ပတ္ထနာပြုပါသတည်း။

ဗုဒ္ဓဃောသေန သန္တေန၊ ထေရေန တိက္ခဉာဏိနာ။
ရစိတံ သုဋ္ဌု ပဿန္တု၊ ဝါစေန္တု သာသနေ ရတာ။

## အဋ္ဌသာလိနီအမည်ရှိသော ဓမ္မသင်္ဂဏီအဋ္ဌကထာ

အဋ္ဌသာလိနီအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ပဉ္စပကရဏအဋ္ဌကထာတို့ကိုလည်း (သောတတ္တကီကျမ်းပြု)ဘွဲ့တူ ဗုဒ္ဓဃောသထေရ်တောင်းပန်သောကြောင့် ရေးသားခဲ့ပါသည်။

ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။
ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သက္ကစ္စံ အဘိယာစိတော။[၁]

အဋ္ဌသာလိနီအဋ္ဌကထာကိုသီဟိုဠ်မရောက်မီက ရေးသားခဲ့ကြောင်း မဟာဝံသစကားကို ဖော်ပြပြီးဖြစ်သည်။ အမှန်မှာသီဟိုဠ်ရောက်ပြီး မဟာအဋ္ဌကထာကို

---

၁။ အဋ္ဌသာလိနီ၊ ဂန္ထာရမ္ဘ။ ၁။

လေ့လာတတ်မြောက်ပြီးမှ ရေးရုံမျှမကဝိသုဒ္ဓိမဂ်နှင့်နိကာယ် ၄–ရပ်အဋ္ဌကထာများကို ရေးသားပြီးမှ ရေးသားကြောင်းကို–

**အတ္ထံ ပကာသယိဿာမိ၊ အာဂမဋ္ဌကထာသုပိ။**

**ဂဟေတဗ္ဗံ ဂဟေတွာန၊ တောသယန္တော ဝိစက္ခဏေ။**

စသောဂါထာစကားတို့ဖြင့်ပင် သိသာသည်။ ၎င်းအဋ္ဌသာလိနီအဋ္ဌကထာ ၃၇–၌ သုမင်္ဂလာရသေ့၏ ဟိမဝန္တာဓမ္မိကတောင်ရှိ စကြံန်ကို ''စေတိယဂိရိမှိ ဒီပပ္ပသာဒက မဟာမဟိန္ဒတ္ထေရဿ စင်္ကမနံ ဝိယ'' သီဟိုဠ်ကျွန်း အနုရာဓမြို့ စေတိယတောင် (မဟိန္ဒလေ့တောင်)ရှိ အရှင်မဟိန္ဒ၏စကြံန်နှင့်တူကြောင်းဖွင့်ပြချက် အဋ္ဌသာလိနီ ၂၄၅– ''ဒန္တဋ္ဌိကဒဿာဝိနော ပန စေတိယပဗ္ဗတဝါသိနော မဟာတိဿတ္ထေရဿ ဝိယ''ဟူသောသီဟိုဠ်ကျွန်း စေတိယတောင်အဖြစ်အပျက် ၂၃၂–လာ သီဟိုဠ် စေတိယတောင်အမ္ဗတ္ထလခေါ် မဟိန္ဒစေတီတည်ရှိရာ ကုန်းအပြင် ကျောင်းတိုက် မဟာရောဟနဂုတ္တထေရ်ဝတ္ထု အမြွက် ၁၂၁–လာ ''ဒွါဒသန္နံ ဘိက္ခုသဟဿာနံ ဒါပေတွာ သာဒုရသံ ပရိဘုတ္တဿ ဒုဋ္ဌဂါမဏိအဘယရညော ဝတ္ထုံ အာဒိံကတွာ မဟာအဋ္ဌကထာယံ ဝတ္ထူနိ အာဂတာနိ'' စသောစကားရပ်တို့ကိုထောက်၍ အဋ္ဌသာလိနီအဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသထေရ် သီဟိုဠ်ကျွန်းရောက်၍ မဟာအဋ္ဌကထာလေ့လာပြီးမှရေးသားကြောင်း ယုံမှားမဲ့မှတ်ရသည်။ ရှင်ဗုဒ္ဓဃောသသည် အဋ္ဌသာလိနီ အဋ္ဌကထာ၌နိဒါန်းကို တော်တော်ခမ်းနားစွာ ရေးသားခဲ့သည်။ အဘိဓမ္မာဗျူပ္ပတ်မှစ၍ အဘိဓမ္မာပိဋကတ်၏ ဗုဒ္ဓဘာသိတဖြစ်ပုံကိုလည်း ကျနစွာ ဖော်ပြခဲ့သည်။

''ပရိဝါရံ အတ္ထုဒ္ဓါရံ၊ အဘိဓမ္မံ ဆပ္ပကရဏံ''

ဟူသော ဒီပဝံသအားလျော်စွာ ဝိတဏ္ဍာဝါဒီတို့ယူဆကြသော အဘိဓမ္မာ ၆–ကျမ်းဟူသောအယူကိုလည်း ပယ်ချိုးဖြုတ်ချခဲ့သည်။ သုမေဓကထာကိုလည်း ဗုဒ္ဓဝံသမှယူ၍ ကျယ်ဝန်းစွာရေးသားခဲ့သည်သာမက ၂၄–ဆူသောဘုရားရှင်တို့ထံ ဗျာဒိတ်ခံပုံကိုလည်း ပြည့်စုံစွာဖော်ပြခဲ့သည်။ အဋ္ဌသာလိနီအဋ္ဌကထာသည် ဘာဏဝါရပေါင်း ၃၉–ဘာဏဝါရရှိကြောင်း–

**ကေ့နစတ္တာလီသာယ၊ ပါဠိယာ ဘာဏဝါရတော။**

**စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ နိဋ္ဌာပေန္တေန တံ မယာ။**

ဟူသောဂါထာဖြင့်ပြဆိုလေသည်။ အဋ္ဌသာလိနီအဋ္ဌကထာကို နာဂရီအက္ခရာဖြင့် ပြန်ဆိုရေးသားခဲ့သော ပါမောက္ခဗာပတ်ကမူ အဋ္ဌသာလိနီကို အရှင်ဗုဒ္ဓဃောသ

မဟုတ်ဟုမှားယွင်းစွာဖော်ပြခဲ့သည်။ ၎င်းအဋ္ဌကထာသည် သီဟိုဠ်ရိုက် ၃၅၃- စာမျက်နှာရှိလေသည်။ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌ လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၅၄- ရှိလေသည်။

## တိုက်တွန်းချက်

အရှင်ဗုဒ္ဓဃောသသည် ဤအဘိဓမ္မာအဋ္ဌကထာသည် ကြုံတွေ့ရခဲသော ကထာဖြစ်သဖြင့် တည်ကြည်ငြိမ်သက်သောစိတ်ရှိကြသော သင်သူတော်ကောင်း တို့သည် ဖွင့်ဆိုလတ့်သော မိမိ(ဗုဒ္ဓဃောသ)ထံမှ နာယူကြကုန်ဟူ၍လည်း တိုက်တွန်းခဲ့သည်။

**ဣတိ မေ ဘာသမာနဿ၊ အဘိဓမ္မကထာ ဣမံ။**
**အဝိက္ခိတ္တာ နိသာမေထ၊ ဒုလ္လဘာ ဟိ အယံ ကထာ။**
(အဘိ၊ ဋ္ဌ၊ ၁၊ ၂။)

## သမ္မောဟဝိနောဒနီ အဋ္ဌကထာ

သမ္မောဟဝိနောဒနီမည်သောဝိဘင်းအဋ္ဌကထာကိုလည်း နာမည်တူသော တဋ္ဌကီကျမ်းပြု အရှင်ဗုဒ္ဓဃောသထေရ်ပင် တောင်းပန် သဖြင့်ရေးသားကြောင်း-

**အတ္ထပ္ပကာသနတ္ထံ၊ တဿာဟံ ယာစိတော ဌိတဂုဏေန။**
**ယတိနာ အဒန္ဓဂတိနာ၊ သုဗုဒ္ဓိနာ ဗုဒ္ဓဃောသေန။**

ဟူသော အဘိ၊ ဋ္ဌ၊ ၂။ ၅၀၇- နိဂုံးဂါထာဖြင့်သိသာသည်။ အရှင်ဗုဒ္ဓဃောသသည် မဟာအဋ္ဌကထာကို သီဟိုဠ်အဋ္ဌကထာ မူလအဋ္ဌကထာ ပေါရာဏအဋ္ဌကထာဟူ၍ သုံးလေ့ရှိရာ ဤ၌ ''ပေါရာဏဋ္ဌကထာယ'' ''ပေါရာဏဋ္ဌကထာနံ'' ဟူ၍ သုံးနှုန်း ရေးသားခဲ့သည်။ အရှင်ဗုဒ္ဓဃောသသည် သိမ်မွေ့သောအနက်သဘောတို့၌ တွေဝေ ခြင်းကို ပယ်ဖျောက်ရာ ပယ်ဖျောက်ကြောင်းဖြစ်သည့်အတွက် သမ္မောဟဝိနောဒနီ မည်ကြောင်း-

**ယံ အာရဘိံ ရစယိတုံ၊ အဋ္ဌကထံ သုနိပုဏေသု အတ္ထေသု။**
**သမ္မောဟဝိနောဒနတော၊ သမ္မောဟဝိနောဒနီ နာမ။**

ဟူသောဂါထာဖြင့် ရှင်းလင်းခဲ့သည်။ ၎င်းကျမ်းသည် ပါဠိဘာဏဝါရ ၄၀-ရှိကြောင်း ကိုယ်တိုင်ဖော်ပြထားသည်။ ၎င်းကျမ်းကိုလည်း သီဟိုဠ်၌ရိုက်နှိပ်ထားရာ စာမျက်နှာ

ရှိုက်ဆိုက် ၃၇၇-ရှိလေသည်။ ယိုးဒယား၊ အင်္ဂလန်စသည့်နိုင်ငံတို့၌လည်း ရိုက်နှိပ်ခဲ့ကြသည်။ မြန်မာပြည်၌လည်း အထပ်ထပ်ရိုက်နှိပ်ခဲ့ရာ နောက်ဆုံး ကမ္ဘာအေးရိုက် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅၀၈-ရှိလေသည်။

## အဘိဓမ္မာငါးကျမ်း ပဉ္စပကရဏအဋ္ဌကထာ

ဝိဘင်းကျမ်းကိုဖွင့်ဆိုရေးသားတော်မူပြီး ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းကျမ်းတို့၏အဖွင့် ပဉ္စပကရဏအဋ္ဌကထာကိုလည်း ရေးသားခဲ့သည်။ ဤကျမ်း၌ အဘိယာစကကိုမတွေ့ရပေ၊ ရှေ့ ၂-ကျမ်းကို တောင်းပန်သည့်နာမည်တူ ဗုဒ္ဓဃောသထေရ်ပင် ဖြစ်စရာရှိသည်။

## ဓာတုကထာအဋ္ဌကထာ

ဓာတုကထာအဋ္ဌကထာကို-

အဋ္ဌာရသဟိ ဘေဒေဟိ၊ ဝိဘင်္ဂံ မာရဘဉ္ဇနော။
ဒေသယိတွာ မဟာဝီရော၊ ယံ တဿေဝ အနန္တရံ။
အဒေသယိ ဓာတုကထံ၊ ဓာတုဘေဒပ္ပကာသနော။
တဿတ္တံ ဒီပယိဿာမိ၊ တံ သုဏာထ သမာဟိတာ။

ဟူသောဂါထာများဖြင့် အစပျိုး၍ဖွင့်ဆိုခဲ့သည်။ ဓာတုကထာအဋ္ဌကထာသည် ၂-ဘာဏဝါရမျှမျှရှိကြောင်း နိဂုံးဖြင့်သိရလေသည်။

## ပုဂ္ဂလပညတ္တိအဋ္ဌကထာ

ဓာတုကထာအဋ္ဌကထာရေးပြီး ပုဂ္ဂလပညတ္တိအဋ္ဌကထာကိုလည်း ရေးသားခဲ့သည်။ ဂန္ထာရမ္ဘမှာ-

နိပုဏတ္ထံ ပကရဏံ၊ ဓာတုဘေဒပ္ပကာသနော။
သတ္ထာ ဓာတုကထံ နာမ၊ ဒေသယိတွာ သုရာလယေ။
အနန္တရံ တဿ ဇိနော၊ ပညတ္တိ ဘေဒဒီပနံ။
အာဟ ပုဂ္ဂလပညတ္တိံ၊ ယံ လောကေ အဂ္ဂပုဂ္ဂလော။
တဿာ သံဝဏ္ဏနောကာသော၊ ယသ္မာ ဒါနိ ဥပါဂတော။
တသ္မာ နံ ဝဏ္ဏယိဿာမိ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ၃-ဂါထာဖြစ်လေသည်။ အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာရေး အဋ္ဌကထာနှင့်နိကာယ်အဋ္ဌကထာများကိုမှီရေးကြောင်း နိဂုံး၌ဖော်ပြခဲ့သည်။ ပုဂ္ဂလပညတ္တိအဋ္ဌကထာမှာ ဘာဏဝါရ ၇-ဘာဏဝါရလောက်ရှိကြောင်း နိဂုံးဖြင့်သိရလေသည်။

## ကထာဝတ္ထုအဋ္ဌကထာ

ကထာဝတ္ထုအဋ္ဌကထာကိုလည်း ဆက်လက်ရေးသားခဲ့သည်။ ဘုရားရှင်ထားခဲ့သော မာတိကာကို အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ဘီ၊စီ ၃-ရာစုက ကထာဝတ္ထုကျမ်းကြီးကိုချဲ့၍ ဟောခဲ့ကြောင်း။

ကထာဝတ္ထုပါဠိတော်သမိုင်းကိုလည်း-

မာတိကာဌပနေနေဝ၊ ဌပိတဿ သုရာလယေ။

တဿ မောဂ္ဂလိပုတ္တေန၊ ဝိဘတ္တဿ မဟီတလေ။

ဟူသောဂါထာဖြင့် ဂန္ဓာရမ္ဘ အဘိ၊ ဋ၊ ၃။ ၁၅၀-၌ ဖော်ပြချက်ကို တွေ့ရှိရပေသည်။ နိဒါနကထာ၌ ဇမ္ဗူဒိပ်၌ မဟာသံဃိကဂိုဏ်းကြီးကွဲသည့်မှစ၍ ဂိုဏ်း ၁၈-ဂိုဏ်းတို့၏ ကွဲပြားပုံကို ဒီပဝံသကျမ်းကိုမှီး၍ စီရင်ခဲ့သည်။

## မိစ္ဆာဝါဒ ၁၆-ချက်ကိုဖြုတ်ချချေဖျက်ရာကျမ်း

ကထာဝတ္ထုပါဠိတော်သည် အန္ဓက၊ အပရသေလိယ၊ ဥတ္တရပထက၊ ကဿပိက၊ ဂေါကုလိက၊ ပုဗ္ဗသေလိယ၊ ဘဒြယာနိက၊ မဟာသံဃိက၊ မဟိသာသက၊ ရာဇဂိရိက၊ ဝဇ္ဇီပုတ္တက၊ ဝေတုလ္လ၊ သဗ္ဗတ္ထိဝါဒီ၊ သမ္မိတိယ၊ သိဒ္ဓတ္ထိက၊ ဟေတုဝါဒဟူသော ဂိုဏ်း ၁၆-ဂိုဏ်းတို့၏ဝါဒကို ချေဖျက်ချေမှုန်းဖြုတ်ချရာဖြစ်သော ကျမ်းဖြစ်သည်။ အရှင်ဗုဒ္ဓဃောသသည် ဖော်ပြပါဂိုဏ်းတို့၏ဝါဒများကို ကျနစွာဖွင့်ပြခဲ့ရာ သမယ၊ သမယန္တရ၌ လွန်စွာကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ယုံမှားမဲ့မှတ်သားနိုင်သည်။ အဋ္ဌကထာသာမရှိပါလျှင် ကထာဝတ္ထုကျမ်း ယခုခေတ်တွင် နားလည်ဘို့ မလွယ်ကူပါချေ။ ကထာဝတ္ထုအဋ္ဌကထာသည်။ ဘာဏဝါရပေါင်း ၁၃-ဘာဏဝါရ မျှရှိကြောင်း-

ဣမံ တေရသမတ္တေဟိ၊ ဘာဏဝါရေဟိ တန္တိယာ။

စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ သဉ္စရောန္တေနေ ယံ မယာ။

နိဂုံး၌ ဖော်ပြခဲ့သည်။

## ယမကပ္ပကရဏအဋ္ဌကထာ

မူလယမိုက်စသော ယမိုက် ၁၀–ပါဠိတော်၏အဖွင့် ယမိုက်အဋ္ဌကထာကို ရေးသားတော်မူခဲ့သည်။ ဓာတုယမိုက်ဖွင့်သောအခါ ကျမ်းတတ်စကားများနှင့် အာယတနယမိုက် အဋ္ဌကထာကို ပြန်ညွှန်းချက်မျှသာ ဖော်ပြခဲ့သည်။ ဤယမိုက် အဋ္ဌကထာသည် ဘာဏဝါရ ၅–ဘာဏဝါရမျှသာရှိကြောင်း နိဂုံး၌ဖော်ပြခဲ့သည်။

## ပဋ္ဌာနပ္ပကရဏအဋ္ဌကထာ

ယမိုက်အဋ္ဌကထာအပြီး ပဋ္ဌာန်းအဋ္ဌကထာကိုလည်း–
ဒေဝါတိဒေဝေါ ဒေဝါနံ၊ ဒေဝဒါနဝပူဇိတော။
ဒေသယိတွာ ပကရဏံ၊ ယမကံ သုဒ္ဓသံယမော။
အတ္ထတော ဓမ္မတော စေဝ၊ ဂမ္ဘီရဿာထ တာဒိသ ယံ။
အနန္တရံ မဟာဝီရော၊ သတ္တမံ ဟ္လသိသတ္တမော။
ပဋ္ဌာနံ နာမ နာမေန၊ နာမရူပနိရောဓနော။
ဒေသေသိ အတိဂမ္ဘီရ–နယမဏ္ဍိတ ဒေသနံ။

စသည့် ပြောင်မြောက်လှစွာသောဂါထာတို့ဖြင့် အစပျိုးရေးသားခဲ့သည်။ အရှင်ဗုဒ္ဓဃောသသည် ဝိဘဇ္ဇဝါဒီမည်သောမြတ်စွာဘုရား၏တပည့် မဟာဝိဟာရဝါသီဆရာ အရှင်မြတ်တို့၏ဝါဒကိုမစွန့်ပဲ သီဟိုဠ်ကျွန်း၌လည်း တိုင်းရေးပြည်ရာတို့ဖြင့် လွန်စွာ ရှုတ်ပွေပြားသော်လည်း အန္တရာယ်မရှိပဲပြီးခဲ့ကြောင်းကို–

**အာစရိယာနံ ဝါဒံ၊ အဝိဟာယ ဝိဘဇ္ဇဝါဒိသိဿာနံ။**
**အတိဗဟုဝိဓန္တရာယေ၊ လောကမှိ အနန္တရာယေန။**

ဟူသောဂါထာဖြင့် မှတ်တမ်းတင်ခဲ့သည်။ ဤပဋ္ဌာန်းအဋ္ဌကထာ၌ ဘာဏဝါရ ၁၄–ဘာဏဝါရပမာဏရှိကြောင်းကိုလည်း ဖော်ပြခဲ့သေးသည်။ ဖော်ပြပါပဥ္စပကရဏအဋ္ဌကထာကိုသီဟိုဠ်ကျွန်း၌ရိုက်နှိပ်ခဲ့ရာ ဓာတုကထာအဋ္ဌကထာရှိုင်ဆိုက် ၁၆–မျက်နှာရှိသည်။ ပုဂ္ဂလပညတ်အဋ္ဌကထာ ၆၃၊ ကထာဝတ္ထုအဋ္ဌကထာ ၁၃၁၊ ယမကအဋ္ဌကထာ ၄၄၊ ပဋ္ဌာန်းအဋ္ဌကထာ ၁၃၆–မျက်နှာရှိလေသည်။ ယိုးဒယား၊ အင်္ဂလန်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌လည်း အကြိမ်များစွာ ရိုက်နှိပ်ခဲ့ရာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅–ကျမ်းပေါင်း ၄၄၉–မျက်နှာရှိလေသည်။

## အရှင်မဟာဗုဒ္ဓဃောသ ပဏာမပြုပုံ

ဝိနည်းပိဋကတ်အဋ္ဌကထာများ စီရင်သောအခါ "ယော ကပ္ပကောဋီဟိ အပ္ပမေယျံ" စသောဂါထာဖြင့် မြတ်စွာဘုရားအား ကရုဏာတော်ဖြင့်ချီးကျူး၍ ပဏာမပြုခဲ့သည်။ အဘိဓမ္မာပိဋကတ်၏အဖွင့်ကိုစီရင်သောအခါ "ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော" စသည့်ဂါထာဖြင့် ပညာဖြင့်ဘုရားရှင်ကို ထောမနာပြုခဲ့သည်။ သုတ္တန်ပိဋကတ်ကိုဖွင့်သောအခါ "ကရုဏာသီတလဟဒယံ ပညာပဇ္ဇောတ ဝိဂတမောဟတမံ" စသည်ဖြင့်နိကာယ် ၄-ရပ်စလုံး၌ ကရုဏာ၊ ပညာ ၂-ပါးရော၍ ဘုရားမြတ်စွာအား ချီးဖွဲ့၍ပဏာမပြုခဲ့သည်။ ဒေသနာအလိုက် ကိုက်ညီလှပေသည်။

## ကင်္ခါဝိတရဏီအဋ္ဌကထာ

သမန္တပါသာဒိကာမည်သော အဋ္ဌကထာကြီးကိုချုံး၍ ပါတိမောက္ခသိက္ခာပုဒ် ဥပဒေတော်များ၏အဖွင့်ဖြစ်သော ကင်္ခါဝိတရဏီအဋ္ဌကထာကိုလည်း ကုသိုလ် ကောင်းမှု၌မွေ့လျော်နှိမ့်ချသော စိတ်နှင့်ပြည့်စုံစင်ကြယ်ခေါင်းပါးသော အကျင့်တို့နှင့် ကုံလုံပြည့်ဝဝိနယာစာရယုတ္တဂုဏ်ပေါင်းခသည့် အရှင်သောဏထေရ်တောင်းပန် သဖြင့် ရေးသားရကြောင်း-

> သုရတေန နိဝါတေန၊ သုစိသလ္လေခဝုတ္တိနာ။
> ဝိနယာစာရယုတ္တေန၊ သောဏတ္ထေရေန ယာစိတော။

ဟူသောဂါထာဖြင့် ဂန္ထရမ္ဘကထာ၌ ဖော်ပြခဲ့သည်။ အရှင်ဗုဒ္ဓဃောသသည် ဝိနည်း ပိဋကတ်၌ ယုံမှားသံသယရှိသောရဟန်းတော်တို့ ယုံမှားမှုမှကျော်လွှားလွန်မြောက် ရန်အတွက် ပြည့်စုံကုံလုံလောက်သော အဆုံးအဖြတ်လည်းရှိ မဟာဝိဟာရဝါသီ ဂိုဏ်းဝင်ထေရ်တို့၏ ပို့ချစဉ်အတိုင်း ရေးမည်ဖြစ်ကြောင်း ဝန်ခံထားသည့်အတိုင်း ပြည့်စုံစွာ ရေးသားခဲ့သည်။ ထို့ကြောင့်ပင် ဝိနည်းဓိုရ်ပုဂ္ဂိုလ်များ ဝိနယဂရုက ရဟန်းတော်များ ကင်္ခါဝိတရဏီကျမ်းကို လက်မလွှတ်နိုင် ဖြစ်ကြရသည်။

## အစီအစဉ်ကောင်းမွန်ပုံ

ကင်္ခါဝိတရဏီ၌ ဖွင့်ပုံအစီအစဉ်လည်း ကောင်းမွန်လှသည်။ သိက္ခာပုဒ်အားလုံး သာဓာရဏဝိနိစ္ဆယအတွက်–

နိဒါနံ ပုဂ္ဂလံ ဝတ္ထုံ၊ ပညတ္တိဝိဓိမေဝ စ။
အာဏတ္တာပတ္တိ၊ နာပတ္တိ–ဝိပတ္တိံ အင်္ဂမေဝ စ။
သမုဋ္ဌာနဝိဓိံ ကိရိယာ–သညာစိတ္တေဟိ နာနတ္တံ။
ဝဇ္ဇကမ္မပဘေဒဥ္စ၊ တိကဒွယဝိဓိံ တထာ။
လက္ခဏံ သတ္တရသဓာ၊ ဌိတံ သာဓာရဏံ ဣဒံ။
ဉတွာ ယောဇေယျ မေဓာဝီ၊ တတ္ထ တတ္ထ ယထာရဟံ။

ဟူသော ၁ဂါထာအားလျော်စွာ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထု၊ ပညတ္တိဝိဓိစသည့်မာတိကာ ၁၇–ချက်တိုင်း ဖွင့်ပြထားသည်မှာ အစီအစဉ်ကောင်းမွန်လှပေသည်။

## အိန္ဒိယယဉ်ကျေးမှု ကျွမ်းကျင်ကြောင်းသာဓက

ကင်္ခါဝိတရဏီ ၂၇၆–ပရိမဏ္ဍလသိက္ခာပုဒ် ပရိမဏ္ဍလအဖွင့် ဟတ္ထိသောဏ္ဍကဝတ်နည်းကိုပြရာ၌ ''ဟတ္ထိသောဏ္ဍကံ နာမ နာဘိမူလတော ဟတ္ထိသောဏ္ဍသဏ္ဌာနံ ဩလမ္ဗကံ ကတွာ နိဝတ္ထံ စောဠိကဣတ္ထီနံ နိဝါသနံ ဝိယ။ ဟတ္ထသောဏ္ဍကဝတ်နည်းဟူသည် ချက်ရင်းမှဆင်လက်မောင်းသဏ္ဌာန်တွဲလွဲချပြီး အိန္ဒိယတောင်ပိုင်း စောဠတိုင်း မိန်းမတို့ဝတ်နည်းကဲ့သို့ဖြစ်သည်ဟု ဖွင့်ပြသည်မှာ အိန္ဒိယတောင်ပိုင်းရှိယဉ်ကျေးမှုကို ကျွမ်းကျင်ကြောင်း မှန်းဆသိရသော သာဓက ဖြစ်လေသည်။

## ကျမ်းစာပမာဏ

ကင်္ခါဝိတရဏီအဋ္ဌကထာသည် ဘာဏဝါရ ၂၂–ဘာဏဝါရပမာဏရှိကြောင်း ကျမ်းဆရာကိုယ်တိုင်ဖော်ပြခဲ့သည်။ ၎င်းကျမ်းကို သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌လည်း ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၂၀၈–ရှိလေသည်။ ယိုးဒယား၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌နောက်ဆုံးရိုက် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၃၅၇–မျက်နှာ ရှိလေသည်။

## ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌအဋ္ဌကထာ

ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌအဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသထေရ် ရေးသားသောအဋ္ဌကထာဟုအများစုယုံကြည်ကြသည်။ ကျမ်းနိဂုံး၌ တဦးဦးထည့်ထားသည်ဟုယူဆရသော ''ဗုဒ္ဓဃောသောတိ ဂရုဟိ ဂဟိတနာမဓေယျေန ထေရေန ကတာ အယံ ပရမတ္ထဇောတိကာ နာမ ခုဒ္ဒကပါဌဝဏ္ဏနာ'' ဟူသောစကားကြောင့် အရှင်ဗုဒ္ဓဃောသရေးသောကျမ်းမဟုတ်ဟုဆုံးဖြတ်ရန်အခက်အခဲတွေ့နေကြရသည်။

ဥတ္တမံ ဝန္ဒနေယျာနံ၊ ဝန္ဒိတွာ ရတနတ္တယံ။
ခုဒ္ဒကာနံ ကရိဿာမိ၊ ကေသဉ္စိ အတ္ထဝဏ္ဏနံ။

ဟု ပဏာမပြုချက်လည်း အရှင်ဗုဒ္ဓဃောသလက်ရာနှင့်မတူပါချေ။ ၎င်းပြင်–

ခုဒ္ဒကာနံ ဂမ္ဘီရတ္တာ၊ ကိဉ္စာပိ အတိဒုက္ကရာ။
ဝဏ္ဏနာမာဒိသေနေသာ၊ အဗောဓန္တေန သာသနံ။

ဟူသောစကားဖြင့် အခက်တွေ့ဟန်ကို ဖော်ပြထားသည်မှာလည်း အရှင်ဗုဒ္ဓဃောသနှင့်မလိုက်ပါချေ။ ဝိသုဒ္ဓိမဂ်နှင့်နိကာယ်ကြီး ၄–ရပ်အဋ္ဌကထာသမန္တပါသာဒိကာ အဋ္ဌကထာ၊ အဘိဓမ္မာအဋ္ဌကထာကြီးများကို ရေးသားခဲ့သောဆရာမြတ်တစ်ယောက်အနေနှင့် သရဏဂုံ၊ သိက္ခာ၊ ဒွတ္တိံသာကာရ၊ ကုမာရပဉှာ၊ မင်္ဂလသုတ်၊ ရတနသုတ်၊ တိရောကုဋ္ဋသုတ်၊ နိဓိကဏ္ဍသုတ်၊ မေတ္တသုတ်–ဟူသော သုတ် ၉–သုတ်ကိုဖွင့်ရန်အခက်ကြုံနေသည်ဆိုချက်မှာ မဆီလျော်သကဲ့သို့ရှိပါသည်။ ဝိသုဒ္ဓိမဂ် ၌ဖွင့်ပြီး ဒွတ္တိံသာကာရကိုဤ၌ဖွင့်ပြခြင်းမှာလည်း စဉ်းစားစရာတရပ်ဖြစ်လေသည်။ သီဟိုဠ်ကျွန်း ဝိဇ္ဇောဒယတက္ကသိုလ်ပါမောက္ခအာနန္ဒာမေတ္တေယျက ပရိတ္တအဋ္ဌ ကထာ–ဟူသည် ခုဒ္ဒကပါဌဟု ယူဆကြောင်းကို အဋ္ဌုပ္ပတ်ရှေ့ပိုင်းက ဖော်ပြခဲ့ပြီးလေပြီ။ ခုဒ္ဒကပါဌကျမ်းကို သီဟိုဠ်ကျွန်း၌လည်း ပုံနှိပ်ထားရာ ဒီမိုင်းဆိုက် ၂၅၂–မျက်နှာရှိပြီး မြန်မာပြည်ဆဋ္ဌစာတော်မူ ၂၁၂–ရှိလေသည်။ ယိုးဒယား၊ အင်္ဂလန်တို့၌ ရိုက်နှိပ်ခဲ့ကြောင်းသိရသည်။

### ဓမ္မပဒအဋ္ဌကထာ

ဓမ္မပဒအဋ္ဌကထာသည် ဓမ္မကထိကပုဂ္ဂိုလ်များမြတ်နိုးသည့်ကျမ်းစာဖြစ်လေသည်။ ၎င်းအဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသပြုစီရင်သောကျမ်းအဖြစ် အချို့ပညာရှင်တို့ သံသယဖြစ်ကြသည်။ သို့သော် ဂန္ဓာရမ္ဘလာ–

**တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။**
**သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္ဇလိံ။**

ဟူသောပဏာမဂါထာမှာ အဋ္ဌသာလိနီဂန္ထာရမ္ဘပဏာမဂါထာနှင့်တထပ်တည်းတူနေသည်မှာ အရှင်ဗုဒ္ဓဃောသထေရ်ဖြစ်နိုင်စရာရှိကြောင်း အထောက်တစ်ခုဖြစ်သည်။ အရှင်ဗုဒ္ဓဃောသသည် ဖော်ပြပါဓမ္မပဒအဋ္ဌကထာကို အရှင်ကုမာရကဿပထေရ်တောင်းပန်သဖြင့် ရေးသားကြောင်း–

**ဏ္ဍတိအာသိသမာနေန၊ ဒန္တေန သမစာရိနာ။**
**ကုမာရကဿပေနာဟံ၊ ထေရေန ထိရစေတသာ။**

ဟူသောဂါထာဖြင့်မှတ်တမ်းတင်ခဲ့သည်။ သီဟိုဠ်ကျွန်း၌ဆရာစဉ်ဆက်မှတ်သားဆောင်ရွက်လေ့ကျက်ချပို့သုံးစွဲဟောကြားခဲ့ရာ သီဟိုဠ်ဘာသာဖြင့်တည်ရှိခဲ့သည်ကို အလွန်အမင်းကျယ်လွန်းသည်များကိုစွန့်ပယ်ချုံးချဉ်း၍ ရေးသားခြင်းဖြစ်သည်။

**ဝိဟာရေ အဓိရာဇေန၊ ကာရိတမှိ ကတညုနာ။**
**ပါသာဒေ သိရိကူဋဿ၊ ရညော ဝိဟရတာ မယာ။**

ဟူသောနိဂုံးဂါထာဖြင့် အရှင်ဗုဒ္ဓဃောသသည် သိရိကူဋမင်း၏ပြာသာဒ်၌နေစဉ်ရေးသားသည်ဟုသိသာသည်။ ဒေါက်တာမာလလာဆေကရကသိရိကူဋမင်းဟူသည် မဟာနာမမင်း၏အခြားအမည်ဖြစ်နိုင်သည်ဟုပြဆိုချက်ကို Dictionary of Pali Proper Name ၌တွေ့ရသည်။ သီဟိုဠ်ပါဠိသမိုင်းကျမ်းပြု အဂ္ဂမဟာပဏ္ဍိတဒေါက်တာဗုဒ္ဓဒတ္တကမူ သိရိကူဋဟူသောမင်း သီဟိုဠ်၌မရှိ အိန္ဒိယနိုင်ငံ စောဠတိုင်းနေစဉ် ရေးသားသောကျမ်းဖြစ်သင့်သည်ဟု ဖော်ပြသည်။ ဓမ္မပဒအဋ္ဌကထာကိုရှေးကပင် သီဟိုဠ်၌ရိုက်နှိပ်ခဲ့သည်။ ရှိုင်ဆိုက်စာမျက်နှာ ၆ရာ–ရှိလေသည်။ ယိုးဒယား၊ အင်္ဂလန် စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌လည်း အထပ်ထပ်ရိုက်နှိပ်ခဲ့သည်။ နောက်ဆုံးရိုက်ဆဋ္ဌသံဂါယနာ စာတော်မူမှာ ပ,ဒု ၂–အုပ်ပေါင်း ၉၀၃–မျက်နှာ ရှိလေသည်။

## ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတအဋ္ဌကထာ

ပရမတ္ထဇောတိကာအမည်ရှိသော သုတ္တနိပါတအဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသ ရေးသားခဲ့သည်ဟု ပညာရှင်အများစု လက်ခံခဲ့ကြပြီးဖြစ်သည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်နိကာယ်ကြီး ၄–ရပ်အဋ္ဌကထာ၊ ဝိနည်း၊ အဘိဓမ္မာအဋ္ဌကထာများကို ကျနစွာဖတ်ပြီး ပညာရှင်တို့ သုတ္တနိပါတ်အဋ္ဌကထာကို အရှင်ဗုဒ္ဓ

ဃောသထေရ်၏လက်ရာဟုတ်လောက်မဟုတ်လောက် ခန့်မှန်းသင့်ကြပေသည်။ ကျမ်းဦး အစ ဂန္ထာရမ္ဘ၌-

ဥတ္တမံ ဝန္ဒနေယျာနံ၊ ဝန္ဒိတွာ ရတနတ္တယံ။

ယော ခုဒ္ဒကနိကာယမှိ၊ ခုဒ္ဒစာရပ္ပဟာယိနာ။

စသည်ဖြစ်သည်။ ၎င်းသုတ္တနိပါတ်အဋ္ဌကထာ၏ ဂန္ထာရမ္ဘအစဂါထာသည် ခုဒ္ဒကပါဌအဋ္ဌကထာဂန္ထာရမ္ဘနှင့် ၂-ပါဒ လုံးဝတူသည် ခုဒ္ဒကပါဌအဋ္ဌကထာသည် အစဂါထာကား-

ဥတ္တမံ ဝန္ဒနေယျာနံ၊ ဝန္ဒိတွာ ရတနတ္တယံ။

ခုဒ္ဒကာနံ ကရိဿာမိ၊ ကေသဉ္စိ အတ္ထဝဏ္ဏနံ။

ဖြစ်သည်။

သုတ္တ ဟူသောပုဒ်၏ဖျပွတ်ကိုဖွင့်ပြရာ၌-

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။

သုတ္တာဏာ သုတ္တသဘာ-ဂတော စ သုတ္တန္တိ အက္ခာတန္တိ။

ဟု ဒီ၊ဋ္ဌ၊၁၊၁၈။ ဝိ၊ဋ္ဌ၊၁။၁၅။ အဘိ၊ဋ္ဌ၊၁။၂၀-တို့၌လာရှိခဲ့ရာ သုတ္တနိပါတအဋ္ဌကထာ၌-

သုဝုတ္တတော သဝနတော၊ အတ္ထာနံ သုဋ္ဌု တာဏတော။

သူစနာ သူဒနာ စေဝ၊ ယသ္မာ သုတ္တံ ပဝုစ္စတိ။

သုတ္တနိ၊ ဋ္ဌ၊ ၁။ ဂန္ထာရမ္ဘ၌ လာရှိသည်။

သုတ္တနိပါတ်အဋ္ဌကထာကို သီဟိုဠ်စသည့်နိုင်ငံများ၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ နောက်ဆုံးရိုက်ဆဋ္ဌသံဂါယနာ စာတော်မူ ပဌမအုပ် ၃၁၄၊ ဒုတိယအုပ် ၃၂၄၊ ၂-အုပ်ပေါင်း ၆၃၈-မျက်နှာရှိလေသည်။ ဘာဏဝါရအားဖြင့် ၄၄-ဘာဏဝါရပမာဏရှိကြောင်း နိဂုံး၌ဖော်ပြခဲ့သည်။

## ဇာတကဋ္ဌကထာ

ဇာတ်အဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသထေရ်ပင် ပြုစီရင်သည်ဟု ဆရာတို့ဆိုကြသည်။ သို့သော် လုံလောက်သောအကြောင်းကိုမတွေ့ရပေ။ သီဟိုဠ်ပါဠိသမိုင်း၌ မဟာဝိဟာရဝါသီထေရ်မြတ် အဆက်ဆက်တို့ ရေးသားစီရင်ကြောင်း ဖော်ပြချက်ကို တွေ့ရသည်။ အရှင်ဗုဒ္ဓဃောသဟု ယူဆရသော ဇာတကဋ္ဌကထာ

ကျမ်းပြုဆရာတော်သည် အရှင်အတ္ထဒဿီထေရ်နှင့် အရှင်ဗုဒ္ဓမိတ္တထေရ်၊ မဟာသာသကဂိုဏ်းသားဖြစ်သော အရှင်ဗုဒ္ဓဒေဝထေရ်တို့တောင်းပန်၍ ရေးသားကြောင်း–

ဗုဒ္ဓဝံသဿ တေဿ၊ ကတ္တဗ္ဗေန စိရဋ္ဌိတိံ။
ယာစိတော အဘိဂန္တွာန၊ ထေရေန အတ္ထဒဿိနာ။
အသံသဋ္ဌဝိဟာရေန၊ သဒါ သုဒ္ဓဝိဟာရိနာ။
တထေဝ ဗုဒ္ဓမိတ္တေန၊ သန္တစိတ္တေန ဝိညုနာ။
မဟိံသာသကဝံသမှိ၊ သမ္ဘူတေန နယညုနာ။
ဗုဒ္ဓဒေဝေန စ တထာ၊ ဘိက္ခုနာ သုတဗုဒ္ဓိနာ။

ဟူသော ဂန္ထာရမ္ဘဂါထာများဖြင့်သိသာသည်။ ဖော်ပြပါ ဇာတ်အဋ္ဌကထာကို သီဟိုဠ်၌ ရိုက်နှိပ်ခဲ့ရာ စာမျက်နှာရှိုင်ဆိုက် ၂၄၄၃–ရှိလေသည်။ အင်္ဂလန်၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌လည်း ရိုက်နှိပ်ခဲ့သည်။ ဆဋ္ဌသံဂါယနာစာတော်မူ ၇–တွဲရှိသည်။ ၇–တွဲလုံး စာမျက်နှာ ၃၂၃၉–မျက်နှာရှိရာ လွန်စွာကြီးကျယ်လှသော အဖြစ်တော်စဉ် အဋ္ဌကထာကြီးလည်းဖြစ်သည်။ သီဟိုဠ်ရိုက် ဇာတ်အဋ္ဌကထာများနှင့် မြန်မာပြည်ရိုက်ဇာတ်အဋ္ဌကထာတို့၌ နိဂုံးဂါထာကိုမတွေ့ရသော်လည်း အင်္ဂလန်ရိုက် ဇာတ်အဋ္ဌကထာအဆုံးနိဂုံး၌ ဂါထာများစွာပါလျှက်ရှိသည်။ ၎င်းဂါထာများကို စာပေသမိုင်းလေ့လာသူတို့ အရေးကြီးလှသဖြင့် ဤ၌ထုတ်ပြအပ်သည်။

၁။ ဇာတိဒုက္ခာတိဝတ္တဿ၊ သုဇာတဿ မဟေသိနော။
ဇာတိယော ဒီပယန္တဿ၊ ဇာတကတ္ထဿ ဝဏ္ဏနာ။
၂။ အာရဒ္ဓါ ယာ မယာ လောကေ၊ ဓမ္မာ လောကဿ ဘူရိနော။
ပညာစက္ခုပကာရဿ၊ ကတ္တဗ္ဗေန စိရဋ္ဌိတိံ။
၃။ သာ သော ဝီသတိသတ–ဘာဏဝါရာယ တန္တိယာ။
ဝိဟာရေသု ဝိဟာရီနံ၊ ဘိက္ခူနံ ရတိဝဍ္ဎနံ။
၄။ ကြမိနာ ပုညကမ္မေန၊ ကြတောဟံ ဒုတိယေ ဘဝေ။
ဥပ္ပဇ္ဇိတွာ သုရာဝါသေ၊ သုန္ဒရေ တုသိတေ ပုရေ။
၅။ မေတ္တေယျ လောကနာထဿ၊ သုဏန္တော ဓမ္မဒေသနံ။
တေန သဒ္ဓိံ စိရံ ကာလံ၊ ဝိန္ဒန္တော မဟတိံ သိရိံ။
၆။ ဗုဒ္ဓေ ဇာတေ မဟာသတ္တော၊ ရမ္မေ ကေတုမတီပုရေ။
ဝိပ္ပဝံသေ ဇနိတွာန၊ တိဟေတုပဋိသန္ဓိကော။

၇။ စီဝရံ ပိဏ္ဍပါတဉ္စ၊ အနဂ္ဃံ ဝိပုလံ ဝရံ။
သေနာသနံ စ ဘေသဇ္ဇံ၊ ဒတွာ တဿ မဟေသိနော။
၈။ သာသနေ ပဗ္ဗဇိတွာန၊ ဓောတေန္တော တမနုတ္တရံ။
ဣဒ္ဓိမာ သတိမာ သမ္မာ၊ ဓာရေန္တော ပိဋကတ္တယံ။
၉။ ဗျာကတော တေန ဗုဒ္ဓေါယံ၊ ဟေဿတီတိ အနာဂတေ။
ဥပ္ပန္နုပ္ပန္နဗုဒ္ဓါနံ၊ ဒါနံ ဒတွာန တေဟိပိ။
၁၀။ သံသာရေ သံသရန္တော စ၊ ကပ္ပရုက္ခောဝ ပါဏိနံ။
ဣစ္ဆိတိစ္ဆိတမန္နာဒိံ၊ ဒဒံ စိတ္တသမာဟိတော။
၁၁။ သီလနေက္ခမ္မပညာဒိ၊ ပူရေတွာ သဗ္ဗပါရမီ။
ပါရမီသိခရံ ပတွာ၊ ဗုဒ္ဓေါ ဟုတွာ အနုတ္တရော။
၁၂။ ဒေသေတွာ မဓုရံ ဓမ္မံ၊ ဖဿုန္နံ သိဝမာဝဟံ။
သဗ္ဗံ သဒေဝကံ လောကံ၊ ပြဟာ သံသာရဗန္ဓနာ။
မောစယိတွာ ဝရံ ခေမံ၊ ပါပုဏေယျံ သိဝံ ပဒံ။
၁၃။ ပုညေနာနေန ပပ္ပေါမိ၊ နိဗ္ဗုတိံ ယာဝ တာဝ'ဟံ။
ဥပ္ပဇ္ဇေယျံ ကုလေ သုဒ္ဓေ၊ သဒ္ဓေ အဍ္ဎေ မဟဒ္ဓနေ။
၁၄။ အသေသဒေသဘာသာသု၊ ကလာသု သကလာသု စ။
ကုသလော လောကပဏ္ဍိစ္စေ စဏ္ဍာနိမ္မဒ္ဒနေသု စ။
၁၅။ ပိဋကေသု စ ဝေဒေသု၊ နေကဗျာကရဏေသု စ။
တက္ကာဒီသု ပနညေသု၊ သတ္ထေသု စ ဝိသာရဒေါ။
၁၆။ ကဝိ စာဂမကောဝိဒေါ၊ ပရဝါဒပ္ပမဒ္ဒနော။
ကေဿုတိဓရော နေက–သဟဿာနမ္ပိ ဂန္ထတော။
၁၇။ ဂန္ထသတသဟဿမ္ပိ၊ သုတမတ္တေန ဓာရယေ။
အတ္ထဗျဉ္ဇနတော စာပိ၊ သဟဿနယတောပိ စ။
၁၈။ ဝသာ သီဟဿ ပက္ခိတ္တံ၊ ယထာ ကဉ္စန ပါတိယာ။
သီလာလေခေဝ မေ နိစ္စံ၊ သဗ္ဗံ သုတံ န နာသယေ။
၁၉။ မဟိဒ္ဓိကာ မဟာတေဇော၊ ကတညူ ကုသလော ဗလီ။
ဓိတိမာ ဇာတိသမ္ပန္နော၊ ဘဝေယျံ ဇာတိဇာတိယံ။
၂၀။ ပရောပိ မံ န ဟိံသေယျ၊ န ဟိံ သေယျံ ပရမ္ပိ ဝါ။
အဒဏ္ဍေန အသတ္ထေန၊ ဒမေယျံ မဓုရံ ဂိရံ။

၂၁။ ကုဒိဋ္ဌိပါပမိတ္တံ စ၊ န သေဝေယျံ ကုဒါစနံ။
ဟိတစိတ္တေန သတ္တာနံ၊ ဘဏေယျံ မဓုရံ ဂိရံ။
၂၂။ နိပုဏံ ဒုဒ္ဒသံ ပဉှံ၊ ယေန ကေနစိ ပုဋ္ဌတော။
မုဟုတ္တေန ပကာသေယျံ၊ တောသေန္တော သကလံ ပဇံ။
၂၃။ အတေကိစ္ဆာပိ ယေ ရောဂါ၊ တေ မယာ ပေက္ခိတက္ခဏေ။
နိဿေသာ ဗျပဂစ္ဆန္တု၊ ဥဒဗိန္ဒုဝ ပေါက္ခရေ။
၂၄။ ဒသိကသုတ္တမတ္တမ္ပိ၊ ယံကိဉ္စိ မမ သန္တကံ။
ရာဇစောရပ္ပိယာ သတ္တာ၊ အဂ္ဂိနာ ဥဒကေန ဝါ။
၂၅။ န ဝိနဿန္တု မေ ဘောဂါ၊ မာ ဂယှ ဒုယှ ဝုယှန္တု။
ရောဂဗျဓေန္တရာယာ တု၊ န ပပေါန္တု ကဒါစိ မံ။
၂၆။ ဒေဝါမနုဿာ အသုရာ၊ ဂန္ဓဗ္ဗာ ယက္ခရက္ခသာ။
တေပိ မံ အနုရက္ခန္တု၊ ဘဝေ သံသရတော မမ။
၂၇။ အဒိန္နံ ပရဒါရံ စ၊ သုရာပါနံ ဝိဟိံသနံ။
အသစ္စံ သုပိနေနာပိ၊ န ဘဏေယျံ ကုဒါစနံ။
၂၈။ ပဉ္စာနန္တရိယံ ကမ္မံ၊ ပဉ္စ ဒုစ္စရိတမ္ပိ စ။
မနသာပိ န စိန္တေယျံ၊ သဗ္ဗကာလံ ကုတော ပရံ။
၂၉။ န ကရေယျံ န ကာရေယျံ၊ န စိန္တေယျံ ကုဒါစနံ။
ပါပကံ အနုမတ္တမ္ပိ၊ တထာ ဒုက္ခံ စ ပါဏိနံ။
၃၀။ နိရယေ စ တိရစ္ဆာနေ၊ ပေတေ အသုရယောနိယံ။
ယံ စ ဒုက္ခံ စ တံ သဗ္ဗံ၊ န ဖုသေယျ ကုဒါစနံ။
၃၁။ ယာနိ သိပ္ပါနိ လောကသ္မိံ၊ အဏုံ ထူလာနိ ဝိဇ္ဇရေ။
တာနိ သဗ္ဗာနိ သိပ္ပါနိ၊ သယံ သိဒ္ဓါ ဘဝန္တု မေ။
၃၂။ ပူရေတွာ ဗောဓိသမ္ဘာရေ၊ ဗုဒ္ဓေါ ဟေဿံ အနာဂတေ။
ဒေသေတွာ ဇန္တူနံ ဓမ္မံ၊ ပူရယိဿံ သိဝံ ပဒံ။
၃၃။ ပဋိသန္ဓိမာနုသီဘောဂါ၊ ဝါသနာ ပိဋကတ္တယေ။
ဒါနသီလမယာ ပညာ၊ မမ ဟောတု ဘဝါဘဝေ။
၃၄။ အနေန မေ သဗ္ဗဘဝါဘဝေသု၊ ဇာတိဿရော သဗ္ဗဂုဏူပပန္နော။
ဓနေန ပုညေန ကုလေန စာထော၊ ဗုဒ္ဓေါ ဘဝိဿာမိ အနာဂတေသု။

၃၅။ သဒ္ဒါသီလာဒိပညာသိရိဓိတိသတိမာစာဂမေတ္တာဒယာလု၊
သန္တော ဒန္တော သုစိတ္တော သကလဝိဂမကော ဒဿနေယျာဘိရူပေါ။
တေဇဿိဒ္ဓိ စ ဇာတိဿရမတိသုဝစောသုဿရောနန္တဘောဂေါ၊
သဒ္ဓမ္မောဃေဝ တာဏော ဘဝတု ဘဝိဘဝေ ပါပုဏော ယာဝ ဗောဓိ။

ဖော်ပြပါ အင်္ဂလိပ်မှု ဇာတ်အဋ္ဌကထာနိဂုံးလင်္ကာတာများကို သီဟိုဠ်ပါဠိသမိုင်းမှ ဖော်ပြထားရာ စဉ်းစားနိုင်းချိန်၍ သဘောယူသင့်ပေသည်။

## ချီးကျူးစရာ ကရုဏာ

ဤသို့ဖြင့် ခုဒ္ဒကပါဌ ဓမ္မပဒ သုတ္တနိပါတ် ဇာတ်အဋ္ဌကထာတို့ကို ထည့်သွင်း ၍ ဆဋ္ဌသံဂါယနာစာတော်မူစာအုပ်ပေါင်း ၃၅–အုပ်၊ စာမျက်နှာပေါင်း ၁၃၀၀၀–ကျော်ပမာဏရှိသော အဋ္ဌကထာကျမ်းများကို ရေးသားခဲ့သော အရှင်ဗုဒ္ဓ ဃောသ ၏ဝီရိယနှင့်ကရုဏာတော်ကို ချီးကျူးသြဘာထောမနာပြုဖွယ် ကောင်းလှ ပါတော့သည်။

## အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များ

ဝိသုဒ္ဓိ။ ဒီ၊ဋ္ဌ။ မ၊ဋ္ဌ။ သံ၊ဋ္ဌ။ အံ၊ဋ္ဌ။ ဝိ၊ဋ္ဌ။ ကင်္ခါ၊ဋ္ဌ။ အဘိ၊ဋ္ဌ။ ခုဒ္ဒကပါ၊ ဋ္ဌ။ ဓမ္မ၊ဋ္ဌ။ သုတ္တနိ၊ဋ္ဌ–တို့၏နိဂုံး၌တွေ့ရသော ပရမဝိသုဒ္ဓသဒ္ဓါ ဗုဒ္ဓိဝီရိယပ္ပဋိ မဏ္ဍိတေန– စသောစကားရပ်သည် အရှင်မဟာဗုဒ္ဓဃောသကို ကြည်ညိုသော ရဟန်းတော်တပါးပါး သို့မဟုတ် တပည့်တစ်ပါးပါးရေးထည့်ခဲ့သော စကားဟု ပညာရှင်အများတို့ယူဆကြသည့်အတိုင်း စာရေးသူတို့လည်း ယူဆကြ ပေသည်။ ထိုစကားရပ်များမှာ အရှင်မဟာဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များဖြစ်ရာ လွန်စွာ ပြောင်မြောက် ကောင်းမွန်မြင့်မားလှပေသည်။ ထိုဂုဏ်ပုဒ်များကို ဆိုင်ရာ အဋ္ဌကထာနိဂုံးတို့မှကြည့်ရှု၍ အရှင်ဗုဒ္ဓဃောသမထေရ်မြတ်အား ကြည်ညိုနိုင် ကြပါစေသတည်း။

## ပဒ္မစူဠာမဏိကျမ်းနှင့် အရှင်ဗုဒ္ဓဃောသ

အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းပေါင်း မြားမြောက်စွာကိုသာ ပြုစီရင်ခဲ့သည်မဟုတ်သေး။ ပဒ္မစူဠာမဏိ(ပဒျစူဠာမဏိ)အမည်ရှိသော သက္ကတဘာ

သာဖြင့် သိဒ္ဓတ္ထဖြစ်စဉ်ကဗျာကျမ်းကိုလည်း ရေးသားခဲ့ကြောင်း သီဟိုဠ်ဘာသာရေး သက္ကတသမိုင်းနှင့် သီဟိုဠ်ဘာသာပဒျစူဠာမဏိကျမ်းနိဒါန်း၌ တွေ့ရပါသည်။ ၎င်းပြင် ကဏ္ဍတိုင်း၏အဆုံး၌လည်း "ဣတိ ဗြိဗုဒ္ဓဃောမာစာယိဝိရစိတေ ပဒျစူဠာမဏိနာမ္ဘိ မဟာကာဝျေသိဒ္ဓါတ်စရိတေ ပြထမးသဂ်း၊ --- ဒွိးတီယး သဂ်း၊တြိတီယး သဂ်း- စသည်ဖြင့်လည်း လာရှိသည်ကိုတွေ့ရလေသည်။ ဖော်ပြပါ ပဒျစူဠာမဏိ သက္ကတ ကဗျာကျမ်းသည် အပိုင်းကဏ္ဍသဂ္ဂပေါင်း ၁၀-ရှိပြီး ဂါထာပေါင်း ၆၄၀-ကျော်ရှိ လေသည်။ ဘုရားဖြစ်သည့်တိုင် အကျယ်ဖွင့်ပြသော သိဒ္ဓတ္ထစရိတကျမ်းပင်ဖြစ်သည်။ အဿဃောသထေရ်၏ ဗုဒ္ဓစရိတနှင့် လလိတ ဝိတ္ထာရတို့၏အသွင်အချိုး အစားရေးသားသောကျမ်း မဟုတ်ပေ။ ပါဠိ၊အဋ္ဌကထာ များမှလာသော စကားစဉ် များအားလျော်စွာ ရေးသားထားသော ကျမ်းဖြစ်ပေသည်။ အစဆုံး ဗုဒ္ဓပဏာမဂါထာကား-

ကာရုဏျကလ္လောလိတဒပဋ္ဋိပါတံ၊
ကန္ဒပ်ဒဂ်ီနလကာလ မေဃမ်။
ကဲဝလျကလ္ပဒြုမ မူလကန္ဒံ၊
ဝန္ဒေ မဟး ကန္ဒလမက်ဗန္ဓုမ်။

ဖြစ်လေသည်။

ပဏာမ,ပဋိညာဉ်ပြပြီးနောက် သုဒ္ဓေါဒနမင်းကြီး၏ ကပိလဝတ္ထုနေပြည် တော်ကိုဆန်းကျယ်စွာ ဖော်ပြခဲ့လေသည်။ အလောင်းတော်၏ ရူပကာယတင့်တယ် လှပပုံ၊ ယသောဓရာဒေဝီ၏လှပပုံတို့ကိုလည်း ဆိုင်ရာကဏ္ဍ၌ ရသပေါ်အောင် ရေးသားခဲ့သည်။ ၎င်းကျမ်းသည် သီဟိုဠ်ရိုက်ဒီမိုင်းဆိုက် ၆၉-မျက်နှာရှိလေသည်။

ဤသို့ဖြင့် သက္ကတစာပေသမိုင်းစသည်လာတိုင်း ပဒျစူဠာမဏိသက္ကတ ကဗျာကို အရှင်ဗုဒ္ဓဃောသရေးဟုဖော်ပြခဲ့ရာ ပညာရှင်တို့ စဉ်းစားဆင်ခြင်၍ ယူသင့် ကြပေသည်။

## သောတတ္ထကီကျမ်းပြု
## ရှင်ဗုဒ္ဓဃောသ မဟာထေရ်

အရှင်မဟာဗုဒ္ဓဃောသထေရ်၏ အဖြစ်တော်စဉ်ကိုဖတ်ပြီးလျှင် ရှင်ဗုဒ္ဓဃောသထေရ်၏ဖြစ်စဉ်ကိုပါဖတ်သင့်ပေသည်။ ရှင်ဗုဒ္ဓဃောသထေရ်သည်လည်း သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီးမှ ပေါ်ထွန်းခဲ့သော ပညာရှင် မထေရ်မြတ်တပါးဖြစ်လေသည်။ မထေရ်မြတ်သည်လည်း သာသနာသက္ကရာဇ် ၉၅၅–လောက်တွင်ထင်ရှားခဲ့သည့် စင်ကြယ်သန့်ရှင်းသော အကျင့်သီလနှင့်ပြည့်စုံ သော မထေရ်မြတ်ဖြစ်လေသည်။

## အဋ္ဌသာလိနီရေးရန် တောင်းပန်သူ

မထေရ်မြတ်သည် အရှင်ဗုဒ္ဓဃောသအား အလွန်လိုအပ်လျက်ရှိသော အဋ္ဌသာလိနီ(အဘိဓမ္မာ)အဋ္ဌကထာကျမ်းရေးရန် တောင်းပန်သောမထေရ်မြတ်လည်းဖြစ်လေသည်။ ယင်းသို့ဖြစ်ကြောင်း အရှင်မဟာဗုဒ္ဓဃောသကိုယ်တိုင်ပင် အဋ္ဌသာလိနီဂန္ထာရမ္ဘ၌–

ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။
ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သက္ကစ္စံ အဘိယာစိတော။

ဟု မိန့်ဖော်ပြတော်မူခဲ့လေသည်။

## သောတတ္ထကီကျမ်း ပြုစုခြင်း

ရှင်ဗုဒ္ဓဃောသမထေရ်မြတ်သည် အသင်္ချေယျကထာ၊ ကပ္ပကထာ၊ နိဒါနကထာ၊ ဗာဟိရနိဒါနကထာ၊ အဗ္ဘန္တရနိဒါနကထာ၊ မဟာနိဒါနကထာ၊ အတိဒူရေနိဒါနကထာ၊ အဝိဒူရေနိဒါနကထာ၊ သန္တိကေနိဒါနကထာ၊ ဥယျောဇနေကထာ၊ အာနန္ဒပုစ္ဆိကထာတို့ဖြင့် တန်းဆာဆင်လျက် သောတတ္ထကီကျမ်းကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ သောတတ္ထကီပဏာမ ပဋိညာဉ်ဂါထာများမှာ–

ယော ဝီသတိ သင်္ချေယျကပ္ပကာလေ၊ ကပ္ပသတသဟဿာဓိကေပိ စ။
ခေဒင်္ဂတော လောကဟိတာယ နာထော၊ တဿေဝ ဗုဒ္ဓဿ နမော ကရောမိ။
အတုလုပ္ပတ္တိဿ နမော ဇိနဿ၊ ဓမ္မဿ သံဃဿ နိရင်္ဂဏဿ။
ဝက္ခာမိ သမ္ဗုဒ္ဓပရမ္ပရာဘတံ၊ သောတတ္ထကိံ နာမ မဟာနိဒါနံ။

ဟုဖြစ်ကုန်ရာ သမ္ဗိဏ္ဍိတမဟာနိဒါနကျမ်းလာဂါထာများနှင့်များစွာတူပေသည်။ သို့သော် သမ္ဗိဏ္ဍိတနိဒါန်းကျမ်း၊ ပေမူ၌ ဂါထာများမှာ ကျမ်းစကျမ်းဆုံးအနေအထား ကွဲပြားနေသည်။ သောတတ္ထကီကျမ်းကို သီဟိုဠ်၌ စာအုပ်အဖြစ်ရောက်သည်ကို စုံစမ်းမရခဲ့ပါ။ သို့သော် မလ်ဝတုကျောင်းနေ သိဒ္ဓတ္ထထေရ်ရေးသားသော သဒ္ဓမ္မဝဝါဒသင်္ဂဟကျမ်း၌ သောဘတ္ထကီကျမ်းလာစကားများကို များစွာတွေ့ရသဖြင့် ၎င်းကျမ်းကိုအလေ့ အလာပြုခဲ့ကြောင်းမှန်းဆနိုင်သည်။

သောတတ္ထကီ ဗာဟိရနိဒါနကထာ၌ အလောင်းတော်၏ မာတုရုဒ္ဓရက နာဝိကဝတ္ထု၊ ဂဇပ္ပိယရာဇဝတ္ထု၊ ဗြဟ္မဏ္ဍသိဝတ္ထုတို့ကို တွေ့ရှိနိုင်သည့်အပြင် အဗ္ဘန္တိကနိဒါနကထာ၌ သိဒ္ဓတ္ထတေလဒါယိကာရာဇပုတ္တိဝတ္ထုကို ထူးခြားစွာလေ့ လာတွေ့ရှိနိုင်သည်။

၎င်းပြင် မဟာနိဒါနကထာ၌ အတိဒေဝရာဇဝတ္ထု၊ အတိဒူရေနိဒါနကထာ၌ သာဂလစက္ကဝတ္တိရာဇဝတ္ထု၊ အဝိဒူရေနိဒါနကထာ၌ ၂၈–ဆူသောဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကိုဖော်ပြသေးသည်။ သောတတ္ထကီ၌ တဏှင်္ကရ၊ မေဓင်္ကရ၊ သရဏင်္ကရ ဘုရားရှင်တို့၏ ဗုဒ္ဓဝင်အကျဉ်းမှာ အခြားကျမ်းတို့၌မတွေ့ရပဲ ဤ၌–

တေသံ စတုန္နံ ဗုဒ္ဓါနံ၊ တဏှင်္ကရဿ သတ္ထုနော။
ပိတာ သုနန္ဒော ရာဇာစ၊ မာတာ တဿ သုနန္ဒိသာ။
သတ္တပဏ္ဏဒုမော ဗောဓိ၊ တဏှင်္ကရဿ သတ္ထုနော။
သုဒေဝေါ နာမ သော ရာဇာ၊ မာတာ တဿ ယသောဓရာ။
ကိံသုကော တဿ သော ဗောဓိ၊ မေဓင်္ကရဿ သတ္ထုနော။
သုမင်္ဂလော ပိတာ ရာဇာ၊ မာတာ ယသာဝတီ စ သာ။
ပါဋ္ဌလီ တဿ သော ဗောဓိ၊ သရဏင်္ကရဿ သတ္ထုနော။
အဓိကာရံ ကရိတွာန၊ ပဏိဓာန မကာရယိံ။
န လဘိ ဗျာကရဏံ တေသံ၊ တိဏ္ဏဗုဒ္ဓါန သန္တိကေ။

ဟုလာရှိသည်မှာ သုတေသီပညာရှင်တို့အတွက် ကျေးဇူးများလှပေသည်။

၎င်းပြင် သောတတ္ထကီကျမ်း၌ ဘုရားတဆူတဆူ ဝေနေယျသတ္တဝါအပေါင်း ၂၄–သင်္ချေ,ကုဋေ ၆၀–နှင့် တစ်သိန်းကျွတ်တန်းဝင်စေပုံကို–

စတုဝီသတိအသင်္ချေယျေ၊ သဋ္ဌိယေစေဝ ကောဋိယော။
ပါဏာနိ သတသဟဿာနိ၊ ကော ဗုဒ္ဓေါ ပမောစယိ။

ဂါထာဖြင့် အသင်္ချေယျကထာ၌ ပြခဲ့သည်။

အာနန္ဒပုစ္ဆိတကထာ၌လည်း ဘုရားလောင်းအရေအတွက်ကို အရှင်အာနန္ဒာ မေးလျှောက်သဖြင့် အလောင်းတော်ပေါင်း ၅၁၀–ရှိကြောင်း ဘုရားရှင်ဖြေဆိုတော်မူပုံကို–

ဒသုတ္တရာ ပဉ္စသတာ၊ ဗောဓိသတ္တာ သမူဟတော။
ဧတေ အနုက္ကမာစေဝ၊ အဝသေသာ နာနုက္ကမာ။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သည်။ မထေရ်မြတ်သည် ဆက်လက်၍ အနှငါးရာ ရင့်မှာတကျိပ်အနက် ရင့်မာတကျိပ်တို့မှာ–

၁။ အရိမေတ္တယျ၊
၂။ ရာမမင်း၊
၃။ ပသေနဒီကောသလမင်း၊
၄။ အဘိဘူနတ်၊
၅။ ဒီဃသောဏီအမည်ရှိသော ရာဟုအသူရိန်၊
၆။ စင်္ကီပုဏ္ဏား၊
၇။ သုဘလုလင်၊
၈။ တောဒေယျပုဏ္ဏား၊
၉။ နာဠာဂိရိဆင်၊
၁၀။ ပလလည်းဆင်တို့ ဖြစ်ကြသည်။

၎င်းတို့သည် အစဉ်အတိုင်း ဘုရားဖြစ်ကြမည်ဖြစ်ကြောင်းကို–

မေတ္တေယျော ဥတ္တမော ရာမော၊ ပသေနော ကောသလောဘိဘူ။
ဒီဃသောဏီ စ စင်္ကီ စ၊ သုဘော တောဒေယျဗြာဟ္မဏော။
နာဠာဂိရိပါလိလေယျော၊ ဗောဓိသတ္တာ ကမေ ဒသ။
အနုက္ကမေန သမ္ဗောဓိ၊ ပါပုဏိဿန္တိ နာဂတေ။

ဟူသော ၂–ဂါထာဖြင့်ပြခဲ့သည်။ ၎င်းပြင် သောတတ္ထကီကျမ်း၏ဘုရားဟောဖြစ်ကြောင်း ဘုရားရှင်အစဉ်အဆက် ဗုဒ္ဓဝင်ဖြစ်သော မဟာနိဒါနကထာမည်ကြောင်း နိဂမနကထာ၌ ဖော်ပြခဲ့သည်။ သောတတ္ထကီကျမ်းမှာရှိုက်ဆိုက်စာမျက်နှာ ၈၉– ရှိလေသည်။ ၎င်းနိသျကို အရှင်အာလောက(မိတ်လင်စုံ သတ်ပုံကျမ်းပြု ဦးအုန်းရွှေ) ပြုစုခဲ့လေသည်။

## အရှင်ဗုဒ္ဓဒတ္တ မဟာထေရ်

အရှင်ဗုဒ္ဓဒတ္တထေရ်သည် အရှင်ဗုဒ္ဓဃောသနှင့်တပြိုင်တည်း ပေါ်ထွန်းခဲ့သည့် သာသနာဝင်တွင်ထင်ရှားလှသော မဟာကဝိထေရ်မြတ်ဖြစ်တော်မူသည်။ မဟာယာနဂိုဏ်းသားတို့သည် သုန္ဒရနန္ဒ– စသော သက္ကတကဗျာကျမ်းပြု အဿဃောသဖြင့် ဂုဏ်ယူကြသကဲ့သို့ ထေရဝါဒဂိုဏ်းသားတို့သည် မဟာကဝိအရှင်ဗုဒ္ဓဒတ္တဖြင့် ဂုဏ်ယူကြရသည်။

## ဖွားရာဇာတိ

အေ–ဒီ ၅–ရာစု၊ သာသနာသက္ကရာဇ် ၉၀၀–ကျော်စလောက်တွင် အိန္ဒိယတောင်ပိုင်း စောဠတိုင်း ကာဝေရိမြစ်၏တောင်ဖက်ကမ်းအရပ်၌တည်ရှိသော ဥရဂမြို့ ယခုအခေါ် ဥရိုက်ပုရ်(Uraipur)၌ ဖွားမြင်ခဲ့ကြောင်း အရှင်ဗုဒ္ဓဒတ္တ၏ ကျမ်းစာများနိဂုံးဖြင့် ပညာရှင်တို့ ယူဆကြသည်။ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရသို့ကြွ ရောက်ပြီး ပညာသင်ကြားတတ်မြောက်ခဲ့သော မထေရ်မြတ်ဖြစ်သည်။

## ကျမ်းပြုစုခြင်း

အိန္ဒိယတောင်ပိုင်း မိမိဌာနီရောက်သောအခါ–

၁။ အဘိဓမ္မာဝတာရအဋ္ဌကထာ၊
၂။ ဝိနယဝိနိစ္ဆယ၊
၃။ ဥတ္တရဝိနိစ္ဆယ၊
၄။ ရူပါရူပဝိဘာဂ၊
၅။ ဗုဒ္ဓဝံသအဋ္ဌကထာ–

စသည်တို့ကို ရေးသားခဲ့သည်။

## ကဗျာဆရာကြီး အရှင်ဗုဒ္ဓဒတ္တ

သူ၏ဂါထာဗန္ဓအရေးအသား အဖွဲ့အနွဲ့အစီအကုံးပြောင်မြောက်မှုတို့ကြောင့် “မဟာကဝိ”ဟူသော ဘွဲ့ထူးကိုလည်း ဆွတ်ခူးနိုင်ခဲ့ပေသည်။

## အဘိဓမ္မာဝတာရ အဋ္ဌကထာ

အရှင်ဗုဒ္ဓဒတ္တသည် အဘိဓမ္မာဝတာရအဋ္ဌကထာကျမ်းကို ဂါထာစုဏ္ဏိယ ရောနှော၍ အဘိဓမ္မပိဋကတ်ကိုချုံးပြီးရေးခဲ့ရာ–

အနန္တကရုဏာ ပညံ၊ တထာဂတမနုတ္တရံ။
ဝန္ဒိတွာ သိရသာ ဗုဒ္ဓံ၊ ဓမ္မံ သာဓုဂဏမ္ပိ စ။

ဟူသောဂါထာဖြင့် ပဏာမပြုခဲ့သည်။ အဘိဓမ္မာဝတာရ ၁၂၁–၌

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေ ဒသ။

ဟူသော ပလိဗောဓ ၁၀–ပါးပြဂါထာကို အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ၁။ ၁၆။)မှ ကူးယူဖော်ပြခဲ့သည်။ အဘိဓမ္မာဝတာရ၊ ၁၄၁–၌လည်း–

သုပ္ပဏီတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒတလသာဋိကာ။

ဟူသောဂါထာကိုလည်း အဋ္ဌသာလိနီအဋ္ဌကထာ(အဘိ၊ ဋ္ဌ၊ ၁။ ၂၅၄။)မှ ကူးယူ ထုတ်ပြသည်။ ဤသို့စသည် အချက်အလက်တို့ကိုထောက်၍ အရှင်ဗုဒ္ဓဒတ္တထေရ် သည် အရှင်ဗုဒ္ဓဃောသ၏အနီးကာလနောက်မှပေါ်သော မထေရ်မြတ်ဖြစ်ကြောင်း သိသာသည်။ အရှင်ဗုဒ္ဓဒတ္တသည် အဘိဓမ္မာဝတာရအဋ္ဌကထာကို အိန္ဒိယတောင် ပိုင်း မိမိတိုင်းပြည် ကာဝေရဆိပ် ကဏှာဒါသအမည်ရှိသောဒကာ၏ကျောင်း၌ သီတင်းသုံးစဉ် အရှင်သုမတိထေရ်တောင်းပန်သဖြင့် ရေးသားရကြောင်းကို နိဂုံး၌ ဖော်ပြခဲ့သည်။

## ဝိနယဝိနိစ္ဆယကျမ်းနှင့် ဥတ္တရဝိနိစ္ဆယကျမ်း

အရှင်ဗုဒ္ဓဒတ္တထေရ်သည် သဒ္ဓိဝိဟာရိက တပည့်ဖြစ်သူ ဗုဒ္ဓသီဟ အမည်ရှိသော မထေရ်တောင်းပန်သဖြင့် ဝိနယဝိနိစ္ဆယကို ရေးသားခဲ့ပြီး ဥတ္တရ ဝိနိစ္ဆယကို သံဃပါလထေရ်တောင်းပန်သဖြင့် ရေးသားခဲ့ကြောင်း နိဂုံးစကားများ အရ သိရသည်။ ဝိနယဝိနိစ္ဆယကျမ်းကို စောဠတိုင်း ဘူတမင်္ဂလရွာကျောင်း၌ သီတင်းသုံးစဉ် ရေးသားကြောင်းလည်း–

သေဋ္ဌဿ စောဠရဋ္ဌဿ၊ နာဘိဘူတေ နိရာကုလေ။
သဗ္ဗဿ ပန လောကဿ၊ ဂါမေ သမ္ပိဏ္ဍိတေ ဝိယ။

ကာဝေဂိဗလသမ္ဘာတ–ပရိဘူတ မဟီတလေ။
က္လဒ္ဒေ သဗ္ဗဂ်သမ္ပန္နေ၊ မဂ်လေ ဘူတမဂ်လေ။
ဟူသော ၃၁၆၈၊ ၃၁၇၀–ဂါထာများဖြင့် သိသာသည်။

ဝိနယဝိနိစ္ဆယ၊ ဥတ္တရဝိနိစ္ဆယကျမ်းတို့ကို ခရစ်သက္ကရာဇ် ၁၉၁၄–ခုနှစ်က သီဟိုဠ်၌ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၂၈၀–ရှိလေသည်။ ၁၉၅၂–ခုနှစ်က တကြိမ်ရိုက်နှိပ်သည်။ လန်ဒန်ပါဠိအသင်းက ၁၉၂၇–ခုနှစ်၌ အင်္ဂလိပ်အက္ခရာဖြင့်ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌ ကောဇာသက္ကရာဇ် ၁၃၂၃–ခု၊ ခရစ်သက္ကရာဇ် ၁၉၆၂–ခုနှစ်ကျမှာ ဗုဒ္ဓသာသနာ့အဖွဲ့ကရိုက်နှိပ်၍ စာအုပ်အဖြစ်ရောက်ရှိခဲ့ရာ ဝိနယဝိနိစ္ဆယမှာ ဂါထာ ၃၁၈၃–ရှိ၍ ဥတ္တရဝိနိစ္ဆယမှာ ဂါထာ ၉၇၀–ရှိလေသည်။ ၂–အုပ်တွဲစာမျက်နှာ ၃၉၅–ရှိလေသည်။ ဝိနယဝိနိစ္ဆယမှာ ဝိနည်း ရှေ့ ၄–ကျမ်းပါဠိနှင့် အဋ္ဌကထာကိုချုံး၍ရေးသောကျမ်းဖြစ်ရာ ဥတ္တရဝိနိစ္ဆယမှာ ပရိဝါပါဠိတော်နှင့် အဋ္ဌကထာကိုချုံး၍ရေးသောကျမ်းဖြစ်သည်။ ဝိနယဝိနိစ္ဆယကျမ်းကို ကလမ္ဘ(ကလဗ္ဘ)အမျိုးအနွယ်ဖြစ်သော အစ္စုတဝိက္ကမမင်းလက်ထက်၌ ပြီးကြောင်းကို–

အစ္စုတစ္စုတဝိက္ကန္တေ၊ **ကလမ္ဘ**ကုလနန္ဒနေ။
မဟိံသမနုသာသန္တေ၊ **အာရဒ္ဓေါစ** သမာပိတော။
ဟူသော ၃၁၇–ဂါထာဖြင့် သိသာသည်။

မူလက ကလမ္ဘအမျိုးတို့သည် မလ္လဝအရပ်မြောက်ပိုင်း၌ နေကြရာ အေ–ဒီ ၃–ရာစုအလယ်ပိုင်းလောက် သမုဒြဂုပ္တမင်း၏လွှမ်းမိုးမှုကြောင့် အေ–ဒီ ၈–ရာစု လောက်အထိအဆက်မပြတ်စိုးမိုးခဲ့ကြောင်း သမိုင်းဆရာတို့ ဆိုကြသည်။ အစ္စုတ ဝိက္ကမ၏မင်းပြုချိန်သည် အေ–ဒီ ၅–ရာစု သို့မဟုတ် အနည်းငယ် ရှေ့ကျသည်ဟုလည်း အိန္ဒိယသမိုင်းဆရာတို့ ဆိုကြသည်။

## ရူပါရူပဝိဘာဂ

အရှင်ဗုဒ္ဓဒတ္တသည် ရူပါရူပဝိဘာဂကျမ်းကိုလည်း ရေးသားခဲ့သည်။ သီဟိုဠ်၌ ၁၉၁၅–ခုနှစ်က အဘိဓမ္မာဝတာရနှင့် တွဲ၍ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၁၂–မျက်နှာသာရှိလေသည်။ အရှင်ဗုဒ္ဓဒတ္တသည်–

ရူပါရူပဝိဒုံ ဗုဒ္ဓံ၊ ရူပါရူပတိဂံ မုနိံ။
နမဿိတွာ ပဝက္ခာမိ၊ ရူပါရူပဝိဘာဂတံ။
ဟူသောဂါထာဖြင့် ပဏာမပြုတော်မူခဲ့သည်။

ကျမ်း၏အဆုံး နိဂုံး၌လည်း–

အနေန ပုညေန တု ဗုဒ္ဓဒတ္တော၊ ဝိဟာရသံသာရဘယာ သုမုတ္တော။

မဟာမဟံ ရာဂဝိနောဒနံ သိဝံ၊ အနာသဝံ သေဝတု ဒိပ္ပမေဝ။

ဟူသောဂါထာဖြင့် နိဗ္ဗာန်ကိုလျှင်မြန်စွာရရန်တောင့်တ၍ နိဂုံးအုပ်ခဲ့သည်။

## မဓုရတ္ထဝိလာသိနီမည်သော ဗုဒ္ဓဝံသအဋ္ဌကထာ

မဓုရတ္ထဝိလာသိနီအမည်ရှိသော ဗုဒ္ဓဝံသအဋ္ဌကထာကိုလည်း ကာဝေရိဆိပ်ကဏှဒါသ၏အရှေ့ပြာသာဒ်ကျောင်း၌ သီတင်းသုံးစဉ်ပင်ရေးသားခဲ့သည်။ ဗုဒ္ဓဝံသအဋ္ဌကထာ၌ အရှင်ဗုဒ္ဓဃောသ၏အဋ္ဌကထာအဖွင့်ကျမ်းနှင့်များစွာတူညီသည်ကိုတွေ့ရသည်။ ဘဂဝါအဖွင့်ဗုဒ္ဓဝံသ၊ ဌ။ ၅၁။ ဝိသုဒ္ဓိ၊ ဌ။ ၂၀၃။ မ၊ ဋ၊ ၁။ ၁၁။ ဝိ၊ ဋ၊ ၁။ ၉၅–တို့နှင့် တိုက်ကြည့်နိုင်သည်။ ဗုဒ္ဓဝံသအဋ္ဌကထာ ၁၀၀–၌လာသော–

ဝဏ္ဏိတော ဗုဒ္ဓသေဋ္ဌေန၊ နိဿယောတိ စ ဘာသိတော။

နိဝါသော ပဝိဝိတ္တဿ၊ ရုက္ခမူလသမော ကုတော။

အာဝါသမစ္ဆေရဟရေ၊ ဒေဝတာ ပရိပါလိတေ။

ပဝိဝိတ္တေ ဝသန္တောဟိ၊ ရုက္ခမူလမှိ သုဗ္ဗတော။

စသောဂါထာများသည် ဝိသုဒ္ဓိမဂ်မှယူ၍ရေးသော ဂါထာဖြစ်သည်။ ၎င်းပြင် ဗုဒ္ဓဝံသအဋ္ဌကထာ ၁၅၃–၌–

အဟံ တေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော။

အန္တလိက္ခမှိ စရဏော၊ ပဉ္စာဘိညာသု ပါရဂူတိ။

အယံ ဂါထာ အဋ္ဌသာလိနီယာ ဓမ္မသင်္ဂဟဋ္ဌကထာယ နိဒါနဝဏ္ဏနာယ ဒီပင်္ကရဗုဒ္ဓဝံသေ လိခိတာ။ ဣမသ္မိံ ပန ဗုဒ္ဓဝံသေ နတ္ထိ။ နတ္ထိဘာဝေါယေဝ ပနဿာ ယုတ္တတရော–စသည်ဖြင့် အဟံ တေန သမယေန–စသောဂါထာနှင့်စပ်၍ အဋ္ဌသာလိနီ၌ရှိနေသော်လည်း မရှိသင့်ကြောင်း ဆုံးဖြတ်ချက်ကိုထောက်၍ အရှင်ဗုဒ္ဓဒတ္တထေရ်သည် ဗုဒ္ဓဃောအဋ္ဌကထာများနောက်မှ ရေးသားကြောင်းထင်ရှားသည်။ ဗုဒ္ဓဝံသအဋ္ဌကထာသည် ဘာဏဝါရ ၂၆–ဘာဏဝါရရှိကြောင်း နိဂုံး၌တွေ့ရှိရသည်။

မဟာမင်္ဂလထေရ်ရေးသားသော ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၌ အရှင်ဗုဒ္ဓဒတ္တသည် ဇိနာလင်္ကာရကျမ်းကို ရေးသားပြုစုတော်မူကြောင်း အရှင်ဗုဒ္ဓဒတ္တအား သီဟိုဠ်မထေရ်များက အဋ္ဌကထာဟောင်းကို ရေးကူးခွင့်မပြုခြင်းစသည်ဖြင့် ဖော်ပြထား

သည်မှာ မသင့်ပေ။ အရှင်ဗုဒ္ဓဒတ္တထေရ်ရေးသားသော ဇိနာလင်္ကာရကျမ်းဟု စာပေသမိုင်းအမျိုးမျိုး၌ မတွေ့ရပေ။ သီဟိုဠ်ဆရာတို့ကလည်း ထိုအဆိုကို ပယ်ကြသည်။ ယခုလက်ရှိ ဇိနာလင်္ကာရသည် သီဟိုဠ်ကျွန်း ဇမ္ဗုဒေါဏိ (ဒမ္ဗဒေဏိယ)ခေတ် သာသနာသက္ကရာဇ် ၁၇၀၀-တွင် ထင်ရှားသည့် ဗုဒ္ဓရက္ခိတ ထေရ်ရေးသားသော ကျမ်းဖြစ်သည်။ အရှင်ဗုဒ္ဓရက္ခိတလည်းရှု။

## အရှင်ဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တ

ဝိနယဝိနိစ္ဆယဋီကာဂန္ထာရမ္ဘ၌ အရှင်ဗုဒ္ဓဒတ္တသည် အရှင်ဗုဒ္ဓဃောသနှင့် တပြိုင်နက်ပေါ်ထွန်းသောမထေရ်မြတ်ဖြစ်၍ အရှင်ဗုဒ္ဓဃောသ၏ချီးကျူးသြဘာ ထောမနာပြုခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်ကြောင်း-

ယော ဗုဒ္ဓဃောသာစရိယာသဘေန၊
ဝိညုပ္ပသတ္ထေနပိ သုပ္ပသတ္ထော။
သော ဗုဒ္ဓဒတ္တာစရိယာဘိဓာနော၊
မဟာကဝီ ထေရိယဝံသဒီပေါ။

ဟူသောဂါထာဖြင့်(ဝိနယဝိနိစ္ဆယ ဋီ၊ ၂။)၌ လာရှိသည်။

## ပျံလွန်တော်မူချိန်

အရှင်ဗုဒ္ဓဒတ္တသည် မဓုရတ္ထဝိလာသိနီမည်သော ဗုဒ္ဓဝံသအဋ္ဌကထာရေးပြီး မကြာမီပျံလွန်တော်မူကြောင်း-

ဂရုဟိ ဂီတနာမေန၊ ဗုဒ္ဓဒတ္တောတိ ဝိဿုတော။
ထေရော ကတွာ အဋ္ဌကထံ၊ မဓုရတ္ထဝိလာသိနိံ။
ပေါတ္ထကံ ဌပယိတွေမံ၊ ပရမ္ပရေဟိတာဝဟံ။
အစိရဋ္ဌိတိဘာဝေန၊အဟော မစ္စုဝသံ ဂတော။

ဗုဒ္ဓဝံသအဋ္ဌကထာနိဂုံးလာ နောက်ထပ်ဖြည့်ထားသော ဂါထာဖြင့်သိသာသည်။

## မူလဋီကာကျမ်းပြု
## အရှင်အာနန္ဒာ မဟာထေရ်

အရှင်အာနန္ဒာသည် အိန္ဒိယတောင်ပိုင်း၌ ဖွားမြင်ကြီးပွားခဲ့ပြီး သီဟိုဠ်သို့ ရောက်၍လည်း ပညာဆည်းပူးခဲ့သည်။ မထေရ်မြတ်သည် ဥဒါနအဋ္ဌကထာစသည် ကိုပြုစုသည့် အရှင်ဓမ္မပါလသည်ပင် အဘိဓမ္မာအနုဋီကာကိုပြုစုသည်ဟုဆိုလျှင် အရှင်အာနန္ဒာသည် ဖော်ပြပါဓမ္မပါလထေရ်အလျင် ပေါ်ထွန်းရမည်ဖြစ်သဖြင့် အေ-ဒီ ၅-ရာစုလောက် အရှင်ဓမ္မပါလ၏ရှေးကပေါ်ထွန်းခဲ့သည်ဟု ယူဆရပေမည်။ ဂျီပီ မာလလာဆေကရကမူ သူ၏ (Dictionary Pali Proper Name)၌ အရှင် အာနန္ဒာသည် အေ-ဒီ ၈-ရာစုလောက် သို့မဟုတ် အေ-ဒီ ၉-ရာစုလောက် တွင် ပေါ်ထွန်းခဲ့သည်ဟုယူဆ၍ အနုဋီကာပြုအရှင်ဓမ္မပါလမှာ အရှင်အာနန္ဒာ၏ တပည့်စူဠဓမ္မပါလထေရ်ဟု ဖော်ပြလေသည်။ အရှင်ဗုဒ္ဓဒတ္တ၏ ဗုဒ္ဓဘာသာကျမ်းပြု ဆရာများသမိုင်း၌ သာသနာသက္ကရာဇ် ၁၀၀၀-ကျော် ဒိမ္မလာဂလ အရှင်ကဿပ လက်ထက် သို့မဟုတ် ၎င်းထက်ရှေးကျသော အခါလောက်က ပေါ်သည်ဟုဖော်ပြ ခဲ့ရာ ဆင်ခြင်သင့်သောအရာဖြစ်လေသည်။

## မူလဋီကာကို ပြုစုခြင်း

အရှင်အာနန္ဒာသည် မူလဋီကာကျမ်းကိုအရှင်ဓမ္မမိတ္တထေရ်တောင်းပန် သဖြင့် ရေးသားရကြောင်း ဓမ္မသင်္ဂဏီမူလဋီကာနိဂုံးလာ-

ဓမ္မမိတ္တောဟိ နာမေန၊ သက္ကစ္စံ အဘိယာစိတော။
အာနန္ဒော တ္တိ နာမေန၊ ကတာ ဂန္ထာ ဝိဗုဒ္ဓိနာ။

ဟူသောဂါထာဖြင့်သိနိုင်လေသည်။ ၎င်းဋီကာကိုလည်း လီနတ္ထပဒဝဏ္ဏနာဟု အမည် ပေးခဲ့သည်။ ယင်းအရှင်အာနန္ဒာ၏ အဘိဓမ္မာဋီကာများကို အစဆုံး ဋီကာများဖြစ်သောကြောင့် မူလဋီကာအမည်ရကြောင်း-

"သာ စ သဗ္ဗာသံ ဋီကာနံ အာဒိဘူတတ္တာ မူလဋီကာတိ ပါကဋာ" ဟူသော သာသနဝံသပ္ပဒီပိကာဖြင့် သိနိုင်သည်။ ယင်းမူလဋီကာမှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၃-တွဲပေါင်း ၆၈၆-မျက်နှာ ရှိလေသည်။

## အရှင်အာနန္ဒာ၏ ပညာရှိတပည့်များ

အရှင်အာနန္ဒာထေရ်၌ ပညာရှိတပည့် များစွာပေါ်ထွန်းခဲ့ရာ–
(၁) ပဒရူပသိဒ္ဓိပဉ္စမမဓုစသောကျမ်းများကိုရေးသားခဲ့သူ အရှင်ဗုဒ္ဓပိယထေရ်၊
(၂) သာရတ္ထသမုစ္စယကျမ်းပြုထေရ်၊
(၃) ရသဝါဟိနီသမန္တကူဋဝဏ္ဏနာ စသည်ပြုအရှင်ဝေဒေဟထေရ် စသည်တို့ ပါဝင်ကြသည်။ ရသဝါဟိနီနိဂုံး၌ အရှင်အာနန္ဒာထေရ်၏ ဥပဇ္ဈာယ်ဆရာမှာ ကာလိင်္ဂထေရ်ဖြစ်၍ စာသင်ပေးသောဆရာမှာ မင်္ဂလထေရ်တို့ဖြစ်ကြောင်းကိုလည်း–

> ကာလိင်္ဂဝှေါ မဟာထေရော၊ ယဿောပဇ္ဈာယတံ ဂတော။
> မင်္ဂလဝှေါ မဟာထေရော၊ ခဏ္ဍာသီမာပတီယတိ။
> ယဿ အာစရိယော အာသိ၊ သဗ္ဗသတ္ထဝိသာရဒေါ။
> အာရညရတနာနန္ဒ–မဟာထေရော မဟာဂဏီ။

ဟုဖော်ပြထားရာ မူလဋီကာပြု အာနန္ဒာ ဟုတ်မဟုတ် စိစစ်စရာတစ်ချက် ဖြစ်လေသည်။

■■■

## အဋ္ဌကထာ ဋီကာကျမ်းပြု
## အရှင်ဓမ္မပါလ မဟာထေရ်

အရှင်ဓမ္မပါလသည် သမယ,သမယန္တရ ၂–မျိုးလုံး၌ ကမ်းတစ်ဖက်ရောက် ကျွမ်းကျင်တတ်မြောက်သည့်ထေရိယနိကာယဝင် အရှင်မြတ်တပါးဖြစ်လေသည်။ အရှင်ဓမ္မပါလသည် ဘာရတဝသခေါ်သော အိန္ဒိယနိုင်ငံတောင်ပိုင်း ကဉ္စိပူရမြို့၌ ဖွားမြင်ကြီးပြင်းခဲ့၍ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ ပညာသင်ကြားလေ့လာပြီး အိန္ဒိယတောင်ပိုင်း တန်ဂျိုမြို့(TANJORE)၏အရှေ့ဖက် ၃၅–မိုင်ကွာ ယခုနာဂပဋ္ဋမဟုထင်ရှားသည့် နာဂပဋ္ဋမြို့ ဓမ္မာသောကမင်းကြီး ၏ ကောင်းမှုတော်ရှေးဟောင်းကျောင်းတိုက်တစ်ခုဖြစ်သည့် ပဒရတိတ္ထကျောင်းတိုက်(ဆီးပင်ကျောင်းတိုက်)၌ ကြာမြင့်စွာ သီတင်းသုံးခဲ့သည်။

ကဉ္စိပုရေ သုဇာတော သော၊ ဓမ္မပါလော ယတီသဘော။
ဆေကော ပဋ္ဋနိကာယေသု၊ ဘာသန္တရေ ဝိသာရဒေါ။
တမ္ဗပဏ္ဏိမ္ဟိ သော ဂန္တွာ၊ နာနာသတ္ထသမုဂ္ဂဏှိ။
ဒဏ္ဍိဏာဘာရတေ ပစ္ဆာ၊ ဝိဟာရိ နာဂပဋ္ဋနေ။

အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာပုဂ္ဂိုလ်ကျောင်းများ တမိလ်ဘာသာရေး စာအုပ် ၁၁၈–၌ အရှင်ဓမ္မပါလသည် အိန္ဒိယတောင်ပိုင်း တဥ္ဇမြို့သားဟု ရေးသားခဲ့သည်။ အရှင်အနုရုဒ္ဓါနှင့် ထွေးသွားဟန်တူပါသည်။

## ပေါ်ထွန်းရာ အချိန်အခါ

ဓမ္မပါလထေရ်ပေါ်ထွန်းရာအချိန်ကို အေ–ဒီ ၅–ရာစုနောက်ပိုင်းနှင့် အေ–ဒီ ၆–ရာစုအတွင်းလောက်ဖြစ်ကြောင်း သုတေသီပညာရှင်များ ခန့်မှန်းကြသည်။ စာရေးသူသည် အရှင်ဗုဒ္ဓဃောသ၏နောက်မကြာမီအတွင်း ၅–ရာစုနောက်ပိုင်း ၆–ရာစုအတွင်းကိုသာ သဘောကျကျေနပ်မိပေသည်။

## ဖြစ်စဉ်အကျဉ်း

အရှင်ဓမ္မပါလသည် အမတ်ကြီးတစ်ယောက်၏သားဖြစ်သည်။ အသက်အရွယ် ငယ်စဉ်ကပင် ဉာဏ်ပညာထက်မြက်သည်။ အသက်အရွယ်ကြီးရင့်လာသောအခါ ဉာဏ်ပညာစွမ်းရည်မှာ ပို၍ထက်မြက် အားကောင်းလာခဲ့သည်။

ထိုအကြောင်းသည် ဘုရင်နန်းတော်အထိပျံ့နှံ့ခဲ့ရာ ဘုရင်နှင့်မိဖုရားတို့သိသဖြင့် သမီးတော်နှင့် လက်ထပ်ရန်စီစဉ်ကြလေသည်။ အိမ်ထောင်သားမွေးပြုလုပ်ရမည့် အရေးကိုကြောက်သွေးတုန်လှသော အရှင်ဓမ္မပါလလောင်းလျာသည် ထွက်ပြေးကာ တောင်ပေါ်ကျောင်းဆရာတော်တစ်ပါးထံ ရှင်ရဟန်းပြုလေသည်။ ရဟန်းဖြစ်ပြီးသည်မှစ၍ ပညာကိုသာ စူးစိုက်ရှာဖွေသင်ကြားလေ့လာသည်။ (BEALE) နှင့် ဂျီပီ မာလာလာသေကရ၏(Dictionary of Pali Proper Name–လည်းကြည့်)

**ရာဇကညံ သုရူပိမ္ပိ၊ အနိစ္ဆန္တော ပလာယိ သော။**
**ပဗ္ဗဇ္ဇိ လောကနာထဿ၊ သာသနေ အတိဒုလ္လဘော။**

## အမျိုးမျိုးယူဆကြခြင်း

ဝိသုဒ္ဓိမဂ်စသည်ကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သော အင်္ဂလိပ်ရဟန်းတော် ဉာဏမောလိနှင့်အိန္ဒိယနိုင်ငံ ပါဠိပါမောက္ခ ပီဗွီဗပတ်တို့က အရှင်ဓမ္မပါလသည် အများဆုံး အနှစ် ၂၀၀–လောက်သာ နောက်ကျဖွယ်ရှိကြောင်း ဆိုကြသည်။ ပါမောက္ခ ရီးစ် ဒေးဗစ်နှင့် ပါမောက္ခဟာဒီတို့ကမူ အရှင်ဓမ္မပါလပေါ်ထွန်းချိန်ကို အေ–ဒီ ၅–ရာစုကုန်ခါနီးဟု မှန်းဆလေသည်။ ပါဠိပညာရှိတစ်ဦးဖြစ်သော အမိကာရ်ကလည်း အရှင်ဓမ္မပါလသည် အရှင်ဗုဒ္ဓဃောသခေတ်ထက် အနည်းငယ်သာနောက်ကျသည်ဟု ယူဆကြလေသည်။ သီဟိုဠ်ကျွန်း ဝိဇ္ဇာလင်္ကာရတက္ကသိုလ် ပါမောက္ခ အရှင်ဗုဒ္ဓဒတ္တကမူ အေ–ဒီ ၁၀–ရာစုနှစ်တွင်းဖြစ်ကြောင်း ဖော်ပြသည်။ အရှင်ဗုဒ္ဓဒတ္တ၏ယူဆချက်မှာ–

အာယာစိတော သိတ္တဂါမ–ပရိဝေဏနိဝါသိနာ။
ထေရေန ဒါဌာနာဂေန၊ သုဒ္ဓါစာရေန ဓိ မဟာ။

ဟူသော ဝိသုဒ္ဓိမဂ်ဋီကာနိဂုံးလာသည့်အတိုင်း သီဟိုဠ်ကျွန်း သိတ္တဂါမပရိဝေဏ၌ သီတင်းသုံးသည့် အရှင်ဒါဌာနာဂထေရ်တောင်းပန်သဖြင့်ရေးသားခဲ့ကြောင်း သိသာသည်။

ဖော်ပြပါ နိဂုံးဂါထာသိတ္တဂါမပရိဝေဏကို သီဟိုဠ်ကျွန်း အေ–ဒီ ၉၇၃–၌နန်းတက်သော စတုတ္ထသေနမင်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း–

ပရိဝေဏံ သိတ္တဂါမံ၊ ကာရေတွာ ဝုတ္တမတ္တနာ။
လောကံ ပုတ္တံဝ ပါလေတွာ၊ တိဝဿေန ဒိဝင်္ဂတော။

ဟူသော မဟာဝံသ၊ ၅၂-၆- ဂါထာဖြင့်ထင်ရှားသည်။ မဟာဝံသ၊ ၅၂၊ ၃၆-ခု မြောက်ဖြစ်သော-

ဒါဌာနာဂါဘိဓာနေန၊ ထေရေနာရညဝါသိနာ။
လက်ာလက်ာရဘူတေန၊ အဘိဓမ္မံ ကထာပယိ။

ဟူသောဂါထာ၌လာသော ဒါဌာနာဂထေရ်သည် သိတ္တဂါမပရိဝေဏဝါသီ ဒါဌာနာဂထေရ်ဟုကြံဆ၍ ထိုဒါဌာနာဂထေရ်ပေါ်ထွန်းရာခေတ်ကိုမှန်း၍ အေ-ဒီ ၁၀-ရာစုဖြစ်ကြောင်း အရှင်ဗုဒ္ဓဒတ္တထေရ်ယူဆခြင်းဖြစ်သည်။

သီဟိုဠ်ဘာသာ သာသနဝံသပြ ဒီပယကျမ်းပြုပဏ္ဍိတ်အရှင်ဝိမလကိတ္တိကလည်း အေ-ဒီ ၁၀-ရာစုဖြစ်ကြောင်း သူ၏သာသနာဝံသပြ ဒီပယကျမ်း၌ ဖော်ပြခဲ့သည်။

## ကျမ်းဂန်အများ ပြုစုရေးသားခြင်း

အရှင်ဓမ္မပါလသည် အရှင်ဗုဒ္ဓဃောသနောက်တွင် ထူးခြားစွာထွန်းပေါက်ခဲ့သည့် ပညာရှိကြီးဖြစ်သည်။ အဋ္ဌကထာ၊ ဋီကာကျမ်းပေါင်းများစွာတို့ကို ပြောင်မြောက်စွာ ရေးသားခဲ့သည်။ ၎င်း၏ကျမ်းတို့မှာ-

၁။ ဥဒါနအဋ္ဌကထာ၊
၂။ ဣတိဝုတ္တကအဋ္ဌကထာ၊
၃။ ဝိမာနဝတ္ထုအဋ္ဌကထာ၊
၄။ ပေတဝတ္ထုအဋ္ဌကထာ၊
၅။ ထေရဂါထာအဋ္ဌကထာ၊
၆။ ထေရီဂါထာအဋ္ဌကထာ၊
၇။ စရိယာပိဋကအဋ္ဌကထာ၊
၈။ နေတ္တိအဋ္ဌကထာ၊
၉။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊
၁၀။ ဒီဃနိကာယဋီကာ၊
၁၁။ မဇ္ဈိမနိကာယဋီကာ၊
၁၂။ သံယုတ္တနိကာယဋီကာ၊
၁၃။ အင်္ဂုတ္တရနိကာယဋီကာ၊

၁၄။ နေတ္တိဋီကာ၊
၁၅။ အဘိဓမ္မာအနုဋီကာ– တို့ဖြစ်ကုန်သည်။

## ဥဒါနအဋ္ဌကထာ

ငင်းကျမ်းများအနက် ဥဒါနအဋ္ဌကထာမှာ ဘာဏဝါရပေါင်း ၄၄–ဘာဏဝါရ ပမာဏရှိလေသည်။ အရှင်ဓမ္မပါလသည်–

မဟာကရုဏိကံ နာထံ၊ ဉေယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏဂမ္ဘီရ–ဝိစိတြနယဒေသနံ။
ဝိဇ္ဇာစရဏသမ္ပန္နာ၊ ယေန နီယန္တိ လောကတော။
ဝန္ဒေတမနုတ္တမံ ဓမ္မံ၊ သမ္မာသမ္ဗုဒ္ဓပူဇိတံ။
သီလာဒိဂုဏသမ္ပန္နော၊ ဋ္ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

ဟူသောဂါထာဖြင့်ချည်း သူ၏အဋ္ဌကထာအားလုံး၌ ပဏာမပြုခဲ့သည်။ အရှင်ဓမ္မပါလသည် အသီအကုံး အန္တန်းအဖွဲ့စာဆိုတော်ပုဂ္ဂိုလ်ကြီး ဗုဒ္ဓဃောသနှင့် သက္ကတကဗျာဆရာကြီး ကာလီဒါသတို့ပမာ ကျမ်းစာရေးရန်အခက်အခဲအတွက် ညည်းညူသက်ပြင်းချတော်မူခဲ့သည်။

အရှင်ဗုဒ္ဓဃောသသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာဖွင့်ခါနီး၌–

ဝတ္တုကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠ္ဟောဝ သာဂရံ။
သာသနံ ပနိဒံ နာနာ–ဒေသနာနယမဏ္ဍိတံ။
ပုဗ္ဗာစရိယမဂ္ဂေါ စ၊ အဗ္ဗေါစ္ဆိန္နော ပဝတ္တတိ။

ဟူသောဂါထာဖြင့် သမုဒ္ဒရာပင်လယ်အတွင်း၌ သက်ဆင်းမိသည့်ယုံသူငယ်သည် ထောက်တည်ရာမရသကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ဖွင့်လိုသောကျွန်ုပ်မှာ ယခု ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်တည်မှီခိုရာ မရပါချေ။ ထိုသို့တစေဖြစ်ပလေလည်း အထူးထူးအပြားပြား များစွာဆန်းကြွယ် ဒေသနာနယအသွယ်သွယ်တို့ဖြင့် တန်းဆာဆင်အပ်သော ပရိယတ္တိသာသနာတော်မြတ်နှင့် အဖွင့်အဋ္ဌကထာဟုဆိုအပ်သော ရှေးဆရာမြတ်အပေါင်းတို့၏ သွားရာလမ်းကြောင်း ခရီးကြောင်းအစဉ်သည် အဆက်မပြတ်ပဲ ယနေ့တိုင် တည်ရှိနေပေ၏–ဟူ၍ ညည်းညူခဲ့သကဲ့သို့လည်းကောင်း–

သက္ကတကဗျာဆရာကြီး ကာလီဒါသသည် ရဃုဝံသသမိုင်းကဗျာကျမ်းကို ရေးစဉ် ဂန္ထာရမ္ဘ၌-

ကွသူယ်း ပြဘဝေါဝံဇ ကွစာလ္ပဝိဓယာမတိး။

တိတီမိုဒ္ဒုသ္တရံ မောဟာချုပေနာသ္တိ သာဂရမ်။

မန္ဒး ကဝိယဇ ပြာထိ ဂမိဗျာမျုပဟာသျတာမ်။

ပြာဂုလဗျေ ဖလေ လောဘာ ဒုဒ္ဒါဟုရိဝ ဝါမနး။

သူရိယဝံသခေါ်သော အာဒိစ္စအမျိုးသည် ဘယ်ကဆင်းလာသည်ဟုပြရန် ပညာဉာဏ်နည်းလှပါသည်။ အသိဉာဏ် အစွမ်းသတ္တိနည်းသူသည် လှေငယ်က လေးဖြင့်ဆုံးဆမမြင် ပင်လယ်သမုဒ္ဒရာရေအပြင်ကို ကူးရန်မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါတော့သည်။

အသိဉာဏ်မကြွယ်ဝ ပညာနုနယ်လှသူဖြစ်လျက် ကဝိပညာရှင်ထိပ်သီးတို့ သာရသင့်ရထိုက်သော ကျေးဇူးသတင်းကျော်စောခြင်းကို အလိုရှိသည့်အတွက် ပဏ္ဍိတ်သဘင်လူရှင်အလယ်၌ ရယ်ဖွယ်ရာအဖြစ်သို့ရောက်ပါရတော့မည်။ ပုံစံပြရလျှင် အရပ်အမောင်းရှည်လျားသောယောက်ျားတို့သည် ဆွတ်ခူးစားယူသုံးစွဲနိုင်သော သစ်သီးကို လောဘတကြီး ခင်မင်စုံမက်နှစ်သက်မိသည့်အတွက် ခြေလက်မြှောက်၍ ယောက်ယက်ဆန်ခပ်ဖြစ်နေသော လူစဉ်မမှီသည့်လူပုသည် မြင်ရသူရယ်ဖွယ်ပျက်လုံးဖြစ်သည်နှင့်တူလှပါတော့သည်။

အထဝါကြ္တတပါဂဒ္ဒါရေ ဝံစေ အသ္မိန္ပူဝ် သူရိဘိး။

မဏော်ဝဇြသမုက္ကီဏော်သူတြသျေ ဝါ သ္တိ မေဂတိး။

သို့ဖြစ်လင့်ကစား ဝါလမိကီ အစရှိသော စာဆိုတော်အကျော်အမော်တို့စီရင်ထားခဲ့သည့် ရာမာယဏစကား ဝါကျတံခါးဝရှိသော သူရိယဝံသအမွန်အစရှိသော ရဃုဝံသအရာ၌ ဝဇိရစိန်ဖြင့် ဖောက်ထွင်းအပ်သော ပတ္တမြား၌သီကုံးအပ်သောကြိုးကဲ့သို့ ကျွန်ုပ်ကာလီဒါသ၏အသိဉာဏ်၌ထင်ရှားရှိပါသေး၏ဟု ညည်းညူခဲ့သကဲ့သို့လည်းကောင်း အရှင်ဓမ္မပါလသည်လည်း-

တဿ ဂမ္ဘီရဉာဏေဟိ၊ ဩဂါဟေတဗ္ဗဘာဝတော။

ကိဉ္စာပိ ဒုက္ကရာ ကာတုံ၊ အတ္ထသံဝဏ္ဏနာ မယာ။

သဟာသံဝဏ္ဏနံ ယသ္မာ၊ ဓရတေ သတ္ထုသာသနံ။

ပုဗ္ဗာစရိယသီဟာနံ၊ တိဋ္ဌတေဝ ဝိနိစ္ဆယော။

စသောဂါထာများဖြင့် ဥဒါန်းအဋ္ဌကထာ ဂန္ထာရမ္ဘ၊ ဣတိဝုတ်အဋ္ဌကထာ ဂန္ထာရမ္ဘ၊ ထေရဂါထာအဋ္ဌကထာ ဂန္ထာရမ္ဘ၊ နေတ္တိအဋ္ဌကထာဂန္ထာရမ္ဘတို့၌ ညည်းညူတော်မူခဲ့သည်။ အရှင်ဓမ္မပါလသည် ဥဒါနအဋ္ဌကထာကို "ကေနဋ္ဌေန ဥဒါနံ" စသည်ဖြင့် ဥဒါန်းမည်ပုံကိုစတင်ကာ ဥဒါန်းပါဠိတော်ကျမ်းကိုဖွင့်ပြတော်မူခဲ့သည်။ ဥဒါန်းအဋ္ဌကထာ၏ပရမတ္ထဒီပနီမည်ကြောင်းကိုလည်း နိဂုံး၌ ဖော်ပြခဲ့သည်သာမက ၃၄-ဘာဏဝါရပမာဏရှိကြောင်းကိုလည်း ပြခဲ့သည်။ ၎င်းကျမ်းစာကို ယိုးဒယား၊ သီဟိုဠ်၊ အင်္ဂလန်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာရိုက်ဆဋ္ဌသံဂါယနာစာတော်မူ မှာ စာမျက်နှာ ၃၉၃-ရှိလေသည်။

## ဣတိဝုတ္တကဋ္ဌကထာ

ဣတိဝုတ်အဋ္ဌကထာကိုလည်း ပေါရာဏအဋ္ဌကထာခေါ်သော မဟာအဋ္ဌကထာကိုအမှီပြု၍ ရေးသားတော်မူခဲ့သည်။ ဂန္ထာရမ္ဘစကားများသည် ရှေးဦးစွာ ဣတိဝုတ္တကအရကိုဖွင့်ပြခဲ့သည်။ ဣတိဝုတ်အဋ္ဌကထာ ၅-၌ ဘဂဝါ၏အဖွင့်ကို "သော ပနာယံ အတ္ထော သဗ္ဗာကာရေန ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တော" စသည်ဖြင့် ဝိသုဒ္ဓိမဂ်ကိုညွှန်းခဲ့သည်။ ဣတိဝုတ်အဋ္ဌကထာသီဟိုဠ်ရိုက်ထားသောမူ ရှိုင်ဆိုက် ၂၉၀၊ မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ ၃၅၅-ရှိလေသည်။ ယိုးဒယားနိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့၌ စာအုပ်ရိုက်ခဲ့သည်။ ဘာဏဝါရပေါင်း ၃၈-ရှိလေသည်။ ဣတိဝုတ္တကပါဠိ၌ သုတ်အရေအတွက်ကိုလည်း-

**ဒသုတ္တရသတံ ဒွေ စ၊ သုတ္တာနိ ဣတိဝုတ္တကံ။**
**ဣတိဝုတ္တပ္ပဘေဒေန၊ သင်္ဂီယိံသု မဟေသယော။**

ဟူသောဂါထာဖြင့် နိဂမနကထာ၌ ဖော်ပြခဲ့သည်။

## ဝိမာနဝတ္ထု အဋ္ဌကထာ

အရှင်ဓမ္မပါလသည် ပရမတ္ထဒီပနီအမည်ရှိသော ဝိမာနဝတ္ထုအဋ္ဌကထာကိုလည်း ရေးသားခဲ့သည်။ ပဌာမ ပဋိညာဉ်အပြီး တတ္ထ ဝိမာနာနီတိ ဝိသိဋ္ဌမာနာနိ ဒေဝတာနံ ကီလနိဝါသဋ္ဌာနာနိ- စသည်ဖြင့် ဝိမာနဝတ္ထုအရစသည်ကို ဂန္ထာရမ္ဘကထာ၌ဖွင့်ပြခဲ့ပြီး ပါဠိတော်အစဉ်အတိုင်း ကျနစွာဖွင့်ပြခဲ့သည်။ ဝိမာနဝတ္ထုအဋ္ဌကထာကို သီဟိုဠ်၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာရိုက်ဆဋ္ဌသံဂါယနာစာတော်မူမှာ စာမျက်နှာ ၂၇၀-ရှိလေသည်။

## ထေရဂါထာ,ထေရီဂါထာ အဋ္ဌကထာ

ထေရဂါထာပါဠိ,ထေရီဂါထာပါဠိတို့၏အဖွင့်ဖြစ်သော ထေရဂါထာအဋ္ဌကထာ၊ ထေရီဂါထာအဋ္ဌကထာတို့ကိုလည်း ရှေးအဋ္ဌကထာဟောင်းကိုမှီ၍ မဟာဝိဟာရဝါသီအရှင်မြတ်တို့၏ နည်းကောင်းနည်းမှန်အဆုံးအဖြတ်တို့နှင့်မဆန့်ကျင်စေပဲ ကိုက်ညီအောင်ရေးသားခဲ့သည်။ ထေရဂါထာအဋ္ဌကထာနိဒါနဂါထာအဖွင့်၌–

သီဟာနံဝ နဒန္တာနံ၊ ဒါဌီနံ ဂိရိဂဗ္ဘရေ။

သုဏာထ ဘာဝိတတ္တာနံ၊ ဂါထာ အတ္ထူပနာယိကာ။

ဟူသော ထေရဂါထာအစပါဠိဂါထာသည် အရှင်အာနန္ဒာထေရ်၏ ထောမနာဂါထာဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ထေရဂါထာအဋ္ဌကထာဒုတိယအုပ် ၅၃၉–ဝင်္ဂီသတ္ထေရဂါထာဝဏ္ဏနာ၌–

သတတ္တယံ သဟဿဥ္စ၊ ပဉ္ဉာသဥ္စ ပုနာပရေ။

ဧတေ ထေရာ မဟာပညာ၊ သဗ္ဗေဝ ပေဟိဘိက္ခုကာ။

ဟူသောဂါထာဖြင့် ဧဟိဘိက္ခုရဟန္တာအရှင်မြတ်တို့၏ အရေအတွက် ၁၃၅၀–ရှိကြောင်း မှတ်ချက်ချခဲ့သည်။ ၎င်းအသီတိမဟာသာဝကအရေအတွက်ကိုလည်း ၅၄၁–၂–တို့၌ဖော်ပြခဲ့သည်။ ယင်း အဋ္ဌကထာကို သီဟိုဠ်၊ အင်္ဂလန်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်၌လည်း ရိုက်နှိပ်ခဲ့ရာ ၂–အုပ်ပေါင်း ဆဋ္ဌသံဂါယနာစာတော်မူ ၁၀၃၁–ရှိလေသည်။ ထေရီဂါထာအဋ္ဌကထာမှာ စာမျက်နှာ ၃၀၅–ရှိသည်။ ၎င်းကိုလည်း သီဟိုဠ်၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ထုတ်ခဲ့သည်။ ပါဠိစာပေသမိုင်း၌ ပြောင်မြောက်သောဂါထာများအဖြစ်ထင်ရှားလှသော အမ္ဗပါလီထေရီဂါထာလာဂါထာများကို အရှင်ဓမ္မပါလထေရ် ပြောင်မြောက်စွာဖွင့်ပြခဲ့သည်။ အရှင်ဓမ္မပါလသည် ထေရီဂါထာအဋ္ဌကထာပြီးဆုံး နိဂုံးဂါထာများဖြင့် ခမ်းနားစွာ နိဂုံးအုပ်ခဲ့သည်။

## စရိယာပိဋကအဋ္ဌကထာ

၂၈–ဘာဏဝါရပမာဏရှိသော စရိယာပိဋကအဋ္ဌကထာကိုလည်း အဋ္ဌကထာဟောင်းကိုပင်မှီ၍ ဖွင့်ဆိုရေးသားခဲ့သည်။ ကျမ်းဦး၌–

စရိယာ သဗ္ဗလောကဿ၊ ဟိတာယဿ မဟေသိနော။

အစိန္တေယျာနုဘာဝံ တံ၊ ဝန္ဒေ လောကဂ္ဂနာယကံ။

စသောဂါထာဖြင့် ပဏာမပြုတော်မူခဲ့သည်။ ယင်းကျမ်းကိုလည်း သီဟိုဠ်နှင့်လန်ဒန် ပါဠိအသင်းတို့၌လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ စာမျက်နှာ ၃၂၈–ရှိလေသည်။

## နေတ္တိ အဋ္ဌကထာ

နေတ္တိပါဠိတော်၏အဖွင့်ဖြစ်သော ပရမတ္ထဒီပနီအမည်ရှိသော နေတ္တိအဋ္ဌကထာကိုလည်း ရေးသားစီရင်တော်မူခဲ့သည်။ အရှင်ဓမ္မပါလ၏အခြားအဋ္ဌကထာများ၌ အဘိယာစကမထင်ရှားခဲ့။ ဝိသုဒ္ဓိမဂ်ဋီကာကိုဒါဌာနာဂထေရ် တောင်းပန်သဖြင့် ရေးသားခဲ့ ဖော်ပြခဲ့ပြီးဖြစ်သည်။ နေတ္တိအဋ္ဌကထာကို အရှင်ဓမ္မရက္ခိတထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း–

**ဋ္ဌိတိ အာကင်္ခမာနေန၊ စိရံ သဒ္ဓမ္မနေတ္တိယာ။**
**ဓမ္မရက္ခိတနာမေန၊ ထေရေန အဘိယာစိတော။**

ဟူသော ဂန္ထာရမ္ဘကထာလာဂါထာဖြင့် သိသာသည်။ အရှင်ဓမ္မပါလသည် ဂန္ထာရမ္ဘ၌ အရှင်ကစ္စည်းထေရ်၏ဖြစ်စဉ်အကျဉ်းကို ဖော်ပြခဲ့သည်။ နေတ္တိကျမ်းကို အရှင်ကစ္စည်းထေရ်ဟောပြီး ဘုရားရှင်ကအနုမောဒနာပြုကြောင်းကိုလည်း ပြတော်မူခဲ့သည်။ ထုံးစံအတိုင်း ကျမ်း၏ဗျူပ္ပတ်ကိုလည်း ဖော်ပြခဲ့သည်။ နိဂုံး၌ အိန္ဒိယတောင်ပိုင်း(တန်ဂျိုမြို့) နာဂပဋ္ဋနမြို့ ဓမ္မာသောကမင်းကြီး ဆောက်လုပ်အပ်သော ကျောင်း၌ သီတင်းသုံးစဉ် ရေးသားခဲ့ကြောင်း–

**သဒ္ဓမ္မာဝတာ ရဋ္ဌာနေ၊ ပဋ္ဋနေ နာဂသဝှယေ။**
**ဓမ္မာသောက မဟာရာဇ–ဝိဟာရေ ဝသတာ မယာ။**

စသည်ဖြင့် ဖော်ပြခဲ့သေးသည်။ နေတ္တိအဋ္ဌကထာသည် ၂၇–ဘာဏဝါရရှိကြောင်းလည်း နိဂုံးဖြင့်ပင် သိရလေသည်။ သီဟိုဠ်နှင့်လန်ဒန်၌ (Pali Text Society)ကလည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာရိုက် ဆဋ္ဌစာတော်မူ ၂၇၆–ရှိလေသည်။

## ဋီကာများကိုလည်း ရေးသားခဲ့ခြင်း

အရှင်ဓမ္မပါလသည် ဋီကာများကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။ ဋီကာကျမ်းပြုပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။ ၎င်း၏ဋီကာတို့မှာ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒီဃနိကာယ်ဋီကာ မဇ္ဈိမနိကာယ်ဋီကာ သံယုတ္တနိကာယ်ဋီကာ စသည်တို့ ဖြစ်ကုန်သည်။

## ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ်မဟာဋီကာ

ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ်ဋီကာကြီးကို သိတ္တဂါမပရိဝေဏဝါသီ အရှင်ဒါဌာနာဂထေရ်တောင်းပန်သဖြင့် သမယ သမယန္တရ ၂–မျိုးစလုံးကိုမွှေနှောက်၍ ရေးသားတော်မူခဲ့လေသည်။ ဝိသုဒ္ဓိမဂ်ဋီကာ၌ ပဏ္ဏာမနိဂုံးတို့ဖြင့် ခမ်းနားစွာ ရေးသားခဲ့သည်။ ယင်းဋီကာကို ယိုးဒယား၊ သီဟိုဠ်တို့၌လည်း ရိုက်နှိပ်ခဲ့သည်။ ဘာဏဝါရပေါင်း ၈၈–ဘာဏဝါရရှိ၍ ၂–အုပ်ပေါင်း စာမျက်နှာ ၉၉၆–ရှိလေသည်။

## ဒီဃနိကာယ် ဋီကာ

ဒီဃနိကာယ်ဋီကာကိုလည်း ရေးသားပြုစုတော်မူခဲ့ရာ ယင်းဋီကာသည် သီလက္ခန္ဓဝဂ္ဂဋီကာ မဟာဝဂ္ဂဋီကာ ပါထိကဝဂ္ဂဋီကာဟု ပါဠိအဋ္ဌကထာအလိုက် ၃–တွဲပင်ရှိသည်။ ယင်းဋီကာများကိုလည်း လီနတ္ထပကာသနီဟု နာမည်ပေးခဲ့သည်။ ဒီဃနိကာယ်ဋီကာသည် ဂန္ထပေါင်း ၁၀၂၈–ပမာဏရှိကြောင်း ကျမ်းအဆုံး၌တွေ့ရှိရသည်။ ပဏ္ဏာမဂါထာစသည်များ မပါရှိပေ။ ပါထိကဋီကာအဆုံး၌–

မိစ္ဆာဒိဋ္ဌိကစောရေဟိ၊ သီလာဒိဓနသဥ္စယံ။

ရက္ခဏတ္တာယ သက္ကစ္စံ၊ မဉ္ဇူသံ ဝိယ ကာရိတံ။

ဟု နောက်မှအခြားဆရာတဦးဦးထည့်ခဲ့သည်ဟုယူဆရသော တဂါထာသာပါရှိသည်။ ၎င်း ဋီကာကို သီဟိုဠ်၌မကြာမီကမှရိုက်ပြီးခဲ့သည်။ မြန်မာရိုက် ၃–တွဲပေါင်း ၁၀၅၅–ရှိလေသည်။

## မဇ္ဈိမနိကာယ် ဋီကာ

မဇ္ဈိမနိကာယ်ဋီကာကိုလည်း ဆက်လက်ရေးသားတော်မူခဲ့သည်။ ပဏ္ဏာမစသည်ကိုဂါထာများဖြင့် တခမ်းတနား မဖော်ပြတော့ပဲ သံဝဏ္ဏနာရမ္ဘေဟု အစပျိုး၍ဖွင့်ပြခဲ့သည်။ ၎င်းဋီကာကိုလည်း လီနတ္ထပကာသနီဟုအမည်ပေးခဲ့သည်။ သီဟိုဠ်၌ ၎င်းဋီကာများ ယခုမှရိုက်နေဆဲဖြစ်ကြောင်း သိရသည်။ မြန်မာပြည်၌ ၎င်းသည် အတွဲ ၃–တွဲရှိရာ ၃–တွဲပေါင်း စာမျက်နှာ ၁၁၆၀–ရှိလေသည်။ ၎င်းဋီကာများ၌ သမယန္တရလာစကားများ များစွာပါဝင်သည်။ မ၊ ဋီ ၃၊ ၇၅–လဥ္ဇကိကောပမသုတ် အာတုမာအဖွင့်–

အဂ္ဂိ အဂ္ဂိ သမ္ဘဝသိ၊ ဟဒယာ အဓိဇာယသေ။

အတ္တာ ဝေ ပုတ္တနာမာသိ၊ သဇီဝ သရဒေါသတံ။

ဟူသော ကောသိတကီဗြဟ္မဏာဥပနိဂကျမ်း။ ၂၊ အဇ္ဈာယ၊ ၁၁၊ မန္တလာဂါထာကို လည်း တွေ့ရသည်။

## သံယုတ္တဋီကာ

သံယုတ္တနိကာယ်ဋီကာကိုလည်း ရေးသားတော်မူခဲ့သည်။ သံယုတ္တဋီကာ ပဋ္ဌမအုပ် ၃၃-၌ ဘဂဝါပုဒ်အဖွင့် ဣတိဝုတ်အဋ္ဌကထာ ဝိသုဒ္ဓိမဂ် ဋီကာများဆင်တူ ဖွင့်ပြတော်မူခဲ့သည်။ သံယုတ္တဋီကာသည် ဋီကာသံဂါယနာခေတ်ကျမှ စာအုပ်အဖြစ် သို့ရောက်ခဲ့သည်။ ၂-တွဲရိုက်နှိပ်ထားရာ ပဋ္ဌမတွဲ -၃၄၅၊ ဒုတိယတွဲ -၅၅၁၊ ရှိရာ ၂-တွဲပေါင်း ၈၉၆-ရှိလေသည်။ သံယုတ္တဋီကာသည်လည်း လီနတ္ထပ္ပကာသနီ မည်ကြောင်း သံယုတ္တနိကာယ အဋ္ဌကထာ လီနတ္ထပကာသနာ နိဋ္ဌိတာ-ဟူသော နိဂုံးစကားဖြင့် သိသာသည်။

## အင်္ဂုတ္တိုရ် ဋီကာဟောင်း

အင်္ဂုတ္တရဋီကာကိုလည်း ရေးသားတော်မူခဲ့သည်။ ယင်းဋီကာဟောင်းနှင့် ပတ်သတ်၍ သီဟိုဠ်ပါဠိသမိုင်းဆရာ အရှင်ဗုဒ္ဓဒတ္တထေရ်နှင့် ကျမ်းစာများသမိုင်းကို ပြလေ့ရှိသော သာသနဝံသပြ ဒီပယဆရာ အရှင်ဝိမလကိတ္တိတို့ မရေးသားမဖော်ပြ ခဲ့ကြချေ။ ပိဋကတ်တော်သမိုင်းကျမ်း၌ ကင်္ဂုတ္တရဋီကာ၊ ဒုကင်္ဂုတ္တရဋီကာ၊ တိကင်္ဂုတ္တရဋီကာ ၃-ကျမ်းသာ အဖွင့်ဋီကာဟောင်းရှိကြောင်း ပဒရတိတ္ထကျောင်း နေ အရှင်ဓမ္မပါလပြုကြောင်း ဖော်ပြထားသည်။ ၎င်းဋီကာဟောင်းကျွန်ုပ်တို့ မဟာဝိသုတာရာမ ပိဋကတ်တိုက်၌ရှိဘူးရာ အရှင်ဓမ္မပါလ၏အခြားဋီကာများနှင့် အသွားတူ ကြောင်းသိရလေသည်။ အရှင်သာရိပုတ္တရာ၏ အင်္ဂုတ္တိုရ်ဋီကာကို ထောက်၍ အင်္ဂုတ္တိုရ်ဋီကာဟောင်းဟု ခေါ်တွင်သည်။

## နေတ္တိ ဋီကာ

လီနတ္ထဝဏ္ဏနာအမည်ရှိသော နေတ္တိဋီကာကိုလည်း ပြုစုရေးသားတော်မူ ခဲ့သည်။ ကိုယ်တိုင်ရေးခဲ့သော နေတ္တိအဋ္ဌကထာကိုဖွင့်ရသည့်အတွက် ကျဉ်းကျဉ်း နှင့် လိုရင်းကိုသာဖွင့်တော်မူခဲ့သည်။ ပဏာမဂါထာများဖြင့် တခမ်းတနားမဟုတ်ပဲ ''သံဝဏ္ဏနာရမ္ဘေ ရတနတ္တယဝန္ဒနာ သံဝဏ္ဏေတဗ္ဗ ဓမ္မဿ ပဘာဝနိဿယဝိသုဒ္ဓိ ပဋိဝေဒနတ္ထံ'' စသည်ဖြင့် အစပျိုး၍ ဖွင့်ဆိုရေးသားခဲ့သည်။

## ဆဋ္ဌသံဂါယနာစာမူ

နေတ္တိဋီကာစာအုပ်မှာ ဆဋ္ဌသံဂါယနာစာမျက်နှာ ၁၅၁-သာရှိသည်။ ကျမ်း၏အဆုံး၌ နေတ္တိအဋ္ဌကထာယ လီနတ္ထဝဏ္ဏနာ နိဋ္ဌိတာ-ဟုသာ ပါရှိသည်။

## အဘိဓမ္မာ အနုဋီကာ

အရှင်အာနန္ဒာ၏ မူလဋီကာ၏အဖွင့်ဖြစ်သော အနုဋီကာကိုလည်း အရှင်ဓမ္မပါလထေရ်ရေးသည်ဟု ပိဋကတ်သမိုင်း၊ သာသနဝံသပ္ပဒီပိကာစသော ကျမ်းတို့၌ လာရှိသည်။ သို့သော် Dictionary of Pali Proper Name နှင့် The Pali Literature of ceylon စသည်ကို ရေးသားခဲ့သော သီဟိုဠ်ပညာရှိ ဒေါက်တာမာလလာ ဆေကရ ကမူအနုဋီကာပြုသူမှာ ဝနရတနအာနန္ဒာ၏တပည့် စူဠဓမ္မပါလထေရ်ဖြစ်ကြောင်းဖော်ပြခဲ့သည်။ ၎င်းတို့မှာ ဆဋ္ဌသံဂါယနာစာတော်မူ ဓမ္မသင်္ဂဏီအနုဋီကာ ၂၂၀၊ ဝိဘင်္ဂအနုဋီကာ ၂၂၉၊ ပဉ္စပကရဏအနုဋီကာ ၃၂၃-ရှိရာ ၃-ကျမ်းပေါင်း ၇၅၇-မျက်နှာရှိလေသည်။ ၎င်းကျမ်းတို့မှာ လီနတ္ထပဒဝဏ္ဏနာ၊ လီနတ္ထဝဏ္ဏနာတို့ ဖြစ်ကြောင်း--- လီနတ္ထပဒဝဏ္ဏနာ ဓမ္မသင်္ဂဏီအနုဋီကာ သမတ္တာ--- လီနတ္ထဝဏ္ဏနာ ဝိဘင်္ဂအနုဋီကာ သမတ္တာ--လီနတ္ထဝဏ္ဏနာ အနုဋီကာသမတ္တာ-ဟူသော နိဂုံးတို့ဖြင့်သိသာသည်။

## သစ္စသင်္ခေပ

သစ္စသင်္ခေပကျမ်းကိုလည်း အရှင်ဓမ္မပါလထေရ်ရေးသားစီရင်သည်ဟု ပိဋကတ်တော်သမိုင်း သာသနဝံသပ္ပဒီပိကာ မဏိသာရမဉ္ဇူသာဋီကာ ပဏ္ဏက်ပိုင်း အဖွင့် ၃၇၇-၌ မိန့်ဆိုကြသည်။ သို့သော် သီဟိုဠ်ကျွန်း ဓမ္မကိတ္တိသာသနာပိုင်၏ တပည့်ရေးသော သဒ္ဓမ္မသင်္ဂဟကျမ်း၌-

> ကတော ယော သစ္စသင်္ခေပေါ၊ နိပုဏာတ္ထဝိနိစ္ဆယော။
> အာနန္ဒထေ္ထရပါဒေန၊ ဝိစိတ္တနယမဏ္ဍိတော။

ဟူသောဂါထာဖြင့် ဝနရတနအရှင်အာနန္ဒာထေရ်ရေးကြောင်း ဖော်ပြခဲ့သည်။ ၎င်းကျမ်းသည် ဂါထာ ၃၈၇-ဗုဒ္ဓသာသနာ့ရိုက် စာမျက်နှာ ၃၄-ရှိလေသည်။ သီဟိုဠ်ကျွန်း မောရဋ္ဌုဝမေဓာနန္ဒထေရ် နိသျနှင့်တကွစီစဉ်၍ အေ-ဒီ-၁၉၁၂-ခုနှစ်က ရိုက်ထားသောမူ ဒီမိုင်းဆိုက်စာမျက်နှာ ၂၀၅-ရှိလေသည်။

## အရှင်ဓမ္မပါလထေရ်၏ သဒ္ဒါနှင့်ဝီရိယ

ဤသို့ဖြင့် အရှင်ဓမ္မပါလသည် သမယ,သမယန္တရတို့ကို မွေနှောက်ချောက်ချားပြီး ကျမ်းစာများပြုစုခဲ့ရာ အင်္ဂုတ္တိုရ်ဋီကာဟောင်းနှင့် သစ္စသံခေပအနုဋီကာတို့မှတပါး ကျမ်းစာအုပ်ရေပေါင်း ၂၀၊ ဆဌသံဂါယနာစာမျက်နှာဦးရေ ၇၉၃၁-မျှ ရှိလေသည်။ သို့ကလောက် ထက်သန်လွန်ကဲသော အရှင်ဓမ္မပါလ၏သဒ္ဓါတရားနှင့် ဝီရိယကို အဘယ်မည်သောပညာရှင်သည် မချီးကျူးမအံ့သြပဲ နေနိုင်ပါအံ့နည်း။

**ဝဝံ ဟိ မဟာတော ဂန္ထ-ကာရသာ အဂ္ဂဝိညုနော။**
**ဓာနိတွာ သဒ္ဓဝါယာမံ၊ ကော နော ထေရံ ပသံသယေ။**

■ ■ ■

## မဟာနိဒ္ဒေသအဋ္ဌကထာနှင့် စူဠနိဒ္ဒေသအဋ္ဌကထာကျမ်းပြု
## အရှင်ဥပသေန မဟာထေရ်

အရှင်ဥပသေနမဟာထေရ်သည် မဟာနိဒ္ဒေသအဋ္ဌကထာ၊ စူဠနိဒ္ဒေသအဋ္ဌကထာတို့ကို ရေးသားပြုစုခဲ့သည့် အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်မြတ်ဖြစ်သည်။ အရှင်ဥပသေန၏ခေတ်ကိုလည်း သီဟိုဠ်သမိုင်းဆရာတို့ပင် တိကျစွာ ဆုံးဖြတ်ချက်မပေးနိုင်ကြပါ။

## အရှင်ဥပသေန ပေါ်ထွန်းချိန်

အရှင်ဥပသေနသည် သာသနာသက္ကရာဇ် ၁၁၀၇-ခုနှစ်တွင် သီဟိုဠ်ကျွန်းအနုရာဓမြို့နန်းတက်သော ပဌမအဂ္ဂဗောဓိမင်းလက်ထက်လောက်ဖြစ်ကြောင်း သီဟိုဠ်ပါဠိသမိုင်းကျမ်းနှင့် သီဟိုဠ်သာသနာဝံသပြု ဒီပယကျမ်းတို့၌ ဖော်ပြထားသည်။ အရှင်ဥပသေန၏ စူဠနိဒ္ဒေသအဋ္ဌကထာနိဂုံး၌-

ရညော သိရိနိဝါသဿ၊ သိရိသင်္ဃဿ ဗောဓိနော။
ဆဗ္ဗီသတိမှိ ဝဿမှိ၊ နိဋ္ဌိတာ နိဒ္ဒေသဝဏ္ဏနာ။

ဟု လာရှိသောဂါထာကို အောင်လံစိုက်ဆောက်ရေးသား၍ ပြီးမြောက်ခဲ့ကြောင်းဟု သိသာသည်။ သို့သော် သီဟိုဠ်ရာဇဝင်၌ မိမိအားထမင်းတထပ်ကျွေးခဲ့သည့် ခရီးသည်အား မိမိဦးခေါင်းကိုဖြတ်၍လှူဒါန်းသော သိရိသင်္ဃဗောဓိမင်းသာ သီဟိုဠ်ရာဇဝင်၌ထင်ရှားသည်။ ၎င်းမင်းသည်လည်း သာသနာသက္ကရာဇ် ၇၉၄-၇၉၆၊ (အေ-ဒီ၊ ၃၀၀-၃၀၂) အထိ ၂-နှစ်သာ မင်းပြုရကြောင်း-

ရာဇာ သိရိသင်္ဃဗောဓိ၊ ဝိဿုတော ပဥ္စသီလဝါ။
အနုရာဓပုရေ ရဇ္ဇံ၊ ဒုဝေ ဝဿာနိ ကာရယိ။

ဟူသော မဟာဝံသ၊ ၃၆၊ ၇၃-ဖြင့် သိသာလှသည်။ ထိုသို့ ၂-နှစ်သာ မင်းပြုရသော ကြောင့်လည်းကောင်း၊ အရှင်ဗုဒ္ဓဃောသထက်ရှေးနှစ်ပေါင်း ၁၅၀-ကျော်ရှေးကျနေ သောကြောင့်လည်းကောင်း၊ ခေါင်းဖြတ်လှူသော သိရိသင်္ဃဗောဓိမင်းကား စူဠနိဒ္ဒေသနိဂုံး၌လာသော မင်းမဖြစ်နိုင်သည်သာ။ သာသနာသက္ကရာဇ် ၁၁၀၇-ခုနှစ်မှစ၍နန်းတက်သော ပဌမအဂ္ဂဗောဓိမင်းသည် နှစ်ပေါင်း ၃၄-နှစ်တိုင် သီဟိုဠ်၌ မင်းပြုခဲ့သည်။ ၎င်းမင်းသည် သိရိသင်္ဃဗောဓိပရိဝေဏ ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း-

ပရိဝေဏံ သိရိသဃ်–ဗောဓိနာမဋ္ဌ ကာရယိ။

ဟူသော မဟာဝံသ။ ၄၁–၁၀၊ ဂါထာဖြင့်သိရသည်။ မိမိတည်ဆောက်သော သိရိသဃ်ဗောဓိပရိဝေဏအမည်ကိုစွဲ၍ ပဌမအဂ္ဂဗောဓိမင်းသည် သိရိသဃ်ဗောဓိ ပရိဝေဏဒါယကာမင်းမြတ် သိရိသဃ်ာဗောဓိမင်းဟူ၍ အမည်တွင်နိုင်သည်ဟု သီဟိုဠ်သမိုင်းပညာရှင်တို့ယူဆကြသည်။ ထို့ကြောင့် ဤပဌမအဂ္ဂဗောဓိမင်းသာ စူဠနိဒ္ဒေသနိဂုံး၌ပါသောမင်းဖြစ်နိုင်သည်။ ဒုတိယအဂ္ဂဗောဓိနှင့် တတိယအဂ္ဂဗောဓိ မင်းတို့မှာ သိရိသဃ်ဗောဓိဘွဲ့နာမည်ရကြသော်လည်း ၂၆–နှစ်နန်းသက်မရှည်ကြ ကုန်။

## မဟာဝိဟာရသားကောင်းရတနာ

အရှင်ဥပသေနသည် ကိတ္တိသေနအမည်ရှိသော အမတ်ဆောက်လုပ်အပ် သော မဟာဝိဟာရကျောင်းတိုက်အတွင်း မဟာစေတီကြီး၏အနောက်ဘက်ရှိ ပရိဝေဏ၌သီတင်းသုံး၍ ခမာ ဒယာ အစရှိသောဂုဏ်နှင့်ယှဉ်သော အရှင်ဒေဝ ထေရ်တောင်းပန်သဖြင့် မဟာနိဒ္ဒေသအဋ္ဌကထာ စူဠနိဒ္ဒေသအဋ္ဌကထာတို့ကို ရေး သားကြောင်းဖော်ပြခဲ့သည်။ ထိုသို့ရေးသားရာ၌ မဟာဝိဟာရဝါသီဂိုဏ်းဝင်ထေရ်တို့ ၏ လေ့လာချသင် သရုပ္ပာယ်စဉ်၌တည်ပြီး ရှေးအဋ္ဌကထာများလာအဆုံးအဖြတ်ကို ယူ၍ ရေးသားမည်ဟုလည်း ဂန္ထာရမ္ဘ၌ကိုယ်တိုင်ဖော်ပြခဲ့သည်။ ထို့ကြောင့် နိဒ္ဒေသအဋ္ဌ ကထာကျမ်းပြု အရှင်ဥပသေနကို မဟာဝိဟာရကျောင်းတိုက်ကြီး၏ သားကောင်းရတနာ အာဇာနည်ဖြစ်ကြောင်း ယုံမှားမဲ့မှတ်ယူနိုင်သည်။

## ရတနတ္တယပဏာမ

အရှင်ဥပသေနသည် အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းကို အလိုရှိသဖြင့်–

အဝိဇ္ဇာလင်္ဂိ ဃာတေန္တော၊ နန္ဒိရာဂဋ္ဌ မူလတော။
ဘာဝေန္တော်ဂ္ဂိကံ မဂ္ဂံ၊ ဖုသိ ယော အမတံ ပဒံ။
ပါပုဏိတွာ ဇိနော ဗောဓိံ၊ မိဂဒါယံ ဝိဂါဟိယ။

ဓမ္မစက္ကံ ပဝတ္တေတွာ၊ ထေရံ ကောဏ္ဍညမာဒိတော။
အဋ္ဌာရသန္နံ့ ကောဋီနံ၊ ဗောဓေသိ တာပသော တဟိံ။

ဝန္ဒေဟံ သိရသာ တဋ္ဌ၊ သဗ္ဗသတ္တာနမုတ္တမံ။
တထာ ဓမ္မုတ္တမဥ္စေဝ၊ သံဃဉ္စာပိ အနုတ္တရံ။
ဟူသောဂါထာများဖြင့် ရတနာ ၃–ပါးကို ရှိခိုးခဲ့သည်။

## သာရိပုတ္တပဗ္ဗဇာမ

မဟာနိဒ္ဒေသပါဠိတော်မှာ သုတ္တနိပါတ်ပါဠိတော် အဋ္ဌကဝဂ်လာ ကာမသုတ် ဂုဟဋ္ဌကသုတ် အစရှိသော ၁၆–သုတ်ကိုအကျယ်ချဲ့၍ ဓမ္မသေနာပတိအရှင်သာရိပုတ္တရာမဟာထေရ်ဟောသောကျမ်းစာဖြစ်၍ စူဠနိဒ္ဒေသပါဠိတော်မှာလည်း သုတ္တ နိပါတ် ပါရာယနဝဂ်လာ အဇိတမာဏဝပုစ္ဆာ တိဿမေတ္တေယျမာဏဝပုစ္ဆာ အစရှိသည်တို့နှင့် ခဂ္ဂဝိသာဏသုတ်ကိုအကျယ်ချဲ့၍ အရှင်သာရိပုတ္တရာပင်ဟောသော ကျမ်းဖြစ်သည်။ ထိုအရှင်သာရိပုတ္တရာဟောသော မဟာနိဒ္ဒေသပါဠိ စူဠနိဒ္ဒေသပါဠိ တို့ကိုဖွင့်ခြင်းဖြစ်ရကား အရှင်ဥပသေနသည်–

သာရိပုတ္တော မဟာပညော၊ သတ္ထုကပ္ပေါ ဇိနတြဇော။
ဓမ္မစက္ကံ ဝိဘာဇေတွာ၊ မဟာနိဒ္ဒေသမဗြဝိ။
ပါဠော ဝိသိဋ္ဌော နိဒ္ဒေသော၊ တံ နာမဝိသေသိတော စ။
တံ သာရိပုတ္တံ ဇိနရာဇပုတ္တံ၊ ထေရံ ဓိရာနေကဂုဏာဓိဝါသံ။
ပညာပဘာဝုဂ္ဂတစာရုကိတ္တိံ၊ သုနိစ္စဝုတ္တိံ စ အထော နမိတွာ။

ဟူသောဂါထာများဖြင့်အရှင်သာရိပုတ္တရာအား ရှိခိုးခဲ့သည်။ ဖော်ပြပါ မဟာနိဒ္ဒေသအဋ္ဌကထာနှင့် စူဠနိဒ္ဒေသအဋ္ဌကထာများကို ယိုးဒယား၊ သီဟိုဠ် အင်္ဂလန်တို့၌လည်း ရိုက်ခဲ့သည်။ အင်္ဂလန်ရိုက် ၆၄၆–မျက်နှာရှိပြီး သီဟိုဠ်မူရှိုင်ဆိုက် ၅၃၆–ရှိလေသည်။ မြန်မာပြည်ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅၅၉–ရှိလေသည်။ ဘာဏဝါရပေါင်း ၄၀–ကျော်ရှိကြောင်းကိုလည်း နိဂုံး၌ဖော်ပြထားသည်။

## ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနှင့်တူသောအချက်များ

နိဒ္ဒေသအဋ္ဌကထာပဏာမဂါထာနှင့် နိဂုံးဂါထာများ ခတ်ဆင်ဆင်လာရှိသည်ကိုထောက်ဆပြီး မဟာနိဒ္ဒေသအဋ္ဌကထာဆရာနှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆရာ ဆရာတူတပည့် ဆရာတပည့် မိတ်ဆွေရင်းချာဖြစ်ရာသည်ဟု ပညာရှင်အချို့တို့ယူဆကြသည်။ ခေတ်ကာလချင်းမှာမူ များစွာမကွာခြားကြောင်း သိနိုင်လေသည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သာရိပုတ္တပဏ္ဏာမ၌–

တံ သာရိပုတ္တံ မုနိရာဇပုတ္တံ၊ ထေရံ ထိရာနေကဂုဏာဘိရာမံ။

ပညာပဘာဝဂ္ဂတစာရုကိတ္တိံ၊ သုသန္တဝုတ္တိံ စ အထော နမိတွာ။

ဟုလာရာ အနည်းငယ်မျှပင် ကွဲလွဲလေသည်။ ၎င်းပြင် မဟာနိဒ္ဒေသအဋ္ဌကထာ ပဋိညာဉ် ဥယျောဇဉ်ပြုဂါထာမှာ–

ဝက္ခာမဟံ အဋ္ဌကထံ ဇနဿ၊ ဟိတာယ သဒ္ဓမ္မစိရဋ္ဌိတတ္ထံ။

သက္ကစ္စ သဒ္ဓမ္မပဇောတိကံ တံ၊ သုဏာထ ဓာရေထ စ သာဓု သန္တော။

ဖြစ်၍ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပဋိညာဉ်ဥယျောဇဉ်ပြုဂါထာမှာ–

ဝက္ခာမဟံ အဋ္ဌကထံ ဇနဿ၊ ဟိတာယ သဒ္ဓမ္မစိရဋ္ဌိတတ္ထံ။

သက္ကစ္စ သဒ္ဓမ္မပကာသိနိံ တံ၊ သုဏာထ ဓာရေထ စ သာဓု သန္တော။

ဖြစ်ရာ သဒ္ဓမ္မပဇောတိကာနှင့် သဒ္ဓမ္မပကာသိနီနာမည်မျှသာကွာခြားကြောင်း သိနိုင်လေသည်။ ဤမျှသာမကသေး စူဠနိဒ္ဒေသအဋ္ဌကထာနိဂုံး၌–

ယော သော သုဂတပုတ္တာနံ၊ အဓိပတိဘူတေန ဟိတရတိနာ။[၁]

ထေရေန ထိရဂုဏဝတာ၊ သုဝိဘတ္တော မဟာနိဒ္ဒေသော။

ဟုလာရှိရာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဂုံး၌–

ယော သော သုဂတသုတာနံ၊ အဓိပတိဘူတေန ဘူတဟိတရတိနာ။

ထေရေန ထိရဂုဏဝတာ၊ ဝုတ္တော ပဋိသမ္ဘိဒါမဂ္ဂေါ။

ဟုလာရှိသည်။

၎င်းပြင် စူဠနိဒ္ဒေသအဋ္ဌကထာနိဂုံး၌–

သဒ္ဓမ္မပ္ပဇ္ဇောတိကာယ၊ အဋ္ဌကထာယေတ္ထ ဂဏိတကုသလေဟိ။

ဂဏိတာ တု ဘာဏဝါရာ၊ ဉေယျာတိရေကစတ္တာရီသာ။

ဟုလာရှိရာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဂုံး၌–

သဒ္ဓမ္မပ္ပကာသိနိယာ၊ အဋ္ဌကထာယေတ္ထ ဂဏိတကုသလေဟိ။

ဂဏိတာ တု ဘာဏဝါရာ၊ ဝိညေယျာ အဋ္ဌပညာသ။

ဟုလာရှိသည်။ သည်မျှမကသေးပါ။ နောက် ၃–ဂါထာ၌ တစ်ဂါထာသာ အနည်းငယ် ခြားနားပြီး နောက်ဆုံး ၂–ဂါထာမှာ လုံးဝ တူလေသည်။

---

၁။ ဘူတဟိတရတိနာ (သီ၊ သျာ)

## ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု
## အရှင်မဟာနာမ  မဟာထေရ်

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို လေ့လာချပ်ကြည့်ရှုသူတိုင်း ယင်းအဋ္ဌကထာကျမ်းပြု အရှင်မဟာနာမထေရ်ကို မှန်းဆ၍ ကြည်ညိုကြသည်။

## အရှင်မဟာနာမ  ပေါ်ထွန်းချိန်

အရှင်မဟာနာမထေရ်သည် သာသနာသက္ကရာဇ် ၁၀၆၁–လောက်တွင် သီဟိုဠ်၌လွန်စွာကျော်ကြားသည်။ သမယ,သမယန္တရ နှစ်ဌာနလုံး၌ ကျွမ်းကျင်တတ်မြောက်သည်။ မှန်သောက်မာတင် အာဇာနည်အရှင်မြတ် တစ်ပါးဖြစ်သည်။

## ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို  ပြုစုရာဌာနနှင့်အချိန်

အရှင်မဟာနာမသည် ဥတ္တရမန္တိအမည်ရှိသောအမတ်သည် မဟာဝိဟာရကျောင်းတိုက်ကြီးအတွင်း၌ ဆောက်လုပ်လှူဒါန်းအပ်သော ပရိဝေဏ၌သီတင်းသုံးစဉ် မောဂ္ဂလ္လာန်မင်းကွယ်လွန်ပြီးနောက် ၃–နှစ်မြောက်တွင် ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကို ရေးသားစီရင်၍ပြီးဆုံးကြောင်း–

ယံ တံ ဥတ္တရမန္တိ၊ မန္တိဂုဏယုတော ယုတော စ သဒ္ဓါယ။
ကာရယိ မဟာဝိဟာရေ၊ ပရိဝေဏမနေကသာဓုဂုဏံ။
ထေရေနေတ္ထ နိဝသတာ၊ သမာပိတာယံ မဟာဘိဓာနေန။
တတိယေ ဝဿေ စုတိတော၊ မောဂ္ဂလ္လာနဿ ဘူပတိနော။

ဟူသောဂါထာဖြင့်သိသာသည်။ မောဂ္ဂလ္လာန်အမည်ရှိသောမင်းသည် ဘခင်ဓာတုသေနမင်းကိုသတ်ဖြတ်၍ မင်းအဖြစ်ရယူထားသော နောင်တော်ကဿပမင်းကို အောင်မြင်ပြီး သာသနာသက္ကရာဇ် ၁၀၄၀–ခုနှစ်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့၌ နန်းစိုက်၍မင်းပြုခဲ့သည်။ ၎င်းမင်းသည် ၁၈–နှစ် သီဟိုဠ်ကျွန်း၌ မင်းပြုခဲ့သည်။ ၎င်းမင်း၏နတ်ရွာစံပြီး ၃–နှစ်မြောက် သာသနာသက္ကရာဇ် ၁၀၆၁–လောက်တွင် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာရေးသားပြီးစီးကြောင်း သိသာလေသည်။ မောဂ္ဂလ္လာန်မင်း၏ ကောင်းမှုတော်စာရင်း၌–

ပဗ္ဗတံ တု ဝိဟာရံ သော၊ ကတွာ ထေရဿ ဒါပယိ။
မဟာနာမဿ နာမဿ၊ ဒီဃသန္ဒဝိဟာရကေ။

ဟူသော မဟာဝံသ၊ ၃၉–၈ မြောက်ပရိစ္ဆေဒ၊ ၄၂–ဂါထာအားလျော်စွာ မဟာနာမ မထေရ်အား ကဿပနန်းစံခဲ့သော ဆိဂရိ(သီဟဂိရိ)ကို အရှင်မဟာနာမထေရ်အား လှူဒါန်းကြောင်းဖော်ပြထားရာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု အရှင်မဟာနာမ ထေရ် ဖြစ်ဖွယ်ရှိသည်။ ၎င်းပြင် မဟာနာမထေရ်၏ကျမ်းနိဂုံး၌ ကွယ်လွန်ပြီးသော မောဂ္ဂလ္လာန်မင်းနာမည်ကိုသာဖော်ပြ၍ မောဂ္ဂလ္လာန်နောက် နန်းတက်သော ကုမာရ ဒါသမင်းနာမည်ကို ဖော်မပြခဲ့ချေ။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာပြီးသည်မှာ မောဂ္ဂလ္လာန် လွန်ပြီး ကုမာရဒါသမင်းနန်းစံ ၃–နှစ်မြောက်မှာ ပြီးစီးခဲ့သည်။

အရှင်မဟာနာမထေရ်သီတင်းသုံးသော ကျောင်းတိုက်ဒကာ စစ်ဗိုလ်အမတ်၏ ပရိဝေဏဆောက်ကြောင်းကိုလည်း သေနာပတိသနာမကာ၊ ပဓာနဃရကမုတ္တမံ– ဟူသော မဟာဝံသ၊ ၃၉–မြောက်အပိုင်း ၅၈–ဂါထာဖြင့် သိရလေသည်။

## ပဋိသမ္ဘိဒါမဂ် ဖွင့်ပုံ

အရှင်မဟာနာမသည် ပဋိသမ္ဘိဒါမဂ်ကိုမဖွင့်မီ ရတနာ ၃–ပါးကိုရှိခိုးပြီး ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို ဟောတော်မူခဲ့သည့် အရှင်သာရိပုတ္တရာ မဟာထေရ်မြတ် ကိုလည်း–

**ယော သဗ္ဗဘူတေသု မုနီဝ အဂ္ဂေါ၊**
**အနန္တသခေ်သု ဇိနတြဇေသု။**

စသော ၂–ဂါထာဖြင့် ရှိခိုးဦးချ ချီးမွမ်းထောမနာပြုခဲ့သည်။ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၁၁–ပမာဏမျှရှိသောစကားဖြင့် ဂန္ထာရမ္ဘကိုကျယ်ဝန်းစွာ ဖော်ပြခဲ့သည်။ ဂန္ထာရမ္ဘစာမျက်နှာ ၇–၌ –

**ပုဗ္ဗယောဂေါ ဗာဟုသစ္စံ၊ ဒေသဘာသာ စ အာဂမော။**
**ပရိပုစ္ဆာ အဓိဂမော၊ ဂရုသန္နိဿယော တထာ။**
**မိတ္တသမ္ပတ္တိ စေ ဝါတိ၊ ပဋိသမ္ဘိဒါပစ္စယာ။**

ဟူသောဂါထာ စသည်နှင့်တကွ ပဋိသမ္ဘိဒါရကြောင်းကို ပြည့်စုံစွာဖော်ပြခဲ့သည်။ ၎င်းပြင် အတ္တုဒ္ဒါရ အတ္တုဒ္ဒေသတို့ဖြင့်ဖွင့်ခွင့်ကြုံလျှင် ကျယ်ဝန်းစွာ ဖွင့်လေသည်။ ဉာဏကထာမာတိကာအဖွင့် ၁၂–၌ သောတသဒ္ဒါ၏အနက်ကို ရှေးဦးစွာ–

**မံသဝိညာဏဉာဏေသု၊ တဏှာဒီသု စ ဒိဿတိ။**
**ဓာရာယံ အရိယမဂ္ဂေ၊ စိတ္တသန္တတိယမ္ပိ စ။**

ဟု ဂါထာကိုဖော်ပြပြီးမှ ဆိုင်ရာသာဓကထုတ်၍ အကျယ်ဖွင့်ပြခဲ့သည်။

## ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ စကားတော်တော်များ များကိုတွေ့ရှိရသည်။ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၅၇– ၌– အဋ္ဌကထာယဥ္စဝုတ္တံ–

''လောကနာထံ ဌပေတွာန၊ ယေ စညေ သတ္တိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဂ္ဃန္တိ သောဠသိ''န္တိ။

ဟုလာရှိသည်။ ၎င်းဂါထာကို ဝိသုဒ္ဓိ၊ ၁။ ၂၂၆–၌တွေ့နိုင်သည်။ ၎င်းပြင် ပဋိသံ၊ ဋ္ဌ၊၂။၂၆၇–၌ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တေဟိ စုဒ္ဒသဟိ ပန္နရသဟိ ဝါ စသည်ဖြင့် မုဒုကမ္မညစိတ္တ၏အဖြစ်ကိုထုတ်ပြသည်။ ၎င်းပြင် ပဋိသံ၊ဋ္ဌ၊၂။၂၇၇–၌ ဝိသုဒ္ဓိမဂ္ဂေ ပန ဟတ္ထိမ္ဗိ ဒဿေတီတိ အာဒိပနေတ္ထ ဗဟိဒ္ဓါပိ ဟတ္ထိအာဒိဒဿနဝသေန ဝုတ္တံ– စသည်ဖြင့် ဖော်ပြပါရှိသည်။ ဝိသုဒ္ဓိမဂ်အဆိုသည် ဆိုခဲ့ပြီးသော မူလပုဒ်၊ ဝိကုဗ္ဗနိဒ္ဒိအဖြစ်နှင့် ဆန့်ကျင်ကြောင်း ဆက်၍ပြသေးသည်။ ဤသို့စသည်ဖြင့် ပဋိသမ္ဘိ ဒါမဂ္ဂအဋ္ဌကထာသည် စိစစ်ချက်ဝေဘန်ချက် ကိုးကားချက်တို့ဖြင့် ဝေဝေ ဆာဆာ ရေးသားခဲ့သောကျမ်းဖြစ်ကြောင်း သိသာသည်။ အရှင်မဟာနာမထေရ် သည် နိဂုံး၌ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၌ပါဝင်သော ကထာများကိုလည်း–

ဉာဏံ ဒိဋ္ဌိ အာနာပါနံ၊ ဣန္ဒြိယံ ဝိမောက္ခပဥ္စမံ။
ဂတိကမ္မံ ဝိပလ္လာသော၊ မဂ္ဂေါ မဏ္ဍောတိ တာ ဒသ။
ယုဂနဒ္ဓသစ္စဗောဇ္ဈင်္ဂါ၊ မေတ္တာဝိရာဂပဥ္စမာ။
ပဋိသမ္ဘိဒါ ဓမ္မစက္ကံ၊ လောကုတ္တရဗလသုညတာ။
ပညာ ဣဒ္ဓိ အဘိသမယော၊ ဝိဝေကော စရိယပဥ္စမော။
ပါဋိဟီရံ သမသီသ–သတိ ဝိပဿနမာတိကာ။

ဟူသောဂါထာများဖြင့် ဖော်ပြခဲ့သည်။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာမှာ ဘာဏဝါရ ၅၈–ပမာဏမျှရှိလေသည်။ ယင်း ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကို သီဟိုဠ်စသည်တို့၌ လည်း ရိုက်နှိပ်ခဲ့သည်။ မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ ၂–တွဲပေါင်း စာမျက်နှာ ၆၆၈–မျက်နှာ ရှိလေသည်။

## မဟာဝံသနှင့် မဟာဝံသဋီကာ

မဟာဝံသရှေ့ပိုင်း ၃၇–ပိုင်း ဂါထာ ၅၀–အထိနှင့် မဟာဝံသဋီကာကို လည်း ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု မဟာနာမထေရ်ပင် ရေးသားသည့်ကျမ်းများ ဖြစ်တန်ရာသည်ဟု သီဟိုဠ်သမိုင်းပညာရှင်တို့ ဖော်ပြကြသည်။ မဟာဝံသကျမ်း

သည် လွန်စွာ အဖိုးတန်သည့်ဂါထာဖြင့် ချည်းပြီးသည့် သမိုင်းကျမ်းဖြစ်သည်။

**နမဿိတွာန သမ္ဗုဒ္ဓံ၊ သုသုဒ္ဓံ သုဒ္ဓဝံသဇံ။**

**မဟာဝံသံ ပဝက္ခာမိ၊ နာနာနူနာဓိကာရိတံ။**

ဟူသော ပဏာမဂါထာဖြင့်စတင်ကာ ပြောင်မြောက်စွာရေးသားခဲ့သည်။ ယင်း မဟာဝံသကို အင်္ဂလန်၌ ၁၉၀၈–ခုနှစ်ကတကြိမ်၊ ၁၉၅၈–ခုနှစ်ကတကြိမ် ရိုက်နှိပ်ခဲ့သည်။ လန်ဒန်ရိုက်စာမျက်နှာ ဒီမိုင်းဆိုက် ၃၃၃–ရှိလေသည်။ သီဟိုဠ်၌လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့သည်။

မဟာဝံသဋီကာမှာ ၁၈၉၅–ခုနှစ်၊ သီဟိုဠ်ရိုက် ရွိုင်ဆိုက် ၅၀၄–စာမျက်နှာ ရှိလေသည်။ လန်ဒန်၌ ၁၉၃၅–ခုနှစ်ကရိုက်ခဲ့ရာ ၂–တွဲပေါင်း ၆၈၉–ရှိလေသည်။ ပဏာမဂါထာများမှာ–

ဗုဒ္ဓိဇနုပဒုမဝိဘူတနုတ္တရော၊
ရဝိကုလမ္ဗရ ပဘာသိတုတ္တမော။
သဒ္ဓမ္မကိရဏာကရတေဇသော ယော၊
မောဟန္ဓကာရဟာနနမှိ မဟာနုဘာဝေါ။
တံလောကနာထမဘိဝန္ဒိယ ပူဇနေယျံ၊
ဓမ္မဉ္စ တဿ သံဃဝရဉ္စ။
ဂုဏာကရမဟာဝံသကထာနံ။
အနုတ္တာနတ္ထဝဏ္ဏနာနံ ကရောမ။
တံ နိဿာမယထ သာဓဝေါ ဇနာ။

ဖြစ်လေသည်။

## ချီးကျူးစဖွယ်

ဤသို့ဖြင့် သာသနာတော်ထမ်းရဟန်းတော်ဖြစ်သည့်အလျောက် ကျမ်းစာပြုစုရေးသားခြင်းဖြင့် ပရိယတ္တိသာသနာပြုစု ပျိုးထောင်သွားတော်မူခဲ့သော အရှင်မဟာနာမ၏ဝီရိယမှာ ကေန်ချီးကျူးဖွယ် ကောင်းလှတော့သည်။

ဝံ ဟိ ထေရသေဋ္ဌဿ၊ မဟာနာမ သုဝိညုနော။
ဝီရာနံ ဝီရိယံ ကမ္မံ၊ ပသတ္ထံ ဟိ သုဝိညုဘိ။

## ခုဒ္ဒသိက္ခာကျမ်းပြု
## အရှင်ဓမ္မသီရိ မဟာထေရ်

ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသီရိထေရ်သည် သီဟိုဠ်ကျွန်း၌ တခေတ်က လွှမ်းမိုးစွာထင်ရှားခဲ့သော မထေရ်မြတ်ဖြစ်သည်။ သို့သော် မထေရ်မြတ်၏ ပေါ်ပေါက်ရာခေတ် စသည်တို့ကို သီဟိုဠ်သမိုင်းဆရာတို့ပင် တိကျစွာမဖော်ထုတ်နိုင်ခဲ့ချေ။ ခုဒ္ဒသိက္ခာဋီကာသစ်ကို အရှင်သာရိပုတ္တရာ၏တပည့် အရှင်သံဃရက္ခိတမဟာသာမိထေရ် ရေးသားစီရင်ခဲ့သည်ကို ထောက်၍လည်းကောင်း ပရက္ကမဗာဟုခေတ်တွင် ထင်ရှားသော မထေရ်မြတ်တို့အနက် မပါရှိသဖြင့်လည်းကောင်း ပရက္ကမဗာဟုမင်းကြီး၏ ခေတ်သာသနာသက္ကရာဇ် ၁၇၀၇–မတိုင်မီရှေးကပေါ်ထွန်းခဲ့သည့်မထေရ်မြတ်ဖြစ်ကြောင်း သိနိုင်ပေသည်။ ၎င်းပြင် ဝဇိရဗုဒ္ဓိဋီကာ ၉၅–၌ ယတ္ထ ယတ္ထ ဂဏ္ဌိပဒေတိ ဝုစ္စတိ၊ တတ္ထ တတ္ထ ဓမ္မသိရိတ္ထေရဿ ဂဏ္ဌိပဒေတိ ဂဟေတဗ္ဗံ – လာသောစကားအရ ဝိနည်းဂဏ္ဌိကိုလည်း ခုဒ္ဒသိက္ခာကျမ်းပြု ဓမ္မသိရိထေရ် ပြုစုခဲ့ဟန်တူပါသည်။ ၎င်းဝိနည်းဂဏ္ဌိပြုသူအရှင်ဓမ္မသီရိထေရ်ဖြစ်ခဲ့လျှင် ဝဇိရဗုဒ္ဓိဋီကာဆရာ၏ ရှေးကပေါ်ခဲ့သော မထေရ်မြတ်ဖြစ်ရပေမည်။

## ခုဒ္ဒသိက္ခာကျမ်းပြုစုခြင်း

အရှင်ဓမ္မသီရိထေရ်သည် ရဟန်းတော်တို့ဦးစွာပဌမ သိက္ခာပုဒ်ဥပဒေတော်အတွက် အကျဉ်းကျက်မှတ်ရန်ရည်စူး၍ ခုဒ္ဒသိက္ခာကျမ်းကို ရေးသားခဲ့သည်။

အာဒိတော ဥပသမ္ပန္န–သိက္ခိတဗ္ဗံ သမာဟိကံ။

ခုဒ္ဒသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ။[၁]

အရှင်ဓမ္မသီရိသည် မိမိ၏သီဟိုဠ်ကျွန်း တံခွန်မှန်ကင်းလား ထင်ရှားသော ပုဂ္ဂိုလ်၏အဖြစ်ကိုဖော်ပြကာ–

တေန ဓမ္မသိရိကေန၊ တမ္ဗပဏ္ဏိယ ကေတုနာ။

ထေရေန ရစိတာ ဓမ္မ–ဝိနယညုပသံသိတာ။

ဟူသောဂါထာဖြင့် နိဂုံးသတ်ခဲ့သည်။ ခုဒ္ဒသိက္ခာ၌ ဂါထာ ၄၇၆–နှင့် စုဏ္ဏိယစကား

---

၁။ ခုဒ္ဒသိက္ခာ ဂန္ထာရမ္ဘ။ ၁။

လည်း ကြိုကြား ကြိုကြား အနည်းငယ်ပါရှိသည်။ ကျမ်းဆရာသည်– "ပဥ္စ မတ္တေဟိ ဂါထာနံ၊ သတေဟိ ပရိမာဏတော" ဟုဆိုသည်မှာ အနည်းငယ်သော စုဏ္ဏိယပါ ပေါင်း၍ ဆိုဟန်ရှိပါသည်။

■ ■ ■

# အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ နာမရူပပရိစ္ဆေဒ၊ ပရမတ္ထဝိနိစ္ဆယကျမ်းပြု အရှင်အနုရုဒ္ဓါမဟာထေရ်

အရှင်အနုရုဒ္ဓါထေရ်၏နာမည်ကို ထေရဝါဒနိုင်ငံများတွင် ဗုဒ္ဓဘာသာဝင်တိုင်း လိုလိုသိကြသည်။ ၎င်း၏အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ မြန်မာ၊ ယိုးဒယား၊ သီဟိုဠ်၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ သက္ကတ– စသောဘာသာရပ်တို့ဖြင့် ပြန်ပြီးဖြစ်သဖြင့်လည်း အရှင်အနုရုဒ္ဓါသည် ကမ္ဘာကသိသော အဘိဓမ္မာပညာရှင်ကြီးဖြစ်လေသည်။

အရှင်အနုရုဒ္ဓါသည် အဋ္ဌကထာကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသနောက် အနီးငယ်ကျလျက် သာသနာသက္ကရာဇ် နှစ်၁၀၀၀(တစ်ထောင်)ခန့်တွင် ပေါ်ထွန်းသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ အိန္ဒိယတောင်ပိုင်း စောဠတိုင်းကဉ္စိပုရနယ် ကာဝေရီမြို့၌ ဖွားမြင်ကြီးပြင်းခဲ့သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို–

သေဋ္ဌေ ကဉ္စိဝရေ ရဋ္ဌေ၊ ကာဝေရိနဂရေ ဝရေ။
ကုလေ သဉ္ဇာတဘူတေန၊ ဗဟုဿုတေန ဉာဏိနာ။

ဟူသော ပရမတ္ထဝိနိစ္ဆယ၊ နိဂမနကထာ (၁၁၄၁)ဖြင့်သိသာသည်။ စောဠတိုင်းကို အသောကကျောက်စာများ၌ စောဍအမည်ဖြင့် တွေ့နိုင်သည်။ ယခုထင်ရှားသော ကာရ်နုလ်(Karnui)မြို့သည် စောဠတိုင်း၏ နန်းမြို့တော်ဖြစ်ဘူးသည်။ ကဉ္စိပုရကို ကဉ္စိဝရဟုလည်း ခေါ်ဝေါ်ကြသည်။ ယခုအခါ ၎င်းကို ကွန်ဂျီဗာရမ် (Conjee-veram) ဟု ခေါ်ဝေါ်ကြသည်။ ၎င်းသည် မဒရပ်မြို့မှ အနောက်တောင် ၅၇–မိုင်အကွာတွင် တည်ရှိသည်။ ကာဝေရီမြို့သည် ''ကာဝီရပဋ္ဋန'' ''ကာဝေရပဋ္ဋန''အမည်များဖြင့် ထင်ရှားသည်။ ကာဝပဋ္ဋအမည်ကို ဇာ၊ ၃၊ ၄။၂၃၈။ အကိတ္တိဇာတ်အဖွင့်နှင့် စရိယာ၊ ၃၊၂၂။ အကိတ္တိစရိယဝဏ္ဏနာ၌ ဒမိဠရဋ္ဌ ပတ္တာ ကာဝီရပဋ္ဋနသမီပေ ဥယျာနေ ဝိဟရန္တော–စသည်ဖြင့် လာရှိသည်အားလျော်စွာ အလောင်းတော်နေခဲ့ဘူးကြောင်းကိုထောက်၍ အလွန်ရှေးကျသောအခါကပင် ''ကာဝေရိပဋ္ဋန'' မြို့ရှိခဲ့ကြောင်း သိသာလေသည်။

## သီဟိုဠ်၌ သီတင်းသုံးခြင်း

သီဟိုဠ်ကျွန်းသို့လည်းကြွရောက်၍ မဟာဝိဟာရကျောင်းတိုက်စသည်တို့၌ ပညာဆည်းပူးခဲ့သည့်သာမက ဂဏဝါစကစာချတာဝန်ကိုလည်း ထမ်းဆောင်ကြောင်းမှန်းဆနိုင်ပေသည်။

## နာမရူပ ပရိစ္ဆေဒကျမ်း

''မထေရ်မြတ်သည် နာမရူပပရိစ္ဆေဒကျမ်းကို သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးစဉ် မဟာဝိဟာရဝါသီမထေရ်မြတ်တို့၏ ဖွင့်ရိုးဖွင့်စဉ်ကို မှီ၍ ရေးသားကြောင်း–

မဟာဝိဟာရဝါသီနံ၊ ဝဏ္ဏနာနယနိဿိတံ။

မဟာမေရုနိဘံ ဂေဟံ၊ မဟာစေတိယဘူသိတံ။

ဟူသော ဂန္ထာရမ္ဘစကား–

မဟာဝိဟာရမာရုဠှ–မဟာဗောဓိမဟုဿဝံ။

စသော နိဂုံးစကားတို့ဖြင့်သိနိုင်သည်။ နာမရူပပရိစ္ဆေဒကျမ်းမှာ ဂါထာ ၁၈၅၇– ရှိလေသည်။

## ပရမတ္ထဝိနိစ္ဆယကျမ်း

ပရမတ္ထဝိနိစ္ဆယကျမ်းကို အိန္ဒိယတောင်ပိုင်း တမ္ဗတိုင်း တဉ္ဇမြို့ ယခု (Tanjore)၌နေစဉ် ရေးသားခဲ့ကြောင်း–

အနုရုဒ္ဓေန ထေရေန၊ အနိရုဒ္ဓယသသိနာ။

တမ္ဗရဋ္ဌေ ဝသန္တေန၊ နဂရေ တဉ္ဇနာမကေ။

ဟူသော ပရမတ္ထဝိနိစ္ဆယနိဂုံးဖြင့် သိသာလေသည်။

## အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း

မထေရ်မြတ်သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို မူလသောမ(တုမူလသောမ)ကျောင်းတိုက်၌နေစဉ်ရေးသာကြောင်း သင်္ဂြိုဟ်နိဂုံးဖြင့်သိနိုင်သော်လည်း မူလသောမကျောင်းမှာ ဘယ်ဒေသနမှာတည်ရှိသည်ဆိုးဖြတ်ရန်ခဲခက်လှသည်။ သီဟိုဠ်ကျွန်း ဓမ္မရတနမည်သော ပညာရှင်ကမူ မူလသောမကျောင်းတိုက်သည် ကာဝေရိ

ပဋ္ဌနှ၌ရှိသောကျောင်းတိုက်ဖြစ်သည်။ နမ္မအမည်မှာလည်း သီဟိုဠ်နာမည်မဟုတ်၊ ကာဝေရိပဋ္ဌန မြို့သူမြို့သားတို့၏ အခေါ်အဝေါ်ဖြစ်ကြောင်း ဖော်ပြလေသည်။ သီဟိုဠ်ပညာရှင်တချို့ကမူ ပုလတ္ထိပုရမြို့ မူလသောမကျောင်းတိုက်နေ ဥတုရုမူလ ဂိုဏ်းအနုနာယကအနုရုဒ္ဓါထေရ်ဖြစ်ကြောင်းလည်း ဖော်ပြကြသေးသည်။

## သောမာရာမကျောင်းတိုက်ကြီး

သာသနာသက္ကရာဇ် ၄၅၅–ခုနှစ်တွင် သီဟိုဠ်၌ ဒုတိယအကြိမ် မင်းအဖြစ်သို့ရောက်သော ဝဋ္ဋဂါမဏိမင်းကြီးသည် သောမာဒေဝီမိဖုရားကြီး၏ တိုက်တွန်းချက်အရ အနုရာဓမြို့၌ သောမာရာမမည်သောကျောင်းတိုက်ကြီးကို တည်ဆောက်ခဲ့ကြောင်း–

အာဏာပေတွာ သောမာဒေဝိံ ယထာဌာနေ ဌပေသိ သော။
တဿာ တန္နာမကံ ကတွာ၊ သောရာမမကာရယိ။

ဟူသော မဟာဝံသ၊ ၃၃၊ ၈၅–ဖြင့်သိရလေသည်။ ၎င်းသောမာရာမကျောင်းတိုက်သည် အစပဌမမူလသောမာရာမဖြစ်ရကား မူလသောမာရာမဖြစ်ကြောင်း ဆိုကြလေသည်။

## မူလဝေါကာသကျောင်းတိုက်ကြီး

၎င်းပြင် ဝဋ္ဋဂါမဏိမင်းကြီး၏သူရဲကောင်း ၇–ယောက်အနက် မူလဝေါကာသမည်သောအမတ်သူရဲကောင်းက မူလဝေါကာသကျောင်းတိုက်ကြီးကို အနုရာဓ၌ပင် ဆောက်လုပ်ကြောင်းလည်း–

တတ္ထေဝ မူလဝေါကာသ–ဝိဟာရံ မူလနာမကော။
အမစ္စော ကာရယီ တေန၊ သောပိ တံ နာမကော အဟု။

ဟူသော မဟာဝံသ၊ ၃၃၊ ၉၀–ဂါထာဖြင့် သိရသေးသည်။

## မူလသောမကျောင်းတိုက်

၎င်းပြင် သီဟိုဠ်ကျွန်း၌ ပဌမဒပ္ပုလမင်းလက်ထက် အေ–ဒီ ၉၄၀–လောက်ကဆောက်လုပ်သော မူလသောမကျောင်းတိုက်ရှိကြောင်းလည်း ကျောက်စာများအရ သီဟိုဠ်ထေရဝါဒ မထေရ်များသမိုင်း၌ လာရှိသေးသည်။

## ဒက္ခိဏမူလကျောင်း

သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၇၅၇-ခုနှစ်၌ နန်းတက်သော ဝေါဟာရ တိဿမင်းသည် အဘယဂိရိကျောင်းတိုက်ကြီးအတွင်း၌ ဒက္ခိဏမူလ ကျောင်းတိုက် စေတီအား ထီးတင်လှူကြောင်း မဟာဝံသ။ ၃၆၊ ၃၃-ဂါထာ၌-

အဘယဂိရိဝိဟာရေ၊ ဒက္ခိဏမူလသဝှယေ။

ဟူ၍ လာရှိသေးသည်။

## တုမူလသောမဝိဟာရ

ခုဒ္ဒသိက္ခာဋီကာဟောင်း(ခုဒ္ဒသိက္ခာပုရာဏဋီကာ) ၁၇၉-၌- "သီဟဠဒီပေ တုမူလသောမဝိဟာရေ သံဃသဿ ပါကဝတ္တမှိ တာလပဏ္ဏဝိက္ကိဏ်တွာ ကရီယတိ" ဟူသောပါဌ်၌ တုမူလသောမဝိဟာရ-ဟူသောအမည်ကို တွေ့ရသည်။ သီဟိုဠ် ကျွန်း၌ တုမူလသောမကျောင်းတိုက်ရှိကြောင်းကိုကား သံသယမဲ့ မှတ်ယူနိုင်သည်။ သို့သော် တုမူလသောမကျောင်းတိုက်တည်ရာ မြို့ရွာဌာန သုတေသနပြုချက် သီဟိုဠ် သမိုင်း၌ မတွေ့ရပါ။ ယခုသီဟိုဠ်ကျွန်း ဟလာဝကာဒိစကြိတ်တွင်ပါဝင်သော နတ်ကွင်းနေရာသည် အရှင်အနုရုဒ္ဓါသီတင်းသုံးသည်ဟုလည်း တချို့ပညာရှင်တို့ ယူဆကြသည်။

စာရေးသူတို့ သီဟိုဠ်ပညာရှင်တို့နှင့်ဆွေးနွေးခဲ့သော်လည်း တိကျသော အဖြေကိုမရခဲ့။ အမှန်မှာ နေရာဌာန စသည်တို့ကိုသိရသဖြင့်လည်း အကျိုးများစွာ မရှိ အတူတူ အရှင်အနုရုဒ္ဓါထေရ် သီဟိုဠ်ကျွန်း မူလသောမကျောင်းတိုက်(သို့မ ဟုတ် တုမူလသောမကျောင်း)၌ သီတင်းသုံးစဉ် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ရေး သားသည်ဟု မှတ်ချက်ချကြပါစို့။

လယ်တီဆရာတော်ကမူ တုမူလသဒ္ဒါ အကြီးအနက်ကိုကြံဆ၍ ကြီးသော သောမာရာမကျောင်းတိုက်ဟုဖွင့်ပြပြီး ဝဋ္ဋဂါမဏိမင်းကြီးသည် သောမဒေဝီမိဖုရား တိုက်တွန်းသဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကိုယူလိုလေသည်။ သို့သော် သောမာရာမကျောင်းတိုက်မှာ အဘယဂိရိဂိုဏ်းဝင်ကျောင်းတိုက်ဖြစ်သဖြင့် မဟာ ဝိဟာရဂိုဏ်းကို များစွာ ကြည်ညိုသဘောကျသော မဟာဝိဟာရဂိုဏ်းသားဖြစ်သော အရှင်အနုရုဒ္ဓါ သီတင်းသုံးရန် ဖြစ်နိုင်မည်ဟု မထင်မိပါချေ။

## ကစ္စည်းသဒ္ဒါကြီးကျမ်းပြု
## အရှင်ကစ္စာယန မဟာထေရ်

ကစ္စည်းသဒ္ဒါကြီးသင်သူတိုင်း အရှင်ကစ္စာယနထေရ်(အရှင်ကစ္စည်းထေရ်)ကိုကြည်ညိုလေးမြတ်ကြသည်။ အရှင်ကစ္စည်းထေရ်သည် ဗျာကရုဏ်းကျမ်းရေးမှု၌ လွန်စွာကျွမ်းကျင်သော မထေရ်မြတ်ဖြစ်သည်။ သုတ်ပေါင်း ၆၇၃–မျှဖြင့် ပါဠိပိဋကတ်ပင်လယ်ကူးရန်လုံလောက်သော ဗျာကရုဏ်းကျမ်းယာဉ်ရထားတခုကို စီစဉ်နိုင်သောဉာဏ်စွမ်းမှာ သာမန်ပညာရှင်၏ဉာဏ်စွမ်းမဟုတ်ပါချေ။

## ပေါ်ထွန်းချိန် ခေတ်ကာလ

ချာသကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိထေရ် ရူပသိဒ္ဓိဋီကာဆရာအရှင်ဗုဒ္ဓပ္ပိယထေရ် သဒ္ဒနီတိကျမ်းပြု အရှင်အဂ္ဂဝံသထေရ်စသည်တို့က ကစ္စည်းကျမ်းပြုသူမှာ–ဘုရားရှင်လက်ထက်က တေဒင်္ဂဘွဲ့ရ အရှင်ကစ္စည်းထေရ်ဟု ယူဆတော်မူကြသည်။ ဖော်ပြပါဆရာမြတ်တို့အလိုမှ ဘုရားရှင်လက်ထက် ဘီ–စီ ၆–ရာစုဖြစ်ကြောင်း သိသာလေသည်။ သီဟိုဠ်ဘာသာရေးပါဠိသမိုင်း၌ ကစ္စည်းကျမ်းပြုသူအရှင်ကစ္စည်းထေရ်မှာ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး အနှစ် ၃၀၀–ကျော်နောက်ပေါ်ထွန်းသော သဗ္ဗတ္ထိဝါဒီဂိုဏ်းဝင် ဉာဏပဋ္ဌာန်းကျမ်းကြီးကိုပြုစုသူ ''ကာတျာယနိပုတြ'' အရှင်ကစ္စယနဖြစ်သင့်ကြောင်း ဖော်ပြလေသည်။ ဖော်ပြပါ ကစ္စာယနထေရ်မဟုတ်လျှင်လည်း ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်ကာလကြာမြင့်မှ ပေါ်ထွန်းသော ကစ္စာယနမည်သောမထေရ်တပါးဖြစ်ကြောင်း မှတ်ယူအပ်လေသည်။

သီဟိုဠ်ပညာရှင် ပါမောက္ခမာလလာဆေကရကမူ အရှင်ကစ္စည်းထေရ်သည် အိန္ဒိယတောင်ပိုင်းသားဖြစ်ကြောင်း အေ–ဒီ ၅–ရာစု သို့မဟုတ် ၆–ရာစုလောက်တွင်ပေါ်ထွန်းသော မထေရ်ဖြစ်ကြောင်း ဖော်ပြလေသည်။

## ကစ္စည်းကျမ်းကို ပြုစုခြင်း

အရှင်ကစ္စည်းထေရ်သည် ပါဠိပိဋကတ်ကိုသွားနိုင်ရန် ကစ္စည်းဗျာကရဏ်းကျမ်းကို ရေးသားခဲ့သည်။ ကစ္စည်းကျမ်းမှာ ရှေးအကျဆုံးပါဠိသဒ္ဒါဖြစ်သည့်ပြင်–

အပ္ပက္ခရ မသန္ဒေဟံ၊ သာရဝတ္တသဗ္ဗတော မုခံ။
အဂေမ္ဘာဘမနဝဇ္ဇ၊ ဝိဒူသုတ္တန္တိ တဗ္ဗိဒူ။

ဟူသည့်အတိုင်း သုတ်တည်ပုံမှာလည်း အပ္ပက္ခရဂုဏ် စသည်တို့နှင့် ကုံလုံပြည့်ဝသော ကျမ်းဖြစ်ကြောင်းကို ပညာရှင်များစွာတို့ ထောမနာပြုကြလေသည်။

## ကစ္စည်းကျမ်းနှင့် ကလာပ်ကျမ်း

ကစ္စည်းကျမ်းသည် ကလာပ်ကျမ်းကို များစွာမှီငြမ်းပြု၍ ရေးသောကျမ်းဖြစ်သည်။ သန္ဓိနာမ်စသည့်အပိုင်းအခဏ်းဖွဲ့ပုံမှာလည်း ကလာပ်ကျမ်းအတိုင်းပင်ဖြစ်သည်။ ဥဏာဒ်ကျမ်းဟုအပိုင်းတခုခွဲထားပုံလောက်သာထူးသည်။ သုတ်များလည်း များစွာတူညီနေသည်ကိုလည်း အောက်ပုံစံများဖြင့် သတိပြုသင့်ပေသည်။

| ကစ္စည်း | ကာတန္တြ |
|---|---|
| အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော | အနုပဒိဋ္ဌ |
| ယံ ကရောတိ တံ ကမ္မံ | ယတ်ကြိယတေ တတ်ကမ်မ်။ |
| ယော ကရောတိ သ ကတ္တာ | ယး ကရောတိ သကတ်ာ |
| ဟေတုတ္တေ့ စ | ဟေတုထေ် စ |
| ကတ္တရိ စ | ကတ်ရိ စ |
| နာမာနံ သမာသော ယုတ္တတ္ထော | နာမာနာ သမာသော ယုတ္တာထ်း |

ကစ္စည်းကျမ်း ကိ သွာ ဝေါ–သုတ်၏အရာ ''ကွဂတောသိ တွံ ဒေဝါနံ ပိယတိဿ'' ဟူသောပုံစံ၌ ဒေဝါနံ ပိယတိဿမင်းသည် ဘီ–စီ(၃ဝ၇–၂၆၇)တွင် သီဟိုဠ်နန်းတက်သော မုဋသိဝမင်း၏သားတော် ၁ဝ–ယောက်အနက် ဒုတိယသားဖြစ်လေသည်။

**ဒေဝါနံ ပိယတိဿောတိ၊ ဝိဿုတော ဒုတိယော သုတော။**
**တေသု ဘာတူသု သဗ္ဗေသု၊ ပုညပညာဓိကော အဟု။**[၁]

---

၁။ မဟာဝံသ၊ ၁၁။ ၆။

ထိုပြယုဂ်ကိုထောက်၍ ကစ္စည်းထေရ်သည် ဒေဝါနံပိယတိဿမင်းမပေါ်ခင် မဖြစ်နိုင်ချေ။ ယော ကရောတိ သကတ္တာ-သုတ်လာ "ဥပဂုတ္တေန မာရော ဗန္ဓော"ဟူသောပြယုဂ်အရ အကြောင်းအရာဖြစ်ရပ်မှာ ဘီ-စီ(၂၇၃-၂၃၂) ဓမ္မာသောကမင်း လက်ထက်ဖြစ်ရပ်ဖြစ်သည်။ ဒိဗ္ဗာဝဒါနစသည်ကိုလည်း ကြည့်ပါ။ သကမန္ဒာတာဒီနဥ္စသုတ်၌ သကမင်းဟူသည် ဒေဝမိတ္တဘွဲ့ နာမည်ရှိသော မြောက်ပိုင်းအသောကဟု ထင်ရှားသော သာလိဝါဟနသောကမင်း အေ-ဒီ ၇၈၊ သို့မဟုတ် ၁၂၀-ဖြစ်လေသည်။ အထက်ဖော်ပြပါ ပြယုဂ်တို့ကိုထောက်၍ ဘုရားရှင်လက်ထက်က အရှင်ကစ္စည်းထေရ်မဟုတ်ကြောင်းကိုကား မှတ်ယူသင့်သည်သာ။

## ဘုရားရှင်လက်ထက် အရှင်ကစ္စည်းထေရ်ဟောသော ကျမ်း ၃-ကျမ်း

ဘုရားရှင်လက်ထက်က မဟာသာဝကတေဒဂ်ဘွဲ့ရ အရှင်ကစ္စည်းထေရ်သည် ကစ္စည်းကျမ်း၊ မဟာနိရုတ္တိကျမ်း၊ နေတ္တိကျမ်းဟူသော ကျမ်း ၃-ကျမ်းကို ဟောတော်မူခဲ့ကြောင်း အပဒါနဋ္ဌကထာ၊ ဒုတိယ၊ ၂၁၃-၌လာရှိသည်။ သဒ္ဒနီတိ၌ မဟာနိရုတ္တိ ကိုးကားချက်တို့ကိုတွေ့ရသဖြင့် သဒ္ဒနီတိခေတ်ကမကွယ်ပပ်ရှိသေးဟန် တူပေသည်။ ၎င်းကျမ်းမှာ သီဟိုဠ်၌မရှိတော့ကြောင်း ဗာလာဝတာဋီကာသစ်ဆရာက ဖော်ပြလေသည်။

## မဟာဝိဟာရ အရှင်ကစ္စည်းထေရ်

သီဟိုဠ်သာသနဝံသပြဒီပယကျမ်း၌ ကစ္စည်းကျမ်းစသည်တို့ကို ဘုရားလက်ထက်က အရှင်ကစ္စည်းထေရ်ဟောသည်ဟု အများစုလက်ခံထားကြသည်။ သို့သော် ၎င်းဝါဒသည် မဟုတ်မမှန်ကြောင်း၊ အရှင်ကစ္စည်းထေရ်ဟော မှန်လျှင် သံဂါယနာတင်ကျမ်းများတွင် ပါဝင်မည်ဖြစ်သည်။ အရှင်ကစ္စည်းထေရ် ဟောသုတ် အချို့ကိုပင် သံဂါယနာတင်သေးလျှင် ကစ္စည်းကျမ်းစသည်တို့ သံဂါ ယနာတွင်ပါဝင်သင့်ကြောင်း၊ သို့မဟုတ် သံဂါယနာတွင်မပါဝင်သည့်အတွက် ဘုရားလက်ထက်က အရှင်ကစ္စည်းထေရ် ဟောခဲ့သည်မှာမဟုတ်ကြောင်း သီဟိုဠ်ကျွန်းအနုရာဓခေတ် မဟာဝိဟာရဝါသီ အရှင်ကစ္စည်းထေရ်ဟောဖြစ်ကြောင်း လာရှိလေသည်။

ဆရာတချို့ကမူ ကစ္စည်းကျမ်းတွင် သုတ်၊ ဝုတ္တိ၊ ပြယုဂ် ၃–မျိုးအနက် အရှင်ကစ္စည်းထေရ်က သုတ်၊ အရှင်သံဃနန္ဒီက ဝုတ္တိ၊ ပြယုဂ်ကို ဗြဟ္မဒတ္တထေရ်တို့ပြုစီရင်ကြောင်း န္យာသကို ဝိမလဗုဒ္ဓိထေရ်ပြုစီရင်ကြောင်းပြကြသေးသည်။ သဒ္ဒနီတိပဒမာလာ၌ ន្យាသကို အရှင်ဝဇိရဗုဒ္ဓိထေရ်ပြုစုကြောင်း ပြလေရာ သီဟိုဠ်ပညာရှင် တို့အဆိုနှင့်လည်းကိုက်ညီသဖြင့် ယုတ္တိပို၍ရှိပေသည်။

ကစ္စည်းကျမ်းမှာ မြန်မာပြည်နှင့်တကွ ထေရဝါဒနိုင်ငံများ၌ များစွာခေတ်စားလျက်ရှိသည့်အဖိုးတန်ကျမ်းဖြစ်လေသည်။ သီဟိုဠ်၌ ဓမ္မကိတ္တိ၏ဗာလာဝတာရပေါ်ပြီးနောက်ပိုင်းတွင် ဗာလာဝတာရခေတ်စားလျက်ရှိလေ၏။ ကစ္စည်းကျမ်းကို သီဟိုဠ်၌ရိုက်နှိပ်ရာ ဒီမိုင်းဆိုက် ၂၃၅–မျက်နှာသာရှိလေသည်။ မြန်မာပြည်၌ နောက်ဆုံးဗုဒ္ဓသာသနာအဖွဲ့က ခေတ်မှီသားနားစွာရိုက်နှိပ်ထားရာ ဒီမိုင်းဆိုက် ၃၁၅–မျက်နှာရှိလေသည်။

■■■

## သာရသင်္ဂဟအဋ္ဌကထာကျမ်းပြု
## အရှင်သိဒ္ဓတ္ထ မဟာထေရ်

အရှင်သိဒ္ဓတ္ထမဟာထေရ်မြတ်သည် ရူပသိဒ္ဓိဋီကာ၊ ပဇ္ဇမဓုကျမ်းပြုအရှင်ဗုဒ္ဓပ္ပိယ မထေရ်၏တပည့်အငယ်ဆုံး သို့မဟုတ်ပါမူ အရှင်သာရိပုတ္တရာမထေရ်မြတ်မှစ၍ သံဃရက္ခိတ၊ သုမင်္ဂလ၊ ဝါစိဿရ၊ ဓမ္မကိတ္တိ၊ နာဂသေန၊ အာနန္ဒ၊ ဝေဒေဟ၊ ဗုဒ္ဓပ္ပိယ၊ အနောမဒဿီ– စသည်ဖြင့် နိကာယသင်္ဂဟကျမ်း၌တွေ့ရသော အရှင်ဗုဒ္ဓပ္ပိယ၏ နောက်ဆုံးတပည့်ဖြစ်ပေမည်။

## သာရသင်္ဂဟအဋ္ဌကထာ

အရှင်သိဒ္ဓတ္ထထေရ်သည် သာရသင်္ဂဟအဋ္ဌကထာကို ရေးသားခဲ့သည်။ ယင်း အဋ္ဌကထာ၌ မထေရ်မြတ်သည် ထိုထိုပါဠိအဋ္ဌကထာ ဋီကာတို့မှထုတ်နုတ်၍ သိသင့်သောကထာများကို အကျဉ်းရေးသားထားရာ ဗုဒ္ဓါဒီနံ အဘိနီဟာရကထာ, တထာဂတဿ အစ္ဆရိယကထာ, ပဉ္စအန္တရဓာနကထာ, စက္ကဝတ္တိဝိဘာဝနကထာ, မုနိနော စ စက္ကဝတ္တိနော စ စေတိယကထာ– စသည်ကထာပေါင်း ၄၀–ကျော်ကို တွေ့ရလေသည်။ ၎င်း ကထာတို့ကိုလည်း ရှေးဦးစွာ–

ဗုဒ္ဓါဒီမဘိနီဟာရော၊ ကိရိယံ သတ္ထုအဗ္ဘုတံ။
ပဉ္စအန္တရဓာနာနိ၊ စက္ကဝတ္တိဝိဘာဝနံ။

သမ္ဗုဒ္ဓစက္ကဝတ္တီနံ၊ စေတိယာနံ နိဒဿနံ။
သမ္ဘဝနာနိသံသဉ္စ၊ ဓမ္မသံဃာနမဗ္ဘုတံ။

နိဒါဝိဘာဝနဉ္စေဝ၊ သုပိနဿ စ ဒီပနံ။
ဗုဒ္ဓဓမ္မာနမာယတ္တ–ဝတ္ထူနံ ပရိဝတ္တနံ။

ပဘေဒေါ သရဏာသီလာနံ၊ ကမ္မဋ္ဌာနမနာလယံ။
အဂ်ါရဝေါ ရတနာနံ၊ ကမ္မဘေဒဝိဘာဝနံ။

အာနန္တရိယကမ္မဉ္စ၊ မိစ္ဆာဒိဋ္ဌိဝိဘာဝနံ။
အရိယုပဝါဒကမ္မဉ္စ၊ ကောဟညာဒီနဝမ္ပိ စ။
မစ္ဆေရာနံ ပဘေဒေါ စ၊ တိဝိဓဂ္ဂိ နိဒဿနံ။

ဒါနာဒိပုညကမ္မဥ္စ၊ သတ္တာဟာရဝိဝေစနံ။
ယောနိပ္ပဘေဒေါ သတ္တာနံ၊ ပုမိတ္ထိပရိဝတ္တနံ။
ထိနံ ပလ္လာကနာဂါနံ၊ သုပဏ္ဏာနဥ္စ ဘေဒနံ။
ပေတာသုရာနံ ဒေဝါနံ၊ ဘေဒေါ ပထဝိဝဏ္ဏနံ။
မဟီကမ္ပံ့ တထာဝုဋ္ဌိ-ဝါတာဒီနံ ပကာသနံ။
ပကိဏ္ဏကကထာ ဣတိ-လောကသဏ္ဌာနမေဝ စ။

ဟူသောဂါထာ ၈-ဂါထာခွဲဖြင့် ဥဒ္ဒေသစဉ်၍ ဖော်ပြခဲ့သည်။ မထေရ်မြတ်သည် သူ၏အကြောင်းအရာနေရာစသည်တို့ကိုလည်း-

ဒက္ခိဏာရာမပတိနော၊ ပိဋကတ္တယဓာရိနော။
ဗုဒ္ဓပ္ပိယဝှထေရဿ၊ ယော သိဿန္တိမော ယတိ။
တေန သိဒ္ဓတ္ထနာမေန၊ ဓီမတာ သုစိဝုတ္တိနာ။
ထေရေန လိခိတာ ဧသော၊ ဝိစိတ္တော သာရသင်္ဂဟော။

ဟူသော ၂-ဂါထာဖြင့်ဖော်ပြခဲ့သည်။ ဒက္ခိဏာရာမပတိနော၌ ဒက္ခိဏာရာမကျောင်းတိုက်ကား သီဟိုဠ်ကျွန်း အနုရာဓမြို့၌လည်း တည်ရှိသည့်ပြင် ပုလတ္ထိပုရမြို့၌လည်း တည်ရှိလေသည်။ အနုရာဓရှိ ဒက္ခိဏာရာမကျောင်းတိုက်ကား သာသနာသက္ကရာဇ် ၄၅၅-တွင် သီဟိုဠ်ကျွန်း၌ ဒုတိယအကြိမ်နန်းတက်သော ဝဋ္ဋဂါမဏိမင်း၏သူရဲကောင်း ခနှစ်ယောက်အနက် ဥတ္တိယဆောက်လုပ်သော ကျောင်းဖြစ်သည်။

တေသု သတ္တသု ယောဓေသု၊ ဥတ္တိယော နာမ ကာရယိ။
နဂရမှာ ဒက္ခိဏတော၊ ဝိဟာရံ ဒက္ခိဏဝှယံ။[၁]

ယင်း သာရသင်္ဂဟအဋ္ဌကထာမှာ သီဟိုဠ်၌သာသနာသက္ကရာဇ် ၂၄၄၁-ရိုက် ဒီမိုင်းဆိုက် ၂၅၆-ရှိ၍ မြန်မာပြည်ရိုက် ရှိုင်ဆိုက် ၃၂၂-ရှိလေသည်။

---

၁။ မဟာဝံသ။ ၃၃၊ ၈၉။

# ပဒရူပသိဒ္ဓိ၊ ပဒရူပသိဒ္ဓိဋီကာ၊ ပဇ္ဇမဓုကျမ်းပြု အရှင်ဗုဒ္ဓပိယမဟာထေရ်

အရှင်ဗုဒ္ဓပိယသည် ဗျာကရဏ်းကျမ်းပြုဆရာအဖြစ် ပါဠိကဗျာကျမ်းပြု၏ အဖြစ် သာသနာတွင်ထင်ရှားသည့် ဆရာတော်ဖြစ်လေသည်။

## ပေါ်ထွန်းရာခေတ်နှင့် ဇာတိဌာန

အရှင်ဗုဒ္ဓပိယ၏ဖြစ်ထွန်းချိန် စသည်တို့ကိုတိတိကျကျအဆုံးအဖြတ်ကို တွေ့ရှိခွင့်မရရှိခဲ့ပါချေ။ မထေရ်မြတ်သည် အေ–ဒီ ၉ရ၆–နှစ်၏ရှေ့ပိုင်းကဖြစ်သင့်ကြောင်းကို သီဟိုဠ်ဘာသာပါဠိသမိုင်း၌ ဖော်ပြထားသည်။ ပဇ္ဇမဓုကျမ်းနိဒါန်း၌မူ ပုလတ္ထိပုရခေတ်သာသနာသက္ကရာဇ် (၁၆၀၈–၁ရ၆၈)လောက်ဖြစ်ကြောင်း ဖော်ပြသတတ်။ သီဟိုဠ်သာသနာဝင်ကျမ်း၌မူ ဒမ္ဗဒေဏိယခေတ် သာသနာသက္ကရာဇ် (၁ရ၈၉–၁ရ၉၃)လောက်တွင်ထင်ရှားသော မထေရ်မြတ်ဖြစ်ကြောင်း ဖော်ပြသည်။ သို့သော် အရှင်ဗုဒ္ဓပိယမှာ မူလဋီကာကျမ်းပြုအရှင်အာနန္ဒာ၏တပည့်ဖြစ်သဖြင့် အေ–ဒီ ၅–ရာစုတွင်သော်လည်းကောင်း ဖြစ်စရာရှိပေသည်။

## ကျမ်းဂန်ပြုစုခြင်း

အရှင်ဗုဒ္ဓပိယသည် ပဒရူပသိဒ္ဓိကျမ်း၊ ပဒရူပသိဒ္ဓိဋီကာကျမ်း၊ ပဇ္ဇမဓုကျမ်း တို့ကို ပြုစီရင်ခဲ့လေသည်။

## ပဒရူပသိဒ္ဓိကျမ်း

ယင်းကျမ်းများအနက် ပဒရူပသိဒ္ဓိကျမ်းကို ကစ္စည်းကျမ်းနှင့် န္ယာသကျမ်း၊ သန္ဓိနိရုတ္တိကျမ်း စသည်တို့ကိုမှီ၍ ရေးသားခဲ့သည်။ ရူပသိဒ္ဓိကျမ်းသည် ရုပ်များကို မြင်လွယ်ပြီး လွယ်အောင်သုတ်တို့ကိုတမျိုးစီစဉ်ထားခြင်းကြောင့် ဖြောင့်မတ်သည့် ဥဇုဂုဏ်၊ ရှေးဦးစွာ ရုပ်များကိုတည်ပြီး ဆိုင်ရာသုတ်တို့ကိုစီစဉ်လျှက် ရုပ်ပြီးပုံကို ပြသဖြင့် ထင်ရှားပေါ်လွင်သော ဗျတ္တဂုဏ်၊ ၎င်းပြင် သန္ဓိ၊ လိင်(နာမ်)ကာရက စသော အားဖြင့်လည်းကောင်း၊ ထိုအခဏ်းကြီးများတွင်လည်း သညာ၊ သန္ဓိ၊ ပဋိသေခဏ်း စသည်ဖြင့်လည်းကောင်း သဘောတူ၍ ပေါင်း၍ပြထားသဖြင့်လည်း သုကဏ္ဍဂုဏ်တို့နှင့် ပြည့်စုံသောကျမ်းဖြစ်ကြောင်း–

ဗာလပ္ပဗောဓတ္တမုဇ္ဇံ ကရိသံ၊
ဗျတ္တံ သုကဏ္ဍံ ပဒရူပသိဒ္ဓိံ။

ဟူသော ဂန္ထာရမ္ဘလာစကားဖြင့် သိသာလေသည်။ ၎င်း ပဒရူပသိဒ္ဓိကျမ်းကို သီဟိုဠ်၊ ယိုးဒယားတို့၌လည်း ရိုက်နှိပ်ခဲ့ရာ သီဟိုဠ်မူဒီမိုင်းဆိုက်စာမျက်နှာ ၃၀၃–ရှိ၍ မြန်မာမူ ဗုဒ္ဓဘာသာသာသနာအဖွဲ့ပုံနှိပ်တိုက်ရိုက် ၄၂၂–ရှိလေသည်။

မထေရ်မြတ်သည် ပဒရူပသိဒ္ဓိနိဂုံး၌–
ဝိချာတာနန္ဒထေရဝှယဝရဂုရုနံ တမ္ဗပဏ္ဏိဒ္ဓဇာနံ၊
သိဿော ဒီပင်္ကရာချဒ္ဓမိဠဝသုမတီ ဒီပလဒ္ဓပ္ပကာသော။
ဗာလာဒိစ္စာဒိဝါသဒ္ဒိတယမဓိဝသံ သာသနံ ဇောတယီ ယော၊
သော ယံ ဗုဒ္ဓပ္ပိယဝှော ယတိ က္လမမုဇုကံ ရူပသိဒ္ဓိံ အကာသိ။

ဟူသောဂါထာဖြင့် ဆရာ၏နာမည်နှင့် နေရာဌာနကို ဖော်ပြခဲ့သည်။ မထေရ်မြတ်၏ ဆရာမှာ သီဟိုဠ်၌ကျော်ကြားသော အရှင်အာနန္ဒာထေရ် ဖြစ်ကြောင်းဖော်ပြသည်။ မူလဋီကာဆရာဟု မသိသာချေ။ မထေရ်မြတ်သည် အိန္ဒိယတောင်ပိုင်း ဒမိလတိုင်း၌ လည်း ဒီပင်္ကရာဟူသောနာမည်ဖြင့် ထင်ရှားခဲ့ပြီး ဗာလာဒိစ္စကျောင်းနှင့်စူဠကမ္မ ကျောင်းတိုက်တို့၏အဓိပတိလည်းဖြစ်ကြောင်း သိသာသည်။ သီဟိုဠ်မူ ရူပသိဒ္ဓိ နိဿယ၌ စူဠာမဏိကျောင်းတိုက်အစား "စူဠာမနဏိဝမ် " ကျောင်းတိုက်ဟု ရှိကြောင်း သီဟိုဠ်ပါဠိသမိုင်း၌တွေ့ရသည်။ ၎င်းကျောင်းတိုက်သည် နာဂပဋ္ဋနမြို့၌ တည်ရှိခဲ့ကြောင်း၊ ၎င်းကျောင်း၏ဒါယကာမှာ မာရဝိဇယောက်တုင်္ဂဝမ်မင်း ဆောက်လုပ်ခဲ့သော ကျောင်းဖြစ်ကြောင်း– ပါမောက္ခ ပီ–ဗီဗာပတ်ပညာရှင်က(2500 Years of Buddhism) ကျမ်း၌ ဖော်ပြထားသည်။ ၎င်းမင်းမှာ အင်ဒိုနီးရှားဘုရင် ဖြစ်သည့် ဗုဒ္ဓဘာသာမင်းကောင်းဖြစ်သည့်အတွက် အိန္ဒိယရောက်၍ ဆောက်လုပ်ခဲ့ ကြောင်း ကြံသင့်သည်။

## ရူပသိဒ္ဓိ ဋီကာ

ရူပသိဒ္ဓိဋီကာကိုလည်း အရှင်ဗုဒ္ဓပိယပင်ဖွင့်ဆိုကြောင်း ပညာရှင်အားလုံး လက်ခံပြီးဖြစ်သည်။ မထေရ်မြတ်သည် ပဏာမဂါထာ၊ နိဂုံးဂါထာစသည်ဖြင့် တခမ်း တနားမဖော်ပြခဲ့ပေ။ ဋီကာအဆုံး၌ "က္လတိ ဘဒန္တဗုဒ္ဓပိယာစရိယေန ကတာ

ပဒရူပသိဒ္ဓိဋီကာ ပရိသမတ္တာ''ဟူသော နိဂုံးစကားမျှသာတွေ့ရသည်။ ၎င်းကျမ်းသည် ဗုဒ္ဓသာသနာပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၂၂၈–မျက်နှာ ရှိလေသည်။

## ပဇ္ဇမဓုဘုရားဂုဏ်ပြကျမ်း

အရှင်ဗုဒ္ဓပိယသည် ပဇ္ဇမဓုခေါ်ဘုရားရှင်ဂုဏ်တော်ပြကျမ်းကို ရေးသားခဲ့သည်။ ၎င်းကျမ်း၌ ပြောင်မြောက်သောဂါထာတို့ဖြင့် ဘုရားရှင်ဂုဏ်တော်တို့ကို ဖွဲ့ဆိုထားရာ သီဟိုဠ်ပါဠိသမိုင်း၌ထင်ရှားသောကျမ်းဖြစ်သည်။ ၎င်းကျမ်းမှာ ရေးကျသောသီဟိုဠ်နိသျလည်းရှိရာ သီဟိုဠ်တို့လေ့လာရန် လွယ်ကူလေသည်။ သီဟိုဠ် ၁၈၈၇–ခုနှစ်က ဟေယန်တုချဝေဒေဝမိတ္တထေရ် သုတ်သင်၍ရိုက်နှိပ်ခဲ့သည်။ ဤကျမ်း၌ ၆၉–ဂါထာအထိ ဘုရားရှင်၏ဥဏ္ဏာလုဏ်မွေးရှင်တော်စသည် လက္ခဏာတော်တို့ကိုဖွဲ့ဆိုထားသည်။ ၎င်းမှစ၍ အထက် ၁၉–ဂါထာဖြင့် ဓမ္မကာယနှင့်စပ်၍ ဖွဲ့ဆိုထားလေသည်။ ပဇ္ဇမဓုကျမ်း၏ ဂန္ထာရမ္ဘမှာ–

ဥဏ္ဏာပဟုဏ္ဏာသသိ မဏ္ဍလတော ဂလိတ္ဝာ၊
ပါဒမ္ဗုဇံ ဂုလိဒလတ္တသုဓာလဝါနံ။
ပန္တီဝ သတ္တု နခပန္တိ ပဘာဝိသေသံ၊
ပီဏေတု သုဒ္ဓသုခိတံ မနတုဏ္ဍပိတာ။

နိဂုံးဂါထာမှာ–

အာနန္ဒရညရတနာဒိမဟာယတိန္ဒ–
နိစ္စပ္ပဗုဒ္ဓပဒုမပ္ပိယသေဝိတင်္ဂီ။
ဗုဒ္ဓပ္ပိယေန ဃနဗုဒ္ဓဂုဏပ္ပိယေန၊
ထေရာလိနာ ရစိတပဇ္ဇမဓုံ ပိဗန္တု။

ဖြစ်ရာ လွန်စွာပြောင်မြောက်ကောင်းမွန်လေသည်။ ဤသို့ဖြင့် အရှင်ဗုဒ္ဓပိယသည် ဗျာကရဏ်းကျမ်းတတ် ဆရာမြတ်တစ်ပါးသာ ဖြစ်သည်မဟုတ်ပဲ ပါဠိကဗျာအရေးအသား ပြောင်မြောက်ကောင်းမွန်သည့် မဟာကဝိလည်းဖြစ်ကြောင်း ထင်ရှားလေသည်။

## ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု
## အရှင်ဝဇိရဗုဒ္ဓိ မဟာထေရ်

အရှင်ဝဇိရဗုဒ္ဓိမဟာထေရ်သည် ဝိနည်းပိဋကအဋ္ဌကထာ၏ဋီကာကျမ်းကို အစလက်မွန်ဖွင့်ပြခဲ့သော ပဌမဋီကာ ကာရကပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။ မထေရ်မြတ်သည် သာသနာသက္ကရာဇ် ၁၇၀၇–တွင် သီဟိုဠ်ဒီပနန်းတက်သော ပရက္ကမဗာဟု မင်းကြီးခေတ်မတိုင်မီကပေါ်ထွန်းခဲ့ကြောင်း သာရတ္ထဋီကာရေးချိန်ခေတ်ကိုထောက်၍ မှန်းဆသိနိုင်လေသည်။

အရှင်ဝဇိရဗုဒ္ဓိသည် မိမိ၏ဝဇိရဗုဒ္ဓိအမည်ဖြင့် ဝိနည်း ၅–ကျမ်းဋီကာကို ရေးသားခဲ့သည်။ ထိုသို့ရေးရာ၌ ပုဂ္ဂိုလ်တဦးဦး၏တောင်းပန်မှုကြောင့်မဟုတ်ပဲ မိမိ၏အလိုအဇ္ဈာသယကတိုက်တွန်းမှုကြောင့် ရေးသားရကြောင်း–

သဇ္ဈာယကာမေန မမာသယေန၊
သဒ္ဓာဒိတော ဘိက္ခုဟိတတ္ထ ဒိသွာ။

ဟူသောဂါထာထက်ဝက်ဖြင့်ဖော်ပြခဲ့သည်။ ဝဇိရဗုဒ္ဓိထေရ်သည် မိမိ၏ဋီကာ၌ ဝဇိရဗုဒ္ဓိထေရ်၏ အနုဂဏ္ဌိပုဒ် ကလသပုရဝါသီ အရှင်အာနန္ဒာထေရ်၏ ဝါဒ၊ အရှင်ဓမ္မသိရီထေရ်၏ ဝိနည်း ဂဏ္ဌိကပုဒ်တို့လာ ဝါဒန္တရများကိုဖော်ပြ၍ သင့်, မသင့် ချင့်ချိန်ဆုံးဖြတ်ခဲ့သည်။ ၎င်းပြင် အန္ဓကအဋ္ဌကထာ၊ မဟာအဋ္ဌကထာ၊ ကုရုန္ဒီ အဋ္ဌကထာဝါဒစသည်တို့၏ဝါဒများ ဖော်ပြသဖြင့် ဝဇိရဗုဒ္ဓိဆရာတို့ခေတ်တိုင်အောင် အန္ဓကအဋ္ဌကထာ၊ မဟာအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ စသည်တို့တည်ရှိသေးကြောင်း သိနိုင်သည်။

## ဂဏ္ဌိပဒါဓိပ္ပါယပကာသနာ

ဝဇိရဗုဒ္ဓိဋီကာသည် ဝိနည်းအဋ္ဌကထာလာပုဒ်အားလုံးကို သိမ်းကြုံးဖွင့်ပြသည့်ဋီကာမဟုတ်ပဲ တိမ်မြုပ်ကွယ်ဝှက် ခက်ရာခက်ဆစ် အဖုအထစ်ပုဒ်တို့၏ သဘောသကန်ကိုသာ ဖော်ပြသောကျမ်းဖြစ်ကြောင်း–

သမာသတော လီနပဒေ လိခိဿံ၊
သမာသတော လီနပဒေ လိခိတံ။

ဟူသောဂန္ထာရမ္ဘကထာပဋိညာဉ်စကားနှင့် သမန္တပါသာဒိကာယ ဂဏ္ဌိပဒါ ဓိပ္ပါယပ္ပကာသနာ သမတ္တာ–ဟူသော နိဂုံးစကားတို့ဖြင့် သိသာလေသည်။ အရှင် ဝဇိရဗုဒ္ဓိသည်–

သညာနိမိတ္တံ ကတ္တာ စ၊ ပရိမာဏံ ပယောဇနံ။

သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗံ ဝတ္တုမိစ္ဆတာ။

ဂါထာဖြင့် သညာစသော သမုဒါယတ္တကိုပြသေးသည်။ သမန္တပါသာဒိကာ ဖြင့် သညာ၊ ဒီပန္တရေ ဘိက္ခုဇနဿ အတ္ထံ န အဘိသမ္ဘုဏာတိ–ဖြင့် နိမိတ်၊ ဗုဒ္ဓဃော သောတိ ဂရူဟိ ဂဟိတနာမဓေယျေန–ဖြင့် ကတ္တား၊ သမဓိကသတ္တဝီသတိ သဟဿမတ္တေန တဿ ဂန္ထေန–ဖြင့် ပရိမာဏ၊ စိရဋ္ဌိတတ္ထံ ဓမ္မဿ–ဖြင့် ပယောဇဉ် ကိုပြကြောင်း ကျနစွာဖွင့်ပြခဲ့သည်။

## ဘာသာအမျိုးမျိုး ရောပြွမ်းခြင်း

အရှင်ဝဇိရဗုဒ္ဓိရဗုဒ္ဓိသည် ဝဇိရဗုဒ္ဓိဋီကာ၌ ဘာသာအမျိုးမျိုးဖြင့် ရောပြွမ်း၍ ဖွင့်ပြထားရာ ကျမ်းဆရာ၏ဘာသန္တရဇဟုသုတကို ကြည်ညိုစရာဖြစ်သော်လည်း လက်ရှိစာရှုသူတို့မှာကား နားမလည်နိုင်ခြင်း ပြတ်သားစွာဆုံးဖြတ်ချက်မချနိုင်ခြင်း စသည်တို့လက်တွေ့ခံစားနေကြရလေသည်။ ဝဇိရ၊ ၂၆–၌–

အဂ္ဂိ အဂ္ဂိ သမ္ဘဝသိ၊ ဟဒယာ အဓိဇာယသေ။

အတ္တာ ဝေ ပုတ္တော နာမာသိ၊ သ ဇီဝ သရဒေါသတံ။

ဟူသောဂါထာသည် ကောသိတကီ ဥပနိဇ၊ ၂–အဇ္ဈာသယ၊ ၁၁၊ မန္တလာဂါထာဖြစ်သည်။ ဝဇိရ၊ ၅၇–၌–

စမ္မနိ ဒီပိနံ ဟန္တိ၊ ဒန္တေသု ဟန္တိ ကုဉ္ဇရံ။

ဝါဠေသု စာမရီ ဟန္တိ၊ သိင်္ဂေသု သရဘော ဟတော။

ဟူသောဂါထာမှာ ကာသိကာ၊ ၂၊ ၃၊ ၃၆–လာ ဂါထာဖြစ်သည်။ မူရင်းအတိုင်း ဖော်ပြရသော်–

စမ်ဏိ ဒွိပိနံ ဟန္တိ၊ ဒန္တယော ဟ်န္တိ ကုဉ္ဇရမ်။

ကေဝေ့ပု စမရီ ဟန္တိ၊ သိမ္ဗိ ပုဋ္ကလော ဟတး။

ဖြစ်လေ့သည်။ ဝဇိရ၊ ၂၀၀–၌ ''ဗျတ္တာ ကတိဇာတိယော တု ပဒတ္ထော'' ဟူသော စကားရပ်မှာ ချာယဒဿန။ ၃၊ ၆၃။ သုတ်ဖြစ်သည်။ ဤသို့စသည်ဖြင့် ဝဇိရဗုဒ္ဓိ၌ သက္ကတလာစကားတို့ များစွာတွေ့နိုင်လေသည်။ ဝဇိရ၊ ၁၂၆–၌ အန္တရသမုဒ္ဒေ အတုရုမုဟုန္ဒေ၊ (သို့မဟုတ် ဥတုရုမုဟုဒေ) ဟုရှိသည်။ အမှန်မှာ– အယ်တုလ်မုဟု

ဋ္ဌေ ရှိရမည်။ အယ်တုလ်သည် အတွင်းဟော၊ မုဟုဒ–သည် သမုဒ္ဒရာဟောဖြစ်သည်။ ဝဇိရ ၃၁၉–၌ ခါရကမူလန္တိ ယူပသမူလံ။ စတ္တုမူလန္တိ နေဋ္ဌိယမူလံ။ တမ္ဗကံ ဝဇံ။ တဏ္ဍု လေယျကံ စူဠကုဟု။ ဝတ္တုလေယျကံ မဟာကုဟု။ စသည်ဖြင့် ရှေးသီဟိုဠ်စကား စသည်ဖြင့် ရောပြွမ်းစွာဖွင့်ပြထားချက်များကို တွေ့ရသည်။ ဝဇိရ၊ ၃၂၀–၌ ဟိန္တာလံ ကိတိလိ။ ယခုသီဟိုဠ်၌ ကိတုလု–ဟုခေါ်သည်။

ဝဇိရဗုဒ္ဓိဝိကာလဘောဇနေသိက္ခာပုဒ်စသည်၌လည်း များစွာဘာသန္တရရော ပြွမ်းချက်တို့ကို တွေ့နိုင်သည်။ ထို့ကြောင့် သာရတ္ထဋီကာဆရာအရှင်သာရိပုတ္တရာ မထေရ်က–

မာဂဓိကာယ ဘာသာယ၊ အာရဘိတ္ဝာပိ ကေနစိ။
ဘာသန္တရေဟိ သမ္မိဿံ၊ လိခိတံ ကိဉ္စိဒေဝ စ။

စသည်ဖြင့် ဝဇိရဗုဒ္ဓိဋီကာ၏ဖြစ်ရပ်မှန်ကို ဖော်ပြခဲ့သည်။

## ကင်္ခါဝိတရဏီပုရာဏဋီကာခေါ် ကင်္ခါဋီကာဟောင်းနှင့် ဝဇိရဗုဒ္ဓိ

ကင်္ခါဋီကာဟောင်းသည် ဝဇိရဗုဒ္ဓိဋီကာ၏နောက်မကြာမီကာလတွင် ရေးသားခဲ့သော ဋီကာဖြစ်ကြောင်း ဆိုင်ရာအထောက်အထားများအရ သိနိုင်သည်။ ကင်္ခါဋီကာဟောင်းပြုစုသူသည် ဝဇိရဗုဒ္ဓိဆရာကို လွန်စွာလေးမြတ်သည်။ ဝဇိရဗုဒ္ဓိ ဆရာ၏တပည့်သော်လည်း ဖြစ်ကောင်းဖြစ်နိုင်ကြောင်း "နော တက္ကောတိ အာစရိယော လိခိတံ" စသည်ဖြင့် ဝဇိရဗုဒ္ဓိကိုးကားချက်တို့ကိုထောက်၍ သိနိုင်သည်။ ကင်္ခါဋီကာဟောင်း၌လာရှိသည့်ဂါထာများအနက် ဝဇိရဗုဒ္ဓိဂါထာများ အများအပြား ပါဝင်သည်။

နိဒါနမာတိကာ ဘေဒေါ၊ ဝိဘင်္ဂေါ တန္နိယာမကော။
စသောဂါထာ၊ ကင်္ခါဋီကာဟောင်း၊ ၁၉။ ဝဇိရ၊ ၇၇။

ကာယဝါစသမုဋ္ဌာနံ၊ ယဿာ အာပတ္တိယာ သိယာ။
စသောဂါထာ၊ ကင်္ခါဋီကာဟောင်း။ ၄၂။ ဝဇိရ။ ၁၄၁။ အနည်းငယ်သာကွဲလွဲသည်။

အညဘာဂိယသိက္ခံ ယော၊ နေဝ သိက္ခတိ ယုတ္တိတော။
စသောဂါထာ၊ ကင်္ခါဋီကာဟောင်း။ ၁၆။ ဝဇိရ၊ ၂၀၄။

ဆိန္နံ့ ဓုတင်္ဂ သာသင်္က–သမ္မတော သန္တရုတ္တရံ။
စသောဂါထာ၊ ကင်္ခါဋီကာဟောင်း။ ရ၁။ ဝဇိရ၊ ၂၃၂။

ဝတ္ထုတော ဂဏနာယပိ၊ သိယာ အာပတ္တိနေကတာ။

စသောဂါထာ၊ ကင်္ခါဋီကာဟောင်း။ ၇၈။ ဝဇိရ၊ ၂၄၅။
အညာတိကာယာ ဗဟုလတာယ ဝိမိဿတာယ။
စသောဂါထာ၊ ကင်္ခါဋီကာဟောင်း။ ၇၈။ ဝဇိရ၊ ဋီ။ ၂၄၆။
ပုရေဘတ္တဥ္စ ပိဏ္ဍာယ၊ စရိတွာ ယဒိ ဘုဥ္ဇတိ။
စသော ၅-ဂါထာ၊ ကင်္ခါဋီကာဟောင်း။ ၉၅။ ဝဇိရ။ ၃၂၅-၃၂၆။
ကူဒံ သညာဝိမောက္ခံ စေ၊ တိကပါစိတ္တိယံ ကထံ။
စသော ၃-ဂါထာ။ ကင်္ခါဋီကာဟောင်း။ ၉၇။ ဝဇိရ။ ၃၂၈။
ဇလေ ပက္ခိပန် ပုပ္ဖံ၊ ဇလပဝေသန် ကူဒံ။
စသောဂါထာ။ ကင်္ခါဋီကာဟောင်း။ ၉၉။ ဝဇိရ။ ၃၃၁။

ဤသို့ဖြင့် ဝဇိရဗုဒ္ဓိဋီကာဆရာနှင့် ကင်္ခါဋီကာဟောင်းဆရာတို့ အချင်းချင်း ဆက်သွယ်မှုရှိကြောင်း သိသာလေသည်။

ဝဇိရဗုဒ္ဓိဋီကာဆရာသည် သတ္တဝါတို့အများအားဖြင့် ပျက်ကိန်းကြုံလာလျှင် မဟုတ် အဟုတ်ထင်တတ်ပုံကို-

ယေဘုယျေန ဟိ သတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန၊ ဗုဒ္ဓိမာဂမ္မ တိဋ္ဌတိ။

ဟု ဝဇိရဗုဒ္ဓိဋီကာ(ဝဇိရ။ ၆၉)၌ ဖော်ပြခဲ့သည်။ ၎င်းဂါထာကို ဝိသုဒ္ဓါရုံဆရာတော်ကြီး-

ကမ္မာပရာဓေသတ္တာနံ၊ **ဝိနာသေ ပစ္စုပဋ္ဌိတေ**။
အနယော နယ**ရူပေန၊ ဗုဒ္ဓိပက္ခမ္မ** တိဋ္ဌတိ။

ဟုပြင်ထားချက်ကို **မဟာသုဝိနာဒိဒီ**ပနီ၌ တွေ့ရှိရလေသည်။ ဝဇိရဗုဒ္ဓိဋီကာကို အခြားတိုင်းပြည်**များ၌ ရိုက်ဟန်**မတူပါ။ ဗမာပြည်၌ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ နောက်ဆုံး ဆဋ္ဌသံ**ဂါယနာစာ**တော်မူ ၅၈၅-မျက်နှာ ရှိလေသည်။

## ပရက္ကမဗာဟုမင်းကြီး၏ သာသနာသုတ်သင်ပွဲ
## သံဃမဟာနာယက အရှင်မဟာကဿပ မဟာထေရ်

မထေရ်မြတ်သည် အေ–ဒီ ၁၂–ရာစုနှစ် သီဟိုဠ်ကျွန်း ပုလတ္တိပုရမြို့၌ နန်းတက်သော ပရက္ကမဗာဟုမင်းလက်ထက်တွင် သီဟိုဠ်၌အမြင့်မြတ်ဆုံး အကျော်ကြားဆုံး မထေရ်မြတ်ဖြစ်လေသည်။

## ပေါ်ထွန်းချိန်နှင့် လုပ်ငန်းများ

မထေရ်မြတ်သည် အေ–ဒီ ၁၂–ရာစု၊ သာသနာသက္ကရာဇ် ၁၇၀၀–လောက်တွင် သီဟိုဠ်သာသနာပြုရန်အတွက် ထူးခြားစွာပေါ်ထွန်းခဲ့သည်။ ဝှတင်ကျင့်ဝတ် ၁၃–ပါးကိုကျင့်လျက် ပုလတ္တိပုရ ဒိမ္ဗုလာဂလတော ဥဒုမ္ဗရဂိရိကျောင်း၌ သီတင်းသုံးတော်မူခဲ့သည်။ မထေရ်မြတ်သည် စန်းကျမ်းကိုအလွယ်တကူသင်ယူသူတို့အတွက် ကျေးဇူးပြုမည့် "ဗာလာဝဗောန" ကျမ်းကိုရေးသားကြောင်း သီဟိုဠ်၌အဆိုရှိလေသည်။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဋီကာဟောင်းကိုလည်း အရှင်မဟာကဿပထေရ် ရေးသည်ဟု သီဟိုဠ်အချို့သမိုင်းတို့၌ ဆိုကြသေးသည်။ မထေရ်မြတ်သည် ပရက္ကမဗာဟုမင်းကြီး၏ ပုလတ္တိပုရမြို့တော် လတာမဏ္ဍပ၌ကျင်းပသော သာသနာသုတ်သင်(နိကာယသာမဂ္ဂီ)ပွဲ၌ မဟာနာယကအဖြစ် ဆောင်ရွက်ခဲ့သည့် မထေရ်မြတ်ဖြစ်ကြောင်း–

မောဂ္ဂလိပုတ္တတိဿံဝ၊ ဓမ္မာသောကော နရိဿရော။
မဟာထေရံ ဓုရံ ကတွာ၊ မဟာကဿပသဝှယံ။
ဝိသာရဒံ တေပိဋကံ၊ ဝိနယညုံ ဝိသေသတော။
ထေရဝံသေကပဇ္ဇောတံ၊ သာမဂ္ဂိစိရ ဒက္ခိတံ။

စသောဂါထာများဖြင့် မဟာဝံသဆရာ ရ၆–အပိုင်း၌ မှတ်တမ်းတင်ခဲ့သည်။

## အရှင်သာရိပုတ္တာ၏ ဆရာရင်း

အရှင်မဟာကဿပသည် ဝိနယသင်္ဂဟ၊ သာရတ္ထဒီပနီဋီကာစသည့်ကျမ်းများပြုစုခဲ့သည့် သံဃရာဇာ အရှင်သာရိပုတ္တရာ၏ ကျေးဇူးရှင်ဆရာရင်းဖြစ်ကြောင်းကို–

နိဿာယ သီဟဠိန္ဒေန၊ ယံ ပရက္ကမဗာဟုနာ။
ကတွာ နိကာယသာမဂ္ဂိံ၊ သာသနံ သုဝိသောဓိတံ။
ကဿပံ တံ မဟာထေရံ၊ သံဃဿ ပရိဏာယကံ။
ဒီပသ္မိံ တမ္ဗပဏ္ဏိမှိ၊ သာသနောဒယကာရကံ။
ပဋိပတ္တိ ပရာဓိနံ သဒါရညနိဝါသိနံ။
ပါကဋံ ဂဂနေ စန္ဒ–မဏ္ဍလံ ဝိယ သာသနေ။
သံဃဿ ပိတရံ ဝန္ဒေ၊ ဝိနယေ သုဝိသာရဒံ။
ယံ နိဿာယ ဝသန္တော,ဟံ၊ ဝုဍ္ဎိပတ္တော,သ္မိ သာသနေ။

ဟူသော သာရတ္ထဒီပနီဋီကာလာ အာစရိယပဏာမဂါထာများဖြင့် သိသာထင်ရှားလေသည်။

■ ■ ■

## အဋ္ဌကထာ, ဋီကာ, နိသျကျမ်းပြု
## အရှင်သာရိပုတ္တရာ မဟာထေရ်

အရှင်သာရိပုတ္တရာ မဟာထေရ်သည်။ ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကြီး ကို ရေးသားခြင်းဖြင့် အဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်ဟူသော ဘွဲ့ထူးကိုဆွတ်ခူးခဲ့သည်။ သာရတ္ထဒီပနီဋီကာ၊ အင်္ဂုတ္တိုရ်ဋီကာ စသည်တို့ကိုပြုစုခြင်းဖြင့် ဋီကာကျမ်းပြုပုဂ္ဂိုလ် ဟူသောဘွဲ့ကိုလည်း ဆွတ်ခူးရယူခဲ့သော ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ ၎င်းပြင် မထေရ် မြတ်သည် အဘိဓမ္မတ္ထသင်္ဂဟသီဟိုဠ်နိသျကို ရေးသားခဲ့သဖြင့်လည်း နိသျကျမ်းပြု ပုဂ္ဂိုလ်လည်း မည်လေသည်။

## အရှင်သာရိပုတ္တရာထေရ် ပေါ်ထွန်းချိန်

အရှင်သာရိပုတ္တရာသည် သာသနာသက္ကရာဇ် ၁၇၀၀ နှင့် ၁၇၅၀–အတွင်း တွင်ထင်ရှားသော သီဟိုဠ်သာသနာပိုင်ဆရာတော်တပါးဖြစ်ကြောင်း မှန်းဆသိနိုင် သည်။ မဟာပရက္ကမဗာဟုမင်းကြီးသည် သာသနာသက္ကရာဇ် ၁၇၀၇–ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ နန်းတက်သည်။ ထိုမင်းလက်ထက်တွင် အရှင်သာရိပုတ္တရာသည် အထင်ရှားဆုံး မထေရ်မြတ်ဖြစ်သည်။ အရှင်သာရိပုတ္တရာသည် မူလက အိန္ဒိယ တောင်ပိုင်းသားဖြစ်၍ နောက်မှ သီဟိုဠ်ရောက်ရှိလာကြောင်းလည်း အဆိုရှိသည်။

## အရှင်သာရိပုတ္တရာ၏ ဆရာသခင်ကျေးဇူးရှင်များ

ပရက္ကမဗာဟုမင်းကြီး၏ သာသနာသုတ်သင်(ဂိုဏ်းကြီး ၃–ဂိုဏ်းစေ့စပ်)ပွဲ၌ မဟာနာယကဝန်ကိုထမ်းဆောင်တော်မူခဲ့သော ပုလတ္တိပုရ(ပေါလောန်နရုဝ)ဒီမျှလာ ဂလတော၌ သီတင်းသုံးသည့် ဓုတင် ၁၃–ပါးဆောင်အရှင်ကဿပမဟာထေရ် သည်လည်း အရှင်သာရိပုတ္တရာ၏ ကျေးဇူးတော်ရှင်ဆရာသခင်ဖြစ်ကြောင်း–

ကဿပံ တံ မဟာထေရံ၊ သံဃဿ ပရိဏာယကံ။
ဒီပသ္မိံ တမ္ဗပဏ္ဏိမှိ၊ သာသနောဒယကာရကံ။
ပဋိပတ္တိပရာဓီနံ၊ သဒ္ဓါရညနိဝါသိနံ။
ပါကဋံ ဂဂနေ စန္ဒ–မဏ္ဍလံ ဝိယ သာသနေ။
သံဃဿ ပိတရံ ဝန္ဒေ၊ ဝိနယေ သုဝိသာရဒံ။

ယံ နိဿာယ ဝသန္တော,ဟံ၊ ဝုဋ္ဌိပတ္တော,သ္မိ သာသနေ။
ဟူသော သာရတ္ထဒီပနီဋီကာဂန္ထာရမ္ဘ၊ အင်္ဂုတ္တရဋီကာဂန္ထာရမ္ဘတို့ဖြင့် ထင်ရှားလေသည်။ ၎င်းပြင် အရှင်မဟာကဿပ၏လက်အောက်၌ သာသနကိစ္စအဝဝကို ဆောင်ရွက်ရသူ လက်ထောက်မထေရ် အရှင်သုမေဓာမှာလည်း အရှင်သာရိပုတ္တရာ၏ ဂဏဝါစက စာချဆရာတော်ဖြစ်ကြောင်းကိုလည်း-

အနုထေရံ မဟာပညံ၊ သုမေဓံ သုတိဝိဿုတံ။
အဝိက္ခဏ္ဍိတသီလာဒိ-ပရိသုဒ္ဓဂုဏောဒယံ။
ဗဟုဿုတံ သတိမန္တံ၊ ဒန္တံ သန္တံ သမာဟိတံ။
နမာမိ သိရသာ ဓီရံ၊ ဂရုံ မေ ဂဏဝါစကံ။

ဟူသော သာရတ္ထ၊ ဋီ၊ အံ၊ ဋီ၊ ဂန္ထာရမ္ဘများဖြင့်ပင် သိသာသည်။ အရှင်သာရိပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီး၏ ပုလတ္တိပုရ၌ပြုလုပ်သော သာသနာသုတ်သင်ပွဲ၌ ကျေးဇူးရှင်ဆရာတော် အရှင်ကဿပ၏လက်အောက်မှ ဒုတိယခေါင်းဆောင်တာဝန်များကို ဆောင်ရွက်ရလေသည်။ ပရက္ကမဗာဟုမင်းမြတ်သည် သာသနာသုတ်သင်ပွဲတွင် အရှင်သာရိပုတ္တရာကို များစွာကြည်ညိုခဲ့သည်။ အရှင်သာရိပုတ္တရာ၏အရည်အချင်းကို ကောင်းစွာသိသဖြင့် သံဃာ့အလယ်တွင် ဝိနယသင်္ဂဟ အဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာ၊ အင်္ဂုတ္တရဋီကာတို့ကို ရေးရန်တောင်းပန်လျှောက်ထားခဲ့သည်။

## ကျောင်းတော်အလှူခံခြင်းနှင့် ကျမ်းဂန်များပြုစုတော်မူခြင်း

အရှင်သာရိပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီး၏ ဇေတဝန်ကျောင်းတိုက်အတွင်း ပြာသာဒ်တော်ကိုလည်း အလှူခံရကြောင်း-

ထိရသီလဿ ထေရဿ၊ သာရိပုတ္တဝှယဿတိ။
ဟမ္မိယတ္ထလဂဗ္ဘေဟိ၊ မဟာပါသာဒမုတ္တမံ။

ဟူသော မဟာဝံသ။ ရ၆၊ ၃၄-ဂါထာဖြင့်သိသာသည်။

## ဝိနယသင်္ဂဟအဋ္ဌကထာ

မထေရ်မြတ်သည် ဖော်ပြပါဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးစဉ် ပရက္ကမဗာဟုမင်းကြီး၏ တောင်းပန်မှုကြောင့် ဝိနယသင်္ဂဟအဋ္ဌကထာ(ပါဠိမုတ္တဝိနိစ္ဆယ)ကို

ရေးသားခဲ့ကြောင်း–

အဇ္ဈေသိတော နရိန္ဒေန၊ သောဟံ ပရက္ကမဗာဟုနာ။
သဒ္ဓမ္မဋ္ဌိတိကာမေန၊ သာသနုဇ္ဇောတကာရိနာ။
တေနေဝ ကာရိတေ ရမ္မေ၊ ပါသာဒသတမဏ္ဍိတေ။
နာနာဒုမဂဏာကိဏ္ဏေ၊ ဘာဝနာဘိရတာလယေ။
သီတလူဒကသမ္ပန္နေ၊ ဝသံ ဇေတဝနေ ဣမံ။
ဝိနယသင်္ဂဟံ သာရံ၊ အကာသိ ယောဂိနံ ဟိတံ။

ဟူသောဂါထာများဖြင့် ဝိနယသင်္ဂဟအဋ္ဌကထာနိဂုံး၌ မှတ်တမ်းတင်ခဲ့သည်။

## ဝိနယသင်္ဂဟအဋ္ဌကထာအတွက် ရည်ရွယ်ချက်

ဝိနယသင်္ဂဟအဋ္ဌကထာကို ဝိနည်းကိုလေးစားကြည်ညိုကြသော ယောဂီရဟန်းတို့ ဝိနည်း၌လိမ္မာတတ်မြောက်တံခွန်ဆောက်ဖို့ ရေးသားရကြောင်းကိုလည်း–

ဝတ္ထုတ္တယံ န မသိတွာ၊ သရဏံ သဗ္ဗပါဏိနံ။
ဝိနယေ ပါဋဝတ္ထာယ၊ ယောဂါဝစရဘိက္ခုနံ။

စသော ဂန္ထာရမ္ဘဂါထာများဖြင့် ပေါ်လွင်လေသည်။ ၎င်းအဋ္ဌကထာကိုလည်း သီဟိုဠ်ကျွန်း၌ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၄၁၉–ရှိလေသည်။ မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာစာတော်မူစာမျက်နှာ ၄၆၈–ရှိလေသည်။ ၎င်းကျမ်းကို ကျမ်းဆရာက ပါဠိမုတ္တကဝိနိစ္ဆယသင်္ဂဟဟု အမည်ပေးခဲ့သည်။

## သာရတ္ထဒီပနီဋီကာ

ပုလတ္ထိပုရဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနိုက်ပင် သာရတ္ထဒီပနီအမည်ရှိသော ဝိနည်းဋီကာကိုလည်း ရေးသားခဲ့သည်။ သာရတ္ထဒီပနီဋီကာကျမ်းဦးအစ၌ ရတနယပဏာမပြုပြီး ဆရာနှစ်ပါးတို့အား ဂုဏ်တော်များဖြင့် ထုတ်ဖော်ချီးကျူးရှိခိုးဦးချ အာစရိယပဏာမပြုခဲ့သည်။ ၎င်းပြင် သီဟိုဠ်ဘာသာရေး ဝိနယဂဏ္ဌိပဒကျမ်းတို့၌ သိရန်ခက်ခဲစွာ ရေးသားထားသည်တကြောင်း ပါဠိဘာသာရေးဋီကာ(ဝဇိရဗုဒ္ဓိ)၌လည်း ဘာသာအမျိုးမျိုးတို့နှင့်ရောယှက်နေခြင်း အနှစ်မပါ ဗလာသက်သက်ဖြစ်သော ကျမ်းလေးစကားဖြင့် ပြည့်နှက်နေသည်လည်းတကြောင်း၊ တို့ကြောင့် ထိုဋီကာမှအနှစ်ကိုယူ၍ သန့်ရှင်းစွာရေးရမည်ဖြစ်ကြောင်း ဂန္ထာရမ္ဘ၌ ဖော်ပြထားသည်။

## အရှင်သာရိပုတ္တရာတို့ခေတ် သီဟိုဠ်ဂဏ္ဌိများ

အရှင်သာရိပုတ္တရာတို့ခေတ် သာသနာသက္ကရာဇ် ၁၇၀၀–ကျော်လောက်က သီဟိုဠ်၌ဝဇိရဗုဒ္ဓိဋီကာအပြင် သီဟိုဠ်ဘာသာရေး မဟာဂဏ္ဌိပဒ မဇ္ဈိမဂဏ္ဌိပဒ စူဠဂဏ္ဌိပဒများနှင့် မဂဓဘာသာရေး ဝိနည်းမဂဓဂဏ္ဌိပဒများရှိကြောင်း သာရတ္ထ၊ ဋီ၊၃။နှင့်ဆိုင်ရာ အဆုံးအဖြတ်များအရ သိနိုင်လေသည်။ အရှင်သာရိပုတ္တရာသည် ကျမ်းပြုဆရာကြီး အရှင်ဓမ္မပါလကိုလည်း အလွန်လေးမြတ်ကြောင်း အာစရိယ ဓမ္မပါလတ္ထေရော ပန––– သာရတ္ထ၊ ၁။ ၃၉၆။ အာစရိယဓမ္မပါလတ္ထေရေန––– သာရတ္ထ၊ ၁။ ၄၀၅–စသည် အဆိုအမိန့်တို့ကို မှန်းဆ၍ သိနိုင်လေသည်။

## မင်းကေရာဇ် တောင်းပန်သောကြောင့်ရေး

အရှင်သာရိပုတ္တရာသည် ပရိယတ္တိသဒ္ဓမ္မ၏တည်ခြင်း၊ သာသနာတော်၏ ထွန်းပြောင်တောက်ပခြင်းကိုလိုလားသည့် ပရက္ကမဗာဟုမင်းကေရာဇ်၏ တောင်းပန် မှုကြောင့် ဤသာရတ္ထဒီပနီဋီကာကိုလည်း ရေးသားရပါကြောင်း–

အဇ္ဈေသိတော နရိန္ဒေန၊ သောဟံ ပရက္ကမဗာဟုနာ။

သဒ္ဓမ္မဋ္ဌိတိကာမေန၊ သာသနုဇ္ဇောတကာရိနာ။

ဟူသောဂါထာဖြင့် ပြခဲ့သည်။

ဤသာရတ္ထဒီပနီဋီကာကို သီဟိုဠ်ကျွန်း၌ ခေတ်ဦးပိုင်းက စာအုပ်ပြည့်စုံ အောင်မရိုက်ရသေးပေ။ ယိုးဒယား၌ကား ပြည့်စုံစွာရိုက်နှိပ်နိုင်ခဲ့သည်။ မြန်မာပြည်၌ အကြိမ်ကြိမ်ရိုက်နှိပ်ဘူးသည်။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာ ထေရ် ဝိနည်းပိဋကတ်ချစဉ် သာရတ္ထဒီပနီဋီကာကိုပါတွဲချလေ့ရှိကြောင်း သိရလေ သည်။ ဆဋ္ဌသံဂါယနာစာတော်မူ ၃–တွဲစလုံး စာမျက်နှာ ၁၄၀၄–ရှိလေသည်။ ဂန္ထပမာဏအားဖြင့် ၃–ထောင်ပမာဏရှိသော ဋီကာကျမ်းကြီးဖြစ်လေသည်။

## အင်္ဂုတ္တရဋီကာ

သာသနာပိုင်အရှင်သာရိပုတ္တရာသည် သာရတ္ထဒီပနီဋီကာရေးအပြီး အင်္ဂုတ္တရဋီကာကိုလည်း ရေးသားခဲ့သည်။ ယင်း အင်္ဂုတ္တရဋီကာကို သာရတ္ထမဉ္ဇူသာ (ကောင်းမြတ်သောအနက်အဓိပ္ပါယ်တို့နှင့်ပြည့်စုံသော သေတ္တာ)ဟု ခေါ်ဆိုကြောင်း–

ပေါရာဏာနံ ကထာမဂ္ဂ–သာရမေတ္ထ ယတော ဋ္ဌိတံ။
တသ္မာ သာရတ္ထမဉ္ဇူသာ၊ ဣတိ နာမေန ဝိဿုတာ။
ဟူသောနိဂုံးဖြင့် သိရလေသည်။ အရှင်သာရိပုတ္တရာသည် မိမိ၏ပရက္ကမဗာဟုမင်းကြီး၏ အခြားပုဂ္ဂိုလ်နှင့်မတူပဲ ထူးထူးခြားခြား အချီးအမြှောက်ခံရသောပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် သံဃာ့အလယ်၌ ပရက္ကမဗာဟုမင်းကေရာဇ်ကိုယ်တိုင်တောင်းပန်သဖြင့် ရေးသားရကြောင်း–

တေနာဟမစ္စန္တမနုဂ္ဂဟီတော၊
အနညသာဓာရဏသင်္ဂဟေန။
ယသ္မာ ပရက္ကန္တဘုဇဝှယေန၊
အဇ္ဈေသိတော ဘိက္ခုဂဏာသ မဇ္ဈေ၊
ဟူသောဂါထာဖြင့် အင်္ဂုတ္တရဋီကာဂန္ထာရမ္ဘ(အံ၊ ဋီ ၁။ ၂။)၌ ဖော်ပြခဲ့သည်။ ဤဋီကာသည်မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာစာတော်မူ ၃–အုပ်ပေါင်း ၁ဝ၅၅–မျက်နှာရှိသည့် ကြီးကျယ်သောဋီကာကြီးဖြစ်လေသည်။

## အဘိဓမ္မတ္ထသင်္ဂြိုဟ်နိဿျ

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကိုလည်း အဆုံးအဖြတ်နှင့်တကွ သီဟိုဠ်ဘာသာဖြင့် နိဿျရေးခဲ့သည်။ ယင်းနိဿျကို သီဟိုဠ်၌အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့သည်။ ၁၉၆ဝ–ခုနှစ်ကရိုက်သောစာအုပ်မှာ ဒီမိုင်းဆိုက်စာမျက်နှာ ၂၈၃–ရှိလေသည်။ ၎င်းကို အဘိဓမ်ာထ်သင်္ဂြဟ ပုရာဏသန်နယဟု နာမည်တပ်ထားသည်ကို တွေ့ရသည်။ ၎င်းနိဿျကို အများဆုံးအမှီပြု၍ တပည့်အရှင်သုမင်္ဂလသာမိသည် "အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာကျော်ကျမ်းကို ရေးသားခဲ့ခြင်းဖြစ်သည်။ ဤနိဿျ၌လာသော ပါဠိဂါထာများကိုသာထုတ်နုတ်၍ ဋီကာကျော်နှင့်တိုက်ဆိုင်အပ်သည်။ အရှင်သာရိပုတ္တရာ၏ အဘိဓမ္မတ္ထသင်္ဂြိုဟ် သီဟိုဠ်နိဿျ ၈–သမ္မာသမ္ဗုဒ္ဓမတုလံ–ပုဒ်ကိုပြဆိုခဏ်း၌–

ရူပေ သီလေ သမာဓိမှိ၊ ပညာယ စ အသာဒိသော။
ဝိမုတ္တိယာ အသမသမော၊ ဓမ္မစက္ကပ္ပဝတ္တနေ။
၎င်းဂါထာဋီကာကျော်၌ မပါပါ။ သင်္ဂြိုဟ်နိဿျ ၇–၌–

ဝိစိတ္တကရဏာ စိတ္တံ၊ အတ္တနော စိတ္တတာယ ဝါ။
စိတံ ကမ္မကိလေသေဟိ၊ စိတံ တာယတိ ဝါ တထာ။
စိနောတိ အတ္တသန္တာနံ၊ ဝိစိတ္တာရမ္မဏန္တိ စ။

ဟုလာသောဂါထာကို ဋီကာကျော် ၇၄–၌ တွေ့ရှိနိုင်သည်။ သဂြိုဟ်နိသျ ၉၌–
ကာမောဝစရတိတေတ္ထ၊ ကာမေ ဝစရတီတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ ကာမာဝစရံ ဘဝေ။
ဟူသောဂါထာကို ဋီကာကျော် ၇၆–၌ တွေ့ရသည်။ သီဟိုဠ်နိသျ ၁၀–၌–
အထိတ်ပြကရဏာလ္လိဂ်၊ ဒေါ်စိတျာဒွေဇကလတး။
ဇဗ္ဗါထိ်ားပြဝိဘဇ္ဇန္တေ၊ နဇဗ္ဗါဒေဝ ကေဝလာတ်။
ဟူသောဂါထာ ဋီကာကျော်၌မတွေ့ရ။ သီဟိုဠ်သဂြိုဟ်နိသျ ၁၁–၌–
ပုဗ္ဗပယောဂသမ္ဘူတော၊ ဝိသေသော စိတ္တသမ္ဘဝီ။
သင်္ခါရော တံ ဝသေနေတ္ထ၊ ဟောတျသင်္ခါရိကာဒိတာ။
ဟူသောဂါထာကို ဋီကာကျော် ၇၈–၌တွေ့ရသည်။ သီဟိုဠ်သဂြိုဟ်နိသျ ၁၅–
၌–
သဗ္ဗာကုသလယုတ္တမ္ပိ၊ ဥဒ္ဒစ္စံ အန္တမာနသေ။
ဗလဝံ ဣတိ တံ ယေဝ၊ ဝုတ္တမုဒ္ဓစ္စယောဂတော။
တေနေဝ ဟိ မုနိဒ္ဒေန၊ ယေဝါပနကနာမတော။
ဝတ္វာ သေသေသု ဌေတ္တ္ဝ၊ တံ သရူပေန ဒေသိတံ။
ဟူသောဂါထာများကို ဋီကာကျော် ၈၀–၌ တွေ့ရသည်။
သီဟိုဠ်သဂြိုဟ်နိသျ ၁၅–၌–
မူဠ္ဟတ္တာ စေဝ သံသပ္ပ–ဝိက္ခေပါ စေကဟေတုကံ။
သောပေက္ခံ သဗ္ဗဒါ နော စ၊ ဘိန္နံ သင်္ခါရဘေဒတော။
န ဟိ တဿ သဘာဝေန၊ တိက္ခတုဿာဟနီယတာ။
အတ္တိ သံသပ္ပမာနဿ၊ ဝိက္ခိပန္တဿ သဗ္ဗဒါ။
ဟုလာသောဂါထာ ဋီကာကျော် ၈၁–၌ တွေ့ရသည်။
သီဟိုဠ်နိသျ ၂၀–၌–
ဝတ္ထာလမ္ဗသဘာဝါနံ၊ ဘူတိကာနံ ဟိ ဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ–စတုစိတ္တမုပေက္ခကံ။
ကာယနိဿယဖောဋ္ဌဗ္ဗ–ဘူတာနံ ဃဋ္ဋနာယတု။
ဗလဝတ္တာ န ဝိညာဏံ၊ ကာယိကံ မဇ္ဈ ဝေဒနံ။
သမာနနိဿယော ယသ္မာ၊ နတ္ထာနန္တရပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္ဗေ၊ သောပေက္ခံ သမ္ပဋိစ္ဆနံ။

ဟူသောဂါထာများ ဋီကာကျော် ၈၅-၌ တွေ့နိုင်သည်။
သီဟိုဠ်သင်္ဂြိုဟ်နိသျ ၂၅-၌-

ပြတိရူပေ မုဒေဂေမုံ ဝါသး ပဏ္ဍိတသင်္ဂတီး။

ဇြဝဏံ ကတ္တြပုဏျတ္ထံ၊ စတုမ္ဗတြေ မီရိတံ။

ဟူသောဂါထာ ဋီကာကျော်၌ မတွေ့ရ။ ၎င်းပြင် ၂၅-မျက်နှာ၌ပင်-

ယောနိသော ဝိသယာ ဘောဂါ၊ နိယာမပရိမာဏတော။

ပုညေ ပရိစိတတ္တာ စ၊ ဣဒ္ဓေပိ ကုသလံ သိယာ။

ဟူသောဂါထာလည်း ဋီကာကျော်၌ မတွေ့ရ။ သီဟိုဠ်သင်္ဂြိုဟ်နိသျ ၂၅-၌ပင်-

ကမေန ပုညဝတ္ထူဟိ၊ ဝေါစရာဓိပတီဟိ စ။

ကမ္မဟီနာဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ။

ဟူသောဂါထာ ဋီကာကျော် ၈၈-၌ တွေ့ရသည်။

သီဟိုဠ်သင်္ဂြိုဟ်နိသျ ၃၂-၌-

ဥပနိဿနကိစ္စတ္တာ၊ ကာမာဒိပဋိပက္ခတော။

သန္တေသုပိ စ အညေသု၊ ပဉ္စေဝ ဈာနသညိတာ။

ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။

ဟူသောဂါထာ ဋီကာကျော် ၉၃-၌ တွေ့ရသည်။ (နောက်ဂါထာဝင်ကျမ်းရင်း ဝိသုဒ္ဓိ၊ ၂။ ၂၀၃။ အဘိ၊ ဋ၊ ၂။ ၁၇၁)။ ၎င်းပြင် သီဟိုဠ်သင်္ဂြိုဟ်နိသျ ၃၂-၌ပင်-

ကေဝလံ ပုဗ္ဗယောဂေန၊ ဥဿာဟေနေဝ ဝါ က္လစိ။

အဘိနိပ္ဖန္နတော တိဏ္ဏံ၊ နတ္ထိ သခ်ါရိကာဒိတာ။

ဟူသောဂါထာ ဋီကာကျော်၌ မတွေ့ရချေ။

သီဟိုဠ်သင်္ဂြိုဟ်နိသျ ၃၇-၌-

အာရမ္မဏာတိက္ကမတော၊ စတဿောပိ ဘဝန္တိမာ။

အင်္ဂါတိက္ကမမေတာသံ၊ န ဣစ္ဆန္တိ ဝိဘာဝိနော။

ဟူသောဂါထာ ဋီကာကျော် ၉၇-၌ တွေ့ရသည်။ ၎င်းဂါထာသည် အဘိ၊ ဋ၊ ၁။ ၂၅၄-၌လည်းလာသည်။ သီဟိုဠ်သင်္ဂြိုဟ်နိသျ ၃၉-၌ လောကုတ္တရာစိတ်ကြိယာ မရှိကြောင်းပြ-

လောကုတ္တရကြိယာ စိတ္တံ၊ ပန ကသ္မာ န ဝိဇ္ဇတိ။

ကေစိတ္တက္ခဏိကတ္တာ၊ မဂ္ဂဿာတိ န ဝိဇ္ဇတိ။

ဟူသောဂါထာ ဋီကာကျော်၌ မလာမရှိ။
သီဟိုဠ်သဂြိုဟ်နိသျ ၄၈–၌–

နာတြီဇုဂ္ဂုသ္တတေ ပါပါ၊ ဒမေချာဒိဝ ဂူကရး။
ဂလဘော "ဂေတရိဝ"၊ တသ္မာ နူတြဲ သသတျနပတြဲပး။

ဟူသော သက္ကတဂါထာကို ဋီကာကျော် ၁၀၇–၌–

ဇိဂုစ္ဆတိ နာပဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
န ဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ။

ဟုလာရှိသည်။ ၎င်းပြင် ဋီကာကျော် ၁၀၉–၌လာသော ကေစိ မိဒ္ဓမ္ပိ ရူပန္တိ–စသော ၈–ဂါထာမှာ သီဟိုဠ်သဂြိုဟ်နိသျ ၅၀–လာဂါထာများပင်ဖြစ်သည်။ သီဟိုဠ်သဂြိုဟ်နိသျ ၅၄–၌–

အဗ္ဗာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘော။

ဟူသောဂါထာ ဋီကာကျော် ၁၁၂–၌ အဗျာဒါဒေန မေတ္တာ ဟိ– စသည်ဖြင့်လာရာ ဝနှင့်ဗသက္ကတသုံးနှင့် ပါဠိသုံးမျှသာကွဲသည်။

သီဟိုဠ်သဂြိုဟ်နိသျ ၉၀–၌–

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။
ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဒ္ဒာပိတဂေါစရေ။

ဟူသော သစ္စသံခိပ်ဂါထာဋီကာကျော် ၁၃၁–၌ တွေ့ရလေသည်။

သီဟိုဠ်သဂြိုဟ်နိသျ ၁၀၁–၁၀၂–တို့၌–

ဥပ္ပန္နုပ္ပဇ္ဇမာနန္တိ၊ ဝိဘင်္ဂေဟေဝမာဒိနံ။
ဘင်္ဂက္ခဏသ္မိံ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနကံ။
ဥပ္ပဇ္ဇမာနမုပ္ပါဒေ၊ န ဥပ္ပန္နန္တိ အာဒိနာ။
ဘင်္ဂုပ္ပါဒါဝ အက္ခာတာ၊ န စိတ္တဿ ဋ္ဌိတိက္ခဏော။
ဥပ္ပါဒေါ စ ဝယော စေဝ၊ အညထတ္တံ ဋ္ဌိတဿ စ။
ပညာယတီတိ ဝုတ္တတ္တာ၊ ဋ္ဌိတိ အတ္ထီတိ စေ မတာ။
အညထတ္တဿ ကေသ္မိံ၊ ဓမ္မေ အနုပလဒ္ဓိတော။
ပညာဏာဝစနာ စေဝ၊ ပဗန္ဓဋ္ဌိတိ န ဋ္ဌိတိ။
ဝုတ္တာ တသ္မာ န စိတ္တဿ၊ ဋ္ဌိတိ ဒိဿတိ ပါဠိယံ။

အဘိဓမ္မေ အဘာဝေါပိ၊ နိသေဓော ယေဝ သဗ္ဗထာ။
ယဒိ သမုဒယော ယဿ၊ နိရုဇ္ဈတိ တဒါဿ ကိံ။
ဒုက္ခမုပ္ပဇ္ဇတိ တေတ္ထ၊ ပစ္စေ နောတိ နိသေဓတော။
ရူပုပ္ပါဒေါ န ဘင်္ဂသ္မိံ၊ ဓမ္မဿေဝ ယထာ မတာ။
ဥပ္ပါဒါဝတ္ထုတော ဘိန္နာ-ဘင်္ဂါဝတ္ထာ တထေဝ တု။
ဘင်္ဂဿာဘိမုခါဝတ္ထာ၊ ဋ္ဌိတိတဗ္ဗာ အယံ ဋ္ဌိတိ။
နယဒဿနတော သော၊ ဝိဘင်္ဂေ န တု ဒေသိတာ။
လက္ခဏံ သံခတဿေဝ၊ ဝတ္ထုမုပ္ပါဒအာဒိနံ။
ဒေသိတတ္တာ န တတ္ထာပိ၊ ပဗန္ဓဿ ဋ္ဌိတီရိတာ။
ဥပသဂ္ဂဿ ဓာတူန-မတ္ထေယေဝ ပဝတ္တိတော။
ပညာယတီတိ ဧတဿ၊ အတ္ထော ဝိညာယတေ ဋ္ဌိတိ။
ဘင်္ဂေ ရူပဿ နုပ္ပါဒေ၊ စိတ္တဇာနံ ဝသေန ဝါ။
အရူပံ စာဘိသန္ဓာယ၊ ဘာသိတော ယမကဿ ဟိ။
သဘာဝေါ ယံ ယထာလာဘ-ယောဇနာ ဟိ တတော န ဟိ။
န စိတ္တဋ္ဌိတိ ဘင်္ဂေ စ၊ န ရူပဿ အသမ္ဘဝေါ။

ဟူသောဂါထာများ ဋီကာကျော်၌ မပါမရှိကုန်။ သီဟိုဠ်သင်္ဂြိုဟ်နိသျ ၁၀၄-လာ ယဋီတေ အညဝတ္ထုမှိ စသော သစ္စသံခိပ်ဂါထာကို ဋီကာကျော် ၁၄၂-၌ တွေ့ရလေသည်။ သီဟိုဠ်သင်္ဂြိုဟ်နိသျ ၁၀၆-၌-

သုပ္ပဂ္ဂူတသျမူလေ ဖလမတနရဝါတ်ကစ္စိဒုန်မီလျစတ္တုရ်။
ဒပ္ပိုဝါစာဒါယစဲတတ် ဖလမထပရိတး ပီဍယိတွာကရေဏ။
ဋ္ဌတွာ ပက္ခ သွဘာဝံ ကိလပရိဗုဘုဇေ တဒါသာကမဋ္ဌစေတား။
ပစ္စိတ္တာလ်ဝါဒိလစနံ ရသမပိစ၊ သဟာဂလေမ်မဏ်သွာဒျဂိဈေ။

ဟူသောဂါထာ ဋီကာကျော်၌ အဓိပ္ပါယ်သာပါရှိသည်။ ဂါထာမပါရှိချေ။ သီဟိုဠ်သင်္ဂြိုဟ်နိသျ ၁၁၈-၌ နိရာဝဇ္ဇံ ကထံ စိတ္တံ စသောဂါထာဋီကာကျော် ၁၅၃-၌ လာရှိသည်။ သီဟိုဠ်သင်္ဂြိုဟ်နိသျ ၁၁၉-၁၂၀-တို့၌ ဇနကံ တံ သမာနံ ဝါ စသောဂါထာများ ဋီကာကျော် ၁၅၄-၌လာသည်။

သီဟိုဠ်သင်္ဂြိုဟ်နိသျ ၁၃၆-၌-

အပါယိက မနုဿာယု-ပရိစ္ဆေဒေါ န ဝိဇ္ဇတိ။
တထာ ဟိ ကာဠော မန္ဓာတာ၊ ယက္ခာ ကေစိ စိရာယုနော။

ဟုလာရှိသောဂါထာ ဋီကာကျော် ၁၆၅-၌ တွေ့ရသည်။
သီဟိုဠ်သဂြိုဟ်နိသျ ၁၃၇-၌-

ယာနိ ပညာသ ဝဿာနိ၊ မနုဿာနံ ဒိနော တဟိံ။
တိံ သရတ္တိဒိဝေါ မာသော၊ မာသော ဒွါဒသ ဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။

ဟူသောဂါထာ ဋီကာကျော် ၁၆၆-၌တွေ့ရသည်။ သဂြိုဟ်နိသျ၌ ဝစ္ဆရံရှိ၍ ဋီကာကျော်၌ သံဝစ္ဆရံ ရှိနေခြင်းမျှသာထူးသည်။ သီဟိုဠ်သဂြိုဟ်နိသျ ၁၃၉-၌-

သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။

စသော ၂-ဂါထာကို ဋီကာကျော် ၁၆၇-၈-၌- အားလုံးတူတွေ့ရသည်။ သီဟိုဠ်မူ သဂြိုဟ်နိသျ ၄၆-၌-

အဘိက္ကမာဒိဇနက-စိတ္တဇသောနိလဿ သာ။
ဝိကာရော ကာယဝိညတ္တိ-ရူပတ္တမ္ဘာ ဒိကာရဏံ။

ဟူသောဂါထာ ဋီကာကျော်၌မတွေ့ရ။ သီဟိုဠ်သဂြိုဟ်နိသျ ၁၅၂-၌-

ကသိဏုဂ္ဃါဋိမာကာသ-မာကာသ ဝိသယံ မနော။
တဒဘာဝေါ တဒါလမ္ဗ-ဝိညာဏဉ္စ စတုဗ္ဗိဓံ။

ဟူသောဂါထာ ဋီကာကျော်၌မပါမရှိ။ သီဟိုဠ်သဂြိုဟ်နိသျ ၁၅၃-၌-

ဥဒ္ဒစ္စရဟိတာ သေသာ၊ ကုသလာပါယသာကော။
သဗ္ဗေ သုဂတိယဉ္စာပိ၊ ပဝတ္တိဖလဒါယကာ။
ဒသနေန ပဟာတဗ္ဗေ-သွဝုတ္တတ္တာ စ တာဒိနာ။
ဥဒ္ဒစ္စသန္ဓိဖလဒံ၊ န ဘော တေဝါတိ နိစ္ဆယော။
ပဝတ္တိဖလဒါနမ္ပိ၊ တေ တေ ကေ တံ နယုဇ္ဇတိ။
ဥဒ္ဒစ္စံ ပါကပညာဘိ၊ ဝုတ္တတ္ထုပဋ္ဌိသမ္ဘိဒါ။

ဟူသောဂါထာ ဋီကာကျော်၌မပါရှိ။ သီဟိုဠ်သဂြိုဟ်နိသျ ၁၅၈-၌-

သုဒ္ဓါဝါသေသု နာဂါမိ-ပုဂ္ဂလာ ဝေါပပဇ္ဇရေ။
ကာမဓာတုမှိ ဇာယန္တိ၊ အနာဂါမိ ဝိဝဇ္ဇိတာ။

ဟူသော ပရမတ္ထဝိနိစ္ဆယ၊ ၂၀၅-ဂါထာ ဋီကာကျော် ၁၈၆-၌လာရှိသည်။
သီဟိုဠ်သဂြိုဟ်နိသျ ၁၅၉-၌-

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။

စသော နာမရူပ ပရိစ္ဆေဒ ၄၅၁၊ ၂-ဂါထာ ဋီကာကျော် ၁၈၇-၌ပါရှိသည့်

သီဟိုဠ်သဂြိုဟ်နိသျ ၁၆၉-၌

မဟန္တာ ပါတုဘူတာတိ၊ မဟာဘူတသမာတိ ဝါ။

ဝဉ္စကတ္တာ အဘူတေန၊ မဟာဘူတာတိ သမ္မတာ။

ဟူသော အဘိဝတာရ၏။ ၆၂၆-ဂါထာ ဋီကာကျော် ၁၉၅-၌ လာရှိသည်။

မဟာဘူတာနိ နိဿာယ၊ အမုဉ္စိတွာ ပဝတ္တိတာ။

ဥပါဒါရူပမိစ္စာဟ၊ နိရုပါဒါန မာနသော။

ဂါထာ ဋီကာကျော်၌ မတွေ့ရ။ ဋီကာကျော် ၁၉၇-၌ ဒဝတာသဟဝုတ္တိနီ စသော ၂-ဂါထာနှင့် လိင်္ဂဟတ္ထာဒိသညာနံ- စသောဂါထာများ သီဟိုဠ်သဂြိုဟ်နိသျ ၁၇၂-၌တွေ့ရသည်။ သီဟိုဠ်သဂြိုဟ်နိသျ ၁၇၃-၌-

ယံ နိဿာယ မနောဓာတု၊ မနောဝိညာဏဓာတု စ။

ဝတ္တန္တိ ပဉ္စဝေါကာရေ၊ တံ ဝတ္ထုတိ ပဝုစ္စတိ။

မဇ္ဈေ ဟဒယကောသမှိ၊ အမုပ္ပသတလောဟိတေ။

ဘူတရူပမုပါဒါယ၊ စက္ခာဒိ ဝိယ ဝတ္တတိ။

ဟူသောဂါထာများ ဋီကာကျော်၌မတွေ့ရ။ ဋီကာကျော် ၁၉၈-၌-

နိပ္ပန္နဘူတိကာဓာရာ၊ ဒွေ ဓာတူ ကာမရူပိနံ။

စသော ၄-ဂါထာခွဲကို သီဟိုဠ်သဂြိုဟ်နိသျ ၁၇၃-၌ တွေ့ရသည်။ သီဟိုဠ်သဂြိုဟ်နိသျ ၁၇၄-၌-

ယာယ ဩဇာယ ယာပေန္တိ၊ ယတ္ထ ယတ္ထ စ ပါဏိနော။

အယန္တု ကဗဠီ ကာရော၊ အာဟာရောတိ ပဝုစ္စတိ။

ဟူသောဂါထာ ဋီကာကျော်၌ မတွေ့ရ။

၎င်းပြင် သီဟိုဠ်ဂြိုဟ်နိသျ ၁၇၅-၌-

အဘိက္ကမာဒိဇနက-စိတ္တဇဿာနိလဿ ယော။

ဝိကာရော ကာယဝိညတ္တိ၊ ရူပတ္ထမ္ဘာဒိကာရဏာ။

ဝစီဘေဒကစိတ္တေန၊ ဘူတဘူမိဝိကာရတာ။

ဝစီဝိညတ္တုပါဒိဏ္ဏ-ဃဋ္ဋနဿေဝ ကာရဏာ။

ဟူသောဂါထာများ ဋီကာကျော်၌မတွေ့ရ။ ၎င်းပြင် သီဟိုဠ်သဂြိုဟ်နိသျ- ၁၇၇-၌-

ရူပါန မာစယော ယောဟိ၊ ဝုတ္တော ဥပစယောတိ သော။

အနုပ္ပဗန္ဓတာ တေသံ၊ သန္တတီတိ ပဝုစ္စတိ။
အတ္တတော ဥဘယမ္ပေတံ၊ ဇာတိရူပန္တိ ဒီပိတံ။
ဝုတ္တမာကာရနာနတ္တာ၊ ဝေနေယျာနံ ဝသေန ဝါ။
ဒုဝိဓံ ယံ ဇရာ နာမ၊ ပါကဋာ,ပါကဋာတိ စ။
ပါကဋာ ရူပဓမ္မေသု၊ အရူပေသု အပါကဋာ။

ဟူသောဂါထာများ ဋီကာကျော်၌မတွေ့ရ။ သီဟိုဠ်ဂြိုဟ်နိသျ ၁၈၁–၌ စက္ခု–သောတံ ပနေတေသု၊ ဟောတာသမ္ပတ္တဂါဟကံ–စသောဂါထာတို့ကို ဋီကာကျော် ၂၀၅– ၌ တွေ့ရလေသည်။ သီဟိုဠ်သဂြိုဟ်နိသျ ၁၉၉–၌ ကိစ္စာဟာရဝိပက္ခာနံ၊ ကေတ္တာ ကေမေတ္တ ဟိ–စသော ၂–ဂါထာကို ဋီကာကျော်၂၂၀–၌ တွေ့ရသည်။ သီဟိုဠ် သဂြိုဟ်နိသျ ၂၀၃–၌–

ဆန္ဒံ တု ဇေ့ကံ ကတွာ၊ ဆန္ဒံ ကတွာ ဓုရံ ပန။
စိတ္တုပ္ပတ္တိကာလသ္မိံ၊ ဆန္ဒာဓိပတိ နာမသော။

ဟူသောဂါထာကို ဋီကာကျော်၌ မတွေ့ရ။ သီဟိုဠ်သဂြိုဟ်နိသျ ၂၀၅–၌–

ဇဝနေဓိပတိနန္ဒ၊ ယော ကောစေကော တိဟေတု ကေ။
ဒွိဟေတုကေ ဝါ ဇဝနေ၊ ဝီမံသာ နောပလဗ္ဘတိ။
လောကိယေသု ဝိပါကေသု၊ မောဟမူလေ အဟေတုကေ။
ယထာသမ္ဘဝဝုတ္တိတ္တာ၊ တတ္ထာဓိပတိ ကောစိပိ။

ဟူသောဂါထာလည်း ဋီကာကျော်၌မတွေ့ရ။ သီဟိုဠ်သဂြိုဟ်နိသျ ၂၁၁–၌–

ဝိဒဟာတိ ဝိဓာနတ္ထ၊ ဓိယတေ စ ဝိဓီယတေ။

ဟူသော ဓာတုဗျုပ္ပတ္တိပြဂါထာ ဋီကာကျော် ၂၃၀–၌ တွေ့ရသည်။ သီဟိုဠ်သဂြိုဟ် နိသျ ၂၅၆–၌

ရာဂါဒိကေ တိကေ သတ္တ၊ သတ္တ သဒ္ဓါဒိကေ တိကေ။
ကေဒွိတိကမူလမှိ၊ မိဿတော သတ္တသတ္တကံ။

ဟူသောဂါထာ ဋီကာကျော် ၂၅၆–၌ တွေ့ရသည်။ ၎င်းသီဟိုဠ်သဂြိုဟ်နိသျ ၂၅၁–၌ သတတံ အပ္ပမတ္တေန၊ ရက္ခိတဗ္ဗံ သတီမတာ။ စသောဂါထာများ ၂၅၅– ၌ ဓာဝန္တောပိ ယထာ ကောစိ၊ နရော ဆိန္နတဏှာ မုခေါ– စသောဂါထာများ ၂၅၂–၌

ဘဝသမ္ပတ္တဘိညာနံ၊ ဒိဋ္ဌဓမ္မသုခဿ စ။
ဝိပဿနာယ စတ္တာယ၊ ဈာနံ ဘာဝေန္တိ ယောဂိနော။

ဟူသောဂါထာ ၂၆၅-၌

အာဒါနနိက္ခေပနတော၊ ဝယော ဝုဒ္ဓတ္ထဂါမိတော။

အာဟာရတောစ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။

ဓမ္မတာရူပတော သတ္တ၊ ဝိတ္ထာရေန ဝိပဿတိ။

ဟူသောဂါထာ ၂၆၆-၌-

မန္ဒာ ခိဍ္ဍာ စ ဝဏ္ဏာ စ၊ ဗလာ ပညာ စ ဟာယနာ။

ပဗ္ဘာရာ စ ပဝင်္ကာ စ၊ မောမူဟာသယနာ ဒသ။

ဟူသောဂါထာ ၂၆၇-၌-

ကလာပတော ယမကတော၊ ခဏတော ပဋိပါဋိတော။

ဒိဋ္ဌိဥဂ္ဃါဋနာ မာန-သမုဂ္ဃါဋနတောပိ စ။

နိကန္တိပရိယာဒါနာ၊ သတ္တာရူပဝိပဿနာ။

ဟူသောဂါထာများ ဋီကာကျော်၌ မတွေ့ရ။ ဤသို့ဖြင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ကျော်ကျမ်းပြုဆရာတော် အရှင်သုမင်္ဂလသာမိသည် ဆရာရင်းဖြစ်သော အရှင် သာရိပုတ္တရာ၏ သင်္ဂြိုဟ်သီဟိုဠ်နိသျကိုကိုယ်ထည်ပြု၍ ရေးသားကြောင်း သိသာ သည်။ အရှင်သာရိပုတ္တရာသည် ၎င်းသင်္ဂြိုဟ်နိသျကို အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ယုံမှားသံသယဖြစ်ပြီး သရုပ်သဘောမကွဲမသိ အခက်အခဲရှိသော ရဟန်းတို့ အတွက် အခက်အခဲကို ဖျက်ခွဲပယ်ဖျောက်နိုင်ကြရန်ရည်သန်၍ ရေးသားရကြောင်း-

ကင်္ခါဝိနယနတ္ထာယ၊ အဘိဓမ္မတ္ထသင်္ဂဟေ။

ဘိက္ခူနံ လိခိတံ ဂန္ထံ၊ သီဟဠာယ နိရုတ္တိယာ။

ဟူသောဂါထာဖြင့် နိဂုံး၌ဖော်ပြခဲ့သည်။

## ဝိသုဒ္ဓိပထသင်္ဂဟနှင့် ကမ္မဋ္ဌာနသင်္ဂဟကျမ်း

အရှင်သာရိပုတ္တရာသည် တောရကျောင်းသခ်မ်း၌ ကမ္မဋ္ဌာန်းဘာဝနာဖြင့် သာသနာ့ဝန်အားသွန်ကြိုးပမ်း ရဟန်းတော်တို့အတွက် ဝိသုဒ္ဓိပထသင်္ဂဟကျမ်းနှင့် ကမ္မဋ္ဌာနသင်္ဂဟကျမ်းကိုလည်း ရေးသားတော်မူခဲ့ကြောင်း-

ဘိက္ခူနံ ရညဝါသီနံ၊ ဝိသုဒ္ဓိပထသင်္ဂဟော။

ကမ္မဋ္ဌာနိကဘိက္ခူနံ၊ ကမ္မဋ္ဌာနဿ သင်္ဂဟော။

**ဟူ**သောဂါထာဖြင့် သင်္ဂြိုဟ်နိသျနိဂုံး၌ ဖော်ပြခဲ့သည်။

## မင်္ဂလသုတ္တဋီကာ

အရှင်သာရိပုတ္တရာသည် ကျမ်းဂန်ရေးသားမှု၌ လွန်စွာကျွမ်းကျင်သည်အား လျော်စွာ မင်္ဂလသုတ်အဖွင့်ဋီကာကိုလည်း ရေးသားခဲ့သေးကြောင်း-

မင်္ဂလဿ စ သုတ္တဿ၊ ဝဏ္ဏနာယ သုဝဏ္ဏနာ။
ဝိညူနံ လိခိတာ ဋီကာ၊ ဘိက္ခူနံ ရတိဝဍ္ဎနီ။

ဟူသောဂါထာဖြင့် သင်္ဂြိုဟ်နိသျနိဂုံး၌ပင် မှတ်တမ်းတင်ခဲ့သည်။

## ပဉ္စိကာလက်ာရဋီကာ

အရှင်သာရိပုတ္တရာသည် စန္ဒဂေါမိန်ဆရာ၏ ပဉ္စိကာ၏အဖွင့် ပဉ္စိကာ လင်္ကာရဋီကာကိုလည်း ရေးသားခဲ့သေးကြောင်း အဘိဓမ္မတ္ထသင်္ဂြိုဟ်နိသျလာ-

စန္ဒဂေါမယဘိဓာနေန၊ ရစိတာ သာဓုသမ္မတာ။
ပဉ္စိကာ ရမဏီယေန-လင်္ကာရေန စ ဘူသိတာ။
ပသာဒဇနေ နတ္တာယ၊ သောတူနဉ္စ မဟာရဟာ။
ဝိညူနဉ္စ ဟိတတ္ထာယ၊ ရစိတာ သမ္ပသာဒနီ။

ဤသို့ဖြင့် အရှင်သာရိပုတ္တရာသည် ဂန္ထဝင်မြောက်ကျမ်းပြုပုဂ္ဂိုလ်ကျော်ဖြစ် ကြောင်း သိသာလေသည်။ အရှင်သာရိပုတ္တရာသည် မိမိကိုယ်တိုင်ပညာရှင်ဖြစ် သည့်အလျောက် ကျမ်းဂန်ပြု ပရိယတ်ဝန်ဆောင် ပဋိပတ်ဝန်ဆောင်တပည့်တို့မှာ ထိုစဉ်က သီဟိုဠ်ကျွန်း၌ များမြောက်စွာလှကုန်၏။

## သာသနာ့ဝန်ထမ်း တပည့်တချို့

အရှင်သာရိပုတ္တရာ၏ တပည့်တချို့ကို သိသမျှဖော်ပြရသော်-

၁။ သုဗောဓာလင်္ကာရ၊ ဝုတ္တောဒယ စသည့်ကျမ်းပြုပုဂ္ဂိုလ်
အရှင်သံဃရက္ခိတမဟာသာမိထေရ်၊
၂။ အဘိဓမ္မတ္ထဝိဘာဝိနီ၊ အဘိဓမ္မတ္ထဝိကာသိနီဋီကာ စသည့်ကျမ်းပြုပုဂ္ဂိုလ်
အရှင်သုမင်္ဂလသာမိထေရ်၊
၃။ ဒါဌာဝံသကျမ်းပြု ရာဇဂုရု အရှင်ဓမ္မကိတ္တိမဟာသာမိထေရ်၊

၄။ ဝိနယသာရတ္ထသန္ဒီပနီအမည်ရှိသော ဝိနယဝိနိစ္ဆယဋီကာကျမ်းပြု အရှင်ဝါဝိစိဿရထေရ်၊

၅။ ကင်္ခါဝိတရဏီအဘိနဝဋီကာ စသည့်ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ် စသည်တို့သည် အရှင်သာရိပုတ္တရာ၏ တပည့်များဖြစ်ကြသည်။

## ရွှေလမင်းနှယ် တင့်တယ်ခဲ့ခြင်း

ဤသို့ဖြင့် အဋ္ဌကထာ ဋီကာ နိသျကျမ်းပြု သမယ သမယန္တရပါရဂူ သီဟိုဠ်သာသနာပိုင် အရှင်သာရိပုတ္တရာသည် ပညာရှင်တို့ဝန်းရံလျက် ကြယ်တာရာများဝန်းရံသည့် လမင်းသဖွယ် တင့်တယ်ခဲ့လေပြီ။

ဝိရောစိ သာသနေ ထေရော၊ သာရိပုတ္တော ယတီသဘော။
ဓီရေဟိ ပရိဝါရေတွာ၊ စန္ဒော တာရဂဏော ယထာ။

■■■

## အဘိဓမ္မာမာတိကာဝဏ္ဏနာခေါ် မောဟဝိစ္ဆေဒနီနှင့် ဝိမတိဋီကာကျမ်းပြု အရှင်ကဿပမဟာထေရ်

အရှင်ကဿပထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းတွင် အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်၌ထင်ရှားသော စောဠတိုင်းသား ပညာရှင်မထေရ်တပါးဖြစ်လေသည်။ အရှင်ကဿပသည် သီဟိုဠ်ကျွန်း အရှင်ဝါဝိဿရ စသောမထေရ်များနှင့်ရင်းနှီးသော မထေရ်မြတ်အဖြစ်သိသာလေသည်။ အရှင်ဝါဝိဿရထေရ်အား ဝိနယဝိနိစ္ဆယဋီကာရေးရန် တောင်းပန်ကြသူအဘိယာစကများအနက်စောဠိယကဿပထေရ် ပါဝင်ခဲ့သည်။

## ကျမ်းဂန်များ ရေးသားခြင်း

စောဠိယကဿပထေရ်သည် အဘိဓမ္မာ ၇-ကျမ်း မာတိကာအဖွင့် မောဟဝိစ္ဆေဒနီကျမ်းနှင့် ဝိမတိဝိနောဒနီဋီကာတို့ကို ရေးသားခဲ့သည်။ ၎င်းကျမ်းများအနက် မောဟဝိစ္ဆေဒနီကို အနီးနေတပည့်ရဟန်းတော်များ တောင်းပန်သဖြင့် ရေးသားရကြောင်း-

သမာသေနာ'ဘိဓမ္မတ္ထံ၊ မာတိကာ မုခတော'ခိလံ။
ဉာတုကာမေဟိ သုဒ္ဓေဟိ၊ အန္တေဝါသီဟိ ယာစိတော။

ဟူသော ဂန္ထာရမ္ဘကထာလာဂါထာဖြင့် သိနိုင်လေသည်။ အရှင်ကဿပသည် မောဟဝိစ္ဆေဒနီကို အိန္ဒိယတောင်ပိုင်း စောဠတိုင်း နာဂဖ္ဖုနကျောင်းတိုက်(နာဂရဇုနကောဏ္ဍ)၌နေစဉ် ရေးသားကြောင်းလည်း ၎င်းကျမ်းနိဂုံးဖြင့် သိရလေသည်။ ၎င်းကျမ်းသည် ဘာဏဝါရ ၃၃-ဘာဏဝါရရှိလေသည်။ စာမျက်နှာ ကမ္ဘာအေးဗုဒ္ဓသာသနာ့အဖွဲ့ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၄၈၈-မျက်နှာရှိလေသည်။ အင်္ဂလန်၌လည်း သီဟိုဠ်ကျွန်း ဗုဒ္ဓဒတ္တ၏ကျေးဇူးပြုမှုကြောင့် စာအုပ်ရိုက်ခဲ့သည်။ ၎င်းပြင် အရှင်ကဿပသည် ဝိမတိဝိနောဒနီဋီကာကိုလည်း ဝိနည်းအတွက်သံသယဖြစ်နေသောရဟန်းတို့ သံသယဖျောက်ပယ်နိုင်ရန် ဂဏ္ဌိကျမ်းများ၊ သာရတ္ထဋီကာ စသည့်အဆိုအချို့တို့ကိုသုတ်သင်သည့်အနေဖြင့် အကျဉ်းရေးသားကြောင်း ဂန္ထာရမ္ဘနှင့်စာသွားကိုထောက်၍သိနိုင်သည်။ ဝိမတိဝိနောဒနီဋီကာသည် ဘာဏဝါရ ၅၀-မျှရှိလေသည်။ ၂-တွဲပေါင်း ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၆၈၄-ရှိလေသည်။

## ဝိနယဝိနိစ္ဆယဋီကာ,ထူပဝံသ စသည်ကျမ်းပြု
## အရှင်ဝါစိဿရမဟာထေရ်

အရှင်ဝါစိဿရထေရ်သည် သာသနာသက္ကရာဇ် ၁၇ဝဝ–၁၈ဝဝ–အတွင်း သီဟိုဠ်တွင်ပေါ်ထွန်းထင်ရှားသော မထေရ်မြတ်ဖြစ်သည်။ မထေရ်မြတ်သည် ဝိနယသင်္ဂဟအဋ္ဌကထာ၊ သာရတ္ထဋီကာ၊ အင်္ဂုတ္တရဋီကာ– စသည့်ကျမ်းပြု အရှင်သာရိပုတ္တရာထံ၌ ပညာသင်ကြားတတ်မြောက်ခဲ့သည်။ မထေရ်မြတ်သည် ပုလတ္ထိပုရခေတ် ဒမ္ဗဒေဏိယ ၂–ခေတ်လုံး တည်ရှိခဲ့သောမထေရ်ဖြစ်သည်။

## ကျမ်းဂန်များ ပြုစုခြင်း

အရှင်ဝါစိဿရသည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်ရာ–

၁။ ဝိနယဝိနိစ္ဆယဋီကာ၊
၂။ ဥတ္တရဝိနိစ္ဆယဋီကာ၊
၃။ ထူပဝံသပါဠိ၊
၄။ ပဋိသမ္ဘိဒါမဂ္ဂလီနတ္ထဒီပနီ၊
၅။ သစ္စသင်္ခေပအနက်ဖွင့်(သီဟိုဠ်ဘာသာ)၊
၆။ ဝိသုဒ္ဓိမဂ်သံခိပ်ကျမ်း(သီဟိုဠ်ဘာသာ)၊
၇။ သီမာလင်္ကာရသင်္ဂဟကျမ်းနှင့်ဋီကာ

စသည်တို့ဖြစ်သည်။

၎င်းကျမ်းများအနက် ဝိနယဝိနိစ္ဆယဋီကာကို အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၊ အဘိဓမ္မာဝတာရာဘိဝနဋီကာကျမ်းပြု အရှင်သုမင်္ဂလသာမိထေရ်၊ စောဠတိုင်းသား ရဟန်းတော်အရှင်ဗုဒ္ဓမိတ္တထေရ်၊ ဝိမတိဋီကာ မောဟဝိစ္ဆေဒနီ စသည်ကျမ်းပြု စောဠိယအရှင်ကဿပထေရ်တို့နှင့် ဓမ္မကိတ္တိမည်သော ဥပါသကာဝါဏိဇဘာဏုဒါယကာတို့တောင်းပန်သဖြင့်ရေးရကြောင်း ဂန္ထာရမ္ဘ၌ ဖော်ပြထားသည်။ မထေရ်မြတ်သည်–

အာဒိစ္စဝံသမ္ဗရပါတုဘူတံ၊ ဗျာမပ္ပဘာ မဏ္ဍလ ဒေဝစာပံ။
ဓမ္မမ္ဗုနိဂ္ဃာပိတပါပဃမ္မံ၊ ဝန္ဒာမဟံ ဗုဒ္ဓမဟမ္ဗုဝဏ္ဍံ။

စသည့်ဂါထာတို့ဖြင့် ရတနတ္တယပဏာမပြုခဲ့သည်။ ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယ

ဋီကာမှာ ဗုဒ္ဓသာသနာ့ရိုက် ရှိုင်ဆိုက်စာမျက်နှာ ၃၀၀၁–ရှိလေသည်။ ထုပဝံသကျမ်းမှာ သီဟိုဠ်ရိုက် ဒီမိုင်းဆိုက်စာမျက်နှာ ၈၉–ရှိသည်။ နိဂုံး၌ ပရက္ကမမင်း၏ ဓမ္မာဂါရ (ပိဋကတ်တိုက်)၌ ပဓာနထေရ်အဖြစ်၌ ယှဉ်ခိုက်တည်ခိုက်ရေးသားဟန်ကို–

ပရက္ကမနရိန္ဒဿ၊ သဗ္ဗဘူပါလ ကေတုနော။
ဓမ္မာဂါရေ နိယုတ္တော ယော၊ ပိဋကတ္တယပါရဂေါ။

ဟု ဂါထာဖြင့်ဖော်ပြခဲ့သည်။

## သီမာလင်္ကာရသင်္ဂဟနှင့် အဖွင့်ဋီကာ

အရှင်ဝါစိဿရသည် စောဠတိုင်းသားရဟန်းတို့ သိမ်အငြင်းပွားမှုနှင့်စပ်၍ သိမ်အဆုံးအဖြတ်ကို သီမာလင်္ကာရသင်္ဂဟအမည်ဖြင့် ရေးသားခဲ့သေးသည်။ ၎င်းကျမ်းကို–

ဝန္ဒိတွာ လံဃျပလ္လင်္က၊ ယုဂန္ဓရနဂေါဒိတံ။
ဗုဒ္ဓေန ဓမ္မဂေါဖုလ္လ–သံဃပင်္ကေဇကာနနံ။
သီမာလင်္ကာရကေ ဝုတ္တာ၊ ယေ အတ္ထာ ဒါနိ တေ မယာ။
ဝါစုဂ္ဂတတ္ထံ ဘိက္ခူနံ၊ သံဂဟေတွာ ပဝုစ္စရေ။

ဟူသောဂါထာများဖြင့် ပဏာမပဋိညာဉ်ကိုပြု၍ ရေးသားခဲ့သည်။ အောက်ပါနိဂုံးဂါထာများဖြင့်လည်း ကျမ်းစာဖြစ်ပေါ်ရကြောင်းကို ပြည့်စုံစွာဖော်ပြခဲ့သည်။

ဝေဝံ နိရာကတံ သဗ္ဗံ၊ စောဠိယာနမတံ မတံ။
ပတိဋ္ဌာပိတမစ္စန္တံ၊ သီဟဠာနမတံ မတံ။
ဥပါဒေယမိဒံ ယေဝ၊ သီဟဠာနမတံ မတံ။
ပါဠိအဋ္ဌကထာ ဂဏ္ဌိ–ပဒါနမဝိရောဓိတံ။
တဗ္ဗိရုဒ္ဓံ တု ဟေယံ တံ၊ စောဠိယာနမတံ မတံ။
သာသနဋ္ဌိတိကာမေဟိ၊ ဝိနယညူဟိ သဗ္ဗသော။
နိရာကရဏ မေတံ သော၊ သီမာဒုလ္လဒ္ဓိယာ အကာ။
ဝါစိဿရာဘိဓာနော ယော၊ သီဟဠာစရိယော ယတိ။
ယေန ဝိရစိတော အာသိ၊ သီမာလင်္ကာရသံဂဟော။
တေနေဝ ရစိတာ တဿ၊ ဝဏ္ဏနာပိ သမာသတော။

၎င်းကျမ်းကို သီဟိုဠ်၌ ၁၉၀၄–ခုနှစ်က ရိုက်နှိပ်ခဲ့သည်။

## ဆန်း,အလင်္ကာ,ပယောဂသိဒ္ဓိ စသည်ကျမ်းပြု အရှင်သံဃရက္ခိတမဟာသာမိမဟာထေရ်

အရှင်သံဃရက္ခိတသည် သီဟိုဠ်၌ထင်ရှားခဲ့သည့် သာသနာပိုင်ဆရာတော်ဖြစ်ခဲ့လေသည်။ သာရတ္ထဒီပနီဋီကာ စသည့်ကျမ်းဂန်များကို ပြုစုခဲ့သော အရှင်သာရိပုတ္တရာနောက်တွင် သာသနာပိုင်အရာကို ရယူသာသနာပြုခဲ့လေသည်။

## ပေါ်ထွန်းချိန်နှင့် ဆရာသမားဂိုဏ်းဂဏ

အရှင်သံဃရက္ခိတပေါ်ထွန်းချိန်မှာ သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀–အတွင်းဖြစ်ကြောင်း သီဟိုဠ်သမိုင်းတို့၌ တွေ့ရှိရသည်။ မထေရ်မြတ်သည် သဝိဇ္ဇာပဏ္ဍိတပရာကြမဗာဟုမင်း၏ ဆရာလည်းဖြစ်သည်။ သာသနာသက္ကရာဇ်– ၁၇၈၉–သီဟိုဠ်ကျွန်းဒမ္ဗဒေဏိယ(ဇမ္ဗုဒေါဏိ)မြို့၌ နန်းတက်သော ဒုတိယဝိဇယဗာဟုမင်းကြီးက မိမိသားတော် ပရာကြမဘုဇကို ရှေ့သွားပြု၍ သာသနာပိုင်အရာစွယ်တော်နှင့် သပိတ်ဓာတ်တော် ၂–ဆူ သံဃာတော်အားစောင့်ရန်နှင့် သီဟိုကျွန်းသားကျွန်းသူတို့ကို အပ်နှင်းခြင်းခံရသော မထေရ်မြတ်ဖြစ်ကြောင်းကို–

> အထ တေသု ပရက္ကန္တ–ဘုဇနသေဋ္ဌ သုတံ သဒါ။
> မဟာသာမံ ပုရေက္ခတွာ၊ သံဃရက္ခိတဝိသုတံ။
>
> သမာဂတဿ သံဃဿ၊ နိယျာတေတွာ တတော ပုန။
> တဿာပိ မုနိနော ဒါဌာ–ပတ္တဓာတုဒွယံ တထာ။
>
> မဟာသံဃဉ္စ သဗ္ဗမ္ပိ၊ လံကာဝါသိဇနမ္ပိ စ။
> နိယျာတေတွာန တံ သမ္မာ၊ အနုသာသိ မဟီပတိ။

ဟူသော မဟာဝံသ ၇၉၊ ၇၆၊ ၇၇၊ ၇၈–တို့ဖြင့် သိနိုင်သည်။ အရှင်သံဃရက္ခိတသည် အရှင်သာရိပုတ္တရာနှင့် ''သေလန္တရာယတနနိကာယဝါသီ'' အရှင်သီလ–(အရှင်သီလဝံသ) မဟာထေရ်တို့၏ တပည့်ဖြစ်သည်။

## ကျမ်းဂန်များ ပြုစုခြင်း

အရှင်သံဃရက္ခိတသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်ခဲ့သည်။ ၎င်းတို့မှာ–

၁။ သုဗောဓာလင်္ကာရကျမ်း၊
၂။ သုဗောဓာလင်္ကာရဋီကာ၊
၃။ ဝုတ္တောဒယဆန်းကျမ်း၊
၄။ ခုဒ္ဒသိက္ခာဘိနဝဋီကာ၊
၅။ ပယောဂသိဒ္ဓိကျမ်း၊
၆။ မောဂ္ဂလ္လာန်ပဉ္စိကာဋီကာ၊
၇။ သမ္ဗန္ဓစိန္တာ– စသည်တို့ဖြစ်လေသည်။

အရှင်သံဃရက္ခိတသည် သုဗောဓာလင်္ကာရကျမ်းကို–

မုနိန္ဒဝဒနမ္ဘောဇ၊ ဂဗ္ဘသမ္ဘဝသုန္ဒရီ။

သရဏံ ပါဏိနံ ဝါဏီ၊ မယှံ ပီဏာယတံ မနံ။

ဖြင့် အစပျိုး၍ရေးသားခဲ့သည်။ ဂါထာပေါင်း ၃၆၇–ဂါထာရှိလေသည်။ သုဗောဓာလင်္ကာရ၏အဖွင့် သုဗောဓာလင်္ကာရဋီကာသစ်ကိုလည်း အရှင်သံဃရက္ခိတထေရ်ပင် ရေးသားခဲ့သည်။ ဝုတ္တောဒယခေါ် ဆန်းကျမ်းမှာ ဂါထာပေါင်းနိဂုံးအပါအဝင် ၁၃၇–ဂါထာရှိသည်။

နိဂုံး၌–

သေလန္တရာယတနဝါသိက သီလဝ္ဓေရ၊
ပါဒေါ ဂရုဂ္ဂုဏဂရုဇ္ဈယတံ မမေသော။
ယဿပ္ပဘာဝမဝလမ္ဗမယေဒိသောပိ၊
သမ္ဘာဒိတော,ဘိမတသိဒ္ဓိကရော ပရတ္ထော။

ဟူသောဂါထာဖြင့် ကျေးဇူးရှင်ဆရာအတွက် တွင်း,ပရန်မာန်အောင်ရန် ဆန္ဒပြုခဲ့သည်။ ဤဂါထာ၌လာသော သေလန္တရာယတနဝါသိကသီလဝ္ဓေရဟူသည် ထိုစဉ်က သီဟိုဠ်ကျွန်းရှိ သေလန္တရာယတနဂိုဏ်းတည်ရာ ဌာနချုပ်နေ သီလထေရ်ဖြစ်ကြောင်းကို ပြလိုရင်းဖြစ်သည်။ သီလထေရ်ဟူသည် ဓာတုမဥ္ဇူသာကျမ်းပြု အရှင်သီလဝံသထေရ်ဖြစ်ကြောင်း သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ လာရှိသည်။ သီဟိုဠ်ကျွန်း၌ ဂိုဏ်း ၈–ဂိုဏ်းရှိခဲ့ဘူးကြောင်း အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်၏

အတ္ထုပ္ပတ်၌ပြခဲ့ပြီး ယင်းအနက် သေလန္တရာယတနဂိုဏ်းကို စတင်ရာကာလမှာ ဒုတိယ ဒါဋ္ဌောပတိဿမင်းလက်ထက် အေ-ဒီ ၆၆၁-လောက်ကဖြစ်သည်။ မဟာဝံသ၊ ၅၅၊ပိုင်းလာ-

ဒါဋ္ဌောပတိဿ ရာဇဿ၊ နတ္တာ သုဂတသာသနေ။
ပဗ္ဗဇ္ဇုပဂတော သဒ္ဓေါ၊ ဓုတဝါ သီလသံဝုတော။
ဥဒ္ဒိဿာရာဓနံ သမ္မာ၊ လံကိန္ဒေန ကတံ တဒါ။
သေလန္တရာဘိနိက္ခမ္မ၊ ယတိန္ဒော သော ဒယာနုဂေါ။
ယတော ဘိက္ခူ သမူဟေတွာ၊ ဝါသံ ကပ္ပေသိ ယတ္တသော။
သေလန္တရသမူဟောတိ၊ ဝိက္ချာတိ သော တတော ဂတော။

ဟူသော ၃၁၊ ၃၆၊ ၃၇။ ဂါထာများဖြင့် သိသာသည်။ အရှင်သံဃရက္ခိတသည် ဆန်းနိဂုံး၌သာ အရှင်သီလ(အရှင်သီလဝံသ)၏အမည်ကို ဖော်ပြသည်။

ခုဒ္ဒသိက္ခာဘိနဝဋီကာခေါ် ခုဒ္ဒကသိက္ခာဋီကာသစ်ကို အရှည်ဝါသီအရှင် သုမင်္ဂလထေရ်တောင်းပန်သဖြင့် ရေးသားခဲ့သည်။ ခုဒ္ဒသိက္ခာဋီကာသစ်မှာ ဗုဒ္ဓသာသနာ့ပုံနှိပ်တိုက်စာမျက်နှာ ၂၀၀-ကျော်ရှိလေသည်။ ကျမ်းဦးအစ၌ ရတနယတ္တယပဏာမပြုပြီး-

သာရိပုတ္တံ မဟာသာမိ၊ နေကသတ္တဝိသာရဒံ။
မဟာဂုဏံ မဟာပညံ၊ နမော မေ သိရသာ ဂရုံ။

ဟူသောဂါထာဖြင့် ဂုဏ်များစွာကိုဖော်ပြ၍ အာစရိယပဏာမပြုခဲ့လေသည်။ ဤဂါထာ၌ ''မဟာသာမိ''ဟူသောပုဒ်သည် မင်းမြတ်၏ယပ်တောင်နှင့်တကွ ပေးကပ် အပ်သောဘွဲ့ဖြစ်ကြောင်း သီဟိုဠ်သာသနာဝံသ၌ ဖော်ပြသည်။ ၎င်းဘွဲ့သည် မြန်မာပြည်၌လှူဒါန်းခဲ့ဘူးသော သာသနာပိုင်ဘွဲ့နှင့် တူလေသည်။ ၎င်းဘွဲ့ကို သီဟိုဠ်၌ အရှင်သာရိပုတ္တရာ၊ အရှင်သံဃရက္ခိတ၊ အရှည်ဝါသီ အရှင်မေဓင်္ကရ အရှင်အနောမဒဿီ၊ ဝိလ်ဂမ်မူလပဌမအရှင်ဝနရတန၊ ပဌမအရှင်ဓမ္မကိတ္တိ၊ ဒုတိယ အရှင်ဝနရတန၊ အရှင်သိရိရာဟုလာ၊ အရှင်မင်္ဂလ၊ သိရိသရဏင်္ကရထေရ်တို့ ရခဲ့ဘူးသည်။

အရှင်သံဃရက္ခိတသည် သုသဒ္ဒသိဒ္ဓိကျမ်းကိုလည်း ရေးသားခဲ့ကြောင်း ခုဒ္ဒသိက္ခာနိဂုံး၊ သီဟိုဠ်ပိဋကသမိုင်း စသည်တို့မှ သိရလေသည်။ ၎င်းကျမ်း သီဟိုဠ်၌ ပင် စာအုပ်အဖြစ် မရောက်ခဲ့ချေ။

၎င်းပြင် သာရတ္ထဝိလာသိနီအမည်ရှိသော မောဂ္ဂလ္လာန်ပဉ္စိကာဋီကာကို လည်း အရှင်သံဃိရက္ခိတ ရေးသားခဲ့သည်။ ၎င်းကျမ်းသည် သုသဒ္ဒသိဒ္ဓိကျမ်း ဖြစ်စရာရှိသည်ဟုလည်း ပညာရှင်အချို့ဆိုကြသည်။ သမ္ဗန္ဓစိန္တာကျမ်းမှာ စာမျက်နှာ ၁၆–မျက်နှာမျှသာရှိနေကြသော ကြိယာကာရက သမ္ဗန္ဓကျမ်းဖြစ်လေသည်။

## ပရိယတ္တိသာသနာ၌ လွန်စွာ ကျေးဇူးများခြင်း

ဤသို့ဖြင့် အရှင်သံဃရက္ခိတထေရ်၏ ကျမ်းစာများသည် စာချ၊ စာသင်တို့ ချပို့သင်ယူသောအားဖြင့် ကျေးဇူးကြီးမားလှပေသည်။

သံဃရက္ခိတ ထေရဿ၊ နေကာဂန္ထ သုဝိညုနော။
သာသနမှိ လောကဂ္ဂဿ၊ ဂန္ထာ ဗဟုပကာရကာ။

■ ■ ■

## အဘိဓာနပ္ပဒီပိကာကျမ်းပြု
## အရှင်မောဂ္ဂလ္လာန် မဟာထေရ်

အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်မှာ မောဂ္ဂလ္လာန်ပဉ္စိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်၏တပည့်အဆက်အနွယ်ဖြစ်နိုင်ကြောင်း သီဟိုဠ်ပါဠိသမိုင်း၌ ဖော်ပြထားသည်။ သာသနာသက္ကရာဇ် ၁၇၀၀–ကျော်တွင် သီဟိုဠ်ကျွန်း၌ ထင်ရှားသည့် မထေရ်ဖြစ်ကြောင်း ယုံမှားမဲ့ မှတ်သားရာသည်။

## သီဟိုဠ်ကျွန်း ပုလတ္ထိပုရမှကျောင်းတိုက်များ

သာသနာသက္ကရာဇ် ၁၇၀၇–ခုနှစ်တွင် သီဟိုဠ်၌နန်းတက်သော ပရက္ကမဗာဟုမင်းကြီးသည် ပုလတ္ထိပုရမြို့ကိုဝန်းရံ၍ ပုဗ္ဗာရာမ၊ ကပိလဝတ္ထု၊ ဣသိ ပတန၊ ကုသိနာရာမ၊ ဝေဠုဝနာရာမ၊ လင်္ကာတိလက၊ တိဝင်္က၊ ဟတ္ထိဗဒ္ဓလေဏ၊ ဇေတဝနာရာမ–အစရှိသောကျောင်းတိုက်ကြီးများကို တည်ဆောက်လှူဒါန်း၍ ထိုကျောင်းတိုက်နေရဟန်းတို့၏ အသုံးအဆောင်ပစ္စည်းဖြင့် ချီးမြှောက်ကာ သာသနာပြုခဲ့သည်။

## ဇေတဝန်ကျောင်းတိုက်တွင် ပြာသာဒ် ၈–ဆောင်

အထူးသဖြင့် ပြသာဒ်ပေါင်းတစ်ရာကျော် တန်ဆာဆင်လျက် ဇေတဝန်ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်စေခဲ့သည်။ ဇေတဝန်ကျောင်းတိုက်ကြီးအတွင်း၌လည်း–

၁။ သေလန္တရမူလာယတနနိကာယ်၊
၂။ ဥတ္တရမူလာယတနနိကာယ်၊
၃။ သရောဂါမမူလာယတနနိကာယ်၊
၄။ မဟာနေတ္တပ္ပသာဒမူလာယတနနိကာယ်၊
၅။ ဒက္ခိဏာမူလာယတနနိကာယ်၊
၆။ ကပ္ပူရမူလာယတနနိကာယ်၊
၇။ သေနာပတိမူလာယတနနိကာယ်၊
၈။ ဝါဟဒိပကမူလာယတနနိကာယ်။

ဟူသော ဂိုဏ်း ၈–ဂိုဏ်းမှသင့်တော်သော ဆရာတော်သံဃာတော်များ သီတင်းသုံးရန် ဘုံသုံးဆင့်ရှိသော ပြာသာဒ် ၈–ဆောင်ကိုခမ်းနားစွာဆောက်လုပ်စေခဲ့ကြောင်း–

အဋ္ဌာယတနဝါသီနံ၊ ထေရာ တံ ထိရသီလိနံ။

မဟာဓ္ဓေ အဋ္ဌ ပါသာဒေ၊ ကာရာပေသိ တိဘူမကေ။

ဟူသော မဟာဝံသ၊ ရဖ၊ ၃၈–ဖြင့်သိရလေသည်။ ဖော်ပြပါပြာသာဒ် ၈–ဆောင် အနက် အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်သည် သရောဂါမမူလာယတန နိကာယ်သရောဂါမနိကာယ်ဝင်ရဟန်းအပေါင်းအတွက် ဆောက်လုပ်သောပြာသာဒ်၌ သီတင်းသုံးကြောင်း–

မဟာဇေတဝနာချမှိ၊ ဝိဟာရေ သာဓုသမ္မတော။

သရောဂါမသမူဟမှိ၊ ဝသတာ သန္တဝုတ္တိနာ။

ဟူသော အဘိဓာနပဒီပိကာနိဂုံးဖြင့် သိသာသည်။ ဤ၌ သရောဂါမသမူဟဟူသည် သီဟိုဠ်အခေါ်ဝိလ်ဂမ်မူသမူဟတည်း။ ထို့ကြောင့် သရောဂါမသမူဟမိုကို ဝိလ်ဂမ် မူလသမူဟ(နိကာယ်)ရဟန်းတို့အတွက် ဆောက်လုပ်အပ်သောပြာသာဒ်၌ဟု သီဟိုဠ် ဆရာတို့အနက်ပြန်ကြသည်။

## အဘိဓာနပ္ပဒီပိကာကျမ်း ရေးသားခြင်း

အရှင်မောဂ္ဂလ္လာန်သည် အဘိဓာနပ္ပဒီပိကာကျမ်းကို အဋ္ဌကထာဋီကာနှင့် တကွ ပါဠိပိဋကတ်ကိုမွှေနှောက်၍ အမရကောသစသော သက္ကတကျမ်းများကိုမှီ၍ ရေးသားခဲ့သည်။ ဆင်တူအခဏ်းနာမည်များကိုလည်း တွေ့နိုင်သည်။ အမရ ကောသ၌ သွဂ်ဝဂ်းဟုလာရှိရာ အဘိဓာနပ္ပဒီပိကာ၌ သဂ္ဂကဏ္ဍဟုလာရှိသည်။ အမရကောသ၌ဘူမိဝဂ်း မနုပျဝဂ်း ဝိဂေဗျ နိဃ္ဃဝဂ်း သကိဏ်ဝဂ်း နာနာထ်ဝဂ်း ဟူသော နာမည်တို့ကို အဘိဓာန်၌ ပုရဝဂ္ဂ၊ နရဝဂ္ဂ၊ ဝိသေသျာဓိနဝဂ္ဂ၊ သံကိဏ္ဏဝဂ္ဂ၊ အနေကတ္ထဝဂ္ဂတို့အဖြစ်ဖြင့် တွေ့နိုင်သည်။

ၚင်းပြင် အမရကောသနှင့်ဆင်တူသော ဂါထာအပိုဒ်စသည်တို့ကိုတွေ့နိုင် သည်။ အမရကောသပရိဘာဂ၊ ၈။

ပြာယဂေါရူပဘေဒေန၊ သာဟစယ်ါဓ္ဓကုတြစိတ်။

သ္တြီပုံနပုံသကံ ဇ္ဇေယံ၊ တဒ္ဒိဂေဗ ဝိဓေး ကွစိတ်။

အဘိဓာန်ပရိဘာသာ၊ ၈။

ဘိယျော ရူပန္တရာသာဟ၊ စရိယေန စ ကတ္တစိ။

ကွစာဟစ္စဝိဓာနေန၊ ဧဃျံ ထိပုန္နပုံသကံ။

အရပ် ၈–မျက်နှာစောင့်သော ဆင်တို့ကိုပြရာ၌ အမရကောသ၊ ၃၊ ၄။

အဲရာဝတး ပုဏ္ဍရီကော၊ ဝါမနး ကုမုဒေါဉ္စနး။

ပုပ္ပဒန္တးသာဝ်ဘောံမး၊ သုပြတီကဝ္ဒဂ္ဂဇား။

အဘိဓာန်၊ ၁၊ ၃၀။

ဧရာဝဏော ပုဏ္ဍရီကော၊ ဝါမနော ကုမုဒေါဉ္စနာ။

ပုပ္ဖဒန္တော သဗ္ဗဘုမ္မော၊ သုဖ္ပတီတော ဒိသာဂဇာ။

အမရကောသ၊ ၁၄၊ ၆၉–၌ တဏ္ဍုဂူနျံတုမလ္လိကာ၊ ဓာန် ၅၇၄–၌ တိဏသုညံ တုမလ္လိကာ–စသည်ဖြင့် များစွာတွေ့နိုင်သည်။

## ကျေးဇူးတင်ဖွယ်ရာ

အရှင်မောဂ္ဂလ္လာန်၏စွမ်းရည်ကြောင့် ပေါ်ထွန်းခဲ့သော အဘိဓာနပ္ပဒီပိကာကျမ်းကိုကျက်ဆောင်ကြ၍ ပါဠိဘာသာနိုင်နင်းတတ်မြောက်သော ပုဂ္ဂိုလ်များမြောက်စွာပေါ်ထွန်းခဲ့ရာ အဘိဓာန်ကျမ်းပြု အရှင်မောဂ္ဂလ္လာန်အား ကျေးဇူးတင်ဖွယ်ရာကောင်းလှပေသည်။

■■■

# သိဒ္ဓတ်သင်္ဂရာ,သမန္တကူဋဝဏ္ဏနာ,ရသဝါဟိနီကျမ်းပြု
# အရှင်ဝေဒေဟမဟာထေရ်

အရှင်ဝေဒေဟသည် သီဟိုဠ်ပညာရှင်များစာရင်းတွင် ပါဝင်ခဲ့သော မထေရ်မြတ်ဖြစ်သည်။ မထေရ်မြတ်သည် ပါဠိကဗျာအရေးအသားတွင် လွန်စွာကျော်ကြားလေသည်။ ပေါ်ထွန်းရာခေတ်ကို ခရစ်သက္ကရာဇ် ၁၂၃၆-၇၀-လောက်တွင်ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်ကြောင်း သမန္တကူဋဝဏ္ဏနာ(သီဟိုဠ်)နိဒါန်း စသည်တွေ့ရသည်။ ဝေဒေဟ၏ကျေးဇူးရှင်ဆရာတော်များမှာ မူလဋီကာကျမ်းပြု ဝနရတနအာနန္ဒာထေရ်၊ ကာလိင်္ဂမဟာထေရ်၊ ခဏ္ဍသီမာပတ္တိမင်္ဂလမဟာထေရ်တို့ ဖြစ်ကြောင်း သီဟိုဠ်သာသနာဝင်ကျမ်းနှင့် ရသဝါဟိနီဂုံးတို့၌ လာရှိသည်။ မထေရ်မြတ်သည် သီဟိုဠ်၌ ပုလတ္ထိပုရခေတ်၌ထင်ရှားခဲ့သော အာရညကနိကာယဝင်ဖြစ်သတတ်။

## ကျမ်းဂန်များ ရေးသားခြင်း

အရှင်ဝေဒေဟသည် (၁) သိဒ္ဓတ်သင်္ဂရာခေါ်သီဟိုဠ်သဒ္ဒါကျမ်း၊ (၂) သမန္တကူဋဝဏ္ဏနာကျမ်း၊ (၃) ရသဝါဟိနီကျမ်း တို့ကိုလည်း ရေးသားစီရင်ခဲ့သည်။ မထေရ်မြတ်သည် သိဒ္ဓသင်္ဂရာကျမ်းကို သီဟိုဠ်သဒ္ဒါကျမ်းဖြစ်သည့်တိုင်း သီဟိုဠ်ကဗျာဖြင့် ''မဟာဉဂန္ဒကိဋ္ဌိကယ်ရယ်---ကရနေမိသိသိဒ္ဓသင်္ဂရာ''ဖြင့် ပဏာမပဋိညာဉ်ပြု၍ ရေးသားခဲ့သည်။ ယင်းသီဟိုဠ်၌ အစဆုံးပေါ်သောက ဗျာကရဏ်းကျမ်းငယ် ဖြစ်ဟန်တူပါသည်။

## သမန္တကူဋဝဏ္ဏနာကျမ်း

သမန္တကူဋဝဏ္ဏနာကျမ်းကို အရညဝါသီရာဟုလာထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း-

ယော ယာစိတောရညဝါသီ၊ ဂုဏာဓာရသုဓီမတာ။
ရာဟုလဝ္ဗေရနာမေန၊ ဝိဿုတေန မဟီတလေ။

ဟူသောဂါထာဖြင့် နိဂုံး၌ဖော်ပြခဲ့သည်။ ၎င်းပြင် အရှင်အာနန္ဒာ၏တပည့်ဖြစ်ကြောင်းနှင့် ပုဏ္ဏာအမျိုးအနွယ် ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့သည်။

မထေရ်မြတ်သည် သိဒ္ဓတ်သင်္ဂရာခေါ် သီဟိုဠ်ကဗျာကရဏ်းကျမ်းကိုလည်း ရေးပြီးမှ သမန္တကူဋဝဏ္ဏနာကျမ်းကို ရေးသားခဲ့ကြောင်း–

ယောကာ သီဟဠဘာသာယ၊ သီဟဠ်သဒ္ဒလက္ခဏံ။
တေန ဝေဒေဟထေရေန၊ ကတာယံ ပိယသီလိနာ။

ဟူသော သမန္တကူဋဝဏ္ဏနာနိဂုံး၌ လာရှိသည်။ ဖော်ပြပါ သမန္တကူဋဝဏ္ဏနာကျမ်း သည် ဂါထာ ၇၉၆–နိဂုံးဂါထာ ၆–ဂါထာ၌ပါဝင်လေသည်။ ယင်းကျမ်း၌ ဗုဒ္ဓဝင် အချုပ်ကိုဖော်ပြပြီး သီဟိုဠ်ကျွန်းသို့ ဘုရားရှင် ၃–ကြိမ် ကြွရောက်ပုံ၊ သမန္တကူဋ တောင်ခြေ၌ ခြေတော်ရာချပုံတို့ အကျယ်ပါဝင်လေသည်။ ပြောင်မြောက်သော ဂါထာတို့ဖြင့် ရေးသားထားရာ သီဟိုဠ်၌ အခါအားလျော်စွာ ကျောင်းသုံးပြဋ္ဌာန်းလေ့ ရှိသည်။ ၎င်းကျမ်းကိုစာရေးသူ မြန်မာအက္ခရာသို့ပြန်၍ ၁၉၆၈–ခုနှစ်က ဗုဒ္ဓ သာသနာအဖွဲ့သို့ ပေးအပ်ဘူးလေသည်။

## ရသဝါဟိနီကျမ်း

ရသဝါဟိနီကျမ်းကိုလည်း သမန္တကူဋဝဏ္ဏနာရေးပြီးနောက် အရှင်ဝေဒေဟ ထေရ်ရေးသားခဲ့သည်။ သီဟိုဠ်ကျွန်း၌ ရဟန္တာသခင်အရှင်မြတ်တို့ ဇမ္ဗူဒိပ်ဖြစ်ရပ် သီဟိုဠ်ကျွန်းဖြစ်တို့ကို သီဟိုဠ်ဘာသာဖြင့်ထားရှိခဲ့ရာ မဟာဝိဟာရကျောင်းတိုက် တင်္ဂုတ္တရဝက်ပရိဝေဏဝါသီအရှင် ရဋ္ဌပါလထေရ်သည် ပါဠိဘာသာအဖြစ်ပြန်ဆိုခဲ့ သည်။ ထိုသို့ပြန်ဆိုရာ၌ ပုနရုတ္တိဒေါသ စသည်တို့ဖြင့် ရောပြွမ်းသဖြင့် ပြောင်မြောက် ကောင်းမွန်သောအရေးအသားဖြင့် "ရသဝါဟိနီ" အမည်ဖြင့် အရှင်ဝေဒေဟထေရ် ရေးသားခဲ့ခြင်းဖြစ်ကြောင်း ဂန္ထာရမ္ဘဖြင့် သိရလေသည်။ ရသဝါဟိနီသည် ဘာဏဝါရအားဖြင့် ၃၂–ဘာဏဝါရရှိကြောင်း–

ဒွတ္တိံသဘာဏဝါရေဟိ၊ နိဋ္ဌိတာ ရသဝါဟိနီ။
ကရောတု သဗ္ဗသတ္တာနံ၊ ဣစ္ဆိတံ သဗ္ဗဒါ သုဘံ။

အရှင်ဝေဒေဟသည် ရသဝါဟိနီနိဂုံး၌ ကျေးဇူးရှင်ဆရာသမားတို့၏အမည် ကို စုံလင်စွာဖော်ပြခဲ့သည်။ ရသဝါဟိနီမှာ သီဟိုဠ်ရိုက်ဒီမိုင်းဆိုက် ၂၉၉–မျက်နှာ ရှိလေသည်။

## အဘိဓမ္မာဝတာရဋီကာသစ်နှင့်ဋီကာကျော်ကျမ်းပြု
## အရှင်သုမင်္ဂလသာမိမဟာထေရ်
## ပေါ်ထွန်းရှိန်နှင့်ဆရာသခင်

အရှင်သုမင်္ဂလသာမိသည် သာသနာဝင်တွင်ထင်ရှားသည့်ကျမ်းတတ် မထေရ်တပါးဖြစ်လေသည်။ သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀–အတွင်းတွင် ပေါ်ထွန်းခဲ့သည်။ ပုလတ္ထိပူရမြို့ ဇေတဝန်ကျောင်းတိုက်စသည်တို့၌ သီတင်းသုံးခဲ့သည်။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ စသည့်ကျမ်းဂန်များကို ပြုစုခဲ့သော သာသနသောဘဏ၊ သံဃရာဇာအရှင်သာရိပုတ္တရာထံ ပညာသင်ကြားတတ်မြောက်ခဲ့သော မထေရ်မြတ်ဖြစ်ကြောင်း–

သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
နမာမိ သန္တဝုတ္တိံ မေ၊ ဂုရုံ ဂါရဝဘာဇနံ။

ဟူသော အဘိဓမ္မာဝတာရာဘိနဝဋီကာဂန္ထာရမ္ဘ–၌

သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ဝန္ဒိတွာ သိရသာ ဓီရံ၊ ဂရုံ ဂါရဝဘာဇနံ။

ဟူသော ဋီကာကျော် ဂန္ထာရမ္ဘတို့ဖြင့် သိသာသည်။

## အဘိဓမ္မာဋီကာများ ပြုစုခြင်း

အရှင်သုမင်္ဂလသာမိသည် အဘိဓမ္မာဋီကာများကို ရေးသားခြင်းဖြင့် ပရိယတ္တိသာသနာကိုပြုစုခဲ့သည်။ ၎င်းဋီကာများမှာ–

၁။ အဘိဓမ္မာဝတာရာဘိနဝဋီကာ၊

၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(ဋီကာကျော်)–

တို့ဖြစ်သည်။ ၎င်းဋီကာ ၂–စောင်အနက် အဘိဓမ္မာဝတာရဋီကာသည် ဋီကာကျော် မရေးမီ ရေးသားသောကျမ်းဖြစ်၍ ဋီကာကျော်မှာ အဘိဓမ္မာဝတာရဋီကာရေးပြီးမှ ရေးသောကျမ်းဖြစ်လေသည်။ ထိုသို့ဖြစ်ကြောင်းကို ဥဒ္ဒေသစေတနာ၏ ပဝတ္တိကျိုးပေးမှုနှင့်စပ်၍ ဋီကာကျော် ၁၈၁–၌ ''တံသဗ္ဗံ ပရမတ္ထမဉ္ဇူသာဒီသု၊ ဝိသေသတော စ အဘိဓမ္မတ္ထဝိကာသိနိယာ နာမ အဘိဓမ္မာဝတာရသံဝဏ္ဏနာယံ ဝုတ္တနယေန ဝေဒိတဗ္ဗံ''–ဟူသောစကား၊ စုတိစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်ပုံနှင့်စပ်၍ ဋီကာကျော်

၂၀၈–၌ ''ဝိနိစ္ဆယော ပန နေသံ သခေ်ပတော မူလဋီကာဒီသု ဝိတ္ထာရတော စ အဘိဓမ္မတ္ထ ဝိကာသိနိယံ ဝုတ္တနယေန ဒဋ္ဌဗ္ဗော''ဟူသော စကားရပ်များဖြင့် သိနိုင်လေသည်။ ၎င်းအဘိဓမ္မာဝတာရာဘိနဝဋီကာကျမ်းစာကို သီဟိုဠ်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက် ၄၅၆–မျက်နှာရှိရာ မြန်မာပြည်ဗုဒ္ဓသာသနာအဖွဲ့ရိုက် ၂–တွဲပေါင်း ၆၀၀–မျှ ရှိလေသည်။ မထေရ်မြတ်သည် အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်ကျမ်းကို လည်း မိမိ၏ဆရာ အရှင်သာရိပုတ္တရာရေး သင်္ဂြိုဟ်နိသျကိုမှီ၍ ၂၄–ရက်နှင့်အပြီး ရေးသားခဲ့သည်။ ဋီကာကျော်မှာ ဗုဒ္ဓသာသနာရိုက် ရှိုင်ဆိုက် ၂၇၉–မျက်နှာရှိလေသည်။

■■■

## ကမ်္ဘါဝိတရဏီအဘိနဝဋီကာ(ကမ်္ဘါဋီကာသစ်)ကျမ်းပြု
## အရှင်ဗုဒ္ဓနာဂမဟာထေရ်

အရှင်ဗုဒ္ဓနာဂသည် ဋီကာကျမ်းပြုပုဂ္ဂိုလ်များတွင် ထင်ရှားသည့်ဋီကာကျမ်းပြုပုဂ္ဂိုလ်တဦးဖြစ်လေသည်။

### ပေါ်ထွန်းချိန်နှင့် ကျေးဇူးရှင်ဆရာ

မထေရ်မြတ်ပေါ်ထွန်းချိန်မှာ ပရက္ကမဗာဟုမင်းကြီးလက်ထက် သာသနာသက္ကရာဇ် ၁၇၀၀–ကျော်ဖြစ်၍ ကျေးဇူးရှင်ဆရာရင်းမှာ သံဃရာဇာ အရှင်သာရိပုတ္တရာ ဖြစ်လေသည်။

သိဿောသသိကရသ္သစ္စ–သီလာစာရဿ ဓီမတော။
သာရိပုတ္တမဟာထေရ–မဟာသာမိဿ တာဒိနော။[၁]

(ကမ်္ဘါဋီကာသစ်။ ၄၈၈။)

### ပစ္ဆိမာရာမကျောင်းတိုက်ကြီး

သာသနာသက္ကရာဇ် ၁၇၀၇–၌ သီဟိုဠ်ကျွန်း ပုလတ္ထိပုရမြို့၌ ထီးဖြူစိုက်ဆောက်မင်းအဖြစ်သို့ရောက်ခဲ့သော သာသနာပြုပရက္ကမဗာဟုမင်းကြီး ပုလတ္ထိပုရနန်းမြို့တော်၏အနောက်ဖက်၌ ပစ္ဆိမာရာမမည်သောကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်၍ သာသနာတော်အား လှူဒါန်းခဲ့သည်။ ယင်းကျောင်းတိုက်ကြီး၌ ပရိဝေဏပေါင်း ၂၂–တိုက်ပရိဝေဏတတိုက်တိုင်း၌ ပြာသာဒ်တဆောင်စီဆောက်စေရာ ပြာသာဒ်ပေါင်း ၂၂–ဆောင်ရှိလေသည်။ ၎င်းပြင် မီးတင်းကုပ်ပေါင်း ၂၀၊ ဘုံ ၂–ဆင့် ပြာသာဒ် ၄၁–ဆောင်၊ ဝစ္စကုဋီပေါင်း ၃၅၊ ပြာသာဒ်တစ်ဆောင်၌ စင်္ကြံ ၂–ဆောင်စီ၊ ဓမ္မာရုံဇရပ် တစ်ဆောင်စီ၊ ဓမ္မာရုံဇရပ်တဆောင်တဆောင်၌ တံခါးမုခ်ပေါင်း ၁၀–ခုရှိကြောင်း–

တထေဝပစ္ဆိမာရာမံ၊ ကာရာပေသိ နရိဿရော။
တတ္ထ ဗာဝီသမတ္တေသု၊ ပရိဝေဏေသု တတ္တကာ။

စသော မဟာဝံသ၊ ၇၈၊ ဂါထာများဖြင့် သိရလေသည်။

## ကင်္ခါဋီကာသစ်ရေးသားခြင်း

အရှင်ဗုဒ္ဓနာဂသည် ဖော်ပြပါ ပစ္ဆိမာရာမတိုက်အတွင်း စောင္ဒုကုလန္တိက ပြာသာဒ်၌ သီတင်းသုံးစဉ် အရှင်သုမေဓာထေရ် တောင်းပန်သဖြင့် ကင်္ခါဝိတရဏီ အဘိနဝဋီကာခေါ် ကင်္ခါဋီကာသစ်ကို ရေးသားခဲ့သည်။ စောင္ဒုကုလန္တိကပြာသာဒ်၌ သီတင်းသုံးသည်ကိုထောက်၍ အရှင်ဗုဒ္ဓနာဂသည် စောင္ဒုတိုင်းသားဖြစ်ကောင်းဖြစ်ပေမည်။

## ရှေ့နောက်မညီချက်

အရှင်ဗုဒ္ဓနာဂသည် အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သည့်အတိုင်း စာပေနိုင်နင်းသည့်ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လင့်ကစား ကင်္ခါ၊ ဋီ၊ သစ်၊ ၁၈၉–၌– "မနောဒွါရေ အာပတ္တိ နာမ နတ္ထီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ၊ ဥပနိက္ခိတ္တသာဒိယနာဒီသု အာပတ္တိသမ္ဘဝတောတိ ဒဋ္ဌဗ္ဗံ"ဟု လာရှိရာ ကင်္ခါ၊ဋီ၊သစ်၊ ၃၂၂–၌ "သစေ ပန ကာယဝါစာဟိ အပ္ပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေဟိ၊ ကာယဝါစာဟိ ကတ္တဗ္ဗဿ ပဋိက္ခေပဿ အကာရဏတော အကိရိယသမုဋ္ဌာနံ ကာယဝစီဒွါရေ အာပတ္တိ အာပဇ္ဇတိ။ မနောဒွါရေ အာပတ္တိ နာမ နတ္ထိ"ဟု မိန့်ဆိုထားပြန်ရာ စကား ၂–ရပ် မထပ်မိသည်ကို တွေ့ရလေသည်။ ဤသို့ တွေ့ရတတ်သော်လည်း လွန်စွာ ကောင်းမွန်သော ဋီကာအဖြစ်ကား မှတ်သားသင့်ပေသည်။

ကင်္ခါဋီကာသစ်သည် ဆဋ္ဌသံဂါယနာစာတော်မူ ၃၇၁–မျက်နှာ ရှိလေသည်။ ကင်္ခါဝိတရဏီအဘိနဝဋီကာကို ဝိနယတ္ထမဉ္ဇူသာဟု ကျမ်းဆရာကိုယ်တိုင် အမည်ပေးခဲ့သည်။

■ ■ ■

## ဇိနာလင်္ကာရစာကိုယ်,ဋီကာကျမ်းပြု
## အရှင်ဗုဒ္ဓရက္ခိတမဟာထေရ်

အရှင်ဗုဒ္ဓရက္ခိတသည် ဂန္ထဝင်ပုဂ္ဂိုလ်များသမိုင်းတွင် ထင်ရှားသောမထေရ်တပါးဖြစ်သည်။ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း သာသနာသက္ကရာဇ် ၁၇၀၀–တွင် ပေါ်ထွန်းထင်ရှားခဲ့သည်။ မထေရ်မြတ်သည် သီဟိုဠ်ကျွန်းတောင်ပိုင်း ရောဟဏဇနပုဒ် ဇာတိဖြစ်သည်။ ရဟန်းသံဃာတော်တို့အား စာပေချပို့ခြင်းဖြင့် ပရိယတ္တိသာသနာ့ဝန်ဆောင် တစ်ပါးဖြစ်၍ အဘိဓမ္မာ၌ လွန်စွာ ကျွမ်းကျင်ကြောင်း ဇိနာလင်္ကာရဋီကာနိဂုံး၌–

သတ္တရသဝဿသတေ၊ ဂတေ လင်္ကာတလေ တဒါ။
ရောဟဏေ သုစိဝံသမှိ၊ ဇာတော ပဏ္ဍုဂေါတ္တိမာ။
ဗုဒ္ဓရက္ခိတနာမော သော၊ ဘိက္ခူနံ ဂဏဝါစကော။
အဘိဓမ္မနယေ ဝိယု–ဝေဂေါဝ မဟိယာ ဂတော။

ဟူသော နိဂုံးဂါထာများဖြင့် သိနိုင်လေသည်။

## ဇိနာလင်္ကာရစာကိုယ်နှင့် ဋီကာကိုပြုစုခြင်း

အရှင်ဗုဒ္ဓရက္ခိတသည် ဘုရားရှင်၏အနန္တကျေးဇူးတော်ကို အဖန်တလဲလဲ ရှုဆင်ခြင်ကာ ဂါထာပေါင်း ၂၇၀–ရှိသော ဇိနာလင်္ကာရစာကိုယ်ဖြင့် မြတ်စွာဘုရား၏ဂုဏ်တော်အပေါင်းကိုဖွဲ့နွဲ့ကာ ရေးပူဇော်ခဲ့သည်။ ပြောင်မြောက်ခက်ခဲသောဂါထာတို့ဖြင့် ရေးသားထားသောဂါထာများကိုဖွင့်ရန် အခြားပုဂ္ဂိုလ်များအား တာဝန်မတက်စေလိုသဖြင့် အရှင်ဗုဒ္ဓရက္ခိတသည် ကိုယ်တိုင်ပင်အဖွင့်ဋီကာ ရေးတော်မူခဲ့သည်။ ဘာဏဝါရပေါင်း ၂၈–ဘာဏဝါရရှိသော ဇိနာလင်္ကာရဋီကာကို သီဟိုဠ်၌ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၂၉၀–ခန့်ရှိလေသည်။ ဘုရားရှင်၏လက္ခဏာတော်ငယ် ၈၀–နှင့် ၁၀၈–ကွက် စက်လက္ခဏာသရုပ်တို့မှာ အခြားရှေးကျသော အဋ္ဌကထာ၊ ဋီကာတို့၌ ပြည့်စုံစွာမတွေ့ရပဲ ဤဇိနလင်္ကာရ၌သာ တွေ့ရလေသည်။ ဤဇိနလင်္ကာရနှင့် ၎င်းဋီကာကို ကြည့်ရှုကြ၍ ဘုရားရှင်အား အစလသဒ္ဓါဖြင့် ကြည်ညိုနိုင်ကြပါစေ။

## မောဂ္ဂလ္လာန်သဒ္ဒါကျမ်းနှင့် ဝုတ္တိဝိဝရဏပဉ္စိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်မဟာထေရ်

အရှင်မောဂ္ဂလ္လာန်မဟာထေရ်မြတ်သည် သာသနာသက္ကရာဇ် ၁၇၀၀-ကျော်တွင် သီဟိုဠ်၌အလွန်ကျော်ကြားသည့် မထေရ်မြတ်ဖြစ်သည်။ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းနှင့် ၎င်း၏အဖွင့် ဝုတ္တိဝိဝရဏပဉ္စိကာကို ကြည့်ခြင်းဖြင့် ပိဋကတ်သရဖူဆောင်းတတ်မြောက်ကြောင်းနှင့် ဗျာကရဏ်းကျမ်းအတတ် တစ်ဖတ်ကမ်းခပ် ပါရဂူမြောက်ကြောင်းသိနိုင်သည်။

## သီတင်းသုံးရာနှင့် ပုလတ္တိပုရသာသနာ့သုတ်သင်ပွဲ ဝိဓာယက

မထေရ်မြတ်သည် အနုရာဓမြို့ ထူပါရာမကျောင်းတိုက်၌ သီတင်းသုံးကြောင်း ပုလတ္တိပုရ၌ကျင်းပသော သာသနာ့သုတ်သင်ပွဲတွင် ဓမ္မဝိနယလမ်းကြောင်းအရကူညီစီစဉ်ရသည့် သာသနာ့သောဓကဝိဓာယကမထေရ်မြတ်ဖြစ်ကြောင်း သီဟိုဠ်သာသနာ့သမိုင်းများအရ သိရသည်။ သာသနာ့သုတ်သင်ပွဲ၌ အိမ်ရှေ့မင်းသား၏နယ်ပယ်(မာယာရဋ္ဌ)မှသာသနာ့သုတ်သင်ပွဲတွင် ပါဝင်ရသော ခေါင်းဆောင်ဆရာတော်များနာမည်တွင်-

သ မောဂ္ဂလ္လာနထေရံ စ၊ ထေရံ နာဂိန္ဒပလ္လိယံ။

ယုဝရာဇဿ ရဋ္ဌသ္မိံ၊ အညေ သဗ္ဗေ စ ဘိက္ခဝေါ။

ဟူသော မဟာဝံသ။ ၇၆၊ ၉။ ဂါထာဖြင့် မောဂ္ဂလ္လာန်ထေရ်ပါဝင်ရာ ဖော်ပြပါမောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းပြု မောဂ္ဂလ္လာန် ဟုတ်,မဟုတ် ပညာရှင်တို့ စိစစ်သင့်ကြပေသည်။

မထေရ်မြတ်သည် စန်း ကျမ်း,ပါဏိနီ-စသည့်သဒ္ဒါကျမ်းပေါင်း မြားမြောက်စွာကိုမှီးငြမ်းပြုကာ မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းနှင့် ယင်း၏အဖွင့်ဝုတ္တိ ဝိဝရဏပဉ္စိကာကို ရေးသားတော်မူခဲ့သည်။ စာကိုယ်ဋီကာ ၂-ကျမ်းလုံး ဆရာတစ်ဦးတည်းရေးထားရကား အခြားသဒ္ဒါကျမ်းများထက် စင်ကြယ်ကောင်းမြတ်သော သဒ္ဒါကျမ်းဖြစ်ကြောင်း သံသယမဲ့မှတ်နိုင်သည်။ ပဉ္စိကာပဒီပယ စသည့်ကျမ်းပေါင်းများစွာကိုပြုစီရင်ခဲ့သူ သီရိရာဟုလာမထေရ်က ပါဏိနီဆရာ၏ စွမ်းရည်၊ စန္ဒြ ဂေါမိန်ဆရာ၊ ကစ္စည်းဆရာတို့၏ ဗုတ္တိဗလဟူသမျှသည် အကောင်အထည်ဖြစ်ကာ မောဂ္ဂလ္လာန်ရုပ်သွင် စီရင်ဖန်ဆင်းကြောင်း-

ယာဂတ္တိး ပါဏိနော် ယာစ၊ စန္ဒြာကာတျာယနာဒိပု။
သေယမ္မျတိ မတိမဈေ၊ မော္ဒျာယနရှုပိနိ။ (သက္ကတ)
ယာ သတ္တိ ပါဏိနေ ယာ စ၊ စန္ဒကစ္စာယနာဒိသု။
သာယံမုတ္တိမတိမဇ္ဈေ၊ မောဂ္ဂလ္လာနယနရူပိနီ။ (ပါဠိ)

စသည်ဖြင့် ချီးကျူးဩဘာထောမနာပြုခဲ့သည်။ ၎င်းပြင် သာရတ္ထဝိလာသိနီပဋိကာ ဋီကာဆရာကလည်း ပိဋကတ်နှင့်တကွ ဗျာကရဏ်းကျမ်းအလုံး၌ နိုင်နင်းသည့် ဂုဏ်သတင်းစသည်တို့ဖြင့် အရပ်အားလုံးပြန့်နှံ့ကျော်ကြားသော မောဂ္ဂလ္လာန်သည် သာသနာတော်၌ အောင်ပါစေသောဟု–

ဇယတိဟ မဟာပညော၊ သော မောဂ္ဂလ္လာယနော မုနိ။
ယဿ သာစုဂုဏာဗ္ဘုတ–ကိတ္တိ သဗ္ဗတ္ထ ပတ္ထဋာ။

ဖြင့် ပဋိကာဋီကာပဏာမာဒိကထာ၌ ဖော်ပြခဲ့သည်။

## မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်း

မထေရ်မြတ်သည်–

သိဒ္ဓမိဒ္ဓဂုဏံသာဓု၊ နမဿိတွာ တထာဂတံ။
သဓမ္မသံဃံ ဘာသိဿံ၊ မာဂဓံ သဒ္ဒလက္ခဏံ။

ဟူသောဂါထာဖြင့် ရတနာသုံးပါး ရှိခိုးပဋိညာဉ်ပြုကာ ဗျာကရဏ်းကို စတင်ရေးသားတော့သည်။ မောဂ္ဂလ္လာန်ဗျာကရဏ်းသည် ရ–ပိုင်း ၆–ဘာဏဝါရရှိ သဒ္ဒါကျမ်းဖြစ်သည်။

## ဝုတ္တိဝိဝရဏပဉ္စိကာ

မထေရ်မြတ်သည် ဝုတ္တိဝိဝရဏပဉ္စိကာဋီကာကိုလည်း–

မဟာဒယော ယော ဇနတာ ဟိတာယ၊
သမ္မောဓိသမ္ဘာပကမ္မဇတံ။

စသောဂါထာများဖြင့် ရတနတ္တယပဏာမကိုပြု၍ ရေးသားခဲ့သည်။ ပဉ္စိကာသည် ဘာရဝါရ ၂၀၊ ဂါထာပဏာမအားဖြင့် ၅–ထောင်၊ အက္ခရာအားဖြင့် ၁–သိန်း, ၆–သောင်း အတိုင်းအရှည်ရှိလေသည်။

## ပညာရှိအဖြစ် ဝန်ခံခြင်း

မထေရ်မြတ်သည် ပိဋကတ်ကိုချောက်ချားပြီး ဗျာကရုဏ်းအမျိုးမျိုးကို ဒိုးကဲ့သို့နှောက်ကစား၍ ကျမ်းစာကိုရေးသားနိုင်သူဖြစ်သဖြင့် ပညာရှင်အဖြစ်–

မောဂ္ဂလ္လာန်နေန ထေရေန၊ ဓီမတာ သုစိဝုတ္တိနာ။
ရစိတံ ယံ သုဝိညေယျ–မသန္ဒိဒ္ဓမနာကုလံ။

ဟူသော ဂါထာလာစကားအစိတ်ဖြင့် သိနိုင်သည်။

■■■

## ပဒသာဓနကျမ်းပြု
## ပိယဒဿီမဟာထေရ်

အရှင်ပိယဒဿီသည် မောဂ္ဂလ္လာန်ပဉ္စိကာကျမ်းများကို ပြုစုသူဗျာကရဏာဝိဒူ အရှင်မောဂ္ဂလ္လာန်၏ တပည့်ရင်းချာဖြစ်သဖြင့် သာသနာသက္ကရာဇ်– ၁၇၀၇– ၁၈၀၀–အတွင်း သီဟိုဠ်ကျွန်း၌ပေါ်ပေါက်ထွန်းကားသည့် ပညာရှင်မထေရ်ဖြစ် ကြောင်း ထင်ရှားလေသည်။

### ပဒသာဓန

မထေရ်မြတ်သည် မောဂ္ဂလ္လာန်ကျမ်း၌ သုတ်စဉ်ကိုပမာဏမပြုပဲ ရုပ်ပြီးရန် အတွက် ပမာဏပြု၍ ပဒသာဓနကျမ်းကို ရေးသားစီရင်ခဲ့ရာ ဗျာကရဏ်းလိုက်စား သူတို့အဖို့ အလေးအမြတ်ပြုအပ်သော ကျမ်းစာဖြစ်လေသည်။ မထေရ်မြတ်၏ပါဠိ ကျမ်းတတ်ပညာရှိဖြစ်ကြောင်းကို–

ဗုဒ္ဓမ္ဗုဇံ နမဿိတွာ၊ သဒ္ဓမ္မမဓုဘာဇနံ။
ဂုဏာမောဒပဒံ သံဃ–မဓုဗ္ဗတနိ သေဝိတံ။
မောဂ္ဂလ္လာယနာစရိယ–ဝရံ စ ယေန ဓီမတာ။
ကတံ လဟုမသန္ဒိဒ္ဓ–မနုနံ သဒ္ဒလက္ခဏံ။
အာရဘိဿံ သမာသေန၊ ဗာလတ္တံ ပဒသာဓနံ။
မောဂ္ဂလ္လာယနသဒ္ဒတ္ထ၊ ရတနာကရပဒ္ဓတိ။
သညာပရိဂ္ဂဟောနေဝ၊ လက္ခဏောသု သရာဒယော။
ဉာယန္တီတိ တမေဝါဒေါ၊ ဒဿယိဿံ ဝိဘာဂတော။

ဟူသော ဂန္ထာရမ္ဘဂါထာများဖြင့် သိနိုင်လေသည်။ မထေရ်မြတ်သည် ပဒသာဓနနိဂုံး ၌လည်း ပြည့်စုံစွာ ဖော်ပြထားသဖြင့် မောဂ္ဂလ္လာန်ထေရ်၏ နေရပ်စသည်ကို သိရ သဖြင့် စာပေသမိုင်းအတွက်နှင့် သာသနာဝင်အတွက် ကျေးဇူးများလေသည်။ ပဒသာဓနကို သီဟိုဠ်၌ နိသျများနှင့်တကွ ၁၉၀၅–ခုနှစ်၊ ၁၉၃၂–ခုနှစ်ကရိုက်နှိပ် ခဲ့သည်။ မြန်မာပြည်၌ မန္တလေးရတနာသိဒ္ဓိပုံနှိပ်တိုက်၌ ၁၉၂၁–ခုနှစ်က ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ရှိုင်ဆိုက် ၆၅–သာ ရှိလေသည်။

## ပဒသာဝနေဋ္ဌီကာကျမ်းပြု
## သံဃရာဇာအရှင်ရာဟုလာမဟာထေရ်

အရှင်ရာဟုလာသည် ပဒသာဝနေဋ္ဌီကာ၊ ပဋ္ဌိကာပဒီပ စသောကျမ်းများစွာကို ပြုစီရင်ခဲ့သည့် ပညာရှိမထေရ်မြတ်ဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၄၁၅–ခုမှ ၁၄၆၇–အတွင်း ပေါ်ပေါက်သော မထေရ်မြတ်ဖြစ်ကြောင်း သီဟိုဠ်သမိုင်းတို့၌ ဖော်ပြကြသည်။ မထေရ်မြတ်သည် ကျမ်းဂန်မြားမြောက်စွာကို ရေးသားခဲ့ရာ ဗုဒ္ဓပ္ပသာဒနီ အမည်ရှိသော ပဒသာဝနေဋ္ဌီကာ စသည်တို့ ပါဝင်ကုန်သည်။ မထေရ်မြတ်သည် ပဒသာဝနေဋ္ဌီကာကို အရှင်ဒီပင်္ကရထေရ်တောင်းပန်၍ ရေးသားခဲ့သည်။ ဂန္ထာရမ္ဘ ဂါထာများမှာလည်း လွန်စွာ ကောင်းမွန်ပြောင်မြောက်ရာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) ကလျာဏရူပမစလံ သုရသတ္တဝုတ္တိ၊
မာဒိစ္စရာဇသရဏံ ဘုဝနပ္ပတိဋ္ဌံ။
သဗ္ဗုတ္တရံ ဝရသုဓမ္မနေကဝဏ္ဏံ၊
ဝန္ဒေ ပသိန္ဓုရတနံ မုနိ ရာဇမေရုံ။

(၂) သမ္ဘန္ဓလက္ခဏပါဒိမုဒ္ဒဝဏ္ဏရူပါ၊
ဒီဃပ္ပမာဏနယနာ မုနိရာဇဝါဏီ။
သမ္ဘာဝိတာသဝနဒဿနပါသနေဟိ၊
သတ္တာနတာပမပနီယ တတော တု နန္ဒံ။

(၃) ဘတျာ နတာမိတ နရာသုရဒေဝရာဇကောဋီရကော–
ဋ္ဋီမဏိဆပ္ပဒစုမ္ဗိတာနိ။
တမ္ဗင်္ဂုလီတတိဒ လေနခ ကေသရာနိ၊
သံဃဿ စာရုစရဏမ္ဗုရုဟာနိသေဝေ။

(၄) သဒ္ဒါနုသာသနပဝီဏဂုရူပဒေသ–
ဝါဏီပဝေဏီမဝလမ္ဗိယသာရဘူတံ။
သံခိပ္ပသာသယပဒတ္ထဝိဘာဝနာယ၊
ဋ္ဌီကံ ကရောမိ သုဂမံ ပဒသာဝနေဿ။

ပဒသာဝနနိဂုံး၌ ကျမ်းဆရာ၏အမည် စသည်တို့ကို ဖော်ပြပါဂါထာများဖြင့် ကျမ်းဆရာကိုယ်တိုင် ဖော်ပြခဲ့လေသည်။

(၁) သာရိပုတ္တမဟာဒိသာမိဇနေနေ ဇာတာသ သမ္မာဝိတော၊
နတ္တာဥတ္တရမူလရာဟုလမဟာထေရသိက္ခာဂရု–
ဝိချာတောပဒဝါကျတက္ကကုသလောဝါဒီဘာသီဟော သုဓီ၊
သော ဝါစိဿရသံဃရာဇ ပဝရော ဗျာကာသိ ဋီကံ ဣမံ။

(၂) ဂင်္ဂါတဋ္ဌာကိယကရမ္မဝဋ္ဋနွယေန၊
ယာ သတ္တရတနပဋ္ဌိရာဇနိဝါသိကေန။
ဒီပင်္ကရေန ယတိနာ ကထိတာ ဝိဓာတုံ၊
သံသိဒ္ဓိမာပ ပဒသာဓနဝဏ္ဏနာယံ။

နိဂုံးဂါထာ၌ ဝါစိဿရသံဃရာဇပဝရော ဟုဆိုရာ၌ ဝါစိဿရဘွဲ့မည်မဟုတ်ဘဲ ''တြိပိဋကဝါဂီဇွရာစာယ်''ဟု သီဟိုဠ်၌ ဂုဏ်ပြုနေကြဘွဲ့ဖြစ်လေသည်။ သို့ဖြစ်၍ တြိပိဋကဝါဂီဇွရာစာယ်ဘွဲ့တော်ရ ရာဟုလာသံဃရာဇာဖြစ်ကြောင်း သိသာသည်။ အရှင်ရာဟုလာ၏ပဉ္စိကာပြု ဒီပယနိဂုံး၌လည်း–

ရမ္မေ ဝိဟာရပဝရေ ဘူမိတိတ္ထဂါမေ၊
ထေရော ဝိဇယဗာဟုနိဝါသဝါသီ။
ဝါစိဿရော ဝိဒိတရာဟုလသာမိ နာမော၊
ဒီပံ အဒါသိ ပဋ္ဌနမ္ပိ ပဉ္စိကာယံ။

ဟုလာရှိသည်။

အရှင်ရာဟုလာသည် သီဟိုဠ်ကျွန်း ကောဋ္ဌေမြို့၌ အေ–ဒီ ၁၄၁၅–တွင် နန်းတတ်သော ဆဋ္ဌပရက္ကမဗာဟုမင်းလက်ထက်၌ ထင်ရှားသောမထေရ်မြတ်ဖြစ်သည်။ ၎င်းမထေရ်သည် ပဉ္စိကာပဒီပကျမ်းကိုလည်း ရေးသားခဲ့သည့်အပြင် ကာဗျ ဧခရသီဟိုဠ် မဟာကဗျာကျမ်းနှင့် သန္ဒေသကျမ်းတို့ကို ရေးသားခဲ့သည်။ သီဟိုဠ်၌ ဖော်ပြပါရာဟုလာ၏ နောက်ဆုံးဖြစ်စဉ်ကို မတွေ့ရသဖြင့် မြန်မာပြည် ပုဂံနရပတိ စည်သူမင်းကြီး၏သဘင်ခံ၍ အလှူကြီးပေးရာတွင် ကချေသည်မကိုမြင်ရသဖြင့် သာသနာဘောင်၌ မရွှင်ပျ မပျော်မွေ့သဖြင့် မလယကျွန်းသွား၍ လူထွက်သော ရာဟုလာ ဟုတ်,မဟုတ် စိစစ်စရာဖြစ်လေသည်။ သက္ကရာဇ် အနည်းငယ်ကွာ၍ နေသည်ကိုလည်း သတိပြုသင့်လေသည်။

## ယိုးဒယားနိုင်ငံမှ ပါဠိကျမ်းပြုဆရာတော် အရှင်ရတနပညာမဟာထေရ်

အရှင်ရတနပညာသည် ယိုးဒယားနိုင်ငံစာပေသမိုင်း၌ ထင်ရှားသောဆရာတော်ဖြစ်သည်။ မထေရ်မြတ်သည် သာသနာသက္ကရာဇ် ၂၀၁၇-လောက်တွင် ပေါ်ထွန်းခဲ့၍ ယိုးဒယားနိုင်ငံ နဗ္ဗိသိ(ချင်ရိုင်း)မြို့အနီးရှိ ရတ္တဝနမဟာဝိဟာရ၌ သီတင်းသုံး ခဲ့သည်။ မထေရ်မြတ်သည် ပါဠိကျမ်းပြုပုဂ္ဂိုလ်အထွက်နည်းပါးသော ယိုးဒယားနိုင်ငံ၌ ပါဠိကျမ်းပြုပုဂ္ဂိုလ်အဖြစ် ထူးခြားစွာမှတ်တမ်းအတင်ခံရသော ပုဂ္ဂိုလ်မြတ်ဖြစ် ပေသည်။ မထေရ်မြတ်သည်-

၁။ ဇိနကာလမာလီကျမ်း၊

၂။ ဝဇိရသာရတ္ထသင်္ဂဟကျမ်း၊

စသောကျမ်းများကို ရေးသားစီရင်တော်မူခဲ့သည်။ ၎င်းကျမ်းများအနက် ဇိနကာလမာလီကျမ်းမှာ ဂေါတမဘုရားရှင် ဘုရားအဖြစ်ဆုတောင်းချိန်မှစ၍ အေ-ဒီ ၁၅-ရာစုအထိ သီဟိုဠ်နှင့်ယိုးဒယားနိုင်ငံအတွင်း သာသနာပြုအဆက်အသွယ်ကို ဖော်ပြသောကျမ်းဖြစ်သည်။ အနည်းငယ် အသေးစိတ်ဖော်ပြရသော် ဇိနကာလမာလီကျမ်း၌ ဘုရားရှင် ဘုရားအဖြစ် တောင့်တတော်မူပုံနှင့်စပ်၍ စိတ္တုပ္ပါဒကထာ၊ ဝစီဘေဒကထာ၊ ၂၄-ဆူသော ဘုရားရှင်တို့ထံ ဗျာဒိတ်ခံပုံ၊ ဗုဒ္ဓဝင်အကျယ်ချုပ်၊ ဓာတ်တော်ဝေဖန်ခန်း၊ (ဓာတုဝဏ္ဏနာ)ပကိဏ္ဏကကထာ၊ သံဂီတိကထာများ၊ သီဟိုဠ်ကျွန်းသို့ ရောက်ပုံ၊ ဟရိပုဉ္စယပ္ပတ္တိ ယိုးဒယားသို့ သီဟိုဠ်သာသနာပြုရဟန်းတော်များ ရောက်ပုံ စသည်နှင့် စန္ဒကူးဆင်းတုအကြောင်း စသည်တို့ပါဝင်သည်။ ၎င်းကျမ်းကို ယိုးဒယား၌ အေ-ဒီ ၁၉၀၈-၌ရိုက်နှိပ်ခဲ့၍ သီဟိုဠ်ကျွန်း၌ ၁၉၅၆-ခုနှစ်က ရိုက်နှိပ်ခဲ့သည်။ ဒီမိုင်းဆိုက်စာမျက်နှာ ၁၀၆-သာ ရှိလေသည်။ ပဏာမဂါထာများမှာ-

မောဟန္ဓကာရံ တိဃနံ ပဟန္တွာ၊
ဉာဏံသုနာ ဓမ္မဝရံ သုနာယော။
ဝေနေယျ ဗန္ဓုတ္တယပက်ဇံ တံ၊
ဗောဓေသိ ဝန္ဒေ ဇိနအံသုမာလီ။
ရာဂါတုရေ သေဌဂဒေါ တိလောကေ၊
မောဟန္ဓကာရေ ဝရဒီပမာလီ။

ဒေါသဂ္ဂိတော ယော ရတနာ၀လိ၀၊
ဃမ္မာဘိတတ္တေ ပဏာမာမိ ဓမ္မံ။
ခေတ္တံ၀ ပုညေသိနုဗုဒ္ဓ၀ံသော၊
ဗုဒ္ဓဿ ဗိမ္ဗော၀ သာမိန္ဒြိယော သော။
နရာမရာနံ ၀ရဒက္ခိဏေယျော၊
ဂဏုတ္တမော တံ ပဏာမာမိ သံဃံ။
ဗုဒ္ဓေါပိ ဗုဒ္ဓဿ သုတော မဘာသိ၊
ကာလာပဒေသမ္ပိ ဝိစိတြနာနံ။
အာနေကမာလိ ပန သော သမတ္တော၊
ဉာတုံ ကဝီနံ မတတော သုခေန။
ဗုဒ္ဓံ စ ဓမ္မံ သဂဏံ နမိတွာ၊
ပုညာဘိသန္ဒံ အလဘိ ဗဟုံ၀။
ဟတန္တရာယော ကုသလေန တေန၊
၀က္ခာမိ ဂန္ထံ ဇိနကာလမာလိံ။
တို့ဖြစ်လေသည်။

မထေရ်မြတ်သည် ၀ဇိရသာရတ္ထသင်္ဂဟကျမ်းကိုလည်း ရေးသားခဲ့သည်။ ၎င်းကျမ်းသည် ဓမ္မသင်္ဂဟကျမ်းဖြစ်သည်။ ကျမ်းဦးအစ၌–

သန္တံ သန္တေဟိ ပူဇိတံ၊ ဗုဒ္ဓံ ဗုဒ္ဓေန ဒေသိတံ။
ဓမ္မံ ဓမ္မ၀ရံ လဒ္ဓံ၊ သံဃံ သံဃ၀ရံ နမေ။
ပုဗ္ဗာစရိယသီဟာနံ၊ မတံ နိဿာယ သာဓုကံ။
သာရတ္ထံ ဥဒ္ဓရိတွာန၊ ဂန္ထန္တရေသု အာဂတံ။
နာနာသုခုမသံကေတ–ဂတေ သတ္တေသု သောတူနံ။
ဂမ္ဘီရဗုဒ္ဓိစာရတ္ထံ၊ ၀ဇိရသာရတ္ထသင်္ဂဟံ။
ပ၀က္ခာမိ သမာသေန၊ နိသာမယန္တု သာဓုကံ။
တံ နိဒ္ဒါပဂတာ သန္တာ၊ ဗုဒ္ဓိ၀ိသဒကာမိနော။
ဟူသောဂါထာဖြင့် ပဏာမ၊ ပဋိညာဉ်ကို ပြုခဲ့သည်။ နိဂုံး၌–

ရတနပညောတိ နာမေန၊ ဘိက္ခုနာ ၀ဇိရဗုဒ္ဓိနာ။
သောတူနံ ပါဋ္ဌ၀တ္ထာယ၊ ၀ဇိရသာရတ္ထသင်္ဂဟော။
ဟူသောဂါထာဖြင့် ကျမ်းဆရာနာမည်နှင့် ကျမ်းအမည်ကို ဖော်ပြခဲ့သည်။

ငှင်းကျမ်း ပေစာမူကို သီဟိုဠ်ကျွန်း ကိုလံဘိုပြတိုက်၌ တွေ့နိုင်သည်။ ဤသို့ဖြင့် ကျမ်းဂန်ရေးသား၍ သာသနာပြုခဲ့သော အရှင်ရတနပညာ၏ဝီရိယကို လည်း ကြည်ညိုလေးစားသင့်လှပေသည်။

■■■

# ယိုးဒယားမှမိလိန္ဒ(ပဉှာ)ဋီကာကျမ်းပြု
# တိပိဋကစူဠာဘယမဟာထေရ်

တိပိဋကစူဠာဘယထေရ်သည် အေ-ဒီ ၁၄၊ ၁၅-ရာစုလောက်တွင် ယိုးဒယားနိုင်ငံ၌ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်လေသည်။ မထေရ်မြတ်သည် ယိုးဒယားနိုင်ငံ၌ ရေးကာဘိဂ်ရဋ္ဌ ယခုချင်းမိုင်(Cheingmai)ခေါ်သောမြို့၌ သီဟိုဠ်ကျွန်းမှ မဟာဝိဟာရဂိုဏ်း အဆက်အသွယ်ရဟန်းတော်များ သာသနာပြုကြွရောက်ကြောင်း သာသနာဝင်ကျမ်းများအရ သိနိုင်လေသည်။ တိပိဋကစူဠာဘယထေရ်သည် ထိုမထေရ်တို့၏ အဆက်အနွယ်ဖြစ်နိုင်ကြောင်း မိလိန္ဒပဉှာ ပါဠိသီဟိုဠ်နိဒါန်း၌ ဖော်ပြထားသည်။

## မိလိန္ဒဋီကာကို ပြုစုခြင်း

မထေရ်မြတ်သည် မိလိန္ဒဋီကာကို နောင်းခေတ်ပုဂ္ဂိုလ်များအတွက် ရေးသားခဲ့သည်။ မိလိန္ဒပါဠိတော်၌ လွန်စွာခဲခက်သော ပုဒ်များရှိလင့်ကစား မထေရ်မြတ်သည် အနည်းငယ်သောပုဒ်စုကို ဖွင့်ပြခဲ့သည်။ မထေရ်မြတ်သည်-

နိရန္တရံ လောကဟိတဿ ကာရကံ၊
နိရန္တရံ လောကဟိတဿ ဒေသကံ။
နိရန္တရံ လောကဟိတဿ စိန္တကံ၊
နမာမိ ဝီရံ နရဒမ္မသာရထိံ။
ပဉ္စမမ္ဗဝိဒံ နာထံ၊ ဝုယှမမ္မပ္ပကာသကံ။
နမဿိတွာ သမ္ဗုဒ္ဓံ၊ ဓမ္မံ သာဝုဂဏမ္ပိ စ။
နာဂသေနမဟာထေရံ၊ ပိဋကတ္တယကောဝိဒံ။
ဝန္ဒိတွာ တမ္ပိ သိရသာ၊ ပဉ္စမမ္ပပ္ပကာသကံ။
မိလိန္ဒပဉှ ဝိဝရဏံ၊ မဓုရတ္ထပကာသိနိံ
ရစယိဿံ သမာသေန၊ တံ သုဏာထ သမာဟိတာ။

ဟူသောဂါထာများဖြင့် စတင်ပြီး မိလိန္ဒပါဠိတော်ကို ဖွင့်ပြသည်။ မိလိန္ဒဋီကာ၏ မဓုရတ္ထပကာသိနီ မည်ကြောင်းကိုလည်း ''မိလိန္ဒပဉှ ဝိဝရဏံ၊ မဓုရတ္ထပကာသိနိ'' ဟူသောပါဌ်ဖြင့် သိသာသည်။

မထေရ်မြတ်သည် မိလိန္ဒဋီကာကို-

သမ္ဗန္ဓေ စ ပဒစ္ဆေဝ၊ ပဒတ္တော ပဒဝိဂ္ဂဟော။

စောဒနာ ပရိဟာရော စ၊ ဆဗ္ဗိဓာ အတ္ထဝဏ္ဏနာ။

ဟူသောဂါထာကို ခေါင်းစဉ်မူတည်ပြီးဖွင့်ခဲ့သည်။ မိလိန္ဒဋီကာ၌ မိလိန္ဒမင်း၏ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အနှစ် ၅၀၀-လွန်သောအခါတွင် ပေါ်ထွန်းကြောင်းကိုလည်း-

"ယောပိ မိလိန္ဒော ရာဇာ ဘဂဝတော ပရိနိဗ္ဗာနတော-

ပဉ္စဝဿသတေ အတိက္ကန္တေ ရာဇကုလေ ဥပ္ပန္နော၊

သော ရာဇာ မိလိန္ဒော နာမ"

ဟု ဖွင့်ပြခဲ့သည်။ မိလိန္ဒဋီကာ၌ ထူးဆန်းစွာဖော်ပြချက်မှာ မိလိန္ဒပဉှာ အစဂါထာများနှင့် မိလိန္ဒပါဠိတော်တကျမ်းလုံးကို အရှင်ဗုဒ္ဓဃောသစီရင်သည်ဟု ဖွင့်ပြခြင်းပင် ဖြစ်လေသည်။

ဣမာ ပဉ္စဂါထာ ကေန ကတာတိ စောဒနာ ဘဒ္ဒန္တဗုဒ္ဓဃောသာစရိယေန ကတာတိ ပရိဟာရော၊ န ကေဝလံ ပဉ္စဂါထာဝ ထေရရာဇဝစနေပိ အညံ ပုဗ္ဗာ ပရဝစနမ္ပိ တေန ဝုတ္တံ။[၁]

မထေရ်မြတ်သည် ဋီကာနိဂုံး၌-

လံကာဝှယေ ဒီပဝရေ သုသဏ္ဌိတာ၊

မဟာဝိဟာရေ စ ဇိနောရသာလယော။

ပရမ္ပရာ ထေရဂဏာ သုသဏ္ဌိတာ၊

ပကာသကာယေဝ ဝရသတ္ထုသာသနေ။

တေသံ အလင်္ကာရဘာဝေန သာသနေ၊

တိပေဋကေန သုဒ္ဓဝိသုဒ္ဓဗုဒ္ဓိနာ။

ပဟာသယန္တေန နရေသရာဇိကေ၊

ပဟာသယန္တေန ဂဏေ ဂဏုတ္တမေ။

ဋီကာတိနာမေန မိလိန္ဒဒီပိကာ၊ ဝရတ္ထတော ဂန္ထပ္ပကရေန သမ္ဘတံ။

သုဂန္ထကာရေန ဇိနင်္ကုရေ နမေ၊ ကတဥ္စ ယံယံ ဝရပုညသမ္ဘဝံ။

စသောဂါထာများဖြင့် မိမိ၏မဟာဝိဟာရအနွယ်အဆက်ဖြစ်ကြောင်း တိပိဋကဉ်ကျမ်းကျင်သူဖြစ်ကြောင်း အလောင်းတော်ဖြစ်ကြောင်း စသည်တို့ကိုဖော်ပြခဲ့သည်။

---

၁။ (မိလိန္ဒဋီကာ၊ ၃၇၁။)

## ဗာလာဝတာရဋီကာသစ်ကျမ်းပြု
## အရှင်သိရိသုမင်္ဂလမဟာထေရ်

အရှင်သိရိသုမင်္ဂလမဟာထေရ်သည် သီဟိုဠ်ကျွန်း၌ ခရစ်သက္ကရာဇ် ၁၈၂၆–ခုနှစ်မှ ၁၉၁၁–ခုနှစ်အတွင်း၌ ပေါ်ထွန်းခဲ့သည့် မထေရ်မြတ်ဖြစ်လေသည်။ ဆရာတော်သည် သီဟိုဠ်ကျွန်း ဝိဒ္ဓောဒယပရိဝေဏစာသင်တိုက်ကြီးကို စတင်တည်ထောင်ခဲ့သူဖြစ်သဖြင့် သီဟိုဠ်၌လွန်စွာထင်ရှားလေသည်။ ဝိဒ္ဓောဒယပရိဝေဏကို အစွဲပြု၍ ဝိဒ္ဓောဒယတက္ကသိုလ်ကြီးကို ၁၉၅၉–ခုနှစ်ကစ၍ သီဟိုဠ်အစိုးရက ထောင်သောအခါ သက်တော်ထင်ရှားမရှိတော့ပြီဖြစ်သော အရှင်သုမင်္ဂလ၏နာမည်မှာ ပို၍ထင်ရှားလာလေသည်။ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း၌ ဂါလ်ခရိုင် ဟိက္ကဒွါရွာကလေး၌ ၁၈၂၆–ခုနှစ်၊ ဇန်နဝါရီလ ၂၀–ရက်နေ့တွင် ဖွားမြင်လေသည်။ ၁၈၄၀–ခုနှစ်တွင် ရှင်သာမဏေပြုပြီး ၁၈၄၈–ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ကိုလံဘိုမြို့ ရတ်မလာနအရပ် ပရမဓမ္မစေတိယကျောင်းတိုက် အရှင်သိဒ္ဓတ္ထထေရ်စသည်တို့၏အထံ၌ ပညာသင်ကြားတတ်မြောက်ခဲ့သည်။

မထေရ်မြတ်သည် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ အမိဘာသာဖြစ်သည့် သီဟိုဠ်ဘာသာတို့၌ လွန်စွာကျွမ်းကျင်လေသည်။ ရတမလာနပရမဓမ္မပရိဝေဏ၊ ဂါလ်မြို့ သုဒဿနပရမာနန္ဒပရိဝေဏ တို့၌ စာသင်သားတို့အား စာပေချပို့သင်ပြပေးခဲ့ဘူးသည်။ ၁၈ရ၀–ခုနှစ်တွင် ကိုလံဘိုမြို့ ကောတဟေနပရမာနန္ဒကျောင်းတိုက်၌ စာပေချပို့၍ ၁၈ရ၃–ခုနှစ်မှစ၍ အသစ်တည်ထောင်သည့် ဝိဒ္ဓောဒယပရိဝေဏ၌ အမြဲသီတင်းသုံးလျက် ဘာသာများစွာတို့ကို သင်ကြားချပို့ကာ သက်ဆုံးတိုင်သီတင်းသုံးတော်မူခဲ့သည်။ ဆရာတော်သည် ပုပ္ဖါရာမာဓိပတိအရှင်သောဘိတထေရ်တောင်းပန်သဖြင့် ဗာလာဝတာရဋီကာသစ်ကို ရေးသားခဲ့သည်။ မထေရ်မြတ်သည် ဂါထာအရေးအသားလည်း ကောင်းမွန်ရာ–

သစ္စာဝဗောဓကေမနန္တနယာနုဘုတံ၊
ဓာတုပ္ပဘေဒဂတမောဟဟရံ မုနိဟိ။
သံဝဏ္ဏိတံ ဗုဓသိတံ ဝရသဒ္ဒသတ္ထ–
တုလျံ နမာမိ သုဂတံ ဇယမင်္ဂလာယ။

ဟူသော ဗာလာဝတာရဂန္ထာရမ္ဘဖြင့် သိသာသည်။ မထေရ်မြတ်သည် သီမာဝိဘာဂ၊ သစ္စသင်္ဂဟ၊ ကာဗျသေခရနိသျ စသည်တို့ကိုလည်း ရေးသားခဲ့သည်။

ခရစ်သက္ကရာဇ် ၁၉၁၁–ခုနှစ်၊ ဧပြီလ ၂၉–ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည်။ ဆရာတော်၏ရုပ်ပုံကို ကြေးရုပ်သွင်းကာ ကိုလံဘိုမြို့နှင့် ၇–မိုင်ကွာ ဂန်ဂေါဒဝေလ၌ တည်ထောင်ထားသော ဝိဒ္ဒောဒယတက္ကသိုလ်ရုံးကြီးရှေ့၌ တည်ထားကိုးကွယ်ထားကြလေသည်။ ဆရာတော်၏ကြေးရုပ်ပလ္လင်၌ ''ဝိဒ္ဒောဒယပရိဝေဏာဿ အာဒိကတ္တာ ဟိက္ကဒ္ဒုဂါမဇော သိရိသုမင်္ဂလနာယကမဟာထေရော''ဟု ကြေးပြား၌ ကဗျည်းထွင်းထားသည်ကို တွေ့ခဲ့ရလေသည်။

■■■

## အဘိဓာနပ္ပဒီပိကာသူစိကျမ်းပြု
## အရှင်သုဘူတိမဟာထေရ်

အရှင်သုဘူတိသည်လည်း ထေရဝါဒသာသနာတွင် ထင်ရှားသောမထေရ်မြတ်ဖြစ်သည်။ မထေရ်မြတ်သည် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ သီဟိုဠ်ဘာသာ စသည့်ဘာသာပေါင်းများစွာတို့၌ ကျွမ်းကျင်သောမထေရ်မြတ်ဖြစ်သည်။ သီဟိုဠ်ကျွန်း ကဠုတ္တရမြို့ ဝဿကဒုဝရွာ၌ ခရစ်သက္ကရာဇ် ၁၈၃၅–ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မထေရ်မြတ်လောင်းလျာသည် ငယ်စဉ်စာသင်ကျောင်းနေစဉ်ကပင် အတန်းများ၌ထူးချွန်သဖြင့် ဆုအကြိမ်ကြိမ်ရခဲ့သူဖြစ်သည်။ ငယ်စဉ်ကမှ သာမဏေဝတ်ပြီး အရှင်ရာဟုလာသရဏပါလ၊ သိရိသုမင်္ဂလ၊ အိန္ဒိယမှသီဟိုဠ်ရောက်ရှိသော ပဏ္ဍိတ်ပုဏ္ဏားများ စသည်တို့ထံ၌ သီဟိုဠ်၊ ပါဠိ၊ သက္ကတဘာသာများကို သင်ကြားတတ်မြောက်ခဲ့သည်။ အေ–ဒီ ၁၈၅၉–ခုနှစ်၊ ကဆုန်လတွင် ရဟန်းဖြစ်ခဲ့သည်။

## ကျမ်းဂန်ပြုစုခြင်း

မထေရ်မြတ်သည် ရဟန်းဖြစ်ပြီးနောက် အင်္ဂလိပ်ဘာသာနှင့်တကွ သက္ကတ ပါဠိစာပေကို ကျနစွာ သင်ယူတတ်မြောက်ပြီး၍ အဘိဓာန်ကျမ်းကို အင်္ဂလိပ်၊ သီဟိုဠ်ဘာသာတို့ဖြင့် တွဲဖက်အနက်ရေးသားကာ ၃–ဘာသာတွဲ၍ ပြုစုခဲ့ရာ သီဟိုဠ်အစိုးရ ပုံနှိပ်တိုက်တွင် ၁၈၆၄–ခုနှစ်က ပဌမအကြိမ် ရိုက်နှိပ်ခဲ့သည်။ ဆရာတော်သည် နာမမာလာကျမ်းကိုလည်း ရေးသားခဲ့ရာ ၁၈၇၆–ခုနှစ်က ရိုက်နှိပ်ခဲ့သည်။

## အဘိဓာနပ္ပဒီပိကာသူစိကျမ်းကြီး

အဘိဓာနပ္ပဒီပိကာသူစိကျမ်းကိုလည်း အဘိဓာန်နှင့် အဘိဓာန်ဋီကာ စသည်တို့ကိုအမှီပြု၍ ဓာတ်၊ ပစ္စည်း စသည်ဝေဘန်ပြုစု၍ သာသနာ၌ များစွာ ကျေးဇူးများသော ကျမ်းကြီးဖြစ်သည်။ ၎င်းကျမ်းကြီးကို သီဟိုဠ်၌ သီဟိုဠ်အစိုးရက ရိုက်နှိပ်ခဲ့သည်။ ၎င်းကျမ်းကြီးမှာ မြန်မာစာမူ ကရောင်းရှစ်ချိုးဆိုက်ကြီး ၆၀၂–မျက်နှာရှိလေသည်။ ဆရာတော်ပြုစုသော အခြားကျမ်းများလည်း အများအပြား ရှိဟန်တူပါသည်။ မထေရ်မြတ်သည် သက်တော် ၈၂–နှစ်၊ ၁၉၁၇–ခု၊ ဧပြီလ

၁၉–ရက်နေ့တွင် ဖွားမြင်ရာ ဝသ်ကဒုဝေရွာရှိ မိမိသီတင်းသုံးရာကျောင်းတိုက်၌ ဘဝနတ်ထံ ဝင်စံတော်မူလေသည်။ ယိုးဒယားမင်းများလှူဒါန်းသည့် "ပဝရနေရုတ္တိကာစရိယမဟာဝိဘာဝိရာဇဂုရု"ဘွဲ့တံဆိပ်တော်ကို ရသည်။

## အဘယဂိရိကျောင်းတိုက်ထွက်ကျမ်းများ

သာသနာသက္ကရာဇ် ၇၅၇–၇၇၉–တွင် နန်းတက်သော ဝေါဟာရတိဿမင်းသည် တရားဆုံးဖြတ်မှု၌ လိမ္မာကျွမ်းကျင်သော ကပိလအမတ်ကို အဘယဂိရိကျမ်းစာများကိုစိစစ်စေရာ ထေရဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သဖြင့် သာသနာကျေးဇူးမပြုဟုယူဆကာ အဘယဂိရိကျောင်းတိုက်နှင့် အဘယဂိရိဂိုဏ်းသုံးကျမ်းစာများ မီးရှို့ဖျက်စေလေ၏။

ဝေတုလ္လဝါဒံ မဒ္ဒိတွာ၊ ကာရေတွာ ပါပနိဂ္ဂဟံ။
ကပိလေန အမစ္စေန၊ သာသနံ ဇောတယိ စ သော။

သို့ဖြစ်၍ အဘယဂိရိဂိုဏ်းသုံးကျမ်းများ သီဟိုဠ်(သီရိလင်္ကာ)၌ ယခုရှာမရတော့ပေ။ သို့ရာတွင် ဥတ္တရဝိဟာရဝံသအဋ္ဌကထာကျမ်း(အဘယဂိရိသမိုင်း)ကျမ်းရှိခဲ့သည်ဟုသိရ၏။ ၎င်းပြင် ကဝိစက္ကအရှင်အာနန္ဒာမထေရ်ရေးသားစီရင်သော သဒ္ဓမ္မောပါယနကျမ်းကိုကား တွေ့ရှိနိုင်လေသည်။ ယင်းသဒ္ဓမ္မောပါယနကျမ်းကားအားလုံးဂါထာချည်းဖြင့်ပြီးသော ပဇ္ဇမယကျမ်းတည်း။ ဂါထာပေါင်း နိဂုံးအလွတ် ၆၂၁–ဂါထာရှိ၏။ နိဂုံးဂါထာ ၈–ဂါထာရှိ၏။ ၂–ရပ်ပေါင်းသော် ၆၂၉–ဂါထာရှိ၏။ ကျမ်းဦး၌–

သဗ္ဗသဝဝိနိမုတ္တံ၊ သဗ္ဗသာဓုဂုဏာကရံ။
သဗ္ဗလောကဂရုံ ဝီရံ၊ ဟတံ အမတမဂ္ဂဒံ။
သဗ္ဗာဒရေန ဝန္ဒိတွာ၊ သမ္မာသမ္ဗုဒ္ဓမာဒိတော။
အထ ဓမ္မဉ္စ သံဃဉ္စ၊ သဒ္ဓယာဒ္ဓုနာ အဟံ။
သဒ္ဓမ္မောပါယနံ ကိဉ္စိ၊ ရစယိဿာမိ ပေသိတုံ။
နာမတော ဗုဒ္ဓသောမဿ၊ ပိယသဗြဟ္မစာရိနော။
အဋ္ဌက္ခဏဝိနိမုတ္တံ၊ ခဏံ ပရမဒုလ္လဘံ။
ဥပလဒ္ဓေန ကတ္တဗ္ဗံ၊ ပုညံ ပုညဝတာ သဒါ။

ဟူသော ၄–ဂါထာဖြင့် ပဏာမ အဘိယာစက ပဋိညာဉ် ဥယျောဇဉ်တို့ကို ဖော်ပြခဲ့သည်။ ဤကျမ်းသည် သီဟိုဠ် နိဿယနှင့်တကွ ရှိုင်ဆိုက် ၁၂၇–မျက်နှာရှိလေသည်။

ဤသည်လျှင် အဠကထာ၊ ဋီကာ စသည်ကျမ်းပြု မထေရ်ကျော်တို့၏ အဖြစ်တော်စဉ်အမြွက်တည်း။

■■■

## မဏ္ဍလာရာမ သာသနာဝင်

မဏ္ဍလာရာမကျောင်းတိုက်ကြီးသည် မန္တလေးမြို့မြောက်ပြင် မန္တလေးတောင်အနောက်ဖက်ခြေရင်း၌ တည်ရှိသည်။ ယင်းမဏ္ဍလာရာမကျောင်းတိုက်ကြီး၏ တောင်ဖက်၌ မိုးထိတိုက်တည်ရှိပြီး မြောက်ဖက်၌ ဆူးခါးတိုက်(ယခုအခေါ် သိကြားဂူကျောင်းတိုက်)တည်ရှိလေသည်။ ယင်း မဏ္ဍလာရာမကျောင်းတိုက်၏ အနောက်တောင်ဖက် စဉ်းငယ်ယွန်းသောအရပ်၌ ''မဟာဓမ္မဇောတိကာရာမ စလင်းတိုက်'' တည်ရှိလေသည်။

## မဏ္ဍလာရာမတိုက် ပြည်တိုက်ဟုလည်းခေါ်ကြ

ဖော်ပြပါ မဏ္ဍလာရာမတိုက်ကို မန္တလာရာမတိုက်ဟူ၍လည်း ခေါ်ဝေါ်ကြသည် ပြည်မြို့စား မင်းသားက ကိုးကွယ်သည့် ဆရာတော်ဘုရားကြီး ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့သဖြင့် ပြည်တိုက်ဟူ၍ ခေါ်ဝေါ်ကြသည်။ ကျောင်းတိုက်အတွင်း၌ လက်ရှိအဆောက်အအုံများမှာ သံဃာနေကျောင်းပေါင်း ၃–ကျောင်းသာရှိလေသည်။ ပဌမပြည်ဆရာတော်ဘုရားကြီးလက်ထက် သမုတ်ခဲ့သော သိမ်တလုံးလည်း အဆောက်အအုံနှင့်တကွ ရှိလေသည်။ ယင်းသိမ်ကို ဓမ္မမဥ္ဇူသိမ်ဟုခေါ်သည်။

## ဓမ္မမဥ္ဇူသိမ်တော် ကျောက်စာမော်ကွန်း

ယင်းသိမ်မှာ ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းမိဖုရား၏ ကောင်းမှုတော်ဖြစ်သည်။ ကျောက်စာ ရေးထိုးထားသည်ကိုလည်း အောက်ပါအတိုင်း တွေ့ရှိနိုင်လေသည်။

ရွှေမြို့တော်မှ သေံအရပ်မန္တလေးတောင်မှ နရတိအရပ် ''မေဓာဘိဝံသသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု''တံဆိပ်တော်ရရှိသော ဆရာတော်သီတင်းသုံးနေသော ကိုးကွယ်တော်မူသည့် တိုက်တော်အတွင်း သာယာညီညွတ်သောမြေအပြင်တွင် အဆန်းအထူး ကြိုးပူးကြိုးမြောင့် စိန်တောင်စိန်ပွင့် အဆင့်ဆင့်နိမ့်မြင့်ကြီးငယ် ရစ်သွယ်ရှက်ထွေး ပြောက်နပြောင်သေး ကြေးကွေးတုရင် မွမ်းဖျင်စေ့စပ် ဘုံခုနှစ်ထပ် ဖာလ်တပ်မှန်တပ် သပ်ယပ်သေခွေ ဥပဒေထုံးဟော မပြောင်းမလွဲ နည်းကွဲမရှိ သိကြားပြုသို့ သိမ်ပြာသာဒ်တော်ကို ကောဇာသက္ကရာဇ် ၁၂၁၉–ခု၊ တန်ခူးလဆန်း ၁၄–ရက်၊ စနေနေ့ သမုတ်သည်။

ကောဇာသက္ကရာဇ် ၁၂၂၀–ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁–ရက်နေ့ ပရိသတ်မင်းပြင်ရှေ့တွင် ခင်းကျင်းကင်းသောမာန်ဖြင့်လှူဒါန်းကောင်းမှုပြုတော်မူသည်။ သိမ်အတွက် ကုန်ကျငွေ ၅၂၄ရဝိ/–ကျော်ကုန်ကျသည်။ ရဟန်းတော်တို့အားလည်း ပရိက္ခရာရှစ်ပါးစသည်လှူဒါန်းသည်။

မင်္ဂလာနေရုံ တောင်ရွှေဘုံသို့ မြေခုံသန့်ရှင်း အမင်းမင်း၏ ဝပ်စင်းညွတ်ရာ ဆန်းကြွယ်စွာတည့် ရတနာကိုးထွေ မိုးနှယ်စွေသား ညာကြေပုံ့မွေး မန္တလေးဝယ် ဘေးလောင်းမန္ဒတ် စက္ကဝတ်တို့ မြဲမှတ်ဘော်ပြု ရေးထုံးကျဖြင့် ပဌမဘုန်းခေါင် ပြည်ကြီးထောင်၍ မြန့်ဘောင်ဒီပါ စက္ကဝါတအုပ် စိုးမိုးချုပ်က ရှုပ်နတ်အလားထွေပိုးဝါးတိ ငါးပါးကလျာ စုံအင်္ဂါနှင့် စဉ်လာဩတ်ပွတ် မိန်းမမြတ်တို့ ကျင့်ဝတ်သီလ ခါနိစ္စဖြင့် ဒါနအာရုံ အမြဲထုံလျှက် ရွှေဘုံပရမေ မြောက်နန်းနေဟု ကြက်သရေ ဆောင်ဘိ နတ်ဟီရိလျှင် သမ္ဘောဓိဖျား ရုပ်ပွားစွယ်တော် မွေ့လျော်ကိန်းဝပ် လျှပ်နယ်လျှပ်မျှ နတ်ရုပ်ဗိမာန် ဝေဇယန်သို့ ဘန်မှန်ညီးညီး သိမ်တော်ကြီး၏ ဝုံချီးမင်္ဂလာ လှူစဉ်စာကို နာရကာရောင်ချိပ် ရွှေပြားထိပ်ထက် တံဆိပ်ခတ်တင် ဗျာဒိပ်ဆင်သားမင်းတင်စည်သူ ရွေးယူပိုင်းခြား သမိုင်းထားသည် စဉ်လျှားကျောက်စာ မော်ကွန်းတည်း။

ကုန်းဘောင်ဆက်၊ ၃၊ ၂၃၆–၌ "ထိုသက္ကရာဇ် (၁၂၁၈)ဝါဆိုလဆန်း (၅) ရက်နေ့ မြောက်နန်းမိဖုရား "သီရိပဘာရတနာမင်္ဂလာဒေဝီ"က မြို့တော်အရှေ့ပြင် ပြည်တိုက်အတွင်း သိမ်အုတ်ပြသာဒ် ဆောက်လုပ်ပြီးပြေသည်ကို ဆဒ္ဒန်ဆင်မင်း သခင်ဘဝရှင်မင်းတရားကြီးဘုရား၊ အရှင်မိဖုရားခေါင်ကြီးဘုရား ထွက်တော်မူ၍ ဆရာတော် သံဃာတော်တို့အား လှူဒါန်းရန်အဖွယ်အရာများကို ရေစက်သွန်ချ လှူဒါန်းတော်မူပြီးလျှင် အကျဉ်းခံရသော ယောက်ျားမိန်းမလူပေါင်း ငါးဆယ်ကျော်ကို ဘေးမဲ့ပေးတော်မူ၍ ဥပုသ်တော်စောင့် ယောက်ျားမိန်းမတို့ကို ပုဆိုးခေါင်းပေါင်း အင်္ကျီထဘီပုဝါသနားတော်မူပြီးလျှင် ဝင်တော်မူ၏"ဟုလာရှိသည်။ ၎င်းမှာ အရှေ့ပြင်ရွှေဂူတိုက်ကိုရည်၍ဆိုသည်ဟု ထင်မိသည်။[၁]

---

၁။ ဣန္ဒြိယာရာမရွှေဂူတိုက် သာသနာဝင်ကြည့်။

## ကျောင်းတိုက်အတွင်း လူနေအိမ်ခြေ

ကျောင်းတိုက်အတွင်း ကျယ်ဝန်းသောမြေကွက်လပ်၌ လက်ရှိနာယက ဆရာတော် အရှင်ပညာသာရ၏ ခွင့်ပြုချက်အရ လူများအိမ်ဆောက်၍နေထိုင်ကြရာ အိမ်ခြေမှာရာချီ၍ ရှိနေလေပြီ။ ရှေးယခင်က ကျောင်းအဆောက်အအုံတို့ဖြင့် ပြည့်လျှံ ခဲ့သောမင်္ဂလာရာမတိုက်ကြီးသည် ယခုမူ လူနေအိမ်ခြေတို့ဖြင့် ပြည့်နှက်လျှက် ရှိချေပြီ။ သင်္ခါရဓမ္မတို့ကား ဝိပရိဏာမ ဓမ္မမှန်လှပါပေသတည်း။

## သမိုင်းအကျဉ်း

မင်းတုန်းမင်းတရားကြီးသည် မင်းအဖြစ်သို့ရောက်သောအခါတွင် "သုသီရိ ပဘာရတနာမင်္ဂလာဒေဝီ"မြောက်နန်းမတော်မိဖုရားအား ကြိုက်နှစ်သက်ရာ ကုသိုလ်တော် ကောင်းမှုများပြုနိုင်ကြောင်း ခွင့်ပြုမိန့်ကြားသည့်တွင် မြောက်နန်း မိဖုရားကြီးက မိမိဆရာရင်းဖြစ်သော ပြည်ဆရာတော်ဘုရားကြီးအား ကျောင်းတိုက် တည်၍ ကိုးကွယ်လိုကြောင်း သံတော်ဦးတင် လျှောက်ထားချက်အရ မင်းတရားက ကျေနပ် ဝမ်းမြောက်စွာ ခွင့်ပြုကြရာ ငွေတော်များမြောက်စွာ ထုတ်ပေးတော်မူခဲ့ လေသည်။ သို့ဖြစ်၍ မြောက်နန်းမိဖုရားသည် မန္တလေးရွှေမြို့တော်မြောက်ပြင် မန္တလေးတောင်ခြေ သာယာလှသောမြေအပြင်၌ မင်္ဂလာရာမတိုက်ဟုသမုတ်၍ ကျောင်းတိုက်ကြီး တည်ဆောက်စေကာ ကျောင်းရံနှစ်ဆယ်နှင့်တကွ လေးထပ်စ မြင်းခံကျောင်းတော်ကြီးကို ဆောက်လုပ်စေ၍ သက္ကရာဇ် ၁၂၂၀-ပြည့်နှစ် ပတ်ဝန်း ကျင်တွင် "မေဓာဘိဝံသ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရားကြီးအား -

ဣမံ ဘန္တေ မဟာထေရ၊ နာနာအာဝါသမဏ္ဍိတံ။

သာသနဝုဒ္ဓိဘာဝါယ၊ ဝိဟာရံ သမ္ပဋိစ္ဆတု။

ဆရာတော် အရှင်သူမြတ်ဘုရား၊ ဆရာတော်ဘုရားကြီးသည်၊ အထူးထူးသော အရံကျောင်းတို့ဖြင့် တန်ဆာဆင်အပ်သော၊ ဤမင်္ဂလာရာမကျောင်းတိုက်ကြီးကို သာသနာတော်မြတ် တိုးတက်ပွင့်လင်း စည်ပင်ခြင်းအကျိုးငှာ လက်ခံသာယာတော် မူပါဘုရားဟု မြွက်ဆိုလျှောက်ထားကာ လှူဒါန်းခဲ့လေသည်။[၁]

---

၁။ ကုန်းဘောင်ဆက်။ ၃။ ၄၄၉-ကြည့်။

## ပြည်ဆရာတော်ကြီး သီတင်းသုံးပြီ

ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓာဘိဝံသသည် သက္ကရာဇ် ၁၂၀၉–ခုနှစ်၊ နတ်တော်လဆန်း ၅–ရက်နေ့က အခြားဆရာတော် ၅၀၀–ကျော်တို့နှင့်အတူ အမရပူရနန်းမြို့တော်ပြည်တိုက်မှ မန္တလေးနန်းမြို့တော် မင်္ဂလာရာမတိုက်သစ်သို့ ကြွရောက်တော်မူခဲ့ပြီး မင်္ဂလာရာမတိုက်၌ ကျောင်းတော်အလှူမခံရမီ ယာယီကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။ ကျောင်းတော်ကြီးပြီးမှ အလှူခံပြီး ကျောင်းတော်ကြီး၌ ဂန္ထန္တရအဝဝကို နိစ္စမကွေချပို့ကာ သီတင်းသုံးတော်မူခဲ့လေသည်။

■■■

# မေဓာလင်္ကာရသိရိဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု၊ မေဓာလင်္ကာရပရမဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု၊ မေဓာဘိဝံသသဒ္ဓမ္မဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု– အားဖြင့်ဘွဲ့တံဆိပ်တော် ၃–ထပ်ရ ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓာလင်္ကာရ

ပြည်ဆရာတော်ဘုရားကြီးကို အရှင်မေဓာဟူ၍လည်းကောင်း၊ အရှင်မေဓာဝီဟူ၍လည်းကောင်း၊ အရှင်မေဓိယဓဇဟူ၍လည်းကောင်း၊ အရှင်မေဓာဘိဝံသဟူ၍လည်းကောင်း၊ အရှင်မေဓာလင်္ကာရဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။ ဆရာတော်ဘုရားကြီးကား ဝေနေယျများစွာတို့ကို သံသရာမှ ဆွဲထုတ်ကယ်တင်မည့် ဗုဒ္ဓင်္ကုရဘုရားအလောင်း သူတော်ကောင်းကြီး ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

ဆရာတော်သည် ယခင်က ဗဒုံ ယခု မုံရွာခရိုင် အလုံမြို့၏ အထက်တိုက် အဝင်အပါ ဗုလေင်မြို့ ညောင်ကန်ရွာ၌ အဖဦးဖြူ–အမိဒေါ်ညွန့်တို့မှ သက္ကရာဇ် ၁၁၅၀–ပြည့်နှစ်၊ ဝါဆိုလဆန်း ၇–ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာ၏ငယ်မည်မှာ မောင်ကျီးဖြစ်လေသည်။ မောင်ကျီးညိုဟုလည်း ခေါ်ကြ၏။[၁]

## ကျောင်းအပ်ပညာသင် ရှင်သာမဏေပြု

မောင်ကျီးညိုသည် ၉–နှစ်ကျော် ၁၀–နှစ်ခန့်တွင် မိဖတို့က ညောင်ကန်ရွာ ရတနာမဥ္ဇူကျောင်းတိုက် ဦးသာပုံခေါ် ဆရာတော်အရှင်မုနိန္ဒသာရထံတွင် အပ်နှံချက်အရ အရှင်မုနိန္ဒသာရထံတွင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီး၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်ကိုသင်ယူတော်မူခဲ့လေသည်။ သက်တော် ၁၂–နှစ် အရွယ်ရောက်ရှိရာ သက္ကရာဇ် ၁၁၆၂–ခုနှစ်တွင် ဦးသာပုံထံ၌ ရှင်သာမဏေပြု၍

---

၁။ ကြာသပတေးသားဖြစ်လျှက် မောင်ကျီး၊ မောင်ကျီးညို– ဟုမှည့်ခေါ်သည်ကား သတို့သားကိုယ်ဝန်ရှိစဉ် မိခင်၏ကိုယ်ပေါ်၌ ကျီးနားသည်ကိုစွဲ၍ မှည့်ခေါ်ကြောင်းဆိုကြ၏။

သာသနာ့ဝန်ကိုထမ်းဆောင်တော်မူခဲ့လေသည်။ ရှင်သာမဏေဘွဲ့မှာ ရှင်မေဓာဝီ ဖြစ်လေသည်။ ရှင်မေဓာ၊ ရှင်မေဓာလင်္ကာရ၊ ရှင်မေဓိယဇေ– ဟူ၍လည်းခေါ်ဝေါ် ကြကုန်သေးသည်။

## သာမဏေဝတ်နှင့်ကျမ်းဂန်များစွာ သင်ယူခဲ့

ရှင်မေဓာဝီသည် သာမဏေဝတ်နှင့် လိင်၊ ဒဏ်၊ သေခိယ၊ စုဒ္ဒသခန္ဓက ဝတ် စသော သာမဏေကျင့်ဝတ်စာပေများနှင့်တကွ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဒွေမာတိကာ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ စသောနေ့ဝါကျမ်း စာများနှင့်တကွ မာတိကာ၊ ဓာတုကထာ စသောအဘိဓမ္မာညဝါများကိုသင်ယူတတ် မြောက်တော်မူခဲ့လေသည်။

## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

သာမဏေ ၇–ဝါရရှိပြီး သက်တော် ၂၀–တွင် မိဖနှစ်ဦးတို့၏ပစ္စယာနုဂ္ဂဟ ဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။။ ရဟန်းဖြစ်သော် အရှင်မေဓာဘိဝံ သ ဟူ၍လည်းကောင်း၊ အရှင်မေဓာဟူ၍လည်းကောင်း၊ အရှင်မေဓာလင်္ကာရဟူ၍ လည်းကောင်း၊ အရှင်မေဓိယဇေဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။ အရှင်မေဓာ လင်္ကာရသည် ရဟန်းဖြစ်ပြီးနောက်၌လည်း မိမိ၏ဥပဇ္ဈာယ်ဆရာရင်းဖြစ်သော ဦးသာပုံခေါ် အရှင်မုနိန္ဒသာရထံတွင် သင်ရိုးပိဋကတ်ကျမ်းအချို့ကို ဆက်လက်၍ သင်ကြားတော်မူခဲ့လေသည်။

## အုတ်ကျောင်းဆရာတော် အရှင်ပုညရံသီထံ ပညာသင်ကြားခြင်း

ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော အရှင်မုနိန္ဒာသာရထံ၌ ကျမ်းဂန်များကိုသင် ယူပြီးသော်လည်း တင်းတိမ်အားရသေးခြင်း မရှိရကား ရတနာပူရအင်းဝနေပြည် တော်သို့ ကြွတော်မူ၍ လူမည်ဦးပိုး–ဟုထင်ရှားသော ''ပုညာဘိသိရိသဒ္ဓမ္မဇေ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ပဌမအုတ်ကျောင်းဆရာတော် ဘုရား ကြီး အရှင်ပုညရံသီထံတော်၌ ပိဋကတ်ကျမ်းဂန်များကို ဆက်လက်၍ သင်ယူတော် မူခဲ့လေသည်။

## သဲအင်းသာသနာပိုင်ထံ ဆက်လက်ပညာသင်ကြားခြင်း

တဖန်ဆရာတော်အရှင်ပုညရံသီထံမှ သဲအင်းတိုက်သို့ပြောင်းရွှေ့ကာ "စာတတ်ငါးခုန် စာကုန်မန်ကျည်းတော၊ စာပြောသဲအင်း"ဟူသော ဆောင်ပုဒ်အရ စာပေပိဋကတ် အဓိပ္ပါယ်ပြော၍ ချပို့ရာ၌ လွန်စွာမှ ကျော်ကြားလှသော "သူရိယ ဝံသာဘိသိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍ စာပေကျမ်းဂန် အရပ်အရပ်ကို အချောသတ် သင်ယူတော်မူခဲ့လေသည်။

ယင်းသို့ဖြင့် စာပေအရာလိမ္မာကျွမ်းကျင်သော ဆရာတော်အရှင်မုနိန္ဒသာရ၊ ဆရာတော်အရှင်ပုညရံသီ၊ ဆရာတော် အရှင်သူရိယဟူသော ဆရာတော် ၃-ပါးတို့၏အထံ၌ သင်ယူခဲ့ရာ စာပေလွန်စွာကျွမ်းကျင်တတ်မြောက်ခဲ့လေသည်။

တိဏ္ဏမ္ပိ ထိရသီလီနံ၊ မေဓာဝီ မေဓနန္ဒနော။
သိက္ခိတွာန နိကာယေသု၊ ဆေကော ဝိသာရဒေါ အဟု။

## ပြည်မင်းသား စာသင်ပေး

အရှင်မေဓာလင်္ကာရသည် သဲအင်းဆရာတော်ဘုရားကြီးထံ၌ သီတင်းသုံးစဉ် စာပေကျမ်းဂန်များကိုလည်းချပို့ရာ ကျော်ကြားလာလေပြီ၊ ကျော်ကြားလာသည်နှင့်အမျှ မှူးကြီးမတ်ရာစသည့်ပုဂ္ဂိုလ်များသည်လည်း ရံဖန်ရံခါ ဆရာတော်ထံချဉ်းကပ်ရောက်ရှိကာ စာပေရေးရာဆွေးနွေးမေးလျှောက်ကြကုန်၏။ ဘကြီးတော်ဖာလ်နန်းရှင်၏ညီတော်အိမ်ရှေ့ဥပရာဇာဖြစ်သော သာယာဝတီမင်းသားလည်း ရံဖန်ရံခါ ဆရာတော်အရှင်မေဓာလင်္ကာရထံရောက်ရှိ၍ သာသနာရေးရာများကို ဆွေးနွေးမေးလျှောက်ခဲ့လေသည်။ သားတော်ပြည်မြို့စား "မဟာသီဟသူရဓမ္မရာဇာ"ဘွဲ့မည်ခံမောင်ဘေပုကိုလည်း ပညာသင်ပေးရန် အပ်နှံသဖြင့် ပညာသင်ပေးခဲ့တော်မူလေသည်။

## ညောင်ကန်ပြန် စာပေချပို့

ဆရာတော်သည် သဲအင်းတိုက်၌ ပညာသင်ကြားပို့ချခဲ့ပြီး ဝါတော် ၂၀-ကျော်တွင် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ညောင်ကန်ရွာသို့ပြန်ကြွတော်မူ၍ မိမိ၏ဥပဇ္ဈာယ်ဆရာရင်း သီတင်းသုံးတော်မူရာ ရတနာမဥ္ဇူကျောင်းတိုက်၌ သံဃာတော်များစွာတို့အား နေ့ဝါညဝါကျမ်းစာများကို ချပို့သာသနာပြုတော်မူခဲ့လေသည်။

## ဒေါ်သဲ၏ကျောင်း အလှူခံ

ယင်းသို့ ညောင်ကန်ရွာ၌ စာပေချပို့တော်မူ၍ သီတင်းသုံးစဉ် သက္ကရာဇ် ၁၁၉၀-ခုနှစ်တွင် ပဌမသံဂါယနာတင်မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းမိဖုရားဖြစ်လတံ့သော ဒေါ်သဲက ကွန်းသုံးဆင့်၊ စမြင်ခံအမိုးဘုံလေးထပ်ရှိ ကျောင်းကြီး ဆောက်လုပ်လှူဒါန်းသည်ကို အလှူခံတော်မူခဲ့လေသည်။

## အမရပူရမြို့တော်သို့

ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက်၌ စာပေပို့ချ၍ သီတင်းသုံးတော်မူစဉ် သက်တော် ၃၁-ဝါရရှိရာ သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် အမရပူရဒုတိယမြို့တည်နန်းတည် သာယာဝတီမင်းတရား၏ ပင့်လျှောက်ချက်အရ အမရပူရနန်းမြို့တော်သို့ ကြွရောက်တော်မူခဲ့လေသည်။

## ပြည်မင်းသားက ကျောင်းဆောက်ကိုးကွယ်

နေပြည်တော်သို့ရောက်တော်မူလျှင် သာယာဝတီမင်းတရား၏ သားတော်အကြီး ''မဟာသိရိသီဟသူရ''ဘွဲ့ခံ ပြည်မြို့စားမင်းသား မောင်ဘေပုက အမရပူရမြို့အရှေ့တောင်ယွန်းအရပ်၌ တိုက်တာအသစ်တည်ဆောက်၍ ဝါဆိုရွှေကျောင်းဆောက်လုပ်၍ ကိုးကွယ်တင်လှူသည်ကို အလှူခံတော်မူကာ သီတင်းသုံးတော်မူ၍ သံဃာတော်များစွာတို့အား စာပေပို့ချ သာသနာချီးမြှောက်တော်မူခဲ့လေသည်။

## ပြည်ဆရာတော်ဟု ကျော်ကြားခြင်း

ယင်းသို့ ပြည်မင်းသားဆောက်လုပ်လှူဒါန်းသည့် ပြည်တိုက်၌ကြာမြင့်စွာ သီတင်းသုံး၍စာပေပို့ချတော်မူသဖြင့် ပြည်ဆရာတော်ဟု ယခုတိုင်သာသနာတွင် လွန်စွာကျော်ကြားလေသည်။

---သုနာပရန် တိုင်းရပ်မှန်သည့် ရဋ္ဌရ ဘူသေဌဝယ် မဂဓသဘော ဗောဓောဒမိ ပါဠိနက်ပြန် ရွာညောင်ကန်၌ ပဋိသန်ဇာတ် ဖွားမြင်လတ်သည့် စာတတ်အကျော် ဆရာတော်တို့ တေဇော်ဘုန်းရောင် နေနှုန်းပြောင်သည့် ကုန်းဘောင်မင်းဖျား လောင်းဘုရားမှ ဆင့်ပွားညွှန့်ညောင့် ရှစ်ဆက်မြောက်သည့် ရှေ့မှောက်

ဘုရင် ရွှေနန်းရှင်၏ ရွှေရင်တော်ဖွား ပြည်မင်းသားက ဘုရားတဆူ တလုံးဂူသို့ ကြည်ဖြူဆက်သွယ် စကိုးကွယ်၏။[၁]

## ပြည်တိုက်သံဃာ ၈၀၀–ခန့်

အရှင်မေဓာလင်္ကာရ ပြည်ဆရာတော်ဘုရားကြီး အမရပူရမြို့ ပြည်တိုက်ကြီးကို အလှူခံ၍ စာပေချပို့တော်မူစဉ် ပြည်တိုက်၌ သံဃာတော် ၈၀၀–ခန့် သီတင်းသုံးလျှက်ရှိကြောင်း သိရ၏။ နေရာထိုင်ခင်းနှင့်မမျှ သံဃာတော်ကများ နေသည်။ စာသင်သား ရဟန်းသာမဏေတစ်ပါးလျှင် သင်ဖြူးတစ်ချပ်စာ နေရာ ရရန် ပင်ခဲယဉ်းသည်ဟု အဆိုရှိ၏။

## စာပေဆွေးနွေးကြ ဆရာတော်က အဆုံးအဖြတ်ပေး

ညအချိန်ရောက်လျှင် ရဟန်း၊ သာမဏေတို့မှာ ယေဘုယျအားဖြင့် စာပေ စကားပြောကြ၊ ဆွေးနွေးကြကုန်၏။ သဒ္ဒါဝါသနာပါသည့် ပုဂ္ဂိုလ်တို့တစ်စုပေါင်း၍ သဒ္ဒါစကားပြောဆိုဆွေးနွေးကြကုန်၏။ အဘိဓမ္မာဝါသနာထုံသူတို့က အဘိဓမ္မာ စကားပြောဆိုဆွေးနွေးကြကုန်၏။ ဝိနည်းပိုမိုစိတ်ဝင်စားသူတို့က ဝိနည်းစကားပြော ဆိုဆွေးနွေးကြကုန်၏။ အချင်းချင်းဆွေးနွေး၍ မပြတ်လျှင် ဆရာတော်ဘုရားကြီး ထံမှောက်ရောက်ကြကုန်၏။ ဆရာတော်ဘုရားကြီးက နောက်ဆုံးရှင်းလင်းအဖြေ ပေးလိုက်လျှင် ရဟန်း၊ သာမဏေတို့ များစွာပျော်ရွှင်ကြကုန်၏။

ဤသို့ဖြင့် ပြည်တိုက်သည် ဆရာတော်အရှင်မေဓာလင်္ကာရ၏စွမ်းရည် ကြောင့် သီဟိုဠ်ကျွန်းအနုရာဓမြို့၌ရှိခဲ့ဘူးသော မဟာဝိဟာရကျောင်းတိုက်၊ ရောဟဏဇနပုဒ်၌ရှိခဲ့ဘူးသော "တိဿမဟာရာမကျောင်းတိုက်"၊ ပုလတ္ထိမြို့၌ရှိခဲ့ဘူးသော ဇေတဝန်ကျောင်းတိုက်ကြီးတို့ကဲ့သို့ စည်ပင်ပွင့်တိုးတက်ခဲ့လေသည်။

ထေရဿ အာနုဘာဝေန၊ အာရာမော ပြည်ဝှယော မဟာ။
သမဇာယိ သုဝိရုဠှီ၊ အာရာမာ သီဟဠေ ယထာ။

---

၁။ ပြည်ဆရာတော်၏ ဋီကာကျော်နိဿယ ပုံနှိပ်ခြင်းနိဂုံးသံပိုင်းမှ။

## စာပေချပို့၊ အလှူခံလိုက်၊ ပစ္စည်းများလှူ

ဆရာတော်သည် ပရိတ်ရွတ်ဆွမ်းစဉ်မလိုက်ပဲ စာပေချပို့ရေးဝါဒကို တော်လှန်တော်မူခဲ့လေသည်။ ဒကာ၊ ဒကာမတို့အပေါ် များစွာကရုဏာသက်သဖြင့် စာပေမှုကိုလည်း များစွာဂရုပြုကြိုးပမ်းတော်မူခဲ့လေသည်။ ပရိတ်ရွတ်ဆွမ်းစဉ် စသည့်သာရေး၊နာမှုကိစ္စများကိုလည်း လိုက်ကြွတော်မူ၍ အလှူခံတော်မူသည်။ ထိုက်သင့်သောတရားဒေသနာကို ဒကာ၊ဒကာမတို့အား ဟောကြားတော်မူလေ့ရှိသည်။ အလှူအဒါန်းမှရရှိသည့် ပစ္စည်းဝတ္ထု၊ ပဒေသာပင်စသည်တို့ကို ကျောင်းရောက်လျှင် သံဃာတော်များအား စာရေးတံမဲချ၍ လှူဒါန်းတော်မူလေ့ရှိတော်မူ၏။

## စာအံသူကို များစွာချီးမြှောက်

ပြည်ဆရာတော်ဘုရားကြီးအား မိမိကိုယ်တိုင် စာပေ၌ များစွာလေ့ကျက်သူဖြစ်သည့်အလျောက် စာပေကြိုးစားသော ရဟန်းသာမဏေများကိုလည်း များစွာချီးမြှောက်တော်မူလေ့ရှိလေသည်။ စာဆိုတပည့်တို့အား သင်္ကန်း၊ ထီး၊ ဖိနပ် စသည်တို့ကို ပေးလှူလေ့ရှိတော်မူသည့်ပြင် ညအခါနောက်ဆုံးအချိန်ထိ စာပြန်သောရဟန်း၊သာမဏေတို့အား သင်္ကန်း စသည်တို့ကိုလည်း လှူဒါန်းလေ့ရှိတော်မူသည်။

နေကဂန္ထေသု ဥယျုတ္တော၊ သယံ နိဇသိသေသုပိ။
နုဂ္ဂဟေသိ ပစ္စယေဟိ၊ အနေကေဟိ အနေကဓာ။

## မြှောက်နန်းမိဖုရား

ဘဝရှင်မင်းတရားကြီးသည် မင်းကေရာဇ်မဖြစ်မီ မင်းတုန်းမြို့စားအဖြစ်ဖြင့် ညောင်ကန်ရွာ ဦးပုသမီးမသဲကို မြတ်နိုးတော်မူသဖြင့် စုလျားရစ်ပတ် လက်ထပ်သိမ်းပိုက်တော်မူခဲ့လေသည်။ မသဲကား ငယ်စဉ်ကပြည်ဆရာတော်လောင်းလျာ အရှင်မေဓာလင်္ကာရထံ၌ စာပေသင်ကြားခဲ့သတတ်။ အရှင်မေဓာလင်္ကာရသည် ဤသတို့သမီးဟာ မိဖုရားဖြစ်လိမ့်မည်ဟု ဗေဒင်ဟောခဲ့သည်ဟု ကြားဘူး၏။

မင်းတုန်းမြို့စား ညောင်ကန်ရောက်စဉ်ကပင် စတင်၍ အဆက်အသွယ်ဖြစ်ခဲ့သည်။မကြာခဏဆိုသလို မင်းတုန်းမင်းမြို့စားသည် ညောင်ကန်ရွာ မသဲထံသို့ လာရောက်တတ်၏။ တခါတော့ မင်းတုန်းမင်းမြို့စား မရောက်လာပဲ အတန်ကြာရှိ

ခဲ့၍ မသဲသည် အောက်ပါတေးထပ်ကိုရေးစပ်၍ မင်းတုန်းမင်းမြို့စားထံ ပေးခဲ့လေသည်။

မြမျက်ရည်စမ်းတွေ့တွေ့၊
လွမ်းကြွေ့ကြွေ့ရစ်လည်၊
ချမ်မြေ့မြေ့မြစ်မဟီလို၊
နှစ်အရှည်တည်ဖို့။
ရဝေနပွေဒ့စောင်ကို၊
သေလုအောင်လွမ်းရတာမို့။ ။
မြင်လှည့်ပ ခေါ်လိုက်ချင်တယ်၊
အော်ရိုက်ငင်တွင်ဆို့၊
ခင်လေးဖြူမို့မို့နှင့်၊
ငိုလို့ပနေ့စဉ်။
ပွေအဇ္ဈော အထက်လမ်းဆီက၊
ငှက်စခန်းဝဲကွန့်လိုက်ချင်။
မရှက်တန်း ဖဲညွန့်သင်မှာ၊
တွဲဒွန်ယှဉ်တုစက်လို့။
မြူမကွက်သစ္စာဆို၊
သုံးစို့နှစ်ကိုယ်၊
နီးပါးမှပြုံးချိုချိုရယ်၊
မုန်းညိုတော်မူစမ်းခဲ့လေး။

ဖော်ပြပါတေးထပ်ကိုရရှိသောအခါ မင်းတုန်းမင်းမြို့စားသည် ညောင်ကန်ရွာသို့ရောက်ရှိ၍ ချစ်ပနက် ခိုင်ခိုင်ရိုက်ခဲ့လေသည်။ မင်းတုန်းမင်းမြို့စားသည် ညောင်ကန်သူမသဲအား လွန်စွာချစ်မြတ်နိုးတော်မူသည်။ နောက် မင်းကေရာဇ်ဖြစ်သောအခါတွင် မြောက်နန်းမိဖုရားအဖြစ် မြှောက်စားတော်မူသည်။

## မင်းတရား အလိုမပြည့်ခဲ့

မင်းတရားသည် ညောင်ကန်သူ အိမ်တော်ပါ မသဲကို အဘိသိက်ခံ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအဖြစ် မချီးမြှောက်ရသဖြင့် အလိုမပြည့်ရှာခဲ့ပေ။ မင်းဆွေမင်းမျိုးမဟုတ်သဖြင့် မမြှောက်ရခြင်းဖြစ်လေသည်။

## မင်းတရားက နှစ်သိမ့်စေပုံ

မမသဲရာ ''မမသဲအား မဟောသီမိဖုရားခေါင်ကြီး မမြှောက်ရခြင်းအတွက် မောင်တော်မှာ အလိုမပြည့်ပါ။ အခြေအနေအရမမြှောက်ခြင်းဖြစ်ရာ မမသဲကျေနပ်ပါ။ မမသဲလုပ်ချင်ဒါကိုသာ မောင်တော်အားသိစေပါ။ မောင်တော်က အားလုံးလိုက်လျောပါမည်ဟု မိန့်တော်မူလေသည်။

## ပြည်ဆရာတော်အား ကျောင်းတိုက်ကိုးကွယ်ချင်

မောင်တော်ရာ--- နှမတော်က အဂ္ဂမဟေသီမိဖုရားခေါင်ကြီးလဲ မလုပ်ချင်ပါဘူး။ နှမတော်က မိမိပမာဏကိုသိတတ်သူပါတည်း။ နှမတော်အား အဂ္ဂမဟေသီမမြှောက်ရခြင်းအတွက် မောင်တော်စိတ်စက် မကြည်သာမရှိပါလင့်။ နှမတော်မှာ ကျေးဇူးရှင်ရင်း ပြည်ဆရာတော်ဦးကျီးရှိပါတယ်။ အဲဒီပြည်ဆရာတော်ဦးကျီးကို ကျောင်းတိုက်တည်၍ ကိုးကွယ်လိုပါသည်။ မောင်တော်ခွင့်ပြုတော်မူပါဟု သံတော်ဦးတင်လေသည်။ ထိုအခါ ဘဝရှင်မင်းတရားကြီးက အလိုရှိတိုင်းပြုနိုင်ပါသည်။ ကျောင်းတိုက်တစ်တိုက်မက ၂-တိုက်တည်ကိုးကွယ်ဖျားဟု မိန့်တော်မူလေသည်။

## ပြည်ဆရာတော်ဘုရားကြီး မန္တလေးမြို့သို့ကြွရောက်သီတင်းသုံး

မြောက်နန်းမိဖုရားသည် မင်းတရား၏ခွင့်ပြုချက်ရယူ၍ မြို့သစ်တည်တော့မည်ဖြစ်သော မန္တလေးနန်းမြို့တော်၏အရှေ့မြောက်ယွန်း တောင်တော်၏နောက်ဖက်ခြေရင်း တင့်တယ်သာယာသောမြေအပြင်၌ ကျောင်းတိုက်ရာသတ်မှတ်၍ ရှင်း လင်းသုတ်သင်စေပြီး ယာယီကျောင်းတော် ဆောက်လုပ်စေခဲ့လေသည်။

သက္ကရာဇ် ၁၂၁၉-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်နေ့တွင် သာသနာပြုဆရာတော်၊ တံဆိပ်တော်ရ,မရဆရာတော် ၅၀၀-ကျော်တို့သည် မန္တလေးမြို့သစ်သို့ ရွှေပြောင်းတော်မူ၍ မိမိတို့ဆိုင်ရာယာယီကျောင်းများ၌ သီတင်းသုံးတော်မူကြကုန်၏။ ပြည်ဆရာတော်ဘုရားကြီးသည်လည်း အခြားဆရာတော်များနည်းတူ မန္တလေးနန်းမြို့တော်သို့ ကြွတော်မူ၍ ကြိုတင်ဆောက်လုပ်အပ်သော မဏ္ဍလာရာမတိုက်ယာယီကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။

## အုတ်လှေကားဆယ်စင်းတပ် ရွှေကျောင်းကြီး အလှူခံရပြီ

သက္ကရာဇ် ၁၂၂၀–ပြည့်နှစ်တွင် မြောက်နန်းမိဖုရား "သုသီရိပဘာရတနာ မင်္ဂလာဒေဝီ"သည် လေးထပ်စမြင်ခံမာရာဘင်ဆီး ဦးကင်ရာဇပလ္လင်နှင့်တကွ အုတ်လှေကားဆယ်စင်းတပ်ကျောင်းကြီးကို ကျောင်းရံ ၂၀–နှင့်တကွ ကုသိုလ်တော်ပွား ဆောက်လုပ်စေ၍ ၁၂၂၃–ခုနှစ်တွင် မင်းမြတ်နှင့်အတူ မိမိ၏ဆရာရင်းဖြစ်သော ပြည်ဆရာတော်ဘုရား အရှင်မေဓာလင်္ကာရအား တင်လှူခဲ့လေသည်။

ယင်းကိုရည်၍–

ကြီးကျယ်မန္တလာ မြို့ဌာနဝယ် ပဉ္စမသံဂါယနာသဘင် မင်းပွဲယင်သည့် ဘုရင်ဘုန်းရှိ ဘူပတိ၏ မိဖုရားမြတ် မြောက်နန်းနတ်လည်း အဝတ္တာဘုံ ဇာတိမြို့ သည့် ဇေယျာအောင်ခန်း နိဗ္ဗာန်နန်းကို ရည်မှန်းပြီးကာ စေတနာဖြင့် မဏ္ဍလာရာမ ဝိဟာရဟု နာမသမိုက် ကျောင်းတိုက်တော်ကို ဆောက်စိုက်တဖန် တင်လှူပြန်ရှင်။ ဟုစပ်ဆိုခဲ့ကြကုန်၏။[၁]

## ကျောင်းတိုက်နာမည် သုံးမျိုး

ပြည်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မန္တလေးတောင်ခြေရှိ ကျောင်းတိုက်ကြီးသည်–

၁။ မဏ္ဍလာရာမ– ဟူသောနာမည်

၂။ မန္တလာရာမ– ဟူသောနာမည်

၃။ ပြည်တိုက်– ဟူသောနာမည်သုံးမျိုးတို့ဖြင့် သာသနာတော်တွင် ထင်ရှားခဲ့ လေသည်။

## သာသနာစည်ပင်အောင် ဆောင်ရွက်ခြင်း

ဆရာတော်ဘုရားကြီးသည် မြောက်နန်းမိဖုရားကြီး၏ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ မြောက်နန်းမိဖုရား၏ ပို့လှူသည့်ဆွမ်းကိုဘုဉ်းပေးတော်မူကာ များမြောက်စွာသော တပည့်တပန်းရဟန်းသာမဏေတို့အား နေ့ဝါ၊ ညဝါကျမ်းစာ အမျိုးမျိုးတို့ကို ချပို့တော်မူပြီး စာထီးမြတ်စွာသာသနာတော်ကို လွန်စွာစည်ကား အောင်ဆောင်ရွက်ပြုလုပ်တော်မူခဲ့လေသည်။

---

၁။ ဋီကာကျော်နိဿယ– ပုံနှိပ်ခြင်းနိဂုံး။

## သာသနာပြု သုဓမ္မာဝင်

ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ဆရာတော်အရှင်ဥေယျကို "ဥေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရီဓဇမဟာဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်အပ်နှင်း၍ သာသနာပိုင်ခန့်အပ်၍ သာသနာတော်ကိုသုတ်သင်တော်မူရာ သာသနာပိုင်ဆရာတော်အားကူညီ၍ သာသနာ့ရေးရာကိစ္စ လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ရန် သုဓမ္မာဝင်ဆရာတော်ကြီးရှစ်ပါးကို ရွေးကောက်တင်မြှောက်တော်မူခဲ့လေသည်။ ယင်းသုဓမ္မာဆရာတော်ရှစ်ပါးတွင် ပြည်ဆရာတော်ဘုရားကြီးသည် ပါဝင်တော်မူ၍ သာသနာရေးရာများကို ဆောင်ရွက်တော်မူခဲ့လေသည်။

## သုဓမ္မာဆရာတော် ရှစ်ပါး

မင်းတုန်းမင်းကြီး ပဌမခန့်အပ်သော သုဓမ္မာဆရာတော်ရှစ်ပါးတို့မှာ–

၁။ "မေဓာလင်္ကာရသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ (မေဓာဘိသိရီပဝရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု)"ဘွဲ့တံဆိပ်တော်ရ မန္တလာရာမတိုက် ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓာလင်္ကာရ။

၂။ "သုဇာတာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှေ့မဏ္ဍရာတိုက် မဏ္ဍရာဆရာတော်ဘုရားကြီး အရှင်သုဇာတ။

၃။ "ပညာသာမိ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိ။

၄။ "ဥေယျာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ သက်ပန်းတိုက် သက်ပန်းဆရာတော်ဘုရားကြီး အရှင်ဥေယျ။

၅။ "ကလျာဏာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စလင်းတိုက် စလင်းဆရာတော်ဘုရားကြီး အရှင်ကလျာဏ။

၆။ "သုဒဿနဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စံကျောင်းတိုက် စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿန။

၇။ "အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှေ့သင်္ဂဇာတိုက် ဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မ။

၈။ "နန္ဒာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာဝိသုတာရာမတိုက် ပခန်းဆရာတော်ဘုရားကြီး အရှင်နန္ဒတို့ဖြစ်ကုန်၏။

## စံကျောင်းတိုက် ရတနာဘုံစံကျောင်းတော် တင်လှူခြင်းခံရခြင်း

၁၂၂၄–ခုနှစ်၊ တပေါင်းလတွင် မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်၌ သီတင်းသုံးတော်မူသော ''စန္ဒိမာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်စန္ဒိမာ ပျံလွန်တော်မူသဖြင့် မဟာဇောတိကာရာမတိုက်၌ မင်းအကိုးကွယ်ခံ မင်းဆရာအကြီးအကဲ လစ်လပ်လျက်ရှိရာ သက္ကရာဇ် ၁၂၂၅–ခုနှစ်၊ တန်ဆောင်မုန်းလတွင် ပြည်ဆရာတော်ဘုရားကြီးသည် မဟာဇောတိကာရာမစံကျောင်းတိုက် ရတနာဘုံစံကျောင်းတော်ကြီးကို တင်လှူကိုးကွယ်ခြင်းကို ခံယူတော်မူခဲ့ရလေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ပြည်ဆရာတော်ဘုရားကြီးသည် ပါဠိနိဿယအရကောက်အားဖြင့် ကျမ်းပေါင်းများစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ကစ္စာယနသာရနိဿယ
၂။ ကစ္စာယနသာရ သရူပတ္ထဒီပနီ(ကစ္စာယနသာရ အရကောက်)
၃။ သမ္ဗန္ဓစိန္တာနိဿယသစ်
၄။ သဒ္ဒတ္ထဘေဒစိန္တာနိဿယသစ်
၅။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ
၆။ သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ
၇။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ
၈။ ဓာတုမာလာပါဌ်
၉။ ဓာတုမာလာပါဌ်နိဿယ
၁၀။ ဋီကာကျော်နိဿယ
၁၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယ
၁၂။ ခန္ဓဝိဘာဝနီဋီကာပါဌ်
၁၃။ အဋ္ဌသာလိနီအဋ္ဌကထာနိဿယသစ်
၁၄။ ပါဠ္ဌဇာတ်ပါဠိတော်နိဿယသစ်
၁၅။ ဥပါသကဝိနိစ္ဆယကျမ်း
၁၆။ ပါရာဇိကဏ်ဂဏ္ဌိသစ်ကျမ်း စသည်တို့ဖြစ်ကုန်၏။

## ကစ္စာယနသာရနိဿယကျမ်း

ပြည်ဆရာတော်ဘုရားကြီးသည် ကစ္စာယနသာရသဒ္ဒါငယ်နိဿယကျမ်းကို လည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းနိဿယကို ရေးသားတော်မူရာ ကစ္စာယနသာရဋီကာအစောင်စောင်ကိုပါ ချဉ်းနင်းကြည့်ရှု၍ ရေးသားတော်မူခဲ့ရာ နိဿယကောင်းတဆူဖြစ်လေသည်။ ကျမ်းဦး၌–

သိဒ္ဓံ သိဃံ သမာရဒ္ဓံ၊ နမော ဗုဒ္ဓါယ သာဒရံ။
ဇိနစက္ကံ စိရံ ဌာတံ၊ ဣဒ္ဓံ ဇိတံ သုနိမ္မလံ။
သဗ္ဗော သွခလိတဗ္ဗေဒံ၊ ပရပ္ပဝါဒမဒ္ဒနံ။
ပါရဂုံ သဒ္ဒဘေဒါနံ၊ သာရဒဿိံ နမေ ဇိနံ။

ဟူသော ၂–ဂါထာဖြင့် ဗုဒ္ဓပဏာမပြု၍ ရေးသားတော်မူခဲ့သည်။ ဆရာတော်ဘုရား ကြီးသည် ပဌမဂါထာကို အနက်မပေးပဲ ဒုတိယဂါထာကိုသာ အောက်ပါအတိုင်း အနက်ပေးတော်မူခဲ့သည်။

သဗ္ဗော သု၊ သိမ်မွေ့စွာသော သဗ္ဗာ ပစ္စယာကာရ–စသော တရားတို့၌။ အခလိတဗ္ဗေဒံ၊ ဝဇိရစိန် ချိန်၍လွှတ်သို့ ချွတ်သည်မရှိ ထိုးထွင်း၍သိနိုင်ထ သော။ ပရပ္ပဝါဒမဒ္ဒနံ၊ သူတစ်ပါးတို့၏အထွေထွေသော မိစ္ဆာအယူကို လွှယ်ကူနှိမ် နင်းတော်မူနိုင်ထသော။ သဒ္ဒဘေဒါနံ၊ သဒ္ဒါအထူးအပြားတို့၏။ ပါရဂုံ၊ ကမ်း တစ်ဖက်သို့ ရောက်တော်မူထသော။ သာရဒဿိံ၊ အနှစ်ကိုမြင်လေ့ရှိထသော။ ဇိနံ၊ မြတ်စွာဘုရားကို။ နမေ၊ ရှိခိုးပါ၏။

ဖော်ပြပါ ဂါထာအနက်ဖြင့်ပင် ဆရာတော်မည်မျှထိမိအောင် သမ္ဗန်နိုင် ကြောင်း အနက်ဉာဏ်ကြီးကြောင်း သိရှိနိုင်ပေသည်။

## ဆရာတော်၏ အမျှဝေစာတမ်း

ကစ္စာယနသာရနိဿယကို ကြိုးပမ်း၍အပြီး ဆရာတော်ဘုရားကြီးသည် အမိ၊ အဖ၊ ဆရာသမား၊ ရေမြေရှင်မင်းတရား၊ ၃၁–ဘုံသား၊ မိဖုရားမောင်းမမိဿံ စသည်တို့အား အောက်ပါကေပိုဒ်လင်္ကာဖြင့် ကုသိုလ်အဖို့ ပေးဝေတော်မူခဲ့လေ သည်။

ဤသို့လျှင် ကြည်လင်စေတနာ မဟာကုသလ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဇော အာရုံပြောလျှက် နှစ်သက်ဝမ်းသာ သဒ္ဒါလုလု ကျွန်ုပ်ပြုသား ကောင်းမှုက သိုလ်အဖို့ကိုလျှင် မိခင်ဖခင် ဂုဏ်အင်မြတ်စွာ ဆရာသမား ဘိုးဘွားမျိုးဆွေ

ရေမြွေသခင် ဘဝရှင်နှင့် ဉာတင်နန်းမ ဥပရဇ္ဇ မိဿံမောင်းမ ယင်းမှတပါး သားတော် သမီး မှူးကြီးမတ်ရာ သေနာပတိ မည်ရှိတခြား ပုဏ္ဏားပုဏ္ဏေး သူဌေး သူကြွယ် ရောင်းဝယ်ဖောက်ကား ကုန်သည်များနှင့် ခစားသူ့မှာ စေပါကုန်းကွ သူတို့မျှက စသည်တလုစ် ဆွဲတစ်ကာမ ရှုပဆွဲခြောက် တထောက်လေးဝ အရှုပဟူ ထိုမျှပြောပုံ လုံးစုံကြွင်းမဲ့ သုံးဆွဲတစ်ဘုံ ကျင်လည်ကုန်သော ဉဿုံများထွေ သဗ္ဗေ သတ္တာ သတ္တဝါအား ငါလျှင်ဖြန့်ချိ ပတ္တိဒါန ပေးဝေသည့် အမျှရသည်ဖြစ်စေ သော်''။

ဤသည်လျှင် အမျှဝေစာတမ်းဖြစ်လေသည်။ ယင်းနိဿယကို ၁၂၆၂– ခုနှစ်က မန္တလေးဇမ္ဗူ့မျက်မှန် ပုံနှိပ်တိုက်၌လည်း ရိုက်နှိပ်ခဲ့လေသည်။

## ကစ္စာယနသရူပတ္ထဒီပနီ

ကစ္စာယနသာရနိဿယရေးသားတော်မူပြီး သာသနာတော်နှစ်ငါးထောင် တည်ရန်နှင့်စာသင်ပျိုနုတို့ လျှို့ဝှက်နက်နဲခက်ခဲသော သဒ္ဒနယ၊ အတ္ထနယကိုရ၍ ဉာဏ်အစီးအပွားရရန်ရည်တော်မူ၍ ကစ္စာယနသာရကျမ်းကြီး၏ သရုပ်အဓိပ္ပါယ်ကို ပြရာပြကြောင်းဖြစ်သော ကစ္စာယနသရူပတ္ထဒီပနီကျမ်းကိုလည်း ရေးသားစီရင်တော် မူခဲ့လေသည်။ ယင်းကျမ်းမှာ ဘကြီးတော်ဖလ်နန်းရှင်နန်းကျ၍ သာယာဝတီကုန်း ဘောင်မင်းနန်းတက်ရာနှစ်ဖြစ်သည့် ၁၁၉၆–ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇–ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။

ဆရာတော်ဘုရားကြီး၏ နိဿယစကားလုံးများမှာလည်း လွန်စွာပြောင် မြောက်သည်။ အဓိပ္ပါယ်သဘောသကန် မိန့်မြွက်ဖော်ပြဟန်တို့မှာလည်း နားထွင်း ပစ်သွင်းသကဲ့သို့ရှိအောင် ရေးသားဖော်ပြတော်မူခဲ့သည်။ လင်္ကာကဗျာလည်း ချော ညက်၏။ ကစ္စာယနသာရပါဌ် အာသီသပုဗ္ဗက ဂန္ထာရမ္ဘဖြစ်သော–

မုနိန္ဒက္ကောတမံ မောဟာ၊ ဟန္တွာ ဗောဓေသိ ပင်္ကဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ သော သမ္ဗာလေတု မံ ဇိနော။

ဟူသောဂါထာကို–

''ထွန်းလင်းလျှံပြောင် တရားရောင်ဖြင့် မိုက်မှောင်မြေးကာ အဝိဇ္ဇာကို ပယ်ခွါပစ်နှုတ် ကမုဒ်အတူ ကျွတ်ထိုက်သူကို လေးဆူသစ္စာ မှန်အာရွှန်းတင့် ပွင့်စေဖားဖား ငါးပါးမာရ်အောင် ဘုန်းရောင်လွှမ်းကား ဘုရားဟူသည် ရောင်ဖြူ ပဝင်း ရှင်နေမင်းသည် ဝပ်စင်းခယ ကြည်ဆွအသင့် သခင့်ကိုသာ ကိုးကွယ်ပါ၏

စာသစ်ပြုလို အကျွန်ုပ်ကိုလျှင် စာဆိုပြီးလွယ် အန္တရာယ်ကို ဖျောက်ပယ်မတော် မူစေသော်''ဟူ၍ လေးလုံးပိုဒ်လင်္ကာ စပ်ဆိုတော်မူခဲ့လေသည်။

ဤကစ္စာယနသာရသရူပတ္ထဒီပနီကျမ်း၌ အဓိပ္ပါယ်အဆုံးအဖြတ်မျိုးမျိုး၊ ဥဒါဟရုဏ်ပုံစံအမျိုးမျိုးတို့ဖြင့် စုံလင်စွာ တန်ဆာဆင်၍ ရေးသားတော်မူရာ ဗျာကရုဏ်းကို မွေ့နှောက်လိုသူတို့ ၎င်းကျမ်းကိုလေ့လာကြည့်ရှုသင့်ပေသည်။

ဆရာတော်ဘုရားကြီးသည် ဤကျမ်း၏အဆုံး၌ ဂဇ္ဇ,ပဇ္ဇ ဂါထာ၊ စုဏ္ဏိယ ၂-မျိုးဖြင့် ပြည့်စုံစွာနိဂုံးအုပ်ခဲ့ရာ စုဏ္ဏိယနိဂုံးစကား ၁၂-ကြောင်းခန့်ပါရှိ၍ ဂါထာ ပေါင်း ၉-ဂါထာပါရှိလေသည်။ ဤစာရေးရ မြတ်ပုညကြောင့် သဗ္ဗညုတ ဘုရား ဖြစ်၍ ဝေနေယျကြော သတ္တဝါတို့ကို ကယ်တင်လိုကြောင်း-

သပရတ္ထကောဝိဒေါဟံ၊ စရန္တော ဗောဓိပါစကံ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။

ဟူသောဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ ၎င်းကျမ်းကိုလည်း မန္တလေး ဇမ္ဗူမျက် မှန်စာပုံနှိပ်တိုက်၌ ၁၂၆၂-ခုနှစ်တစ်ကြိမ်၊ ၁၃၀၂-ခုနှစ်တစ်ကြိမ် စသည် ဖြင့် ရိုက်နှိပ်ခဲ့ရာ စာသင်စာချလောကထင်ရှားပြီး ဖိုးထိုက်မျိုးမှန်ကျမ်းစာ ဖြစ်လေ သည်။

ကျမ်း၏အဆုံး၌-

ဣတိ ဗောဓေဗျာဘိဓာနဿ ဂါမုဂ္ဂတဿ ဤသုတ္တရောနတပဋ္ဋိမဒိသာ ဘာဂေ မဟာဝိဟာရေ ဝသနသီလာနံ ဘဒ္ဒန္တက္ကန္ဒောဘာသာဒိပုဗ္ဗာစရိယသီဟာနံ သုပရိသုဒ္ဓပဘာဝလဋ္ဌိပေသလသိက္ခာကာမာနံ ပထဗျာပါကဋာနံ အယဥ္စမေဓာဝီ အယဥ္စမေဓာဝီ က္လမေ ပနိမေသံ ဝိသေသေန မေဓာဝီနောတိ မေဓိယာနံ ဓူပမေန သုစိသလ္လေခဝုတ္တိနာ ဥပါသကာနံ ဓမ္မာနုဂ္ဂဟေန သပြဟ္မစာရီနန္နျ ဒ္ဓိဟိပိ အနုဂ္ဂဟာ ကေန ရဋ္ဌသန်ဖ္ဗေပိ အဟာပေတွာ သဒ္ဒါ သာသနောဒယကာရိနာ ဘာသိတတ္ထံ ခိပ္ပံ ဂဟဏဓာရဏာသမတ္ထေန မေဓိယဓောတိ ဂရှုဟိ ဂဟိတနာမဓေယျေန မဟာထေရေန ပရံပရာဘတဝိနိစ္ဆယနိစ္ဆယညူဟိ လဒ္ဓေါပဒေသမဝလမ္ဗကတာယံ ကစ္စာယနသရူပတ္ထဒီပနီ နာတိသင်္ခေပနာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ။

(၁) ဇယဝသော နိဂ္ဂံ ပတ္တော၊ အယံ ဂန္ထော သုနိဋ္ဌိတော။
ဒေသာ က္လမ ဝသန္တာ၊ တော် မညတ္တု အာသယံ။

(၂) သာသနဿ ဟိတတ္ထာယ၊ ဋ္ဌိတတ္ထာယ စ သောတုနံ။
နာနာဂန္ထမဝတိဏ္ဏံ၊ ဝိရစိတံ မယာ က္လဒံ။
(၃) ယမိဒံ ရစယန္တောဟံ၊ အလတ္ထံ ပုညမုတ္တမံ။
ဇန္တုနော တဿ တေဇေန၊ ဝမ္ဗေ ဟောန္တု သဂါရဝါ။
(၄) အာကာသဋ္ဌာ စ ဘုမ္မဋ္ဌာ၊ ယေ စ စေတိယရက္ခကာ။
သဗ္ဗေပိ စ တေ ဒေဝါ၊ ပါပုဏန္တု သုခံ နဝံ။
(၅) မယှံ အာရက္ခကာ ဒေဝါ၊ ဉာတကာ စ အညာတကာ။
ဒါယကာပိ စ မေ သဗ္ဗေ၊ ပါပုဏန္တု သုခံ နဝံ။
(၆) မဟာထေရာနုထေရာ စ၊ ဘိက္ခူ နဝါ စ မဇ္ဈိမာ။
သာသနံ သုဒ္ဓံ ကတွာန၊ ပါလယန္တု မဟေသိနော။
(၇) ရာဇာနော စာပိ ဓမ္မေန၊ ပါလယန္တု က္လမံ ပဇံ။
မဟိ နိစ္စံ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
(၈) သပရတ္ထကောဝိဒေါဟံ၊ စရန္တော ဗောဓိပါစကံ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။
(၉) ပရိတော တု ကုလေ ဥစ္စေ၊ သတ္တသဒ္ဓမ္မသံယုတော။
သဗ္ဗသာမယိတော ဓီရော၊ သောဓေယျံ သောဂတံ သုဘံ။

ဗောဓောဒရျာဘိဓာနဿ၊ ညောင်ကန်အမည်ရှိသော။ ဂါမဂ္ဂတဿ၊ ရွာကျော်၏။ ဤသုတ္တရောနတပဗ္ဗိမဒိသာဘာဂေ၊ စဉ်းငယ် မြောက်သို့ယွန်းသော အနောက်အရပ်အဖို့၌။ မဟာဝိဟာရေ၊ မဟာမေဃဝန်၌တည်အပ်သော ဒက္ခိဏာ သာခါ မဟာဗောဓိဖြင့်တင့်တယ်သော တမ္ဗပဏ္ဏိဒီပမဟာဝိဟာရကဲ့သို့ဖြစ်၍ မဟာ ဝိဟာရဟု သမိုက်အပ်သော ကျောင်းတိုက်ကြီး၌။ ဝသနသီလာနံ၊ သီတင်းသုံးလေ့ရှိ ကုန်ထသော။ သုပရိသုဒ္ဓပဘာဝလဇ္ဇီပေသလသိက္ခာကာမာနံ၊ အလွန်လျှင်ထက်ဝန်း ကျင်စင်ကြယ်သော အမွန်အဆက်ရှိကုန်သော လဇ္ဇီပေသလသိက္ခာကာမဖြစ်ကုန် သော။

ပထဗျာ၊ မြေအပြင်၌။ ပါကဋ္ဌာနံ၊ နဘောစန္ဒော လသို့ပေါ်၍ ကျော်စောထင် ရှားကုန်ထသော။ အယဋ္ဌ၊ ဤအရပ်သည်လည်း။ မေဓာဝီ၊ ပညာရှိပေတည်း။ က္လမေပန၊ ဤသခင်တို့မူကား။ က္လမေသံ၊ ဤမေဓာဝီကျော် အရှင်တို့ထက်။ ဝိသေ သေန၊ အထူးသဖြင့်။ မေဓာဝိနော၊ ပညာရှိကြီးတို့ပေတည်း။ က္လတိက္လမိနာအတ္တေန၊ ဤသို့သောအနက်ကြောင့်။ မေဓိယာနံ၊ ပညာရှိကြီးဖြစ်ကုန်ထသော။ ဘဒ္ဒန္တက္လန္တော

ဘာသာဒိပုဗ္ဗာစရိယာနံ၊ တိုက်တည်အာဒိကမ္မိကသခင် ကုန္တေဘာဘာသ အစရှိကုန်သော သီဟရာဇာကေသရာနှင့် ပမာနိုင်းလျော် ရှေးဆရာကျော်တို့၏။ ဓဇူပမေန၊ တံခွန်သဖွယ်ဖြစ်ထသော။ သုစိသလ္လေခဝုတ္တိနာ၊ စင်ကြယ်သောမာနက္ကသာမိစ္ဆာဝိတက်စသော အကုသိုလ်တရားကို ခေါင်းပါးစေနိုင်သော အကျင့်ရှိထသော။ ဥပါသကာနံ၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကုန်သော ဂိဟိပုဂ္ဂိုလ်တို့အား။ ဓမ္မာနုဂ္ဂဟေန၊ တရားချီးမြှင့်ခြင်းဖြင့်။ သပြဟ္မစာရိနန္တို၊ သာသနာတော်အတွင်း သီတင်းသုံးဘော်တို့အားမူကား။ ဒွိဟိပိအနုဂ္ဂဟေဟိ၊ ပစ္စယာနုဂ္ဂဟာဓမ္မာနုဂ္ဂဟာနှစ်ပါးတို့ဖြင့်လည်း။ အနုဂ္ဂဟာကေန၊ ချီးမြှင့်ခြင်းအလေ့ကောင်းရှိထသော။ ရဋ္ဌသခ်ဝ္ဗေပိ၊ သာသနာဖျက်လူပျက်အရိုင်းတို့၏ ဘေးတိုင်းကြီးအတွင်း သွပ်ဖျင်းဆိုးယုတ် သစ္စာဖြုတ်သည့် ကျွန်ယုတ်တို့၏ ဘေးဟူသောလှိုင်းဖြင့် တိုင်းပြည်တိမ်းပါး ချောက်ချားသောကာလ၌သော်လည်း။ အဟာပေတွာ၊ ပရိယတ်ပဋိပတ်သာသနာအရေးမလစ်ဟင်းစေမူ၍။ သဒါ၊ အခါခပ်သိမ်း။ သာသနောဒယကာရိနာ၊ သာသနာတော်၏ ပွားစီးကြောင်းအမှုကို အမြတ်တနိုးပြုလေ့ရှိထသော။ ဘာသိတတ္ထံ၊ ဘာသိတာ ဘာသိတအနက်ကို။ ဒိပ္ပံ၊ မဟာစသာ လျှင်မြန်စွာသာလျှင်။ ဂဟဏဓာရဏသမတ္ထေန၊ မှတ်ခြင်းဆောင်ခြင်းငှာ စွမ်းရည်ရှိထသော။ မေဓိယဓဇောတိ၊ မေဓိယဓဇဟူ၍။ ဂရူဟိ၊ လူသာမန်တို့သည် ချီးဖွဲ့ချက်ဆောင်နိုင်ခဲသော သီလသမာဓိ သန္တောသ အစရှိသော သခင်တို့ထမ်းရွက်သယ်ပိုးအပ်ကုန်သော ကျေးဇူးဂုဏ်ကြီးဖြင့် ကျောက်ထီးကဲ့သို့ လေးကုန်သောဆရာကျော်တို့သည်။ ဂဟိတနာမဓေယျေန၊ ယူအပ်သော အမည်ရှိသော။ မဟာထေရေန၊ မဟာထေရ်သည်။ ပရံပရာဘတဝိနိစ္ဆယညူဟိ၊ အဆက်ဆက်သော ဆရာကျော်တို့၏အနွယ်သည် ဆောင်ခဲ့သောဆုံးဖြတ်အပ်သော အနက်ကိုဆုံးဖြတ်ခြင်းဥပဒေ။ ဝါ၊ ဆုံးဖြတ်ကြောင်းဥပဒေကို ကျွမ်းကျင်ကုန်သော ဆရာကျော်တို့မှ။

လဒ္ဓေါပဒေသံ၊ မဟာသယော စသည်တို့၌သော်လည်း အသက်ကိုပမာဏမထား ကျားမင်းပုဏ္ဏရိပ်သို့ စိတ်သွားတိုင်းကိုယ်ပါလျှက် ထိုရွာ၌ရွာဆရာကောင်းထံ ကျိုးနွံကပ်ဆည်း နည်းခံသဖြင့် ရအပ်သောလက်ဆုပ်ဥပဒေသနည်းနာကောင်းကို။ အဝလမ္ဗ၊ တမျဉ်းမှီငြမ်းပြု၍။ ကတာ၊ စီရင်အပ်သော။ နာတိသခ်ေပနာတိဝိတ္ထာရမဓုရဝိနိစ္ဆယာ၊ မကျယ်လွန်း မကျဉ်းလွန်းကောင်းမြတ်သော သဒ္ဒရသ,အတ္ထရသ ပြည့်၍ ချိုမြိန်သောအနှစ်အတိပြည့်သော အဆုံးအဖြတ်ရှိသော။ အယံကစ္စာယနသာရသရူပတ္ထဒီပနီ၊ ဤကစ္စာယနသာရကျမ်း၏ သရုပ်အနက်ကိုပြရာပြကြောင်းဖြစ်

သောကျမ်းသည်။ ဣတိ၊ ဤရွေ့သို့သော စကားအစီအစဉ်ဖြင့်၊ နိဋ္ဌိတာ၊ စေ့ခြေလုံးစုံ ဥဿုံမကြွင်းပြီးဆုံးခြင်းသို့ ရောက်လတ်ပြီ။

(၁) သုနိဋ္ဌိတော၊ ကောင်းစွာဆုံးဖြတ်အပ်သော။ အယံဂန္ထော၊ ဤကျမ်းသည်။ ဇယဝဿ၊ အမရပူရ သာလှထူးလည် မြို့ကြီးတည်သည့် ဇာနည်မိပတိ လောကီမျက်ပွင့် နတ်ရှင့်မြေးချစ် ကွန့်ရစ်တေဇ ဘုန်းတောက်ပသား တရားတစင်း မင်းတို့သရဖူ ဖြစ်လိမ့်ဟူ၍ လိုက်ဆူကြေငြာ အာဏာထန်ပြင်း စောရန်နင်းလျှင် သောင်းတွင်ဇမ္ဗူသိမ်းယူမြေပြင် အောင်မြင်ခါသင့် ဘုန်းတော်ပွင့်၍ ပယ်လွှင့်ရန်လေးဘေးတော်ရိုက်ရာ အောင်ချာပြည်မ အောင်တပ်ချလျှက် ကွဲချမြင့်မိုရ် နတ်စက်ဖြိုသို့ ထိုထိုပြည်ထောင် ကုန်အောင်သိမ်းယူ အောင်တော်မူလစ် သက္ကရာဇ် ၁၁၉၉-ခုနှစ်၌။ နိဋ္ဌပတ္တော၊ တော်သလင်းဟု သစ်ဆင်းလဝယ် ပြည့်ထကျော်တက် ခုနှစ်ရက်စေ့ ဂရုနေ့၌။ မသွေမြေကြီး မိုးစည်တီးလျှက် ကောင်းချီးပေး၍ ခါကောင်းမြွေဝယ် စေ့စေ့ကမွတ် ပြီးရောက်လတ်သတည်း။ ဣဓ၊ ဤမဟာဝိဟာရကျောင်းတိုက်ကြီး၌။ ဝသန္တာ၊ သီတင်းသုံးနေတော်မူကုန်သော။ ပုဗ္ဗာစရိယသီဟာ၊ တိုက်တည်အာဒိကမ္မိကသခင် ဣန္ဒောဘာသအစရှိကုန်သော သီဟရာဇာကေသရာနှင့် ပမာနိူင်းလျော် ရှေးဆရာကျော်တို့သည်။ ဤဒိသာ၊ ပမာသော်မူ ဥပေါဆဒ္ဒန် ဖြူမျိုးမှန်သည် ဖေါက်ပြန်ဆင်းမည် မျိုးမလည်သို့ ထုံးနည်းပဝေဏီ စဉ်စီနွယ်ဆက် မပျက်ကျင့်မှန် ကျမ်းဂန်ဥပဒေ မူသေနိဿယည်း ပေးနည်းကေန် ဆိုက်မှန်ဖောက်သို့ တတ်မြောက် ကျေပွန် တံခွန်စိုက်ချည်း အရည်းပီပီ ဤသည့်သဘောရှိသော သခင်မြတ်တို့ပေတည်း။ ဣတိ၊ ဤသို့ကျမ်းတတ်စာပို့ မဂ်ဖိုလ်လမ်းညွှန်ကျင့်မှန်မဖောက် မျိုးကောင်းရောက်၍ ထွန်းတောက်သာသနာ ဓညာဓိဝါသ သာသနဓ္ဓောတန စစ်လှ သောအရပ်ဟူ၍။ တံအာလယံ၊ ဤသည့်မဟာဝိဟာရကျောင်းတိုက်ကြီးကို။ သပ္ပုရိသာ၊ သူတော်သူမြတ်တို့သည်။ မညန္တု၊ မဟာထေရောသတဂုဏာနုဿရဏာ ပုညဝိဘာဝေါဒယ မင်္ဂလာအလို့ငှာ မကြာမကြာ အောက်မေ့ပါစေကုန်သတည်း။

(၂) သာသနဿ၊ သာသနာတော်၌။ ဋ္ဌိတတ္တာယ စ၊ အနှစ်ငါးထောင်စေ့အောင် မြင်ရှည်တည်စေခြင်းအကျိုးငှာလည်းကောင်း။ သောတူနံ၊ နောက်သားနောင်လာ စာသင်ပျိုတို့၏။ ဟိတတ္တာယစ၊ လျှို့ဝှက်နက်နဲခက်ခဲသော သဒ္ဒနယ အတ္ထနယကို အကျအနဆုံးဖြတ်နိုင်လျှက် ထက်မြက်သန့်ရှင်း ထိုးထွင်းသော ဉာဏ်ဟုဆိုအပ်သော အစီးအပွားအကျိုးငှာလည်းကောင်း။ နာနာဂန္ထမဝတိဏ္ဏံ၊ အထူးထူးသော ပါဠိအဋ္ဌကထာ ဂန္ထန္တရကျမ်းအထူးကို ကူးခပ်သက်ဝင်နိုင်ကြောင်းဖြစ်သော။

ဣဒံပကရဏံ၊ ကစ္စာယနသာရကျမ်း၏ သရုပ်အဓိပ္ပါယ်အတွက်ကိုပြရာ ပြကြောင်းဖြစ်၍ ကစ္စာယနသာရပတ္ထဒီပနီအမည်ရှိသော ဤသည့်ကျမ်းကို။ မယာ၊ ငါသည်။ ဝိရစိတံ၊ မပန်းမပင် မငြိုငြင်ပဲ ပညာဉာဏ်အား စွမ်းပကားဖြင့် ရေးသား စီရင်အပ်ပြီ။

(၃) ဣဒံပကရဏံ၊ ဤသည့်ကျမ်းကို။ ရစယန္တော၊ စီရင်သော။ အဟံ၊ ငါသည်။ (တနည်း)အဟံ၊ ငါသည်။ ဣဒံပကရဏံ၊ ဤသည့်ကျမ်းကို။ ရစယန္တော၊ စီရင်သော ကြောင့်။ ဥတ္တမံ၊ မဟာဂ္ဂတ် လောကုတ္တရာကုသိုလ်၏ အခြေအမြစ်ဖြစ်၍ မြတ်သော။ ယံ ပုညံ၊ အကြင်ကောင်းမှုကို။ အလတ္တံ၊ ရပြီ။ တဿပုညဿ၊ ထိုကောင်းမှု၏။ တေဇေန၊ အစွမ်းကြောင့်။ ဇန္တုနော၊ သတ္တဝါတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေ ကုန်သတည်း။

(၄) အာကာသဋ္ဌာ၊ ကောင်းကင်၌တည်ကုန်သော။ ယေဒေဝါစ၊ အကြင်နတ်တို့ သည်လည်းကောင်း။ ဘုမ္မဋ္ဌာ၊ မြေ၌တည်ကုန်သော။ ယေဒေဝါစ၊ အကြင်နတ်တို့ သည်လည်းကောင်း။ စေတိယရက္ခကာ၊ စေတီတော်ကို စောင့်ကုန်သော။ ယေဒေဝါစ၊ အကြင်နတ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေပိ စ၊ ခပ်သိမ်းစုံ လည်းဖြစ်ကုန်သော။ တေဒေဝါ၊ ထိုဆိုခဲ့ပြီးသော အာကာသဋ္ဌစသည်မကြွင်း နတ်ခပင်းတို့သည်။ နဝံ၊ အသစ်အသစ်ဖြစ်သော။ သုခံ၊ ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်ကြပါစေကုန်သတည်း။

(၅) မယှံ၊ ငါ၏။ ဝါ၊ ငါ့ကို။ အာရက္ခကာ၊ စောင့်ရှောက်ပေကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မေ၊ ငါ၏။ ဉာတကာစ၊ ဆွေမျိုးစပ်လျှဉ်းသူတို့သည်လည်းကောင်း။ အဉာတကာစ၊ ဆွေမျိုးမှတပါးသော သူတို့သည်လည်းကောင်း။ ဒါယကာပိစ၊ ပစ္စယဒါယကာတို့သည်လည်းကောင်း။ နဝံ၊ အသစ်အသစ်ဖြစ်သော။ သုခံ၊ချမ်းသာသို့ ပါပုဏန္တု၊ ရောက်စေကုန်သတည်း။

(၆) မဟာထေရော၊ မဟာထေရ်ကြီးဖြစ်ကုန်သော။ ဘိက္ခူ စ၊ ရဟန်းတို့သည် လည်းကောင်း။ အနုထေရာ စ၊ အနုထေရ်ဖြစ်ကုန်သော။ ဘိက္ခူ စ၊ ရဟန်းတို့သည် လည်းကောင်း။ မဇ္ဈိမာ၊ သီတင်းလတ်ဖြစ်ကုန်သော။ ဘိက္ခူစ၊ ရဟန်းတို့ သည် လည်းကောင်း။ နဝါ၊ သီတင်းငယ်ဖြစ်ကုန်သော။ ဝါ၊ သဃ်နောဖြစ်ကုန်သော။ ဘိက္ခူ စ၊ ရဟန်းတို့သည်လည်းကောင်း။ မဟေသိနော၊ မြတ်သော သီတင်း ကျေးဇူးစသည်ကို ရှာတော်မူပြီးသောမြတ်စွာဘုရား၏။ သာသနံ၊ သာသနာ တော်ကို။ သုဒ္ဓံ၊ စင်ကြယ် သန့်ရှင်းသည်ကို။ ကတွာ၊ ပြု၍။ ပါလယန္တု၊ စောင့် ရှောက်ကြပါစေကုန်သတည်း။

(၇) ရာဇာနောပိ၊ ရေမြေ့ရှင်မင်းတို့သည်လည်း။ မဟိ၊ မြေအပြင်၌ဖြစ်သော။ ဣမံ ပဖံ ဤသတ္တဝါအပေါင်းကို။ နိစ္စံဝ၊ အမြဲသာလျှင်။ ဓမ္မေန၊ အဂတိလေးပါး မလိုက် စိုက်စိုက်သောတရားဖြင့်။ ပါလယန္တု၊ မတိမ်းမဖောက် စောင့်ရှောက်စေကုန်သတည်း။ ဒေဝါ၊ မိုးမင်းသည်။ ကာလေ၊ ရွာသင့်ရာအခါ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာစေခလို။

(၈) အဟံ ဝါ၊ ငါမူကား(ဝါ–ကြေ)။ သပရတ္တကောဝိဒေါ၊ မိမိအစီးအပွား သူတပါးအစီးအပွား၌ မြော်မြင်ရေးရာလိမ္မာကျွမ်းကျင်သည်ဖြစ်၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သောပါရမီ စာဂစရိယကို။ စရန္တော၊ မဆုတ်မနစ် ကျင့်နိုင်သည်ဖြစ်၍။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ၊ ရောက်၍။ ဇနတံ ဗဟုံ၊ ဩဃလေးဖြာ ဗလဝါမုန် ယဥ်တုတ်မိမ္မုန် ရေအဟုန်ဖြင့် ဖျက်ကုန်ဖန်ဖန် အားမသန်သား မကျွန်ပြောထူ သော်သုံးလူကို။ တာရေမိ၊ ဆယ်ယူကယ်ရလို၏။

(၉) ဣတော၊ ဤကိုယ်၏အဖြစ်မှ။ ပရံဝါ၊ နောက်နောက်သောကိုယ်၏အဖြစ်၌သော်ကား။ ဥစ္စေကုလေ၊ ဥစ္စာစည်းစိမ်ဂုဏ်သိရ်မညီး မြင့်မြတ်သောသူတော်အမျိုး၌။ သတ္တသဒ္ဓမ္မသံယုတော၊ သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ ဗဟုသစ္စ ဝီရိယ ပညာဟူသည့် သူတော်တရား ရတနာခုနှစ်ဖြာနှင့် မကွာမကွေယှဥ်သော။ ဓီရော၊ သဘောအားလျော်စွာ မှတ်နိုင်ဆောင်နိုင်သော ဉာဏ်ရည်ရှိသော။ ဝါ၊ ဆန့်ကျင်ဖက်တရားကြောင့် မလှုပ်မရှားသော သမာဓိရှိသောပုဂ္ဂိုလ်ထူးသည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗသာမ ယိကော၊ အကြွင်းမရှိနိကာယ်ငါးစုံ နှုတ်ငုံလေ့လာ လိမ္မာကျွမ်းကျင်သည်ဖြစ်၍။ သောဂတံ၊ ဘုရားရှင်သာသနာတော်ကို။ သုဘံ၊ အမှောင်မစွန်း နေဝန်း လဝန်းသို့ တောက်ထွန်းတင့်တယ်အောင်။ သောဓေယျံ၊ မိစ္ဆာရန်နှောင့် ဆူးငြောင့်မရှိ တိတိရှင်းစင် သုတ်သင်နိုင်လို၏။

ဟူသော စုဏ္ဏိယစကား ၉–ဂါထာပါဌ်နိဿယဖြင့် သမိုင်းစုံဖော်ပြကာ သာယာနာပျော်ဖွယ်ရှိသော အသုံးအနှုန်းဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ပတ္ထနာဆုတောင်းကိုလည်း–

သမာသ်တဒ္ဓိတ် ကိတ်နှင့်အာချာတ် ဝိဘတ်ဝါစက ဝါစ္စဖြစ်တန် မဖြစ်တန်ကို အမှန်စေ့ရေ ကျမ်းတိုင်းဖွေ၍ ခွဲဝေပတ်နည် ဉာဏ်ပွတ်ကျည်ဖြင့် လည်လည်ပတ်ပတ် နယ်ချေပွတ်လျှက် ထောပတ်ဆီဥ ရမှတ်ပြုမှ လဒ္ဓါပဒေသာ သကာချိုမြက် အဖျော်ဖက်၍ နှံသက်မွှေးမွှေး ချိုဆိမ့်လေးသား ထည့်ကျွေးစားငှာ ဤသည့်

စာကို သုဓာမြိုက်ဟူ စားသည့်သူကား အယူမသာ ကဒ်ါဝိမတိ စေးညှိထဲနာ ကင်းစင်ကွာကို သဒ္ဒါရုပ်ဓာတ် မခဲကပ်က ဆတ်ဆတ်ဆိုနိုင် ဉာဏ်ခန့်ပိုင်သည့် ဦးကိုင်ပွဲမ ခံတည်ပလျှက် တွေးငေါ်နက်သား သွယ်သွယ်မြန်မြန် ခုတ်တိုင်းမှန်၍ ကျမ်းဂန်စကျ သိုက်မှန်ရသို့ ပါမောက္ခကြီး အံ့ဖွဲ့ချီးလျှက် ဝေးနီးလူဗိုလ် အများခို သည်။ ။ ပုဂ္ဂိုလ်မြောက်ပါစေသတည်း။

ဟူသော ကေပိုဒ်လင်္ကာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ပုံနှိပ်နိဂုံးကိုလည်း–

သာသနာတော်သက္ကရာဇ် ၂၄၈၄–ခု၊ မြန်မာသက္ကရာဇ် ၁၃၀၂–ခု၊ ကဆုန် လဆုတ် ၁၀–ရက်၊ ကြာသပတေးနေ့(၃၀–၅–၄၀) မန္တလေးမြို့တောင်ပြင် မဟာ နွယ်စဉ်ရပ်၊ ဗန်းမော်တိုက်၊ တောင်ကျောင်းစာချဆရာတော် အရှင်ပညာဇောတ မဟာထေရ်သုတ်သင်ပြင်ဆင်သည့်အတိုင်း ပါဠိဆရာဦးနတ်သားကြီးကြပ်ပုံနှိပ်အပ် သော ကစ္စာယနသာရသရူပတ္ထဒီပနီကျမ်းပြီးမြောက်သတည်း။ ကျမ်းစာအုပ်အဆုံး တွင် ဖော်ပြခဲ့လေသည်။ ယင်းကစ္စာယနသရူပတ္ထဒီပနီကျမ်းကို မန္တလေးမြို့ ၈၄– လမ်း၊ ကျောက်သွေးတန်း၊ ဇမ္ဗူမျက်မှန်စာပုံနှိပ်တိုက်၌ ၁၂၆၂–ခုနှစ်က ပဌမအကြိမ်၊ ၁၃၀၂–ခုနှစ်က ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၂၄၆–ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌–

''မေဓာဘိဝံသသဒ္ဓမ္မဇမဟာဓမ္မရာဇာဓိရာဇဂုရု''တံဆိပ်တော်ရ ပြည် ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ကစ္စာယနသာရရူပတ္ထဒီပနီ ကျမ်း၊ မန္တလေးမြို့ ဗန်းမော်တိုက် စာချဆရာတော် အရှင်ပညာဇောတမဟာထေရ် သုတ်သင် ပြင်ဆင်သည့်အတိုင်း ပါဠိဆရာဦးနတ်သားကြီးကြပ်ပုံနှိပ်သည်။ ဒုတိယ အကြိမ် ပုံနှိပ်ခြင်း အုပ်ရေ ၁၀၀၀–ဟု ပါရှိလေသည်။

၁၂၆၂–ခုနှစ်က ရိုက်နှိပ်ခဲ့သော ကစ္စာယနသာရသရူပတ္ထဒီပနီကျမ်းအဆုံး၌ ''ဤသို့ပြုရ မြတ်ပုညကြောင့် ဘဝနောင်ခါ သံသရာဝယ် သုံးသွယ်သောကပ် အရပ်ပြစ်ရှစ်ပါး ကင်းလွတ်ငြား၍ လေးပါးညီတော် မိတေးကျော်ကို ဆောစွာလက်ဦး ဖူးရပါလို ဆုတောင်းဆိုသည် သံချိုတောင်းတိုင်းပြည့်ပါစေသော်'' ဟူ၍ ဆုတောင်း ကိုတွေ့ရသည်။ ယင်းကစ္စာယနသာရသရူပတ္ထဒီပနီကျမ်းသည် ကစ္စာယနသာရ ကျမ်းချပို့သည့် စာချဆရာတော်များလက်သုံးပြုသည့် ကျမ်းကောင်းကျမ်းမြတ်ဖြစ် လေသည်။

ကစ္စာယနသာရသရူပ–အတ္ထဒီပနီ သညိတံ။

ဂန္ထမ္ပိ ဂန္ထေသု ဆေကော၊ ရစယိ ကဝိကုဉ္ဇရော။

## သမ္ဗန္ဓစိန္တာနိဿယ

ဆရာတော်ဘုရားကြီးသည် သမ္ဗန္ဓစိန္တာနိဿယကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

ဝတ္ထုတ္တယံ နမဿိတွာ၊ တိဘဝါဘိနတာရဟံ။

သမ္ဗန္ဓစိန္တဒီပနိံ၊ ကဿံ သောတုဟိတာယ စ။

တိဘဝါဘိနတာရဟံ၊ သုံးရွာသားတို့ နှစ်လိုကြည်နူး ဦးခိုက်ထိုက်သော။ ဝတ္ထုတ္တယံ၊ ရတနာသုံးပါးတို့၏အပေါင်းကို။ နမဿိတွာ၊ နမဿာမိ၊ ရှိခိုးပါ၏။ နမဿိတွာ၊ ရှိခိုးဦး၍။ သမ္ဗန္ဓစိန္တဒီပနိံ၊ သမ္ဗန္ဓစိန္တတ္ထဒီပနိံ၊ သမ္ဗန္ဓစိန္တာကျမ်း၏အနက်ကို ပြရာပြကြောင်းဖြစ်သော မြန်မာနိဿယည်းကျမ်းကို။ သောတုဟိတာယစ၊ စာသင် သားတို့၏အစီးအပွားအလို့ငှာလည်း။ ကဿံ၊ စီရင်ပေအံ့။ (စ-သဒ္ဒါဖြင့် ဂဏာစရိယ၊ ဂဏာပါမောက္ခ၊ ဂဏာသဘာ၊ ဂဏာပုဂ်ဝ၊ ဂဏာသာမိ၊ ဂဏာဓိပတိ သံဃနာထ အရှင်မြတ်တို့အားလည်း နှစ်သက်စေလိုခြင်းကို သမ္ပိဏ္ဍနမှုသတည်း။) ဟူသော ၁-ဂါထာပါဠိနိဿယဖြင့်လည်းကောင်း၊

လူနတ်ဗြဟ္မာ သုံးရွာသားတို့ နှစ်လိုကြည်နူး ဦးခိုက်ထိုက်၍ လွှေ့လွှေ့များများ ဘွားဘွားကြွကြ လိုတိုင်းရသည့် ပုညအခင်း သန့်ရှင်းပေါင်းမြက် ခွန်ထွက်သန်သန် လယ်ကောင်းမှန်သည့် သုံတန်ရတန ဘက်မရကို ဝမ်းကနှစ်သိမ့် ပီတိစိမ့်လျှက် မြိန်ဆိမ့်စေတနာ ဦးခိုက်ပါ၏ သဒ္ဒါဆပွား ထပ်မနားလျှင် ဘုရားဘုရားမြွက်စကားဖြင့် ပြားပြားတွဲ့ဝပ် စပ်စပ်လက် ချဉ်းညွှတ်ခ၍ သမ္ဗန္ဓစိန္တာ သဒ္ဒါငယ်ကျမ်းနက်ကျယ်ဝှမ်း၏ စွဲလန်းအနက် ဓိပ္ပါယ်ချက်ကို မဝှယ်မကွယ် မကျယ်လှစွာ လိုရင်းသာလျှင် ပညာစက်သွား သံလျှက်ဒါးဖြင့် လွှားလွှားပိုင်းဖြတ် မခဲကပ်အောင် ပြက်ပြက်သေချာ ခွဲစိတ်ဖြာ၍ ပြာရာပြကြောင်း ကျမ်းပေါင်းအဆီ ဒီပနီကို ဂါဝီရသဖြင်းဖြင်းချသို့ မငသဒ္ဒါ နုသေးစွာသား ပညာလိုလား စာသင်သားတို့ မှတ်သားထေ့ထေ့ တဖေ့ဖေ့လျှင် လွှေ့လွှေ့သရဖ္ဖာယ် ဉာဏ်ဖြင့်နယ်က အသွယ်အသွယ်ရလွယ်ပယောဂံ သဒ္ဒါင်၍ မလျှံထက်မြိုက် တိုးလှည့်ရိုက်သို့ သတ်ထိုက်ကျမ်းဂန်တတ်ကြေပွန်မှု သုံးတန်အောင်မြို့ ထွန်းလင်းတို့လိမ် ဤသို့လည်းရည် မဟာထေရ်သည် ရွှင်ကြည်ဖောပြေး ကရုဏာရှေး၍ ရေးသားစီရင်ပေအံ့ဟူလို- ဟူသော ပိဏ္ဍတ္ထပြလင်္ကာဖြင့်လည်းကောင်း ပဏာမ၊ ပဋိညာဉ်စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

ဗောဓေဒရုဘိဓာနဿ ဂါမဂ္ဂတဿ ပစ္ဆိမုတ္တရဒိသာဘာဂေ မဟာဝိဟာရေ ဝသနသီလာနံ ဘဒ္ဒန္တက္ခန္ဓောဘာသာဒိပုဗ္ဗာစရိယသီဟာနံ သုပရိသုဒ္ဓပဘာဝလဗ္ဘိပေသလသိက္ခာကာမာနံ ပထဗျာပါကဋာနံ အယဉ္စမေဓာဝီ အယဉ္စမေဓာဝီ ဣမိမေသံ ဝိသေသေန မေဓာဝိနောတိ မေဓိယာနံ ဓမ္မပမေန သုစိသလ္လေခဝုတ္တိနာ ဘာသိတတ္ထံ ခိပ္ပံ ဂဟဏဓာရဏသမတ္ထေန မေဓိယဓဇောတိ ဂရူဟိ ဂဟိတနာမဓေယျေန ကထာယံ သမ္မန္ဓစိန္တတ္ထဒီပနီ နာတိသင်္ခေပနာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ။

ဗောဓေဒရုဘိဓာနဿ၊ ညောင်ကန်အမည်ရှိသော။ ဂါမဂ္ဂတဿ၊ ရွာကျော်၏။ ပစ္ဆိမုတ္တရဒိသာဘာဂေ၊ မြောက်သို့စဉ်းငယ်ယွန်းသော အနောက်အရပ်အဘို့၌။ မဟာဝိဟာရေ၊ မဟာဝိဟာရကျောင်းတိုက်၌။ ဝသနသီလာနံ၊ သီတင်းသုံးနေလေ့ရှိကုန်သော။ သုပရိသုဒ္ဓပဘာဝလဗ္ဘိပေသလသိက္ခာကာမာနံ၊ အလွန်စင်ကြယ်သော အမွန်အစရှိ၍ လဗ္ဘိပေသလသိက္ခာကာမဖြစ်ကုန်သော။ ပထဗျာ၊ မြေအပြင်၌။ ပါကဋာနံ၊ ကျော်စောထင်ရှားကုန်သော။ အယဉ္စ၊ ဤအရှင်သည်လည်း။ မေဓာဝီ၊ ပညာရှိ၏။ အယဉ္စ၊ ဤအရှင်သည်လည်း။ မေဓာဝီ၊ ပညာရှိ၏။ ဣမေ၊ ဤအရှင်တို့သည်ကား။ ဣမေသံ၊ ဤပညာရှိသောအရှင်တို့ထက်။ ဝိသေသေန၊ အထူးသဖြင့်။ မေဓာဝိနော၊ ပညာရှိကုန်စွ။ ဣတိဣမိနာဝစနတ္ထေန၊ ဤသို့သောဝစနတ်ကြောင့်။ မေဓိယာနံ၊ ပညာရှိတကာတို့ထက် ပညာရှိမည်ကုန်သော။ ဘဒ္ဒန္တက္ခန္ဓောဘာသာဒိပုဗ္ဗာစရိယသီဟာနံ၊ တိုက်တည်အာဒိကမ္မိကသခင်က္ခန္ဓောဘာသအစရှိသော ရှေးဆရာမြတ်တို့၏။ ဓမ္မပမေန၊ တံခွန်သဖွယ်ဖြစ်သော။ သုစိသလ္လေခဝုတ္တိနာ၊ စင်ကြယ်သည်ဖြစ်၍ ကိလေသာကိုခေါင်းပါးစေနိုင်သော အကျင့်ရှိသော။ ဘာသိတတ္ထံ၊ ဟောအပ်သောပါဠိအနက်ကို။ ခိပ္ပံ၊ လျှင်မြန်စွာ။ ဂဟဏဓာရဏသမတ္ထေန၊ ယူခြင်းမှတ်ခြင်းငှာစွမ်းနိုင်သော။ မေဓိယဓဇောတိ၊ မေဓိယဓဇဟူ၍။ ဂရူဟိ၊ ဆရာကျော်တို့သည်။ ဂဟိတနာမဓေယျေန၊ မှည့်အပ်သောအမည်ရှိသော။ ထေရေန၊ မထေရ်သည်။ ကတာ၊ စီရင်အပ်သော။ နာတိသင်္ခေပနာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ၊ မကျဉ်းလွန်းမကျယ်လွန်းကောင်းမြတ်သောအနှစ်အတိဖြစ်သော အဆုံးအဖြတ်ရှိသော။ အယံသမ္မန္ဓစိန္တတ္ထဒီပနီ၊ ဤသမ္မန္ဓ၏ အနက်ကိုပြရာ မြန်မာနိဿယည်းသည်။ နိဋ္ဌိတာ၊ ပြီး၏။ ဟူသောပါဠိစုဏ္ဏိယပါဌ်ဖြင့် ကျမ်းပြုရာဌာန၊ ကျမ်းပြုသူ၏ အနွယ်၊ ကျမ်းပြုသူကို ဖော်ပြတော်မူခဲ့လေသည်။ ယင်းကျမ်းသည် ၁၉၂၅–

ခုနှစ် ရန်ကုန်မြို့ သုဓမ္မာဝတီပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက်စာမျက်နှာ ၆၆-မျက်နှာ ရှိလေသည်။

သမ္ဗုဒ္ဓစိန္တာဂန္ထသာ၊ နိဿယမ္ပိ သုနိဿယော။
မေဓိယော မေဓာသံယုတော၊ ရစယိတ္ထ သုဇာတိမာ။

## သမ္ဗုဒ္ဓစိန္တာနိဿယဂုဏ်

သမ္ဗုဒ္ဓစိန္တနိဿယကား လွန်စွာကောင်းမြတ်သော ကျမ်းတစ်ဆူဖြစ်လေသည်။ အနက်ပေးရာ၌လည်း ထိမိသည်။ ချွတ်ယွင်းတိမ်းပါးနေသော ပုဒ်တို့ကိုလည်း ပြင်ဆင်ထားသည်ကိုတွေ့ရ၏။ အနက်ပေးရာ၌ ပါဌ်သေသထည့်သွင်းသည်ကိုထည့်၍ ယောဇနာထား၏။ လက်သည်းကွင်းဖြင့် အဓိပ္ပါယ်များကို ဖော်ပြထားသည်။ နိပါတ်ပုဒ်များကို အနက်ယောဇနာရာ၌လည်း ဇောတကထင်ရှားအောင် ယောဇနာထား၏။ တထာ တံဝစနံ၊ ထိုစကားသည်။ ဟိ-သစ္စံ၊ မှန်၏။ စသည် တည်း။

## အနက်ယောဇနာပုံ

"နိရုတ္တိဝိသယာပါရသာဂရန္တပဂံ၊ သဒ္ဒါအပေါင်းတည်းဟူသော ကူးခပ်နိုင်ခဲသည်ဖြစ်၍ ကမ်းမရှိသောမဟာသမုဒ္ဒရာ၏ ဟိုဘက်မှာဘက် ကမ်းတစ်ဘက်သို့ ရောက်တော်မူပြီးသော။

ဝါ၊ ဘုရားမှတစ်ပါးသောသူတို့၏ အချင်းခပ်သိမ်း ကျက်စားရာအာရုံမဟုတ်သည်၏အဖြစ်ကြောင့် အဆုံးအပိုင်းမရှိသော သဒ္ဒါအပေါင်းတည်းဟူသော မဟာသမုဒ္ဒရာ၏အဆုံးသို့ရောက်တော်မူပြီးသော။ ဇိနံ၊ မြတ်စွာဘုရားကို။ သမ္ဗုဒ္ဓစိန္တံ၊ သမ္ဗန်ကိုကြံခြင်း စိစစ်ခြင်းကို။ ဝါ၊ သမ္ဗန်ကိုကြံကြောင်း စိစစ်ကြောင်းဖြစ်သော ကျမ်းကို။ အနန္တတန္တရတနာကရမန္ထနေန၊ ပုလဲပတ္တမြား အစရှိကုန်သော အထူးထူး အပြားပြား များစွာကုန်သော ရတနာတို့၏တည်ရာ မဟာသမုဒ္ဒရာနှင့်တူသော သိနိုင်ခဲသည်ဖြစ် ၍ အဆုံးအပိုင်းအခြားမရှိသော ဝိတက်ကျမ်း ဗျာကရုဏ်းကျမ်း အာဂုမ်ပါဠိ အစရှိ ကုန်သောကျမ်းဂန်ကိုနှောက်နည်ပွတ်မွှေတတ်သော။တပေါဓနံ၊ ရွှေခဲ ငွေခဲ မူးပဲမသို ကိုယ်နှုတ်နှလုံးသုံးပါးအသင့် အကျင့်ကောင်းသာလျှင် သူ့ဥစ္စာ ရှိထသော။ သောဓေ တုံ၊ မိစ္ဆာရန်နှောင့် ဆူးငြောင့်မရှိ တိတိရှင်းစင် သုတ်သင်အံ့

သောဌာ'' စသည်ဖြင့် အနက်ယောဇနာပုံတို့မှာ လွန်စွာမှ ထိမိလှကုန်၏။ ပြည်ဆရာတော်ဘုရား ကြီးသည် ဤကျမ်းကိုလည်း ရွှေမြို့တော်မရောက်မီ ညောင်ကန်၌သီတင်းသုံးစဉ် ရေးသားခဲ့ ကြောင်း နိဂုံးဖြင့်သိသာသည်။

## သဒ္ဒတ္ထဘေဒစိန္တာနိဿယသစ်

ပြည်ဆရာတော်ဘုရားကြီးသည် သဒ္ဒတ္ထဘေဒစိန္တာနိဿယသစ်ကို ရေးသားတော်မူခဲ့သည်။ ယင်းနိဿယမှာ ဗားကရာဆရာတော်ဘုရားကြီး စသည်တို့၏ နိဿယများရှိပြီးဖြစ်သဖြင့် နိဿယသစ်ဟုတွင်သည်။ ၎င်းမှာ ပုံနှိပ်အဖြစ် မရောက်ဟု ပြောကြ၏။

## ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယသုံးကျမ်း

ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ၊ သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ၊ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယတို့ကို ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး ''ဉေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရီဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဉေယျတောင်းပန်သဖြင့် ရေးသားတော်မူခဲ့လေသည်။ ဆရာတော်သည် ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ ကျမ်းဦး၌–

၁။ ဒယာနန္တံ မဟေသိ ယော၊ နိဿေသာယ ပဇာယပိ။
ပဝတ္တေသိ ယထာ ကမ်၊ ဝိနေန္တံ ဉေယျပဥ္စကေ။

၂။ တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ ယသဿိနော။
သတ္ထုနော လောကဇေဋ္ဌဿ၊ သဗ္ဗသတ္တဟိတေသိနော။

၃။ သဒ္ဓမ္မဥ္စဿ ပူဇေတွာ၊ နိယျာနိကံ ဝိဓံသကံ။
သင်္ဃံ ဝရံ သီဝံ ခေမံ၊ သုဝိဘတ္တံ သုဒုဒ္ဒသံ။

၄။ သံဃဿ စဥ္ဇလိံကတွာ၊ ပုညက္ခေတ္တဿ တာဒိနော။
သီလာဒိဂုဏောပေတဿ၊ သဒ္ဓမ္မဝရဓာရိနော။

၅။ ယဿ ဟတ္ထေသု သိဿာနံ၊ ဇောတတိ ဇိနသာသနံ။
သုပေသလံ ဂရုံ ဓီရံ၊ မဟာကဝိ နိသေဝိတံ။

၆။ ယေ စ ဂန္ထဏ္ဌဝေါဂဠာ–ဂရဝေါ ဂါရဝဘာဇနာ။
ဝိဿုတာ ဇိတစက္ကမှိ၊ ဝန္ဒေ တေ ဂန္ထကာရကေ။
၇။ ဣတိ နိပစ္စကာရဿ၊ ကတဿ ရတနာဒိကေ။
ဟတန္တရာယော သဗ္ဗတ္ထ၊ ဟုတွာဟံ တဿ တေဇသာ။
၈။ ကေန နု ခေါ ဥပါယေန၊ တောသာပေတိ ဂရုတ္တမေ။
သဒ္ဓမ္မဋ္ဌိတိ အာကင်္ခေ၊ ဣစ္စာပိ စိန္တယိံ သဒါ။
၉။ ဧဝါဟံ စိန္တယိတွာန၊ ဒဠှစိတ္တပရက္ကမော။
နာနောပဒေသံ လဒ္ဓါန၊ ဒါနာဂမ္မ ပယောဇနံ။
၁၀။ သုဓမ္မာယံ သံဃမဇ္ဈေ၊ သာသနဿ မဟေသိနော။
ဇောတိံ အာကင်္ခမာနဿ၊ သံဃရာဇယသဿိနော။
၁၁။ အာစေရပုဒ္ဓယောသေန၊ သီဿ နာထေန ဓီမတာ။
ထေရဝံသပ္ပဒီပေန၊ ထေရာသဘေန ယာ ကတာ။
၁၂။ ဒုဗ္ဗိညေယျလီနတ္ထာ စ၊ သံယုတ္တာဂမဝဏ္ဏနာ။
တန္တာကုလကဇာတာ စ၊ ဂမ္ဘီရတ္ထဿ ဒီပကာ။
၁၃။ တဿ ဂမ္ဘီရဉာဏေဟိ၊ ဩဂါဟေတဗ္ဗဘာဝတော။
ကိဉ္စာပိ ဒုက္ကရာ ကာတုံ၊ အတ္ထသံယောဇနာ မယာ။
၁၄။ သဟ သံဝဏ္ဏနာ ယသ္မာ၊ ဓရတေ သတ္ထုသာသနံ။
ပုဗ္ဗာစရိယသီဟာနံ၊ တိဋ္ဌတေဝ ဝိနိစ္ဆယော။
၁၅။ တသ္မာ တမုပနိဿာယ၊ သမယဉ္စာဝိလောမယံ။
ဝရံ အာစေရ ဗုဒ္ဓါနံ၊ တောသနာယ ဂရုတ္တမေ။
၁၆။ မယာပိ တရုမန္တာနံ၊ ဉာဏာဘေဒတ္ထသာသနော။
ပရိဗျတ္တံ သုဝိညေယျံ၊ ကရိဿာမတ္ထယောဇနံ။
၁၇။ ဣတိ မေ ဘာသမာနဿ၊ အသံကိဏ္ဏ အနာကုလံ။
သာရတ္ထပကာသိနိယာ၊ နိပုဏတ္ထဂိနိစ္ဆယံ။
၁၈။ ဌိတိစ္ဆာ ဇိနစက္ကဿ၊ သုတတ္ထိကာ သုပေသလာ။
အဋ္ဌိံ ကတွာ နိသာမေထ၊ ယောဇနာယံ သုဒုလ္လဘာ။
(၁) မဟေသီ၊ မြတ်သောသီတင်းကျေးဇူးစသည်တို့ကို ရှာမှီးတော်မူပြီးသော။ မြတ်သောသီတင်းကျေးဇူးအစုစသည်တို့ကို ရှာမှီးတော်မူပြီးသော။ ယော ယာဒိသော၊ အကြင်သို့သော။ အကြင်သို့သောသဘောရှိသော။ အကြင်သို့သော ဝိယသီ

အစရှိသော ရှေးဘုရားတို့ကဲ့သို့ ရှုအပ်သော။ သမ္ဗုဒ္ဓေါ၊ သဗ္ဗညုဘုရားသည်။ သန္တံ၊ ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် အပိုင်းအခြားရှိသည်။ သန္တမ္ပိ၊ ဖြစ်မှုလည်း။ အနန္တံ၊ အာရုံဖြင့်အပိုင်းအခြားမရှိသော။ ဒယာပိ၊ အသာဓာရဏဖြစ်သော မဟာကရုဏာတော်ကိုလည်း။ ဝါ၊ ဒယာနန္တမ္ပိ၊ အာရုံအားဖြင့် အပိုင်းအခြားမရှိသော အသာဓာရဏဖြစ်သော မဟာကရုဏာတော်ကိုလည်း။ နိသေဿသာယ၊ အကြွင်းမရှိသော။ ပဇာယ၊ သတ္တဝါ၌။ ယထာအာကင်္ခါယ၊ ထိုထိုသို့သော အလိုတော်ဖြင့်။ ပဝတ္တေသိ၊ ဖြစ်စေတော်မူပြီ။ ဝါ၊ ယထာကင်္ခံ၊ သည်။ ပဝတ္တာ၊ ဏ၏။ တပ္ပဘေဒံ၊ ထိုအလိုတော်၏ ကွဲပြားခြင်းလျှင် ကွဲပြားခြင်းရှိသည်။ ပဝတ္တေသိ၊ ပဝတ္တနံအကာသိ၊ ဖြစ်ခြင်းကိုပြုတော်မူလေပြီ။ ပဝတ္တေသိ–ပဝတ္တနံ ဘဝိ၊ ဖြစ်ခြင်းသည် ဖြစ်လေပြီ။ ယထာကင်္ခံ၊ အလိုတော်အားလျော်စွာ။ လျော်သော။ ပဝတ္တေသိ–ပဝတ္တနံအကာသိ၊ ပြီ။ ပဝတ္တနံ ဘဝိ၊ ပြီ။ ဝိနေန္တမ္ပိ၊ အာရုံအားဖြင့် အပိုင်းအခြားမရှိသောအသာဓာရဏဖြစ်သော သဗ္ဗညုတဉာဏ်တော်ကိုလည်း။ ဝါ၊ မဟာကရုဏာသမာပတ်ဉာဏ်တော်မှတစ်ပါးကုန်အောင်စုံသော ပညာတော်ကိုလည်း။ ယထာကင်္ခံ၊ သည်။ ပဝတ္တာ၊ ဏ၏။ တာယ–တာယအာကင်္ခါယ၊ ဖြင့်။ နိသေသေ၊ မကြွင်းသော။ အကြွင်းမရှိသော။ ဉေယျပဋ္ဌကေ၊ သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန်ပညတ်ဟူသော ဉေယျတရားငါးပါး အစု၌။ အဘိဉေယျပဟာတဗ္ဗ အစရှိသော ဉေယျတရားငါးပါး အစု၌။ ပဝတ္တေသိ၊ ပြီ။ ဝါ၊ ယထာကင်္ခံ၊ သည်။ ပဝတ္တာ၊ ဏ၏။ တပ္ပဘေဒံ၊ သော။ ပဝတ္တေသိ–ပဝတ္တ နံ အကာသိ၊ ပြီ။ ပဝတ္တနံ၊ သည်။ ဘဝိ၊ ပြီ။

(၂) ယသဿိနော၊ မပင်မပန်းပဲ အမြဲလာသော လေကဲ့သို့ကြေညက်အောက်ထက် ဘဝဂ်ဝီစိ နှံ့သိတွန်လျှက် လွှန်စွာကျော်စောခြင်းရှိတော်မူထသော။ သတ္တုနော၊ နတ်နှင့်တကွလူကို ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထအကျိုးတို့ကို ဆုံးမသင်ပေးတတ်ထသော။ လောကဇေဋ္ဌဿ၊ လောကသုံးပါးတို့ထက် ကြီးမြတ်တော်မူထသော။ သဗ္ဗသတ္တဟိတေသိနော၊ ခပ်သိမ်းသော သတ္တလောက၏ လောကီလောကုတ္တရာဟိတကိုရှာတော်မူထသော။ တဿတာဒိသဿ၊ ထိုသို့သဘောရှိထသော။ ဝါ၊ မဟာကရုဏာသဗ္ဗညုတဉာဏ်တော်၏တည်ရာဖြစ်သော။ ဝါ၊ ဒယာနန္တံအစရှိသည်ဖြင့် ချီးမွမ်းအပ်ပြီးသော။ သမ္ဗုဒ္ဓဿ၊ သဗ္ဗညုဘုရားသခင်၏။ ပါဒေ၊ ခြေတော်တို့ကို။ အဟံ၊ ငါသည်။ နမဿိတွာ၊ နမဿာမိ၊ ရှိခိုးပါ၏။ နမဿိတွာ၊ ၍။

(၃) နိယျာနိကံ၊ ဝဋ္ဋမှထွက်ကြောင်းဖြစ်ထသော။ ဝိခံသကံ၊ ကိလေသာဓမ္မကို အထူးသဖြင့်ဖျက်ဆီးတတ်ထသော။ သန္တံ၊ ပူပန်မလိမ်း ငြိမ်းပြေးသော။ ဝရံ၊ ဥတ္တမံ၊ မြတ်ထသော။ ဝရံပတ္တနိယံ၊ တောင့်တအပ်ထသော။ သိဝံ၊ အရိယာသခင် မြတ်တို့သာ မှီဝဲအပ်ထသော။ ခေမံ၊ ဥပဒ္ဒဝေါကုန်ရာဖြစ်ထသော။ သုဝိဘတ္တံ၊ ကောင်းစွာ ဝေဖန်အပ်ထသော။ သုဒုဒ္ဒသံ၊ အလွန်လျှင်မြင်နိုင်ခဲထသော။ အသဿသမ္ဗုဒ္ဓဿ၊ ထိုသဗ္ဗညုဘုရားသခင်၏။ သဒ္ဓမ္မဥ္စ၊ မဂ်ဖိုလ်နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော နတ်လူပူဇော်အပ်သော တရားတော်ကိုလည်း။ ပူဇေတွာ၊ ပူဇော်ပါ၏။ ပူဇေတွာ၊ ၍။

(၄) ပုညက္ခေတ္တဿ၊ ကောင်းမှုအခင်းဖြစ်သော။ တာဒိနော၊ ဣဋ္ဌာနိဋ္ဌအကြင် သဘောဖြစ်၏။ အနိဋ္ဌ၌ထိုသဘောဖြစ်၍ တာဒိဖြစ်တော်မူထသော။ သီလာဒိ ဂုဏောပေတဿ၊ သီလသမာဓိပညာဝိမုတ္တိဝိမုတ္တိဉာဏဒဿနစသောဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သဒ္ဓမ္မဝရဓာရိနော၊ သူတော်တရားမြတ်ကို ဆောင်ခြင်း သဘောအလေ့ရှိတော်မူထသော။ သံဃဿစ၊ သံဃာတော်အားလည်း။ ဝါ၊ အဥ္ဇလိံ အဥ္ဇလိပဂ္ဂဟံ၊ လက်အုပ်ချီခြင်းကို။ ကတွာ၊ ကရောမိ၊ ပြုပါ၏။

(၅) ယဿဂရုနော၊ အကြင်ကျေးဇူးရှင်ဆရာတော်၏။ သိဿာနံ၊ လက်အုပ် ဥပဒေရကုန်သော လဇ္ဇီပေသလတပည့်ကျော်တို့၏။ ဟတ္ထေသု၊ လက်တို့၌။ ဝါ၊ ဉာဏ်တော်ဟူသောလက်တို့၌။ ဇိနသာသနံ၊ သဗ္ဗညုဘုရားသခင်သာသနာတော် သည်။ ဇောတတိ၊ ထွန်းလင်းတောက်ပ၏။ တံတာဒိသံ၊ ထိုသို့ခပဲ အမျှကြဲသို့ လင့်ကဲတဖြာ ရှစ်မျက်နှာဝယ် သာသနာပွင့်လင်း မညှိုးနွမ်းအောင် ရဟန်းလောင်း မျိုးစေ့ပျိုးပေတတ်ထသော။ မဟာကဝိနိသေဝိတံ၊ အရပ်လေးမျက်နှာ အပူဇော်ခံနေ ၍ ဘဝမြောက်ပြီးဂိုဏ်းဆရာကြီးတို့ မပြတ်မှီဝဲအပ်ထသော။ သုပေသလံ၊ လုံ မစောက်သီလချစ်တော်မူထသော။ ဓီရံ၊ ကိုယ်၏သဘောကိုမှတ်နိုင်သော ဝီပဿနာ ရှိထသော။ ဝါ၊ မိစ္ဆာဝိတက်ညဥ့်ငှက်ပြင်ထုတ် မလှုပ်ရှားနိုင် ကျောက်စာတိုင်သို့ ခိုင်ခန့်သောသမာဓိရှိတော်မူထသော။ မေ၊ ငါ၏။ ဂရုံစ၊ သူရိယာဝံသာဘိသီရိပဝရာ လင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရုဟု ဇမ္ဗူ့ကျက်သရေသုံးထွေသာသ နာအခါခါရ စောင်မကြည့်သည့် ရာဇာဓိရာဇသာသနဒါယကာသည် လှူအပ်သော တံဆိပ်နာမတော်ရ၍ သာသနာ့ညစ်ကြေးလျှော်ဖွပ်ပေးသော ကျေးဇူးရှင်ဆရာတော် ကိုလည်းကောင်း။

(၆) ဂန္ထဏ္ဏဝေါဂဠှာ၊ ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာသို့ သက်ဝင်နိုင်ပေကုန်သော။ ဂါရဝဘာဇနာ၊ လေးသောဝန်ပြုအပ်သည်၏ အဖြစ်တည်းဟူသော သီလ သမာဓိသဒ္ဓေါသအစရှိသော ကျေးဇူးဂုဏ်၏တည်ရာဖြစ်ကုန်သော။ ယေဂုရဝေါ၊ အကြင်အများမှီရို ပုဂ္ဂိုလ်မြောက်ပြီးသော ဆရာတော်တို့သည်။ ဇိနစက္ကမှိ၊ ဘုရား သာသနာတော်၌။ ဝိသုတာ၊ ညစ်ကြေးကင်းကွေ နဘောစန္ဒော်လသို့ပေါ်ကုန်၏။ ဂန္ထကာရကေ၊ အဋ္ဌကထာဋီကာအနုမဇုလက်သန်း ဂန္ထန္တရဂဏ္ဌိပဗ္ဗနိသဿယကျမ်းဂန် ပြုစုတော်မူပေကုန်သော။ တေစဂုရဝေါ၊ ထိုသို့ကျမ်းဂန်ဥစ္စာရတနာမရှား ငါးခန်းတိုက်၌ သိမ်းပိုက်သိုမြှုပ် စာအုပ်ကြီး၌ ခိုမှီးလောက်ပေသော ဆရာကျော်တို့ကိုလည်းကောင်း။ ဝန္ဒေ၊ ရှိခိုးပါ၏။

(၇) ဣတိဣမိနာဂါထာဆက္ကေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော ဂါထာဆက္ကဖြင့်။ ရတနာဒိကေ၊ သုံးပါးရတနာဆရာဝိသေသ ဆရာသာမည၌။ ကတဿ၊ ပြုအပ်သော။ တဿ နိပစ္စကာရဿ၊ ထိုသို့ နှိမ်ချတုပ်ဝပ်ခြင်းကို ပြုကြောင်းဖြစ်သော ပဏာမစေတနာ၏။ တေဇသာ၊ အစွမ်းဖြင့်။ အစွမ်းကြောင့်။ သဗ္ဗတ္ထ၊ အဖွင့်ပါတ္တ ဗဟိဒ္ဓအလုံးစုံ၌။ ဝါ၊ ကျမ်း၏အစအလယ်အဆုံး သုံးပါးလုံး၌။ အဟံ၊ ငါသည်။ ဟတန္တရာယော၊ ဖျောက်အပ်ပြီးသောအန္တရာယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။

(၈) ကေနဥပါယေန၊ အဘယ်ဥပါယ်ဖြင့်။ သဒ္ဓမ္မဝိတိအာကင်္ခေ၊ သူတော်ကောင်းတရား၏တည်ခြင်းကို တောင့်တပေကုန်သော။ ဂရုတ္တမေ၊ ဆရာကျော်တို့ကို။ တောသာပေမိနခေါ်၊ နှစ်သက်စေပရအံ့နည်း။ ဣစ္စာပိ၊ ဤသို့ဆိုအပ်သော အခြင်းအရာအားဖြင့်လည်း။ သဒါ၊ မပြတ်။ စိန္တယိ၊ ကြံလတ်ပြီ။

(၉/၁၀) ဝေ၊ ဤသို့သောအခြင်းအရာအားဖြင့်။ အဟံ၊ ငါသည်။ စိန္တယိတွာ၊ ကြံလတ်ပြီး၍။ ဒဠှစိတ္တပရက္ကမော၊ ခိုင်သောစိတ် မြဲသောလုံ့လရှိသည်ဖြစ်၍။ နာနောပဒေသံ၊ အထူးထူးသောဒေသ၌ အထူးထူးသောဆရာတော်တို့၏ လက်ဆုပ်ဥပဒေသ မူသေနိဿယည်းကို။ လဒ္ဓါန၊ ကျင့်ဝတ်ကုန်ဆည်းခလျှက် ရလတ်ပြီး၍။ ကဒါနိ၊ ယခုအခါမူကား။ မဟေသိနော၊ သော။ သမ္မုဒ္ဓဿ၊ ၏။ သာသနဿ၊ သာသနာတော်၏။ ဇောတိ၊ ထွန်းလင်းတောက်ပခြင်းကို။ အာကင်္ခမာနဿ၊ တောင့်တတော်မူသော။ သံဃရာဇာယသိနော၊ ကျော်စောခြွေရံ ဆုံးခေါင်လျှံ၍

စံပါယ်စွာလှ ဥဿျှမ္ဗောဘိဝံသသီရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံခံတော်မူသော ဤမင်းသဃ်ရာဇာ၏။ သုဓမ္မာယံ၊ ပညိန္ဒြေမြဲ့တေ ရှင်းပြီး ထေရ်ပေါက်ကြီးတို့၏ပွဲသိစရာ သုဓမ္မာသဘင်၌။ သံဃမင္ဓေ၊ ဆရာတော် သံဃာတော်တို့၏အလယ်၌။ ပယောဇနံ၊ တိုက်တွန်းခြင်းကို။ အာဂမ္မ၊ အကြောင်းပြု၍။

(၁၁/၁၂) သီဿနာထေန၊ သူငါအများ တပည့်သားတို့ကိုးကွယ်ရာဖြစ်ထသော။ ဓီမတာ၊ သဘောအလျှောက် မဖောက်မပြန် မှတ်နိုင်ဆောင်နိုင်သော ပညာတော်ရှိထသော။ ထေရဝံသပ္ပဒီပေန၊ သခင်မဟာကဿပအစရှိသော မထေရ်မြတ်တို့၏အနွယ်တော်ကိုပြတတ်ထသော။ ထေရာသဘေန၊ အာသဘမြောက်ပြီးသော မထေရ်ကျော်ဖြစ်တော်မူထသော။ အာစေရပုဒ္ဓဃောသေန၊ သူငါတို့အစီးအပွားကို လွှန်စွာကျင့်ပေ ကျမ်းဂန်းအပိုင်းအခြားထုံးတန်းမလွန်ကျင့်ပေ၍ မြေအပြင်ဝယ် ဘုရားတစ်ဆူ ကြေငြာတော်မူသော သခင်မဟာဗုဒ္ဓဃောသသည်။ ယာသံယုတ္တာဂမဝဏ္ဏနာ၊ အကြင်သံယုတ္တနိကာယ်သံဝဏ္ဏနာအဋ္ဌကထာကို။ ကတာ၊ စီရင်တော်မူအပ်ပြီ။ သာ၊ ထိုသံယုတ္တနိကာယ်၏အဋ္ဌကထာသည်။ ဒုဗ္ဗိညေယျလီနတ္ထာစ၊ သိနိုင်ခဲသောလျှို့ဝှက်သောအနက်ရှိသည်လည်းကောင်း။ တန္တာကုလကဇာတာစ၊ တံတင်းပူတာဖာ၌ ကာလလျားစွာထားအပ်သော ပိုးခင်သည် သုတ်သင်ခက်၏သို့ ထွေးရှုပ်သော အက္ခရာဝဋ္ဋိရှိသည်လည်းကောင်း။ ဂမ္ဘီရတ္ထဿ၊ အနုပုဗ္ဗအနုတ္တာနဂမ္ဘီရအနက်ကိုသာ။ ဒီပကာ၊ ပြသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

(၁၃) တသ္မာ၊ ထိုသို့သောအကြောင်းကြောင့်။ တဿာသံဝဏ္ဏနာယ၊ ထိုသံယုတ္တနိကာယ်သံဝဏ္ဏနာအဋ္ဌကထာ၏။ ဂမ္ဘီရဉာဏေဟိ၊ နက်သောဉာဏ်တို့ဖြင့်။ ဝါ၊ နက်သောဉာဏ်ရှိပေသောသခင်တို့သည်သာ။ ဩဂါဟေတဗ္ဗဘာဝတော၊ သက်ဝင်နိုင်စေကောင်းသည်၏အဖြစ်ကြောင့်။ မယာ၊ ငါသည်။ အတ္ထ ယောဇနာ၊ မြန်မာဘာသာပရိဝတ္တနအတ္ထယောဇနာသည်။ ဝါ၊ ကို။ ကာတုံ၊ ပြုခြင်းငှာ။ ကိဥ္စာပိ ဒုက္ကရာ၊ အကယ်၍ကား ခဲစွာ၏။

(၁၄) ပန–တထာပိ၊ ထိုသို့ပင်ခဲမူကား။ ယသ္မာ၊ အကြင်ကြောင့်။ သဟာဝဏ္ဏနံ၊ အဖွင့်သံဝဏ္ဏနာနှင့်တကွဖြစ်သော။ သတ္ထုသာသနံ၊ သဗ္ဗညုဘုရားပရိယတ္တိသာသနာတော်သည်။ ဓရတေ၊ ငါးထောင်အနက်တွင် တဝက်မျှမယွန်းခင်ဖြစ်၍

ထင်ရှားရှိပေသေး၏။ ပုဗ္ဗာစရိယသီဟာနံ့၊ သီဟရာဇာကေသရာနှင့် ပမာနိုင်းလျော် ရှေးဆရာတော်တို့၏။ ဝိနိစ္ဆယော၊ ဆုံးဖြတ်ကြောင်း ဥပဒေသည့်လည်း။ တိဋ္ဌတေဝ၊ တည်ပေသေးသည်သာ။

(၁၅) တသ္မာ၊ ထိုသို့ ငါတို့နောက်သား အားမသန်တို့မှီစရာ ရှေးဆရာမြတ်တို့ ဝိနိစ္ဆယစသည့်ရှိပေသည့်၏အဖြစ်ကြောင့်။ တံ၊ ထိုပုဗ္ဗါစရိယဝိနိစ္ဆယသံဝဏ္ဏနာနှင့် တကွသော ဗုဒ္ဓဝစနကို။ ဥပနိဿာယ၊ ဥပနိဿယံကတွာ၊ ကြပ်ကြပ်တည်းအမှီပြု ၍။ အာစေရပုဂ္ဂလာနံ၊ ဆရာမြတ်တို့၏။ ဝါ၊ ဒုက္ကောဂါဟဖြစ်သော တောကြီးကို ဝစီတည်း ချဉ်းနင်းသောကျားမင်းကဲ့သို့ ရဲတင်းသောဉာဏ်ရည်ရှိကုန်သော ဆရာမြတ်တို့၏။ သမယဉ္စ၊ အယူတော်ကိုလည်း။ အဝိလောမယံ-အဝိလောမယန္တော၊ မဆန့်ကျင်စေမူ၍။ ဂရုတ္တမေ၊ ဆရာကျော်တို့ကို။ တောသနာယပိ၊ နှစ်သက်စေခြင်း ငှာလည်းကောင်း။

(၁၆) မယာပိ၊ ငါ့အောက်လည်း။ ဝါ၊ မယာ၊ ငါ့အောက်။ တရုမန္တာနံ၊ နုသော ပညာရှိသော အမျိုးသားတို့၏။ သာသနေ၊ သာသနာတော်၌။ ဉာဏဘောဒတ္ထံပိ၊ ဉာဏ်အထူးဖြစ်ပွားစေခြင်းငှာလည်းကောင်း။ ပရိဗျတ္တံ၊ ထက်ဝန်းကျင်ထင်ရှားသော။ သုဝိညေယျံ၊ သိလွယ်ဖြစ်သော။ အတ္တယောဇနံ၊ မြန်မာပြန်နိဿယည်းကို။ ကရိဿာမိ၊ နစ်နောစေ့ငုပြုပေလအံ့။

(၁၇/၁၈) ဣတိက္ကမိနာ၊ ဤကရဏပကာရဖြင့်။ ဘာသမာနဿ၊ ဆိုလတံ့သော။ မေ၊ ငါ၏။ အသံကိတ္တံ၊ အယူတပါးနှင့်မရောသော။ အနာကုလံ၊ သကာသမယနှင့် လည်း ရောယှက်ရှုပ်ထွေးခြင်းကင်းသော။ နိပုဏတ္တဝိနိစ္ဆယံ၊ သိမ်မွေ့သောအနက် အဆုံးအဖြတ်ရှိသော။ တံအတ္တယောဇနံ၊ ထိုမြန်မာဘာသာနိဿရည်းကို။ ဇိနစက္ကဿ၊ သဗ္ဗညုဘုရားမြတ်သော သာသနာစက်၏။ ဋ္ဌိတိတ္တာ၊ နှစ်ရှည်မြားမြောင် ငါးထောင်ဆုံးအောင် မသုံးမဖြစ်တည်တွန်းခြင်းကို အလိုရှိကုန်သော။ သုတတ္တိကာ၊ သုတလိုလားကုန်သော။ သုပေသလာ၊ လုံမစောက်ချစ်အပ်သော သီလရှိကုန် သော။ တုမှေ၊ သင်သူတော်ကောင်းတို့သည်။ အဋ္ဌိ ကတွာ၊ မိမိဥစ္စာပြု၍။ နိသာ မေထ၊ နာလတ်ကုန်။ ဟိယသ္မာ၊ အကြင်ကြောင့်။ အယံယောဇနာ၊ ဤမြန်မာ ဘာသာ နိဿရည်းသည်။ သုဒုလ္လဘာ၊ သာသနာတော် နှစ်ထောင်ကျော် လျှက် မပေါ်ဖြစ်၍ စင်စစ်ရခဲ၏။ တသ္မာ၊ ထို့ကြောင့်။ နိသာမေထ၊ သောတဒွါရိက

ဝိညာဉ်သို့အစဉ် မှီးလျှက် မှတ်သားလတ်ကုန်။ ဣတိ၊ ဤရွေ့သောအစီအရင်ဖြင့် ဂန္ထာရမ္ဘကျမ်း စခင်းပြီးလတ်တည်း။

ဟူသော ၁၈–ဂါထာပါဠိနိဿယဖြင့် ရတနာသုံးပါး၊ ဆရာသမား၊ ဂန္ထာကာရကပုဂ္ဂိုလ်များကိုရှိခိုးခြင်း၊ အဘိယာစက၊ ကျမ်းပြုခြင်း၏အကြောင်း၊ ဥယောဇဉ်၊ ပဋိညာဉ် စသည်တို့ကိုဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ဆရာတော်သည် ဖော်ပြပါ ၁၈–ဂါထာ၏အဓိပ္ပါယ်ငုပ်များကို ဆက်လက်ရေးသားတော်မူပြီး–

သိဒ္ဓံ သီဃံ သမာရဒ္ဓံ၊ နမော ဗုဒ္ဓဿ သာဒရံ။
ဖိနစက္ကံ စိရံ ဌာတု၊ ဣဒ္ဓံ ဖီတံ သုနိမလံ။

ဟူသောဂါထာဖြင့် ဘုရားရှိခိုးပြီး အာသီသပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

၁။ သတာ မေဓိယဓဇေန၊ သာသနောဒယကာရိနာ။
ခန္ဓိယဝဂ္ဂဝဏ္ဏနာ–ဋ္ဌနိဿယော သုသခ်တော။

၂။ ယထာယိဒံ နိဋ္ဌံ ပတ္တံ၊ အန္တရာယံ ဝိနာ တထာ။
သီဃံ သိဇ္ဈန္တု သင်္ကပ္ပါ၊ ကလျာဏာ သဗ္ဗပါဏိနံ။

(၁) သတာ–သန္တေန၊ သူတော်မွန်စစ်ဖြစ်သော။ သာသနောဒယကာရိနာ၊ သာသနာတော်၏စီးပွားခြင်းကို အခါမနေ့ပြုလေ့ရှိသော။ မေဓိယဓဇေန၊ မေဓိယဓဇမဟာထေရ်သည်။ သုသခ်တော၊ ကောင်းစွာစေ့နှ ဉာဏ်ဖြင့်ရှု၍ ပြုစီရင်အပ်သော။ ခန္ဓိယဝဂ္ဂဝဏ္ဏနဋ္ဌနိဿယော၊ ခန္ဓိယဝဂ္ဂသံဝဏ္ဏနာ၏ အမှီနိဿရည်း ကျမ်းစာသည်။ နိဋ္ဌိတော၊ အပြီးကမ်ပတ် ရောက်လတ်ပြီ။

(၂) ဣဒံပကရဏံ၊ ဤသည့်အမှီနိဿရည်းနှံကျမ်းစာသည်။ အန္တရာယံ၊ နှောင့်ယှက်ငြိတွယ် အန္တရာယ်ကို။ ဝိနာ၊ ကြဉ်၍။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ပတ္တံယထာ၊ ရောက်၏သို့။ တထာ၊ ထို့အတူ။ သဗ္ဗပါဏိနံ၊ ကုန်အောင်စုံသောသတ္တဝါတို့၏။ ကလျာဏာ၊ ကောင်းကုန်သော။ သင်္ကပ္ပါ၊ အကြံအစည်တို့သည်။ သိဇ္ဈန္တု၊ ပြီးပစေကုန်သော်။

ဟူသော ၂–ဂါထာပါဠိနိဿယဖြင့်လည်းကောင်း၊ အဟံ၊ ငါသည်။ ဓေတေန ပုညကမ္မေန၊ ဤသို့ကျမ်းပြုစုရသော ကောင်းမှုကံစေတနာကြောင့်။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တော၊ ကြဉ်လည်ရသည့်ရှိသော်။ တိဟေတုကေန၊ တိဟိတ်ဖြစ်သော။ ဥက္ကဋ္ဌပဋိသန္ဓိယာ၊ မြတ်သောပဋိသန္ဓေဖြင့်။

ပဋိသန္ဓိကော၊ ပဋိသန္ဓေ စွဲယူနေသည်။ ဘဝေ-ဘဝါမိ၊ ဖြစ်ရပါလို၏။ ဇဝနတိက္ခ ဂမ္ဘီရပဏ္ဍိတဟာသပညဝါ၊ လျှင်သောပညာ ထက်သောပညာ နက်နဲ သောပညာ ထွန်းတောက်ပသောပညာ ရွှင်သောပညာရှိသည်ဖြစ်၍။ ပိဋကာနိစ၊ ပိဋကတ် သုံးပုံတို့ကိုလည်းကောင်း။ ဗေဒါနိစ၊ ဗေဒင်လေးပုံတို့ကိုလည်းကောင်း။ ခမ္ဗတော၊ ဟုတ်မှန်သောသဘောအားဖြင့်။ ပဂုဏော၊ လေ့လာနိုင်သည်။ ဘဝေ-ဘဝါမိ၊ ဖြစ်ရလို၏။

ဟူသော ပါဠိအနက်စကားရပ်ဖြင့် ဆုတောင်းပတ္ထနာပြုတော်မူခဲ့လေသည်။ ယင်းခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယကြီးမှာ စာအုပ်အဖြစ်မရောက်ပဲ ပေဖြင့် တည်ရှိလေသည်။ ၂၈-အင်္ဂါရှိ ပေထုပ်ကျမ်းစာကြီးဖြစ်လေသည်။

ခန္ဓဝဂ္ဂသုသံယုတ္တ-ဋ္ဌကထာယ သုနိဿယံ။
မေဓိယဝှါ ထေရသေဋ္ဌော၊ ရစယိ ယတိကုဉ္ဇရော။

## သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ

သဠာယတနဝဂ္ဂသံယုတ္တဋ္ဌကထာပါဠိသည် ဆဋ္ဌသံဂါယနာစာတော်မူ ၁၅၂-ရှိကျမ်းစာဖြစ်လေသည်။ ကျမ်းပြုလိမ္မာအရှင်မဟာဗုဒ္ဓဃောသထေရ်သည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ဖွင့်အပြီး သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်အဖွင့် အဋ္ဌကထာကိုပြုစီရင်တော်မူခဲ့လေသည်။ ယင်းသဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာ၏ အနက်မြန်မာနိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းနိဿယမှာ ၁၁-ပေဖြင့် က-မှ ခါ-အထိရှိ ရွှေပိန်းချပေထုပ်ကြီးဖြင့် မူများစွာတည်ရှိခဲ့လေသည်။

သဠာယတနဝဂ္ဂသံယုတ္တ-နိဿယမ္ဗိ သုနိဿယော။
မေဓိယတော မဟာထေရော၊ ရစယိတ္ထ သုဓီတိမာ။

## မဟာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ

မဟာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယကိုလည်း ဆက်လက်ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

၁။ သေဋ္ဌော ဇေဋ္ဌော တိလောကဿ၊ ဝသဝတ္တီ စိတ္တိဿရော။
နိပ္ပာဒကော ယထာကာမံ၊ ဆန္ဒံ ပူရေတု မေ ဇိနော။

၂။ ဒေသေတွာ သဥ္စာယတနံ၊ ဆအသာခါရဏာဉာဏိကော။
ယံ မဟာဝဂ္ဂသံယုတ္တံ၊ ဒေသယီ တဒနန္တရံ။
၃။ အာရဘိသ္သမဟံ ဒါနိ၊ တဗ္ဗဏ္ဏနာယ နိဿယံ။
တံ မေ သုဏာထ သက္ကစ္စံ၊ ဘာသတော သာဓဝေါ သုဘံ။
ဟူသော ၃–ဂါထာပါဌ်ဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။
ကျမ်း၏အဆုံး၌လည်း–
၁။ ယေနန္တတန္တမန္တာယ၊ မန္တာနေရ သုဗုဒ္ဓိယာ။
လဒ္ဓါ ဣတိ မဟာ သာရာ၊ သုခိတာ သုခယန္တိ စ။
၂။ တေ မေ ဖယန္တိ ဂရဝေါ၊ ဂရဝေါဂုဏာရာသိဘိ။
တပေါဓနာ သတာ ဓီရာ၊ သာသနောဒယကာရကာ။
၃။ သုဇာတာ တေဟိ ထေရေဟိ၊ လဒ္ဓေါပဒေသဘိက္ခုဝေါ။
ဂန္ထကာရာ ဗဟူ ဇာတာ၊ ပယောပဒေသပါယကာ။

ဣစ္စာတိ မဟာတေဇဝန္တဿ သံဂုတ္တမဟာနုဂရဿ ဥပရိဂဗ္ဘသံနိဝိဋ္ဌဿ ဗောဓောဒဖျာဘိဓာနဿ ဂါမုဂ္ဂတဿ ဤသုတ္တရောနတပဠိမဒိသာဘာဂေ မဟာဝိဟာရေ ဝသနသီလာနံ ဘဒ္ဒန္တက္ကန္ဒောဘာသာဒိပုဗ္ဗာစရိယသီဟာနံ သုပရိသုဒ္ဓပဘာဝ လဗ္ဘီပေသလသိက္ခာကာမာနံ အဏုမတ္တေသုပိ ဝဇ္ဇေသု ဘယဝဇ္ဇာဒီနံ ဥဠာရဇ္ဈာ သယာဒီနံ နိသမ္မကာရီနံ မဟာဝေယျာကရဏာနံ ကဝိကုဥ္ဇရကေသရီနံ ပထဗျာပါကဋာနံ အယဥ္စ မေဓာဝီ ဣမေ ပနိမေသံ ဝိသေသေန မေဓာဝိနောတိ မေဓိယာနံ ဓမ္မပမေန သုစိသလ္လေခဝုတ္တိနာ ခန္တျဗ္ဗဝမဒ္ဒဝသောရစ္စဂရုဂါရဝယုတ္တေန ဥပါသကာနံ ဓမ္မာနုဂ္ဂဟေန သပြဟ္မစာရီနန္တု ဒွိဟိပိ အနုဂ္ဂဟကေန ရဋ္ဌသန်ဗွေပိ အဟာပေတွာ သဒါ သာသနောဒယကာရိနာ ဘာသိတတ္ထံ ခိပ္ပံ ဂဟဏဓာရဏာ သမတ္တေန မေဓိယဓဇော တိ ဂရူဟိ ဂဟိတနာမဓေယျေန မဟာထေရေန ပရမ္မရာ ဘတဝိနိစ္ဆယညူဟိ လဒ္ဓေါ ပဒေသသမဝလမ္ဗကတာယံ သာရတ္ထပကာသိနိယာ သံယုတ္တနိကာယဋ္ဌကထာယတ္ထယောဇနာ နာတိသင်္ခေပနာတိဝိတ္ထာရမဓုရသာရ ဝိနိစ္ဆယော။

၁။ နိဋ္ဌိတာယံ ဇိနစက္ကေ၊ ခဥ္ဇမုဋ္ဌတ္ထယောဇနာ။
တထေဝ ဟိတသက်ပ္ပါ၊ သမိဒ္ဓါ ဟောန္တု ပါဏိနံ။
၂။ နရုစ္စတာယသုန္ဒာနံ၊ အပရဒ္ဓံ မမ ကြိယံ။
တံ မေ ခမန္တု ဘဒ္ဒန္တာ၊ ပူဇာ ဟောတု အယံ မမ။

၃။ ဣမဋ္ဌ သစ်ရောဗ္ဗေနှ၊ ယံ ပုည် ပသုတံ မယာ။
အညမ္ဘိ တေနပုညေနှ၊ ပသုတေနိဝ သာသနေ။
၄။ အသ္မာကဋ္ဌ သုဘူပါန်၊ ဇယော ဘဝတု သဗ္ဗဒါ။
တေစ ရက္ခန္တု ခမ္မေနှ၊ အတ္တနောဝ ပဇံ ပဇံ။
၅။ နိရုတာ ပုညကမ္မေသု၊ ဇောတေန္တု ဇိနသာသနံ။
ဣမေပိ ပါဏိနော သဗ္ဗေ၊ ပပ္ပေါန္တု အမတံ ပဒံ။
၆။ သောတာရော စ ပေဋကိကာ၊ အရောဂါ နိရုပဒ္ဒဝါ။
ပါရင်္ဂတာ ဂန္ထကာရာ၊ တာရကာ ဣဝ သာသနေ။
၇။ အာရက္ခကာ မရူ သဗ္ဗေ၊ ပါပုဏန္တု သုခံ နဝံ။
ပမာဒရဟိတာ ရက္ခန္တု၊ သမ္မာ ဒေဝေါ ပဝဿတု။
၈။ သပရတ္ထကောဝိဒေါဟံ၊ စရန္တော ဗောဓိပါစကံ။
သဗ္ဗညုတတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။
၉။ ပရိတော ဝါ ကုလေ ဥစ္စေ၊ သတ္တသဒ္ဓမ္မသံယုတော။
သဗ္ဗသာမယိကော ဓီရော၊ သောဓေယျံ သောဂတံ သုဘံ။
၁၀။ သာသနန္တရဓာနေပိ၊ သုမေဓောဝ တပေါဓနော။
ကာယေ ဇီဝေနပေက္ခန္တော၊ စရေယျံ ဗောဓိပါစကံ။
၁၁။ တာဝါဟံ တိဋ္ဌတံ လောကေ၊ လောကဇေဋ္ဌေသ တာဒိနော။
ယာဝ ဗုဒ္ဓေါတိနာမမ္ပိ၊ ပဝတ္တတိ သိရီမတောတိ။

(၁/၂) ယောဂရဝေါ၊ အကြွင်တို့ကျေးဇူးရှင်ဆရာတော်မြတ်တို့ကို။ အနန္တတန္တမန္တာယ၊ ရတနာတို့၏တည်ရာမဟာသမုဒ္ဒရာမြစ်မင်းသို့ ဆင်းကူးခပ်နိုင်ခဲစွာဘိ အဆုံးမရှိ၏သို့ အနုပစိတဉာဏသမ္ဘာရမန္ဒဗုဒ္ဓိတို့သည် သိနိုင်ခဲသည်ဖြစ်၍ အဆုံးအပိုင်းအခြားမရှိ ပါဠိအဋ္ဌကထာဋီကာဂန္ထန္တရဗျာကရဏ်း စသောကျမ်းဂန်ရသာရည်နှောင်နည်း ပွတ်မွေ့တတ်သော။ မန္တနေရှသုဗုဒ္ဓိယာ၊ နှီးရည်သမုဒ္ဒရာကို မွှေနည်နှောင့်နှက် ကြောင်းဖြစ်သော မြင့်မိုရ်တောင်မင်းသဖွယ် တင့်တယ်လျှင်လျှားသွားသောဉာဏ်ဖြင့်။ လဒ္ဓါ၊ မွှေနည်နှောက်နှက်အပ်သော အဆုံးမရှိ ကျယ်စွာဘိသား ပါဠိ အဋ္ဌကထာ ဋီကာဂန္ထန္တရ ဗျာကရဏ်းစသော ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာမှရအပ်ကုန် သည်ဖြစ်၍။ ဣမေ၊ ဤ တို့ကျေးဇူးရှင် ဆရာတော်တို့ကား။ သာရာတိသာရာဘူတာ၊ အလုံးစုံသော ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာ အနှစ်သာရစု ဆီရဆီခဲသဖွယ် ဖြစ်၍ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့၊ မတာ၊ ဉာတာ၊ သမ္မတာ၊ ပညာရှိတို့ သိအပ် မှတ်အပ်ကုန်၏။

တပေါဓနာ၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစုလည်းမဖြစ် အနှစ်အနဂ္ဃသီလ ဥစ္စာကြွယ်ဝတော်မူကုန်သော။ သတာ၊ စိရကတစိရဲဘာသိတစသော အာဂုံခပင်းကို မယွင်းမပျောက် အောက်မေ့ခံချီသတိမြဲတော်မူကုန်ထသော။ မီရာ၊ သဘောအားလျော်စွာ မှတ်နိုင်သောပညာရှိတော်မူကုန်ထသော။ ဝါ၊ ခိုင်ခန့်သော သမာဓိရှိတော်မူကုန်သော ပညာရှိတော်မူကုန်ထသော။ သာသနောဒယကာရကာ၊ သာသနာတော်၏ စီးပွားကြောင်းအမှုကို အလေးဂရုပြုတော်မူကုန်ထသော။ ဂုဏာရာသိဘိ၊ စင်စစ်သူတပါးတို့သည် ချီပိုးဆောင်ရွက်နိုင်ခဲလှသော သီလသမာဓိ သဒ္ဓေသ အစရှိကုန်သောသခင်တို့အပေါ်၌ တင်ရွက်အပ်ကုန်သော ကျေးဇူးဂုဏ်အစုအပုံကြီးတို့ဖြင့်။ ဂရဝေါ၊ လူသာမန်တို့ ချီပို့ဆောင်ရွက်နိုင်ခဲသော ဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍ စင်စစ် အားကြီးကျောက်ထီးသို့ အင်မတန်လေးလန်သည်ဖြစ်၍ ဖြစ်ကုန်ထသော။ မေ၊ ငါ၏။ တေဂရဝေါ၊ ထိုကျေးဇူးရှင်ဆရာတော်မြတ်တို့သည်။ သုခိတာ၊ ကောင်းစွာပြီးစေအပ်သော ဒိဋ္ဌဓမ္မိကသမ္ပရာယိကအကျိုးစီးပွားများ မြတ်ပေါ်လွင်၍ သခင်တို့လည်း ချမ်းသာခြင်းသို့ရောက်တော်မူကြကုန်၏။ အညေစ၊ သခင်တို့ကို နှစ်လို့လေးမြတ် မပြတ်နေ့ည ဩဝါဒခံကုန်သော တပါးသောသူတို့ကိုလည်း။ သုခယန္တို၊ သိုက်မှန်ပေါက်သို့ တတ်မြောက်စလွယ် ဆန်းကြွယ်ဥပဒေမူသေနိဿရည်း နည်းကောင်းပေးသဖြင့် မညောင်းကာလကျမ်းဂန်ကျ၍ ဉာဏ်ဝပြည့်လျှမ်း ချမ်းသာကြစေကုန်၏။ ဇယန္တိ စ၊ ကျမ်းဂန်အထူးအဆန်း၌ မသန်းဟယ်လောက် ကူးခပ်မြောက်၍ ပြိုင်ထောက်မထင် အောင်မြင်တော်မူကုန်၏။

(၃) တေဟိ ထေရေဟိ၊ ထိုကျေးဇူးရှင်သခင်တို့မှ။ သုဇာတာ၊ သခင်တို့ခြေ၌ ကပ်သောမြူဖြင့်ပြည့်သော ဥက္ကောင်းရှိကုန်လျှက် ချက်ချက်ကြည်ယုံ ဝတ်ပြည့်စုံ၍ ခိုလှုံသောအားဖြင့် ကောင်းစွာပေါက်ဖွားကုန်သော။ ပယောပဒေသဒါယကာ၊ ချိုမြိန်သောနို့ရည် အတူသောက်ယူအပ်သော ဥပဒေရှိကုန်သော။ လဒ္ဓေါပဒေသ ဘိက္ခဝေါ၊ သခင်တို့လက်ဆုပ်ဥပဒေမူသေနိဿရည်း နည်းကောင်းရကုန်သော ရဟန်းတို့သည်ကား။ ဂန္ထကာရာဇာတာ၊ စာဆိုနိုင်စွမ်း ကျမ်းပြုဆရာဖြစ်ကြကုန်သည်။ ဗဟူ၊ များလှပေကုန်ပြီ။ (ဤ ၃–ဂါထာဖြင့် အာစရိယပူဇာကိုပြသတည်း)

အတိမဟာတေဇဝန္တဿ၊ သာသနာမြို့၌ သာသနာတောင့်တ နတ်အဓိပတိ အဓိကရအုပ်စိုး၍ အလွန်တန်ခိုးကြီးစွာသော။ သံသုတ္တမဟာနဂရဿ၊ ပုဗ္ဗဝေါ ဟာရခေါ်ကြ တောင်းပဒုံကို အလုံတွင်စေဟု ရွှေနန်းရှင်ဗျာဒိတ်ညွှန်း၍ တကျွန်းလုံးကြော်ငြာသောမြို့ကြီး၏။ ဥပရိဂဗ္ဘသံနိဝိဋ္ဌာယ၊ ခရိုင်ကျေးလက် အံထက်တိုက်အဝင်

မင်္ဂလာရှိသောမြေအဘို့၌ တည်ထောင်အပ်သော။ ဗောဓောဒဗျာဘိဓာနသ၊ ညောင်ကန်အမည်ရှိသော။ ဂါမဂ္ဂတသ၊ ရွာကျော်၏။ ဤသုတ္တရောနတပဒ္ဓိမဒိသာဘာဂေ၊ စဉ်းငယ်မြောက်သို့ယွန်းသော အနောက်အရပ်အဖို့၌။ မဟာဝိဟာရေ၊ မဟာမေဃဝန်၌တည်အပ်သော ဒက္ခိဏာသာခါမဟာဗောဓိဖြင့်တင့်တယ်သော တမ္ဗပဏ္ဏိဝိဟာရဟု သမိုက်အပ်သောကျောင်းတိုက်ကြီး၌။ ဝသနသီလာနံ၊ သီတင်းသုံးနေလေ့ရှိကုန်ထသော။ သုပရိသုဒ္ဓပဘာဝလဇ္ဇီပေသလသိက္ခာကာမာနံ၊ အလွန်လျှင် ထက်ဝန်းကျင်စင်ကြယ်သော အမွန်အဆက်ရှိကုန်သော လဇ္ဇီပေသလသိက္ခာကာမဖြစ်ကုန်သော။ အဏုမတ္တေသုပိဝဇ္ဇေသု၊ အနုမြူမျှသေးငယ်သောအပြစ်တို့ကို သော်လည်း။ ဘယဒဿာဝီနံ၊ မြင့်မိုရ်တောင်ကြီး ဘိစီး၏သို့အလိုလိုကြောက်ရွံ့သဖြင့် အသင့်ရှုလေ့ရှိကုန်ထသော။ ဥဠာရဇ္ဈာသယာနံ၊ ပြန့်ပြောထူးမြတ်သော အဇ္ဈာသယသမ္မာဆန္ဒရှိတော်မူကုန်ထသော။ နိသမ္မကာရိနံ၊ ပြုအပ်သောအမှုကိစ္စဟူသမျှကိုဝဝမမှုပဲ ပညာဉာဏ်စွမ်းဖြင့် ထောက်လှမ်းစူးစမ်း၍ ပြုတော်မူခဲ့လေ့ရှိကုန်သော။ မဟာဝေယျာကရဏာနံ၊ အကြီးအမြတ်ပါမောက္ခကြီးဖြစ်၍ ဗျာကရဏ်းတတ်ဖြစ်တော်မူကုန်ထသော။ ကဝိကုဥ္ဇရကေသရီနံ၊ ကဝိကုဥ္ဇရတို့၏အတွင်း၌ ကေသရာခြင်္သေ့မင်းသဖွယ်ဖြစ်ကုန်ထသော။

ပထဗျာ၊ မြေအပြင်၌။ ပါကဋ္ဌာနံ၊ နဘောစန္ဒော် လသို့ပေါ်၍ ကျော်စောထင်ရှားကုန်သော။ အယဥ္စ၊ ဤအရှင်သည်လည်း။ မေဓာဝီ၊ ပညာရှိပေတည်း။ ဣမေ ပန၊ ဤအရှင်တို့မူကား။ ဣမေသံ၊ ဤကဝိကျော်အရှင်တို့ထက်။ ဝိသေသေန၊ အထူးသဖြင့်၊ မေဓာဝိနော၊ ပညာရှိကြီးတို့ပေတည်း။ ဣတိ ဣမိနာအတ္ထေန၊ ဤသို့သောအနက်ဖြင့်။ မေဓိယာနံ၊ ပညာရှိထက် ပညာကြီးဖြစ်ကုန်ထသော။ ဘဒ္ဒန္တဣန္ဒော ဘာသာဒိပုဗ္ဗာစရိယသီဟာနံ၊ ကြယ်ပျံသယောင် တပြောင်ပြောင်လျှင် အရောင်ဝန်းဝှန် ဝင်းသဝဏ်သို့ ရောင်ထန်တောက်ငြိ မဏိရတနာ ကျရာမြေသည် ရေလျှဉ် ရပ်ထူးချောင်းနဖူးဝယ် ရွှေဦးစေ့ပျိုး ထောင့်ကိုးဆယ့်လေးနှစ် သက္ကရာဇ်၌ မည်း ညစ်တိမ်စွန်း ကလျှန်းထွန်းသို့ အမွန်သာသနာ စေ့ဆုတိုင်အောင် ထွန်းပြောင်ရစ်ဖို့ အောင်မျိုမင်္ဂလာ ယူစကာလျှင် အခါကောင်းကြိုက် ဤတိုက်တည်အာဒိကမ္မိက သခင် ဣန္ဒောဘာသအစရှိကုန်သော သီဟရာဇာ ကေသရာနှင့် ပမာနိူင်းလျော် ရှေးဆရာကျော်တို့၏။ ဓဇူပမေန၊ တမ်းခွန်သဖွယ်ဖြစ်ထသော။ သုစိသလ္လေခဝုတ္တိနာ၊ စင်ကြယ်သောမာန ကိလေသာ မိစ္ဆာဝိတက်စသော အကုသိုလ်တရားကို ခေါင်းပါးစေနိုင်သော အကျင့်ရှိသော။

ခန္တျဖ္ဝမဒ္ဒဝ သောရစ္စဂရုဂါရဝယုတ္တောန၊ သည်းညည်းခံစောက် မကောက် မဆန်း ဖြောင့်တန်းမဆူး နူးညံ့သည်၏အဖြစ် အပြစ်မသင့် တင့်တယ်သော ကာယကံ ဝစီကံမနောကံ၌ မွေ့လျော်သည်၏အဖြစ်၊ အလေးပြုထိုက်သော ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်တို့၌ ရိုသေကိုင်းညွတ်သည်၏အဖြစ်နှင့်ယှဉ်သော။ ဥပါသကာနံ၊ ရတနာသုံး ပါးကို ကိုးကွယ်ဆည်းကပ်ကုန်သော ဂိဟိပုဂ္ဂိုလ်တို့အား။ ဓမ္မာနုဂ္ဂဟေန၊ တရားဖြင့် ချီးမြှင့်ခြင်းဖြင့်။ သဗြဟ္မစာရိနံဝါ၊ သာသနာတော်အတွင်း သီတင်းသုံးဘော်သံဃာ တော်တို့အားမူကား။ ဒွိဟိပိအနုဂ္ဂဟေဟိ၊ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့်လည်း။ အနုဂ္ဂဟကေန၊ ချီးမြှင့်ခြင်းအလေ့ကောင်းစွာ စွဲထသော။ ရဋ္ဌသန့်ဗ္ဘေပိ၊ တိုင်းပြည်တိမ်းပါး ချောက်ချားသောကာလ၌သော်လည်း။ အဟာပေတွာ၊ ပရိယတ် ပဋိပတ်သာသနာတော်ရေး မလပ်ဟင်းစေမူ၍။ သဒါ၊ အခါခပ်သိမ်း။ သာသနောဒယကာရိနာ၊ သာသနာတော်၏ပွားစီးကြောင်းအမှုကို အမြဲတန်းပြုလေ့ရှိထသော။ ဘာသိကတ္ထံ၊ ဘာသိတာဘာသိတ၏အနက်ကို။ ဒိပ္ပံ၊ မဟာသာစသာလျှင်စွာသာလျှင်၏။

ဂဟဏဓာရဏာသမတ္တေန၊ မှတ်ခြင်းဆောင်ခြင်းငှာစွမ်းရည်ရှိထသော။ မေဓိယဓောတိ၊ မေဓိယဓဟူ၍။ ဂရူဟိ၊ လူသာမန်တို့သည် ချီပိုးဆောင်ရွက်နိုင်ခဲသော သီလသမာဓိသဒ္ဓါသအစရှိသော သခင်မြတ်တို့ထမ်းရွက်သည်ပိုးကုန်သော ကျေးဇူးဂုဏ်ကြီးဖြင့် ကျောက်ထီးကဲ့သို့ လေးကုန်သောဆရာကျော်တို့သည်။ ဂဟိတနာမဓေယျေန၊ ယူအပ်သောအမည်ရှိသော။ မဟာထေရေန၊ မဟာထေရ်သည်။ ပရမ္ပရာဘတဝိနိစ္ဆယညူဟိ၊ အဆက်ဆက်သောဆရာတို့၏အနွယ်သည် ဆောင်ခဲ့အပ် ဆုံးဖြတ်အပ်သောအနက်ကို ဆုံးဖြတ်ခြင်းဥပဒေကို။ ဝါ၊ ဆုံးဖြတ်ကြောင်း ဥပဒေကို ကျွမ်းကျင်ကုန်သောဆရာကျော်တို့မှ။ လဒ္ဓေါပဒေသံ၊ မဟာ သယော စသည်တို့၌ သော်လည်းအသက်ကို ပမာမထား ကျားမင်းပုဏ္ဏရိတ်သို့ စိတ်သွား တိုင်းကိုယ်ပါလျှက် ထိုရှာဉ်ရှာဆရာကောင်းထံ ကျိုးနွံကပ်ဆည်း နည်းခံသဖြင့် ရအပ်သော လက်ဥပဒေနည်းနာကောင်းကို။ အဝလမ္ဗ၊ တမျဉ်းမှိုင်ငြမ်းပြု၍။ ကတာ၊ စီရင်အပ်သော။ နာတိသခေ်ပနာတိဝိတ္ထာရမဓုရ သာရဝိနိစ္ဆယာ၊ မကျဉ်း လွန်းမကျယ်လွန်း ကောင်းမြတ်သောအရသာ လေးပင်စွာလျှက် ချက်ချက်သာမ အနှစ်အတိ အဆုံးအဖြတ်ရှိသော။ သာရတ္ထပကာသိနိယာ၊ သာရတ္ထပကာသိနီ အမည်ရှိသော။ သံယုတ္တ နိကာယဋ္ဌကထာယ၊ သံယုတ္တနိကာယ် အဋ္ဌကထာ၏။ အယံ အတ္ထယောဇနာ၊ ဤအနက်ယောဇနာသည်။ ဣတိ၊ ဤတွင်သော စကား

အစဉ်ဖြင့်။ သမတ္တာ၊ သာသနာတော်စောင့်တတ် အရှင်မြတ်နှင့် သူရဿတီ ဝိုင်းအုံညီ၍ ချီပင့်လေလော့သောတုဖုန်းလျှင် ချိန်ဆုံးခါဆင့် နာခွင့်ရရမလေသလော့ ချောမောပေရွေ့ စေ့မြေ့လုံချို ပြည့်စုံလတ်ပြီ။

(၁) ဇိနစက္ကေ၊ ဘုရားမြတ်စွာ သာသနာတော်သည်။ ခဋ္ဌဗ္ဗဒွေ၊ ၂၃၉၂-ခုနှစ် ရောက်လစ်သော်။ နိဋ္ဌိတာ၊ အပြီးအဆုံးသို့ရောက်သတည်း။ အယံအတ္ထယောဇနာ၊ ဤအတ္ထယောဇနာသည်။ နိဋ္ဌိတာယထာ၊ နှလုံးအလိုပြည့်စေလိုလျှက် အပြီးအဆုံး သို့ရောက်၏သို့။ တထေဝ၊ ထို့အတူနင်းလျှင်။ ပါဏိနံ၊ သတ္တဝါတို့၏။ ဟိတာသက်ပ္ပါ၊ အစီးအပွားနှင့်စပ်သော ကောင်းမြတ်သောအကြံတို့သည်။ သမိဒ္ဓါ၊ ပြည့်စုံကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

(၂) အပရဒ္ဓံ၊ မှားယွင်းသဖြင့် မတော်ချွတ်ချော်စနိုးထင်သော။ မမ၊ အကျွန်ုပ် သည်။ ယံကြိယံ၊ အကြင်ကိုယ်နှုတ်နှလုံး အမှုသုံးပါးသည်။ အာယသ္မန္တာနံ၊ သက် တော်ရှည်သည့် အရှင်ကောင်းတို့အား။ နရုစ္စတိ၊ နှစ်သက်ခြင်းကိုမဖြစ်စေတတ်။ တံကြိယံ၊ ထိုကိုယ်နှုတ်နှလုံးသုံးပါးလုံး မှားမိသမျှဒေါသအပေါင်း နာခေါင်းရှုံ့ဖွယ်ကို။ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ခမန္တု၊ သည်းခံတော်မူစေကုန်သော်။ မမ၊ ငါ၏။ အယံမဟုဿာဟေန၊ ကတာအတ္ထယောဇနာ၊ ဤလွန်စွာ ဥဿာဟဖြင့်ပြုအပ် သော အတ္ထယောဇနာသည်။ ပူဇာဟောတု၊ စိတ်ကြမ်းမာန်လျော့ နှစ်လုံးပျော့သော ကန်တော့ပွဲဖြစ်စေသော်။

(၃) စ၊ ဆက်၍ဆိုအံ့။ ဣမံအတ္ထယောဇနာ၊ ဤအတ္ထယောဇနာကို။ သခ်ရောန္တေန၊ စီရင်သော။ မယာ၊ ငါသည်။ ယံပုညံ၊ အကြင်တိဟိတ် ဥက္ကဋ္ဌမြတ် သောကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်ပြီ။ အညမ္ပိ၊ ဤမှတပါးလည်းဖြစ်သော။ ယံပုညံ၊ အကြင်ကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်ပြီ။ ဣဓသာသနေ၊ ဤဘုရား သာသနာတော်၌။ ပသုတေန၊ ပွားစေအပ်သော။ တေနပုညေန၊ ထိုအစုစုသော ကောင်းမှုကြောင့်။ အသ္မာကံ၊ ငါတို့၏။ သုဘူပါနံ၊ ရှင်ပင့်သာသနာစောင့်တာကျ သည့်[၁] သကြားအဆွေ ရေမြေထိန်းကျောင်း မင်းကောင်းမင်းမွန်တို့၏။ ဇယော၊ တွင်းပဘောဒါဏ်ရန်မာန်အောင်မြင်ခြင်းသည်။ သမ္ဗဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ ဖြစ်စေသော်။ တေသုဘူပါ၊ ထိုမင်းမြတ်တို့သည်။ အတ္တနောပဇံဝ၊ ရင်သွေးတော် စစ်ကဲ့သို့။ ပဇံ၊ သတ္တဝါစသည်လူအပေါင်းကို။ ဓမ္မေန၊ တရားဖြင့်။ ရက္ခန္တု၊ စောင့် တော်မူစေကြကုန်သော်။

---

၁။ စောင့်ရန်တာဝန်သည့်-ဟူ၏။

(၄) ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့လျော်ကုန်သည် ဖြစ်၍။ ဇိနသာသနံ၊ သဗ္ဗညုဘုရားရှင်သာသနာတော်ကို။ ဇောတေန္တာ၊ ထွန်းလင်းအောင် ချီးမြှင့်တော်မူကြစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣလမေစပါဏိနော၊ ဤသတ္တဝါတို့သည်လည်း။ အမတံပဒံ၊ သေခြင်းကင်းရာနိဗ္ဗာန်ရွှေပြည်သို့။ ပပ္ပေါန္တာ၊ ရောက်လွယ်ပစေကုန်သတည်း။

(၅) ပေဋကိကာ၊ ဘုရားသာသနာတော်ဝယ် စာပေပိဋကတ်သင်ကြားပို့ချကြကုန်သော။ သောတာရောစ၊ စာသင်ပျို့စာချပုဂ္ဂိုလ်တို့သည်လည်း။ (သုဒ္ဓဖြင့် စာသင်၊ဟေတုဖြင့် စာချယူ။) အရောဂါ၊ လေဆိုးမိုးဆိုး ချောင်းဆိုးလည်နာကစ ဆံမျှရောဂါ အနာကင်းကုန်သည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ကပ်၍နှိပ်စက်တတ်သော ဥပါဒ်ဘေးဒါဏ်အနှောက်အယှက်ကင်းကုန်သည်ဖြစ်၍။ ပါရင်္ဂတာ၊ သမုဒ္ဒရာအကျိုးကမ်း တဖက်သို့ ရောက်ကုန်သည်ဖြစ်၍။ တာရကာဣဝ၊ တိမ်မြူကင်းစင် ကောင်းကင်ပြင်ဝယ် ထွက်သစ်ကြယ်သို့။ သာသနေ၊ သာသနာတော်၌။ ဂန္ထကာရာ၊ စာဆိုကျမ်းပြုဆရာတို့သည်။ ဗဟူ ဟောန္တု၊ များပြားသည်ဖြစ်ပစေကုန်သတည်း။

(၆) အာရက္ခကာ၊ သာသနာမြို့ရှာ သတ္တဝါကိုစောင့်ပေကုန်သော။ သဗ္ဗေမရူ အလုံးစုံသော ရှင်နတ်မြတ်တို့သည်။ နဝံ နဝံ၊ အသစ် အသစ်တိုးပွားသော စည်းစိမ်ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်စေကုန်သတည်း။ ပမာဒရဟိတာ၊ မေ့လျော့ခြင်းကင်းကုန်သည်ဖြစ်၍။ ရက္ခန္တု၊ မပြတ်နိစ္စစောင့်ရှောက်ပါစေကုန်သော်။ ဒေဝေါ၊ မိုးမင်းသည်။ ကာလေန၊ လုပ်ချိန်အခါ၌။ သမ္မာပဝဿတု၊ ထန်စွာရွာစေသော်။

(၇) အဟံတု၊ ငါမူကား။ သပရတ္ထကောဝိဒေါ၊ မိမိစီးပွားသူ့စီးပွား၌ ရေးခြင်းလိမ္မာသည်ဖြစ်၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သောပါရမီစာဂစရိယကို။ စရန္တော၊ မဆုတ်မနစ်ကျင့်နိုင်သည်ဖြစ်၍။ သဗ္ဗညုတံ ပါပုဏိတွာ၊ သဗ္ဗညုတဉာဏ်တော်သို့ရောက်လတ်၍။ ဇနတံဗဟုံ၊ ဩဃလေးဖြာ ဗလဝါမုစ် ဉဉ်ထုတ်ဒီမှုန် ရေအဟုန်ဖြင့် ဖျက်ကုန်ဖန်ဖန်အားမသန်သားမကျန်ပြောထူ တော်သုံးလူကို။ တာရေမိ၊ ဆယ်ယူကယ်ရလို၏။

(၈) ဣတော၊ ဤကိုယ်၏အဖြစ်မှ။ ပရံ၊ နောက်နောက်သောကိုယ်၏အဖြစ်၌သော်ကား။ ဥစ္စေကုလေ၊ ဥစ္စာစည်းစိမ်ဂုဏ်သိရ်မည်း မြင့်မြတ်သောသူတော်ကောင်းမျိုး၌။ ဟုတွာ၊ ဖြစ်၍။ သတ္တသဒ္ဓမ္မသံယုတော၊ သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယ ပညာဟူသော သူတော်ကောင်းတရား ရတနာခုနစ်ဖြာနှင့် မကွာမကွေယှဉ်သော။ ဓီရော၊ သဘောအားလျော်စွာ မှတ်နိုင် ဆောင်နိုင်သော

ဉာဏ်ရည်ရှိသော။ ဝါ၊ ဆန့်ကျင်ဖက်တရားတို့ကြောင့် လှုပ်ရှားမနိုင် ခိုင်သော သမာဓိရှိသော ပုဂ္ဂိုလ်ထူး သည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗသာမယိကော၊ အကြွင်းမရှိ နိကာယ်ငါးစုံ နှုတ်ငုံလေ့လာ လိမ္မာကျွမ်းကျင်သည်ဖြစ်၍။ သောဂတံ၊ ဘုရား သာသနာတော်ကို။ သုဘံ၊ နေဝန်းလဝန်းသို့ တောက်ထွန်းတင့်တယ်အောင်။ သောဓေယျံ၊ မိစ္ဆာ ရန်နှောင့် ဆူးငြောင့်မရှိ တိတိရှင်းစ သုတ်သင်နိုင်လို၏။

(၉) သာသနန္တဓာနေပိ၊ သာသနာတော်ကွယ်လတ်သော်လည်း။ တပေါဓနော၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု ကုလည်းမဖြစ် အနှစ်အနှဋ္ဌ သီလဥစ္စာ ကြွယ်ဝ သော။ သုမေဓော၀၊ လက်ဦးအစ ဗျာဒိတ်ရသော ဘုရားအလျာ သုမေဓာရှင်ရသေ့ ကဲ့သို့။ တပေါဓနော၊ သည်။ ဟုတွာ၊ ၍။ ကာယေဇီဝေနပေက္ခန္တော၊ ကိုယ်နှင့် အသက် ငဲ့ကွက်မချစ် အနုပစ်ပြု၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ရင့်သန်စေတတ်သော ပါရမီစာဂ စရိယကို။ စရေယျံ၊ မဆုတ်မနစ် ဖြည့်ကျင့်နိုင်လို၏။

(၁၀) ယာဝ၊ အကြင်ရွေ့လောက်သော ကာလပတ်လုံး။ လောကဇေဋ္ဌဿ၊ လောကသုံးပါး၌ အကြီးအမျုးဖြစ်တော်မူထသော။ တာဒိနော၊ လာဘာလာဘအစရှိ သောအာရုံထိလည်း ပကတိသဘောကိုမစွန့်သဖြင့် တုံလှုပ်ခြင်းကင်းသောဂုဏ်နှင့် ပြည့်စုံတော်မူသော။ သိရိမတော၊ အလွန်သောဘုန်းပညာကျက်သရေရှိတော်မူ သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိနာမမ္ပိ၊ ဘုရားဘုရားဟူသော အမည် တော်မျှသည်လည်း။ လောကေ၊ လောက၌။ ပဝတ္တတိ၊ မပြတ်မစဲတည်သေး ၏။ တာဝ၊ ထိုရွေ့လောက်ဘုရားဘုရားဟူသောအမည်တော်မပြတ်မစဲသေးသမျှ ကာလပတ်လုံး။ အယံအတ္ထယောဇနာ၊ ဤသံယုတ္တနိကာယ်အဋ္ဌကထာ၏ အတ္ထ ယောဇနာသည်။ တိဋ္ဌတံ-တိဋ္ဌတု၊ သောတုဇနတို့အား အနက်အဓိပ္ပါယ်ကိုပြလျှက် တည်စေ သော်။ ဣတိ၊ ဤရွေ့လျှင် သံယုတ္တအဋ္ဌကထာနိဿယနိဂုံး အပြီးတည်း။

ဟူသော ဂါထာစုဏ္ဏိယ ၂-မျိုးရောသော ပါဠ်နိဿယစကားရပ်ဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ၎င်းပြင်-

ငါးပါးမာရ်အောင် စောဘုန်းခေါင်၏ မြားမြောင်ဆန်းကြယ် ငါးနိကာယ်တွင် နည်းကျယ်သမုဒ် ပါဠိသုတ်၌ သံယုတ်ကျမ်းခက် မင်းဆက်ဆက်လျှင် အနက်မရှိ ပျောက်တိမ်လိလျှင် ဖြစ်ဘိလျှင်၍ ရှင်မင်းသဃ်ရာဇ် စိစစ်ချယ်ခွေး တာဝန်ပေးက တအေးလူလူ အားထုတ်မူသော် သူရဿတီ ခတ်ပေါင်းညီလျှက် ပီတိတက်၍ နှစ်သက်စိတ်စော နာလိုဆောသည် သောတုကုန်လျှင် ဌါကိုသင်၍ ထင်မြင်ပြက်

ပြက် အနက်မငုပ် မရှုပ်ပါဌ်သား ခြားနားသိသာ သေချာစွာလျှင် မြန်မာပြန်နည်း နိဿယနည်းသက် ဩဇာလေးနက် ရသာမြက်သည့် နံ့သက်မွှေးမွှေး ချိုဆိမ့်လေးသား တည်ကြွေးစားငှာ ဤသည့်စာကို သဒ္ဓါရေးရှု စာသသူလျှင် နည်းယူကြမီး ပညာ ကြီးလျှက် ဟန့်ဆီးရန်မက် အမျက်ပယ်ခွါ ဘာဝနာလမ်းမှန် သုံးတန်ချမ်းသာ ရောက်စာအသင့် ကျင့်သဖြင့်လျှင် မပင့်ရောက်ပဟောသတည်း။

ဂန္ထလိခန ဤပုညကြောင့် လောကနာထာ မေတ္တေယျာသည့် ရတနာပလ္လင် ဂန့်ဂေါ်ပင်ဝယ် သိမြင်သစ္စာ ပွင့်ခါလက်ဦး ကိုယ်တိုင်ဖူးလျှက် လိုမှုဆုမြတ် အာရုံ ဝတ်သား အဌဟူအင်္ဂါ စုံစွာတော်ငြား သက်စွန့်ထားလျှက် တန့်တားကျောက်ဆစ် ခင်းပြစ်ပေးလှူ ကျော်လိုက်ဆူသည့် စင်ဖြူမြတ်စွာ သုမေဓာသို့ ဝိနာယက မြွက်ဟ တံဆိပ် ရွှေပေလိပ်ကို ဦးထိပ်ခေါင်ထက် အချီရွက်၍ နှုတ်နက်မုခပါဌ် ပိဋကတ်ကို သွက်သွက်လေ့လာ လက်ငံစွာလျှင် သာသနာရွက်ဆောင် ငါးမာရ်အောင်သား နောက်နောင်တော်ဖျား ရှင်စောများဝယ် စဉ်အားပင်လျှင် နှုတ်ပန်ဆင်၍ မာရဂင်မှူး ဖော်သုံးဦး၏ ရေးကူးခေါင်တည် ဘေးမဲ့ပြည်သို့ သာကြည်ပို့ရလို၏တည်း။

ဤသို့ဆုလည်း အလိုင်းကြီးလျှင် စောထီးမိန့်မှာ ပန်းရွှေကြာကို ပန်ကာနှစ် ခြိုက် မနေပိုက်ပဲ အမြိုက်ဆောက်ဦ အလှူစွန့်ကြ သုံးစွဲစဉ်လျှင် သီတင်းတောင် ထွတ် ကြံထက်ပညာ သေချာသင်မှ ဝီရိယဟု လုံ့လအညီ ခန္တီသည်းညံ့ ခံသည် မခြား သစ္စာနှုတ်မှန် ဓိဋ္ဌာန်ခိုင်ခန့် သွင်းနှံ့မေတ္တာ ဥပေက္ခာဟု ဆယ်တာမြောက် အော် မြားမြောက်ခန်းကြီး အံကြောင်းပြီးက ပွားစီးတွင်ကျယ် ဘုန်းကြွယ်ရှင်ပင် မာရ် အောင်မြင်၍ မိုလ်ဝင်ခံရာ သာယာစည်ပင် သတင်းတလင်း ပွဲကြီးခင်းသည် ရှင်မင်း သဃ်ရာဇ် ငါလျှင်ဖြစ်က သစ္စာခံယူ သုံးပါးလူအား မပူမခြာ အေးမြစွာသည် ပညာပွတ်ကျည် ပွတ်မွှေနည်၍ မဂ်ရည်တိုက်ရလို၏တည်း။

ယင်းသို့ပတ္ထနာ ဆုပန်ထွာပြီး သုံးဖြာပိဋကတ် မုခပါဌ်နှင့် တတ်သံဝဏ္ဏနာ ဋီကာအနု မဝုလက်သန်း ဂန္ထန္တရာ ဘာဝေယျာတည်း တောဒည်းမှလျှင် သုတသော မျိုးလေးဖြာအား နည်းနာဥပဒေ ဟုတ်ပေစေသား မေဓိယဓဇ လနှစ်စဉ်အုပ် စဉ် ဂိုဏ်းချုပ်သည် မမြတ်ဂုဏ ထိုသင်းကကို ဝံသဂေါတ္တာ စဉ်လာအရိုး အမျိုးအမည် အရည်အသွား ဟုတ်တိုင်းကြားပိမ့် ဘိုးကားသုဒ္ဓေါ ဖတော်သိဒ္ဓတ် နောင်မြတ် ရာဟုလ တက်ခဲ့ပြ၍ သကျဝံသာ သာခါရဏ မျိုးမည်ရရှင့် ထိုကတလိ ခြား၍ သိသော် ဤဇိနစက် ရေးစံဖက်မူ မဇ္ဈဒေဝ နွယ်စမျိုးချို နေမိကုသ စောင်းဖန် ကြသို့ ထေရနွယ်တော် တို့သို့ပေါ်သည် ဝေရော်ဇန မနော်မုချ ပတ္တမြားအရောင်

ပညာရောင်ဖြင့် ပြောင်ဘိရကား ကွန်ချာသိန်းယိုင်ဦ ထုတ်ချဉ်းလျှိုမှူ ပုဂ္ဂိုလ် တယောက် လက်ချီးလောက်လျက် အောက်ကဖော်ထုတ် ဂုဏ်မဟုတ်သည့် ဂါမုတ္တမာန်နှောက် မြောက်ယံဝယ် ပတ်ခြံကရိုဏ်း လက်မွန်ဝိုင်း၍ ဂိုဏ်းဦးတည်ဖွဲ့ စေ့ပျိုးခဲ့လျှက် တုမဲ့သာသနာ အဝါအရောင် အမှောင်မမိုန် ပြောင်စေထိန်သည်။ ကွန္ဒောဘာသ မြတ်ထေရ်ရကား တို့ဘာဘဘေး ဆကာမဝေးရှင့် တသွေတည်ဖက် ထိုကသက် သော် ကြံတတ်ပညာ လောက်ငံစွာသား ဂုဏာသာရ ဒွယဝိဘင်း ခံတွင်းစွဲမှတ် ကျမ်းရိုးတတ်သည့် သဒ္ဓမ္မရံသီ စဉ်ခဲ့မှို၍ ကျမ်းဆီအနှစ်သာရစစ်ကို ခြေပစ်စုပုံ အုံမပျားဖြစ် လဘိုညှစ်သို့ ဉာဏ်သစ်မျှော်ရှု ဂဏ်ပြုသည့် မုနိန္ဒသာရ စတုတ္ထက ပုညရံသီ ပဥ္စမိနှောက် စွယ်စုံပေါက်လျှက် လက်မြောက်ကဝေ နည်းဖွေ ဉာဏ်ရှိ လက်မြန်သိသည့် မေဓိယဓဇ နာမတံခွန် အမည်ညွှန်သား ညောင်ကန် ဆဋ္ဌ ငါထေရကား မှန်စွမြေးဦး မြစ်ရင်းသော်။ – သားသားသားမွန်သော်။

ကွန္ဒောဘာသာဒီတိစေတ္တာဒိသဒ္ဒေန ဂုဏာသာရာဒယော မဟာထေရာ သံဂဟိတာ၊ ဟောန္တိ စေတ္တ သင်္ဂဟဂါထာ–

ကွန္ဒောဘာသော သုမေဓာဝီ၊ ပိဋ္ဌကေ စ ဝိသာရဒေါ။
ဂုဏာသာရော မဟာပညော၊ ဟိမဝန္တော၀ ပါကဋော။

ပေသလော သဒ္ဓမ္မရံသီ၊ ထိရပညော ဗဟုဿုတော။
မုနိန္ဒသာရော ဂန္ထကာရော၊ မဟာကဝိနိသေဝိတော။

ပုညံရံသီ ပဥ္စမိ စ၊ ဂမ္ဘီရပညော သုပါကဋော။
သန္တဝုတ္တိ မေဓိယဓဇော၊ နာနာဂန္ထေသု ကောဝိဒေါ။

ဧတေ ထေရော မဟာပညာ၊ သိက္ခာကာမာ သုပေသလာ။
ဗောဓောဒမိဂါမုတ္တမေ၊ ဇာတာ ပါလေန္တိ သာသနန္တိ။

ဟူသော ကေပိုဒ်လင်္ကာများ၊ ညောင်ကန်သာသနာအစဉ်အဆက်ပြ ၄–ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းမဟာဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယကြီးမှာ ၃၄–အင်္ဂါကျော်ရှိ ပေအုပ်ကြီးဖြစ်လေသည်။

သုမဟာဝဂ္ဂသံယုတ္တ–ဋ္ဌကထာယ သုနိဿယံ။
မေဓာဝီ မေဓိယဓဇော၊ ရစယိတ္တ သုဇာတိမာ။

## ဓာတုမာလာပါဠိ

ဆရာတော်သည် စာသင်ပျို့နုတို့ ပါဠိ၏အမြစ်အရင်းပင်မမှုတည်ဓာတ်များ၌ လိမ္မာတတ်မြောက်ပါစေခြင်းအကျိုးငှာ ဓာတုမာလာပါဠိကိုလည်း အကျဉ်းချုပ်စီရင်တော်မူခဲ့လေသည်။ ကျမ်းပြီးသက္ကရာဇ် မပါမရှိပါချေ။ ၁၂၆၃–ခုနှစ်ကဝိန္ဒာသီရိပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်ဟုသိရ၏။

ဓာတုမာလာ သုဂန္ဓိမှိ၊ ဓာတူသု ကောဝိဒေါ သုဓီ။
ကောသလ္လတ္ထာယ ဓာတူသု၊ သောတူနံ ဉာဏဝုဒ္ဓိယာ။

## ဓာတုမာလာပါဠိနိဿယ

ဖေါ်ပြပါဓာတုမာလာပါဠိ၌၏ အနက်မြန်မာပြန် နိဿယကိုလည်း မဟုဿာဟ ဖွဲ့လုံ့လဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းပြီးချိန်မှာ ၁၂၁၃– ခုနှစ် ပြာသိုလဆန်း ၈–ရက်တနင်္လာနေ့ဖြစ်သည်။ ကဝိန္ဒာသီရိပုံနှိပ်တိုက်၌ ပင်ရိုက်နှိပ်ခဲ့သည် ဟုသိရပါသည်။

ဓာတုမာလာနိဿယမှိ၊ နိဿယလေခနေ ဝိဒူ။
ဝိဒူနံ သမ္ပသာဒါယ၊ အကာ ဒဠှပရက္ကမော။

## ဋီကာကျော်နိဿယ

ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓိယဓဇ(အရှင်မေဓာလင်္ကာရ)သည် ဋီကာကျော်နိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

၁။ သေဋ္ဌော ဇေဋ္ဌော တိလောကဿ၊ ဝသဝတ္တီ ရုစိဿရော။
  နိပ္ပာဒကော ယထာကာမံ၊ ဆန္ဒံ ပူရေတု မေ ဇိနော။
၂။ နမတ္တာနန္တဉာဏဿ၊ သဒ္ဓမ္မစက္ကဝတ္တိနော။
  ဂုဏောဃပရိပုဏ္ဏဿ၊ ဝန္ဒံသံသာရစာရိနော။

ဟူသော ၂–ဂါထာပါဠိသက်သက်ဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း ကျမ်းပြီးနိဂုံး မပါမရှိချေ။ ပုံနှိပ်ခြင်းနိဂုံးကိုမူ–

မှတ်လော့နောက်နောင် သံပိုင်းထောင်ပိမ့် ဘုန်းရောင်လျှံပတ် မင်းမန္တတ်၏ ဩရသ်သားကြီးယာဉ်ပျံစီး၍ ခရီးပြည်ရွာလှည့်လည်ရာက ဂေါယာက္ခုန်းသူ အချို့ လူကို အတူနောက်ပါ ခေါ်ပြီးခါလျှင် ဒီပါသပြေ ဤကျွန်းမြေ၌ တည်နေပေါင်းစု

ချထားမှုကြောင့် သုနာပရန် တိုင်းရပ်မှန်သည့် ရင္ဒြနာ ဘူသေဌဝယ် မာဂဓသဘော ဗောဓောဒမိ ပါဠိနက်ပြန် ရွာညောင်ကန်၌ ပဋိသန်ဇာတ် ဖွားမြင်လတ်သည့် စာတတ်အကျော် ဆရာတော်ကို တေဇော်ဘုန်းရောင် နေနှုန်းပြောင်သည့် ကုန်းဘောင်မင်းဖျား လောင်းဘုရားမှ ဆင့်ပွားညွှန်သော့ာက် ရှစ်ဆက်မြောက်သည့် ရွှေမှောက်ဘုရင် ရွှေနန်းရှင်၏ ရွှေရင်တော်ဖွါး ပြည်မင်းသားက ဘုရားတဆူ တလုံးဂူသို့ ကြည်ဖြူဆက်သွယ် စကိုးကွယ်၏ ကြီးကျယ်မန္တလ မြို့ဌာနဝယ် ပဥ္စမသံဂါယနာသဘင် မင်းပွဲယင်သည့် ဘုရင်ဘုန်းရှိ ဘူပတိ၏ မိဖုရားမြတ် မြောက်နန်းနတ်လည်း အဝတ္ထာဘုံ ဇာတိမြို့သည် ဇေယျုအောင်ခန်း နိဗ္ဗာန်နန်းကို ရည်မှန်းပြီးခါ စေတနာဖြင့် မဏ္ဍလာရာမ ဝိဟာရဟု နာမသမိုက် ကျောင်းတော်တိုက်ကို ဆောက်စိုက်တဖန် တင်လှူပြန်ရှင့် သုံးတန်ပိဋကတ် ပရိယတ်ကမ်းကူး လင်းယာဉ်မှူးသား ချီးကျူးသြဘာ မင်္ဂလာဖြင့် မေဓာလင်္ကာရ ပရမဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဇမ္ဗူဥက္ကဋ် ဆရာမြတ်လျှင် နာဂတ်သမယ နောင်ကာလ၌ မန္တပုဂ္ဂိုလ် စာသင်ပျိုတို့ သဂြိုဟ်ဌကထာ လက်သန်းစာ၏ ဝဏ္ဏနာခေါ် ဋီကာ ကျော်ကို အာဘော်ထိထိ သင်ရိုးထိအောင် အဘိဓာန်သဒ္ဒါ အလင်္ကာတောဒည်း စုံသောနည်း ဖြင့် နိဿယည်းတခု ပြုစုခဲ့ရာ ထိုကျမ်းစာကို ရတနာပုဒ္ဓ ပစ္ဆိမတွင် သုဝဏ္ဏဝတီ တိုက်သီဂိဟု ဘွဲ့ချီသံချို မော်ကွန်းဆိုသား မိုတိုရဟာတ် အရှိလွှတ် လျက် ပတ်ပတ် ရက်သန်း လျှပ်စစ်ပန်းသို့ ဓာတ်နန်းမီးပွား ယန္တရားဖြင့် ခမ်းနား သိုက်မြိုက် စက်တင်ရိုက်သည် ဘိုးထိုက်မှန်စွာ ဤကျမ်းစာကား ကောဇာထိန်း စောင့် ဂဏန်းဖြော၀့်သော် ထောင့်နှစ်ရာဝယ် ခုနှစ်ဆယ်နှင့် စွန်းကယ်ခြောက်ခု မိုးဥတုတွင် ဗိုလ်ထုခပင်း လေ့ပွဲကျင်းသည့် သစ်ဆင်းမာသ ဆန်းပက္ခဝယ် ဒသပညတ် ရက်ထူးမြတ်၌ ဇိဓာတ်သဘော အနက်ဟောကို နောင်ပြောစိမ့်ငှာ အလင်္ကာဖြင့် မင်္ဂလာနိဂုံး ဘွဲ့စီကုံးသည် ရေးထုံးအညီသံပိုင်းတည်း-

ဟူသော ကေပိုဒ်လင်္ကာကြီးဖြင့် ဖော်ပြခဲ့လေသည်။ယင်းနိဿယကို ပေမှကူးယူ၍ မန္တလေးမြို့အနောက်ပြင် သုဝဏ္ဏဝတီပုံနှိပ်တိုက်မှ ပုံနှိပ်ထုပ် ဝေခဲ့ပြီး နောက် ၁၉၂၅-ခုနှစ်တွင် မန္တလေးမြို့ ဇမ္ဗူမျက်မှန်ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ ပြန်ရာ ပဌမတွဲ ဒုတိယတွဲ နှစ်တွဲရှိ၏။ ပဌမတွဲရှိင်ဆိုက်စာမျက်နှာ ၃၅၉-ရှိ၍ ဒုတိယတွဲ ၂၆၆-ရှိလေသည်။ ကျမ်းစာအတွင်း မျက်နှာဖုံး၌-ဒေဝတာ ပုရမြို့ဌာနကို တတိယမြောက် ကုန်းဘောင်ထွန်းထင် ခမည်းတော် ရွှေဘိုမင်း တရားကြီးမှစ၍ သားတော် ပုဂံမင်းသားတော် မင်းတုန်းမင်း သုံးဆက်တိုင်အောင် တောင်မဏ္ဍိုင်သို့

ယိမ်းယိုင်မရှိ ဂုဏ်ကိတ္တိနှင့် ကုဒ္ဒိဘုန်းတော် သောင်းလုံးကျော်သော မေဓာလင်္ကာရ ပရမဇေမဟာ ဓမ္မရာဇာဓိရာဇဂုရု''တံဆိပ်တော်ရ ပြည်ဆရာတော်ကြီး ရေးသား စီရင်တော်မူအပ်သော ဋီကာကျော် နိဿယပြည်မူ ပဌမအုပ်'' ဒုတိယအုပ်။ မန္တလေးမြို့ ဇမ္ဗူမျက်မှန် ပိဋကတ်ပုံနှိပ်တိုက် ၁၉၂၅–ခုနှစ်ဟု ပါရှိလေသည်။

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယ

မန္တလာရာမဆရာတော်၊ မင်္ဂလာရာမဆရာတော်၊ ပြည်ဆရာတော်ဟူ၍ ကျော်စောတော်မူသော ဆရာတော်အရှင်မေဓိယဇေသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏ မိုရာအတွက်နိဿယကျမ်းကြီးကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းဝိသုဒ္ဓိမဂ် နိဿယကိုကျမ်းဦး၌–

၁။ သိဒ္ဓံ သီဃံ သမာရဒ္ဓံ၊ နမော ဗုဒ္ဓါယ သာဒရံ။
ဖိနစက္ကံ စိရံ ဌာတု၊ ကုဒ္ဒိဖီတံ နိသုမ္ဘလံ။
၂။ ဝိသုဒ္ဓိဒါယကံ ဗုဒ္ဓံ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒံ။
ဝိသုဒ္ဓိပါပကံ ဓမ္မံ၊ နမေ သံဃံ ဝိသုဒ္ဓိကံ။
၃။ ဝတ္ထုတ္တယံ နမဿိတွာ၊ ဝိသုဒ္ဓိမဂ္ဂနိဿယံ။
ကရိဿံ တရုပန္တိနံ၊ ကုလပုတ္တာန နိဿယံ။

ဟူသော ၃–ဂါထာပါဌ်သက်သက်ဖြင့် ဂန္ထာရမ္ဘပြု၍ ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း–

၁။ ယေနန္တတန္တမန္တာယ၊ မန္တနေရုသုဗုဒ္ဓိယာ။
လဒ္ဓါ ကတိ မတာ သာရာ၊ သုခိတာ သုခယန္တိ စ။
၂။ တေ မေ ဇယန္တိ ဂါရဝေါ၊ ဂရဝေါ ဂုဏရာသိဘိ။
တပေါဓနာ သတာ ဓီရာ၊ သာသနောဒယကာရကာ။
၃။ သုဇာတာ တေဟိ ထေရေဟိ၊ လဒ္ဓေါပဒေသဘိက္ခဝေါ။
ဂန္ထကာရာ ဗဟူ ဇာတာ၊ ပယောပဒေသပါယကာ။

ကုစ္ဆာဘိမဟာတေဇဝန္တသံဂုတ္တမဟာနဂြဿုပရိဂ္ဂဟ္ဟ သံနိဝိဋ္ဌဗောဓောဒဗျာ ဘိဓာနဂါမုဂ္ဂတဿ ဉာသုတ္တရောနတပဇ္ဈိမဒိသာဘာဂေ မဟာဝိဟာရေ ဝသနသီ လာနံ ဘဒ္ဒန္တက္ကန္ဒောဘာသာဒိပုဗ္ဗာစရိယသီဟာနံ သုပရိသုဒ္ဓပဘာဝလဇ္ဇိပေသလ သိက္ခာကာမာနံ အဏုမတ္တေသုပိ ဝဇ္ဇေသု ဘယဒဿာဝီနံ ဥဠာရဇ္ဈာသယာနံ နိသမ္မကာရီနံ မဟာဝေယျာကရဏာနံ ဒုက္ခောဂါဟပိဋကတ္တယမဟာဝနာ

သင်္ဂဉာဏာစာရီနံ ကဝိကဝိကုဥ္စရကေသရီနံ ပထဗျာ ပါကဋာနံ အယဋ္ဌ မေဓာဝီ၊ ဣမေ ပနိမေသံ ဝိသေသေန မေဓာဝိနောတိ မေဓိယာနံ ဓေ့ပမေန သုစိသလ္လေခ ဝုတ္တိနာ ခန္တျုဇ္ဇဝ မဒ္ဒဝသောရစ္စဂရုဂါရဝယုတ္တေန ဥပါသကာနံ ဓမ္မာနုဂ္ဂဟေန သပြဟ္မ စာရီနဉ္စ ဒွိဟိပိ အနုဂ္ဂါဟကေန ရဋ္ဌသင်္ဃေဟိပိ အဟာပေတွာ သဒါ သာသနော ဒယကာရီနာ ဘာသိတတ္ထံ ခိပ္ပံ ဂဟဏဓာရဏာသမတ္ထေန မေဓိယဓဇောတိ ဂရူဟိ ဂဟိတနာမဓေယျေန သီလဝတိယာ သုဓမ္မဒေဝိယုတ္တရူပရိယာ အာစရိယေန မဟာ ထေရေန ပရမ္မရာဘတဝိနိစ္ဆယညူဘိ လဒ္ဓေါပဒေသမဝလမ္ဗ ကတာယံ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာယတ္ထယောဇနာ နာတိသင်္ခေပနာတိဝိတ္ထာရမဓုရသာရ ဝိနိစ္ဆယာ။

၁။ ဇယဝဿတော တတိယေ၊ အယံ ဂန္ထော သုနိဋ္ဌိတော။
နိဋ္ဌံ ပတ္တော အနာယာသာ၊ ဂမ္ဘီရတ္ထသုဗောဓနော။
၂။ ယော ဟိ ရာဇာ မဟာပုညော၊ သဒ္ဓော ဒက္ခော ဝိစက္ခဏော။
သာသနသောဓနေ ဒဠှံ၊ သဒါ ဥဿာဟမာနသော။
၃။ အတ္တနော ဝိယ သဗ္ဗေသံ၊ ဒန္တကာမော ဒယာလုကော။
ကတ္ဂာန ဒါယကော ဒါနံ၊ ဒါနသာလံ စတုဒ္ဒိသာ။
၄။ ယံနိဿာယ မမေသောပိ၊ သတ္ထုသာသနဇောတနေ။
အပ္ပေဝ နာမုပတ္ထမ္ဘော၊ ဘဝေယျာတိ အယံ ကတော။
၅။ နိဋ္ဌိတာယံ ယထာ ဂန္ထော၊ အန္တရာယံ ဝိနာ သုခံ။
တထေဝ ဟိတသင်္ကပ္ပါ၊ သမိဇ္ဈု ဟောန္တု ပါဏိနံ။
၆။ န ရုစ္စတာယသုတ္တာနံ၊ အပရဒ္ဓံ မမကြိယံ။
တံ မေ ခမန္တု ဘဒ္ဒန္တာ၊ ပူဇာ ဟောတု အယံ မမ။
၇။ ဣမဥ္စ သင်္ခရောန္တေန၊ ယံ ပုညံ ပသုတံ မယာ။
အညမ္ပိ တေန ပုညေန၊ ပသုတေနိဓ သာသနေ။
၈။ အသ္မာကဉ္စ သုဘူပါနံ၊ ဇယော ဘဝတု သဗ္ဗဒါ။
တေ စ ရက္ခန္တု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ၊
၉။ နိရတာ ပုညကမ္မေသု၊ ဇောတေန္တု ဇိနသာသနံ။
ဣမေ စ ပါဏိနော သဗ္ဗေ၊ ပပ္ပေါန္တု အမတံ ပဒံ။
၁၀။ သောတာရော စ ပေဋ္ဌကိကာ၊ အရောဂါ နိရုပဒ္ဒဝါ။
ပါရင်္ဂတာ ဂန္ထကာရာ၊ တာရကာရိဝ သာသနေ။

၁၁။ အာရက္ခကာ မရူ သဗ္ဗေ၊ ပါပုဏန္တု သုခံ နုဝံ။
ပမာဒရဟိတာ ရက္ခန္တု၊ သမ္မာ ဒေဝေါ ပဝဿတု။
၁၂။ သပရတ္ထကောဝိဒေါဟံ၊ စရန္တော ဗောဓိပါစကံ။
သဗ္ဗညုတံ ဝရံ ပတ္တာ၊ တာရေမိ ဇနတာ ဗဟုံ။
၁၃။ ပရိတောဝါ ကုလေ ဥစ္စေ၊ သတ္တသဒ္ဓမ္မသံယုတော။
သဗ္ဗသာမယိကော ဓီရော၊ သောခေယျံ သောဂတံ သုဘံ။
၁၄။ သာသနန္တရဓာနေပိ၊ သုမေဓော တပေါဓနော။
ကာယေ ဇီဝေနပေက္ခန္တော၊ စရေယျံ ဗောဓိပါစကံ။
၁၅။ တာဝါယံ တိဋ္ဌတံ လောကော၊ လောကဇေဋ္ဌဿ တာဒိနော။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ ပဝတ္တတိ သိရိမတောတိ။

၁။ ယောဂရဝေါ၊ အကြင်တို့ ကျေးဇူးရှင်ဆရာတော်မြတ်တို့ကို။ အနန္တတန္တမန္တာယ၊ ရတနာတို့၏တည်ရာ မဟာသမုဒ္ဒရာမြစ်မင်းသည် ဆင်းသက်ကူးခပ်နိုင်ခဲစွာဘိ အဆုံးမရှိသကဲ့သို့ အနုပစိတသမ္ဘာရမန္ဒဗုဒ္ဓိတို့သည် သိနိုင်ခဲသည်ဖြစ်၍ အဆုံးအပိုင်းအခြားမရှိ ပါဠိအဋ္ဌကထာ ဋီကာဂန္ထန္တရဗျာကရုဏ်းစသော ကျမ်းဂန်ရသာရည်ကို နှောက်နှည့်ပွတ်မွှေကြောင်းဖြစ်သော။ ဒန္တနေရုသုဗုဒ္ဓိယာ၊ နို့ရည်သမုဒ္ဒရာကို မွှေနှည့်နှောက်ကြောင်းဖြစ်သော မြင့်မိုရ်တောင်မင်းသဖွယ် တင့်တယ်လျှင်လျှား သွားသောဉာဏ်ဖြင့်။ လဒ္ဓါ၊ မွှေနှည့်နှောက်နယ်အပ်သော အဆုံးမရှိကျက်စွာဘိသား ပါဠိအဋ္ဌကထာဋီကာဂန္ထန္တရဗျာကရုဏ်းစသော ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာမှရအပ်ကုန်သည်ဖြစ်၍။ ဣမေ၊ ဤတို့ကျေးဇူးရှင်ဆရာတော်တို့ကား။ သာရာ–သာရာဘူတာ၊ အလုံးစုံသောကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာ၏အနှစ်သာရစုဆိဥဆီခဲသဖွယ်ဖြစ်ကုန်၏။ ဣတိ၊ သို့။ မတာ ဉာတာ သမ္မတာ၊ ပညာရှိတို့ သိအပ် မှတ်အပ် သမုတ်အပ်ကုန်၏။

၂။ တပေါဓနော၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနှ သီလဥစ္စာ ကြွယ်ဝတော်မူကုန်ထသော။ သတာ၊ စိရကတ စိရဘာသိတ စသည် အာရုံခပင်းကို မယွင်းမပျောက် အောက်မေ့ခန့်ချိ သတိမြဲတော်မူကုန်ထသော။ ဓီရာ၊ သဘောအားလျော်စွာ မှတ်နိုင်ဆောင်နိုင်သော ပညာရှိတော်မူကုန်ထသော။ ဝါ၊ ခိုင်ခန့်သောသမာဓိရှိတော်မူကုန်ထသော။ သာသနောဒယကာရကာ၊ သာသနာတော်၏စီးပွားကြောင်းအမှုကိုသာပြုကုန်ထသော။ ဂုဏာရာသိဘိ၊ စင်စစ်သူတပါးတို့သည် ချီပိုးဆောင်ရွက်နိုင်ခဲလှစွာ သီလသမာဓိသန္တောသအစရှိကုန်သော

သခင်တို့အပေါ်တင်ရွက်အပ်ကုန်သော ကျေးဇူးဂုဏ်အစုအပုံကြီးတို့ဖြင့်။ ဂါရဝေါ၊ လူသာမန်တို့ချီပိုးဆောင်ရွက်နိုင်ခဲသော ဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍ စင်စစ်အားကြီး ကျောက်ထီးသို့အင်မတန်လေးလန်သည်ဖြစ်၍ ဖြစ်ကုန်ထသော။ မေ၊ ဣ။ တေဂရ ဝေါ၊ ထိုကျေးဇူးရှင်ဆရာတော်မြတ်တို့သည်။ သုခိတာ၊ ကောင်းစွာပြီးစေအပ်သော ဒိဋ္ဌဓမ္မသမ္ပရာယိကအကျိုးစီးပွား များမြတ်ပေါ်၍ သခင်တို့လည်း ချမ်းသာ ခြင်းသို့ရောက်တော်မူပေကုန်၏။ အညေစ၊ သခင်တို့ကို နှစ်လို့လေးမြတ် မပြတ် နွေညှ ဩဝါဒခံကုန်သော တပါးသောသူတို့ကိုလည်း။ သုခယန္တိ သိုက်မှန်ဖောက်သို့ တတ်မြောက်စလွယ်ဆန်းကြွယ်ဥပဒေ မူသေနိဿရည်း နည်းပေးကောင်းသဖြင့် မညောင်းကာလ ကျမ်းဂန်ကျ၍ ဉာဏ်ဝပြည့်လျှမ်း ချမ်းသာစေကုန်၏။ ဇယန္တိစ၊ ကျမ်းဂန်အထူးအဆန်း၌ မသန်းဟယ်ဂေါက် ကူးခပ်မြောက်၍ ပြိုင်ထောက်မထင် အောင်မြင်တော်မူပေကုန်၏။

၃။ တေဟိ ထေရေဟိ၊ ထိုကျေးဇူးသခင်တို့မှ။ သုဇာတာ၊ သခင်တို့ခြေဦးကပ် သောမြူဖြင့်ပြွမ်းသော ဦးခေါင်းရှိလျှက် ချက်ချက်ကြည်ယုံ ဝတ်ပြည့်စုံ၍ ခိုလှုံသော အားဖြင့် ကောင်းစွာပေါက်ဖွားကုန်သော။ ပဃောပဒေသပါယကာ၊ ချိုမြိန်သော နှိုရည်အတူ သောက်ယူအပ်သော ဥပဒေသရှိကုန်သော။ လဒ္ဓေါပဒေသဘိက္ခဝေါ၊ သခင်တို့လက်ဆုပ်ဥပဒေ မူသေနိဿရည် နည်းကောင်းရကုန်သောရဟန်းတို့သည် ကား။ ဂန္ထကာရကာ၊ ဇာတာ၊ စာဆိုနိုင်စွမ်း ကျမ်းပြုဆရာဖြစ်ကြကုန်သည်။ ဗဟူ၊ များလှလေကုန်ပြီ။(ဤသုံးဂါထာဖြင့် အာစရိယာပုဇာကိုပြသတည်း။)

အဘိမဟာတေဇဝန္တသံဂုတ္တ မဟာနဂြိသုပရိဂ္ဗဟသံနိဝိဋ္ဌဗောဓောဒျောဘိ ဓာနဂါမုဂ္ဂတာဿ၊ သာသနာမြို့ရွာသတ္တဝါစောင့်တတ် နတ်အဓိကရဒ္ဒုပ်စိုး၍ အလွန် တန်ခိုးကြီးသော ပုဗ္ဗဝေါဟာရခေါ်ကြတောင်းပဒုံကို အလုံတွင်စေဟု ရွှေနန်းရှင် ဖျာဒိတ်ညွှန်း၍ တကျွန်းလုံးကျော်ညာသောမြို့ကြီး၏ ခရိုင်ကျေးလက် အထက်တိုက် အဝင် မင်္ဂလာရှိသောမြေအဖို့၌ တည်ထောင်အပ်သော ''ညောင်ကန်'' အမည်ရှိ သောရွာကျော်၏။ ဤသုတ္တရောနတပစ္ဆိမဒိသာဘာဂေ၊ စဉ်းငယ်မြောက်သို့ယွန်း သော အနောက်အရပ်အဖို့၌။ မဟာဝိဟာရေ၊ မဟာမေဃဝန်၌တည်အပ်သော ဒက္ခိဏာသာခါမဟာဗောဓိဖြင့် တင့်တယ်သောတမ္ဗပဏ္ဏိဒီပမဟာဝိဟာရကဲ့သို့ဖြစ်၍ မဟာဝိဟာရဟု သမိုက်အပ်သော ကျောင်းတိုက်ကြီး၌။ ဝသနသီလာနံ၊ သီတင်းသုံး နေလေ့ ရှိကုန်ထသော။ သုပရိသုဒ္ဓပဘာဝလဇ္ဇီပေသလသိက္ခာကာမာနံ၊ အလွန်လျှင်

ထက်ဝန်းကျင်စင်ကြယ်သော အမွန်အဆက်ရှိကုန်သော လဇ္ဇီပေသလသိက္ခာကာမ ဖြစ်ကုန်ထသော။ အဏုမတ္တေသုပိဝဇ္ဇေသု၊ အနုမြူမျှသေးငယ်သော အပြစ်တို့ကို သော်လည်း။

ဘယဒဿာဝီနံ၊ မြင့်မိုရ်တောင်ကြီး ဖိစီးသကဲ့သို့ အလို့အလို့ကြောက် ရွံ့သဖြင့် အသင့်ရှုလေ့ရှိကုန်ထသော။ ဥဇ္ဇာရဇ္ဈာသယာနံ၊ ပြန့်ပြောထူးမြတ်သော အဇ္ဈာသယသမ္ဘာဆန္ဒရှိတော်မူကုန်ထသော။ နိသမ္မကာရီနံ၊ ပြုအပ်သောအမှုကိစ္စ ဟူသမျှကို စစမူပဲ ပညာဉာဏ်စွမ်းဖြင့် ထောက်လှမ်းစူးစမ်း၍ ပြုမူလေ့ရှိကုန်ထ သော။ မဟာဝေယျာကရဏာနံ၊ အကြီးအမြတ်ပါမောက္ခဖြစ်၍ ဗျာကရဏ်း တတ်ဖြစ်ကုန်ထသော။ ဒုက္ခောဂါဟပိဋကတ္တယမဟာဝနာသင်္ဂဉာဏစာရီနံ၊ အနုပစိ တဉာဏသမ္ဘာရဒုပ္ပညပုဂ္ဂိုလ်တို့သည် သက်ဝင်ခြင်းငှာခဲယဉ်းသော ပိဋကတ်သုံးပုံ တည်းဟူသော တောအုပ်ကြီး၌ မငြိရှောက်ကျက်စားသွားလာနိုင်သော ဉာဏ်ရည် ရှိကုန်ထသော။ ကဝိကုဉ္ဇရကေသရီနံ၊ ကဝိကုဉ္ဇရတို့၏အတွင်း၌ ကေသရာဇာခြင်သေ့ မင်းသဖွယ်ဖြစ်ကုန်ထသော။ ပထဗျာ၊ မြေအပြင်၌။ ပါဋ္ဋကာနံ၊ နဘောစန္ဒော်လသို့ ပေါ်၍ ကျော်စောထင်ရှားကုန်ထသော။ အယဥ္စ၊ ဤအရှင်သည်လည်း။ မေဓာဝီ၊ ပညာရှိပေတည်း။ အယဥ္စ၊ ဤအရှင်သည်လည်း။ မေဓာဝီ၊ ပညာရှိပေတည်း။ ဣမေပန၊ ဤသခင်တို့မူကား။ ဣမေသံ၊ ဤမေဓာဝီကျော် သခင်တို့ထက်။ ဝိသေသေန၊ ဖြင့်။ မေဓာဝိနော၊ ပညာရှိကြီးတို့ပေတည်း။ ဣတိ–ဣမိနာ အတ္ထေန၊ ကြောင့်။ မေဓိယာနံ၊ ပညာရှိထက် ပညာရှိကြီးဖြစ်ကုန်ထသော။ ဘဒ္ဒန္တ ဣန္ဒောဘာသာဒိပုဗ္ဗာစရိယသီဟာနံ၊ ကြယ်ပျံသယောင် တပြောင်ပြောင်လျှင် အရောင်မင်းဝှန် ဝင်းသဝဏ်သို့ ရောင်ထန်ထောက်ညို မဏိရတနာကျရာမြေသဉ် ရေလျှဉ်ရစ်ထူး ချောင်းနဖူးဝယ် ရှေးဦးစေ့ပျိုး ထောင့်ကိုးဆယ့်လေးနှစ် သက္ကရာဇ်၌ မည်းညစ်တိမ်ထွန်း ဣန္ဒုထွန်းသို့ အစွန်းသာသနာ စေ့ခါတိုင်အောင် ထွန်းထောင် ရစ်ဖို့ အောင်မျို့မင်္ဂလာ ယူစကာလျှင် ခါတောင်းကြိုက်၍ တိုက်တည်အာဒိကမ္မိက သခင်ဣန္ဒောဘာသအစရှိကုန်သော သီဟရာဇာကေသရာနှင့် ပမာနှိုင်းလျော် ရှေး ဆရာကျော်တို့၏။

ဓမ္မူပမေန၊ တံခွန်သဖွယ်ဖြစ်သော။ သုစိသလ္လေခဝုတ္တိနာ၊ စင်ကြယ်သော မာန ဣဿာ မိစ္ဆာ ဝိတက်စသော အကုသိုလ်တရားကို ခေါင်းပါးစေနိုင်သော အကျင့်ရှိထသော။ ခန္တျာဒ္ဓဝမဒ္ဒဝ သောရစ္စဂရုဂါရဝယုတ္တေန၊ သည်းညည်းခံစောက် မကောက်မဆန်း ဖြောင့်တန်းမဆူး နူးညံ့သောအဖြစ် အပြစ်မသင့် တင့်တယ်သော

ဘနကာယကံ ဝစီကံ မနောကံ၌သာ မွေ့လျော်သည်၏အဖြစ် အလေးပြုထိုက်သော ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်တို့၌ ရိုသေကိုင်းညွတ်သည်၏အဖြစ်နှင့် ယှဉ်ထသော။ ဥပါသကာနံ၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကုန်သော ဂိဟိပုဂ္ဂိုလ်တို့အား။ ဓမ္မာနုဂ္ဂဟေန၊ တရားချီးမြှင့်ခြင်းဖြင့်။ သဗြဟ္မစာရီနဉ္စ၊ သာသနာ တော်အတွင်း သီတင်းသုံးဖော်သံဃာတော်တို့အားမူကား။ ဒွိဟိပိအနုဂ္ဂဟေဟိ၊ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟာနှစ်ပါးတို့ဖြင့်လည်း။ အနုဂ္ဂါဟကေန၊ ချီးမြှင့်ခြင်းအလေ့ ကောင်းစွာစွဲထသော။ ရဋ္ဌသန္တဲ့ဗ္ဗောပိ၊ တိုင်းပြည်တိမ်းပါး ချောက်ချားသောကာလ၌သော်လည်း။ အပ္ပဟာပေတွာ၊ ပရိယတ်ပဋိပတ်သာသနာတော်ရေး မလစ်ဟင်းစေမူ၍။ သဒါ၊ အခါခပ်သိမ်း။ သာသနောဒယကာရိနာ၊ သာသနာတော်၏ပွားစီးကြောင်းအမှုကို အမြတ်တနိုးပြုလေ့ရှိထသော။ ဘာသိတတ္ထံ၊ ဘာသိတာဘာသိတ၏အနက်ကို။ ခိပ္ပံ၊ လျင်မြန်စွာလျှင်။ ဂဟဏဓာရဏသမတ္ထေန၊ မှတ်ခြင်း ဆောင်ခြင်းငှာစွမ်းရည်ရှိထသော။ မေဓိယဓောတိ၊ မေဓိယဇဟူ၍။ ဂရူဟိ၊ လူသာမန်တို့သည် ချီးပိုး ဆောင်ရွက်နိုင်ခဲသော သီလသမာဓိသန္တောသ အစရှိသော သခင်မြတ်တို့ ထမ်းရွက်သည့်ပိုးအပ်ကုန်သော ကျေးဇူးဂုဏ်ကြီးဖြင့် ကျောက်ထီးကဲ့သို့ လေးကုန်သော ဆရာကျော်တို့သည်။ ဂဟိတနာမဓေယျေန၊ ယူအပ်သောအမည်ရှိထသော။ သီလဝတိယာ၊ စန္ဒကိန္နရီ မဒ္ဒီသမ္ဘူလ ရှင်မယသော်သို့ တော်မှန်ဖြောင့်မတ် မြတ်သော သီလကျင့်ဝတ်ပြည့်စုံစွာထသော။ သုဓမ္မဒေဝိယာ၊ ထေရ်ပေါက်ကြီးတို့ပွဲသီးခံရာ သုဓမ္မစာသဘင်ကို ဆောက်လုပ်ပူဇော်ခြင်းဖြင့် သုဓမ္မဒေဝီမည့်ပေထိုက်သော။ ဥတ္တရုပရိယာ၊ မြောက်နန်းမိဖုရား၏။[၁]

အာစရိယေန၊ ဆရာတော်ဖြစ်သော။ မဟာထေရေန၊ မဟာထေရ်သည်။ ပရမ္ပရာဘတဝိနိစ္ဆယညူဘိ၊ အဆက်ဆက်သော ဆရာတို့၏အနွယ်သည် ဆောင်အပ် ဆုံးဖြတ်အပ်သော အနက်ကို ဆုံးဖြတ်ခြင်းဥပဒေ ဆုံးဖြတ်ကြောင်း

---

၁။ ဥတ္တရုပရိယာ– ဟူသော အထက်ပါပါဠိသည် ရေးဟံသာဝတီရိုက်မူဖြစ်သည်။ ဇမ္ဗူမိတ်ဆွေရိုက်မူ၌ကား ဥတ္တရာဘရိယာ– ဟုရှိ၏။ ထိုတွင် ဥဘရီ– ကား ပါဠိမထင်၊ ဇာ၊ ဌ။ ၂။ ၁၄၂။–၌ အဿကမင်း၏ မိဖုရားအမည်သည် မြန်မာမူတို့၌ ဥပရီ– ဟုရှိ၏။ နိုင်ငံခြားမူတို့၌ကား ဥဗ္ဗရီ– ဟုရှိ၏။ ထို့ပြင် ပေတဝတ္ထုပါဠိ အဋ္ဌကထာတို့တွင် ဥဗ္ဗရီပေတဝတ္ထု၌ ဗြဟ္မဒတ်မင်း၏ မိဖုရားအမည်သည် မြန်မာရေးမူတို့၌ ဥပ္ပရီ– ဟုရှိ၍ ယခုမူသစ်၌ ဥဗ္ဗရီ–ဟုရှိ၏။ အဘိဓာန်တို့၌လည်း ဥဗ္ဗရီ(ထီ) မိန်းမ၊ မယား–ဟု ပြထားသည်ကိုတွေ့ရ၏။ ထို့ကြောင့် ထိုအမည်တို့မှ မြန်မာရေးမူတို့၌ရှိသော ဥပရီ–ကိုယူ၍ ရေးခဲ့သည်ဖြစ်တန်ရာ၏။ (ဆ–သံ–သော)။

ဥပဒေကို ကျွမ်းကျင်ကုန်သောဆရာတော်တို့မှ။ လဒ္ဓေါပဒေသံ၊ မဟာသယော စသည်တို့၌သော်လည်း အသက်ကိုပမာဏမထား ကျားမင်းပုဏ္ဏရိတ်သို့ စိတ်သွား တိုင်းကိုယ်ပါလျှက် ထိုရွာဤရွာဆရာကောင်းထံ ကျိုးနွံကပ်ဆည်း နည်းခံသဖြင့် ရအပ်သောလက်ဆုပ်ဥပဒေနည်းနာ ကောင်းကို။ အဝလမ္ဗ၊ တမျဉ်းမှီငြမ်းပြု၍။ ကတာ၊ စီရင်အပ်သော။ နာတိသင်္ခေပ နာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ၊ မကျဉ်း လွန်း မကျယ်လွန်းကောင်းမြတ်သော အရသာလေးပင်စွာလျှက် ချက်ချက် မာသော အနှစ်အတိ အဆုံးအဖြတ်ရှိသော။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာယ၊ ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာ၏။ အယံအတ္ထယောဇနာ၊ ဤအနက် ယောဇနာသည်။ ဣတိ၊ ဤရွေ့သော စကား အစီအစဉ်ဖြင့်။ သမတ္တာ၊ သာသနာစောင့်တတ် ရှင်မြတ်နန်းမြတ်နှင့် သူရဿတီ ဝန်းအုံညီ၍ ချီပင့်လေလောသောတုဘုန်းလျှင် ချိန်ဆုန်းခါသင့် နာခွင့်ရရာ မလေသလော ချောမောပေ၍ စေ့မြေ့လုံခြုံ ပြည့်စုံလတ်ပြီ။

၁။ ဇယဝဿတော၊ အမရပူရ သာလှထူးသည်လည်း မြို့ကြီးတည်သည် ဇာနည်ဓိပတိ လောကီမျက်ပွင့် နတ်ရှင့်မြစ်လျှင် ကွန့်ရစ်တေဇ ဘုန်းတောက်ပသော တရာ့တစင်း မင်းတို့သရဖူ ဖြစ်လိမ့်မည်ဟူ၍ လိုက်ဆူကြေညာ သမ္မာရင့်ငြောင်း စောနန်းလောင်းလျှင် သောင်းခွင်ဇမ္ဗူ သိမ်းယူမြေပြင် အောင်မြင်ခါတန် ဘုန်းမိုး လျှံ၍ ရင့်သန်ပါရမီ နတ်ကူညီသို့ မထိမဲ့လောက် ထွက်လတ်မြောက်က နောက်ထပ် မီလည်း ညီတော်ရဲဖျား ရန်ညွန့်တားလျှင် ပယ်ရှားလွှင့်ပျောက် ကြံတိုင်းပေါက်လျှက် ပယ်ဖျောက်ရန်လေး ဘေးတော်ရိုက်ရာ အောင်ချာပြည်မ အောင်တပ်ချ၍ ကွဲကျ မြင့်မိုရ် နတ်စက်ဖြိုသို့ ထိုထိုပြည်ထောင် ကုန်အောင်သိမ်းယူ အောင်တော်မူသစ် ဇေယျနှစ်မှ။

တတိယေဝဿေ၊ သုံးခုမြောက်ဖြစ် သက္ကရာဇ် ဂေါဇာ ရသာမေရု စကျွန်ရူပ ရောက်ထတုံလစ် ခါကောင်းနှစ်၌။ သုနိဋ္ဌိတော၊ ကောင်းစွာဆုံးဖြတ်အပ် သော။ ဝါ၊ ကောင်းစွာဆုံးဖြတ်အပ်သည်ဖြစ်၍။ ဂမ္ဘီရတ္ထသုဗောဓနော၊ နက်နဲသော အနက်အဓိပ္ပါယ်ကို လွယ်လင့်တကူသိကြောင်းဖြစ်သော။ အယံဂန္ထော၊ ဤကျမ်း သည်။ အနာယာသာ၊ မငြိုငြင်သဖြင့်။ နိဋ္ဌံပတ္တော၊ လမြတ်နှုယ်တာ ဝိသာခါနတ် သတ် စင်နတ်ယှဉ်မှီ ရာသီမကွာ ကလာပြည့်ညီ ပုဏ္ဏမီသည် တိထီပြည့်၍ ဂျွန်နေ့၌ စေ့စေ့ကမ္ပတ် ပြီးရောက်လတ်သတည်း။

၂။ ဟိ၊ အဖြေကိုဆိုအံ့။ ယော-ယာဒိသော၊ အကြင်သို့သဘောရှိသော။ ရာဇာ၊ ဒသရာဇဓမ္မသင်္ဂဟလေးပါးဖြင့် လူအများကိုနှစ်သက်စေလျက် ရေမြေစိုးရ ခတ္တိယသည်။ မဟာပုညော၊ အပန်းကြီးစွာ ကိုယ်တိုင်မရိုး တန်ခိုးစေလွှတ်ကာ ချက်ကုန်ပြီး၍ ပုတီးစိပ်လျက် အောင်တော်မူက ပြည်သူတကာ သာယာစိတ်သန် နတ်မြန်မင်္ဂလာ ကောင်းချီးညာ၍ အပါပင့်ဆောင်မှ ရွှေတောင်ရွှေနန်း သိမ်းမြန်း းသဖြင့် ဘုန်းတန်းလည်းကြီးတော်မူ၏။ သန္တော၊ မင်းတို့ဖွယ်ရာ ရုံခါပျော်ရွှင် တင်တိုက်မင်း တိုက် လက်ငွေလက်ပမ်း ရန်ကျုန်းသဘင် ပျော်ရွှင်မစံ နာမ်ရုပ်တရား ပိုင်းခြားဖြစ်ပျက် ချက်ချက်လေ့လာ ဘာဝနာစိမ်၍ ငြိမ်သက်ချမ်းမြေ့သောနှလုံးတော် လည်း ရှိတော်မူ၏။

ဒန္တော၊ ကမ္မဿကတာ ဝိဘာဝနာဉာဏ်ဆုံးမ၍ အပါယဂမနိယ အမနာ ပအမှုမယှဉ် ယဉ်ကျေးတော်မူ၏။ ဝိစက္ခဏော၊ တိုင်းပြည်သာသနာအရေး နှစ်ပါးကို သူ့စကားဖြင့်သာမကောက် မျက်မှောက်ကင်္ကာ ပညာဉာဏ်စွမ်းဖြင့် ခွဲခြမ်းမိမိ ကိုယ်ကြပ်သိအောင် စိစစ်ထောက်လှမ်း စုံစမ်းမြှော်တင်းလေ့ရှိတော်မူ၏။ သာသန သောဓနေ၊ ချည်ရေပေါ်ရောက် ကြေးညိုပျောက်သို့ ထွန်းတောက်သာသနာ ရောင်ဝါ လင်းအောင် သန့်ရှင်းသုတ်သင်ခြင်း၌။ ဒဠှံ၊ စွာ။ သဒ္ဓါဥဿာဟမာနသော၊ အခါ မယုတ် အားထုတ်သောနှလုံးတော်လည်းရှိတော်မူ၏။

၃။ အတ္တနော၊ ကိုယ်တော်၏။ ဒန္တကာမောဝိယ၊ ယဉ်ကျေးခြင်းငှာ သမ္မာဆန္ဒ ရှိတော်မူသကဲ့သို့။ သဗ္ဗေသံ၊ မင်းဆွေစိုးမျိုး ရဟန်းပုဏ္ဏား ဆင်းရဲသားမဟူ ကုန် အောင်စုံသူတို့၏လည်း။ ဒန္တကာမော၊ အသွင်အားလျော်စွာသရဏသီလဘာဝနာ စာရိတ္တဝါရိတ္တသီလစသည်၌ ယဉ်ကျေးခြင်းငှာ သမာဆန္ဒပြင်းပြတော်မူသည်ဖြစ်၍။ ပတိဋ္ဌာပေတိ၊ အဝတ်အစားပေး၍ ဆေးကုသောသမားကဲ့သို့ များစွာ ဆုလာဘ်ပြား ၍ တရားနှင့်အညီတည်စေတော်မူ၏။ (ဤပါဠိသေသကို ဒန္တကာမော ဒယာလု ကော-ဟူသောပုဒ်ဖြင့်သိသာသည်။) ဒယာလုကော၊သခင်သာရိပုတ္တရာအလောင်း သို့ အသည်လူပေါင်းကို လျစ်လျူသာမရှုကရုဏာသနား များစွာဖြစ်တော်မူ၏။

ဒါနဇ္ဈာသယော၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၌လွန်သော သမ္မာဆန္ဒ အဇ္ဈာ သယရှိတော်မူသည်ဖြစ်၍။ စတုဒ္ဒိသာ-စတုသုဒိသာသု၊ မြို့တော်အရပ်လေးမျက်နှာ တို့၌။ ဒါနသာလံ၊ အလှူတင်းကုပ်ကို။ ကတွာ၊ ဆောက်လုပ်၍။ ဒါနံ၊ အလှူကို။ ဒါယကော၊ ဝန်တိုပိတ်သည်း ထုပ်သိမ်းဆည်းလျက် ပစ္စည်းဝန်ပုပ် မသိမြုပ်ပဲ လက်ဆုပ်ဖြေဆန့် ပေးဝေဖြန့်၍ နိဗ္ဗာန်မျိုးကို စေ့ပျိုးစိုက်မြုပ်တော်မူတတ်၏။

(ဒါနဖ္လာသယော၊ ကား ဤဒွလိုလျှက် အဘယ်ကြောင့် တူရှမဆိုသနည်း ဟူမူကား ဂမ္ဘမာနတ္တတ္တာ ဒါနဖ္လာသယောတိက္လဒံ န ဝုတ္တံ၊ ဖြေ။ ဂမျမာနတ္တတ္တာ၊ သိအပ်သော အနက်ရှိသည်၏အဖြစ်ကြောင့်။ ဒါနဖ္လာသယောတိက္လဒံ ဒါနဖ္လာ သယော၊ ဟူသော ဤပုဒ်ကို၊ န ဝုတ္တံ၊ တူရှတိုက်ရိုက်မဆိုအပ်သတည်း။ ဂမျမာနတ္တ ဖြစ်တုံတပြီးကား ဂမျမာနတ္တဖြစ်သော် ဒါနဖ္လာသယော၊ ဟူသောဤပုဒ်ကို တင်းလင်း ယှဉ်လျှင် အပ်သည်တုံတကား ဂမျမာနတ္တဖြစ်လျက် တင်းလင်းမယှဉ်အံ့တုံ သလော၊ ဂမျမာနတ္တမဖြစ်မှ တင်းလင်းမယှဉ် အပ်တုံအံ့သည်တကားဟူမူ ဂမျမာနတ္တသ ဟိ သဒ္ဒပယောဂမှိ ကာမစာရော၊ ဖြေ။ ဟိ–ယသ္မာ၊ ကြောင့်။ ဂမျမာနတ္တသ၊ ဆ၍ သိအပ်သောအနက်ရှိသော။ သဒ္ဒဿ၊ ကို။ ပယောဂမှိ၊ ယှဉ်ခြင်း၌။ အာစရိယာ၊ တို့သည်။ ကာမစာရော၊ မိမိ မိမိအလိုဖြင့် ကျင့်ကုန်၏။ တသ္မာ၊ ကြောင့်။ ဂမျမာနတ္တတ္တာ၊ ဆ၍သိအပ်သောအနက်ရှိသည်၏ အဖြစ် ကြောင့်။ ဒါနဖ္လာသယောတိက္လဒံ၊ ဒါနဖ္လာသယော၊ ဟူသောဤပုဒ်ကို။ နဝုတ္တံ၊ တူရှတိုက်ရိုက် မဆိုအပ်သတည်း။

ဂမျမာနတ္တဖြစ်သောသဒ္ဒါကို ကျမ်းပြုဆရာတို့သည် ဝတ္တိစ္ဆာအားဖြင့်ယှဉ်လို သော်လည်း ယှဉ်ကုန်ကာ မယှဉ်လိုသော်လည်း မယှဉ်ကုန်ကာအမြဲယှဉ်ထုံး မဟုတ်ဟုဖြေဆိုသည်။ ဤနည်းကို ဂမျမာနတ္တဖြစ်၍ မယှဉ်သောအရာ ခပ်သိမ်း ၌သုံး)။

၄။ ယံရာဇာနံ၊ အကြင်မင်းမြတ်ကို။ နိဿာယ၊ အမှီပြု၍။ မမ၊ ငါ၏။ သောပိ၊ ဤဝိသုဒ္ဓိမဂ်နိဿရည်းကျမ်းသည်လည်း။ သတ္တုသာသနဇောတနေ၊ ရှင်တော် ဘုရားသာသနာကိုထွန်းလင်းစေခြင်း၌။ ဉပတ္ထမ္ဘော၊ အထောက်အပံ့သည်။ အပ္ပ နာမ အပိဝေနာမဘာဝေယျ၊ ဖြစ်ပါတုံအံ့လော။ ဝါ၊ ဖြစ်စေချင်စွာ၏။ ဣတိစိန္တယ၊ ဤသို့ကြံ၍။ အယံဂန္ထော၊ ဤနိဿရည်းကို။ မယာ၊ သည်။ ကတော၊ စီရင်အပ်၏။ တာဒိသဿ၊ ထိုသို့သော ကျေးဇူးသတင်း ကျော်စောသောမင်း၏။ ဇယဝသော၊ ဇေယျနှစ်ဟု။ ဝိဿဇ္ဇိတဗ္ဗော၊ ဖြေဆိုအပ်၏။

၅။ အယံဂန္ထော၊ ဤကျမ်းသည်။ အန္တရာယံ၊ နှောင့်ရှက်ငြိတွယ် အန္တရာယ်ကို။ ဝိနာ၊ ကြဉ်၍။ သုခံ၊ ချမ်းသာစွာ။ နိဋ္ဌိတောယထာ၊ အပြီးကမွတ်ရောက်သကဲ့သို့။ တထေဝ၊ ထိုအတူ။ ပါဏိနံ၊ အလုံးစုံသောသတ္တဝါတို့၏။ ဟိတာသက်ပ္ပါ၊ အစီးအပွား နှင့်စပ်သော ကောင်းမြတ်သောအကြံတို့သည်။ သမိဒ္ဓါ၊ အလိုအလျောက် ပြည့်စုံ ကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၆။ အပရဒ္ဓံ၊ မှားယွင်းသဖြင့် မသင့်မတော်ချွတ်ချော်စနိုးထင်သော။ မမ၊ အကျွန်ုပ်၏။ ယံကြိရိယံ၊ အကြင်ကိုယ်နှုတ်နှလုံးအမူအရာသုံးပါးသည်။ အာယသ္မန္တာနံ၊ သက်တော်ရှည်သောအရှင်ကောင်းတို့အား။ နရုစ္စတိ၊ နှစ်သက်ခြင်းကိုမဖြစ်စေတတ်။ မေ၊ ၏။ တံကြိရိယံ၊ ထိုကိုယ်နှုတ်နှလုံးသုံးပါး မှားမိသမျှအပေါင်းနှာခေါင်းရှုံ့ဖွယ်ကို။ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ခမန္တု၊ သည်းခံတော်မူစေကုန်သော်။ မမ၊ ၏။ အယံမဟာဿာတေန ကတာ အတ္တယောဇနာ၊ ဤလွန်စွာဉဿာဟဖြင့်ပြုအပ်သောအတ္တယောဇနာသည်။ ပူဇာဟောတု၊ စိတ်ကျွန်းမာန်လျှော့နှလုံးပြော့သဖြင့် ကန်တော့ပွဲဖြစ်စေသော်။

၇။ စ၊ ဆက်၍ဆိုအံ့။ ဣမံအတ္တယောဇနံ၊ ဤအတ္တယောဇနာကို။ သန်ရောဓ္တေန၊ စီရင်သော။ မယာ၊ ငါသည်။ ယံပုညံ၊ အကြင်တိတိတ် ဥက္ကဋ္ဌမြတ်သောကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်ပြီ။ အညမ္ပိ၊ ဤမှတစ်ပါးလည်းဖြစ်သော။ ယံ ပုညံ၊ အကြင်ကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်ပြီ။ ဣမသောသနေ၊ ဤဘုရားသာသနာတော်၌။ ပသုတေန၊ ပွားစေအပ်သော။ တေနပုညေန၊–ထိုအစုစုကောင်းမှုကြောင့်။

၈။ အသ္မာကံ၊ တို့၏။ သုဘူပါနံ၊ ရှင်ပင်သာသနာ စောင့်တာကျွသည့် သိကြားအဆွေ ရေမြေထိန်းကျောင်း မင်းကောင်းမင်းမွန်တို့၏။ ဇယော၊ တွင်းပဘောဒဏ် ရန်မာရ်အောင်မြင်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ ဖြစ်စေသော်။ တေသုဘူပါ၊ ထိုမင်းကောင်းမင်းမြတ်တို့သည်။ အတ္တနောပဇံဝ၊ ရင်သွေးတော်စစ်ကဲ့သို့၊ ပဇံ၊ သတ္တဝါအသည် လူအပေါင်းကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခန္တု၊ သိမ်းမြန်းပိုက်ထုပ် ကြက်သားအုပ်သို့ စိုးချုပ်စောင့်တော်မူစေကုန်သော်။

၉။ ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့လျော်ကုန်သည်ဖြစ်၍။ ဇိနသာသနံ၊ သဗ္ဗညုဘုရားရှင်သာသနာတော်ကို။ ဇောတေန္တု၊ ထွန်းလင်းအောင်ချီးမြှင့်တော်မူစေကုန်သော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေစပါဏိနော၊ ဤအသည်သတ္တဝါတို့သည်လည်း။ ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့လျော်ကုန်သည်ဖြစ်၍။ အမတံပဒံ၊ သေခြင်းကင်းရာနိဗ္ဗာန်ရွှေပြည်သို့။ ပပ္ပေါန္တု၊ ရောက်လွယ်စေကုန်သတည်း။

၁၀။ ပေဋကိကာ၊ ဘုရားသာသနာတော်ဝယ် စာပေပိဋကတ်သင်ကြားချပို့ကုန်သော။ သောတာရော စ၊ စာသင်ပျိုစာချပုဂ္ဂိုလ်တို့သည်လည်း။ (သုဒ္ဓဖြင့် စာသင်ဟောတုဖြင့်စာချယူ)အရောဂါ၊ လေဆိုးမိုးဆိုး ချောင်းဆိုးလည်နာကစ ဆံမျှရောဂါ

အနာကင်းကုန်သည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ကပ်၍နှိပ်စက်တတ်သော ဥပါဒ်ဘေးဒါန် အနှောင့်အယှက် ကင်းကုန်သည်ဖြစ်၍။ ပါရင်္ဂတာ၊ သမုဒြာကြမ်း ကမ်းတဖက်သို့ ရောက်ကုန် သည်ဖြစ်၍။ တာရကာရိဝ၊ တိမ်မြူကင်းစင်း ကောင်းကင်ပြင်ဝယ် ထွက်သောကြယ်ကဲ့သို့။ သာသနေ၊ သာသနာတော်၌။ ဂန္ထကာရာ၊ စာဆိုကျမ်းပြု ဆရာတို့သည်။ ဗဟုဟောန္တု များပြားသည်ဖြစ်စေကုန်သတည်း။

၁၁။ အာရက္ခကာ၊ သာသနာမြို့ရွာသတ္တဝါကို စောင့်ပေကုန်သော။ သဗ္ဗေမရူ၊ အလုံးစုံသောရှင်နတ်မြတ်တို့သည်။ နဝံသုခံ၊ အသစ်အသစ်တိုးပွားသော စည်းစိမ် ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်ပါစေကုန်သတည်း။ ပမာဒရဟိတာ၊ နတ်စည်းစိမ်း ယစ်၍ မကြည့်ဖြစ်မေ့လျော့ခြင်း ကင်းကုန်သည်ဖြစ်၍။ ရက္ခန္တု၊ မပြတ်နိစ္စ စောင့်ရှောက်မစေကုန်သော်။ ဒေဝေါ၊ မိုးမင်းသည်။ ကာလေန၊ လုပ်ချိန်အခါ၌။ သမ္မာပဝဿတု၊ ရေစိုင်ပုလဲ ကြဲဖြန့်နှံ့စပ် ရှစ်ရစ်မျက်နှာရွာစေသော်။

၁၂။ အဟံ၊ ငါမူကား။ သပရတ္တကောဝိဒေါ၊ မဟာသေနကဝိစုရပညာရှိသို့ မိမိစီး ပွားသူစီးပွား၌ ရေးခြားလိမ်မာသည်ဖြစ်၍။ ဗောဓိပါစကံ၊ အရတတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတက်သောပါရမီစာဂစရိယကို။ စရန္တော၊ မဆုတ်မနစ် ကျင့်နိုင်သည်ဖြစ်၍။ သဗ္ဗညုတံ ဝရံပတ္တာ၊ မြတ်သောသဗ္ဗသုတဉာဏ်သို့ ရောက် လတ်၍။ ဇနတံ ဗဟုံ၊ သြဃလေးဖြာ ဗလဝါမုခ် ရည်ထုတ်ဒီမှုန် ရေအဟုန်ဖြင့် ပျက်ကုန်ဖန်ဖန်အားမသန်သား မကျန်ပြောထူ ဖော်သုံးလူကို။ တာရေမိ၊ ဆယ်ယူ ကယ်တင်ရလို၏။

၁၃။ က္လတော၊ ဤကိုယ်အဖြစ်မှ။ ပရံတု၊ နောက်နောက်သောကိုယ်၏အဖြစ်၌ သော်ကား။ ဥစ္စေကုလေ၊ ဥစ္စာစည်းစိမ် ဂုဏ်သိမ်မညှိုး မြင့်မြတ်သောသူတော် ကောင်းမျိုး၌။ ဟုတွာ၊ ဖြစ်၍။ သတ္တသဒ္ဓမ္မသံယုတော၊ သဒ္ဓါ သတိ ဟိရီ သြတ္တပ္ပ ဗာဟုသစ္စ ဝီရိယ ပညာဟူသည် သူတော်ရတနာခုနစ်ဖြာနှင့် မကွာမကွေယှဉ်သော။ မီရော၊ သဘောအားလျော်စွာ မှတ်နိုင်ဆောင်နိုင်သောဉာဏ်ရည်ရှိသော။ ဝါ၊ ဆန့်ကျင်ဖက်တရားတို့ လှုပ်ရှားမနိုင်ခိုင်သော သမာဓိရှိသော ပုဂ္ဂိုလ်ထူးသည်။ ဟုတွာ၊ ဖြစ်၍၊ သဗ္ဗသာမယိကော၊ အကြွင်းမရှိနိကာယ်ငါးစုံ နှုတ်ငုံလေ့လာ လိမ္မာကျွမ်းကျင်သည်ဖြစ်၍။ သောဂတံ၊ ဘုရားသာသနာတော်ကို။ သုတံ၊ နေဝန်းလဝန်းသို့ တောက်ထွန်းတင့်တယ်အောင် သောဝေယျံ၊ မိစ္ဆာရန်နှောင့် ဆူးငြောင့်မရှိ တိတိရှင်းစင် သုတ်သင်နိုင်လို၏။

၁၄။ သာသနန္တရဓာနေပိ၊ သာသနာတော်ကွယ်လတ်သော်လည်း။ တပေါဝနေ၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌသီလဉစ္စာကြွယ်ဝသော သုမေဓသော၊ လက်ဦးအစ ဗျာဒိတ်ရသောဘုရားအလျာ သုမေဓာရှင်ရသေ့ကဲ့သို့။ တပေါဝနေ၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌသီလဉစ္စာ ကြွယ်ဝသည်။ ဟုတွာ၊ ဖြစ်၍။ ကာယေဗီဝေနပေက္ခန္တော၊ ကိုယ်နှင့်အသက် ငဲ့ကွက်မချစ် အနပက်ပြု၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သော ပါရမီစာဂစရိယာကို။ စရေယျ၊ မဆုတ်မနစ်ဖြည့်ကျင့်နိုင်၏။
၁၅။ ယာဝ၊ အကြွင်းမဲ့လောက်သောကာလပတ်လုံး။ လောကဇေဋ္ဌော၊ လောကသုံးပါး၌ သီလသမာဓိပညာစသော ဂုဏ်အားဖြင့်ကြီးရင့်သောပုဂ္ဂိုလ်ဖြစ်တော်မူထသော။ ဝါ၊ အဝိဇ္ဇာဥခွံကိုပယ်ခွာ၍ လက်ဦးစွာထွက်သည်အဖြစ်ကြောင့် လောကသုံးပါး၏အကြီးအစ်ကိုဖြစ်တော်မူထသော။ တာဒိနော၊ လာဘာလာဘအစရှိသော လောကဓံရှစ်ပါး ဣဋ္ဌအနိဋ္ဌအစရှိသောအာရုံကိုလည်း ပကတိသဘောကို မစွန့်သဖြင့်တုန်လှုပ်ခြင်းကင်းသော ဂုဏ်နှင့်ပြည့်စုံတော်မူထသော။ သိရိမတော၊ အလွန်သောဘုန်းပညာကြွက်သရေရှိတော်မူသော။ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိနာမမ္ပိ၊ ဘုရား-ဘုရားဟူသောအမည်တော်မျှသည်လည်း။လောကေ၊ ၌။ ပဝတ္တတိ၊ မပြတ်မစဲတည်သေး၏။ တာဝ၊ ထိုရွေ့လောက် ဘုရား-ဘုရားဟူသော အမည်တော် မပြတ်မစဲသမျှကာလပတ်လုံး။ အယံအတ္တယောဇနော၊ ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာအတ္တယောဇနာသည်။ တိဋ္ဌတံ-တိဋ္ဌတု၊ သောတုဇနတို့အား အနက်အဓိပ္ပါယ်ကိုပြလျက်တည်စေသော်။

ဟူသော ၃-ဂါထာပါဌ်စုဏ္ဏိယပါဠိ ၁၅-ဂါထာ ပါဌ်နိဿယတို့ဖြင့် လောကအကြောင်း သာသနာအကြောင်း ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

## အကြိမ်အကြိမ်ပုံနှိပ်ခဲ့ခြင်း

ယင်းဝိသုဒ္ဓိမဂ် နိဿယကြီးကို ပေမှကူးယူ၍ ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက် ရန်ကုန်မြို့ ဟံသာဝတီသတင်းစာတိုက် စသည်တို့မှ ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ပဥ္စမတွဲအားဖြင့် ၅-တွဲခွဲ၍ ပုံနှိပ်ထုပ်ဝေခဲ့ရာ သာသနာတော်၌ အကျိုးများလှပါသတည်း။ တဖန် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ၁၃၇၂-ခုနှစ်မှစ၍ ၁၃၃၀-ခုနှစ်အတွင်း ပဌမတွဲ၊ ဒုတိယတွဲ၊

တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲအားဖြင့် ၅–တွဲခွဲ၍ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ ဥပဒေသကိုခံယူ၍ အနည်းငယ်ချဲ့၍ ပုံနှိပ်ထုပ်ဝေခဲ့ လေသည်။ ရောမ ကြီးကျယ်သည့် ကျမ်းကြီးဖြစ်လေသည်။

ဝိသုဒ္ဓိမဂ္ဂနိဿယော၊ ဝိတိဏ္ဏော ဝိပုလော ဘဝေ။
မေဓိယဓေဝှယေန၊ ရစိတော ကဝိကေတုနာ။

## ခန္ဓဝိဘာဝနီ ဋီကာပါဠ်

ခန္ဓဝိဘာဝနီဋီကာပါဠ်ကိုလည်း မန္တလေးမြို့တော်၌ သီတင်းသုံးစဉ် သက္ကရာဇ် ၁၂၂၃–ခုနှစ်က အပြီးရေးသားတော်မူခဲ့လေသည်။ ၎င်းကျမ်းမှာ ကျမ်းကြီးဖြစ်သည်ဟုသိရ၏။ ဂန္ထာရမ္ဘ ၇–ဂါထာပါရှိပြီး နိဂုံးဂါထာပေါင်း ၁၆– ဂါထာရှိ၏။ ဆရာတော်သည် ပါဠိကျမ်းပြုပုဂ္ဂိုလ်ဟူသောဘွဲ့ ဤခန္ဓဝိဘာဝနီဋီကာ ကျမ်းဖြင့်လည်း ရယူတော်မူခဲ့လေသည်။ ၎င်းကျမ်းမှာ စာအုပ်အဖြစ်သို့ မရောက်ခဲ့ပါချေ။ ၁၃–ကြောင်းပေ ဒေါ်မှုဗိထိ ရှိသည်ဟုသိရ၏။

## အဋ္ဌသာလိနီအဋ္ဌကထာ နိဿယသစ်

ဆရာတော်ဘုရားကြီးသည် ပဉ္စမသံဂါယနာတင်မင်းတရားကြီးလက်ထက် မဏ္ဍလာရာမတိုက်၌ သီတင်းသုံးတော်မူစဉ် အဋ္ဌသာလိနီအဋ္ဌကထာနိဿယကျမ်း ကြီးကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်။ ယင်းနိဿယသည် သက္ကရာဇ် ၁၀၇၆–ခုနှစ်၊ ရတနာပူရအင်းဝမြို့၌ နန်းတက်သော လေးကျွန်းမာန်အောင်၊ ဇေယျ မာန်အောင်၊ မင်္ဂလမာန်အောင်၊ လောကမာန်အောင် စေတီဒါယကာမှန်နန်းဆင်ဖြူ ရှင် တနင်္ဂနွေမင်းလက်ထက် ပခန်းကြီးမြို့ စီရင်စုနေရင်းရွာဇာတိ မဏိရတနာရာမ တိုက်နေ အရှင်အရိယာလင်္ကာရဆရာတော်ဘုရားကြီးစီရင်သည့် အဋ္ဌသာလိနီ နိဿယကိုထောက်၍ အဋ္ဌသာလိနီနိဿယသစ်ဟုတွင်သည်။ ယင်း ပြည်ဆရာ တော်၏ အဋ္ဌသာလိနီ အဋ္ဌကထာနိဿယမှာလည်း ရောမကျမ်းဂန်ကြီး ဖြစ်လေ သည်။ ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်ရိုက် ပဌမအုပ်ရှိုင် ဆိုက်ဖြင့် စာမျက်နှာ ၅၁၉–။ ဒုတိယအုပ် ၄၅၃–။ တတိယအုပ် ၄၁၅– စုစုပေါင်းစာမျက်နှာ ၁၃၈၇–ရှိလေသည်။ ကျမ်းဦး၌–

ဗိနေန္ဒြမတ္တေဘသကုမ္ဘစာရိနီ၊ ဗိနောရသာနံ မုခပင်္ကဇာလိနီ။
သရဿတိမေမုခဂဗ္ဘဂဗ္ဘိနီ၊ ရမတွနာယာဿ သဒတ္ထသူဒနီ။

ဇိနေန္ဒြမတ္တေဘာသကဣုစာရိနီ၊ မာန်ငါးပါးကိုအောင်တော်မူပြီးသည်ဖြစ်၍ လောကသုံးပါး၌ အစိုးရတော်မူသော ရှစ်ပါးသောပရိတ်သတ်တို့၏အလယ်၌ ရဲရင့်သည်ဖြစ်၍ အမှန်ယစ်သော ဆဒ္ဒန်ဆင်မင်းနှင့်တူတော်မူသောမြတ်စွာဘုရား၏ ပါးစောင်းနှစ်ဖက်မှ ဆင်းသက်လျော၍ အာသောက်ယှိစီးသောဆင်မုန်နှင့်တူသော သူတပါးတို့မာန်ယစ်ခြင်းစသည်ကို နှိမ်နင်းခြင်းငှာစွမ်းနိုင်သော မကြောက်မရွံ့ လုံ့မ စောက်ဆိုအပ်သော စကားတော်သံ၌ဖြစ်ခြင်းအလေ့ရှိထသော။ ဇိနောရသာနံ၊ ငါးမာရ်အောင်မြင်သုံးလူ့ရှင်၏ ရွှေရင်တော်နှစ် သားရင်းအစစ်ဖြစ်တော်မူကုန်သော အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပအစရှိကုန်သော အရှင်မြတ်တို့၏။ မုခပင်္ကဇာလိနီ၊ ခံတွင်းတော်တည်းဟူသော ပုဏ္ဍရိက်ကြာတိုက်၌ ကောင်းစွာတည်နေ လျှက် ပန်းရက်အရသာကိုယူဆောင်တတ်သော ပိတုန်းနှင့်တူသည်တမူလည်းဖြစ်သော။ ဂဗ္ဘိနီ၊ မြတ်စွာဘုရား၏စကားတော်သံတည်းဟူသော နတ်ယောက်ျားနှင့် ပေါင်းမိခြင်းကြောင့် ယူအပ်သောနိယတ်နိတတ်အစရှိသော မြတ်သောအနက်တည်း ဟူသော သားကောင်းရတနာဖွားခါနီးသော ကိုယ်ဝန်ရှိထသော။ သွရဿတိ၊ သူရဿတီနတ်သမီးသည်။ အနာယာသာ၊ ငြိုငြင်ပင်ပန်းခြင်းမရှိသည်ဖြစ်၍။ မေ၊ ငါ၏။ မုခဂဗ္ဘေ၊ ခံတွင်းတည်းဟူသော ပုဏ္ဍရိက်ကြာတိုက်၌။ ဝါ၊ ပုဏ္ဍရိက်ကြာတိုက်တည်းဟူသောခံတွင်း၌။ သဒတ္ထသူဒနီ၊ မိမိ၏နိယတ်နိတတ် အစရှိသော မြတ်သော အနက်တည်းဟူသော ပုဏ္ဍရိက်ရွှေတုံးရွှေခဲ သားရတနာကို ကောင်းစွာ ဖွားလျှက်။ ရမတု၊ မွေ့လျော်ပါလှည့်–ဟူသော ဇိနာလင်္ကာရကျမ်းလာ ဂန္ထာရမ္ဘ ဂါထာကို ယူတော်မူ၍ ဆန်းကြယ်စွာပင် အနက်မြန်မာပြန်၍ အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ဤဂါထာ နက်ဖြင့်ပင်ဆရာတော်၏ မုံသောက်မာတင် ပညာရှင်ကြီး ဖြစ်ကြောင်း သိနိုင်ပေသည်။

## အဋ္ဌသာလိနီ နိဿယလေ့လာ၍ စာတတ်သူပေါင်း

ဤအဋ္ဌသာလိနီအဋ္ဌကထာနိဿယကြီးကို လေ့လာကြည့်ရှု၍ ပညာတတ် ဖြစ်ခဲ့ကြသော ပုဂ္ဂိုလ်များမှာလည်း မြားမြောက်လှကုန်၏။ မန္တလေးမြို့ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသသည် ဖော်ပြပါ အဋ္ဌသာလိနီ အဋ္ဌကထာနိဿယကို များစွာလေ့လာသဖြင့် စာပေအရာတတ် မြောက်ကျွမ်းကျင်ကြောင်း သိရ၏။ ပါမောက္ခဦးဖေမောင်တင်သည် အဋ္ဌသာလိနီ အဋ္ဌကထာကိုလည်း ယင်းပြည်နိဿယကိုမှီ၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့လေ

သည်။ ယင်းအဋ္ဌသာလိနီ နိဿယနိဂုံး၌လည်း–

၁။ ယေနန္တတန္တမန္တာယ၊ မန္တနေရှုသုဗုဒ္ဓိယာ။
လဒ္ဓါကိတ္တိ မဟာသာရာ၊ သုခိတာ သုခယန္တိ စ။

၂။ တေ မေ ဇယန္တိ ဂရဝေါ၊ ဂရဝေါ ဂဏာရာသိဘိ။
တပေါဓနော သတာ ဓီရာ၊ သာသနောဒယကာရကာ။

၃။ သုဇာတာ တေဟိ ထေရေဟိ၊ လဒ္ဓေါပဒေသဘိက္ခဝေါ။
ဂန္ထကာရာ ဗဟူ ဇာတာ၊ ပယောပဒေသပါယကာ။

ဣစ္စာဘိမဟာတေဇဝန္တ ''သံဂုတ္တ''မဟာနဂရဿုပရိဂ္ဗုသံနိဝိဋ္ဌ ''ဗောဓောဒချာ''ဘိဓာနဂါမုဂ္ဂတဿ ဤသုတ္တရောဏာတပဋ္ဌိမဒိသာဘာဂေ မဟာဝိဟာရေ ဝသနသီလာနံ ဘဒ္ဒန္တကလ္လျာဘာသာဒိပုဗ္ဗာစရိယသီဟာနံ သုပရိသုဒ္ဓပဘာဝလဋ္ဌိ ပေသလသိက္ခာကာမာနံ အဏုမတ္တေသုပိ ဝဇ္ဇေသု ဘယဒဿာဝီနံ ဥဋ္ဌာရဇ္ဇူသယာနံ နိသမ္မကာရီနံ မဟာဝေယျာကရဏာနံ ဒုက္ခောဂါဟပိဋကတ္တယမဟာဝနာ သင်္ဂဏာစာရီနံ ကဝိကုဥ္ဇရကေသရီနံ ပထဗျာပါကဋာနံ အယဥ္စမေဓာဝီ အယဥ္စမေဓာဝီ ကလ္လမေပနိမေသံ ဝိသေသေန မေဓာဝိနောတိ မေဓိယာနံ ဓမ္မပမေန သုစိသလ္လေခ ဝုတ္တိနာ ခန္တျာဒိဝမဒဝသောရစ္စဂရုဂါရဝယုတ္တေန ဥပါသကာနံ ဓမ္မာနုဂ္ဂဟေန သပြဟ္မ စာရီနဥ္စ ဒွိဟိ ပိ အနုဂ္ဂဟကေန ရဋ္ဌသမ္ဗုဒ္ဓေဟိ အဟာပေတွာ သဒါ သာသနော ဒယကာရိနာ ဘာသိတတ္ထံ ခိပ္ပံ ဂဟဏဓာရဏာသမတ္ထေန မေဓိယဓောတိ ဂရူဟိ ဂဟိတနာမဓေယျေန သီလဝတိယာ သုဓမ္မဒေဝိယုတ္တရှာရိယာ အာစရိယေန မဟာထေရေန ပရံပရာဘတဝိနိစ္ဆယဝိနိစ္ဆယညူဘိ လဒ္ဓေါပဒေသမဝလမ္မ ကတာ ယံ အဋ္ဌသာလိနီဌကထာယတ္ထယောဇနာ နာတိသင်္ခေပနာတိဝိတ္ထာရမဓုရသာရ ဝိနိစ္ဆယာ။

၁။ ဇယဝဍ္ဎာ ဒွါဒသမေ၊ အယံဂန္ထော သုနိဋ္ဌိတော။
နိဋ္ဌံ ပတ္တော အနာယာသာ၊ ဂမ္ဘီရတ္ထသုဗောဓနော။

၂။ ယော ဟိ ရာဇာ မဟာပုညော၊ သဒ္ဓော ဒန္တော ဝိစက္ခဏော။
သာသနသောဓနေ ဒဋ္ဌ၊ သဒါ ဥဿာဟမာနသော။

၃။ ယံ နိဿာယ မမေသောပိ၊ သတ္ထုသာသနဇောတနေ။
အပ္ပေဝ နာမုပတ္ထမ္ဘော၊ ဘဝေယျာတိ အယံ ကတော။

၄။ နိဋ္ဌိတာယံ ယထာဂန္ထော၊ အန္တရာယံ ဝိနာ သုခံ။
တထေဝ ဟိတသင်္ကပ္ပါ၊ သမိဒ္ဓါ ဟောန္တု ပါဏိနံ။

၅။ န ရုစ္စတာယသ္မန္တာနံ၊ အပရဒ္ဓံ မမကြိယံ။
တံ မေ ခမန္တု ဘဒ္ဒန္တာ၊ ပူဇာ ဟောတု အယံ မမ။
၆။ ဣမဥ္စ သံဝေဂွေန၊ ယံ ပုညံ ပသုတံ မယာ။
အညမ္ပိ တေန ပုညေန၊ ပသုတေနိဓ သာသနေ။
၇။ အသ္မာကဉ္စ သုဘူပါနံ၊ ဇယော ဘဝတု သဗ္ဗဒါ။
တေစ ရက္ခန္တု ဓမ္မေန၊ အတ္တနော၀ ပဇံ ပဇံ။
၈။ နိရတာ ပုညကမ္မေသု၊ ဓောတေန္တု ဇိနသာသနံ။
ဣမေ စ ပါဏိနော သဗ္ဗေ၊ ပပ္ပေါန္တု အမတံ ပဒံ။
၉။ သိဿံ ဟာသယမာဂမ္မ၊ ဓမ္မဓရံ သုတေသိနံ။
မယာ ကတော ဟောတု သောပိ၊ ဂန္ထကာရိသောသနေ။
၁၀။ သောတာရာစ ပေဋကိကာ၊ အရောဂါ နိရုပဒ္ဒဝါ။
ပါရင်္ဂတာ ဂန္ထကာရာ၊ တာရကာဂိ၀ သာသနေ။
၁၁။ အာရက္ခကာ မရု သဗ္ဗေ၊ ပါပုဏန္တု သုခံ နဝံ။
ပမာဒရဟိတာ ရက္ခန္တု၊ သမ္မာ ဒေဝေါ ပဝဿတု။
၁၂။ သပရတ္ထကောပိဒေါဟံ၊ စရန္တော ဗောဓိပါစကံ။
သဗ္ဗညုတံ[၁] ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။
၁၃။ ပရိတော တု ကုလေ ဥဇ္ဇေ၊ သတ္တသဒ္ဓမ္မသံယုတော။
သဗ္ဗဿာမယိကော ဓီရော၊ သောဓေယျံ သုဂတံ သုဘံ။
၁၄။ သာသနန္တရဓာနေပိ၊ သုမေဓော၀ တပေါဓနော။
ကာယေ ဇီဝေနပေက္ခန္တော၊ စရေယျံ ဗောဓိပါစကံ။
၁၅။ တာဝါယံ တိဋ္ဌတံ လောကေ၊ လောကဇေဋ္ဌဿ တာဒိနော။
ယာ၀ ဗုဒ္ဓေါတိ နာမမ္ပိ၊ ပဝတ္တတိ သိရီမတောတိ။

(၁-၂) ယေဂရဝါ၊ အကြင်တို့ကျေးဇူးရှင် ဆရာတော်မြတ်တို့ကို၊ အနန္တတန္တမန္တာယ၊ ရတနာတို့၏တည်ရာ မဟာသမုဒ္ဒရာမြစ်မင်းသည် ဆင်းသက်ကူးခပ်နိုင်ခဲစွာဘိ အဆုံးမရှိ၏သို့ အနုပစိတသမ္ဘာရမန္ဒဗုဒ္ဓိတို့သည် သိနိုင်ခဲသည်ဖြစ်၍ အဆုံးအပိုင်း အခြားမရှိ ပါဠိအဋ္ဌကထာဋီကာ ဂန္ထန္တရဗျာကရဏ်းစသော ကျမ်းဂန်ရသာရည်ကို

---

၁။ သဗ္ဗညုတံ ၀ရံ ပတ္တာ ဣတိခန္ဓဝိဘာ၀နိဋီကာယ နိဂမနေစေ၀ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာယ နိဿယနိဂမေစ ပါဌော ဒိဿတိ။

နောက်နည်ပွတ်မွေကြောင်းဖြစ်သော မန္တာနေရုသုဗုဒ္ဓိယာ၊ နို့ရည်သမုဒ္ဒရာကို မွှေနည်နောက်နက်ကြောင်းဖြစ်သော မြင့်မိုရ်[၁] တောင်မင်းသဖွယ် တင့်တယ် လျှင်လျှား သွားသောဉာဏ်ဖြင့်။ လဒ္ဓါ၊ မွှေနည်နောက်နက်အပ်သော အဆုံးမရှိ ကျယ်စွာဘိသား ပါဠိ အဋ္ဌကထာ ဋီကာဂန္ထန္တရ ဗျာကရဏ်းစသော ကျမ်းဂန်များ တည်းဟူသော မဟာသမုဒ္ဒရာမှ ရအပ်ကုန်သည်ဖြစ်၍။ ဣမေ၊ ဤတို့ကျေးဇူးရှင် ဆရာတော်တို့ကား။ သာရာ–သာရဘူတာ၊ အလုံးစုံသောကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာ၏ အနှစ်အရသာစု ဆီဥဆီခဲသဖွယ်ဖြစ်၍ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ မတာ–ဉာတာ သမ္မတာ၊ ပညာရှိတို့သိအပ်မှတ်အပ်သမုတ်အပ်ကုန်၏။ တပေါဓနာ၊ ငါးခန်းတိုက်၌ သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနှဋ္ဌသီလဥစ္စာ ကြွယ်ဝတော် မူကုန်ထသော။ သတာ၊ စိရကတ စိရဘာသိတစသည် အာရုံခပင်းကို မယွင်း မပျောက် အောက်မေ့ခန့်ချိ သတိမြဲတော်မူကုန်ထသော။ ဓီရာ၊ သဘောအား လျော်စွာ မှတ်နိုင်ဆောင်နိုင်သော ပညာရှိတော်မူကုန်ထသော။ ဝါ၊ ခိုင်ခန့်သော သမာဓိရှိတော်မူကုန်ထသော။ သာသနော ဒယကာရကာ၊ သာသနာတော်၏ စီးပွားကြောင်းအမှုကိုသာ ပြုကုန်သ သော။ ဂုဏာရာသီဘိ၊ စင်စစ်သူတပါးတို့သည် ချီပိုးဆောင်ရွက်နိုင်ခဲလှစွာ သီလ သမာဓိ သဒ္ဓေါသအစရှိကုန်သော သခင်တို့ အပေါ်၌ တင်ရွက်အပ်ကုန်သော ကျေးဇူးဂုဏ်အစုအပုံကြီးတို့ဖြင့်။ ဂရဝေါ၊ လူသာမန်တို့ ချီပိုးဆောင်ရွက်နိုင်ခဲသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ စင်စစ်အားကြီး ကျောက်ထီးသို့ အင်မတန်လေးလန်သည်ဖြစ်၍ ဖြစ်ကုန်ထသော။ မေ၊ ၏။ တေဂရု ဝေါ၊ ထိုကျေးဇူးရှင်ဆရာတော်မြတ်တို့သည်။

သုခိတာ၊ ကောင်းစွာပြီးစေအပ်သော ဒိဋ္ဌဓမ္မိက သမ္ပရာယိကအကျိုးစီးပွား များမြတ် ပေါဖြင့်၍ သခင်တို့လည်းချမ်းသာခြင်းသို့ ရောက်တော်မူပေကုန်၏။ အညေ စ၊ သခင်တို့ကို နှစ်လို့လေးမြတ် မပြတ်နေ့ည ဩဝါဒခံကုန်သော တစ်ပါး သောသူတို့ကိုလည်း။ သုခယန္တု၊ သိုက်မှန်ပေါက်သို့တတ်မြောက်စလွယ် ဆန်းကြယ် ဉပဒေမူသေနိုသယည်း[၂] နည်းပေးကောင်းသဖြင့် မညောင်းကာလ ကျမ်းဂန်ကျ၍

---

၁။ ဗြဟ္မာခပင်း အမင်းမင်းတို့ ရွှေမြင့်မိုရ်တောင် သ–လက်ဆောင်ဖြင့်။ ကုသပျို့သစ်၊ ပဋ္ဌမအုပ်၊ စာမျက်နှာနံပါတ်–၁၊ ၇–ကြောင်း။

၂။ နိသရည်း–ဟူ၍ ပျို့ကဗျာ။ နိသယနံစောင်ပေမူ။ ပုရပိုက်အဆူဆူတို့ကဆိုသော်လည်း ဆင်ခြင်ကြပါကုန်။

ဉာဏ်ဝပြည့်လျှမ်း ချမ်းသာစေကုန်၏။ ဖယန္တိ စ၊ ကျမ်းဂန်အထူးအဆန်း၌ မသန်းဟယ်လောက် ကူးခပ်မြောက်၍ ပြိုင်ထောက်မထင် အောင်မြင်တော်မူပေကုန်၏။

(၃) တေဟိ ထေရေဟိ၊ ထိုကျေးဇူးရှင်သခင်တို့မှ။ သုဇာတာ၊ သခင်တို့ခြေ၌ ကပ်သောမြူဖြင့်ပြွမ်းသော ဦးခေါင်းရှိလျှက် ချက်ချက်ကြည်ယုံ ဝတ်ပြည့်စုံ၍ ခိုလှုံသောအားဖြင့် ကောင်းစွာပေါက်ဖွားကုန်သော။ ပယောပဒေသပါယကာ၊ ချိုမြိန်သောနို့ရည် အတူသောက်ယူအပ်သော ဥပဒေသရှိကုန်သော။ လဒ္ဓေါပဒေသဘိက္ခဝေါ၊ သခင်တို့လက်ဆုပ်ဥပဒေ မှုသေနိသယည်း နည်းကောင်းရကုန်သော ရဟန်းတို့သည်ကား။ ဂန္ထကာရာဇာတာ၊ စာဆိုနိုင်စွမ်း ကျမ်းပြုဆရာဖြစ်ကြ ကုန်သည်။ ဗဟူ၊ များလှလေကုန်ပြီ။ (ဤသုံးဂါထာဖြင့် အာစရိယပူဇာကို ပြသတည်း။)

အတိမဟာတေဇဝန္တသံဂုတ္တမဟာနဂရသုပရိဂ္ဂဟ သံနိဝိဋ္ဌဗောဓော်ဒရာဘိဓာနဂါမုဂ္ဂတဿ၊ သာသနာမြို့ရွာ သတ္တဝါစောင့်တတ် နတ်အဓိပတိ အဓိကရဒ္ဒုပ်ဖိုး၍ အလွန်တန်ခိုးကြီးသော ပုဗ္ဗဝါဟာရခေါ်ကြတောင်းဗဒုံကို[၁] အလုံတွင်စေဟု ရွှေနန်းရှင်ဗျာဒိတ်ညွှန်း၍ တကျွန်းလုံးကြေညာသော မြို့ကြီး၏ ခရိုင်ကျေးလက် အထက်တိုက်အဝင် မင်္ဂလာရှိသောမြေအဘို့၌ တည်ထောင်အပ်သော ညောင်ကန် အမည်ရှိသောရွာကျော်၏။ ဤသုတ္တရောဏာတ ပစ္ဆိမဒိသာဘာဂေ၊ စဉ်းငယ် မြောက်သို့ယွန်းသော အနောက်အရပ်အဖို့၌။ မဟာဝိဟာရေ၊ မဟာမေဃဝန်၌ တည်အပ်သော ဒက္ခိဏသာခါမဟာဗောဓိဖြင့် တင့်တယ်အပ်သော တမ္ဗပဏ္ဏိဒီပ မဟာဝိဟာရကဲ့သို့ဖြစ်၍ မဟာဝိဟာရဟုသမိုက်အပ်သော ကျောင်းတိုက်ကြီး၌။ ဝသနသီလာနံ၊ သီတင်းသုံးနေလေ့ရှိကုန်ထသော။

သုပရိသုဒ္ဓပဘာဝလဇ္ဇီပေသလသိက္ခာကာမာနံ၊ အလွန်လျှင် ထက်ဝန်း ကျင် စင်ကြယ်သော အမွန်အဆက်ရှိကုန်သော လဇ္ဇီပေသလသိက္ခာကာမဖြစ်ကုန် ထသော။ အဏုမတ္တေသုဝဇ္ဇေသု၊ အဏုမြူမျှသေးငယ်သော အပြစ်တို့ကိုသော် လည်း။ ဘယဒဿာဝီနံ၊ မြင့်မိုရ်တောင်ကြီး ဘိစီး၏သို့ အလိုလိုကြောက်ရွံ့သဖြင့် အသင့်ရှုလေ့ရှိကုန်သော။ ဥဠာရဇ္ဈာသယာနံ၊ ပြန့်ပြောထူးမြတ်သော အဇ္ဈာသယ

---

[၁]။ မြို့ရွာမတည်မီ ဤနေရာ၌ တောယုန်တခုသည် ခွေးကိုပြန်၍လိုက်သော အစ္ဆရိယကို လူတို့မြင်၍ (ကြည့်ပါတဲ့)ဟူသော ရှေးစကားမှ (ဗဒုံ)၊ ၎င်းမှ (အလုံ)တွင်သည်ဟု ကြားရဘူး၏။

သမ္မာဆန္ဒရှိတော်မူကုန်ထသော။ နိသမ္မကာရီနံ၊ ပြုအပ်သောအမှုကိစ္စဟူသမျှကို မပူရ စစမမူပဲ ပညာဉာဏ်စွမ်းဖြင့် ထောက်လှမ်းစူးစမ်း၍ ပြုတော်မူလေ့ရှိကုန်ထသော။ မဟာဝေယျာကရဏာနံ၊ အကြီးအမြတ်ပါမောက္ခဖြစ်၍ ဗျာကရဏ်းတတ်ဖြစ်ကုန်ထသော။ ဒုက္ခောဂါဟပိဋကတ္တယမဟာဝနာသင်္ဂဉာဏစာရီနံ၊ အနုပစိတဉာဏ သမ္မာရ ဒုပ္ပညာပုဂ္ဂိုလ်တို့သည် သက်ဝင်ခြင်းငှာခဲယဉ်းသော ပိဋကတ်သုံးပုံတည်းဟူသော တောအုပ်ကြီး၌ မငြိမယှဉ်ကျက် စားသွားလာနိုင်သော ဉာဏ်ရည်ရှိကုန်ထသော။ ကဝိကုဥ္ဇရကေသရီနံ၊ ကဝိကုဥ္ဇရတို့၏အတွင်း၌ ကေသရာဇာခြင်္သေ့မင်းသဖွယ် ဖြစ်ကုန်ထသော။ ပထဗျာ၊ မြေအပြင်၌။ ပါကဋ္ဌာနံ၊ နဘောစန္ဒော် လသို့ပေါ်၍ ကျော်စောထင်ရှားကုန်ထသော။ အယဥ္စ၊ ဤအရှင်သည်လည်း။ မေဓာဝီ၊ ပညာရှိပေတည်း။ အယဥ္စ၊ လည်း။ မေဓာဝီ၊ တည်း။ ဣမေပန၊ ဤသခင်တို့မူကား။ ဣမေသံ၊ ဤမေဓာဝီကျော် သခင်တို့ထက်။ ဝိသေသန၊ ဖြင့်။ မေဓာဝိနော၊ ပညာရှိကြီးတို့ပေတည်း။ ဣတိ–ဣမိနာအထွေန၊ ကြောင့်။ မေဓိယာနံ၊ ပညာရှိထက် ပညာရှိကြီးဖြစ်ကုန်ထသော။ ဘဒ္ဒန္တက္ကန္ဓော ဘာသာဒိပုဗ္ဗာစရိယ သီဟာနံ၊ ကြယ်ပျံ့သယောင် တပြောင်ပြောင်လျှင် အရောင်ဝင်းဝှန် ဝင်းသဝဏ်သို့ ရောင်ထန် တောက်ညို မဏိရတနာ ကျရာမြေသည် ရေလျှင်ရစ်ထုး ချောင်းထူးနဘူးဝယ် ရှေးဦးစေ့ပျိုး ထောင့်ကိုးဆယ့်လေးနှစ် သက္ကရာဇ်၌ မည်းငြစ်တိမ်ထွန်း ဣန္ဒုထွန်းသို့ အစွန်းသာသနာ စေ့ခါတိုင်အောင် ထွန်းထောင်ရစ်ဘို့ အောင်မျှိမင်္ဂလာ ယူစကာလျှင် ခါတောင်းကြိုက်၍ တိုက်တည်အာဒိကမ္မိကသခင် ဣန္ဒောဘာသ အစရှိကုန်သော သီဟရာဇာ ကေသရာနှင့် ပမာနှိုင်းလျော် ရှေးဆရာကျော်တို့၏။ ဓဇူပမေန၊ တံခွန်သဖွယ်ဖြစ်သော။ သုစိသလ္လေခဝုတ္တိနာ၊ စင်ကြယ်သော မာန ဣဿာ မိစ္ဆာ ဝိတက်စသော အကုသိုလ်တရားကို ခေါင်းပါးစေနိုင်သော အကျင့်ရှိ ထသော။ ခန္တျဗ္ဗဇ္ဇဝမဒ္ဒဝ သောရစ္စဂရုဂါရဝယုတ္တေန၊ သည်းညည်းခံစောက် မကောက်မဆန်း ဖြောင့်တန်းမဆူးနူးညံ့သောအဖြစ် အပြစ်မသင့်တင့်တယ်သော ကာယကံ ဝစီကံ မနောကံ၌သာမွေ့လျော်သည်၏အဖြစ် အလေးပြုထိုက်သော ထေရ်ကြီး ဝါကြီးပုဂ္ဂိုလ်တို့၌ ရိုသေကိုင်းညွှတ်သည်၏အဖြစ်နှင့်ယှဉ်ထသော။ ဥပါသကာနံ၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကုန်သော ဂိဟိပုဂ္ဂိုလ်တို့အား။ ဓမ္မာနုဂ္ဂဟေန၊ တရားချီးမြှင့်ခြင်းဖြင့်။ သမြဟ္မစာရီနဉ္စ၊ သာသနာတော်အတွင်း သီတင်းသုံးဖော် သင်္ဃာတော်တို့အားမူကား။ ဒွိဟိပိအနုဂ္ဂဟေဟိ၊ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့်လည်း။

အနုဂ္ဂဟာကေန၊ ချီးမြှင့်ခြင်း အလေ့ကောင်းရှိထသော။ ရဋ္ဌသန့်ဗ္ဘေပိ၊ တိုင်းပြည် တိမ်းပါးချောက်ချားသော ကာလ၌သော်လည်း။ အဟာပေတွာ၊ ပရိယတ် ပဋိပတ်သာသနာတော်ရေး မလစ်ဟင်းစေမူ၍။ သဒါ၊ အခါခပ်သိမ်း။ သာသနော ဒယကာရိနာ၊ သာသနာတော်၏ပွားစီးကြောင်းအမှုကို အမြတ်တနိုးပြုလေ့ရှိထ သော။ ဘာသိတတ္ထံ၊ ဘာသိတာဘာသိတ၏အနက်ကို။ ခိပ္ပံ၊ လျင်မြန်စွာလျှင်။ ဂဟာဏာဓာရဏာသမတ္ထေန၊ မှတ်ခြင်းဆောင်ခြင်းငှာစွမ်းရည်ရှိ ထသော။ မေဓိယဓ ဇောတိ၊ မေဓိယဓဇဟူ၍။ ဂရူဟိ၊ လူသာမန်တို့သည် ချီပိုးဆောင် ရွက်နိုင်ခဲသော သီလသမာဓိ သဒ္ဓါသအစရှိသော သခင်မြတ်တို့ ထမ်းရွက်သည်ပိုး အပ်ကုန် သော ကျေးဇူးဂုဏ်ကြီးတို့ဖြင့် ကျောက်ထီးကဲ့သို့ လေးကုန်သောဆရာတော် တို့သည်။ ဂဟိတနာမဓေယျေန၊ ယူအပ်သော အမည်ရှိထသော။ သီလဝတိယာ၊ စန္ဒကိန္နရီ မဒ္ဒီသမ္မုလ ရှင်မယသော်သို့ တော်မှန်ဖြောင့်မတ်သော သီလကျင့်ဝတ်နှင့် ပြည့်စုံစွာထသော။ သုဓမ္မဒေဝိယာ၊ ထေရ်ပေါက်ကြီးတို့ပွဲသီးခံရာ သုဓမ္မာစာပွဲသဘင် ကို ဆောက်လုပ်ပူဇော်ခြင်းကြောင့် သုဓမ္မာဒေဝီမည်ပေထိုက်သော။ ဥတ္တရာရာရိယာ၊ မြောက်နန်းမိဖုရား၏။[၁]

အာစရိယေန၊ ဆရာတော်ဖြစ်သော။ မဟာထေရေန၊ မဟာထေရ် သည်။ ပရံပရာဘတဝိနိစ္ဆယဝိနိစ္ဆယည္ဇူဘိ၊ အဆက်ဆက်သောဆရာတို့၏အနွယ် သည် ဆောင်ခဲ့အပ်ဆုံးဖြတ်အပ်သော အနက်ကိုဆုံးဖြတ်ခြင်း ဥပဒေဆုံးဖြတ်ကြောင်း ဥပဒေသကို ကျွမ်းကျင်ကုန်သော ဆရာကျော်တို့မှ။ လဒ္ဓေါပဒေသံ၊ မဟာ သယော စသည်တို့၌သော်လည်း အသက်ကို ပမာဏမထား ကျားမင်းပုဏ္ဍရိက်သို့ စိတ်သွား တိုင်းကိုယ်ပါလျှက် ထိုရွာဤရွာဆရာကောင်းထံ ကျိုးနွံကပ်ဆည်း နည်းခံ သဖြင့် ရအပ်သော လက်ဆုပ်ဥပဒေနည်းနာကောင်းကို။ အဝလမ္ဗ၊ တမျဉ်းမှီငြမ်း ပြု၍။ ကတာ၊ စီရင်အပ်သော။ နာတိသခေ်ပနာတိဝိတ္ထာရမဓုရသာရဝိနိစ္ဆယာ၊ မကျဉ်းလွန်း မကျယ်လွန်း ကောင်းမြတ်သောအရသာ လေးပင်စွာလျှက် ချက်ချက်မာသော အနှစ်အတိ အဆုံးအဖြတ်ရှိသော။ အဋ္ဌသာလိနီအဋ္ဌကထာယ၊ အဋ္ဌသာလိနီ အဋ္ဌ ကထာ၏။ အယံအတ္ထယောဇနာ၊ ဤအနက်ယောဇနာသည်။ က္လတိ၊ ဤရွေ့သော

---

၁။ သုဓမ္မာဆရာတော်ဘုရားကြီးတို့၏ တရားစီရင်ဆုံးဖြတ် စီရင်ရာ သုဓမ္မာစရပ်၊ ပြည်ဆရာ တော်ဘုရားကြီးအရှင်မေဓာ၏ သီတင်းသုံးတော်မူရာ မဏ္ဍလာရာမတိုက်ကြီး၏ဒါယိကာမ၊ မြောက်နန်းတော်မိဖုရား သိရီမဟာ မင်္ဂလာဒေဝီဘွဲ့အမည်ခံ ခင်သဲသည် ဟသ်ာတမြို့၊ မြန်အောင်မြို့ မြို့သူကြီး ဦးပု၏ သမီးတည်း။ (နှာ-၁၅၉-နှင့်မတူ။)

စကားအစီအစဉ်ဖြင့်။ သမတ္တာ၊ သာသနာစောင့်တတ် ရှင်နတ်မြတ်နှင့် သူရသတိ ဝန်းအုံညီ၍ ချီပင့်လေလော သောတုဘုန်းလျှင် ချိန်ဆုန်းခါသင့် နာခွင့်ရရ မ–လေလော ချောမောပေ၍ စေ့မြေ့လုံခြုံပြည့်စုံလတ်ပြီ။

(၁) ဇယဝဿာ၊ အမရပူရသာလုထူးလည် မြို့ကြီးတည်သည် ဇာနည်ဝိပတိ လောကိမျက်ပွင့် နတ်ရှင့်မြစ်လျှင် ကွန့်ရစ်ဘေဇ ဘုန်းတောက်ပသော တရော့တစင်း မင်းတို့သရဖူ ဖြစ်လိမ့်မည်ဟူ၍ လိုက်ဆူကြေငြာ သမ္မာရင့်ကြောင်း စောနန်းလောင်း လျှင် သောင်းတွင်းဇမ္ဗူ သိမ်းယူမြေပြင် အောင်မြင်ခါတန် ဘုန်းညွန့်လျှံ၍ ရင့်သန် ပါရမီ နတ်ကူညီသို့ မထိမဲ့လောက် ထွက်လက်မြောက်က နောက်ထပ်မှီလည်း ညီတော်ရဲဖျား ရန်ညွှန့်တားလျှင် ပယ်ရှားလွှင့်ပျောက် ကြံတိုင်းပေါက်လျှက် ပယ် ဖျောက်ရန်လှေး ဘေးတော်ရိုက်ရာ အောင်ချာပြည့်မ အောင်တပ်ချ၍ ကွဲကျမြင်းမိုရ် နတ်စက်ဖြိုသို့ ထိုထိုပြည့်ထောင် ကုန်အောင်သိမ်းယူ အောင်တော်မူသစ် ဇယနှစ်မှ။ ဒွါဒသမေဝဿော၊ ဒွါဒသမဖြစ် သက္ကရာဇ်ဂေါဇာ ခန္ဓာစမှ သောတရူပ ရောက်ထတုံ လစ် ခါကောင်းနှစ်၌။ သုနိဋ္ဌိတော၊ ကောင်းစွာဆုံးဖြတ်အပ်သော။ ဝါ၊ ကောင်းစွာ ဆုံးဖြတ်အပ်သည်ဖြစ်၍။ ဂမ္ဘီရတ္ထသုဗောဓနော၊ နက်နဲသောအနက်အဓိပ္ပါယ်ကို လွယ်လင့်တကူ သိကြောင်းဖြစ်သော။ အယံဂန္ထော၊ ဤကျမ်းသည်။ အနာယာသာ၊ မငြိုမငြင်သဖြင့်။ နိဋ္ဌံပတ္တော၊ တော်သလင်းဟု သစ်ဆင်းလဆန်းစတရက်နေတက် သုံးခါ ဇီဝါနေ့၌ မသွေမြေကြီး မိုးစည်တီးလျှက် ကောင်းချီးပေး၍ စေ့မြေ့ကမ္ပတ် ပြီးရောက်လတ်သတည်း။

(၂) ဟိ၊ အဖြေကိုဆိုအံ့။ ယော–ယာဒိသော၊ အကြင်သို့သဘောရှိသော။ ရာဇာ၊ ဒသရာဇဓမ္မ သင်္ဂဟာလေးဖြာဖြင့် လူအများကိုနှစ်သက်စေလျှက် ရေမြေစိုးရ ခတ္တိယ သည်။ မဟာပုညော၊ အပမ်းကြီးစွာ ကိုယ်တိုင်မရိုး တန်ခိုးစေလွှတ်ကာ ချက်ကုန် ပြီး၍ ပုတီးစိပ်လျှက် အောင်တော်မူက ပြည်သူတကာ သာယာစိတ်သန်း နှုတ်မြန်မင်္ဂလာ ကောင်းချီးညာ၍ အပါပင့်ဆောင်မှ ရွှေတောင်ရွှေနန်း သိမ်းမြန်း သဖြင့် ဘုန်းတန်းလည်းကြီးတော်မူ၏။ သဒ္ဓော၊ မင်းတို့ဖွယ်ရာ ရုံချပျော်ရွှင် ဆင်တိုက်မြင်းတိုက်(စရိုက်မလေ့) လက်ဖွေ့လက်ပမ်း ရုန့်ကြမ်းသဘင် ပျော်ရွှင်မစံ နာမ်ရုပ်တရား ပိုင်းခြားဖြစ်ပျက် ချက်ချက်လေ့လာ ဘာဝနာစိမ်၍ ငြိမ်သက်ချမ်းမြေ့ သော နှလုံးတော်လည်းရှိတော်မူ၏။ ဒန္တော၊ ကမ္မဿကတာ ဘာဝနာဉာဏ်ဆုံးမ၍ အပါယ ဂမနီယ အမနာပအမှုမယှဉ် ယဉ်ကျေးတော်မူ၏။ ဝိစက္ခဏော၊ တိုင်းပြည်

သာသနာတော်အရေးနှစ်ပါးကို သူ့စကားဖြင့်သာမကောက် မျက်မှောက်ကင်္ကာ ပညာဉာဏ်စွမ်းဖြင့် ခွဲခြမ်းမိမိ ကိုယ်ကြပ်သိအောင် စိစစ်ထောက်လှမ်း စုံစမ်းမြော်တင်းလေ့ရှိတော်မူ၏။ သာသနသောဓနေ၊ ချည့်ရေပေါ်ရောက် ကြေးညိုပျောက်သို့ ထွန်းတောက်သာသနာ ရောင်ဝါလင်းအောင် သန့်ရှင်းသုတ်သင်ခြင်း၌။ ဒဠှ၊ စွာ။ သဒ္ဒါဥဿာဟ မာနသော၊ အခါမယုတ် အားထုတ်သောနှလုံးတော်လည်း ရှိတော်မူ၏။

(၃) ယံရာဇာနံ၊ အကြင်မင်းမြတ်ကို။ နိဿာယ၊ အမှီပြု၍။ မမ၊ ငါ၏။ သောပိ၊ ဤအဋ္ဌသာလိနီအဋ္ဌကထာနိဿယည်းကျမ်းသည်လည်း။ သတ္ထုသာသနဇောတနေ၊ ရှင်တော်ဘုရားသာသနာတော်ကို ထွန်းလင်းစေခြင်း၌။ ဥပတ္ထမ္ဘော၊ အထောက်အပံ့သည်။ အပ္ပေဝနာမ-အပိဝေနာမဘဝေယျ။ ဖြစ်ပါတံ့အံ့လော၊ ဖြစ်စေချင်စွာ၏။ ကတ္တိစိန္တိယ၊ ဤသို့ကြံ၍။ အယံဂန္ထော၊ ဤနိဿယည်းကျမ်းကို။ မယာ၊ သည်။ ကတော၊ စီရင်အပ်ပြီ။ တာဒိသဿ၊ ထိုသို့သော ကျေးဇူးသတင်း ကျော်စောသောမင်း၏။ ဇယဝသော၊ ဇယနှစ်ပါး။ ဝိဿဇ္ဇိတမ္ဗော၊ ဖြေဆိုအပ်၏။

(၄) အယံဂန္ထော၊ ဤကျမ်းသည်။ အန္တရာယံ၊ နှောင့်ယှက်ငြိတွယ် အန္တရာယ်ကို။ ဝိနာ၊ ကြဉ်၍။ သုခံ၊ ချမ်းသာစွာ။ နိဋ္ဌိတောယထာ၊ အပြီးကမ္ပတ်ရောက်၏သို့။ တထေဝ၊ ထိုအတူသာလျှင်။ ပါဏိနံ၊ ကုန်အောင်စုံသော။ သတ္တာ[1]တို့၏။ ဟိတသက်ပ္ပါ၊ အစီးအပွားနှင့်စပ်သော ကောင်းမြတ်သောအကြံတို့သည်။ သမိဒ္ဓါ၊ အလိုအလျောက်ပြည့်စုံကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၅) အပရဒ္ဓံ၊ များယွင်းသဖြင့် မသင့်မတော် ချွတ်ချော်စနိုးထင်သော။ မမ၊ အကျွန်ုပ်၏။ ယံကြိယံ၊ အကြင်ကိုယ်နှုတ်နှလုံး အမူအရာသုံးပါးသည်။ အာယသ္မန္တာနံ၊ သက်တော်ရှည်သော အရှင်ကောင်းတို့အား။ နရုစ္စတိ၊ နှစ်သက်ခြင်းကို မဖြစ်စေတတ်။ မေ၊ ၏။ တံကြိယံ၊ ထိုကိုယ်နှုတ်နှလုံးသုံးပါးများမိသမျှအပေါင်း နာခေါင်းရှုံ့ဖွယ်ကို။ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ခမန္တု၊ သည်းခံတော်မူစေကုန်သော်။ မမ၊ ၏။ အယံမဟုဿာဟေနကတာအတ္တယောဇနာ၊ ဤလွန်စွာ ဥဿာဟဖြင့်ပြုအပ်သောအတ္တယောဇနာသည်။ ပူဇာဟောတု၊ စိတ်ကျန်းမာန်လျှော နှလုံးပျော့သဖြင့် ကန်တော့ပွဲဖြစ်စေသော်။

---

၁။ တေ သတ္တယောဂေန သတ္တာတိ ဣစ္စန္တိ။ ဝိသုဒ္ဓိမဂ်၊ ၁။ ၊ ၉-ဗြဟ္မဝိဟာရနိဒ္ဒေသ-၃၀၃။ ၎င်းမဟာဋီကာ-၁။ ၃၆၆။

(၆) စ၊ ဆက်၍ဆိုအံ့။ ဣမံအတ္ထယောဇနံ၊ ဤအတ္ထယောဇနာကို။ သခ်ရောဇ္ဇေန၊ စီရင်အပ်သော။ မယာ၊ ငါသည်။ ယံပုညံ၊ အကြင်တိဟိတ် ဥက္ကဋ္ဌမြတ်သော ကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်ပြီ။ အညမ္ပိ၊ ဤမှတစ်ပါးလည်းဖြစ်သော။ ယံပုညံ၊ အကြင်ကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်ပြီ။ ဣဓသာသနေ၊ ဤဘုရား သာသနာတော်၌။ ပသုတေန တေနပုညေန၊ ထိုအစုစုကောင်းမှုကြောင့်။

(၇) အသ္မာကံ၊ ငါတို့၏။ သုဘူပါနံ၊ ရှင်ပင်သာသနာစောင့်တာကျသည်။ သိကြားအဆွေ၊ ရေမြေထိန်းကျောင်း မင်းကောင်းမင်းမွန်တို့၏။ ဇယော၊ တွင်းပဘေး ဒဏ် ရန်မာန်အောင်မြင်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ ဖြစ်စေသော်။ တေသုဘူပါ၊ ထိုမင်းကောင်းမင်းမြတ်တို့သည်။ အတ္တနောပဖံဝ၊ ရင်သွေးတော်စစ် ကဲ့သို့။ ပဖံ သတ္တဝါအသည်းလူအပေါင်းကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခန္တု၊ သိမ်းမြန်းပိုက်ထုပ် ကြက်သားအုပ်သို့ စိုးချုပ်စောင့်တော်မူကြပါစေကုန်သော်။

(၈) ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့လျော်ကုန်သည်ဖြစ် ၍။ ဇိနသာသနံ၊ သဗ္ဗညုဘုရားရှင်သာသနာတော်ကို။ ဇောတေန္တု၊ ထွန်းလင်းအောင် ချီးမြှင့်တော်မူကြစေကုန်သော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေစပါဏိနော၊ ဤသတ္တာတို့သည်လည်း။ ပုညကမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ နိရတာ၊ အမြဲမွေ့ လျော်ကုန်သည်ဖြစ်၍။ အမတံပဒံ၊ သေခြင်းကင်းရာ နိဗ္ဗာန်ရွှေပြည်သို့။ ပပ္ပေါန္တု၊ ရောက်လွယ်စေကုန်သတည်း။

(၉) သုတေသိနံ၊ သုတပညာရှာလေ့ရှိသော။ ဓမ္မဓရံ၊ ဓမ္မဓရအမည်ရှိသော။ သိဿံ၊ တပည့်ကို။ သဟာယမာဂမ္မ၊ သဟဲလက်ထောက်ပြု၍။ အယံဂန္ထော၊ ဤကျမ်း[၁]ကို။ မယာ၊ ငါသည်။ ကတော၊ စီရင်အပ်ပြီ။ သောပိ၊ ထိုဆရာ့အမှုလမ်း ကျမ်းပြုဖော်ရပေသော ဓမ္မဓရသုတေသီ ပိယသဟာဆရာလက်သုံးတောင်ဝှေး တပည့်သည်လည်း။ ဣဓ သာသနေ၊ ဤသဗ္ဗညုဘုရားသာသနာတော်၌။ ဂန္ထကာရော၊ ငါးခန်းတိုက်၌ သိုက်မြန်းသိမ်းစု သုတပေါယယ် များကြွယ်ဉာဏ ဂုဏပြည့်လျှမ်း ကျမ်းပြုပုဂ္ဂိုလ်သည်။ ဟောတု၊ ဖြစ်ပစေသတည်း။

---

၁။ ပကရဏ– သဒ္ဒါကိုထောက်၍ ကြဏ်းဟူ၍လည်းကောင်း၊ ဂရန္ထ သဒ္ဒါကိုထောက်၍ ဂြန်းဟူ၍လည်းကောင်း ရေးသင့်သည်ဟုဆိုကြရေးကြကုန်၏။ ရှေးမြန်မာတို့အမှတ်အားဖြင့် ကျမ်းဟု အသုံးများကြကုန်၏။

(၁၀) ပေဋကိကာ၊ ဘုရားသာသနာတော်ဝယ် စာပေပိဋကတ်သင်ကြားပို့ချကုန်သော။ သောတာရောစ၊ စာသင်ပျိုစာချပုဂ္ဂိုလ်တို့သည်လည်း(သုဒ္ဓဖြင့် စာသင်၊ ဟေတုဖြင့် စာချယူ)။ အရောဂါ၊ လေဆိုးသလိပ်သည်းခြေ သွေးဆိုးချောင်းဆိုးလည်နာကာစ ဆံမျှရောဂါအနာကင်းကုန်သည်ဖြစ်၍။ နိရုပဒ္ဒဝါ၊ ကပ်၍နှိပ်စက်တတ်သော ဥပါဒ်ဘေးဒဏ် အနှောက်အရှက်ကင်းကုန်သည်ဖြစ်၍။ ပါရဂ်ံတာ၊ သမုဒြာ ကြမ်းကမ်းတစ်ဘက်သို့ ရောက်ကုန်သည်ဖြစ်၍။ တာရကာရိဝ၊ တိမ်မြူကင်းစင်ကောင်းကင်ပြင်ဝယ် ထွက်သောကြယ်တို့ကဲ့သို့။ သာသနေ၊ သာသနာတော်၌။ ဂန္ထကာရာ၊ စာဆိုကျမ်းပြုဆရာတို့သည်။ ဗဟူဟောန္တု၊ များပြားသည်ဖြစ်စေကုန်သတည်း။

(၁၁) အာရက္ခကာ၊ သာသနာမြို့၌ သတ္တာကိုစောင့်ပေကုန်သော။ သဗ္ဗေမရူ၊ အလုံးစုံသောရှင်နတ်မြတ်တို့သည်။ နဝံသုခံ၊ အသစ်သစ်တိုးပွားသော စည်းစိမ်ချမ်းသာသို့၊ ပါပုဏန္တု၊ ရောက်ပါစေကုန်သတည်း။ ပမာဒရဟိတာ၊ နတ်စည်းစိမ်ယစ်၍ မကြည့်ဖြစ်မေ့လျော့ခြင်း ကင်းကုန်သည်ဖြစ်၍။ ရက္ခန္တု၊ မပြတ်နိစ္စ စောင့်ရှောက်မစေကုန်သော်။ ဒေဝေါ၊ မိုးမင်းသည်။ ကာလေန၊ လုပ်ချိန်အခါ၌။ သမ္မာပဝဿတု၊ ရေစိုင်ပုလဲ ကြဲဖြန့်နှံ့စပ် ရှစ်ရပ်မျက်နှာရွာစေသော်။

(၁၂) အဟံ၊ ငါမူကား။ သပရတ္တကောဝိဒေါ၊ မဟာသေနက ဝိဓုရပညာရှိသို့ မိမိစီးပွားသူ့စီးပွား၌ ရေးခြားလိမ္မာသည်ဖြစ်၍။ ဗောဓိပါစကာံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သောပါရမီစာဂစရိယကို။ စရန္တော၊ မဆုတ်မနစ် ကျင့်နိုင်သည်ဖြစ်၍။ သဗ္ဗညုတံပါပုဏိတွာ၊ သဗ္ဗညုတဉာဏ်သို့ ရောက်လတ်ကုန်၍။ ဇနတံဗဟုံ၊ သြဃလေးဖြာ ဗလဝါမုန် ယဉ်ထုတ်ဒီမှုန် ရေအဟုန်ဖြင့် ပျက်ကုန်ဖန်ဖန် အားမသန်သား မကျွန်ပြောထူ တော်သုံးလူကို။ တာရေမိ၊ ဆယ်ယူကယ်တင်ရလို၏။

(၁၃) ဣတော၊ ဤကိုယ်အဖြစ်မှ။ ပရံတု၊ နောက်နောက်သောကိုယ်အဖြစ်၌သော်ကား။ ဥစ္စေကုလေ၊ ဥစ္စာစည်းစိမ်ဂုဏ်သိရ်[၁]မညှိုး မြင့်မြတ်သောသူတော်ကောင်း အမျိုး၌။ ဟုတွာ၊ ဖြစ်၍။ သတ္တသဒ္ဓမ္မသံယုတော၊ သဒ္ဓါ သတိ ဟိရိ သြတ္တပ္ပ ဗာဟုသစ္စ ဝီရိယ ပညာဟူသည် သူတော်ရတနာ ခုနစ်ဖြာနှင့်မကွာမကွေယှဉ်သော။ ဓီရော၊ သဘောအားလျော်စွာ မှတ်နိုင်ဆောင်နိုင်သော ဉာဏ်ရည်ရှိ

---

၁။ သိရိ၊ သိရိ။ ဝါ–ကြက်သရေ။

သော။ ဝါ၊ ဆန့်ကျင်ဘက်တရားတို့ လှုပ်ရှားမနိုင် နိုင်သောသဘောသမာဓိရှိသော ပုဂ္ဂိုလ်ထူးသည်။ ဟုတ္တာ၊ ဖြစ်၍။ သဗ္ဗသာမယိကော၊ အကြွင်းမရှိသော နိကာယ် ငါးစုံနှုတ်ငုံလေ့လာ လိမ္မာကျွမ်းကျင်သည်ဖြစ်၍။ သောဂတံ၊ ဘုရားသာသနာ တော်ကို။ သုတံ၊ နေဝန်းလဝန်းသို့ တောက်ထွန်းတင့်တယ်အောင်။ သောဓေယျ၊ မိစ္ဆာရန်နှောင့် ဆူးငြောင့်မရှိ တိတိရှင်းစင် သုတ်သင်နိုင်လို၏။

(၁၄) သာသနန္တရဓာနေပိ၊ သာသနာတော် ကွယ်လတ်သော်လည်း။ တပေါ ဓနော၊ ငါးခန်းတိုက်၌။ (ဝါ၊ ဆယ်ခန်းတိုက်၌။ ဝါ၊ အခန်း ၂၀–၃၀–စသည်ရှိသော တိုက်၌။) သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌ သီလဥစ္စာ ကြွယ်ဝသော။ သုမေဓောဝ၊ လက်ဦးအစ ဗျာဒိတ်ရသောဘုရားအလျားသုမေဓာရှင်ရသေ့ကဲ့သို့။ တပေါဓနော၊ ငါးခန်းတိုက်၌ (ဝါ၊ ဆယ်ခန်းတိုက်၌။ ဝါ၊ အခန်း ၂၀–၃၀– စသည်ရှိသောတိုက်၌) သိုက်မြိုက်သိမ်းစု လုလည်းမဖြစ် အနှစ်အနဋ္ဌသီလဥစ္စာ ကြွယ်ဝသည်။ ဟုတ္တာ၊ ဖြစ်၍။ ကာယေဇီဝေအနပေက္ခန္တော၊ ကိုယ်နှင့်အသက်ငဲ့ ကွက်မချစ် အနပက်ပြု၍။ ဗောဓိပါစကံ၊ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သော ပါရမီစာဂစရိယကို။ စရေယျ၊ မဆုတ်မနစ် ဖြည့်ကျင့် နိုင်လို၏။

(၁၅) ယာဝ၊ အကြင်ရွေလောက်သော ကာလပတ်လုံး။ လောကဇေဋ္ဌော၊ လောကသုံးပါး၌ သီလသမာဓိ ပညာစသောဂုဏ်အားဖြင့် ကြီးရင့်သောပုဂ္ဂိုလ်ဖြစ် တော်မူထသော။ ဝါ၊ အဝိဇ္ဇာဥခွံကိုပယ်ခွာ၍ လက်ဦးစွာထွက်သည်၏အဖြစ်ကြောင့် လောကသုံးပါး၏အကြီးအစ်ကိုဖြစ်တော်မူထသော။ ဘာဒိနော၊ လာဘာလာဘ အစရှိသော လောကဓံရှစ်ပါး, ဣဋ္ဌ အနိဋ္ဌအစရှိသောအာရုံကိုလည်း ပကတိ သဘောကိုမစွန့်သဖြင့် တုန်လှုပ်ခြင်းကင်းသောဂုဏ်နှင့် ပြည့်စုံတော်မူထသော။ သိရီမတော၊ အလွန်သောပညာကျက်သရေ ရှိတော်မူထသော။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏။ ဗုဒ္ဓေါတိနာမမ္ပိ၊ ဘုရားဘုရားဟူသော အမည်တော်မျှသည်လည်း။ လောကေ၊ လောက၌။ ပဝတ္တတိ၊ မပြတ်မစဲဖြစ်တည်သေး၏။ တာဝ၊ ထိုရွေ့ လောက် ဘုရားဘုရားဟူသော အမည်တော်မပြတ်မစဲသမျှ ကာလပတ်လုံး။ အယံ အတ္တ ယောဇနာ၊ ဤအဋ္ဌသာလိနီအဋ္ဌကထာ၏ အတ္ထယောဇနာသည်။ တိဋ္ဌတံ– တိဋ္ဌတု၊ သောတုဇနတို့အား အနက်အဓိပ္ပါယ်ကိုပြလျက် တည်စေသော်။ ဣတိ၊ ဤရွေ့လျှင် အဋ္ဌသာလိနီ အဋ္ဌကထာနိဿယနိဂုံး အပြီးတည်း။

ဟူသော ၁–ဂါထာပါဌ် စုဏ္ဏိယပါဌ် ၁၅–ဂါထာပါဌ်နိဿယတို့ဖြင့် ပြည့်စုံစွာ သမိုင်းကြောင်းဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းနိဿယကြီးများကို ပေမူကူးယူ၍ ခရစ်သက္ကရာဇ် ၁၉၁၄–ခုနှစ်က ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၌ ပုံနှိပ်စဉ်က ပုံနှိပ်တိုက်အယ်ဒီတာက–

မန္တလေးရတနာပုံ ရိပ်မြုဌာန ရွှေပြည်မကို အစနန်းခင်း တည်ဘန်ဆင်းလျက် ပဥ္စမသံဂါယနာ မင်္ဂလာသဘင် ပွဲကြီးယင်သော အရှင်ဘဝရှင်မင်းတရားကြီး ဘုရားရွှေလက်ထက်တော်အခါ မင်္ဂလာရာမ မာဂဓဖြင့် နာမမြူတေ ကျောင်းရဝေ၌ လေးထွေယာပထ မှီတင်းမျှသား "မေဓာဘိဝံသသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" သွန်းထုခပ်နှိပ် တံဆိပ်တော်ရ ဓိတိမန္တသာရဗုဒ္ဓိ အဟုတ်ရှိသဖြင့် နက်တိဂုတ်ဆိ တိုင်းလုံးဟီသော ပြည်ဆရာတော်ဘုရားကြီးသည် သီးသီးများစွာ နောင်လာသောတု အခြေပြုတို့ ကရုဏာအောင်စည် ခတ်တီးတွင်ရေးစီရင်အပ်သော အဌသာလိနီအဌကထာနိဿယကို သကပရဟိတနှစ်စုပြီးစေမှုကြောင့် သာဓုခေါ်တွင် သူတော်စင်တို့သည် ခင်မင်နှစ်သက် မပစ်ရက်ပဲ လေ့ကျက်ကြည့်ရှုတော်မူကြရန် အကျိုးငှာ မူစာအတန်တန်နှင့် အပြန်အလှန် အဘန်ဘန်ပင် မှန်ကန်စွာတည်းဖြင့်၍ ပုဒ်ပါဌ်ခရာ ရုပ်ဓာတ်လာနှင့် မြန်မာသတ်ပုံ အလုံးစုံတို့ကိုလည်း လုံခြုံအောင်သုတ်သင်ပြီးခါ လေးဖြာစက္က ဓနဖြိုးပုံ လူမျိုးစုံသော ရန်ကုန်မြို့ ကျွန်ုပ်တို့ဇမ္ဗူမိတ်ဆွေပိဋကတ်တိုက်က ရိုက်နှိပ်လုပ်ဆောင်လိုက်ပါသည် သဒ္ဒါပရမတ်နည်းနှစ်ရပ်ကို တတ်သိလိမ္မာလိုကုန်သော ပုဂ္ဂိုလ်ကျော်အများတို့သည် တပါးအမှုလျစ်လျူပြု၍ ကြည့်ရှုလေ့ကျက်တော်မူကြပါစေကုန်သတည်း–ဟူ၍ ဖော်ပြရေးသားခဲ့လေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌လည်း– အဘိဓမ္မပိဋက၊ မန္တလေးရတနာပုံ၊ ရိပ်မြုဌာန၊ ရွှေပြည်မကို နန်းခင်းတည်ဘန်ဆင်းသော မင်းတရားကြီးဘုရားရွှေလက်ထက်တော်အခါ "မေဓာဘိဝံသသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" သွန်းထုခပ်နှိပ် တံဆိပ်တော်ရ ပုဂ္ဂလိအာဇာနည် ပြည်ဆရာတော်ဘုရားကြီးသည် ခြားသီဝေဘန် မြန်မာပြန်အပ်သော အဌသာလိနီအဌကထာနိဿယ ပဌမ၊ ရန်ကုန်မြို့၊ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက် ၁၉၁၄–စသည်ဖြင့် ပါရှိလေသည်။ တဖန် ရန်ကုန်မြို့ ဣန္ဒြာသယပိဋကတ်ပုံနှိပ်တိုက် ၁၃၂၇–ခုနှစ်တွင် ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ –၃–တွဲလုံး ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

အဌသာလိနီနိဿယ– ဂန္ထမ္ဘိ ဂန္ထမာမကော။

မေဓိယဓေပုဂ်ဝေါ၊ သမ္ပာဒယီ သုဓီတိမာ။

## ဇာတ်ပါဠိတော်နိဿယ

ဆရာတော်ဘုရားကြီးသည် လွန်စွာဖွဲ့ဝီရိယကြီးမားတော်မူသည်။ ငါးရာ့ ငါးဆယ်ဇာတ်ပါဠိတော်နိဿယကြီးကို ဇာတ်အဌကထာလာ ဝတ္ထုကြောင်းကို ပေါ်လွင်ထင်ရှားသိသာအောင် ထည့်သွင်းဖော်ပြ၍ အနက်မြန်မာနိဿယကိုလည်း မိုင်းနိုင်းမြို့စား သံတော်ဆင့်အမတ်၊ ဦးယံနှင့် တောင်သာမြို့စားဦးဖိုး၏ တပည့် ဦးမဇ္ဈူလှုထွက် ဒိသာပါမောက္ခဆရာ၏လျှောက်ထားချက်အရ ပြုစီရင်တော် မူခဲ့လေ သည်။ ကျမ်းဦး၌–

၁။ ဇာတိကောဋိသဟဿေဟိ၊ ပမာဏရဟိတံ ဟိတံ။
လောကဿ လောကနာထေန၊ ကတံ ယေန မဟေသိနာ။

၂။ တဿ ပါဒေ နမဿိတွာ၊ ကတွာ ဓမ္မဿ စဉ္စလိံ။
သံဃဉ္စ ပဋိမာနေတွာ၊ သဗ္ဗသမ္မာနဘာဇနံ။

၃။ နမဿနာဒိနော အဿ၊ ပုညဿ ရတနတ္တယေ။
ပဝတ္တဿာနုဘာဝေန၊ ဆေတွာ သဗ္ဗေ ဥပဒ္ဒဝေ။

၄။ တံတံ ကာရဏမာဂမ္မ၊ ဒေသိတာနိ ဗုတိမတာ။
အပဏ္ဏကာဒီနိ ပုရာ–ဇာတကာနိ မဟေသိနာ။

၅။ ယာနိ ယေသု စိရံ သတ္ထာ၊ လောကနိတ္ထရဏတ္ထိကော။
အနန္တေ ဗောဓိသမ္ဘာရေ၊ ပရိပါစေသိ နာယကော။

၆။ တာနိ သဗ္ဗာနိ ဧကဇ္ဈံ၊ အာရောပေန္တေဟိ သင်္ဂဟံ။
ဇာတကံနာမ သင်္ဂီတံ၊ ဓမ္မသင်္ဂါဟကေဟိ ယံ။

၇။ ဗုဒ္ဓဝံသဿ ဧတဿ၊ ဣစ္ဆန္တေန စိရဋ္ဌိတိံ။
ယာစိတော အဘိဂန္တွာန၊ ဓီရေန သတ္တဒဿိနာ။

၈။ ပဋိဃောသအမစ္စေန၊ မိုင်းနိုင်းနဂရဘောဂိနာ။
ဒိသာပါမောက္ခစေရေန၊ တောင်သာနဂရဘောဂိနာ။

၉။ မဟာပုရိသစရိယာနံ၊ အာနုဘာဝံ အစိန္တိယံ။
တဿ ဝိဇောတယန္တဿ၊ ဇာတကဿတ္ထနိဿယံ။

၁၀။ လဒ္ဓေါပဒေသံ နိဿာယ၊ ကရိဿာမိ ဟိတာဝဟံ။
ဝိပ္ပလ္လတ္ထပဒက္ခရံ၊ သောခေတွာန သာဓုကန္တိ။

(၁) အဟံ၊ ငါသည်။ ဇာတိကောဋိသဟဿေဟိပိ၊ စုတိပဋိသန္ဓေဖြင့် ပိုင်းခြားအပ်သောအဖြစ် ဘဝကုဋေအထောင်တို့ဖြင့်လည်း။ အပရိစ္ဆိန္နံ၊ မပိုင်းခြားနိုင်သည်ကို။ ကတွာ၊ ပြု၍။ တစ်နည်း။ ဇာတိကောဋိသဟဿေဟိပိ၊ စုတိပဋိသန္ဓေဖြင့် ပိုင်းခြားအပ် ဘဝကုဋေအထောင်တို့ဖြင့်လည်း။ အပရိစ္ဆိန္နကာလံ၊ မပိုင်းမခြားအပ်နိုင်သောကာလပတ်လုံး။ လောကဿ၊ သတ္တလောက၏။ ပမာဏရဟိတံ၊ နှိုင်းယှဉ်ကြောင်းပမာဏမှကင်းသော။ ဟိတံ၊ အစီးအပွားကို။ လောကနာထေန၊ လူသုံးပါးတို့၏ကိုးကွယ်ရာဖြစ်တော်မူသော။ ယေနမဟေသိနာ၊ အကြင်မြတ်စွာဘုရား သည်။ ကတံ၊ ပြုတော်မူအပ်ပြီ။

(၂) တဿတာဒိသဿ၊ ထိုဆိုအပ်ပြီးသော ဂုဏ်နှင့်ပြည့်စုံသောသဘောရှိတော်မူသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ နမဿိတွာ၊ နမဿာမိ၊ ရှိခိုးပါ၏။ နမဿိတွာ၊ ရှိခိုးပြီး၍။ ဓမ္မဉ္စ၊ ဆယ်ပါးသောတရားတော်အားလည်း။ အဉ္ဇလိံ၊ လက်အုပ်ကို။ ဝါ၊ အဉ္ဇလိံ-အဉ္ဇလိပဂ္ဂဟံ၊ လက်အုပ်ချီခြင်းကို။ ကတွာ၊ ကရောမိ၊ ပြုပါ၏။ ကတွာ၊ ပြုပြီး၍။ သဗ္ဗသမ္မာနဘာဇနံ၊ အလုံးစုံသော သတ္တလောက၏ မြတ်နိုးပူဇော်ခြင်း၏တည်ရာဖြစ်သော။ သံဃဉ္စ၊ ရှစ်ယောက်သော ပရမတ္ထသံဃာ၊ သမ္မုတိသံဃာတော်ကိုလည်း။ ပဋိမာနေတွာ၊ ပဋိမာနေမိ၊ မြတ်နိုးကော်ရော်ပူဇော်ပါ၏။ ပဋိမာနေတွာ၊ မြတ်နိုးကော်ရော်ပူဇော်ပြီး၍။

(၃) ရတနတ္တယေ၊ ရတနာတို့၏ သုံးပါးတို့၏အပေါင်း၌။ ပဝတ္တဿ၊ ဖြစ်သော။ နမဿနာဒိနော၊ ရှိခိုးခြင်းအစရှိသော။ ဝါ၊ ရှိခိုးခြင်းလက်အုပ်ချီခြင်းပူဇော်မြတ်နိုးခြင်းဟုဆိုအပ်သော။ အဿပုညဿ၊ ဤသို့သောကုသိုလ်၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ သဗ္ဗေ၊ ကုန်အောင်စုံကုန်သော။ ဥပဒ္ဒဝေ၊ ကပ်၍နှိပ်စက်တတ်သော ဥပါဒ်ဘေးဒဏ်အန္တရာယ်တို့ကို။ ဆေတွာ၊ ဖြတ်ပယ်ပြီး၍။

(၄) တံတံကာရဏံ၊ တိတ္ထိတို့ကို တဖန်ကွယ်စေပြန်ခြင်းစသော ထိုထိုအကြောင်းကို။ အာဂမ္မ၊ အကြောင်းပြု၍။ အပဏ္ဏကာဒီနိ၊ အပဏ္ဏကဇာတ်အစရှိကုန်သော။ ယာနိဇာတကာနိ၊ အကြင်ဇာတ်တော်ကို။ ဇုတိမတာ၊ အဆင်းတော် အရောင်တော် ဉာဏ်တော်အရောင်တော် နှစ်ပါးနှင့်ပြည့်စုံတော်မူသော။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ပုရာ၊ သံဂါယနာမတင်မီရှေးကာလ၌။ ဒေသိတာနိ၊ ဟောတော်မူအပ်ကုန်ပြီ။

(၅) ယေသုဇာတကေသု၊ အကြင်ဇာတ်တော်တို့၌။ လောကနိတ္ထရဏတ္ထိကော၊ သတ္တလောကကို ဝဋ္ဋဒုက္ခမှထုတ်ဆောင်ကယ်တင်လိုသော သမ္မာဆန္ဒရှိတော်မူ

သော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်ကူးတို့ပို့တော်မူပေတတ်သော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အနန္တေ၊ အဆုံးအပိုင်းအခြားမရှိကုန်သော။ ဗောဓိသမ္ဘာရေ၊ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်တော်၏ အဆောက်အဦဖြစ်ကုန်သော ပါရမီစာဂစရိယတို့ကို။ စိရံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ ပရိပါစေသိ၊ ရင့်စေတော်မူပြီ။

(၆) သဗ္ဗာနိ၊ ကုန်အောင်စုံကုန်သော။ တာနိဇာတကာနိ၊ ထိုဇာတ်တော်တို့ကို။ ကေဖ္တွ၊ အဘို့တစုတည်းပြု၍။ သင်္ဂဟံ၊ သင်္ဂါယနာသို့။ အာရောပေန္တေဟိ၊ တင်တော်မူကုန်သော။ ဓမ္မသင်္ဂါဟကေဟိ။ သုတ်အဘိဓမ္မာဝိနည်းကို သံဂါယနာတင်ကုန်သော အရှင်မဟာကဿပအစရှိကုန်သော မဟာထေရ်တို့သည်။ ယံပကရဏံ၊ အကြောင်းကျမ်းကို။ ဇာတကံနာမ၊ ဇာတ်အမည်ရှိ၏ဟူ၍။ သံဂီတံ၊ သင်္ဂါယနာတင်အပ်ပြီ။

(၇–၈) ဗုဒ္ဓဝံသဿ၊ ဘုရားအနွယ်တော်ကိုပြတတ်သော။ တေဿဇာတကဿ၊ ထိုဇာတ်တော်၏။ စိရဋ္ဌိတိံ၊ ငါးထောင်ရှည်ကြာ ကာလပတ်လုံးတည်ခြင်းကို။ ဣစ္ဆန္တေန၊ ကောင်းမြတ်သောအလိုသမ္ဘာဆန္ဒရှိထသော။ ဓီရေန၊ သဘောအမှန်လျှင် မြန်စွာမှတ်နိုင်ဆောင်နိုင်သော ပညာရှိထသော။ သတ္တဒဿိနာ၊ ပိဋကတ်ကျမ်းလောကီကျမ်းတို့၌ မြင်နိုင်စွမ်းသော ပညာမျက်စိရှိထသော။ မိုင်းခိုင်းနဂရဘောဂိနာ၊ မိုင်းခိုင်းမြို့စားဖြစ်ထသော။ ပဋိယောသအမစ္စေန၊ သာသနာ့ဒါယကာတရားမင်းသည် လက်ရင်းစေသုံးအပ်သော သံတော်ဆင့် အမတ်သည်လည်းကောင်း။ တောင်သာနဂရဘောဂိနာ၊ တောင်သာမြို့စားဖြစ်ထသော။ ဒိသာပါမောက္ခာစေရေန၊ ဒိသာပါမောက္ခဟု ကြေငြာသော ကေရာဇ်မင်းတရားသည်လည်းကောင်း။ အဘိဂန္တာန၊ ရှေးရှုဆည်းကပ်၍။ ယာစိတော၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။

(၉) မဟာပုရိသစရိယာနံ၊ ယောကျ်ားမြတ်ဖြစ်ကုန်သော ဘုရားအလောင်းအကျင့်တော်တို့၏။ အစိန္တိယံ၊ မကြံစည်အပ်မကြံစည်နိုင်မကြံစည်ကောင်းသော။ အာနုဘာဝံ၊ အစွမ်းအာနုဘော်ကို။ ဝိဇောတယန္တဿ၊ အထူးထူးအပြားပြား ပြတတ်သော။ ဇာတကဿ၊ ရှေးအဖြစ်အဋ္ဌုပ္ပတ္တိတော်ကို ဟောရာဇာတ်ကျမ်း၏။ အတ္ထနိဿယံ၊ အနက်မှီရာမြန်မာဘာသာနိဿယကျမ်းကို။

(၁၀) လဒ္ဓေါပဒေသံ၊ မဟာသယောစသည်တို့၌ ဒုဗ္ဗိက္ခနိုပ်စက်လျက်လည်း အသက်ကိုပမာဏမထား ကျားမင်းပုဏ္ဏရိက်သို့ စိတ်သွားတိုင်းကိုယ်ပါလျက် ထို၌ှာ

ဤရွာဆရာကောင်းထံ ကျိုးနွံကပ်ဆည်း ရအပ်သောနည်းကောင်းလက်ဆုပ်ဥပဒေ သကို။ နိဿာယ–နိဿယံကတွာ၊ အမှီပြု၍။ ဝိပလ္လတ္ထပဒက္ခရံ၊ ဖောက်ပြန်သော ပျက်စီးသောပုဒ်အက္ခရာကို။ သာခုကံ၊ မှန်ကန်သေချာကောင်းမွန်စွာလျှင်။ သော ဓေတွာန၊ အဋ္ဌကထာ ဋီကာနိရုတ္တိကျမ်း စုံစမ်းနှိုင်းညှိ မူရင်းထိအောင်သုတ်သင်၍။ ဟိတာဝဟံ၊ သောတုဇနတို့၏ အစီးအပွားကို ဆောင်နိုင်သည်ကို။ ကတွာ၊ ပြု၍။ ကရိဿာမိ၊ စီရင်ပေအံ့။ ဣတိ၊ ဤသည်လျှင် ရတနတ္တယပဏာမစသည်ကိုဆိုရာ ဂန္ထာရမ္ဘစကားရပ်အပြီးသတ်တည်း။

ဟူသော ၁၀–ဂါထာပါဌ်နိဿယဖြင့် ရတနတ္တယပဏာမ၊ ဇာတ်ပါဠိတော်ကြီး သံဂါယနာတင်ကြကြောင်း သမိုင်း၊ အဘိယာစက၊ ကျမ်း၏မှီရာ ပဋိညာဉ် စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ငင်းပြင်–

ဇိနေန္ဒြမတ္တေဘသကုမ္ဘစာရိနီ၊ ဇိနောရသာနံ မုခပင်္ကဇာလိနီ။

သရဿတီ မေ မုခဂဗ္ဘဂေဟိနီ၊ ရမတ္ထနာယာသာ သဒတ္ထသူဒနီ။

ဇိနေန္ဒြမတ္တေဘသကုမ္ဘစာရိနီ၊ မာရ်ငါးပါးကိုအောင်တော်မူပြီးသည်ဖြစ်၍ လောကသုံးပါး၌ အစိုးရတော်မူသော ရှစ်ပါးသောပရိသတ်တို့၏အလယ်၌ ရဲရင့်သည်ဖြစ်၍ အမုန်ယစ်သောဆဒ္ဒန်ဆင်မင်းနှင့်တူတော်မူသော မြတ်စွာဘုရား၏ ပါးစောင်နှစ်ဘက်မှ ဆင်းသက်လျှောက်၍ အာသောက်ယိုစီးသောဆင်မုန်နှင့် တူသော သူတစ်ပါးတို့၏မာန်ရစ်ခြင်းစသည်တို့ကို နှိမ်နင်းခြင်းငှာစွမ်းနိုင်သော မကြောက်မရွံ့ဆိုအပ်သော စကားတော်သံ၌ဖြစ်ခြင်းအလေ့ရှိထသော။ ဇိနောရသာနံ၊ ငါးမာရ်အောင်မြင် သုံးလူ့ရှင်၏ ရွှေရင်တော်နှစ်သားရင်းအစစ်ဖြစ်ကုန်သော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပအစရှိကုန်သော အရှင်မြတ်တို့၏။ မုခပင်္ကဇာလိနီ၊ ခံတွင်းတော်တည်းဟူသော ပုဏ္ဍရိက်ကြာတိုက်၌ ကောင်းစွာနေလျှက် အနက်သဒ္ဒါအရသာကို ကောင်းစွာယူဆောင်တတ်သည်ဖြစ်၍ ပကတိသောပုဏ္ဍရိက်ကြာတိုက်၌ ကောင်းစွာနေလျှက် ပန်းအရက်ရသာကိုယူ ဆောင်တတ်သော ပိတုန်းနှင့်တူသည်မူလည်းဖြစ်ထသော။ ဂဗ္ဘိနီ၊ မြတ်စွာဘုရား၏ စကားတော်သံတည်းဟူသော နတ်ယောက်ျားနှင့်ပေါင်းယှဉ်ခြင်းကြောင့် ယူအပ်သော နေယျတ်နီတတ်အစရှိသော မြတ်သောအနက်တည်းဟူသော သားကောင်း ရတနာကို ဖွားကာနီးသောကိုယ်ဝန်ရှိထသော။ သရဿတီ၊ သူရဿတီနတ်သမီး တည်းဟူသော ပိဋကတ်သုံးပုံသည်။ ဝါ၊ ပိဋကတ်သုံးပုံတည်းဟူသော သူရဿတီ

နတ်သမီးသည်။ အနာသာယ၊ ငြိုငြင်ပင်ပန်းခြင်းမရှိသည်ဖြစ်၍။ မေ၊ ငါ၏။ မုခဂ္ဂေ၊ ခံတွင်းတည်းဟူသော ပုဏ္ဏရိက်ကြာတိုက်၌။ ဝါ၊ ပုဏ္ဏရိက်ကြာတိုက်တည်းဟူသော ခံတွင်း၌။ သဒ္ဒသူဒနီ၊ မိမိ၏နေယျတ်နီတတ်အစရှိသော မြတ်သောအနက်တည်းဟူသော ရွှေတုံးရွှေခဲသားရတနာကို ကောင်းစွာဖွားလျှက်။ ရမတု၊ မွေ့လျော်ပါလှည့်–ဟူသော ဇိနာလင်္ကာရကျမ်းလာ ဂါထာပါဠိအနက်ဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

## ဇာတ်နိဿယပေထုပ်ကြီးများ

ယင်းပြည်ဆရာတော်ဘုရားကြီး၏ ဇာတ်ပါဠိတော်နိဿယကြီးများမှာ ပဌမ ထုပ် ၁၃–ကြောင်းပေ၊ က၊ ဘေ၊ ကြံဆစ်။ ဧကနိပါတ်အစ၊ သတ္တနိပါတ်ဆုံး။ ဒုတိယထုပ်။ ၁၀–ကြောင်းပေ၊ က၊ ဘော၊ ကြံ။ အဋ္ဌကနိပါတ်–စ၊ ဝီသတိနိပါတ်–ဆုံး။ တတိယထုပ်။ ၁၂–ကြောင်းပေ၊ က။ ဗေ။ ပိန်း။ တိံသနိပါတ်–စ၊ အသီတိနိပါတ်–ဆုံးရှိသည်ဟု သိရသည်။ မဟာနိပါတ်နိဿယလည်း ရှိဖွယ်ရှိသည်ဟု ဆိုကြသည်။

## စာအုပ်အဖြစ်ရိုက်နှိပ်ခြင်း

ဖော်ပြပါ ဇာတ်နိဿယကြီးကို ရန်ကုန်မြို့ ၂၅–လမ်း၊ စာဆိုတန်း၊ တိုက်နံပါတ် ၁၇–၁၈၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၆၉–ခုနှစ်ကစ၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၂၇၀–ပြည့်နှစ်၊ ကဆုန်လတွင် စတုတ္ထတွဲအထိ ပြီးကြောင်း ဖတ်ရှုရပါသည်။ ရွှင်ဆိုက်ဖြင့် တစ်တွဲလျှင် စာမျက်နှာ ၄၁၀–ကျော်ခန့်ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌ ပဋ္ဌမသံဂါယနာတင် မင်းတရားကြီးလက်ထက် "မေဓာဘိဝံသသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ပြည်ဆရာတော်(ညောင်ကန်ဆရာတော်) ရေးသားပြုစီရင်အပ်သော ငါးရာ့ငါးဆယ် ဇာတ်ပါဠိတော်နိသျ(နိဿယ)ပါဠိဆရာ ဦးဖြေ ကြီးကြပ်ပြင်ဆင်ပုံနှိပ်သည့် စသည်ဖြင့် ပါရှိလေသည်။

ဇာတကပါဠိနိဿယ–ဂန္ထမ္ပိ ဂန္ထကောဝိဒေါ။
ရစယီ မေဓိယဓေ–ထေရော ထိရပရက္ကမော။

## ဥပါသကဝိနိစ္ဆယကျမ်းနှင့် ပါရာဇိကထာဂဏ္ဌိသစ်

ဥပါသကဝိနိစ္ဆယကျမ်းကိုလည်း ရေးသားတော်မူခဲ့၏။ ပေအင်္ဂါ ၂၀-ကျော်ခန့် ရှိသည်ဟုသိရသည်။ ပါရာဇိကထာဂဏ္ဌိသစ်ကိုလည်း ရေးသားတော်မူခဲ့သည်ဟု အဆိုရှိသည်။ ပြည်ဆရာတော်ဘုရားကြီးကား သက်တော်နှင့်အမျှ စာပေ၌ ထာဝစဉ် ထားသည့်မျက်လုံးတော်အစုံ စိတ်တော်ရှိတော်မူသည့် ပုဂ္ဂိုလ်ကြီးဖြစ်ရာ ဆရာတော်၏ လုံ့လနှင့်သဒ္ဓါတရားတို့မှာ လွန်စွာချီးကျူးဖွယ် ကောင်းလှပေသည်။

မေဓိယမဓော မဟာထေရော၊ သဒ္ဓေါ ဝီရိယဝါ သုဓီ။
ဇာနိတွာန တသ္သ ဘာဝံ၊ ကော န ပသာဒယေ ဝိဒ္ဒါ။

## ရန်ကုန်မြို့၌ မာရာရိဇယသိမ် သမုတ်တော်မူခဲ့ခြင်း

ပြည်ဆရာတော်ဘုရားကြီးအရှင်မေဓိယမဓေသည် သက္ကရာဇ် ၁၂၀၃-ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်မြို့ စုန်တော်မူရာ သာသနာပိုင်ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီးအရှင်ဉေယျဓမ္မ၊ ဒုတိယဖားကရားဆရာတော် အရှင်ပညာဇောတ စသည်တို့နှင့်အတူ ရန်ကုန်မြို့သို့လိုက်ပါကြွတော်မူခဲ့လေသည်။ ထိုစဉ်က ရွှေတိဂုံစေတီတော်ကြီးအနောက်မြောက် ယခုဗောဓိကုန်းကျောင်းတိုက်အနီးရှိ ရမ္မဂိရိတောင်ထိပ်၌ ၁၂၀၃-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့မှစ၍ မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မ၊ စသည်တို့နှင့်အတူ ၃-ရက်တိုင် သီမာသမူဟနက်ဆောင်ရွက်တော်မူကြ၍ ၄-ရက်မြောက်နေ့တွင် ထပ်မံ၍ သီမာသမူဟန ပြုပြီး သိမ်သမုတ်တော်မူလေရာ ဤဆရာတော်ဘုရားကြီးသည် မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဉေယျဓမ္မ၊ ပရမညာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်အရှင်ပရမတို့နှင့်အတူ သီမာသမ္မုတိကမ္မဝါ ရွတ်ဖတ်၍ သိမ်သမုတ်တော်မူခဲ့လေသည်။

## သာသနာ့သမိုင်းတစိတ်ကိုပြောနေသည့် သိမ်တော်မော်ကွန်း

အို သာသနာဝင်စာတော်ဖတ်. . . အရှင်သာသနာဝင်စာတော်ဖတ်သည် အောက်ပါမာရာရိဇယသိမ်တော်မော်ကွန်းကို ဖတ်ရှု၍ ပြည်ဆရာတော်ဘုရားကြီး အပါအဝင်သမုတ်သည့် မာရာရိဇယသိမ်အကြောင်းနှင့် သာသနာ့သမိုင်းတစိတ်တဒေသကိုလေ့လာရာ၏။

## မာရာရိဇယသိမ်တော်မော်ကွန်း

ကမ္ဘာတို့၏ကုဋေတို့ဖြင့် ရေတွက်ခြင်းငှာမတတ်ရာသော သင်္ချာလေးထပ် တသိန်းကပ်ကာလပတ်လုံး ငယ်နိမ့်ကြီးမြင့်သော ဘဝတို့၌ အမျှသုံးဆယ်သော ပါရမီအပြား၊ ငါးပါးသောစာဂ၊ သုံးပါးသောစရိယတို့ကို ဖြည့်ကျင့်တော်မူလျှက် ဒီပင်္ကရာအစ ကဿပအဆုံးရှိသော နှစ်ကျိပ်လေးဆူသော နောင်တော်အရှင် စောဘုရားတို့၏အထံဝယ် ပန်ဆင်ရအပ်သော အောင်ပွဲသဘင် မင်္ဂလာဗျာဒိတ်ရှိ သဖြင့် ရင့်စေတော်မူအပ်သော အရဟတ္တမဂ် အရဟတ္တ ဖိုလ်ဉာဏ်တော်ပဒုမာ သည် မုံအာပွင့်လုနီးအချိန်ရောက်လတ်သော် လောကီချမ်းသာကို ပယ်ခွါစွန့်ပစ်လို သော ဆန္ဒပါရမီတော်သည် နှိုးဆော်ချီးပင့်သဖြင့် ညဥ့်မဇ္ဈိမယံဝယ် ဖွားဘက်တော် ဆန္န ကဏ္ဍကနှင့် ဆန္ဒတူထွက်သွား၍ အနော်မာမြစ်နားသို့ရောက်လျှင် ပုလဲစု အဆင်းနှင့်တူသော သဲသောင်ခုံဝယ် ဖျောက်ပယ်အပ်သော လူ၏အသွင်ထင်စေ အပ်သော ရဟန်း၏သဏ္ဌာန်ရှိလျှက် အဆက်ဆက်သော နောင်တော်ရှင်စော ဘုရားတို့၏ လှန်မစောက်ဖြစ်သော ကျင့်ဝတ်ဓမ္မတာ သဘာဝတရားကို အား ထုတ်တော် မူလတ်ပြီး၍ ချမ်းမြေ့သာယာမဟာသုဒဿန နတ်လမ်းဖြင့်ကြွသွား တော်မူလျှက် အောင်သူတကာတို့၏ အထွတ်အထိပ်ဖြစ်သော မာရဇိန်တို့၏ အောင်ပွဲသဘင်ခံရာ မဟာဗောဓိ ရွှေညောင်တော်သို့ ကပ်တော်မူလတ်ပြီးလျှင် လေးအင်သောလှံ့လဖြင့် မျှတော်မူလတ်၍ ဘုရားတကာတို့၏တံထွာ သုံးသပ်တော် မူရာဖြစ်သော အဿာသ ပဿာသကမ္မဋ္ဌာန်းကို စီးဖြန်းသုံးသပ်တော်မူခြင်းကို အရင်းမူသဖြင့် သမထဝိပဿနာနှစ်ပါးကို ပွားများအားထုတ်တော်မူလတ်သောအခါ ဝိသာခါနက္ခတ်အကြိုက် ကဆုန်လပြည့်နေ့ ပဌမယံ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယံ ဒိဗ္ဗစက္ခုဉာဏ်၊ ပစ္ဆိမမိုးသောက်ယံတွင် အလုံးစုံသော ဘုရားဂုဏ်ကျေးဇူးတို့ဖြင့် တန်ဆာဆင်ထူလျှက်သော အာသဝက္ခယဉာဏ်တော်ကို ရတော်မူလတ်၍ ဓမ္မိဿရ ဓမ္မသာမိ လောကိဿရ လောကသာမိ မုနိပုင်္ဂဝ ဇေဋ္ဌသေဋ္ဌ အတုလ စစ်ဖြစ်တော်မူသော သဗ္ဗညုဘုရားသခင်သည် လေးဆယ့်ငါးဝါကာလပတ်လုံး လောကအကျိုးစီးပွားကို ရှာမှီတော်မူခြင်းငှါ မဟာမဏ္ဍလ၊ မဇ္ဈိမမဏ္ဍလ၊ အန္တော မဏ္ဍလဒေသအဝန်းသုံးပါး၌ တူရိတာတုရိတစာရိတ နှစ်ပါးသော လှည့်လည် တော်မူခြင်းဖြင့် ထိုထိုမြို့ရွာ နိဂုံးဇနပုဒ်တိုက် တိုင်းနေပြည်တို့သို့ လှည့်လည် တော်မူလတ်၍ ချွတ်အပ်ချွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ချေချွတ်တော် မူလျှက် ကြွင်းမဲ့ဥဿုံ အလုံးစုံသော ဘုရားကိစ္စပြီးပြီးလတ်သော် မလ္လာမင်းတို့၏ မင်္ဂလာပြုရာ မဟာရဂုံ ကုသိနာ္နာရုံ အင်ကြင်းစုံဥယျာဉ် ပန်းတောလျဉ်သို့

ကပ်ယှဉ်တော်မူလတ်၍ လွတ်အပ်သော အာယုသင်္ခါရ ခန္ဓပရိနိဗ္ဗာန် စံယူတော်မူပြီးနောက်–

သာသနာတော် ၂၃၈၁–ခု ဂေါ်ဇာကလိယုဂ ၁၁၉၉–ခုရောက်လတ်သော အခါ ဘေးလောင်းတော်ဘိုးလောင်းတော်တို့၏ အရိုက်အရာကို တရားသဖြင့် ခံယူတော်မူ၍ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူဘိသော ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံစွာသော ရတနာသိင်္ဃကုန်းဘောင်မြို့တည် နန်းတည်တိုင်းပြုပြည်ပြု သာသနာပြုမင်းတရားကြီး၏ သားတော်ဖြစ်သော အမရပူရမြို့တည်နန်းတည် ကျမ်းဂန်ထုံးစံနှင့်အညီ သုံးကြိမ်တိုင်တိုင် ဦးထိပ်ထက်သွန်းအပ်သော အဘိသိက်ရှိသော–

''သီရိပဝရဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ''တံဆိပ်နာမံတော်ရှိတော်မူသော မင်းတရားကြီး၏ သားတော်ကြီးရတနာ ဥပရာဇာ နန်းလျာအဖြစ်၌ထိုက်တန်သော မာတိတော စ ပိတိတော စ ဥဘတော သုဇာတဂုဏ်၊ အဘိရူပဂုဏ်၊ မာတာပိတုပိယဂုဏ်၊ ဗလကာယပိယဂုဏ်၊ ပဏ္ဍိတဝိယတ္တမေဓာဝီ အတီတာနာဂတပစ္စုပ္ပန္နအတ္ထစိန္တနပဋိဗလဂုဏ်တည်းဟူသော ကျေးဇူးငါးပါးတို့နှင့် မချွတ်မယွင်းစင်စစ်ပြည့်စုံသည်ဖြစ်၍ အလွန်သောဘုန်းလက်ရုံးအာဏာ၊ သဒ္ဓါသီလ သုတ စာဂ ပညာစသောကျေးဇူးကျက်သရေတို့၏ အမြဲတည်ရာဖြစ်တော်မူသော ''သီရိမဟာဓမ္မာဘိဇယသီဟသူရ''နာမံဘွဲ့ ရှိတော်မူသော နန်းလျာဥပရာဇာမင်းတရား။

''သီရိတိလောကမဟာသုဘဒ္ဒါရတနာဒေဝီ'' ဥပရာဇာမိဖုရားနှစ်ပါးသော သမုတိနတ်တို့၏ သည်းချာရင်နှစ် သားတော်တမူလည်းဖြစ်ထသော၊ တိုင်းရေးပြည်ရေး သာသနာရေး လောကရေးတို့ကို သီရိဓမ္မာသောက စသောမင်းတို့ကဲ့သို့ ရာဇဓမ္မနှင့်အညီ သိမ်းပကားခြင်း၌ အလွန်လိမ္မာတော်မူသည်တမူလည်းဖြစ်ထသော၊ သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပစသောသူတော်ဥစ္စာဓမ္မရတနာနှင့် ပြည့်စုံသည်တမူလည်းဖြစ်ထသော၊ နိဗ္ဗာနပစ္စယနာဂဆဒ္ဒန်ဆင်မင်းအမျိုးရှိသော ဆင်ဖြူများသခင် အထူးထူးသော တိုင်းကြီးပြည်ကြီးထီးဆောင်းမင်းများသခင် ရွှေတွင်းငွေတွင်း စသော ရတနာအပေါင်းတို့၏အရှင်တမူလည်းဖြစ်ထသော။ သဗ္ဗညုဘုရားသခင်၏ သာသနာတော်မြတ်၌ သိကြားမင်း၊ အဇာတသတ်မင်း၊ သီရိဓမ္မာသောကမင်းတို့ကဲ့သို့ သတိပညာဖြင့် ချီးမြှင့်တော်မူခြင်း၌ လွန်ကဲသည်တမူလည်း ဖြစ်ထသော။ သူတစ်ပါးတို့၏ အကြံအစည်အရည်အသွေး စိတ်ထားနှလုံးကို သိမ်းကြုံး သိမြင်ခြင်း၌ လျှင်မြန်သည်တမူလည်းဖြစ်ထသော။ ရန်အပေါင်းတို့ကို သိကြားမင်းကဲ့သို့

နိမ်နင်းအောင်မြင်ခြင်း၌ သာလွန်သည်တမူလည်းဖြစ်ထသော။ ရတနာသိဃ် ကုန်းဘောင်မင်းတရားကြီး၏ သားတော်ရတနာပူရတတိယမြို့တည် "သီရိပဝရ သုဓမ္မမဟာရာဇာဓိန္ဒ္ဒါဓိပတိ"တံဆိပ်နာမံရှိတော်မူသော ဆင်ဖြူရှင်မင်းတရားကြီး "သီရိအတုလမဟာ ရတနာပဒုမာဒေဝီ" တောင်နန်းမိဖုရားခေါင်ကြီးနှစ်ပါး၏ သမီးတော်ချစ်နှင့်တကွ အမရပူရမြို့တည်မင်းတရားကြီး၏ သားတော် "သီဟသူရ မဟာဓမ္မရာဇာ"ဘွဲ့နာမံရှိသော အရိမဒ္ဒနာ ပေါက္ကံပြည်ကြီးသခင်မင်းနှစ်ပါး၏ သမီး တော်ချစ် ဖြစ်လတ်သဖြင့် ဘေးဘိုးစဉ်လာ မဟာဝံသခတ္တိယနွယ်ရိုးအမျိုးသန့်စင် ကြန်အင်လက္ခဏာပြည့်စုံစွာလျှက် ပုဗ္ဗဿာယီ ပဏ္ဍာနိပါတိ ကိုကာရပဋိသာဝိနီ မနာပစာရိ ပိယဝါဒီတည်းဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံစွာ၍ စကြာမင်းကြီး၏ မိဖုရားနှင့်တူသော "သီရိပဝရတိလောက မဟာရတနာပဒုမာဒေဝီ"အမည်ရှိသော မိဖုရားကြီးရတနာနှင့် ပြည့်စုံသည်တမူ လည်းဖြစ်ထသော။ ခမည်းတော်၏ အလို တော်နှင့် မဆန့်ကျင်သဖြင့် တိုင်းရေးပြည်မှုကို ကြည့်ရှုစီရင်ထုံးမိတ်ခြင်း၌ မလိုက် သော အဂတိရှိလျှက် စကြာဝတေးမင်းကြီး၏ သားအပေါင်းနှင့်အတူ အာဏာစက် ကိုလည်း နေခြင်းငှာပြုစွမ်းရာသော အတ္တညူ, ဓမ္မညူ, မတ္တညူ, ကာလညူ, ပရိသညူတည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံစွာသော သားကြီးရတနာအပေါင်းနှင့် စုံလင်သည်တမူလည်း ဖြစ်ထသော။ ထုံးနည်းဥပဒေ သက်သေပုံစံ ကျမ်းဂန်ဗေဒင် ၌ သိမြင်လိမ္မာစွာ သဒ္ဓါ သီလ စာဂ သမာဓိ ဝီရိယနှင့် ပြည့်စုံသော သမီးတော် ရတနာအပေါင်းနှင့် ပြည့်စုံသည်တမူလည်း ဖြစ်ထသော။

သတ္တိသုံးပါး သင်္ဂဟတရားလေးပါး အားငါးပါး နာယကဂုဏ်ခြောက်ပါး အပရိဟာနိယတရားခုနှစ်ပါး ရာဇဂုဏ်ရှစ်ပါး နဝရန်ကိုးပါး ရာဇဓမ္မဆယ်ပါးတို့နှင့် ပြည့်စုံတော်မူသည်တမူလည်းဖြစ်ထသော။ အမရပူရမြို့တည် နန်းတည်တိုင်းပြု ပြည်ပြု သာသနာပြုရတနာအပေါင်းတို့၏ အရှင်ဖြစ်တော်မူသော ကျမ်းဂန်ထုံးစံနှင့် အညီ ဦးထိပ်ထက်သွန်းအပ်သော အဘိသိက်ရှိသော "သီရိပဝရာဒိတျာလောကာ ဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ"တံဆိပ်နာမံတော်ရှိသော မင်းတရားကြီးသည် ဗိမ္ဗိသာရမင်း၏ တော့တခြင်းအာသာကဲ့သို့ မင်းလျာစဉ်ကပင် သာသနာတော်ကို ချီးမြှောက်တော်မူလိုခြင်းအာသာ၊ တိုင်းနိုင်ငံအတွင်း စေတီတော်ကြီးများကို ဖူးမြော် လိုခြင်းအာသာ၊ စေတီတော်များကို လုံးတော်ပြည့်ရွှေပစွန်နို့ မွမ်းမံလိုခြင်း အာသာ၊ သာသနာပြုတိုင်းခွင်ဒေသစာရီ လှည့်လည်တော်မူလိုခြင်းအာသာ၊ အလိုဆန္ဒတော် နှိုးဆော်ရင်း ရှိသည်နှင့်အညီ ဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ အရိုက် အရာကို ခံစံတော်မူလျှင် မင်္ဂလာအိမ်တော်စံမူစဉ်ကပင် ကိုးကွယ်တော်မူရင်း

မင်္ဂလာဆရာတော်ဖြစ်သော ''သဒ္ဓမ္မဝံသာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇ ဂုရု'' တံဆိပ်နာမံရှိတော်မူသော ကူးခန်းကြီးမြို့ သဲအင်းရွာမထေရ်ကို ''သူရိယာဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု''တံဆိပ်တော်ကို ကပ်လှူတော်မူ၍ သဃ်ရာဇာအဖြစ်ဖြင့် အပ်တော်မူပြီးလျှင် သိကြားမင်း အဇာတသတ်မင်း တို့၏ဝန်ခံခြင်းကဲ့သို့ တရားနှင့်လျော်သော ဝန်ခံခြင်းကိုဝန်ခံတော်မူ၍ သာသနာ တော်ကို ချီးမြှင့်ပြုစုတော်မူသည်။ မဟာဂါမရွာကြီးလေးရွာကိုလည်း သဃ်ရာဇာ မထေရ်အား အာရာမိကအလို့ငှာ သဒ္ဒါတော်မူသည်။

ယင်းသည့်မထေရ်ကျော်ဆရာတော်ကြီးသည် နှစ်နှစ်ကျော် သာသနာတော်ကို ပြုစုချီးမြှင့်လတ်၍ ကုန်ပြတ်စဲငြိမ်းသော ခန္ဓာတော် အဟော်ကံဟောင်း ရင့်ညောင်းပျက်ကြွေ နတ်မြေသုဂတိသို့ ပြောင်းကြွတော်တော်မူလတ်သော် ထိုမထေရ်ဆရာကြီး၏ လက်စောင်တပည့်ရင်း ချင်းနင်းချောက်ချားနိုင်သော ပရိယတ် ပဋိပတ် သတ္တိအရည်အချင်းနှင့်ပြည့်စုံသော ''ဉေယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု''တံဆိပ်နာမံတော်ရှိသော ဗဒုံမြို့အထက်တိုက် မောင်းထောင်ရွာမထေရ်သူမြတ်ကို သာသနာတော် ၂၃၈၃–ခု၊ ဂေါဇာကလိယုဂ ၁၂၀၁–ခု၊ ဒုတိယကတ္တိ ကမာသ ဇုဏှပက္ခ ၁၅–ရက်နေ့ သဃ်ရာဇာအဖြစ်ဖြင့် အပ်တော်မူ၍ သာသနာတော်ကို ချီးမြှင့်ပြုစုတော်မူသည်။

ထိုသရော်ခါ သာသနာတော်သည် မွန်းထည့်သောအခါ နေကဲ့သို့အလွန်လျှင်ပွင့်လင်းစွာ၍ အဝှန်းအဝါကြီးမားလေရကား သီဟိုဠ်ကျွန်းမှ အရှင်ပညာတိဿမထေရ်၊ အရှင်သုနန္ဒမထေရ်၊ သာမဏေသရဏပါလ၊ သီတင်းသည်တစ်ယောက်၊ သူငယ်တစ်ယောက်တို့သည် သီဟိုဠ်ကျွန်း၌ရှိသော မဟာစေတီတော်ပုံ၊ သီဟိုဠ်ကျွန်းစက်တော်ရာပုံစသော စေတီတော်ပုံများကို စက္ကူတွင် ရွှေမင်နှင့်ရေးသား၍ များစွာသောဓမ္မပဏ္ဏာကာရတို့ကို ယူဆောင်ခဲ့ပြီးလျှင် သဃ်ရာဇာအားဆက်သ၍ ဆုံးမဩဝါဒခံလာကုန်သည်။ သိက္ခာအသစ်ထပ်ယူကြကုန်သည် သရဏပါလ သာမဏေကိုလည်း ဥတ္တိစတုတ္ထဥပသမ္ပဒကံဖြင့် ချီးမြှင့်တော်မူသည်။

အယုဒ္ဓယတိုင်း ဒွါရာဝတီပြည်ကလည်း အရှင်ဓမ္မချွတ်မထေရ်၊ အရှင်ကေသွန်မထေရ်၊ အရှင်ကြဲတချွတ်မထေရ်တို့သည် သဃ်ရာဇာ၏အထံ အဆုံးအမ ဩဝါဒခံယူ၍ ဉတ္တိစတုတ္ထကမ္မဝါစာ သိက္ခာထပ်ယူလာကြကုန်သည်။

ဤသို့လျှင်တည်း အတိုင်းတိုင်း အပြည်ပြည်၌နေကုန်သော ရဟန်းတို့၏ မိုခိရာ သာသနာတော်မြတ်ကို ချီးမြှင့်ပြုစွမ်းနိုင်သော ပညာဝီရိယရှိတော်မူသော

မင်းတရားကြီးသည် သာသနာတော် ၂၃၈၅–ခုနှစ် ဂေါဇာကလိယုဂ ၁၂၀၃–ခုနှစ် ဘဒြမာသကာလပက္ခအထွက် ၇–ရက် တနင်္လာနေ့ သိကြားမင်း၏နေရာ တာဝတိံသာနတ်မြို့နှင့်တူသော ရောမြစ်ကွေး မန္တလေးရွှေတောင်၊ ရန်အောင်ဌာန အမရပူရ ရာဇဌာနီမင်းနေပြည်တော်ကြီးမှ သိကြားမင်း၏ပရိသတ်၊ ဗြဟ္မာမင်း၏ ပရိသတ်၊ သိကြားမင်း၏တင့်တယ်စမ္ပာယ်ခြင်း ဗြဟ္မာမင်း၏တင့်တယ်စမ္ပာယ်ခြင်း နှင့်တူသော သားတော်မြေးတော် ဆွေတော်မျိုးတော် မောင်းမမိဿံ အဂ္ဂမဟာသေ နာပတိပြည်ကြီးစွယ်သွား မှူးများမတ်ရာ ဗိုလ်ပါရဲမက်အပေါင်းတည်းဟူသော ရာဇ ပရိသတ်တို့ဖြင့် တင့်တယ်စမ္ပာယ်လျှက် ဝေဇယန္တာနန်းပြာသာဒ်နှင့်တူသော ရတနာ ပြာသာဒ် ပြည်ကြီးမွန်ဖောင်တော်ကို စီးတော်မူ၍ ထီးဖြူကနက်စသော မင်းခမ်း မင်းနားတို့ဖြင့် အစုံကျင်းပလျှက် အရံရွှေတော် ရွှေလှေလှော်ကား လက်သင်ရွှေ လောင်းကူရှပ် သမ္မာန်သက္ကတန် ရဲလှေ ကုလားလွန်းကျင် ဖလာခပင်သားရဲ လှေ စသော အသိန်းမကများစွာသော ဆင်လုံးမြင်းရင်း ဗိုလ်ပါအများ ကြည်းတပ်ရေတပ် တို့နှင့် ရောဝတီမြစ်အလုံးကို နောက်ကျူစေဘနန်းမျှ ချောက်ချားစေလျှက် ပွဲတင် ထပ်သောတူရိယာသံ စည်ဖောင်းသံတို့ဖြင့် မည်ံမစဲ သဲသဲရုတ်ရုတ် အုတ်အော ကြော်ငြာ၍ နတ်သဘင်နှင့်တူစွာ သဘင်စုံခံလျှက် ထွက်စံတော်မူသည်။

ထိုအခါ သီရိဓမ္မသောကမင်းကြီးသည် မဟာဗောဓိကို အဖူးအမြော်ထွက် တော်မူရာ ရဟန်းသံဃာတော်အပေါင်းကို ပင့်ဆောင်သကဲ့သို့ သယ်ရာဇာ မထေရ်နှင့် တံဆိပ်တော်ရ ဆရာတော်သံဃာတော်တို့ကို ပင့်ဆောင်တော်မူ၍ ဆရာတော်သံဃာတော်တို့ ကြွတော်မူကြကုန်သည်။

သက္ကရာဇ် ၁၂၀၃–ခု၊ အဿယုဇ္ဇမာသကာလပက္ခအထွက် ၁၃–ရက် အင်္ဂါနေ့ ရာမညတိုင်း တိဂုံမြို့သို့ရောက်၍ တိဂုမ္ဘစေတီတော်၏ တောင်အနောက် အရပ်ကိုစဉ်းငယ်မှီသော အသိတဉ္ဇန,ပေါက္ခရဝတီမြို့၏အတွင်းဖြစ်သော အောင်မြေ မင်္ဂလာရာဇာရဟာဌာနမြေအရပ်တွင် သိကြားမင်း၏ ဝေဇယန္တာနန်းပြာသာဒ်နှင့်တူစွာ နတ်ဗိသုကာဝိသုကံသည် ဖန်းဆင်းအပ်သကဲ့သို့ ကောင်းမွန်ဆန်းကြယ်စွာ တန် ဆာဆင်ထားလင့်သော ရွှေနန်းတော်သို့ ၁၄–ရက်နေ့ တက်သိမ်းစမ္ပာယ်တော်မူပြီး လျှင် သဗ္ဗညုဘုရားသခင်သည် သတ္တမသတ္တာဟ ဘုရားဖြစ်တော်မူစ ပဌမဗောဓိ ကပင် ဆံတော်ဓာတ်ရှင်ကို ဌာပနာပူဇော်ရာ ကေသဓာတုစေတီတော်မြတ်၏အနီး ဖြစ်သော သိကြားမင်းသည် ရှိင်းပင်းညီညာ၍ ဖန်ဆင်းရာဖြစ်သော ဥက္ကလာပဇနေ ပုဒ် အသိတဉ္ဇန,ပေါက္ခရဝတီနှစ်မည်ရသောမြို့သည် အလောင်းအလျာ စကြာ

မန္တာတ်တို့ မဖြစ်ထွန်းမီ တောခြုံအတိဖုံးလွှမ်း၍ နတ်ဘီလူးတို့ သိမ်းဆည်း စောင့်ရှောက်ရာဖြစ်သော ရာဇဂြိုဟ်ပြည်ကြီးကဲ့သို့ တောခြုံအတိဖုံးလွှမ်း၍ နတ်ဘီလူးတို့ သိမ်းဆည်းရာ ဖြစ်သည်ကို ရှင်းလင်း သုတ်သင်တည်ထွင် သန့်ပြန့်စေ၍ မြို့နန်းဖန်ဆင်းသဖြင့် စံနေတော်မူလျှက် တိဂုမ္ဘစေတီတော်မြတ်ကို ကျပ်ချိန်သုံးထောင် နှစ်ရာ ရွှေစင်သိင်္ဂနိက်ကို ပုစွန်ခွံခပ်၍ လုံးတော်ပြည့်မွမ်းမံတော်မူသည်။ ခေါင်းလောင်းတော်ကြီး ကြေးပိဿာအချိန် နှစ်သောင်းငါးထောင် အဝငါးတောင် တစ်မိုက်၊ အရပ် ခြောက်တောင်တစ်မိုက်၊ ခြသေ့ရုပ် ပုစွန်ထုပ်ပေါင်းကိုင်းနှင့်တကွ အရပ်ကိုးတောင် နှစ်မိုက် သွန်းလုပ်တော်မူ၍ အရှေ့မြောက်ထောင့် သေံအရပ်က သဒ္ဒဒါန လှူဒါန်း ပူဇော်တော်မူသည်။

ထိုကာရော်အခါ ဘုရားရှင်၏အရံစောင့်ခွာသားတို့ကို သဃ်ရာဇာမဟာထေရ်မြတ်က ရှေ့မျက်နှာက ဓမ္မရက္ခနှင့် လူပေါင်းသုံးကျိပ်ကိုး၊ တောင်မျက်နှာက ဒေဝရက္ခနှင့် လူပေါင်းသုံးကျိပ်လေး၊ အနောက်မျက်နှာက သီဟရက္ခနှင့် လူပေါင်းသုံးကျိပ်လေး၊ မြောက်မျက်နှာက ခေရက္ခနှင့် လူပေါင်းသုံးကျိပ်လေး လူတို့ကို စေတီတော်အစောင့်အရှောက် ပေါင်းမြက်သစ်ပင်သုတ်သင်ရှင်းလင်းရန် စီမံအပ်ထားတော်မူသည်။ ဘောဂရက္ခနှင့် လူပေါင်းတစ်ကျိပ်တစ်ယောက်ကို စေတီတော်၏ ပရိဘောဂတိုက်တွင် အစောင့်အရှောက်ထားတော်မူသည်။ စမုရက္ခကို လေးမျက်နှာသားတို့၏ အလုပ်အဆောင်ကို ကြပ်မတ်ကြည့်ရှုရန် ထားတော်မူသည်။ ပုညာဖေယျကို ငြမ်းအမှုတွင် အကြီးထားတော်မူသည်။ အရံစောင့်ခွာသားတို့၏ စေတီတော်အမှုပြုရာ၌ တိဂုံမြို့က မာန်အောင်ဂိုဏ်း၊ တိုက်ကျောင်းဂိုဏ်းသဃ်ာတို့ကို အကြပ်အမ အကြည့်အရှုအပ်တော်မူသည်။

ထိုအခါ တိဂုမ္ဘစေတီတော်၏မြောက်အရပ်မျက်နှာတို့ဝယ် စဉ်းငယ်အနောက်သို့မှီသောအရပ်တွင် သီဟိုဠ်ဒက္ခိဏာသာခါ မဟာဗောဓိရှိကြောင်းကို အဆင့်စကားကြားသိရ၍ သဃ်ာတော်တို့နှင့် သဃ်ရာဇာမဟာထေရ်မြတ်သည် လှည့်လည်ရှာဖွေလတ်သော်–

တောခြုံမြက်နွယ် ကိုင်းစက်စယ်စေးပျစ်တို့သည် ဖုံးလွှမ်းသည်ဖြစ်၍ အုတ်အကျည်ပလ္လင်တို့သည် မထင်မမြင်နိုင် ပင်စည်ခက်မတို့ကိုသာ ထင်မြင်ကြ၍ တည်ထွင် သုတ်သင်လျှင် ပလ္လင်အကျည်တို့သည် ကြီးကျယ်စွာထင်မြင်ရ၍ လုပရှင်းလင်းအောင် သုတ်သင်ပြီးလျှင် ဤအရပ်ကား ဗောဓိယင်္ဂဏဝတ်ကိုပြု လျှက် သမထဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ အင်္ဂါငါးပါးနှင့်ပြည့်စုံသဖြင့် တင့်အပ်လျောက်ပတ်သောအရပ်ဒေသဖြစ်၍ မတိမ်မြုပ်လေစကောင်း၊ ရှေးသူတော်ကောင်း

တို့ကိန်းအောင်းမှီတင်းရာ ဌာနဖြစ်မည်ရည်ရော်မှတ်သား၍ ခဏ္ဍသိမ်သမိုက်ရာ ဝိသုံဂါမမြေကို ရှာမှီးစူးစမ်းလျှင် ဗောဓိပင်၏အရှေ့မြောက်တွင် ကုန်းခင်းတစ်ခုကို တွေ့၍ သင်္ဃရာဇာမထေရ်က ခဏ္ဍသိမ်သမိုက်ခြင်းအခွင့်ကို မင်းတရားကြီးအား သိစေလျှင် သီလအကျင့်နှင့်ပြည့်စုံသော သိရီပဝရတိလောကမဟာရတနာပဒုမာ ဒေဝီအမည်ရှိသော တောင်ညာမိဖုရားခေါင်ကြီး၏သမီးတော်ဖြစ်သော သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပနှင့်ပြည့်စုံသော ထုံးဟောင်းရာဇဝင် ဗေဒင်ကျမ်းဂန် တို့၌ အလွန်လျှင် တတ်ပွန်လိမ္မာစွာသော "သိရိပဝရတိလောကရတနာမင်္ဂလာ ဒေဝီ" အမည်ရှိသော သမီးတော်သည် ကပ်ဦးသူတို့ဆုယူတောင့်တ၍ နေလကို မျှော်ခေါ် ရင်းရှိသည်နှင့်အညီ သင်္ဃရာဇာမဟာထေရ်၏ သိမသမ္မုတိကံကိုပြုရာ ညီညာရိုင်း ပင်းမည်ကြံစည်အောက်မေ့၍ မယ်တော်ခမည်းတော်ထံ ပန်ထွာဆုယူ၍ သိမသမ္မုတိ ကံကိုပြုရာ ရမ္မာဂီရိတောင်ထိပ်မြေအပြင်ကို သုတ်သင်ရှင်းလင်း စေမည်ရှိရာ သင်္ဃရာဇာမဟာထေရ်နှင့် တံဆိပ်တော်ရမထေရ်တို့က မသုတ်သင်မီ လက်မွန်မဆွ ပဌမရှေးဦးစွာ အပရိဟာနိယဝတ်ကို မချွတ်ပြည့်စုံစေခြင်းငှာ ပရိတ်မေတ္တာ ဗလိနတ်စာပေး၍ တောင်စောင့်နတ်၊ စတုလောကပါလနတ်စသော သမ္မာဒေဝနတ်တို့အား ပတ္တိဒါနကုသိုလ်ကိုမျှဝေလျက် မေတ္တာတရားကိုပွားဆင့်ပို့သ တော်မူကြကုန်သည်။ သင်္ဃာတော်တို့သည် မေတ္တာတရားပွားပြီးဆုံး၌ မင်းကြီးမဟာ သက်တော်ရှည် မင်းကျော်သီဟမင်းထင်တို့ လူပေါင်းသုံးရာကျော်နှင့် စေးပျစ်စုံမြိုင် ဂနိုင် ပိတ်ပေါင်း နွာမောင်းယှက်ရုံ တောခြုံသစ်ပင်တို့ကို ကျင်းကျင်းစင်အောင် ခုတ်ထွင် သန့်ရှင်းပြီးလတ်၍ စရည်းပင်ရောက်ရာ ဝေဘာရတောင်ဝှမ်း၌ ရဟန္တာ သခင်တို့၏ ပဌမသံဂါယနာတင်ရာ အဇာတသတ်မင်းသည် ဖန်ဆင်းအပ်သော မဟာမင်္ဂလာ မဏ္ဍပ်နှင့်တူစွာ မဟာမင်္ဂလာမဏ္ဍပ်ကိုဖန်ဆင်းပြီးလျှင် သင်္ဃရာဇာ မဟာထေရ်အမှူးရှိသော "ဝိစာရိန္ဒာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု"၊ "ဇမ္ဗူဒီပဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု"၊ "ဝိဇယာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"အရှင် နန္ဒမဉ္ဇူဝိနည်းမိုရ် ငါးပါးတို့သည် သာသနာတော်၏စည်ပင်ပွားစီးကြီးမြတ်စေခြင်း အကျိုးငှာလည်းကောင်း၊ ဥပသမ္ပဒအစရှိသော ဝိနည်းကံကိုပြုရာဌာနဖြစ်သော ခဏ္ဍသိမ်ကို သမိုက်ခြင်းငှာအလိုရှိကုန်သော လဇ္ဇီပေသလ ဗဟုသုတသိက္ခာ ကာမ ရဟန်းကောင်းတို့၏ ပညာသတိဝီရိယကိုဖြစ်စေခြင်းငှာလည်းကောင်း၊ သိမ သမုတိကံကို အားထုတ်ကြလိုရကား တဆဲ့တစ်ပါးသော ဝိပတ္တိတို့တွင် တစ်ပါး ပါးနှင့် ယှဉ်ခဲ့လျှင်မူလည်းကောင်း၊ သုံးပါးသောသမ္ပတ္တိတို့တွင် တစ်ပါးပါးနှင့်

မယှဉ်ခဲ့လျှင်မူလည်းကောင်း၊ သီမသမ္မုတိကံသည် သမ္ပတ္တိသို့မရောက် ဖောက်ပြန် ချွတ်ယွင်း လေဘိရကား အတိခုဒ္ဒက အတိမဟာတိစသော တဆဲ့တပါးသော ဝိပ္ပတ္တိကိုလွန်၍ နိမိတ်၏ပြည့်စုံခြင်း၊ ပရိသတ်၏ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်း တည်းဟူသော သမ္ပတ္တိသုံးပါး တို့တွင် ပရိသတ်သမ္ပတ္တိကိုပြည့်စုံစေခြင်းငှာ ဂါမ နိဂမ နဂရတို့၏အပိုင်းအခြားသည် ဂါမသိမ်ဖြစ်ရကား ရဟန်းတို့သည် အပလော ကနစသောလေးပါးသောကံတို့ကို ဗဒ္ဓသိမ်ကဲ့သို့ ကံပြုခြင်းငှာ အပ်ရာ သတည်း။

ထိုကံပြုခြင်းငှာအပ်သော ဂါမသိမ်အရပ်၌ သဟာဗဒ္ဓသိမ်သမိုက်အပ် သတည်း။ အပလောကန-စသောကံပြုခြင်းငှာမတတ်ရာသော ဥပစာရသိမ် လာဘ သိမ်စသည်တို့ကို စောင့်ရှောက်၍ ဗဒ္ဓသိမ်သမိုက်ထိုက်လေရကား အရှေ့ အနောက် တောင်မြောက် မယုတ်မလွန် အမျှစီရစ်တာမြေအရပ်ကို ဝိသုံဂါမ မူကြလို၍ သတ်မှတ်ပိုင်းခြားပြီးလျှင် အနီး၌ဗဒ္ဓသိမ်ရှိလျှင်မူကား မြေ၏အတွင်း၌ မထင်ကုန်လျှက်ပဲ သစ်မြစ်တို့၏ရောယှက်ကူးသန်းခြင်း သည်လည်း သီမသင်္ကရ ဒေါသရောက် ၏ဟူသော ကေစိဝါဒကိုပယ်နစ်စေလျှက် မြေပေါ်၌ထင်ရှားသော သီမသင်္ကရဒေါသ ရောက်ကောင်းသော အမြစ်ပင်စည် ခက်မသစ်ပင် ခြုံနွယ် တို့ကိုပယ်ခွာပြီးလျှင် "အယံပိ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ"ဟူသော အဋ္ဌကထာ "သာ စ ရာဇိစ္ဆာဝသေန ပရိဝတ္တိတွာ သမုပ္ပန္န အဘိနဝါ" ဟူသာဝိနည်း ဋီကာ "ဂါမပရိစ္ဆေဒေါတိ သဗ္ဗသီမာသု သမ္မာ ပရိစ္ဆိန္ဒိတွာ တ္တမဿ ပဒေသဿ တွေကော ကရောတိ ဇဝံ ကရေန နိယမိတော ဂါမ ပဒေသော"ဟူသော ဝိနိစ္ဆယ ဋီကာဝါဒတို့နှင့်မညီသော ကေစိဆရာတို့၏ အယူဖြစ် သော ငါတို့သည် သိမ်ကို ဘွဲ့ခြင်းငှာ အလိုရှိကုန်သည်ဖြစ်၍ ဤမျှလောက်သော မြေအပိုင်းအခြားသည် ဝိသုံဂါမဖြစ်ပစေသတည်းဟု ရေမြေသေဌ်နှင်းမင်း တို့အထံ၌ ပန်ကြားလျှင် မင်းတို့က အခွင့်ပြုကာမျှတည်းဖြစ် ဝိသုံဂါမဖြစ်၏-ဟူသော ဖောက်ပြန်သောဝါဒကို နစ်စေ၍လည်းကောင်း၊ "ပဒေသဿ တွေကော ကရောတိ"ဟူသော ဝိနိစ္ဆယဋီကာ၊ "ရာဇာ ကဿစိ ဒေတိ"-ဟူသော အဋ္ဌ ကထာပါဒတို့နှင့်အညီသော အဆြေဆရာတို့၏အယူဖြစ်သော သိမ်သမိုက်လို သောအရပ်ကို မင်းသည် တစုံတယောက်သော သူအား မြေစားပေးလျှင် ထိုမြေကို စားသောသူသည် မြေခွန်မြေဆီကိုရမှသာလျှင် ဝိသုံဂါမဖြစ်၏။

မရမီရှေးအဘို့၌ ဝိသုံဂါမမဖြစ်ဟူသော အဆြေဝါဒကို နစ်စေ၍လည်း ကောင်း၊ "သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ"အမည်ရှိသော မင်းတရား

ကြီး၏သမီးတော်ကို ကမွဲးအက္ခရာတကြောင်းစာမှတ်တင်လျှက် ဝိသုံဂါမမြေစား ယူစေပြီးလျှင် ဖန်ဆင်းအပ်ပြီးသော မဟာမင်္ဂလာမဏ္ဍပ်၏ အတွင်းအတောင် လေးဆယ်တမိုဂ်၌ လေးသစ်စတုရန်တသင်း ပန္နက်မှတ်သားပြီးလျှင် မြတ်စွာဘုရား ထင်ရှားရှိတော်မူသောကာလမှစ၍ ယနေ့ထက်တိုင် အရေအတွက်ကိုလွန်ကုန်၍ ပဋိသမ္ဘိဒါပတ္တခီဏာသဝအရိယာသီလဝန် လဇ္ဇီပေသလ သိက္ခာကာမ ဗဟုသုတ ရဟန်းတို့သည် ဥပသမ္ပဒအစရှိသောကံကိုပြုခြင်းငှာ ထိုထိုအရပ်ဒေသတို့၌ ခဏ္ဍသိမ် သမိုက်သဖြင့် မြင့်ကာလခေါင် ယခုတိုင်အောင် သာသနာတော်အစဉ် အလျဉ် မပြတ်ရှိ၍ သိနိုင်ခဲသော ခဏ္ဍသိမ်ရှိလေရကား ယုံမှားသံသယကို ပယ်ဖျောက် ခြင်းငှာ သိမသမ္မုဟနကံကိုပြုလို၍ သိမန္တရစ်နှင့်တကွ မြေအရပ်ကို ကြေးမုံပြင်စည် မျက်နှာကဲ့သို့ ညီညွတ်စွာဖန်ဆင်း၍ ယုတ်စွအဆုံးရှစ်ထွာ ကြီးစွအဆုံး ဆယ်ထွာ အလတ်အားဖြင့်ကိုးထွာ အလျားအနံကား အလျား၏ ထက်ဝက်စီရင်အပ်သော ညောင်စောင်းပမာဏကိုပြု အပ်ရာသည်နှင့်အညီ အလတ်ဖြစ်သော အလျားကိုးထွာ အနံလေးထွာခြောက်သစ် ပမာဏအရပ်ကို မြေဖြူမြေနီဝိသဘာဂ အဆင်းဖြင့် ရေးသားပိုင်းခြား၍ သမိုတ်လတ့်သော ခဏ္ဍသိမ်၏ထက်ဝန်းကျင်အပ၌ သိမန္တရိက ဌာနကို နှစ်ထွာလည်းကောင်း၊ တစ်ထွာလည်းကောင်း၊ လက်လေးသစ်လည်းကောင်း ထားအပ်သော်လည်း ဂရုကမ္မသို့လိုက်၍ စတုဝဂ်သင်္ဃာတို့သည် စည်းဝေးရာလောက်ခြင်း အလတ်ဖြစ် သော ညောင်စောင်းရာပမာဏ၌ ဝိသဘာဂအဆင်းဖြင့် ရေးသားပိုင်းခြားကုန်သည်။

သိမသမုဟနကံ၏ပုဗ္ဗကိစ္စပရိကံ ပြီးပြီးလတ်သော် ဝိသုံဂါမမြေအရပ်၏ ထက်ဝန်းကျင် လုံခြုံစွာစောင့်ရှောက်သိမ်းဆည်း၍ ဤသိမသမုတိကံ၏ စတုဝဂ် သင်္ဃာသည် ပြုအပ်လေသောကြောင့် ရတနာပူရသီရိသုဓမ္မရာဇာဓိပတိမင်း၏ သိမ်တော်သမိုက်ရာ သီဟိုဠ်ရောက် အရှင်သဒ္ဓမ္မကိတ္တိမထေရ်သည် လဇ္ဇီပေသလ သိက္ခာကာမသီလဝိသုဒ္ဓိပုဂ္ဂိုလ်ကိုရွေးချယ်၍ ကိုယ်နှင့်တကွ လေးယောက်မြောက် သံဃာတော်တို့သည် သိမသမုတိ ကံကိုပြုဘူးကုန်သော ဆရာမြတ်တို့၏ ပဝေဏီ နည်းဥပဒေရှိသော်လည်း ပကတတ်ရဟန်း၏အဖြစ်ကိုသိနိုင်ခဲယဉ်းသည်၏အဖြစ် လဇ္ဇီပေသလသိက္ခာကာမ ပုဂ္ဂိုလ်တို့ကိုရနိုင်ခဲသည်၏အဖြစ်တည်းဟူသော ဒေါသ ကြောင့် ငါးယောက်ခြောက် ယောက်သောရဟန်းတို့သည် သိမသမူဟန သိမ သမုတိကံကိုမူအပ်သတည်းဟူသော ဝိနည်းဋီကာကိုလည်းကောင်း၊ အချင်းချင်း ဝိဝါဒဂရဟာမူမရန်ကုန်သော တစ်ကျိပ်လေးယောက်သောရဟန်းတို့သည် ဓမ္မစေတီ

မင်း၏ ကလျာဏီသိမ်ကိုသမိုက်သော ထုံးပဝေဿဏီကိုလည်းကောင်း အမှီသဟဲပြုသဖြင့် အချင်းချင်းနှစ်သက်ကြကုန်သော လဇ္ဇီပေသလသိက္ခာကာမ ပကတတ္တ၏ အဖြစ်၌ယုံကြည်ကြကုန်သော သံဃရာဇာမဟာထေရ်အမှူးရှိကုန်သော လေးကျိပ်ခုနစ်ပါးသောမထေရ်တို့သည် ခဏ္ဍသိမ်သမိုက်လတ့်သော ဌာန၏ပြင်ပထက်ဝန်းကျင် ခဲတကျဥ်ပစာရအရပ်ကို နုတ်သိမ်းရာသတည်းဟူသော ဝိနည်းဋီကာဝါဒသည် မဟာသိမ်ကိုရည်လေသည် ဟုနှလုံးပြု၍ ပြင်ပထက်ဝန်းကျင်က တစ်ညောင်စောင်းရာ နှစ်ညောင်စောင်းရာ နုတ်သိမ်းလျှင် သင့်မြတ်၏ဟူသော အာစရိယပရမ္ပရ အာစရိယလဒ္ဓါပဒေသကိုလည်းကောင်း၊

ကလျာဏီသိမ်ကို သမိုက်ကုန်သော သံဃာတော်တို့သည် ထက်ဝန်းကျင် ငါးတောင်ပမာဏအရပ်၌ နုတ်သိမ်းဘူးသောထုံးကိုလည်းကောင်း အစဥ်မှီးသဖြင့် သီမာယ သီမသမ္ဘေဒဒေါသ၊ သီမာယသီမအဇ္ဈောတ္ထရဏဒေါသ၊ သီမသင်္ကရဒေါသတည်းဟူသော သုံးပါးသောအဖြစ်မှလွတ်စေခြင်းငှာ သမိုက်လတ့်သော သိမ်၏ထက်ဝန်းကျင် ဝိသုံဂါမမြေကုန်အောင် ခုနစ်တောင်ထွာအရပ်နှင့်တကွ သီမန္တရိကဌာန ခဏ္ဍသီမဌာနကို ဌာန်ကရိဏ်းပြည့်စုံစွာဖတ်ရွက်နုတ်သိမ်းကြသဖြင့် သက္ကရာဇ် ၁၂၀၃-ခု၊ မိဂသီရမာသကာလပက္ခအထွက် တဆယ့်တရက် ဗုဒ္ဓဟူးနေ့တွင် စမူ၍ ၃-ရက်တိုင် သီမသမူဟနကံကို ရှိသေစွာပြုကြကုန်သည်။

လေးရက်နေ့ရောက်လတ်သောအခါ ယုတ်သောအပိုင်းအခြားအားဖြင့် သုံးကြိမ် ထိုထက်စွမ်းနိုင်ဘိမူကား ခုနစ်ကြိမ် သီမသမူဟနကံကိုမူအပ်သည်နှင့်အညီ ဝိနည်းမိုရ်ငါးပါးနှင့် သံဃာတော်တို့သည် အကြိမ်ကြိမ်နုတ်သိမ်းပြီးရာအရပ်ကို တံဆိပ်တော်ရမထေရ် တစ်ကျိပ်လေးပါးနှင့် မြန်မာသံဃာတော်မွန်သံဃာတော် အရေအတွက်အားဖြင့် တစ်ရာခြောက်ပါးသော သံဃာတော်တို့သည် ဝါဒတူဖြစ်သော နိမိတ်တို့၏အကြား၌ ကြိုးတမျဉ်းထားပြီးလျှင် ကြိုးတမျဉ်း၏အောက်၌ ခြေကိုသွင်း၍ စဉ်းငယ်အပမြေအရပ်ကိုနင်းပြီးမှ သမူဟနကံပြုအပ်၏ဟူသော ကေစိဝါဒ၊ ဖဝါးရာချင်းစပ်သည်ကိုပြု၍ နုတ်သိမ်းအပ်၏ဟူသော မဟာရက္ခမူလိကမထေရ်စသော ကေစိဆရာတို့၏အယူဝါဒကိုပယ်၍ ညောင်စောင်းရာပမာဏချမှတ်ရေးသားထားအပ်ပြီးသော ဌာနတွင် သမကင်းသော ဟတ္ထပါသ်ရှိကြကုန်သဖြင့် သီမန္တရိကဌာနကမှစ၍ သမိုက်လတ့်သော ခဏ္ဍသိမ်အရပ်ကို ဌာန်ကရိဏ်းပြည့်စုံစွာ သီမသမူဟနဥတ္တိ ဒုတိယကံကို သမုတ်တော်မူကြကုန်သည်။

ဆိုအပ်ပြီးသော အစီအရင်ဖြင့် သီမသမုဟနကံသည် မဟာမင်္ဂလာမဏ္ဍပ်၏အတွင်းတွင် မြေပြင်သာယာစည်မျက်နှာကြေးမုံပြင်ကဲ့သို့ စီရင်ပိုင်းခြားရေးသားရာမြေအပြင်ဝယ် ရသေ့ရဟန်းတို့သည် နည်းဥပဒေသက်သေအတန္တုပြု၍ အတုကျင့်အပ်သော တောသစ်နက်သတ္တဝါသည် ညဥ့်အခါလက်ယာရစ်လှည့်ပတ်၍ မဏ္ဍပ်အတွင်း၌ နှစ်ကြိမ်တိုင်တိုင် မြူးထူးကစားခြင်းတည်းဟူသော ကောင်းမြတ်သော တိတ်နိမိတ်တို့ကိုထင်မြင်လျှက် မငြိုမငြင်သဖြင့် စင်ကြယ်စွာပြီးလတ်သော် မင်းကြီးမဟာသက်တော်ရှည်မင်းကျော် သီဟမင်းထင်၊ နေမျိုးရာဇကျော်ထင်၊ နေမျိုးသီရိကျော်ထင်တို့ကြပ်မလျှက် မြန်မာအတီးအကယွန်းအတီးအကစသော သဘင်စုံထက်ဝန်းကျင် ကျင်းပလျှက် မီးပေါက်သေနတ်ထပ်မျှခင်းထားလတ်ပြီးသော် သဃ်ရာဇာမဟာထေရ်မြတ်သည် ခဏ္ဍသိမ်နိမိတ္တ၊ ဆာယာနိမိတ္တ၊ အနိမိတ္တတည်းဟူသော သုံးပါးသောဝိပ္ပတ္တိဒေါသမှ လွတ်စေခြင်းငှာ မဆွလက်ဦးစွာ အရှေ့အရပ်မှစ၍ လက်ယာရစ်လှည့်ပတ်လျှက် ဥဒကနိမိတ္တကိတ္တနအမှုကိုပြုတော်မူသည်။ သို့ချည်းနှင်နှင် “မေဓာလင်္ကာရသီရိဓဇမဟာဓမ္မရာဇဓိရာဇဂုရု”၊ “ပညာသာမိ အဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု”ဝိနည်းဓိုရ်မထေရ်တို့ ဒုတိယတတိယအကြိမ် နိမိတ္တကိတ္တနအမှုကို ပြုကြကုန်သည်။

ပြီးပြီးသောနိမိတ်ကြားခြင်းရှိလတ်သော် ဗဟိသီမဒ္ဒဋ္ဌိတာသမ္မတဝိပ္ပတ္တိဒေါသမှလွတ်စေခြင်းငှာ ဆရာတော်သံဃာတော်တို့သည် မကောင်းသောဟတ္ထပါသ်ရှိသည်ဖြစ်၍ ခဏ္ဍသိမ်အတွင်း စည်းဝေးနေထိုင်ကြသဖြင့် တစ်ဆယ့်တပါးသောဝိပ္ပတ္တိမှလွတ်ကုန်သည်ဖြစ်၍ ဆီးနှင်းမြူတိမ် သူရိန်မီးခိုးတည်းဟူသော ငါးပါးသောညစ်ညူးခြင်းတို့မှကင်းလွတ်လျှက် တက်ထွန်းသောလဝန်းနေဝန်းကဲ့သို့ အလွန်ကောင်းစွာစင်ကြယ်ပြီးလတ်သော် အထူးထူးသောအယူရှိကုန်သော ဆရာတို့၏လည်းကောင်း အထူးထူးသောအရပ်၌နေကုန်သော ရဟန်းတို့၏လည်းကောင်း၊ အထူးထူးသောလူမျိုးတို့၏လည်းကောင်း၊ စိတ်ကိုနှစ်သက်စေခြင်း ဂရဟာဝိဝါဒမှကင်းလွတ်စေခြင်းအကျိုးငှာ ဝိနည်းဓိုရ်မထေရ်တို့သည် ရှေးပျက်သောကံကို တဖန်တည်စေခြင်း၊ မပျက်သောကံကို မြဲမြံစေခြင်းအကျိုးငှာ အကြိမ်ကြိမ်အတန်တန်ကမ္မဝါစာမူရာ၏ဟူသော အဋ္ဌကထာကိုလည်းကောင်း၊ ကလျာဏီသိမ်ကိုသမိုက်ရာ သီဟိုဠ်ဂိုဏ်းသံဃာတို့ ခုနှစ်ကြိမ်သမိုက်သောထုံးကိုလည်းကောင်း၊ ဟံသာဝတီဆင်ဖြူများရှင်သည် မဟာစေတီ၏ယင်ပြင်လေးမျက်နှာတွင် ခဏ္ဍသိမ်သမိုက်ရာ မွန်သံဃာမြန်မာသံဃာတို့ကို အကြိမ်ကြိမ်ဖတ်ရွတ်စေဘူးသောထုံးကိုလည်းကောင်း နှလုံးပိုက်

ကြသဖြင့် ရှေးဦးစွာ သံဃရာဇာမဟာထေရ် "ပရမဉာဏဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"၊ "မေဓာလင်္ကာရသီရိ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဝိနည်းဓိုရ်သုံးပါး ကရိုဏ်းပယတ်ဌာန်ဗျူဠနဗုဒ္ဓိတို့ကို မချွတ်မယွင်းစေပဲ ပဌမအကြိမ် "ပညာဇောတာဘိဓဇမဟာဓမ္မရာဇဓိရာဇဂုရု"၊ "ပညာသာမိအဘိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"၊ "ဉာဏဝဇိရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဝိနည်းဓိုရ်သုံးပါး၊ ဒုတိယအကြိမ် "ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"၊ "တေဇောနန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု"၊ "သုဓမ္မာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု" ဝိနည်းဓိုရ်သုံးပါး၊ တတိယအကြိမ် ဟံသာဝတီဂိုဏ်းအုပ်အရှင်ဥတ္တမသာမိ၊ ရွှေကျင်ဂိုဏ်းအုပ် ရှင်ဝရသာမိ၊ ဒလမြို့ရှင်ဇနိန္ဒ၊ မွန်ဝိနည်းဓိုရ်သုံးပါး၊ စတုတ္ထအကြိမ် "ကဝိန္ဒာဘိသီရိဓဇမဟာဓမ္မရာဇဂုရု"၊ အရှင်နန္ဒမဉ္ဇူမထေရ်၊ တိဂုံတောရ ရှင်ဇနိန္ဒာဘိ ဝိနည်းဓိုရ်သုံးပါး၊ ပဉ္စမအကြိမ် "ဝိစာရိန္ဒာဘိဝံသမဟာဓမ္မရာဇဂုရု"၊ ဇမ္ဗူဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ "ဝိစာရာလင်္ကာရမဟာဓမ္မရာဇဓိရာဇဂုရု" ဝိနည်းဓိုရ်သုံးပါး၊ ဆဋ္ဌမအကြိမ် မသံယုဂ်ကင်းစေလျက် နိဂ္ဂဟိတ်နှင့်"သံမတာ"၊ နိဂ္ဂဟိတ်ကင်း၍ မသံယုဂ်နှင့် "သမ္မတာ"၊ မသံယုဂ် နသံယုဂ်နှင့် "သမ္မန္တတာ"၊ မသံယုဂ်ကင်း၍ နိဂ္ဂဟိတ်နသံယုဂ်နှင့် "သံမန္တတာ"၊ မသံယုဂ်နသံယုဂ်ကင်း၍ နိဂ္ဂဟိတ်နှင့်"သံမနိတာ"၊ မုဒ္ဓဇဒုတိယက္ခရာဌနှင့် ,"ဌပေတွာ"၊ ဒန္တဇဒုတိယက္ခရာထဆင့်ထူးနှင့် "ထပေတွာ"၊ ဒန္တဇစတုတ္ထက္ခရာဓနှင့် "ဓပေတွာ"ဟူ၍ နည်းထူးနည်းပြားဖတ်ရွတ်ကြကုန်သည်။ ဤသို့လျှင်တည်း မြန်မာအဖတ်အရွတ် မွန်အဖတ်အရွတ် အကြိမ်ကြိမ်ဌာန်ကရိုဏ်း ပီပြင်စွာ ကမ္မဝါစာဖတ်ရွတ်၍ ပြုအပ်သောသိမသမ္မုတိကံသည် နှစ်သိန်းလေးသောင်းအထုရှိသောမြေကို ထုတ်ချင်းပေါက်လျှို၍ အောက်ရေကိုအဆုံးပြုတည်လေသလျှင်ကတည်း။

သဗ္ဗညုဘုရားသခင်၏ အာဏာစက်တော် ပိုင်းခြားရာခဏ္ဍာသိမ်သည် အတွင်းကား မြေ၊ အပကား ငွေ၊ ဘုံနေနတ်သား ဤသုံးပါးသော အင်္ဂါနှင့်ပြည့်စုံစွာသော လဝန်းဗိမာန်ကဲ့သို့လည်းကောင်း၊ ဖလ်ကားအပ ကနကအတွင်း အချင်းနတ်သားတည်းဟူသော အင်္ဂါသုံးပါးနှင့်ပြည့်စုံစွာသော နေဝန်းဗိမာန်ကဲ့သို့လည်းကောင်း၊ နိမိတ္တသမ္ပတ္တိ၊ ပရိသသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိဟုဆိုအပ်သော အင်္ဂါသုံးပါးနှင့်ပြည့်စုံစွာ၍ ထက်ဝန်းကျင်လင်းကဲတဖြာ အာကာသအလုံးသည် မျက်စဉ်းညိုအဆင်းနှင့်တူသော တိမ်တိုက်တို့သည် ဖုံးအုပ်သည်ဖြစ်၍ ဥတုလျောက်ပတ်ဆဲ ဆဋ္ဌကမ္မဝါစာဆုံးသည်နှင့်မရှေးမနှောင်း ဆောင်းအပ်သောထီးကို ပယ်ဘိသကဲ့သို့ စင်ကြယ်သော

ကောင်းကင်ရှိလျှက် တင့်တယ်စွာသော နေဝန်းသည် ထွန်းလင်းတောက်ပခြင်း အစွဲရှိယ အဘျုတမဓမ္မ၏ဖြစ်ခြင်းကြောင့် ထင်ရှားလျှက် ဓေဇ္ဇသေဌအတုလဖြစ်တော်မူသော ဘုရားသခင်၏သာသနာတော်မြင့်ရှည်စွာတည်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော သာသနာငါးထောင်ဆုံးလျှင်းအောင် အရေအတွက်ကိုလွန်ကုန်သော ရဟန်းကောင်းတို့၏ အပလောကနကံစသော ကံလေးပါးကိုပြုရာဖြစ်၍ဖြစ်သော ဤဗဒ္ဓသိမ်သည် ကောင်းမွန်စွာတည်လတ်သတည်း။

ဤသိမသမ္မုတိကံပြီးပြီးဆုံးရာ၌ ထက်ဝန်းကျင်မှ မီးပေါက်သေနတ်သံ အိမ်ရှင်စည်ကြီးသံ တူရိယာသံ ကောင်းချီးပေးသောအသံတို့သည် ပွဲတင်ထပ်မျှ ရှိလေကုန်သတည်း။ ဘုရားသခင်အာဏာတော်စက် သက်လတ်သဖြင့် မာရာရိဇယ သိမ်တော်တည်ပြီးဆဲ၌ သင်္ဃာရာဇာမဟာထေရ်အမှူးရှိသော တံဆိပ်တော်ရ မထေရ် သင်္ဃာတော်တို့သည် နောက်နောက်သောဇာတိကုလပုတ္တ အာစာရ ကုလပုတ္တတို့အား အကျိုးစီးပွားများစေခြင်းငှာ ပရိတ်မေတ္တာရွတ်ဖတ်သရဇ္ဈာယ်ကြ၍ ဟောမန္တဉတု တတိယပက္ခ စာတုဒ္ဒသီသုတ္တုဒ္ဒေသ သံဃဉပုသကံကို ကြိုပြုကြကုန်သည်။ ထိုကံ၏ အခြားမဲ့တွင် ဆရာဉပဇ္ဈာယ်တို့၏ပေးအပ်သောဩဝါဒကို ကျောက်ထီးကဲ့သို့ရှိသေ လေးမြတ်တတ်သော သင်ကြားအပ်ပြီးသော ပရိယတ်ရှိသော သာသနာတော်၏ ကျေးဇူးကြီးလတ့်သော ပြည့်ပြီးသောအနုစ်ရှိသော အာဒိစ္စသာမဏေသည် ဉပသမ္ပဒကံကို တောင်းပန်လာသဖြင့် ချီးမြှင့်တော် မူကြကုန်သည်။ ဤသို့လျှင်တည်း အပလောကနကံစသော လေးပါး၏ မရှေး မနှောင်း တပေါင်းတည်းပြည့်စုံရာ ဤမာရာရိဇယသိမ်တော်သည် သာသနာငါးထောင်ဆုံးသည်တိုင်အောင် နေဝန်းလဝန်းကဲ့သို့ ထွန်းပရစ်စေသော ဤသိမ် တော်၌ ကံပြုကြသဖြင့် မြင့်မြတ်တော်မူကုန်သော အမျိုးကောင်းသားတို့သည် လဇ္ဇီပေသလ သိက္ခာကာမ ဗဟုသုတဖြစ်၍ သာသနာ တော်၌ ထွန်းပကြစေသော် ဤငါတို့ပြုအပ်သော ကုသလသမ္ဘာဝါယာမ ကံအာနုဘော်ကြောင့် ရေမြေသေဌ်နင်း မင်းတရားကြီးသည် သက်တော်ရာကျော်ရှည်တော်မူလျှက် အသက်ကဲ့သို့ သာသနာတော်ကို စောင့်ရှောက်တော်မူစေသော် သုံးဘုံသားတို့သည် ငါတို့နှင့်အမျှ ရစေသော်ဟု ဆုတောင်းပတ္ထနာ ပြုတော်မူကုန်သတည်း။

(၁) ယသ္မာ သောဘာ ဒယာ ပညာ၊ နိသီမာတိ ဝိဇမ္ဘတိ။
ပရိပါလေတု သမ္ဘာ သော၊ တိခေတ္တေကော ဒိဝါကရော။

(၂) ယထာ သသီ နဘေ စန္ဒော၊ ကပ္ပဋ္ဌိတော သုပါကဋော။
တထေဝါယံ သုဘာ သီမာ၊ သောပကာရာ စိရံ ဋ္ဌိတာ။

(၃) ဣတော အပရိမေယျမှို၊ ဒီပင်္ကရဿ သန္တိကေ။
ပဏိဓာနံ ပဝတ္တေသိ၊ ဒယာယဖွိဋ္ဌမာနသော။
(၄) တတော ကောဏ္ဍညအာဒီနံ၊ လဒ္ဓဗျာကရဏော ဇိနော။
ပါရမီ စရိယာ စာဂေ၊ ပရိပူရိယ သဗ္ဗသော။
(၅) မဟာမာယာယ ကုစ္ဆိမှို၊ နိဗ္ဗတ္တိတွာန ပစ္ဆိမေ။
စက္ကဝတ္တိသိရိံ ဟိတွာ၊ ပဗ္ဗဇိတွာ နဒီတိရေ။
(၆) ဆဗ္ဗဿာနိ စရိတွာန၊ ဒုက္ကရစ္စရိယံ ဝနေ။
ဗောဓိမူလေ နိသိန္နော သော၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
(၇) အဇ္ဈိဋ္ဌော ဗြဟ္မုနာ ဗုဒ္ဓေါ၊ ရမ္မေ ဗာရာဏသီ ပုရေ။
ဓမ္မစက္ကံ ပဝတ္တေသိ၊ ပရိသာသု ဝိသာရဒေါ။
(၈) မာပယိတွာ ဓမ္မနာဝံ၊ ကတပုညံ မဟာဇနံ။
ဘဝဏ္ဏဝါ ပတာရေတိ၊ မဟာကာရုဏိကော ဇိနော။
(၉) ပဉ္စတာလီသဝဿာနိ၊ ဌတွာ လောကံ သဒေဝကံ။
သမ္မာပေတွာန နိဗ္ဗာနံ၊ နိဗ္ဗုတော ဥပဝတ္တနေ။
(၁၀) ပရိနိဗ္ဗာနတော တဿ၊ သလ္လာ ပသုဘာဝံ ယုဂေ။
တြိသုညစမ္ပနေရှမို၊ ကလိယုဂ္ဂေ သမာဂတေ။
(၁၁) ဘဒြမာသေ ကာလပက္ခေ၊ သတ္တမျံ စန္ဒဝါရတော။
ရဋ္ဌိန္ဒာနေကရာဇိန္ဒော၊ သန်သက်ာသသေတိဘော။
(၁၂) မာနိတော နရဒေဝေဟိ၊ သက္ကစ္စံ ရဋ္ဌကာရတော။
သဒ္ဓါဒိဂုဏသမ္ပန္နော၊ မာမကော ဗုဒ္ဓသာသနေ။
(၁၃) မဟာတာ အာနုဘာဝေန၊ ကရောန္တော ရဋ္ဌစာရိကံ။
ဥက္ကလာပဒေသံ ပတ္တော၊ မာပေတွာ နဝမန္ဒိရံ။
(၁၄) ရဋ္ဌာရက္ခံ ဒဠှံ ကာတုံ၊ နဂရဋ္ဌာနုမာပိယ။
ဇယာဘူရိပဗ္ဗာဇကံ၊ သမ္ပနိယ သသီရိကံ။
(၁၅) ပူဇိတံ နရဒေဝေဟိ၊ သဇီဝကေသစေတိယံ။
- ယာဝ ပါဒါ သုသောဏ္ဏေဟိ၊ သုလိမ္ပေတွာန သာဓုကံ။
(၁၆) ဒသသတသဟဿေဟိ၊ ဒွိဟိ ကံသေဟိ သိဒ္ဓိယ။
ပဉ္စသတသဟာသုတြ၊ မဟာဃဏ္ဍံ သုသောဘဏံ။

(၁၇) နရာနရာနုမောဒါယ၊ ဝိပ္ပသန္နေန ပူဇယိ။
တဒါ သော သင်္ဃရာဇဿ၊ အပ္ပေတိ ဗုဒ္ဓရက္ခိတော။
(၁၈) တေစ စေတျဿ သာမန္တာ၊ အနုရူပံ ဝိစာရယိ။
သင်္ဃရာဇာ မဟာပညော၊ ဗုဒ္ဓသာသနမာမကော။
(၁၉) တေသုစ ဗဟုသုတေကော၊ ဗောဓိရုက္ခဿ အတ္ထိတံ။
သွာစိက္ခိ သင်္ဃရာဇဿ၊ ဝေံ ဝုတ္တေ မဟာမတိ။
(၂၀) ပီတိယာ ဥဏ္ဏတက္ကာယော၊ သင်္ဃဝိစိနိ သဓ္ဓနော။
ဝိစိနန္တော တဒါ ဒက္ခိ၊ ဗုဒ္ဓသာသနပါလကော။
(၂၁) ရုက္ခဂုမ္ဘလတာဆန္နံ၊ ဗောဓိရုက္ခပလုဇ္ဇနံ။
သောဓာပေသိစုပါသကေ၊ သာမန္တာ ဗောဓိရုက္ခတော။
(၂၂) အာရာဇာ သတနစ္စေတျာ၊ ဘူမိဘာဂံ သုရမ္မကံ။
ကတွာ စ ဗောဓိသေနွေ၊ ရမ္မာဂီရိ သိလုစ္စယေ။
(၂၃) သဒ္ဓါဒိဂုဏသမ္ပန္နံ၊ သန္တိံ ဒန္တိံ ဝိစက္ခဏံ။
သဗ္ဗုပကရဏတမ္ဘံ၊ သုလဒ္ဓါ ရာဇဝီတရံ။
(၂၄) သီမံ သမ္မနိတွာရဘိ၊ သင်္ဃရာဇာ မဟာယသော။
နာနာပဒေသိယော သံဃော၊ သမာ သမ္မ နိသီမိမံ။
(၂၅) သဗ္ဗသမ္ပတ္တိသမ္ပန္နံ၊ သဗ္ဗဝိပ္ပတ္တိဝဇ္ဇိတံ။
သံဃရာဇံ ဓုရံ ကတွာ၊ တောသယန္တော ဝိစက္ခဏော။
(၂၆) ယထာယိဒံ နိဋ္ဌံ ပတ္တံ၊ အန္တရာယံ ဝိနာ တထာ။
ကလျာဏသဗ္ဗသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။
(၂၇) ပဟာယ အဂတိံ သဗ္ဗံ၊ ဓမ္မံယေဝ အနုဿယံ။
သာသနမ္ပိ စ လောကဥ္စ၊ ရာဇာ ရက္ခတု သဗ္ဗဒါတိ။

(၁) ယဿ–ယာဒိသဿ၊ အကြင်သို့သသူသော။ ဒိဝါကရဿ၊ မြတ်စွာဘုရားတည်းဟူသော နေမင်း၏။ သောဘာ၊ သမထလျှင် အဖော်ရှိသည်ဖြစ်၍တင့်တယ်စွာ။ ဒယာ၊ ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မဆက်ဆံကိုယ်တော်သန္တာန်၌သာဖြစ်သောမဟာကရုဏာတော်သည်လည်းကောင်း။ သောဘာ၊ စတုဝေသာရဇ္ဇ ဆအာသာဓာရဏ–စသော မနှိုင်းယှဉ်နိုင်သော ဂုဏ်တော်အပေါင်းတို့ဖြင့် တန်းဆာဆင်အပ်သည်ဖြစ်၍ တင့်တယ်စွာသော။ ပညာ၊ ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မဆက်ဆံသော သဗ္ဗညုတဉာဏ်တော်သည်လည်းကောင်း။ နိဿီမာ၊ တွက်၍အစ တွင်မျှအဆုံးဟု

တွက်ကျုံးပိုင်းခြားကင်းသည်ဖြစ်၍။ အတိဝိဇ္ဇာတိ၊ အလိုတော်အားလျော်စွာ အလွန် ကွန့်မြူးစမွယ်တော်မူ၏။ တိခေတ္တေကော၊ ဇာတိ အာဏာ ဝိသယာဟု သုံးဖြာသော ခေတ်၌ ပယ်လှစ်မိုက်မှောင် ခြည်တစ်ထောင်ဖြင့် ပြောင်ပြောင်ထွန်းလျှက် တုဘက် ကင်းမြောက် တစ်ယောက်တည်းသာ ဖြစ်တော်မူသော။ သောတာဒိသော၊ ထိုသို့ ဆိုအပ်ပြီးသော မဟာကရုဏာသဗ္ဗညုတဉာဏ်၏ တည်ရာဖြစ်တော်မူသော။ ဒိဝါကရော၊ မြတ်စွာဘုရားတည်းဟူသော နေမင်းသည်။ သမ္မာ၊ ကောင်းစွာ။ ပရိပါလေတု၊ လိုအပ်သောအရေးပြီး ကုန်စင်အောင်ထက်ဝန်းကျင် စောင့်ရှောက် မစတော်မူစေသော။

(၂) သသီ၊ လောင်းတော်ရွှေယုံစံပုံခပ်နှိပ် တံဆိပ်အရေးရှိသော။ စန္ဒော၊ လမင်း သည်။ နဘေ၊ ကောင်းကင်အပြင်၌။ သုပါကဋော၊ အလွန်လျှင်ထင်ရှားသည်ဖြစ်၍။ ကပ္ပဋ္ဌိတောယထာ၊ ကမ္ဘာပတ်လုံး မဆုံးမခြင်းတည်၏သို့။ တထေဝ၊ ထို့အတူသာ လျှင်။ သုဘာ၊ အလုံးစုံသော ဝိပ္ပတ္တိမှကင်းလျှက် အချင်းခပ်သိမ်းသော သမ္ပတ္တိနှင့် ပြည့်စုံသည်ဖြစ်၍ တင့်တယ်သော။ အယံသီမာ၊ ဤမာရာရိဇယနာမတံဆိပ်ဖြင့် ခပ်နှိပ်အပ်သော သိမ်တော်သည်။ သောပကာရာ၊ လဇ္ဇီပေသလသိက္ခာကာမ သူတော်သူမြတ်တို့ သံဃကံပြုခြင်း၌ ကောင်းစွာကျေးဇူးပြုသည်ဖြစ်၍။ သုပါကဋော၊ မတိမ်မမြုပ် အလွန်ထင်ရှားကျော်ညာလျှက်။ စီရဋ္ဌိတာ၊ သာသနာ ငါးထောင် ဆုံးအောင်မြင့်ရှည် တည်ထွန်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

(၃) ဇိနော၊ ငါးပါးမာရ်အောင် တို့ဘုန်းခေါင်သည်။ ဣတော၊ ဤငါတို့ ဘဒ္ဒ ကပ်ကမ္ဘာမြတ်မှ။ အပရိမေယျမှို၊ ကမ္ဘာကုဋေတို့ဖြင့် ရေတွက်နိုင်းယှဉ်ခြင်းငှာ မတတ် ကောင်းသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌။ ဒီပင်္ကရသ၊ ဒီပင်္ကရာအမည် ရှိသော သဗ္ဗညုတဘုရား၏။ သန္တိကေ၊ အထံတော်၌။ ဒယာယ၊ အသာဓာရဏ ဖြစ်သော မဟာကရုဏာတော်သည်။ အဖ္ဖုဋ္ဌမာနသော၊ ဒုက္ခိတသတ္တဝါတို့ကြောင့် တိုက်တွန်းအပ်သော နှလုံးတော်ရှိရကား။ ပဏိဓာနံ၊ တံတားကျောက်ဆစ် ခင်းပယ် ပေးလှူမူလဖြစ်သော ဘုရားဆုပန်တင်ခြင်းကို။ ပဝတ္တေသိ၊ ဖြစ်စေတော်မူလတ်ပြီ။

(၄) တတော၊ ထိုသာရမဏ္ဍကမ္ဘာမှ။ ပရံ၊ နောက်၌။ ကောဏ္ဍညအာဒီနံပိ၊ ကောကဏ္ဍညစသော နှစ်ကျိပ်သုံးဆူသောဘုရားရှင်တို့၏လည်း။ သန္တိကေ၊ အထံ တော်၌။ ပဏိဓာနံ၊ ထပ်ဆင့်ဖန်ဖန် ဆုပန်ခြင်းကို။ ပဝတ္တေသိ၊ ဖြစ်စေတော်မူပြီ။ ဣတိ၊ ဤသို့။ တေသံ၊ နောင်တော်ဒီပင်္ကရာစသော နှစ်ကျိပ်လေးဆူသော ဘုရား ရှင်တို့၏။ သန္တိကေ၊အထံတော်၌။ လဒ္ဓဗျာကရဏော၊ရအပ်သော နှုတ်နက်ဗျာဒိတ် ရွှေပေလိပ်ကို ထိပ်ထက်ပန်ဆင်တော်မူသည်ဖြစ်၍။ ပါရမီစရိယာစာဂေ၊ ပါရမီ

သုံးဆယ် စရိယသုံးပါး စွန့်ခြင်းကြီးငါးပါးတို့ကို။ သဗ္ဗသော၊ အချင်းခပ်သိမ်းကုန်အောင်စုံအားဖြင့်။ ပရိပူရိယ၊ ထက်ဝန်းကျင် ဖြည့်ကျင့်တော်မူလတ်ပြီး၍။

(၅) ပစ္ဆိမေ၊ ပစ္ဆိမဘဝ၌။ မဟာမာယာယ၊ မဟာမာယာဒေဝီ၏။ ကုစ္ဆိမှိ၊ ဝမ်း၌။ နိဗ္ဗတ္တိတွာ၊ ပဋိသန္ဓေစွဲနေလတ်၍။ ဇာတော၊ ဖွားပြီးရကား။ စက္ကဝတ္တိသိရိံ၊ စကြာမင်း၏အသရေကို။ ဟိတွာ၊ တံတွေးပေါက်ကဲ့သို့ စွန့်တော်မူလတ်၍။ နဒီတီရေ၊ အနော်မာမြစ်နား၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြုတော်မူ၍။

(၆) ဝနေ၊ ဥရုဝေဠတော၌။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ဒုက္ကရစ္စရိယံ၊ ခဲခက်ငြိုငြင်သောအကျင့်ကို။ စရိတွာန၊ ကျင့်တော်မူလတ်ပြီး၍။ ဗောဓိမူလေ၊ ညောင်ဗုဒ္ဓဟေပင်ရင်း၌။ နိသိန္နော၊ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျှက်။ သောဇိနော၊ ထိုထိုသဗ္ဗညုဘုရားသည်။ ဥတ္တမံ၊ မောဟကိုနုတ်ကြောင်းဖြစ်သော။ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ ပတ္တော၊ ရောက်တော်မူလတ်ပြီ။

(၇) ပတွာ၊ ရောက်တော်မူလတ်ပြီး၍။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူပြီးသော တို့ဘုရားသည်။ ဗြဟ္မုနာ၊ သောင်းလောကဓာတ် နတ်ဗြဟ္မာအပေါင်းခြံရံအပ်သော သဟံပတိဗြဟ္မာမင်းသည်။ အဇ္ဈိဋ္ဌော၊ တရားဟောစိမ့်သောငှာ တောင်းပန်လတ်ရကား။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဗာရာဏသီပုရေ၊ ဗာရာဏသီပြည် မိဂဒါဝုန်တော၌။ ပရိသာသုဝိသာရဒေါ၊ သောင်းလောကဓာတ် နတ်ဗြဟ္မာပရိတ်သတ်အတွင်း ရွံ့ရှာခြင်းကင်းတော်မူလျှက် ရဲတင်းလှစွာ။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားကို။ ပဝတ္တေသိ၊ ဟောတော်မူလတ်ပြီ။

(၈) မဟာကာရုဏိကော၊ ကြီးမြတ်သော ကရုဏာရှိတော်မူသော။ သောဇိနော၊ ထိုငါတို့သဗ္ဗညုဘုရားသည်။ ဇေဝံ၊ ဤသို့ဆိုအပ်ပြီးသော ဓမ္မစကြာဒေသနာစသောနည်းအားဖြင့်။ ဓမ္မနာဝံ၊ တရားတည်းဟူသော သင်္ဘောကြီးကို။ မာပယိတွာ၊ စင်းသီးတည်ထောင်တော်မူ၍။ ကတပုညံ၊ ရှေးရှေးသောဘုရားသခင်တို့၏အထံ၌ ပြုအပ်ပြီးသော ပါရမီပုညရှိသော။ မဟာဇနံ၊ ဝေနေယျဟူ လေ့စီးသူအများကို။ ဘဝဏ္ဏဝါ၊ ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ။ ပတာရေဟိ၊ သိမ်းပိုက်ကယ်တင်တော်မူလတ်ပြီ။

(၉) ဇေဝံ၊ ဤသို့သောနည်းအားဖြင့်။ ပတာရေတွာ၊ ဝေနေယျဟူ လေ့စီးသူကို သိမ်းယူကယ်တင်တော်မူလျှက်။ ပဉ္စတာလီသဝဿာနိ၊ လေးဆယ့်ငါးဝါကာလ ပတ်လုံး။ ဌတွာ၊ တည်တော်မူ၍။ သဒေဝကံ၊ နတ်ဗြဟ္မာနှင့်တကွသော။ လောကံ၊ အသည်ဘူအပေါင်းကို။ နိဗ္ဗာနံ၊ တစ်ဆဲ့တစ်သီး မီးကြီးငြိမ်းရာ နိဗ္ဗာန်ပြည်မြတ်သို့။

သမ္မာပေတွာန၊ ကောင်းစွာအပြားအားဖြင့် ရောက်စေတော်မူလတ်ပြီး၍။ ဥပဝတ္တနေ၊ အင်ကြင်းပင်စုံ ရဂုံမြိုင်တောအကွေ့၌။ နိဗ္ဗုတော၊ အနုပါဒိသေသနိဗ္ဗာနဓါတ်ဖြင့် ငြိမ်းစဲတော်မူလတ်ပြီ။

(၁၀) တဿဇနေဿ၊ ထိုငါတို့ သဗ္ဗညုတမြတ်စွာဘုရား၏။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန်စံယူတော်မူရာနှစ်မှ။ သလ္လာပသုလဝံယုဂေ၊ သာသနာတော်နှစ် ထောင့်သုံးရာရှစ်ဆယ့်ငါးခုနှစ်သည်။ သမာဂတေ၊ ရောက်လတ်သော်။ တြိသုည စမ္မနေရုမှိ၊ ကလိယုဂ္ဂေ၊ ဂေါဇာသက္ကရာဇ် ၁၂၀၃–ခုနှစ်သည်။ သမာဂတေ၊ ရောက်လတ်သော်။

(၁၁) ဘဒြမာသေကာလပက္ခေ၊ တော်သလင်းဟု သစ်ဆင်းမာသကာလပက္ခ၌။ သတ္တမျံ၊ ခုနှစ်ရက်မြောက်။ စန္ဒဝါရကေ၊ တနင်္လာနေ့၌။ သခ်သင်္ကာသသေ တိဘော၊ ခရုသင်းပွတ်သစ်ကဲ့သို့သော ဆင်ဖြူရှင်ဖြစ်တော်မူသော။

(၁၂) နရဒေဝေဟိ၊ လူနတ်တို့သည်။ မာနိတော၊ မြတ်နိုးချီးပင့်အပ်ရကား။ သက္ကစ္စံ၊ လုပ်ကြီးကြိမ ဂရုကတပြု၍။ ရဋ္ဌကာရကော၊ တိုင်းပြုနိုင်ငံပြုဖြစ်တော်မူ သော။ သဒ္ဓါဒိဂုဏသမ္ပန္နော၊ ပစ္စုပ္ပန်လောက တမလွန်လောကကိုယုံကြည်သော သဒ္ဓါ ရတနာသုံးပါးကို ယုံကြည်သောသဒ္ဓါ စသောများစွာသောဂုဏ်နှင့်ပြည့်စုံတော် မူသော။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာတော်၌။ မာမကော၊ မရက်မစက် မြတ်နိုး တော်မူသော။ ရဋ္ဌိန္ဒာနေကရာဇိန္ဒော၊ တိုင်းသီးအစိုးရသော များစွာသောပဒေသရာဇ် မင်းတို့၏ အရှင်မြတ်တော်မူသော မင်းတရားကြီးသည်။

(၁၃) မဟတာအာနုဘာဝေန၊ ကြီးကျယ်စွာသော မင်း၏အာနုဘော်ဖြင့်။ ရဋ္ဌစာရိကံ၊ တိုင်းနိုင်ငံလှည့်လည်ခြင်းကို။ ကရောန္တော၊ ပြုတော်မူလတ်သော်။ ဥက္ကလာပဒေသံပတ္တော၊ ဥက္ကလာပအရပ် အသိတဥ္စန,ပေါက္ခရဝတီမည်သောမြို့သို့ ရောက်တော်မူလတ်ရကား။ နဝမန္ဒိရံ၊ ထီးသစ်နန်းသစ်ကို။ မာပေတွာ၊ ဖန်ဆင်း ပြုလုပ်တော်မူ၍။

(၁၄) ရဋ္ဌာရက္ခံ၊ အလုံအခြုံအစောင့်အရှောက်ကို။ ဒဠှံကာတုံ၊ မြဲမြံကြံ့ခိုင်သည် ကိုပြုခြင်းငှာ။ နဂရဥ္စ၊ မင်းနေမြို့ကိုလည်း။ အနုမာပိယ၊ စနစ်ဝန်းဖွဲ့ တူးချဲ့ပြုလုပ် ဖန်ဆင်းတော်မူလတ်၍။ ဇယဘူရိပဗ္ဗာဇကံ၊ အောင်မြေရန်နှင်ဟု သမိုက်အပ်သော။ သသီရိကံ၊ အသရေရှိသော တံဆိပ်မော်ကွန်းကို။ သမ္မနိယ၊ ပညတ်သမိုက် စိုက်ထူ တော်မူလတ်၍။

(၁၅) နရဒေဝေဟိ၊ လူနတ်တို့သည်။ ပူဇိတံ၊ ပူဇော်အပ်သော။ သဇီဝကေသ စေတီယံ၊ သက်တော်ရှိစဉ် အပ်နှင်းတော်မူအပ်သော ရွှေဆံတော် စေတီတော်ကို။ ယာဝပါဒါ၊ ဖိနပ်တော်တိုင်အောင်။ သုသောဏ္ဏေဟိ၊ ရွှေနီဖလံ ပုစွန်ခွံတို့ဖြင့်။ သာဓုကံ၊ ကောင်းမွန်လျောက်ပတ်စွာ။ သုလိမ္ပေတွာန၊ အတင့်အတယ် ခြယ်လယ် မွမ်းမံ၍။

(၁၆) ပဥ္စသတသဟဿုတြ–ပဥ္စသတသဟဿုတ္တြေဟိ၊ ငါးသိန်းအလွန်ရှိကုန် သော။ ဒွိဟိဒသသတတဟဿေဟိကံသေဟိ၊ ကြေးစင်ကျပ်ချိန် နှစ်သန်း ငါးသိန်း ကိုးသောင်း လေးထောင် လေးဆဲ့ကိုးကျပ်(၂၅၉၄၀၄၉/–)တို့ဖြင့်။ သုသောဘဏံ၊ ကောင်းမွန်တင့်တယ်သော။ မဟာဃဏ္ဍံ၊ ခေါင်းလောင်းကြီးကို။ သဋ္ဌယ၊ သွန်း လုပ်တော်မူလတ်၍။

(၁၇) နရာနရာနုမောဒါယ၊ လူနတ်တို့ အနုမောဒနာပြုခြင်းငှာ။ တေနမဟာ ဃဏ္ဍေန၊ ထိုခေါင်းလောင်းကြီးဖြင့်။ တံစေတီယံ၊ ထိုရွှေဆံတော်စေတီကို။ ဝိပ္ပသန္နေန၊ အထူးသဖြင့် ကြည်လင်သောနှလုံးတော်ဖြင့်။ ပူဇယိ၊ ပူဇော်တော်မူ၏။ တဒါ၊ ထိုအခါ၌။ ဗုဒ္ဓရက္ခိတော၊ ဘုရားအရံတော် စောင့်ခွါသွားတို့ကို။ သဃရာဇဿ၊ သဃရာဇ်အား။ သောရာဇာဝိရာဇာ၊ ထိုဆိုအပ်ပြီးသော ရာဇာဓိမိုင်း တိုင်းပြုပြည်ပြု ဖြစ်သော မင်းတရားသည်။ အပ္ပေတိ၊ နှင်းတော်မူလတ်တည်း။

(၁၈) တေစ၊ ထိုဗုဒ္ဓရက္ခိတတို့ကိုမူကား။ မဟာပညော၊ ကြီးကျယ်သော အမြော် အမြင်ပညာနှင့်ပြည့်စုံသော။ ဗုဒ္ဓသာသနမာမကော၊ ဘုရားသာသနာတော်၌ မရက်မစက် စုံမက်မြတ်နိုးသော။ သဃရာဇာ၊ ယခင်ဆိုအပ်ပြီးသော သဃရာဇ် သည်။ စေတျဿ၊ ရွှေဆံတော်စေတီ၏။ သမန္တာ၊ ထက်ဝန်းကျင်အရပ်လေး မျက်နှာ၌။ အနုရုပံ၊ အမျိုးအမည် အရည်အသွေးအားလျော်စွာ။ ဝိစာရယိ၊ ဌာနန္တရ ချထားစီရင်တော်မူလတ်တည်း။

(၁၉) တေသုစ၊ ထိုခွါသား အရံအစောင့်တို့တွင်ကား။ ကောဗဟုဿုတော၊ အကြားအမြင်များသော ခွါသားအရံစောင့်တစ်ဦးသည်။ ဗောဓိရက္ခဿ၊ သီဟိုဠ် ကျွန်းမှ ဆောင်ခဲ့သော မဟာဗောဓိ၏။ အတ္တိတံ၊ စေတီတော်အနီးအပါး ထင်ရှားရှိ သည်၏အဖြစ်ကို။ သဃရာဇဿ၊ သဃရာဇ်အား။ သွာစိက္ခိ၊ ကောင်းစွာ လျှောက် ကြားလတ်တည်း။ ဝေံ၊ ဤသို့။ တေန၊ ထိုအရာရှိ ဗဟုသုတဖြစ်သော ခွါသားတဦး သည်။ ဝုတ္တေ၊ အဆင့်ဆင့်ကြားသိ မှတ်မိသမျှလျှောက်လတ်သော။ မဟာမတိ၊ ကြီးကျယ်သော အမြော်အမြင်ပညာရှိသော။

(၂၀) သဗ္ဗနော၊ သူတော်ကောင်းဖြစ်သော။ သောသဃ်ရာဇာ၊ ထိုသဃ်ရာဇ်သည်။ ပိတိယာ၊ ကြက်သီးမွေးညှင်း ဖြင်းဖြင်းထသောပီတိဖြင့်။ ဥဏ္ဏတက္ကာယော၊ တက်ကြွသော ကိုယ်ရှိသည်ဖြစ်၍။ သိဃ်း လျင်မြန်စလို တောက်တပိုဆောလျင်စွာ။ ဝိစိနိ၊ တောပြင်းခပ်လျှက် မရပ်မဆိုင်း ရှာဖွေလတ်တည်း။ တဒါ၊ ထိုအခါ၌။ ဝိနိနန္တော၊ ရှာဖွေလတ်သည်ရှိသော်။ ဗုဒ္ဓသာသနပါလကော၊ ဘုရားသာသနာတော်ကို စောင့်ထိန်းကြည့်ရှုသော။ သောသဃ်ရာဇာ၊ ထိုသဃ်ရာဇ်သည်။
(၂၁) ရက္ခဂုမ္ဗလတာဆန္နံ၊ သစ်ပင်ခြုံနွယ် ရှက်ကွယ်ပိတ်ဖုံးလျှက်။ ပလုဇ္ဇနံ၊ အကိုင်းအခက် ယိုယွင်းပျက်စီးလျှက်သော။ ဇောဓိရုက္ခံ၊ ဗောဓိပင်ကို။ အဒက္ခိ၊ တွေ့မြင်လတ်တည်း။ ဒိသွာ၊ တွေ့မြင်လတ်၍။ သဥ္ဇာတသောမနဿော၊ ဖြစ်သော ဝမ်းမြောက်ရယ်မော သောမနဿနှင့်ယှဉ်သောစိတ်ရှိရကား။ ဥပါသကေ၊ စေပါး နိုင်းခန့်ခြင်းငှာ လျှောက်ပတ်သောဒါယကာတို့ကို။ ဗောဓိရုက္ခတော၊ ဗောဓိပင်မှ။ သာမန္တာ၊ ထက်ဝန်းကျင်အရပ်မျက်နှာ၌။ အာရာဇာယတနစ္စေတျာ၊ လင်းလွန်းပင် စေတီတိုင်အောင်။ သောဓာပေသိ၊ သုဓ်သင်ရှင်းလင်းစေ၏။
(၂၂) သုဘူမိဘာဂံ၊ တင့်တယ်သော မြေအဘို့ရှိသည်ကို။ သုရမ္မကံ၊ အလွန်မွေ့လျော်ဖွယ်ရှိသည်ကို။ ကတွာစ၊ ပြုပြီး၍ကား။ ဗောဓိသေဋ္ဌေ၊ ဗောဓိပင်မှ အရှေ့မြောက်ကျသော။ ရမ္မာဂီရိသိလုစ္စယေ၊ ရမ္မာဂီရိ အမည်ရှိသော တောင်ထိပ်၌။
(၂၃) သဒ္ဓါဒိဂုဏသမ္ပန္နံ သဒ္ဓါ သီလ သုတ ပညာ– စသောဂုဏ်နှင့်ပြည့်စုံသော။ သန္တိ၊ ငြိမ်သက်သောနှလုံးရှိထသော။ ဒန္တံ၊ သတိပညာဖြင့် ဆုံးမယဉ်ကျေးသော စက္ခု၊ သောတ–စသော ဣန္ဒြေနှင့်ပြည့်စုံထသော။ ဝိစက္ခဏံ၊ ပိဋကတ်ဗေဒင် မြော်မြင်လိမ္မာသော ပညာမျက်စိရှိထသော။ ရာဇဓီတရံ၊ မင်းတရားကြီး၏သမီးတော်ဖြစ်ထသော။ သဗ္ဗူပကရဏတ္တမ္ပံ၊ အလုံးစုံလိုလိုသမျှအဆောက်အဦအထောက်အပံ့ မည်သူ့သီမဒါယိကာတကာတော်မကို။ သုလဒ္ဓါ၊ ရတော်ငြား၍။
(၂၄) မဟာယသော၊ ဗျေူကျွန်းခွင် မြေပြင်မဆန့် ပျံ့နှံ့သတင်း သီဟိုဠ်ချင်းအောင် ကျော်စောခြင်းကြီးမားသော။ သဃ်ရာဇာ၊ သဃ်ရာဇ်သည်။ သီမံသမ္မနိတုံ၊ သိမ် တော်ကြီးသမိုက်အံ့သောငှာ။ အာရဘိ၊ လုပ်ကြီးကြံမ အရအမိ အားထုတ်တော် မူလတ်တည်း။ နာနာပဒေသိယော၊ မြန်မာယွန်း စသောအထူးထူးသော အရပ်သား ဖြစ်သော။ သံဃော၊ သံဃာတော်သည်။
(၂၅) ဝိစက္ခဏော၊ ဝိနည်းကျမ်းဂန် သိမြင်လိမ္မာကုန်သော ပညာရှိတို့ကို။ တောသယန္တော၊ နှစ်သက်စေလျှက်။ သဃ်ရာဇံ သဃ်ရာဇ်ကို။ ဝုရုံကတွာ၊ အမျုး

ပြု၍။ သဗ္ဗသမ္ပတ္တိသမ္ပန္နံ၊ အလုံးစုံသော ဝိပတ္တိကင်းသော။ ဣမံသိမံ၊ ဤသည့် မာရာရိဇယ အမည်ရှိသောသိမ်တော်ကြီးကို။ သမ္မာ၊ ကျမ်းဂန်ဥပဒေ ပဝေဏီထုံး တမ်းအသင့်အားဖြင့်။ သမ္မနိ၊ သမုတ်တော်မူပြီ။

(၂၆) ဣဒံ သီမသမ္မုတိကမ္မံ၊ ဤသမ္မုတိကံသည်။ အန္တရာယံ၊ နှောင့်ယှက် ငြိတွယ်တတ်သောအန္တရာယ်ကို။ ဝိနာ၊ ကြဉ်၍။ နိဋ္ဌံ၊ အဖြူအဝါတိမ်ပြာရောင်ခြယ် ပြောက်မိုးပေါက်ဆွတ်ဖြန်း ရွှင်လန်းသာယာ အခါကောင်းမြတ်ပြီးဆုံးသတ်ခြင်းသို့။ ပတ္တံယထာ၊ ရောက်၏သို့။ တထာ၊ ထို့အတူ။ ပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ကလျာဏာ၊ ကောင်းမြတ်ကုန်သော။ သဗ္ဗသင်္ကပ္ပါ၊ အလုံးစုံသောအကြံတို့သည်။ သီဃံ နိဋ္ဌံ၊ လျင်တောက်တပို မငြိုမငြင် ပြီးဆုံးခြင်းသို့။ ဂစ္ဆန္တု၊ ရောက်ကြပစေ ကုန်သတည်း။

(၂၇) ရာဇာ၊ သင်္ဂဟတရားလေးပါးဖြင့် တိုင်းသားပြည်သူတို့ကို ကြည်ဖြူနှစ်သက် စေနိုင်သော ရေမြေရှင်သည်။ သဗ္ဗအဂတိ၊ ဆန္ဒာဒေါသာ ဘယာ မောဟ ဤသို့ ပြသည့် အဂတိလေးပါးမလားကောင်းသည်ကို။ ပဟာယ၊ မငြိမတွယ် ရှင်းရှင်း ပယ်၍။ ဓမ္မံယေဝ၊ ပစ္စုပ္ပန်သံသရာ နတ်ရွာနိဗ္ဗာန် လမ်းမှန်မလွဲ အမြဲကောင်းစရာ တရားတော်ကိုသာလျှင်။ အနုဿရံ–အနုဿရန္တော၊ အဖန်ဖန် အစေ့အစေ့ အောက်မေ့တော်မူသည်ဖြစ်၍။ သာသနမ္ပိစ၊ ဘုရားသာသနာတော်ကိုလည်း ကောင်း။ လောကဉ္စ၊ ဦးမည်းဦးဖြူ တိုင်းသူလူအများကိုလည်းကောင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ မဟာဗာဟု ကမ္ဗုဂီဝရာဇာ မဟာဇနက်မင်းတို့လို ပုံစံပြု၍ မနုမဖောက် စောင့်ရှောက်တော်မူစေသော်။

## ဒီဃနိကာယ်ပါဠိ၊ အဋ္ဌကထာသုံးကျမ်း ပြင်ဆင်တင်သွင်းခြင်း

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၈– ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈–ရက်နေ့မှစ၍ ပဉ္စမသံဂါယနာ ရှေ့ပြေးပမာ ပိဋကတ် သုံးပုံပါဠိ၊ အဋ္ဌကထာများကို ရွှေရေး၊ မင်ရေး၊ ကညစ်ရေးတို့ဖြင့် ရေးသားပူဇော် စေခဲ့လေသည်။ ထိုအခါ ပြည်ဆရာတော်ဘုရားကြီးသည် ဒီဃနိကာယ်ပါဠိတော် ၃–ကျမ်းနှင့် ယင်းဒီဃနိကာယ်၏အဖွင့်အဋ္ဌကထာ ၃–ကျမ်းတို့ကိုပြင်ဆင်၍ တင်သွင်းတော်မူခဲ့လေသည်။[၁]

---

၁။ မန္တလေးသာသနာဝင် ၂။ ၇၉။

## ဘွဲ့တံဆိပ်သုံးတန် အလှူခံရ

ပြည်ဆရာတော်ဘုရားကြီးသည် ရွှေဘိုမင်းတရားဆပ်ကပ်လှူဒါန်းအပ်သော ''မေဓာလင်္ကာရသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်၊ ပုဂံမင်းတရားဆပ်ကပ်လှူဒါန်းအပ်သော ''မေဓာလင်္ကာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဟူသောဘွဲ့တံဆိပ်တော်နှင့် ပဥ္စမသံဂါယနာတင်ဘဝရှင်မင်းတရား ဆက်ကပ်လှူဒါန်းအပ်သော ''မေဓာဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု''ဟူသော ဘွဲ့တံဆိပ်တော်တို့ကိုလည်း အလှူခံရရှိတော်မူလေသည်။

## အဆင်းရဲခံနိုင်ခြင်း၊ ရှိသမျှနှင့်ရောင့်ရဲခြင်း

ပြည်ဆရာတော်ဘုရားကြီးသည် အစစအရာရာ အဆင်းရဲခံနိုင်ခဲ့လေသည်။ ရရှိသမျှသောပစ္စည်းနှင့် ရောင့်ရဲမှုယထာလာဘသန္တောသနှင့်လည်း လွန်စွာပြည့်စုံလေသည်။ ဆရာတော်လောင်းလျာ ငယ်စဉ်ကပင် သဲအင်းတိုက်၌ သီတင်းသုံးစဉ် ဘကြီးတော်ဖာလ်နန်းရှင်မင်းတရားလက်ထက်က သောကြာကြယ်ကြီးအမြီးသို့ပေါက်၍ မဟာသယောခိုင်းသောအခါနှင့် ကြုံကြိုက်သဖြင့် ဆွမ်းလောင်းနိုင်သူ ဒကာဒကာမများ နည်းပါးလှ၍ ရဟန်းသံဃာတော် အရှင်မြတ်များ ဆွမ်းခံ၍မရအောင် ဖြစ်ခဲ့လေသည်။

ထိုအခါက သဲအင်းတိုက်၌ သဲအင်းဆရာတော်ဘုရားကြီးနှင့်တကွ သံဃာတော် ၂၀–မျှသာ ကျန်ရှိတော့သည်။ အခြားသံဃာတော်များမှာ ဆွမ်းခံမရပဲရှိလေ၏။ သဲအင်းဆရာတော်ဘုရားကြီးနှင့် အရှင်မေဓိယဓဇ ပြည်ဆရာတော်လောင်းလျာတို့ ၂–ပါးမှာသာ တစလယ်ချက် ဆွမ်းတဝက်စီရှိလေသည်။

ထိုတစလယ်ချက်ဆွမ်းနှစ်ဝက်ကိုပေါင်း၍ သံဃာတော် ၂၀–တို့ ဘုဉ်းပေးလောက်အောင် ကြာရွက်နုကြာရွက်ပွင့်ဖူးတို့ကို ဒါးနှင့်နုတ်နုတ်ခုတ်စင်း ဖြတ်လှီး၍ ဆွမ်းနှင့်ရောလျှက် ကြိုချက်ပြီး ဝေငှဘုဉ်းပေးကြ၍ စာပေသင်အံပို့ချရကုန်၏။ တခါတရံ ကန်စွန်းရွက်၊ ငွေးရွက်နု၊ စရစ်ဖူးစသည်တို့ကို ခူးစေကြကုန်လျှက် ဆွမ်းနှင့်ရောနှောကြိုချက်ပြီး မျှတရုံဘုဉ်းပေးကြရကုန်၏။

ဤသို့စသည်ဖြင့် ဆရာတော်သည် ငယ်စဉ်ကပင် စားရေးသောက်ရေးအတွက် ရောင့်ရဲ၍ဖြစ်သလိုဘုဉ်းပေးကာ ပရိယတ္တိသာသနာ့ဝန်ဆောင်တော်မူခဲ့လေသည်။ သက်တော်ဝါတော် ကြီးရင့်တော်မူရာအခါ၌ကား စိတ်ဓာတ်တော်ကို

မြင့်ကာ ရသမျှကိုလျှုဒါန်း၍ ဖြစ်သလိုနေထိုင်တော်မူ၍ ဘုရားသဗ္ဗညုသာသနာကို ထွန်းပြောင်ထိန်ဝင်းလင်းလက်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

မိမိတို့ငယ်စဉ်က အပင်ပန်းခံ၍ ပညာကြိုးစားခဲ့ပုံကို ''လဒ္ဓေါပဒေသံ၊ မဟာသယောစသည့်တို့၌ ဒုဗ္ဗိက္ခနိုပ်စက်လျှက်လည်း အသက်ကိုပမာဏမထား ကျားမင်းပုဏ္ဏရိက်သို့ စိတ်သွားတိုင်းကိုယ်ပါလျှက် ထိုရွာဤရွာဆရာကောင်းထံ ကျိုးနွံကပ်ဆည်း ရအပ်သောနည်းကောင်း လက်ဆုပ်ဥပဒေသကို'' စသည်ဖြင့် ဇာတ်ပါဠိတော်နိဿယ ဂန္ထာရမ္ဘစသည့်၌ ဖော်ပြတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

ပြည်ဆရာတော်ဘုရားကြီးသည် ပဋ္ဌမသံဂါယနာတင်မင်းတရားကြီး၏ သဒ္ဓါတရားကိုငဲ့ကွက်တော်မူ၍ တင်လှူအပ်သော မဟာဇောတိကာရာမစံကျောင်း တိုက်ကြီးကို လက်ခံတော်မူ၍ ရတနာဘုံစံကျောင်းတော်၌ သီတင်းသုံးတော်မူ၍ ၅-လကျော် ၆-လခန့်အကြာ သက်တော် ၇၅-နှစ်၊ သိက္ခာတော် ၅၅-ဝါအရ သက္ကရာဇ် ၁၂၂၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့၊ စနေနေ့တွင် သီတင်းသုံးတော်မူရာ မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဘဝသြဃာ စကြာရဟတ် သုံးပါးဝဋ်တွင် လူနတ်ပြဟ္မာ သတ္တဝါကား ကြမ္မာအလျောက် အခါရောက်က မြေအောက်ပုံးလျှိုး ခွန်အားကိုးလည်း လွတ်ရိုးမထင် ရေတွင်စုပ်စုပ် နက်ရာငုပ်လည်း လွတ်ရုပ်မမြင် ကောင်းကင်ပျံတက် ငှက်နှယ် ပတ်လည်း မလွတ်နှင်နှင် သေမင်းငင်၍ အရှင်စတေ မနေရရာ ဓမ္မတာဖြင့် ခန္ဓာပြိုကွဲ ယွင်းဖောက်လွှဲသည် ကြဉ်ဖဲမရှောင် စသာတည်း။[၁]

---

၁။ ဤအဋ္ဌုပ္ပတ္တိ သခင် ပြည်ဆရာတော်ဘုရားကြီး၏ အဌသာလိနီ အဌကထာနိဿယ၊ တတိယ။ ၇၅။

## ကျောင်းအမမိဖုရားထွက်၍ သဂြိုဟ်

ပြည်ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ခမ်းနားစွာ သာဓုကီဠနသဘင်ကြီးဆင်ယင်ကျင်းပကြကာ ကဆုန်လဆန်း ၃-ရက်နေ့တွင် ခံကုန်းသင်းချိုင်းတွင် နောက်ဆုံးသဂြိုဟ်ကြရာ ကျောင်းအမမြောက်နန်းမိဖုရားကိုယ်တိုင်ထွက်၍ ခံကုန်းသင်းချိုင်းသို့ရောက်ရှိ၍ နောက်ဆုံးပူဇော်ကန်တော့ သဂြိုဟ်တော်မူခဲ့လေသည်။

## အရိုးဌာပနာစေတီတည်ပူဇော်

သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်၊ တပေါင်းလတွင် ကျောင်းအမမြောက်နန်းမိဖုရားသည် ပြည်ဆရာတော်အလောင်း မီးသဂြိုဟ်သည့်နေရာတွင် အရိုးနှင့်တကွ ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေစေတီ၊ ငွေစေတီများစွာ ဌာပနာပြီးလျှင် စေတီကြီးတည်ထားကိုးကွယ်တော်မူခဲ့လေသည်။ စေတီပူဇော်ပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။ ယင်းစေတီပူဇော်ပွဲ၌ ပင့်သံဃာတော် ၄၆-ပါးတို့အား ပဒေသာပင်ရေ ၄၆-ပင်၊ မဏ္ဍလာရာမတိုက်၊ စလင်းတိုက်၊ ရွှေဂူတိုက်ရှိသံဃာတော် ၂၇၅-ပါးတို့အား တိစီဝရိက်သင်္ကန်း၊ ဆွမ်းစမဲဟင်းလျာစုံသပိတ်နှင့်တကွ လှူဒါန်းတော်မူခဲ့လေသည်။ ဆုတောင်းစာကိုလည်း နာခံတော်ပြော့ကြီးမှူးဖတ်မြဲအတိုင်း ဖတ်ရလေသည်။[၁]

## ယခုတိုင် ကြည်နူးဖွယ် ဖူးမြင်နိုင်

ပြည်ဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီတော်ကြီးကို မန္တလေးတောင်အနောက်မြောက်ယွန်း၌ မြင့်မားထူထည်းသည့် မဟာရံတံတိုင်းကြီးဝန်းရံကာ ယခုတိုင် သံဝေဂဖြစ်နိုင်ဖွယ် ကြည်နူးဖွယ်ဖူးမြင်နိုင်လေသည်။

အဋ္ဌိပုဋ္ဌမ္ပိ ထေရဿ၊ အန္ဓော ကတွာ အကာရယုံ။
စေတိယံ တိမဟာန္တံဟိ၊ အဝုနာပိ ပဝတ္တတေ။

---

၁။ ကုန်းဘောင်ဆက်၊ ၃။ ၃၇၂။

# ဝိစိတ္တာလင်္ကာရဉာဏာဓိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဝိစိတ္တာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ ဆရာတော်အရှင်ဝိစိတ္တ

မဓာဘိဝံသသဒ္ဓမ္မဇမဟာဓမ္မရာဇာဓိရာဇဂုရု- စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပြည်ဆရာတော်ဘုရားကြီးပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင် ဝိစိတ္တ[၁]သည် မဏ္ဍလာရာမတိုက်ကြီး၏ အဓိပတိမဟာနာယက ဖြစ်တော်မူသည်။

## ဖွားမြင်၊ ရှင်၊ ရဟန်းပြုခြင်း

ဆရာတော်အရှင်ဝိစိတ္တသည် သက္ကရာဇ် ၁၁၆၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။ ငယ်စဉ်ကပင် ပြည်ဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ နေ့ဝါ ညဝါ ကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

## သုဓမ္မာဝင်သာသနာပြု

ပြည်ဆရာတော်ဘုရားကြီးပျံလွန်တော်မူသော် ပြည်ဆရာတော်ဘုရားကြီး အစား သုဓမ္မာဝင်သာသနာပြုဆရာတော်ကြီးအဖြစ် ပဉ္စမသံဂါယနာတင် မင်းတုန်း မင်းတရားကြီး၏ ခန့်အပ်ခြင်းကို ခံယူတော်မူရခဲ့လေသည်။

## ကျမ်းဂန်များပြုစုခြင်း

ဆရာတော်ပြည်ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသည်-

၁။ သုတ္တနိပါတပါဠိတော်နိဿယ

၂။ နမက္ကာရနိဿယသစ်

စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

---

၁။ ဦးဝဏ္ဏဟုလည်း ခေါ်ကြသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂–ထပ်အလှူခံရရှိခြင်း

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလှူဒါန်းသည့် “ဝိစိတ္တာလင်္ကာရ ဉာဏဓဇမဟာဓမ္မရာဇာဓိရာဇဂုရု”ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည့်ပြင် သက္ကရာဇ် ၁၂၄၆–ခုနှစ် မာရ်အောင်ရတနာစေတီတော် ဒါယကာသီပေါမင်းတရား က ကျမ်းဂန်တတ်ဆရာတော် ၈၁–ပါးတို့အား ဘွဲ့တံဆိပ်တော် ၅–ဆင့်တို့ကို သင့်သလိုဆက်ကပ်လှူဒါန်းရာတွင် ပြည်ဆရာတော် အရှင်ဝိစိတ္တသည် “ဝိစိတ္တာ ဘိဓဇာဓိပတိပဝရ မဟာဓမ္မရာဇဂုရု” ဟူသော ဒုတိယတံဆိပ်တော်ကို အလှူခံရရှိ တော်မူခဲ့လေသည်။

## အမှုသည်များကို ငေါက်ငန်းတတ်

ဇန်းမော်ဆရာတော်ဘုရားကြီး၏ သုဓမ္မာဆရာတော်များအား စာချိုးဖြစ် သည့်–

မောင်သက်ပန်းက တသန်းသန်းဝေ၊
လှထွေမှာ စာပေကနတ္ထိ။
မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်။
မင်းနန်မှာ လူနှင့်နှောတယ် သောသောညံ၏။
မင္ဂလာမူခြင်းရာ မစုံစမ်းခင်က ငေါက်ငန်းပါဘိ။

လင်္ကာ၌ “ မင်္ဂလာမူခြင်းရာ မစုံစမ်းခင်က ငေါက်ငန်းပါဘိ” ဟူသောအပိုဒ်ဖြင့် ဖော်ပြပါ “ဝိစိတ္တာဘိဓဇာဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု”ဘွဲ့တံဆိပ်တော်ရ မင်္ဂလာရာမဆရာတော်ဘုရားကြီးမှာ သုဓမ္မာသို့ အမှုသည်တို့ရောက်လာလျှင် အမှုကိုမစုံ မစမ်း မမေးမြန်းရသေးမီကမီ အမှုသည်တို့ကို ပြင်းစွာငေါက်ငန်းတတ် သည်ဟုဆိုပါသည်။ ယင်းသို့ ငေါက်ငန်း၍မေးမြန်းစစ်ကျောသဖြင့် အမှုများ ဖြောင့်ချက်ပေး ရသည်သာများသည်ဟူ၏။

## ဆရာတော်၏ တပည့်တချို့

ဒုတိယမင်္ဂလာရာမဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ၌ တပည့် ကောင်းများထွန်းကားကုန်၏။ ၎င်းတို့ကား ပဌမကျော် အရှင်အာဒိစ္စ(ဦးအုန်း)၊ အဘိဓမ္မာညဝါအကျော်,နောင်ကြီးအိုင်အရှင်နန္ဒိယ စသည့်တို့ဖြစ်ကြကုန်၏။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

မဏ္ဍာလာရာမတိုက်၏ ဒုတိယမြောက် မဟာနာယကဆရာတော် ဖြစ်တော်မူသော ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂– ထပ်ရ ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသည် သက္ကရာဇ် ၁၂၄၈– ခုနှစ်ခန့်တွင် ခမ်းနားလှသော မဏ္ဍာလာရာမ ကျောင်းတိုက်ကြီးနှင့် တပည့်ရဟန်းသာမဏေများစွာတို့ကိုစွန့်ကာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဆိုပိမ့်မှတ်ရာ စဉ်းစားပါလော့ ခန္ဓာဘာရ ဒွတ္တိသကား ယုယခင်မင် စိန်ရွှေဆင်၍ ပြုပြင်ပိုက်ထွေး နှင်ကျွေးမွေးလည်း အရေးမရောက် သဲရေမှောက်သို့ နှင့်နောက်မပါ နှင့်လိုရာသို့ ဘယ်ခါမလိုက် နှင့်အကြိုက်နှင့် တိုက်ရိုက်ဗီလာ ဆန့်ကျင်ပါခဲ့ ရုပ်ဝါနနယ် ရှုစဖွယ်ဖြင့် တင့်တယ်ရွှန်းစို နှင်လှလိုလည်း အဒိုစာရင်း သူကသွင်း၏ နှင်ကိုမညှာ ဘေးရောဂါနှင့် ခါခါမငဲ့ မိတ်ဆွေဖွဲ့၏။

နှင်နှဲ့တူညီ ချစ်ကြိုးသီသား ပလီပလာ အပြစ်ထွာသည့် ချစ်စွာမယား သမီးသားနှင့် စီးပွားဥစ္စာ ညာတကာကို ဘယ်ခါမခွဲ အတူတွဲ၍ အမြဲပြုံးချို နေရ လိုလည်း နှင့်ကိုမထောက် နှင့်နောက်မလိုက် အပူတိုက်၍ နှင်ဟိုက်နှင်ခွေ နှင့်ကို သေအောင် ကျားမြွေခံတွင်း အစားသွင်းသို့ သေမင်းသူ့လက် ပဏ္ဏာဆက်၏။ လရက်နှစ်တွေ အသချေနှင့် လွန်လေဘဝ အနန္တက ဆုံးစမပိုင် ယခုတိုင်အောင် နိုင်နိုင်နင်းနင်း ဉာဏ်မသွင်း၍ သေမင်းသူလျှို ခန္ဓာကိုယ်ကို မငြိုငြင်ရက် စွဲလမ်း ချက်ဖြင့် မြိုင်နက်စုံဖျား တောသစ်ကျားကို မယ်ဖွားမိခင် နွားငယ်ထင်သို့ အမြင် မဖြောင့် ဝိပ္ပလ်မှောင့်၍ ကြောင့်ကြောင့်ကြကြ ပြုခဲ့လှပြီ ဘုရားသာသနာ ခုအခါ၌ ပညာစက္ခု ဉာဏ်ဖြင့်ရှုလော့။

ဥတုဂိမှန် အချိန်တန်သော် သူရကန်ဋ္ဌေအပူငွေ့ကြောင့် ရေသွေးခန်းငြား အိုင်ပက္ကားဝယ် ကျက်စားနေရငါးမစ္ဆတို့ ရေကလည်းနဲ သိန်းစွန်ဝဲ၍ ပျော်ပွဲမြူးမျှ ရှာမရပဲ သေကြဖို့သာ နီးကပ်လာသို့ သူငါကစ ရှိသမျှလည်း နေ့ညမလပ် အ စဉ်စပ်လျှက် ဥပါဒ်ဋ္ဌီဘင် မပြတ်နှင်၍ ပျော်ရွှင်စရာ မရှိပါပဲ ဖျားနာကိုက်ခဲ ရောဂါစွဲ လျှက် သေးပွဲသေတမ်းသေစခမ်းနှင့် သေလမ်းသို့သာ နည်းကပ်လာ၏။ ငါငါဒေါသ မာန်မာနနှင့် လောဘဒေါသာ အစဖြာသား ယုတ်မာစွာလှ အဝမ္မကို ဝေးကမလာ

ကင်းစင်ကွာအောင် ခါခါမပွား အပြစ်များမူ လေးပါးပါယ်ရွာ နှင့်အိမ်သာဟု စိတ်မှာစွဲကပ် သတိချပ်လော့ လူ့ရပ်နတ်ရွာ ထက်ပြဟ္မာနှင့် မဟာသုခ နိဗ္ဗာန်နသို့ ရှစ်ဝမဂ္ဂင် သင်္ဘောယဉ်ဖြင့် ဆောလျှင်ကပ်နိ ရောက်ရလို့မူ ထိုထိုပုည ကုသလကို နှေးညမစဲ လုံးလသဲလော့။

ကြိုခဲကြိုစွာသာသနာနှင့် နင်မူမရွေ့ ယခုတွေ့ပြီ မေ့မေ့မူးမူး နင်မရှူးနှင့် ဆိဦးထောပတ် ရသာဓာတ်ကို အမြတ်တခု မှတ်မရှုပဲ ရွာသူ့ဝက်မိုက် မစင်ကြိုက်သို့ အမြိုက်တရား နင်ရှောင်ရှား၍ ငါးပါးအာရုံ မစင်ပုံကို စုံစုံမက်မက် မနှစ်သက်နှင့် ထက်မြက်အဖျား သင်ဓုန်းဓားဝယ် ပျားသဖွယ်ဟု ဉာဏ်ကျယ်သလောက် အပြစ်ကောက်၍ တောင်ချောက်မြိုင်ဖျား သမင်များကို သစ်ကျားပုန်းအောင်း အရချောင်းသို့ တောင်စောင်းရိပ်မှောင် သခ်မ်းချောင်ဝယ် တိမ်းရှောင်သကို တောတော်ဆို၍[၁] မင်္ဂဖိုလ်မနှောင်း အရချောင်းမှ အပေါင်းဒုက္ခ လွတ်ကင်းရဟု ဗုဒ္ဓရွှေနှုတ် ကြာကမုဒ်က လုစ်ထုတ်မြွက်ကြား မိန့်တော်ထားသည့် နင်ကားနင့်တွက် ကျင့်တော့သည်။[၂]

## မဏ္ဍလာရာမတိုက်ကြီး မီးလောင်ပျက်စီးခြင်း

သက္ကရာဇ် ၁၂၄၄–ခုနှစ်တန်ခူးလဆုတ် ၃–ရက်နေ့တချက်တီးကျော် ၃–မောင်းခန့်တွင် အာဏာစိုးတန်းအရှေ့ဘက်အိမ်ကစ၍ စွဲလောင်သောမီးကြောင့် ကြီးကျယ်ခန်းနားလှသော တန်ဖိုးမဖြတ်နိုင်သော စာပေပရိုက်အချို့အသုံးအဆောင်တို့နှင့်တကွ မဏ္ဍလာရာမကျောင်းတိုက်ကြီးသည် မီးလောင်ပျက်စီးခဲ့လေရသည်။

ဇဝံ အနိစ္စာ သင်္ခါရာတိ၊ အဓုဝါ အသယံဝသီ။
တတြ လဂ္ဂံ အကတွာန၊ ကရေယျ ကုသလံ ဗဟုံ။

ယခုလက်ရှိအဆောက်အအုံ အနည်းငယ်မှာ နောက်မှဆောက်ထားသည့် အဆောက်အအုံတို့ ဖြစ်လေကုန်၏။

---

၁။ အနိစ္စတော ဒုက္ခတောစသော တောလေးဆယ်ကိုရည်သည်။
၂။ ဝိဇ္ဇောဒယဆရာတော်။

## သံဃာတော်ဦးရေစသည်

ပဌမပြည်ဆရာတော်ဘုရားကြီးလက်ထက်က မဏ္ဍလာရာမကျောင်းတိုက်၌ သံဃာတော် ၄၀၀–၅၀၀–ခန့်ရှိမည်ဟု ခန့်မှန်းမိ၏။ သို့ရာတွင် ဆရာတော်ပျံလွန်တော်မမူမီ ၅–လခန့် မဟာဇောတိကာရာမစံကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူသဖြင့် တချို့သံဃာတော်များ မဟာဇောတိကာရာမတိုက်သို့ သီတင်းသုံးကြသဖြင့် မဏ္ဍလာရာမ၌ သံဃာဦးရေလျော့ပါးမည်မှာ အမှန်ပင်ဖြစ်၏။

သက္ကရာဇ် ၁၂၃၀–ခုနှစ်တပေါင်းလကမဏ္ဍလာရာမတိုက် စလင်းတိုက်ရွှေဂူတိုက် ၃တိုက်ပေါင်းရဟန်းတော်၂၇၅–ပါးရှိသည်ဟုဆို၏။[၁] ယင်း၂၇၅–ပါးအနက် မဏ္ဍလာရာမတိုက်၌ ရဟန်းတော်၁၅၀–၂၀၀ ခန့် နီးပါးရှိမည်ဟုခန့်မှန်းမိပါ၏။ သာမဏေများလည်း အနည်းဆုံး၅၀–ခန့်ရှိမည်ဖြစ်၏။ ၁၃၂၄–ခုနှစ်က မဏ္ဍလာရာမတိုက်၌ ရဟန်းတော်၅–ပါး၊ သာမဏေ၄–ပါး။ နှစ်ရပ်ပေါင်း ၉–ပါး ရှိရာ ယခုမူသံဃာတော် ၄–ပါးမျှသာ သီတင်းသုံးလျက် ရှိပေသည်။ ယခင်စာချ၊ စာသင်ရဟန်းသာမဏေတို့ဖြင့် စည်ပင်ခဲ့သောမဏ္ဍလာရာမတိုက်ကြီးကား ယိုယွင်းကာ သာမန်ကျောင်းတိုက်ဘဝသို့ လျောကျခဲ့ပါပြီတကား သင်္ခါရ တရားတို့ မမြဲပုံတုံလှုပ်ပျက်ပြားတတ်ပုံကိုသာ ရှုဆင်ခြင်ရာ၏။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မဏ္ဍလာရာမဝံသောယံ၊ သမတ္တော သာဓုဝဏ္ဏိတော။

## မဏ္ဍလာရာမ သာသနာဝင်ပြီး၏။

------ooo------

---

၁။ ကုန်းဘောင်ဆက်၃။၃၇၂။

# ဆရာတော်အရှင်စန္ဒိမာ

ဆရာတော်အရှင်စန္ဒိမာသည် ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ ပျံလွန်တော်မူပြီးနောက် မဏ္ဍလာရာမတိုက်၏ နာယကဖြစ်တော်မူသည်။ မုံရွာခရိုင် ကဲပါရွာ ဇာတိဖြစ်သည်ဟုသိရသည်။ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်တွင် ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

■ ■ ■

## ဆရာတော်အရှင်အာဒိစ္စ

ဆရာတော်အရှင်အာဒိစ္စသည် ဆရာတော်အရှင်စန္ဒိမာ ပျံလွန်တော်မူပြီး နောက် မဏ္ဍလာရာမတိုက်၌ နာယကဖြစ်တော်မူသည်။ မြင်းခြံနယ်ဇာတိဖြစ်သည်ဟုသိရသည် ၁၃၂၁–ခုနှစ်က ပျံလွန်တော်မူခဲ့လေသည်။

■ ■ ■

# ဆရာတော်အရှင်ပညာသာရ

ဆရာတော်အရှင်ပညာသာရသည် အရှင်အာဒိစ္စ ပျံလွန်တော်မူပြီးနောက် မင်္ဂလာရာမတိုက်၏ အကြီးအကဲဖြစ်တော်မူခဲ့လေသည်။ ယခုတိုင် တိုက်တာ၏ အကြီးအကဲဖြစ်၍ သီတင်းသုံးလျက်ရှိပေသည်။ ဆရာတော်အရှင်ပညာသာရ၏ ခွင့်ပြုချက်အရ အိမ်ခြေများရာချို၍ ပြည်တိုက်အတွင်း၌ တည်ဆောက်နေထိုင်ကြကုန်၏ ဤသည်လျှင် မင်္ဂလာရာမတိုက်၏ နာယကဆရာတော်တို့၏ အစဉ်အဆက်ဖြစ်ပေသည်။

■ ■ ■

## ဆရာတော် အရှင်နန္ဒိယ

အရှင်နန္ဒိယသည် နောင်ကြီးအိုင်ဆရာတော်ဟု ကျော်ကြားသော ဆရာတော်ဖြစ်၍ အဘိဓမ္မာညဝါအရာ လွန်စွာနိုင်နင်းသည်ဟု ထင်ရှား၏။ နောင်ကြီးအိုင်ဆရာတော်ဟု ထင်ရှားခြင်းမှာ နောင်ကြီးအိုင် ရွာသားဖြစ်ဟန် တူပါသည် နောင်ကြီး အိုင်ရွာကား မုံရွာခရိုင် အရာတော်မြို့နယ်၌ တည်ရှိပေသည်။ မြောက်နန်းမိဖုရား ဆရာပြည်ဆရာတော်ဘုရားကြီး မေဓါဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ဘုရားကြီး၏ တပည့်အရင်းအချာဖြစ်၍ အမရပူရမြို့ ပြည်တိုက်၌လည်း ကြာမြင့်စွာသီတင်းသုံး၍ စာပို့ချခဲ့သည့် ပုဂ္ဂိုလ်ဖြစ်လေသည်။

ဆရာတော်သည် ပဉ္စမသံဂါယနာတင် ရှေ့ပြေးစာမူများ ပြင်ဆင်သုတ်သင်တော်မူကြရာတွင် ပုဂ္ဂလပညတ်ကျမ်းကိုပြင်ဆင်၍ တင်သွင်းတော်မူခဲ့လေသည်။

■ ■ ■

# အဘိဓမ္မာကျမ်းဂန်တတ်ပါရဂူ
# ဒုတိယမြို့ပြင်ကြီး ဆရာတော် အရှင်စန္ဒဝံသ

ဒုတိယမြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသသည် ရာဇာမိရာဇဂုရုဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓိယဓဇထံ ၇-နှစ် ပတ်လုံး နေ့ဝါညဝါ ကျမ်းဂန်အရပ်ရပ် သင်ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။ ပဌမမြို့ပြင်ကြီးဆရာတော် အရှင်သုတရေကိုထောက်၍ ဒုတိယမြို့ပြင်ကြီး ဆရာတော်ဟု ထင်ရှားလေသည်။

## ဖွားမြင်ရှင်ရဟန်းပြုခြင်း

အမရပူရမြို့မှ တောင်တာနှစ်ထောင်ခန့်အကွာတွင် တည်ရှိသော မြို့သစ်မြို့အနီး အနောက်မြောက်ဘက်ရှိ မြို့ပြင်ကြီးရွာ၌ အဖဒါယကာကြီးနှင့် အမိဒါယကာမကြီး ဒေါ်အိမ်လေး(မယ်အိမ်လေး)တို့မှ သက္ကရာဇ် ၁၁၈၉-ခုနှစ် တပေါင်းလဆန်းတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ဘကြီးတော် ဘုရားလက်ထက် (၁၁၈၁-၉၉) လက်ထက် အဘိဓမ္မာညဝါအရာ ထင်ရှားကျော်စောတော်မူသော တုတ်လှမ်းဆရာ တော်ဘုရားကြီး၏ တူတော်အရင်း ဖြစ်လေသည်။ အရွယ်ရောက်သော် ဦးလေးတော် ဆရာတော် အရှင်သုတရေကို ဥပဇ္ဈာယ်ပြု၍ ရှင်ရဟန်းပြုသာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## ကျမ်းဂန်အရပ်ရပ်သင်ယူခြင်း

ဥပဇ္ဈာယ်ဆရာတော် ဦးလေးတော်အရှင်သုတရေနှင့် အရှင်အရိယဝံသ ဆရာတော်များထံ ပိဋကတ်အခြေခံ ကျမ်းစာများနှင့် ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## ပြည်ဆရာတော်ဘုရားကြီးထံရောက်ပညာသင်ကြားခြင်း

ဥပဇ္ဈာယ်ဆရာတော်၏ ညွှန်ကြားချက်အရ အမရပူရမြို့ပြည်တိုက်သို့ ရောက်ရှိ၍ ၇-နှစ်တိုင်တိုင် သီတင်းသုံး၍ ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓိယဓဇ(အရှင်မေဓာ)ထံ၌ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်အရပ်ရပ်ကို မဟုဿာဟ ဖွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် နောင်ကြီးအိုင် ဆရာတော်အရှင်နန္ဒိယထံ၌လည်း ကျမ်းဂန်အချို့ကို သင်ယူတော်မူခဲ့လေသည်။

## စာပေချပို့ ပရိယတ္တိသာသနာချီးမြှောက်ခြင်း

ဆရာတော်သည် ပုလိပ်ရွာ တောင်မျက်နှာရှိ ပဋ္ဌမသံဂါယနာတင်မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော်ကျောင်း၌လည်းကောင်း မြို့ပြင်ကြီးရွာ အနောက်ဘက်ရှိ ကျောင်းတော်၌လည်းကောင်း ၎င်းရွာမြောက်ဘက်ရှိ မြစည်းခုံကျောင်းတိုက်၌လည်းကောင်း မန္တလေးမြို့အနောက်ပြင် ရတနာမဥ္ဇူ ဘုရားအနီး မြို့ပြင်ကြီးတိုက်၌လည်းကောင်း နေ့ဝါညဝါ ကျမ်းစာချပို့ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## တပည့်ကျော်များ ထွန်းကားခြင်း

ယင်းသို့ နေ့ညဉ့်မစဲ စာပွဲသဘင်ဆင်းယင်ကျင်းပ ချပို့တော်မူခဲ့သောကြောင့်

၁။ မန္တလေးမြို့အရှေ့ပြင် ရွှေဂူတိုက်ဆရာတော် အရှင်သုဇာတ
၂။ မန္တလေးမြို့ ဒုတိယ ရွှေကျင်နိကာယ သာသနာပိုင်မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓ
၃။ အရှေ့ပြင် မှန်ကျောင်းသီပေါမင်းဆရာတော် အရှင်ဉာဏဝံသ
၄။ ငါးစီးတိုက် ဆရာတော်အရှင်နရိန္ဒ
၅။ အလ္လကပ္ပတိုက်မြို့သာဆရာတော်အရှင်သုမန
၆။ မြတောင်တိုက် မှန်ကျောင်းဆရာတော် အရှင်ပဏ္ဍာဝံသ
၇။ တောင်ပြင် နန်းဦးတိုက်ဆရာတော်အရှင်ပညာ
၈။ ရန်ကုန်မြို့ ဘင်္ဂလားဆရာတော် အရှင်ရဝိန္ဒ
၉။ ရန်ကုန်မြို့ ပုဇွန်တောင်နော်မံကျောင်းကြီးဆရာတော် အရှင်ပညာ
၁၀။ ရန်ကုန်မြို့ ဝေဠုဝန်ဆရာတော် အရှင်ပဏ္ဍာဝံသ စသည့်

ကျမ်းဂန်တတ် တပည့်ကျော်များစွာတို့ ပေါ်ထွန်းခဲ့လေသည်။

## ကျမ်းဂန်များစွာတို့ကိုပြုစီရင်ခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ–

| | | |
|---|---|---|
| ၁။ | အဌသာလိနီဂဏ္ဌိသစ် | (ရဟန်း ၇-ဝါရရေးသည်) |
| ၂။ | ပဋ္ဌာနသမုပ္ပါဒဒီပနီ | (၁၂၄၅ - ခုနှစ်ပြီး) |
| ၃။ | ဒိဋ္ဌိဘေဒပကာသနီ | (၁၂၄၅ - ခုနှစ်ပြီး) |
| ၄။ | ကုဏ္ဍုစ္စဝိနိစ္ဆယ | (၁၂၄၅ - ခုနှစ်ပြီး) |
| ၅။ | ဖလဋ္ဌဘေဒဒီပနီ | (၁၂၄၅ - ခုနှစ်ပြီး) |
| ၆။ | ရူပဝီထိပကာသနီ | (၁၂၄၅ - ခုနှစ်ပြီး) |
| ၇။ | သမ္မောဟဘေဒနီ | (၁၂၅၂ - ခုနှစ်ပြီး) |
| ၈။ | အဘိဓမ္မတ္ထသရူပဒီပက | |
| ၉။ | ပုစ္ဆာဗျာကရဏ | (၁၂၅၈ - ခုနှစ်ပြီး) |
| ၁၀။ | စက္ခာဒိ ဥပတ္တိဒီပက | (၁၂၅၉ - ခုနှစ်ပြီး) |
| ၁၁။ | သီလသမာဒါနဝိနိစ္ဆယ | (၁၂၅၉ - ခုနှစ်ပြီး) |
| ၁၂။ | သရဏသရူပါဒိဒဿန | (၁၂၅၉ - ခုနှစ်ပြီး) |
| ၁၃။ | နိဗ္ဗာနသရူပဒီပကကဏ္ဍ | စသည်တို့ဖြစ်ကုန်၏။ |

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် စာကြည့်စာရေးများလွန်သဖြင့် သက်တော်ကြီးရင့်သောအခါ မျက်စိနှစ်ကွင်းအလင်းမရဟုသိရသည်။ သက္ကရာဇ် ၁၂၆၃-ခုနှစ် နယုန်လတွင် ရန်ကုန်မြို့ ကျောင်းတော်ရာ ဘဂ်လားတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။[၁]

---

၁။ အကျယ် မန္တလေးသာသနာဝင်-၂၀။ မြို့ပြင်ကြီးသာသနာဝင်ကြည့်။

## သံဝေဂယူရန်

ယမေကရတ္တိ ပဌမံ၊ ဂစ္ဆေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။[၁]

ယံ ယောမာဏဝေါ၊ အကြင်သတ္တဝါသည်။ ဧကရတ္တိ၊ တညဉ့်၌။ ပဌမံ၊ ရှေးဦးအစ ပဋိသန္ဓေခဏ၌။ ဂစ္ဆေ၊ အမိဝမ်း၌။ ဝသတိ၊ စွဲပိုက် သန္ဓေတည်နေ၏။ သောမာဏဝေါ၊ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ[၂]၊ တက်လာသောတိမ်တိုက်ကဲ့သို့၊ ယာတိ၊ သွားရ၏ ။ ဂစ္ဆံ၊ သေဘေးသို့ ရှေးရှုတသွားတည်းသွားနေသော။ သသော မာဏဝေါ၊ ထိုသတ္တဝါသည်။ န နိဝတ္တတိ၊ တစ်အောင့်တစ်ခဏမျှ မဆုတ်နစ်။

■ ■ ■

---

၁။ ဇာ၊ ၁။ ၃၂၃။
၂။ အဇ္ဈောဥဋ္ဌိတောက္ကုဝိ။

# နရိန္ဒာဘိသိရီသဒ္ဓမ္မဇောမဟာဓမ္မရာဇာဓိရာဇဂုရု
# နရိန္ဒာဘိသိရီသဒ္ဓမ္မဇောတိပါလဇောမဟာဓမ္မရာဇာဓိရာဇဂုရု
# နရိန္ဒာဘိဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
# ဟူသောဘွဲ့တံဆိပ် ၃–ထပ်ရ
# ဆရာတော်အရှင်နရိန္ဒ

"နရိန္ဒာဘိသိရီသဒ္ဓမ္မဇောမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ပဌမဘွဲ့တံဆိပ်တော်၊ "နရိန္ဒာဘိသိရီသဒ္ဓမ္မဇောတိပါလဇောမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဒုတိယဘွဲ့တံဆိပ်တော်၊ "နရိန္ဒာဘိဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တတိယဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၃–ထပ်ရ မန္တလေးမြို့ တောင်ပြင်ဆီးပန်းနီ ဆရာတော်ဘုရားကြီး အရှင်နရိန္ဒသည်လည်း ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓိယဇ(အရှင်မေဓာလင်္ကာရ)ထံ၌ ပါဠိ အဋ္ဌကထာ ဋီကာစသည့်ကျမ်းဂန်တို့ကို သင်ယူတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်ရဟန်းပြုခြင်း

မန္တလေးမြို့အနောက် ဧရာဝတီမြစ် တဘက်ကမ်းရှိ မင်းကွန်းရွာ၌ ပဒုံမင်းတရား၏ အတိုင်ပင်ခံအမတ်ကြီး အဖမဟာရာဇသကြံနှင့် အမတ်ကတော်တို့မှ သက္ကရာဇ် ၁၁၇၉–ခုနှစ် ပြာသိုလပြည့်ကျော် ၁–ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မောင်မော်ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ရှင်နရိန္ဒဖြစ်၍ ရဟန်းဘွဲ့ အရှင်နရိန္ဒဓဇဖြစ်လေသည်။

## ပညာသင်ကြားခြင်း

ငယ်စဉ်က "ပရမဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်ပရမမဟာထေရ်ထံ ပညာသင်ကြားတော်မူခဲ့လေလသည်။ ၎င်းနောက် အမရပူရမြို့တော် အရှေ့တောင်ဘက် မိုးထိတိုက်၌သီတင်းသုံး၍ မိုးထိဆရာတော် ဘုရားကြီးထံ ပိဋကတ်အခြေခံ ကျမ်းစာများနှင့်တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## ပြည်ဆရာတော်ဘုရားကြီးထံသင်ယူခြင်း

၎င်းနောက်–အမရပူရမြို့ ပြည်တိုက်၌ သီတင်းသုံးစာပေပို့ချတော်မူသော “မေဓာလင်္ကာရ သိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, မေဓာလင်္ကာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု မေဓါဘိဝံသ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်၃–ထပ်ရ ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓိယဓဇ (အရှင်မေဓာလင်္ကာရ)ထံ ကြာမြင့်စွာသီတင်းသုံး၍ ပါဠိ(အဋ္ဌကထာ)ဋီကာ စသည့်ကျမ်းဂန်များစွာတို့ကို မဟုဿာဟ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

သန္တိကေ မေဓာထေရဿ၊ မေဓာယ အတ္တိကော သုဓီ။
သုဓိတ္တံ သော ဟိ ဣစ္ဆန္တော၊ ဗဟုံ ဥဂ္ဂဟာနံ ကရီ။

## ဆီးပန်းနီဆရာတော်ဟုထင်ရှားခြင်း

ပညာသင်ကြားတတ်မြောက်ပြီးနောက်“ဝိမလဓဇမဟာ ဓမ္မရာဇဂုရု”ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဝိမလ “သီလာစာရာဘိ သိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု”ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီလာစာရ စသည့်ဆရာတော်ဘုရားကြီးတို့ သီတင်းသုံးရာ အမရပူရမြို့ ဆီးပန်းနီတိုက်၌ သီတင်းသုံး၍ ပညာဆည်းပူးရင်း စာပေပို့ချရာ ထင်ရှားသော စာချဆရာတော်ဖြစ်လာလေသည်။ နောက်တွင် ဆီးပန်းနီဆရာတော်ဟု ထင်ရှားခဲ့လေသည်။

## မန္တလေးမြို့တော်သစ်ကြွသာသနာပြုခြင်း

သက္ကရာဇ်၁၂၁၉–ခုနှစ် နတ်တော်လဆန်း ၅–ရက်နေ့တွင် အခြားဆရာတော် သံဃာတော်၅၀၀–ကျော်တို့နှင့်အတူ မန္တလေးမြို့တော်သစ်သို့ ကြွရောက်တော်မူ၍ မန္တလေးမြို့တော်သစ် ဆီးပန်းနီတိုက်သစ် ယာယီကျောင်း၌ သီတင်းသုံး၍ စာပေပို့ချ သာသနာပြု ချီးမြှောက်တော်မူခဲ့လေသည်။ ယင်းဆီးပန်းနီကျောင်းတိုက်နေရာကား ယခုဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဝင်း၌ ပါရှိလေပြီ၊ နောက်တွင် ဆရာတော်အလိုကျ မျက်ပါးရပ် ဆီးပန်းနီတိုက်သို့ ပြောင်းရွှေ့စာပေပို့ချ ကျမ်းပြုသီတင်းသုံးတော်မူခဲ့လေသည်။ ယင်းသည် မျက်ပါးရပ်ဆီးပန်းနီတိုက်ဟု ထင်ရှားလေသည်။

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်းများစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့ရာ–

၁။ ကဝိမဏ္ဍနမေဒနီကျမ်း။

၂။ အောင်ခြင်းရှစ်ပါးပျို့သစ်။

၃။ စရိယာပိဋကအဋ္ဌကထာနိဿယကျမ်း။

၄။ ဆကောဋ္ဌာသဝိနိစ္ဆယကျမ်း

စသည်တို့ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများအနက် ဆကောဋ္ဌာသဝိနိစ္ဆယကျမ်းမှာ မန္တလေး သာသနာဝင် စတုတ္ထတွဲ ဆီးပန်းနီတိုက်သာသနာဝင် ဆီးပန်းနီဆရာတော်ဘုရား ကြီး၏ အဖြစ်တော်စဉ်၌ မပါရှိခဲ့ချေ။ သို့ဖြစ်ရာ အလွန်ရှားပါးသော ဆီးပန်းနီဆရာ တော် အရှင်နရိန္ဒဓဇ၏ ဆကောဋ္ဌာသဝိနိစ္ဆယကို ဤ၌အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်။

## ရှင်ဒေဝဒတ်၏ အဝီစိငရဲခံရကြောင်းကို ဆုံးဖြတ်အပ်သော ဆကောဋ္ဌာသဝိနိစ္ဆယ

“ဒွင္နန္တရကပ္ပါတိ ကောဋ္ဌိ ကပ္ပေ စတုသဋ္ဌိ အန္တရကပ္ပါ နာမ ဟောန္တိ”။ သာမညဖလသုတ် အဋ္ဌကထာ။(ဒီ၊ ဋ၊ ၁။၁၄၇။) “ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျံ စတုသဋ္ဌိ ကပ္ပသင်္ဂဟံ။ ဝီသတိ ကပ္ပသင်္ဂဟန္တိပိ ကေစိ”။ ဝိသုဒ္ဓိမဂ် ပထမဝိဇ္ဇာဂုဏ်တော်ဖွင့် အဋ္ဌကထာ။ “ဧက္ကမေသု စတုသဋ္ဌိအန္တရကပ္ပသင်္ဂဟံ ဝိဝဋ္ဋဋ္ဌာယီ။ ပ။ ဝီသတိ အန္တရကပ္ပန္တိကေ”။ စရိယပိဋကအဋ္ဌကထာ။(စရိယာ၊ ဋ၊ ၁၂။) “ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျံ စတုသဋ္ဌိအန္တရကပ္ပသင်္ဂဟံ၊ ဝီသတိအန္တရကပ္ပသင်္ဂဟန္တိ ကေစိ”။ လောကဝိဒူအဖွင့် သာရတ္ထဒီပနီဋီကာ။(သာရတ္ထ၊ ၁၊ ၂၈၅။) ဤသို့စသည်ဖြင့် လာသော ပါဠိ အဋ္ဌကထာ ဋီကာ စကားရပ်တို့သည် ဝိဝဋ္ဋဋ္ဌာယီစသော အသင်္ချေယျကပ် ၄–ကပ်တို့၏ ပမာဏကိုပြသော စကားတစ်ရပ်ဖြစ်သည်။ “ဒေဝဒတ္တော မဟာရာဇ ဆကောဋ္ဌာသေ ကတေ ကပ္ပေ” –စသည်ဖြင့် မိလိန္ဒပဥှာ(မိလိန္ဒ။ ၁၁၆)၌လာသောစကားသည် ဒေဝဒတ်၏ သံဃာကိုသင်းခွဲသော အန္တရကပ်တစ်ကပ်ကိုသာပြသော စကားတစ်ရပ်ဖြစ်သည်။

ယခင် ဝိဝဋ္ဋဋ္ဌာယီကပ်နှင့်ကူးလူးယှက်စပ်၍ မမှတ်သားသင့်၊ ဆကောဋ္ဌာသကို ပြုရမှာလည်း သံဃဘေဒကကံကိုပြုသောသူတို့၏ ကျက်ကျွမ်းရာ အန္တရကပ်တစ်ကပ်တွင်၍သာ ခြောက်စုပြုသင့်သည်။ သို့ပါလျှက် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၏ အသက်အန္တရကပ်ခြောက်ဆဲ့လေးကပ်ကို ခြောက်စုပြု၍ တစ်ဆယ့်တစ်စုမျှကာလတွင် အရှင်ဒေဝဒတ်သည် သံဃဘေဒကကံကို ပြုသည်။ ကျန်အစု ငါးဆယ်ကျော် ကာလပတ်လုံး အဝီစိ၌ ကျက်ရလတံ့ဟူသောဝါဒ ကေစိဝါဒအားဖြင့် ပြအပ်သော အစုနှစ်ဆယ်ကို ခြောက်စုပြု၍ လေးစုပတ်လုံး အဝီစိ၌ ကျက်ရလတံ့ဟူသောဝါဒ ဤဝါဒနှစ်ပါးသည် နာဂသေနမထေရ် နှလုံးပိုက်ရင်းနှင့် အလျင်းပင်ညီအံ့မထင်။

ကျမ်းတစ်ပါးတို့နှင့် နီးနှော၍လည်းမရ၊ ဘုရား ရဟန္တာတို့ ဟောတော်မူသော ဒေသနာတော်သည် နီတတ္ထ နေယျတ္ထ သန္ဓာယဘာသိတ –စသည်ဖြင့် အလွန်များပြားဆန်းကြယ်သည်။ ယောဇနာနည်းသည်လည်း ယထာက္ကမ ယထာလာဘ ယထာရဟ ဥပ္ပဋိပါဋိ –စသည်ဖြင့် အလွန်များပြားဆန်းကြယ်သည်။ ယင်းသို့ဖြစ်၍ နာဂသေနမထေရ်သည် နှလုံးပိုက်ရင်းနှင့်လည်းညီလေအောင် ကျမ်းတပါးတို့နှင့်လည်း သင့်လျော်နီးနှောမိအောင် သမ္ဗောယောဇနာ, ဂုဠတ္ထဆရာတို့အဆုံးအဖြတ်မှတပါး ဆန်းကြယ်စွာဖြေတော်မူသော မထေရ်မြတ်၏ ပါဠိတော်ပါဌ်ကို ဆန်းကြယ်စွာ ကြံစည်သဖြင့် ဉာဏ်သဘောသက်ဝင်သရွေ့ အကျဉ်းအမြွက်မျှ အနက်အဓိပ္ပါယ် အဆုံးအဖြတ်ကို ဆိုပေအံ့။

ဒေဝဒတ္တော မဟာရာဇ ဆ ကောဋ္ဌာသေ ကတေ ကပ္ပေ အတိက္ကန္တေ ပဌမ ကောဋ္ဌာသေ သံဃံ ဘိန္ဒိ၊ ပဉ္စကောဋ္ဌာသေ နိရယေ ပစိတွာ တတော မုစ္စိတွာ အဋ္ဌိဿရော နာမ ပစ္စေကဗုဒ္ဓေါ ဘဝိဿတိ။(မိလိန္ဒ။ ၁၁၆)

မဟာရာဇ၊ မင်းမြတ်။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ကပ္ပေ၊ သံဃဘေဒကကံကိုပြုသောသူတို့ခံရာ အာယုကပ်ဟုဆိုအပ်သော တစ်ခုသောအန္တရကပ်ကို။ ဝါ၊ မဟာကပ်၏အဘို့ရှစ်ဆယ်တွင် တစ်ဘို့တစ်စုဖြစ်သောအန္တရကပ်ကို တခုသောအသင်္ချေယျကပ်၏ နှစ်ဆယ်မြောက်ဖြစ်သော တစ်ခုသောအန္တကပ်ကို။ ဆကောဋ္ဌာသေ၊ အတက်သုံးစု အသက်သုံးစုအားဖြင့် ခြောက်စုသော အဘို့အစုတို့ကို။ ကတေ၊ ပြုပြီးသည်ရှိသော်။ ပဉ္စကောဋ္ဌာသေ၊ အနုလောမနည်းအားဖြင့် ငါးဘို့ငါးစုသည်။ အတိက္ကန္တေ၊ လွန်လုဆဲဆဲဖြစ်လတ်သည်ရှိသော်။ သံဃံ၊ သံဃာကို။ ဘိန္ဒိ၊ သင်းခွဲမိလေ၏။ ပဌမကောဋ္ဌာသေ၊ ပဋိလောမနည်းအားဖြင့် ပဌမကောဋ္ဌာသ၌။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ကျက်၍။ တတော၊ ထိုအဝီစိငရဲမှ။ မုစ္စိတွာ၊ ကင်းလွတ်၍။

ကပ္ပသတ သဟာဿမတ္ထကေ၊ ကမ္ဘာပေါင်း အသင်္ချေနှစ်လီ ပါရမီဖြည့်ပြီးသည်၏ အဖြစ်ကြောင့် ကမ္ဘာတစ်သိန်းထက်၌။ အဋ္ဌဿရောနာမ၊ အဋ္ဌဿရအမည်ရှိသော ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ ဟုတွာ၊ ဖြစ်၍။ ဘဝိဿတိ၊ ပွင့်လတံ့။ ဤသို့သိသာ ရှင်းလင်းအောင် ထည့်သွင်းလောင်းစွက်၍ အနက်သမ္ဗန်မြဲ။ ယခုယောဇနာသောနည်းသည် ယထာက္ကမ ယထာလာဘ ယထာရဟ ဥပ္ပဋိပါဋိယောဇနာ နည်းအား ဖြင့် ဝါကျပင်ခြားပြားသော်လည်း အနက်သဘောရသင့်သောကြောင့် အတိက္ကန္တေ–ဟုသောပုဒ်နှင့်စပ်၍ လက္ခဏာ လက္ခအဖြစ်ဖြင့် ယောဇနာယာသည်။ အတိက္ကန္တေ ကိုလွန်ပြီးသည်ရှိသော်ဟု အတိတ်အနက် မပေးသင့်။ လွန်လုဆဲဆဲ ဖြစ်လတ်ရှိသော် ဟု–ပစ္စုပ္ပန်အနက်ပေးရမည်။ ဤအရာ၌ အန္တပစ္စည်း ပစ္စုပ္ပန်အနက်၌သက်သည်။ ပထမကောဋ္ဌာသေကိုလည်း နိရယေ ပစိတွာတို့နှင့် စပ်၍ အာဓာရ အမည်ပေးရမည်။

ယခုယောဇနာခဲ့သည့်အတိုင်း ယထာလာဘ ယထာရဟ ဥပ္ပဋိပါဋိယောဇနာရာ၌ အထောက်အား"သမုဒ္ဒါစရေယျံ ဣတိဇာနာမိ ဣတိ ပဿာမီတိ။ ပ။ အညတြ အဓိမာနာ"–ဟူသောဝါကျအစဉ်၌တည်သော သမုဒ္ဒါစရေယျ–ဟူသောကြိယာ ဝါကျနှင့်စပ်၍ သမ္ဗန်ရသကဲ့သို့ လည်းကောင်း "ဥပဝဿံ ခေါ ပန။ ပ ။ တထာရူပေသု ဘိက္ခု သေနာသနေသု ဝိဟာရန္တေ"ဟူသောဝါကျအစဉ်၌ လည်း ဥပဝဿံ–ဟူသော ရှေ့ပုဒ်ကို ခပ်သိမ်းသောပုဒ်တို့၏ နောက်၌တည်သော တထာရူပေသု ဘိက္ခု သေနာသနေသု–ဟူသော နောက်ပုဒ်နှင့်စပ်၍ သမ္ဗန်ရသကဲ့သို့လည်းကောင်း သမ္ဗန်ခဲ့သည်။ ရှေ့နိဿယတို့၌ ပါဠိက္ကမယောဇနာဟန် ရှိသည်။ သို့ဖြစ်၍ ပညာရှိတို့ အကြံအစည် ပင်ပန်းလေသည်။

အဓိပ္ပါယ်ကိုပြဆိုအံ့။ "ယော စ ခေါ ဒေဝဒတ္တ သမဂ္ဂံ သံဃံ ဘိန္ဒတိ။ ကပ္ပဋ္ဌိကံ– ကိဗ္ဗိသံ ပသဝတိ ကပ္ပံ နိရယမှိ ပစ္စတိ"–အစရှိသည်ဖြင့် စူဠဝါခန္ဓက သံဃဘေဒကက္ခန္ဓက(ဝိ၊ ၄၊ ၃၆၀။)၌ ဟောတော်မူအပ်သော ပါဠိတော်ရပ်တို့တွင် "ကပ္ပံ နိရယမှိ"–ဟူသောပုဒ်ကို ၎င်း၏အဋ္ဌကထာ(ဝိ၊ ဋ္ဌ၊ ၄၊ ၁၁၁။)၌ "ကပ္ပန္တိ အာယုကပ္ပံ"–ဟူ၍ဖွင့်သည်ကိုလည်းကောင်း "အာယုကပ္ပန္တိ ကေ မဟာကပ္ပံ အသီတိဘာဂံ ကတွာ တတော ကေဘာဂမတ္တံ ကာလံ အန္တရကပ္ပသညိတံ ကာလံ"–ဟူသော သာရတ္ထဒီပနီဋီကာဖွင့်(သာရတ္ထ၊ ၃။ ၄၁၅။) သည်ကို လည်းကောင်း "ကေ အန္တရကပ္ပံ ပရိပုဏ္ဏမေဝ ကတွာ တတ္ထ တိဋ္ဌတီတိ ကပ္ပဋ္ဌော"–ဟူသော သာရတ္ထဒီပနီဋီကာ မိန့်ဆိုသည်ကိုလည်းကောင်း "ကပ္ပန္တိ

အာယုကပ္ပံ၊ သော ပနေတ္ထ အန္တရကပ္ပေါ"–ဟူသော ကထာဝတ္ထုအဋ္ဌကထာ (ကထာဝတ္ထု၊ ဌ၊ ၆၆။) ဖွင့်ဟန်ကိုလည်းကောင်း "ကပ္ပဋ္ဌိကန္တိ အာယုကပ္ပံ နိရယမှိ ဌိတိကာရဏံ"–ဟူသော ဒသက်ုတ္တရအဋ္ဌကထာ(အံ၊ ဌ၊ ၃။ ၃၁၀။)လာသည်ကို လည်းကောင်း ထို့အတူ သမ္မောဟ ဝိနောဒနီ (အဘိ၊ ဌ၊ ၂။ ၄၀၉။)ဉာဏဝိဘင်း အဋ္ဌကထာ၊ ၎င်းအဖွင့်မူလဋီကာ၊ ၎င်းအဖွင့်အနုဋီကာ စသောများစွာသော အဋ္ဌကထာဋီကာတို့၌ သံဃဘေဒကကံကို ပြုသောသူတို့သည် အန္တရကပ်တစ်ကပ် သာ အဝီစိငရဲ၌ ကျက်ရသည်ဟု တခွန်းတသံတည်း ပီပီသသ ဖွင့်ဆိုကြသည်ကို လည်းကောင်း ထောက်၍ "ဆကောဋ္ဌာသေ ကတေ ကပ္ပေ" ဟူသော မိလိန္ဒ ပဉ္ဇာပါဠိ၌ ကပ္ပသဒ္ဒါကို အသင်္ချေယျကပ်တို့နှင့် မစပ်မယှက်စေခြင်းငှာ ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်နီးနှော၍။ "ကပ္ပေ၊ သံဃဘေဒကကံကို ပြုသောသူတို့၏ ခံရာ"– စသည်ဖြင့် အနက်ယောဇနာသည်။

ဆကောဋ္ဌာသေအရကို ပြဆိုဦးအံ့။ "တံ အာယု ပရိဟာယမာနံ ဒသဝဿ ကာလံ ပတွာ ပုန ဝဍ္ဎမာနံ အသင်္ချေယျံ ဟုတွာ တတော ပရိဟာယမာနံ"– စသည်ဖြင့်–အန္တရကပ်၏အသက်ကို သုတ်မဟာဝါအဋ္ဌကထာ(ဒီ၊ ဌ၊ ၂။) ၌လာ သည်။ "တံ ပန ဒသဝဿာယုကာနံ မနုဿာနံ ကမေန ဝဍ္ဎေတွာ အသင်္ချေယျာ ယုကံ ဟုတွာ ပရိဟာယိတွာ ပုန ဒသဝဿယုကာ ဟောန္တိ၊ တွေက်ကာလံ ကောအန္တရကပ္ပေါ နာမ"–ဟူသော ဇိနာလင်္ကာရဋီကာ၌လည်း အန္တရကပ်၏ အသက်ကိုလာသည်။ ထိုအန္တရကပ်ကို ဆကောဋ္ဌာသ ပြုသည်ရှိသော် ဆယ်နှစ် မှသည် အသင်္ချေယျတိုင်အောင် ဝဍ္ဎနပက္ခ အာရုယှာရုယှ အသက်အားဖြင့် အဘို့အစုသုံးစု အသင်္ချေယျမှသည် ဆယ်နှစ်တိုင်အောင် ဟာယနပက္ခ ဩရုယှော ရုယှ အသက်အားဖြင့် အဘို့သုံးစုပေါင်း ဆကောဋ္ဌာသဖြစ်သည်။ ၎င်းခြောက်စု အနက် အတတ်သုံးစု၌လည်း ဘုရားမပွင့် သံဃဘေဒကကံကိုမပြုထိုက်။ ယင်းသို့ဖြစ်၍ ပထမကောဋ္ဌာသ–ဟူသောပုဒ်ကို "အတိက္ကန္တေ သံဃံ ဘိန္ဒိ"– ဟူသောပုဒ်တို့နှင့် စပ်ယှဉ်၍ အနက်မယောဇနာသင့်။ ဟာယနပက္ခ၌ အသက် သုံးစုတို့တွင်လည်း ဗုဒ္ဓဝင်အဋ္ဌကထာ သုတ္တနိပါတ် အဋ္ဌကထာစသော ကျမ်းတို့ ၌လာသော ဝေမတ္တရှစ်ပါးအနက် အာယုဝေမတ္တကို ထောက်သည် ရှိသော် ပထမအစုသည် အသက်တစ်သိန်းထက် လွန်လေသည်ဖြစ်သောကြောင့် ဘုရား မပွင့်။ သံဃဘေဒကံကို မပြုထိုက်။ တတိယအစုသည်လည်း အနှစ်တစ်ရာ အောက် ယုတ်လေသည်ဖြစ်သောကြောင့် ဘုရားမပွင့်။ သံဃဘေဒကကံကို

မပြုထိုက်။ အသက်တစ်သိန်း အောက်အယုတ် တစ်ရာထက်အလွန်ဖြစ်သော ဒုတိယအစုတွင်ရှေ့သော ဘုရားပွင့် ရာကာလ သံဃဘေဒကကံကို ပြုရာသမယဖြစ်သည်။ ထိုဒုတိယအစုသည် အနုလောမနည်းအားဖြင့် ရေတွက်သည်ရှိသော် ငါးဘို့ငါးစုရောက်သည်။ ထို့ကြောင့် ပဥ္စကောဋ္ဌာသေ ဟူသောပုဒ်ကို "အတိက္ကန္တေ သံဃံ ဘိန္ဒိ"–ဟူသောပုဒ်တို့နှင့် စပ်ယှက်၍ အနက်ယောဇနာသင့်သည်။ အနှစ်တစ်ရာမှ အစဦးအတိုင်း ယုတ်လျော့၍ ဆယ်နှစ်ကပ်ပျက်သည်တိုင် အောင်သော ကာလသည် အနုလောမနည်းအားဖြင့် ဆဋ္ဌအစု ပဋိလောမနည်းအားဖြင့် ပထမအစုဖြစ်သည်။ ထိုပထမအစုသည် ဒေဝဒတ်၏ အဝီစိငရဲ၌ ကျက်ရာကာလဖြစ်သည်။ ထို့ကြောင့် ပဌမကောဋ္ဌာသေ–ဟူသောပုဒ်ကို နိရယေ ပစိတ္တာ–ဟူသော ပုဒ်နှင့်စပ်ယှက်၍ အနက်ယောဇနာ ရာသည်။ ယင်းသို့ဖြစ်သောကြောင့် သံဃဘေဒကကံကိုပြုသော ဒေဝဒတ်သည် အန္တရကပ်ပတ်လုံး အဝီစိငရဲ၌ ကျက်ရဟူ၍ အဋ္ဌကထာ–ဋီကာအစောင်စောင်တို့၌ပင် တညီတညွတ်တည်း မိန့်ဆိုတော်မူကြကုန်၏။ ထိုသို့ပင် မိန့်ဆိုကြငြားသော်လည်း "သမုဒ္ဒေါ မယာ ဒိဋ္ဌော"–ကဲ့သို့ ဥပစာရအားဖြင့် သာတင်စား၍ဆိုလေသည်။ အန္တရကပ် တစ်ကပ်လုံးကို မယူသင့်။ ၎င်းအန္တရကပ်ကို ခြောက်စုပြု၍ အစိတ်နှင့်တကွ နောက်နှစ်စုမျှသာ ကျက်ရာကာလကိုရသည်။ ထို့ထက်အလွန် မရှိပြီ။ အဘယ့်ကြောင့်နည်း၊ အာယုကပ် ပျက်လေသောကြောင့်တည်း။

ဤအရာဝယ် သူတစ်ပါးတို့စောဒနာဖွယ်ရှိသည်။ အဘယ်သို့ ရှိသနည်း။ ၎င်းဝိနိစ္ဆယကိုရေးသောဆရာသည် အန္တရကပ်ကို ခြောက်ဘို့ခြောက်စုပြု၍ မိမိအလိုရအပ်သော အနက်အဓိပ္ပါယ်ကိုရအောင်သာ ခြောက်ခုမြောက်သော ဆဋ္ဌအစုကို ပဋိလောမအားဖြင့် ပဌမအစုပြု၍ယူခြင်းသည် သင့်အံ့သို့မထင်ဟု ဆိုငြားအံ့။ သင့်၏။ ဤသို့ယူခြင်းသည် ကျမ်းဂန်သဘောပင်ဖြစ်သည်။ အထောက်ကား– "ဥတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပာဒေတဗ္ဗော"–ဝိနည်းမဟာဝါ ပါဠိတော် "စတိစတ္တော ပရိသတ္တရသမစိတ္တသာ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ အစရှိသော ကျမ်းတို့ပင်တည်း။ အဓိပ္ပါယ်ကား ဉတ်ကို ရှေ့ဦးစွာရွတ်ဖတ်သည်။ ထို့နောက် ဒုတိယအကြိမ် တတိယအကြိမ် စတုတ္ထအကြိမ်တို့၌ ကမ္မဝါကို ရွတ်ဖတ်သည်။ ခေါ်ဝေါ်သောကာလ စတုတ္ထရွတ်ဖတ်သောကမ္မဝါကို ပထမ၊ တတိယရွတ်ဖတ်သော ကမ္မဝါကိုဒုတိယ၊ ဒုတိယရွတ်ဖတ်သော ကမ္မဝါကို တတိယ၊ ရှေးဦးစွာ ရွတ်ဖတ်သောဉတ်ကို စတုတ္ထပြု၍ ဉတ္တိစတုတ္ထကံဟု ပဋိလောမနည်းအာဖြင့် ခေါ်ဝေါ်လေသည်။ ကမ္မဇရုပ် ချုပ်ဟန်ကို ပြရာ၌လည်း

စုတိစိတ်သည် ပဌမ, ထိုစိတ်၏ အလျင်ဖြစ်သော စိတ်သည် ဒုတိယ, ထိုစိတ်၏ အလျင်ဖြစ်သော စိတ်သည် တတိယ ဤသို့စသည်ဖြင့် ၁၇-ချက်တိုင်တိုင် ပဋိလောမနည်းယူ၍ ရေတွက်သည်ကိုလည်းကောင်း ထောက်သဖြင့် စောဒနာဖွယ်ကို ပယ်ရာ၏။ ရှေးရှေးဖြစ်ကုန်သော ရာဇဝင်ချင်း မော်ကွန်းတို့၌ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျ အသက်အန္တရကပ်ပေါင်း ခြောက်ဆယ့်လေးကိုထည့်၍ မိလိန္ဒပဉှာ၌လာသော သံဃဘေဒကအန္တရကပ်ကိုသာ ခြောက်စုပြု၍တွက်သင့်သော ဆကောဋ္ဌာသကိုယူပြီးလျှင် ခြောက်ဘို့ပြုကြလေသည်။ လဒ်တစ်ဆယ်ကျော်ရသည်နှင့် အန္တရကပ် တစ်ဆယ့်တစ်ကပ် လွန်လေပြီ။ မဟာသမတ တစ်ကျိပ်တယောက်ဖြစ်သင့်ပြီဟူ၍ လည်းကောင်း ကေစိဝါဒဖြင့် ပြအပ်သော ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်အသက် အန္တရကပ်ပေါင်း နှစ်ဆယ်ကိုတည့်၍ ခြောက်ဘို့ ပြုလေသည်။ လဒ်သုံးခုအကြွင်း နှစ်ခုရသည်နှင့်အညီ အန္တရကပ် လေးကပ်လွန်လေပြီ။ မဟာသမတမင်းလည်း လေးယောက်ဖြစ်သင့်ပြီဟူ၍လည်းကောင်း မဆောင်သင့်သော ကျမ်းတပါးမှ ဆကောဋ္ဌာသကိုယူဆောင်၍ တွက်ခြင်းသည် အလျှင်းပင် သင့်အံ့သို့မထင်။ မဟာကပ်ကြီး၏ အသက်ပေါင်း အန္တရကပ်ရှစ်ဆယ်ကိုတည့်၍ ခြောက်ခုပြုသည်ရှိသော် ထိုထက်ပင် အန္တရကပ်ပွား၍ မဟာသမတများရသော အကြောင်းရှိသည်။ လိုရင်း အဓိပ္ပါယ်မှာ မည်သည့်ဘုရား မည်သည့်ကပ်မဆို အကြွင်ကပ်၌ဘုရားပွင့်အံ့။ ထိုကပ်ကိုခြောက်စု၊ ငါးစုမြောက် သောအစုတွင်၍သာ ဘုရားပွင့်ရာခေတ်ဖြစ်သည်။ သံဃဘေဒကကံကို ပြုမိသော သတ္တဝါဖြစ်အံ့။ အစိတ်နှင့်တကွနှစ်စုမျှသာ ခံရာခေတ်ဖြစ်သည်။ ဝေခမ္ဘတာနည်းသည်။ ထို့ကြောင့် ပညာရှိအပေါင်းသူတော်ကောင်းတို့သည် မိမိတို့စိတ်ကို မပြန့်လွင့်စေရာ။ မိလိန္ဒပဉှာ၌လာသော ဆကောဋ္ဌာသစုဟန်ကိုလည်းကောင်း ဝေပုလ္လတောင်ကို ဥပမာထား၍ ဟောကြားတော်မူအပ်သော အနမတဂ္ဂသံယုတ် သုတ်မဟာဝါ အဋ္ဌကထာ ဗုဒ္ဓဝင်အဋ္ဌကထာစသည်တို့၌လာသော အဓိပ္ပါယ်ကိုလည်းကောင်း သေချာစွာနှလုံးပြု၍ ယခု ဆုတ်ဆဲဖြစ်သော အန္တရကပ်ကို စတုတ္ထအန္တရကပ် ဂေါတမမြတ်စွာဘုရားကို လေးဆူမြောက်ဘုရားဟူ၍ မှတ်သားကုန်ရာသည်။

ဆက္ကဝါရသင်္ချာဖြင့် မှတ်အပ်သော သာသနာ(၂၄၁၇) မဟာပဝါရဏာနေ့တွင် ဤသည့်ဆကောဋ္ဌာသ ဝိနိစ္ဆယကျမ်းကို ကြိုးပမ်းပြီးသတည်း။

## ကျောက်ထပ်အက္ခရာတင်စဉ်က စာကြပ်တာဝန် ထမ်းဆောင်ခြင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၂-ခုနှစ် တန်ဆောင်မုန်းလဆန်း ၇-ရက်တွင် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ရန် စတင်ဆောင်ရွက်တော်မူ၍ သက္ကရာဇ် ၁၂၃၀-ပြည့်နှစ် ကဆုန်လဆန်း ၁၄-ရက်နေ့တွင် ပြီးစီးလေသည်။ ထိုစဉ်က ဆရာတော်အရှင်နရိန္ဒဓဇသည် "ဇာဂရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဇာဂရာဘိဓဇသီရိပဝရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု၊ ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပဉ္စမသံဂါယနာတင် သံဃမဟာနာယက ဆရာတော်အရှင်ဇာဂရာဘိဝံသ၊ "သုမင်္ဂလသာမိဓဇ မဟာဓမ္မရာဇဂုရု၊ သုမင်္ဂလသာမိပရမမဏိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု၊ သုမင်္ဂလာသာမိသိရိပဝရမဏိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ စီးတော်မြင်းဝန် ဆရာတော်အရှင်သုမင်္ဂလတို့နှင့်အတူ မမှားအောင် ကွပ်ကဲကြပ်မ သုတ်သင်တော်မူရလေသည်။[၁]

"သာသနာမှူး ဃာနာဝရ ဂေါ်စာ့ပုံရေး ဒွေးဒွေးဒွေက သရဒသဘင် ဦးရက်တွင်၌ ရေးတင်ဆစ်ထု လက်သားစုကို သုမင်္ဂလာ ဇာဂရာနှင့် နရိန္ဒာဘိဓဇ အတုလဓိပ် တံဆိပ်တော်မှတ် ပိဋကတ်ကို ပတ်ပတ်ရစ်လိုမ့် စာနယ်အိမ့်သား"။[၂]

## ဘွဲ့တံဆိပ်တော် ၃-ထပ်အလှူခံရရှိခြင်း

ဆရာတော်အရှင်နရိန္ဒဓဇသည် ပဉ္စမသံဂါယနာတင်မင်းတုန်းမင်းတရားကြီး ဆက်ကပ်လှူဒါန်းသည့် "နရိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊ နရိန္ဒာဘိသိရိသဒ္ဓမ္မဇောတိပါလဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် သီပေါမင်းဆက်ကပ်လှူဒါန်းသည့် "နရိန္ဒာဘိဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ကို အလှူခံရရှိတော်မူခဲ့လေသည်။

---

၁။ မန္တလေးသာသနာဝင်၊ ၂။ ၈၇။ မန္တလေးသာသနာဝင်၊ ၄။ ၃၅၈-ကြည့်။

၂။ မန္တလေးသာသနာဝင်၊ ၄။ ၃၅၁-ကြည့်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓိယဓဇ (အရှင်မေဓာလင်္ကာရ)၏တပည့် ဆီးပန်းနီဆရာတော် အရှင်နရိန္ဒဓဇသည် သက်တော် ၇၇–နှစ်၊ သိက္ခာတော် ၅၇–ဝါရရှိရာ သက္ကရာဇ် ၁၂၅၀–ပြည့်နှစ်၊ ကဆုန်လဆုတ် ၁–ရက်နေ့တွင် မျက်ပါးရပ် ဆီးပန်းနီကျောင်းတိုက်( ဓမ္မာရုံကျောင်းတိုက် )၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။[၁]

## သံဝေဂယူရန်

သဗ္ဗေ ခယန္တာ နိစယာ၊ ပတနန္တာ သမုဿယာ။
သဗ္ဗေသံ မရဏမာဂမ္မ၊ သဗ္ဗေသံ ဇီဝိတမဒ္ဓုဝံ။[၂]

သဗ္ဗေနိစယာ၊ သိုမှီးအပ်သော ဥစ္စာအားလုံးတို့သည်။ ခယန္တာ၊ တစ်နေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်း အဆုံးရှိကုန်၏။ သမုဿယာ၊ စပ်ကာချုပ်ထား ခန္ဓာငါးပါးတို့သည်။ ပတနန္တာ၊ တစ်နေ့နေ့တွင် ကျေမွပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သဗ္ဗေသံ၊ စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါအားလုံးတို့၏။ ဇီဝိတံ၊ အသက်ဇီဝိန်သည်။ အဒ္ဓုဝံ၊ ပုံသေမုချ မမြဲလေစွတကား။

---

၁။ မန္တလေးသာသနာဝင်၊ ၄။ ၂၇၄–၃၆၃–လည်းကြည့်။
၂။ နေတ္တိပါဠိ၊ ၁၂၅။

## ဝိနည်းငါးကျမ်းပြန် ပဋ္ဌမစာတော်ချဆရာတော် အရှင်ဇိန

ဝိနည်းငါးကျမ်းပြန် ပဋ္ဌမစာတော်ချဆရာတော် အရှင်ဇိနသည် မဏ္ဍလာရာမတိုက်အတွင်း ရှိခဲ့ဘူးသော တပ်မင်းဗိုလ်မှူးကျောင်း၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေချပို့ ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက်တော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်ရှင်ရဟန်းပြုခြင်း

မုံရွာခရိုင် ကျေးနင်းကြီးရွာ၌ သက္ကရာဇ် ၁၂၀၀–ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ဘွဲ့တော်အရှင်ဇိန ဖြစ်သည်။

## မဏ္ဍလာရာမတိုက်၌ပညာသင်ကြားခြင်း

မဏ္ဍလာရာမတိုက်သို့ ငယ်စဉ်ကပင်ရောက်ရှိ၍ မဏ္ဍလာရာမတိုက်ပြည်ဆရာတော်ဘုရားကြီး စသည်တို့ထံ ပိဋကတ် အခြေခံကျမ်းစာများနှင့် ပိဋကပါဠိ အဋ္ဌကထာ ဋီကာ နေ့ဝါ ညဝါ ကျမ်းစာများကို မဟုဿာဟဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## ဝိနည်းငါးကျမ်းပြန်ဆိုအောင်မြင်ခြင်း

ရတနာပုံနန်းတော်ကြီးအတွင်းရှိ မြေနန်းတော်ကြီးအတွင်း၌ ကျင်းပသော ပိဋကတ်အာဂုံ စာပြန်ပွဲကြီးတွင် ပါရာဇိက, ပါစိတ္တိယ, မဟာဝဂ္ဂ, စူဠဝဂ္ဂ, ပရိဝါရ ဟူသော ဝိနည်းငါးကျမ်းကို မင်းမိဖုရား မင်းညီမင်းသားတို့ အလယ်တွင် ပြန်ဆိုအောင်မြင်တော်မူသဖြင့် ဝိနယဓရဘွဲ့ကို ရရှိတော်မူခဲ့လေသည်။ ဝိနည်းအာဂုံပြန်ဆရာတော်အဖြစ်ဖြင့်လည်း ထင်ရှားခဲ့လေသည်။

## ပဋ္ဌမစာတော်ချဖြစ်ခြင်း

အရည်အချင်း အင်္ဂါငါးရပ်နှင့် ပြည့်စုံတတ်ကျွမ်းသည့် စာချဆရာတော်အဖြစ် စုံစမ်းသိရှိတော်မူသဖြင့် ပဋ္ဌမစာတော်ချအဖြစ်ဖြင့်လည်း မင်းမြတ်ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။

## စာပေချပို့သာသနာချီးမြှောက်ခြင်း

ဝိနည်းငါးကျမ်း ပြန်ဆိုပြီးနောက် ပဌမစာချဖြစ်၍ မဏ္ဍလာရာမတိုက်ကြီး အတွင်း တပ်မင်းဗိုလ်မှူးကျောင်း၌ ဆက်လက်သီတင်းသုံး၍ ရောက်ရှိလာသော စာသင်သားတို့အား နေ့ဝါ ညဝါ ကျမ်းစာအရပ်ရပ်တို့ကို ချပို့၍ ပရိယတ္တိသာသနာ တော်ကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။

## ဘဝနတ်ထံပြန်လွန်တော်မူခြင်း

ယင်းသို့ စာပေကျမ်းစာချပို့ ဘုရားမြတ်စွာသာသနာချီးမြှောက်စဉ် သက်တော်ရင့်ညောင်း ဇရာထောင်းကျ ဗျာဓိပါနှိပ်စက်သဖြင့် သေမင်းခံတွင်း သက်ဆင်း ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အာသန္နတရတမေတိ၊ မစ္စု ဇန္တု ဒိနေဒိနေ။
အာဃာကံ နီယမာနဿ၊ ဝဇ္ဈဿေဝ ပဒေပဒေ။[၁]

ဇန္တု-ဇန္တုနော၊ သံသရာဇာတ်ခုံ ကြုံလာဖြစ်လာ သတ္တဝါမှန်သမျှ၏။ မစ္စု၊ မစ္စုမည်လျှင်း သေမင်းခေါ်ငြား သေခြင်းတရားသည်။ ဒိနေဒိနေ၊ နေ့စဉ် နေ့စဉ် ရက်မဆိုင်းပဲ။ အာသန္နတရတံ၊ တစ်နေ့ပြီးတစ်နေ့ နီးကပ်အလွန် နီးကပ်သည်၏ အဖြစ်သို့။ ဧတိ၊ ကေန်မဖေါက်ရောက်၏။ ကိမိဝ၊ ဥပမာပုံဆွယ် အဘယ်ကဲ့ သို့နည်းဟူမူကား။ အာဃာတံ၊ သတ်ရန်ဌာနစု သတ်မှုပြုကုန် ဌာနသတ်ရုံသို့။ နီယမာနဿ၊ သတ်ရန်ဖွဲ့နှောင် ထုတ်ယူဆောင်အပ်သော။ ဝဇ္ဈဿ၊ သတ်အပ် သောနွား၏။ ပဒေပဒေ၊ ခြေကိုဆန့်တန်း လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း။ မစ္စု၊ မချွတ်မယွင်း သေခြင်းသဘောတရားသည်။ အာသန္နတရတံ၊ နီးကပ်သည် ထက် နီးကပ်သည်၏ အဖြစ်သို့၊ ဧတိဣဝ၊ ကေန်မဖေါက် ရောက်သကဲ့သို့တည်း။ ရောက်သည်နှယ်တည်း။ ရောက်သည့်သဖွယ်တည်း။

---

၁။ ဟိတောပဒေသ။ ဌ၊ ၇၂။

## ပုဂံဆရာတော် စာချအရှင်ဉာဏ

ပုဂံဆရာတော်ဟု ထင်ရှားသော ဆရာတော်အရှင်ဉာဏသည်လည်း မန္တလေးမြို့ မြောက်ပြင် မင်္ဂလာရာမတိုက်ကြီး၌ စာပေချပို့ သာသနာပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်ရှင်ရဟန်းပြုခြင်း

အရိမဒ္ဒနပုဂံမြို့နယ်၌ သက္ကရာဇ် ၁၁၈၀–ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ မင်္ဂလာရာမတိုက်ကြီးအတွင်း၌ ပုဂံဆရာတော်ဟု ထင်ရှားသည်။ မင်္ဂလာရာမဆရာတော်ဘုရားကြီး"ရာဇာဓိရာဇဂုရု" ၂–ထပ်ရ အရှင်ဝိစိတ္တ မဟာထေရ်က ပုဂံဘုန်းကြီးဟုခေါ်ဝေါ်၍ အခြားရဟန်းသာမဏေများက ပုဂံဆရာတော်ဟုခေါ်ဝေါ်ကြသည်။

## ပညာသင်ကြားတော်မူခဲ့ခြင်း

မင်္ဂလာရာမဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တစသည်တို့ထံ ပိဋကတ်အခြေခံကျမ်းဂန်များနှင့်တကွ ဂန္ထန္တရအဝဝကို မဟုဿာဟ ဖွဲလုံ့လဖြင့် သင်ယူတော်မူခဲ့ရာ စာပေကျမ်းဂန်အရပ်ရပ် ကျွမ်းကျင်တော်မူခဲ့လေသည်။

## စာပေချပို့ သာသနာ့ဝန်ထမ်းဆောင်ခြင်း

ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ၏အမိန့်အရ ဆရာတော်ဘုရားကြီး၏အောက်မှ လက်ထောက်ဆရာဖြစ်၍ နေ့ဝါညဝါကျမ်းစာချပို့ သာသနာပြုတော်မူခဲ့လေသည်။ ရံဖန်ရံခါ ဆရာတော်ဘုရားကြီးကိုယ်စား သာသနာရေးကိစ္စကြီးများကိုပင် ဆောင်ရွက်တော်မူလေသည်။

## မင်းမိဖုရားနှစ်ပါးတို့၏ ဘွဲ့မည်နာမ ဆွေးနွေးပွဲပါဝင်ခြင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားကြီး အဘိတ်သိက်ခံ၍ဦးကင်တော်ဖွင့် တံဆိပ်နာမံတော် ခံတော်မူကြမည်ဖြစ်သဖြင့် သက္ကရာဇ် ၁၂၃၆-ခုနှစ် ကဆုန်လဆန်း ၅-ရက်နေ့တွင် ဆရာတော်သံဃာတော်များနှင့်တကွ မင်းညီမင်းသားဝန်ကြီး၊ အတွင်းဝန်များ၊ ပုဏ္ဏားပညာရှိများ စသည်ပါဝင်လျှက် ဇေတဝန်ဆောင်တော်၌ စည်းဝေညီမူစေတော် မူလေသည်။ ယင်းအစည်းအဝေး၌ မင်းတရားကြီး၏ 'သီရိပဝရ ဝိဇယာနန္တယသ ပဏ္ဍိတ တြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ''နာမံတော်နှင့် မိဖုရားခေါင်ကြီး၏ ''သီရိပဝရအတုလ တိလောကမဟာရာဇိန္ဒာဓိပတိရတနာဒေဝီ''ဟူသော တံဆိပ်နာမံတော်များကို ဆန်းနည်း အလင်္ကာနည်း သဒ္ဒါနည်း ဗေဒင်နည်းတို့ဖြင့် စိစစ်ဆွေးနွေးကြကုန်၏ ယင်းအစည်းအဝေးတွင် ပုဂံဆရာတော် အရှင်ဉာဏသည် မဏ္ဍလာရာမတိုက်ကိုယ်စားပြု ကြွရောက်ဆွေးနွေးတော်မူခဲ့လေသည်။

ဆရာတော်အရှင်ဉာဏနှင့်အတူ-

၁။ ငွေးချိုဆရာတော်။
၂။ ဆီးပန်းနီဆရာတော်။
၃။ မက္ခရာဆရာတော်။
၄။ သစ်ဆိမ့်ဆရာတော်။
၅။ လှထွေဆရာတော်။
၆။ ဗန်းမော်ဆရာတော်။
၇။ ဝိစိတ္တာရာမဆရာတော် တို့လည်းပါဝင်ကုန်၏။

ဆရာတော်အရှင်ဉာဏနှင့်တကွ သံဃာတော် ၈-ပါးဖြစ်ကုန်၏။

## ဘဝနတ်ထံပြန်လွန်တော်မူခြင်း

ယင်းသို့သာသနာကျိုးသည်ပိုး ဆောင်ရွက်ဆဲဖြစ်စဉ် ပြုလုပ်ဆဲလုပ်ငန်း အရပ်ရပ်တို့ကိုထားခဲ့ကာ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## သံဝေဂယူရန်

**သံယောဂေါ ဟိ ဝိယောဂဿ၊သံသူစယတိ သမ္ဘဝံ။**
**အနတိက္ကမနိယဿ၊ဇာတိဝ မစ္စုနောဂမံ။**

သံယောဂေါ၊ သတ္တဝါခပင်းတို့ အချင်းချင်းပေါင်းဆုံမိခြင်းသည်။ ဝိယောဂဿ၊ ကွေကွင်းကွဲကွာရခြင်း၏။ သမ္ဘဝံ၊ ကေန်မချွတ် မလွတ်အမှန် ဖြစ်ရန် အကြောင်းကို။ သံသူစယတိဟိ၊ ပြသည်သာ။ ကိမိဝ၊ စံပြုစရာ ဥပမာ အဘယ် ကဲ့သို့နည်းဟူမူကား။ ဇာတိ၊ ဘဝဟောင်းကိုစွန့်ပစ် ဘဝသစ်ဝယ် ဖြစ်ရခြင်းသည်။ အနတိက္ကမနိယဿ၊ မည်သူမည်ဝါမျှ မှချကေန် မလွန်ဆန်နိုင်သော။ မစ္စုနော၊ သေမင်းခေါ်ကြား သေခြင်းသဘောတရား၏။ အာဂမံ၊ ကေန်မဖေါက် လာရောက်ခြင်းကို။ သံသူစယတိဣဝ၊ ပြသကဲ့သို့တည်း။ ဝါ၊ ပြသည်နှယ်တည်း။ ဝါ၊ ပြသည့် သဖွယ်တည်း။

■ ■ ■

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာ

ရန်ကုန်မြို့ ပုဇွန်တောင်နော်မံကျောင်းကြီးဆရာတော် အရှင်ပညာသည် လည်း မန္တလေးမြို့မြောက်ပြင် မဃ္ဃာလာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြားခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

### ဖွားမြင်တော်မူခြင်း

မုံရွာခရိုင် ဗန့်ကျီတိုက် အပါအဝင် ကျေးနင်းကြီးရွာ၌ အဖဦးဖြူး အမိဒေါ်ခြူ တို့မှ သက္ကရာဇ် ၁၂၀၇– ခုနှစ် တပို့တွဲလပြည့်ကျော် ၈– ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ကျောင်းနေ ပညာသင် သာမဏေဝတ်ခြင်း

၈–နှစ်သားအရွယ်တွင် လှေတင်ကျောင်း ဘုန်းတော်ကြီး အရှင်ကလျာဏ ထံ သင်ပုန်းကြီး, မင်္ဂလသုတ်, ပရိတ်ကြီး, လောကနီတိစသည့် အခြေခံစာပေများ ကို သင်ယူတော်မူခဲ့သည်။ ၁၃–နှစ် ၁၄–နှစ်ခန့်တွင် ရှင်သာမဏေပြု၍ သာသနာ့ ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

### မဃ္ဃာလာရာမတိုက်သို့

သက်တော် ၁၆–နှစ်သားအရွယ်တွင် မန္တလေးမြို့မြောက်ပြင် မဃ္ဃာလာရာမ တိုက် မင်းတပ်ဗိုလ်မှူးကျောင်း၌ သီတင်းသုံး၍ ဦးရီးတော်ဘုန်းတော်ကြီး ဝိနည်း ၅–ကျမ်းပြုန် ပဌမစာချဆရာတော် အရှင်ဇိနထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်၊ သဒ္ဒတ္ထ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝစ္စဝါစက၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း–စသည် ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ အထူးသဖြင့် ပြည် ဆရာတော်ဘုရားကြီးစီရင်တော်မူခဲ့သော ဓာတုမာလာကျမ်းကို ကျနစွာ သင်ယူခဲ့ လေသည်။

## ရဟန်းဘဝဒုလ္လဘသို့

သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၂၈-ခုနှစ်တွင် ကျေးနင်းကြီးရွာသိမ်၌ ပုလဲဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အရှင်သုမင်္ဂလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ပညာဖြစ်လေသည်။

ဥပဇ္ဈ သော ကရိတွာန၊ သုမင်္ဂလံ သုဗုဒ္ဓိမံ။
ဒုလ္လဘံ သမ္ပတွော ဓီရော၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

## ဆက်လက်ပညာသင်ကြားခြင်း

ရဟန်းတော်အရှင်ပညာသည် မဏ္ဍလာရာမဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ၊ စံကျောင်းဆရာတော်ဘုရားကြီး အရှင်သုဒဿန၊ သစ်ဆိမ့်ဆရာတော် စသည်တို့ထံ၌လည်း ဆက်လက်၍ ပညာသင်ကြားတော်မူခဲ့လေသည်။ မြင်းမူမြို့နယ် တွင်းကြီးရွာမြောက်ကျောင်း၌ သီတင်းသုံးတော်မူသည့် ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ တွင်းကြီးဆရာတော် အရှင်ဝိလာသထံ၌ ၃-နှစ်ကြာမျှ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို သင်ယူတော်မူခဲ့လေသည်။

၎င်းနောက် မန္တလေးမြို့သို့ ပြန်ကြွတော်မူ၍ ဆက်လက်ပညာသင်ကြား တော်မူခဲ့ပြန်လေသည်။ ဝိနည်းငယ်လေးစောင်ကိုလည်း အမြဲတမ်းဆောင်တော် မူလေ့ရှိ၏။ အရှေ့ပြင် စည်ပုတ္တရာတိုက်၊ မြောက်ပြင်ဓမ္မိကာရာမတိုက်၊ အနောက် ပြင်စကုတိုက်၊ တောင်ပြင်အသောကာရာမတိုက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်တို့ ၌လည်း သီတင်းသုံး၍ စာပေသင်ကြား ပို့ချခဲ့တော်မူခဲ့လေသည်။

၎င်းပြင် ရေစကြိုမြို့ အရှင်ဝရသမ္ဘောဓိထံ ၄-လခန့် ပညာဆည်းပူးခဲ့ သည်။ မန္တလေးအရှေ့ပြင် စလင်းတိုက်၊ မောင်းထောင်တိုက်တို့၌လည်း ပညာ သင်ကြား လေ့လာတော်မူခဲ့လေသည်။

## မြင်းခြံ လေ့ကုတ်၌ စာချ

ပညာစုံလင်စွာ တတ်မြောက်ပြီးနောက် မြင်းခြံမြို့နယ် လေ့ကုတ်ရွာ၌ သံဃာ တော်များစွာတို့အား စာပေပို့ချ၍ ပရိယတ္တိသာသနာကို များစွာချီးမြှောက်တော် မူခဲ့လေသည်။ ၎င်းပြင် ဟသ်ာတမြို့၌ သီတင်းသုံး၍ သာသနာတော်ကို ချီးမြှောက်

တော်မူခဲ့လေသည်။ ၁၂၄၉–ခုနှစ်တွင် ရန်ကုန်မြို့ ကြွရောက်၍ ဆားလင်းကြီးတိုက်၊ ကျိုက်ထီးရိုးတိုက်၊ ကျောက်တိုင်တိုက်တို့၌လည်း သီတင်းသုံး စာပေချပို့တော်မူခဲ့လေသည်။

## နော်မံကျောင်းကြီးတိုက် အလှူခံစာချ

သက္ကရာဇ် ၁၂၅၀–ပြည့်နှစ်တွင် ကျောင်းဒကာကြီးဦးပိုက် ကျောင်းအမဒေါ်သူတို့နှင့် အများဒကာဒကာမတို့က ဝတ္ထုငွေ ၂၀၀၀၀(နှစ်သောင်း)ကျော်ဖြင့် ပုဇွန်တောင် နော်မံကျောင်းကြီးကိုဝယ်၍ ဆရာတော်အရှင်ပညာအား တင်လှူကိုးကွယ်ကြကုန်၏။ ဆရာတော်သည် နော်မံကျောင်းကြီးတိုက်၌ သံဃာတော် ၁၀၀–ကျော် ၂၀၀–ခန့်တို့အား စာပေပို့ချ သာသနာပြုတော်မူခဲ့လေသည်။ ယင်းသို့ နော်မံကျောင်းကြီး၌ စာပေပို့ချ၍ စာပွဲသဘင် ဆင်ယင်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၈–နှစ်မျှ ကြာညောင်းခဲ့လေသည်။

## အခြားဌာနများ၌ သီတင်းသုံးခြင်း

ကျေးနင်းရွာနှင့် ဆင်ရှင်အကြားတောကျောင်း၊ တောင်ငူစီရင်စုရွှေကျင်နယ် ခရဲရွာတောကျောင်း။ ပျဉ်းမနားမြို့အနီး ဗုဒ္ဓိတောကျောင်းတို့၌လည်း သီတင်းသုံး၍ ပဋိပတ်အလုပ် အားထုတ်တော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် ပရိယတ် ပဋိပတ်အလုပ်အားထုတ်တော်မူသည့် ကြားကာလ၌–

၁။ နဝင်္ဂတ္ထရပါဠိတော်နိဿယ

၂။ ဝိနိစ္ဆယမျိုးစုံ

စသည် ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ယင်းသို့ ပရိယတ္တိဓုရန္ဓရဂုဏ်၊ ပဋိပတ္တိမာမကဂုဏ်၊ ဂန္ထကာရကဂုဏ်စသည်တို့ကြောင့် သက္ကရာဇ် ၁၂၇၇–ခုနှစ်တွင် အင်္ဂလိပ်မင်း အစိုးရလှူဒါန်းသည့်

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ယင်းသည့် ၁၂၇၇–ခုနှစ်က ဆရာတော်အရှင်ဝိလာသ ခင်မကန်တိုက် အရှေ့ပြင်မန္တလေး၊ ဆရာတော်အရှင်ဉာဏ အတုမရှိတိုက် အရှေ့ပြင်မန္တလေး၊ ဆရာတော် အရှင်ခန္တီ မကုဋ္ဌာရာမတိုက် မန္တလေးတို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူကြသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ပရိယတ်,ပဋိပတ်အလုပ်၌ စွန့်စွန့်စားစား အားထုတ်ဆောင်ရွက်တော်မူခဲ့သော မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမတိုက်ထွက် ရန်ကုန်မြို့ နော်မံကျောင်းကြီး ဆရာတော်ဘုရားကြီး အရှင်ပညာသည် သက်တော် ၈၉–နှစ် သိက္ခာတော် ၆၉–ဝါရှိရာ ၁၂၉၆–ခုနှစ်တွင် တော်သလင်းလဆန်း ၉–ရက် တနင်္ဂနွေနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာနုပရိယာယေယျုံ၊ နိပ္ပေါထေန္တာ စတုဒ္ဒိသာ။
ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။
န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ။
န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ။[၁]

နဘံအာဟစ္စ၊ မိုးထိပေါက်မြောက်တိုင်ရောက်အောင်။ ဝိပုလာ၊ ကြီးမားကုန်သော။ သေလာ၊ ကျောက်အတိပြီးကုန်သော။ ပဗ္ဗတာ၊ တောင်လေးလုံးတို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ စတုဒ္ဒိသာ၊ အရပ်လေးမျက်နှာမှ။ နိပေါထေန္တာ၊ သတ္တဝါတို့ကို မှုန့်မှုန့်ညက်ညက်ကြိတ်ချေဖျက်ဆီးကုန်လျက်။ အနုပရိယာယေယျုံ ယထာပိ၊ လှည့်လည်ကုန်ရာသကဲ့သို့လည်း။ ဧဝံ–တထာ၊ ထို့အတူ။ ဇရာ စ၊

---

၁။ သံ၊ ၁။ ၁၀၂။ ပဗ္ဗတူပမသုတ်။

သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော့မှုဇရာသည်လည်းကောင်း။ မစ္စူ၊ စုတိပျက်ကျွေသေလွန်ခြင်းသည်လည်းကောင်း။ ခတ္တိယေ၊ မင်းမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဗြာဟ္မဏေ၊ ပုဏ္ဏားမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဝေသေ၊ သူကြွယ်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ သုဒ္ဒေ၊ သူဆင်းရဲမျိုးတို့ကိုလည်းကောင်း။ စဏ္ဍာလပုက္ကုသေ၊ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ ပါဏိနေ၊ ဖော်ပြထုတ်ဆိုပုဂ္ဂိုလ်သတ္တဝါတို့မှကြွင်းသော လောကမှီတင်းသတ္တဝါခပင်းတို့ကိုလည်းကောင်း။ အဓိဝတ္တန္တိ၊ လွှမ်းမိုးကြိတ်ဖျက် နှိပ်စက်ညှင်းပန်း သတ်ဖြတ်ကုန်၏။ ကဥ္စိ၊ တစုံတယောက်မျှ။ နပရိဝဇ္ဇေတိ၊ မရှောင်ကြဉ်။ သဗ္ဗမေဝ၊ တစ်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံသောသတ္တဝါတို့ကိုသာလျှင်။ အဘိမဒ္ဒတိ၊ ကြိတ်ချေနှိပ်စက်၏။ တတ္ထ၊ ထိုသေခြင်းတရား နှိပ်စက်ဖျက်ဆီးရာ၌။ ဟတ္ထီနံ၊ ဆင်စီးသူရဲတို့၏။ ဘူမိ၊ အောင်နိုင်ရာသည်။ ဝါ၊ အောင်ရာကေန် အောင်မြေမွန်သည်။ နအတ္ထိ၊ မုချပုံသေ မရှိပါချေ။ ရထာနံ၊ ရထားစီးသူရဲကောင်းတို့၏။ ဘူမိ၊ အောင်နိုင်ရာသည်။ ဝါ၊ အောင်ရာကေန် အောင်မြေသည်။ န အတ္ထိ၊ မုချပုံသေ မရှိပါချေ။ ပတ္တိယာ၊ ခြေသည်သူရဲတပ်သားများ၏။ ဘူမိ၊ အောင်နိုင်ရာသည်။ ဝါ၊ အောင်ရာကေန် အောင်မြေမွန်သည်။ နအတ္ထိ၊ မုချပုံသေ မရှိပါချေ။ မန္တယုဒ္ဓေနစာပိ၊ အာထဗ္ဗဏဗေဒင်စီရင်ဆောင်ရွက်ချက်ဖြင့်လည်း။ ဇေတုံ၊ အောင်မြင်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်းပါချေ။ ဓနေနဝါ၊ ဥစ္စာပစ္စည်း ပေးသဖြင့်သော်လည်း။ ဇေတုံ၊ အောင်နိုင်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်းပါချေ။

■ ■ ■

## ပဌမကျော် ပဌမစာချဆရာတော် အရှင်အာဒိစ္စ

ပဌမကျော် ပဌမစာချဆရာတော် အရှင်အာဒိစ္စသည် မဏ္ဍလာရာမတိုက်၌ သာမဏေဝတ်ဖြင့် ရောက်ရှိ၍ နှစ်ပေါင်းများစွာ သီတင်းသုံး၍ စာပေကျမ်းဂန် သင်ကြား ချပို့တော်မူခဲ့သည့် မဏ္ဍလာရာမ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေ သည်။

## ဖွားမြင် ရှင်,ရဟန်းပြုခြင်း

ရမည်းသင်းစီရင်စု အလယ်ကုန်းရွာ၌ အဖဦးတုပ်ပေါ် အမိဒေါ်တူးတို့မှ သက္ကရာဇ် ၁၂၀၈–ခုနှစ်၊ တော်သလင်းလဆန်း ၈–ရက်၊ တနင်္ဂနွေနေ့တွင် တစ်ချက် တီးကျော်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်အုန်းဖြစ်လေသည်။ သက်တော် ၉–နှစ်ရှိရာ သက္ကရာဇ် ၁၂၁၇–ခုနှစ်တွင် အင်းကုန်းကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော်အရှင်သုဒဿနထံ ရောက်ရှိ၍ အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၂၃–ခုနှစ်တွင် ဆရာတော်အရှင် သုဒဿနကို ဉပဇ္ဈာယ်ပြု၍ သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေ သည်။ သက်တော် ၂၀–တွင် မန္တလေးမြို့ မဏ္ဍလာရာမ(ပြည်)တိုက် ဒုတိယ ပြည်ဆရာတော်ဟုထင်ရှားသော ''ဝိစိတ္တာလင်္ကာရဉာဏဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရုနှင့် ဝိစိတ္တာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော် အားဖြင့် ဘွဲ့တံဆိပ်တော် ၂–ထပ်ရ သုဓမ္မာဝင်ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ မဟာထေရ်ကို ဉပဇ္ဈာယ်ပြု၍ ရဟန်းဘာဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

## မဏ္ဍလာရာမတိုက်သို့ ရောက်ရှိပညာသင်ခြင်း

သက်တော် ၁၉–နှစ်အရွယ်ရှိရာ ၁၂၂၇–ခုနှစ်တွင် မန္တလေးမြို့ မြောက်ပြင် မဏ္ဍလာရာမတိုက်သို့ ရောက်ရှိသီတင်းသုံးကာ ဆရာတော်ဘုရားကြီးအရှင်ဝိစိတ္တနှင့် စာချဆရာတော်များထံ နေ့ဝါ ညဝါ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေ သည်။

## ပထမကျော်အောင်မြင်တော်မူခဲ့ခြင်း

ရဟန်းမဖြစ်မီ ပဥ္စမသံဂါယနာတင်မင်းတုန်းမင်းလက်ထက် ၁၂၂၈–ခုနှစ်၊ နယုန်လတွင်ကျင်းပသည့် ပထမပြန်စာပွဲသဘင်ကြီး၌ သဒ္ဒါ သင်္ဂြိုဟ်မှစ၍ ပဋ္ဌာန်း ၆–တိုက်တိုင်အောင်ပြန်ဆို၍ ပထမကျော်အောင်ပန်းကို ဆွတ်လှမ်းတော်မူခဲ့လေသည်။ ထိုစဉ်ကပင် ပထမကျော်စာပေတော်သူ အရှင်အာဒိစ္စဟု ကျော်စောခဲ့လေသည်။

## ပဥ္စမစာတော်ချအင်္ဂါနှင့် ပြည့်စုံသူဖြစ်ခြင်း

ပဥ္စမကျော်အောင်သော်လည်း စာသင်မရပ်ဘဲ ဂန္ထန္တရအဝဝကို သဲသဲမဲမဲ ကြိုးစားသင်ယူတော်မူခဲ့လေသည်။ မဟာဇောတိကာရာမ စံကျောင်းဆရာတော်ထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။ ယင်းသို့ သင်ယူတော်မူခဲ့ရာ ပဥ္စမစာတော်ချ အရည်အချင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ပဥ္စမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အရည်အချင်း ဂုဏ်အင်္ဂါ

ဤ၌ ခေတ္တရပ်၍ ပဥ္စမစာတော်ချအရည်အချင်းဂုဏ်အင်္ဂါ၊ ဒုတိယစာတော်ချအရည်အချင်းဂုဏ်အင်္ဂါ၊ တတိယစာတော်ချ အရည်အချင်းဂုဏ်အင်္ဂါတို့ကို ကြည့်ရှုမှတ်သားရာ၏။

ပဥ္စမစာတော်ချရဟန်းတော်၏ အရည်အချင်းအင်္ဂါမှာ–

(၁)၊ ဝါကျသွား ဝါကျလာတို့ကို အကျယ်ဝေဖန်နိုင်၍ ဓာတ်၊ ပစ္စည်း၊ ပုဒ်၊ ပါဠိ၊ ဝိဂြိုဟ်ဝစနတ်များကို မှန်ကန်စွာပြုနိုင်ခြင်း။

(၂)၊ ဂါထာ၊ ပါဠိရေးသား ဖွဲ့စီတတ်ခြင်းနှင့်တကွ ပဒဒေါသစသော အလင်္ကာနည်းတို့ကို အကြွင်းမဲ့သိခြင်း။

(၃)၊ နေတ္တိနည်းကို အကျယ်သိခြင်း။

(၄)၊ ပဋိစ္စသမုပ္ပါဒ်နည်းကို အကျယ်သိခြင်း။

(၅)၊ ပဋ္ဌာန်းနည်းကို အကျယ်သိခြင်း

အားဖြင့် ၅–ပါးဖြစ်သည်။ ယင်းအင်္ဂါ ၅–ပါးနှင့်ပြည့်စုံစွာ စာပေကျမ်းဂန်တတ်မြောက်

ကျွမ်းကျင်သည့် ရဟန်းတော်အား ဘုရင်မင်းမြတ်က ပဌမစာတော်ချအဖြစ်ဖြင့် အသိအမှတ်ပြု ဘွဲ့တံဆိပ်တော်အပ်၍ လစဉ်ဆွမ်းဆန်တော်၅-တင်း၊ သို့မဟုတ်၊ ဆွမ်းဆန် ၅-တင်းတန်ငွေအသပြာကပ္ပိယကာရကက လှူဒါန်းတော်မူစေခဲ့လေသည်။

ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ပဌမာ။

ကေရာဇ်မင်း၊ ထောက်လှူသွင်း၊ ငါးတင်းဆန်တော်မှာ။[၁] ၎င်းပြင်-

(၁) ကျမ်းရိုးငါးချက် အတက်အထွက်ကို နှုတ်တက်ပိုင်ပိုင်နိုင်နင်းခြင်း။

(၂) ဗျဉ္ဇနပုဒ္ဒိဆယ်ပါး၊ ဗျဉ္ဇနနယကိုးပါး၊ ဒဗ္ဗစသောသဒ္ဒါငါးပါးကိုတတ်သိနားလည်ခြင်း။

(၃) ဉာသ်ကောက်ခေါ် ခာတ် ပစ္စည်း အရကောက်တို့ကိုနားလည်ကောက်တတ်ခြင်း။

(၄) ဂါထာပါဠိ၊ စုဏ္ဏိယများကို မဖွဲ့မစီနိုင်သော်လည်း ဆန်းလင်္ကာများကို ကုန်စင်အောင်တတ်သိခြင်း-ဟူသော ဤအင်္ဂါလေးပါးနှင့်ပြည့်စုံအောင် စာပေကျမ်းဂန်တတ်ရဟန်းတော်အား ဒုတိယစာတော်ချအဖြစ်ဖြင့်ကိုးကွယ်၍ ဆွမ်းဆန်တော်လေးတင်း သို့မဟုတ် ဆွမ်းဆန်တော်လေးတင်းတန် ငွေအသပြာရစ်ကျပ်လှူဒါန်းတော်မူလေသည်။

လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ဒုတိယာ၊

လေးတင်းစာအပ်၊ လူတို့လာဘ်၊ ရစ်ကျပ်ရသင့်ပါ။[၁]

၎င်းပြင်-

(၁) သဒ္ဒါ၊ ပညတ်၊ ပရမတ်စသောအထွက်အတက်အမျိုးမျိုးတို့၌ သမရိုးကျထွက်တက်တတ်ခြင်း။

(၂) ကာရက၊ အကာရက၊ ကြိယာစသော စာစပ်မျိုးတို့ကို နားလည်ကျွမ်းကျင်ခြင်း။

(၃) သံဝဏ္ဏနာခြောက်ရပ် ပုဒ်,ပါဠ်တွေ့တိုင်း လှည့်လည်ဖွင့်ပြနိုင်ခြင်း

---

၁။ ဓမ္မဝါစကူပဒေသစာတမ်း။

ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသောတတ်မြောက်ကျွမ်းကျင်သော ရဟန်းတော်အား တတိယစာတော်ချအဖြစ်ဖြင့် အသိအမှတ်ပြုကိုးကွယ်ပြီး ဆွမ်းဆန်တော်သုံးတင်း သို့မဟုတ် ဆွမ်းဆန်တော်သုံးတင်းတန် ငွေအသပြာခြောက်ကျပ် လှူဒါန်းတော်မူလေသည်။

ထွက် တက်စာစပ်၊ ဖွင့်ခြောက်ရပ်၊ စုံအပ်တတိယာ။

ဆန်သုံးတင်းတန်၊ ပစ္စည်းမှန်၊ ကောန်ရသင့်ပါ။[၁]

## ပဌမစာတော်ချဖြစ်ခြင်း

ပဌမကျော် ရဟန်းတော်အရှင်အာဒိစ္စသည် ပဌမစာတော်ချ အရည်အချင်းအင်္ဂါရပ်နှင့် ပြည့်စုံသည့်စာတတ်ပုဂ္ဂိုလ်ဖြစ်သည့်ပြင် များစွာသောရဟန်းသာမဏေစာသင်သားတို့အား စာပေချပို့ပရိယတ္တိသာသနာတော်ကို ချီးမြှောက်သဖြင့် ၁၂၃၅-ခုနှစ်တွင် ပဌမသင်္ဂါယနာတင်မင်းတုန်းမင်းတရား၏ ပဌမစာတော်ချအဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။

ဂန္ထဝိစကဘာဝေန၊ ပဌမေန အနုဂ္ဂဟီ။
အာဒိစ္စံ အာဒိစ္စပန္နံ၊ သဗ္ဗညုသာသနေ ရတံ။

၁၂၄၀-ပြည့်နှစ်တွင် ပဥ္စမသင်္ဂါယနာတင်မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် သီပေါမင်းတရား၏ ဆက်လက်ကိုးကွယ်ခြင်းကို ခံတော်မူရလေသည်။

## လူအဖြစ်သို့ရောက်ရှိခြင်း အဘိဓမ္မာညဝါများချပို့ခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့တွင် သီပေါမင်း တရားပါတော်မူသဖြင့် ထီးကျိုးစည်ပေါက်ဖြစ်စဉ် ပဌမကျော် ပဌမစာချ ရဟန်းတော်အရှင်အာဒိစ္စသည် ''ယောနိသော မနသိကာရ'' နည်းပါးကာ စိတ်မြန် ကိုယ်မြန်ဆုံးဖြတ်ပြီး လူ့ဘောင်သို့ဆင်းခဲ့လေသည်။ ယင်းသို့ဖြစ် သော်လည်း ကြောင့်ကြမဲ့မနေပဲ အမရပူရမြို့၌ သက်တော် ၇၉-နှစ်တိုင်အောင် အဘိဓမ္မာညဝါများ ချပို့ခဲ့လေသည်။

---

၁။ ဓမ္မဝိစက္ခုပဒေသစာတမ်း။

## အဘိဓမ္မာတံခွန် ကျမ်းကြီးပြုစီရင်ခြင်း

လူဖြစ်သောအခါ ပဌမကျော်ဆရာကြီးဦးအုန်းဟု ထင်ရှားလေသည်။ ဆရာကြီးသည် အမရပူရမြို့ ပန်းဘဲတန်းရပ်၌ အိမ်ထောင်ကျ၍ သမီးတယောက်ထွန်းကားလေသည်။ နောက်တွင်အိမ်ထောင်နှင့် ကွဲခဲ့လေသည်။ ဆရာကြီးသည် လွတ်လွတ်ကျွတ်ကျွတ် အမရပူရမြို့ မင်္ဂလာရာမတိုက်ဇရပ်၌နေထိုင်၍ မာတိကာ ဓါတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းညဝိကျမ်းကြီးများကို ချပို့သာသနာပြုချီးမြှောက်ခဲ့လေသည်။ ၎င်းပြင် ဓါတုကထာဥဒါနသင်္ဂဟဂါထာများ၊ ဓါတုကထာဥဒါနသင်္ဂဟဂါထာများနိဿယ၊ ယမိုက်ဆယ်ကျမ်းမှတ်ရန်များ၊ ပဋ္ဌာန်းပုစ္ဆာဝါရမှတ်ရန်၊ ပဋိစ္စဝါရ၌သင်္ချာဝါရမှတ်ရန်၊ ပစ္စယုဒ္ဒါရထုတ်ပုံ၊ ပဉှာဝါရပစ္စနိက်ပစ္စည်းမျိုးသင်္ချာထုတ်ပုံ၊ ပဉှာဝါရအနုလောမပစ္စနိက်၌ ပစ္စည်းမျိုးသင်္ချာထုတ်ပုံတို့ဖြင့် တန်ဆာဆင်၍ အဘိဓမ္မာတံခွန်ကျမ်းကြီးကိုလည်းပြုစီရင်ခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက်စာမျက်နှာ ၄၅၀–ခန့်ရှိလေသည်။

## ကွယ်လွန်ခြင်း

ယင်းသို့ ရဟန်းဘဝ လူ့ဘဝနှစ်ဘဝလုံး၌ ပရိယတ္တိသာသနာချီးမြှောက်ခဲ့သော မင်္ဂလာရာမတိုက်ထွက် မင်္ဂလာရာမတိုက်စာချပဌမကျော် ပဌမစာတော်ချ အရှင်အာဒိစ္စမှ ဦးအုံးတဖြစ်လဲဆရာကြီးသည် သက္ကရာဇ် ၁၂၈၇–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈–ရက်နေ့တွင် ကွယ်လွန်ခဲ့လေသည်။[၁]

## သံဝေဂယူရန်

(၁) နနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံးရှိစွတကား။
(၂) ဥစ္စာဆင်မြင်း ပေါ်များခြင်းကား ယိုယွင်းနောက်ဆုံးရှိစွတကား။
(၃) ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိစွတကား။
(၄) ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံးရှိစွတကား။
(၅) တက်ကြွားကြွားကြွကြွ မြင့်လွန်းကလည်း လျောကျနောက်ဆုံးရှိစွတကား။

---

၁။ မန္တလေးသာသနာဝင်–၂၁။ မဟာဇောတိကာရာမသာသနာဝင်လည်းကြည့်။

(၆) ခံ့မင်ယုယ ချစ်လွန်းကလည်း သောကနောက်ဆုံးရှိစွတကား။
(၇) ပွဲလယ်ပြင်ပ ချစ်မွမ်းကြလည်း ရှုတ်ချနောက်ဆုံးရှိစွတကား။
(၈) ကြည်သာရွှင်ပျ ချမ်းသာကြလည်း ဒုက္ခနောက်ဆုံးရှိစွတကား။

■ ■ ■

## စာချဆရာတော် အရှင်သာဂရ

ဆရာတော် အရှင်သာဂရသည်လည်း သက္ကရာဇ် ၁၂၅၀–ပြည့်နှစ်ပတ်ဝန်းကျင် ဤကာလတွင် မဏ္ဍလာရာမပြည်တိုက်ကြီးအတွင်း၌ ထင်ရှားသည့် စာချဆရာတော် ဖြစ်တော်မူသည်။

ဆရာတော် အရှင်သာဂရသည် ဆွမ်းခံဘုဉ်းပေး၍ စာပေချပို့ သာသနာချီးမြှောက်တော်မူခဲ့လေသည်။ တဘက်မှ အချိန်ထား၍ ပဋိပတ္တိအလုပ်ကို အားထုတ်တော်မူခဲ့လေသည်။ သို့ဖြစ်၍ အရှင်သာဂရသည် ပရိယတ်,ပဋိပတ်စွယ်စုံပုဂ္ဂိုလ်ထူးဖြစ်ကြောင်း သိရလေသည်။

မြင်းခြံမြို့ မြင်းခြံကိုးဆောင်မှ မဟာပရိတ်တော်ကြီး နိဿယသစ် စသည့် ကျမ်းဂန်အရပ်ရပ်ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝေပုလ္လာဘိဓဇသည် ဖေါ်ပြပါ မဏ္ဍလာရာမစာချဆရာတော် အရှင်သာဂရထံ နည်းနာနယအဝဝကို သင်ယူတော်မူခဲ့လေသည်။

ဆရာတော်အရှင်ဝေပုလ္လာဘိဓဇသည် ပရိတ်ကြီးနိဿယ ပဏာမနိဒါန်း၌–ရတနာပုဏ္ဏ နေပြည်တော်ရပ်ဌာန် မန္တလာရာမမည် ပြည်တိုက်ကြီးအတွင်း နှင်းအပ်သော စာချဌာနန္တရအရာ ဂန္ထန္တရအဖြာဖြာနှင့်တကွ အရှင်မဟာကဿပ ပဋိပတ်ရိပ်နှင့် တစိတ်တူပမာ ရှိန်ဝေလျှက် သမာဓိခြေအထူးကြီးကဲသဖြင့် ချီးဝှဲမကုန်နိုင်သော သမဏသာရုပ္ပ ဥက္ကဋ္ဌသဘော မောနေယျအသွင် အရည်ဝါသီ နာနာဌာန ကေစာရီ လာဝသီနှင့်တကွ ပါရမီပုည ဒဗ္ဗသမ္ဘာ ပြည့်စုံစွာသော အရှင်သာဂရ ဘွဲ့တော်သညာ ဟုချီးကျူးတော်မူခဲ့လေသည်။

## စုတိကမ္မဇရုပ်ချုပ်တော်မူခြင်း

မဏ္ဍလာရာမစာချအကျော်ဆရာတော်အရှင်သာဂရသည် ပရိယတ်ပဋိပတ် ဓုရနှစ်ရပ်ကို ထမ်းဆောင်စဉ် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

– သင်္ခါရာ၊ ရုပ်နာမ်နှစ်ဝ သင်္ခါရတို့သည်။ အနိစ္စာဝတ၊ ဖြစ်ပြီး၍ ထင်ရှားမရှိကုန်ခြင်းကြောင့် စင်စစ်မုချ မမြဲကုန်စွ့တကား။

■ ■ ■

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
## ဆရာတော် အရှင်ဝေပုလ္လာဘိဝံသ

မြင်းခြံမြို့ ကိုးဆောင်တိုက် ဝေဇယန္တာအုတ်ကျောင်းဆရာတော် အရှင်ဝေပုလ္လာဘိဝံသသည်လည်း မဏ္ဍလာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး စာပေကျမ်းဂန် သင်ယူတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

မြင်းခြံခရိုင် တောင်သာမြို့နယ် နွားတဲရွာ၌ မြို့စာရေးကြီးအဖြစ် ပိုလ်တပ်ရေးကြီးအဖြစ်, ဝန်စာရေးကြီးအဖြစ်, အိမ်ဦးတရားသူကြီးအဖြစ် စသည်တာဝန်များကို ထမ်းဆောင်ခဲ့သော အဖ ဘုရားဒါယကာဦးစို, အမိ ဘုရားဒါယိကာမဒေါ်မှုံတို့မှ သက္ကရာဇ် ၁၂၂၄-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာသည် မွေးချင်းခြောက်ယောက်ရှိရာ စတုတ္ထမြောက် ဖြစ်လေသည်။ ငယ်မည် မောင်အေးဖြစ်သည်ဟု သိရသည်။

## ကျောင်းနေပညာသင် သာမဏေဝတ်
## သာသနာ့ဝန်ထမ်းဆောင်ခြင်း

ဆရာတော်လောင်းလျာ မောင်အေးသည် မိဖတို့အပ်နှံသဖြင့် ရှစ်နှစ်သားအရွယ်တွင် နွားတဲကျောင်းဆရာတော် ဦးမြတ်အေးခေါ် ဆရာတော် အရှင်ယုဂန္ဓရထံရောက်ရှိ၍ သင်ပုန်းကြီး, ရတနာရွှေချိုင့်, အတွင်းအောင်ခြင်း, အပြင်အောင်ခြင်း, နမက္ကာရဘုရားရှိခိုး, ပရိတ်ကြီး, လောကနီတိ, ဇာတ်တော်ကြီး စသည်များကို သင်ယူတော်မူခဲ့လေသည်။

တစ်ဆယ့်နှစ်နှစ်သားအရွယ်တွင် သာမဏေဝတ်၍ ရှင်ကျင့်ဝတ်, သဒ္ဒါ, သင်္ဂြိုဟ်, ပါတိမောက်, သဒ္ဒတ္ထဘေဒစိန္တာ, ဝိဓိလက်ရိုးစသည်တို့ကိုသင်ယူ၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဝေပုလ္လ (ရှင်ဝိပုလ) ဖြစ်လေသည်။

## တောင်သာမြို့ မြို့ရှေ့ကျောင်း ရောက်ရှိပညာသင်ကြားခြင်း

ရှင်ဝိပုလသည် ကဗျာလင်္ကာဝါသနာပါသူဖြစ်ရာ ကဗျာလင်္ကာများစွာတို့ကို ဖွဲ့ဆိုရေးသားခဲ့လေသည်။ သို့နှင့် ဥပဇ္ဈာယ်ဆရာတော် အရှင်ယုဂန္ဓရက နှင် သာမဏေဝတ်နှင့်(သင်္ကန်းဝတ်နှင့်) မတော်မတဲ့ ကဗျာလင်္ကာဖွဲ့ဆိုသည်။ ငါ့ကျောင်း မှာမနေနှင့်ဟု နှင်ထုတ်သဖြင့် သက်တော် ၁၈–နှစ်သားအရွယ်တွင် တောင်သာမြို့ မြို့ရှေ့ကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့လေသည်။ နွားတဲဆရာတော် အရှင်ယုဂန္ဓရသည် ဝိနည်းမိုရ်ပုဂ္ဂိုလ်ဖြစ်ရာ ဝိနည်းအလွန်လေးစားသောဟူ၏။

ရှင်ဝေပုလ္လသည် မြို့ရှေ့ကျောင်းဆရာတော် အရှင်စိတ္တထံတွင် ပါရာဇိကဏ်ပါဠိ အဋ္ဌကထာ သီလက္ခန် ပါဠိ အဋ္ဌကထာ ဓမ္မသင်္ဂဏီ ပါဠိ အဋ္ဌကထာ တို့ကို သက်တော် ၂၀–မပြည့်မီအတွင်း ပေါက်ရောက်အောင် သင်ယူတော်မူခဲ့လေသည်။

## ရဟန်းအဖြစ်သို့ရောက်ခြင်း

သက်တော် ၂၀–ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၄၄–ခုနှစ်တွင် တောင်သာမြို့ မြို့ရှေ့ကျောင်း ခဏ္ဍသိမ်တော်၌ မြို့ရှေ့ကျောင်း ဆရာတော် အရှင်စိတ္တမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လောကိယသမ္ပဒါတို့ထက် မြင့်မြတ်အထက်တန်းကျသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းဟူသော ရဟန်းဘာဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ စိတ္တံ ဝိစိတ္တဝါစကံ။
ဒုလ္လဘံ ဝေပုလ္လော ပတ္တော၊ ဒုလ္လဘဖိနသာသနေ။

## မြင်းခြံမြို့ ကိုးဆောင်တိုက်သို့ ရောက်ရှိ ဆက်လက်ပညာသင်ခြင်း

ရဟန်းဖြစ်ပြီးနောက် မြင်းခြံမြို့ ကိုးဆောင်တိုက်သို့ ရောက်ရှိ၍ ကိုးဆောင်တိုက်ကြီး ဒုတိယ, တတိယဆရာတော်များဖြစ်ကြသော အရှင်ပညာဇောတ, အရှင်ဇောတတို့၏ အန္တေဝါသိက ဝိနယဓရအရာ၌ထင်ရှားသော ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်အရာအဆက်ဆက်ကို ထမ်းရွက်တော်မူခဲ့သော ကိုးဆောင်တိုက် စတုတ္ထမြောက်ဆရာတော် အရှင်ဝိမလဗုဒ္ဓိထံတွင် နိကာယ်ကျမ်းဂန်ကြီးများကို မဟုဿာဟ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## မန္တလေးမြို့ မဏ္ဍလာရာမတိုက်၌ ပညာသင်ကြားခြင်း

ငင်းနောက် မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူကာ ထိုစဉ်က မဏ္ဍလာရာမတိုက်၌ ထင်ရှားသော စာချဆရာ တော်အရှင်သာဂရထံတွင် မန္တလေးစာချနည်း စာပြောနည်းမျိုးစုံကို သင်ယူတော် မူခဲ့လေသည်။

သမ္ပတ္တာ မဏ္ဍလာရာမံ၊ နာနာနယံ သမုဂ္ဂဏှိ။

ဝေပုလ္လော ဝိပုလညာဏော၊ နာနာနယေသု ပါရဂေါ။

## ပခန်းကြီးမြို့ မိဖုရားရွာစသည့်တို့၌ သီတင်းသုံးပညာသင်ခြင်း

ငင်းပြင် ပခန်းကြီးမြို့ မိဖုရားရွာ ညောင်ပင်ကျောင်း ဆရာတော်ဘုရားကြီး ထံ၌လည်းကောင်း၊ မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်, အနောက်ပြင် ခင်မကန် တိုက်၌လည်းကောင်း၊ မန္တလေးမြို့တောင်ပြင် ရွှေရေးဆောင်တိုက် စာချဆရာ တော် အရှင်ကလျာဏာဘိဝံသထံ၌လည်းကောင်း၊ တလုပ်မြို့ ဆရာတော်ဘုရား ကြီးများထံ၌လည်းကောင်း သင်သင့် သင်ထိုက်သော ပညာအရပ်ရပ်ကို သင်ယူ တော်မူခဲ့လေသည်။

## စာပေကျမ်းဂန်ချပို့၍ သာသနာ့ဝန်ထမ်းဆောင်ခြင်း

မန္တလေး၌ နေဝါညဝါ ကျမ်းစာအရပ်ရပ်ကို သင်ယူပြီးနောက် ရဟန်း သိက္ခာ ၁၀–ဝါကျော်ခန့်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက်သို့ ပြန်လည်ကြွရောက်တော် မူလာရာ ကိုးဆောင်ဆရာတော်ကြီးက လက်ထောက်စာချအဖြစ် ချီးမြှောက်သဖြင့် ရောက်ရှိခြောင်း စာသင်သားအပေါင်းတို့အား နေ့ဝါညဝါ ကျမ်းစာပို့ချ သာသနာ တော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## ဝေဇယန္တာအုတ်တိုက်ကျောင်းကြီး အလှူခံခြင်း

ယင်းသို့စာပေပို့ချသာသနာပြုစဉ် မြင်းခြံမြို့ကျောင်းဒါယကာကြီး ဦးရွှေ ယုန်ကျောင်း ဒါယိကာမကြီး ဒေါ်မေကြီး ဒေါ်မေတို့ ဆောက်လုပ်လှူဒါန်းသော ငွေ အသပြာကျပ် ၁–သောင်းကုန် ဝေဇယန္တာအုတ်တိုက်ကျောင်းတော်ကြီးကို အလှူခံတော်မူရလေသည်။ ထိုစဉ်ကစ ဝေဇယန္တာအုတ်ကျောင်း ဆရာတော်ဟု

ထင်ရှားခဲ့လေသည်။ ၎င်းနောက်၌လည်း ဓနုဖြူမြို့ ကျောင်းဒါယကာ ဦးစစ်ဝါ ကျောင်းဒါယိကာမ ဒေါ်ငွေတို့လှူဒါန်းသည့် လေဆောင်တွဲသစ်သား ကျောင်းကြီး ကို အလှူခံတော်မူရပြန်လေသည်။

## ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်တာဝန် ထမ်းဆောင်ခြင်း

ယင်းသို့ စာပေပိုချသာသနာ့ဝန်ထမ်းဆောင်စဉ် တောင်ခွင်သာသနာပိုင် ဆရာတော်ကြီး၏ကိုးဆောင်ဂိုဏ်းထောက်၊ ကိုးဆောင်ဂိုဏ်းအုပ်၊ ကိုးဆောင် ဂိုဏ်းချုပ်အဖြစ်ဖြင့်ခန့်အပ်ခြင်းကိုခံယူ၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့ လေသည်။ မူလဘွဲ့တွင် အဘိဓဇထပ်ဖြည့်၍ အရှင်ဝေပုလ္လာဘိဓဇဟု ကျော်ဇော ကိတ္တိရှိလေသည်။

## တိုက်ပိုင်ဆရာတော်ဖြစ်ခြင်း

သက္ကရာဇ်၁၂၇၆–ခုနှင်တွင် ကိုးဆောင်ဂိုဏ်းချုပ် ကိုးဆောင်တိုက် နာယက ဆရာတော်ဘုရားကြီး အရှင်ဝိမလဗုဒ္ဓိ ပျံလွန်တော်မူသဖြင့် ဆရာတော် အရှင် ဝေပုလ္လာဘိဓဇသည် ကိုးဆောင်ကျောင်းတိုက်ကြီး၏ တိုက်ပိုင်နာယက ဆရာတော် ဖြစ်တော်မူသည်။ ဆရာတော်အရှင်ဝေပုလ္လာဘိဓဇသည် ဆရာတော် အရှင်ဝိမလဗုဒ္ဓိ ဈာပနတွင် ၅၀၀၀(ငါးထောင်တန်)စိန်ခေါင်းကြီးဖြင့် ပူဇော်သဖြင့် သို့ကလောက် ဘုန်းကြီးပျံအတွက် အလဟဿအကုန်အကျခံ ပူဇော်ရမည်လားဟု သခင်ကိုတော် မှိုင်းဦးစီးသော သူရိယသတင်းစာက ပြစ်တင်ရှုတ်ချခဲ့လေသည်။ သို့ဖြစ်၍ အရှင် ဝေပုလ္လာဘိဓဇသည် သမ္မာဝါဒီစာတမ်းကို ရေးသားထုတ်ဝေကာ ချေပခဲ့လေသည်။

## ကျမ်းစာများပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များ စာတမ်းများ မေတ္တာစာများကိုလည်း ပြုစီ ရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ မဟာပရိတ်ကြီး နိဿယသစ်
၂။ သမ္မာဝါဒီစာတမ်း
၃။ စတုပါရိသုဒ္ဓိသီလစာတမ်း
၄။ ဗျာဒိတ်တော် သိုက်စာတမ်း
၅။ မေတ္တာစာပေါင်းများစွာ

၆။ ပုဏ္ဏာဗျာကရဏဒေသနာဓမ္မစကြာတရားတော်
၇။ ကောသလမင်း အိပ်မက်စဉ်လာ တစ်ဆယ့်ခြောက်ဖြာလင်္ကာ
စသည်တို့ ဖြစ်ကုန်၏။

## မဟာပရိတ်တော်ကြီး နိဿယသစ်

ယင်းကျမ်းစာစာတမ်း မေတ္တာစာများအနက် မဟာပရိတ်တော်ကြီး နိဿယ သစ်မှာ ကျော်ဇောထင်ရှား အသုံးများသည့် ကျမ်းစာကြီးဖြစ်သည်။ မြင်းခြံ ကိုးဆောင်မူပရိတ်နိဿယ–ဟုထင်ရှားသည်။

ဆရာတော်သည်သက္ကရာဇ်၁၂၇၉–ခုနှစ်က ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

ဗ္ဗာဒိသန္နိဘုခဝဟံ၊ အာစေရကျံတုနတွာဟံ။
အနန္တဂုဏလလိတံ၊ သုဘံ လိက္ခံ ပရိတ္တတ္ထံ။

ဟူသော ဂါထာပါဌ် ယင်းဂါထာပါဌ်၏နိဿယဖြင့် ရတနတ္တယပဏာမ အာစရိယ ပဏာမပြု၍ ဂန္ထာရမ္ဘပြုတော်မူခဲလေသည်။

ကျမ်း၏အဆုံး၌လည်း–

၁။ မဟာထေရေနုယျောဇိတော၊ ဒေသိန္ဒြိယေန ယာစိတော။
အဟာမိမ မကာသုဠှ၊ ပရိတ္တနဝနိဿယံ။

၂။ သရဝဏ္ဏော ဇုဏှော ပတော၊ ဝေါဖေ ပနစျထက္ခယေ။
ဗုဒ္ဓေ စုဒ္ဒသမေ ဒိန္နေ၊အနာယာသေန နိဋ္ဌိတော။

၃။ က္လမိနာ ပုညကမ္မေန၊ အညေဟိ ကုသလေဟိ စ။
ခိပ္ပံ ပပ္ပေါမိ နိဗ္ဗာနံ၊ သံသရန္တော ဘဝါဘဝေ။

ဟူသော ၃–ဂါထာပါဌ် ယင်း ၃–ဂါထာပါဌ်နိဿယဖြင့် ကိုးဆောင်တိုက် ပဋ္ဌမ မြောက် ဆရာတော်ဘုရားကြီး အရှင်ဝိမလဗုဒ္ဓိ ပျံလွန်တော်မူခါနီး သက်တော် ၈၂–နှစ်၊ သိက္ခာတော် ၆၂–ဝါအရတွင် ပရိတ်တော်ကြီးနိဿယသစ်ရေးရန် တိုက်တွန်းခဲ့ခြင်း အေ၊ တီ၊ အမ်။ ကေ၊ အက်စ်၊ အမ် ဘွဲ့ခံ ပုဂ်ဝန်ထောက်မင်း ဦးတင်က ပရိတ်တော်ကြီးနိဿယသစ်ရေးရန် တိုက်တွန်းခြင်း၊ ကျမ်းပြီးရာကာလ

ဆုတောင်းစသည်တို့ကိုဖေါ်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းပရိတ်တော်ကြီး နိဿယသစ်ကို ၁၉၁၈–ခုနှစ်က ရန်ကုန်မြို့ ပုဇွန်တောင်၊ မင်္ဂလာဇေယျံ စာပုံနှိပ် တိုက်က ပထမအကြိမ်၊ ၁၉၅၈–ခုနှစ်က ရန်ကုန်မြို့ ဇေယျာသိန်းပုံနှိပ်တိုက်က ဒုတိယအကြိမ်၊ ၁၉၇၈–ခုနှစ်က ရန်ကုန်မြို့၊ သဃ်န်းကျွန်း ဇောတိကလမ်း တိုးတက်ရေးပုံနှိပ်တိုက်က တတိယအကြိမ် ရိုက်နှိပ်ခဲ့လေသည်။ ဒီမိုင်းဆိုက် စာမျက်နှာ ၁၆၃–ရှိလေသည်။ ကဗျာလင်္ကာတို့ဖြင့် ဆန်းကြယ်သော နိဿယ ဖြစ်လေသည်။

ပရိတ္တသုနိဿယမ္ဗိ၊ နိဿယရစနေ သုဓိ။
ရစယီ သကဘာသာယ၊ ကဝိဟိ အဘိမာနိတံ။

## သမ္မာဝါဒီစာတမ်း

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် သက္ကရာဇ် ၁၂၇၆–ခုနှစ်၊ တပိုတွဲ လဆုပ် ၈–ရက်နေ့စွဲဖြင့် ထုတ်ဝေသော သူရိယသတင်းစာတွင် ဘုန်းကြီးပျံများ ၄–ရက်၊ ၅–ရက်ထက် ပိုမထားသင့်ကြောင်း ရေးသားခဲ့သည်။ ၎င်းပြင် မြင်းခြံမြို့ ဆရာတော် ဦးဝိမလဗုဒ္ဓိ ပျံလွန်တော်မူရာ၌ အဂ္ဂမဟာပဏ္ဍိတ ဦးဝေပုလ္လာဘိဓေ၏ ငွေ ၅၀၀၀–တန်စိန်ခေါင်းကြီးဖြင့် ပူဇော်သည်မှာ လွန်လွန်းကြောင်း စသည်ဖြင့် ရေးသားခဲ့လေသည်။ ၎င်းရေးသားချက်ကို ချေပသည့်အနေဖြင့် ထေရဂါထာ အဋ္ဌကထာ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာစသည်ကို ကိုးကား၍ သမ္မာဝါဒီစာတမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

## စတုပါရိသုဒ္ဓိသီလစာတမ်း၊ ဗျာဒိတ်တော်သိုက်စာတမ်း

စတုပါရိသုဒ္ဓသီလစာတမ်း၊ ဗျာဒိတ်တော်သိုက်စာတမ်း စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့ရာ သုတေသီများအတွက် များစွာ အသုံးဝင်လေသည်။ ဆရာတော် သည် အဉှောင်းအညာစွဲကပ်သူ ဒူလာရောဂါဝေဒနာရှင် ဖြစ်သော်လည်း ယင်းဝေဒနာတို့ကို လစ်လျူရှုကာ ပြုစီရင်တော်မူခဲ့လေသည်။

## မေတ္တာစာပေါင်းများစွာ

ဆရာတော်သည် မေတ္တာစာပေါင်းများစွာကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ မေတ္တာစာရေအတွက်မှာ ၃၀၀–ကျော်မျှရှိသည်ဟု သိရသည်။ ယင်းမေတ္တာစာများမှာ–

၁။ မြင်းခြံမြို့ ကိုးဆောင်တိုက်နေ ဦးဒီပက၊ ဝါးခယ်မမြို့နေ ဒကာမောင်ဖိုးမင်း ဒကာမ မိချစ်စုထံပေးသော မေတ္တာစာ၊
၂။ မြင်းခြံမြို့ နဘူးတန်း ဆရာတော်နက်ထံပေး မေတ္တာစာ၊
၃။ ကစောက်သူကြီး မောင်ကြင်နှင့် ငုင်းရွာ မောင်လူမင်းထံပေးသော မေတ္တာစာ၊
၄။ ကလတက်အကြောင်း မေတ္တာစာ၊
၅။ ရန်ကုန်မြို့ ကျားကူးတောရနေ ဦးအရိယထံပေးသော မေတ္တာစာ၊
၆။ တလုပ်မြို့ ဝန်မင်းသေနတ်ဗိုလ်မင်းထင်မင်းခေါင်သူရိန်က ညောင်ပင်ရွာ ဦးဒီပထံပေး မေတ္တာစာ၊
၇။ မြင်းခြံမြို့ ကိုးဆောင်တိုက်မီးလောင်ကျောင်းဆရာတော်က အောက်မြို့ဒကာ၊ ဒကာမများထံပေးသော မေတ္တာစာ၊
၈။ မြင်းခြံမြို့ ကိုးဆောင်တိုက် ဦးအာစာရ၊ ဦးအဂ္ဂဝံသတို့က မြန်အောင်မြို့နေ ဦးလူကလေးထံပေးသော မေတ္တာစာ။
၉။ ရှင်ပြုမေတ္တာစာ။
၁၀။ မယ်ဆောင်ပေး မေတ္တာစာ။
၁၁။ မြင်းခြံမြို့ပွဲစား ဦးဖိုက တောင်သာမြို့ ဦခင်ထံကြွေးတောင်း မေတ္တာစာ။
၁၂။ ဆရာတော်က မအေးသီထံပေးသော မေတ္တာစာ။
၁၃။ ဆရာတော်က မြန်အောင်ပေး မေတ္တာစာ။
၁၄။ ဆရာတော်က ဝါးခယ်မတကာတဦးထံပေးသော မေတ္တာစာ။
၁၅။ အမယ်မယ်ချိန်က မောင်အမိန့်တော်ရမင်း ဦးမောင်ထံပေးသော မေတ္တာစာ။
၁၆။ မြင်းခြံမြို့ မဘဲဥက လင်ဦးစာဆိုအရပ်တပါးသွား၍ပေးသော မေတ္တာစာ။
၁၇။ သက္ကရာဇ် ၁၂၄၉–ခုနှစ်၊ တန်းခူးလတွင်မြင်းခြံမြို့မီးလောင်ရာ မီးလောင်၍ ပျက်စီးသောကျောင်းနေရာများကိုအင်္ဂလိပ်အစိုးရက ပြောင်းရွှေ့ရမည်ဆိုသဖြင့် ရွှေ့ကကဲ့သို့ နေမြဲနေရာများ နေထိုင်ဆောက်လုပ်ခွင့်ပြုရန် အစိုးရထံ တင်သွင်းသည့် မေတ္တာစာ။

၁၈။ မြင်းခြံမြို့ တောင်ဈေးကလေးနေ အမိမယ်စိုက အောက်မြို့နေသား ရဟန်းတော်ထံပေးသော မေတ္တာစာ။
၁၉။ မြင်းခြံမြို့ ကိုးဆောင်တိုက် ဦးနန္ဒက ဝါးခယ်မမြို့နေ ဒကာဖိုးမင်း ဒကာမ မိချစ်ထံပေးသော မေတ္တာစာ။
၂၀။ မြင်းခြံမြို့ မယ်မြက ရွှေကျင်မြို့နေ ခင်ပွန်းဖြစ်သူ အင်စပက်တော်ထံပေးသော မေတ္တာစာ။
၂၁။ မြင်းခြံမြို့ ကိုးဆောင်တိုက်ဘုန်းတော်ကြီး ဦးမေဓာက မကျန်းမာ၍ အောက်မြို့ နေတူသားချင်းရဟန်းအမတို့ထံ တွေ့လိုကြောင်းပေးသော မေတ္တာစာ။
၂၂။ မြင်းခြံမြို့ သံဃာတော်များက ဝဲလောင်မြင်းခေါင်းသေဒဏ်မှ လွတ်စေရန် အကြောင်း မဟာဝန်ရှင်တော်မင်းကြီးထံ ဆက်သွင်းသည့် မေတ္တာစာ။

ငင်းမေတ္တာစာများမှာ စိတ်ဝင်စားစရာသိထားစရာကောင်းပါသည်။ ပါတော်မူဗိုလ် ၁၁–ဦးအဝင်အပါ ဝဲလောင်မြင်းခေါင်းဗိုလ်ရန်ညွှန့်သည် သီပေါမင်း ပါတော်မူသောအခါ လက်နက်မချပဲ မိမိနောက်လိုက်သူရဲများနှင့် ဝဲလောင်ကို ဗဟိုပြုကာ ပုပ္ပါးမြောက်နယ်ပယ်တဝိုက်တွင် အင်္ဂလိပ်အစိုးရတပ်များကို ခုခံတိုက် ခိုက်ခဲ့သည်။

အင်္ဂလိပ်အစိုးရမင်းတို့သည် ဗိုလ်ရန်ညွှန့်ကို စစ်ရေးဖြင့်ဖမ်းဆီးခြင်းငှါ မတတ်နိုင်ရကား ဥပါယ်တမည်ဖြင့် သိမ်းသွင်းခဲ့လေသည်။ ဗိုလ်ရန်ညွှန့် လက်နက် ချဝင်ရောက်အောင် တရားဟောပေးပါ။ ဗိုလ်ရန်ညွှန့်၏ အသက်စည်းစိမ်း ကို မထိစေရပါဟု ဆရာဘုန်းကြီး ဦးညိုအားလျှောက်ထား၍ ဗိုလ်ရန်ညွှန့်ထံ စေလွှတ်ခဲ့ လေသည်။ ဗိုလ်ရန်ညွှန့်သည် ဆရာဘုန်းတော်ကြီးစကား နာယူသည် တကြောင်း အင်္ဂလိပ်အစိုးရ၏ကတိကို ယုံကြည်သည် တစ်ကြောင်းကြောင့် လက်နက်ချဝင် ရောက်ခဲ့လေသည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရသည် ဗိုလ်ရန်ညွှန့်ကို ရရှိသောအခါ ပေးထား သောကတိကိုဖျက်၍ ဗိုလ်ရန်ညွှန့်အား မြင်းခြံမြို့ စက်ရှင်ရုံးက သေဒဏ်ပေးခဲ့ လေသည်။ ထိုအခါ မြင်းခြံသံဃာများက ဗိုလ်ရန်ညွှန့်သေခဲ့လျှင် ဆရာဘုန်းတော် ကြီးဦးညို ပယောဂမကင်း၍ ဝိနယကုက္ကုစ္စဖြစ်ရကား မြင်းခြံသံဃာတော်များက ဝဲလောင်မြင်းခေါင်း ဗိုလ်ရန်ညွှန့်ကို ကတိအတိုင်း လွှတ်ပေးရန်အကြောင်းနှင့် အင်္ဂလိပ်အစိုးရထံ မေတ္တာစာသွင်းခဲ့လေသည်။ သို့ဖြစ်၍ ဆရာတော်အရှင်ဝေပုလ္လာ

ဘိဝံသည် မြင်းခြံမြို့ရှိ သံဃာတော်များက ဝဲလောင်မြင်းခေါင်းလွတ်စေရန် အကြောင်း မဟာဝန်ရှင်တော်မင်းကြီးထံဆက်သွင်းသည့် မေတ္တာစာဟူသော ခေါင်းစီးဖြင့် အင်္ဂလိပ်အစိုးရထံအကြောင်းအရာ အကျယ်ဖော်ပြ၍ မေတ္တာစာသွင်းခဲ့လေသည်။ ယင်းမေတ္တာစာကြောင့် ဗိုလ်ရန်ညွှန့်သေဒဏ်မှလွတ်၍ ၁၂၅၂–ခုနှစ်တွင် တစ်သက်တစ်ကျွန်းကျသည်ဟု သိရသည်။ ဤသို့စသည်ဖြင့် ရေးသားခဲ့သည့် မေတ္တာစာပေါင်းမှာ ၃၀၀–ကျော်ရှိသည်ဟု သိရသည်။

## ပုဏ္ဏောဗျာကရဏဒေသနာ ဓမ္မစကြာတရားတော်

ဓမ္မစက္ကပဝတ္တနသုတ် အနက်အဓိပ္ပါယ်တို့ကိုဖွင့်ပြသည့် ပုဏ္ဏောဗျာကရဏ ဒေသနာ ဓမ္မစကြာတရားတော်ကျမ်းငယ်ကိုလည်း စီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ကရောင်း ၁၆–ချိုးဆိုက်ဖြင့် စာမျက်နှာ၃၀–ရှိလေသည်။ ကောသလ မင်းကြီး အိပ်မက်စဉ်လာ တစ်ဆယ့်ခြောက်ဖြာလင်္ကာ ကောသလမင်းကြီး၏ အိပ်မက် ၁၆–ချက်နှင့် ဘုရားရှင်မိန့်ကြားချက်များကို ကေနိပါတ်သုပိနဇာတ် အဋ္ဌ ကထာဖွင့်ဆိုသည့်အတိုင်း လင်္ကာ ၁၆–ပိုဒ်စီရင်တော်မူခဲ့လေသည်။ ယင်းလင်္ကာ ၁၆–ပိုဒ်ကို အောက်ပါအတိုင်း ကြည့်ရှုလေ့လာရာ၏။

## ဒေသနာဓမ္မစကြာ

ကောသလမင်းကြီး၏အိပ်မက်စဉ်လာတစ်ဆယ့်ခြောက်ဖြာလင်္ကာ–

၁။ ကောသလမင်း တည္သွင်းတွင် မြင်ခြင်းအိပ်မက် ဆဲ့ခြောက်ချက်ကို ယထာက္ကမ ထုတ်ဖော်ပြပိန့် ဥသဘထင်ရှား နွားနက်ကြီးလေး ဝှေ့ရောင်သွေး ၍ ပြေးထွက်လွှတ်ရာ အိပ်မက်မှာမူ တက်လာမိုးမှောင် ရွာမရောင်နှင့် ခွါရှောင် လွှန်မြောက် နိမိတ်ကောက်လော့။

၂။ ပေါက်စသစ်ပင် သီးပွင့်အင်ကား အမြင်မဖွယ် မိနုနယ်တို့ လွယ်သန္ဓေမှီး ပန်းပွင့်သီးလိမ့်။

၃။ နွားကြီးတို့က ဖွားစနုနယ် နွားငယ်မနို့ စို့သည်အလို့ မိဘအိုတို့ ကိုယ်မှပေါက် ဖွား သမီးသား၏ သနားသမျှ စားသုံးရလိမ့်။

၄။ ဗလစွမ်းသန် လမ်းမှန်သွားပြီး နွားကြီးကိုကား မစေစားဘဲ နွားငယ်တို့ကို လှည်းဒွဲလျှို၍ ထိုလှည်းရွှေ့အောင် မဆောင်မရွက် ပျက်ရခြင်းကား လောက် လားသက်ရွယ် ဆက်နွယ်မျိုးရိုး စိုးမိုးအလေ့ ရေးမျှော်နောက်မြင် ပညာရှင်

တို့ စီရင်စေမှု ခွင့်မပြုဘဲ သုတပညာ စဉ်လာမရှိ ဇာတိနှုတ်ငယ် ရွယ်မ လောက်လားငမောက်ကြွားတို့ မြှောက်စားသဖြင့် မချင့်မနိုင်း ထင်ရာစိုင်း၍ တိုင်ကျိုးပြည်ကျိုး မဖွင့်ဖြိုးဘဲ တန်ခိုးဂုဏ်သိမ် တမှိန်မှိန်လျှင် အရှိန်သေ လျှက် အရေးပျက်လိမ့်။

၅။ နှစ်ဘက်မျက်နှာ နှစ်မြွာခံတွင်း မြင်းတစ်ကောင်အား စားသောက်စေရန် မုယောန့်ကို ဆော့မြန်ပေးနှင်း ထိုသည်မြင်း၏ ခံတွင်းနှစ်ဘက် လုယတ်ဝါးကျိုပ် စားနိမိတ်ကား ကိစ္စမှုခင်း တွေ့ကြုံလျှင်း၍ မင်းရှေ့စိုးထံ ကောက်ယူခံက အမှန်အမှား တရားရှိရာ လိုက်နာမဖြတ် ဓမ္မသတ်တမျိုး လာဘ်တံစိုးကို မထိုးသူရှုံး သို့ကျင့်ထုံးကြောင့် ရုံးမင်းကိုမူ သူနိုင်ငါနိုင် အပြိုင်တံစိုး ထိုးကြ သောအား နှစ်ဘက်စားလိမ့်။

၆။ အများဗိုလ်လူ မြေခွေးဖိုအား အရှိအသေ ရွှေဇမ္ဗူရာဇ် မြူညစ်သုံ့သက် သိန်းတန်ခွက်ကို ရက်စက်ရဲဝံ့ ကျင်စွန့်စေမည် ပေးရသည်ကား ပြည်တံ စိုးနှပ် အမျိုးယုတ်တို့ စိုးအုပ်ကာလ မြေခွေးမျှသာ ဗာလကိုသာ ချီးမြှောက်ပါ၍ ထိုဗာလအားချစ်သနားစိမ့် ရှေ့ဖျားလက်မွန် တံခွန်တဆူ ပြုလုပ်သူတို့ ကြည်ဖြူ မြတ်လေး သမီးပေးလိမ့်။

၇။ အရေးဆန်းထူး တဦးယောက်ျား တအားသစ်သစ် ကျစ်သည်လွန်စ ပြီးသမျှကို မြေခွေးမဆိုး နိုးကာဝှက်ထား စားသည်မှာကား ဥစ္စာစီးပွား လင်ယောက်ျားတို့ မနားမနေ ရှာဖွေကြရ ရသမျှကို မိန်မကပင် သယောက်လင်နှင့် တရှင် ပြုံးပြုံး မျက်ကွယ်သုံးလိမ့်။

၈။ တလုံးမျှပင် ရေမမြင်သား အကြင်အိုးပေါင်းထောင်သောင်းများထွေ ဝန်းရံ နေလျက် ရေပြည့်လျှံဖျိုး တလုံးအိုးကို အမျိုးလေးဖြာ လေးမျက်နှာက လာ၍ သောင်းသောင်း ထပ်ထပ်လောင်းတိုင်း ငှင်းအိုးကြီး ရေလျှံစီးလျှက် ချီးနှီး သောင်းသေစင်း အိုးရန်ပေါင်းကို လောင်းမည်ဝေးစွ ကြည့်ရှုမျှပင် ကြည့်ကြ လှည့်လည် မရှိသည်ကား ပြည်သူပြည်သား တရားဖောက်ယွင်း မင်းလည်း ရာဇဂုဏ် အစုံမကျင့် သို့ဖြစ်ခြင်းကြောင့် ကစင့်ကရဲ တိုင်ပြည်မွဲ၍ ခွဲကောက် ခွန်ထုပ် မင်း၌ယုတ်က ဇနပုဒ်သား လူတလွှားကို သနားမညှာ အခါမင့် ရပ်တန့်မနေ လုပ်ကိုင်စေ၍ ရွှေတိုက်ငွေတိုက် ထိုက်လျောက်သဖြင့် ပြည့်စုံ လင့်လည်း အခွင့်မတုံး မင်းသုံးတော်ခံ တိုက်ကျိုလျှံအောင် ဘဏ္ဍာ တော်မြတ် အရပ်ရပ်ကို ပြတိုထပ်စေခြင်း ကိုယ့်မှုခင်းကို ခြင်းနှင့်ကောင်း၏ ပန်စောင်း

လှည့်လျက် ကြည့်ရှုရုံမျှ မပြုရကြောင့် သုခဟူ၍ မြူမငွေ့ဘဲ ဆူလေပြည်ခွင် မကြည်လင်သည့် ဤလျှင်ရှစ်မြောက် အိမ်မက်ကဲတည်း။

၉။ ရှစ်ခုမှနောက် ကိုးကြိမ်မြောက်က တစ်လျှောက်ထင်ပြက် မြင်အိပ်မက်ကို ဆက်၍စည်ကာ ဆိုပိမ့်နာလော့ ရွှေကြာပဒုံ ရုံလျှက်ချုံလျက် ကန်လယ် ချက်ဝယ်ညွန့်ပွက်တစေ ရေနောက်လေ၍ အခြေနှစ်ချောင်း ခြေလေးချောင်းတို့ ပေါင်းဆုံများစွာ သွားလာလမ်းကျ ရေကန်စဉ် ချမ်းမြရေကြည် မြင်ရသည်ကား ပြည်ကြီးသနင်း မင်းမသမာ သတ္တဝါကို မညာသနား ယန္တရားဖြင့် စွမ်းအား ကုန်စစ်ကြဲကို ညှစ်သို့ခြစ်ခြစ် ချုပ်ချုပ်ခွန်အထုပ်ကို ထုပ်လိမ့်နောက်နှောင်း ထပ်ထပ်လောင်း၍ တောင်းခံစိုးပိုင် မပေးနိုင်က ခရိုင်ကျေးလက် ဝေးရက် ကွက်သို့ ပြေးထွက်သောအား မြို့ကြီးများတို့ ခြောက်ချားသိမ်းငယ် တိုင်းစွန် နယ်တို့ ကြီးကျယ်ဖွံ့ဖြိုး စည်ပင်တိုးလိမ့်။

၁၀။ အိုးတလုံးပြည့် ချက်သည့်ထမင်း မစပ်လျှင်းဘဲ ပျော့ခြင်းတရပ် မနူးနပ်နှင့် နူးနပ်တဘက် သုံးမျိုးကွက်၍ ကျက်ရသည်ကား တရားသဖြင့် မင်းမကျင့်က ချင်းနိုင်ငံသိ လူလည်းကျင့်မှား အောက်နတ်များလည်း တရားယွင်းပျက် သို့အတွက်ကြောင့် အထက်ရပ်ခံ နတ်ဗိမာန်တို့ သီးထန်တုန်လှုပ် လေကြီး မှုတ်၍ ချုပ်ချုပ်တည်းတည်း သည်းမခံတတ် အထက်နတ်လျှင် ထိုသတ္တဝါ မင်းယုတ်မာတို့ ဗျာပါသောက ရောက်ကြရအောင် မိုးလအခါ မိုးမရွာဘဲ လေသာလွှင့်တိုက် မလိုခိုက်တွင် ပြိုက်ပြိုက်သွန်ချ လိုကာလ၌ မကျနှင်းဖွဲ တိုင်းပြည်မွဲလျက် ဆင်းရဲမင်းစိုး တမင်းမျိုးပင် မိုးမညီညာ ကွက်ကြားရွာလိမ့်။

၁၁။ သပြာသိမ်းတန် စန္ဒကူးစစ် အနှစ်ကိုလျှက် မစက်မဆုတ် ရက်တက်ပုပ်နှင့် နှုပ်စုပ်သော့သွမ်း မယမ်းမပြည်း ရောင်းစားနည်းကား ပစ္စည်းစုံမက် ရဟန်း ပျက်တို့ အနဂ္ဃမျိုး အဘိုးမပြတ်နိုင်အောင် မြတ်သားလူနတ် မျက်မှောက်နိဗ္ဗာန် ရောက်အောင် ချီးမြှောက်ဟောကြား မြတ်တရားတို့ မှတ်သားလေ့ကျက် နှုတ်လျှာသွက်လျှက် ပုဒ်အက္ခရာ ပြည့်စုံစွာနှင့် သာယာချိုပေါ် လာဘ်ပူဇော်ကို မျှော်မြင်တောင့်တ လူတို့ကလည်း အခယူခံ မထိုက်တန်နှင့် ထိုက်တန်သင့်ရာ မချင့်ပါဘဲ ပြည့်ရွာနှံ့မျှပြောဟောကြလိမ့်။

၁၂။ ထိုမှတကြောင်း ဘုရားတောင်းရေတွင် နစ်သည့်အင်အား ပညာရှိသူ လူရှင်ရဟန်း

ပဟော့ရမ်းရမ်းနှင့် သော့သွမ်းပေါ့ပျက် နူတ်သွက်လျှာပါး ပြောစကားကို လေးစား ပြုလုပ် ဘူးတောင်းမြုတ်သို့ မလှုပ်မယှက် သက်ဝင်ကြခါ စူးစိုက်နာလိမ့်။

၁၃။ ကျောက်ဖျာကြီးက လေ့တမျှပင် ရေမှပေါ်တက် မြင်အိပ်မက်ကား မျက်မှောက် တမလွန် ပြည့်ခွန်စွဲစိတ် အတိတ်နာဂါတ် ဆုံးဖြတ်နိုင်သူ လူသီလဝင် ရှင်သူ တော်ကောင်း ကျိုးကြောင်းမြင်သိ ပညာရှိတို့ သတိတမာန် ဉာဏ်မြေကတုတ် ပြုလုပ်မျှော်တွေး လေးလေးနက်နက် ပြောဆိုလျှင်လည်း ရေထက်ကျောက်ဖျာ ပေါ်တက်လာသို့ နားမှာမလစ် ပေါ်လျှံဖြစ်လိမ့်။

၁၄။ သစ်မည်စည်ပွင့် နှိုင်းချင့်မဖွယ် ဖားမငယ်က မန်စွယ်ဖီးဖီး မြွေဟောက်ကြီးကို စီးနင်းကိုက်စား ဝါးခါမျိုခါ မြင်သည့်မှာကား ရာဂဘီလူး ဖမ်းစားကြူး၍ အရူးခေါ်ဆို လင်တို့ကိုလျှင် မရိုမသေ မထေလေးစား ကျွန်အလားသို့ မယားတို့က နိုင်ကြရလိမ့်။

၁၅။ မလှဆင်းဝါ ကျီးယုတ်မာကို ရွှေဟင်္သာပေါင်း ခြံရံကြောင်းကား နောက်နှောင်း မင်းယုတ် စိုးအုပ်သောခါ မျိုးယုတ်မာတို့ ရာကြီးထူးကြီး ဦးစီးဦးခိုင် ပိုင်နိုင်အရေး လွှဲအပ်ပေးက ရှေ့အစဉ်ဆက် ထက်မြက်လွှမ်းမိုး သူတော်မျိုးတို့ အရိုးတိမ်မြုပ် တံခိုးနူတ်၍ မျိုးယုတ်ရံရွေ ဖြစ်ရချေလိမ့်။

၁၆။ ထူးထွေစွာလှ ဆိတ်တို့ကလျှင် သစ်များအသား ကိုက်သတ်ဝါး၍ စားသောက် သည့်တွင် ဆိတ်ကိုမြင်က ကြောက်ညင့်စုရုံး သစ်အားလုံးတို့ ပုန်းရှောင် ထွက်ပြေး မြင်မက်ရေးကား သေးသိမ်ညံ့ဖျင်း တရားကင်းသား မင်းတို့လက် ထက် လူပြက်လူသွမ်း မျိုးယုတ်ကန်းတို့ မင်းကျွမ်းဝင်ခါ ရှင်ယုတ်မာတို့ ရာဇာဝလ္လဘ ဖြစ်ကြရ၍ ရေးကလူမြတ် ရဟန်းမြတ်တို့ ဒြပ်တံခိုး ညှိုးခဲ့ရာကား မင်းပါးစိုးခွင် မထွက်ဝင်နိုင် တရားပြိုင်လည်း မနိုင်လုံးလုံး ရှုံးရသည့်ချည်း နှိပ်စက်သည်း၍ မိုက်မည်းလူရှင် မင်းကျွမ်းဝင်တို့ မမြင်စေကြောင်း သူတော် ကောင်းတို့ ပြောင်းရွှေ့ထွက်ပြေး ပုံးရှောင်ရေးတည်း။

ကေနိပါတ် သုပိနမည်ခေါ် ဇာတ်တော်အထွက် အိပ်မက်ပေါင်းစု ၁၆- ခုသည့် ဒုမနဿ ဒုရာဇတို့ကာလ၌သော် ပေါ်ကြီးပေါ်လိမ့် ရှင်တော်ဘုရား ဗျာဒိတ် ကြားတိုင်း ထင်ရှားလှစွာ သတ္တဝါတို့ ကြမ္မာဆုံ၍ ဘုံဝေလေ့ပင် ကြုံတွေ့သည့်တည်း စိတ်ညစ်မည်း၍ မညည်းညူသာပေဘူးတည်း။

## ကဗျာသင်္ဂဟမေဒနီကျမ်း

ကဗျာသင်္ဂဟမေဒနီ ကဗျာအဆီအနှစ် ပေါင်းချုပ်ကျမ်းကိုလည်း အစီအစဉ်တည့်အောင် ရေးသားစီစဉ်ပေးတော်မူသည်။ ရှေ့ပညာရှိ ကဝိစာဆိုရှင်များစွာတို့ သီကုံးဖွဲ့ဆိုခဲ့သော ကဗျာလင်္ကာမျိုးစုံ စာဆိုသူတို့၏ အတ္ထုပ္ပတ္တိနှင့် ကဗျာ့စည်းမျဉ်း ဥပဒေပါရှိသော ကဗျာသင်္ဂဟမေဒနီ ကဗျာ့အဆီအနှစ်ပေါင်းချုပ် ပညာအုပ်မင်းဦးလွင် စုဆောင်းသည်ဟု အတွင်းမျက်နှာဖုံးစာသားရှိသည့် ကဗျာသင်္ဂဟမေဒနီကျမ်း ရှိခဲ့လေသည်။ ယင်းကျမ်းမှာ မန္တလေးမြို့ အထက်မြန်မာနိုင်ငံသတင်းစာ မီးစက်ပုံနှိပ်တိုက် ၌ ခရစ်သက္ကရာဇ် ၁၉၀၉–ခုနှစ်က ပဌမအကြိမ် ပုံနှိပ်ခဲ့လေသည်။

မြင်းခြံမြို့ ပညာအုပ်မင်းဦးလွင်သည် ပညာအုပ်ဖြစ်သည့် အားလျော်စွာ အမြို့မြို့အရွာရွာ အရပ်ရပ်သို့လှည့်လည်၍ စာစစ်ခြင်းအမှု ဆောင်ရွက်ရုံမျှမက ဝါသနာပါလှသောကြောင့် ရောက်ရာဒေသတို့မှ ကဗျာလင်္ကာပေစာများ ကဗျာလင်္ကာဆရာများ၏ အတ္ထုပ္ပတ္တိပေစာများ ပရပိုက်များကို စုဆောင်းခဲ့လေသည်။ ရဟန်းပညာရှိ လူပညာရှိပုဂ္ဂိုလ်တို့ နှုတ်ဖြင့်မိန့်ကြားချက်များကိုလည်း ရေးမှတ်ခဲ့လေသည်။ ယင်းသို့စုဆောင်းထားရှိချက်များကို ကျမ်းစာတစ်ကျမ်းအဖြစ်ဖြင့် ပုံနှိပ်ထုတ်ဝေလိုစိတ်လည်း ပြင်းပြလျှက်ရှိသည်။ သို့ရာတွင် အစီအစဉ်တည့်ရန်နှင့် ကဗျာ့ဥပဒေအခန်း စသည်တို့လိုအပ်လျှက်ရှိရာ မတတ်စွမ်းနိုင်ပဲရှိသဖြင့် ဆရာတော်အရှင်ဝေပုလ္လာဘိဓဇမဟာထေရ်အား အဆီအငေါ်တည့်အောင် ညွှန်ကြားဖို့နှင့် ကဗျာ့ဥပဒေအခန်း ရေးသားချီးမြှင့်ရန် လျှောက်ထားခဲ့လေသည်။

ဆရာတော်အရှင်ဝေပုလ္လာဘိဓဇသည် ကူညီလိုသည်တကြောင်း မိမိကိုယ်တိုင်ကလည်း ဝါသနာပါသည်တကြောင်း ထို့ကြောင့် အစီအစဉ်တည့်အောင် စီစဉ်ပေးတော်မူခဲ့လေသည်။ ကဗျာ့ဥပဒေအခန်းကိုလည်း မြန်မာဟူသော ဝေါဟာရ ခေါင်းစဉ်ခေါင်းတပ်၍ "ပု၊ ခံ၊ သံ၊ နှ။ ဓယတုသဗ္ဗမင်္ဂလံ"ဟူသော အာသီသ ပတ္ထနာဖြင့် စတင်ရေးသား ချီးမြှင့်တော်မူခဲ့လေသည်။ ၎င်းပြင် မြင်းခြံဆရာကြီး ဦးအေး၊ မြင်းခြံမြို့ဆရာဟင်း၊ မြင်းခြံမြို့ဆရာခိုင် ကလောင်အမည်များဖြင့် ရေးသားခဲ့သော သံဝေဂိုချင်းကြီး မယ်ဘွဲ့တေးထပ် သစ္စာတိုင်ညီးချင်း စသော ကဗျာများကိုလည်း ထည့်စွက်ဖေါ်ပြတော်မူခဲ့လေသည်။ ယင်းကဗျာသင်္ဂဟမေဒနီကျမ်း၌–

၁။ စာဆိုသူတို့အတ္ထုပ္ပတ္တိ။

၂။ ကဗျာ့ဥပဒေခန်း။

၃။ ဒွါဒသရာသီဘွဲ့ကဗျာ့ခန်း။

၄။ နွှေဘွဲ့ကဗျာခန်း။
၅။ မိုးဘွဲ့ကဗျာခန်း။
၆။ ဆောင်းဘွဲ့ကဗျာခန်း။
၇။ တောတောင်ကြည်းရေးဖွဲ့ကဗျာခန်း။
၈။ ကလိယုဂ်ကဗျာခန်း။
၉။ သံဝေဂကဗျာခန်း။
၁၀။ ဩဝါဒကဗျာခန်း။
၁၁။ ဘုန်းတော်ဘွဲ့ကဗျာခန်း။
၁၂။ မယ်ဘွဲ့ကဗျာခန်း။
၁၃။ မောင်ဘွဲ့ကဗျာခန်း။
၁၄။ သစ္စာပျက်ကဗျာခန်း။
၁၅။ ဘွဲ့ကဗျာခန်း။
၁၆။ အလွမ်းဘွဲ့ကဗျာခန်း။
၁၇။ အမူဘွဲ့ကဗျာခန်း။
၁၈။ အပျော်တေးကဗျာခန်း။
၁၉။ ပကိဏ္ဏကကဗျာခန်း– အားဖြင့်အခန်းကဏ္ဍပေါင်း ၁၉ခန်းပါရှိလေသည်။

ဆရာတော်သည် ကဗျာ့ဥပဒေအခန်းအစ၌ "သက္ကရာဇ် ၁၂၆၉–ခု တန်ဆောင်မုန်းလဆန်း ၈–ရက်နေ့ မြင်းခြံမြို့ ပညာအုပ်မင်းလျှောက်ထားခြင်းကို အရင်းပဋ္ဌာနပြု၍ ဝေပုလ္လအမည်ရှိသောငါသည် သုဗောဓာလင်္ကာရစာကိုယ် ၎င်းဋီကာမှစ၍ ကဗျာ့မေဒနီအဆီပွားလိုင်း ခြားပိုင်းဆစ်ဖု အနုစ်ပြုသော သေတ္တုနည်းနာ အဖြာဖြာကို ဆရာဟုပင် နိသျည်းတင်ပြီးရကား အကြွင်ကဝိတဆူ ပြုလိုသူတို့ ဂရုပဒေ နယူပဒေမူသေ မှီခိုစာဘွဲ့လိုကုန်၏။ ထိုသူတို့အား ကျေးဇူးများစေခြင်းငှာ လည်းကောင်း ထူးခြားစွာဘိ မိမိ၏လည်း မပည်းမညစ် သစ်သစ်လျှံပြောင် ဉာဏ်တန်ဆောင်ဖြင့် မှောင်အဝိဇ္ဇာ မပိတ်ကာစေခြင်းငှာလည်းကောင်း ကဗျာ၏ ဥပဒေနည်းနာနယတို့ကို ပြရာပြကြောင်းဖြစ်၍ အသစ်ယခု ကဗျူပဒေသ နာမ တံဆိပ် နှိပ်အပ်သော ဤစာတမ်းကို လိုအစွမ်းအားလျော်စွာ ရေးသားစီရင်ခြင်း ပြုပါအံ့၊ ပညာလိုလား အမျိုးသားတို့သည် ရင်းဖျားစေ့ငှ သတိပြု၍ ကြည့်ရှုမှတ်သား ကြစေတည်း" ဟူသောစကားဖြင့် ပဋိညာဉ်ပြု တိုက်တွန်းခဲ့လေသည်။

## ကဗျာဥပဒေခန်းအဆုံး၌လည်း

"ကြားလော့စက္ကဝါ ဘဝဂ်ဗြဲ့စိမ့် လက်ျာဘွဲ့ညွန်း သပြေကျွန်း၌ ဌေဝန်းတန်ဆောင် ရွှေဝန်းပြောင်သို့ တောင်သာမည်ရှိ မြို့သီရိဝယ် ဇာတိမုံရင့် တဂုဏ်ပွင့်၍ နှစ်ဆင့်ဘိသိက် သာဝိတ္တိဘွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်မှ စရွေ့စဉ်လျှောက် တင်မြှောက်ပြီးသော် ဗျာဒိတ်တော်နှင့် လျော်စေပြဋ္ဌာန်း မင်းခန်းရာဇဂုဏ် ဆန်စုန်း နှင်းနှံ့ ထုံသင်းပျံ့က မြင်းခြံညွှေ့ကျောင် ကိုးဆောင်မင်္ဂလာ တိုက်သော်သာဝယ် ထာဝရ စဉ် စာသဘင်ဖြင့် အာဝင်ပဏ္ဍိတ် ညံ့မဆိတ်တိ ဣဋ္ဌကာဝါသ ယာပထ သား ဝိပုမည်သာ မထေရ်ငါလျှင် ဋီကာအနု ကျမ်းမစုသို့ ကဗျုပဒေသ ဖွေဆမည် မှန်း ဤကျမ်းစာတမ်းကို ရှိပန်းစင်ကာ တင်အလွှားဖြင့် ပညာဝန်ထောက် တောင်းပန်လျှောက်၍ ပါမောက္ခကြီး အတီးသုခမိန် လူ့ကဝိန်တို့ ရှုချိန်ဆုံးဖြတ် ထုံးအမှတ် အရှိ ကဝိတဆူ ပြုလိုသူတို့ ဂရုပဒေ မူသေအဆော ယူစေသောဟု နောနှင့်သဠိ ရာဒ္ဒိထောင်ကော် သက္ကရာဇ်တွင် မူသစ်တင်လျှက် သဘင်ကောင်းခြီး အောင်မောင်းတီးသည် ပြီး၏ဤလျှင် နိဂုံးတည်း"ဟူသော ကေပိုဒ်လင်္ကာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကဗျာသင်္ဂဟ မေဒီနီကျမ်းကို ၁၉၆၆–ခုနှစ်က ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ဒီမိုင်းဆိုက်ဖြင့် ၂၇၃–မျက်နှာရှိလေသည်။

ကဗျာသင်္ဂဟမေဒနီ၊ ဂန္ထိတာစာဘိပူရိတာ။
ဝိပုလထေရသေဋ္ဌေန၊ ကိုးဆောင်အာရာမကေတုနာ။

## အနုပညာရှင်များဆရာတော်ထံ လာရောက်ပညာဆည်းပူးခြင်း

ဆရာတော်သည် အနုပညာသည်များ ကဗျာ့လင်္ကာ ပညာဆည်းပူးခပ်ယူရာ ဆိပ်ကမ်းကြီးသဖွယ် ဖြစ်လေသည်။ မြင်းခြံမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ပဋ္ဌမဆုံးအကြိမ်ကျင်းပစဉ် ဂေါပကအဖွဲ့က ဇာတ်မင်းသားဖိုးစိန်ကြီး ဇာတ်အဖွဲ့အား ကပြရန်ငှားလေသည်။ ထိုစဉ်က ဖိုးစိန်ကြီးသည် ဆရာတော်အရှင်ဝိပုလ (အရှင်ဝေပုလ္လ၊ အရှင်ဝေပုလ္လာဘိဝံ) ထံရောက်၍ ရတု၊ ရကန်၊ ချေင်း၊ မော်ကွန်း– စသော ကဗျာလင်္ကာနှင့်စပ်၍ မေးမြန်းလျှောက်ထားလေသည်။ ဆရာတော်သည် မေးသမျှကိုဖြေကြားပြီး နှစ်ကျိပ်ရှစ်ဆူဘုရားဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်ကို ရေးစပ်ချီးမြှင့်တော်မူလေသည်။

၎င်းပြင် ရုပ်သေးမင်းသား မင်းသမီးများဖြစ်ကြသော ဆရာပါ၊ အောင်ဗလ၊ မောင်စိန်ခို–စသည်တို့လည်း ဆရာတော်ထံ ရောက်ရှိပညာဆည်းပူးကြကုန်၏။

အနုသုခုမဝိဇ္ဇာယ၊ သံယုတာ နရ နာရိယော။
သန္တိကံ ဝိပုလထေရ–ပဏ္ဍိတဿ သမာဂမုံ။

## လယ်တီထင်ပြောင် လှောင်သရော်ပြုခြင်း

ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ဘုရားကြီးကိုပင် အထင်ကြီးဟန်မတူချေ။ လယ်တီဆရာတော်ဘုရားကြီး ပရမတ္ထသံခိပ်စာအုပ်ကို လည်း ဝေဘန်သည့်ပြင် နွားသားရောင်ကြဉ်ရေးတရားကို မတရားဟု –

''သာသနာ ကွယ်မည့်ပရော့ထင့်၊
အရွှာရွှာနယ် ပြည်ကြွယ်ပါတဲ့၊ လယ်တီဘုရားဆရာတော်။
အကြံနိမ့်ပါပေ့၊ သံခိပ်ကပ်ဘက်စာအုပ်ကြောင့်၊
နရုဒ္ဒါသဂြိုဟ်ဖြင့် မေးလေရော့ကွယ်၊ တွေးကျက်ကြနော်။
ပြောစရာ ဇမ္ဗူတလျှောက်မှာဖြင့်၊
ဂေါတမတဆူနောက်တွင်မှ၊
ဒဂေါတမောက်ရယ်တဲ့ ယခုကျော်။
အတုပေါ်ပါတဲ့ နောက်ဘုရား၊
ကျွဲနွားကိုညှာ၊ ဘဲငါးရယ်သတ္တဝါနှင့်။
ကြက်ဝက်ပါချန်ပထားတယ်ကွယ် စားစေခဲ့လား။''

ဟူသော လေးဆစ်ကဗျာဖြင့် လှောင်သရော်ပြုခဲ့လေသည်။

## ဆရာတော်အရှင်ဝိပုလနှင့် ပုဂံဝန်ထောက်ဦးတင်

ကဗျာဗန္ဓသာရကျမ်းစသည့် ကျမ်းပြုစာဆိုတော်ကြီး ပုဂံဝန်ထောက် ဦးတင်သည် ဆရာတော်အရှင်ဝိပုလနှင့် ခေတ်ပြိုင်ပေါ်ထွန်းသည့် ကဝိစာဆို ကဗျာခိုရ်ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။ ဦးတင်သည်လည်း ဆရာတော်ဦးဝိပုလထံ ရံခါရောက်ရှိ၍ စာပေလေ့လာ ဆွေးနွေးဆည်းပူးသည်ဟူ၏။

သက္ကရာဇ် ၁၂၇၂–ခုနှစ်တွင်ပုဂံဝန်ထောက်ဦးတင်သည် မြန်မာနိုင်ငံအစိုးရ ကိုယ်စားလှယ်တော်အဖြစ် ပဉ္စမမြောက် ဂျော့ဘုရင်ထံဝင်ရောက်ရန် အိန္ဒိယနိုင်ငံ

ဒေလီမြို့သို့ သွားရောက်ခဲ့လေသည်။ ထိုမှတဖန် မဇ္ဈိမဒေသသာဘုရားဖူးပြီး ဗုဒ္ဓဂယာမှ ဗောဓိပင်ပျိုးငယ်တပင်ပင့်ခဲ့၍ မြင်းခြံမြို့ ကိုးဆောင်ဆရာ အရှင်ဝိပုလအား လှူဒါန်းခဲ့လေသည်။ ဆရာတော်အရှင်ဝိပုလသည် ဇာတိချက်ကြွေ နွားတဲရွာ၌ စိုက်ပျိုးတော်မူခဲ့လေသည်။ ယင်းဗောဓိပင်ကား ယခုအခါ လွန်စွာစည်ကားသည့် ဗောဓိပင်ကြီးဖြစ်သတတ်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

ယင်းသို့ မြားမြောင်စွာသော စာပေလုပ်ဆောင်ချက်တို့ကြောင့် ၁၂၈၄–ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့ ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ယင်းသည့်၁၂၈၄–ခုနှစ်က ဆရာတော်ဦးဇာဂရ မိုးကောင်းတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့၊ ဆရာတော်ဦးပဏ္ဍိစ္စ၊ သစ်ဆိမ့်တိုက်၊ မြောက်ပြင်၊ မန္တလေးမြို့၊ ဆရာတော်ဦးသီလဝံသ၊ သထုံမြို့တို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူကြကုန်၏။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့များစွာအလုပ်လုပ်သော ရဟန်းရှင်လူများစွာတို့၏ မှီခိုအားထားရာ မြင်းခြံကိုးဆောင်မှ မဟာပရိတ်တော်ကြီး နိဿယသစ်–စသည့် ကျမ်းဂန်စာပေများစွာတို့ကို ပြုစုတော်မူခဲ့သော ပဌမဂိုဏ်းချုပ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမ(မန္တလာရာမ)ပြည်တိုက်ထွက် ကိုးဆောင်ဆရာတော်ဘုရားကြီး အရှင်ဝေပုလ္လာဘိဇ (အရှင်ဝိပုလ)သည် သက်တော် ၆၆–နှစ်ရှိရာ သက္ကရာဇ် ၁၂၉၀–ပြည့်နှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သီဟနာဒံ နဒိတ္ဝာန၊ ဗုဒ္ဓပုတ္တာ အနာသဝါ။
ခေမန္တံ ပါပုဏိတွာန၊ အဂ္ဂိက္ခန္ဓာဝ နိဗ္ဗုတာ။
သဗ္ဗေ ဘူတာ မရိဿန္တိ၊ သင်္ခါရာ ဟိ ဝိနာသိနော။

အနာသဝါ၊ အာသဝဟူ မြူမှုမသန်း ကုန်ခန်းတော်မူကြကုန်ပြီးသော။ ဗုဒ္ဓပုတ္တာ၊ ဘုရားမြတ်စွာ သားတော်ရဟန္တာ ပုဂ္ဂိုလ်မြတ်ကြီးတို့သည်။ သီဟနာဒံ၊

မဖောက်မပြန် မြတ်သောဟောက်သံကို။ နဒိတ္ထာန၊ မြွက်ကြားဟောက်ဆိုတော်မူကြပြီး၍။ ခေမန္တို့ သံသရာဘေးဘျမ်း ဥသုံကုန်ရာ ကေန်နိဗ္ဗာန်ကျွမ်းငှသို့။[၁] ပါပုဏိတ္ထာန၊ ရောက်တော်မူကြကုန်ပြီး၍။ အဂ္ဂိက္ခန္ဓာဝ၊ မီးပုံကြီးတို့ကဲ့သို့။ နိဗ္ဗုတာ၊ အပြီးတိုင် ငြိမ်းတော်မူခဲ့ကြလေကုန်ပြီ။ သဗ္ဗေ ဘူတာ၊ ဖြစ်လာထင်ရှား သတ္တဝါအားလုံးတို့သည်။ မရှိသန္တို့ ပုံသေမှုချ သေကြရကုန်လိမ့်အံ့။ သခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရအားလုံးတို့သည်။ ဝိနာသိနော့ဟိ၊ ဝိနာသိနောဝေ၊ ထာဝရမတည် ပျက်စီးခြင်းသဘော ရှိကြကုန်သည်သာ။

---

၁။ ထေရဂါထာ။ (၃)။ (၇)။ (၅)။

■ ■ ■

## ပဋ္ဌမစာတော်ချ ဆရာတော်အရှင်ဝိစိတ္တ

ပဋ္ဌမစာတော်ချဆရာတော် အရှင်ဝိစိတ္တသည်မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမတိုက်ကြီး၌ စာပေချပို့ သာသနာတော်ကို ချီးမြောက်တော်မူခဲ့လေသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်,ရဟန်းပြုခြင်း

သက္ကရာဇ်၁၂၀၀–ပြည့်နှစ်ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ သာမဏေအရွယ်တွင် အရိယသာဝိတ္တိအဖွဲ့နှင့် နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံသို့ ရောက်၍ ဘုန်းတောက်ထွတ်ထား မြတ်ဘုရား၏ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော်၂၀–တွင် လောကီယသမ္မုဒိတို့ထက် ဆတက်လွန်ကျူး ထူးမြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## မဏ္ဍလာရာမတိုက် ရောက်ရှိပညာသင်ခြင်း

ငယ်စဉ်ကပင် မဏ္ဍလာရာမတိုက်သို့ရောက်၍ မဏ္ဍလာရာမဆရာတော်ဘုရားကြီးနှင့်တကွ ကျမ်းဂန်တတ်အကျော် ဆရာတော်တို့ထံ ''ညီညာထကြွ ဆုံးမနာယူ လာမူကြိုဆီး ထံနီးလုပ်ကျွေး သင်တွေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ'' ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါးကို ကျင့်ဆောင်၍ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။

ယင်းသို့ ဆရာသမားကောင်းတို့ထံ နိယံမပြတ် နည်းခံသင်ယူခဲ့သဖြင့် စာပေကျမ်းဂန် တတ်မြောက် ကျွမ်းကျင်တော်မူခဲ့လေသည်။

## မင်းမြတ်၏ အထောက်အပံ့

ဆရာတော်အရှင်ဝိစိတ္တသည်–

၁။ ဝါကျသွားဝါကျလာနှင့်တကွ ဓာတ်ပစ္စည်းပုဒ်ပါဌ်တို့ကိုခွဲဝေ၍ ဝိဂြိုဟ်ဝစနက်ကို ဆက်ဆက်ပြုနိုင်ခြင်း၊

၂။ ဂါထာဖွဲ့စီတတ်ခြင်းနှင့်တကွ ပဒေဒေါသစသော အလင်္ကာနည်းကိုသိခြင်း၊

၃။ နေတ္တိနည်းကိုသိခြင်း၊

၄။ ပဋိစ္စသမုပ္ပါဒ်နည်းကိုသိခြင်း၊
၅။ ပဋ္ဌာန်းနည်းကိုသိခြင်း၊
ဟူသောအင်္ဂါငါးပါး ပဌမစာချလက္ခဏာနှင့် ပြည့်စုံတော်မူသဖြင့် ပဌမစာတော်ချ ဖြစ်၍ ''ကေရာဇ်မင်းထောက်လှူသွင်း ငါးတင်းဆံတော်မှာ'' ဟူသည်နှင့်အညီ လစဉ် ဆန်တော် ၅-တင်း ထောက်ပံ့လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။

## အဝမြို့စသည်၌ သာသနာပြုကြွတော်မူခြင်း

ဆရာတော်အရှင်ဝိစိတ္တသည် အဝမြို့၊ ပခန်းကြီးမြို့၊ ယောလေးမြို့၊ မြစ်စဉ် ဝဲယာ မလွန်မြို့၊ မင်းလှမြို့၊ ဆင်ပေါင်ဝဲမြို့၊ မြေထဲတောင်စဉ် ခုနစ်ခရိုင်အထိ မင်္ဂလာရာမ ဆရာတော်ဘုရားကြီးနှင့်အတူ မြောက်စလင်းတိုက်အုပ် အရှင်ဓမ္မဓရ တိုက်တော် ပဌမစာချအရှင်အာဒိစ္စ မဟာဝိဇိတာရာမတိုက် ပဌမစာချ အရှင်ဇယန္တ လယ်ကိုင်းတိုက် ပဌမစာချအရှင်သုမန, အရှင်သောဘိတတို့နှင့်အတူ သာသနာပြု ကြွတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့စာပေချပို့ခြင်း အနယ်နယ်အစိုစို အမြို့မြို့အရွာရွာတို့သို့ လှည့်လည် သာသနာပြုတော်မူခဲ့သော မင်္ဂလာရာမတိုက် စာချဂဏဝါစက ပဌမစာတော်ချ ဆရာတော်အရှင်ဝိစိတ္တသည် ဇရာဗျာဓိနှစ် ချက်ငြိသဖြင့် သမ္မုတိမရဏဖြင့် ဘဝ နတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဝိဟဂါနံ ယထာ သာယံ၊ ရဟာဒမှိ သမာဂမော။
တထာ လောကမှိ ဉာနံ၊မုဟုတ္တံဝ သမာဂမော။

သာယံ၊ ညချနေချမ်းခါသမယ၌။ ရဟာဒမှိ၊ ရေကန်ရေအိုင်၌။ ဝိဟဂါနံ၊ ဆက်ရက်,ချိုး,ခါ,စသည်များစွာ ငှက်သတ္တဝါအပေါင်းတို့၏။ သမာဂမောယထာ၊ ခေတ္တခဏ အခိုက်သင့်ကြုံ ပေါင်းဆုံမိခြင်းကဲ့သို့။ တထာ၊ ထို့အတူ။ လောကမှိ၊ လောကထဲ၌။ ဉာနံ၊ ပျော်ကြသောင်းသောင်း လူအပေါင်းတို့၏။ သမာဂမော၊ သားနှင့်အမိ သားနှင့်အဖ သမီးနှင့်အမိမာတာ ဆရာနှင့်တပည့် စသည်ဥသုံ

ပေါင်းဆုံမိခြင်းသည်။ မုဟုတ္တံ ဝေ၊ နတ်သက် ပြဟ္မာသက်နှင့် နှိုင်းစာပါက ခေတ္တခဏ ကလေးမျှသာတည်း။

■ ■ ■

# ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဆရာတော်အရှင်တိဿ

ရွှေကျင်နိကာယဓမ္မသေနာပတိဖြစ်တော်မူသော အလုံမြို့ လေးထောင့်ပြင်ကြီးဆရာတော် အရှင်တိဿသည်လည်း မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမတိုက်၌ ၂-နှစ်ခန့် သီတင်းသုံးပညာသင် ကြားတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် သာမဏေဝတ်ခြင်း

မုံရွာမြို့နယ်၊ မုံရွာမြို့အနီး၊ ခင်မွန်မြို့ရှုံးသာရပ်၌ ကျောင်းဒါယိကာမကြီး ဒေါ်ကျွန်းတို့မှ သက္ကရာဇ် ၁၂၁၂-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၇-နှစ်သားအရွယ်တွင် ခင်မွန်းမြို့ သေန်ကျောင်းဆရာတော်ဦးပေါ်လာထံတွင် မိဖတို့အပ်နှံသဖြစ် စတင်ပညာသင်ကြားတော်မူခဲ့လေသည်။ ၁၂၂၄-ခုနှစ်၊ သက်တော် ၁၂-နှစ်သားအရွယ်တွင် သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော် ရှင်တိဿ ဖြစ်လေသည်။

## မဏ္ဍလာရာမတိုက်၌ ပညာသင်ကြားခြင်း

သက်တော် ၁၆-နှစ်သားအရွယ်တွင် မန္တလေးမြို့မြောက်ပြင် မဏ္ဍလာရာမတိုက်သို့ရောက်၍ မဏ္ဍလာရာမဆရာတော်ဘုရားကြီးနှင့် မဏ္ဍလာရာမတိုက်စာချဆရာတော်များထံ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

မဏ္ဍလာရာမေ ထေရာနံ၊ မေဓာဝီ တိဿကုဥ္စရော။
သန္တိကေပိ သမုဂ္ဂဏှိ၊ ဂန္ထေ ဗဟုဝိဓေပိ စ။

၎င်းနောက် ကင်းမင်းရွာတောင်ကျောင်း သုံးဂိုဏ်းချုပ်ဆရာကြီးထံ၌ အဘိဓမ္မာအဋ္ဌကထာကြီးသုံးကျမ်းကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။

## ရဟန်းအဖြစ်သို့ရောက်ခြင်း

သက်တော် ၂၀–ပြည့်မြောက်ရာ ၁၂၃၂–ခုနှစ်၌ ခင်မွန်မြို့ ငါးမာရ်အောင်တိုက် ခဏ္ဍသိမ်တော်၌ မုံရွေးလေးရွာ ပုပ္ဗာရုံကျောင်း ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အရှင်သုမနကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော် အရှင်တိဿဖြစ်လေသည်။ ၎င်းနောက် မန္တလေးမြို့မြောက်ပြင် ရွှေကျင်တိုက် ထရံကာတိုက်တို့၌ သီတင်းသုံး ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်။ ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးထံ၌လည်း ဝိနည်းပိဋကကို သင်ယူတော်မူခဲ့လေသည်။

## အလုံဆရာတော်ဟု ထင်ရှားခြင်း

ရဟန်းသိက္ခာ ဆယ်ဝါအရ ၁၂၄၂–ခုနှစ်တွင် အလုံမြို့၊ ခုံတော်ဦးပို့ ဒေါ်ရွှေမြတို့၏ ဆောက်လုပ်လှူဒါန်းသည့် လေ့ကားလေစင်းတပ် လေးထောင့်ပြင် ကျောင်းကြီးကို အလှူခံ၍ သီတင်းသုံး၍ သာသနာချီးမြှောက်ရာ အလုံဆရာတော်ဟု ထင်ရှားခဲ့လေသည်။

၎င်းနောက်တောင်ငူမြို့ရေတာရှည် ငါးဖယ်အင်းတို့၌ သုံးဝါသီတင်းသုံး၍ စာပေချပို့သာသနာ ပြုတော်မူခဲ့လေသည်။ ထို့နောက် မန္တလေးမဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ ဆက်လက်၍ ပညာဆည်းပူးတော်မူခဲ့လေသည်။

## ရွှေကျင်နိကာယဓမ္မသေနာပတိဖြစ်ခြင်း ပျံလွန်ခြင်း

ဆရာတော်သည် ၁၂ဂ၉–ခုနှစ်တွင် ရွှေကျင်နိကာယကြီး၏ စတုတ္ထမြောက် ရွှေကျင်နိကာယ ဓမ္မသေနာပတိဖြစ်တော်မူသည်။ ၁၂၉၀–ပြည့်နှစ် နတ်တော်လ ပြည့်ကျော် ၃–ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အဘိနိဗ္ဗတ္တိ၊ ရုပ်နာမ်တို့၏ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခ၊ ဆင်းရဲလှချေ၏။ အနဘိနိဗ္ဗတ္တိ၊ ရုပ်နာမ်တို့၏ မဖြစ်ခြင်းသည်။ သုခ၊ ချမ်းသာလှချေ၏။

■■■

# အဂ္ဂမဟာသေနာပတိ ယောအတွင်းဝန် အမတ်ကြီး ဦးဖိုးလှိုင်

အဂ္ဂမဟာသေနာပတိ ယောအတွင်းဝန် အမတ်ကြီးဦးဖိုးလှိုင်သည် မြင်းခြံမြို့ကြီးအထက် တလုပ်မြို့အဝင်အပါ ရွာပုလဲရွာတွင် ရေနံချောင်းမြို့စား ယင်းတော်ဝန်ကြီးမင်းလှကျော်ထင်နှင့် ဝန်ကတော် မယ်ငြိမ်းတို့မှ ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် မင်းတရားလက်ထက် သက္ကရာဇ် ၁၁၉၁–ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀–ရက်ညဥ့် ၃–ချက်တီးကျော် သောကြာနေ့အဝင် ကုံတွင်လဂ်နှင့်သောကြာမိန်တွင် တနင်္ဂနွေကြဉ့်မှစန်း စနေကန်တွင်ရာဟု ခနေတွင် အင်္ဂါကြာသာပတေး စင်နက္ခတ် ၇–လုံးတပါဒ် ငါးဗိဇနာဖွားတွင်မြင်၍ မောင်လှိုင်ဟူသောအမည်ကို မိဖတို့ မှည့်ခေါ်ကြလေသည်။

တလုပ်မြို့နယ် ကျဘိုးရွာဇာတိ မဟာထေရ်မြတ်ထံ ပညာသင်းကြားစေ၍ သာသနာ့ဘောင်သို့ မိဘတို့က သွတ်သွင်းထမ်းရွက်စေကြကုန်၏။

## ဆက်လက်သာမဏေပြု

သက္ကရာဇ် ၁၂၀၆–ခု၊ နယုန်လဆန်း ၇–ရက်၊ ကြာသာပတေးနေ့တွင် သာယာဝတီမင်း မင်းတဲဒေးဝန်းရပ် စံနန်းတော်သို့ ထွက်တော်မူကြိုက်အခါ အဖ ယင်းတော်ဝန် ကွပ်မျက်ခြင်းခံရ၍ ကွယ်လွန်ခဲ့သည်။ ဝန်ကတော်သည် သားမောင်လှိုင်ကို လူဝတ်စေ၍ အိမ်ရှေ့တော်မင်းတုံးမင်းထံ အပ်နှံခဲ့လေသည်။ မင်းတုန်း အိမ်ရှေ့စံမင်းက ထပ်မံ၍ သာသနာဘောင်သို့ သွတ်သွင်းချီးမြှောက်၍ "ကဝိန္ဒာဘိသီရိ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကဝိန္ဒထံ အပ်နှင်းလေသည်။

## ပြည်ဆရာတော်ထံ ပညာစသည်သင်ခြင်း

၎င်းနောက် "မေဓာဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဓိရာဇဂုရု" စသောဘွဲ့တံဆိပ်တော် ၃–ထပ်ရ ပြည်ဆရာတော်ဘုရားထံ ရောက်ရှိ၍ သဒ္ဒါဗျာကရဏ်းဆစ်ပိုင်းခဲရပ် ပုဒ်စစ် ပုဒ်ယှဉ်နည်းအစဉ်တို့၌ အဝါးဝအောင် ကျနစွာ သင်ယူခဲ့လေသည်။

၎င်းပြင် ''ပညာဇောတာဘိသိရီသဒ္ဓမ္မပါလ အရိယဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဒုတိယဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီးထံ၌ ပညာသင်ကြားခဲ့လေသည်။ နောက်တွင် မောင်လှိုင် သည် လူဝတ်လဲခဲ့လေသည်။

မင်းတုန်းမင်းလက်ထက်တွင် ''မင်းလှစည်သူ''ဘွဲ့နှင့် ယောမြို့စားအဖြစ် ခန့်အပ်ခြင်းခံရလေသည်။ အဂ္ဂမဟာသေနာပတိ မကွေးမြို့စားဝန်မင်းကြီး၏ သမီးငယ်ခင်ဖြူနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားခဲ့လေသည်။ ၂၉–နှစ်တွင် ''မင်းကြီးမင်းလှမဟာစည်သူ''ဘွဲ့နှင့် အတွင်းဝန်ရာထူး ခန့်အပ်ခြင်းကို ခံရလေ သည်။ မန္တလေးမြို့ မြောက်ပြင်သူရဲတပ်ရွာအရှေ့၌ ဣဋ္ဌကာရာမအုတ်ကျောင်း တိုက်ကို တည်ဆောက်လှူဒါန်းကာ သာသနာတော်ကို ချီးမြှောက်ခဲ့လေသည်။ ၁၂၃၁–ခုနှစ်တွင် ယခင်က နုတ်ပယ်ခဲ့ဘူးသော အတွင်းဝန်ရာထူးကို ထပ်မံ ပေးအပ်၍ ကျီဝန်အရာတွဲဖက်လျက် ''အတွင်းဝန် ကျီဝန် ယောမြို့စားမင်းကြီးမင်းလှ မဟာ စည်သူ''ဘွဲ့ဖြင့် ချီးမြှောက်ခြင်းကို ခံရလေသည်။ သီပေါမင်း၏ လက်ထက် တွင် ရာထူးမှ ချထားခြင်းခံရလေသည်။ ဦးဖိုးလှိုင်သည် ကျမ်းဂန်များတို့ကိုလည်း ပြုစုခဲ့လေသည်။ ၎င်းတို့မှာ–

၁။ အသဘောဒကျမ်း
၂။ လိပိဒီပိကာကျမ်း
၃။ လီလာဝတီကျမ်း
၄။ သဒ္ဒသင်္ဂဟကျမ်း
၅။ ဝိမုတ္တိရသကျမ်း
၆။ မဟာသမထဝိနိစ္ဆယကျမ်း
၇။ ကာယာနုပဿနာကျမ်း
၈။ ရာဇဓမ္မသင်္ဂဟကျမ်း
၉။ နဝသိဒ္ဓန္တကျမ်း
၁၀။ ဥတုဘောဇနသင်္ဂဟကျမ်း
၁၁။ မဟာသုဇာတကျမ်း
၁၂။ သုဗောဓာလင်္ကာရနိဿယကျမ်း
၁၃။ ဓာတုပဿံသကျမ်း
၁၄။ လောကဓာတ်ဆေးကျမ်း

၁၅။ သတ်ညွှန်းကျမ်း။ စသည်တို့ဖြစ်ကုန်၏။

## ပြည်ဆရာတော် မိန့်ကြားချက်

ပြည်ဆရာတော်ဘုရာကြီး အရှင်မေဓိယာဇ အရှင်မေဓာလင်္ကာရက မောင်ဖိုးလှိုင်သည်၊ မဟော်သဓာနှင့်တူ၏။ မင်းတုန်းမင်းကြီးသည် ဝိဒေဟရာဇ်မင်းကြီးနှင့်တူ၏။ မြောက်နန်းမိဖုရာသည် ဥဒုမ္ဗရဒေဝီနှင့်တူ၏ဟု မိန့်တော်မူသောဟူ၏။

## ကွယ်လွန်ခြင်း

ပြည်ဆရာတော်ဘုရာကြီး၏ တပည့်ဦးဖိုးလှိုင်သည် အသက် ၅၄–နှစ်ရှိရာ၊ သက္ကရာဇ် ၁၂၄၅–ခုနှစ် ဝါခေါင်လဆုတ် ၈–ရက်နေ့ညဥ့် ၃–ချက်တီးကျော် အချိန်တွင် သတိပဋ္ဌာန်သုတ်ကို ကြားနာရင်း ကွယ်လွန်ခဲ့လေသည်။[၁]

## သံဝေဂယူရန်

လူ့ဥကြီးဘိ၊ သားအမိပင်၊ မချိကယ်ရေး၊ ကိုယ်လွတ်ပြေးသည့်၊
မီးဘေး,ရေဘေး၊ ပြည်ပျက်ဘေးလည်း၊ ဆယ်ရေးတရေး၊
ကယ်နိုင်သေး၏၊ အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊
ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊
မျက်စိအောက်တွင်၊ ရင်ခွင်တင်လျှက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊
လက်မှိုင်ချကာ၊ နေရစွာရှင့်။[၂]

သူတော်ကောင်းတို့စိတ်ကြည်ကာ သဒ္ဓါတရားတိုးပွားရန် သံဝေဂဖြစ်ရန် ရည်သန်၍ မင်္ဂလာရာမသာသနာဝင်ကိုပြုစီရင်ရာ ဤတွင်လက်စသက်လိုက်ပါပြီ။

သုဇာနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မင်္ဂလာရာမဝံသောယံ၊ သမတ္တော သာဝ ဝဏ္ဏိတော။

မင်္ဂလာရာမသာသနာဝင် ပြီး၏။

■■■

---

၁။ မန္တလေးသာသနာဝင် အတွဲ–၂၀။ ယောမင်းကြီး အုပ်ကျောင်းတိုက်သာသနာဝင် လည်းကြည့်။

၂။ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ် ၂၇၄။ ၄၀၀။

## မဟာဓမ္မိကာရာမ သစ်ဆိမ့်သာသနာဝင်

သစ်ဆိမ့်ကျောင်းတိုက်ကြီးသည် မန္တလေးမြို့မြောက်ပြင် မန္တလေးတောင်ကြီး၏ အနောက်ဖက်(အနောက်မြောက်စဉ်းငယ်ယွန်း)အရပ်၌ တည်ရှိလေသည်။ ကျောင်းတိုက်ကြီးမှာ ကျယ်ဝန်းလှ၏။ ကျောင်းတိုက်၏ အရှေ့ဖက်ထိပ်၌ စေတီတော်များ စီတန်းတည်ရှိလျှက်ရှိလေသည်။

ရှေးက သစ်ဆိမ့်တိုက်အတွင်း၌–

၁။ မုခ်ဦးကျောင်း

၂။ ပခန်းကျောင်း

၃။ ဝန်စာရေးကျောင်း

၄။ ဦးပွားကျောင်းစသည် မှူးကြီးမတ်ရာတို့ ဆောက်ခဲ့သော ကျောင်းတို့ရှိခဲ့ဘူးသော်လည်း ယခုမူ သင်္ခါရသဘောအရ ပျက်စီးခဲ့လေကုန်ပြီ။

လက်ရှိကျောင်းများမှ–

၁။ ကျောင်းသစ်ကျောင်း

၂။ တံဆိပ်စားကျောင်း

၃။ ရွှေဂုံတိုင်ကျောင်း

၄။ ဗန့်ကျီကျောင်း

၅။ မထွေးလေးကျောင်း

၆။ ဥယျာဉ်ကျောင်း

၇။ လမိုင်းဝန်ကျောင်း

စသည့်ကျောင်းများအပြင် အခြားသော အဆောက်အဦးများလည်းရှိကုန်၏။ ကျောင်းတိုက်ကြီးမှာ ရှေးက သံဃာတော်–၁၀၀၀(တထောင်) တထောင်ကျော်အထိ သီတင်းသုံးသွားရာ လွန်စွာစည်ကားသည့် ကျောင်းတိုက်ကြီးဖြစ်သော်လည်း။ ယခုမူ သံဃာတော် ၃၀–ခန့်မျှသာရှိသော စာသင်တိုက်ငယ်လေးသာ ဖြစ်ခဲ့လေသည်။ ထိုစဉ်က ဆရာကလည်းတင့် ဒကာကလည်းမြင့်သဖြင့် ဖက်စုံကုန်လုံသဖြင့် ကျောင်းတိုက်သည် အစွမ်းကုန်စည်ပင်ခဲ့၏။ ယခုမူ ထိုစဉ်က အခြေအနေမျိုး မရှိပါတော့ချေ။

# သမိုင်းအကျဉ်း

အမရပူရမြို့ အရှေ့တောင်ယွန်းအရပ်၌ မဟာခေမိကာရာမ သစ်ဆိမ့်တိုက်ကြီး တည်ရှိခဲ့လေသည်။ ယင်းမဟာခေမိကာရာမသစ်ဆိမ့်တိုက်ကြီး၌ ရာဇာဓိရာဇဂုရု စသည်ဘွဲ့တံဆိပ်တော်ရ ပညာရှင်ဆရာတော်များစွာတို့ သီတင်းသုံးတော်မူခဲ့ကြကုန်၏။ ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မြို့တော်သစ် နန်းတော်သစ်ဖြင့် လောကသာသနာကို ပြုစုလိုသဖြင့် မန္တလေးနန်းမြို့တော်ကို တည်စဉ်က သစ်ဆိမ့်ဆရာတော်ဘုရားကိုလည်း မြို့တော်သစ်၌ပင့်၍ ကိုးကွယ်တော်မူခဲ့လေသည်။ သို့ရာတွင် မင်းတုန်းမင်းတရားကြီးပင့်ခဲ့သော မန္တလေး ပဌမသစ်ဆိမ့်ဆရာတော်ကြီးမှာ အချိန်ကြာမြင့်စွာ အသက်မရှည်ပဲ ပျံလွန်တော်မူခဲ့လေသည်။ မင်းတရားတင်လှူခဲ့သော ကျောင်းတော်ကိုလည်း လက်ခံသွားတော် မမူပါရချေ။ မင်းတုန်းမင်းတရားကြီးသည် လေးထပ်စမြင်ခံ အုတ်ကျောင်းတော်ကြီးကို သစ်ဆိမ့်တိုက် ဒုတိယဆရာတော်ဖြစ်တော်မူသော "ပညာသီဟသာသနဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား တင်လှူတော်မူရလေသည်။[၁]

---

၁။ ကုန်းဘောင်ဆက်။၃။၄၅၀-ကြည့်။

## တေဇောသာရာဘိပဏ္ဍိတပရမ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်တေဇောသာရ

သစ်ဆိမ့်တိုက်၏ ပဌမဆုံးဆရာတော်မှာ ဆရာတော် အရှင်တေဇောသာရ ဖြစ်လေသည်။ ဆရာတော်သည် အမရပူရမြို့ သစ်ဆိမ့်တိုက်၌ ကြာမြင့်စွာ သီတင်းသုံး တော်မူ၍ စာပေပို့ချကာ ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက် တော်မူခဲ့လေသည်။ ၎င်းဆရာတော်မှာ ရမည်းသင်း ရန်အောင်ဇာတိဟု အဆိုရှိသည်။

## မန္တလေးသို့ကြွရောက်သီတင်းသုံးခြင်း

မင်းတုန်းမင်းတရားသည် ဗုဒ္ဓသာသနာတော်ကို နှစ်နှစ်ကာကာ ယုံကြည် လေးမြတ်သည့် ကောရာဇ်ဘုရင်တပါးဖြစ်သည့်အလျောက် မိမိစိုးစံမည့် မန္တလေး နန်းမြို့တော်သစ်တွင် အမရပူရမြို့တော်မှ ကိုးကွယ်ရင်းစွဲ ဆရာတော်ကြီးများ မန္တလေးမြို့တော်သစ်သို့ ကြွရာက်သီတင်းသုံးရန် လျှောက်ထားပန်ကြားခဲ့သဖြင့် ဆရာတော်သံဃာတော် ၅၀၀–ကျော်တို့ သက္ကရာဇ် ၁၂၁၉–ခုနှစ် နတ်တော်လ ဆန်း ၅–ရက်နေ့မှစ၍ ကြွရောက်သီတင်းသုံးတော်မူရာ သစ်ဆိမ့်ဆရာတော် အရှင်တေဇောသာရလည်း ပါဝင်ခဲ့လေသည်။

ဆရာတော်မှာ သက်တော်ရင့်ညောင်း ဇရာထောင်းဟန် လက္ခဏာရှိပါ သည်။ မန္တလေးမြို့တော် မဟာခေမိကာရာမ သစ်ဆိမ့်တိုက်၌ ကြာမြင့်စွာ သီတင်း သုံးတော်မမူရပဲ ပျံလွန်တော်မူခဲ့လေသည်။

## အရိုးဌာပနာ စေတီတည်

ဆရာတော်အလောင်းကို ခမ်းနားစွာ သာဓုကီဠနပွဲ ကျင်းပပူဇော်ကြပြီး အရိုးကိုဌာပနာ၍ စေတီတည်ထား ကိုးကွယ်ကြကုန်၏။ ယင်းစေတီမှာ ခံကုန်းရွာ၏ အရှေ့မြောက်ဖက်၌ တည်ရှိလေသည်။

## ယနေ့တိုင် မမေ့နိုင်ရှိကြ

သစ်ဆိပ်တိုက်မှ ဆရာတော်များသည် ဆရာတော်ကြီး၏ ဂုဏ်ကိုအမှတ်ရရှိတော်မူကြသဖြင့် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကြွရောက်တော်မူကြ၍ ဆီမီးဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြကာ ဆရာတော်ကြီး၏ဂုဏ်ကို အာရုံပြုကြသည်မှာ အဆက်မပြတ်သေးဟု သိရလေသည်။

-----ooo-----

## ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ပညာသီဟာဘိသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာသီဟ

ပဌမဆရာတော်ဘုရားကြီးပျံလွန်တော်မူပြီးနောက် ဆရာတော် အရှင်ပညာသီဟသည် မဟာခေမိကာရာမ သစ်ဆိမ့်တိုက်ကြီးကို ဦးစီးနာယကပြုလုပ်၍ ပရိယတ္တိသာသနာကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်၊ ဆရာတော် အရှင်ပညာသီဟလက်ထက်တွင် သစ်ဆိမ့်တိုက်သည် အစည်ကားဆုံးဖြစ်၏။ သစ်ဆိမ့်တိုက်၌ သံဃာ–၁၀၀၀(တစ်ထောင်)ကျော်ရှိခဲ့သည်မှာ ဆရာတော် အရှင်ပညာသီဟ လက်ထက်တွင်ဖြစ်လေသည်။

## ဖွားမြင်ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်သည်အမရပူရမြို့တော်၌ သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန်ကို ထူးချွန်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ပညာသီဟ ဖြစ်လေသည်။

## ပညာသင်ကြား တတ်မြောက်ခြင်း

အရှင်ပညာသီဟသည် ''ဓမ္မာဘိလင်္ကာရသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အမရပူရမြို့ သစ်ဆိမ့်တိုက်ဆရာတော် အရှင်ဓမ္မသာမိ စသည်တို့ထံတွင် နေ့ဝါ ညဝါ ကျမ်းမျိုးစုံကို သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

ဆရာတော် အရှင်ပညာသီဟ၏ စာပေကျွမ်းကျင်ပုံမှာ မှတ်သားထိုက်သည်။ ပါဠိစာပေ၌ အရေးအဖတ်စသည်၌ ပိုင်နိုင်စွာ တတ်မြောက်တော်မူခဲ့လေသည်။ မြန်မာမှု၌လည်း ပေါရာဏအသုံးအနှုန်းနှင့်တကွ ကျွမ်းကျင်နိုင်၏။ ဆရာ့ဆရာတို့၏ ဖြတ်ထုံးအမျိုးမျိုးကို ရရှိတော်မူခဲ့လေသည်။

## 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်နှစ်ထပ်

ဆရာတော်သည် ''ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်နှင့် ''ပညာသီဟာဘိသိရီသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူသည့် ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

## ကျမ်းဂန် ပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ မဟာရာဇဝင်ကြီး ဋီကာပါဠ်။
၂။ မဟာရာဇဝင်ကြီး ဋီကာနိဿယ။
၃။ သာသနမူလ ဋီကာပါဠ်
၄။ ဂီတာလင်္ကာရကျမ်း
၅။ ပေါရာဏကထာ ဋီကာ
၆။ ကစ္စာယနဇနာ မဟာဋီကာပါဠ် ပဌမတွဲ
၇။ ကစ္စာယနဇနာ မဟာဋီကာပါဠ် ဒုတိယတွဲ
၈။ ကစ္စာယနဇနာ မဟာဋီကာပါဠ် တတိယတွဲ
၉။ ကစ္စာယနဇနာ မဟာဋီကာပါဠ် စတုတ္ထတွဲ
၁၀။ ပရိဝါပါဠိတော် နိဿယ
၁၁။ ဋီကာကျော် နိဿယ
၁၂။ လောက ဒီပကသာရ နိဿယ–စသည်တို့ ဖြစ်ကုန်၏။

## မဟာရာဇဝင်ကြီး ဋီကာပါဠ်စသည်ကျမ်းများ

ဆရာတော် အရှင်ပညာသီဟ၏ မဟာရာဇဝင်ကြီး ဋီကာပါဠ် ၎င်းနိဿယ သာသန မူလဋီကာပါဠ်တို့မှာ အဖိုးတန်ကျမ်းကြီးဖြစ်ကုန်၏၊ ရာဇဝင်သမိုင်း ပညာရှင်တို့ များစွာ အားကိုးပြုရသော ကျမ်းတို့ဖြစ်ကုန်၏။ ရာဇဝင်သုတေသီတို့အား ၎င်းကျမ်းတို့က အရည်အချင်းကို အားသစ်လောင်း ဖြည့်စွက်ပေးကုန်၏။

## မဟာရာဇဝင်ကြီးဋီကာပါဌ်

ဆရာတော်ဘုရားကြီး အရှင်ပညာသီဟသည် မဟာရာဇဝင်ကြီး ဋီကာပါဌ်ကိုလည်း ရာဇဝင်ဆိုင်ရာကျမ်းဂန် အရပ်ရပ်တို့ကို ကြည့်ရှုလေ့လာ ချဉ်းနင်း၍ ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

ပဋ္ဌဝီသ သိရိခေတ္တော၊ ရိမဒ္ဒေ ပဋ္ဌပညာသ။
ဆ ဝိဇယမှိ ရာဇာနော၊ သတ္တာသုံ ဇယပုရေ စ။
တိံသေဝ ရတ္နာပုရေ၊ ရတနာသိခေ ဒသမှိ စ။

သိရိခေတ္တော၊ သိရိခေတ္တနဂရဟု ပြည်မဗိမာန် နန်းရပ်ဌာန်၌။ ပဋ္ဌဝီသ၊ နှစ်ကျိပ်ငါးယောက် ရှေ့မှောက်သနင်း ဘုရင်မင်းတို့သည်လည်းကောင်း။ ရိမဒ္ဒေ၊ ရန်လေ့ငါးသီး ခွင်းမြောက်ပြီးသော် ပြည်ကြီးပုရံမြို့ပုဂံ၌။ ပဋ္ဌပညာသ၊ ငါးကျိပ်ငါးပါး မင်းတရားတို့သည်လည်းကောင်း။ ဝိဇယမှိ၊ သုဝဏ္ဏပုပ္ဖ မြေမှပေါ်ထွက် ညွန့်ခက်ဖူးလှုံမြို့ပန်းယ၌။ ဆရာဇာနော၊ ဘိန္နကရ ဝံသန္တယ်ယင်း ခြောက်ယောက်သော မင်းတို့သည်လည်းကောင်း။ ဇယပုရေစ၊ အောင်ဖေယျာဟိတ် နိမိတ်ကွန့်လှိုင်း မြို့စစ်ကိုင်း၌။ သတ္တ၊ အသခ်ယာ ဆက်စဉ်လာဖြင့် အာကာပွင့်လင်း ခုနှစ်ယောက်သောမင်းတို့သည်လည်းကောင်း။ ရတနာပုရေ၊ ရတနာပုရ ရွှေအင်းဝ၌။ တိံသေစ၊ ဇမ္ဗုစိုးဆောင် ရန်အောင်ခပ်နိုပ် သုံးကျိပ်သောမင်းတို့သည်လည်းကောင်း။ ရတနာသိခေ၊ ရတနာသိခ် ငါးမည်ရသော ဒီပတန်ဆောင် ပြည်ကုန်းဘောင်၌။ ဒသမှိစ၊ တစ်ကျိပ်သောမင်းတို့သည်လည်းကောင်း။ အာသုံ၊ ဖြစ်ကုန်ပြီ။ စသော ရာဇသမူဟ ပဗန္ဓဂါထာဖြင့် ရာဇဝင်ကြီးစာကိုယ်ဋီကာမိတ်လင်စုံကို ဖော်ပြတော်မူခဲ့လေသည်။

၎င်းနောက်တွင်မှ မဟာရာဇဝင်ကြီး ဋီကာပါဌ်ကို ပြုစီရင်တော်မူခဲ့လေသည်။ မဟာရာဇဝင်ကြီး ဋီကာပါဌ်ကို–

၁။ ဝန္ဒိတွာနာဟံဗုဒ္ဓံ၊ အာဒိဘူပါလဝံသဇံ။
ဓမ္မဥ္စသ သမုဋ္ဌာတံ၊ သံဃံ သဒ္ဓမ္မသမ္ဘဝံ။

၂။ အာလောကယတိ ဧကေန၊ အာလောကောက္ကတိ ဘိက္ခုနာ။
သဿတ္တိ ဝိဇ္ဇတေ ယသ္မိ–ဝါ လောကေနာဘိယာစိတော။

၃။ ဗောဓောဒဏ္ဍာ စရိယေန၊ သုတစ္စယဟိတေသိနာ။
ရာဇဝံသံ သမာနေတွာ၊ ဂါထာဗန္ဓေန ယာ ကတာ။

၄။ ဝဏ္ဏိယိသံ သမာသေန၊ တဿတ္ထံ ရာဇတန္တိယာ။
သာဓဝေါ တံ နိသာမေထ၊ သုဒုလ္လဘာ အယံ ကထာတိ။
ဟူသော ၄-ဂါထာပါဠိဖြင့် ရတနတ္တယ ပဏာမ အဘိယာစကမှ ပဋိညာဉ် စသည် ပြုတော်မူ၍ စီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ ''ဣတိ ဉာဏဝိလာသဇနိ နာမိကာ ရာဇဝံသ ဋီကာ သမတ္တာ'' ဟူသောစကားဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းမဟာရာဇဝင်ကြီး ဋီကာပါဠိသည် အင်္ဂလိပ်ခေတ်တွင် ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့ရာ ရွှင်ဆိုက် စာမျက်နှာ ၆၀-ရှိလေသည်။

## မဟာရာဇဝင်ကြီး ဋီကာ နိဿယ

ယင်း မဟာရာဇဝင်ကြီး ဋီကာပါဠိ၏ နိဿယကိုလည်း ပြုစီရင်တော်မူခဲ့ရာ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ရွှင်ဆိုက်စာမျက်နှာ ၄၆၄-ရှိလေသည်။

ရာဇဝံသ ဋီကာပါဠ-နိဿယမ္ပိ သုနိဿယော။
ပညာသီဟော သီဟာသမော၊ ရစယီ ထေရကုဉ္ဇရော။

## ဂီတာလင်္ကာရကျမ်း

ဂီတာလင်္ကာရကျမ်းမှာ မြန်မာစာ လေ့လာလိုက်စားသူများ စာရေးလေ့ကျင့်သူများ စာရေးဝါသနာပါသူများအတွက် အလွန်သင့်လျော်သည့် ကျမ်းစာကောင်း ဖြစ်လေသည်။ ဆရာတော်သည် ဉာဏ်မီးတောက်စ ရဟန်းသိက္ခာ ၁-ဝါခန့် ပျိုတုံးအရွယ်က ပြုစီရင်တော်မူခဲ့လေသည်။ သာသနာ့ဝင်စာတော်ဖတ်တို့ အလွယ် တကူ ကြည့်ရှုလေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်။

## ဂီတာလင်္ကာရကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သုတေသီနံ ဝိသဇ္ဇိဿံ၊ ဝန္ဒိတွာ ရတနတ္တယံ။
သာဓိပ္ပါယတ္ထဂီတာဿ၊ တံ သလ္လက္ခေထ သဗ္ဗဒါ။

အဟံ၊ ငါသည်။ ရတနတ္တယံ၊ ရတနာတို့၏ သုံးပါးတို့၏အပေါင်းကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဂီတဿ၊ သဖြန်သီချင်း၏။ သာဓိပ္ပါယတ္ထံ၊ အဓိပ္ပါယ်နှင့်တကွ သောအနက်ကို။ သုတေသီနံ၊ သုတပညာကို ရှာလေ့ရှိကုန်သော အမျိုးသားတို့၏။ အတ္ထာယ၊ ဉာဏ်ပွားစေခြင်းအကျိုးငှာ။ ဝိသဇ္ဇိဿံ၊ ရေးသားဖြေဆိုလိုက်ပေအံ့။

တံ၊ ထိုရေးသားဖြေဆိုလတ္တံ့သောနည်းကို။ သုတေသိယော၊ သုတပညာကို ရှာလေ့ ရှိကုန်သော အမျိုးသားတို့သည်။ သဗ္ဗဒါ၊ သိမ်း။ သလ္လက္ခေထ၊ မှတ်ကုန်ဆောင်ကုန် လော။ ဝါ၊ ကြည့်ရှုမှတ်ထုံး လက်သုံးပြုကြစေကုန်လော။

## အမေးပြဿနာ လေးချိုးကဗျာ

အချစ်ကယ်တူခြင်လှပါပေ့၊ ကြုံဘူးရခက်ကောင်။
များရတော့နှောင့်ဗျာပါမှာ၊ နေလေရာ အိုသူစိတ်ကယ်ကြောင့်။
တမိုတ်ကယ်မဖြေတတ်နိုင်ဘို့၊ လွမ်းနေကပ်အောင်။
သည်ဘဝတွင်မှ၊ ကျိုးမယ်ပညာဏ်ကိုးလို့ဘန်ရွယ်ဆောင်။
အိုရှောင်မယ့်ဉာဏ်မကူး။
ခဲသည့်တာ၊ ဆယ်ကမ္ဘာ ကြေမြေ့တော့။
အိုမေ့ကို ဘယ်နှယ်မုန်းရမယ်၊ ဆုံးဆရှိဘူး။

## ၎င်းလေးချိုးကဗျာကို ဝိသဇ္ဇနာ ဉာဏ်ဝိတ္ထာဖွင့်၍ အလိုက်သင့်ဖြေဆိုပေအံ့

ခပ်သိမ်းသော အမျိုးသား အမျိုးသမီးတို့အား ဉာဏ်ပွါးစိမ့်မည် စိတ်ကရည်လျက် သာကြည်သဖြင့် အသင့်နှလုံး စွဲသုံးမိသည်နှင့် လျော်ညီစွာ ကမ္ဘာဆယ်ထွေ ကျွန်းပစေတော့ သွေမရှောင်လွှဲ အားခဲကြိုးပမ်း စိတ်တမ်းလွယ်ဟန် အတန်အတန်များနှင့်တကွ ကြုံရသည့်သနစ် မီးမျိုးမြစ်နှင့် အချစ်ခြင်းတူခြင်လှသော အဖြစ်ကိုပြခြင်းငှာ အလိုရှိသော ဂီတာလင်္ကာရဆရာသည် "အချစ်ကယ် တူခြင်လှပါပေ့"အစရှိသော သဖြန်ပိုဒ်ကိုမိန့်သော်။

<u>ဤကား တစ်ပုဒ်လုံးတက်သောနည်း။</u>

အစိတ်အစိတ်တက်သော်ကား– မိမိ၏ကြွင်သူ့ဌ ချစ်ခြင်းပြင်းသော **စေတနာ** ဗလဝကြောင့် လွမ်းရသောအနက်ဝယ် ကြေပြက်ကမ္ဘာ မုန်းရာမဲ့ဘဲ **အားခဲရသော** အပေါင်းတွင် အကြောင်းသနစ် အရင်းစစ်က အချစ်သာပဓာန မူလ**ကြောင်းရင်း** **သို့**ဖြစ်ခြင်းကြောင့် အချစ်ခြင်းတူခြင်လှသောအဖြစ်ကို ရှေးဦးစွာ ဆိုလိုသော **ဂီတာလင်္ကာ**ရဆရာသည် "အချစ်ကယ် တူခြင်လှပါပေ့" ဟူသော ပိုဒ်ကိုမိန့်**သော်**။

<u>ထိုပိုဒ်၏အဓိပ္ပါယ်သော်ကား</u> –လောက၌ မိမိကိုယ်ဝယ်ဖြစ်သော ချစ်ခြင်းစေတနာနှင့် မိမိကြင်သူ၌ ချစ်ခြင်းစေတနာ ဤစေတနာနှစ်ပါးတူခြင် လှသကဲ့သို့ ထို့အတူ ငါ၏ကိုယ်တွင်း၌ဖြစ်သော ရှေးရှေးသောဘဝက အဖန် တလဲလဲမှီဝဲထုံအပ် ဆည်းဘူးအပ်သော သမ္မာရတို့ဖြင့် ပြုပြင်စီရင်အပ်သော ပညာနှင့်သုံးလူ့မျက်ဖျော် စိန္တေယျော်သည့် ဟောတော်မူအပ်သော ဒါန၊ သီလ၊ ဘာဝနာ–စသောကုသလကမ္မ ပထတရား ဆယ်ပါးတို့မှတစ်ပါး ဒိဋ္ဌ သုတ စိန္တာ– စသော များစွာသော ကောင်းသော အကျိုးကိုပေးခြင်းလက္ခဏာရှိသော ကုသိုလ် ပညာ ဤပညာနှစ်ပါးခြင်း တူချင်လှပါပေ့ါဟူလိုသည်။

ဆရာငါ၏ ကိုယ်တွင်းဝယ်ဖြစ်သောပညာနှင့် ကုသိုလ်ပညာကို တူခြင်လှ၏ ဟုဆိုခြင်းသည် သော်တာစန္ဒာမည်သာ ထွင်မှန်းရွှေလဝန်း၏အရောင် ပိုမည်းမြူ အရောင် တူကြ၏ဟူသကဲ့သို့ မဘွယ်မရာ ရယ်ဘွယ်သောစကား–ဟူ၍ မိတ္တာဉာဏ် ကဝိအယောင်ဆောင်သသူတို့က စောဒနာငြားအံ့၊ နိုးလေးပါးတွင် အကျွမ်းဝင်သော ကျောင်းမှာ ရှင်ကြီး မင်းသမီးကို ရနိုးနိုး–ဟူသကဲ့သို့ ဒါန၊ သီလ– စသောကုသိုလ် တရားတည်းဟူသော ပညာကို သဒ္ဓါ သတိ–စသည်တို့ဖြင့် ခြံရံအပ်သော ငါ၏ကိုယ်တွင်း၌ဖြစ်သော ပညာဖြင့်ကောင်းစွာ အသင့်နှလုံးသွင်း၍ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော သုံးပါးတို့တွင် ထိုက်ရာကံအားလျော်စွာပြုခြင် လှသည်ကို သဒိသူပစာရအားတူနိုးဘွယ်ဖြစ်၍ဆိုရကား မဖွယ်သာ ရယ်ဘွယ်သာ ဟူ၍ မမှတ်အပ်ချေ။

<u>တစ်နည်းကား</u>– "အချစ်ကယ်တူခြင်လှပါပေ့ါ" ဟူသည်ကား –ဒါနံ အာဒိ ကတွာ–စသည်ဖြင့် ကျမ်းဂန်လာသည်နှင့် လျော်ညီစွာ ရှေးရှေးသော အရိယာ သူတော်ကောင်းတို့သည် ဒါန သီလ–စသော ပါရမီတို့ကို ဖြည့်ကျင့်ဆည်း ပူး၍ ထူးမြတ်လွန်ကဲ အံ့အဲ၍မကုန် ရွှေဘုံနိဗ္ဗာန်သို့ ဝင်စံသောအားဖြင့် မိမိကိုယ်ကို ချစ်မြတ်နိုးတော်မူကြလေပြီ။ ငါသည်လည်း ထိုအရိယာသူတော်မြတ်တို့ ဖြည့်ကျင့် အပ်၊ ဆည်းပူးအပ်သည်နှင့်အတူတူ အလှူဒါန သီလသီတင်း စောင့်သုံးခြင်း အစရှိသည်တို့ကို ပြည့်စုံစေ၍ မအို၊ မသေ၊ အမြဲနေသော ရွှေမြေရပ်မှန် ပြည်နိဗ္ဗာန် သို့ အမှန်ထုတ်ချောက် ရောက်ရသောအားဖြင့် ငါ၏ကိုယ်ကို ချစ်ခြင်းလှပါပေ့ါ– ဟူလိုသည်။

<u>တစ်နည်းကား–</u>

**ကိံ မေ ဧကေန တိဋ္ဌေန၊ ပုရိသေန ထာမဒဿိနာ။**

**သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။**

အစရှိသောနည်းဖြင့် သုမေဓာရှင်ရသေ့သည် ဝေနေယျသတ္တဝါတို့အား သနားကရုဏာ မေတ္တာနှောင်ရစ် ချစ်လှစေတနာ အာသာစုံမက်ခြင်း ပြင်းစွာရှိသကဲ့သို့ ထို့အတူ ငါသည်လည်း ဝေနေယျသတ္တဝါအပေါင်း၌သနားခြင်း ကရုဏာ မေတ္တာဝင်သက် စုံမက်ခြင်းသဘောနှင့် ချစ်ခြင်လှသောစေတနာ အာသာဗလဝ သာတိဿယအဖြစ်ဖြင့် အားကြီးလှပြီ။ ထို့ကြောင့် သုမေဓာရှင်ရသေ့၏ ချစ်တတ်သောစေတနာနှင့် ငါ၏ချစ်တတ်သောစေတနာ ဤအချစ်တည်းဟူသော စေတနာ ၂–ပါးခြင်း တူခြင်လှပါပေ့ ဟူလိုသည်။ သုမေဓာရှင်ရသေ့ကို မှတ်၍ ဆိုခြင်းသည်ကား နိယတဗျာဒိတ်ရခြင်းဖြစ်၍ ထင်ရှားသောကြောင့် မှတ်၍ဆိုသတည်း။

''အချစ်တူခြင်လှပါပေ့''–ဆိုက ပြီးကောင်းပြီးလျက် အဘယ့်ကြောင့် ''အချစ်ကယ်'–ဟူ၍ 'ကယ်'ဟူသော ပိုဒ်ကိုဆိုပြန်သနည်း။ ဘောအနက်ကို ပြခြင်းငှာဆိုသတည်း။ ထိုစကားထင်ရှားအောင် ပြဆိုလိုက်ဦးအံ့။

အကယ်၍ 'ကယ်'–ဟူသောပိုဒ်ကို မဆိုခြေသည်ရှိသော 'အချစ်'–ဟူသောပိုဒ်သည် တခုတည်းသာရှိရာသည်ဖြစ်၍ 'တူခြင်လှပါပေ့'–ဟူသောပိုဒ်နှင့် ဆန့်ကျင်ခြင်း ဝိရောဓိဒေါသရောက်ခဲ့ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား 'တူခြင်လှပါပေ့'–ဟူသောပိုဒ်သည်သမာနတ္ထဖြစ်သောကြောင့်တည်း။ ဘောအနက်ရှိသော 'ကယ်'–ဟူသော ပုဒ်ကိုဆိုလိုသည်ရှိသော် 'ချင်း'–ဟုသမ္ဗန်ရသော ကြောင့် အချစ်ခြင်းတူသော အနက်သည်ဖြစ်ခဲ့၍ ၎င်းဖြစ်ခဲ့သော 'ဗုဒ္ဓါနံ ဗုဒ္ဓေါ'– အစရှိသောပြယုဂ်တို့၏ သိခြင်း–ဟူ၍ အတ္ထယောဇနာသဖြင့် သိတတ်သောဉာဏ်, သိအပ်သောတရား ၂–ပါးလုံးကိုပင် ရလေသကဲ့သို့ ထို့အတူ ဤအရာ၌လည်း ငါ၏ကိုယ်တွင်း၌ဖြစ်သော ချစ်တတ်သောစေတနာ, ငါ၏ကြင်သူဖြစ်သော ချစ်အပ်သောစေတနာ ၂–ပါးကိုပင် ရခဲ့၏။ ထို့ကြောင့် ''ကယ်''ဟူသော ပိုဒ်ကိုဆိုရသဖြင့် တူခြင်လှပါပေ့– ဟူသောပိုဒ်နှင့် ဝိရောဓိဒေါသမဖြစ်။

တကယ်လားလို့၊ စိတ်များကထင်မိတယ်။
သူကမှာတဉာဏ်ကူးနှင့်၊ ထူးပေနက်တယ်။
မိဘုန်းကြွယ်၊ ပူဘွယ်မရှိ။
ဟိုရက်စုံက၊လွမ်းပုံကိုရွှေလွှာရေးလို့။
ဆွေးပေါ့တောင်ရှိ–

ဟူရာ၌ ''ကယ်''–ဟူသောပိုဒ်သည် ကဲ့ရဲ့ခြင်း ဂရဟာအနက်ဖြစ်၏။ ထိုကဲ့သို့ မဟုတ်။

''အချစ်ကယ်တူ၊ ယူပါတော့လား။

ကြားသောခါ မောင်သေရော့မယ်၊ နန်းမြေမြင့်သွား'' ဟူရာ၌ 'ကယ်'– ဟူသောပိုဒ်ကဲ့သို့ ဘော–အနက်ရှိသည်၏အဖြစ်ကိုပြအံ့သောငှာ ဆိုသည်ဟူလို သော်။

**သိနေဟာသခါတော တနုသီလော ယဿာတိ တူ။**

ယဿ၊ အကြင်စေတနာ၏။ သိနေဟာသခါတော၊ ချစ်ခြင်းဟုဆိုအပ်သော။ တနုသီလော၊ ချစ်တတ်သောအလေ့သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တူ၊ တူမည်၏။ တနုဓာတ်။ ဘိက္ခာဒိတောစ–ဟူသောသုတ်ဖြင့် တသီလအနက်၌ ရူ ပစ္စည်းသက်၍ တူ–ဟုရုပ်ပြီးလေသည်။ ကတ္တုသာဓန–ဟူ၍မှတ်လေ။

ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ၌

သတ္တသာဓနမှတ္တေပိ၊ တဿီလာဒီသု ပစ္စယေ။

ဓာတုတော ပစ္စယတ္တတ္ထာ၊ ကတ္တုဒြာနေစ ဝတ္တိတော။

ဟူ၍ဆိုသတည်း။ 'တူခြင်လှပါ'–ပေါ့ဟူရာ၌ 'လှ'–သဒ္ဒါကား သိဃ်ဝစန တည်း။[၁] ထို့ကြောင့် ''အချစ်ခြင်းတူရအောင် အလျှင်လိုလှပါပြီ''ဟု အဓိပ္ပါယ်ယူရ မည်။

<u>တစ်နည်းလည်း။</u> ဂရုဝစန–ဟူလို၏။ 'တူခြင်ပါပေါ့သာ၍' ဟုဆိုခြေ သော်လဟု ဝစနဟုဆိုအပ်သော စကားပေါ့သောကြောင့် ဆားမခတ်သောဟင်း သကဲ့သို့လည်းကောင်း၊ စမုံနက်မပါသော ဆေးသကဲ့သို့လည်းကောင်း၊ လူပျက်မပါ သော ပွဲကဲ့သို့လည်းကောင်း၊ မတင့်မတယ်မလျှောက်ပတ် ဖြစ်ရာ၏။ ထို့ကြောင့် ဂရုဝစန ဟူ၍မှတ်ရမည်။

ဤသို့ 'အချစ်ကယ်တူခြင်လှပါပေါ့'– ဟူသောပိုဒ်ဖြင့် အချစ်ခြင်းတူခြင် လှသော အဖြစ်ကိုပြပြီး၍ ယခုအခါ အခွင့်မသာမူ၍ အခက်ကြီးကြုံဘူးရသည်၏ အဖြစ်ကို ပြခြင်းငှာအလိုရှိသော ဂီတာလင်္ကာရဆရာသည် ''ကြုံဘူးရခက် ရန် ကောင်'' ဟူသော ပိုဒ်ကိုမိန့်သော်။

---

၁။ သိဃဝစနတည်း–ဖြစ်မည်ထင်၏။

<u>ထိုပိုဒ်၏ အဓိပ္ပါယ်ကား</u>– ငါ၏ကြင်သူဖြစ်သော အမိရတနာ လုကလျာကို အမိအဘတို့သည် ထိမ်းသိမ်းစောင်မကြည့်ရှုသူဖြစ်၍ လှည့်ပတ်ပြောဆိုခြင်းငှာ အလိန်တရာပင်ခက်လှသော အခက်ကြီးတွေ့ကြုံရသကဲ့သို့။ ထို့အတူ ငါ၏ ကိုယ်တွင်း၌ဖြစ်သော သဒ္ဓါ,သတိ,ပညာတို့ကို လောဘ,ဒေါသ,မောဟလျှင် အရင်းရှိသော မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော အကုသိုလ်တရားတို့သည် ရစ်ခါပတ်ခါ နှောင်ဖွဲ့ခါဖြင့် တရားအပါးပါးကို ကျိုးစားအားထုတ်လိုသော်လည်း ကြော့ကွင်း၌မိသော တိရစ္ဆာန်ကဲ့သို့ ဖြစ်၍ခက်လှသည်ဟုလိုသည်။

<u>တစ်နည်းကား။</u>

**ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ။**

အစရှိသည်ဖြင့် ဟောတော်မူသော နည်းနှင့်လျော်ညီစွာ သံသရာဘဝ ရှေးမဆွက မောဟမည်သာ အဝိဇ္ဇာကို ကြုံလာတွေ့ရ၍ ဒါနသီလ အစရှိသော ကုသိုလ်တရား ပွားများရသောအချက် လျှပ်တပျက်ခန့်ပမာဏ နည်းပါးလှသောကြောင့် သမ္ဗုဒ္ဓအဆူဆူ ပွင့်တော်မူသော်လည်း လူစော်မှမနံ လေးတန်ပါယ်ဘုံ စုန်ကာဦးစိုက် မုံညင်းတိုက်ကဲ့သို့ လူဖြစ်ခိုက်ကြုံသော်လည်း လူစော်မမွှေး အရေးပျက်ချော်၍ ကရော်ကမည်ကြံစည် သည်အမှုနှင့် ယခုထက်တိုင်ချေပြီ။ ဤအခါလည်း အဝိဇ္ဇာမှောင်ကြီး တောင်ကဲ့သို့ကာဆီး၍ မီး ၁၁–တန် ချုပ်ကြောင်းမှန်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောကုသိုလ်တရားကို ကြိုးစားရမည် အချက် ခက်ခဲလှသည် ဟုဆိုလိုသည်။ လူဖြစ်ခိုက်ကြုံသော်လည်း လူစော်မမွှေး ဟူသောစကားကို–

သတိသူရဘာဝပြဟ္မစရိယယောဂျတာဒိဂုဏေဟိ၊ ဥက္ကဋ္ဌမနတာယ မနော ဥဿန္န် ဧတေသန္တိ မနုဿာ။ တထာ ဟိ ပရမသတိနေပက္ကာဒိပတ္တာ ဗုဒ္ဓါဒယောပိ မနုဿဘူတာယေဝ–

ဟူသော ဋီကာကျော်ပါဠ်ကိုထောက်၍ ကြံစည်စဉ်းစားကြလေကုန်။

<u>တစ်နည်းကား။</u> "မရဏံ ဓုဝံ မေ ဇီဝိဿတိ" အစရှိသော ပါဠိတော်နှင့်အညီ ရှေးရှေးသောဘဝများစွာကပင် "နဿနဓမ္မော နဿတိ၊ ဘိဇ္ဇနဓမ္မော ဘိဇ္ဇတိ"ကျမ်းရှိသည့်အချက်နှင့် ပျက်စီးပြိုကွဲ မလွဲဓမ္မတာ သတ္တဝါအလိုက် ဖြစ်ခိုက်ပျက်တုံး ဆန်စုန်ဘဝ ပုရေကဝယ် ရူပဝေဒနာ သညာသင်္ခါရ ဝိညာဏဟု ဤမျှမိန့်ရာ ငါးခန္ဓာတို့သည် ရွှေကြာရေမှုကင်းဝေးရသို့ နိစ္စမယော အနိစ္စောဖြင့် ရွေ့လျော

ပြောက်ကွယ် ပျက်ပျက်သောအခင်းနှင့် သေခြင်းတရားကို တွေ့ဘူးရကြုံဘူးရလေပြီ ယခုပစ္စက္ခ ဤဘဝ၌လည်း သေခြင်းအကြောင်း မကောင်းဇာတိ ပဋိသန္ဓေနေရချေ၍ နေ့သေမည်လော? ညသေမည်လော? မနောဒွါရမှာ ကိစ္စဗလုံနှင့် ကြုံရလေအခင်း ရှင်သေမင်းကို ဆင်မြင်းဗိုလ်ခြေ စစ်သည်ထွေရန်ပတ်လျက် သစ်တပ်ကြီးတည်ပြီးလျှင် နှစ်ရှည်ရက်များ ယောက်ျားအားကိုး စစ်ဆင်၍ထိုးသော်လည်း မိုးကြိုးနှင့်တူရွင်းလူရေခြင်းကွာကြလှ ရှုံးရမည်ဘက်ကသာ သို့ဖြစ်ပါသောကြောင့် ခန္ဓာမလွဲ အမြဲတည်ရပ်မည် အချက်လည်း ခက်ခဲလှသည်ဟူလိုသည်။

<u>တစ်နည်းကား ''ကြုံရဘူးခက်ရန်ကောင်''၌–</u>

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနဉ္စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ဟုသုံးလူ့ထွက်ထား ဘုရားသခင် သံရှင်မြွက်ဘော်တော်မူရာ ပါဠိတော်နှင့်အညီ ငါးပါးသောခန္ဓာ၊ ၁၈–ဖြာသောဓာတ်၊ ၁၂–ရပ်သောအာယတန ဤဓမ္မအပေါင်းတို့သည် တပြောင်းပြန်ပြန် အဖန်တလဲလဲ မစဲမတိတ် မဆိတ်မည်အသံမလပ်စွာ သံသရာအယဉ်၌ မထင်သက်သက်အနမတဂ္ဂ အစမဖြာ ကမ္ဘာကပ္ပများစွာသောဘဝကပင် အသွင်ခိုးသူ အမှုတူသော လောရန်သူ ၁၊ ဒေါရန်သူ ၂၊ မောရန်သူ ၃–တို့ကို တွေ့ကြုံရဘူးသည်ဟူလို။

<u>ခက်ရန်ကောင်</u>။ ။ဟူသည်ကား ထို့သို့ဆိုအပ်ပြီးသောများစွာသောဘဝတို့၌ ၁။ လောရန်သူ၊ ၂။ ဒေါရန်သူ၊ ၃။ မောရန်သူ တို့ကို တွေ့ဘူးရကြုံဘူးရလေပြီ ယခုပစ္စက္ခ ဤဘဝ၌လည်း တွေ့ဆဲကြုံဆဲဖြစ်၍ ဒါန,သီလအစရှိသော ကုသိုလ်တရား အပါးပါးကိုသုံးဖြာသော ကံအားလျော်စွာ ပုဗ္ဗ,မုဉ္စ,ပရစေတနာတို့ ပြဋ္ဌာန်းစေလျက်အားထုတ်မည်ကား ခက်လှသည်ဟူလိုသည်။

'ကြုံဘူးရ'–၌ 'ဘူး'–ဟူသော သဒ္ဒါသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ်အားဖြင့် ကာလသုံးပါးတို့တွင် အဘယ်ကာလ၌ဖြစ်သနည်း? ဟူမူကား။

''ပြော့ပြော့ပြောင်း၊ ကိန္နရီလို့၊ ဟံချီနွဲ့ကာပေါင်း
အိုလေသူဇာမူရာကြောင်း ဖယောင်းပုံလို။
– ဆန်းမာယာပိုတဲ့မှ နှမလေးယင်ပင်ကိုယ် နတ်ကယ်လို
ဆိုတိုင်းလွမ်း ရွှေရည်သွမ်း ရုပ်ကယ်သွယ် ရေးမောင်ကထင်။
နှမလေး ခြောက်ပြစ်စင် မြဲသစ္စာဆင် ကြင်မယ်ပ ဘဝဆုံး။
ပုလဲစိန်စီလို့ နာရနီ ဒါလီကုံးကို မှန်းတဲ့နိုင်ဘူး''

ဟူသောပိုဒ်၌ 'ဘူး'– သဒ္ဒါကဲ့သို့ ပစ္စုပ္ပန်ကာလ၌မဖြစ်။
''သက်သေမှ မှန်းကြစို့ စတုံးက ဆိုမိတယ်။
မခါးမချိုနှင့် မလိုလျှင် မမျိုပါဘူး မူးပြည့်မျက်ချယ်။
ဘော်စုံလျှင် သုံတော်တန်းလှ အိုဆန်းပေ့ နော်နတ်ကယ်
လိုးလွယ်တဲ့ဉာဏ်ကူး။ ပေါ်မာယာ မသာလျှင်မညှာပါနှင့်
တန်ပါပြီ သစ္စာပျက်ကယ် ခွန်းဆက်ခြင်ဘူး''
ဟူသော ပိုဒ်၌ 'ဘူး'– သဒ္ဒါကဲ့သို့ အနာဂတ်ကာလ၌လည်းမဖြစ်။
''ခွေးလရစ်ကျွေး ဟစ်လို့မောင်ခေါ် တောင်ပေါ်ကမထူး။
တန်တန်ရွှေဉာဏ်ဖမ္ဗူရစ်မို့ သွေးသစ္စာ ဆိုစကားကို
ကြားမိန့်ခဲ့ဘူး''
ဟူသောပိုဒ်၌ 'ဘူး'– သဒ္ဒါကဲ့သို့ အတိတ်ကာလ၌ ဖြစ်သတည်း။
'ရုံ'–သဒ္ဒါကား–
''မရက်စက်ပါဘူး ခုထက်တိုင်တော့တယ် ကြင်လိမ့်နိုး။
ထင်ကိုးဉာဏ်ယူလို့ ဖန်ဆယ်ဆူ ရောင်မကအောင် ကျွန်းရတော့တယ်။
ကြင်မညီး ပူမီးတဲ့ဗျာကြွယ် ခါဘယ်မှမေ့ဘူး။
ခေသုသွင် ထင်ခြင်မြင်ခြင်နှင့်။
ဆင်တော်ရုံ ပန်တော်လင့်ချည်ထင့် သုံးဆင့်ရွှေမျုး''
ဟူသောပုဒ်၌ 'ရုံ' –သဒ္ဒါကဲ့သို့ ပစ္စုပ္ပန်ကာလ၌ ဖြစ်သည်ဟူ၍မှတ်။

'ခက်လှသည်'–ဟုဆိုအပ်လျက် ဂီတာလင်္ကာရဖြစ်သောကြောင့် ဝါစာသိလိဌဟု ဆိုအပ်သောစကားပြေပြစ် ချောမွေ့စေခြင်းငှာ 'ခက်ရန်ကောင်'–ဟုဆို သည်။

''ခက်စ ရန်စ ကောင်စ ခက်ရန်ကောင်''ဟူ၍ ဒွန်သမာသ်ဝိဂြိုဟ်ပြုရမည်။ အဘယ်ကဲ့သို့နည်း ဟူးမူကား ''ဆိုစ မိစ သောစ ကြောင့်စ ဆိုမိသောကြောင့်''–ဟူသကဲ့သို့တည်း။

ဤသို့ 'ကြုံဘူးရခက်ရန်ကောင်' –ဟူသောပိုဒ်ဖြင့် အခက်ကြီးကြုံတွေ့ရသောအဖြစ်ကိုပြ၍ ယခုအခါ ချစ်မြတ်လှစွာသော စေတနာအလွန်တရာအားကြီး၍ ဗျာပါရပွားများရသော အဖြစ်ကိုပြခြင်းငှာအလိုရှိသော ဂီတာလင်္ကာရ ဆရာသည် ''များရတော့ နှောင့်ဗျာပါ''ဟူသောပိုဒ်ကို မိန့်သော်။

ထိုပိုဒ်၏ အဓိပ္ပါယ်ကား ငါ၏ကြင်သူ၌ ချစ်မြတ်နိုးခြင်းစေတနာ အလွန်တရာ ကပ်ငြိသည်ဖြစ်၍ နေခြင်းငှာ ရပ်ခြင်းငှာ ထိုင်ခြင်းငှာ တည်တန့်ခြင်းငှာ မရ ဗျာပါပွားလေသကဲ့သို့ ထို့အတူ ဒါန သီလ-စသော ကုသိုလ်တရား အပါးပါးကို ကျိုးစားအားထုတ်ခြင်း၌ အလွန်တရာအားကြီးသော ဆန္ဒ ကုစ္ဆာသယ ရှိသည် ဖြစ်၍ နေခြင်း ရပ်ခြင်း ထိုင်ခြင်း တည်တန့်ခြင်းကိုမျှမရ ဝီရိယ ဥဿာဟ လုံ့လတို့ သည် အတိဗလဝ ဟုဆိုအပ်သော အလွန်အကဲပင်အားကြီး လှသောကြောင့် ဗျာပါပွားများသည် ဟူလိုသည်။

<u>တစ်နည်းကား-</u>

ဒဟရာပိ စ ယေ ဝုမှာ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။

အမှာစေဝ ဒလိဒ္ဒါ စ၊ သဗ္ဗေ မစ္စုပရာယနာ။

ဟူသော ဒေသနာတော်နှင့်လျော်ညီစွာ ပမာပုံဆိုသည်ရှိသော် တခုသောသစ်ပင်ကြီး ၌ အသီးအပွင့်အရင့် အနုတို့သည်ပြိုပြွတ်လျှက် တန်ဆာဆင်ယင်ကြကုန်၏။ ထိုအသီးအပွင့် နုစဉ်ကာလ၌ ကြွေကြကုန်၏။ ရင့်မှလည်း ကြွေကြကုန်၏။ ထို့ကဲ့ သို့ပင် အကြင်သူတို့သည်လည်း ''ငါသည် အရွယ်နုနယ်သေး၏တကား, ငါသည် အရွယ်ကြီးရင့်ပြီတကား, ငါသည်လူမိုက်တကား, ငါသည်ပညာရှိတကား, ငါသည် ကုံလုံကြွယ်ဝ သောသူတကား, ငါသည်သူဆင်းရဲတကား''-ဟူ၍ မမှတ်အပ်ချေ။ ရှင်သေမင်းကလည်း ဤသူသည်ငယ်ရွယ်နုနယ်သောသူ ဖြစ်ပေသည် ဤသူသည် ကြီးရင့်သောသူဖြစ်ပေသည်၊ ဤသူသည်သူမိုက်ဖြစ်ပေသည်၊ ဤသူသည် ကုံလုံ ကြွယ်ဝသောသူဖြစ်ပေသည်။ ဤသူသည်သူဆင်းရဲဖြစ်ပေသည်-ဟူ၍ မရွေးမချယ် မဟာသမုဒ္ဒရာကဲ့သို့ မြင်မြင်သမျှသူပေါင်းကိုပင် ဆွဲငင်ချည်နှောင်၍ အပါအခေါ် လေသည်၊ ထိုအခါ တစ်စုံတစ်ယောက်သောသူသည်မျှ သေမင်းလက်တွင်းမှ လွတ်ရမည်အကြောင်း အင်းကောင်းလက်ဖွဲ့ ခါး လှဲ့ ထိုးကွင်းတို့ဖြင့်လည်းကောင်း ဆေးဝါးမန္တရာ ယာယီယတြာဂါထာမန္တာန်တို့ဖြင့်လည်းကောင်း စစ်သည်ဗိုလ်ပါအား ဖြင့်လည်းကောင်း တစိုးလက်ဆောင်အားဖြင့်လည်းကောင်း အောင်ခွင့်ကိုမရ၍ ဆိုင်ရာ ဆိုင်ရာရိက္ခာထုပ်နှင့် သုတ်သုတ်ပင်လိုက်ရချေသည်။ ထို့ကြောင့် ငါတို့သည် လည်း ''အဇ္ဇ သုဝေ ဝါ ပရသုဝေ ဝါ''မိန့်မှာသည်အချက်နှင့် ယနေ့လေလော သဘက်လော ဖိန်းနွဲလော သည်လလေလော နောင်လလေလော သည်နှစ်လော နောင်နှစ်လော စောရသည်စိတ်ထားနှင့် ဗျာပါပွားများရသည်ဟူလိုသည်။

ဤပိုဒ်ဝယ် 'နောင့်'၌ အောက်မြစ်သည်ကား သမ္မာန်တည်း။ ထို့ကြောင့် အဖြောင့်အားဖြင့် ငါ၏ဗျာပါများလှသည်ဟူ၍ အဓိပ္ပါယ်ယူရမည်။ များလှသောဟူ၍ အဓိပ္ပါယ်ဆိုအပ်လျှင် သဒ္ဒါလင်္ကာရအဖြစ်ဖြင့် ဝါစာသိလိင်္ဂသုခုစ္စာရဏာအကျိုးငှာ များလှသော ဟူလိုသတည်း။

တော့–သဒ္ဒါကား–

"ပူသူကို လာမနှောင့်လာနှင့်၊ မနေသောင့်မနေသာ။
လက်ျာခြေ သူမျှောက်လို့ အိမ်အောက်မှာ ခါခါသော့။
ကျိုးလှုံတော့သာ။
နေ့စေ့မှသူဖွားမတဲ့၊ စပ်ကြားက မခံသာအောင်၊
ခါခါပစိတ်ကိုနိုး။
တိရစ္ဆာန်တန်တန်လေဆော်ပ၊ ကြာရင်နော်လူပင် သိချေငဲ့
ကျိုးဒိဋ္ဌမျိုး"

ဟူသောပုဒ်၌ 'တော့'–သဒ္ဒါကဲ့သို့ ပဒပူရဏအနက်၌ ဖြစ်သတည်း။

"ဝိသေသေန အာပဇ္ဇတိ တောယာတိ ဗျာပါ"။

တောယ၊ ထိုနှလုံး ပူဆာခြင်းဖြင့်။ ဝိသေသေန၊ အထူးသဖြင့်။ အာပဇ္ဇတိ၊ ရောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗျာပါ၊ ၏။ ကရဏာသာနေကိတ်ဝိဂြိုလ် ဝိရှေး အာရှေးရှိသော ပဒဓာတ်တည်း။

ဗျာပဇ္ဇတိ တေနာတိ ဗျာပါဒေါဟူသော ဋီကာစကားကိုမှီ၍ ကြံသည်။ ဗျာပါဟူသည်ကား မီးကဲ့သို့ စိတ်နှလုံးပူလှသည် ဟူလိုသည်။ အဘယ်ကိုထောက်၍ သိအပ်သနည်းဟူမူကား။

"မိန်ရာသီကူးပါလို့ မြိုင်ဦးငယ်စုံခြေ ရွှေဖီအင်ကြင်း
ကြိုင်သင်းနံ့တဝေဝေ အထွေထွေငယ်လေ နှင်းလေနှင့်ရော
ရဂုံတောင်တော တကြောငယ်သာကြည် ဖူးညှာနုစီတယ်လို့လေး
ရွှာမာန်ခိုးနှင့် မိုယ်းလျှပ်ချည် ဘယ်ဟန်စီလို့ ပတ်လည် ဆိုင်းတယ်လေး
မှိုင်းပြန်တော့သာ အိုဘယ်ခါများကိုမှ ကြာသွားကိုပင်
ရှာပါသော်လည်း တွေ့ဘဲခုမောင်မမြင် လှနတ်သွင်ငယ်ကို
ထင်သေးတော့သာ ဘယ်က္ကန္ဒာနတ်များတို့ ဝှက်ထားငယ်ကွယ်ကာ
တောမြိုင်ဝသာမှာကိုလေ ရွှေလယ်ဝယ်ဆွဲပါတဲ့ ပုလဲညှာ
မြင်တော်လာတဲ့ ပူဗျာမီးငယ်လေး ကြီးပါဘိကော"

''တတောငယ် တတောင်ကျော် တမော်မြိုင်ဆီးပါလို့
မောင်ကြီးခုကြံနိုင်ပေါင် ဘယ်ဇာတာဂြိုဟ် ယှဉ်းလေသိ
နတ်မင်းငယ်မမြင်လာ ရှေးကကြမ္မာ ဝတ်ကျွေးငယ်ပါ
ကြုံလာရလေနဲ့ မြိုင်သစ်ငယ်စုံ အငှမှာမှ နန်းသူနှင့်ကွဲ''။

ဟူရာ၌ ''မြင်တော်လှဲ့ ပူဇျာမီးငယ်လေး''– ဟူသောစကားကို ထောက်၍သိအပ်၏။ ဤသာကေ၌ 'ပူဇျာပါမီးငယ်လေး'–ဟူ၍ဆိုအပ်လျက် စကားပြေပြစ်ချောမြေ့စေခြင်းငှာ 'ပါ'–ဟူသောပိုဒ်ကိုချေ၍ 'ပူဇျာမီးငယ်လေး'–ဟုဆိုသတည်း။

ဂီတာလင်္ကာရဆရာ 'များရတော့နောက်ဗျာပါ'–ဟူသောပိုဒ်ဖြင့် ဗျာပါပွားသော အဖြေကိုဆရာဆို၏။ အဘယ့်ကြောင့်ဗျာပါပွားလေသနည်း ဤသို့သူတပါးမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေလိုသော ဂီတာလင်္ကာရဆရာသည် 'နေလေရာအိုသူစိတ်ကယ်ကြောင့်' ဟူသောပိုဒ်ကိုမိန့်သော်။

<u>တနည်းကား</u>။ ။ ဂီတာလင်္ကာရဆရာ ''များရတော့ နောင်ဗျာပါ'' ဟူသောပိုဒ်ဖြင့် ငါ၏ပူဇျာပါပွားရသော–ဟု ဆရာဆိုပြီး အဘယ့်ကြောင့် ပူဇျာပါပွားများသနည်း? အဘယ်သို့ရှိအောင် ပူဇျာပါပွားများသနည်း? ဤသို့ သူတစ်ပါးမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အလိုရှိသော ဂီတာလင်္ကာရဆရာသည် ''နေလေရာအိုသူစိတ်ကယ်ကြောင့် တမိုတ်ကယ် အဖြေတတ်နိုင်ဘု လွမ်းနေကပ်အောင်'' ဟူသောပိုဒ်ကိုမိန့်သော်။

<u>ထိုပုဒ်၏အဓိပ္ပါယ်ကား</u>။ ။နေလေရာအရပ်၌ ငါ၏ကြင်သူစိတ်ကို တပ်စွဲမိလေ အလွမ်းတွေကြောင့် တမိုတ်ကယ်ပျော်အောင် စက်ပါသော်လည်း ပျော်လည်းမပျော် အနေအထိုင်သာကပ်သည်–ဟူသကဲ့သို့ ထိုအတူ နေလေရာ ထိုင်လေရာ သွားလေရာ အရပ်တို့၌ သီလ–စသောကုသိုလ်တရားကို ပွားများရအောင် အလွန်ပင်တပ်မက်မောသောကြောင့် အယုတ်သဖြင့်တမေးပျော်ပျော်စက်ပါသော်လည်း မပျော်နိုင်ဖြစ်ခဲ၍ အနေအထိုင်သာကပ်လှသည်ဟူလိုသည်။

<u>တစ်နည်းကား</u>။ ။''ကမ္ဘာကြေလည်း သေမပျောက် လူလေးယောက်'' ဟူ၍ ပါဠိမိခန်း၌ဆိုသည်နှင့်လျော်ညီစွာ ကမ္ဘာအပေါင်းတို့သည် ထောင်းထောင်းညက်ညက်ကြေပျက်ပါသော်လည်း ဇာတိ, ဇရာ, ဗျာဓိ, မရဏ–တည်းဟူသောလေးယောက်သောသူတို့သည် သေလည်းမသေနိုင် ပျောက်လည်းမပျောက်နိုင်။

ထိုလေးယောက်တို့တွင်–

<u>ဇာတိ–ဟူသည်ကား။</u>

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဇာတိ၊ ဇာတိဟူသည်။ ကတမာ၊ အဘယ် နည်းဟူမူကား? တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ ဇာတိ၊ ဖြစ်တတ် သော သဘောသည်လည်း။ ယာသဉ္ဇာတိ၊ အကြင်ကောင်းစွာဖြစ်ခြင်းသည်လည်း ကောင်း။ ဩက္ကန္တိ၊ အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းသည်းကောင်း။ ယာအဘိနိဗ္ဗတ္တိ၊ အကြင်အမိဝမ်းမှ ဘွားခြင်းသည်လည်းကောင်း။ ခန္ဓာနံ၊ တို့၏။ ယောပါတုဘာဝေါ စ၊ အကြင်ထင်းရှားစွာ ဖြစ်ခြင်းသည်လည်းကောင်း။ အာယတနာနံ၊ တို့ကို။ ယောပဋိလာဘောစ၊ အကြင်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

<u>ဇရာဟူသည်ကား–</u>

ဘိက္ခဝေါတို့။ ဇရာ၊ ဟူသည်။ ကတမာ၊ အဘယ်နည်းဟူမူကား? တေသံ တေသံ သတ္တာနံ၊ တို့၏။ ဇရာ၊ အိုခြင်းသည်လည်းကောင်း။ ယာဇီရနကတာစ၊ အကြင်ရင့်သောအဖြစ်သည်လည်းကောင်း။ ယံခဏ္ဍိစ္စံ၊ အကြင်သွားကျိုးသော အဖြစ်သည်လည်းကောင်း။ ယံပလိတ္တံ၊ အကြင်ဆံဖြူသောအဖြစ်သည်လည်း ကောင်း။ ယာဝလိတ္တစတာစ၊ အကြင်အရေတွန့်သော အဖြစ်သည်လည်းကောင်း။ အာယုနော၊ အသက်၏။ ဟာနိ၊ ယုတ်သောအဖြစ်သည်လည်းကောင်း။ ဣန္ဒြိယာ နံ၊ တို့၏။ ယောပရိပါကော၊ အကြင်ရင့်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေါတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကို။ ဇရာတိ၊ ၍။ ဝုစ္စတိ၊ အပ်၏။

<u>ဗျာဓိဟူသည်ကား</u> –

ဗျာဓိလည်း ဇရာ၌ အန္တောဂဓတဖြစ်လေပြီ၊ ထို့ကြောင် အသီးအခြား ဟော တော်မမူ။

<u>မရဏဟူသည်ကား</u> –

ဘိက္ခဝေ၊ တို့။ မရဏံ၊ သည်။ ကတမာ၊ ကား? တေသံ တေသံ သတ္တာနံ၊ တို့၏။ ယာစုတိစ၊ အကြင် စုတေခြင်းသည်လည်းကောင်း။ ယာစဝန တာစ၊ အကြင်ရွေ့လျောသော အဖြစ်သည်လည်းကောင်း။ ယာဘေဒါ၊ အကြင် ပျက်ခြင်းသည်လည်းကောင်း။ ကဠေဝရဿ၊ အကောင်ပုတ်ကို။ ယော နိက္ခေပေါစ၊ အကြင်ပစ်ချခြင်းသည်လည်းကောင်း။ အတ္ထိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ကို။ မရဏံ၊ ၍။ ဝုစ္စတိ၊ အပ်၏။

ယင်းသို့ဆိုအပ်ခဲ့ပြီးသော လေးယောက်သောလူတို့ကို။ ဝါ၊ လေးယောက်သောလူတို့တွင်။ ဇာတိကား ပဋိသန္ဓေ နေခြင်းတည်း။ ဇရာကား အိုခြင်းတည်း။ ဗျာဓိကား နာခြင်းတည်း။ မရဏကား သေခြင်းတည်းဟု အကျဉ်းအားဖြင့် နှလုံးပိုက်မိ၍ ငါတို့ကို ဇာတိမည်သောလူသည် ညှဉ်းဆဲနှိပ်စက်လေပြီ။ ဇရာမည်သောလူသည် တနေ့တခြားတိုးပွား၍ ညှဉ်းဆဲနှိပ်စက်လေပြီ။ ညှဉ်းဆဲနှိပ်စက်ဆဲ၊ ညှဉ်းဆဲနှိပ်စက်လတ္တံ့ဟု အောက်မေ့သော စိတ်နှလုံးဖြင့်ပြင်းပြလှသောကြောင့်– အယုတ်သဖြင့် တမေးပျော်ပျော် အိပ်စက်ပါသော်လည်း မပျော်နိုင်ဖြစ်ခဲ့၍ အနေအထိုင်ကပ်လှသည် ဟူလိုသည်။

'နေလေရာ'ဟူသောစကားကို ဥပလက္ခဏနည်းဟု မှတ်ရမည်။ အဘယ်ကြောင့်နည်းဟူမူကား မှတ်၍ဆိုသောကြောင့်တည်း ထိုစကားကို ထင်စွာ ပြဆိုလိုက်ပေဦးအံ့။

လဒ္ဓါတပတ္တော ရာဇကုမာရော။ လဒ္ဓါတပတ္တော၊ ရအပ်သောထီးဖြူရှိသော။ ရာဇကုမာရော၊ မင်းသား။ ဤပြယုဂ်၌ မင်းသားသည်ထီးဖြူကိုရအပ်၏ဟုမှတ်၍ဆိုသဖြင့် ထီးဖြူသာရအပ်သည်မဟုတ် ခြေနင်း၊ ဘိနပ်၊ သားမြီးယပ်အစရှိသော မင်းမြောက်တန်ဆာ ငါးပါးလုံးကိုပင် ရလေသကဲ့သို့ ထို့အတူ နေလေရာဟုဆိုသဖြင့် နေလေရာအရပ်၌သာ ထိုသူကို စိတ်တပ်စွဲမိသည်မဟုတ်၊ ထိုင်လေရာ သွားလေရာအရပ်၌လည်း ထိုသူကိုစိတ်တပ်စွဲမိ၏ ဟူသောအနက်ရသင့်သည် ဖြစ်ဘိသော် ထိုသို့ဖြစ်သောကြောင့် ဥပလက္ခဏနည်းဟူ၍ ဆိုလိုသည်။

ကေစိဆရာကိုကား 'အိုသူစိတ်ကယ်ကြောင့်'– ဟူသောယောဂဝိဘာဂဖြင့် နေလေရာအရပ်၌သာ ထိုသူကိုစိတ်တပ်စွဲသည်မဟုတ် ထိုင်လေရာ သွားလေရာစသောအရပ်တို့၌လည်း ထိုသူကို စိတ်တပ်စွဲမိသေး၏။ ဤသို့သောအနက်ကိုယူရမည်ဟူ၍ ဆိုကြကုန်၏။ ထိုစကားကို မုချဆတ်ဆတ် မမှတ်အပ်။ အဘယ်ကြောင့်နည်းမူကား 'အိုသူစိတ်ကယ်ကြောင့်'–ဟူသောစကားသည် ပဓာနဖြစ်သောကြောင့်တည်း။ အဓိပ္ပါယ်ကား ပဓာနကို ယောဂဝိဘာဂမပြုသင့် ဟူလိုသည်။ ဤစကားကို တိမ်သည်ဟူ၍ မမှတ်ရာ။ ဂမ္ဘီရသဘာဝဖြစ်သည်။ ဉာဏ်ပညာနှင့် စေ့စေ့ဆင်ခြင်ကြလေ။

အပရေဆရာတို့အလိုကား (မာတရော စ ပိတရော စ) ကဲ့သို့ 'နေလေရာ စ ထိုင်လေရာ စ သွားလေရာ စ နေလေရာ'ဟု ကေသိသ်ပြုရမည်ဟူ၍ ဆိုကြ

ကုန်၏။ ထိုစကားလည်း ဝဒန္တဝတ္တိစ္စာသာဖြင့်သည်။ ရှေးနည်းတို့မှ ထူးမြတ်ကဲလွန်သော အနှစ်သာရဖြစ်သော အဓိပ္ပါယ်ကိုကား ဤသို့မှတ်အပ်၏။

'နေလေရာ'–ဟူသောစကားကို မည်သို့မည်ငြာဖြစ်သည်ဟူ၍ အထူးမဆိုသင့်။ အဘယ်ကြောင့်နည်းဟူမူကား 'နေလေရာ' ဟူသောစကားသည် ခပ်သိမ်းသော က္လရိယာပုတ်တို့နှင့် သာဓာရဏဖြစ်၍ 'ထိုင်လေရာ'ဟူသည်လည်း 'နေလေရာ' ပင် ဖြစ်တော့သည်။

အဘယ်ကဲ့သို့နည်းဟူမူကား လူတို့အထွတ် သမုတိနတ် စောမင်းမြတ်တို့ အိပ်သည်ကိုသာ စက်တော်ခေါ်သည် ဆရာတော်ဘုရားတို့အိပ်သည်ကိုကား ကျိန်းတော်မူသည်ဟု ဆိုသကဲ့သို့တည်း။ ထို့ကြောင့် အထူးမဆိုသင့် ဟူလိုသည်။

''နိယုတ္တော လန္တော ပဝတ္တေန္တော က္လရယိတဗ္ဗံ ပဝတ္တေတဗ္ဗံ
ဌေတနာတိ နေလေရာ''

ဌေတန၊ ထိုက္လရိယာပုတ်ဖြင့်။ နိယုတ္တော၊ ယှဉ်အပ်သည်တို့ကို။ လန္တော ပဝတ္တေန္တော၊ ဖြစ်စေလျှက်။ က္လရယိတဗ္ဗံ ပဝတ္တေတဗ္ဗံ၊ ဖြစ်စေအပ်၏။ က္လတိတာသ္မာ၊ ထိုသို့ဖြစ်စေ ကြောင်း ဖြစ်သောသတ္တိကြောင့်။ နေလေရာ၊ မည်၏။ သိဝိဘတ်ကို အာ–ပြု၍ နေလေရာဟူပုဒ်ပြီးသည်။ က္လတ္တိလိင် မမှတ်လင့်။ 'အိုသူစိတ်ကယ်ကြောင့်' ၌ 'အို'–သဒ္ဒါသည်–

ဖန်တရာ ပြန်ဇီဝါ ဆယ်လီပြုန်းစေတော့
ဂမုန်းခိုင် ရွှေရောင်ရစ်ကိုလ သွေ့ပြစ်ပါဘူး။
တနာရီ တဗီမှာ ချိန်တခုတွင်မှ အိုသူ့ကိုထင်ရောင်ညီးလို့
မကြီးမှာပူတာကြွယ်လှ လွန်းနယ်ကကြူး–

ဟူရာ၌ 'အို'–သဒ္ဒါကဲ့သို့ 'ဇာ်မ' မဟုတ်ဟုမှတ်။

နေမရှင် ဘဝင်မှာအိုမေ့ကြောင့် နေရှေ့ဖြောင့်ဘူး
ကြော့ကြေးမှို့ ရာသက်ကယ် ကမ္ဘာကုန်တော့
လွမ်းပုံကို မောင်မလျှော့ပြီဘူ့ သုံးရွှေကြော့မျှုး

ဟူရာ၌ အို–သဒ္ဒါကဲ့သို့ ထာဝရဖြစ်၏။

သဒ္ဒါသာမညဖြစ်ပါလျှက် ထာဝရအဖြစ်ကိုအဘယ်ကြောင့် သိရသနည်းဟူမူကား–

သာမညဝစနော်ပိ သဒ္ဒေါ သဒ္ဒန္တရသန္နိဓာနေန ဝိသေသဝိသယော–ဟူသောပရိဘာသာနှင့်အညီ သဒ္ဒါသာမည ဖြစ်ငြားသော်လည်း နေလေရာဟူသော သဒ္ဒန္တရိတ်ကြောင့် ထာဝရအဖြစ်ကို သိရသတည်း။

ဇင်မဟူသော်ကား–

ခဏခြား မောင့်သွားလိမ့်မိငယ်
မိန့်ခွန်းတော်ချိုပါဘိ မျိုးသာကီနွယ်
မိလေးကတနယ် မောင်ရယ်ကတနန်း
ဖက်ကောင်းလျှင်ပလောင်မေး ရှေးဆိုကြုလမ်း–

ဟူသောစကားမျိုးကဲ့သို့ အမြဲအစွဲမဟုတ် ခဏတဖြုတ်ဟူလိုသည်။

ထာဝရဟူသည်ကား–

ချစ်လို့ငယ်ပန် အရှေ့နေပြန်လို့ ရေဆန်စေအုံး
ငါးမှာကွန် တီပုဖွန် မြေကွက်လို့
လစက်တွင် ရွှေယုန်ပျောက်ကာမှ
လွဲဖောက်စို့ဘုန်း–

ဟူသောစကားမျိုးကဲ့သို့ ခဏတဖြုတ်မဟုတ် အမြဲအစွဲဟူလိုသည်။

စိတ်ကယ်ကြောင့်၌ 'ကယ်'သဒ္ဒါကား

တရန်ဖြင့်တင်ခြင်းစမ်းပါလိ တနန်းခိုတဲ့မယ်
ဖြစ်ရှေးဟို ယခင်က မြတ်ရေစင် တူနှံ့ဘူးရှော့ထင့်
နှစ်ဦးမပြိုင်ရခင်က စောရရက်ကယ်
ကိုယ်လိုလားလို့ စိတ်များကထင်မိတယ်
မုန်းမယ်ပမသိ
တူနှံ့ခြင်စမ်းပါငဲ့ နန်းမြင့်သာကိ

ဟူရာ၌ 'ကယ်'သဒ္ဒါကဲ့သို့ နိစ္စသမ္ဘဝတည်း ထို့ကြောင့် ''တမေးပျော်ပျော် စက်ပါသော် လည်း လွမ်းစိတ်က ပွေ၍ မပျော်နိုင်'' ဟုအဓိပ္ပါယ်ယူရမည်။

''ပရံ ပရံ စိနောတိ ဝဍ္ဎေတီတိ စိတ်''

ပရံ ပရံ၊ တဆင့် တဆင့်။ ဝါ၊ ထပ်ခါ ထပ်ခါ။ စိနောတိ ဝဍ္ဎေတိ၊ ပွားစေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ စိတ် မည်၏။ ဤဝစနတ္ထအရ ပီယစေတနာရ၏။

အတ္တနော ပီယမာနတ္တာ စိန္တေတိ ဗျာပါသခ်ါတံ အာရမ္မဏံ ဝိဇာနာတီတိ စိတ်။

အတ္တနော၊ ၏။ ယာ၊ အကြင်သူ၌။ ပီယ မာနတ္တာ၊ ချစ်မြတ်နိုးသည်၏

အဖြစ်ကြောင့်။ ဗျာပါသခ်ီတံ၊ ဗျာပါဟုဆိုအပ်သော။ အာရမ္မဏံ၊ ကို။ စိန္တေတိ ဝိဇာနာတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ စိတ် မည်၏။ ဤဝစနတ္ထ၏ အရ ဗျာပါရကို သိတတ်သော ၃၇–ပါးသော ဝိညာဏက္ခန္ဓာတို့တွင် ယထာရဟာရ ၏။ ထိုသို့သော အဋ္ဌကထာဋီကာကျမ်းတို့၌။

''စိန္တေတီတိ စိတ္တံ၊ စိတံ တာယတီတိ စိတ္တံ၊ စိန္တနံ စိတ္တံ'' စသောအားဖြင့် များစွာရှိကုန်၏။ ဤအရာ၌ အလိုမရှိအပ်။ အဘယ့်ကြောင့်နည်းဟူမူကား အဋ္ဌာနအကာရဏ ဖြစ်သောကြောင့်တည်း။

''တမိုတ်ကယ် မဖြေနိုင်ဘူး''–၌ 'ကယ်'– သဒ္ဒါကား–

အသက်ကယ် ရက်ဝယ်ဘယ်နေ့မှ မောင်မေ့ပါဘူး

ချစ်မေတ္တာ နှမလေးအကုန်သာငဲ့ လွန်းရှာလို့နူး

ဟူရာ၌ 'ကယ်'–သဒ္ဒါ၌ကဲ့သို့လည်းကောင်း။

''ကြော့ကြော့ငှန်း ဖေ့ါပန်းတူပုံလို။

သွယ်မြတ်ကယ် ကေသီနှင့်

ယင်ပလီညှိနွဲ့ပါး ထားမျက်ကချို။

ကြင် မပြေမြင်လေတိုင်း နတ်နှိုင်းတယင်နဂိုရ် ပင်ကိုယ်လှဇာတိ။

မြင်ရက်သာ သည်မောင်လေး ဆွေးပေါ့တောင်ရှိ''

ဟူရာ၌ 'ကယ်'–သဒ္ဒါကဲ့သို့ သမုစ္စည်းအနက်ရှိ၏။ အဘယ်သို့ဆည်းသနည်း ဟူမူကား– တခဏ တပြန် တဗီဇနာ– စသည်ကို ဆည်းသည်ဟူလိုသည်။

'တမိုတ်ကယ်မပျော်တတ်နိုင်ဘူး' ဟူ၍ဆိုလိုလျှက် သဒ္ဒါလင်္ကာရအလို့ငှာ 'တမိုတ်ကယ် မဖြေတတ်နိုင်ဘူး' ဟူ၍ဆိုလေသည်။

'ဘူး'–သဒ္ဒါကား–

အချစ်ကယ်ယုံလို့သာ အပြစ်ကယ်မာန်မပွားပါနှင့်

မှားလို့ရှိပါ။

သည်တခါလွန်ပါစေတော့ မချစ်ရင်ဘယ်ထွင်မှ

ရောတဝင် မဆိုဝံ့ပါဘူး စိုးရွံ့ပါပေါ့''။

ဟူရာ၌ 'ဘူး'သဒ္ဒါကဲ့သို့ ပုဒ်ပြည့်ခါမျှဖြစ်သော ပဒပူရဏအနက်၌ဖြစ်၏။ အနက်ကြီးဆခြင်းငှာမဆိုင် ဟူလိုသည်။

''လွှမ်းနေကပ်အောင်''–ဟူရာ၌–

'လွှမ်း'–ဟူသောစကားကို ဥပလက္ခဏနည်းဟူ၍ မှတ်ရမည်။ အဓိပ္ပါယ်ကား လွှန်း၍လည်း အနေကပ်သည်၊ ဆွေး၍လည်း အနေကပ်သည်၊ ပူ၍လည်း အနေကပ်သည်၊ ပင်ပန်း၍လည်း အနေကပ်သည်ဆိုလိုသည်။ ပဓာနနည်းဟူ၍ ဆိုကြကုန်၏။

**အဓိပ္ပါယ်ကား –**

လောက၌လူတို့သည်လွှမ်းသည် ဆွေးသည် ပူသည် ပင်ပန်းသည် နွမ်းနယ်သည်ဟူ၍ ဆိုကြကုန်၏။ ထိုစကားအပေါင်းတို့တွင် လွှမ်း–ဟူသောစကားသာ ပဓာနဖြစ်သည်။ ''ရာဇာ အာဂစ္ဆတိ''–ဟူသောပြယုဂ်၌ မင်းလာသောဟုဆိုသဖြင့် ခြွေရံမှူးမတ် ပရိသတ်တို့၏ လာခြင်းကိုလည်း သိရသကဲ့သို့ ထို့အတူ ပဓာန ဖြစ်သော 'လွှမ်း'–ဟူသောစကားဖြင့် လွှမ်းနေကပ်အောင်–ဟူ၍ဆိုသဖြင့် လွှမ်း၍သာ အနေကပ်သည်မဟုတ် ဆွေး၍လည်းအနေကပ်သည်၊ ပူ၍လည်း အနေကပ်သည်၊ ပင်ပန်း၍လည်း အနေကပ်သည်၊ နွမ်းနယ်၍လည်း အနေကပ်သည်–ဟု ဆိုအပ်သော ပဓာနဖြစ်သောအနက်တို့ကိုလည်း သိအပ်၏။ ထို့ကြောင့် ပဓာနနည်းဟူ၍ ဆိုသတည်း။

ဂီတာလင်္ကာရဆရာ –

''နေလေရာ အိုသူစိတ်ကယ်ကြောင့် တမိုတ်ကယ်မဖြေတတ်နိုင်ဘူး လွှမ်းနေကပ်အောင်''ဟူသောပုဒ်ဖြင့် တမေးပျော်ပျော် စက်ပါသော်လည်း မပျော်တတ်ရှိခဲ့အောင် လွှမ်းသောစိတ်ဖြင့် နေလေရာအရပ်တို့၌ ပူဗျာပါပွားသောဟု ဆရာဆိုပြီး ထိုသို့ဖြစ်ပါလျှက် ရအောင်ကြံစည်စိတ်စွဲအား– မခဲမူ၍ ရှောင်လွှဲအပ်သော အခြင်းအရာ ဉာဏ်ရာ၍ကူးလေသလော့။ ဤသို့ သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အလိုရှိသော ဂီတာလင်္ကာရဆရာသည် ''သည်ဘဝတွင်မှ ကြိုးမယ်ပ ဉာဏ်ကိုးလို့ ဖန်ရွယ်ဆောင်သည် အိုရှောင်မဲ့ဉာဏ်မကူး'' ဟူသောပုဒ်ကိုမိန့်သော်။

ထိုပုဒ်၏အဓိပ္ပါယ်ကား။

– အမိရတနာ လှသူဇာကို သည်ဘဝတွင်အစပြု၍ ရအောင်ကြိုးမယ်ဟု ဉာဏ်ကြီးဉာဏ်ငယ် အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ပါသည် လွဲသွေရှောင်တော့မည်မဟုတ်ဟူ၍ ဆိုလိုသည်။ ဉာဏ်များကို လားလားမှစိတ်မကူး ဟူသကဲ့သို့ ထို့အတူ အလွယ်တကူရစေခြင်းငှာခဲသော ဒါန သီလစသော ကုသိုလ်တရားတို့ကို

နောက်နောက်သောဘ၀တို့က ကျိုးစားအားထုတ်ခြင်းအခွင့်ကို မရသော်လည်း ယခုပစ္စုပ္ပန်ဘ၀ကို ကျိုးစားအားထုတ်ခြင်းအခွင့်ကိုရအောင် လုံ့လဥဿာဟ ဝီရိယတို့ကို ထောက်ပင့်ကူစေလျှက် ဉာဏသမ္ပယုတ်တို့ အဖန်တလဲလဲ ပွားစေပါသည်။ သို့ဖြစ်၍ ထိုထိုတရားကို ရှောင်လွှဲတော့မည်ဟု သတိပေါ့လျော့သည်များကို ဉာဏ်သွားမှ မကူးပါဘူးဟူလိုသည်။

**တစ်နည်းကား။**

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။

ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။

ဟူသော ဒေသနာနှင့်လျော်ညီစွာ ပမာပုံရှာလျှင် ရွှေပန်းထိမ်သည်ကြီးသည် မီးတွင် တစ်ကြိမ်သာ ရွှေကိုထည့်၍ တစ်ကြိမ်သာ ပုတ်ခတ်သဖြင့် လည်ရွဲဘယက် လက်ကောက် လက်ကြပ် လက်စွပ် စီပေါင်း နားဍောင်း ပုတီး အစရှိသော အထူးထူးသောတန်ဆာတို့ကို ပြီးစေခြင်းငှာမတတ်နိုင်၊ အကြိမ်ကြိမ်ထည့်၍ အကြိမ်ကြိမ်ပုတ်ခတ်မှသာလျှင် ပြီးစေခြင်းငှာတတ်နိုင်သကဲ့သို့ ထို့အတူ အလှူဒါန စောင့်သီလက စသည်ထိုထို ကုသိုလ်တရား အပါးပါးကိုလည်း တစ်ကြိမ်သာပြု၍ မကောင်းမှုအကုသိုလ် ကိုယ်တွင်းကိုယ်ပ ရာဂတဏှာ ကိလေသာကို ပယ်ခွာ စွန့်ပစ်လျှက် မဟာရဇအနေ နိဗ္ဗာန်မြေသို့ ရောက်စေခြင်းငှာမတတ်နိုင်၊ ယင်းသို့ ဖြစ်၍ ရှေးသောဘ၀က ဒါန,သီလစသည် သောင်းပြောင်းကောင်းမှု ကုသိုလ်ကံကို အဖန်ဖန်မပြုခဲ့ရငြားသော်လည်း ကြိုးစားသမှု ယခုပစ္စုပ္ပန် ဤဘ၀ကိုအစပြု၍ ဟောတုပစ္စည်း ပြုနည်းကျေးဇူး အထူးထူးအထွေထွေ အာသေ၀န, ကမ္မပစ္စယော ဝိပါကောတို့ သဘောအလိုက်ဖြင့် ထိုက်ရာထိုက်ရာ ထောက်ပံ့ပါလျှက် ချမ်းသာအမြဲ ဆင်းရဲမရှိ ဝိမုတ္တိအမှန် မြိုက်နိဗ္ဗာန်သို့ ကေန်ရောက်ရအောင် ဒါနလှူခြင်း စောင့် သီတင်းနှင့် မကင်းဘာဝနာ ဤသုံးဖြာကို ဘယ်ခါမလတ် ကြိုးစားအပ် ကြိုးစား သည်နှင့်အညီ သဒ္ဓါ,သတိ,ဟိရီ,ဩတ္တပ္ပ စသည်တို့ဖြင့် ခြံရံအပ်သော ဉာဏသမ္ပ ယုတ်ဇောကို မနောဒွါရမှာ အဖန်တလဲလဲ ပွားများစေပါသည်။ ဒါန,သီလ စသောကုသိုလ်တရားကို မကြိုးစားခြင်ငဲပြီဟု သတိလွတ်ကင်း ချွတ်ယွင်းမည့် ဉာဏ်များကို လားလားမှမကူးပါ ဟူလိုသည်။

''ပဋိသန္ဓိ စုတိဝသေန ဘဝတီတိ ဘဝေါ''

ပဋိသန္ဓိစုတိဝသေန၊ ပဋိသန္ဓေ စုတိတို့၏အစွမ်းဖြင့်။ ဘဝတိ၊ ဇာ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဘဝေါ၊ မည်၏။

<u>တစ်နည်းကား-</u>

"ဥပ္ပါဒဘင်္ဂါနံ ဌိတိ ဝိယ ဘဝတိ ပဋိသန္ဓိစုတိနံ မဇ္ဈေ ပတိဋ္ဌတီတိ ဘဝေါ"။

ဥပ္ပါဒဘင်္ဂါနံ၊ တို့၏။ မဇ္ဈေ၊ ၌။ ဌိတိ ဝိယ၊ သို့။ ပဋိသန္ဓိစုတီနံ၊ တို့၏။ မဇ္ဈေ ၊ ၌။ ဘဝတိပတိဋ္ဌတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဘဝေါ၊ မည်၏။

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော နှစ်ဝိကပ်တို့တွင် ပဌမဝိကပ်အလိုကား ပဋိသန္ဓေစုတိကာလသည် ဘဝမည်၏။ ဒုတိကဝိကပ်အလိုကား ပဝတ္တိကာလသည် ဘဝ-မည်၏။ အဘိဓမ္မတ္ထဝိဘာဝနီ၌ကား ဘဝသည် ကမ္မဘဝ ဥပပတ္တိဘဝ-ဟူ၍နှစ်ပါး ပြားသည်။ ထိုနှစ်ပါးတို့တွင် ကမ္မဘဝကိုကား "ဘဝတိ ဧတသ္မာ ဖလန္တိ ဘဝေါ"။ ကရဏသာဓ်ပြုရမည်။ ဥပပတ္တိဘဝကို "ဘဝတီတိ ဘဝေါ"။ ကတ္တုသာဓ်ပြုရမည်။ မဏိသာရမဉ္ဇူ၌ကား "ဘဝတိ ဧတ္ထာတိ ဘဝေါ"-ဟူ၍အဓိကရဏသာဓ် ကြံတော်မူ၏။ ဤဝစနတ္ထ၏အရ ဝတ္ထုကာမ ကိလေသာကာမ၏ ဖြစ်ရာဌာနသည် ဘဝမည်၏ ဟူလိုသည်။

'သည်' -သဒ္ဒါကား။

ကတ္တားအနက် ဝိသေသနအနက် ဤသဒ္ဒါ၏အနက် ပုဒ်စပ်အနက် ကြိယာ အနက် ခင်ပွန်းအနက်အားဖြင့် ၆-ပါးသောအနက်တို့၌ ဖြစ်၏ဟူ၍ တောင်တွင်း ဆရာတော် မိန့်တော်မူသည်။

ထို၆-ပါးတို့တွင် ဤအရာဝယ်-'သပြေစိုးရန် လက်ရုံးအန်နှင့်
ဆဒ္ဒန်နာဂ ပြောင်မုန်ဝလည်း မမျှလူဝယ် သည်သူနှယ်သည်
နှုန်းဆွယ်မရှား တောင်းကိုလည်း'

ဟူရာ၌ 'သည်'သဒ္ဒါကဲ့သို့ 'ဤ'သဒ္ဒါအနက်၌ဖြစ်သည်ဟူ၍ မှတ်ရမည်။ ထို့ကြောင့် ယခုပစ္စက္ခ ဤဘဝကိုဟူ၍ဆိုသတည်း။

'ကြိုးမယ်ပ'ဟူရာ၌ ကြိုးသဒ္ဒါကား-

- မဝံ့စား ရွံ့သားမို့ ခုထက်တိုင်
ဖြစ်သရွေ့ နှစ်နေ့တာ ရှည်လှပါပေါ့
နှစ်မရွေ့ခံတွင်းငယ်က လင်းတော့ရက်နိုင်
မကူကြိုပြီးလ ဇမ္ဗူမှာ သူသာပလို့

ကြိုးပါရကြဲနိုင်မယ် မပိုင်သူဝက်မွေး
ခက်ကြီးကြို မင်ထီးတူခိုလှုံမဲ့
ရွှေဘုံပျော် မောင့်အသဲနှင့်
လွဲတန်ရာလေဘူးလို့
ကူးယောင်မိသေး

ဟူရာ၌ 'ကြိုး'သဒ္ဒါကဲ့သို့ ကြံဘန်ခြင်းအနက်၌မဖြစ်။

''ကသစ်ကယ် သွေညာက
ဒေဝတာချိုသံမွှန်း ခွန်မိန့်ဗျာသံ
ဘွဲ့ပုံတော်နာမံနှင့် စောဒေဝဂ္ဂမှန် သောင်းရံညွှန့်ဆွတ်ခူး
ဘုံစံရာ မိတ်ဘက်ကယ် စုံကညာတို့
မင်းကဋ္ဌာပြာပြာလဲ့ ကြိုးမဲ့ဘီလူး''

ဟူရာ၌ 'ကြိုး'သဒ္ဒါကဲ့သို့ရအောင် လုံ့လကြိုးစားအားထုတ်ခြင်းအနက် ၌ ဖြစ်သတည်း။

'မယ်'သဒ္ဒါကား။ ကြင်သူ၌လည်းဖြစ်သည် ဝါစာသိလိင်္ဂ၌လည်းဖြစ်သည်။ ဝိပ္ပလ္လာသ၌လည်းဖြစ်သည် ပြယုဂ်ဥဒါဟရဏ်ကား–

''ကြင်ရက်နှင့်ဆွေးပို နေ့ရက်ကယ်ရှည်ကြာလို့
မြင်ရက်သာသည်ကိုယ်မောပါပေါ့ ဇောလှိုက်လို့ဖို
ချစ်မဝနိုင်ဘု နမရင်းမောင်လို မဆိုဝံ့ရက်အား
ရွံ့ရက်သာခိုရတယ် မချိရင်မယ်မမုန်းပါနှင့်
ဘုန်းမောင့်သနား''

ဟူရာ၌ 'မယ်'သဒ္ဒါကား– ကြင်သူ၌ဖြစ်သည်။

''ဖြေရန်သာသစ်တော့ တဖြစ်တဲ့သည့်နှယ်။
သည်ခေတ်တွင်ကြိုသရွေ့ကို စုံစေ့ဖန်မညွှန်းပြီဘု။
ကိုယ်စွန်းကိုယ်ကိုးလို့ ကြိုးပါတယ်။
နေ့ရက်သာလျားတော့ လင်းများလင်းလိမ့်မယ်။
နားလည်မိပါငဲ့ ဆွေးရရုံအချက်ကယ်တောင်လိုပုံလို့။
ရွှေပဒုံတောင်ပန်ခသူက ဦးချပါရဲ့''

ဟူရာ၌ မယ်သဒ္ဒါကားဝါစာသိလိဌဖြစ်သည်။ ပဒပူရဏဟူ၍လည်းဆိုကြကုန်၏။

''မြင်ရုံနှင့် ဝနိုင်ဘူ ပူလှချည့်နတ်ကယ်။
မိန့်ခွန်းတော်ဘယ်ခါမှ ခိုရသူပေါ်ရမည်။
ထွေးဆတတ်သွယ် ဖြေပါသော် အိုမနှိုင်လို့။
ဆွေးဘက်ကပိုတော့တယ် ဖန်ရွယ်သူသနား။
အတန်တန် မောင်ကြီးကို ပူရုံဖန်ထင့်။
ရွှေမျက်မှန် ပုံကသိုဏ်းကိုလ နေ့တိုင်းမြင်ရုံပွေလို့
ကျွမ်းစေတော့လား။''

ဟူရာ၌ 'မယ်'သဒ္ဒါကား ဝိပ္ပလ္လာသဖြစ်သည်။ ထို ၃-ပါးတို့တွင် ဤအရာဝယ် ဝိပ္ပလ္လာသဖြစ်သည်ဟူ၍ မှတ်ရမည်။

'မ'-သဒ္ဒါကား-

''ကျောင်းတော်မှာ မောင်နေရ ပျော်လှလို့မဟုတ်ပါ။
အတတ်ကယ်ပညာနဲ့ ခဲလို့သင်ရှာ။ တတ်ပညာ လိုရာမရ။
အိမ်ကြီးနေ ရွှေကိုယ်လေးနှင့် ဝေးလိမ့်ထင်ပ''။

ဟူရာ၌ 'ပ'-သဒ္ဒါကဲ့သို့ ဂရုဝစနဌဖြစ်သည် စကားကိုအလေးပြုဆိုသည်ဟူလို။

''ဉာဏ်ကိုးလို့ဖန်ရွယ်ဆောင်သည်''

ဟူရာ၌-'ကိုး'ဟူသည်-ဖန်လည်းတစုံ စည်းခုံတစ်ဆူ ရွှေဂူနန်းသင့်
'ဘုန်းတော်နှင့်ကို ရက်ဖြင့်မရှည် စုန်တော့မည်'ဟု 'ညွတ်ကြည်ဆုယူ တောင်းမှတ်မူသည် တဆူသာကိုးကွယ်တော့၏''။

ဟူရာ၌ 'ကိုး'သဒ္ဒါကဲ့သို့ အမိဘုန်းကြွယ် လှနတ်မယ်ကို ကိုးကွယ်မည်လော-ဟူမူကား ထိုကိုမဆိုလို ငါ၏ကြင်သူကိုရအောင် လှံ့လအားထုတ်သည်ကား သာမညာ မဟုတ် ဝိသေသဖြစ်၍ ဉာဏ်ကြီးဉာဏ်ငယ် အသွယ်သွယ်တို့ဖြင့် ချယ်လယ်ပါသည် ဟူလို၏။

<u>တစ်နည်းလည်း။</u>

- ''အလွမ်းတဲ့ကိုးသွယ် မောင်ကြီးမှာပူပါလှ ဘုန်းမမငယ်
သည်ဖြစ်နှယ် မိငယ်ပမြင်လို့ ရွှေဝတိုင်ဆီက ရီမှိုင်းပြာပြာ-
မှောင်လို့ လွမ်းလေအောင်မဆင်တဲ့ပါနှင့် ကျွန်းငဲ့သည်ကိုယ့်''။

ဟူရာ၌ 'ကိုး'သဒ္ဒါသည် ရေတွက်ခြင်း သင်္ချာအနက်၌ဖြစ်၏။
''အလွမ်းတဲ့ဘဲ့နှယ့်နှယ် မေတ္တာတော် စေတနာသခြင်းငဲ့စောမြနတ်ကယ်။
ပူပါတယ် ဗျာကြွယ်လို့စိတ်ဆွေး။
ကိုယ့်ဂုဏ်ကိုယ်ကိုးလို့
မိမျိုးကိုကြံဆောင်ညွှန်းရတယ် လွမ်းလို့မအေး''။
ဟူရာ၌ 'ကိုး'သဒ္ဒါသည် ကြံဆောင်လုံ့လအားထုတ်ခြင်း အနက်၌ဖြစ်၏။
''ရွှေမျှားပန်း ရွှေနန်းမြင့်မျက်ချယ်။
သနားတော်တင်ပါအုံးမယ် ဘုန်းသာကိန္နယ်။
ကိုယ်ဉာဏ်ကို ကိုယ်ကိုးလို့ ကြံမျိုးပစုံလင်ဘွယ်။
ဘယ်နှယ်လဲ့အရေး သည်မောင်မှာတကိုယ်နွဲ့ငယ်မို့လွမ်းနယ်ချဲ့ဆွေး''။
ဟူရာ၌ 'ကိုး'သဒ္ဒါသည် ဉာဏ်ကြီးဉာဏ်ငယ်အသွယ်သွယ်တို့ဖြင့် ချယ်လှယ်ခြင်း အနက်၌ဖြစ်၏။

ထို ၃–ပါးတို့တွင် ဤအရာဝယ် ဉာဏ်ကြီးဉာဏ်ငယ် အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ခြင်းအနက်၌ ဖြစ်သတည်း။

''အိုရှောင်မဲ့ဉာဏ်မကူး'' –ဟူရာ၌–
'အို' –ဟူသောစကားသည်–
''ကြံတူရင် ဆံဖြူလျှော့ပါဘူး။
လဲစေတော့သက်ဆယ်ပြန်။ ။
သချော်စုကမ္ဘာမှာ
မြသေလာ မြေအထုနှင့်
အိုသူကိုကြံဖန်ကျူးရတယ် ဆိုးလေတဲ့ကံ။
မချိုးလျှင် မခိုတဲ့နှိုင်ဘူ့
အမှတ်မဲ့ကျိုးလို့ကြံ မိုးရုံပြည့်ကြယ်မှူး
မနေခြင် မသေခင် ပူတဲ့ဝဋ်ကို ယူဆွတ်သူမမှီအောင်လို့
သေလာမှောင် တိမ်တောင်တားစေတော့ အားညှံ့ပါဘူး''။

ဟူရာ၌ 'အို'သဒ္ဒါကဲ့သို့ စကားကိုတန်ဆာဆင်ခြင်း ဟုဆိုအပ်သော ဝစနာလင်္ကာရ အနက်၌ဖြစ်၏။ ဝစနာလင်္ကာရဟူသည်လည်း အာလပန ဘေဒဝန္တဂတ–ပင်ဖြစ်၏။ အို–ဟူသမျှကို အားလုပ်ဟူ၍မှတ်လေ။ ထို့ကြောင့် သဒ္ဒါကျမ်းဆရာတို့သည် အိုတို့

အို–ဟူ၍အနက်ပေသောကြောင့် အာလုပ်အနက်ကိုအလိုရှိရာကား–ဟူ၍ဆိုသည်။

ဇာနာတိ ယထာသမ္ဘဝံ ပရိဝိဇ္ဇာတီတိ ဉာဏ်။

ယထာသမ္ဘဝံ၊ သဘောအားလျော်စွာ။ ဇာနာတိ ပရိဝိဇ္ဇာတိ၊ ထိုးထွင်း၍ သိတတ်၏။ က္လတိတဿာ၊ ကြောင့်။ ဉာဏ်၊ ဉာဏ်မည်၏။

"သည်ဘဝတွင်မှ ကြိုးမယ်ပ ဉာဏ်ကိုးလို့ ဘန်ရွယ်ဆောင်သည်

အိုရှောင်မဲ့ စိတ်မကူး"

ဟူသောစကားကိုမြွက်စေခြင်းငှာ အလိုရှိသော ဂီတလင်္ကာရဆရာသည် 'ခဲသည်သာ' ဟူသောပိုဒ်ကိုမိန့်သော်။

ထိုပိုဒ်၏အဓိပ္ပါယ်ကား–အမိရတနာ လုကလျာကို ဘယ်ခါမရှောင်လွှဲပါဘူး ခဲ့သည့်တာများမှာ ယောကျ်ားတို့ ဖြစ်အင်ခဲသည်ဟူ၍ မထင်ပါဘူး။ ဆိုသကဲ့သို့ ထို့အတူ မနုဿတ္တဒုလ္လဘစသော ဒုလ္လဘတရား ၅–ပါးတို့တွင် ရှေးကံလျှင် အခွင့်မူ၍ လူအဖြစ်ကို ငါရပြီ၊ လူအဖြစ်ကို အဘယ်မျှလောက်ရခဲသနည်းဟူမူကား ပထဝီကောင်းကင်၌ အပ်တချောင်းစိုက်နှက်၍ အကနိဋ္ဌဘုံဖျားမှ အပ်သွားတစ်စင်း ခင်း၍ လည်းထားချလိုက်ငြားသော် အပ်သွားချင်းသာထိဘွယ်ရာ၏ လူ၏အဖြစ်ကို ထိုထက်မက အဆအရာပင် ခဲလှချေ၏။ ထို့ကြောင့် ကမ္ဘဒ္ဒာန်းဆရာတို့သည်–

အပ်သွားချင်းသာ ထိဘွယ်ရာ ပမာပုံမယွင်း။

ထို့ထက်ဆယ်ဆ လူဖြစ်ရ ခက်ရချည်ရဲ့မင်း။

မနုဿတ္တ လူ့ဘဝ ရနိုင်ခဲ၏မင်း။

ဟူ၍သံပေါက် ကဗျာစပ်ဆိုသည်ကိုနှလုံးပြုလေ။

ထိုမှတစ်ပါး သဗ္ဗညုဘုရားသည် ဗာရာဏသီပြည်၏အနီး ကုက္ကိုပင်စည် ခုနစ်ပင်တို့၏အနီး၌ သီတင်းသုံးတော်မူစဉ်အခါ ရောပထနဂါးမင်းကိုအကြောင်းပြု ၍ လူ၏အဖြစ်ကို ညှိုငြင်သဖြင့် ရခဲကြောင်းကို "ကိစ္ဆော မနုဿပဋိလာဘော" ဟူ၍ ဟောတော်မူသည်။ မနုဿပဋိလာဘော၊ လူ၏အဖြစ်ကိုရခြင်းသည်။ ကိစ္ဆော၊ ညှိုငြင်သဖြင့်ရခဲ၏။

<u>**အနက်အဓိပ္ပါယ်ကား။**</u>

အလှူပေးခြင်း သီလသီတင်း ဆောက်တည်ခြင်း အစရှိသောကုသိုလ် ကောင်းမှုကို ကြိုးစားအားထုတ်မှသာလျှင် လူ၏အဖြစ်ကိုရ၏။ ထို့ကြောင့် လူ၏အ ဖြစ်ကို ညှိုငြင်သဖြင့် ရခဲ၏ဟူလို။ ထိုသို့ လူ၏အဖြစ်ကိုရလျှက် ကုသိုလ်တရားကို ပယ်ရှားချေးသော် လေးထွေသော အပါယ်ဘုံသို့ စုန်ခါဆင်းရတော့မည် မြေကို လက်ဝါးဖြင့် ပုတ်ခတ်သော်လွဲရာ၏၊ မြင်မိုရ်တောင်ကို ဆီးစေ့ဖြင့်ပစ်သောကွဲရာ၏၊

အပါယ်သို့ စုန်ရမည်ကား မုချမလွဲရာ။ ထို့ကြောင့် နတ်ရွာနိဗ္ဗာန်သို့ ပို့ဆောင်တတ်သော ကုသိုလ်တရားကို ကြိုးစားအားထုတ်ရအောင် ကြံဆောင်ခဲ့သည့်တာများမှာ– ဟုဆိုလိုသည်။

<u>တစ်နည်းကား။</u>

အပ္ပမာဒံ ပသံသန္တိ၊ ပုညကြိယာသု ပဏ္ဍိတာ။

အပ္ပမတ္တော ဉဘော အတ္ထေ၊ အဓိဂ္ဂဏှာတိ ပဏ္ဍိတော။

ဟူသောဓမ္မဒေသနာတော်နှင့်လျော်စွာ အလှူပေးခြင်း သီလဆောက်တည်ခြင်း ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း၊ ရတနာသုံးပါး ဆရာမိဘ–စသောသူတို့အား အရိအသေအလေးအမြတ်ပြုခြင်း၊ ရတနာသုံးပါး ဆရာမိဘ–စသောသူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းအစရှိသော ကုသလကမ္မပထတရား ဆယ်ပါးတို့ကို မမေ့မလျော့သဖြင့် ကြိုးစားအားထုတ်လေ့ရှိသောသူတိုသည် ဘုရားစသော ပညာရှိသူတော်ကောင်းတို့၏ အချီးအမွမ်းကိုလည်းခံရ၏။ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသောအကျိုးကိုလည်း ခံစားရ၏။ အဆုံးဘဝ နောက်ကာလာ၌လည်း သုခမင်္ဂလာကောင်းကျိုးဖြာသော မဟာအသင်္ခတနိဗ္ဗာန်သို့ မုချမသွေ ရောက်လင့်ပေ၏။ ထို့ကြောင့် ငါသည်လည်း ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းထောပနာ နောင်လာပစ္စက္ခနှစ်ဝအကျိုး ဖွံ့ဖြိုးစေမည့် ရွှေပြည်သာခေါင် နိဗ္ဗာန်တောင်သို့ ရောက်အောင်စိတ်တွင်း ကြံရင်းရှိဟောင်းတွင် ထပ်လောင်း၍တဘန် စီမံချယ်လှယ် အသွယ်သွယ်တို့ဖြင့် မိုးကြယ်ပြည့်ပမာ ဒါန,သီလစသည်ထိုထို ကုသိုလ်တရားအပါးပါးကို ကျိုးစားချင်သော ဆန္ဒအားကြီးလှ၍ နှေးညအမြဲစိတ်ရည်စွဲလျက် ခဲ့သည့်တာများမှာ–ဟူလိုသည်။

<u>တစ်နည်းကား။</u>

အပိစ ခေါဘိက္ခဝေ စာတုဒ္ဒသိယံ ဝါ၊ ပန္နရသိယံ ဝါ စတ္တာရော လောကပါလာ သုဝဏ္ဏပဏ္ဏာနိ ဂဟေတွာ စတုဒ္ဒသဥ္စ ဒူရန္တာ။

စသောနည်းဖြင့် ရှင်ချစ်ဘုန်းလူ မိန့်တော်မူအပ်သော ဒေဝဒူတသုတ္တန်ဒေသနာလာသည်နှင့်အညီ စတုလောကပါလာ ဒေဝါဆိုမြောက်နတ် လေးယောက်တို့သည် လေးခေါက်မှန်စွာ တလခါလျှင် မြို့ရွာနိဂုံးလေးရပ်လုံးကို ကြည့်တုံကြည့်လာ ကြည့်ပြီးခါမှ လေးရွာပယ်ဘုံ စုန်စေသမှု မကောင်းမှု အကုသိုလ်ကံပြုအံ့ဟန်အညီ ကြေးနီပုရပိုက်ဝယ် အင်းတိုက်အောင် ရေးမှတ်လေသည်ပေးထွေအလှူ စင်ဖြူသီလ စသည့်အပြား ကံဆယ်ပါးကို တတ်အားသမျှ ကြိုးစား

ကြမူ ထိုသသူကို ဇမ္ဗူပါကဋ ရာဇအနေ ရွှေပုရပိုက်တွင် ယင်ရုံမှတ်နည်း ကမ္ဗည်း စာရင်းရေသွင်း သိမ်းယူ၍ ကြည်ဖြူတစိ မာတလိအား ဆောင်ငြားတဖန် သိကြား ထံကို လျှင်မြန်တထွေ ဆက်သပေမှ မိုးနတ်တွေ သိန်းသန်းသဘင် နန်းအလယ်မှာ ဆိုင်ရာကိုရွတ်ဘတ်လေလျှင် ရွှေရင်ကိုပုတ်ခတ်၍ ငိုမတတ် ရိုမတတ် အကြား ကပ်သည့် အနေနှင့်လူ့ပြည်မှာ လူအပေါင်းသည် မကောင်းမှုအားခဲ့၍ ငရဲတွင် ပျော်ခြိမ့်မည်ဟု ရွံ့ကြောက်သည့်အတွက်ကြောင့် ကြက်သီးမွေးညှင်း ကိုယ်တွင်းက ထသူထ ဟာဒယဗလုံလုံနှင့် ရင်ခုံသူခုံ ကုသိုလ်နှင့်ကြုံရာတွင် ဟာသစိတ်ဇော တဖန်လောသည်ဟု သဘောမတွယ် အဓိပ္ပါယ်လာခြေသည်။ ထို့ကြောင့် ငါသည် လည်း ကြေးနီမှာမပါရ သုဝဏ္ဏအစုံ ရွှေလွှာပုံမှာ ပေါက်တုံစာရင်း ရေးဦးကျင်၍ နတ်မင်းတို့ထံ ရောက်လိုသည့် စိတ်သန်နှင့် အလှူခံအားပေးငြား အလှူစင်ဖြူ သီတင်း စောင့်သုံးခြင်းအစရှိသော ကုသိုလ်တရားတို့ကို ကျိုးစားအားထုတ်၍ အဟုတ်ပင်ခဲသည်တာ များမှာဟူလိုသည်။

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်အပေါင်းတို့တွင် ပုရပိုက်ဟူသည်ကား

''ပရဿ ပမာဒံ ပရတိ ဉာယတိ ဧတ္ထာတိ ပုရပိုက်''

ဧတ္ထသံခေပေ၊ ဤအလွှာ၌။ ပရဿ၊ သူတစ်ပါး၏။ ပမာဒံ၊ မေ့လျော့ခြင်း ကို။ပရတိဉာယတိ၊ သိအပ်၏။ က္လတိတသ္မာ၊ ထို့ကြောင့်။ ပုရပိုက်မည်၏။ အဓိ ကရဏသာဓ် ကိတ်ဝိဂြိုဟ် ပရှေးရှိသော ရပဓာတ် က္လကပစ္စည်းတည်း။

**တစ်နည်း။**

ပရာပရံ ဥပလာက္ခတိ ဧတ္ထာတိ ပုရပိုက်

ဧတ္ထ၊ ဤဝတ္ထု၌။ ပရာပရံ၊ အပြန်ပြန်။ ဥပလက္ခတိ၊ ရေးမှတ်တတ်၏။ က္လတိတသ္မာ၊ ထို့ကြောင့်။ ပုရပိုက်၊ မည်၏။ ရှေးနည်းတူ ဥပဓာတ် ဤမျှသာထူး သည်။

**<u>တစ်နည်း။</u>**

''ပရံ ပရံ ကရိတဗ္ဗန္တိ ပုရပိုက်''

ပရံပရံ၊ တဆင့်ဆင့်။ ဝါ၊ အထပ်ထပ်။ ကရိတဗ္ဗံ၊ ပြုလုပ်အပ်၏။ က္လတိ တသ္မာ၊ ကြောင့်။ ပုရပိုက်၊ မည်၏။ အင်းကိုက်အောင် ရေးမှတ်လေသည်ဆိုရာ၌ ကန့်ကူဖြင့် ရေးမှတ်သည့် ကန့်ကူကို နသတ်၍လည်း ရေးကြသည်။ သေးသေး တင်၍လည်း ရေးကြသည်၊ ထိုနှစ်နည်းတို့ထွင် နသတ်သင့်ကြောင်းကို ဤသို့သော ဝစနတ္ထဖြင့် သိအပ်၏။

ကန္တံ့ ကရောတိ တေနာတိ ကန်္တကူ။

တေန သေလေန၊ ထိုကျောက်ဖြင့်။ ကန္တံ၊ အပိုင်းအခြားကို။ ကရောတိ၊ ၏။ ကုလတိတသ္မာ၊ ထိုကြောင့်။ ကန်္တကူ၊ မည်၏။ ကရဏာသာဓနကိတ်ဝိဂြိုဟ်။ ကန္တသဒ္ဒူပပဒ ကရဓာတ်။ ရူပစ္စည်းတည်း။

**တစ်နည်း။**

ကဏ္ဍော လေခံ ကရောတိ တေနာတိ ကန်္တကူ။

တေန သေလေန၊ ဖြင့်။ ကဏ္ဍော၊ မည်နက်သောပုရပိုက်သင်ပုံး၌။ လေခံ အရေးကို။ ကရောတိ၊ ၏။ ကုလတိ၊ ကြောင့်။ ကန်္တကူ၊ မည်၏။ ဓာတ်ပစ္စည်းနည်းတူ။

**တစ်နည်း။**

ကနံ ကဿံ ကရောတိ တေနာတိ ကန်္တကူ။

ကံအက္ခရံ၊ အက္ခရာကို။ ကတုတိ ဆိန္ဒတိ၊ ဖြတ်တတ်၏။ ကုလတိ၊ ကြောင့်။ ကံ့ကူ၊ မည်၏၊ ကတ္တုသာဓနကံသဒ္ဒူပပဒ ကတုဓာတ်ရူပစ္စည်း။

<u>**တစ်နည်း။**</u>

ကံ လေခံ ကရောတိ တေနာတိ ကံ့ကူ။

တေန သေလေန၊ ဖြင့်။ ကံ လေခံ၊ ရေးချစ်ခြင်းအမှုကို။ ကရောတိ၊ ၏။ ကုလတိတသ္မာ၊ ကြောင့်။ ကံ့ကူ၊ မည်၏။ ရေးနည်းတူ ကရဓာတ်ဤမျှသာ ထူးသည်။

''ခဲသည့်တာ''–ဟူရာ၌ 'ခဲ'သဒ္ဒါကား–

ဂမ္ဘီရအနက် အလုံးအခဲဟူသောအနက် ကြံ့ကြာခြင်းအနက် ဝန်တိုခြင်းအနက်၊ ပူဆာခြင်းအနက်၊ ကြိုးပန်းခြင်းအနက် အစရှိသောအားဖြင့် များစွာသော အနက်တို့၌ ဖြစ်သည်။ ထိုအနက်အပေါင်းတို့တွင်–

''အဘိဓမ္မာ ခဲခက်စွာနှင့်
ကျင်ရာဝိနည်း ရှုံးစည်းသုတ္တန်
ခြောက်ပြန်ကာရက နိဒ္ဒေသနှင့်
ပဋ္ဌာနီကာယ် မှတ်ဘွယ်ကျမ်းထွက်
ဝိဒဂ်ဒန္တီ ဗျဉ္ဇီကလာပ် နှံ့စပ် နေတ္တိ
ဆန်းရှိလင်္ကာ လေ့လာသုတ္တ
ပုဏ္ဏဝိသဇ္ဇနာ ခဲစွာခဲလျော် ကြံတိုင်းပေါ်သည်
ထေရ်ကျော်ဘုန်းထွဋ် သဃ်ာနတ်။

စံလွတ်ဖိမာန် ဇေတဝန်၌
မြတ်မွန်ဒေသနာ ဟောသောခါသည်
သချာ်တီမျှ ကြားသနည်း။

ဟူသောပိုဒ်ဝယ် 'ခဲ'ခက်စွာနှင့်ဆိုင်ရာ၌ ခဲသဒ္ဒါကား ဂမ္ဘီရအနက်၌ ဖြစ်သည်။ ခဲခက်နက်နဲလှစွာသော အဘိဓမ္မာကို ဆိုလိုသည်။

''အောက်အာကာဗွီ ဝါယောထွီ၍
လီထက်ကားရီ ရီထက်မြီဟု
ပထဝီအထု နှစ်ခုသိန်းပေါင်း
လေးသောင်းကိန်းထက်
ရန်ထိန်း–စကြာဝဠာ
ဦးစွာဝန်းလည်ကျောက် ထည့်တည်သား
လည်လည်ပတ်ရစ် သမုဒ်မြစ်မှာ
တက်လစ်ပြိုမျှ ပဈူနနတ်
တန်းခိုးမြတ်ကြောင့် ရဟတ်နှင်နှင်
စက်နှင်နှင်သို့ ကောင်းကင်ကသာ နတ်တေဇာ ဖြင့် သီတာရေခဲ
လှစ်ခွဲတိမ်းကြား ယန္တရားစက် သံလျှက်လှည်းဝန်း
လှည့်၍ထွန်းသား ရစ်သန်းပြီးပြောင်း
ဘယက်ရောင်နှင့် စက်ရောင်လျှံတက်
တလက်လက်လင်း တဝင်းဝင်းလျှင်
ဘုန်းအင်သစ်မောင်း ရိုက်ချောင်းပဲ့တင်
ကောင်းကင်အလုံး မည်းမည်းဖုံးမျှ
ရွာလကလျှင် အလှကျင့်တန် သည်းရန်မွေးမိ မသိပါလေ
ရစ်ခွေဗျာပါ မယ်ကိုသာလွမ်း နောင်မှာချမ်းခဲ့
ညိုးသန်ပါလှ ရရတတ်မတ်
နတ်လည်းမနိုး ရက်ကိုးဆယ်လုံး
ကျူး၍ယာယီ လင်းခါနီသည် သန်းပြီကုန်၍
ပဈူန်ဝဿကာလင့် ရမည်လော''

ဟူသောပိုဒ်ဝယ် 'သီတာရေခဲ'ဆိုရာ၌ 'ခဲ'သဒ္ဒါကား အလုံးအခဲဟူသော အနက်၌ဖြစ်သည်။ သမုဒ်မြစ်မှ တက်လတ်သော သီတာရေခဲသည် တိမ်ကြားကို လှစ်ခွဲ၍ ဆိုလိုသည်။

''ပေါ်နွေလလျှင် ကောင်းကင်ခြိမ့်မြူး
မင်းလွင်ဦးနှင့်
ဖြန့်ဖြူးချုပ်ဆိုင်း မုန်တိုင်းဆင်လိုက်
တိမ်ညိုမှိန်ထပ် ပျက်လျှပ်ပြကာ
စိန်းဝါမိုးဝန်း ထွေထွေစွန်းက
ရေသွန်းတာရှည် ပျော်ရမည်ကို
မြရည်သတ်မှတ် ရောက်ခဲလတ်ဟု''

စသည် စပ်ဆိုရာ၌ 'ခဲ'သဒ္ဒါကား ကြံ့ကြာခြင်းအနက်၌ဖြစ်သည်။ မြရည်နှင့်အလား တူ သောသတို့သမီးကို အရခဲလှသည်ဟုဆိုလိုသည်။

ငင်းပြင် ဝန်တိုခြင်းအနက်,ပူဆာခြင်းအနက်,ကြိုးပမ်းခြင်းအနက်၌ဖြစ်သော 'ခဲ'သဒ္ဒါကို ပျို့ကဗျာလင်္ကာတို့၌ သုတေသီပုဂ္ဂိုလ်တို့ မငြိုမငြင် ယူငင်စင်းကုပ်၍ ထုတ်နှုတ်ကြည့်ရှုကြပါကုန် ဂန္ထဂရုဖြစ်အံ့စိုး၍ မရေးမထည့်လိုက်တည်း။ စကားချပ်။

ဂီတာလင်္ကာရဆရာ ဆရာသည် 'ခဲသည့်တာ'–ဟူသောပိုဒ်ဖြင့် ကျိုးစားလုံး ပန်း အားခဲသောအဖြစ်ကိုဆိုပြီ ထိုသို့လျှက် နောင်အခါပစ်ပယ်ရှောင်ဦးမည်လော? ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဂီတာလင်္ကာရာဆရာသည် ''ဆယ် ကမ္ဘာကြေမြေ့တော့ အိုမေ့ကို ဘယ့်နှယ်မုန်းရမယ် ဆုံးဆရှိဘူး'' ဟူသောပိုဒ်ကို မိန့်ပြန်ဘိသော်။

<u>ထိုပိုဒ်၏အဓိပ္ပါယ်ကား–</u>

ကမ္ဘာပေါင်းဆယ်ကြိမ်ပင် ဆွေးမြေ့ကြေကျဘိသော်လည်း အမိနနယ် ကေသီမယ်ကို ဘယ့်နှယ်ချစ်ဘုံး ဘယ့်နှယ်ရုံး၍ မုန်းရပါအံ့နည်း ဥဒည်းတောင်ထိပ် က စက်ရိတ်ပြန်သွားသော လရထားသည် လဆန်းပက္ခ၌ တစ်နေ့တစ်ခြား တိုးပွား လေသကဲ့သို့ ချစ်ကြင်လိုသောစေတနာသည် ဆတက်ဆတက် ပွားများရသည်ကား အဆုံးအဆမရှိပါဘူး ဆိုသကဲ့သို့ ထို့အတူ မကောင်းမှုဒုစရိုက်တို့သည် နေ့ညဉ့် မပြတ် မလပ်ရအောင် ချည်နှောင်ဖွဲ့သော်လည်း သူတော်ကောင်းတို့ နှစ်လို့ကြည်ညို ကုသိုလ်တရားကို စိတ်ထားရွှင်ရွှင် နှလုံးရင်၍ရှည်ခြင်သည့်အရာများမှာ ကမ္ဘာပေါင်း ဖြစ်ထွေ ဆယ်ဖန်ပင်ကြေငြားသော်လည်း လားလားမှမမေ့နိုင်ပြီ။ သိင်္ဂီနိက္ခသုဝဏ္ဏကို ဘယ်ကာလခေတ်တွင်းမှ မုန်းခြင်းမရှိသကဲ့သို့လည်းကောင်း၊ ဝေဘူလ ဝေဘာရ တောင်တို့၌ ပေါက်ရောက်ရှိသော ဇောတိရသ မနောမယ ကျောက်မြတ်မင်းကို လိုခြင်ခြင်းကင်းသူရှိမည် မဟုတ်သကဲ့သို့လည်းကောင်း၊ လေးကျွန်းလုံးကို အစိုးရ

သော စကြာမင်း၏ ပတ္တမြားရတနာကို မသုံးဆောင်ချင်သူ မရှိသကဲ့သို့လည်းကောင်း၊ ထိုသို့ဆိုအပ်ခဲ့ပြီးသော ဥပမာနှင့်တူသော ဒါန,သီလ စသောကုသိုလ်တရားတို့ကိုလည်း ကာလအားဖြင့်ဆံဖျားတရစ်မျှ မုန်းရမည်အပြစ်မရှိ အလင်းကို သာတသော သတ္တဝါကဲ့သို့လည်းကောင်း နေမင်းရောင်ပြောင်ပြောင် ထွန်းပမည့် ငွံလင့်သော ကုမုဒြာ,ပဒုံမာကြာကဲ့သို့လည်းကောင်း တပ်မက်မောသော အာသာရှိသည်တာများမှာ အဆုံးအစမရှိပါဘူး ဟူလိုသည်။

ထိုပိုဒ်အပေါင်းတို့တွင် 'ဆယ်ကမ္ဘာ' – ဟူရာ၌ အဘယ်မျှလောက်သော အပိုင်းအခြားသည် ကမ္ဘာမည်သနည်းဟူမူကား အသင်္ချေယျလေးကပ်သည့် မဟာကပ်မည်၏။ ထိုမဟာကပ်တကပ်သည် တစ်ကမ္ဘာမည်၏။

ထို့ကြောင့် ''သင်္ချေယျကပ် လောင်းဆင့်ထပ်သား လေးရပ်ပေါင်း တကမ္ဘာမဟု'' ရှင်ရဋ္ဌသာရအကျော် တံတားဦးတည်၍စပ်ဆိုသည်။

အသင်္ချေ ၄–ကပ်–ဟူသည်ကား–

သံဝဋ္ဋအသင်္ချေ၊

သံဝဋ္ဋဋ္ဌာယီအသင်္ချေ၊

ဝိဝဋ္ဋအသင်္ချေ၊

ဝိဝဋ္ဋဋ္ဌာယီအသင်္ချေ၊

ဤသို့လျှင် အသင်္ချေယျကပ် လေးကပ်တည်း။

ထိုတွင် ကမ္ဘာပျက်မိုးရွာသည်မှစ၍ မီးလျှံစဲသည်တိုင်အောင်သော ကာလသည် သံဝဋ္ဋအသင်္ချေမည်၏။ မီးလျှံစဲသည်မှစ၍ ကမ္ဘာပြုမိုး ရွာသည်တိုင်အောင် ကာလသည် သံဝဋ္ဋဋ္ဌာယီအသင်္ချေမည်၏။ ကမ္ဘာပြုမိုး ရွာသည်မှစ၍ နေ၊လ ပေါ်အောင်ကာလသည် ဝိဝဋ္ဋအသင်္ချေမည်၏။ နေ၊လ ပေါ်သည်မှစ၍ ကမ္ဘာပြုမိုးရွာသည် တိုင်အောင်သောကာလသည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေမည်၏ဟူ၍ ဗုဒ္ဓဝင်ကျမ်း၌ လာသည်။

ထိုစကားကိုရည်၍ ဆရာကျော်တို့သည်လည်း –

''ဝိကပ္ပနာ ဖြစ်ခြင်းရာကား ကမ္ဘာပျက်မိုး ရွာသွန်ကြိုး၍ အခိုးမီးလျှံ လျှောင်ပြန်စရာ ဆံလွှာမဲမဲ ခဲကြီးခဲက သံဝဋ္ဋတည့်၊ ထိုမှဓွန်တာ ကွာဝေးခါ၌ ကမ္ဘာပြုမိုး သွန်းကျိုးတိုင်မည် ဤသည် သံဝဋ္ဋဋ္ဌာယီမှတ်လော၊ ဆုံးဖြတ်ရင်းမှ စ၍တခါ ရည်ဝေးကြာသော် စန္ဒာသူရိယ ဖြစ်ကြရေးနှောင်း တပေါင်းမာသ လပြည့်ဝတိုင် ဝိဝဋ္ဋဆိုင်၏၊ မှတ်တိုင်ထိုမှ စ၍လူ့ပြည် တည်ထွန်းစည်၍ ဓွန့်ရှည်ပျောထူ

ကပ်ဦးသူတို့ မဖြူပျက်စီး လောဘမီးကြောင့် မစောင့်ကိုယ်နှုတ် ဖေါက်ပြန်ယုတ်က ဒုက္ခဝင်မှုဝယ် လေးပါးပါယ်သို့ လားဘွယ်ထင်ထင် ယခုပင်ဟု စိတ်ရွှင်ချမ်းမြ တိုင်ပင်ကြ၍ သမတမင်မြောက်ပြီးလျှင်သော် မင်းခြောက်ကျိပ်ထွန်း လေးယောက်စွန်းက ရှည်လွန်းလှ၏ စ၍တဖြာ ကမ္ဘာပျက်မိုး ရွာကြိုးတိုင်က ဝိဝဋ္ဋဋ္ဌာယီ မှတ်ရာပြီးရှင့် ဤကပ်လေးပါး ပေါင်းလည်ငြားသော် တပါးမဟာ ကပ်ကမ္ဘာတည့် ပမာနည်းတူ မီးမှုခုနစ် ရေစစ်တခါ ပျက်ပြီးစွာလျှင် အကြင်အခါ ပေဒါသဋ္ဌိ သချာရှိတွင် ရေထိပျက်ရာ ကိန်းရောက်လာ၍ လေဝါယုစစ် ရေကိန်း ဖြစ်၍ လေစစ်ပျက်ရာ နဂိုရ်ဖြာသည် သချာခြောက်ဆယ်လေးကြိမ်တည်းဟူ၍စပ် ဆိုတော်မူသည်။

အသေချေ်ယျတကပ်၌ အန္တရကပ်ပေါင်း အဘယ်မျှရှိသနည်းဟူမူကား–

ဝံ ပရိစ္ဆိန္နသာ အန္တရကပ္ပသ ဝသေန စတုသဋ္ဌိ အန္တရကပ္ပပမာဏော ဟောတိ–

ဟူသော ဋီကာပါဠ်နှင့်ညီ အန္တရကပ်(၆၄)ကပ်ရှိသတည်း။ အချို့သော ကေစိဆရာတို့ကား နှစ်ဆယ်ဟူ၍ ဆိုကြကုန်၏။

ထို့ကြောင့် ဋီကာ၌လည်း–

ဝီသတိအန္တရကပ္ပပမာဏောတိ စ ဝဒန္တိ။

ဟူ၍ဆိုကုန်၏။ အကျယ်ကိုအလိုရှိမူ ဝိသုဒ္ဓိမဂ် ဓမ္မပဒ အဘိဓမ္မတ္ထဝိဘာဝနီ စသောကျမ်းတို့၌ ယူကြပါကုန်။ အလွယ်ကိုယူလိုလျှင် မှန်နန်းမဟာရာဇဝင်တော်ကြီး ပဌမတွဲမှာ ကြည့်ရှုလေ။

ကံ ဝုစ္စတိ ဇန္တူ တာနိ ဘဝန္တိ ဌောတိ ကမ္ဘာ။

ဌောကပ္ပေ၊ ဤကပ်၌။ ဇန္တူ၊ သတ္တဝါတို့ကို။ ကံ၊ ကံဟူ၍။ ဝုစ္စတိ၊ ၏။ တာနိ၊ ထိုသတ္တဝါတို့သည်။ ဘဝန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ ကမ္ဘာ၊ ၏။ ဤဝစနတ္ထအရ ဝိဝဋ္ဋဋ္ဌာယီကပ်သာမုချရ၏။

အဓိပ္ပါယ်ကား –

ဌော–ဟူသော အဓိကရဏသာဓ်၏အရဖြစ်သော ဝိဝဋ္ဋဋ္ဌာယီကပ်၌သာလျှင် သတ္တဝါတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ဝိဝဋ္ဋဋ္ဌာယီကပ်သာလျှင် မုချအားဖြင့် ကမ္ဘာမည်၏။ အဘယ်ကြောင့်နည်းဟူမူကား။ သဒ္ဒါ၏ သတ္တဝါ ဝါစကကာပ်သောကြောင့်ဟူလိုသည်။ သံဝဋ္ဋကပ် သံဝဋ္ဋဋ္ဌာယီကပ် ဝိဝဋ္ဋကပ်တို့သည်ကား ဝိဝဋ္ဋဋ္ဌာယီကပ်နှင့် အဝိနာဘာဝနည်းအားဖြင့် ကမ္ဘာမည်၏ဟူ၍မှတ်လေ။

ကံ ဝုစ္စတိ စတုဗ္ဗိဓံ၊ အသင်္ချေယျကပ္ပံ တာနိ ဘဝန္တိတ္တောတိ ကမ္ဘာ။ ထွေကာလေ၊ ဤကာလ၌။ စတုဗ္ဗိဓံ၊ သော။ အသင်္ချေယျကပ္ပံ၊ ကို။ကံ၊ ကံဟူ၍။ ဝုစ္စတိ၊ ၏။ တာနိ၊ ထိုလေးပါးအပြားရှိသော အသင်္ချေယျကပ်တို့သည်။ဘဝန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ ကမ္ဘာ၊ မည်၏။ ဤနည်းအလိုကား။ ကသဒ္ဒါ၏ အသင်္ချေယျကပ္ပဝါစကတပ်သည် ဟူလိုသည်။

'ကြေမြေ့တော့'၌ 'တော့'–သဒ္ဒါကား။

အချစ်ကယ်ယုံလိုသာ အပြစ်တော်မန်မပွားပါနှင့် မှားလို့ရှိပါ။ သည်တခါ လွန်ပါစေတော့ မချစ်ရင် ဘယ်တွင်မှာ ရောတဝင်မဆိုဝံ့ပါဟု စိုးရွံ့ပါပေ့။ ဟူရာ၌'တော့'–သဒ္ဒါကဲ့သို့ ပုဒ်ပြည့်ခါမတ္တမဟုတ်ချေ။

''ယင်ပုံဆန်းပေငဲ့ ဖေါ့ပန်းတူပုံနှယ်
ရှုလေတိုင်းနတ်နှိုင်းတူ မရိုးလေဘု မိုးယံပြည့်ကြယ်
နေ့ရက်သာကျွမ်းတော့ အလွမ်းကဗျာကြွယ် ပူနယ်ကမဆုံး
သည့်လောက်ပင် အချစ်ကယ် မောင်လိုခင်ပ
နန်းစိန်မြင်အို လှယဉ်ကျေး ငယ်ဝေးစေနှင့်ဘုန်း။

ဟူရာ၌ 'တော့'သဒ္ဒါကဲ့သို့ သမုစ္စည်းအနက်ရှိ၏။ ထို့ကြောင့် ''ကမ္ဘာအရာ ကြေမြေ့တော့'' ဟူ၍လည်းကောင်း၊ ''ကမ္ဘာအထောင် ကြေမြေ့တော့''ဟူ၍လည်းကောင်း ''ကမ္ဘာအသိန်းအသန်း စသည်ကြေမြေ့တော့''ဟူ၍လည်းကောင်း ဆိုရာ၏။

'အိုအမေ့ကို'–ဟူ၍ဆိုအပ်လျက် ဝစနာလင်္ကာရဖြစ်စိမ့်သောငှာ အ–သဒ္ဒါကို ချေ၍ထားသောကြောင့် 'အိုမေ့'ဟူ၍ဆိုသည်။ အမေ့ကို–ဟူသည် မွေးသည့်မိခင်ကို ယူရမည်လော့ မွေးသည့်မိခင်ကိုမယူရ ကြင်သူကညာ ရုပ်ဖော်မြာ ကိုယူရမည်။

အဆုံးဝေ အဆာတိ အဆုံးအဆ

အဆုံးဝေ၊ အဆုံးကိုပင်လျှင်။ အဆ၊ ကြံဆခြင်းပင်တည်း။ ဣတိ၊ ကြောင့်။ အဆုံးအဆ၊ ၏။ 'အဆုံးအဆ'ဟူ၍ဆိုအပ်လျက် အသဒ္ဒါကြေသောကြောင့် ဆုံးဆ–ဟုဆိုသည်။

ဆုံးဆမရှိ တေသန္တိ ဆုံးဆမရှိ။

တေသံ၊ ထိုစေတနာတို့၏။ ဝါ၊တို့အား။ ဆုံးဆ၊အဆုံးကိုပင်လျှင် ကြံဆခြင်းသည်။ မရှိ၊ မရှိသတည်း။ ဣတိ၊ ကြောင့်။ ဆုံးဆမရှိ၊၏။ ဗဟုဗ္ဗီဟိသမာသ်

ရတနာသုံပါးကိုရည်၍ သုံးနည်းသာကြဲလိုက်သည် ဤနည်းကိုမှီပြု၍ တကြောင်း တဂါထာ တရွာတပုဒ်ဆန်း ဆိုဘိသကဲ့သို့ အနည်းနည်း ကြံကြံလေကုန်။

## နိဂုံးဂါထာ

၁။ သုတေသီနံ ဟိတတ္ထာယ၊ ဂီတဝိသဇ္ဇနာမိကံ။
ဝိသဇ္ဇိတံ ဣဒံ ဂန္ထံ၊ နိဋ္ဌိတံ တံ သုလက္ခတု။

၂။ ယထာ တထာ ဂတံ နိဋ္ဌိတံ၊ ဣဒံ သကလပါဏိနံ။
အကိလေန အကိစ္ဆေန၊ ပတ္ထိတံ ဝရမိစ္ဆိတံ။

အဟံ၊ သည်။ သုတသီနံ၊ သုတပညာကိုရှာလေ့ရှိကုန်သော အမျိုးသား တို့၏။ ဟိတတ္ထာယ၊ အစီးပွားအလိုငှာ။ ဝိသဇ္ဇိတံ၊ ဖြေဆိုရေးသားအပ်သော။ ဂီတဝိသဇ္ဇနာမိကံ၊ ဂီတဝိသဇ္ဇနာ အမည်ရှိသောကျမ်းသည်။ နိဋ္ဌိတံ၊ အပြီးသို့ ရောက်ပြီ။ တံ၊ ထိုဂီတဝိသဇ္ဇနာ အမည်ရှိသောကျမ်းကို။ သုတေသယော၊ သုတ ပညာကိုရှာလေ့ရှိကုန်သော အမျိုးကောင်းသားတို့သည်။ သုလက္ခတု၊ သုလက္ခန္တု၊ ကောင်းစွာ မှတ်ကြစေကုန်သတည်း။ ဣဒံဂန္ထံ သည်။ အကိလေန၊ မငြိုမငြင်သဖြင့်။ အကိစ္ဆေန၊ မပင်ပန်းသဖြင့်။ နိဋ္ဌိတံ၊ အပြီးသို့။ ဂတံယထာ၊ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ သကလပါဏီနံ၊ အလုံးစုံသောသတ္တဝါတို့၏။ ဝါ၊ အား။ ပတ္ထိတံ၊ တောင့်တအပ်သော။ ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ဝရံ၊ ဆုအပေါင်းသည်။ အကိ လေန၊ မငြိုငြင်သဖြင့်။ အကိစ္ဆေန၊ မပင်ပမ်းသဖြင့်။ နိဋ္ဌိတံ၊ ကြံသည့်အတိုင်း အပြီးသို့။ ဂတံ–ဂစ္ဆတု၊ ရောက်စေသတည်း။

ဤစာပြီးလစ်၊ သက္ကရာဇ်ကား၊ ကော်ဒွေးသုညာ၊ ကေတာလီ၊
(၁၂၀၁)ကုံရာသီဟု၊ မြွက်ချီနှစ်လို့၊ ချမ်းတုံမြို့သည်၊ လတပိုတွဲ၊
ယာဂုပွဲတွင်၊ သဲသဲကြော်သံ၊ ကျားမင်းနံတည့်၊ နှိုင်းစံရေတွက်၊
ဆန်းတရက်၌၊ နံနက်ခါကျော်၊ နေဝန်းပေါ်၍၊ မြှောက်ဆော်နာရီ၊
ခါမှီမြွက်ဟီး၊ တစ်ချက်တီးတွင်၊ အံ့ခြီးမကုံ၊ နည်းပေါင်းစုံသား၊
ကြေးမှုံတမျှ၊ ရွှေနားသသည်၊ ဂီတဝိသဇ္ဇနာ၊ မည်သာခေါ်ညီ၊
ကျမ်းအဆီကို၊ ကုံးသီရေးမှတ်၊ အပြီးသတ်သည်၊ နာဂတ်ရှင်လူ၊
မှတ်ကြောင်းတည်း။

## ပေါရာဏကထာဋီကာ

သစ်ဆိမ့်ဆရာတော်ဘုရားကြီး အရှင်ပညာသီဟသည် မာဂဓ, သက္ကတ, ရာဇဝင်သမိုင်း,ကဗျာ,လင်္ကာ ရှေးသုံးခေတ်သုံး အားလုံးခြုံမိငုံမိအောင် တတ်မြောက်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

မာဂဓဘာသာတတ်မြောက်ကြောင်း ကခ်ါယောဇနာ မဟာဋီကာပါဠိကြီးက ပြောနေသည်။ သက္ကတတတ်ကြောင်းကိုလည်း ကခ်ါယောဇနာ မဟာဋီကာပါဠိကြီး၌ ကိုးကားဆောင်ပြသည့် ဆန်းကျမ်းလာ စကားများ, အမရကောသ စသည့် ကျမ်းလာစကားတို့က ပြောနေသည်။ ရာဇဝင်သမိုင်းတတ်မြောက်နိုင်နင်းကြောင်း မဟာရာဇဝင်ကြီးဋီကာပါဠိ, မဟာရာဇဝင်ကြီးဋီကာနိဿယက ပြောနေသည်။ ကဗျာလင်္ကာတတ်မြောက်ကြောင်း ဂီတာလင်္ကာရကျမ်းက ပြောနေသည်။ ရှေးသုံးခေတ်သုံး နိုင်နင်းတတ်မြောက်ကြောင်း ပေါရာဏကထာဋီကာကျမ်းက ပြောနေသည်။ ''ပညာသာမိသီရိကဝိဇမဟာဓမ္မ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက် မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည်–

၁။ နာနာဝေါဟာရကုသလံ၊ သမ္ဗုဒ္ဓံ တေန ဒေသိတံ။
သံဃဉ္စ ဥတ္တမံ နတွာ၊ ပေါရာဏကထ ဒီပကံ။

၂။ အတ္တာယ ကဝီနံ သုဒ္ဓ၊ ကထေဿာမိ တတော တတော။
အာဒါယ ကပ္ပတော ဒါနိ၊ တံ သလ္လက္ခန္တု သာဓဝေါ။

ဟူသော ၂–ဂါထာဖြင့် ရတနတ္တယပဏာမ, ပကရဏပယောဇဉ်, ပဋိညာဉ်ဖော်ပြ၍ ဂန္ထာရမ္ဘပြု၍ ''လက်မွန်မဆွာတိ ရှေးဦးစွာ၊ ဆောတလျှင်တာပိ ရှောင်တခင်။

လျှင်ခုပ်ဖြန်းတော့ စ မြန်မြန်တိ၊ တောက်တပိုစေဝ ခုံတမင်'' စသည့် ဂါထာပေါင်း ၆၀–ဖြင့် ပေါရာဏကထာပါဠိ ပြုစီရင်တော်မူခဲ့လေသည်။ ဆရာတော် အရှင်ပညာသာမိသည် ကျမ်း၏အဆုံး၌–

၁။ မောင်းထောင်နာမဂါမကေ ဿော၊ ဇာတော ဇာတိယာ ယော အဟံ။
– ဣဒံ ပေါရာဏကထ ဒီပကံ၊ အကာ ပဿန္တု သာဓဝေါ။

၂။ ပေါရာဏ ဂန္ထကရောဟံ၊ ပညာသာမီတိနာမကော။
မောင်းထောင် ချက်ကြွေတိ ရွာကြီးနေ၊ ကျမ်းပြုဆရာတိ ဉာယတော။

ဟူသော ၂–ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ သစ်ဆိမ့်ဆရာတော်ဘုရားကြီး

အရှင်ပညာသီဟသည် ဖော်ပြပါ ၆၂-ဂါထာရှိ ပေါရာဏကထာပါဠ်ကို ဖွင့်ကြောင်း ဖွင့်ရာ ''ဉာဏဝိဟာသဇနနီ'' ဉာဏ်ကို ရှင်လန်းစေတတ်သည့်၏ အဖြစ်ကြောင့်- ဉာဏဝိဟာသဇနနီအမည်ရှိသော ပေါရာဏကထာဋီကာ ကျမ်းကြီးကိုလည်း ပြုစီ ရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

၁။ ဝေါဟာရဒေသနစ္ဆေကံ၊ ဗုဒ္ဓံ တေန သုဒ္ဒီပိတံ။
ဓမ္မံ သံဃဉ္စ နတွာန၊ ဝရံ ဂုရုံ ဂုဏာကရံ။

၂။ နေမိတောရေတိတျဋ္ဌေန၊ တန္တာမာစလ ဗိမ္ဗိနာ။
လောကဓမ္မမတုလျေန၊ ထေရေန အဘိယာစိတော။

၃။ ပေါရာဏကထဒီပဿ၊ ကတဿ ဗုဒ္ဓိသာမိနာ။
သံဝဏ္ဏနံ ကရိဿာမိ၊ သမာသေန တိတက္ကရံ။ ဟူသော ၃-ဂါထာပါဠ်ဖြင့် ရတနတ္တယပဏာမ အဘိယာစက ပဋိညာဉ်စသည်တို့ကိုပြု၍ ဖွင့်ဆိုစီရင်တော် မူခဲ့လေသည်။ ယင်းပေါရာဏကထာဋီကာ၌ မြန်မာမှုစသည်နှင့်စပ်၍ မှတ်သားဖွယ် တို့ကား များလှကုန်၏။

လျှင်ခြင်း, မြန်ခြင်း ပရိယာယ်များနှင့်စပ်၍-
''မြန်မြန်အလျင်တဆော စေဝ၊ ဆောလျင်လျင်ဆောစ ဆောတလျင်။
လျက်မြန်လျင်စွာ မကြာလျင်စ၊ ခဏချက်ခြင်း သမာမတာ။
ဟူသော မြန်မာပါဠိရောသောဂါထာ[၁]-
တရထည်ဟူသော ဝေါဟာရနှင့်စပ်၍-
ကဗ္ဗာလက်ာရ ဂန္ထေသု၊ တရထည်တိ က္လမဿ ဟိ။
ဥပမတ္ထဓောတကေန၊ ယေနကေနစိ ယောဇိယ[၂]။
ဟူသော ဂါထာ-
''ထူထပ်, သကလတ်, ရိက္ခာ, ပြင်ထပ်''ဟူသော ဝေါဟာရတို့နှင့် စပ်၍-
ဗဟလံက္လတိ ထူထပ်သည်၊ ကမ္ဗလံ သကလတ် က္လတိ။
ရိက္ခာတိ သမ္ဗလံ ဝုတ္တံ၊ ပြင်ထပ် ဝုစ္စတိ ဖဂ္ဂလံ။[၃]
ဟူသောဂါထာ-

---

၁။ ပေါရာဏကထာဋီကာ။ ၉၃- နှာ။
၂။ ပေါရာဏကထာဋီကာ။ ၉၉- နှာ။
၃။ ပေါရာဏကထာဋီကာ။ ၁၁၄- နှာ။

ကြိုးပမ်း လုံးပန်း ဝေါဟာရနှင့်စပ်၍–
ဟောတိကြိုးပမ်းပိ အာရမ္ဘေ၊ ဝိသေသံ ဖြူဟိ ပဏ္ဍိတ။
လုံးပန်းကြိုးပမ်းတိ တေသံ၊ ကထံ ဇာနေမု တံ မယံ။
ဗဟိဒ္ဓဇောလဟု လုံးပန်း၊ န ယောဂေါ် တေန ဝုစ္စတိ။
မွေးတလုံးပန်း မတိုက်တွန်းနှင့်၊ ရဟန်းကျင့်ဝတ်တိ ပါလကေ။
အဇ္ဈတ္တဇော ဂရုလုံးပမ်း၊ မယောဂေါ် တေန ဝုစ္စတိ။
ကြိုးပမ်းကြိုးပမ်း မဖိတ်ထမ်းသည်၊ လူစွမ်းသဖွယ်တိ ပါလကေ။
ကြိုးပမ်းလက်ပွေ့ လက်ပမ်းယေဝ၊ မသံယောဂေ ပဒိဿတော။
ယောဂပ္ပမေသု ကိ တေန၊ ပန်းသဒ္ဒတ္ထ ဂဝေသနေ။[၁]

ဟူသော ဂါထာစသည်တို့ကား မြန်မာစာပေ သုတေသီတို့ မှတ်သားဖွယ် ကောင်းလှပါသတည်း။

ကျမ်း၏အဆုံး၌ "ဣတိ ဉာဏဝိဟာသဇနနီနာမိကာ ပေါရာဏကထာ ဒီပကဋီကာ သမတ္တာ" ဟူ၍ ပါရှိလေသည်။ ယင်းပေါရာဏကထာဋီကာကျမ်းကြီးကို တွင်းသင်းပေါရာဏကထာ, တွင်းသင်းတိုက်ဝန် မဟာစည်သူရေးသည့် ပေါရာဏကထာစာတမ်း၏အရ နောက်ဆရာတို့လင်္ကာ စီကုံးထားသော ပေါရာဏကထာလင်္ကာသစ်, အရှင်မဟာသီလဝံသဆိုသော ပေါရာဏကထာလင်္ကာဟောင်း, မောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏ ပေါရာဏကထာပါဌ်, ပေါရာဏကထာနိဿယ, ဦးမဏိပေါရာဏကထာတို့ဖြင့် တပေါင်းတည်းပြု၍ သက္ကရာဇ် ၁၂၆၆–ခုနှင်တွင် ရန်ကုန်မြို့ သုဓမ္မဝတီစာပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၂၄၅–ရှိလေသည်။

ယင်းကျမ်း၏ အစ၌ –

တိုင်းတမွဒိပ် မဏ္ဍလိပ်ထက် ပထဝိဿရ ဂဇာဓိပ အဿာဓိပ သမ္ဗုဒ္ဓဆရမှုကြဲစည် ပါရမီတော်ရှင် သေလက္ခရ ပေါတ္တကာရုဠ ကုန်းဘောင်ဝံသ ရာဇာဓိရာဇ ပဥ္စမသံဂါယနာတင် မင်းတရားကြီးရွှေလက်ထက် အဂ္ဂမဟာပညာနေ နန်းမသာဘိသေက ပဝရတန်ဆောင် မိဖုရားခေါင်ကြီး၏ဆရာ ပညာဝေပုလ္လ လင်္ကာပေသလ သီလဝန္တ လောကဓမ္မ သုတပါမောက် ကမ်းတဘက်မြောက် မုံသောက်စွယ်စုံ လောက်လုံကုံင ကိတ္တိသဒ္ဒ ထုတိပသံသ အစ္ဆရိယအဟော ကျော်စော

---

၁။ ပေါရာဏကထာဋီကာ။ ၁၅၉– နှာ။

ဝှန်တက် သတင်းပွက်၍ သုံးဆက်နရိန် အသမ္ဘိန္န သိခ်နန်းရိုး လွှမ်းမိုးတေဇ နဝမ ဒသမ ဒုတိယနန်းစံ စနေနံမင်းတရားလက်ထက်တော်တိုင် ပြန့်လှိုင်သမ္ဘာ ကြေညာဝှန့်ထိပ် တံဆိပ်သုံးဆူ ကိုးကွယ်တော်မူအပ်သော “ပညာသီဟ သာသနာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု” သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် နောင်လာ နောက်သား တက်ပွားအသရေ ကဝေတဆူ ဖြစ်လိုသူတို့ နယူပဒေသ နယဂ္ဂါဟ ရစိမ့်သောငှါ မောင်းထောင်ဆရာတော် ရေးသားအပ်သော သူဟောင်းတို့ဝေါဟာ ပေါရာဏကထာကို ပို့ကဗျာ အလင်္ကာရကန် အဲအန်လူးတား ရတုချောင်း စသည် များနှင့် ကိုးကားတိုက်ဆိုင်ပြီးခါ ဝေါဟာရတ္ထသာဓက ထုတ်ဆောင်လျှက် အရောင် ထွန်းပ မဟာအနုဋ္ဌ မနောမယ ပတ္တမြားရတနာကို နာရကနှစ် ဇမ္ဗူရစ်ဖြင့် သစ်သစ် လျောက်ပတ် မျက်ကြိုးသတ်သကဲ့သို့ နီတတ္ထဖွင့်ကာ ဝိတ္ထာရတာရပ် ရေးသားစီရင် တော်မူအပ်သော သမ္ပဟဂန္ထ ပေါရာဏကထာ ဋီကာကျမ်းကြီးနှင့်တကွ ရဟန်း ပညာရှိ အရှင်မဟာသီလဝံသ, ဆရာတော်ဦးမဏိ, အမတ်ပညာရှိ တွင်းသင်း တိုက်ဝန်တို့ ရေးသားစီရင်အပ်သော ပေါရာဏကထာ လင်္ကာစကားပြေများကို အသီးသီးသော ပို့ကဗျာလင်္ကာ ရာဇဝင်ကျမ်းဂန် ဂန္ထန္တရဗဟုသုတ ရကြစေရန် အောင်လံထူစိုက် သုဓမ္မဝတီ စာပုံနှိပ်တိုက်ကြီးတွင် မူအထပ်ထပ်နှင့် တည်းဖြတ် သုတ်သင် စက္ကူမင်ကျ အက္ခရာပဒ သဝေပုဒ်မ မည့်မဖျင်း မချွတ်မယွင်းစေရ ကြပ်မပြုပြင် စက်တင်ပုံရိုက် ပြီးစီးပြီဖြစ်ပါကြောင်း–ဟူ၍ နိဒါန်းရေးသား ဖော်ပြခဲ့လေသည်။

ကျမ်းစာအတွင်း မျက်နှာဖုံး၌လည်း– “ရတနာသိခ် ကုန်းဘောင်ဝံသ ကွာပိန္ဒသနင်း မင်းအဆက်ဆက် ရွှေလက်ထက်တော်များတွင် ပတ္တမြားတန်ဆောင် ရွှေတောင်ထွက်သည့်ပမာ ပညာအောင်လံ အလျှံတေဇ ပါကဋ္ဌတရဖြစ်တော်မူကြ ပေသော ရဟန်းပညာရှိ မောင်းထောင်ဆရာတော်, ဦးမဏိဆရာတော်, လူပညာရှိ တွင်းသင်းတိုက်ဝန် မဟာစေမိကာရာမတိုက်သစ် ဆရာတော်အရှင်တို့ စီရင်ရေး သားအပ်သော ပေါရာဏကထာလင်္ကာ စကားပြေကျမ်းနှင့် ပေါရာဏကထာဋီကာ “ရန်ကုန်မြို့ သုဓမ္မဝတီစာပုံနှိပ်တိုက်။ ၁၂၆၆– ခုနှစ်”ဟု ပါရှိလေသည်။

သုပေါရာဏကထာယပိ၊ ဝဏ္ဏနမ္ပိ သုဝဏ္ဏာဝါ။
သစ်ဆိမ့်မဟာစရိယောဟိ၊ ရစယိတ္ထ သုဇာတိမာ။

## ကင်္ခါဝိတရဏီအဋ္ဌကထာပါဠိ

ဆရာတော်ဘုရားကြီး အရှင်ပညာသီဟသည် ကင်္ခါယောဇနာ မဟာဋီကာ ပါဠိကျမ်းကြီးကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

သာသနာသက္ကရာဇ် ၉၅၀-ကျော်ခန့်တွင် ပေါ်ထွန်းသည့် အဋ္ဌကထာ ကျမ်းပြုအကျော် ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသသည် အရှင်သောဏထေရ်၏ လျှောက်ထားတောင်းပန်သဖြင့် ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက် (ဒွေမာတိကာ)၏အဖွင့်ဖြစ်သည့် ကင်္ခါဝိတရဏီအဋ္ဌကထာကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ အရှင်မဟာဗုဒ္ဓဃောသသည် ကျမ်းဦး၌-

၁။ ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရ ဘာဇနံ။

၂။ ထေရဝံသပ္ပဒီပါနံ၊ ထိရာနံ ဝိနယက္ကမေ။
ပုဗ္ဗာစရိယသီဟာနံ၊ နမော ကတွာ ကတဉ္ဇလီ။

၃။ ပါမောက္ခံ အနဝဇ္ဇာနံ၊ ဓမ္မာယံ ယံ မဟေသိနာ။
မုခံ မောက္ခပ္ပဝေသာယ၊ ပါတိမောက္ခံ ပကာသိတံ။

၄။ သူရတေန နိဝါတေန၊ သုစိသလ္လေခ ဝုတ္တိနာ။
ဝိနယာစာရယုတ္တေန၊ သောဏတ္ထေရေန ယာစိတော။

၅။ တတ္ထ သဉ္ဇာတကင်္ခါနံ၊ ဘိက္ခူနံ တဿ ဝဏ္ဏနံ။
ကင်္ခါဝိတရဏတ္ထာယ၊ ပရိပုဏ္ဏ ဝိနိစ္ဆယံ။

၆။ မဟာဝိဟာရဝါသီနံ၊ ဝါစနာမဂ္ဂ နိဿိတံ။

ဝတ္တယိဿာမိ နာမေန၊ ကင်္ခါဝိတရဏီ သုဘန္တိ။ ဟူသော ၆- ဂါထာပါဠိဖြင့် ရတနတ္တယပဏာမ, ပုဗ္ဗာစရိယပဏာမ, အဘိယာစကပကရဏပယောဇဉ်, ကျမ်း၏မှီရာ, ပဋိညာဉ်တို့ကိုဖော်ပြ၍ ဒွေမာတိကာ၏ အဖွင့်ကျမ်းဖြစ်သည့် ကင်္ခါဝိတရဏီအဋ္ဌကထာကို စီရင်တော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း-

၁။ ဝဏ္ဏနံ ပါတိမောက္ခဿ၊ သောဏတ္ထေရေန ယာစိတော။
ဝိနယေ ဇာတကင်္ခါနံ၊ ကင်္ခါဝိတရဏတ္ထိကော။

၂။ အာရဘိံ ယမဟံ သဗ္ဗံ၊ သီဟဠဋ္ဌကထာ နယံ။
မဟာဝိဟာရဝါသီနံ၊ ဝါစနာမဂ္ဂနိဿိတံ။

၃။ နိဿာယ သာ အယံ နိဋ္ဌံ၊ ဂတာ အာဒါယ သဗ္ဗသော။
သဗ္ဗံ အဋ္ဌကထာ သာရံ၊ ပါဠိယတ္ထဥ္စ ကေဝလံ။
၄။ န ဟေတ္ထ တံ ပဒံ အတ္ထိ၊ ယံ ဝိရုဇ္ဈေယျ ပါဠိယာ။
မဟာဝိဟာရဝါသီနံ၊ ပေါရာဏဋ္ဌကထာဟိ ဝါ။
၅။ ယသ္မာ တသ္မာ အကတွာဝ၊ ဧတ္ထ ကင်္ခံ ဟိတေသိနာ။
သိက္ခိတဗ္ဗာဝ သက္ကစ္စံ၊ ကင်္ခါဝိတရဏီ အယံ။
၆။ ယထာ စ နိဋ္ဌံ သမ္ပတ္တာ၊ ကင်္ခါဝိတရဏီ အယံ။
ဒွါဝီသတိ ဘာဏဝါရ- ပရိမာဏာယ ပါဠိယာ။
၇။ ဧဝံ အနန္တရာယေန၊ နိဋ္ဌံ ကလျာဏနိဿိတာ။

အစိရံ သဗ္ဗသတ္တာနံ၊ ယန္တု သဗ္ဗေ မနောရထာ။ ဟူသော ၇- ဂါထာပါဌ်နှင့် "ပရမဝိသုဒ္ဓသဒ္ဓါ ဗုဒ္ဓိဝီရိယပ္ပဋိမဏ္ဍိတေန" အစရှိသော မျဉ်းကြောင်းဆယ်ကြောင်းခန့်ရှည်သော ပါဠိစုဏ္ဏိယ စကားရပ်ဖြင့်လည်းကောင်း-

၁။ တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ သီလဝိသုဒ္ဓိယာ။
၂။ ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနောတိ။

ဟူသော ၂- ဂါထာပါဌ်ဖြင့်လည်းကောင်း ဂါထာ, စုဏ္ဏိယ, ဂါထာတလှည့်စီ ဉာဏ်ရည်ကွန့်မြူး ရေးသားတော်မူကာ အဘိယာစက, ကျမ်းဇော်မှီရာ, ဥယောဇဉ်, တောင့်တချက် ကျမ်းပြုသူ၏ ဂုဏ်ရည်ဂုဏ်ပုဒ် ဆုတောင်းစသည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကင်္ခါဝိတရဏီ အဋ္ဌကထာကျမ်းကြီးမှာ တကမ္ဘာလုံးထင်ရှားသည့်ကျမ်းကြီး ဖြစ်လေသည်။ အထူးအားဖြင့် ထေရဝါဒရဟန်းတော်တို့ လက်သုံးပြုသည့် ဝိနည်းဥပဒေအဖွင့်ကျမ်းကြီး ဖြစ်လေသည်။ ယင်းကျမ်းကြီးသည် ဆဋ္ဌသံဂါယနာတော်မူ ၂၇၅-မျက်နှာရှိလေသည်။[၁]

---

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်၊ ၄-၃၂- လည်းကြည့်။

## ကင်္ခါဝိတရဏီပုရာဏဋီကာ

ကင်္ခါဝိတရဏီ အဋ္ဌကထာကျမ်းကြီးပေါ်ပြီးနောက် နှစ်ပေါင်း ၇၀၀–ကျော် ခန့်အကြာ သာသနာသက္ကရာဇ် ၁၆၅၀–ခန့် ပတ်ဝန်းကျင်လောက်တွင် ကင်္ခါ ဝိတရဏီ ပုရာဏဋီကာ (ကင်္ခါဝိတရဏီဋီကာဟောင်း) ပေါ်လာခဲ့လေသည်။ ယင်း ကင်္ခါ ဝိတရဏီ ပုရာဏဋီကာ (ကင်္ခါဝိတရဏီဋီကာဟောင်း)ကို ဝဇိရဗုဒ္ဓိဋီကာ ကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိ ၏တပည့် ရဟန်းတော်တပါးဖြစ်ကြောင်း မှန်းဆသိရှိနိုင် လေသည်။[၁]

ကျမ်းပြုဆရာတော်သည် ကျမ်းဦး၌ –
ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ၊ အာဒိနာ ယာ ပကာသိတာ။
ဘဒန္တ ဗုဒ္ဓဃောသေန၊ မာတိကာဋ္ဌကထာ သုဘာ။
တဿာ ဟိ လီနပဒံ ဝိ– ကာသနကောယမာရမ္ဘော။

ဟူသော ၁– ဂါထာခွဲဖြင့် ဂန္ထာရမ္ဘပြု၍ ဖွင့်ဆိုစီရင်တော်မူခဲ့လေသည်။ ကျမ်း၏ အဆုံး၌ "ကင်္ခါဝိတရဏီပုရာဏဋီကာ နိဋ္ဌိတာ" ဟူသောစကားမှတပါး တခြားနိဂုံး စကား မပါမရှိပါချေ။ ယင်းကင်္ခါဝိတရဏီပုရာဏဋီကာ (ကင်္ခါဝိတရဏီဋီကာ ဟောင်း) သည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၁၁၇–ရှိလေသည်။

## ကင်္ခါဝိတရဏီအဘိနဝဋီကာ (ကင်္ခါဝိတရဏီဋီကာသစ်)

ကင်္ခါဝိတရဏီပုရာဏဋီကာ (ကင်္ခါဝိတရဏီဋီကာဟောင်း) ပေါ်ထွန်းပြီး နောက် နှစ်ပေါင်း ၁၀၀–အတွင်းလောက်တွင် ကင်္ခါဝိတရဏီအဋ္ဌကထာ၏ အဖွင့်ကျမ်းသစ် ကင်္ခါဝိတရဏီ အဘိနဝဋီကာ(ကင်္ခါဝိတရဏီသစ်)ကျမ်းကြီး ပေါ်ထွန်းခဲ့လေသည်။ ကျမ်းပြုသူမှာ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာစသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သံဃရာဇာ အရှင်သာရိပုတ္တရာ၏ တပည့်တစ်ပါးဖြစ်တော်မူသော အရှင်ဗုဒ္ဓနာဂထေရ် ဖြစ်လေသည်။

---

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်၊ ၇၂– ကြည့်။

## ပုလတ္ထိမြို့ ပစ္ဆိမာရာမကျောင်းတိုက်ကြီး

သာသနာသက္ကရာဇ် ၁၇၀၇–ခုနှစ် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့၌ နန်းတက်သော သာသနာပြု ပရက္ကမဗာဟုမင်းကြီးသည် ပုလတ္ထိမြို့တော်၏ အနောက်ဘက်၌ ပစ္ဆိမာရာမ(ပစ္ဆိမာရုံ) ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်၍ သာသနာပြု ရဟန်းတော်တို့အား လှူဒါန်းတော်မူခဲ့လေသည်။ ယင်းကျောင်းတိုက်ကြီး၌ ပရိဝေဏပေါင်း ၂၂–တိုက် ပရိဝေဏတိုင်း၌ ပြာသာဒ်တစ်ဆောင်စီ ဆောက်စေရာ ပြာသာဒ်ပေါင်း ၂၂–ဆောင်စီ စသည်ရှိကြောင်း–

တတ္ထေဝ ပစ္ဆိမာရာမံ၊ ကာရာပေသိ နရိဿရော။
တတ္ထ ဗာဝီသမတ္တေသု၊ ပရိဝေဏေသု တတ္တကာ။
ဒွိဘူမိ ဒီဃပါသာဒါ၊ အဂ္ဂိသာလာပိ ဝီသတိ။
စုလ္လပါသာဒကာ ဂေ–စတ္တာလီသ ဒွိဘူမိကာ။
တတ္ထ ဝစ္စကုဋီ ပဉ္စ–တိံသ ဒွေဒွေစ စင်္ကမာ။
ဂေဟိကာ ဓမ္မသာလာစ၊ ဒသစ ဒွါရကောဋ္ဌကာ။
ဝိဟာရံ သပရိက္ခာရံ၊ ပါဒါသိတမ္ဗိ ဘိက္ခုနံ။[၁]

ဟူသော ဂါထာများဖြင့် မဟာဝံသကျမ်းကြီး၌ ဖော်ပြခဲ့လေသည်။ အရှင်ဗုဒ္ဓနာဂသည် ဖော်ပြပါ ပုလတ္ထိမြို့ ပစ္ဆိမာရာမ (ပစ္ဆိမာရုံ) ကျောင်းတိုက်ကြီးအတွင်း စောဠကုလန္တကပြာသာဒ်(စောဠတိုင်းသား စောဠအနွယ် ရဟန်းတော်များ သီတင်းသုံးပြာသာဒ်)၌ သီတင်းသုံး သာသနာတော်ချီးမြှောက်မှုလုပ်ငန်းများ ပြုလုပ်စဉ် ကင်္ခါဝိတရဏီအဘိနဝဋီကာ(ကင်္ခါဝိတရဏီဋီကာသစ်)ကျမ်းကြီးကို ပြုစီရင်တော်မူခဲ့လေသည်။[၂]

ကျမ်းဦး၌–

၁။ တိလောကတိလကံ ဗုဒ္ဓံ၊ ဝန္ဒေ သုဒ္ဓဂုဏာ ကရံ။
ကရုဏာသီတလီဘူတ–ဟာဒယံ မဟိတောဒယံ။

၂။ တေနာပိ ဓမ္မရာဇေန၊ လောကေကာစရိယေန ယော။
ပူဇိတော တဥ္စ သဒ္ဓမ္မံ၊ ဝန္ဒေ ဂမ္ဘီရ မုတ္တမံ။

---

၁။ မဟာဝံသ။ ၇၈၊ ၇၁၊ ၇၂၊ ၇၃။

၂။ မဟာဝိသုတာရာမ နိကာယသာသနာဝင်၊ ၉၈–၉၉– လည်းကြည့်။

၃။ မုနိန္ဒစန္ဒသဒ္ဒမ္ဗ– ရံသီဟိ ဝိမလေဟိ ယော။
ဗောဓိတောဟံ သဒါ ဝန္ဒေ၊ တံ သံဃံ ကုမုဒါကရံ။
၄။ ဝိနယေ နယဂမ္ဘီရေ၊ သဗ္ဗထာ ပါရဒဿိနာ။
ဝါဒိနာ ဒုတ္တရာဂါဓ– သဗ္ဗသတ္ထ မဟဏ္ဏဝေ။
၅။ ယာ ကတာ ဗုဒ္ဓဃောသေန၊ ထေရေန ထိရစေတသာ။
ကင်္ခါဝိတရဏီနာမ၊ မာတိကာဋ္ဌကထာ သုဘာ။
၆။ ထိရာနေကာဂုဏောဃေန၊ ထေရေန ဝိနယညုနာ။
ကလျာဏာစာရယုတ္တေန၊ ဓီမတာ မုနိသူနုနာ။
ဝိနယဋ္ဌိတိကာမေန၊ သုမေဓေနာဘိယာစိတော။
၇။ တမဟံ ဝဏ္ဏယိဿာမိ၊ သုဝိသုဒ္ဓမနာကုလံ။
သာရဝေါ တံ နိသာမေထ၊ သက္ကစ္စံ မမ ဘာသတောတိ။

ဟူသော ၇–ဂါထာခွဲပါဋ္ဌ်ဖြင့် ရတနတ္တနယပဏာမ အဘိယာစက ပဋိညာဉ် ဥယျောဇဉ် စသည်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

၁။ လင်္ကိဿရော ယော ဝိဇိတာရိရာဇော၊
ရာဇာ ပရက္ကန္တဘုဇော ယသဿီ။
တိဓာဂတံ သီဟဠမေကရဇ္ဇံ၊
အကာ နိကာယဋ္ဌ တထာ သမဂ္ဂံ။
၂။ ပုရေ ပုလတ္တိမှိ ဝရေ ပုရာနံ၊
မဇ္ဈိမှိ နာနာရတနာကရာနံ။
အနန္တသမ္ပတ္တိဘရာဘိရာမေ၊
ဝရာစလုတ္တုင်္ဃရာဘိရာမေ။[၁]
၃။ အဘေဇ္ဇပါကာရသုဂေါပုရသ္မိံ၊
နိရာကုလာနေကကုလာ ကုလသ္မိံ။
မုနိန္ဒဒါဌက္ကံရဝါသဘူတော၊
ယော လောစနာနန္ဒဝဟော ဝသန္တော။

---

၁။ ဝရာစလုတ္တုင်္ဃရာဘိရာမေ ဟူ၍လည်းကောင်း၊ ဝရာဇေတ္တုင်္ဃရာဘိရာမေ ဟူ၍လည်းကောင်း ရှိရာ ဝရာစလုတ္တုင်္ဃရာဘိရာမေဟု ရှိသင့်သည်ဟု ထင်ပါသည်။

၄။ သုဖုလ္လိတမ္ဗောရုဟာသာ ဒုသိတ–
ပသန္နနီရေဟိ ဇလာသယေဟိ။
သုပုပ္ဖိတာနေကကဒမ္ဗဇမ္ဗု–
ပုန္နာဂနာဂါဒိဟိ ဝါဘိရမ္မေ။

၅။ သုခေါဝဒါတေဟိ မနောဟရေဟိ၊
ပါကာရပန္တီဟိ စ ဂေါပုရေဟိ။
ဝိကိဏ္ဏမုတ္တာဖလသန္နိဘေဟိ၊
ဝိလောကနိယေဟိ သုဓာတလေဟိ။

၆။ ကတ္ထာန ပါသာဒသဟဿရမ္မေ၊
တဟိံ တဟိံ ပီတိကရေ ဝိဟာရေ။
မဟာဒယော ဇေတဝနာဒယောပိ၊
သုသံယမာနံ ယတီနံ အဒါသိ။

၇။ ယော သာဒုဘူတံ စတုပစ္စယဥ္စ၊
ဂုဏာပ္ပသန္နော သမဏာသု တေသု။
နိစ္စံ မဟောဃံ ဝိယ ဝတ္တယန္တော၊
ယောဇေတိ တေ ဂန္ထဝိပဿနာသု။

၈။ ကာရိတေသု ဝိဟာရေသု၊ တေသု တေသု ယသဿိနာ။
ရမ္မော ယော ပဋ္ဌိမာရာမော၊ ပုပ္ဖရာမာဒိသောဘိတော။

၉။ ပရိဝေဏမှိ နာမေန၊ တဟိံ စောဠကုလန္တိကော။
ပါသာဒေ ဒဿနီယမှိ၊ ဝသန္တော ကရုဏာကရော။

၁၀။ သိသော သသီကရသ္သစ္ဆ–သီလာစာရဿဝိမတော။
သာရိပုတ္တမဟာထေရ– မဟာသာမိဿ တာဒိနော။

၁၁။ ဝိရာနေကဂုဏောဃေန၊ ထေရေန သုစိဝုတ္တိနာ။
ဝိနယဋ္ဌိတိကာမေန၊ သုမေဓေနာဘိယာစိတော။

၁၂။ သော ဗုဒ္ဓနာဂတ္ထေရောဟံ၊ ဘိက္ခူနံ ပရမံ ဟိတံ။
မဟာဝိဟာရဝါသီနံ၊ ယတီနံ သမယာနုဂံ။

၁၃။ ဝိနယတ္ထာဒိ မဉ္ဇူသံ၊ လီနတ္ထဿ ပကာသိနိံ။
မာတိကဋ္ဌကထာယေမံ၊ အကာသိံ သာဓုဝဏ္ဏနံ။

၁၄။ သာယံသုဗောဓာဗုဓဝဏ္ဏနီယာ၊ သံဝဏ္ဏနာ သတ္တသဟာဿမတ္တာ။
နိရာကရောန္တိ ဝိနယမှိ မောဟံ၊ တမံ စရန္တိ သသိခေဝဘာတု။

၁၅။ အာကာခ်မာနေန ပရတ္ထမိဋ္ဌံ၊ မဟတ္ထသာရံ သုဝိနိစ္ဆယဋ္ဌံ။
သံဝဏ္ဏနံ သာဓု ပကုဗ္ဗတာယံ၊ စိတံ မယာ ပုညမနပ္ပဘူတံ။

၁၆။ ပုညေန တေနာစိတဒါနသီလ– မယာဒိနာနေကဝိဓေနစေဝ။
သတ္တာ အနီဃာ သုခိနော အဝေရာ၊ ပပ္ပေါန္တု သဗ္ဗေ သုဂတိံ သိဝဉ္စ။

၁၇။ သဒ္ဓိံ ယထောပဒ္ဒဝမန္တရေန၊ ဂတာ ဟိ လီနတ္ထပဒီပနိယံ။
တထာ ဇနာနံအပိ ဓမ္မယုတ္တာ၊ မနောရထာ သိဒ္ဓိမုပေန္တု နိစ္စံ။

၁၈။ ကာလေ ပဝဿန္တု သဒါ ပယောဒါ၊ ဓမ္မေန ပါလေန္တု မဟိံ မဟိန္ဒာ။
သတ္တာ ပသန္နာ ရတနတ္တယသ္မိံ၊ ဒါနာဒိပုညာဘိရတာ ဘဝန္တုတိ။

ဟူသော ၁၈–ဂါထာပါဌ်ဖြင့် ပရက္ကမဗာဟုမင်းကြီး၏ သုံးခြမ်းကွဲနေသော သီဟိုဠ်ကျွန်းကို ထီးတလက်တည်းပြုပုံ (တဦးတည်းအုပ်ချုပ်ပုံ) အားလုံးသိမ်းပိုက်အောင်မြင်ပုံ၊ မဟာဝိဟာရ၊ အဘယဂိရိ၊ ဇေတဝနဟူသော ဂိုဏ်းကြီး ၃–ဂိုဏ်းကို ညီညွတ်အောင်ပြုပုံ (နိကာယတ္တယသာမဂ္ဂီပြုပုံ) ပုလတ္တိမြို့ကြီး၏ တင့်တယ်ခမ်းနားပုံ, ပရက္ကမဗာဟုမင်းကြီး ယင်းပုလတ္တိမြို့တော်၌ စံနေတော်မူပုံ, ခမ်းနားလှသော ဇေတဝနာရာမစသော ကျောင်းတိုက်ကြီးများ တည်ဆောက်လှူဒါန်းပုံ, ပစ္ဆိမာရာမကျောင်းတိုက်ကြီး၏ ခမ်းနားသာယာပုံ, မိမိကျမ်းပြုသောဆရာ၏ အရှင်သာရိပုတ္တရာသံဃရာဇာ၏ တပည့်ဖြစ်ပုံ, အရှင်သုမေဓာမထေရ်၏ တောင်းပန်ပုံ, ဝိနယတ္ထမဉ္ဇူသာမည်သော ကင်္ခါဝိတရဏီအဘိနဝဋီကာပါဌ် ကျမ်းကြီးရေးသားစီရင်ပုံ, တောင့်တချက်စသည်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ ဖော်ပြပါ ၁၈–ဂါထာပါဌ်၏အဆုံး၌ "ဝိနယတ္ထမဉ္ဇူသာ လီနတ္ထပကာသနီနာမိကာ ကင်္ခါဝိတရဏီအဘိနဝဋီကာ နိဋ္ဌိတာ"ဟူသော စာပိုဒ်ဖြင့် ထပ်မံ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းကင်္ခါဝိတရဏီ အဘိနဝဋီကာ(ကင်္ခါဝိတရဏီဋီကာသစ်)ပါဌ်မှာ ဆဋ္ဌသံဂါယနာစာတော်မူ ၃၇၀–မျက်နှာ ရှိလေသည်။

## ကင်္ခါယောဇနာ မဟာဋီကာပါဌ်ကျမ်းကြီး

သစ်ဆိမ့်ဆရာတော်ဘုရားကြီး အရှင်ပညာသီဟသည် "တေဇောသာရာဘိပဏ္ဍိတပရမ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်တေဇောသာရ တောင်းပန်သဖြင့် အနုသန္ဓေဆို၊ ကျမ်းတက်၊ ဝစနတ္ထပြု၊ အရကောက်၊ စာစပ်၊ ပုဒ်ပါဌ်တို့ကို သုတ်သင်ခြင်း၊ စောဒနာ သောဓနာနည်း၊ သဒ္ဒါနည်း၊ အဘိဓာန်နည်း၊ ဝိနိစ္ဆယချနည်း စသည့်နည်းမျိုးစုံတို့ဖြင့် တန်ဆာဆင်၍ အလွန်ကျယ်ဝန်းလှစွာသော ကင်္ခါဝိတရဏီ ယောဇနာ မဟာဋီကာကျမ်းကြီးကိုလည်း ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် အထူးအားဖြင့် ဝိနည်းပါဠိ အဋ္ဌကထာ ဋီကာများ သဒ္ဒနီတိ အမရကောသ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ရူပသိဒ္ဓိ၊ အဘိဓာနပ္ပဒီပိကာ၊ ကေဒါရကောသ၊ ဆန်းကျမ်း၊ ဝိသုဒ္ဓိမဂ်၊ ဝိသုဒ္ဓိမဂ်ဋီကာ၊ သီမာလင်္ကာရ၊ ဝိနယဝိနိစ္ဆယ၊ သဒ္ဒသာရတ္ထဇာလိနီ–အစရှိသော ကျမ်းပေါင်းများစွာတို့ကို မှီငြမ်းပြုချဉ်းနင်း၍ ကင်္ခါယောဇနာမဟာဋီကာကျမ်းကြီး မဟုဿာဟဖွဲ့လုံ့လဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌ –

၁။ ကင်္ခါသဿ ဝိဃာတေတွာ၊ ကင်္ခါဃာတယိ ဇန္တုနံ။
ကင်္ခါကင်္ခါ ပဟံ ဗုဒ္ဓံ၊ ကင်္ခါ ကင်္ခါ ကရံ နမေ။

၂။ ဝိတရိံသု ဇနာ ယေန၊ ဝိတရန္တိ စ လောကတော။
ဝိတရိဿန္တိ ဓမ္မံ တံ၊ ဝိတရံ ဝိတရံ နမေ။

၃။ ရဏီနံ သရဏံ ပတ္တော၊ ရဏီဟုတွာ ရဏီဟိ ယော။
ရဏီရဏီကရံ သံဃံ၊ ရဏီ ရဏီဝရံ နမေ။

၄။ ဝံ ကတပဏာမဿ၊ ဉာဏံ ယုတ္တေန စေတသာ။
အာနုဘာဝေန သောသေတွာ၊ အန္တရာယေ အသေသတော။

၅။ သောဘမာနေန သီလေန၊ ဓိနာ ဓိယာ စ သာသနေ။
သဒ္ဓမ္မဇောတိကာမေန၊ တေဇောသာရေန ယာစိတော။

၆။ ပေသလာနံ မောက္ခတ္ထာယ၊ သုမောက္ခံ ဝဋ္ဋဒုက္ခတော။
ပါတိမောက္ခံ ပမောက္ခံ ယံ၊ အဒေသယိ မဟာဒယော။

၇။ အတ္ထပ္ပကာသနတ္ထာယ၊ တဿ သံဝဏ္ဏနာ ကတာ။
ဘဒ္ဒန္တဗုဒ္ဓဃောသေန၊ ကင်္ခါဝိတရဏီ ဝှယာ။

၈။ မဟာဂမ္ဘီရဉာဏေန၊ ဩဂါဟိတာယ သဗ္ဗသော။
ဂေါစရာယ ကေဋ္ဌေန၊ ဓီရာနံ တိက္ခဉာဏိနံ။

၉။ ကိစ္ဆာပိ အနေကာ တသ္သာ၊ ပေါရာဏာ သန္တိ ဝဏ္ဏနာ။
တောသမတိသခေ်ပ– သခေ်ပ ဘာဝတော ပန။

၁၀။ သဗ္ဗော အတ္တော ဓနေတာဟိ၊ မန္ဒဗုဒ္ဓိဟိ ဇာနိတုံ။
တသ္မာ ပါဠိဥ္စ ဋ္ဌကထံ၊ ဋီကံ ကတွာန ဒေဟကံ။

၁၁။ သဟာလဒ္ဓေါပဒေသေန၊ ဂန္ထန္တရေဟိ မဏ္ဍိတံ။
အနုသန္ဓိ ပဒတ္တေဟိ၊ သောဘောတွာ နိဿယာဒီဟိ။

၁၂။ အက္ခရသ ဧ ပါဌသဧ၊ ဓောဒနာယ ဧ သောဓနံ။
အဟာပယံ ကရိဿာမိ၊ သံဝဏ္ဏနာ သုဒုလ္လဘံ။

၁၃။ ဒုလ္လဘံဟိ မနုဿတ္တံ၊ ဗုဒ္ဓုပ္ပါဒေါ ဧ ဒုလ္လဘော။
ဒုလ္လဘာ ခဏသမ္ပတ္တိ၊ သဒ္ဓမ္မော အတိဒုလ္လဘော။

၁၄။ ဒုလ္လဘေ ဒုလ္လဘံ လဒ္ဓါ၊ အတိဒုလ္လဘသမ္ပတံ။
သံဝဏ္ဏနမိမံ တုမှေ၊ နိဿာမယထ သာဓဝေါတိ။

ဟူသော ၁၄–ဂါထာပါဌ်ဖြင့် ရတနတ္တယပဏာမ အဘိယာစက သီလကို ချစ်မြတ်နိုးသူတို့ ဝဋ္ဋဒုက္ခမှ ထွက်မြောက်ရန် ဘုရားမြတ်စွာ ပါတိမောက် ဟောတော်မူကြောင်း အရှင်မဟာဗုဒ္ဓဃောသထေရ် ယင်းပါတိမောက်၏အဖွင့် ကင်္ခါဝိတရဏီ အဋ္ဌကထာကျမ်းကြီး ရေးသားတော်မူကြောင်း ယင်းအဋ္ဌကထာ၏အဖွင့် သံဝဏ္ဏနာ ဋီကာကျမ်းများ ကျဉ်းနေ၍ မန္ဒဗုဒ္ဓိတို့ မသိနိုင်ကြောင်း ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ကိုယ်ထည်ပြု၍ ဆရာ့ဆရာ အဆက်ဆက်မှ ရအပ်သောနည်းများ ကျမ်းဂန်အဆို အထူးထူးအပြားပြား များစွာ အနုသန္ဓေ၊ အဆုံးအဖြတ်၊ အက္ခရာ၊ ပုဒ်တို့ကိုသုတ်သင်ခြင်း၊ စောဒနာနည်း သောဓနာနည်းတို့ဖြင့် တန်ဆာဆင်၍ ဖွင့်ပြမည်ဖြစ်ကြောင်း လူအဖြစ်ရခဲကြောင်း၊ ဘုရားရှင်တို့၏ ပွင့်တော်မူရာအခါ ရခဲကြောင်း၊ ခဏသမ္ပတ္တိ ရခဲကြောင်း၊ သူတော်ကောင်းတရား ရခဲကြောင်း၊ ရခဲသောကင်္ခါယောဇနာ မဟာဋီကာကျမ်းသင်ယူရန် ကြည့်ရှုရန် တိုက်တွန်းချက် စသည်တို့ကိုဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။

## အတွဲကြီးလေးတွဲ

ယင်းကင်္ခါယောဇနာမဟာဋီကာကျမ်းကြီးပဌမတွဲကို ပေမှကူးယူ၍ ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်က ၁၂၆၈–ခုနှစ်ကစ၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ ပဌမတွဲ ဒုတိယတွဲ တတိယတွဲ စတုတ္ထတွဲအားဖြင့် အတွဲကြီး ၄–တွဲရှိလေသည်။

## ကင်္ခါယောဇနာမဟာဋီကာကျမ်းကြီးပဌမတွဲ

ကင်္ခါယောဇနာ မဟာဋီကာပါဠိကျမ်းကြီးမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၃၉၀– ရှိလေသည်။ ပဌမပါရာဇိက အဖွင့်အဆုံးအထိ ပါရှိလေသည်။ ယင်းပဌမတွဲကျမ်းကြီး၌ မှတ်သားဖွယ်စုံလှသည်။ ရတနာသုံးပါး သရုပ်အဓိပ္ပါယ်ကို–

ဗုဒ္ဓေါ သဗ္ဗညုတညာဏံ၊ ဓမ္မော လောကုတ္တရော နဝ။

သံဃော မဂ္ဂဖလေ ဋ္ဌိတော၊ က္လစ္စေတံ ရတနတ္တယံ။[၁]

ဟူသောဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ပါဠာနုသာရီသမ္ဗန်၊ ဥပမာသမ္ဗန်၊ ဟေတုသမ္ဗန်၊ ဥပမာဟေတုသမ္ဗန် ဟူသော အနက်သမ္ဗန်နည်း(အနက်ယောဇနာနည်း)လေးပါးကို ဆန်းကြယ်စွာဖော်ပြ ယောဇနာ၍ သဒ္ဒသာရတ္ထဇာလိနီလာ[၂]–

ပါဠာနုသာရီ သမ္ဗန္ဓော၊ သမ္ဗန္ဓော ဥပမာယ စ။

ဟေတုနာပိ စ သမ္ဗန္ဓော၊ ဥပမာဟေတုနာပိ စ။

သမ္ဗန္ဓဘေဒါ ဝိညေယျာ၊ စတဿောပိ ဝိဘာဝိနာ။[၃]

ဟူသော ဂါထာကိုလည်း ဝုတ္တဥ္စ ဟုဆို၍ ဖော်ပြတော်မူခဲ့လေသည်။ ၄င်းပြင်

''သီဟပုဒ်ပြီးကို စန္ဒသတ္တေပန (သျှာမာဟော) သျှမုသဒေါ၊ သျှမတိသျှ မုယဿ၊ က္လသီဟော–ကေသရီ''။[၄]

စသည်ဖြင့် ဆန်းကျမ်းအဆိုကို ထုတ်ပြတော်မူခဲ့လေသည်။ ထို့ပြင် သီဟသဒ္ဒါ အမြွက်ဟောပုလ္လိင် ဖြစ်ကြောင်းကိုလည်း ဝုတ္တဥ္စအမရကောသေ–

ဥတ္တရသ္မိံ ပဒေ ဗျဂ္ဃ–ပုင်္ဂဝေါ သဘကုဥ္စရာ။

သီဟသဒ္ဒူလနာဂါဒျာ၊ ပုမေ သေဋ္ဌတ္ထ ဝါစကာ။[၅]

---

၁။ ကင်္ခါယော၊ မဟာဋီ၊ ၁။ ၄။ ၂။ သဒ္ဒသာရတ္ထဇာလိနီ။ ၂၅၅– ဂါထာ။

၃။ ကင်္ခါယော၊ မဟာဋီ၊ ၁။ ၅။ ၄။ ကင်္ခါယော၊ မဟာဋီ၊ ၁။ ၁၈။

၅။ ကင်္ခါယော၊ မဟာဋီ၊ ၁။ ၁၉။

ဟူသော အမရကောသဂါထာဖြင့် ထုတ်ဆောင်ပြတော်မူခဲ့လေသည်။ ယင်းသို့ဖြင့် ဆရာတော်သည် သက္ကတကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာလေသည်။

ဤသို့စသည်ဖြင့် ကင်္ခါဝိတရဏီပဋ္ဌမတွဲကျမ်းကြီးသည် စာပေသုတေသီ စာပေပညာရှင်တို့ နည်းယူ၍မကုန် ပါဠိစာပေသုတေသနပြု၍မခန်း အနုပ္ပကန်း အဖိုးတန်သည့်ကျမ်းကောင်းကြီး ဖြစ်လေသည်။ ကျမ်းစာအုပ်ကြီး အတွင်းမျက်နှာဖုံး၌ "ဝိနယအတ္ထသံဝဏ္ဏနာ" ရတနာပုံနေပြည်တော် မြောက်မျက်နှာ မဟာခေမိကာ ရာမတိုက် သစ်ဆိမ့်ဆရာတော်ဘုရားကြီး ပုဒ်ပျက်ပါဠိများ တိမ်းပါးခြင်းမရှိစေရ ပဒဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယတို့ဖြင့် ပိုင်းခြား၍ ရေးသားစီရင်တော်မူအပ်သော ကင်္ခါ ယောဇနာ မဟာဋီကာ "ဆရာကြီးဦးကျင်, ဆရာဘီ, ဆရာကိုကျော်တို့ ကြပ်မကြည့်ရှု ပြင်ဆင်ကြသည်။ ၁၂၆၈–ခု။ ရန်ကုန်မြို့။ သုဓမ္မဝတီပုံနှိပ်တိုက်"ဟု ပါရှိလေသည်။

ကင်္ခါယောဇနာသုမဟာ– ဋီကာပဟိ ပဋ္ဌမာသုဘာ။
သမ္ပုဏ္ဏာ နာနာနယေဟိ၊ ဝိဗုဓေဟိတိမာနိတာ။

## ကင်္ခါယောဇနာမဟာဋီကာကျမ်းကြီး ဒုတိယတွဲ

ကင်္ခါယောဇနာမဟာဋီကာကျမ်းကြီး ဒုတိယတွဲမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၃၃၄–ရှိ ကျမ်းကြီးဖြစ်လေသည်။ ဒုတိယပါရာဇိကမှ သံဃာဒိသိသ်အဖွင့် အဆုံးအထိ ပါရှိလေသည်။ ယင်းဒုတိယတွဲ စတင်လျှင် စတင်ချင်း "ဧဝံ ပဌမပါရာဇိကဿ အတ္ထသံဝဏ္ဏနံ ကတွာ ဣဒါနိ ဒုတိယပါရာဇိကဿ အတ္ထသံဝဏ္ဏနံ ကရောန္တော ဒုတိယေအာဒိမာဟ"စသည်ဖြင့် ကျမ်းတက်ဖော်ပြပါရှိလေသည်။ ယင်း ဒုတိယတွဲအဆုံး၌ "ဣတိ ဝိနယတ္ထသံဝဏ္ဏနာနာမိကာယ ကင်္ခါဝိတရဏီတ္ထ ဝဏ္ဏနာယ သံဃာဒိသေသဝဏ္ဏနာ နိဋ္ဌိတာ"ဟု ပါရှိလေသည်။

ယင်းကင်္ခါယောဇနာမဟာဋီကာဒုတိယတွဲ၌ ဗာလ, တရုဏ, ဝုဍ္ဍ ဟူသော အရွယ် ၃–ပါးကို တေနာဟ–

အာသောဠသ ဘဝေ ဗာလော၊ တရုဏောတု တတော ဘဝေ။
ဝုဍ္ဎေါတု သတ္တတျဟုမှာ၊ တီဏိဝယာ နိလက္ခယေ။[၁]

ဟူ၍ အဘိဓာန်ဋီကာဂါထာကို ဆောင်ပြတော်မူခဲ့လေသည်။ ၄င်းပြင် နီလ ကဟာပဏ အဆုံးအဖြတ်ကိုလည်း–

---

၁။ ကင်္ခါယောဇနာ၊ မဟာဋီ။ ၂။ ၇။

၁။ ဟေမရဇတတမ္ဘေဟိ၊ သတ္တေ နိဒ္ဒိဋ္ဌလက္ခဏံ။
အဟာပေတွာ ကတောဝီသ- မာသော နီလကဟာပဏော။
၂။ ဟေမပါဒံ သဖ္ဖုပါဒံ၊ ကမ္ဘပါဒဒွယံ ဟိ သော။
မိဿေတွာ ရူပမပ္ပေတွာ၊ ကာတုံ သတ္တေသု ဒဿိတော။
၃။ လောတိ ဝုစ္စတေ ဒေါသော၊ နိဒေါသတ္တာ တသီရိတော။
တဿ ပါဒေါ သုဝဏ္ဏဿ၊ ဝီသ ဝီဟဂ္ဃနော မတော။
၄။ ယသ္မိံ ပန မဒေသေသော၊ န ဝတ္တတိ ကဟာပဏော။
ဝိသေသော ဝဏ္ဏဝီဟဂ္ဃံ၊ တပ္ပါဒဂ္ဃန္တိ ဝေဒိယံ။
၅။ ဝီသသောဝဏ္ဏ ဝီဟဂ္ဃံ၊ ထေနန္တိ ဘိက္ခဝေါ တတော။
စဝန္တိ သာမညဂုဏာ၊ ဣစ္စာဟု ဝိနယညုနောတိ။

ဥတ္တရဝိနိစ္ဆယဋီကာ[၁]-ဟူ၍ ဥတ္တရဝိနိစ္ဆယဋီ ဂါထာ ၅-ဂါထာကို ထုတ်ပြတော်မူခဲ့လေသည်။

ဤသို့စသည်ဖြင့် သုံးစွဲမကုန်သည့်ဣစ္ဆာသယ ရွှေအိုးကြီးပမာ စုံလင်သည့် ဋီကာကြီး ဖြစ်လေသည်။ ယင်းကင်္ခါယောဇနာ မဟာဋီကာ ဒုတိယတွဲကျမ်း၏ အတွင်း မျက်နှာဖုံး၌လည်း "ဝိနယအတ္ထသံဝဏ္ဏနာ။ ရတနာပုံနေပြည်တော် မြောက်မျက်နှာ မဟာခေမိကာရာမသစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ပုဒ်ပျက်ပါဠ်များ တိမ်းပါးခြင်း မရှိစေရ, ပဒဝိနိစ္ဆယ အတ္ထဝိနိစ္ဆယတို့ဖြင့် ပိုင်းခြား၍ ရေးသားစီရင်တော်မူအပ်သော ကင်္ခါယောဇနာ မဟာဋီကာ, ဆရာဘိ, ဆရာကိုကျော်တို့ ကြပ်မကြည့်ရှု ပြင်ဆင်သည်။ ရန်ကုန်မြို့။ သုဓမ္မဝတီစာပုံနှိပ်တိုက်"ဟု ပါရှိလေသည်။

ကင်္ခါယောဇနာ သုမဟာဋီကာပိ ဒုတိယာ သုဘာ။
နိစ္ဆယေဟိ သုသမ္ပုဏ္ဏာ၊ ဝိညူဟိ အဘိမာနိတာ။

## ကင်္ခါယောဇနာမဟာဋီကာကျမ်း တတိယတွဲ

ကင်္ခါယောဇနာ မဟာဋီကာကျမ်း တတိယတွဲမှာလည်း ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၀၃-ရှိလေသည်။ ပါဠိဘာသာကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ရေးသားထားသည်ကို တွေ့မြင်ရလေသည်။ ဤတတိယတွဲ၌ အနိယတမှ သုဒ္ဓပါစိတ်ဘူတဂါမဝဂ်အဆုံးအထိ ပါရှိလေသည်။ ယင်းတတိယတွဲအစ၌ "ဝေံ တေရသဟိ

---

၁။ ကင်္ခါယော၊ မဟာဋီ၊ ၂။ ၆၁-၂။

သိက္ခာပဒေဟိ ပဋိမဏ္ဍိတဿ သံဃာဒိသေသဿ သံဝဏ္ဏနံ ကတွာ က္လာဒိနိ အနိယတဿ သံဝဏ္ဏနံ ကရောန္တော အနိယတုဒ္ဒေသေတိအာဒိမာဟ''ဟု ကျမ်းတက်စကားကို တွေ့ရှိရလေသည်။ အဆုံး၌ ''ဘူတဂါမဝဂ္ဂဝဏ္ဏနာ နိဋ္ဌိတာ'' ဟု ပါရှိလေသည်။ ဤတတိယတွဲကျမ်းကြီးသည်လည်း အဆုံးအဖြတ်မျိုးစုံ စုံလင်လှသည်။ စာပေဘဏ်တိုက်ကြီးသဖွယ် ဖြစ်လေသည်။ အတွင်းမျက်နှာဖုံး၌ ''ဝိနယအတ္ထသံဝဏ္ဏနာ။ ရတနာပုံနေပြည်တော် မြောက်မျက်နှာ မဟာခေမိကာရာမတိုက် သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ပုဒ်ပျက် ပါဠ်မှား တိမ်းပါးခြင်းမရှိစေရ ပဒဝိနိစ္ဆယ အတ္ထဝိနိစ္ဆယတို့ဖြင့် ပိုင်းခြား၍ ရေးသားစီရင်တော်မူအပ်သော ကင်္ခါယောဇနာမဟာဋီကာ၊ ဆရာဘီ, ဆရာကိုကျော်တို့ ကြပ်မကြည့်ရှုပြင်ဆင်သည်။ ၁၂၆၉-ခု။ ရန်ကုန်မြို့။ သုဓမ္မဝတီပုံနှိပ်တိုက် တတိယတွဲ-''ဟု ပါရှိလေသည်။

အခြားတမူ၌ ''ဝိနယအတ္ထသံဝဏ္ဏနာ၊ ရတနာပုံနေပြည်တော် မြောက်မျက်နှာ မဟာခေမိကာရာမတိုက်၊ သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ပုဒ်ပျက်ပါဠ်မှား တိမ်းပါးခြင်းမရှိစေရ ပဒဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယတို့ဖြင့် ပိုင်းခြား၍ ရေးသားစီရင်တော်မူအပ်သော ကင်္ခါယောဇနာမဟာဋီကာ(တတိယတွဲ) ပါဠိဆရာ- ဆရာသိန်း, ဆရာဉာဏ်, ဆရာတူးတို့ ကြပ်မကြည့်ရှုပြင်ဆင်သည်။ ရန်ကုန်မြို့။ သုဓမ္မဝတီ စာပုံနှိပ်တိုက်။ ၁၉၂၆-ခု'' ဟု ပါရှိလေသည်။ သို့ဖြစ်ရာ ဤကင်္ခါယောဇနာမဟာဋီကာကျမ်းကြီးမှာ အနည်းဆုံး ၂-ကြိမ် ပုံနှိပ်ခဲ့ကြောင်း သိနိုင်လေသည်။

**ကင်္ခါယောဇနာ သုမဟာ-ဋီကာဟိ တတိယာ သုဘာ။**
**နိဋ္ဌိတာယေဟိ သုသမ္ဗုဏ္ဏာ၊ မေဓာဝီဟိ သုမာနိတာ။**

## ကင်္ခါယောဇနာမဟာဋီကာစတုတ္ထတွဲ

ကင်္ခါယောဇနာမဟာဋီကာကျမ်းကြီးစတုတ္ထတွဲမှာ ရှိုင်ဆိုက်ဖြင့်စာမျက်နှာ ၄၀၃-ရှိ ကျမ်းကြီးဖြစ်လေသည်။ ယင်းစတုတ္ထတွဲ၌ ဩဝါဒဝဂ် ပဋ္ဌမသိက္ခာပုဒ်မှစ၍ ဘိက္ခုပါတိမောက် ဆုံးသည်အထိ ပါရှိလေသည်။ ယင်းစတုတ္ထတွဲ အစ၌ ''ဧဝံ ဘူတဂါမဝဂ္ဂဿ သံဝဏ္ဏနံ ကတွာ က္လာဒိနိ ဩဝါဒဝဂ္ဂဿ သံဝဏ္ဏနံ ကရောန္တော တဿ ဒသသု သိက္ခာပဒေသု တာဝ ပဌမသိက္ခာပဒဿ သံဝဏ္ဏနံ ကာတုံ ''ဩဝါဒဿ ဝဂ္ဂဿာတိ''အာဒိ မာဟ'' ဟု ကျမ်းတက်စကားပါရှိ၍ အဆုံး၌ ''က္လတိ ဝိနယတ္ထသံဝဏ္ဏနာ နာမိကာယ ကင်္ခါဝိတရဏတ္ထဝဏ္ဏနာယ ဘိက္ခုပါတိ

မောက္ခဝဏ္ဏနာ နိဋ္ဌိတာ'' ဟုပါရှိလေသည်။ ဤကင်္ခါယောဇနာမဟာဋီကာ စတုတ္ထတွဲ ကျမ်းသည်လည်း အဆုံးအဖြတ်ပေါင်းစုံပါရှိသည့် ကျမ်းကြီးဖြစ်လေသည်။ လောဏသောဝီရဏာဆေးနှင့်စပ်၍–

**အမဇ္ဇံ မဇ္ဇဝဏ္ဏဉ္စ၊ မဇ္ဇဂန္ဓရသမ္ပိ စ။**
**အရိဋ္ဌလောဏသောဝီရံ၊ သုတ္တကံ ပိဝတောပိ စ။**

ဟု ဝိနယဝိနိစ္ဆယလာ ဂါထာထုတ်ပြ ဆုံးဖြတ်တော်မူခဲ့လေသည်။ အတွင်းမျက်နှာဖုံး၌ ''ဝိနယအတ္ထဝဏ္ဏနာ ရတနာပုံနေပြည်တော် မြောက်မျက်နှာ မဟာခေမိကာရာမ တိုက် သစ်ဆိမ့်ဆရာတော် ဘုရားကြီးသည် ပုဒ်ပျက်ပါဠ်များ တိမ်းပါးခြင်းမရှိစေရ ပဒဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယ တို့ဖြင့်ပိုင်းခြား၍ ရေးသားတော်မူအပ်သော ကင်္ခါယောဇနာ မဟာဋီကာ စတုတ္ထတွဲ ပါဠိဆရာ– ဆရာသိန်း, ဆရာဉာဏ်, ဆရာဘူးတို့ ကြပ်မ ကြည့်ရှု ပြင်ဆင်သည်။ ရန်ကုန်မြို့။ သုဓမ္မဝတီစာပုံနှိပ်တိုက်။ ၁၉၂၆–ခုနှစ် ဟု ပါရှိလေသည်။

**ကင်္ခါယောဇနေ သုမဟာ၊ စတုတ္ထာ ရူစီရာဟိ စ။**
**ဝိနိစ္ဆယေဟိ သမ္ပုဏ္ဏာ၊ မနီသီဟိ သုမာနိတာ။**

## ကင်္ခါယောဇနာမဟာဋီကာ ပဥ္စမတွဲစသည်

ကင်္ခါယောဇနာ မဟာဋီကာကျမ်းကြီးကို စတုတ္ထတွဲအထိ တွေ့ရသည်။ စင်စစ်အားဖြင့် ဆုံးဟန်မတူသေးချေ။ ဆုံးအောင်မရိုက်နိုင်ခဲ့၍လည်းကောင်း, သို့မဟုတ် ဆရာတော်ရေးခဲ့သည့် စာမူမတွေ့၍သော်လည်းကောင်း ဖြစ်ရမည်။ ဘိက္ခုနီပါတိမောက် အဖွင့်တခုလုံး ကျန်ရှိသေးသည်။ စတုတ္ထတွဲအဆုံး၌နိဂုံးလည်း မပါရှိချေ။ သို့ဖြစ်၍ ပဥ္စမတွဲတစ်အုပ်စာသော်လည်း ကြွင်းကျန်ဖွယ်ရာရှိသည်။ သို့မဟုတ် ကျမ်းမပြီးခင်ဆရာတော် ပျံလွန်တော်မူခြင်းလည်း ဖြစ်နိုင်လေသည်။

**ပညာသီဟော မဟာထေရော၊ ဂန္ထေသု အတိကောဝိဒေါ။**
**သာသနေ ဥယျုတ္တော သော ဟိ၊ ဓာတု အဇ္ဈေရ ပုဂ္ဂလော။**

## ကင်္ခါယောဇနာပါဌ်

စစ်ကိုင်းမြို့မြောက်ဘက် မိုးသောက်ရွာဓာတိ ကျမ်းဂန်တတ်ဆရာတော် တစ်ပါးဖြစ်တော်မူသော ဆရာတော်အရှင်ဓမ္မသာမိသည် ဖော်ပြပါ ''ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု''နှင့် ''ပညာသီဟာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာတော် အရှင်ပညာသီဟ

ကဝိယောဇနာ မဟာဋီကာကျမ်းကြီး ကျယ်လွန်းပြန်သဖြင့် ကဝိဝိတရဏီအဋ္ဌကထာယောဇနာကျဉ်း ကဝိယောဇနာပါဠ်ကို သက္ကရာဇ် ၁၂၈၂-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့အပြီး ပြုစီရင်တော်မူခဲ့ပြန်လေသည်။[၁]

ဆရာတော် အရှင်ဓမ္မသာမိသည် ကျမ်းဦး၌-

၁။ မဟာကာရုဏိကံ နာထံ၊ ဝိပ္ပသန္နေန စေတသာ။
နတွာ တေန သုသမ္ဗုဒ္ဓံ၊ ဓမ္မဉ္စ ဂဏမုတ္တမံ။

၂။ နတွာ စ မေ ဂုရုံ သေဋ္ဌံ၊ ပညာသာမီတိ ဝိဿုတံ။
တရန္တံ့ ဒုတ္တရာဂါဓံ၊ သဗ္ဗဝိနယသာဂရံ။

၃။ ယာ ကထာ ဗုဒ္ဓဃောသေန၊ ဗုဒ္ဓဃောသသဿ ဝဏ္ဏနာ။
နာနာနယ သမာကိဏ္ဏာ၊ ဂမ္ဘီရတ္ထ ဝိနိစ္ဆယာ။

၄။ သောဘမာနေန သီလေန၊ ဓိနာ ဝိယာ စ သာသနေ။
သဒ္ဓမ္မဇောတိကာမေန၊ သခိလာ သဏှဝါစိနာ။

၅။ ထေရေန ဂုရုနာ လဒ္ဓံ၊ လဒ္ဓေနဓ္မေသိတော ပရံ။
(သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရုတိ)။

၆။ အတ္ထယောဇနမေတိဿ၊ မဟာဋီကာယ မုဒ္ဒိတံ။
သောတူနံ သုခဗောဓတ္ထံ၊ ကရိဿာမိ ယထာဗလံ။

၇။ ပဏီဓျော် ကရောန္တဿ၊ က္လမံ မေတာယ ယောဇနံ။
အဝိက္ခိတ္တာ နိသာမေထ၊ သုဒ္ဓြာယံ ဉာဏဝမုနာတိ။

ဟူသော ၇-ဂါထာပါဠ်ဖြင့် ရတနတ္တယပဏာမ, အာစရိယပ္ပဏာမ, အဘိယာစက, ပဋိညာဉ်, ဥယျောဇဉ် စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

၁။ က္လတိ ဇေယျာပုရေ သေဋ္ဌေ၊ နာနာစေတျာဒိသောဘိတေ။
စစ်ကိုင်းနဂရဒိစိမ္ဘိ၊ နဘေ စန္ဒော၀ ပါကဋေ။

၂။ အသင်္ချယာ မဟာရညော၊ ဇာတိဋ္ဌာနေ ဇနေတ္တိယာ။
မိုးသောက်က္လတိဝှယေ ဂါမေ၊ သာဓုဇနနိသေဝိတေ။

၃။ သုဇာတော ယော မဟာထေရော၊ ဓမ္မသာမီတိ ဝိဿုတော။
ကုသလော ပရိယတ္တိမှိ၊ ပဋိပတ္တိမှိ မာမကော။

---

၁။ စစ်ကိုင်းသာသနာဝင်။ ၁၄၉-၁၅၀-ကြည့်။

၄။ သုနိဋ္ဌိတာ ယထာ သောဘာ၊ ကတာယံ တေန ဓီမတာ။
ကခ်ါဝိတရဏျာနာမ၊ သံဝဏ္ဏနာယ ယောဇနာ။
၅။ ဒွါသီတိ ဒွိသတက္ကာသုံ၊ မာဃဖဂ္ဂုဏေက ဒသမှုံ။
ဝေံ ကလျာဏာသက်ပွါ၊ သိဒ္ဓဿု သဗ္ဗပါဏိနံ။
၆။ ဣမိနာ စညပုညေန၊ ကရေယျံ သတ္တုသာသနံ။
အနာယာသေန ဒုလ္လဒ္ဓံ၊ နိယျာနိကံ သုဒေသိတံ။
၇။ ယာဝဋ္ဌာတိစ သဒ္ဓမ္မော၊ သဗ္ဗလောကဟိတာဝဟော။
ဝဖုယိတွာ သဒါ ဉာဏံ၊ တာဝါယံ ဌာတု သောတုနံ။

ဟူသော ဂါထာ ၇-ဂါထာဖြင့် ကျမ်းပြုသူမိမိ၏ ဌာန, ကျမ်းပြီးရာကာလ, ဆုတောင်း စသည်ကိုဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။[၁] ယင်းကျမ်းမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၃၆၁-ရှိလေသည်။

## ပရိဝါပါဠိတော်နိဿယ

သစ်ဆိမ့်ဆရာတော်ဘုရားကြီး အရှင်ပညာသီဟသည် ရတနာပုံမြို့တည် နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး တောင်းပန်လျှောက်ထားသဖြင့် ဝိနည်းပိဋက ပရိဝါရပါဠိတော်၏မှီရာ အတ္တအနက် မြန်မာပြန်နိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

၁။ သုဒ္ဓဓမ္မော နရိန္ဒိန္ဒော၊ ဝိသုဒ္ဓ ပရိဝါရကော။
တထာ မဟာဒယံ နာထံ၊ ဝန္ဒိတွာ ယတိ ကုဥ္စရံ။
၂။ နရိန္ဒနရဝံသေန၊ အဇ္ဈိဋ္ဌော ဇောတကော စ ယော။
ပသတ္ထော ရာဇရာဇူနံ၊ ရဋ္ဌာတိ ရဋ္ဌသာမိကော။
၃။ ဓမ္မကာမော ဓမ္မရတော၊ ဓမ္မစာရာန မုတ္တမော။
ပဂ္ဂဟာဒိမှိ စက္ကဿ၊ ဓမ္မာသောကာဒိသန္နိဘော။
၄။ ပိယကော အာဒရော စေဝ၊ ပူဇကော သာရ စက္ခဏော။
သာရဝါနိမိသက်ာသော၊ သတတံ ရဋ္ဌသာသနေ။
၅။ ဒါနေ သီလေ စ ကမ္မေ စ၊ မဟာရာဇိန္ဒတုလျကော။
အတ္တနော စေဝ အတ္တာယ၊ ပရေသံ တေန ယာစိတော။

---

၁။ ကခ်ါဝိတရဏီအဋ္ဌကထာ, ဋီကာဟောင်း, ဋီကာသစ်, ယောဇနာကျယ်, ယောဇနာကျဉ်း တို့ကို စုံလင်စွာသိစေလိုသဖြင့် ဖော်ပြပါသည်။

၆။ ဂန္ဓဗ္ဗရေပတိနေကေဟိ၊ သံသန္ဒေတွာ ဝိသောဓိယ။
လိခိတွာ ပိဋကေပါသာဏေ၊ ဌပိတာ ယာ မဟာန္တရေ။
၇။ ပရိဝါရာဘိဓာနာယ၊ ပုဗ္ဗေသံ ပရိဝါရတော။
ဂမ္ဘီရာယ လိခိဿာမိ၊ ပါဠိယာ အတ္ထနိဿယံ။

(၁) ယောနာထော၊ အကြင်မြတ်စွာဘုရားသည်။ နရိန္ဒော၊ ကျွန်းလေးရပ်သူ လူအမျိုးကို စိုးရသနင်း မင်းတို့၏အရှင်ဖြစ်သော စကြာမင်းသည်။ သုဒ္ဓဓမ္မော ယထာ၊ စင်ကြယ်သောသင်္ဂဟတရားလေးပါး မင်းကျင့်တရား ဆယ်ပါးရှိ၏သို့။ တထာ၊ ထို့အတူ။ သုဒ္ဓဓမ္မော၊ သန့်စင်ညစ်ကြေး မင်္ဂလေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်အားဖြင့် တရားဆယ်ပါးရှိတော်မူ၏။ နရိန္ဒော၊ ကျွန်းလေးရပ်သူ လူအမျိုးကို စိုးရသနင်း မင်းတို့၏အရှင်ဖြစ်သောစကြာမင်းသည်။ ဝိသုဒ္ဓပရိဝါရကောယထာ၊ အထူးသဖြင့်စင်ကြယ်သော သာကြီးရတနာ အခြံအရံရှိ၏သို့။ တထာ၊ ထို့အတူ။ ဝိသုဒ္ဓပရိဝါရကော၊ အထူးသဖြင့် သန့်စင်သော သံဃာရတနာ အခြံ အရံရှိတော်မူ၏။ မဟာဒယံ၊ ကြီးမြတ်သောကရုဏာရှိတော်မူထသော။ ယတိကုဉ္ဇရံ၊ ရဟန်းမြတ်ဖြစ်တော်မူသော။ တံနာထံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ ဝန္ဒိတွာ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

(၂) ယောမဟာဓမ္မရာဇာ၊ အကြင်မဟာဓမ္မရာဇ်တရားမင်းမြတ်သည်။ နရိန္ဒနရဝံသေန၊ လူအမျိုးကိုအစိုးရသော မဟာသမ္မတမင်း၏အနွယ်အားဖြင့်။ အစ္ဆိန္နော စ၊ ပြတ်လည်းပြတ်တော်မမူ။ ဇောတကော စ၊ ထွန်းလည်း ထွန်းတော်မူတတ်၏။ ရာဇာဓိရာဇုနံ၊ အမင်းမင်းတို့ထက်။ ပသတ္ထော၊ ချီးမွမ်းအပ်သောမင်းဖြစ်တော်မူ၏။ ရဋ္ဌာဓိရဋ္ဌသာမိကော၊ တိုင်းတကာတို့ထက် လွန်သောတိုင်းကြီးတို့၏ အရှင်ဖြစ်တော်မူ၏။

(၃) ဓမ္မကာမော၊ ပရိယတ္တိဓမ္မ၏ကာလမြင့်ရှည်တည်ခြင်းကို အလိုရှိတော်မူ၏။ ဓမ္မရတော၊ အဇာတသတ်စသော မင်းတို့ကဲ့သို့ ပရိယတ္တိဓမ္မကို ပဥ္စမသင်္ဂါယနာ သဘင် ဆင်ယင်ခြင်း၌ မွေ့လျော်တော်မူ၏။ ဓမ္မစာရာနံ၊ တရားကိုကျင့်ကုန်သော သူတို့ထက်။ ဥတ္တမော၊ မြတ်တော်မူ၏။ စက္ကဿ၊ သာသနာတော်ကို။ ပဂ္ဂဟာဒိမှိ၊ ချီးမြှောက်ခြင်းအစရှိသည်၌။ ဓမ္မာသောကာဒိသန္နိဘော၊ သီရိဓမ္မာသောကမင်း အစရှိသော မင်းကောင်းမင်းမြတ်တို့နှင့် တူတော်မူ၏။

(၄) သာရစက္ခုဏော၊ မြတ်သောပညာတို့ကို။ ပိယကောစေဝ၊ နှစ်သက်လည်း နှစ်သက်တော်မူတတ်၏။ အာဒရောစေဝ၊ ရိုသေလည်း ရိုသေတော်မူတတ်၏။

ပူဇကောစေဝ၊ ပူဇော်လည်းပူဇော်တော်မူတတ်၏။ သာရဝါ၊ မြတ်သောပညာရှိ တော်မူ၏။ သတတံ၊ အမြဲ။ ရဋ္ဌသာသနေ၊ တိုင်းနိုင်ငံသူ လူအပေါင်းတို့ကို ဆုံးမ တော်မူခြင်း၌။ နိမိသက်ာသော၊ နိမိမင်းတရထည် ဖြစ်တော်မူ၏။

(၅) ဒါနေစ၊ ဒါန၌လည်းကောင်း။ သီလေစ၊ သီလ၌လည်းကောင်း။ ကမ္မေ စ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှု၌လည်းကောင်း။ မဟာရာဇိန္ဒတုလျကော၊ များစွာသော မင်းတို့၏အရှင်ဖြစ်သော မဟာသုဒဿန စကြာမင်းသဖွယ်ဖြစ်တော်မူ၏။ တေန မဟာဓမ္မရာဇေန၊ ထိုမဟာဓမ္မရာဇ်တရားမင်းမြတ်သည်။ အတ္တနောစေဝ၊ ကိုယ်တော်၏လည်းကောင်း။ ပရေသဉ္စေဝ၊ သူတပါးတို့၏လည်းကောင်း။ အတ္တာယ၊ အကျိုးငှါ။ ယာစိတော၊ တောင်းပန်အပ်သည်။ ဟုတွာ၊ ဖြစ်၍။

(၆) အနေကေဟိ၊ တစောင်မကများလှစွာကုန်သော။ ဂန္ထန္တရေဟိ၊ ပါဠိ, အဋ္ဌကထာ, ဋီကာလက်သန်း ကျမ်းတစ်ပါးတို့နှင့်။ သံသန္ဒေတွာ၊ ညှိနှိုင်းနှိုင်းနှော၍။ ဝိသောဓိယ၊ သုတ်သင်ရှင်းလင်း၍။ ပိဋ္ဌပါသာဏေ၊ ကျောက်ဖျာအပြင်၌။ လိခိတွာ၊ ရေး၍။ မဟန္တရေ၊ မဟာလောကမာရဇိန် စေတီတော်အတွင်း၌။ ယာ ပါဠိ၊ အကြင် ပရိဝါပါဠိတော်ကို။ ဌပိတာ၊ ထားအပ်၏။

(၇) ပုဗ္ဗေသံ၊ လက်မွန်မယွင်း ဝိဘင်းခန္ဓကတို့၏။ ပရိဝါရတော၊ အခြံအရံဖြစ် သောကြောင့်။ ပရိဝါရာဘိဓာနာယ၊ ပရိဝါအမည်ရှိထသော။ ဂမ္ဘီရာယ၊ နက်နဲစွာ သော။ တဿာပါဠိယာ၊ ထိုပါဠိတော်၏။ အတ္ထနိဿယံ၊ မှီရာအတ္ထနိဿယသစ်ကို။ လိခိဿာမိ၊ ရေးပေအံ့။

ဟူသော ၇-ဂါထာပါဌ်နိဿယဖြင့် ပဏာမ, အဘိယာစက, ရေးသားပုံ အခြင်းအရာ, ပဋိညာဉ်စသည်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း–

၁။ ယံ စာရိကံ စရိတွာန၊ မန္တလာစလမုဒ္ဓနိ။
ဌတွာ နန္ဒဿ ဗျာကာသိ၊ သမ္ဗုဒ္ဓေါ ဒီဃဒဿိကော။

၂။ သမေန တေန သုကတော၊ ရတ္နာပုဏ္ဏာဘိဓာနကေ။
ပုရေ သဗ္ဗင်္ဂသမ္ပုဏ္ဏေ၊ အယုဇ္ဈပုရသန္နိဘေ။

၃။ မန္တလာစလသေဋ္ဌဿ၊ ဌဿ ပစ္ဆိမဒေသကော။
သကေ သုနာဂ ရာဇေန၊ ဇေန သုပ္ပဋ္ဌိမဏ္ဍိတော။

၄။ မာဒိမန္တေ ဝသန္တေန၊ ဝိဟာရေ ဧညဝါသတော။
ပညာသီဟာဒိလဒ္ဓေန၊ ပရိဝါရဿ မေ ကတော။

၅။ နိဿယော ယောသု ပူရေတိ၊ သံဂီတာ ရှဋ္ဌနန္တရေ။
စက္ကဇာဓမ္မရာဇဿ၊ အာကခ်ါဿ မနောရထံ။
၆။ သက္ကရာဇေ ဗလာရဋ္ဌေ၊ ပတ္တေ စက္ကေ မကာဝရံ။
သဗ္ဗသော ဘောဂတော နိဋ္ဌံ၊ ဖုဿ ပုဏ္ဏဒိနစ္စယေ။
၇။ ယထာ ပူရေတိ မာပဿ၊ ရာဇိန္ဒဿ သုဒုလ္လဘော။
ပုညဇောယံ မနောဘာဝံ၊ ပူရေတု သာဓုနံ တထာ။

(၁) ဒီဃဒဿီကော၊ ကြောင်းခြင်းရာကို နောင်လာကြာထင် အရှည်မြင်တော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ စာရိကံ၊ ဘုရားတံထွာ ဒေသစာကို။ စရိတွာန၊ မကြာမားမား သွားလှည့်တော်မူ၍။ မန္တလာစလမုဒ္ဓနိ၊ မျှုပေါင်းစုဝေး ကောင်းချီးကြွေးသော မန္တလေးတောင်ထိပ်၌။ ဌတွာ၊ ခြေတော်မကွန့် တန့်ရပ်တော်မူ၍။ အာနန္ဒဿ၊ ညီတော်အာနန္ဒာအား။ ယံဗျာကရဏံ၊ ခြင်္သေ့မင်းစစ် မြို့သစ်နန်းခင်း ရိပ်ဖြူကျင်းလျက် မင်းပွဲသဘင် ကောင်းချီးယင်အံ့သော အကြင် ဗျာဒိတ်ကို။ ဗျာကာသိ၊ မိန့်မြွက်စကားကြားတော်မူ၏။

(၂) တေနဗျာကရဏေန၊ ထိုသို့မြွက်ဖော် ဗျာဒိတ်တော်နှင့်။ သမေန၊ မယွင်းစုံစီ ကုန်စေညီသဖြင့်။ သုကဓတေ၊ ဘုန်းတေဇာဖြင့် ကောင်းစွာပြုလုပ်တည်ဆောက်အပ်သော။ သဗ္ဗင်္ဂသမ္ပုဇ္ဇောတ္တာ၊ မြို့ကြီးပြကတေ့ ဓလေ့ချက်ကုန် အင်္ဂါသုံးနှင့် ပြည့်စုံစွာထသော။ အယုဇ္ဈပုရသန္နိဘော၊ အယုဇ္ဈပုရပြောပထူးလည်း နတ်တို့ပြည်နှင့် တရထည်တူထသော။[၁] ရတနာပုဏ္ဏာဘိဓာနကော၊ ရတနာပုံ လူ့ဘုံနှံ့သိ အမည်ရှိထသော။ ပုရေ၊ နေပြည်တော်ကြီး၌။

(၃) ဌဿ၊ ဂုဏ်များကျက်သရေ အထွေထွေ၏ တည်နေစုဝေးရာဖြစ်ထသော။ မန္တလာစသေဌဿ၊ မန္တလေးဆိုမှတ် တောင်တော်မြတ်၏။ ပစ္ဆိမဒေသကော၊ အနောက်တည်ရပ်မြေပြင်၌။ သကော၊ မိစ္ဆာဟူသည် အယူမစင်း ရန်ခပင်းကို နှိမ်နင်းအံ့ငှါ စွမ်းနိုင်ရာလည်းဖြစ်ထသော။ ဇေနေ၊ အံ့ဘွယ်အထူး ဂုဏ်ကျေးဇူးဖြင့် အကျူးလွန်ဖြစ်ထသော။ သုနာဂရာဇေနေ၊ ကိုးလုံးတောင်တွင် အခေါင်အဖျား ကိုးကားတင့်တယ် အံ့ဖွယ်တလုစ် တပ်ဦးဖြစ်သော နဂါးရာဇ်တောင်ဖြင့်။ သုပ္ပဋ္ဌိ မဏ္ဍိတေ၊ ဥဒည်းဝေါဟာ ရှေ့မျက်နှာက ကောင်းစွာတန်ဆာ ဆင်အပ်ထသော။

---

၁။ တရည်တည်းတူထသော(မူရင်းရှိ)။

(၄) ညေဝါသတော၊ မြတ်ပါရမီခိုင်ဖြိုး ကြီးကျယ်ဆောက်ဦ ဘုန်းရှိသူတို့၏ နေရာဖြစ်ထသော။ မာဒိမဒ္ဒေ၊ မပင်စ၍ မပင်အဆုံးရှိသော။ ဝိဟာရေ၊ ခေမိကာရာမကျောင်းတိုက်၌။ ဝသန္တေန၊ နေသော။ ပညာသီဟာဒိလဒ္ဓေန၊ ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိသော။ မေ မယာ၊ ငါသည်။ ကတော၊ ပြုစီရင်အပ်သော။ ပရိဝါရဿ၊ ပရိဝါပါဠိတော်၏။

(၅) ယောနိဿယော၊ အကြင်မှီရာ အတ္ထနိဿယသစ်သည်။ သံဂီတာရုဠှန္တရေ၊ သုတ်အဘိဓမ္မဝိနယကို ပဥ္စမသံဂါယနာ ကောင်းစွာ တင်ပြီးသည့်၏အခြားမဲ့၌။ စက္ကဇာ၊ လေးကျွန်းသနင်း မင်းတို့ဥစ္စာ စကြာထွန်းသစ် ဖြစ်အံ့သည်ထက်။ အာကာသံ၊ ပရိဝါပါဠိတော် နိဿယသစ်ဖြစ်လာတသွန်း ပေါ်ထွန်းအံ့သည်ကို လွန်စွာတောင့်တတော်မူသော။ ဝါ၊ အလိုရှိတော်မူသော။ ဓမ္မရာဇဿ၊ မဟာဓမ္မရာဇ် တရားမင်းမြတ်၏။ မနောရထံ၊ နှလုံးအလိုတော်ကို။ သုပူရေတိ၊ ကောင်းစွာပြည့် စေ၏။

(၆) သောနိဿယော၊ ထိုမှီရာအတ္ထနိဿယသစ်သည်။ သက္ကရာဇေ၊ သက္ကရာဇ်သချာ နှစ်ကောဇာသည်။ ဗလာရက္ကံ၊ တထောင့်သုံးဆယ့်သုံးခုသို့။ စက္ကေ၊ ရှင်တော်ရိုက်ရာသာသနာသည်။ မကာဝရံ၊ နှစ်ထောင့်လေးရာ တဆယ့် ငါးခုသို့။ ပတ္တေ၊ မသွေထုတ်ချောက်ရောက်သည်ရှိသော်။ ဖုဿပုဏ္ဏမဒိနစ္စယေ၊ ပြာသိုမာသ မိုးလပြည့်တင် ထိုနေ့တွင်လည်း နေဝင်ဆည်းဆာ ချိန်အခါ၌။ သဗ္ဗသော၊ အချင်း ခပ်သိမ်း။ နိဋ္ဌံ၊ အပြီးအဆုံးသို့။ ဂတော၊ ရောက်၏။

(၇) သုဒုလ္လလော၊ အဟိုကမ္ဘာ သချေ်ကြာလည်း ရှံခါတဆစ် မဖြစ်ဘူး၍ အထူးအချွန် အလွန်ရခဲစွာထသော။ ပုညဇော၊ မင်းကေရာဇ်ဘုန်းကြောင့်ဖြစ်ထ သော။ အယံနိဿယော၊ ဤပရိဝါပါဠိတော်နိဿယသစ်သည်။ မာပဿ၊ ရတနာပုံ ရိပ်မြုံသာစည် မြို့တည်နန်းတည် ဖြစ်တော်မူသော။ ရာဇိန္ဒဿ၊ ရာပြည့်သနင်း မင်းအမျိုးမျိုးကို အစိုးရသော မဟာဓမ္မရာဇ်တရားမင်းမြတ်၏။ မနောဘာဝံ၊ အမင်းမင်းတို့ ဝမ်းတွင်းအကြံတရံတဆစ် မဖြစ်စတောင်း ကောင်းမြတ်သော နှလုံးအလိုတော်ကို။ ပူရေတိယထာ၊ ပြည့်စေ၏သို့။ တထာ၊ ထို့အတူ။ သာဓူနံ၊ သူတော် သူကောင်း သူမြတ်လောင်းတို့၏။ မနောဘာဝံ၊ စိတ်အလိုကို။ ပူရေတု၊ ပြည့်စေသတည်းဟူသော ဂါထာပါဌ်နိဿယဖြင့် မန္တလေးမြို့တော်ကြီးသမိုင်း, မဟာ ခေမိကာရာမ သစ်ဆိမ့်တိုက်ကြီးချီးကျူးခြင်း, နိဿယသမိုင်းစသည်တို့ကို ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

## ပရိဝါပါဠိတော်နိဿယ နိဒါန်းနှင့်မျက်နှာဖုံးစာ

ယင်းပရိဝါရနိဿယကို ပေမူကူးယူ၍ ခရစ်သက္ကရာဇ် ၁၉၁၃–ခုနှစ်က မန္တလေးမြို့ ၈၄–လမ်း၊ ကျောက်သွေးတန်း သုဝဏ္ဏဝတီပိဋကတ်ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ထိုစဉ်က ကြီးကြပ်ပြင်ဆင်သူ ဆရာမောင်, ဆရာလှတို့က–

''သင်္ဘောလေးထပ် တသိန်းကပ်၌ ပွင့်ချပ်ဖူးငုံ ကြာပဒုံသည် လေးစုံသစ္စာ ခြည်လှျံဝါဟု တီတျာနတ် ဂြိုဟ်မင်းမြတ်နှင့် သဟဇာတ်အဖော် အခွင့်လျော်၍ ပွင့်တော်မူလတ်က လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဂန္ဓာရမ္မဏာ သကမြိုင်ထုံ ထွက်မကုန်သော ကြာမုံပန်းရက် ဒေသနာက္ကမ သုတ်, ဝိနည်း, အဘိဓမ္မ ဓမ္မက္ခန် သုံးတန်ပိဋကတ် ပရိယတ်ဝတ်ရည် မွန်ရည်ဆောင်မွှေးလျက် တစ် နှစ် သုံး လေး အရေးထင်ထင် သင်္ဂါယနာသဘင် မြှင့်တင်ဆွတ်လှမ်းခဲ့ကြသော ထိုပန်းရက် ဝတ်မုံကို ရွှေပုံရတနာ ပထမာဒိက မာပိတအရှင် ရည်မင်းမြတ်ဖြစ်တော်မူသော ကျောက်ဖြူငွေလွှာ သေလာအက္ခရ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး ဘုရားသည် သုံးပါးခရိုင် သတင်းလှိုင်လျက် သင်းကြိုင်ပျံ့မွှေးစေလိုသော မနော ဥက္ကဋ္ဌ ရည်ညွှန်းတော်မူလတ်သဖြင့် ပိဋကတ္တယ သာသနတ္တပါဒက ဗုဒ္ဓပါဝစန အနှစ် အမြစ် ပရိယတ္တိဓမ္မ ရွှေဗျာဒိဝိနယ ဒေသနောဝါဒ မာဂဓ၏ နိဿယကထာ ပေါရာဏမဟာ ရှေးဆရာတို့ မြန်မာအနက် ပြန်ဆိုတော်မူချက်သည် ဝှက်ကွယ် ကျယ်ကျဉ်း ခဲယဉ်းကာမျှ ဝေါဟာရတ္ထဒီပကဥဿုံ မပြည့်စုံရကား ခိုလှုံကျက်စား၍ သင်ကြားပို့ချခြင်းငှါ မစွမ်းနိုင်သာသောကြောင့် ယောဇနာအတ္ထ နာတိသင်္ခေပ နာတိဝိတ္ထာရ မဇ္ဈိမပဋိပဒါ အလတ်အလယ် အကျဉ်းမကျယ် သိလွယ်ရုံသာ အနက်မြန်မာ ပြန်ဆိုတော်မူပါဟု ပန်ထွာလျှောက်ထားချက်အရ ပရိယတ္တိဝိသာရဒ, ဂန္ထန္တရဗဟုဿုတ နာနာနယ ကောဝိဒဂုဏ် စွယ်စုံထာမက ပါကဋအောင်ဟိတ် တို့ဖြင့် တောင်ထိပ်ဆီမီးအလား နှံ့သိကျော်ကြားတော်မူသော ''ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု'' သွန်းထုခတ်နှိပ် တံဆိပ်တော်ရ နာမကျော်ခြိမ့် အောင်သံလှိမ့်သော သစ်ဆိမ့်ဆရာတော်ဘုရားသည် သိကြားအာဝုဓ် စက်သွားခုပ်သကဲ့သို့ ပုဒ်,ဗျည်း,ပဒ,ဝါကျလိုင်အနန် သမ္ဗန် ပရိစ္ဆေ ခွဲဝေဆုံးဖြတ် လျက် ပြန်ဆိုတော်မူအပ်သော ''ပရိဝါပါဠိတော် နိဿယသစ်ကျမ်းကို ဂန္ထပစိတ ဂဏဝါစက ပုဂ္ဂလထေရ်ကျော် ဆရာတော်အရှင်မြတ်တို့ တည်းဖြတ် သုတ်သင် ပြင်ဆင်ကြည့်ရှုပြီးမှ အစုစုသောမူကောင်း မူမှန်တို့နှင့် အဖန်ဖန်အထပ်ထပ် ကြီးကြပ် ပြင်ဆင်ရာ ကုသိုလ်တော်ဘုရား ရံတော်ပါသော ကျွန်ုပ်တို့ ရိုက်ထုတ်သည့်

ပါဠိတော်စာအုပ်နှင့် တိုက်ဆိုင်ကြည့်ရှုသည့်အခါ အဋ္ဌယောဇနာပြန်ဆိုရာအနက်ကို ရုတ်တရက်အတွင်း ချက်ချင်းလက်ငင်း ထင်လင်းမျက်မှောက် လက်ရောက်စေ့ငု ကြည့်ရှုတွေ့မြင်တော် မူနိုင်ကြရန် ရည်သန်ပိုင်းခြားလျက် ၄င်းနိဿယသစ် အနက်မြန်မာပြန်ဆိုသော ပုဒ်ပါဌ်များတွင် ပါဠိတော်မျက်နှာ နံပါတ်ကြောင်းရေ နံပါတ်ထိုးတပ်ထားပြီးမှ အထက်ဟယ်လင်ခေါင်း နောက်မှာလည်း ပါဠိတော်စာအုပ်မျက်နှာ နံပါတ်ကိုပြည့်နှ်၍ သုဝဏ္ဏဝတီဂုဏ်ဆီမကိုင်း ပိဋကတ်ပုံနှိပ်တိုက်က ပုံရိုက်လုပ်ဆောင်ပါသတည်း။

စသည်ဖြင့် ဖော်ပြခဲ့ကြလေသည်။ ယင်းသုဝဏ္ဏဝတီပိဋကတ်ပုံနှိပ်တိုက်ရိုက် ပရိဝါပါဠိတော်နိဿယသစ် မျက်နှာဖုံး၌လည်း ဝိနယပိဋက။ မန္တလေးရတနာပုံ ပထမမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင်မင်းတရားကြီး လက်ထက်တော်တွင် ကျောက်စာပြင် ဆရာတော်ကြီးတစ်ပါးဖြစ်တော်မူသော "ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာတော် ဘုရားကြီးသည် မင်းတရားကြီးတောင်းပန်ချက်အရ အဋ္ဌယောဇနာ အနက်မြန်မာကောင်းစွာပြန်ဆိုတော်မူအပ်သော ပရိဝါပါဠိတော် နိဿယသစ် မန္တလေးမြို့ ၈၄-လမ်း၊ ကျောက်သွေးတန်း သုဝဏ္ဏဝတီ ပိဋကတ်ပုံနှိပ်တိုက် ၁၉၁၃-ခုဟုပါရှိလေသည်။

၄င်းပြင် ယင်းပရိဝါပါဠိတော် နိဿယသစ်ကို ခရစ်သက္ကရာဇ် ၁၉၂၅-ခုနှစ်တွင် ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ပြန်ရာ ပုံနှိပ်ထုတ်ဝေသူ သို့မဟုတ် အယ်ဒီတာပုဂ္ဂိုလ်က-

ဥပပတ္တိသမ္ဗုတိဟု ဝိသုဒ္ဓိနတ်အပေါင်းသုံးရပ်တို့တွင် အမြတ်သေဌာနရာ မိပနရဉီးကိုင် မှူးပိုင်ရာဇာဦ ဘုရင်လောကနတ် အမြတ်တေဇော် မြေပေါ်မဆံ့ ဘဝင်နှံ့မျှ ပျံကျက်သရေ ထက်အဇင္ဃေဝယ် ထွန်းတက်တံထွာ လျှံဖြာကဲလွှင့် ဝံချီးတင့်သဖြင့် ပွင့်တန်ခိုးတော် ဟိုးကျော်ကိတ္တိ ရာဇိဒ္ဓိဂုဏ် လွှန်ပြည့်စုံသောကြောင့် ဝိသကြံနတ် စီမံလတ်သို့ မြေမြတ်ချမ်းအေး မန္တလေးဟု ပျံမွှေးသကတ် တည်ဖန်လတ်၍ နတ်သမ္ဗုတိ အာဒိပကတူး အဦးအစ သမ္မတန္ဒီးဆောင် ကုန်းဘောင်ဒသဘုန်းရောင်ပြ၍ ရာဇဓမ္မ ဒသဆယ်မည် လေးလီသင်္ဂဟ နာယကခြောက်စုံ လောက်လုံပြည့်ဝ ရာဇအောင်ဟိတ် ဘိသိက်မင်္ဂလာ ရှစ်ဖြာပလ္လင် ပစ္စူယင်၍ စံနေတော်မူစဉ်ကာလ လောကဓမ္မ နှစ်ဌာနလုံး သိမ်းကျုံးမြင်မြော် ပဉ္စမသင်္ဂါယနာတင်တော်မူသော နရာသဘ မြောက်ပြီးမင်းတရားကြီးသည် ဘုန်းမီးနေလ

ထွန်းပတော်မူခိုက်အခါ ငါးဖြာဒုလ္လဘ ရသဝိမုတ် လောကုတ်မေဒနီ ရွှင်ကြည်နက်လေး ပျံ့မွှေးသတင်း တောက်ပလင်းအောင် အရင်းမူလ ပါဒကသတ္တိ ဂုဏ်ထူးရှိသည့် ပရိယတ္တိဓမ္မက္ခန္ဓာ ပါဠိဘာသာ၏ မြန်မာအနက် ရှေးဆရာတို့ ပြန်ဆိုချက်သည် ခဲခက်မလင်း မရှင်းဝိတ္ထာရ သခေ်ပတသွယ် နံကျယ်နံကျဉ်းမျှဖြစ်၍ ပို့ချသင်အံ မတန်ခဲယဉ်းလှသောကြောင့် နာတိသခေ်ပ နာတိဝိတ္ထာရ မဇ္ဈိမပဋိပဒါ အလယ်အလတ် သင့်မြတ်ရုံသာ အတ္ထယောဇနာ ပြန်ဆိုတော်မူပါဘုရားဟု တရားမင်းမြတ် ညွတ်ပျပ်ကော်ရော် တောင်းပန်တော်မူလတ်သဖြင့် ပိဋကတ္တယပါရဂူ ဇမ္ဗူကျော်ကြား သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ပုဒ်ဗျည်းမကပ် သဒ္ဒါနည်းအရပ်ရပ်တို့ကို အထပ်ထပ်သုံးသပ်၍ ဆုံးဖြတ်ပြန်ဆိုတော်မူအပ်သော ပရိဝါရပါဠိတော် နိဿယသစ်ကျမ်းကို ဂန္ထပါရဂူဖြစ်တော်မူသောဆရာတော် သံဃာတော်တို့ထံ ဆည်းကပ်လျှောက်ထားသည့်ပြင် သန့်စင်ကောင်းမြတ် မူအရပ်ရပ်တို့နှင့် အထပ်ထပ်တိုက်ဆိုင် ပြင်ဆင်ပြီးမှ ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်ထုတ် သင်ရိုးပါဠိတော်စာအုပ်နှင့် တမုဟုတ်မျှ တိုက်ဆိုင်ကြည့်ရှုမိက အတိအလင်း လက်ငင်းတွေ့ရှိနိုင်ရန် မှန်းထား၍ ပိုင်းခြားသတ်မှတ် အဖြတ်အတောက် အကောက်အယူလွယ်ကူထင်ရှား မျက်စိမမှားရအောင် များစွာသန့်ရှင်းပြီးမှ ၎င်းနိဿယသစ်၏ စာမျက်နှာအတွင်း ပါဠိတော်မျက်နှာနံပါတ်နှင့် စာကြောင်းရေနံပါတ်ကို ထည့်သွင်းလျှက် အထက်ဟယ်လယ်ခေါင်းနောက်တွင် ပါဠိတော်စာမျက်နှာ နံပါတ်ကိုတပ်၍ နေလအသွင် ပေါ်လွင်သော သာဓကဖြင့် ပါကဋချင့်မြှော်၍ အသင့်ဖော်ပြရိုက်နှိပ်ပါသတည်း။ ။ စသည်ဖြင့် ရေးသားဖော်ပြခဲ့လေသည်။ နိဿယအတွင်း မျက်နှာဖုံး၌လည်း ''ဝိနယပိဋက၊ မန္တလေး[1] ရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဒသမမြောက်အသျှင် ဘုရင်တရားမင်းမြတ်သည် ညွတ်ပျပ်ကော်ရော် တောင်းပန်မှုလတ်သဖြင့် ပရိယတ္တိဂုဏ်စွယ်စုံမှန်သောက် ဇာနည်မြောက်၍ ထက်အောက်ရင်ပြင် ကျော်ထင်ဝေပ သီတင်းကြွတော်မူပေသော ''ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု'' သွင်းထုခပ်နှိပ် တံဆိပ်ခံယူတော်မူရသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် အနည်းနည်းအဝဝ သဒ္ဒနယအတ္ထနယတို့နှင့် ပြည့်စုံသင့်မြတ်လှစွာ အနက်မြန်မာပြန်ဆိုတော်မူအပ်သော ပရိဝါပါဠိတော်နိဿယသစ် ရန်ကုန်မြို့ ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက် ၁၉၁၅–ခုနှစ်ဟု ပါရှိလေသည်။

---

၁။ ဓအောက်ခြိုက်နှင့် မန္ဓလေး ဟု ရေးသည့်အတိုင်း ဖော်ပြသည်။

ယင်းပရိဝါပါဠိတော်နိဿယသစ်ကြီးကို အခြားပုံနှိပ်တိုက်များကလည်း အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့ရာ သာသနာ့ဝန်ထမ်းတို့အား များစွာအကျိုးပြုသည့် နိဿယသစ်ဖြစ်လေသည်။ သက္ကရာဇ် ၁၃၃၈–ခုနှစ်က ရန်ကုန်မြို့ ဣစ္ဆာသယပိဋကတ်ပုံနှိပ်တိုက်က ရိုက်ထုတ်ဝေခဲ့ပြန်ရာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၄၅၉–ရှိလေသည်။ ကျမ်းစာအတွင်း မျက်နှာဖုံး၌ "ဝိနယပိဋက, ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" သစ်ဆိမ့်ဆရာတော် မြန်မာပြန်ဆိုတော်မူအပ်သော ပရိဝါပါဠိတော်နိဿယ ဆဋ္ဌသင်္ဂါယနာမူနှင့် ညှိထားသည်။ ဓမ္မာစရိယ ဦးထွန်းသိန်း, ဦးဝင်းဖေတို့ ကြပ်မကြည့်ရှု ပြင်ဆင်ကြသည်။ စသည်ဖြင့် ပါရှိလေသည်။

## သစ်ဆိမ့်ဆရာတော်အနက်ပေးပုံ နည်းယူရန်အမြွက်

သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် စာပေကိုင်တွယ်ပုံ အလွန်ကောင်းသည်။ အနက်ပေးပုံမှာလည်း ဆိုင်ရာအဖွင့်သံဝဏ္ဏနာ အဋ္ဌကထာဋီကာများနှင့် ကိုက်ညီလေသည်။ ဖော်ပြပါ နမူနာများဖြင့် ဆိုင်ရာသံဝဏ္ဏနာများဖြင့် ညီညွတ်ပုံကို သိရာ၏။

ဒသအတ္တဝသေ၊ ဆယ်ပါးကုန်သော အစီးအပွားထူးတို့ကို။ ဝါ၊ အာနိသင်ထူးတို့ကို။ ဝါ၊ အကြောင်းထူးတို့ကို။

တစ်နည်း။ ဒသအတ္တဝသေ၊ ဆယ်ပါးကုန်သောအကြောင်းတို့ကို။ ပဋိစ္စ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ဝါ၊ တူသည်၏အဖြစ်ဖြင့်ရောက်၍။[၁] ဇာနတာ၊ သိတော်မူထသော။ ပဿတာ၊ မြင်တော်မူထသော။

တစ်နည်းကား ဇာနတာ၊ ထိုထိုသိက္ခာပုဒ်ကို ပညတ်ခြင်း၏ အခါကို သိတော်မူထသော။ ပဿတာ၊ ထိုထိုသိက္ခာပုဒ်ကို ပညတ်ခြင်း၏ အစီးအပွား အထူးဆယ်ပါးတို့ကို။ ဝါ၊ အာနိသင်အထူးဆယ်ပါးတို့ကို။ ဝါ၊ အကြောင်းထူး ဆယ်ပါးတို့ကို။ ဝါ၊ အကြောင်းဆယ်ပါးတို့ကို မြင်တော်မူထသော။[၂]

တစ်နည်း။ ဇာနတာ၊ ပုဗ္ဗေနိဝါသဉာဏ် အာသဝက္ခယဉာဏ်တို့ဖြင့် သိတော်မူထသော။ ပဿတာ၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူထသော။

---

၁။ ပရိဝါ၊ သ၂။ ၂။ ၂။ ပရိဝါ၊ သ၄။ ၂။

တစ်နည်း ဇာနတာ၊ ဝိဇ္ဇာသုံးပါးတို့ဖြင့်။ ဝါ၊ အဘိညာဉ်ခြောက်ပါးတို့ဖြင့် သိတော်မူထသော။ ပဿတာ၊ တရားဥဿုံတို့၌ အပိတ်အပင်မရှိသော သမန္တစက္ခုဖြင့် မြင်တော်မူထသော။[၁]

ဤသို့စသည်ဖြင့် အဋ္ဌကထာဖွင့် ဋီကာဖွင့်များနှင့်အညီ အနက်ယောဇနာတော်မူသည်။

## အာပတ္တိသမုဋ္ဌာန် ရှစ်ဂါထာပါဠိအနက်ပေးပုံ

''ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာတော်ဘုရားကြီး အရှင်ပညာသီဟ၏ အနက်ဉာဏ်ကို အောက်ဖော်ပြပါ အာပတ္တိသမုဋ္ဌာန် ရှစ်ဂါထာအနက်ပေးပုံကို ကြည့်ရှု၍ ကြည်ညိုရာ၏။ နည်းယူရာ၏။

၁။ အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

၂။ ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။
တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

၃။ ဒုက္ကရံ ဝိဝိဓံ ကတွာ၊ ပူရယိတွာန ပါရမီ။
ဥပ္ပဇ္ဇန္တိ မဟာဝီရာ၊ စက္ခုဘူတာ သဗြဟ္မကေ။

၄။ တေ ဒေသယန္တိ သဒ္ဓမ္မံ၊ ဒုက္ခဟာနိံ သုခါဝဟံ။
အင်္ဂီရသော သကျမုနိ၊ သဗ္ဗဘူတာနု ကမ္ပကော။

၅။ သဗ္ဗသတ္တုတ္တမော သီဟော၊ ပိဋကေ တီဏိ ဒေသယိ။
သုတ္တန္တမဘိဓမ္မဉ္စ၊ ဝိနယဉ္စ မဟာဂုဏံ။

၆။ ဧဝံ နိယျတိ သဒ္ဓမ္မော၊ ဝိနယော ယဒိ တိဋ္ဌတိ။
ဥဘတော စ ဝိဘင်္ဂါနိ၊ ခန္ဓကာ ယာ စ မာတိကာ။

၇။ မာလာသုတ္တဂုဏေနေဝ၊ ပရိဝါရေန ဂန္ထိတာ။
တဿေဝ ပရိဝါရဿ၊ သမုဋ္ဌာနံ နိယတော ကတံ။

၈။ သမ္ဘေဒံ နိဒါနဉ္စညံ၊ သုတ္တေ ဒိဿန္တိ ဥပရိ။
တသ္မာ သိက္ခေ ပရိဝါရံ၊ ဓမ္မကာမော သုပေသလာတိ။[၂]

---

၁။ ပရိဝါ၊ သျ။ ၃။ ၂။ ပရိဝါရပါဠိ၊ ၁၅၇။

(၁) သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဝါ၊ အနိစ္စတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခတာ၊ သင်္ခတတရားတို့သည်။ ဒုက္ခာ စ၊ ဆင်းရဲလည်း ဆင်းရဲကုန်၏။ အနတ္တာ စ၊ ကိုယ်လည်းမဟုတ်ကုန်။ ဝါ၊ အတ္တသဘောမှလည်း ကင်းကုန်၏။

တစ်နည်းကား။ ဒုက္ခာ စ၊ ဒုက္ခတို့သည်လည်းကောင်း။ အနတ္တာ စ၊ အနတ္တ တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိဗ္ဗာနဉ္စေဝ၊ နိဗ္ဗာန်ကိုလည်းကောင်း။ ပညတ္တိစေဝ၊ ပညတ်ကိုလည်းကောင်း။ အနတ္တာတိ၊ အနတ္တဟူ၍။ နိစ္ဆယာ၊ ဆုံးဖြတ်အပ်၏။

(၂) ဗုဒ္ဓစန္ဒေ၊ ဘုရားတည်းဟူသောလမင်းသည်။ အနုပ္ပန္နေ၊ မထွန်းမလှစ် မဖြစ်သည်ရှိသော်။ ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်းသည်။ အနုဂ္ဂတေ၊ မပေါ်မထွက် မတက်သည်ရှိသော်။ တေသံ သဘာဂဓမ္မာနံ၊ ထိုအနိစ္စအခြင်းအရာ စသည်တို့ဖြင့် တူကုန်သော သင်္ခတတရားတို့၏။ နာမမတ္တံ၊ ဖဿဝေဒနာစသော အမည်မျှသည်လည်း။ နနာယတိ၊ မထင်။

(၃) ဒုက္ကရံ ပြုနိုင်ခဲသော စွန့်ခြင်းကြီးစသောအမှုကို။ ကတွာ၊ ပြုတော်မူကုန်၍။ ပါရမီ၊ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို။ ပူရယိတွာန၊ ဖြည့်ကျင့်တော်မူကုန်၍။ သဗြဟ္မကေ၊ ဗြဟ္မာနှင့်တကွဖြစ်သော လောကဥ္။ စက္ခုဘူတာ၊ မျက်စိသဖွယ် ဖြစ်တော်မူကုန်၍။ မဟာဝီရာ၊ ကြီးသောလုံ့လဝီရိယရှိတော်မူကုန်သော မြတ်စွာဘုရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မူကုန်၏။

(၄) ယသ္မာ၊ အကြင်ကြောင့်။ တေ၊ ထိုမြတ်စွာဘုရားတို့သည်။ ဒုက္ခဟာနိံ၊ ဆင်းရဲဒုက္ခကိုငြိမ်းအောင် ပယ်ဖျောက်ကြောင်းဖြစ်ထသော။ သုခါဝဟံ၊ ချမ်းသာကို ဆောင်တတ်သော။ သဒ္ဓမ္မံ သုံးပုံပိဋကတ် သူတော်မြတ်တို့၏တရားကို။ ဒေသယန္တိ၊ ဟောတော်မူကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အင်္ဂီရသော၊ ကိုယ်တော်မှ ထွက်သော အရောင်ရှိတော်မူထသော။ သဗ္ဗဘူတာနုကမ္ပကော၊ သတ္တဝါခပင်းတို့ကို သနား တော်မူတတ်ထသော။

(၅) သဗ္ဗသတ္တုတ္တမော၊ သတ္တဝါခပ်သိမ်းတို့ထက်။ ဝါ၊ သတ္တဝါခပ်သိမ်းတို့တွင် မြတ်တော်မူထသော။ သီဟော၊ မြေကြီးနိုင်းစံ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံ တော်မူထသော။ ဝါ၊ ကေသရာပုံထုတ် မယုတ်သော လုံ့လရှိတော်မူထသော။ သကျမုနိ–သကျမုနိပိ၊ သာကီဝင်မင်းသား မြတ်စွာဘုရားသည်လည်း။ ပိဋကေ တီဏိ– တီဏိပိဋကာနိ၊ သုံးပုံဆိုမှတ် ပိဋကတ်တို့ကို။ ဒေသယိ၊ ဟောတော်မူ၏။

သုတ္တန္တဉ္စ၊ သုတ္တန်ကိုလည်းကောင်း။ အဘိဓမ္မဉ္စ၊ အဘိဓမ္မာကိုလည်းကောင်း။ မဟာဂုဏံ၊ များသောအာနိသင်ရှိသော။ ဝိနယဉ္စ၊ ဝိနည်းကိုလည်းကောင်း။ ဒေသယိ၊ ဟောတော်မူ၏။ (တနည်းကား) မဟာဂုဏံ၊ သော။ သုတ္တန္တဉ္စ၊ ကိုလည်း ကောင်း။ အဘိဓမ္မဉ္စ၊ ကိုလည်းကောင်း။ ဝိနယဉ္စ၊ ကိုလည်းကောင်း။ ဒေသယိ၊ ၏။ (တနည်း) မဟာဂုဏံ၊ သော။ သုတ္တန္တဉ္စ၊ ကိုလည်းကောင်း။ အဘိဓမ္မဉ္စ၊ ကိုလည်းကောင်း။ ဝိနယဉ္စ၊ ကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ပိဋကေတီဏိ- တီဏိပိဋကာနိ၊ တို့ကို။ ဒေသယိ၊ ၏။

(၆) ယသ္မာ၊ ကြောင့်။ ဝိနယော၊ ဝိနည်းပရိယတ်သည်။ ယဒိတိဋ္ဌတိ၊ အကယ်၍ မကွယ်မပျောက်တည်အံ့။ ဝါ၊ မဆုတ်မယုတ်တည်အံ့။ ဝါ၊ ဖြစ်အံ့။ ဝေ၊ ဤသို့တည်သည်။ ဝါ၊ ဖြစ်သည်။ သတိ၊ ရှိသော်။ သဒ္ဓမ္မောပိ၊ ပဋိပတ် ပဋိဝေဓ တည်းဟူသော သူတော်တရားသည်လည်း။ နိယတိ၊ တည်၏။ ဝါ၊ ဖြစ်၏။ ဝါ၊ မဆုတ်မယုတ်။ ဥဘတော ဝိဘင်္ဂါနိ၊ ဥဘတောဝိဘင်းတို့သည်လည်းကောင်း။ ခန္ဓကာ စ၊ ခန္ဓကတို့သည်လည်းကောင်း။ ယာ စ မာတိကာ၊ အကြင်မာတိကာ သည်လည်းကောင်း။ (တနည်းကား) ယာ မာတိကာ၊ သည်။ အတ္ထိ၊ ရှိ၏။ သာ စ မာတိကာ၊ သည်လည်းကောင်း။

(၇) မာလာ၊ ပန်းသည်။ သုတ္တဂုဏေန၊ ပန်းသီတံချည်ဖြင့် သီကုံးဖွဲ့ခြင်းဖြင့်။ တိဋ္ဌတိဝ၊ တည်၏သို့။ ပရိဝါရေန၊ ပရိဝါပါဠိတော်ဖြင့်။ ဂန္ထိတာ၊ သီကုံးဖွဲ့ကုန်သည် ရှိသော်။ တိဋ္ဌန္တိ၊ ကုန်၏။ တသေဝ ပရိဝါရဿ- တဿေဝပရိဝါရေ၊ ထိုပရိဝါ ပါဠိတော်၌ပင်။ သမုဒ္ဒာနနိယတောကတံ၊ အမြဲဆိုအပ်သော။ ဝါ၊ အမြဲမှတ်အပ်သော။ အမြဲပြအပ်သော နိယတသမုဒ္ဒာန်သည်လည်းကောင်း။ ဝါ၊ အသမ္ဘိန္နသမုဒ္ဒာန် သည်လည်းကောင်း။

(၈) အညံ၊ နိယတသမုဒ္ဒာန်မှတစ်ပါးသော။ ဝါ၊ အသမ္ဘိန္နသမုဒ္ဒာန်သည် လည်းကောင်း။ နိဒါနဉ္စ၊ နိဒါန်းသည်လည်းကောင်း။ (တနည်းကား) သမ္ဘေဒဉ္စ၊ သည်လည်းကောင်း။ အညဉ္စ၊ ယင်းမှတစ်ပါးပုဂ္ဂိုလ်ဝတ္ထု၊ အစရှိသည်လည်းကောင်း။ ဥပရိ၊ အထက်ဖြစ်သော။ သုတ္တေ သုတ္တေဝေ၊ ပရိဝါပါဠိတော်၌ပင်လျှင်။ (တစ်နည်း ကား) ဟေဋ္ဌာ၊ အောက်၌။ ဝုတ္တေ စ၊ ဆိုအပ်ပြီးသည်လည်းဖြစ်သော။ ဥပရိ၊ အထက်၌။ ဝက္ခမာနေ စ၊ ဆိုလတ့်သည်လည်းဖြစ်သော။ သုတ္တေ သုတ္တေဝေ၊ ပရိဝါပါဠိတော်၌ပင်လျှင်။ ဒိဿန္တိ၊ ထင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မကာမော၊

တရားကို အလိုရှိသော။ သုပေသလော၊ ကောင်းစွာချစ်အပ်သော သူတော်ကောင်းသည်။ ပရိဝါရံ၊ ပရိဝါပါဠိတော်ကို။ သိက္ခေ-သိက္ခေယျ၊ သင်ရာ၏။ က္လတိ၊ ဥဃျောဇဉ် ဤရွေ့ပြီးတည်း။

## ရွှေဥမင်နိဿယ ရေးသားချက်များ ဆင်ခြင်ဟု များစွာဖော်ပြခြင်း

ပရိဝါပါဠိတော်နိဿယသည်-

(၁) သက္ကရာဇ် ၉၉၁-ခုနှစ် ရတနာပုရအင်းဝမြို့တွင် နန်းတက်သော သီရိသုဓမ္မရာဇာ မဟာဓိပတိတံဆိပ်နာမံခံသော စစ်ကိုင်းမြို့ ရာဇမဏိစူဠာစေတီတော်ကြီး ဒါယကာ သာလွန်မင်းတရားလက်ထက် ''ဇမ္ဗူဒီပဓဇရာဇဂုရု'' ဘွဲ့တံဆိပ် တော်ရ ပခန်းကြီးမြို့ ရွှေဥမင်ဆရာတော်အရှင်ဇမ္ဗူဒီပဓဇ၏ ပရိဝါရပါဠိတော် နိဿယ။

(၂) တိပိဋကာလင်္ကာရမဟာရာဇဂုရုတောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသ၏ ပရိဝါပါဠိတော်နိဿယ။

(၃) ရှေးက ပရိဝါနံကျယ်နိဿယစသည်လည်း ရှိခဲ့လေသည်။

ဆရာတော်အရှင်ပညာသီဟသည် ဖော်ပြပါနိဿယများအနက် ရွှေဥမင်နိဿယနှင့် နံကျယ်နိဿယကို ကျနစွာကြည့်ရှု၍လည်းကောင်း, ဝိနည်းအဋ္ဌကထာ, ဋီကာစသည့်ကျမ်းဂန်များကို သေချာစေ‌ေ ကြည့်ရှု၍လည်းကောင်း ပရိဝါပါဠိတော်နိဿယကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။ အထူးသဖြင့် ရွှေဥမင်ဆရာတော်အရှင်ဇမ္ဗူဒီပဓဇ၏ပရိဝါပါဠိတော်နိဿယကို အစဉ်အတိုင်းကျနစွာ ကြည့်ရှု၍ ဆင်ခြင်ရန် ရှိသည်များကို ဆင်ခြင်ဟု ဖော်ပြ၍ ရေးသားတော်မူခဲ့လေသည်။ နမူနာအချို့ကိုလည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ရွှေဥမင်နိသျှဉ်ကား အရဟတာ၊ လူနတ်တို့၏ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓေန၊ သစ္စာလေးပါးတရားတို့ကို ကောင်းစွာ အပြားအားဖြင့် အလိုလိုသိတော်မူပြီးထသော။ တေနဘဂဝတာ၊ ထိုဘုရားမြတ်သည်။ ဇာနတာ-ဇာနန္တေန၊ ပညတ်ခြင်း၏အခါကိုသိတော်မူသဖြင့်။ ပဿတာ-ပဿန္တေန၊ ပညတ်ခြင်း၏ အကျိုးဆယ်ပါးကို မြင်တော်မူသဖြင့်။ ယံပဌမံပါရာဇိကံ၊ ကို။ ပညတ္တံ၊ ၏ဟူ၍ သမ္ဗန်၏။[၁]

---

၁။ ပရိဝါ၊ သျှ။ ၁၀။

ရွှေဥမင်နိသျဉ်ကား ဥဒ္ဒေသံ၊ ပြခြင်းသို့ဟူ၍ သမ္ဗန်၏။ ဥဒ္ဒေသံ အာဂစ္ဆတီတိ သရူပေန ဥဒ္ဒိသိတဗ္ဗတံ အာဂစ္ဆန္တိ- ဟူသောကဵအဌကထာ, ဥဒ္ဒိသီယတီတိ ဥဒ္ဒေသော၊ ဘာဝပ္ပဓာနောယံ နိဒ္ဒေသော၊ တေနာ ဥဒ္ဒိသိတဗ္ဗတန္တိ ဟူသော ဂုဏ်းဋီကာသစ်တို့နှင့်ဆင်ခြင်။[၁]

ရွှေဥမင်နိသျဉ်ကား ဒွိဟိ၊ ကုန်သော။ သမထေဟိ၊ သမထတို့ဖြင့်။ သမ္မတိ၊ ငြိမ်း၏။ သမ္မုခါဝိနယေ စ၊ မျက်မှောက်စီစစ်မေးမြန်းခြင်းတည်းဟူသော သမ္မုခါ ဝိနည်းဖြင့်လည်းကောင်း။ ပဋိညာတကရဏေန စ၊ ဟုတ်မှန်ပေ၏ဟု ဝန်ခံသဖြင့် လည်းကောင်း။ သမ္မတိ၊ ငြိမ်း၏။ ဟုသမ္ဗန်၏။ ဒွိဟိ သမထေဟိ သမ္မတီတိ သမ္မုခါဝိနယေန ပဋိညာတကရဏေနစာတိ ဒွိဟိ သမထေဟိ သမ္မတိ- ဟူသော အဌကထာနှင့်ဆင်ခြင်။[၂]

ရွှေဥမင်နိသျဉ်ကား ဥဒိနပစ္စဗန္ဓနေန ပတ္တေန ဥဒိနပစ္စဗန္ဓနပတ္တော၊ ငါးဖွဲ့ အောက် ယုတ်သော အဖွဲ့ရှိသော သပိတ်ရှိလျက် ဟူ၍သမ္ဗန်၏။ ဆင်ခြင်။[၃]

ရွှေဥမင်နိသျဉ်ကား သဉ္စိစ္စ၊ သတ်လိုသော စေတနာရှိ၍ ဟူ၍သမ္ဗန်၏။ သဉ္စိစ္စာတိ သံစေတေတွာ သဒ္ဒိံ စေတေတွာ ပါဏောတိ သညာယ သဒ္ဒိံယေဝ ဝဓာမိ နန္တိ ဝဓကစေတနာယ စေတေတွာ ပကပ္ပေတွာ ဟူသော ကဵအဌကထာ။ ပကပ္ပေတွာတိ ဝဓာမိနန္တိ ဇဝံ စိတ္တေန ပရိစ္ဆိန္ဒိတွာ- ဟူသော သာရတ္ထဒီပနီ, ဝိမတိတို့နှင့်ဆင်ခြင်။[၄]

ရွှေဥမင်နိသျဉ်ကား သံဘုဥ္စန္တဿ၊ အတူစားသောက်ပြုသော ရဟန်းဟူ၍ သမ္ဗန်၏။ - - ကဵအဌကထာ, - ဂုဏ်းဋီကာသစ် ဝိနိစ္ဆယဋီကာတို့နှင့် ဆင်ခြင်[၅]

ရွှေဥမင်နိသျဉ်ကား တထာ၊ ထိုအခြင်းဖြင့်။ နာသိတသမဏုဒ္ဒေသံ၊ လိင်ဖြင့် ဖျက်ပြီးသောသာမဏေဟု သမ္ဗန်၏။ - - - ဆင်ခြင်။[၆]

ရွှေဥမင်နိသျဉ်ကား တဟံ တဟံ၊ ထိုမှဤမှ ဟူ၍ သမ္ဗန်၏။ - - - ဆင်ခြင်။[၇]

---

၁။ ပရိဝါ၊ သျှ။ ၁၁။
၂။ ပရိဝါ၊ သျှ။ ၁၃။
၃။ ပရိဝါ၊ သျှ။ ၃၃။
၄။ ပရိဝါ၊ သျှ။ ၅၁။
၅။ ပရိဝါ၊ သျှ။ ၅၃-၅၄။
၆။ ပရိဝါ၊ သျှ။ ၅၄။
၇။ ပရိဝါ၊ သျှ။ ၆၄။

ရွှေဥမင်နိသျှဉ်ကား ဥဋ္ဌာနသည်ီ၊ ကဲ့ရဲ့လိုသောအမှတ်ဖြင့်ဟူ၍ သမွန်၏။ အုဋ္ဌကျောင်းဆရာတော်လည်း ဥဋ္ဌာနသည်ီ၊ ကဲ့ရဲ့လိုသောအမှတ်ရှိသည်ဖြစ်၍ ဟူ၍ သမွန်၏။

ဥဋ္ဌာနေ သညာ ဥဋ္ဌာနသညာ၊ သာ အဿ အတ္ထီတိ ဥဋ္ဌာနသညီ ဟူသော ကဝ်ီအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ။ ဥဋ္ဌာယတိ ဓောနာတိ ဥဋ္ဌာနံ စိတ္တံ။ တသ္မိံ သညာ ဥဋ္ဌာနသညာတိ အာဟ ဥဋ္ဌာနသညီတိအာဒိ ဟူသော ကင်္ခါဋီကာသစ်။ အဝမညိတွာ ဈာယနစိတ္တံ ဥဋ္ဌာနံ၊ ဥဋ္ဌာနေ သညာ ဥဋ္ဌာနသညာ၊ သာ အဿ အတ္ထီတိ ဝိဂ္ဂဟော ဟူသော ဝိနိစ္ဆယဋီကာတို့နှင့်ဆင်ခြင်။[၁]

ဇတုမဋ္ဌကေ၊ ချိပ်ဖြင့်ပြုအပ်သော ချောမွေ့ပြေပြစ်သော အချောင်းအတံဖြင့် ထိုးခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

ရွှေဥမင်နိသျှဉ်ကား ဇတုမဋ္ဌကေ၊ ချိပ်ဖုဖြင့်ထိုးခြင်းကြောင့်ဟူ၍ သမွန်၏။ အုဋ္ဌကျောင်းဆရာတော်ကား ဇတုမဋ္ဌကေ၊ အပြေအပြစ်ပြုသောချိပ်ချောင်းဖြင့် ပဿာဝမဂ်ကို ထိုးခြင်းကြောင့်ဟူ၍သမွန်၏။ ''ဇတုမဋ္ဌကေတိ ဇတုနာ ကတေ မဋ္ဌဒဏ္ဍကေ''ဟူသော ဘိက္ခုနီဝိဘင်း အဋ္ဌကထာ, ကင်္ခါအဋ္ဌကထာ။ ''ဇတုမဋ္ဌကံ နာမ ဇတုနာ ကတော မဋ္ဌဒဏ္ဍကော''ဟူသော ဝိနိစ္ဆယဋီကာတို့နှင့်ဆင်ခြင်။[၂]

ရွှေဥမင်နိသျှဉ်ကား သံဝိဓာနေနစ၊ သံဝိဓာနသမုဋ္ဌာန်။ သဟ၊ တကွ။ ဟူ၍သမွန်၏။ ---ဆင်ခြင်။[၃]

ရွှေဥမင်နိသျှဉ်ကား လဟုကာဂရု၊ နှစ်ကံသခွဲထိုက်သော ပေါ့သောအရုံကို တောင်းသောသိက္ခာပုဒ်။ လေးကံသထိုက်သော လေးသောကမ္ဗလာအရုံကို တောင်းသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဟူ၍ သမွန်၏။ --ဆင်ခြင်။[၄]

ရွှေဥမင်နိသျှဉ်ကား ဗျူဟေန၊ ထုတ်ချင်းမထွင်းသောခရီး၌ ယောက်ျားနှင့် တကွရပ်သော သိက္ခာပုဒ်နှင့်။ သဟ၊ တကွ။ ဓေသတ္တသိက္ခာပဒါ၊ တို့သည်။ ဟူ၍ သမွန်ပြီးလျှင် မ-ပစ္စည်းကား အနက်မရှိဟုမှာ၏။ သမုဋ္ဌာန်တစ်ပါးတို့၌ သချာနှင့်ချည်းဆိုသည်ကိုထောက်လျှင် သင့်ရာ၏။ ''ဗျူဟေန သတ္တမတ္တိ ဣဒံ တဒနန္တရမေဝ ရထိကာယ ဝါ ဗျူဟေန ဝါ ပုရိသေန သဒ္ဓိံ အာဂတသိက္ခာပဒံ သန္ဓာယ ဝုတ္တံ'' ဟူသော အဋ္ဌကထာနှင့် ဆင်ခြင်လေဦး။[၅]

---

၁။ ပရိဝါ၊ သျှ။ ၆၇။
၂။ ပရိဝါ၊ သျှ။ ၈၉။
၃။ ပရိဝါ၊ သျှ။ ၁၂၀။
၄။ ပရိဝါ၊ သျှ။ ၁၂၅။
၅။ ပရိဝါ၊ သျှ။ ၁၃၃။

ရွှေဥမင်နိသျှဉ်ကား ဂရုကရဏော၊ သီတင်းသုံးဖော်တို့၏ လေးမြတ်ခြင်းကို ပြုတတ်သော ဟူ၍သမွန်၏။ ဂရုံ ဂရုဋ္ဌာနိယံ ကရောတီတိ ဂရုကရဏော ဟူသော သာရတ္ထနှင့်ဆင်ခြင်။[၁]

ရွှေဥမင်နိသျှဉ်ကား သီတင်းသုံးဘော်တို့ကို ထောက်ပံ့သင်္ဂြိုဟ်စေခြင်းငှါ ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၂]

ရွှေဥမင်နိသျှဉ်ကား သာရဏီယော၊ အသက်ထက်ဆုံး အောက်မေ့ အပ်သော ဟူ၍သမွန်၏။ – – – ဆင်ခြင်။[၃]

ရွှေဥမင်နိသျှဉ်ကား ဓမ္မိကာ၊ တရားနှင့်လျော်ကုန်သောဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၄]

ရွှေဥမင်နိသျှဉ်ကား ပတ္တပရိယာပန္နမတ္တမ္ပိ၊ သပိတ်လဲမျှရသော်လည်း ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၅]

ရွှေဥမင်နိသျှဉ်ကား အခဏ္ဍာနိ။ မပြတ်ကုန် ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၆]

အသဗလာနိ၊ မပျောက်ကုန်။ အကမ္မာသာနိ၊ မကျားကုန် ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၇]

ရွှေဥမင်နိသျှဉ်ကား သီလသာမညဂတော၊ သီလ၏တူသည်၏အဖြစ်သို့ ရောက်သည်ဖြစ်၍ ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၈]

ရွှေဥမင်နိသျှဉ်ကား မူလမေဝ၊ ဝိဝါဒမူလ ဟူ၍ သမွန်၏။ နံကျယ်နိသျှဉ်လည်း ၎င်းနည်းသမွန်၏။[၉]

ရွှေဥမင်နိသျှဉ်ကား သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့် ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၁၀]

---

၁။ ပရိဝါ၊ သျှ။ ၁၄၁။
၂။ ပရိဝါ၊ သျှ။ ၁၄၁။
၃။ ပရိဝါ၊ သျှ။ ၁၄၂။
၄။ ပရိဝါ၊ သျှ။ ၁၄၂။
၅။ ပရိဝါ၊ သျှ။ ၁၄၂။
၆။ ပရိဝါ၊ သျှ။ ၁၄၃။
၇။ ပရိဝါ၊ သျှ။ ၁၄၃။
၈။ ပရိဝါ၊ သျှ။ ၁၄၄။
၉။ ပရိဝါ၊ သျှ။ ၁၄၉။
၁၀။ ပရိဝါ၊ သျှ။ ၁၅၂။

ရွှေဥမင်နိသျှဉ်ကား ဟောန္တိသိယာ၊ ဖြစ်ကုန်သည်လည်းဖြစ်ရာ၏ ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၁]

ရွှေဥမင်နိသျှဉ်ကား ဝတ္တုဝသေန၊ ဖြင့်။ ဣမေသတ္တသမထာ၊ တို့သည်။ ပရိယာယေန၊ ဖြင့်။ ဒသသမထာ၊ တို့သည်။ ဟောန္တိ ဖြစ်ကုန်၏။ ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၂]

ရွှေဥမင်နိသျှဉ်ကား သမထာ၊ တို့သည်။ သမထဿ၊ အား။ သာဓာရဏာ၊ ကုန်သည်လည်း။ သိယာ– ဘဝေယျု၊ ရာ၏။ ဟူ၍ သမွန်၏။ သဗ္ဗေ သမထဿ သိယာ သာဓာရဏာ ဟူသော ဝဇီရနှင့်ဆင်ခြင်။ ဝုစ်လည်း မတန်။[၃]

ရွှေဥမင်နိသျှဉ်ကား ယတ္ထ ယသ္မိံ သမယေ၊ ၌။ ဟူ၍ သမွန်ပြီးလျှင် ဋီကာအလို တည်းဟု မှာ၏။ ဋီကာတို့၌ မထင်။[၄]

ရွှေဥမင်နိသျှဉ်ကား ယသ္မိံသမယေ၊ ၌။ သမ္မုခါဝိနယေန၊ နည်းဖြင့် လည်းကောင်း။ ယေဘုယျသိကာယ စ၊ ယေဘုယျသိကဖြင့်လည်းကောင်း။ အဓိကရဏံ၊ သည်။ ဝူပသမ္မတိ၊ ၏။ – – – ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၅]

ရွှေဥမင်နိသျှဉ်ကား နှစ်ချက်ပင် သမွန်၏။ ဋီကာကြီးသုံးဆောင်တို့၌ကား တချက်သာရှိ၏။[၆]

ရွှေဥမင်နိသျှဉ်ကား သမထာ၊ တို့သည်။ သမထေဟိ၊ တို့နှင့်။ သမ္ပန္တိ– ဝူပသမံ ဂစ္ဆန္တိ၊ ငြိမ်းခြင်းသို့ ရောက်ကုန်သလော။ သမွန်၏။ – – – ဆင်ခြင်။[၇]

ရွှေဥမင်နိသျှဉ်ကား ယေဘုယျသိကာ၊ သည်။ သမ္မုခါဝိနယေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ သမတိ– ဝူပသမံ ဂစ္ဆတိ၊ ငြိမ်းခြင်းသို့ရောက်၏။ ဟူ၍ သမွန်၏။ – – – ဆင်ခြင်။[၈]

ဤသို့စသည်ဖြင့် ရွှေဥမင်ပရိဝါပါဠိတော် နိဿယအဆိုများစွာတို့ကို အဋ္ဌကထာ ဋီကာသာစကဆောင်ပြ၍ ဆင်ခြင်ဟူ၍ ဖော်ပြထားသည်မှာ ရာနှင့်ချီ တွေ့ရလေသည်။

---

၁။ ပရိဝါ၊ သျှ။ ၁၅၇။
၂။ ပရိဝါ၊ သျှ။ ၁၅၈။
၃။ ပရိဝါ၊ သျှ။ ၁၅၉။
၄။ ပရိဝါ၊ သျှ။ ၁၆၀။
၅။ ပရိဝါ၊ သျှ။ ၁၆၂။
၆။ ပရိဝါ၊ သျှ။ ၁၆၃။
၇။ ပရိဝါ၊ သျှ။ ၁၆၄။
၈။ ပရိဝါ၊ သျှ။ ၁၆၅။

## စကားအရာ လိမ္မာကျွမ်းကျင်ခြင်း

သစ်ဆိမ့်ဆရာတော်ဘုရားကြီး အရှင်ပညာသီဟသည် စကားအရာ၌ လွန်စွာ လိမ္မာကျွမ်းကျင်တော်မူသည်။ သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏ မိန့်ကြားတော်မူချက်တို့မှာ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သည်။ ဖတ်ရှုကြားနာသူတို့အား အသိပညာတိုးပွားစေတတ်သည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ၁။ သဒ္ဒါအဘိဓာန်ထူးဟန်ကို "သာခံ ဩလောကေတိ" ဟူသောပါဋ္ဌိဖြင့် သိစေရန်ဖြေဆိုတော်မူခြင်း

တပါးသောအခါ၌ မန္တလေးရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသံဃိယနာတင် ဘဝရှင်မင်းတရားကြီးသည် "ပညာသီဟသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်နာမံ အလှူတော်အပူဇော်ခံရသော မန္တလေးမြို့ မြောက်ပြင် ခေမိကာရာမတိုက် သစ်ဆိမ့်ဆရာတော်ဘုရားကြီးကို နန်းတော်သို့ပင့်၍ သင့်တင့် လျောက်ပတ် ကောင်းမြတ်ဘွယ်ရာသော ဘောဇဉ်ဆွမ်းတို့ကို လှူဒါန်းဆက်ကပ် ပြီးနောက် အရှင်ဘုရား "သဒ္ဒါကျမ်းကို တတ်သောသူနှင့် အဘိဓာန်ကျမ်းကို တတ်သောသူနှစ်ဦးတို့သည် အထူးအားဖြင့် ဘယ်သူက သာပါသနည်းဘုရား" ဟု လျှောက်ထားလျှင် သစ်ဆိမ့်ဆရာတော်ဘုရားက တကာတော်ကေရာဇ်မင်းမြတ် ဆရာတော် ဥပမာတခု ပုံဝတ္ထုပြောမည်၊ သဘောစိုက်တော်မူလေလော့ မိန့်ဆိုကာ မြွက်ကြားတော်မူလေသည်။

ရှေးသောအခါက ကျောင်းတကျောင်းတွင် ပျော်ရွှင်နှလုံး သီတင်းသုံးသော ဘုန်းကြီးတပါးမှာ ခစားပြီးပညာရင်နို့ သောက်စို့မှီဝဲသဟဲနိသျှပြု၍ နေထိုင်ကြသော သာမဏေနှစ်ပါးတို့တွင် တစ်ပါးက သဒ္ဒါကြီးကစ္စည်းကျမ်း၌ ဆုံးခန်းတိုင်ရောက် တတ်မြောက်လိမ္မာ၏။ တစ်ပါးက အဘိဓာန်ကျမ်းကို ကောင်းစွာရမိလျက် အနက် ပေးရန် လျင်မြန်သော ဉာဏ်စွမ်းရှိလေသည်။

တနေ့တော့ ဆရာဘုန်းတော်ကြီးကလည်း သာမဏေနှစ်ပါးကို ခေါ်၍ တောလည်သွားကြရာ မိန်းမတယောက်သည် ချုံအောက်၌ထိုင်၍ အင်္ဂဇာတဒဿန အမှုပြု၍ နေသည်ကို ဆရာတော်မထေရ်ကြီးမြင်သဖြင့် ကိုရင်သာမဏေတို့၏ ဉာဏ်ရေးကို စမ်းအံ့ဟု နှလုံးထားလျက် တောတွင်းမှ ကျောင်းသို့ပြန်လေသတည်း။ ကျောင်းသို့ရောက်သောအခါ ဆရာမထေရ်ကြီးက အနီးသို့ သာမဏေတို့ကို ခေါ်၍

စကားဤသို့ဆိုသတဲ့။ အို သာမဏေငယ်တို့ . . . တောလည်ရာ၌ ဆရာကြီး သည်မှာ "သာခံ ဩလောကေတိ" ဤပါဠိ၏အနက်ကို အကွက်ကျမထင် ငါမမြင် သောကြောင့် အလျင်အနက်သမ္ဗန်ကြံစမ်းလော့ဟု သဘောကိုသိရအောင် ကြံဆောင်၍ မေးလေသတည်း။

ထိုအခါ အဘိဓာန်ကျမ်းကို ဆောင်စွမ်းရမိသူ သာမဏေလေးက "သာ၊ ခွေးသည်။ ခံ၊ ကောင်းကင်ကို။ ဩလောကေတိ၊ ကြည့်၏" ဤသို့ အနက်ပေး သောအခါ ဆရာဘုန်းတော်ကြီးက သင်ပေးသည့်အနက်သည် အချက်မသင့် သေးဟု မိန့်ဆိုရာ သဒ္ဒါတတ်သော သာမဏေလေးက "သာဣတ္ထိ၊ ထိုမိန်းမသည်။ ခံ-အင်္ဂဇာတံ၊ မိမိရုပ်သကတ်အင်္ဂါဇာတ်ကို။ ဩလောကေတိ-အဝလောကေတိ၊ အောက်သို့ ငုံ့၍ကြည့်၏" အနက်ပေးလေသည်။

ဤသို့သဒ္ဒါတတ်သော သာမဏေကလေးအနက်ပေးလျှင် အေး . . . သင့်လျော်ပေစွ ဟု ဆရာဘုန်းတော်ကြီးကဆိုသတဲ့ တကာတော်ကေရာဇ်မင်းမြတ်။

ဤအရာကိုထောက်လျှင် အဘိဓာန်ကိုသာ တတ်မြောက်က အနက် လောက်ကိုသာ မြင်စွမ်းနိုင်သည်။ သဒ္ဒါကြီးကစွည်းကျမ်းမြတ်မှ ရုပ်ဓာတ်ပစ္စည်း ပုဒ်ဗျည်းအက္ခရာ မသိပါက နေရာတကျ မဖြစ်နိုင်သည်ကို သိရာသည်။

သို့သော်လည်း သဒ္ဒါကိုသာတတ်လျက် အဘိဓာန်ကျမ်းကို ဆောင်စွမ်း လေ့လာခြင်းအမှုကို မပြုပါကလည်း အတ္ထယောဇနာအနက်၏အရာ၌ ကောင်းစွာ လိမ္မာနိုင်မည်မဟုတ်ပေ၊ သို့ဖြစ်လေ၍ ယထာရဟ အရာဌာနအားလျော်စွာသာ သိမြင်ရသော သဘောဖြစ်၍ သဒ္ဒါ၊အဘိဓာန် နှစ်တန် နှစ်မျိုးလုံးပင် သိမ်းကျုံး၍ တတ်မှ သင့်မြတ်မည်ဖြစ်ကြောင်း။ ထို့ကြောင့် ရှေးသူတော်ဟောင်းတို့သည်။

"သဒ္ဒါမသန် မောဂ္ဂလာန်၊ ဝိဂြိုဟ်မသန် ဂဠုန်ပျံ၊ အနက်မသန် အဘိ ဓာန်"ဟူ၍ ဆိုစမှတ်ကြကုန်သည်။ သည်မှတစ်ပါး သဒ္ဒါတတ်မှ စာတတ် မြောက် ကြောင်းကို ရှေးသူဟောင်းတို့သည်-

**"သဒ္ဒတ်မတာ စတ်မတာ၊ သဒ္ဒတ်တာမှ စတ်တာသည်။**
**စတ်တာတော့ စောပါရော့၊ စောပါတော့ စာပေါ်ရော့။**

"စာပေါ်တော့ အပြာသောရော့။ အပြာသောတော့ အပြောသာရော့" ဟုဆိုကြကြောင်း အမိန့်ရှိသောအခါ မင်းတရားကြီးနှင့်တကွ များစွာသော မှူးမတ် အပေါင်းတို့သည် သောင်းသောင်းအုတ်အာ ထောမနာ၍ အလွန်တရာ သဘောကျ ကြလေကုန်သတည်း။

ပညာသီဟော မဟာထေရော၊ သစ်ဆိမ့်အာရာမ ဣဿရော။
ကုသလော နေကဂန္ထေသု၊ ကထာသု ဝိဝိဓာသု စ။

## ၂။ "မယားဖြစ်မှု အပြစ်ယူ ရန်သူမှတ်အပ်သည်" ဟူသော စကားကိုထင်ရှားအောင် မိန့်တော်မူခြင်း။

တစ်ပါးသောအခါ မန္တလေးရတနာပုံမြို့တည် နန်းတည်ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မန္တလေးမြို့မြောက်ပြင် ခေမိကာရာမတိုက်၌ သီတင်း သုံးတော်မူသော "ပညာသီဟသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ တော်ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးကို နန်းတော်သို့ပင့်လျက် သင့်တင့် ကောင်းမြတ် လျောက်ပတ်ဘွယ်ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ် ပြီးသောအခါ အရှင်ဘုရား . . . "ယခုလောက၌ မယားဟူသည် ရန်သူမည်၏" ဟု ဆိုစမှတ်ပြုကြပါသည်။ အဘယ်ကဲ့သို့ အပြစ်ယူလျက် ရန်သူမှတ်ရပါမည်နည်း ဟု လျှောက်၏။ ထိုအခါ သစ်ဆိမ့်ဆရာတော်ဘုရားကြီးက တကာတော်ကေရာဇ် မင်းမြတ် ဆရာတော်ပုံတခုပြောမည်၊ သဘောစိုက်၍ နာဦးလော့ ဟု ဆိုမိန့်ကြား လေသည်။

ရှေးသောအခါ ဇရာရင့်ပြီး သေခါနီးသော အဘိုးကြီး, အမယ်ကြီး လင် မယားတို့သည် သားသမီးနှင့်တကွ လုပ်ခင်းဆောင်တာ လယ်ယာစပါး, သခွါး, ဖရဲ, ပြောင်း, ပဲ, လူး, ဆတ် ဘယ်မလပ်အောင် စိုက်ပျိုးအပ်လျက် ပေါင်းထိုး သုတ်သင်၍ နေကြသောအခါ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းတရားသည် တော ကစားအံ့သောငှါ နောက်ပါအဘော်မခေါ် ကျေးကျွန်တကိုယ်ရေဖြင့် လှည့်လည် လာရာ တောမှာလုပ်ကိုင်၍နေကြသော အဘိုးကြီး, အမယ်ကြီးတို့ ချွေးစီးယိုကျ ဒုက္ခဖြစ်ပုံ အလုံးစုံကို မြင်ရ၍ ဘုရင်မင်းမြတ်က "အဘိုးကြီးတို့ သေခါလည်း နီးလှပေါ့ လုပ်သီးဆောင်တာ များစွာတန်တန် အပင်ပန်းခံကြသည်မှာ ဥစ္စာလိုလား လောဘကို ရှေ့ထားလျက် ကြိုးစားကြသည်မဟုတ်ပါလော"ဟု မေးတော်မူသတဲ့။

ထိုအခါ အဘိုးကြီးက "အမောင်ဘကြီးတို့မှာ ကုန်စရာများသောကြောင့် ကြိုးစားရပါသည်" ဟုဆိုလျှင် ပြည့်ရှင်မင်းကြီးက ဘကြီး အဘယ်အတွက်ကြောင့် ကုန်စရာ များလေသနည်းဟု တဖန်မေးမြန်းသောအခါ အမောင်ဘကြီးတို့မှာ–

၁။ ခိုးမှုကြီးကိုလည်း ပေးရပါသည်။

၂။ အာဂန္တုက ချေးသည်ကိုလည်း ရက်ရှည်များစွာ ကျွေးရပါသည်။

၃။ ကျယ်ဝန်းလှစွာ သမုဒ္ဒရာသို့လည်း ပစ်ရပါသည်။

၄။ အမြဲအတူ ကိုယ့်ရန်သူတို့ကိုလည်း ကြည်ဖြူစွာ လုပ်ကျွေး၍ မွေးရပါသည်။

ဟု ပြောလေလျှင် ဘုရင်မင်းတရားက ဤစကားလေးမျိုးသည် ထူးထွေဆန်းကြယ်သော စကားဖြစ်ပေသည်။ စင်စစ်ထင်ရှားအောင် အဘိုးကြီးအား မေးမည်ဟု ကြံပြီးကာ ဘကြီး "ယခုပြောကြားသော စကားလေးမျိုး၏ အဓိပ္ပါယ် အကျယ် သိသာအောင် ပြောပါဦးလော့"ဟု တိုက်တွန်းလေရာ အဘိုးကြီးက ပြောသည်မှာကား–

အမောင် ဘကြီးပြောကြားသော စကားလေးမျိုးတွင် "ခိုးမှုကိုပေးရသည်" ဆိုသောစကားမှာ ဓားပြ, သူခိုး, လူဆိုး, မုဒိန်း, ကင်းငြိမ်းချမ်းသာစေရန် စီမံစောင့်ရှောက်သော တိုင်းပြည်ရဲ့အရှင်ဘုရင်မင်းမြတ်အား ခွန်သွင်းဆက်သရသည်ကို ရည်၍ဆိုပါသည်။

"အာဂန္တုက ချေးသည်ကိုလည်း ရက်ရှည်များစွာ ကျွေးရပါသည်" ဆိုသည်မှာ မိမိကမွေးဘွားသော သားသမီးတို့သည် မကြီးခင်ကာလ အိမ်ထောင်မကျခင်စပ်ကြားမှာ မိဘများကို မှီတွယ်လျက် အရွယ်ရောက်က ဆင်းသွားကြသဖြင့် ခဏမျှ လာရောက်သည့်ချေးသည်ကို ကျွေးရသည်နှင့်တူသောကြောင့် ချေးသည်ကို ကျွေးရသည်ဟု ဆိုပါသည်။

"ကျယ်ဝန်းလှစွာ သမုဒ္ဒရာသို့လည်း ပစ်ရပါသည်" ဆိုသည်မှာ သမုဒ္ဒရာဝမ်းတစ်ထွာဆိုသော စကားရှိသောကြောင့် မိမိ၏ဝမ်းကို ရည်၍ဆိုပါသည်။

"အမြဲအတူ ကိုယ့်ရန်သူတို့ကိုလည်း ကြည်ဖြူစွာ လုပ်ကျွေး၍ မွေးရပါသည်" ဆိုသည်မှာကား မိမိနှင့်ပေါင်းသင်းနေထိုင်သူ မယားသည် အပါယ်လေးပါးသို့ ကျရောက်စေတတ်သဖြင့်လည်းကောင်း, မကောင်းသော တေဘူမကဒုက္ခနှင့် တွေ့စေတတ်သဖြင့်လည်းကောင်း, မုချလောင်ပူ ရန်သူနှင့်တူသောကြောင့် ရန်သူကို ကျွေးရသည်ဟု ဆိုလိုပါသည်။

ဤကဲ့သို့ ပြန်ကြားပြောဆိုလျှင် ဘုရင်ပြည့်ရှင်မင်းသည် ဝမ်းတွင်းကြည်နူး အထူးနှစ်သက်၍ အချက်ပေးသည်မှာ ဘကြီး သင်ယခုပြောစကားကို မည်သူအားမျှ ပြောကြားဖြေဆိုခြင်းကို မပြုပါလင့်၊ ကျွန်ုပ်သည်ကား အခြားမဟုတ် ဗာရာဏသီ ပြည်ကို ထီးစည်နှင့်တကွ အစိုးရသော ပြည့်ရှင်မင်းကြီး ဖြစ်ပါသည်။ ကျွန်ုပ်၏အမိန့် တော်ကို မနာမယူ အခြားသူတစုံတယောက်အား ပြောကြားခဲ့သော် အသက်ဆုံး စီရင်မည်ဟု အမိန့်တော်မှတ်၍ နန်းရပ်သို့ ပြန်လေ၏။

နန်းတော်သို့ ရောက်ပြီးနောက် မှူးမတ်ဗိုလ်ပါ ညီလာခံသဘင် စုံလင်သော အခါ တွေးတောဆင်ခြင်၍ နာကုန်လော့၊ သတ္တဝါအမျိုးမျိုးတို့မှာ–

၁။ ခိုးမှုကြီးကိုလည်း ပေးရသည်။

၂။ အာဂန္တုက ဧည့်သည်ကိုလည်း ရက်ရှည်များစွာ ကျွေးရသည်။

၃။ ကျယ်ဝန်းလှစွာ သမုဒ္ဒရာသို့လည်း ပစ်ရသည်။

၄။ အမြဲအတူ ကိုယ့်ရန်သူတို့ကိုလည်း ကြည်ဖြူစွာ လုပ်ကျွေး၍ မွေးရသည်။

ဤလေးပါးသော ပြဿနာအချက်ကို ခုနစ်ရက်အတွင်း ပြေလည်အောင် ဖြေဆိုကြ ရမည်။ မဖြေဆိုနိုင်သူကို ရာဇဝတ် မင်းပြစ်မင်းဒဏ်နှင့်တကွ ရာထူးမှနှုတ်မည်ဟု အမိန့်တော်မှတ်လေလျှင် မှူးမတ်တို့ဝန်ခံ၍ အိမ်သို့ပြန်လာကြပြီးသော် ဆင်ခြင် စဉ်းစားသည်မှာ အသပြာတထောင်ပေး၍ အမေးပုစ္ဆာပြဿနာ၏အဖြေကို ရှာအံ့ဟု ကြံစည်ပြီးကာ အသပြာတစ်ထောင်ထုပ်လျက် လှည့်လည်ရှာဖွေလျှင် ယခင်က ယာလုပ်သူအဘိုးကြီး၏ နေအိမ်သို့ရောက်သောအခါ ဖြစ်သမျှသောအကြောင်း အရာကိုပြောပြ၍ ပြဿနာဖြေဆိုနိုင်သူသည် အသပြာထောင်ထုပ်ကို ယူလေ လော့ဟုဆိုလျှင် ယခင်အဘိုးကြီး၏ မယားအမယ်ကြီးက ထိုအသပြာကို လိုချင် လာသည်နှင့် ပြဿနာ၏အဓိပ္ပါယ်ကို အကျယ်ပြောပြလေလျှင် အမတ်ကြီးသည် သဘောကျသဖြင့် အသပြာကိုပေး၍ ပြန်လေ၏။

ခုနစ်ရက်လည်သောအခါ ပြဿနာယူနည်းကို အမတ်ကြီးက သိရှိပြီး အတိုင်း ဖြေဆိုလျှင် ဘုရင်မင်းကြီးက သင်အမတ်ကြီးသည် ဖြေနည်းကို အဘယ်မှ ရသနည်းဟု မေးတော်မူသောခါ တောင်ယာလုပ်သူ အဘိုးကြီး၏အထံမှ အမှန်ကို ရခဲ့ပါကြောင်းနှင့် သံတော်ဦးတင်လျက် အသျှင် နန်းတော်မှ ပြန်သွားလေသတည်း။

ထိုနောက် ပြည့်ရှင်ဘုရင်မင်းမြတ်သည် တောက အဘိုးကြီးနှင့်အမယ်ကြီး တို့ကိုခေါ်၍ ရှေ့တော်၌ မေးသည်ကား –

အသင်အဘိုးကြီးသည် နည်းကောင်း ပုစ္ဆာပြဿနာကိုလာ၍ မေးငြားသော်လည်း အဘယ်သူအားမျှ မပြောကြားလင့်ဟုမှာသည်ကို မနာမယူမငဲ့မကွက် အဘယ့်အတွက်ကြောင့် သင်ပြောရသနည်းဟု မေးတော်မူသောအခါ အဘိုးကြီးက ဘုရားကျွန်တော် မပြောမကြား မယားဖြစ်သူအမယ်ကြီးသည် ဤနည်းကို ပြောလိုက်ပါကြောင်းနှင့်တင်လေရာ မိမိကရှာကြံ၍ ကျွေးရသောမယားကိုမှ မနိုင်ဘဲ ရှိရလေသလော့ ဟုဆိုလျှင် အရှင်၏ပြဿနာလေးပါးတွင် မယားဟူသည် ရန်သူမည်ကြောင်းကို ရှေးတင်ဟောင်းစကား ရှိပါသည်ဟုလျှောက်မှ နောက်နောက်က အကြောင်းများကို စဉ်းစားပြီးလျှင် အဘိုးကြီး ဟုတ်မှန်ပါပေသည်။ ငါ့ရန်သူ ငါမသိ ရှိချေသည်ဆိုလျက် ထိုအဘိုးကြီးကို ပြန်၍လွှတ်သတဲ့– သာသနဒါယကာ မဟာကေရာဇ်မင်းမြတ်။

ဤအတူ ယခုကေရာဇ်မင်းမြတ်မှာလည်း မိမိ၏ရန်သူကို မိမိမသိဘဲ မရှိစေနှင့် များစွာသော မိဖုရားမောင်းမမိဿံ အခြွေအရံတို့သည် အမှန်စင်စစ်အားဖြင့် ဘုံသုံးပါးဟူသော သံသရာဝဲသို့ ဆွဲငင်ချတတ်လေသောကြောင့် ကေန္တရန်သူဟူ၍ မှတ်ယူရသည် သာသနဒါယကာမဟာကေရာဇ်မင်းမြတ်။

ဤကဲ့သို့ ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသောအခါ မင်းတရားကြီးဘုရားသည် များစွာနှစ်သက်တော်မူလေသတည်း။

သံဂီတိယာ ဒါယကမ္ဘိ၊ ရတနာပုဏ္ဏမာပကံ။
မင်းတုန်းဝှာဘူပါလံ ထေရော၊ နိစ္စယီပိတိ သံယုတံ။

## ၃။ "မကောင်းမှုပြုသောအခါ ဆိတ်ကွယ်ရာရှိ မရှိ" ဟူသောအမေးကို မနေးလွယ်ကူ ဖြေဆိုတော်မူခြင်း

တရံရောအခါ မန္တလေးရတနာပုံမြို့တည် နန်းတည် ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မန္တလေးမြို့မြောက်ပြင် ခေမိကာရာမကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော "ပညာသီဟသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံရှိတော်မူသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးကို ရွှေနန်းတော်သို့ပင့်၍ သင့်တင့်မွန်မြတ် လျောက်ပတ်တင့်တယ်ဘွယ်ရာသော ဘောဇဉ်ဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးလေလျှင် လျှောက်သည်မှာကား အရှင်ဘုရား အကုသလပါပ ကမ္မအစု မကောင်းမှုကို ပြုကြသောသူတို့အား သူတပါးမမြင်သာသော ဆိတ်ကွယ်ရာအရပ်ဟူ၍ ရှိပါသလောဟု စောကြောလျှောက်ထား၏။

ထိုအခါ သစ်ဆိမ့်ဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ သာသန ဒါယကာမဟာကေရာဇ်မင်းမြတ် ယခုလောက၌ ပါပကမ္မအစု မကောင်းမှုကို ပြုကြသူတို့အား သူတပါးမမြင်သာသော ဆိတ်ကွယ်ရာ အရပ်ဟူ၍ မရှိသည်ကို ဤသို့သိအပ်၏။

ရှေးသောအခါ ရွာတရွာမှာ သဟာယအပေါင်းအသင်းသူငယ်ချင်းဖြစ်သူ လူနှစ်ဦးတို့သည် အထူးအားဖြင့် ယုံကြည်အားကိုးလျက် ဥစ္စာတိုးပွားရန်အလို့ငှာ မိမိတို့ရွာမှခွါ၍ အခြားမြို့ရွာတို့၌ ဥစ္စာပစ္စည်းကို ဆည်းပူးရှာကြံကြရာ အသပြာ အနည်းငယ်စီ ရကြသောကြောင့် မိမိတို့ဒေသအရပ်သို့ အပြန်တွင် မရောက်ခင်ခရီး အကြား၌ အမောအပန်းများဖြေ၍ နားနေကြသောအခါ ယုတ်မာသော မိတ်ဆွေ ဖြစ်သူတယောက်လူသည် အမှုဘောက်ပြားလျက် တစ်ယောက်အားသတ်ကာ ပစ္စည်းစုကိုယူပြီးလျှင် အရပ်သို့ပြန်လေသတည်း။ အရပ်သို့ရောက်သောအခါ ရပ်ရွာ နေရင်းက သူငယ်ချင်းအသတ်ခံပြီး သေရရှာသူ၏ မယားသည် စကားအကြောင်း အလုံးစုံကို အကုန်မေးလေလျှင် အရပ်တွင် ဖျားနာ၍ သေရာရစ်ကြောင်းနှင့် မကောင်းကြံစည်လိမ်လည်၍ ပြောကြားလေလျှင် မယားသားတို့သည် များစွာ ငိုကြွေးလျက် အိမ်သို့ပြန်ကြလေကုန်သတဲ့။

ထိုအခါ သတ်ခဲ့သောသူက ကြည်ဖြူစွာ သားမယားတို့နှင့် စားသောက် နေထိုင်ကြရာ တစ်နေ့သော ညဉ့်အခါ လသာသာတွင် ကြမ်းပြင်သို့ထွက်၍ ပက်လက်နေရင်းက လမင်းကိုကြည့်လျက် မိမိပြုခဲ့သော မကောင်းမှုကို ပြန်လှန် စဉ်းစားသဖြင့် ရယ်အားတက်၍ အသံထွက်အောင် ရယ်လေသတည်း။

ထိုအခါမယားက အဘယ်အကြောင်းများကို စဉ်းစား၍ ရယ်သနည်းဟု မေးရာရှေးကမိတ်ဆွေကိုသတ်၍ ဥစ္စာစုကိုယူခဲ့သော အကြောင်းအလုံးစုံကို အထုတ်ပြန်လျက် မယားကို ပြောကြားလိုက်လေ၏။ ထို့နောက် ပါပမိတ္တဖြစ်သူ သတ်ခဲ့သောလူသည် ကြင်သူမယားနှင့် ခိုက်ပွားရန်စစ် အချင်းဖြစ်ကြသောအခါ ပြင်းစွာရိုက်နှက်သဖြင့် အမျက်ဒေါသထား၍ လမ်းခရီးအကြား၌ သတ်ခဲ့သော အကြောင်းများကို ရွာကြားအောင် အော်ဟစ်သဖြင့် အမှုပေါ်ကာ အစိုးရအပြစ်ဒဏ် ကွပ်မျက်ခြင်းကိုခံရသတဲ့ ဒကာတော်ကေရာဇ် မင်းမြတ်။

ဤကဲ့သို့ပင် ပါပကမ္မအစု မကောင်းမှုကို ပြုကျင့်သောသူတို့အား ဆိတ်ကွယ်ကာ ဆိတ်ကွယ်ရာဟူ၍ မရှိ၊ နတ်တို့သိသဖြင့် မိမိ၏မကောင်းမှု ပြုကျင့်သော

သဘောကို တောချုပ်တ်ပေါင်း လိုဏ်ခေါင်းဥမင် သစ်ပင်နံ့ရံ့စသော ဆိတ်ကွယ်ရာ ရှိပါသည်တကားဟု အားကိုးအားထား မပြုမူ၍ မကောင်းမှုမှ ရှောင်ကြဉ်အပ်သည် ကို မှတ်ယူ၍ နှလုံးသွင်းရာသည်ဟု မိန့်တော်မူသတည်း။

ပညာသီဟော မဟာထေရော၊ ပညာယ အဘိပါကဋ္ဌော။
ကောဝိဒေါ နာနာကထာသု၊ လောကသာသန ကောဝိဒေါ။

## ၄။ ယုတ္တိသာရှိ၍ ယုတ္တာမရှိသောစကားဖြင့် လျှောက်ထားသူ ဒါယကာအား မိန့်ကြားဖြေဆိုတော်မူခြင်း

''ပညာသီဟ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်နာမံ အလှူ တော်အပူဇော်ခံရသော မန္တလေးမြို့မြောက်ပြင် ခေမိကာရာမကျောင်းတိုက် သစ်ဆိမ့် ဆရာတော်ဘုရားကြီးသည် အသီးအသီးသော ထေရနဝမဇ္ဈိမအများ စာသင်သား တို့ကို ဘုရားဟောပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်များကို သင်ကြားပို့ချတော်မူခြင်း လာလာသမျှ အမေးပုစ္ဆာ အရပ်ရပ်တို့ကို ဆုံးဖြတ်ဖြေဆိုတော်မူခြင်း၊ ယင်းသို့သော သာသနာတော်မြတ်၏ကြီးပွားရာကြီးပွားကြောင်း ကောင်းသောအာရဒ္ဓဝီရိယလုံ့လ အားကြိုး၍ သည်ပိုးရွက်ဆောင်ခြင်းဖြင့် သီတင်းသုံးတော်မူသောအခါ စာပေကျက် မှတ်ခြင်းအမှု၌ ဗဟုသုတအနည်းငယ်မျှရှိသော ဒါယကာတယောက်သည် သီတင်းနေ့အခါ စာဝါအားလပ်ခိုက် သစ်ဆိမ့်တိုက်သို့သွား၍ ဆရာတော်ဘုရား အား–

အရှင်ဘုရား တပည့်တော်သည် ဥပုသ်စောင့်သွားရာ ဘုန်းတော်ကြီးတပါး ဟောကြား၍နေသည်ကို ကြားနာခဲ့ရသည်မှာ ''ဤစကြာဝဠာမှတပါး အခြားစကြာ ဝဠာတို့၌ ဘုရားပွင့်တန်ကောင်းသည်''ဟူသောစကားကို ဟောကြားနေတာ တွေ့ခဲ့ပါသည်။ သို့ဖြစ်၍ ဤစကြာဝဠာမှတစ်ပါး အခြားသောစကြာဝဠာများ၌ ဘုရားပွင့်,မပွင့်ကို အသင့်ယုတ္တိအားဖြင့် မှတ်သားရပါအောင် ထုတ်ဆောင် ဟောကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက ဒါယကာ ရှေးက အမရပူရမြို့ကောင်းစားစဉ် ဘိုးတော်မင်းတရား လက်ထက်တော်အခါ ပညာရှင်သတင်းကျော်စောခြင်းနှင့် မောင်မင်းအမည်ရှိသော ဘိုးသူတော်တစ်ယောက် ရှိသတည်း။ အခါတပါး ဘိုးသူတော်အား မင်းတရားကြီးက အမတ်ငယ်များကိုစေလွှတ်၍ ခေါ်သဖြင့် နန်းတော်သို့ရောက်လျှင် ဘုရင်ဘိုးတော်မင်းတရားက ဘိုးသူတော်မောင်မင်း

သင်သည် လောကဓမ္မ ရာဇတန္တီ ပဝေဏီကျမ်း အရပ်ရပ်တို့၌ နှံစပ်ကျွမ်းကျင်သိမြင် လိမ်မာသည်ဟု ငါ့ခွေနားတော်ကြားသိရသည် သင်သည်ပညာရှိဖြစ်သည်နှင့်အညီ ဟုတ်မှန်သည်ကိုလည်း မပါစေမူ၍ ငါလည်းယုံကြည်လေအောင် ကြံဆောင် သံတော်ဦးတင်ရမည်ဟု အမိန့်တော်ရှိသတဲ့။

ထိုအခါ ဘိုးသူတော်မောင်မင်းသည် ချက်ခြင်းတခဏပွတ္တိဉာဏ်နှင့် ကြံ၍တင်သည်မှာ မှန်ပါသည်ဘုရား ဘုန်းတော်ကြောင့် အရှင်ယခု မိန့်တော်မူသော အခင်းကို ရုတ်ခြည်းတင်ရန်မရှိပါ။ အရှင်၏အမိန့်တော်ဖြင့် အခေါ်ရောက်ရှိသည်နှင့် တပြိုင်နက် လိုက်ပါလာရာ ထူးဆန်းလှစွာသော ဆင်ခြေရာကြီးသည် ရောဝတီမြစ် ကြောသို့ မျောပါ၍လာသည်ကို သေချာစွာတွေ့မြင်ခဲ့ရပါသည်ဘုရား ဟု လျှောက်တင်သော် ဘိုးတော်မင်းတရားကြီးက မောင်မင်းမြစ်တွင်း၌ ဆင်ခြေရာ မျောပါ၍ အရာမဟုတ်ဟု အမိန့်တော်ရှိသောအခါ မှန်ပါသည်ဘုရား နွားချေးခြောက် ပေါ်တွင် ဆင်ခြေရာထင်လျက် ပါပါသည်။ ခြေရာချည်းမျောလာသည်မဟုတ်ပါ ဘုရားဟု ထပ်၍တင်ပြန်သော် ဘိုးတော်မင်းတရားက ယင်းသို့ဖြစ်လျှင် ဟုတ်မှန် ယုံကြည်ရန်ရှိ၏။ မိန့်တော်မူ၏။

ဘိုးသူတော် မောင်မင်းက တဖန်တင်ပြသည်မှာ ဘုန်းတော်ကြောင့် ယခုနွားချေးခြောက်တွင် ပေါ်တင်သောဆင်ခြေရာသည် နွေအခါကာလ ကမ္ဘောဇ တိုင်းသား ရှမ်းကုန်သည်များတို့ ချနားသောအရပ်တွင် နွားမစင်စွန့်ထားသည်ကို တောဆင်များအစာရှာလာသည့်တွင် ခွာနှင့်နင်း၍ ထင်ရခြင်းဖြစ်ဟန်ရှိပါသည်။ ၎င်းဆင်ခြေရာနှင့် နွားချေးခြောက်သည် ရေနောက်သို့ပါပြီးလျှင် ရောဝတီမြစ် ကြောသို့ မျောပါလာသည်ဟု ထင်မိပါသည်ဘုရားဟုတင်လျှင်၊ ဘုရင်ဘိုးတော်မင်း တရားကြီးသည် ယုတ္တိယုတ္တာရှိ၍ ဟုတ်မှန်လိမ့်မည် ဟူသောသဘောနှင့် စကား တုံ့ပြန်မပြောဘဲ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ ဘိုးသူတော်မောင်မင်းက တဖန်လျှောက်တင်ပြန်သည်မှာ မှန်ပါဘုန်းတော်ကြောင့် ယခုကျွန်တော်မျိုးတင်သောစကားသည် ယုတ္တိသာရှိ၍ ယုတ္တာမရှိပါ။ ဟုတ်လည်းမဟုတ်ပါ ယုံလည်းယုံကြည်အောင် တင်ရမည်ဟူသော အမိန့်တော် ဘေးရန်ကြောင့်ကြံ၍ တင်ရပါသည်ဘုရားဟု လျှောက်ထားသံတော်ဦး တင်သတဲ့ ဒကာရဲ့။

ဤအတူ ယခုဒါယကာ လျှောက်သောအရာမှာလည်း ဤစကြာဝဠာ မှတပါး အခြားစကြာဝဠာ၌ ဘုရားပွင့်သေး၏ဟုဟောက မျောလာသောဆင်ခြေရာ

ကဲ့သို့ပင် မှတ်ရမည်ဟု မိန့်တော်မူသောအခါ လျှောက်လာသောဒါယကာသည် ပြုံးရွှင်စွာ မျက်နှာထားနှင့် စဉ်းစားလျှက် ရှိလေသတည်း။

ပညာသီဟော မဟာထေရော၊ ကထာသု ကုသလော သုဓီ။
ဇနာနံ တောသနတ္ထာယ၊ နိဋ္ဌာရယီ သုဇာတိမာ။

## ၅။ "မယားက လင်အား မထီမဲ့မြင်ပြုခြင်းကို" စာအဓိပ္ပါယ်ပြောရင်း ရယ်မောဘွယ် မိန့်တော်မူခြင်း

''ပညာသီဟသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ဖြင်ပည်းများစွာ လာလာသမျှသောတဇန အပေါင်းတို့အား ''သုတ်ပါထေယျ''ကို ပို့ချတော်မူခိုက် မိဘ၌ပြုရာသောဝတ်ငါးပါး၊ သားသမီး၌ပြုရာသောဝတ်ငါးပါး၊ ဆရာ၌ပြုရာသောဝတ်ငါးပါး၊ တပည့်၌ပြုရာသော ဝတ်ငါးပါး၊ လင်၌ပြုရာသော ဝတ်ငါးပါး၊ မယား၌ပြုရာသောဝတ်ငါးပါး စသောအားဖြင့် ဝတ်တရားတို့ကို အစဉ်အတိုင်း အမိန့်တော်ရှိတော်မူပြီးသောအဆုံး၌ စိတ်နှလုံးပျင်းရိခြင်းမှ ပျောက်ကင်းကြစေခြင်းငှါ အောက်ပါအတိုင်း မိန့်သည်မှာကား–

ရှေးသောအခါ ရွာတရွာတွင် လင်နှင့်မယား နေကြငြားသော် မယားက ဆိုသည်မှာ မောင်မင်း ငါတို့မှာ ဥစ္စာနည်းပါး မွဲရှားခက်ခဲလှစွာ၏ ဤကဲ့သို့ အိမ်မှာချည်းနေခဲ့သော် အခြေလှမည်မဟုတ်၊ မောင်မင်းသည် အရပ်တပါးသို့သွား၍ ဥစ္စာများကို ရှာဘွေဦးလော့ဟု ဆို၏။

ထိုအခါ လင်ယောကျ်ားသည် မယားပြောသည့်အတိုင်း အရပ်တပါးသို့ ပစ္စည်းရှာ သွားလေသတည်း။ အရပ်တပါး အခြားမြို့ရွာသို့ ရောက်သောအခါ တစုံတရာအမှုကို မပြုမလုပ်ရသေးမီ ကိုယ်တွင် ၄က်ဖျားဖျားသောအားဖြင့် မိမိနေရပ်သို့ ပြန်သွားရာ အနိုင်သာ အိမ်သို့ရောက်လေသတည်း။ အိမ်သို့ ရောက်သောအခါ အဖျားရောဂါတက်သောကြောင့် အိမ်အထွက်အပေါက်ဝတွင် တုံးလုံးလှဲ၍ တပါတည်းအိပ်ပြီးလျှင် အိမ်တွင်းနေသော မယားအားပြောသည်မှာ–

ခက်လိုက်တာ ရှင်မ နေဥစ္စာရှာဘွေမည်သွား အဖျားမိ၍ ပြန်ခဲ့သည် ပိုက်ဆံလည်းမပါဟု ဆို၏။ ထိုအခါ မယားသည် အင်း သူတို့များမှာ ဖျားရတာနှင့် နာရတာနှင့် ဥစ္စာကိုဝေးလို့ မသေသေးတာကံကောင်း၊ တို့လင်သားအကြောင်းတော့

ပြောဘဲမပြောချင်ဘူး မောလွန်းလို့ဟု ဆိုပြီးလျှင် အပေါက်ဝတွင် အိပ်နေသော လင်၏ခါးကို ကျော်ခွ၍ အတွင်းမှအပြင်သို့ထွက်၏။ အပြင်မှကျော်နင်း၍ အတွင်းသို့ ဝင်၏။ ဤသို့ မရိုမသေ မထီမဲ့မြင်ပြုသောအခါ ဖျားနာသူယောက်ျားက အံ့သွားခဲ၍ ဝမ်းထဲကကြိတ်သည်မှာ သည်တဖန်နေနှင့်အုံး အဆုံးတရက်တော့ ငါ့အတွက် ပေါ်လိမ့် မည်ဟု နှလုံးသွင်း၍ နေသတည်း။

လင်ယောက်ျားသည် အဖျားပျောက်သောအခါ မကြာခင် ထွက်သွား၍ ဥစ္စာများကိုရှာလျက် သုံးရာကျော်လေးရာလောက်ရသတည်း။ ထိုအခါ ယောက်ျား သည် မယား၏အကဲကို စမ်းမည်ဟု လမ်းခရီးကပင် ငွေလေးရာလောက်ကို ဝါးကျည်ထောက်တွင် သွင်းထားလျက် ဖျားနာသောအသွင်ဖြင့် ယခင်ကကဲ့သို့ အိမ်ပေါက်ဝတက်ပြီးလျှင် ပက်လက်အိပ်လျက် ညည်းညူ၍ဖျားယောင်ပြု၏။

ထိုအခါ အိမ်နေမယားသည် ဖျား၍ပြန်လာသည်၊ ဥစ္စာလည်းပါမည် မဟုတ်ဟု မျက်ကြိုတ်ကဲမိုး စိတ်ဆိုးဆိုးနှင့်ထမင်းအိုးတယ်မည်ပြုရာ ဆိုက်စရာထင်း မရှိသောကြောင့် ဖြစ်ရသည့်အကြောင်း လင်မကောင်းတော့ ထင်းတချောင်းမျှ မရှိဟုပြောဆို၍ မီးဖိုသို့ဝင်သွားရာ ယောက်ျား၏ကျောကို ဖြတ်ကျော်၍ဝင်လေ၏။ ထိုအခါ ယောက်ျားသည် တံခါးပေါက်ကနေလျက် ငွေပါသောဝါးကျည်ထောက်ကို မယားထံသို့ပစ်ပေး၍ ဤဝါးကလေးကို ထင်းဆိုက်ဟုဆို၏။

ထိုအခါ မယားဖြစ်သူက လူချင်းမတူမသား ဤဝါးနှင့်ထမင်းချက်ရမတဲ့၊ အရှက်မရှိတိုင်း ပြောသည်ဟု သဘော၌တွေးဆလျက် ဓားမနှင့်ထောင်ခွဲလျှင် အထဲက ငွေများကို မြင်၍ပြုံးရွှင်သောမျက်နှာထားနှင့် အပြင်သို့ထွက်မည်အရှိတွင် ရှင်၏ခြေထောက်ကလည်း ဆင်းထားလိုက်တာ နဲနဲများဖယ်ပါအုံးဟု ပြောသော် လင်ဖြစ်သောယောက်ျားက သွားသာသွားပါ လင်သားကိုဂရုစိုက်လို့ဟု ဆိုလျှင်– အိုရှင် ရှင်က ကျွန်မကို ငရဲမပေးပါနဲ့ အပြစ်လေးအောင်ဟုဆိုသတဲ့ ငါ့ရှင်တို့ရဲ့ ဟု မိန့်တော်မူသောအခါ စာနာသူရဟန်းတော် အားလုံးတို့သည် အုံးကနဲ ရယ်မောကြလေကုန်သတည်း။

ပညာသီဟော မဟာထေရော၊ ဥပမာသု သုကောဝိဒေါ။
ဘူသေတွာ ဥပမာဟီတိ၊ ကထေသိ ကထိတော မဟာ။

## ၆။ စကားတွေ တောင်ရောက် မြောက်ရောက်နှင့် မောင်ပေါက် ဥပုသ်စောင့်သလို မလုပ်ကြလေနှင့်ဟု မိန့်တော်မူခြင်း

''ပညာသီဟ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်နာမံ အလှူတော်အပူဇော်ခံရသော မန္တလေးမြို့မြောက်ပြင် မဟာခေမိကာရာမတိုက် သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် သီတင်းနေ့အခါ ဥပုသ်စောင့်လာသော တကာတကာမ အပေါင်းတို့အား ကောင်းမွန်စွာသော မနသိကာရတရားဖြင့် သီလများကို စောင့်သုံးစေခြင်းငှါ ဩဝါဒစကားဖြင့် မိန့်ကြားဆုံးမတော်မူသည်မှာ–

''ဒါယကာတို့ ဥပုသ်သီလကျင့်သုံး ဆောက်တည်သော ဒါယကာ ဒါယကာမတို့မှာ သတိသမ္ပဇဉ်တရား နှလုံးထားရန် အဘန်ဘန်များပြားသည် ဖြစ်ကြောင်း၊ အဘယ်ကဲ့သို့နည်းဟူမူကား– ငါသည်ယနေ့သီလကို စောင့်တော့အံ့ဟုကြံ၍ ကျောင်းကန်သို့သွားသောအခါ ကိုယ်မှာဝတ်ခြင်းပြုပြင်ခြင်းမရှိ ပကတိသဘောထားဖြင့်သာ ဝတ်စား၍လည်းကောင်း, မိမိအလိုရှိသောသီလကို ခံယူကြပြီးသောအခါ သိမ်မွေ့တည်ကြည်စွာနေထိုင်၍ ဗာဟိရစကားတို့ကို မပြောမကြားဘဲ ကမ္မဋ္ဌာန်းကို ရည်မှန်းနှလုံးထား၍လည်းကောင်း နေ့အဘို့ကို ကုန်လွန်စေရာသည်။ အစားအစာ စားသောက်သောအခါ၌လည်း

''စတ္တာရော ပဉ္စအာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ၊
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော''

ဟူသော ဒေသနာလာသည်နှင့်အညီ အာဟာရကို မျှတရုံစား၍ တရားကိုနှလုံးသွင်းကြရာသည်။

ယခုကာလစောင့်သုံးကြသည်မှာ တန်ဆာဆင်ယင်ပြုပြင်ဝတ်စား သူ့ထက်ငါကား သာအောင်သဘော အယောနိသော ရှေ့ထားလျက် အစားပြိုင် အဝတ်ပြိုင် ခံ့ခိုင်သောသမာဓိမရှိကင်းဝေး စောင့်ကြသောအရေး အညစ်ကြေး ပြောက်ကျားတပိုင်း စားတပိုင်း ကြောင်သာများကြသည်။ ကြိုးစား၍ သတိကို ဖြစ်စေရမည်။

အင်း– ဥပုသ်စောင့်ရင်း အပျင်းပြေဟု စကားတွေ တောင်ရောက် မြောက်ရောက်နှင့် ''မောင်ပေါက် ဥပုသ်စောင့်သလို မလုပ်ကြနှင့်''ဟု မိန့်ကြားတော်မူရာ ထိုအခါ ဒါယကာအများတို့က လျှောက်၍ မောင်ပေါက်၏ဖြစ်ဟန်ကို လင်းပြမိန့်ကြားတော်မူသည်မှာ–

ရေးသောအခါ ရွာတရွာတွင် တကာမောင်ပေါက်ဟူ၍ ရှိသတဲ့၊ ထိုဒါယကာ မောင်ပေါက်သည် သီလသီတင်း စောင့်ရှောက်ခြင်း, ကျောင်းကန်ဘုရား သွားလာ ထွက်ဝင်ခြင်း,ရတနာသုံးပါးတို့၌ ကိုင်းရှိုင်းခြင်းမရှိ၊ မိမိဘာသာ အမှတ်တမဲ့အားဖြင့် နေ့ရက်ကုန်သော သူတယောက်ဖြစ်လေသည်။ အခါတပါး အများတို့ ဥပုသ်စောင့် သုံးရန် တရွာလုံးကျောင်းသို့ သွားကြမည်ရှိရာ၊ မယားဖြစ်သောသူက ကိုပေါက် ရွာသူရပ်သား သူတပါးတို့မှာ ရှစ်ပါးသီလအင်္ဂါကို စောင့်ကြအားထုတ်ကြ သည် ကိုပေါက်မှာမူ လူချင်းမတူ သူချင်းမမျှ ဆိုသကဲ့သို့ ကိုယ့်ကိုယ်ကိုယ်သတိမရ၊ အဘယ်အခါမှ ဥပုသ်စောင့်သည်ဟူ၍ မမြင်စဘူး အရှုးလည်းမဟုတ် စိတ်ရှုပ်ပါဘိ ကိုပေါက်၊ ကုသိုလ်လောက်ကို အာရုံမထားသော်လည်း သူတပါးတို့ ကဲ့ရဲ့မည်ကို သဘောထားရမည် သို့စသည်ဖြင့် မြည်တွန်ပြောဆိုသောအခါ မောင်ပေါက်က ညဉ်းသည်လောက်ပြောဆိုပေ့ါ ကုသိုလ်ကို မလိုချင်ငြားသော်လည်း သူများလို ဥပုသ်စောင့်ရတာပ၊ သို့သော် ကျောင်းသို့သွား၍ ဥပုသ်စောင့်မည်ဆိုလျှင် ဘယ်လို လုပ်ရမည် ငါမသိဟု ဆို၏။

ထိုအခါ မယားက လူကြားပါဦးမယ် ကိုပေါက်၊ ဤမျှလောက်ကိုမျှ မသိဘဲ ဖြစ်ရသည် ဥပုသ်စောင့်ရန်အချက်မှာ ခက်သည်မဟုတ်ပါ ကျောင်းသို့ ရောက်သော အခါ ဆရာဘုန်းကြီးဆိုသမျှကို နောက်ကလိုက်၍ တူအောင်ဆိုရုံပါဘဲ၊ သည့်ပြင် မရှိပါဘူးဟု ဆိုသောအခါ မောင်ပေါက်သည် လျင်စွာပုဆိုးလဲ၍ ကျောင်းသို့သွားပြီး လျှင် ဘုန်းကြီးအပါး၌ ခစားဝပ်ချလေသတည်း။

ထိုအခါဘုန်းကြီးက နည်းလမ်းအလျှောက်စကားကောက်၍ မောင်ပေါက် ဥပုသ်စောင့်လာသလားဟုဆိုလျှင် ယခင်က မယားသင်ကြားသည့်အတိုင်း မဆိုင်း မတွ တူအောင်လိုက်ရမည်ဆိုသောစကားကို မှော်ထောက်၍ မောင်ပေါက်ဥပုသ် စောင့်လာသလား ဟုလိုက်၍ဆို၏ ထိုအခါဘုန်းကြီးက အို–သည့်အကောင် ရူးလာသလားဟုဆိုပြန်ရာ မောင်ပေါက်ကလည်း အို–သည့်အကောင်ရူးနေသလား ဟု လိုက်၍ဆိုလျှင် ထိုအခါဘုန်းကြီးက ငါ့ကို နင်အဘယ်ကဲ့သို့ အောက်မေ့သနည်း ဟုဆိုလျှင် မောင်ပေါက်ကလည်း ငါ့ကိုနင်အဘယ်ကဲ့သို့ အောက်မေ့သနည်း ဟု လိုက်၍ဆို၏။

ထိုအခါဘုန်းကြီးက အမျက်ထွက်သဖြင့် လက်သီးနှင့်ထိုးတဲ့ပြီး ဒါယကာ မောင်ပေါက်နှင့် အားရှိသလောက်လုံးကြရာ ဘုန်းကြီးကတစ်လှည့် ဒကာက တစ်လှည့် ဒကာနှင့်ဆရာ သူသာငါရှုံး ချိန္တုန်းမောပန်းကြလျက် တစ်နာရီခန့်ကြာ၍

ကွဲကွာပြေငြိမ်းသွားကြသောအခါမှ ဒါယကာမောင်ပေါက်သည် ကျောင်းအောက်သို့ဆင်း၍ ချက်ခြင်းအိမ်သို့ပြန်သွားရာ မယားကမြင်လျှင် အင့်ဟင် ကိုပေါက်ပြန်ချိန်လည်း မရောက်သေးဘဲနှင့် အဘယ့်ကြောင့် အိမ်သို့ပြန်လာ သနည်း ဥပုသ်စောင့်ဆိုသည်မှာ အာရုံနည်းပါး မကြားမမြင်ရမှတော်သည် အိမ်သို့ရောက်က စားသောက်လုပ်ကိုင်ရန် အတန်တန်များပြား သားမယားကိစ္စ ကြောင့်ကြရန်အသွယ်သွယ်နှင့် အဘယ်မှာအကျိုးများစွာ ရနိုင်အံ့နည်း ကျောင်းသို့ သာသွား၍ သီလများကို နှလုံးသွင်းပါလော့ဟုဆို၏။

ထိုအခါ မောင်ပေါက်ပြောသည်မှာ အို ဥပုသ်စောင့်ခြင်းသဘောကို ညဦးကပြောတော့သာလွယ်တာ၊ သာမညအားဖြင့် ဖြစ်နိုင်သည်မဟုတ်ဟုဆို၏။ ထိုအခါ မယားက ဘာများခက်နေသလဲကိုပေါက်ဟု ထောက်၍မေးသော် ဩော် မသိလိုက်တဲ့ဖြစ်ပုံ လူနံ့လျှင်မစောင့်နိုင်ဘူး နပန်းကိုင်ကောင်းမှ ဖြစ်သည်ခင်ဗျ ဟုဆိုသတဲ့ တကာတို့ရဲ့။

ဤအတူယခုလဲ စရပ်ပေါ်မှာ စထိုင်ပြီး နပန်းကိုင်ဘို့ချည်း အားထုတ်မနေ ကြနှင့်ဟု မိန့်တော်မူသောအခါ အပါးတွင်ရှိသော ဥပုသ်သည်အများတို့သည် စကားဆုံးသည်နှင့်တပြိုင်နက် ကျွတ်ကျွတ်ရိုက်အောင် ရယ်မော၍ တသောသော နေကြလေကုန်သတည်း။

ပညာသီဟော မဟာထေရော၊ ဗဟုဿုတော သုဓီတိမာ။
နိပုဏော တေပိဋကေသု၊ ကထာသု ဝိဝိဓာသု စ။

## ၇။ ဝဿကတော သုဘိက္ခဒုဗ္ဘိက္ခော ဟူသောပါဠိနှင့်စပ်လျဉ်း၍ စာအဓိပ္ပါယ်ပြောရင်း မိန့်တော်မူခြင်း

"ပညာသီဟ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော် ရှိသော သစ်ဆိမ့်ဆရာတော်ဘုရားကြီးသည် ဝေးနီးတိုက်တာမှ လာလာသမျှအများ စာသင်သား ရဟန်းတော်တို့အား ဋီကာကျော်ပို့ချရာ "ဝေဒနာဉာဏသန္နိရ ဘေဒေန" စသော ဂါထာ၏အဘွင့်တွင် ဋီကာကျော်အရှင်၏ အဓိပ္ပါယ်ကို အကျယ် ဝိတ္ထာရအားဖြင့် မိန့်ကြားဟောပြောတော်မူရာ "ဝဿကတော သုဘိက္ခ ဒုဗ္ဘိက္ခော" ဟူသောစကားကို ဘုရားဟောတော်မူသည်နှင့်အညီ လူ့ပြည်လူ့ရွာ သတ္တဝါ အရပ်ရပ်တို့၏ ငတ်မွတ်ခြင်း, ချမ်းသာခြင်းအမျိုးမျိုးသည် မိုးလျှင် အရင်းမူလ

ပဓာနဖြစ်သည်၊ မိုလေဝသစ္စာ၍လယ်ယာ, ချောင်းမြောင်းကောင်းသောအခါ သတ္တဝါအများတို့သည် စားသောက်ရန် အဘန်ဘန်လောက်လုံ၍ ပြည့်စုံချမ်းသာကြကုန်၏အကယ်၍ မိုးလေခေါင်းပါးမကောင်းစားသည်ဖြစ်က စင်စစ်ယွင်းချွတ်ဝတ်မွတ်ဆင်းရဲကြကုန်၏။

ထို့ကြောင့် ''သမ္မာ၊ ကောင်းစွာ။ ဒေဝေါ၊ မိုးသည်။ ပဝဿတု၊ အရည်သည်းထန်စွာ ရွာပါစေသတည်း'' ဟူ၍ ဆုတောင်းပတ္တနာကို ရှေးဆရာတော်တို့အသုံးပြုကြကုန်သည်။ သတ္တဝါကံဆိုးက မိုးမကောင်းဟူ၍လည်း ဆိုရန်ရှိသေး၏။ ရှေးကပြောင်းဖူးခိုးသည့် ဘိုးသူတော်ဝတ္ထုကို ကြားဘူး၏လောဟု မေးတော်မူ၏။ ထိုအခါ တပည့်များက မကြားဘူးပါဘုရားဟု လျှောက်ထားကြသောအခါ မိန့်တော်မူသည်မှာကား-

ရှေးအခါ ဘိုးသူတော်တဦးသည် ပြောင်းဖူးခင်းသို့ ဝင်ပြီးလျှင် ပစ္စည်းရှင်မသိအောင် ပုန်းလျှိုး၍ ကောင်းနိုးအံ့ထင်သော ပြောင်းဖူးတို့ကိုချိုးလျက် မီးဖုတ်စားမည်အကြံနှင့် နွှာလှန်သင်ကြည့်ရာ အစေ့များစွာ မပါမတွေ့မရှိ အစေ့မထည့်သော ပြောင်းဖူးဖြစ်၍ စိတ်ညစ်ပြီးလျှင် ပစ္စည်းရှင်အား ပြောသည်မှာ-

ဒကာပြောင်းမျိုးကြဲတာက အလွဲချည်းဘဲ၊ အစေ့မထည့်သော ပြောင်းဖူးမျိုးကို အဘယ်ကျေးဇူးရှိ၍ လုပ်သနည်းဟုဆိုလျှင် ပစ္စည်းရှင်က အသင်ဘိုးသူတော် ကျွန်တော်၏ပြောင်းမျိုးသည် ညံ့ဖျင်း၍မဟုတ်ပေ။ မြေကလည်းပပ်ကြားကွဲလျက် နဲနဲမျှမကောင်း၊ ဤအကြောင်းကြောင့် အစေ့မထည့်ပါသည်ဟုဆိုရာ ဟုတ်ပါ၏တကာ ဟာလိုက်သည့်မြေကြောကဘဲ ဘာပြောဘို့ ရှိသနည်းဟု ဘိုးသူတော်ကဆိုပြန်ရာ မဟာပထဝီမြေကထ၍ အားကျမခံပြောသည်မှာ-

မြေကိုချည်းသာ အပြစ်မရှာပါနှင့် မိုးမရွာတာကိုလည်း ကြည့်ပါဦး ဘိုးသူတော်ဟုဆိုပြန်သော် ဘိုးသူတော်က သြော်- ဟုတ်ပေသည် ဟုတ်ပေသည်၊ မြေကိုချည်းဘဲ မဆိုသာ၊ မိုးကိုက ဟတ်မရ အဘယ်မှ ရွာမပေးဘဲ မြေသြဇာကောင်းနိုင်ပါမည်လော့ဟု အပြစ်တင်ရာ တစ်ခါမိုးက စိတ်ဆိုး၍ပြောသည်မှာ- မိုးမရွာတာကိုတော့ မြင်ရှော့၊ တိုင်းပြည်ရှင် တရားမစောင့်တာတော့ အဘယ်ကြောင့် မဆိုသနည်းဟု ပြောသော် ဘိုးသူတော်သည် နန်းတော်သို့သွား၍ ရှင်ဘုရင်အား ပြောဆိုသည်မှာ-

အို အရှင်မင်းကြီး ဦးစီးနာယက ဘူပါလသခင် ရေမြေ့ရှင်တို့သဘောမှာ လောကပါလတရားနှစ်ပါး, သတ္တိသုံးပါး, သင်္ဂဟတရားလေးပါး, ဗလငါးပါး,

နာယကဂုဏ်ခြောက်ပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ ရာဇဂုဏ်ရှစ်ပါး၊ နဝရတ်ကိုးပါး ရာဇဓမ္မဆယ်ပါး ဤတရားတို့နှင့် ပြည့်စုံရသည်၊ တကာတော်မင်းသည် မတရား၍ မိုးမရွာသည်ဟုဆို၏။

ထိုအခါ ဘုရင်မင်းကြီးက ကျွန်ုပ်ချည်းလည်း အဆိုးမဆိုပါနှင့် ဘိုးသူတော်ကံကိုလည်း စဉ်းစားပါဦးဟု ဆိုပြန်သော် ဘိုးသူတော်က ဩော် တကာတော်ပြောခြင်းလည်း မှန်တာဘဲ၊ ငါ့ကံကိုက မကောင်း၍ ပြောင်းဖူးဆိုးနှင့်တွေ့ရသည်၊ ယနေ့မှစ၍ ဘယ်တော့မှ မခိုးဘူးဟု ဆိုသတဲ့ ငါရှင်တို့ရဲ့။ ဤကဲ့သို့ မိန့်တော်မူသောအခါ များစွာသော စာသင်သားရဟန်းတော်တို့သည် သမ်းဝေငိုက်မျဉ်းခြင်းပျောက်၍ ဝမ်းမြောက်ရယ်မောကြလေကုန်သတည်း။

ပညာသီဟော မဟာထေရော၊ သောမနဿ သုသံယုတော။
သောမနဿ သုသံယုတ္တ– ဝစနံ ကထယီ သဒါ။

## ၈။ မြတ်စွာဘုရားကလည်း တို့သားအဘနှစ်ယောက်ကို ရန်တိုက်ထားခဲ့သည်ဟူသော ပမာစကားဖြင့် ဒကာအား မိန့်တော်မူခြင်း

''ပညာသီဟ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ဆရာတော် ဘုရားကြီးသည် အသီးအသီးသော ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်အတန်တန်တို့၌ စွမ်းဉာဏ်စူးရှ တတ်မြောက်တော်မူလှသည်ဟူ၍ ဇမ္ဗူမဆံ့ပျံ့နှံ့ ကျော်စောတော်မူရာ ဒါယကာအရပ်သားတဦးသည် အထူးကြည်ညိုခြင်း သဒ္ဓါတရားတိုးပွါးထက်သန်လှသည်ဖြစ်၍ ဆရာတော်ဘုရားအား ဆွမ်းစားကြွတော်မူပါဟု ပင့်ဘိတ်လျှောက်ထား၍ ပြန်သွားလေသတည်း။

ထိုနောက် များမကြာမီ ဒါယကာတဦးကလည်း အထူးသဒ္ဓါတရားရှိသဖြင့် တပည့်တော်၏အိမ်သို့ အရုဏ်တက်ချိန်အခါ ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရားဟု လျှောက်ထားပြန်လျှင် ယခင်ပင့်ဘိတ်သည့်ကို စိတ်တော်ကနှလုံးမသွင်းမိ၍ သည်းခံလိုက်ရာ နံနက်အရုဏ်ကျင်း၍ အလင်းသို့ရောက်သောအခါ ဒါယကာနှစ်ယောက်အတူဆုံ ရောက်လာမှဖြစ်ပုံကို သတိရတော်မူလေသတည်း။

ထိုအခါ ဆရာတော်ဘုရားက ဒကာများတို့– ငါလိုသွားပေသည် ပဌမပင့်လာသည်ကို ဆရာတော် မမှတ်မိ၍ နောက်ပင့်သည့်ဒါယကာကို မပြောမိသည်၊

သို့သော်လည်း အရင်ပင့်သူထံကို အရင်ကြွ၍ နောက်ပင့်သူထံကိုလည်း လိုက်ရပြန်တာပ၊ ဥပမာအားဖြင့် "မြတ်စွာဘုရားကလည်း တို့သားအဘနှစ်ယောက်ကိုမှ ရန်တိုက်ပစ်ခဲ့သည်ဆိုသော စကားနှင့်အလားတူချေသည်ဟု မိန့်တော်မူရာ ဒါယကာ တို့က တောင်းပန်၍ လင်းပြန်မိန့်ကြားတော်မူသည်မှာ–

ဒါယကာတို့ ရှေးက ရွာတရွာတွင် သားအဘနှစ်ယောက်တို့အတူ နေကြရာ သားဖြစ်သောသူသည် အပျင်းထူသောသူတဦးဖြစ်၍ အထူးဘယ်အမှုကိုမျှ မလုပ်မကိုင် ထိုင်ကာအိပ်ကာဖြစ်သာ မိဘများရှာကြံ၍ရသည်ကို အိမ်ကနေ၍ အမြဲစားသတဲ့– တနေ့သ၌ အဘကဆိုသည်မှာ အို ငါ့သား မိဘများကျွေးသည်ကို အေးအေးသာစားနေ၍ အခြေလှမည်မဟုတ် လုပ်မှုကိုင်မှု အစုစုကို ဂရုထား၍ ကြိုးစားရှာကြံပါလော့ ဘုရားဟောဒေသနာ မင်္ဂလသုတ်တရား၌ "မာတာပိတုဥပဋ္ဌာနံ" ကျမ်းဂန်ကိုကြည့်ကလည်း မိဘကို သားသမီးက အပြီးတိုင်လုပ်ကျွေးရမည်ဟူ၍လာသည်၊ ဒီတခါ ငါ့သားမိဘများကို ကြိုးစား၍ လုပ်ကျွေးပြုစုဦးလော့ ဟုဆို၏။

ထိုအခါ သားကပြန်ကြားပြောဆိုသည်မှာ မိဘကို သားသမီးက လုပ်ကျွေးရမည်မဟုတ် "ပုတ္တဒါရဿ သင်္ဂဟော" ဤသဘောကိုကြည့်က မိဘက သားသမီးကို အပြီးလုပ်ကျွေးရပါမည် ပါရှိပါသည်ဟုဆိုလျှင် ဘခင်ကသဘောမတူ၍ အသက်ပြင်းပြင်းနှင့် အင်း မြတ်စွာဘုရားကလည်း တို့သားအဘနှစ်ယောက်ကို ရန်တိုက်ပစ်ခဲ့ပါတကားဟု ဆိုသတဲ့ တကာတို့ရဲ့ ဤအတူ ယခုလည်း ဒါယကာနှစ်ဦးပေါ်သောကြောင့် ဆရာတော်က ရန်တိုက်သလို ဖြစ်နေပြီဟု မိန့်ကြားတော်မူသောအခါ ဒါယကာနှစ်ယောက် ဝမ်းမြောက်ကျေနပ် ကြလေကုန် သတည်း။

ပညာသီဟော မဟာထေရော၊ သုဝေဒဗဟုလော ယတိ။
နိစ္စရိ ဝေဒဗဟုလ–ဝစနံ ဝစနေ ဝိဒူ။

## စာပေချပို့တော်မူခြင်း

ဆရာတော်သည် ရာထောင်ချီအရေအတွက်ရှိသော စာသင်သား ရဟန်း သမဏေတို့အား နေ့စဉ်ပါဠိ အဋ္ဌကထာ ဋီကာကျမ်းကို ချပို့နည်းပေးတော်မူလေသည်။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော် စာဝါကိုလည်း မပြတ်လိုလို ချပို့တော်မူလေ့ရှိသည့်ပြင် ဝိနည်းငါးကျမ်းပါဠိ အဋ္ဌကထာ, ဒီဃနိကာယ်ပါဠိ အဋ္ဌကထာ

တို့ကိုလည်း တစ်ခါပြီးတစ်ခါ ဆက်တိုက်ပို့ချတော်မူလေ့ရှိတော်မူသည်။ ဆရာတော် စာဝါများ၌ သစ်ဆိမ့်တိုက်သံဃာများသာမကပဲ အနီးအနားရှိကျောင်းတိုက်များမှ လည်း လာရောက်၍ စာပေလိုက်နာကြကုန်၏။ ဆရာတော်အရှင်ပညာသီဟ လက်ထက်တွင် သစ်ဆိမ့်တိုက်သည် အစည်ကားဆုံးဖြစ်လေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်ပညာသီဟသည် စာပေချပို့ခြင်း, ကျမ်းစာပြုစုခြင်း စသည် တို့ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူဆဲဖြစ်စဉ် ခမ်းနားစည်ပင် လှစွာသော မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်ကြီးနှင့် ရာထောင်ချီရှိသည့် တပည့်တပန်းတို့ကိုစွန့်ခွာကာ သက်တော် ၆၀-ပတ်ဝန်းကျင် လောက်တွင် နတ်ပွဲသဘင် ဝင်တော်မူခဲ့လေသည်။

ပညာသီဟော မဟာထေရော၊ ခေမိကာရာမ ဣဿရော။
သော ဟိ မစ္စုဝသံ ယာတော၊ သင်္ခါရာဟိ ဝိနာသိနော။

## သံဝေဂယူရန်

န ဟိ သော ပက္ကမော အတ္ထိ၊ ယေန ဇာတာ န မီယရေ။
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံဓမ္မာ ဟိ ပါဏိနော။

ယေန ဥပက္ကမေန၊ အကြင်လုံးပမ်းကြိုးကုတ် အားထုတ်မှုလှံ့လဝီရိယဖြင့်။ ဇာတာ၊ ကမ္မဘဝ အကြောင်းဆုံလတ် ဖြစ်လာကြုံလာ သတ္တဝါတို့သည်။ န မီယရေ၊ မသေလွန်ကြကုန်။ သော ဥပက္ကမော၊ ထိုမသေလွန်နိုင်ကြောင်း လုံ့လ ဝီရိယကောင်းသည်။ န ဟိ အတ္ထိ၊ မရှိသည်သာ။ ဇရံ၊ သွားကျိုးဆံဖြူ ယယ်မှုယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသို့။ ပတွာ-ပတွာပိ၊ ရောက်၍လည်းကောင်း။ အပတွာပိ၊ မရောက်မူ၍လည်းကောင်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ရခြင်းသည်။ ဟောတိ၊ မုချစင်စစ် ဖြစ်ရ၏။ ပါဏိနော၊ ကြုံလာဖြစ်လာ သတ္တဝါတို့သည်။ ဧဝံဓမ္မာဟိ၊ ဤသို့ ပုံသေမုချ သေဆုံးရခြင်းရှိကုန်သည်သာ။

## ခမ်းနားစွာ သာဓုကီဠနသဘင်ဆင်ယင် အရိုးစေတီတည်

ဆရာတော်ဘုရားကြီးအရှင်ပညာသီဟ၏ အလောင်းတော်ကို ခမ်းနားစွာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်ကြပြီး မီးသင်္ဂြိုဟ်ကြကာ အရိုးဓာတ်များကို ကျောင်းတိုက်၏အရှေ့မြောက်ယွန်းအရပ်၌ စေတီတည်ထား ကိုးကွယ်ကြကုန်၏။

■■■

## ဆရာတော်အရှင်ဂန္ဓမာ

ဆရာတော်ဘုရားကြီးအရှင်ပညာသီဟ ပျံလွန်တော်မူပြီးနောက် ဆရာတော် အရှင်ဂန္ဓမာသည် မဟာခေမိကာရာမသစ်ဆိပ်တိုက်၏ နာယကဖြစ်၍ သာသနာပြု ခဲ့လေသည်။ အရှင်ဂန္ဓမာ၏လက်ထက်၌ တိုက်တာမှာ အရှင်ပညာသီဟလက်ထက် ကလောက် မစည်ကားတော့ချေ။

■■■

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပဏ္ဍိစ္စ

ဆရာတော်အရှင်ဂန္ဓမာမဟာထေရ် ပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင်ပဏ္ဍိစ္စသည် မဟာခေမိကာရာမသစ်ဆိမ့်တိုက်ကြီး၏ မဟာနာယက ဖြစ်တော်မူလေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မှတ်ထိရွာ၌ သက္ကရာဇ် ၁၂၁၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် "နှစ်ဆယ့်လေးလုံး စွဲသုံးအက္ခရာ သရဏာဟု ဦးစွာရွတ်ဘိ သာဝိတ္တိဖြင့် သိဒ္ဓိမင်္ဂလာ ပြီးမြောက်စွာသား"ဟူသည်နှင့်အညီ 'အရိယာဝိတ္တိသိဒ္ဓိမင်္ဂလာ'ဂါထာတော်ကို ဥပဇ္ဈာယ်ထံ ပီသစွာရွတ်ဆို၍ သာမဏေဖြစ်၍ သက်တော်စေ့တွင် လောကီယသမ္ပဒါတို့ထက် ဆထက်လွန်ကျူး ထူးမြတ်သော ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

## ကျမ်းဂန်အရပ်ရပ်သင်ကြားတတ်မြောက်ခြင်း

ဆရာတော်သည် သက်တော်အရွယ်ငယ်စဉ်ကပင် မန္တလေးမြို့မြောက်ပြင် မဟာခေမိကာရာမသစ်ဆိမ့်တိုက်ကြီးသို့ ရောက်၍ "ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာသီဟ စသည်တို့ထံ၌ ပိဋကတ်အခြေခံကျမ်းဂန်များနှင့်တကွ တိပိဋကပါဠိအဋ္ဌကထာ ဂန္ထန္တရ အဝဝကို သင်ယူတော်မူခဲ့လေသည်။

## စာပေချပို့ သာသနာပြုခြင်း

စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သဖြင့် မဟာခေမိကာရာမသစ်ဆိမ့်တိုက်ကြီး၌ မြားမြောက်စွာသော စာလိုက်သံဃာတော်တို့အား ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ တိပိဋကကျမ်းဂန်တို့ကိုချပို့၍ ပရိယတ္တိသာသနာတော်ကို များစွာပင် ချီးမြှောက်တော်မူခဲ့လေသည်။

## သုဓမ္မာဝင်အဖြစ် တာဝန်ဆောင်ရွက်ခြင်း

ဆရာတော်အရှင်ပဏ္ဍိစ္စသည် "ဝိသုဒ္ဓသီလာစာရ သိရီပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ" တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ဒုတိယ အကြိမ်ခန့်အပ်သော နာယကသုဓမ္မာဝင် ဆရာတော်များတွင် သုဓမ္မာဆရာတော် ဖြစ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

ထိုစဉ်က ဆရာတော်အရှင်ပဏ္ဍိစ္စနှင့်အတူ သံဃနာယက နိသျည်း ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုတာရာမတိုက်တော် ကျောက်ပန်းတောင်း ကျောင်းဆရာတော်, ဒက္ခိဏာဝန်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ အရှေ့ခင်မကန် ဆရာတော်, အဂ္ဂမဟာပဏ္ဍိတအတုမရှိဆရာတော်, အဂ္ဂမဟာပဏ္ဍိတဒီပဲယင်း ဆရာတော်, အဂ္ဂမဟာပဏ္ဍိတခေမာသီဝံဆရာတော်, အဂ္ဂမဟာပဏ္ဍိတထူးကြီး ဆရာတော်, သင်္ဂဇာဆရာတော်, အနုဝိဇ္ဇာကတောင်ခွင်တိုက်အုပ် အရှင် စန္ဒောဘာသတို့လည်း တာဝန်ထမ်းဆောင်တော်မူခဲ့ကြကုန်၏။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ယင်းသို့ သာသနာ့အကျိုး သည်ပိုးရွက်ဆောင်သဖြင့် သက္ကရာဇ် ၁၂၂၈– ခုနှစ်တွင် အင်္ဂလိပ်အစိုးရလှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ယင်းသည့် ၁၂၂၈–ခုနှစ်က ဆရာတော်အရှင်ပဏ္ဍိစ္စ နှင့်အတူ ရွှေဘိုဆရာတော်အရှင်ပဒုမ, ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမ ဆရာတော်အရှင်ကောသလ္လ, မန္တလေးမြို့ မိုးကောင်းတိုက်ဆရာတော် အရှင် ဇာဂရာဘိဓေ, သထုံဆရာတော်အရှင်သီလဝံသတို့သည်လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ယင်းသို့ ပရိယတ္တိပဋိပတ္တိနှစ်ရပ်အလုပ် ကြိုးကုတ်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ သစ်ဆိမ့်ဆရာတော် အရှင်ပဏ္ဍိစ္စသည် သက်တော် ၆၆– နှစ်ရှိရာ သက္ကရာဇ် ၁၂၈၅–ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။
န ဘယေန န လဇ္ဇာယ၊ မရဏာဝသမာဂတံ။
နိလ္လဇ္ဇံ ဝိတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။[၁]

ဧဝံ မဟာနုဘာဝဿနာမ၊ သို့စဉ်ကလောက် အံ့ဩဖွယ်ရာ ရောင်ခြည်တော် ခြောက်သွယ်နှင့် လက္ခဏာတော်ကြီးငယ်, ကေတုမာလရောင်လျှံတော်တို့ဖြင့် တင့်တယ်သော ရွှေကိုယ်တော်နှင့်ပြည့်စုံခြင်း, သီလ, သမာဓိ, ပညာ, ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းတို့ဖြင့် သိအပ်သော ကြီးကျယ်သောအာနုဘော် ရှိတော်မူသော။ မဟေသိနော၊ မြတ်သောသီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ရှာမြှီးဝမ်းသာ ရှာမှီးတော်မူတတ်သော ဘုရားမြတ်စွာ၏။ ဝသံ၊ အမိန့်အာဏာတော်သို့။ ယံ ဝေတံမရဏံ၊ အကြင်စုတိပြတ်ကြွေ သေလွန်ခြင်းသဘောသည်။ ဘယေန၊ ကြောက်သဖြင့်။ န အာဂတံ၊ မလာမလိုက်ပါချေ။ လဇ္ဇာယ၊ ရှက်သဖြင့်။ နအာဂတံ၊ မလာမလိုက်ပါချေ။ နိလ္လဇ္ဇံ၊ အလျဉ်းမုချ အရှက်မရှိသော။ ဝိတသာရဇ္ဇံ၊ ရွံ့ရှာခြင်း ကင်းသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ သတ္တဝါအားလုံးကို ချေမှုန်းသုတ်သင်တတ်သော။ တယိဒံမရဏံ၊ ထိုစုတိပြတ်ကြွေ သေလွန်ခြင်းသဘောသည်။ မာဒိသံ သတ္တံ၊ ငါနှယ်သတ္တဝါကို။ ကထံ၊ အဘယ်အကြောင်းကြောင့်။ နာဘိဘဝိဿတိ၊ မလွှမ်းမိုးဘဲ ရှိအံ့နည်း။

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၇။

# အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
# ဆရာတော်အရှင်သူရိယ

ဆရာတော်သည် ဆရာတော်အရှင်ပဏ္ဍိစ္စ ပျံလွန်တော်မူပြီးနောက် သစ်ဆိမ့် တိုက်၏မဟာနာယကဖြစ်၍ သာသနာ့ဝန်ထမ်းဆောင်၍ သာသနာပြု တော်မူခဲ့သည့် ပုဂ္ဂိုလ်ဖြစ်တော်မူသည်။

## ဖွားမြင်ရှင်ရဟန်းပြုခြင်း

သက္ကရာဇ် ၁၂၃၀–ခုနှစ်ခန့်လောက်တွင် မိတ္ထီလာခရိုင် ကန့်တက်အောင် သာရွာ၌ ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သစ်ဆိမ့်တိုက်သို့ ငယ်စဉ်ကမှရောက်၍ ပိဋကတ်အခြေခံကျမ်း စာများနှင့်တကွ တိပိဋကဂန္ထန္တရအဝဝကို သင်ယူတော် မူခဲ့လေသည်။

## စာပေချပို့ သာသနာ့ဝန်ထမ်းဆောင်ခြင်း

တပည့်တပန်း ရဟန်း, သာမဏေတို့ကိုလည်း စာပေပို့ချတော်မူခဲ့လေ သည်။ တောင်ခွင်သာသနာပိုင် ဆရာတော်လက်ထက်တွင် သုဓမ္မာဝင်ဖြစ်၍လည်း သာသနာရေးရာများကို ပြုလုပ်တော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်အလှူခံရရှိခြင်း

ဆရာတော်အရှင်သူရိယသည် သက္ကရာဇ် ၁၂၉၇–ခုနှစ် တပေါင်းလဆုတ် ၂–ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေ သည်။

သစ်ဆိမ့်တိုက်ဆရာတော်အရှင်သူရိယနှင့် အတူထိုသည့် ၁၂၉၇–ခုနှစ်က မန္တလေးမြို့ မစိုးရိမ်ဆရာတော်အရှင်ဉာဏ, ဟင်္သာတမြို့ ပိုးစာတောတိုက် ဒက္ခိဏာ ရာမဆရာတော် အရှင်သီရိန္ဒာဘိဓေယျ, ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ဆရာတော် အရှင်ပညာတို့လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူကြကုန်၏။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိပြီး နှစ်အနည်းငယ်တွင်း သက်တော် ၈၀–ခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။[၁]

ကုန္နဒီနံ၊ ကျဉ်းငယ်တုံလစ် မြစ်ချောင်းတို့၏။ ဩဒကံ၊ ရေသည်။ ခီယတိ ဣဝ၊ ကာလကြာရှည် မတည်ပုံသေ ကုန်ခန်းလေသကဲ့သို့။ တထာ၊ ထို့အတူ။ အဟောရတ္တာ၊ နေ့ညဉ့်တို့သည်။ အစ္စယန္တိ၊ မုချကေန် ကုန်လွန်သွားကုန်၏။ မစ္စာနံ၊ ကြုံလာဖြစ်လာသတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ဇီဝိန်သည်။ ဥပရုဇ္ဈတိ၊ ချုပ်၏။ မစ္စာနံ၊ ကြုံလာဖြစ်လာ သတ္တဝါတို့၏။ အာယု၊ အသက်သည်။ ခီယတိ၊ ကုန်၏။

---ooo---

## ဆရာတော်အရှင်ဝိစိတ္တ

ဆရာတော်အရှင်ဝိစိတ္တသည် ဆရာတော်အရှင်သူရိယ ပျံလွန်တော်မူပြီးနောက် မဟာခေမိကာရာမသစ်ဆိမ့်တိုက်၌ မဟာနာယကဖြစ်၍ သာသနာအကျိုးသည်ပိုးဆောင်ရွက်တော်မူခဲ့လေသည်။ မိတ္ထီလာမြို့ ကတ္တုကန်ရွာ၌ ဖွားမြင်ခဲ့သည်။ သက်တော် ၇၇–နှစ်တွင် ပျံလွန်တော်မူသည်။

---ooo---

---

၁။ သံ၊ ၁။ ၁၁၀။

# ဆရာတော်အရှင်ကုန္တက

ဆရာတော်အရှင်ကုန္တကသည် ဆရာတော်အရှင်ဝိစိတ္တ ပျံလွန်တော်မူပြီး နောက် မဟာခေမိကာရာမသစ်ဆိမ့်တိုက်၏ နာယကတိုက်အုပ်ဆရာတော်ဖြစ်၍ သာသနာပြုတော်မူခဲ့လေသည်။ မိတ္ထီလာခရိုင် သာစည်မြို့နယ် ကန့်တက်သာစည် ရွာ၌ အဖ–ဦးဆွဲ, အမိ–ဒေါ်အေးတုပ်တို့မှ ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ်မှစ၍ သစ်ဆိမ့်တိုက်သို့ ရောက်ရှိ၍ ပညာသင်ခဲ့သည်၊ သာမဏေအရွယ်တွင် ဆရာတော် အရှင်ပဏ္ဍိစ္စထံ တွင် ရှင်သာမဏေဝတ်ခဲ့လေသည်၊ သက်တော် ၂၀–တွင် အရှင်ပဏ္ဍိစ္စကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယ်ဆရာတော်နှင့် အခြားဆရာတော်များထံ ပညာသင်ကြားတော်မူခဲ့ လေသည်။ ပညာသင်ကြားပြီး စာသင်သားရဟန်း, သာမဏေတို့အား တတ်စွမ်း သ၍ စာပေပို့ချ၍ သာသနာပြုတော်မူခဲ့လေသည်။

သက်တော် ၆၅–နှစ်လောက်မှစ၍ ဆရာသမားတို့၏ အရိုက်အရာဖြစ်သော သစ်ဆိမ့်တိုက်ကြီး၏ နာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်ကုန္တကသည် ရုပ်ရေရူပကာယကောင်းမွန်သူဖြစ်၏ဟု သိရသည်၊ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် ခန့်ညား၏၊ သဘော ဖြောင့်၏ သိမ်မွေ့၏။ သက်တော် ၇၂–နှစ်ရှိရာ ၁၃၃၂–ခုနှစ် နတ်တော်လဆုတ် ၃–ရက်နေ့ နေ့လည် ၁၂–နာရီအချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။[၁]

ဣဓ၊ ဤလောက၌။ မစ္စာနံ၊ ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ ဝါ၊ အသက်ကို။ အနိမိတ္တံ၊ အမှတ်နိမိတ်သင်္ကေတ မရှိပါချေ။ ဝါ၊ ပြုလုပ်ဖွယ်တွေ မပြီးပြတ်သေးသဖြင့် မသေရပါနှင့်ဟု ချိန်းချက်သတ်မှတ်မှု မရှိနိုင်ပါချေ။ အနညာတံ၊ ဤမျှကြာလောက် အသက်ရှည်အံ့ဟု မည်သူမည်ဝါမျှ မသိအပ်နိုင်ပါချေ။ ကသိရဉ္စ၊ အကြောင်းအရပ်ရပ် ဆက်စပ်နေသဖြင့် ကာလ ကြာတည် ရှည်ရန်ခဲယဉ်းလည်း ခဲယဉ်းလှချေ၏။ ပရိတ္တဉ္စ၊ မြက်ပေါ်ဆီးနှင်း အပ်ပေါ်မုံ့ညှင်းတမျှ နည်းငယ်လည်း နည်းငယ်လှချေ၏။ တဉ္စ ဇီဝိတံ၊ ထို အသက်သမုတ် နာမ်နှင့်ရုပ်သည်လည်း။ ဒုက္ခေန၊ ပြောထူများလှ ဆင်းရဲဒုက္ခနှင့်။ သံယုတံ၊ မပြတ်ထာဝစဉ်ယှဉ်၏။

---ooo---

---

၁။ သုတ္တနိ။ ၃၅၁။ သလ္လသုတ်။

## ပဌမစာချဆရာတော် အရှင်သာဂရဗုဒ္ဓိ

ဟင်္သာတမြို့ ပဌမဘုရားကြီးတိုက် ဆရာတော် အရှင်သာဂရဗုဒ္ဓိသည် မဟာခေမိကာရာမတိုက်၌ ပဌမစာတော်ချဖြစ်၍ စာပေချပို့ ပရိယတ္တိသာသနာတော် ချီးမြှောက်တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

ဟင်္သာတမြို့ တာငါးဆယ်ရပ်၌ အဖဦးမှုန်, အမိဒေါ်ပုတို့မှ သက္ကရာဇ် ၁၂၁၀–ခုနှစ် တပေါင်းလဆန်း ၉–ရက် သော ကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်ငယ်မည်မှာ မောင်ဖဲ ဖြစ်လေသည်။

## ပညာသင်ကြားခြင်း

သက်တော် ၅–နှစ်ခန့်မှစ၍ အဖဦးမှုန်ထံ၌ သင်ပုန်းကြီး မင်္ဂလသုတ်မှစ၍ စတင်ပညာသင်ကြား တော်မူခဲ့လေသည်။ ပဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်နှင့် ကမ္မဌာန်းနှင့်စပ်သော ပျို့ကဗျာလင်္ကာရတုများကို သင်ကြားရလေသည်။ ၈–နှစ်သားအရွယ်တွင် တာငါးဆယ်ရပ်ရှိ ညောင်ကုန်းဘုန်းတော်ကြီးထံ၌ မိခင်က အပ်နှံသဖြင့် ဇာတ်တော်များ စသည်သင်ကြားတော်မူခဲ့လေသည်။

## သာမဏေဝတ်, ရဟန်းပြုခြင်း

၁၁–နှစ်သား အရွယ်တွင် ညောင်ကုန်းဘုန်းတော်ကြီးထံ၌ ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀–တွင် ဟင်္သာတမြို့ လယ်တီဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်သာဂရဗုဒ္ဓိ ဖြစ်လေသည်။

ဥပဇ္ဈာယ်လယ်တီဆရာတော်ဘုရားကြီးထံတွင် သက်တော် ၁၄–နှစ် သာမဏေဘဝမှစ၍ ရဟန်း ၂–ဝါ ရသည့်တိုင်အောင် ပညာသင်ကြားခဲ့ရာ ပိဋကတ်သင်ရိုး နေ့ဝါ ညဝါများ ဆုံးခန်းတိုင်ရောက်အောင် သင်ယူခဲ့လေသည်။

## သစ်ဆိမ့်တိုက် စာချခြင်း

ရဟန်း ၂–ဝါရပြီးနောက် မန္တလေးမြို့တော်သို့ ကြွတော်မူ၍ မန္တလေးမြို့ အနောက်ပြင် သင်္ဂဇာတိုက်, စကုတိုက်, မန္တလေးမြောက်ပြင် မဃ္ဃာလာရာမတိုက်, မဟာခေမိကာရာမသစ်ဆိမ့်တိုက် ရေကြည်ပေါက် ဦးဝိသုဒ္ဓတိုက်တို့၌ အစဉ်အတိုင်း သီတင်းသုံး ပညာသင်ကြားတော်မူခဲ့လေသည်။ တဖန်သစ်ဆိမ့်တိုက်၌ ဆက်လက် သီတင်းသုံးတော်မူ၍ စာပေကျမ်းဂန်များကိုချပို့၍ ပရိယတ္တိသာသနာကို ချီးမြှောက် တော်မူခဲ့လေသည်။ ပဋ္ဌမစာတော်ချအဖြစ်ဖြင့်လည်း မင်းတရားဧ၏ချီးမြှင့်ထောက်ပံ့ လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။

၁၂၃၈–ခုနှစ်တွင် ဟင်္သာတမြို့ လယ်တီတိုက်သို့ ပြန်လည်ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်။ ၁၂၄၆–ခုနှစ်တွင် ဓနုဖြူမြို့သို့ ကြွရောက်တော်မူ၍ မြို့ရိုးထောင့်စွန်းပေါ်၌ ဇောတိကာရာမတိုက်ကို ဟည်ထောင်တော်မူ၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

နောက်တွင် ကျောင်းတိုက်ကို တပည့်အရှင်နရိန္ဒအား လွှဲအပ်တော်မူခဲ့ လေသည်။ ၁၂၄၈–ခုနှစ်တွင် ဟင်္သာတမြို့အနောက်မျက်နှာကပိုင် တိုက်သဲကုန်း တော်ကြီး၌ တပါးတည်း သီတင်းသုံးတော်မူသည်။ နောက်တွင် အရှင်ရာဇဩ စသောတပည့်များ ရောက်ရှိလာ၍ စာပေချပို့ရလေသည်။ ဆရာတော်သည် ဟင်္သာတမြို့ ဘုရားကြီးတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ တပည့်တပန်း များစွာတို့အား စာပေပို့ချ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူရာ ဘုရားကြီး ဆရာတော်ဟု ထင်ရှားလေသည်။ ၁၂၆၃–ခုနှစ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် လင်းလွန်းပင်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့ပြီး ဟင်္သာတဘုရားကြီးတိုက်သို့ ပြန်ကြွတော်မူ၍ စာပေချပို့ခဲ့သည်။

## ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ကျမ်းပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ––

၁။ ပသင်္ဂဝိနောဒနီကျမ်း
၂။ ပဋ္ဌာနိကုဓ္ဓနဒီပနီကျမ်း
၃။ ယာနဒီပနီကျမ်း

၄။ ကာလိကာဒီပနီကျမ်း
၅။ အက္ခရဏ္ဏဒီပနီကျမ်း
၆။ ပဏ္ဏာမဒီပနီကျမ်း
၇။ မရဏာသန္နဝီထိဝိဘာဝနီကျမ်း
၈။ အနုသရဝိဘာဝနီကျမ်း
၉။ ကာယာနုပဿနာဒီပနီကျမ်း
၁၀။ မဂ္ဂဒီပနီကျမ်း စသည်တို့ ဖြစ်ကုန်၏။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

သစ်ဆိမ့်တိုက်စာချ ဟင်္သာတမြို့ ဘုရားကြီးတိုက် ဆရာတော်အရှင်သာဂရဗုဒ္ဓိသည် သက်တော် ၆၃–နှစ်, ဝါတော် ၄၃–ဝါ ရရှိရာ ၁၂၇၃–ခုနှစ် နယုန်လဆုတ် ၁–ရက်နေ့ညနေ ၂–နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သန္တေဇာတိ တဖန်ငြိ၍ တြိဘုံသူ အဆူဆူလျှင် လူလူနတ်နတ် မတ်မတ်မားမား ဖြစ်ပြန်ငြားသော် သုံးပါးအရွယ် စလယ်အဆုံး ရှိမြဲထုံးဖြင့် အနှုန်းစဉ်စီ သန္တေချီက နာရီစဉ်သင့် အဆင့်ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲတည်း မစဲနေ့ည တရွရွလျှင် ခဏာသန္တတိ အဂ္ဂိဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင် မစဲနိုင်၏ လေးအင်သေမှု တခုလည်း ဗဟုအန္တရာယ် အသွယ်သွယ်နှင့် နီးနွယ်ရိုးစည်း တလုံးတည်းလျှင် ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မငြင်းသာသည် ဇရာမရဏ စွမ်းရည်တည်း။[၁]

---

၁။ လယ်တီဆရာတော်ဘုရားကြီးလက်ာ။

## ဇာတကဘာဏကသစ်ဆိမ့်တိုက်စာချ ဆရာတော်အရှင်ဝိလာသ

မတ္တရာမြို့နယ် ညောင်ကုန်းရွာ ဇာတကဘာဏက ဆရာတော်အရှင်ဝိလာသသည် မဟာခေမိကာရာမတိုက်၌ သီတင်းသုံး၍ စာပေကျမ်းဂန် သင်ကြားတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်/ရဟန်းပြုခြင်း

မတ္တရာမြို့အပိုင် ဆူးခါးရွာ၌ အဖဦးကုလား, အမိ ဒေါ်ကွယ်တို့မှ သက္ကရာဇ် ၁၂၁၂–ခုနှစ် နတ်တော်လဆန်း ၁၀–ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

၁၂၂၈–ခုနှစ်တွင် ဆူးခါးမီးငြိမ်းတောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ၁၂၃၂–ခုနှစ်တွင် မီးငြိမ်းတောရဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်ထံ၌ သာမဏေ ၄–ဝါ ရဟန်း ၁–ဝါနေ၍ ပညာသင်ကြားတော်မူခဲ့လေသည်။

## မဟာခေမိကာရာမသစ်ဆိမ့်တိုက်သို့

၁၂၃၃–ခုနှစ်တွင် မန္တလေးမြို့မြောက်ပြင် မဟာခေမိကာရာမသစ်ဆိမ့်တိုက်သို့ ရောက်ရှိ၍ သစ်ဆိမ့်ဆရာတော်ကြီး အရှင်ပညာသီဟထံ ၃–နှစ်တိုင်တိုင် သီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။

## ပါဠိဇာတ်ပြန်ဆိုခြင်း

ပဉ္စမသံဂါယနာတင်စဉ်က ပါဠိဇာတ်ပါဠိတော်ကို နှုတ်လွတ်အာဂုံပြန်ဆိုတော်မူသဖြင့်–

ရွှေစေတီ – ၁။
မှန်ကျောင်းတော် – ၁။
ဆင်စွယ်တံဆိပ်တော် – ၁။

တို့ကို အလှူခံရရှိတော်မူခဲ့လေသည်။ ၁၂၃၇-ခုနှစ်တွင် တဖန်သစ်ဆိမ့်တိုက်၌ ဝါကပ်တော်မူ၍ စာပေချပို့တော်မူခဲ့လေသည်။

၄င်းပြင် စစ်ကိုင်းမြို့အပိုင် ရွှေကျက်သောင့်ရွာ အနောက်မင်းအိုချောင် ဆရာတော်ထံ၌ ၂-ဝါ သီတင်းသုံးတော်မူခဲ့သည်။ ၁၂၄၀-ပြည့်နှစ်တွင် ဆူးခါးရွာ၌ ပဌမဆူးခါးဆရာတော်ကြီးကျောင်း၌ အုပ်ချုပ်သီတင်းသုံးတော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် ထိုထိုမြို့ရွာများ၌လည်း ဒကာ, ဒကာမတို့ကို ချီးမြှောက်ကာ သီတင်းသုံးတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

သက်တော် ၈၀-ဝါတော် ၆၁-ဝါရှိရာ ၁၂၉၁-ခုနှစ် ပြာသိုလဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့တွင် မတ္တရာမြို့အပိုင် ညောင်ကုန်းရွာတောင်ကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။

ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။[၁]

ပါတော၊ နံနက်စောစောကာလ၌။ ပက္ကာနံ ဖလာနံ၊ မှည့်ရင့်ကုန်ပြီး သစ်သီး တို့၏။ ပတနတော၊ အညှာမခိုင်သဖြင့် ကြွေကျခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဇာတာနမစ္စာနံ၊ ကမ္ဘာဝအကြောင်း ဆုံလစ်ဖြစ်လာ ကြုံလာသတ္တဝါ တို့အား။ နိစ္စံ၊ အမြဲနိစ္စထာဝရ။ မရဏတော၊ စုတိပြတ်ကြွေသေလွန်ခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေ၊ မုချစင်စစ်ဖြစ်၏။

---

၁။ သုတ္တနိ။ ၃၇၁။

## မဏိသာရမဥ္ဇူသာနိဿယစသော ကျမ်းပြုဆရာတော် ဆရာတော် အရှင်ဝိသုဒ္ဓါစာရ

ရွှေဘိုမြို့ ဝက်လက်မြို့နယ် သစ်ဆိမ့်ကြီးရွာသည် စာပေကျမ်းဂန်တတ်မြောက်လှသော သစ်ဆိမ့်ဆရာတော်များ၏ ဖွားမြင်ရာရွာကြီး ဖြစ်လေသည်။ အမရပူရမြို့, မန္တလေးမြို့ သစ်ဆိမ့်ကျောင်းတိုက်ကြီးများ၌ သစ်ဆိမ့်ဇာတိ ပညာရှင်များစွာတို့ သီတင်းသုံးတော်မူခဲ့ကြလေသည်။ မဏိသာရမဥ္ဇူသာနိဿယစသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဆရာတော် အရှင်ဝိသုဒ္ဓါစာရသည်လည်း ဖော်ပြပါ အမရပူရ, မန္တလေးသစ်ဆိမ့်တိုက် ဆရာတော်များ၏ အနွယ်ဖြစ်ဖွယ်ရာရှိပါသည်။

## ဖွားမြင် ရှင် ရဟန်းပြု ပညာသင်ကြားခြင်း

ဆရာတော်အရှင်ဝိသုဒ္ဓသည် သစ်ဆိမ့်ကြီးရွာ၌ သက္ကရာဇ် ၁၁၉၀-ခုနှစ်ခန့်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ရွှေကျင်ဆရာတော်စသော ထင်ရှားကျော်စောသော ဆရာတော်ကြီးထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## စာပေချပို့ သာသနာပြုခြင်း

စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်ပြီးနောက် သစ်ဆိမ့်ကြီးရွာ ဇေတဝန်ကျောင်း၌ သီတင်းသုံး၍ စာပေချပို့သာသနာပြုတော်မူခဲ့လေသည်။

## ကျမ်းစာများပြုစုခြင်း

ဆရာတော်သည် ကျမ်းစာများကို ရေးသားပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ပဋ္ဌာနာဒျတ္တဝိကာသိနီကျမ်း။
၂။ နိပုဏာဝန္ဒနာကျမ်း။
၃။ တတ္တာရဗောဓိကျမ်း။
၄။ မဟာဝန္ဒနာကျမ်း။

၅။ မဟာဗောဓိစန္ဒကျမ်း။
၆။ ပဒစေတိယဝန္ဒနာကျမ်း။
၇။ ပိဋကသုံးပုံပါဠိတော်နံပြောက်ကျမ်း။
၈။ အဋ္ဌကထာနံပြောက်ကျမ်း။
၉။ ဆန်းစစ်နည်းသံပေါက်။
၁၀။ သီလဝိသောဓနီဆပ္ပစ္စယဒီပကပါဌ်။
၁၁။ ပဗ္ဗဇ္ဇာဝါဒကျမ်း။
၁၂။ ဒါယကောဝါဒကျမ်း။
၁၃။ ပုညသတ်ပုံကျမ်း။
၁၄။ ကမ္မပထဒီပနီကျမ်း။
၁၅။ အဘိဓမ္မတ္ထလက္ခဏာဒိသင်္ဂဟအဋ္ဌကထာနိဿယ။
၁၆။ ဒသဓမ္မာလင်္ကာရနိဿယ။
၁၇။ လေးရွာရှင်စေတီကျောက်စာ။
၁၈။ 'သီလဝိသောဓနီသိမ်ကျောက်စာ။
၁၉။ ဇောတဝန်နိယံ။
၂၀။ ရွှေညာဏ်တော်စေတီသမိုင်း။
၂၁။ ကသာထီးချိုင့်နယ် ချွန်တောင်ရွာ မဟာဗောဓိကျောင်း သာသနမလ ဝိသောဓနီသိမ်ကျောက်စာ။
၂၂။ မဏိသာရမဉ္ဇူသာနိဿယ စသည့်တို့ ဖြစ်ကြကုန်၏။

ဖော်ပြပါကျမ်းများအနက် မဏိသာရမဉ္ဇူသာ နိဿယကျမ်းကြီးမှာ ကျယ်ဝန်းပြည့်စုံသည့် ကျမ်းကြီးဖြစ်လေသည်။ ယင်းကျမ်းကြီးကို ဉာတိဖြစ်သော ''သာသနာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သာသနနှင့် သဒ္ဓိဝိဟာရကတပည့်အရှင်အဂ္ဂဝံသတို့ တောင်းပန်သဖြင့် ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌ –

၁။ မဏိသာရမဉ္ဇူသာတ္ထံ၊ ဝိရေန သာသနေန စ။
ဉယျောဇိတော သုပညေန၊ လဒ္ဓိဟိ ထောမိတေန တု။
၂။ သဒ္ဓိဝိဟာရိကေနေဝ၊ အဂ္ဂဝံသေန ယာစိတော။
ယထာဗလံ ကရိဿာမိ၊ ဝဏ္ဏိတ္ဟာ ရတနတ္တယံ။

အဟံ၊ ရတနာသိခနယ်မြေ ရောဝတီမြစ်ကမ်းခြေ သစ်ဆိမ့်ကြီးရွာ ဇာတိရှိသော ဝိသုဒ္ဓအမည်ရှိသော အကျွန်ုပ်သည်။ ရတနတ္တယံ၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်းကို။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဓီရေန၊ မြဲမြံခိုင်ခံ့ တည်တံ့သောသမာဓိလည်းရှိထသော။ သုပညေန၊ ကောင်းမြတ်သောဉာဏ်ပညာလည်းရှိထသော။ လဇ္ဇီဟိ၊ လဇ္ဇီဖြစ်သော ဥပဇ္ဈာယ်ဆရာ ရွှေကျင်ဆရာတော်စသော သူတော်ကောင်းတို့သည်။ ထောမိတေန၊ ချီးမွမ်းအပ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ, ဩတ္တပ္ပဟုဆိုအပ်သော သူတော်ကောင်းတို့၏ ဥစ္စာရတနာ ခုနစ်ပါးလည်း ရှိပေထသော၊ သာသနေန၊ ရတနာပုံမြို့ ရွှေနန်းရှင် ဒုတိယနန်းစံ သီပေါမင်းတရားကြီးသည် သဒ္ဓါကြည်ညိုတ်ကပ်လှူအပ်သော "သာသနာလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်နာမံကို ခံတော်မူသော ဉာတိဖြစ်သောကျောင်းတော်ရာ ဆရာတော်ဘုရားသည်။ ဥယျောဇိတော၊ တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍လည်း ကောင်း။ တု၊ ထိုမှတပါး။ သဒ္ဓိံ၊ အတူတကွ နေ့ညမပြတ်ကျင့်ဝတ်ပြည့်စုံလျှက်။ ဝိဟာရိကေနေဝ၊ နေခြင်းရှိသည်သာလျှင်ဖြစ်သော။ ဝါ၊ သဒ္ဓိဝိဟာရိက တပည့်သာလျှင်ဖြစ်သော။ အဂ္ဂဝံသေန၊ အဂ္ဂဝံသအမည်ရှိသောရဟန်းသည်။ ယာစိတော၊ ရှေးရှုညွတ်ပျောင်း တောင်းပန်အပ်သည်ဖြစ်၍လည်းကောင်း။ မဏိသာရမဉ္ဇူသာတ္ထံ၊ မဏိသာရမဉ္ဇူသာအမည်ရှိသောကျမ်း၏မှီရာ အတ္ထနိဿယ ကို။ ယထာဗလံ၊ အစွမ်းအားလျော်စွာ။ ကရံ၊ ပြုစီရင်လျက်။ ဣဿာမိ၊ ဖြစ်စေအံ့။

ဟူသော ၂–ဂါထာပါဠိ နိဿယဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ဆရာတော်အရှင်ဝိသုဒ္ဓသည် ဓမ္မသေနာပတိအရှင်အရိယာဝံသ၏ မဏိသာရမဉ္ဇူသာဋီကာ ကျမ်းဦးလာ –

၁။ သန္တာသန္တာပိဓီယဿ၊ နန္တာနန္တာဝလမ္ဗတော။
ဒယာဒယာပိ တံ ဗုဒ္ဓံ၊ သုတံသုတံဘိဝန္ဒိယံ။

ယဿဗုဒ္ဓဿ၊ အကြင်မြတ်စွာဘုရား၏။ ဓီ၊ သဗ္ဗညုတပညာတော်သည်။ သန္တာ၊ ဥပါဒ်ဋ္ဌီဘင်အားဖြင့် အဆုံးရှိသည်။ သန္တာပိ၊ ဖြစ်လျှင်းမူလည်း။ အနန္တာဝလမ္ဗတော၊ အဆုံးမရှိသော ဉေယျမံကိုအာရုံပြုသောအားဖြင့်။ နန္တာ–နအန္တာ၊ အဆုံးရှိတော်မမူ။ ဒယာ–ဒယာပိ၊ မဟာကရုဏာတော်သည်လည်း။ သန္တာ၊ ဥပါဒ်ဋ္ဌီဘင်အားဖြင့်အဆုံးရှိသည်။ သန္တာပိ၊ ဖြစ်လျှင်းမူလည်း။ အနန္တာဝလမ္ဗတော၊ အဆုံးမရှိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုသောအားဖြင့်။ နန္တာ–နအန္တာ၊

အဆုံးရှိတော်မမူ။ သုတံ၊ ကျေးဇူးသတင်း ကျော်စောခြင်းလည်းရှိတော်မူထသော။ အသုတံ၊ ကိလေသာတည်းဟူသော မိုးလည်းစွပ်တော်မမူထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အဘိဝန္ဒိယ–အဘိဝန္ဒာမိ၊ အလွန်ရိုသေစွာရှိခိုးပါ၏။ အဘိဝန္ဒိယ၊ အလွန်ရိုသေစွာ ရှိခိုးပြီး၍။

၂။ ယဿ ဗုဒ္ဓဿ ယံ ဓမ္မံ၊ ယော သံဃော ယောဂတော ဂတော။
သုဒုလ္လဘေ နမိတွာ တေ၊ ကပ္ပကောဋိန္စယေမပိ။

ယဿဗုဒ္ဓဿ၊ အကြင်မြတ်စွာဘုရား၏။ ယံဓမ္မံ၊ အကြင်ဆယ်ပါးသော တရားတော်မြတ်ကို။ ယောသံဃော၊ အကြင်ရှစ်ယောက်သော အရိယာသံဃာတော်သည်။ ယောဂတော၊ အသင့်အတင့်တရားကို နှလုံးသွင်းသောအားဖြင့်။ ဂတော၊ အရိယာသာဝကအဖြစ်သို့ ရောက်တော်မူလေပြီ။ ကပ္ပကောဋိန္စယေမပိ၊ ကမ္ဘာအကုဋေ လွန်လေငြားသော်လည်း။ သုဒုလ္လဘေ၊ အလွန်တရာရခဲလှစွာသော။ တေဓမ္မသံဃေအပိ၊ ထိုတရားသံဃာတော်မြတ်ကိုလည်း။ နမိတွာ–နမာမိ၊ ရှိခိုးပါ၏။ နမိတွာ၊ ရှိခိုးပြီး၍။

၃။ အဘိဓမ္မတ္ထသင်္ဂဟ–ဝဏ္ဏနာ မယာ ဝဏ္ဏနာ သုဘာ။
သုဝိနိစ္ဆိတလီနတ္ထာ၊ ကယျတေ ကယျတေ ဂရုတိ။

သုဝိနိစ္ဆိတလီနတ္ထာ၊ ကောင်းစွာဆုံးဖြတ်အပ်သော ကွယ်ဝှက်နက်နဲ ခက်ခဲ သိမ်မွေ့သော အနက်လည်းရှိထသော။ သုဘာ၊ အနက်သဒ္ဒါနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ကောင်းထသော။ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့်ဖြစ်သော ဋီကာကျော်ကျမ်း၏ အဖွင့်ဖြစ်သော မဏိသာရမဉ္ဇူသာ မည်သောကျမ်းကို။ မယာ၊ အရိယဝံသအမည်ရှိသော ငါသည်။ ကယျတေ၊ ပြုအပ်၏။ ဝါ၊ ပြုပေအပ်လတ့်။ သာ၊ ထိုမဏိသာရမဉ္ဇူ အမည်ရှိသောကျမ်းကို။ ဝေါ၊ အသင်စာသင်သားတို့သည်။ ဂရု၊ အလေးအမြတ်။ ကယျတေ၊ ပြုအပ်၏။ ဝါ၊ ပြုလဲလော့။ ဣတိ၊ ဤသည်လျှင်။ ရပ္ပာနတ္တယပဏာမစသည်ကိုဆိုသော စကားရပ်အပြီးသတ်တည်း။

(တစ်နည်းကား) အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာ–အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ၊ အဘိဓမ္မတ္ထသင်္ဂဟ၏ အဖွင့်ဖြစ်သောဋီကာဟောင်း၏။ သုဝိနိစ္ဆိတလီနတ္ထာ၊ ကွယ်ဝှက်သောဆုံးဖြတ်ခြင်းရှိသည်၏အဖြစ်ကြောင့်။ အယျ၊ ငါ့ရှင်သုမင်္ဂလသာမိ၊

တော၊ သင်တပည့်သည်။ ဂရု၊ အရိုအသေပြု၍။ သုဘာ၊ အနက်သဒ္ဒါနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်ကောင်းသော။ ဝါ၊ အနက်သဒ္ဒါနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်ကောင်းအောင်။ ဝဏ္ဏနာ၊ ဋီကာသစ်ကို။ ကာ အပ္ပကေန–သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ကယျတော၊ ပြုစီရင်အပ်၏။ ဝါ၊ ပြုစီရင်ဘိလော့။ ဣတိ၊ ဤသို့။ အာစရိယေန၊ သာရိပုတ္တရာဆရာမထေရ်သည်။ ဝုတ္တာ၊ မိန့်ဆိုအပ်သည်၏အဖြစ်ကြောင့်။

(ဤအနက်ကား သုဝိနိစ္ဆိတလီနတ္ထာ၊ ဟု (တ္တ) နှစ်လုံးဆင့်ပစ္စည်းနှင့်ရှိသော ပါဌ်အနက်တည်း။)

ဤသည်လျှင် မဏိသာရမဉ္ဇူသာဋီကာကျမ်းဦးလာ ၃–ဂါထာ အနက်တည်း။

## နိဒါန်းဖော်ပြခြင်း

နိဿယအစဥ္ဆလည်း–

သုနာပရန် တမ္ဗဒီပ မြန်မာ့ဦးစွန်းထွန်းတက်စဥ်ခါ ရတနာပူရ အဝရွှေပြည်တော်ကြီးကို ဘုန်းမီးနေလ ထွန်းပလျှံတောက် နှစ်ကြိမ်မြောက်လျှင် စိုက်ဆောက်စိုးစံတော်မူသော ထူပါရုံစေတီတော်ဘုရားကြီးဒါယကာ နရပတိမည်သော ဒုတိယမင်းခေါင်လက်ထက် လျှံလက်သမ္ဘာ သာသနာဝယ် ပညာဝုဓ ထိတိုင်းရှု၍ တုမရအောင် ကျမ်းစောင်စောင်ကို မိန်းမကိုယ်ဝန်ဆောင် တယောက်ရှက်နိုင်လောက်အောင် နှုတ်ရဆောင်၍ အခေါင်တမွတ် တွပ်တွပ်ရွရွ အရအမိ တိုင်းပြည်သိသော ရှင်အရိယဝံသရဟာန်းသည် ကျမ်းတတ်သည် ဂန်တတ်သည်ဆိုသော အရာကိုမသိ သဘောဉာဏ်ပေါက်ရောက်ခြင်းမရှိ၍ သာသနာတော်မှ စိတ်မာန်ပျက်လျက် လူထွက်တော့မည့်သဘောဖြင့် ပြောကြားကြံစည်ခြင်းကို ပြုမိသော်လည်း အတီတာနန္တရ ဘဝအလီလီက ပါရမီဆုတောင်းကြောင့် သာသနာတော်စောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ ဆောင်၍ပို့သကဲ့သို့ စစ်ကိုင်းမြို့ ဥတ္တရာဇောမိချောင် ရေငုံဆရာတော်ဘုရားကြီးထံ ရောက်သွားရာ အလာအသွား စကားယုတ္တိပုဂ္ဂိုလ်၏ အသွင်အပြင်ကို အမူအရာကို ထောက်ဆသဖြင့် တတ်လောက်သောကျမ်းထိုထိုတို့တွင် သဂြိုဟ်၏အဖွင့်ဋီကာကို နည်းပေါင်း စုံလင်စွာ အဓိပ္ပါယတ္ထပြောပြ ချပို့သင်ကြားတော်မူရာ ပြာဖုံးသော မီးကျီးပြင်ကို လေဝင်၍ တိုက်သကဲ့သို့ ဖြိုက်ဖြိုက်လွင့်ပျောက် ရဲရဲတောက်ပမာ သုံးဖြာသောပိဋကတ်ကို

ကမ်းတဖက်ရောက် တတ်မြောက်လိမ္မာတော်မူရာ ဖရဏာပီတိ ဂွမ်းဆီ ထိမျှ ဝမ်းမြောက်ခြင်းအားကြီးလှသဖြင့် လက်ရုံးလက်မောင်းဆန့်တန်း၍ လက်ပန်း ပေါက်ခတ်တီးပြီးသော် ''ကျော်ရောဟဲ့ဋီကာ''ဟု အော်ဟစ်ကာ လိုက်လှဲအူသဲ ပြောင်းပြန်လံမတတ် အားရဖြစ်သမျှကြောင်းလျာကို ရေငုံဆရာတော်ဘုရားကြီး ကြားတော်မူလျှင် ''ငါ့ရှင်ကျမ်းတတ်သော သင်္ဂြိုဟ်၏အဖွင့်ဋီကာကိုလည်း ဋီကာ ကျော်တွင်စေ။ ငါ့ရှင်လည်း နောက်သားနောင်လာအာစရိယာစရိယဝံသ သိဿာ နုသိဿ အနုသဝန အစဉ်အဆက်တို့ ၎င်းဋီကာကျော်၏ သဒ္ဒနယ, အတ္ထနယ များကို လွယ်လင့်တကူ နည်းယူကြည့်ရှု သုံးသပ်နိုင်ကြစေရန် သဘောထား၍ ၎င်းအဖွင့်သံဝဏ္ဏနာဖြစ်သော အနုဋီကာကို ရေးသားပြုစုစီရင်စေ''ဟူသော ရေငုံဆရာတော်ဘုရားကြီး၏အမိန့် ရွှေဗျာအာဏာတော်မြတ် တံဆိပ်ခတ်တော် မူချက်အရ အရှင်အရိယဝံသသည် နှုတ်လျှာရွှရွ အားရဝမ်းသာ ဖဝနတိက္ခဂမ္ဘီရ တို့ဖြင့် ဉာဏာရွှင်ရွှင် စီရင်ရေးသားပြုစုတော်မူအပ်သော အနုဋီကာမည်သော မဏိသာရမဉ္ဇူသာမည်သော ကျမ်းကြီး၏မှီရာဖြစ်သော အနက်နိဿယ အတ္ထ ယောဇနာကို ရတနာသိခ် ကုန်းဘောင်မြို့ တောင်လက်ရဲဘက် တပ်ဦးရဲဗိုလ်မှူးတို့ ပျော်မြူးရပ်ဌာနီ အောင်မြေမှန်သဖြင့် အောင်သံကျွေးဟိမ့် သစ်ဆိမ့်ကြီးရွာ ရပ်ဂါမာလျှင် ဖွားရာဇာတိရှိသော ဇေတဝန် ကျောင်းဆရာအရှင်ဝိသုဒ္ဓါစာရ မဟာ ထေရ်မြတ်သည် ဟံသာဝတီ ရန်ကုန်မြို့ကြီး၏ အထွတ်အထိပ်သရဖူ သင်းကျစ် ဦးစွန်းမျက်ရစ်သဖွယ် တင့်တယ်သိုက်မြိုက်ခြင်းရှိလှသော တိဂုမ္ဘစေတီတော် ဘုရားကြီး၏ရှေ့မျက်နှာ မဟာဓမ္မဒီပိကာရာမတိုက် ''သာသနာလင်္ကာရကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' လွှတ်ထုခပ်နှိပ် ရွှေဘွဲ့လိပ်ဖြင့် တံဆိပ်နာမံ အလှူခံရ သော ကျောင်းတော်ရာဆရာတော်ဘုရားကြီးစသော သီလဝန် ဂုဏဝန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ကောင်း အရှင်မြတ်များ၏ အားပေးနှိုးဆော် တိုက်တွန်းခြင်းဟူသော ဥယျောဇန အဇ္ဈေသက နှလုံးသွင်းကို အရင်းမူသဖြင့်လည်းကောင်း။

အရှင်အဂ္ဂဝံသ နာမလျှင်ကြည် မထေရ်ရဟန်းတော်စသော သီတင်းသုံး ဖော် သံဃာတော်တို့ တောင်းပန်အပ်သည်ဖြစ်၍လည်းကောင်း ပြုစုရေးသား စီရင် တော်မူအပ်သော မဏိသာရမဉ္ဇူသာကျမ်း၏မှီရာ အနက်နိဿယ အတ္ထယောဇနာ ကျမ်းကြီးကို ကျွန်ုပ်တို့ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်ကြီးက မူပိုင်ရရှိပါသည့် အတိုင်း စက်တင်ပုံရိုက်မည် ကြံရွယ်ပဋ္ဌမက ရှေးနိဿယဟောင်း နိဿယရင်း

ကျမ်းကြီး ကျမ်းခိုင်များနှင့်တကွ မန္တလေးနန်းမြို့တော်ကြီးသို့ကျမှ အရပ်ရပ်ဆရာတော်ဘုရားကြီးများတို့ ရေးသားပြုစုစီရင်တော်မူကြသော မဏိသာရမဉ္ဇူသာနိဿယကျမ်းကြီး ကျမ်းခိုင်အများအပြား အမျိုးမျိုးတို့ကို စုံစမ်းထောက်လှမ်း မေးမြန်းရှာဖွေ ငှားရမ်းထုတ်ယူပြီးလျှင် စာပြင်ဆရာအရပ်ရပ်တို့ အထပ်ထပ်ဆိုတိုက်ဆိုင်ယှဉ်ပြင် စစ်ဆေးရွေးကောက် သန့်ခြားစေ၍ ဆရာတော်ဘုရားကြီးများကို လျှောက်ထားရာ ဤနိဿယပင် ထူးချွန်ကောင်းမွန်သော သဒ္ဒနယ,အတ္ထနယ, အဓိပ္ပါယတ္ထ အဝဝတို့ဖြင့် လျှောက်ပတ်တင့်တယ်ဖွယ်ရာ သာလွန်ကောင်းမွန်သော သဘောလက္ခဏာ ရှိပေကြောင်းကို မိန့်တော်မူကြသဖြင့် ဝမ်းမြောက်ဝမ်းသာ စာလုံးမင်ကျ လှပသေဝပ် စေ့စပ်သေချာ ကောင်းမွန်စွာဖြစ်၍ ပညာရှိများ အားရနှစ်သက်မြတ်နိုးလောက်အောင် စာလုံးသစ်စက်သစ် ၂၄–ပေါင်တိုက် စက္ကူထူစက္ကူချောတို့ဖြင့် ကျွန်ုပ်တို့ ဟံသာဝတီ သတင်းစာပုံနှိပ်တိုက်ကြီးက စက်တင်ပုံရိုက်သဖြင့် စာမျက်နှာနံပါတ် ၃၈၆–တွင် တတွဲရပ်ဖြတ်၍ ပဌမအုပ်အဆုံးကမှတ် နိဂုံးသတ်မိပြီးဖြစ်ပါကြောင်း။ ထို့နောက် ဒုတိယ, တတိယစာအုပ်ကြီးများလည်း မည့်မဆိုင်းပြီးဆုံးလွယ်ပါအောင် ဆောဆောလျင်လျင် စက်တင်ပုံရိုက်ဆဲရှိသည်ဖြစ်ပါ၍ မကြာမကြာ ဆက်ကာဆက်ကာ ရှုကြည့် သုံးသပ်ကြရလိမ့်မည်ဖြစ်ပါ၍ တိုင်းနေပြည်သူ ရှင်လူအပေါင်း သူတော်ကောင်း မိတ်ဆွေအများတို့သည် အားရှိအလျောက် ထောက်ပံ့ကြိုးပမ်း လှူဒါန်းဝယ်ယူ ပူဇော်ကိုးကွယ် ရှုကြည့်သုံးသပ်တော်မူနိုင်ကြပါစေ ကုန်သတည်း။ ဟူ၍ ပုံနှိပ်ထုတ်ဝေသူများ နိဒါန်းအမှာ ရေးသားခဲ့ကြလေသည်။

ကျမ်းစာအတွင်းမျက်နှာဖုံး၌လည်း –

ရတနာပူရအဝ ရွှေပြည်တော်ကြီးအသျှင်ဘုရင် ဒုတိယမင်းခေါင်လက်ထက် အရှင်မဟာအရိယဝံသ မထေရ်စီရင်ပြုစု ရေးသားတော်မူအပ်သော မဏိသာရမဉ္ဇူသာကျမ်းကြီးမှီရာ အတ္ထယောဇနာကို ရတနာသိင်္ခမြို့ တောင်လက် သစ်ဆိမ့်ကြီးရွာ ဇေတဝန်ကျောင်းဆရာ အရှင်ဝိသုဒ္ဓါစာရမထေရ်စီရင်ပြုစု ရေးသားတော်မူအပ်သော မဏိသာရမဉ္ဇူသာနိဿယပဌမအုပ် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဟံသာဝတီ သတင်းစာပုံနှိပ်တိုက် ၁၉၀၆–ခု ဟု ပါရှိလေသည်။
ယင်းနိဿယများမှာ အကုသိုလ်စိတ်အဖွင့် ပြီးရုံသာပါရှိလေသည်။

## အရှင်နာဂိန္ဒာဘိဝံသ၏ မဏိသာရမဉ္ဇူသာနိဿယ

ဌင်းပြင် မန္တလေးမြို့ အနောက်ပြင် "နာဂိန္ဒာဘိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုးကောင်းတိုက်ဆရာတော်ဘုရားကြီး အရှင်နာဂိန္ဒာဘိဝံသသည်လည်း မဏိသာရမဉ္ဇူသာဋီကာနိဿယကို ပြုစုစီရင်တော်မူခဲ့လေသည်။ ယင်းနိဿယကို မန္တလေးမြို့ အာဠဝီစီလမ်း ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်က ၁၉၂၈–ခုနှစ်က ပုံနှိပ်ရိုက်ထုတ်ဝေခဲ့လေသည်။

ဒုတိယတွဲ အပဟိတ်စိတ်အဖွင့်မှစ၍ စေတသိက်ပိုင်းပြီးဆုံးသည်အထိ ပါရှိသည်။

ကျမ်း၏အစဦး –

မဟာအတုလသုဂတဟု မကုဋ္ဌဥဿျောင် စောဘုန်းခေါင်သည့် မြားမြောင်လှစွာ သတ္တဝါတို့ လေးဖြာဩဃ သံသာရ၌ နစ်ကြွမွန်းတုံ တလုံလဲလဲ ဤသည့်ဝဲမှ လွန်ကဲထူးမြတ် ထိုတက်ရပ်ဟု သာထွတ်နိဗ္ဗာန် ချမ်းမြိုက်မှန်ကို ရောက်ရန်ရည်လင့် ရွှေနှုတ်ဖွင့်၍ ကျူးရင့်မြွက်ဖော် ဟောတော်မူခဲ့သော ဒေသနာဓမ္မက္ခန္ဓာတို့ကား သုတ္တန်တဝ ဝိနယတဖြာ အဘိဓမ္မာတစ်သီး ကျမ်းကြီးသုံးရပ်တို့သည် လျှမ်းလျှမ်း လျှပ်လျှပ် ဝင်းပြောင်ပမာဆောင်လျှင် မြင့်မိုရ်တောင်ခါး ယုဂန်ဖျား၌ လှည့်သွားနေလ အစုံပသို့ လောကဓာတ်တွင်း ထင်ရှားခြင်းဖြစ်လေသတည်း။

ထိုသို့ဖိနော် မြတ်ရှင်ကျော်သည့် ဟောဖော်မြွက်လတ် သုံးရပ်သော ပိဋကတ်တို့အနက် သိခက်နက်ကျယ် ရေပင်လယ်တွင်း ယုန်သူငယ်ဆင်းသည့်တွင် နင်းမထောက်မိ ဖြစ်လေသကဲ့သို့ အသိကျယ်စွာ ဘိဓမ္မာကို သီဟဠာဓိပတိ တိုင်းရဌတွင် နမ္မဒါယကာ တောင်းပန်ထွာကြောင့် အနုရုဒ္ဓါစီရင် ကျဥ်းချုံးသီကုံး ရေးသားအပ်သော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာပါဠ်။

ထို့နောက်တရပ် အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာပါဠ်ကို ပုလတ္ထိနဂရ ဇေတဝန်ဝိဟာရ၌ ယာပထလေးဖော်ဖြင့် စံရွှင်တော်မူသော အရှင်သုမင်္ဂလသာမိထေရ်မြတ်သည် လေးရပ်သော မဟာပဒေသတို့နှင့် ကျနစွာ ညှိနှိုင်းဖွင့်ဆို ရေးသားတော်မူခဲ့သော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကျမ်း။

တစ်ခန်းထို့နောင် မြန့်ဘောင်ရဌ ပြည်အင်းဝဝယ် အာဒိစ္စမျိုးအစ စိုးသည့်သတိုးမင်းဖျား မင်းတရားမှ ဆင့်ပွားမပျက် စိုးဆယ်ဆက်တွင် ကနက်ပစ္စူ လှစ်ဖွင့်တော်မူဘိသော ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းတရားကြီးလက်ထက်

ထက်မြက်စူးရှ ဇဝနဂမ္ဘီ ဉာဏ်မှန်သောက် ပါမောက်တဆူ ဖြစ်တော်မူသော အရှင်အရိယဝံသအကျော်ဆရာတော်သည်။ ယခင်အဘိဓမ္မဝိဘာဝိနီ ဋီကာကျော် ကျမ်းကို တခန်းဖွင့်ဆို၍ ရေးသားတော်မူခဲ့သော မဏိသာရမဉ္ဇူသာဋီကာပါဌ် သည်ကား အရပ်ရပ်သို့ နှံ့စပ်စွာရောက်ရှိလေငြားသော်လည်း မာဂဓပါဠိနှင့်သာ ရှိသည်ဖြစ်ရကား စာသင်ပျိုနု သောတုဇနများသိသာဘို့ ခဏာလွယ်ကာ သိစေ ငှါဟု သမ္မာဆန္ဒအာသီသ ရှေ့သွားနှလုံးထားရှိတော်မူသော ရတနာပုံ ဒုတိယနန်းစံ မာရ်အောင်ရတနာစေတီတော်ဒါယကာမင်းတရားကြီးလက်ထက် နှစ်သက်ကြည်ဖြူ ''နာဂိန္ဒာဘိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု''ဟူသော ဘွဲ့တံဆိပ်တော်အလှူကို ရရှိတော်မူသော မန္တလေးမြို့ မိုးကောင်းမဟာဝေယန်ဘုံကျောင်း ဆရာတော် ဘုရား ကြီး စီရင်ရေးသားတော်မူအပ်သော။ မဏိသာရမဉ္ဇူသာနိဿယကို သာသနာ့ တန်ဆောင်ထွန်းလင်းပြောင်၍ အခေါင်မြင့်ရှည် တည်လတ်မည်ကို ရည်ရွယ်သမှု အကြောင်းပြု၍ ကျွန်ုပ်တို့ မန္တလေးမြို့ ဟံသာဝတီ သညီသမိုက် ပိဋကတ်စာပုံနှိပ် တိုက်ကြီးက သိုက်မြိုက်သေချာ အက္ခရာဝလိ ချွတ်ယွင်းခြင်းမရှိရပဲ လွန်ကဲသော ဝီရိယစိတ်ဓာတ်ဖြင့် ပုံနှိပ်လုပ်ဆောင်အပ်ပါသတည်း။ ဟူ၍ ပုံနှိပ်ထုတ်ဝေသူများ ရေးသားဖော်ပြခဲ့ကြကုန်၏။

ယင်းမဏိသာရမဉ္ဇူသာနိဿယ ဒုတိယတွဲ အတွင်းမျက်နှာဖုံး၌ ''ကုန်း ဘောင်အာဒိ ထွက်သာကိန်မှ ရာဇိန်နွယ်ဆက် ဆယ့်တစ်ဆက်တွင် ကနက် ရွှေတောင် စိုးအုပ်ဆောင်သည့် မာရ်အောင်ရတနာ စေတီတော်ဒါယကာ မင်းတရား ကြီးလက်ထက် ထက်မြက်စူးရှ ဇဝနဂမ္ဘီ ဉာဏ်ဂုဏ်မြောက် ပါမောက်တဆူ ဖြစ်တော်မူသော အရှင်နာဂိန္ဒာဘိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု လွှတ်ထုခပ်နှိပ် တံဆိပ်အလှူ ရရှိတော်မူသော ဆရာတော်ဘုရားကြီးရေးသားစီရင်တော်မူသည့် မဏိသာရမဉ္ဇူသာနိဿယ ဒုတိယ ဆရာဦးဘရင် ကြီးကြပ်ပြင်ဆင်သည်။ မန္တလေး မြို့ အာဠဝီစီလမ်း ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် ၁၉၂၈–ခုနှစ်ဟု ပါရှိလေသည်။

ဒုတိယတွဲ မဏိသာရမဉ္ဇူသာနိဿယ၏အဆုံး၌လည်း ''ဣတိ နာဂိန္ဒာဘိ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတိ လဒ္ဓလဉ္ဆနေ မဟာထေရေန ရစိတော အဘိဓမ္မတ္ထဝိဘာဝိနီယာ နာမ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ မဏိသာရမဉ္ဇူသာ နာမိကာယ ဝဏ္ဏနာယ ဒုတိယပရိစ္ဆေဒဝဏ္ဏနာယ နိဿယော နိဋ္ဌိတောဟုပါရှိ လေသည်။ ယင်းဒုတိယတွဲကျမ်းကြီးကား ရှိုင်ဆိုက်စာမျက်နှာ ၃၅၂–ရှိလေသည်။

## ဆင်ဖြူကျွန်း အရှင်ပညာသီဟ၏
## မဏိသာရမဉ္ဇူသာနိဿယ

သက္ကရာဇ် ၁၁၉၉–ခုနှစ်၊ အမရပူရ ဒုတိယမြို့တည်နန်းတည် သီရိပဝရာ ဒိတျာဓိပတိဝိဇယ မဟာဓမ္မရာဇာ တံဆိပ်နာမခံသော လောကမဏိစူဠစေတီ ဒါယကာ မင်းလက်ထက် ဆင်ဖြူကျွန်းရွာဇာတိ ''ပညာသီဟာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ရဟန်းဘွဲ့ အရှင်ပညာသီဟ အများ ခေါ် ခင်ကြီးပုအမည်တွင်သော ဆရာတော်သည်လည်း မဏိသာရမဉ္ဇူသာ ဋီကာနိဿယကို ပြုစီရင်တော်မူခဲ့လေသည်။ သို့ရာတွင် အပြီးသတ်, မသတ် မသိရချေ။ စင်စစ်အားဖြင့် မည်သို့သည့် မဏိသာရမဉ္ဇူသာဋီကာနိဿယမှာ အပြီး သတ်ဟန် မတူပါချေ။

■ ■ ■

# ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တော်တည်၊ ရေစကြိုအောင်မြေသာယာသူဌေးတိုက်ကြီး၏ မဟာနာယက၊ သစ်ဆိမ့်တိုက်စာချ၊ ပဌမစာတော်ချ ဆရာတော် အရှင်ဂန္ဓသာရ

ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီးဟု ကျော်စောတော်မူသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တော်တည်၊ ရေစကြိုမြို့ အောင်မြေသာယာတိုက်ကြီး၏ မဟာနာယက ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် သစ်ဆိမ့်တိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေချပို့သာသနာ ပြုတော်မူခဲ့သည့် နိကာယဏ္ဍဝ ပါရဂူသာသနာပြု ပုဂ္ဂိုလ်ထူးဖြစ်ရာ ၎င်းဆရာတော်၏ အဖြစ်တော်စဉ်နှင့် ဆောင်ရွက်ချက်တို့ကို ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

## ဖွားမြင်တော်မူခြင်း

သစ်ဆိမ့်တိုက်စာချ၊ ပဌမစာတော်ချ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် မြိုင်မြို့မှ အရှေ့မြောက်ယွန်း ၃–မိုင်ခန့်အကွာရှိ ညောင်ပင်ရွာ၌ အဖ–ဦးလူပု၊ အမိ–ဒေါ်မင်းခဲတို့မှ သက္ကရာဇ် ၁၁၉၄–ခုနှစ် တပေါင်းလပြည့်ကျော် ၁၃–ရက် တနင်္လာနေ့အရောက် ညဉ့် ၂– ချက်တီးကျော်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ဖိုးထပ် ဖြစ်လေသည်။

## ကျောင်းအပ်ပညာသင်

မောင်ဖိုးထပ် သက်တော် ၁၁–နှစ်ရှိချိန်ကား အမရပူရ ဒုတိယမြို့နန်းတည် သီရိပဝရာဒိတျ လောကာဓိပတိဝိဇယ မဟာဓမ္မရာဇာဓိရာဇဂုရု လောကမဏိစူဠာ စေတီတော်ဒါယကာ ရွှေဘို (သာယာဝတီ) မင်းတရားကြီးနန်းစံ ခြောက်နှစ်မြောက်ဖြစ်ရာ အခါဖြစ်လေသည်။ ယင်းရွှေဘိုမင်းတရားသည် သဲအင်းဆရာတော် အဝရှင်သူရိယမဟာထေရ်ကို ''သူရိယဝံသာဘိသိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော် နှင်းအပ်သာသနာပိုင်ခန့်တော်မူကာ သာသနာပြုချိန်လည်း ဖြစ်လေသည်။ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ အုပ်ချုပ်မှုအောက်၌ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ပရိယတ်၊

ပဋ္ဌိပတ် နှစ်ရပ်သောခုရကို လွန်စွာအားသစ်ချိန်လည်း ဖြစ်လေသည်။ ယင်းခမ္မရာဇ်မင်း တရားလက်ထက် ၁၁–နှစ်အရွယ်ရှိသော မောင်ဖိုးထပ်ကို ဦးလူပု, ဒေါ်မင်းခဲ တို့သည် အလယ်ကန်ရွာ မင်္ဂလာကျောင်းဆရာတော်ဘုရားကြီးထံ အပ်နှံကြကာ ပညာသင်ကြားကြစေကုန်၏။[၁]

## မင်္ဂလာကျောင်းတွင် သင်ယူခဲ့သောစာပေများ

မောင်ဖိုးထပ်သည် သက်တော် ၁၁–နှစ်မှ စ၍ သက်တော် ၁၅–နှစ်အရွယ်ထိအောင် မင်္ဂလာကျောင်း ဆရာတော်ထံ၌ သရနှင့်ဗျည်းရွတ်ဖတ်နည်းကို ပြဆိုရာ သိက္ခာကျမ်းမျိုးမှစ၍ မင်္ဂလသုတ်, ဘုရားရှိခိုး, အောင်ခြင်းရှစ်ပါးဆုံးမစာ, ရတနာရွှေချိုင့်, ပရိတ်, နမက္ကာရ စသည်တို့နှင့်တကွ ခုဒ္ဒကနိကာယ် အဝင်အပါ မဟာနိပါတ်ဇာတ်တော်ကြီးများကို သင်ကြားပေါက်ရောက်ခဲ့လေသည်။ မောင်ဖိုးထပ်ကား မြန်မြန်လည်း သင်ယူ၏။ မှန်မှန်လည်း သင်ယူ၏။ သင်ယူသမျှ လည်း ပျောက်ရှမရှိ မှတ်သားမိလေသည်။ ထို့ကြောင့် သူငယ်နှင့်မလိုက်အောင် စာပေတတ်မြောက်သူ ဖြစ်လာလေ၏။

မောင်ဖိုးထပ်ဝှ ဒါရကော ဟိ၊ ထေရဿ သန္တိကေ ဝိဒူ။
ဗဟုံ လဟုံ စ ဂဏှာတိ၊ ဂဟဏောတိဝကောဝိဒေါ။

## အတော်ဆုံးကျောင်းသား

**သတေသု ဇာယတေ သူရော၊ သဟဿေသု စ ပဏ္ဍိတော။**[၂]

သူရော၊ ရဲရင့်သောသူသည်။ သတေသုစ၊ တရာမျှလောက်သောသူတို့၌။ ဇာယတေ၊ ဖြစ်တတ်၏။ ပဏ္ဍိတော၊ ပညာရှိလူရည်ချွန်သည်။ သဟဿေသု၊ တစ်ထောင်မျှလောက်သူတို့၌။ ဇာယတေ၊ ဖြစ်တတ်၏။

---

၁။ အလယ်ကန်ကျောင်းဆရာတော်၏အမည်ကား ခင်ကြီးသိုင်းဖြစ်သည်ဟု သိရ၏။ အလယ်ကန် မင်္ဂလာကျောင်းကား ယခု မရှိတော့ပြီ၊ သိမ်, စေတီဟောင်းနှင့်ရေကန်သာ တည်ရှိလေတော့သည်။

၂။ မဟာရဟနီတိ။ ၁၇– ဂါထာ။

"လူတရာတွင် ရဲစွမ်းသတ္တိရှိသူတစ်ယောက်၊ လူတစ်ထောင်တွင် ပညာရှိသူတစ်ယောက်" ဟူသည်နှင့်အညီ ထိုစဉ်က မောင်ဖိုးထပ်သည် မင်္ဂလာ ကျောင်းထွက် ကျောင်းသား များစွာတို့တွင်လည်းကောင်း အနီးပတ်ဝန်းကျင် ကျောင်းတိုက်များစွာတို့တွင်လည်းကောင်း ပညာဉာဏ်ရည်အတော်ဆုံး ကျောင်းသား တစ်ယောက်အဖြစ် ထင်ရှားခဲ့လေသည်။

## ပဗ္ဗဇ္ဇမင်္ဂလာသဘင်ဆင်ယင် သာသနာဘောင်သွတ်သွင်းကြ

ဦးလူပု+ဒေါ်မင်းခဲတို့သည် မောင်ဖိုးထပ် သက်တော် ၁၅–နှစ်သား အရွယ်ရှိရာအခါတွင်–

တာဒိသောပိ မဟာစာဂီ၊ ဒါယာဒေါ သာသနဿ န။

ပစ္စယဒါယကောတွေဝ၊ ဝုစ္စတေ မနုဇာဓိပ[၁]။

မနုဇာဓိပ၊ လူများသနင်း သီရိဓမ္မာသောကမင်းကြီး။ တာဒိသောပိ၊ ကုဋေတရာ မြားမြောက်လှစွာသော ငွေအသပြာတန်ဘိုးရှိသော ပစ္စည်းဥစ္စာတို့ကို ပေးကမ်းစွန့်လှူသူ၏ အဖြစ်ဟူသော ရှုအပ်သောသဘော ရှိသည်လည်းဖြစ်သော။ မဟာစာဂီ၊ မြားမြောက်လှစွာ လေးဖြာသောပစ္စည်းကို စွန့်လှူခြင်းရှိသော သင်မင်းကြီးကို။ သာသနဿ၊ ဘုရားမြတ်စွာသာသနာတော်၏။ ဒါယာဒေါ၊ ဘုရားမြတ်စွာသာသနာတော်က ပေးအပ်သောအမွေကို ခံယူသူဟူ၍။ န ဝုစ္စတေ၊ မဆိုအပ် မဆိုပိုင်မဆိုနိုင်သေးသည်သာ။ ပစ္စယဒါယကောတွေဝ၊ ပစ္စယဒါယကာဟူ၍သာလျှင်။ ဝါ၊ လေးဖြာသောပစ္စည်းဖြင့် ဘုန်းမီးနေလ တောက်ပထိန်ငြီး ဘုရားရှင်သာသနာတော်မြတ်ကြီးကို ထောက်ပံ့လှူဒါန်းသူဟူ၍သာလျှင်။ ဝုစ္စတေ၊ ခေါ်ဆိုပညတ် သမုတ်အပ်ပါ၏။

ယော တု ပုတ္တံ ဓီတရံ ဝါ၊ ပဗ္ဗဇ္ဇာပေတိ သာသနေ။

သော သာသနဿ ဒါယာဒေါ၊ ပစ္စယဒါယကောအပိ။[၂]

မနုဇာဓိပ၊ လူတို့သနင်း သီရိဓမ္မာသောက ကေရာဇ်မင်း။ ယော၊ အကြင်သူသည်။ ပုတ္တံဝါ၊ ရင်ကမွေးဖွား မိမိသားရင်းကိုသော်လည်းကောင်း။ ဓီတရံ ဝါ၊ ချစ်၍မငြီး မိမိသမီးရင်းကိုသော်လည်းကောင်း။ သာသနေ၊ ဘုရားမြတ်စွာသာသနာ

---

၁။ မဟာဝံသ၊ ၅။ ၁၉၆။ ၂။ မဟာဝံသ၊ ၅။ ၁၉၇။

တော်၌။ ပဗ္ဗဇ္ဇာပေတိ၊ ရှင်ရဟန်းပြုစေ၏။ သော၊ ထိုချစ်၍မငြီး မိမိသားရင်း သမီးရင်းကို ရှင်ရဟန်းပြုစေသောသူသည်သာလျှင်။ သာသနဿ၊ ကြုံခဲလှစွာ ဘုရားမြတ်စွာသာသနာတော်မြတ်ကြီး၏။ ဒါယာဒေါအပိ၊ အမွေခံထိုက်သူ မည်သည်လည်းကောင်း။ ပစ္စယဒါယကောအပိ၊ ပစ္စည်းလေးဖြာဖြင့် သာသနာ တော်ကို ထောက်ပံ့လှူဒါန်းသူမည်သည်လည်းကောင်း။ ဟောတိ၊ မုချစင်စစ် ဖြစ်ပေ၏။ ဟူ၍ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်က ဒီပစက္ကဝတ္တိ သီရိဓမ္မာသောက မင်းကြီးအား ဟောပြသည့် ဒေသနာတော်ကို နှလုံးသွင်းသဘောပေါက်ကြပါသဖြင့် မိမိတို့ နေအိမ်တွင် မဏ္ဍပ်ကန္နားဆောက်လုပ်စေကြပြီး ယင်းမဏ္ဍပ်ကြီး၌ ၂-ဖက် ဆွေမျိုးစုံညီစွာဖြင့် ရဟန်းသံဃာတော်တို့အားလည်း တတ်စွမ်းသမျှ ဒါတဗ္ဗ ဝတ္ထုတို့ကိုလှူဒါန်းပြီး သာမဏေတို့၏ ပရိက္ခရာ စုံလင်စွာဖြင့် သာသနာတော်တွင်း သွတ်သွင်းချီးမြှင့်ကြကုန်၏။

## မောင်ဖိုးထပ် သာမဏေဝတ်ပြု

ပဗ္ဗဇ္ဇမင်္ဂလာသဘင်ဆင်ယင်ကျင်းပရာနေ့၌ပင်လျှင် ဖခင်ကြီးဦးလူပုနှင့် မိခင်ကြီး ဒေါ်မင်းခဲတို့သည် မောင်ဖိုးထပ် နှစ်ဖက်ဆွေမျိုးစုံဝန်းရံလျက် အလယ်ကန် မင်္ဂလာကျောင်းတိုက်သို့ ခေါ်ဆောင်ကြကုန်၏။ အလယ်ကန်ကျောင်း ဆရာတော် ဘုရားကြီးသည် ကိုးမြို့ဂိုဏ်းချုပ် အရှင်ဂန္ဓသာရလောင်းလျာ မောင်ဖိုးထပ်ကို ရှင်သာမဏေဝတ်ပေးလိုက်လေသည်။ ဦးလူပု+ဒေါ်မင်းခဲဟူသော မွေးဖမွေးမိတို့နှင့် တကွ နှစ်ဖက်ဆွေမျိုး အားလုံးတို့ များစွာဝမ်းမြောက် ရွှင်လန်းကြကုန်၏။

## ရှင်ဂန္ဓသာရ မည်နာမ

မင်္ဂလာကျောင်းဆရာတော်သည် ဤပုဂ္ဂိုလ်ကား သာမန်ပုဂ္ဂိုလ်မဟုတ် ရုပ်ရည်ရူပကာယလည်း လွန်စွာကောင်းမွန်၏။ ဉာဏ်ပညာလည်း လွန်စွာထူးချွန်၏။ ရဟန်းဖြစ်ပြီး ကျမ်းဂန်တတ်မြောက်၍ ကျမ်းဂန်အရပ်ရပ်တို့ကို ချပို့လိမ့်မည်။ ကျမ်းဂန်ချပို့ရင်း ထူးမြတ်သော ကျမ်းပြုပုဂ္ဂိုလ်ဖြစ်အံ့သူပေတည်းဟု နှလုံးပိုက် တော်မူ၍ ရှင်ဂန္ဓသာရ အမည်မှည့်ခေါ်တော်မူလေသည်။

ပန္နရသဝဿိကော သော၊ ပတ္တော သာမဏေရတံ ဝရံ။
ဂန္ဓသာရောတိ နာမေန၊ ဒုလ္လဘော ဗုဒ္ဓသာသနေ။

## မိဖတို့ ရှေးဦးစွာ ဦးချကြ

မွေးဖ မွေးမိများဖြစ်ကြသော ဦးလူပု+ဒေါ်မင်းခဲတို့ ရှေ့မှောက်တွင် မင်္ဂလာကျောင်းဆရာတော်ဘုရားကြီးသည် သရဏဂုံသီလပေးတော်မူ၍ ရှင်သာမဏေ ဝတ်ပြီးနောက် "ဒကာကြီး ဦးလူပုနှင့် ဒကာမကြီး ဒေါ်မင်းခဲတို့ ဒကာကြီး ဒကာမ ကြီးတို့ရဲ့သား မောင်ဖိုးထပ် သာမဏေဖြစ်သွားပြီ၊ သာမဏေဖြစ်တယ်ဆိုတော့ ဆယ်ပါးသီလ ကိုယ်မှာဆင်မြန်း အထက်တန်းကျတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်သွားပြီး လေးကျွန်းလုံးကို အစိုးရတဲ့ စက္ကဝတ်ဖျား မင်းတရားသည်ပင်လျှင် ရှိခိုးထိုက်ပြီ၊ ဒါကြောင့် ဒကာကြီးတို့ ဒကာမကြီးတို့ မိမိ၏သားကိုရင်ကို ရှိခိုးကြရမယ်"ဟု မိန့်တော်မူသဖြင့် ဦးလူပုနှင့်ဒေါ်မင်းခဲတို့သည် မိမိတို့၏ အတိဇာတ သားထူး သားမြတ်ကို ရှိခိုးဦးချကြကုန်၏။

မာတာပိတရော ဝန္ဒန္တိ၊ သပုတ္တံ ဝန္ဒနာရဟံ။
ပဗ္ဗဇ္ဇုပဂတံ သေဋ္ဌံ၊ ဒသသီလ သမာယုတံ။

## အတိဇာတ သားထူးစစ်မှန်

လောက၌ သားသုံးမျိုးရှိကြောင်း ဘုရားဖိနော် ဟောတော်မူခဲ့၏။ ၄င်းတို့မှာ–

၁။ အတိဇာတသား၊

၂။ အနုဇာတသား၊

၃။ အဝဇာတသား၊ အားဖြင့် သုံးမျိုးတို့ ဖြစ်ကုန်၏။

ယင်းသုံးမျိုးတို့တွင် မိဖတို့ထက် သီလ, သမာဓိ, ပညာဂုဏ်သိန် အရှိန် ကြီးမား တိုးပွားသည့်သားကို အတိဇာတသားဟု ခေါ်သည်။ မိဖတို့နှင့် သီလ, သမာဓိ, ပညာဂုဏ်ရည်တူသောသားကို အနုဇာတသားဟု ခေါ်သည်။ မိဖတို့ အောက် သီလ, သမာဓိ, ပညာညံ့ဖျင်းသော မိစ္ဆာဇီဝဖြင့် အသက်မွေးသော သားအညံ့စားကို အဝဇာတသားဟုခေါ်သည်။

အတိဇာတံ အနုဇာတံ၊ ပုတ္တမိစ္ဆန္တိ ပဏ္ဍိတာ။
အဝဇာတံ န ဣစ္ဆန္တိ၊ ယော ဟောတိ ကုလဂန္ဓနော။[၁]

---

၁။ ဣတိဝုတ္တကပါဠိ၊ ၂၃၉။ ပုတ္တသုတ်။

ပဏ္ဍိတာ၊ ပညာရှိသော မိဖတို့သည်။ အတိဇာတံပုတ္တံ၊ မိမိတို့ထက် သီလ သမာဓိ ပညာဂုဏ်လွန်ကဲသော သားကိုလည်းကောင်း။ အနုဇာတံပုတ္တံ၊ မိမိတို့နှင့်လျော်သော တူသောသီလ သမာဓိ ပညာရှိသောသားကိုလည်းကောင်း။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ယော အဝဇာတပုတ္တော၊ အကြင်မိဖတို့အောက် သီလ, သမာဓိ, ပညာယုတ်ညံ့ အောက်တန်းကျသောသားသည်။ ကုလဂန္ဓနော၊ အမျိုးကို ဖျက်ဆီးတတ်၏။ တံ အဝဇာတပုတ္တံ၊ ထိုမိမိတို့အောက် သီလ, သမာဓိ, ပညာ ယုတ်ညံ့သောသားကို။ န ဣစ္ဆန္တိ၊ အလိုမရှိကြကုန်။

''အဖကောင်းသား ခံရများ၏ သားကောင်းအဖ ဖြစ်ခဲစွာ့ရှင့် သားလှ မောင်သိ အတိအနု ခေါ်ပြုအဝ ဇာတသုံးဖြာ ကျမ်း၌လာသား မာတာပိတ မိနှင့် ဖထက် သီလသမာ ပညာကျင့်မှု လွန်တူယုတ်ထ သားသုံးဝတည်း ပါပသမုတ် ကလိယုဂ်၌ ဆုတ်ကပ်ဖွားသည့် နောက်သားတကာ အဝဇာဖြင့် အလိမ်မာကို မလိုဆည်းပူး လေလွင့်ရှုး၍ အမူးအမော် အပျော်သောက်ပြု ကစားမှုဖြင့် မိုက်တုမိုက်ထ လိုက်များကြလိမ့်။''[၁]

ဆရာတော်လောင်းလျာ ရှင်ဂန္ဓသာရကား မိမိ၏မိဖများထက် သီလ သမာဓိ ပညာဂုဏ်ရည် စင်စစ်ထူးချွန်သည့် အတိဇာတသား ဖြစ်ခဲ့လေသည်။

## သက်န်းဝတ်နှင့်ဖူးမြင်ရန် မြှော်လင့်ချက်ပြည့်ပြီ

ဖခင်ဦးလူပုနှင့်မိခင်ကြီး ဒေါ်မင်းခဲတို့ကား ရင်နှစ်ရင်သွေး မောင်ဖိုးထပ်ကို သက်န်းဝတ်နှင့်ဖူးမြင်ရန် မြှော်လင့်ချက်ထားခဲ့ကြသည်မှာ မွေးဖွားစကတည်းက ဖြစ်ကုန်၏။ သို့ရာတွင် သက်တော် ၁၅–နှစ်အရွယ်တော် ခေတ်ရောက်၍ ရှင်သာမဏေပြုသောနေ့ကစ၍ လိုလားချက်ပြည့်မြောက်ခဲ့လေကုန်တော့သည်။

ကဒါဟံ ပုတ္တံ ပဿေယျံ၊ ပဗ္ဗဇ္ဇုပဂတံ သုဘံ။
ဣတိ စိရကာလ ဇာတော၊ သက်ပွေါ် ဒါနီ ပူရိတော။

---

၁။ မဃဒေဝလင်္ကာသစ်။

## သာမဏေသီလ လုံခြုံစွာ စောင့်ထိန်းခြင်း

ရှင်ဂန္ဓသာရသည် "ဒသသီလဆယ်ပါး, ဘုရားမှုခပါဌ်, ရှင်ကျင့်ဝတ်ကို စောင့်ကြပ်မြဲထွေ ညီလုစေ"ဟူသော ဆုံးမစကားအတိုင်း ရှေးရှေးဘဝ မြားမြောက်စွာက ဖြည့်ကျင့်ဆည်းပူးခဲ့သည့် ပါရမီသမ္ဘာရထူးကြောင့် ရရှိခဲ့သော သာမဏေ အဖြစ်ကို လွန်စွာ ချစ်ခင်မြတ်နိုး တန်ဘိုးထားက ဆယ်ဖြာသောသီလကို လုံခြုံစွာ စောင့်ထိန်း နေထိုင်ခဲ့လေသည်။

## ပျော်ရွှင်စွာ ပညာသင်ကြားခြင်း

ရှင်ဂန္ဓသာရသည် ရတနာရွှေအိုးကို ကောက်ရတွေ့ရှိသော ယောကျ်ားပမာ ဝမ်းသာပျော်ရွှင်စွာ ဥပဇ္ဈာယ်ဖြစ်တော်မူသော အလယ်ကန်မင်္ဂလာကျောင်း ဆရာတော်အထံတော်၌-

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေး အံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါးကို ကောင်းစွာ ဖြည့်ကျင့်တော်မူကာ ဥပဇ္ဈာယ်ဆရာတော်အထံ၌ ပစ္စဝေက္ခဏာ, ဆယ်ဖြာလိင်္ဂ, နာသနနှင့် ဒဏ္ဍဆယ်ထွေ သေခိယသိက္ခာပုဒ် စုဒ္ဒသဝတ် မချွတ် မယွင်း ကျိုးပျက်ခြင်းမရှိစေရ၊ သာမဏေရသိက္ခာ ကျင့်အပ်ရာကို ကောင်းစွာ တတ်သိမှတ်မိသေချာ အဓိပ္ပါယတ္ထ သဘာဝကို ကျနသေချာ ဆရာပြတိုင်း ကိုင်းရှိုင်းလိုက်နာ လေ့လာသင်ကြား၍ မများကာလ တဝါမျှဖြင့်သာလျှင် မုခါရုဠ္ဌ နှုတ်တက်ရခြင်း သာမဏေကျင့်ထုံး စ, လယ်, အဆုံး မှတ်သားဘွယ်ကို နားလည် သိရှိခြင်း စသည်တို့ဖြင့် ထူးချွန်တတ်သိသူ၏ အဖြစ်သို့ ရောက်ခဲ့လေသည်။

မင်္ဂလာရာမ ထေရဿ၊ ဝသိတွာန သုဓီတိမာ။
သိက္ခိတဗ္ဗေသု သိက္ခိတွာ၊ တေသု ဆေကော ဝိသာရဒေါ။

## ဖျာသီးရွာ ဖေယျာဘုံသာ ဆရာတော်အရှင်အာစာရထံ ပညာသင်

ဦးလူပု ဒေါ်မင်းခဲတို့သည် ရှင်ဂန္ဓသာရ သာသနာ့ဘောင် ဝင်ရောက်ထမ်း ဆောင်၍ တနှစ်အကြာတွင် ဖျာသီးရွာသို့ ပြောင်းရွှေ့နေထိုင်ကြကုန်၏။

ထိုအခါ မိမိ၏ ရင်နှစ်ရင်သွေး ချစ်ရေးမဝသည့် သာမဏေ ရှင်ဂန္ဓ သာရကိုပါ မိမိတို့ပြောင်းရွှေ့ နေထိုင်ရာ ဖျာသီးရွာသို့ ပင့်ဆောင်၍ သွားကြကုန်၏။

ဖျာသီးရွာ ရောက်ပြီးနောက် သာမဏေရှင်ဂန္ဓသာရကို ဖျာသီးရွာ ဇေယျာဘုံသာကျောင်း ဆရာတော် အရှင်အာစာရထံ အပ်နှံကြသဖြင့် ရှင်ဂန္ဓသာရသည် ဆရာတော် အရှင်အာစာရထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်၊ ဓာတုကထာ၊ ကခ်ါ၊ ဋီကာကျော်၊ ရူပသိဒ္ဓိစသော ကျမ်းဂန်မြားမြောက်စွာတို့ကို–

ဥဋ္ဌာနာ ဥပဋ္ဌာနာ စ၊ သုဿုသာ ပါရိစရိယာ။
သက္ကစ္စံ သိပ္ပုဂ္ဂဟဏာ၊ ဂရုံ အာရာဓယေ ဗုဓော။

လုံ့လထကြွရှိခြင်း၊ ဆည်းကပ်ခစားခြင်း၊ ဆုံးမသြဝါဒကို နာခံခြင်း၊ ခြေရင်း၌ လုပ်ကျွေးခြင်း၊ ရိုသေစွာ သင်ယူခြင်း–ဟူသော ဝတ်တရားနှင့်ပြည့်စုံစွာ သင်ယူခဲ့လေရာ ပိဋကတ်သုံးပုံ ကူးခတ်နိုင်လောက်အောင် အခြေခံကို ကောင်းစွာ ရရှိခဲ့လေသည်။

အာစာရ ထေရသေဋ္ဌဿ၊ သွာစာရဿ သုဝိညုနော။
သန္တိကေ ဗဟုလေ ဂန္ထေ၊ သုသိက္ခိတွာ ဝိဒူ အဟု။

## စီစစ်လေ့လာလေ့ရှိခြင်း

သာမဏေ ရှင်ဂန္ဓသာရသည် သင်ယူမိတိုင်းသော ကျမ်းဂန်တို့၌ ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာတို့ကိုလည်းကောင်း။ ဝါကျအနေအထား စသည်တို့ကိုလည်းကောင်း စီစစ်ဝေဖန် နှိုင်းချိန်လေ့ရှိ၏။ ကျမ်းရင်းစာသား အဓိပ္ပါယ်ကိုလည်း သဘောပေါက်အောင် ဆင်ခြင်တွေးဆလေ့ရှိ၏။ သို့ဖြစ်၍ သင်ယူပြီး ကျမ်းဂန်များအတွက် ထပ်မံသင်ယူရန် မရှိတော့ပဲ ချပို့ရန်ကိုသာ ရည်စူးပြီး ဖြစ်လေတော့သည်။

## ရဟန်းဘဝ ဒုလ္လဘသို့ ရောက်ရှိတော်မူခြင်း

ယင်းသို့ ဇေယျာဘုံသာ ဆရာတော်ဘုရားကြီးအထံတော်၌ လေးနှစ်ကျော်ကာလကြာအောင် ပညာရင်နို့ သောက်စို့ကြီးပွားခဲ့ရာ သက်တော် ၁၉–နှစ် နှစ်လပဋိသန္ဓေနှင့်သော် အသက် ၂၀–ပြည့်ရာ သက္ကရာဇ် ၁၂၁၃–ခုနှစ်တွင် ဘကြီးတော်ဦးသာရွဲ၊ မိကြီးတော် ဒေါ်မင်းဘဲတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဖျာသီးရွာ ဇေယျာဘုံသာဆရာတော်ဘုရားကြီး အရှင်အာစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဗန့်ကျီနယ်တရားမြို့ စမ္ပာယ်ရုံကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဝတ္ထု၊ ဉတ္တိ၊ အနုဿာဝန၊ သီမာ၊ ပရိသာအင်္ဂါပင်္ဂါငါးအင်္ဂါစုံ၍ လုံးစုံသမ္ပတ္တိ ဉတ္တိဒေါသ စသည်မရှိ နိမ္မိတ်ကျွ

နိဿယဖြင့် မဟာပုရိသအာဇာနေယျ ပုဂ္ဂလဇာနည် ဆုကြီးရည်မှန်း ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ အာစာရထေရ ကုဋ္ဌရံ။
ဒုလ္လဘံ အလဘိ ထေရော၊ ဒုလ္လဘော ဗုဒ္ဓသာသနေ။
ဦးသာရွှဲ ဂဟပတိ စ၊ ဒေါ်မင်းဘဲ ဂေဟသာမိနီ။
ပစ္စယေဟိ နုဂ္ဂဟေသုံ၊ ဂန္ထံ ဂန္ထေသု ကောဝိဒံ။

## ဥပဇ္ဈာယ်ဆရာတော်ထံ ဆက်လက်ပညာသင်

ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူပြီးမှ နိဿယဂဟေတဗ္ဗ ဒဟရခေတ် အသစ်ကာလ ငါးဝါရသည့်တိုင်အောင် ဥပဇ္ဈာယ်ဆရာတော်ဖြစ်တော်မူသော ဖျာသီးရွာ ဓေယျာဘုံသာ ဆရာတော်ဘုရားကြီးထံ၌ပင် ဂန္ထန္တရအာဝဝကို ထက်သန် လွန်ကဲသော ဖွဲဝီရိယဖြင့် သင်ယူတော်မူခဲ့လေသည်။

ဥပဇ္ဈာယန္တကေယေဝ၊ ဂန္ထသာရော သမုဂ္ဂဏှိ။
ဥပသမ္ပဒမာဂမ္မ၊ ပဉ္စဝဿံ စိရာယတိ။

## ဆရာတော် အရှင်ဝရသမ္မောဓိမဟာထေရ်

ဆရာတော်အရှင်ဝရသမ္မောဓိမဟာထေရ်သည် သာသနာတော်၌ လွန်စွာ ထင်ရှားသည့် သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။ ပခန်းကြီးမြို့ အပါအဝင် ရွာငယ်ရွာတွင် ခမည်းတော် ဦးကျော်ညွန့် မယ်တော် ဒေါ်ရွှေသန့်တို့မှ သက္ကရာဇ် ၁၁၇၅–ခုနှစ် နတ်တော်လဆန်း ၆–ရက် ဗုဒ္ဓဟူးနေ့ ညဦးသန်းကောင်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ဖိုးဆင် ဖြစ်လေသည်။

သက်တော် ၁၄–နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်ကာ ဘုရားမြတ်စွာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀–တွင် ရဟန်းပြု တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဝရ ဖြစ်လေသည်။ ပခန်းငယ်ရွာ ပန်းဒူး ဆရာတော် အရှင်ဥတ္တမရဲ့သီထံတွင်လည်း ရောက်ရှိပညာသင်ကြားတော်မူခဲ့လေ သည်။

တဖန် အမရပူရမြို့ အသောကာရာမတိုက် (ယခုမန္တလေးတောင်ပြင် အသောကာရာမတိုက်)၌ သီတင်းသုံးတော်မူသော ''ပညာဇောတာဘိဝံသ

သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယဗားကရားသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပညာဇောတ မဟာထေရ်မြတ် ထံတော်တွင်–

ဘုရားကြီးတိုက်ဆရာတော်လောင်းလျာအရှင်ဇာဂရမဟာထေရ်၊ မဟာဒွါရ နိကာယအာဒိကမ္မိက ဂဏာဓိပတိလောင်းလျာ အရှင်ဥက္ကံသမာလာ ပခန်းမင်းကြီး ဦးရန်ဝေး (ထိုစဉ်ကရဟန်းဝတ်လျက်)၊ ဦးဘား (ထိုစဉ်က ရဟန်းဝတ်လျက်ရှိ၏) စသည်တို့နှင့်အတူ ပညာသင်ကြားခဲ့လေသည်။ အရှင်ဝရသည် ပညာလွန်စွာ ထက်မြက်လေသည်။ နောက်တွင် ပညာထက်မြက်မှုကို အစွဲပြု၍ အရှင်ဝရ သမ္မောဓိဟု ခေါ်ကြကုန်၏။

ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားလက်ထက်တော်တွင် "ဝရသမ္မော ဓိသိရီပဝရဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရသည်ဟု သိရလေသည်။ သက္ကရာဇ် ၁၂၃၀–ခုနှစ်တွင် ပဌမသံဂါယနာတင် မင်းတုန်းမင်း တရားကြီး၏ စားတော်ဝန်ဦးခဲ စတင်တည်ဆောက်လှူဒါန်းအပ်သော ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ စာသင်သားတပည့် တပန်း ရဟန်းသာမဏေများစွာတို့အား စာပေချပို့ သာသနာတော်ပြုတော်မူခဲ့ လေသည်။ ကျမ်းဂန်များစွာကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။
၎င်းတို့မှာ–

၁။ ဓမ္မပဒမဟာဋီကာပါဠိ။
၂။ ပဋ္ဌိသန္ဓိဝိနိစ္ဆယကျမ်း။
၃။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ။
၄။ ရာဇဝသတီကျမ်း။
၅။ သုတသာရပဏ္ဏာမ။
၆။ ယထာဘူတဝိကာသိနီကျမ်း။
၇။ မနောဒန္တဒီပနီကျမ်း။
၈။ သာဓုဇနမနောဟာရီကျမ်း။
၉။ မူလဋီကာမဟာနိဿယကျမ်း။
၁၀။ ထေရဂါထာအဋ္ဌကထာနိဿယ။
၁၁။ ကထိန်အမေးအဖြေကျမ်း။
၁၂။ ဥပသမ္ပဒာနုသာသနကျမ်း။
၁၃။ သမာသာဒိသုတ္တမဟာနိဿယ။

၁၄။ မဟာသီမာသီလာလေခနကျမ်း။
၁၅။ ရေစကြိုတရားစာ။
၁၆။ သာသနဗျူဟာကျမ်း။
၁၇။ ဝံသာနုက္ကမဒီပနီကျမ်း။
၁၈။ သံဝေဂကမ္မဋ္ဌာန်းကျမ်း။
၁၉။ ဆဗ္ဗိသကျမ်း။
၂၀။ ဝိပဿနာစာရဒီပနီကျမ်း။
၂၁။ ဗုဒ္ဓဝန္ဒနာဂါထာများ စသည်ဖြစ်ကုန်၏။

ဆရာတော်အရှင်ဝရသမ္ဘောဓိမဟာထေရ်သည် သက်တော် ၅၉-နှစ် ဝါတော် ၄၀-ရှိရာ ၁၂၃၉-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။[၁]

## အရှင်ဂန္ဓသာရသည် အရှင်ဝရသမ္ဘောဓိထံ ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာ အရှင်ဂန္ဓသာရသည်-

နိပုဏေ သုတမေသေယျ၊ ဝိစိနိတွာ သုတတ္ထိကော။

သုတတ္ထိကော၊ အကြားအမြင် ဗဟုသုတ အဝဂကို အလိုရှိသော သူသည်။ နိပုဏေ၊ သိမ်မွေ့သော ပညာရှိသူတို့ကို။ ဝိစိနိတွာ၊ စူးစမ်း၍။ သုတံ၊ စာပေကျမ်းဂန်စသော အကြားအမြင် ဗဟုသုတကို။ ဧသေယျ၊ ရှာမှီးရာ၏။[၂]

ဟူသည်နှင့်အညီ ရဟန်းသိက္ခာ ငါးဝါရရှိတော်မူပြီးနောက် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီး၌ စာပေချပို့ခြင်း, ကျမ်းစာပြုစုခြင်း စသည်တို့ဖြင့် ဘုရားမြတ်စွာသာသနာကို ပြုတော်မူလျက်ရှိသော ဆရာတော် အရှင်ဝရသမ္ဘောဓိထံ ရောက်ရှိ၍ ၂-ဝါ သီတင်းသုံးတော်မူ၍ ပိဋကတ်ကျမ်းဂန် ပါဠိ အဋ္ဌကထာဋီကာများကို လွန်ကဲပြင်းထန်သော ဖွဲ့ဝီရိယဖြင့် သင်ယူတော်မူခဲ့လေသည်။

ဝရသမ္ဘောဓိထေရဿ၊ သန္တိကေပိ သုဝိညုနော။
ဒုဝဿံ သော ဝသိတွာန၊ အသိက္ခိ သိက္ခိတဗ္ဗကော။

---

၁။ ပခုက္ကူသာသနာဝင် ၂၀၄-၂၀၆ ကြည့်။
၂။ မဟာရဟာနီတိ ၄၀ ဂါထာ။

## ဆင်တဲအရှင်ကူနှာသဘထံ ဆက်လက်ပညာသင်

ဆင်တဲအရှင်ကူန္ဒာသဘထေရ်သည်လည်း စာပေကျမ်းဂန် တတ်မြောက်လေသည်။ ဝါကျကိုင်တွယ်ပုံ၊ ပုဒ်ရေးပါဋ္ဌ်ရေး၊ သဒ္ဒါရေးစာပေအထွက်၊ အတက်၊ ကျမ်းရိုးသွားတို့ကို နိုင်နင်းသည်ဟု ကျော်ကြားလျက် ရှိလေသည်။

ရဟန်းတော်အရှင်ဂန္ဓသာရသည် ''ပဌမရွှယ်၊ ငယ်သော်ကတည်း၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်'' ဟူသည်နှင့်အညီ ပဌမအရွယ် သင်ယူတတ်မြောက်ထိုက်သည့် ပိဋကတ်ကို နိုင်နင်းမှ ဖြစ်မည်ဟု သဘောပိုက်ကာ ဖော်ပြပါ ဆင်တဲအရှင်ကူန္ဒာသဘထံ၌လည်း ကိုးလကြာမျှ သီတင်းသုံးတော်မူကာ ဝါကျသွား၊ ဝါကျလာအမျိုးမျိုး၊ အနုသန္ဓေအထွေထွေ ကျမ်းရိုးအသွယ်သွယ် အဓိပ္ပါယ်အဖြာဖြာ၊ ဌပနာပဌက၊ ဌပနာဆက္ကစသည့် နည်းနာနယအဝဝကို သင်ယူတော်မူခဲ့လေသည်။

ကူန္ဒာသဘဿ ထေရဿ၊ ကူန္ဒတုလျ ပရက္ကမော။
သန္တိကေ ပါပုဏိတွာန၊ နာနာနယံ သမုဂ္ဂဟိ။

## မိဖတို့ ဝမ်းမြောက်မဆုံး

အရှင်ဂန္ဓသာရ ရဟန်းတော်သည် ရဟန်းသိက္ခာလည်း ၇-ဝါခန့် ရရှိသွားပြီဖြစ်သဖြင့် မန္တလေးမြို့သို့ ကြာမြင့်စွာသွားရောက်၍ ပညာသင်ကြားရဦးမည်ဖြစ်ရာ မန္တလေးမသွားမီ မိမိ၏ မိအို၊ ဖအိုများကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်လိုသဖြင့် သက္ကရာဇ် ၁၂၂၀-ခုနှစ် ဝါဆိုဦးတွင် မိဖတို့နေထိုင်ရာ ဖျာသီးရွာသို့ ကြွတော်မူ၍ ဖျာသီးရွာ ဇေယျာဘုံသာကျောင်းတိုက်၌ တဝါသီတင်းသုံးတော်မူ၍ မိဖ ၂-ပါးအား ဓမ္မမိုးရေ ရွာသွန်းဖြိုးစေလျက် သီတင်းသုံးတော်မူသည်။ မိဖတို့သည် ဝမ်းမြောက်မဆုံး ဖြစ်ကြကုန်၏။ သားရဟန်းတော်၏ ဓမ္မရေစင်ရေမွှေးကို သောက်သုံးရခြင်းအတွက် ပျော်မဆုံးဖြစ်ကြကုန်၏။ သားကို မွေးဖွားရကျိုး စောင့်ရှောက်ရကျိုး နပ်ပေပြီ စသည်ဖြင့် ပြောပြောဆိုဆို ပိုမိုဝမ်းမြောက်ကြကုန်၏။

ဦးကြီး၊ ဦးလေး၊ ထွေးကြီး၊ ထွေးလေးစသူတို့နှင့် မွေးချင်းသားချင်းတို့ကလည်း ကြာမြင့်စွာ ကွဲကွာပြီး ချမ်းချမ်းသာသာ ရပ်ဌာနီသို့ ပြန်လည်ရောက်ရှိလာသော အရှင်ဂန္ဓသာရ ရဟန်းတော်ကို ကြိုဆိုကြကုန်၏။ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၏။

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။

ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။[၁]

စိရပ္ပဝါသိံ၊ ချိန်ခါကာလ ကြာမြင့်စွာက ကွဲကွာကွေကွင်း၍နေသော။ ဒူရတော၊ ဝေးရပ်ဌာနီမှ။ သောတ္ထိ၊ ဘေးမခ ရန်မသီ အေးကြည်ချမ်းမြေ့စွာ။ အာဂတံ၊ ပြန်လည်ရောက်ရှိလာသော။ ပုရိသံ၊ အမျိုးကောင်းသားကို။ ဉာတီစ၊ အမိအဖမွေးချင်းကစ များလှသောဆွေမျိုးတို့သည်လည်းကောင်း။ မိတ္တာစ၊ အပေါင်းအသင်း အဆွေခင်ပွန်းတို့သည်လည်းကောင်း။ သုဟဇ္ဇာစ၊ လေးမြတ်ချစ်ခင် နှလုံးအကျွမ်းဝင်သော သူတို့သည်လည်းကောင်း။ အာဂတံ၊ ကိစ္စပြီးမြောက် ပြန်လည်ရောက်ရှိသည်ကို။ အဘိနန္ဒန္တိ၊ က,တော့မလို ခုန်တော့မလောက် လွန်စွာ ဝမ်းမြောက်ကြကုန်၏။[၂]

## ဆရာတော်နှစ်ပါးအား ကန်တော့ဦးတင်ပန်ကြား

သီတင်းဝါလကျွတ်၍ ရှစ်ဝါရပြီးလေသော် ပဗ္ဗဇ္ဇာစရိယဖြစ်တော်မူသော ညောင်ပင်ရွာ မင်္ဂလာကျောင်း ဆရာတော်ဘုရားကြီး, ဥပဇ္ဈာစရိယဖြစ်တော်မူသော ဖျာသီးရွာ ဇေယျာဘုံသာဆရာတော်ဘုရားကြီးတို့ကို ကန်တော့ဦးတင်၍ တပည့်တော်သည် မန္တလေးသို့ သွားရောက်ကာ ဆက်လက်၍ ပညာသင်ကြားလိုပါသည်။ တပည့်တော်အား အနုးညွှတ် ခွင့်လွှတ်တော်မူပါဘုရားဟု ပန်ကြားတော်မူခဲ့လေသည်။

## မန္တလေးမြို့ အသောကာရာမတိုက်ကြီး

မန္တလေးမြို့ တောင်ပြင်မဟာမုနိဘုရားကြီး၏ တောင်ဖက်တွင် အသောကာရာမကျောင်းတိုက်ကြီး တည်ရှိလေသည်။ ယင်းကျောင်းတိုက်ကြီးကို သက္ကရာဇ် ၁၁၄၄–ခုနှစ်တွင် နန်းတက်သော ဘိုးတော်မင်း တရားကြီးသည် တံတိုင်းမီးတား နှစ်ထပ်အတွင်း၌ ကျယ်ဝန်းခမ်းနားလှသော ရတနာဘုံကျော် အမည်ရှိသော ကျောင်းတော်ကြီးကို ဆောက်လုပ်စေပြီး ''ဉာဏာဘိဝံသဓမ္မ သေနာပတိမဟာဓမ္မ

---

၁။ ဓမ္မပဒ ၄၅၊ နန္ဒိယဝတ္ထု။

၂။ နေရာနှင့်ကိုက်ညီအောင် အနက်ယောဇနာသည်။

ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင်ဆရာတော်အား တင်လျှူကိုးကွယ်တော်မူခဲ့လေသည်။

ယင်းကျောင်းတိုက်ကြီးအတွင်း၌ ကျောင်းပေါင်း ၆၀-ကျော်ခန့်ရှိလေသည်။ ယင်းကျောင်းတိုက်ကြီး၌ ပဌမဆုံး နာယကဆရာတော်မှာ မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသ ဖြစ်လေသည်။ ဒုတိယမြောက် နာယကဆရာတော်မှာ ''မုနိန္ဒာသိရီသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်နှင့် ''မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ စလင်းသာသနာပိုင် အရှင်မုနိန္ဒမဟာထေရ် ဖြစ်လေသည်။ တတိယမြောက်နာယကဆရာတော်မှာ ''ပညာဇောတာဘိသိရီသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်နှင့် ''ပညာဇောတာဘိဝံသ သိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇ ဂုရု'' ဘွဲ့တံဆိပ်တော်ရ ဒုတိယဖားကရား သာသနာပိုင် အရှင်ပညာဇောတ မဟာထေရ် ဖြစ်လေသည်။ စတုတ္ထမြောက်နာယကဆရာတော်မှာ ''ပညာသီဟာဘိ မုနိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့တံဆိပ်တော်ရ လေးထပ်ဆရာတော်ဖြစ်လေ သည်။

## အသောကာရာမတိုက် လေးထပ်ကျောင်း နှစ်လသီတင်းသုံးပညာသင်

အရှင်ဂန္ဓသာရ ရဟန်းတော်သည် ဖော်ပြပါ အသောကာရာမတိုက် လေးထပ်ကျောင်း လေးထပ်ဆရာတော်ထံ ၂-လကြာ သီတင်းသုံးတော်မူ၍ လေ့ လာသင့်သော ဖြတ်ထုံးများ ကျမ်းဂန်များကို လေ့လာသင်ယူတော်မူခဲ့လေသည်။

ရတနာပုဏ္ဏပုရေပိ၊ အသောကာရာမ နာမကေ။
အာရာမေပိ ဝသိတွာ၊ သဥ္ဇယိ နိစ္စယံ ဗဟုံ။

## မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်

မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့ရပ် နန်းတော်ကြီးအရှေ့ဘက်၌ တိုက်တော် ဟုခေါ်သော မဟာဝိသုတာရာမတိုက်ကျောင်းတိုက်ကြီး တည်ရှိလေသည်။ ကျောင်းတိုက်ကြီး၏ အရှေ့ဖက်ပေါက်အနီး အုဋ်ဂူ၌ မဟာဝိသုတာရာမတိုက် ဟု ကျောက်စာကဗျည်းရှိလေ၏။ ကျောင်းတိုက်ကြီးတည်ရာကား လွန်စွာမှ ကျယ်ဝန်းလှ၏။ ကေ ၂၀-ခန့်မှန်းမိပါသည်။ လေးဖက်လေးတန် တံတိုင်းကြီး

ဝန်းရံ၍ တွေ့မြင်ရ၏။ ကျောင်းတိုက်အတွင်း၌ မန်ကျည်းပင်၊ သီးပင်၊ အုန်းပင်၊ ထန်းပင်၊ သရက်ပင် စသည်တို့ဖြင့် ညို့ညို့မှိုင်းမှိုင်း ရှုတိုင်းတင့်တယ် လှပေသည်။ ပဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ကောင်းမှုတော် လှေကားရှစ်စင်းတပ် မဟာတုလွတ်ဘုံစံကျောင်းတော်ကြီးကား မရှိတော့ပြီ။ အုဋ်လှေကား ပျက်ကြီးများနှင့် ကျောင်းရာမျှကိုသာ တွေ့ရတော့သည်။ မဟာတုလွတ်ဘုံစံကျောင်းတော်ကြီး အနောက်ဖက်လှေကား၏ တောင်ဖက်၌ အုဋ်ကန်တခု။ မြောက်ဖက်၌ အုဋ်ကန် တစ်ခု အားဖြင့် အုဋ်ကန်နှစ်ခုမှာ ယခုတိုင်တည်ရှိလေသည်။

ယင်းအုဋ်ကန်များမှာ စတုရန်းပေ ၃၀–ကျယ်ရှိပြီး ၁၂–ပေခန့် နက်စောက်လေသည်။ နန်းတော်ပတ် ကျုံးရေကို မြေမြှုပ်မြေပိုက်ဖြင့် သွယ်ယူထားရာ ရေကုန်သည်ဟု မရှိချေ။ ရေမှာလည်း လွန်စွာသန့်ရှင်း ကြည်လင်လှပေသည် ၄င်းရေကန်အပြင် ကျောင်းရံများ၏ ရှေ့၌လည်း အုဋ်ရေကန်ငယ်များ တည်ရှိကုန်၏ ရေနှင့်ပတ်သက်၍ကား ဤမျှချမ်းသာပြည့်စုံသောကျောင်းတိုက် မရှိနိုင်ပါချေ။ ယခုလက်ရှိ အခြေအနေအားဖြင့် ယင်းတိုက်တော်ခေါ် မဟာဝိသုတာရာမတိုက်ကြီး ၌ နတ်ရဲတောင်ကျောင်း, ကျောင်းမကျောင်း, မောင်းထောင်ကျောင်း စသော အားဖြင့် ကျောင်းပေါင်း ၁၄–ကျောင်းရှိလေသည်။

ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် မိမိသွားလာဖူးမြော်၍ သာသနာရေးကိစ္စအဝဝဆွေးနွေးရန် အဆင်အပြေဆုံးဖြစ်မည့် ဤနေရာ၌ သက္ကရာဇ် ၁၂၁၉–ခုနှစ် တော်သလင်းလဆုတ် ၁၅–ရက် ကြာသပတေးနေ့ တစ်ချက်တီးကျော် နာရီပြည့်အချိန်တွင် ကျောင်းတော်ကို ပန္နက်ချ တိုင်ထူစေခဲ့လေသည်။[1]

အထွတ်အမြတ်ဖြစ်သည့် အမရပူရမြို့ ခမည်းတော် ရွှေဘိုမင်းတရားကြီး ဘုရား၏မှန်နန်းတော်ကို ပြောင်းရွှေ့၍ လှေကားရှစ်စင်းတပ် စနု, ဘောဂဆောင်မ, စမြင်လေးဖက်ပတ် တန်းဆာဆင်ယင် ဆောက်လုပ်စေပြီး မဟာအတုလဘုံစံ ဇေတဝန်ဟု သမုတ်စေတော်မူပြီး ကျောင်းရံ ၂၀–နှင့်တကွ လွန်စွာခမ်းနား တင့်တယ်လှသည့်ကျောင်းတိုက်ကြီးကို ''မဟာဝိသုတာရာမတိုက်'' ဟု သမုတ် စေကာ မိမိအလွန်တရာမှ လေးမြတ်ကြည်ညိုလှသည့် ''ဥယျဇမ္ဗာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု''ဟူသော ပဥ္စမတံဆိပ်တော်, ''ဥယျာဇမ္ဗာဘိဝံသ သိရီ

---

၁။ မန္တလေးသာသနာဝင်ကျမ်း စတုဝီသတိမတွဲကြည့်။

ပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယဘွဲ့တံဆိပ်တော်, "ဥဒေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရီဇေဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော တတိယဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် သုံးတန်ရ ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်အရှင်ဥဒေယျဓမ္မအား တင်လျှောက်ခဲ့လေသည်။

ဆရာတော်အရှင်ဥဒေယျဓမ္မသည် ယင်းမဟာဝိသုတာရာမတိုက်တော် မဟာအတုလဘုံစံ ဇေတဝန်ကျောင်းတော်ကြီး၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ နိကာယ်ငါးရပ်ကို မပြတ်ပို့ချတော်မူခဲ့လေသည်။

## သာသနာပိုင်ဆရာတော်အရှင်ဥဒေယျထံ အရှင်ဂန္ဓသာရပညာသင်

ရဟန်းသိက္ခာရှစ်ဝါရ ရဟန်းတော်အရှင်ဂန္ဓသာရသည် မန္တလေးမြို့တောင်ပြင် အသောကာရာမတိုက်မှ ဖော်ပြပါ မန္တလေးမြို့အရှေ့ပြင် မဟာဝိသုတာရာမတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။ ရှေးဦးစွာ ယင်းမဟာဝိသုတာရာမတိုက်တော်အတွင်းရှိ သီဟိုဠ်ကျောင်း၌ တဝါသီတင်းသုံး တော်မူခဲ့လေသည်။ ၄င်းနောက် လှိုင်မင်းသမီးကျောင်း၌ ပြောင်းရွှေ့နေထိုင်တော်မူခဲ့လေသည်။[၁]

ယင်းသို့နေထိုင်၍ သံဃဦးကိုင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥဒေယျဓမ္မထံ လိုက်ဝါဖြင့် သင်ယူတော်မူခဲ့ရလေသည်။

## စာဆိုဝါရင့်

ရဟန်းသိက္ခာ ဆယ်ဝါရပြီးလတ်သော် သာသနာပိုင်ဆရာတော်ဘုရားကြီးထံ **နေ့**ဝါညဝါများကို ဆိုဝါဖြင့် သင်ယူခွင့်ရရှိခဲ့လေသည်။ ဆယ်ဝါရ ရဟန်းတော် အရှင်ဂန္ဓသာရသည်–

ပဏ္ဍိတော သုတသမ္ပန္နော၊ ယတ္ထ အတ္ထိတိ စေ သုတော။
မဟုဿာဟေန တံ ဌာနံ၊ ဂန္တွာန သုတေသိနာ။

---

၁။ ယင်းသီဟိုဠ်ကျောင်း, လှိုင်မင်းသမီးကျောင်းတို့ကား ထိုစဉ်က ရှိခဲ့ဘူးသောကျောင်းတို့တည်း။ ယခုမေးမြန်း စုံစမ်း၍ မရတော့ချေ။

အတတ်ပညာ ရှာဖွေသူ သုတေသီပုဂ္ဂိုလ်သည် သုတကုံလုံ ပညာစုံသည့် ပညာရှင်ရှိရာသို့ မဟုသာသာဟ ဖွဲ့လုံ့လဖြင့် သွားရောက်သင်ယူရမြဲဖြစ်သည့် အလျောက် ပညာရှာထွက်ခဲ့ရာ ယခုဖြင့် တကယ့်ပညာရှင် ဖြစ်တော်မူသော သာသနာပိုင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိသင်ယူဆည်းပူးခွင့်ရပေပြီ ဟူ၍ များစွာဝမ်းမြောက်ခဲ့လေသည်။

ငှင်းပြင်–

အဇရာမရံဝ ပညော၊ ဝိဇ္ဇာမတ္တဉ္စ စိန္တယေ။

ဂဟိတော ဣဝ ကေသေသု၊ မစ္စုနာ ဓမ္မမာစရေ။

ဟူသော ဟိတောပဒေသလာသည့်အားလျော်စွာ အဘယ်ပညာသင်ကြားရေးကိစ္စ၌ မိမိကိုယ်ကို ယွင်းယိုမရှိ ပကတိကြံ့ခိုင် မအိုနိုင် မသေနိုင်သူကဲ့သို့ သဘောထား၍ ကြိုးပမ်းအားသစ် သင်ယူခဲ့လေသည်။

ထို့ပြင်တစ်ပါး–

ဂရုပဒေသဟီနော ဟိ၊ အတ္ထသာရံ န ဝိန္ဒတိ။

အတ္ထသာရဝိဟီနော သော၊ သဒ္ဓမ္မာ ပရိဟာယတိ။

ဆရာသခင်တို့၏ နည်းလမ်းကောင်းကို မရပါက ထူးမြတ်သော အနက်အဓိပ္ပါယ် အကျိုးအမျိုးမျိုးကိုမရနိုင် မသိနိုင်ပါချေ။ ယင်းသို့အနက် အဓိပ္ပါယ်အကျိုး အမြတ်များမရရှိပါက သူတော်တရားမှ ဆုတ်ယုတ်တတ်၏ဟူသော နီတိဆရာတို့ဥပဒေသ အားလျော်စွာ မိမိကား ထူးမြတ်သောအနက်အဓိပ္ပာယ်အကျိုးအမြတ်ကို တပ်အပ် ထင်ထင် ပို၍သိမြင်ရရှိပေတော့မည်ဟုတွေးကြံကာ မဟုသာသာဟဖွဲ့လုံ့လဖြင့် သာသနာပိုင်ဆရာတော်ဘုရားကြီးထံ နေ့ဝါညဝါများကို သင်ယူတော်မူခဲ့လေသည်။

တဖန်တုံ–

ယေ တပ္ပါဒရဇောကိဏ္ဏာ၊ တေဝ သာဓူ ဝိဝေကိနော။

ထိုသို့ ပညာတတ်မြောက် မုံသောက်မာတင် ပညာရှင်တို့၏ ခြေစုံလိမ်းကျံ သည့်မြူမှုံတို့ဖြင့် ရောပြွမ်းကပ်ငြိ ဦးခေါင်းရှိသူ တပည့်တို့သည်သာလျှင် ဂုဏ်အပြစ် ကို စိစစ်ဝေဖန်နိုင်သည့် ထိပ်တန်းပုဂ္ဂိုလ်တို့ ဖြစ်နိုင်ပေသည်ဟူသော သုဗောဓာ လင်္ကာရ ကျမ်းဆရာတို့၏စကားကိုလည်း အထပ်ထပ်သဘောပိုက်ကာ အလောင်း တော်ဇနကဝီရိယအလား ကြီးမားသောလုံ့လဝီရိယဖြင့် ကြိုးပမ်းသင်ယူတော်မူခဲ့ လေသည်။

ထိုမှတစ်ပါး–

ဂုဏဒေါသမသတ္တညူ၊ ဇနော ဝိဘဇတေ ကထံ။
အဝိကာရော ကိမန္ဓဿ၊ ရူပဘေဒေါပလဒ္ဓိယံ။[၁]

ကျမ်းဂန်အရပ်ရပ် မန့်စပ် မတတ်မသိသူသည် ဂုဏ်အပြစ်ကို ဘယ်နည်းနှင့်မှ မဝေဘန် မစိစစ်နိုင်၊ ညိုရွှေဖြူဝင်း စသော အဆင်းရူပါရုံ အမျိုးမျိုးကို သိရခြင်း၌ သူကန်းမျက်မမြင်ကား အရာမဟုတ်သကဲ့သို့သာတည်း။ ငါကား ကျမ်းစာမရွေး နှံ့စပ်အောင်သင်ယူမှ ဖြစ်ပေမည်ဟု သဘောပေါက်ကာ အစွမ်းကုန်ကြိုးပမ်း သင်ယူတော်မူခဲ့လေသည်။

## သာသနာပိုင် ကျနစွာ စာပေချပို့ပေး ဗျာဒိပ်မြွက်ကြား

သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေယျဓမ္မသည်လည်း ဘုရားမြတ်စွာသာသနာတော်မြတ်၏ အကျိုးကျေးဇူးအထူးသည်ပိုး ရွက်ဆောင်နိုင်မည့် ဉာဏ်ရည်ဉာဏ်သွား စွမ်းပကားသတ္တိရှိသည့်ကြောင်းအင် သွင်ပြင်ကို မြော်မြင်သိတော်မူ၍ တပည့်ကောင်းရတနာကို သာသနာတော် စောင့်နတ်မြတ်တို့ ပို့ဆောင်အပ်သဖြင့် အရတော်လေစွတကားဟု အားရရွှင်ပြုံး နှလုံးတော်မြတ် ယုံမှတ်အားထားတော်မူရကား အရှင်မောဂ္ဂလိပုတ္တတထေရ်သည် အရှင်မဟိန္ဒအား ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်နှင့်တကွ မဟာအဋ္ဌကထာကို နှလုံးအိမ်ရောက် အပ်နှင်းသင်ကြားပေးတော်မူသကဲ့သို့လည်းကောင်း။ အရှင်ဓမ္မရက္ခိတထေရ်သည် အရှင်နာဂသိန်အား ပိဋကတ်သုံးပုံကို သုံးလဖြင့် အပြီးတိုင် သင်ပေးတော်မူသကဲ့သို့လည်းကောင်း[၂] များစွာသော ဂန္ထန္တရနည်းနာနယတို့ကို ကျနစုံလင် ဆန်းကြယ်စွာ သင်ပြတော်မူလျက် အစွာရဒ္ဓဝိရိယဖြင့် အထူးချပို့ပေးတော်မူခဲ့လေသည်။

၄င်းပြင် သာသနာပိုင် ဆရာတော်ဘုရားကြီးက ရဟန်းသံဃာတော်ရာပေါင်းများစွာတို့ ဝန်းရံလျက် ကေသရာဇာခြင်္သေ့မင်းပမာ တင့်တယ်စွာ ထိုင်နေတော်မူ၍ ပရိယတ္တိစာပေချပို့စဉ်–

---

၁။ ကာဗျဒါသ၊ ၁၊ ၈။ သုဗောဓာလင်္ကာရဋီကာ ၁၃၊ ၁၅။
၂။ တိဟိမာသေဟိ ဗုဒ္ဓနသော ပရိယာပုဏိတွာ။ မိလိန္ဒပဥှာပါဠိ၊ ၁၇။

"ဂန္ထသာရမည်သော ငါ၏တပည့်သားသည် ပစ္စည်းလေးပါးကို မငဲ့ညှာမူ၍ ပရိတ်ရွတ်ဆွမ်းစဉ် အလှူခံမလိုက်ဘဲ နိကာယ်ငါးဖြာ စာဝါချပို့၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို စောင့်ရှောက်လိမ့်မည်" ဟု မိန့်ခွန်းတော်ဟာ ချီးပတော်မူခဲ့ လေသည်။

သံဃရညော ထေရိန္ဒဿ၊ ဂန္ထော ဂန္ထေ သမုဂ္ဂဟိ။
တေနေဝ ဂန္ထသာရော သော၊ ဂန္ထေသု အတိကောဝိဒေါ။

ကေဒါ သံဃရာဇာသော၊ သံဃမဇ္ဈေ ဝိယာကရိ။
သိသော သော ဂန္ထသာရော ဟိ၊ သာသနံ ပါလယိဿတိ။

ဒါနမင္ဂလာဒါဒီသုပိ၊ အဂန္တွာ မမ သိဿကော။
ဇိနောဝါဒါနုရူပေန၊ သာသနံ ဇောတယိဿတိ။

## မူလပဏ္ဏာသ အဋ္ဌကထာ နိဿယရေးရန် အမိန့်တော်

အရှင်ဂန္ထသာရသည် ရဟန်းသိက္ခာ ဆယ့်နှစ်ဝါအရတွင် ဂန္ထန္တရအဝဝ၌ လွန်စွာကျွမ်းကျင် တတ်မြောက်လေပြီ။ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် လည်း လွန်စွာအားရ ကျေနပ်လေ၏။ တပည့်တပန်းများစွာတို့ကို စာပေပို့ချလျက် ရှိလေသည်။ ယင်းသို့ရှိစဉ် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးက ငါ့ရှင်တပည့်ဂန္ထသာရ ငါ့ရှင်သည် နိကာယ်ငါးရပ် အဋ္ဌကထာများအနက် ခက်လည်း ခက် ကျယ်ဝန်းလည်းကျယ်ဝန်းသော ပပဉ္စသူဒနီ အမည်ရှိသော မူလပဏ္ဏာသ အဋ္ဌကထာပါဠ်၏မှီရာ အတ္ထနိဿယကို ရေးသားပြုပြင်စီရင်ရမည်ဟု မိန့်ကြားတော် မူခဲ့လေသည်။

ယင်းသို့ မိန့်ကြားခြင်းကို အရင်းမူကာ ဆရာတော်အရှင်ဂန္ထသာရသည် မူလပဏ္ဏာသအဋ္ဌကထာနိဿယကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ နောက်ကျမ်းဂန်ပြုခန်းတွင် ထင်ရှားလတ့်။

မူလပဏ္ဏာသ နာမာယ၊ ဋ္ဌကထာယ သုနိဿယံ။
နိဋ္ဌာရေတွာန ဝါစံ သော၊ ကထယိ ကထနေ ဝိဒူ။

## စာတော်ချအင်္ဂါများ

ပဌမသံဂါယနာတင် မင်းတုန်းမင်းလက်ထက်၌ ကျမ်းဂန်ပို့ချတော်မူသည့် သာသနာပြုစာချ ရဟန်းတော်များကို ပဌမစာချ, ဒုတိယစာချ, တတိယစာချ ဟူ၍ သုံးမျိုးခွဲ၍ မင်းမြတ်သည် ထောက်ပံ့လှူဒါန်းလေ့ရှိလေသည်။ ပဌမစာချအင်္ဂါ ငါးပါးရှိ၏။

၄င်း ငါးပါးတို့ကား–

၁။ ဝါကျသွား ဝါကျလာနှင့်တကွ ဓာတ်,ပစ္စည်း ပုဒ်ပါဌ်တို့ကို ခွဲဝေ၍ ဝိဂြိုဟ်ဝစနတ်ကို ဆတ်ဆတ်ပြုနိုင်ခြင်း။

၂။ ဂါထာရေးဖွဲ့စီကုံးတတ်ခြင်းနှင့်တကွ ပဒဒေါသအစရှိသော အလင်္ကာနည်းကို သိခြင်း။

၃။ နေတ္တိနည်းနာနယများကို ကျွမ်းကျင်သိမြင်ခြင်း။

၄။ ပဋိစ္စသမုပ္ပါဒ်နည်းကိုသိခြင်း။

၅။ ပဋ္ဌာန်းနည်းကို သိခြင်းတို့ ဖြစ်ကုန်၏။

ယင်းအင်္ဂါငါးပါးနှင့်ပြည့်စုံသော စာချရဟန်းတော်ကို ပဌမစာချအဖြစ် အသိအမှတ်ပြုတော်မူ၍ လစဉ် ဆွမ်းဆန်တော် ၅–တင်း လှူဒါန်းလေ့ရှိသည်။

ကဝိတစ်ဆူ၊ ဖြစ်လိုသူ၊ နည်းယူ ဤငါးဖြာ။
ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ပဌမာ။
ကေရာဇ်မင်း၊ ထောက်လှူသွင်း၊ ငါးတင်းဆန်တော်မှာ။[၁]

## ဒုတိယစာချအင်္ဂါလေးပါး

ဒုတိယစာချအင်္ဂါတို့မှာ လေးပါးရှိကုန်၏။ ၄င်းတို့ကား –

၁။ ကျမ်းရိုးငါးချက်ကို နှုတ်တက်ပိုင်ပိုင်နိုင်နိုင်သိခြင်း။

၂။ ဗျာဂ်ျနယကိုးပါး။ ဒွန္ဒစသော သဒ္ဒါငါးပါး, ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတို့ကို နားလည်သိမြင်ခြင်း။

၃။ ဓာတ်ပစ္စည်းကို အရကောက်နှင့်တကွ ကျနပိုင်နိုင် မြိုင်မြိုင်သိခြင်း နားလည်ခြင်း။

၄။ ဆန်းလင်္ကာဏာကိုသိခြင်း (ဂါထာဖွဲ့နိုင်သည်အထိ မလို)။ လေးပါးတို့တည်း။

---

၁။ ဓမ္မဝိစက္ကုပဒေသ စာတမ်းကြည့်။

၎င်းအင်္ဂါလေးချက်နှင့်ပြည့်စုံသော စာချရဟန်းတော်ကို ဝတ္ထုငွေ ရှစ်ကျပ် တန် ဆန်လေးတင်း ထောက်ပံ့လှူဒါန်းလေ့ရှိလေသည်။

ကဝိတစ်ဆူ၊ ဖြစ်လိုမူ၊ နည်းယူ ဤလေးဖြာ။
လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ဒုတိယာ။
လေးတင်းဆန်အပ်၊ လှူတို့လာဘ်၊ ရှစ်ကျပ်ရသင့်ပါ။[၁]

## တတိယစာချအင်္ဂါသုံးပါး

တတိယစာချအင်္ဂါတို့မှာ သုံးပါးရှိကုန်၏။ ၎င်းတို့ကား –
၁။ အထွက်အတက် မြှိုင်မြှိုင်ပြောနိုင်ခြင်း။
၂။ စာစပ်မြင်ခြင်း။
၃။ သံဝဏ္ဏနာလှည့်နိုင်ခြင်းအားဖြင့် ၃–ပါးတို့တည်း။

ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံသော စာချရဟန်းတော်များကို လစဉ် ဆွမ်းဆန် တော် သုံးတင်းပို့လှူ၍ တတိယစာချအဖြစ် မင်းကရောဇ်သည် ကိုးကွယ်ခဲ့လေ၏။

ထွက်တက်စာစပ် ဖွင့်ခြောက်ရပ် စုံအပ်တတိယာ။
ဆန်သုံးတင်းတန် ပစ္စည်းမှန် ကေန်ရသင့်ပါ။
ကေန်လိုက အင်သုံးဝ နူတ်ကတက်တက်နာ။ (ဓမ္မဝိစက္ကုပဒေသစာတမ်း ကြည့်)

## စလင်းကျောင်းတင်လှူ ပဉ္စမစာချအဖြစ်ကိုးကွယ်

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ပခုက္ကူမြို့ မဟာဝိသုတာ ရာမ သမုဒ္ဒါပကလောင်းလျာ အရှင်ဂန္ဓသာရရဟန်းတော်ကို သာသနာပိုင်ဆရာ တော်ဘုရားကြီးရှိစဉ် ရဟန်းသိက္ခာ ၁၂–ဝါခန့်တွင် မဟာဝိသုတာရာမတိုက်တော် အတွင်းရှိ စလင်းကျောင်းကို တင်လှူပြီး ပဉ္စမစာချဂုဏ်အင်္ဂါနှင့် လောက်လုံပြည့်ဝ ပါသဖြင့် ပဉ္စမစာချအဖြစ် ကိုးကွယ်ခဲ့လေသည်။

အရှင်ဂန္ဓသာရသည် ပဉ္စမစာချအဖြစ်ကိုကား ရာဇဝလ္လဘာအာဒီနဝ ပြစ်ဒေါ်သတို့ မရှုပ်ထွေးနိုင်သဖြင့် လက်ခံတော်မူခဲ့လေသည်။ မင်းကရောဇ် ထောက်

---

၁။ ဓမ္မဝိစက္ကုပဒေသ စာတမ်းကြည့်။

လှူသော ဆွမ်းဆန်တော်များကို ကျောင်းရှိ စာသင်သားသံဃာအတွက် အသုံးပြုတော်မူသည်။ မိမိမူကား ဆွမ်းခံ၍ ဘုဉ်းပေးတော်မူခဲ့လေသည်။

## စာပေကြိုးစားချခဲ့

ထိုစဉ်က သာသနာပိုင်ဆရာတော်ထံ စာတဝါဆိုပြီး ကျန်အချိန်စာပေကြည့်ရှုချပို့ခြင်း, တနေ့လုံးနှင့် ညဥ့်သုံးယာမ် နှစ်ယာမ်မျှကို စာပေကြည့်ရှု ရေးသားခြင်းဖြင့် ပရိယတ္တိသာသနာတော်ကို များစွာချီးမြှောက်တော်မူခဲ့လေသည်။

ရတ္တိယာ ဒွိသု ယာမေသု၊ သကလဒိဝသေပိ စ။
သမယံ ပရိယတ္တိယာ၊ ခေပေသိ ထေရသေခရော။

## သာသနာပိုင်ဆရာတော်ဘုရားကြီး များစွာဝမ်းမြောက်

သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမွသည် ရဟန်းတော် အရှင်ဂန္ထသာရ၏ ပရိယတ္တိလုပ်ငန်း၌ အားသွန်ခွန်စိုက် စောက်ချ၍ ပြုလုပ်ပုံကို ကြိုဆိုတော်မူခဲ့လေသည်။ များစွာသဘောကျ ဝမ်းမြောက်တော်မူခဲ့လေသည်။ ဂန္ထသာရ သက်ဆုံးတိုင် ဤကဲ့သို့ ပရိယတ္တိသာသနာတည်းဟူသော ကန်ပေါင်ကန်သင်းကို မြဲမြဲမြံမြံ ခိုင်ခိုင်ခန့်ခန့် ဆည်ဖို့ရမည်ဟု မကြာမကြာ အမိန့်တော်ရှိခဲ့လေသည်။

ယင်းသို့ တပည့်အရှင်ဂန္ထသာရနှင့်တကွ သာသနာ့ဝန်ထမ်း မြားမြောက်စွာတို့၏ အကျိုးကိုပြုတော်မူခဲ့သော သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမွသည် သက္ကရာဇ် ၁၂၂၇–ခုနှစ် တပိုတွဲလဆန်း ၁၂–ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## သာသနာပိုင် အန္တိမ အဂ္ဂိဈာပန

သက္ကရာဇ် ၁၂၂၇–ခုနှစ် တပေါင်းလဆုတ် ၅–ရက်နေ့တွင်ကား သာသနာပိုင်ဒုတိယမောင်းထောင် ဆရာတော်ဘုရားကြီး၏အလောင်းတော်ကို ပွဲလမ်းသဘင် ကြီးကျယ်စွာခံလျက် တံဆိပ်တော်ရ/မရ ဆရာတော် သံဃာတော်အပေါင်းများစွာ လူထုပရိသတ် သိန်းသောင်းချီလိုက်ပါကာ တိုက်တော်မှ ခံကုန်းသင်းချိုင်းသို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပလေသည်။

သာသနာပိုင်ဈာပနပွဲ ပရိသတ်ကြီးမှာ လွန်စွာစည်ကားလှ၏။ ရှေ့ဆုံးက လူသည် ခံကုန်းသင်းချိုင်း ရောက်သည်တိုင်အောင် နောက်ဆုံးလူမှာ တိုက်တော်၌ ရှိသေးသည်ဟု အဆိုရှိလေသည်။

## အရိုးဌာပနာစေတီတည်

သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်တော်တို့ကို ဌာပနာ၍ ခံကုန်းသုသာန်၌ မင်းနှင့်မိဖုရားခေါင်ကြီးတို့က ကြီးစွာသောစေတီကြီး တည်ထားကိုးကွယ် ခဲ့ကြကုန်၏။ စေတီတော်ကြီးကို ယခုဖူးမြော်နိုင်သေး၏။

## များစွာသံဝေဂဖြစ်ခဲ့

အရှင်ဂန္ဓသာရ ရဟန်းတော်သည် ကျေးဇူးရှင် သာသနာပိုင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် များစွာသံဝေဂဖြစ်တော်မူခဲ့လေသည်။ ငါ့အဖို့ ရွှေတောင်ကြီး ပြိုခဲ့ပါပြီ ငါ့အား ပရိယတ္တိဓမ္မရောင်ခြည် အမြဲပေးသည့်နေမင်း, လမင်းကွယ်ခဲ့ပြီစသည်ဖြင့် နှလုံးသွင်းဆင်ခြင်ခဲ့သည်။ သို့ရာတွင် သင်္ခါရဥသုံ အလုံးစုံတို့ကား မမြဲကုန်စွတကား။ ငါလည်း သာသနာပိုင် ကျေးဇူးရှင်လမ်းသို့ တနေ့နေ့ လိုက်ရမည်သာတည်း စသည်ဖြင့်လည်း ရှုဆင်ခြင်ကာ ပြုသင့်သော ကိစ္စများကို ပြုလုပ်ခဲ့သည်။ အခြားသံဃာ့ပရိသတ် ထောင်ပေါင်းများစွာနှင့် သိန်းကျော်ရှိ လူထုပရိတ်သတ်ကြီးနှင့်အတူ သာသနာပိုင်အလောင်းတော်ကို မန္တလေးတောင် အနောက်မြောက်ယွန်း ခံကုန်းသင်းချိုင်းအထိ နောက်ဆုံး ပို့ဆောင်တော်မူခဲ့လေသည်။

ဒိနိ် သောဏ္ဏနဂေါ ဘိန္နော၊ သသင်္ကော ပတိတော ဟိ ဝေ။
အတ္တင်္ဂတော သတရံသိ၊ သင်္ခါရာ အနိစ္စာ ဟိ ဝေ။

## ရာဇဂုရု (ရာဇာဓိရာဇဂုရု) တံဆိပ်တော်ရအင်္ဂါ

မင်းတုန်းမင်းစသော ရှေးမြန်မာမင်းတို့လက်ထက်က ပဌမစာချအင်္ဂါနှင့် နေတ္တိဟာရ ၁၆–ပါးလုံးကိုလည်းကောင်း။ သံဝဏ္ဏနာ ၆–ပါး၊ နည်း ၄၀၊ ဥပစာ ၁၀–ပါး၊ ပုဒ်စစ်၊ သဒ္ဒါစစ်တို့ကို နိုင်နင်းတတ်မြောက်ခြင်း၊ ပါဠိ၊ အဋ္ဌကထာ၊

ဋ္ဌိကာကျမ်းဂန်တို့ကို နှံ့စပ်သိမြင် ကျွမ်းကျင်ချပ္ပိခြင်းဂုဏ်နှင့်ပြည့်စုံပါက မင်းကရောဇ် တို့သည် ရာဇဂုရုရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်များကပ်လှူ၍ လစဉ်ဆွမ်းဆန် တော် ဒင်္ဂါးကျပ် ၃၀–လှူဒါန်းပြီး မင်းဆရာအဖြစ် ကိုးကွယ်ကြကုန်၏။

ကျမ်းဂန်တတ်ဟိတ်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ်မင်းဆရာ။
သုံးဆယ်ဒင်္ဂါး၊ လစဉ်စား၊ ရငြားမင်းဆရာ။
ဆရာတော်ရှင်၊ လူတိုင်းပင်၊ ခေါ်တွင်ဖြစ်ဖို့ရာ။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်နှင့် တိုက်တော်သီးခြားတည်ကိုးကွယ်ရန် ဦးယံလျှောက်မှု လက်မခံ

ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ စေခိုင်းချက်အရ ပိဋကတ် တော်အုပ်ဦးယံသည် ၁၂၂၇–ခုနှစ်က သာသနာပိုင် ဆရာတော်ဘုရားကြီး ပျံလွန် တော်မူ၍မကြာမီ ဆရာတော်အရှင်ဂန္ဓသာရထံ လာရောက်ပြီး ''ဆရာတော်ဘုရား'' ပျံလွန်တော်မူသော သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်အရ မူလပဏ္ဏာသ အဋ္ဌကထာနိဿယ ရေးသားပြုစီရင်ကြောင်း မင်းတရားကြီးနှင့် တပည့်တော်တို့ သိပါသည်။ မင်းတရားကြီးက တပည့်တော်အား လျှောက်ထားစေပါသည် ဆရာ တော်သည် ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ခံထိုက်သော မင်းဆရာတော်အင်္ဂါနှင့် ပြည့်စုံ သူဖြစ်ပါသဖြင့် ''ဂန္ဓသာရာဘိဓေသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ် တော် အလှူခံရန်နှင့် တိုက်တော်သီးခြားကိုးကွယ်မှုကိုခံယူရန် ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးကိုယ်စား လျှောက်ထားပါသည်ဘုရားဟု လျှောက်ထား တောင်းပန်လေ၏။

## စာပေကြိုးစားချလို၊ ဘွဲ့တံဆိပ်မလိုချင်၊ တိုက်တော်သီးခြားကိုးကွယ်မှုကို မလိုချင်

ထိုအခါ ဆရာတော်အရှင်ဂန္ဓသာရက ''ကိုယ်[၁] ဘုန်းကြီးက စာချရလျှင် ပြီးရော့ ရာဇာဓိရာဇဂုရု တံဆိပ်တော်ကို မလိုချင်ပါ၊ တိုက်တော်သီးခြား ကိုးကွယ်မှု ကိုလဲ မလိုချင်ပါ၊ မင်းတရားအား သည့်အတိုင်းသာ သံတော်ဦးတင်ပါလေ''ဟူသာ တိုတိုနှင့်လိုရင်းကိုသာ မိန့်တော်မူလိုက်လေသည်။ ဆရာတော်၏စိတ်ဓာတ်ကား လွန်စွာမှ မြင့်မြတ်လှ၏၊ ဆရာတော်၏စိတ်ဓာတ်မြင့်မြတ်စင်ကြယ်တော်မူပုံမှာ အံ့ဩဘွယ်စင်စစ်ကောတ်ဖြစ်သာတည်း။

မဟာဂုရု ဥပါဓိမ္ပိ၊ မဟာထေရော ပဋိက္ခိပိ။

လောကိယေနုပလိတ္တော စ၊ အဟော တဿ ဝိသုဒ္ဓတာ။[၂]

## သစ်ဆိမ့်ကျောင်းတိုက်

သစ်ဆိမ့်ကျောင်းတိုက်သည် မန္တလေးမြို့မြောက်ပြင် မန္တလေးတောင် အနောက်မြောက်ယွန်းတွင် တည်ရှိလေသည်။ ကျောင်းတိုက်ကြီးမှာ ကျယ်ဝန်း လေသည်၊ ယင်းကျောင်းတိုက်ကြီးအရှေ့ထိပ်၌ တိုက်ဦးစေတီများ တည်ရှိ၏။ ရှေးက သစ်ဆိမ့်တိုက်၌ မုခ်ဦးကျောင်း၊ ပခန်းကျောင်း၊ ဝန်စာရေးကျောင်း၊ ဦးပွား ကျောင်း စသည်တို့ ရှိခဲ့ဘူးကုန်၏။ ယခုမူ သစ်ဆိမ့်တိုက်၌ ကျောင်းသစ်ကျောင်း၊ တံဆိပ်စားကျောင်း စသောအားဖြင့် ကျောင်းပေါင်း ရှစ်ကျောင်းရှိလေသည်။

မင်းတုန်းမင်းလက်ထက်က သံဃာ ၁၀၀၀(တထောင်)ကျော် သီတင်းသုံး သွားသည့် အဓိကရကျောင်းတိုက်ကြီးပေတည်း။ ယင်းသစ်ဆိမ့်တိုက်ကား အမရ ပူရမြို့ (တောင်မြို့) အရှေ့တောင်ယွန်း သစ်ဆိမ့်တိုက်ကို မင်းတုန်းမင်းတရားကြီး မြို့တည်စက ရွှေ့ပြောင်းတည်ဆောက်စေခဲ့သော ကျောင်းတိုက်တည်ခြင်းဖြစ်လေ သည်။ ယင်းမန္တလေးသစ်ဆိမ့်တိုက် ပဌမဆရာတော်မှာ ကျောင်းတိုက်တည်ပြီး ကြာမြင့်စွာ အသက်မရှည်ပဲ ဒုတိယဆရာတော် အရှင်ပညာသီဟမှာ သက်တော် ရှည်၍ ၎င်းဆရာတော်လက်ထက်တွင် တိုက်တာအလွန်စည်ပင်လေသည်။

---

၁။ ဦးယံကား စလင်းမြို့တောင်ဖက် ၁၂-မိုင်ခန့်ကွာ မုန်းချောင်းကမ်းထိပ် သမန်းရပ်ရင်းရွာ ဦးကျော်ဖ ဒေါ်လုံလေးတို့မှ ၁၁၇၇-ခုဖွားသည်။ ၁၂၅၃-ခုနှစ် ကွယ်လွန်၏။

၂။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၂၀၂-ကြည့်။

## ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ ဆရာတော်အရှင်ပညာသီဟ

သစ်ဆိမ့်တိုက်၏ ဒုတိယဆရာတော် အရှင်ပညာသီဟသည် အမရပူရ နန်းမြို့တော်တွင် သက္ကရာဇ် ၁၁၈၁–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ပညာသီဟ ဖြစ်လေသည်။ အမရပူရမြို့ သစ်ဆိမ့်တိုက် ဆရာတော်များထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ ဆရာတော်သည်–

၁။ မဟာရာဇဝင်ကြီး ဋီကာ

၂။ မဟာရာဇဝင်ကြီး ဋီကာနိဿယ

၃။ သာသနာ့ မူလဋီကာ

၄။ ဂီတာလင်္ကာရကျမ်း

၅။ ပေါရာဏကထာ ဋီကာကျမ်း

၆။ ကင်္ခါယောဇနာ မဟာဋီကာပါဠိ ပ,ဒု,တ,စ။

၇။ ပရိဝါပါဠိတော်နိဿယ

၈။ ဋီကာကျော်နိဿယ

စသည့် ကျမ်းဂန်တို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရု တံဆိပ်တော် နှစ်ထပ်

''ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်နှင့် ''ပညာသီဟာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ သက်တော် ၆၀–ကျော် ၇၀–ခန့်တွင် ပျံလွန်တော်မူခဲ့လေသည်။

## သစ်ဆိမ့်တိုက်၌ သိမ်တင်းသုံးစာချ

မင်းတုန်းမင်းတရားကြီးက တဖန်တိုက်တော်သီးခြား တင်လှူမှုကို လက်မခံလိုလျှင် သင့်တော်သည့် တိုက်တာအတွင်းတွင် ကျောင်းဆောက်လှူလိုကြောင်း လျှောက်ထားလေရာ သစ်ဆိမ့်တိုက်အတွင်း ဆရာတော် ဦးပညာသီဟထံနေ၍ စာချလိုသည်ဟု မိန့်တော်မူသဖြင့် မင်းတရားသည် သစ်ဆိမ့်တိုက်အတွင်း ကျယ်ဝန်းခမ်းနားသည့် ကျောင်းတော်ကြီးတည်ဆောက်စေပြီးလျှင် ဘုရင်မင်းမြတ်နှင့်တကွ

တောင်ညာနတ်ဒေဝီ မပဟောသိမ်ဖုရားခေါင် တောင်နန်းမတော်ကြီး, မိုးမိတ်မင်းသမီး, ကျောက်ပန်းတောင်းမင်းသမီး, ပခန်းမင်းကြီး, ရေစကြို, စာတော်ဝန် ကြီးတို့သည် အသီးသီးအဝဝပစ္စယဒါယကာ ပျူငှါနှစ်သက် ကိုယ်စီထွက်၍ ဝှန်းတက် သဒ္ဒါ ဝိဟာရမဟာပူဇာမင်္ဂလာဖြင့် ကောင်းစွာတင်လှူ ကိုးကွယ်ကြကုန်၏။

ဆရာတော်အရှင်ဂန္ထသာရသည် အထက်ဖော်ပြပါ ရာဇဝိရာဇဂုရု ဘွဲ့ တံဆိပ်တော်နှစ်ထပ်ရ အရှင်ပညာသီဟမဟာထေရ် စံတော်မူရာ သစ်ဆိမ့်တိုက်၌ များထုပေါယယ် ကြီးငယ်ပိုင်းခြား စာသင်သားတို့အား ပိဋကတ်ကျမ်းဂန် သုံးတန် ပါဠိကို ဝိသေသပညာဉာဏ်ရောင်ဖြာလျက် အဋ္ဌကထာဋီကာ ကျမ်းများနှင့်တကွ ပို့ချသင်ကြား စွမ်းပကားဖြင့် အပတ်တကုတ် အားထုတ်တော်မူခဲ့လေသည်။

ဂန္ထသာရော မဟာထေရော၊ သစ်ဆိမ့်တိပညာတော သုဘော။
အာရာမေပိ ဝသိတွာန၊ အနေကဂန္ထဝါစကော။

## မင်းပရိသတ်များ မချဉ်းကပ်ဝံ့ကြ

ဆရာတော်အရှင်ဂန္ထသာရသည် နံနက်လင်းလျှင်လင်းချင်း စာမြင်သည်ခါမှ စ၍ ညနေမှောင်သည်အထိ စာဝါများကို ဆက်တိုက်ချပို့တော်မူသည်။ ညအချိန်၌ လည်း သာမဏေများ ရဟန်းငယ်များအား သဒ္ဒါကြီးသုတ်နက်, ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, စာစပ်မှစ၍ အဘိဓမ္မာညဝါများမကျန် သင့်သလို ချပို့တော်မူလေ့ရှိရာ အားလပ်သည်ဟူ၍မရှိပါချေ။ ရံဖန်ရံခါ နန်းတော်က ဆွမ်းဘုဉ်း ပေးလာပင့်၏။ မလိုက်လို စာချပျက်လိမ့်မည်ဟုသာ တခွန်းခပ်တည်တည် မိန့်ကြား တော်မူလေ့ရှိသည်။ ကိစ္စတစ်စုံတစ်ရာရှိ၍ မှူးမတ်များ, နန်းတော်မှ အရာရှိကြီး ငယ်များလာလျှင် ဘာကိစ္စလာတုံး တို့စကားပြောချိန်မရှိဟူ၍ မိန့်တော်မူလေ့ရှိ၏။ သို့ဖြစ်ရာ ဆရာတော်အရှင်ဂန္ထသာရထံ မင်းစိုးရာဇာပုဂ္ဂိုလ်တို့ ချဉ်းကပ်ဖို့ မဝံ့ကြကုန်။

ထေရဿ ထိရမာဂမ္မ၊ ဘူပါလပရိသာဇနာ။
ဂန္တုံ အဝသဟာယေဝ၊ အဂ္ဂဂထေရသန္တိကံ။[၁]

---

၁။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၂၀၃။

## သည့်ပြင်ကိုယ်တော်ပင့်ကြပါ

အရှင်ပညာသီဟဆရာတော်ဘုရားကြီးက နန်းတော်သို့ ဆွမ်းစားရှိ၍ ရံဖန်ရံခါ အရှင်ဂန္ဓသာရထေရ်အား ဦးဂန္ဓ တခါတလေ နန်းတော်ကြွ ဆွမ်းဘုဉ်းပေးပါဦးဟု မိန့်ကြားရာ ဆရာတော် သည့်ပြင်ကိုယ်တော်ပင့်သွားပါ တပည့်တော် အေးအေး စာပဲချပါရစေဟု လျှောက်ထားလေ့ရှိလေသည်။ ဆရာတော်ကား သာသနာတော်မှာ ရှာမှရှားသော ထူးခြားသည့်ပုဂ္ဂိုလ်သာတည်း။

ဂန္ဓသာရော မဟာထေရော၊ ဂန္ထေသု ကုသလော သုဓီ။
သေီတုံ ဒုက္ကရံ တာဒိ၊ မိတိမန္တံ ဗဟုဿုတံ။

## အခြားကိုယ်တော်နှင့်ဆွေးနွေး

ရံဖန်ရံခါ မှူးကြီးမတ်ရာ စသူတို့ သစ်ဆိမ့်ကျောင်းတိုက်လာပြီး ဆရာတော် အရှင်ပညာသီဟ သီတင်းသုံးရာ ကျောင်းကြီးပေါ်၌ သာသနာရေးကိစ္စ ဆွေးနွေးကြ၏။ ဆရာတော် ဦးဂန္ဓပင့်ဖို့လျှောက်ကြရာ သစ်ဆိမ့်ဆရာတော်ကြီး အရှင်ပညာသီဟက ဦးဂန္ဓနေပါစေ ပင့်လို့ရမှာမဟုတ်ပါဘူး။ ဦးဂန္ဓက စာဆိုမှစာပဲ စာချကိစ္စကလွဲလျှင် အခြားကိစ္စကို ကိစ္စလို့မထင်ဘူး။ သူရှိလို့ တိုက်တာစာဝါ လိုလေသေးမရှိဘူး သိပ်တိုးတက်တာစသည်ဖြင့် မိန့်ကြားတော်မူလေ့ရှိ၏။

ဂန္ဓသာရော မဟာထေရော၊ ဂန္ထေသု ဥယျုတ္တော သုဓီ။
ဂန္ထဝါစနေ သုလဂ္ဂေါ၊ အဟော တဿ သုကိစ္စတာ။

## ရေစကြိုမြို့သို့ ကြွတော်မူခြင်း

ရေစကြိုဝန်မင်းကြီးက တိုင်းကျော်ပြည်သိ ဆရာတော်အရှင်ဝရသမ္ဘောဓိ သီတင်းသုံးခဲ့ရာ အောင်မြေသာယာ ကျောင်းတိုက်ကြီးအတွင်း၌ ပြာသာဒ်, စနု, ဘောဂ,ဆောင်မတို့နှင့် ပြည့်စုံသောကျောင်း, အုတ်တိုက်ကျောင်းကြီးများကို ခမ်းနားစွာတည်ဆောက်စေပြီးလျှင် ဆရာတော်ဘုရားကြီးကို အမှီပြု၍ သုဂတိဘဝ, အမတခေမာ ရောက်လိုပါသောကြောင့် ရေစကြိုမြို့သို့ကြွ၍ ဆရာနေရာ စဉ်လာမပျက် ဆက်လက်ပြီး အသင့်မျှတ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ကိစ္စဖြင့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူပါဟု လျှောက်ထား တောင်းပန်ချက်ကို နှစ်သက်ကြည်ဖြူ လက်ခံယူကာ ဆရာတော်ဘုရားကြီးသည် မူလပဏ္ဏာသ

အဋ္ဌကထာ နိဿယကျမ်းကြီး ရေးစီရင်ပြီးနောက် သက္ကရာဇ် ၁၂၄၁–ခုနှစ်တွင်း မန္တလေးမြို့တော်၌ ၂၈–ဝါတိုင်တိုင် သီတင်းသုံးတော်မူပြီးမှ သက်တော် ၅၅–နှစ် ရဟန်းသိက္ခာ ၃၆–ဝါအရတွင် နောက်ပါသံဃာတော် များစွာတို့နှင့်တကွ ရေစကြိုမြို့သို့ ကြွတော်မူ၍ အောင်မြေသာယာ မင်္ဂလာမင်းကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူ၍ ဂန္ထဓုရ, ဝိပဿနာဓုရနှစ်ပါးကို အားသွန်ကြိုးပမ်း ချပို့ ကျင့်ဆောင်တော်မူခဲ့လေသည်။

ရေစကြိုမဟာမစ္ဆေန၊ သက္ကစ္စမဘိယာစိတော။
အနုဂ္ဂဟံ ပဋိစ္စ သော၊ အဂဉ္ဆိရေစကြို ပုရံ။

## သာမုန္နာမှုမလိုက်ပဲ ပရိယတ္တိသာသနာချီးမြှောက်

ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီး၌ သက္ကရာဇ် ၁၂၄၁–ခုနှစ်မှစ၍ ၁၂၅၈–ခုနှစ်တိုင်အောင် ၁၇–နှစ်ပတ်လုံး သီတင်းသုံးတော်မူ၍ နေ့ဝါညဝါ စာပေပို့ချကာ ပရိယတ္တိသာသနာတော်ကို များစွာ ချီးမြှောက်တော်မူခဲ့လေသည်။ မနက်ခင်း ဆန်ပြုတ်ဘုဉ်းပေးတော်မူပြီး စာမြင်ချိန်မှစ၍ တဝါပြီးတဝါ ဆက်တိုက် ချပို့တော်မူခဲ့လေသည်။

ရဟန်းခံ သိမ်သမုတ်ကိစ္စများမှလွဲ၍ သာရေးနာရေး ဆွမ်းစားပရိတ်ရွတ် ဆွမ်းစဉ်စသည့် အလှူပွဲများတို့သို့ မကြွမလိုက်ပဲ စာပေချပို့ခြင်းဖြင့်သာလျှင် အချိန်ကို လွန်စေတော်မူခဲ့လေသည်။

ဂန္ထသာရော မဟာပညော၊ ပရိယတ္တိသုမာမကော။
ပရိယတ္တိဝုမိုယာ ယေဝ၊ အကာ ဒဠ္ဟပရက္ကမော။

## သာသနာရောင်မှိန်မည့်အရေးကြောင့် သို့ကလောက်ကြိုးပမ်း

ဘုရားမြတ်စွာ သာသနာတော်ရောင် မှေးမှိန်တော့မည်ကို ရိပ်စားတော်မူသည်။ သက္ကရာဇ် ၁၂၄၇–ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈–ရက်နေ့တွင် သီပေါမင်းပါတော်မူပြီးနောက် သာသနာ့ဝန်ထမ်း ရဟန်းတော်များ စိတ်စက်မကြည်သာ ဖြစ်တော်မူကြသဖြင့် သာသနာရေးကိစ္စများ၌ စိတ်ညွှတ်မှုနည်းပါး၍ သာသနာရောင် မှေးမှိန်သကဲ့သို့ ဖြစ်ရလေသည်။ မင်းတုန်းမင်းလက်ထက်, သီပေါမင်းလက်ထက်တွင် လွန်စွာအရှိန်ကောင်း၍ သံဃာရာထောင်ချီ သီတင်းသုံးရာ ကျောင်းတိုက်ကြီးများမှာ ကျောင်းစောင့်မျှသာ ကျန်ရှိသည့်အဖြစ်သို့ရောက်အောင်

သာသနာကျဆင်းခဲ့လေသည်။ ယင်းသို့သာသနာတော်ကျဆင်းချိန်တွင် ပို၍ကြိုးပမ်းမှဖြစ်မည်၊ သာသနာတည်ရေး သာသနာစည်ပင်ရေးသည် ငါတို့တာဝန်သာဖြစ်သည်ဟု သဘောပိုက်၍ ကြိုးပမ်းသင့်သည့်အချိန်ကို သိတော်မူသဖြင့် သက်စွန့်ကြိုးပမ်း ထမ်းဆောင်တော်မူခြင်း ဖြစ်လေသည်။

ပရိဟီနာယ စက္ကာသ၊ ဇာနိတ္တာ ယတိသောခရော။
ပယုတ္တော ဝုရသေဋ္ဌေသု၊ သဒိ ဥယျုတ္တ မာနသော။

## စာချရင်း သေသွားပါစေ

ဆရာတော်အရှင်ဂန္ဓသာရကား ခန္ဓာကိုယ်အတ္တဘောကလဲ တောင့်တင်းသည်၊ မပူလွန်းမအေးလွန်းပဲ ပရိယတ္တိသာသနာအားထုတ်နိုင်အောင် သင့်လျော်ကိုက်ညီသော ဝမ်းမီးနှင့်လဲ ပြည့်စုံသဖြင့် ကျန်းမာရေးလဲ လွန်စွာကောင်း ကျန်းမာရေးကောင်းသလောက် အလုပ်ကိစ္စကိုလဲ လွန်စွာပြုလုပ်၏။ တနေ့လုံး တဝါပြီး တဝါချပို့ရာ ၁၀–နာရီ, ၁၁–နာရီကျမှ စာဝါရပ်လေ့ရှိသည်။ ဒကာရင်းချာများက ဆရာတော်ဘုရား မလျော့မတင်း စောင်းကြိုးညှင်းဆိုသလို အသင့်အတင့်ကြိုးပမ်းတော်မူပါ ဆရာတော်ကား ဝီရိယပြင်းထန်လွန်းလှပါသည် စသည်ဖြင့် လျှောက်ထားကြလေရာ၊ ဒကာတို့ ငါတို့မကြိုးစားက ဘယ်သူကြိုးစားမလဲ ငါတို့ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဝေနေယျတွေအတွက်ကြိုးပမ်းခဲ့ရသော ကျိန်းစက်တော်မူချိန်ဖြစ်လောက်အောင် မရှိဘူး။ ငါတို့ကား ဘုရားနှင့်စာလျှင် အလွန့်အလွန်ဝီရိယနည်းသေးသည် စာချရင်း သေချင်လျှင် သေသွားပစေ သည်နည်းနှင်နှင်သာ ပြုလုပ်မည်ဟုသာ မိန့်ကြားတော်မူလေ့ရှိလေသည်။

ပရိစ္စဇာမိ ကာမဋ္ဌ၊ ဇီဝိတံ ဣရိယာယနာ။
ဝါယာမံ ကရိဿံယေဝ၊ သာသနဿ ဝိရုဠ္ဟိယာ။
ဣတိ သော သမ္ပကာသယိ၊ ထေရော ထိရေသု သဏ္ဌိတော။

## ရေစကြိုမြို့ မီးသင့်သံဃာတော်များ ဆွမ်းရေးခက်

သက္ကရာဇ် ၁၂၅၈–ခုနှစ်တွင် ရေစကြိုတမြို့လုံး မီးသင့်လောင်သဖြင့် ဒကာ, ဒကာမများ ဆင်းရဲဒုက္ခ ရောက်ကြကုန်၏။ စားဝတ်နေရေး အခက်အခဲ ကြုံကြကုန်၏။ စာသင်တိုက်ရှိသံဃာတော် ၃၀၀–၄၀၀ ခန့်တို့ကို ဆွမ်းလောင်းလှူ

ခြင်းငှါ မလွယ်ကူသကဲ့သို့ ဖြစ်ကုန်၏။ တချို့သံဃာတော်များမှာလည်း ဆွမ်းကွမ်း ခက်ခဲသဖြင့် မိမိတို့၏ အရပ်ဒေသသို့ ပြန်ကြွကြကုန်၏။

တဒါ ရေစကြို ပုရမှိ၊ ကိလမန္တိ အနေကဓာ။
မနုဿာ အဂ္ဂိဘယေန၊ ပီဠိတာ ဒုက္ခသံယုတာ။

## ပခုက္ကူမြို့ကြွရန် ကြံစည်စဥ်းစား

ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာစည်ပင်ရေးကို ကိုယ်ဖိရင်ဖိ ကြိုးစားစဥ် မမျှော်လင့်ပဲ တွေ့ကြုံရသည့် မီးဘေးကြောင့် တမျိုးတဖုံ အစီအစဥ် ပြောင်းရလေသည်။ ဤမြို့၏အရပ်သည်ကား သံဃာများစွာ စောင့်ရှောက် ချီးမြှောက်နိုင်ရန် အခွင့်မရှိတော့ချေ အပ္ပတိရူပဒေသ, ခုဒ္ဒကနဂရ, သာခါနဂရ ဖြစ်ချေသည်။ ရဟန်းသာမဏေ သံဃာတော်များစွာတို့ ကျက်စားလောက်ရာ မြို့ကြီးပြကြီးသည်သာလျှင် ဘုရားမြတ်စွာသာသနာတော်၏ မူလတာဝန် ကြီးဖြစ်သော ပရိယတ္တိသာသနာတော်ကို ထမ်းဆောင်ကြကုန်သော ရဟန်း အပေါင်းတို့၏ နိအောင်းရာဖြစ်ချိမ့်မည် ဘုရားလက်ထက်တော်က ကျောင်းတိုက်ကြီး များ မြို့ကြီးများ၌သာ အများအားဖြင့် တည်ရှိကုန်၏။ သံဃာတော်အပေါင်း ရာပေါင်း ထောင်ပေါင်းများစွာရှိခဲ့သည့် ဝေဠုဝန်ကျောင်းတိုက်ကြီးသည် ရာဇဂြိုဟ်မြို့တော် ကြီးမှာ တည်ရှိခဲ့လေသည်။ ဇေတဝန်, ပုဗ္ဗာရုံ စသည့် သံဃာတော်မြားမြောက်စွာတို့၏ သီတင်းသုံးရာကျောင်းတိုက်များလည်း သာဝတ္ထိ ပြည်စသည့် မြို့ကြီးများ၌ တည်ရှိကုန်၏။ သံဃာတော် ထောင်ပေါင်းများစွာ သီတင်းသုံးရာ အသောကာရုံကျောင်းတိုက်ကြီးသည် ပါဋလိပုတ်မြို့ကြီး၌ တည်ရှိ ခဲ့လေသည်။ သံဃာတော် လေးထောင်ငါးထောင် စသည့်ရှိခဲ့သော မဟာ ဝိဟာရ ကျောင်းတိုက်, အဘယဂိရိကျောင်းတိုက်ကြီး, ဇေတဝန်ကျောင်း တိုက်ကြီး တို့သည် သီဟိုဠ်ကျွန်း အနုရာဓ မြို့ကြီး၌သာ တည်ရှိခဲ့ကုန်၏။ ပခုက္ကူကား မြို့ကြီးဖြစ်၍ သံဃာများစွာကို ထိန်းသိမ်းနိုင်လိမ့်မည်။ ငါသည် နောက်လိုက် နောက်ပါသံဃာ အချို့ဖြင့် ပခုက္ကူမြို့သို့ကြွရလျှင် ကောင်းပေမည်။ ပခုက္ကူရောက်က ကျောင်း တွေ့လျှင် ကျောင်းပေါ်, စရပ်တွေ့လျှင် စရပ်ပေါ်နေထိုင်၍ စာပေပို့ချမည်ဟု ကြံစည်စဥ်းစား ဆုံးဖြတ်တော်မူခဲ့လေသည်။

ရေစကြိုနဂရံ နာမ၊ ခုဒ္ဒကံ အဝိသာလကံ။
အနေကာဘိက္ခုသံဃဿ၊ ဂေါစရာယ န ဟေဿတိ။
ပခုက္ကူနဂရံ ပန၊ ဝိသာလံ မဟန္တံ ဘဝေ။
အနေကာဘိက္ခုသံဃဿ၊ ဂေါစရာယ ဘဝိဿတိ။
ဣတိ သော ဗဟုဓာ ထေရော၊ စိန္တယိတွာ သုနိစ္ဆယိ။

## ပခုက္ကူအကြွ လမ်းစာချ

ယင်းသို့ ကြံစည် စဉ်းစားတော်မူပြီး ရေစကြိုဆရာတော်ဘုရားကြီးသည် နောက်ပါတပည့်တပန်း ရဟန်းသာမဏေ ၂၀–ခန့်ဖြင့် ပခုက္ကူမြို့သို့ ခြေလျင်ကြွတော်မူခဲ့လေသည်။ ထိုစဉ်က ရေစကြို ပခုက္ကူကားလမ်း မပေါက်သေးချေ။ ပေထုပ် တချို့ကို လှည်းဖြင့်ပင့်ဆောင်စေပြီး ဆရာတော်နှင့် နောက်ပါသံဃာတော်တို့မှုကား သပိတ်ကိုယ်စီဖြင့် ခြေလျင်ကြွတော်မူသည်။ လမ်းတွင် စာပို့ချတော်မူလိုသေးသည် ဖြစ်၍ ပို့ချမည့်ပေစာမှ ပေ ၂–အင်္ဂါ, ၃–အင်္ဂါခန့်တို့ကို ကိုယ်စီကိုယ်င ယူဆောင်စေ၍ ပခုက္ကူမြို့ဆီသို့ ကြွတော်မူခဲ့လေသည်။

ဝိသမဂ္ဂေဟိ ဘိက္ခူဟိ၊ ပခုက္ကူနဂရံ ဂမိ။
စက္ကဿ သုဝိရုဠှာယ၊ ဒဠှ သမာဒါနော သုဓိ။

## လမ်း၌စာပေချပို့ခဲ့

ဆရာတော်ဘုရားကြီးသည် နောက်ပါ တပည့်သံဃာတော် ၂၀–ခန့်ဖြင့် ပခုက္ကူအကြွ လမ်းခရီးတွင် သင့်တော်သော ရပ်ရွာများ၌ ဆွမ်းခံ၍ ဆွမ်းဘုဉ်းပေးတော်မူပြီး စာပေပို့ချ၍ ကြွတော်မူခဲ့လေသည်။ ရံဖန်ရံခါ စရပ်ပေါ်မှာ စာပေချပို့၍ ရံဖန်ရံခါ ကျောင်းများ၌ ကျောင်းထိုင်ဘုန်းကြီးများထံ ခွင့်တောင်းတည်းခို၍ စာပေပို့ချတော်မူခဲ့လေသည်။ ကိုယ်တော်တို့ ပရိယတ္တိသာသနာဆိုတာ တနေ့ မသင်မကြား မပို့မချလျှင် တစ်နေ့ ပရိယတ္တိသာသနာတော်ကွယ်သည် စသည်ဖြင့် မိန့်ကြားတော်မူသည်။ ယင်းသို့ဖြင့် ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာ့ ဗိမာန်ကို ခရီးသွားရင်း တည်ဆောက်တော်မူခဲ့လေသည်။

ပထိကော သမာနောယေဝ၊ ဒဠှပရက္ကမော သုဓီ။
ပရိယတ္တိ ဝိမာနံယေဝ၊ မာပယီ ထိရ စေတသာ။

## ဘဝများစွာက မဟုတ်ရာ၌ အသုံးချခဲ့

လမ်းခရီးအကြားရှိ ရပ်ရွာများမှာ ချမ်းသာကြွယ်ဝသော ရွာများမဟုတ်ကြပေ၊ ရေစကြိုဆရာတော်ဘုရားကြီး ပခုက္ကူအကြွ ရွာသူရွာသားတို့သည် တတ်စွမ်းသမျှ လောင်းလှူကြ၏။ ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပြုကြ၏။ သို့ပေမယ့် ဆရာတော်ကား ရှည်ရှည်ဝေးဝေးစကား မိန့်ကြားတော်မမူပါချေ။ တခါတခါ လမ်းခရီးအကြား စာပေချပို့ယင်း ကိုယ်တော်တို့ ဘဝများစွာ သံသရာက ဒီခန္ဓာကိုယ်ကို မဟုတ်ရာ၌ အသုံးချခဲ့ကြလှလေပြီ။ ဒီပါးစပ်ဖြင့် မဟုတ်မဟပ်တွေ ပြောခဲ့ကြလှလေပြီ။ ယခုကံကောင်းထောက်မ၍ လူ့ဘဝရ, မိတ်ကောင်းဆွေကောင်းနှင့်တွေ့ရ ဘုရားသာသနာတော်နှင့် ကြုံရခိုက် ဟုတ်တဲ့နေရာ သင့်တဲ့နေရာမှာ အသုံးပြုကြပါ။ ကိုယ်တော်တို့ ဆင်းရဲတယ်ထင်ပေမဲ့ မိမိကဆင်းရဲသည်ဟု မထင်ပါချေ စသည်ဖြင့်လည်း မိန့်ကြားတော်မူခဲ့လေသည်။

အကာတဗ္ဗာနိ ကိစ္စာနိ၊ နေကာနိ အကရိမှ ဘော။
အဝတ္တဗ္ဗာနိ ဝါကျာနိ၊ အဝစိမှ အနေကဓာ။
သမ္ပတိ ကာတဗ္ဗ ဝတ္တဗ္ဗ–ကိစ္စာတိ ဟိ ကရိမှ ဝေ။

## စည်သူရှင်ဘုရား ဝင်ဖူးမြော်

ယင်းသို့ ရေစကြိုမြို့မှ ပခုက္ကူသို့ ကြွတော်မူစဉ် ပခန်းကြီးမြို့အရောက် စည်သူရှင်ဘုရားကျောင်းတော်သို့ဝင်၍ ဖူးမြော်တော်မူခဲ့လေသည်။
ဆရာတော်ဘုရားကြီးသည်–

**"ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ"**

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသည်။ ဟုတ္တွာ၊ ဖြစ်၍။ ဗောဓာယ၊ ဝေနေယျကြာ သတ္တဝါတို့အား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိစေခြင်းငှါ။ ဓမ္မံ၊ တရားတော် အမျိုးမျိုးကို။ ဒေသေတိ၊ ဟောတော်မူပါပေ၏။

**"ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ"**

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဒန္တော၊ ဆုံးမအပ်ပြီးသော စက္ခုစသော ဣန္ဒြေခြောက်ပါးရှိတော်မူသည်။ ဟုတ္တွာ၊ ဖြစ်တော်မူ၍။ ဒမထာယ၊ ဝေနေယျများစွာ သတ္တဝါအနန္တတို့ကို ဆုံးမခြင်းအကျိုးငှါ။ ဓမ္မံ၊ သစ္စာလေးပါး တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူပါပေ၏။

''သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ''

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သန္တော၊ ရာဂ, ဒေါသ, မောဟဟူသည့် အပူမလိမ်း ငြိမ်းအေးတော်မူပြီးသည်။ ဟုတ္တာ၊ ဖြစ်တော်မူ၍။ သမထာယ၊ ဝေနေယျကြာ သတ္တဝါတို့အား ကိလေသာအပူမလိမ်း ငြိမ်းအေးခြင်းအကျိုးငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူပါပေ၏။

''တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ''

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တိဏ္ဏော၊ ဩဃလေးဖြာ သံသရာကို ကောင်းစွာ လွန်မြောက်တော်မူပြီးသည်။ ဟုတ္တာ၊ ဖြစ်တော်မူ၍။ တရဏာယ၊ ဝေနေယျကြာ သတ္တဝါအပေါင်းကို သံသရာဝဲဩဃထဲမှ ဆွဲကယ်တင်တော်မူခြင်းအကျိုးငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ တတ်ပါပေ၏။

''ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ''

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ကိလေသာခပ်သိမ်း ငြိမ်းအေးတော်မူပြီးသည်။ ဟုတ္တာ၊ ဖြစ်တော်မူ၍။ ပရိနိဗ္ဗာနာယ၊ ဝေနေယျကြာ သတ္တဝါတို့အား ကိလေသာတို့မှ ငြိမ်းအေးခြင်းအကျိုးငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူပါပေ၏။ စသည်ဖြင့် ရွတ်ဆိုချီးဝှဲ ဖူးမြှော်တော်မူပြီ။

တုမှာကံ သာသနသောဝ၊ ဝုမိယာ ကတနိစ္ဆယော။
ဂစ္ဆာမိ ပခုက္ကူပုရံ၊ မမ စိန္တာ သမိဇ္ဈတု။

ဘန္တေ၊ ဘုန်းတော်အနန္တ ကြီးများလှသည့် မြတ်စွာဘုရား။ အဟံ၊ တပည့်တော်ဂန္ထသာရသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သာသနသောဝ၊ သာသနာတော်မြတ်ကြီး၏သာလျှင်။ ဝုမိယာ၊ တိုးတက်စည်ကား ကြီးပွားအောင် ပြုခြင်းငှါ။ ကတနိစ္ဆယော၊ ဆုံးဖြတ်ချက်ချပြီးသည်ဖြစ်၍။ ပခုက္ကူပုရံ၊ ပခုက္ကူမြို့သို့။ ဂစ္ဆာမိ၊ စာသင်တိုက်တည် စာပေချပို့ရန် သွားပါမည်။ မမ၊ တပည့်တော်ဂန္ထသာရ၏။ စိန္တာ၊ ကြံစည်ချက်သည်။ သမိဇ္ဈတု၊ ပြီးပြည့်စုံပါစေ စသည်ဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

## ဆားတောင်စရပ်ပေါ်၌ စာချခဲ့

ပခန်းစည်သူရှင်ဘုရား ဖူးမြော်ပြီး နောက်ပါတပည့်တပန်း ရဟန်းသာမဏေ တို့ဖြင့် ဆက်လက်ကြွတော်မူရာ ဆားတောင်ရွာအရောက် ယင်းဆားတောင်ရွာ စရပ်ပေါ် ရက်အနည်းငယ် တည်းခိုသီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူခဲ့ သေးသည်။ ဆားတောင်ရွာမှ ဒကာ,ဒကာမများက ဆားတောင်ရွာ၌ သီတင်းသုံးဖို့ လျှောက်ထားရာ လက်ခံတော်မမူပဲ ပခုက္ကူသို့ဆက်၍ ကြွတော်မူခဲ့လေသည်။

## တဖြည်းဖြည်းကြွတော်မူခဲ့

ဆားတောင်ရွာမှ ထွက်တော်မူခဲ့ပြီး လမ်းခရီးအကြား မြေဖြူ, ထန်းငယ် တော, ကျောက်လှေကား, ပဒိုင်းခြံ, စိုတွင်း, ကျီးရွာတို့၌လည်း တစ်ညနှစ်ည စသည်သီတင်းသုံးတော်မူ၍ တဖြည်းဖြည်းကြွတော် မူခဲ့လေသည်။ ယင်းသို့ ကြွစဉ် တွေ့ကြုံရသော ဆင်းရဲပင်ပန်းမှုကို စာပေချပို့ခြင်းဖြင့် ပယ်ဖျောက်တော်မူခဲ့ လေသည်။

အန္တရာမဂ္ဂေ ဥပ္ပန္နံ၊ ကာယိရံ ဝိဝိဓမ္ပိ စ။
ပရိယတ္တိဝါစနေန၊ ဝိနောဒေသိ မဟာယတိ။

## ပခုက္ကူဒကာ, ဒကာမတွေ များစွာဝမ်းမြောက်ကြ

ပခုက္ကူမြို့ ဒကာဒကာမတို့မှာ လွန်စွာသဒ္ဓါတရား ကောင်းမွန်ကြကုန်၏။ ဘုရား, တရား, သံဃာဟူသော အသံကို ကြားရရုံနှင့် ရေတွေ့သော ကြာပဒုံပမာ လွန်စွာလန်းဆန်း ပျော်ရွှင်ကြကုန်၏။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ပခုက္ကူနေဖို့ ကြွလာပြီဆိုတဲ့ သတင်းကိုကြားကြလျှင် ကြားကြချင်း ငါတို့တော့ ကုသိုလ်တွေဖြစ်ကြတော့မည်၊ ငါတို့သည် ဆရာတော်အရှင်ဂန္ဓသာရကိုမှီပြီး လှူပြည်, နတ်နန်းလှမ်းတက်ကြမယ်, ငါတို့သည် ကျောင်းဒကာ, ကျောင်းဒကာမ ခံမယ်, ငါတို့ဆွမ်းကပ်မယ် စသည်ဖြင့် ကြံစည်ပြောဆိုကြကာ ဆရာတော်ဘုရား ကြီးရောက်မည့် နေရက်အချိန်ကို မျှော်လင့်ကြကုန်၏။

ပခုက္ကူနဂရေ သန္တာ၊ ဝသန္တာ နရနာရိယော။
ထေရာဂမနံ ပဋိစ္စ၊ ဟဋ္ဌာ ပမုဒိတာ အဟု။

## ပန်းစွာတိုက်အတွင်း နေရာထိုင်ခင်း ပြင်ဆင်ကြခြင်း

ထိုစဉ်က ပခုက္ကူမြို့၌ မြို့မိမြို့ဖများ ဖြစ်ကြသော ဦးရွှေတောင် အစရှိသော လူကြီးလူကောင်းတို့သည် ပန်းစွာကျောင်း နာယကဘုန်းတော်ကြီး အရှင်လက်ာဒီပ ထံသွားရောက်ကြကာ ဘုန်းတော်ကြီးအရှင်လက်ာဒီပ ကိုယ်တော်ဘုရား ရေစကြို ဆရာတော်ကြီး ပခုက္ကူနေဖို့ ကြွလာပါပြီ မကြာမီ ပခုက္ကူသို့ ရောက်ပါလိမ့်မည်။ ဆရာတော်ဘုရားကြီးရောက်လျှင် ကိုယ်တော်ရဲ့ကျောင်း၌ သီတင်းသုံးဖို့ တပည့် တော်တို့ လျှောက်ကြမည်ဟု ခွင့်တောင်းလေရာ အရှင်လက်ာဒီပကလည်း များစွာ သဘောကျ ကျေနပ်ရှံမက ဒကာကြီးတို့ မကြာခင်ကမှ ရေစက်ချလှူဒါန်းတဲ့ ဘုရားအမမယ်မင်းခင်ကျောင်းကြီးက ကျယ်တယ်, အဲ့ဒီကျောင်းကြီးပေါ် ဒကာကြီး တို့ ဘုန်းကြီးထားဖို့ပဲ ဘုန်းကြီးက ဖြစ်သလိုနေမယ်လို့ မိန့်ကြားသဖြင့် ဦးရွှေတောင် နှင့်ဒကာ, ဒကာမတို့သည် ဘုရားအမမယ်မင်းခင်ကျောင်းကြီးပေါ်၌ နေရာထိုင်ခင်း အသင့်ပြင်ဆင်ကြကုန်၏။ ယာယီကျောင်းများ ဆောက်လုပ်ဖို့လည်း တိုင်ပင်ကြ ကုန်၏။

ပညာပေသံ အာသနာနိ၊ ကတ္တဗ္ဗာနိ အနေကဓာ။
ကတွာ ထေရဿာဂမနံ၊ ပဋိမာနေန္တိ သာဓဝေါ။

## သွားရောက်ကြိုဆိုကြ

ရေစကြိုဆရာတော်ဘုရားကြီး ပခုက္ကူမြို့ရောက်ရာနေ့၌လည်း ဒကာ, ဒကာမတွေ သန့်စင်သောအဝတ်များ ဝတ်ဆင်ကြပြီး ခရီးဦးကြိုဆိုကြကုန်၏။ တချို့အမျိုးသမီးတွေက သန့်စင်သော အပေါ်တင်တဘက်ပခုံးပေါ်တင်ကြပြီး ပန်း ရေချမ်းလက်စွဲ၍ ကြိုဆိုကြကုန်၏။ ကြိုဆိုကြပြီး နောက်ပါသံဃာတော်များနှင့် တကွ ပန်းစွာတိုက်သို့ ပင့်ဆောင်ခဲ့ကြကုန်၏။ ရောက်မဆိုက် ကျောင်းဘုန်းကြီး အရှင်လက်ာဒီပကြွလာပြီး ဆရာတော်ဘုရား ချမ်းသာသလို ကိုယ့်ကျောင်းအမှတ် ဖြင့် သီတင်းသုံးတော်မူပါ စသည်ဖြင့် လျှောက်ထားလေသည်။ ဆရာတော်ဘုရား ကြီးသည် ပန်းစွာတိုက်ရောက်သည့်နေ့၌ပင် ခရီးအမောအပန်းမဖြေပဲ ပါလာသော တပည့်များအား စာပေပို့ချတော်မူလေသည်။

## မကြာခင် သံဃာတစ်ရာကျော်

ဆရာတော်ဘုရားကြီးသည် ပခုက္ကူမြို့ ပန်းစွာတိုက်၌ သက္ကရာဇ် ၁၂၅၈-ခုနှစ်မှစ၍ ၁၂၆၅-ခုနှစ် ဝါဆိုဦးတိုင်အောင် အမြဲနိစ္စထာဝရ သီတင်းသုံးတော်မူ၍ နိကာယ်ငါးရပ် ပါဠိတော်ကို အဋ္ဌကထာနှင့်တွဲဖက်၍ ရံခါဋီကာပါတွဲဖက်၍ ချပို့တော်မူလေသည်။ ၄င်းပြင် ကခ်ါ၊ ဋီကာကျော်၊ ရူပသိဒ္ဓိစသော ကျမ်းဂန်တို့ကိုလည်း အခွင့်သင့်သလို ချပို့တော်မူခဲ့လေသည်။ ယင်းသို့ အစွာရဒ္ဓဝီရိယဖြင့် စာပေချပို့မှုကြောင့် ရေစကြိုမီးလောင်သဖြင့် အရပ်တပါးသို့ ကြွကြသော စာသင်သား ရဟန်းသာမဏေတို့သည်လည်းကောင်း၊ အခြားစာသင်သားသစ် ရဟန်းသာမဏေတို့သည်လည်းကောင်း ပန်းစွာကျောင်းတိုက်သို့ ရောက်ရှိကြကာ ပညာသင်ယူကြကုန်၏။ ဆရာတော်ဘုရားကြီးရောက်၍ လအနည်းငယ်အတွင်း ပန်းစွာကျောင်းတိုက်၌ သံဃာတော်တစ်ရာကျော်ရှိခဲ့လေသည်။

## ပညာရှိတပည့်များပါဝင်

ဖော်ပြပါ မြားမြောက်စွာသော တပည့်တို့တွင် မဟာဝိသုတာရာမ ဂဏဝါစက နိကာယာဓိပတိ အဂ္ဂမဟာပဏ္ဍိတအရှင်ပညာမဟာထေရ်လောင်းလျာ၊ မဟာဝိသုတာရာမ ဂဏဝါစကနိကာယာဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတအရှင်သုန္ဒရလောင်းလျာ၊ မဟာဝိသုတာရာမ ဂဏဝါစက နိကာယာဓိပတိ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသလောင်းလျာ၊ ချောင်းဦးမြို့ ဓမ္မာရုံကျောင်းတိုက်ကြီး အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အရှင်ဒီပါလင်္ကာရလောင်းလျာ စသည့်ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်ထူးတို့သည် ပါဝင်ရောက်ရှိကြကုန်၏။

## ဆရာတော်လုပ်ငန်းစဉ်

ဆရာတော်ဘုရားကြီးသည် ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ် ခုနှစ်နှစ်ကာလအတွင်း သိမ်သမုတ် ရဟန်းခံကိစ္စမှအပ သာရေး၊ နာရေး ပရိတ်ရွတ်ဆွမ်းစဉ်ကိစ္စများ မလိုက်ပဲ စာချလုပ်ငန်းကို မပျက်မကွက် ဆောင်ရွက်တော်မူသည်။ နံနက်ဆံပြုတ် ဘုဉ်းပေးတော်မူပြီး စာမြင်သည့်အချိန်မှစ၍ အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်ကျမ်း စသည်များကို ချပို့တော်မူလေ့ရှိလေသည်။ ၉-နာရီ၊ ၁၂-နာရီ၊ ၁-နာရီ၊ ၃-နာရီ၊ ၅-နာရီအချိန်စသည်တို့၌ ဝိနည်းပါဠိတော်၊ အဋ္ဌကထာ၊

ဒီဃနိကာယ်ပါဠိတော်, အဋ္ဌကထာ, မဇ္ဈိမနိကာယ်ပါဠိတော်, အဋ္ဌကထာ, သံယုတ္တနိကာယ်ပါဠိတော်, အဋ္ဌကထာ, အင်္ဂုတ္တရနိကာယ်ပါဠိတော်, အဋ္ဌကထာ, ဇာတကပါဠိ, အဋ္ဌကထာစသည်တို့ကို သင့်သလို တခေါက်ပြီးတခေါက် ချပို့တော်မူခဲ့လေသည်။

## ကျမ်းစာများ ပြုစုခဲ့

ပန်းစွာတိုက် မယ်မင်းခင်ကျောင်းဝေါ်၌ သီတင်းသုံးတော်မူစဉ် စာပေချပို့ရင်း ကစ္စာယနဝိတရဏီအဋ္ဌကထာ နိဿယ, ကင်္ခါဝိတရဏီစာစပ်, ပကိဏ္ဏကစာစပ်ကျမ်းတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။

ကင်္ခါနိဿယဂန္ထာဒိ၊ ဂန္ထေပိ ထေရကုဋ္ဌရော။
ပန်းစွာရာမ ဝသန္တော၀၊ အကာ မဟုယျာမော သုဓီ။

## ပေစာရေးများဖြင့် ပေကူးစေခြင်း

၄င်းပြင် နိကာယ်ငါးရပ်ပါဠိ, အဋ္ဌကထာ, ဋီကာ, နိဿယစသည့် ပေမျိုးစုံတို့ကိုလည်း ပေစာရေးများကို ရေးကူးစေတော်မူလေသည်။ ယင်းပေစာရေးမှုလုပ်ငန်း၌လည်း တည်းဖြတ် သုတ်သင်တော်မူခြင်းစသည်တို့ဖြင့် လှံ့လကြောင့်ကြဗျာပါရ ပြုတော်မူခဲ့လေသည်။

တာလပဏ္ဏပေါတ္ထကေပိ၊ လိခါပေတွာ အနေကဓာ။
ဝုမိယာ ပရိယတ္တိယာ၊ ဝါယာမသံယုတော ဝိဒ္ဒါ။

## ဩဝါဒအမျိုးမျိုးပေးခဲ့

ဆရာတော်ဘုရားကြီး ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ်က ချောင်းဦးဆရာတော်အရှင်ဒီပ (နောက်အဂ္ဂမဟာပဏ္ဍိတ အရှင်ဒီပဟု လွန်စွာထင်ရှားသူ) ဆရာတော်အရှင်ကေလာသာဘထေရ်စသည့် မထေရ်မြတ်တို့သည် ပန်းစွာတိုက်စာချဖြစ်ကြကုန်၏။ ယင်းစာချပုဂ္ဂိုလ်များအားလည်း စာဝါများ ရှိရှိသေသေလေးလေးမြတ်မြတ် အချိန်မှန်ချပို့ဖို့အပြင် ခမာ၊ အရာရာသည်းခံဖို့, ဇာဂရိယ၊ နိုးနိုး ကြားကြားရှိဖို့, အအိပ်အနေနည်းဖို့, သံဝိဘာဂ၊ ရရှိသမျှပစ္စည်းကို တပည့်သံဃာနှင့်ဝေဖန်သုံးစွဲဖို့, ဒယာ၊ တပည့်တပန်းတွေအပေါ် မေတ္တာရှိဖို့, သနားချစ်ခင်

ဖို့, ဏ္ဏက္ခဏာ၊ အမြော်အမြင်ကြီးဖို့ဟူသော လူကြီးလုပ်သူတို့၏ ကျင့်ဝတ်များကို မကြာမကြာ မိန့်ကြားတော်မူလေ့ရှိသည်။ စာသင်သား ရဟန်းသာမဏေတို့အားလည်း စာပေကြိုးစားသင်ယူဖို့, စာချဆရာတော်များကို ရိုရိုသေသေ လေးလေးမြတ်မြတ်ရှိကြရန်, ဝိနည်းသိက္ခာ ရှိသေလေးမြတ်ကြရန် စသည်ဖြင့် မကြာမကြာ ဩဝါဒမိန့်ကြား တော်မူလေ့ရှိသည်။

''သင်ကြား, ဟောပြ, ပို့ချ, ရွတ်အံ, စိတ်ကြံသုံးသပ်'' ဤတာဝန်ငါးရပ်ကို မဆောင်ရွက်လျှင် နိကာယ်သာသနာကွယ်ပမည်။ နိကာယ်ငါးရပ် မကွယ်ပအောင် ကိုယ်တော်တို့ တပည့်တော်တို့မှာ တာဝန်ရှိသည် စသည်ဖြင့်လည်း ဩဝါဒအနုသာသနီများကိုလည်း မကြာမကြာ မြွက်ကြားလေ့ရှိတော်မူသည်။

ဩဝါဒမဟာမေဃမှိ၊ ဝဿာပေသိ မဟာမတီ။
ဩဝါဒပဇ္ဇုန္နော ဟုတွာ၊ အကာ သာသနပဂ္ဂဟံ။

## ပန်းစွာကျောင်းတိုက် သံဃာကြပ်

ပန်းစွာကျောင်းတိုက်၌ ထိုစဉ်က မယ်မင်းခင်ကျောင်းကြီး, သိမ်ကျောင်း, ဇာကျောင်း, ဆွမ်းစားကျောင်းနှင့် အခြားဝါးထရံကာကျောင်းငယ်များ အနည်းငယ်ရှိလေ၏။ သံဃာတော် ၂၀၀-ပတ်ဝန်းကျင် ဖြစ်လာရာ အနေအထိုင် ကြပ်တည်းကျဉ်းမြောင်းမှု ဖြစ်လာ၏။ ထိုအခါ သက်ဆိုင်ရာ ဒကာ, ဒကာမတွေ ကျောင်းတိုက်အသစ်တည်ရေး, ကြံစည်တွေးဆ တိုင်ပင်ကြကုန်၏။

## ရေစကြိုပြန်ကြွ တစ်ဝါဆို

ရေစကြိုမှ ဒါယကာ ဦးအောင်သာ, ဒါယိကာမ ဒေါ်ငွေသင်တို့နှင့် ဒါယကာ ဦးရှန်းအို, ဒါယိကာမ ဒေါ်မိန်းကလေးတို့က ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီးအတွင်း လေးဆောင်တွဲကျောင်းကြီး ဆောက်လုပ်ကြပြီး ပခုက္ကူလာ၍ ဆရာတော်ကြီးအား ရေစကြိုသို့ တစ်ဝါတချီကြွရောက် ချီးမြှောက်ဖို့ လျှောက်ထားကြကုန်၏။ ယင်းသို့ လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူလက်ခံတော်မူပြီး ၁၂၆၅-ခုနှစ် ဝါဆိုဦးတွင် ရေစကြိုမြို့သို့ ကြွတော်မူကာ လေးဆောင်တွဲကျောင်းကြီးကို အလှူခံတော်မူခဲ့လေသည်။

## ကျောင်းအနမောဒနာ ဒေသနာအကျဉ်း

ကျောင်းဒကာ၊ ဒကာမများ ဖြစ်ကြသော ကိုအောင်သာ၊ မငွေသင်၊ ကိုရှမ်းအို၊ မမိန်းကလေးတို့က ဆရာတော်ဘုရားကြီး ကျောင်းအနမောဒနာ တရားတော်ကိုချီးမြှင့်ပါဟု လျှောက်ထားကြလေရာ ဆရာတော်ဘုရားကြီးက အောင်သာ၊ ငွေသင်၊ ရှမ်းအို၊မိန်းကလေးတို့ ငါတို့က တရားဟောနေတဲ့ ကိုယ်တော်မဟုတ်၊ စာချနေတဲ့ကိုယ်တော်ပဲ ဒါကြောင့် သွယ်သွယ်ဝိုက်ဝိုက်မဟောဘူး တိုတို စာလာအတိုင်း တိုက်ရိုက်ပြောပြမယ် သဘောကျအောင် နားထောင်ကြကုန်။

ငါတို့ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် တညတာ သန်းခေါင်ယာမ်အလွန် ဘုရားထံ နတ်သား တယောက်လာပြီး၊

''ကိံ ဒဒေါ ဗလဒေါ ဟောတိ၊ ဘယ်အလှူကို လှူလျှင် ခွန်အား လှူသူမည်သနည်း ပြဿနာတချက်။ ကိံ ဒဒေါ ဟောတိ ဝဏ္ဏဒေါ၊ အဘယ် အလှူကို လှူလျှင် အဆင်း အရောင်ကို လှူသူမည်သနည်းတချက်။ ကိံ ဒဒေါ သုခဒေါ ဟောတိ၊ အဘယ်အလှူကို လှူလျှင် ချမ်းသာသုခကို လှူသူမည်သနည်း တချက်။ ကိံ ဒဒေါ ဟောတိ စက္ခုဒေါ၊ အဘယ်အလှူကိုလှူလျှင် မျက်စိကို လှူသူမည်သနည်း တချက်။ ကော စ သဗ္ဗဒဒေါ ဟောတိ၊ အဘယ်အလှူကို လှူလျှင် အလုံးစုံသော ဝတ္ထုပစ္စည်းကို ပေးလှူသူမည်ပါသနည်းအားဖြင့် ပြဿနာ ၅– ချက် ဘုရားထံ လျှောက်ထားလေရာ ငါတို့ဘုရားရှင်က–

အန္နဒေါ ဗလဒေါ ဟောတိ၊ ဆွမ်းအလှူလှူလျှင် ခွန်အားဗလလှူသူ မည်တယ်။ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ၊ အဝတ်သင်္ကန်းလှူလျှင် အဆင်းလှူသူ မည်တယ်။ ယာနဒေါ သုခဒေါ ဟောတိ၊ ထီး ဖိနပ် တောင်ဝှေး ညောင်စောင်း အင်းပျဉ် ကုလားထိုင် စတဲ့ ယာဉ်ကိုလှူလျှင် ချမ်းသာသုခကို လှူသည်မည်တယ်။ ဒီပဒေါ ဟောတိ စက္ခုဒေါ။ ဆီမီးဖယောင်းတိုင်မီး၊ အင်ဂျင်စက်မီးလှူလျှင် မျက်စိ လှူသည်မည်တယ်။ သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ၊ ကျောင်းလှူလျှင် ခွန်အားဗလ၊ အဆင်း၊ ချမ်းသာ၊ မျက်စိဟူသော အလုံးစုံကို လှူသည်မည်တယ်ဟု ဘုရားရှင်က နတ်သားအမေးကို ဖြေကြားတော်မူတယ်။

အဲ့ဒီတော့ ကျောင်းဒကာ၊ ကျောင်းအမများဖြစ်ကြတဲ့ မောင်အောင်သာ မိငွေသင်တို့၊ မောင်ရှမ်းအိုတို့ မိမိန်းကလေးတို့လဲ ငါတို့ ယနေ့ ခွန်အားအဆင်း ချမ်းသာ မျက်စိအလှူကြီးကို လှူရပြီဟူ၍ မှတ်ထားကြ၊ ၄င်းပြင် ကျောင်းဒကာ

ဒကာမများဖြစ်ကြတဲ့ ငါတို့လဲ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော ရှိကြသည်။ ငါတို့ကျောင်းမှာနေတဲ့ ဆရာတော် သံဃာတော်တွေလဲ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော ရှိကြသည်။ သည်ကျောင်း အနိစ္စသဘောရှိသည် စသည်ဖြင့် ရုပ်နာမ်ခမ္ဗသင်္ခါရတို့ မမြဲပုံဆင်ခြင် ဝိပဿနာတင်ပြီး နိဗ္ဗာန်ကို တောင့်တကြစသည်ဖြင့် ဟောကြားတော်မူခဲ့လေသည်။

## စာပေချီးမြှင့် သာသနာပြုခဲ့

ဖော်ပြပါ ကိုအောင်သာ မငွေသင်, ကိုရှမ်းအို မမိန်းကလေးတို့ လှူဒါန်းအပ်သော လေးဆောင်တွဲကျောင်းကြီး၌ ၁၂၆၅-ခုနှစ် ဝါဆိုသီတင်းသုံးတော်မူ၍ နေ့ဝါညဝါစာပေချပို့လျက် သီတင်းသုံးတော်မူပြီး ကျောင်းဒကာဒကာမတို့ကို ချီးမြှောက်တော်မူခဲ့လေသည်။

ပုန ရေစကြို ပုရမ္ဗိ၊ ဂန္ဓာန ထေရပုင်္ဂဝေါ။
တောသေတ္တာ နာဂရိကေပိ၊ ဝိဟရိ ဝိဟာရေ ဝိဒူ။

## ဦးသာကျော် ဒေါ်ကျော့တို့ကျောင်း အလှူခံ

ရတနာသုံးရပ်ကို မပြတ်ရိုကျိုး ဆည်းကပ်ကိုးကွယ်လေ့ရှိကြကုန်သော ရေစကြိုမြို့မှ ဦးသာကျော် ဒေါ်ကျော့တို့က ခမ်းနားလှသည့် ကျောင်းကြီးကို ဆောက်လုပ်၍ လှူဒါန်းကြကုန်၏။

ဆရာတော်ဘုရားကြီးသည် သံဃိကအလှူခံတော်မူ၍ ကျောင်းဒါယကာ ဦးသာကျော် ကျောင်းဒါယိကာမ ဒေါ်ကျော့တို့အား ကုသိုလ်ဖြစ်ရာဖြစ်ကြောင်း ညွှန်ပြတော်မူခဲ့လေသည်။

## အောင်မြေသာယာကျောင်းတိုက်ကြီးလွှဲအပ်

ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်သည် မိမိသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးကို အလှူခံ၍ သက်ဆုံးတိုင် နေထိုင်သာသနာပြုတော်မူရမည်ဖြစ်သဖြင့် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီးကို ၁၂၃၆-ခုနှစ် ဖွားတပည့်ရင်း ရဟန်းတော်အရှင်စာရိန္ဒအား စောင့်ရှောက်

အုပ်ချုပ်ရန် ၁၂၅၉–ခုနှစ် တပေါင်းလဆန်း ၁–ရက်နေ့တွင် လွှဲအပ်တော်မူခဲ့လေသည်။[၁]

## ကျောင်းတိုက်လွှဲအပ်ပွဲ ဩဝါဒ

မောင်စာရိန္ဒ ကျောင်းထိုင် နာယကလုပ်တဲ့ ပုဂ္ဂိုလ်ဟာ–
ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနိစရေ။

ပျားပိတုန်းဟာ ပန်းပွင့်အဆင်းအနံ့ကို မပျက်မပြုန်းစေပဲ မိမိလိုတဲ့ ပန်းဝတ်ရည်သာ စုတ်ယူပျံသွားသကဲ့သို့ မြို့ရွာနိဂုံးဇနပုဒ် ကျောင်းထိုင်ဘုန်းကြီးလုပ်တဲ့ရဟန်းဟာ ပန်းတည်းဟူသော သဒ္ဓါတရား, အဆင်းအနံ့ဟူသော စည်းစိမ်ဥစ္စာကို မပျက်စေပဲ ကျင့်ရမယ်၊ စာမှန်မှန်ချ၊ ရဟန်းခံ သိမ်သမုတ်ကလွဲ သာရေးနာရေးမလိုက်နဲ့ ကိုယ့်ထက်ကြီးတဲ့မထေရ်ကြီးတွေလေးမြတ်၊ ဝါကျွတ်လျှင်သက်တော် ဝါတော်ကြီး မထေရ်ကြီးတွေ သွားကန်တော့ရမယ်၊ စာမလိုက် စာမဆိုစာမကျက်တဲ့ ရဟန်းသာမဏေတွေ တိုက်ထဲမနေစေနဲ့ ငါ ပခုက္ကူပြန်နေမည်စသည်ဖြင့် ကျောင်းတိုက်လွှဲပွဲတွင် ဩဝါဒပေးတော်မူခဲ့လေသည်။

နိယျာတယိ စာရိန္ဒဿ၊ သသိဿ ကိစ္စကာရိနော။
အာရာမံ အောင်မြေသာယာဝှ–ဝိသာလမနတောသနံ။

## အောင်မြေသာယာကျောင်းတိုက်ကြီး

ယင်းအောင်မြေသာယာကျောင်းတိုက်ကြီးကား လွန်စွာကြီးကျယ်ခမ်းနားသည့် ကျောင်းတိုက်ကြီး ဖြစ်လေသည်။ မြင့်မားလှသော မဟာရံတံတိုင်းကြီးဖြင့် ဝန်းရံထား၏။ တဖက်တချက်တွင် တစ်ဖာလုံခန့်ရှိမည်ဟု မှန်းမိပေသည်။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ပြန်လွှန်တော်မူပြီးနောက် ၁၁–နှစ်အကြာ ၁၂၈၇–ခုနှစ်တွင် မြိုင်မြို့နယ် တောင်ကိုင်းရွာဇာတိ ပဝတ္တိမော်လမြိုင်ကျွန်းသူဌေးဦးချင်းသည် အောင်မြေသာယာကျောင်းတိုက်ကြီးအတွင်း အုတ်တိုက်ကြီးနှစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ တိုက်ကြီးနှစ်တိုက်မှာ တစ်တိုက်နှင့်

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင် ၃၃၇–ကြည့်။

တစ်တိုက် ကိုက်သုံးဆယ်ခန့်ကွာလျက် မျက်နှာချင်းဆိုင် ဆောက်လုပ်ထား၏။ တောင်ဖက်ကျောင်းကြီးမှာ ပိုမိုခမ်းနားသည်။

လှေကားအတိုင်းတက်သွားလျှင် ဒုတိယအထပ် ရောက်သွား၏။ နံရံ ၄- ဖက်တွင် ကိုယ်လုံးပေါ် မှန်ကြီးများရှိ၏။ အနားသွားကြည့်မှ နံရံကိုထွင်း၍ ပြုလုပ်ထားသော မတ်တတ်ဘီရိုကြီးများ၏ တံခါးဖြစ်သည်ကို သိရသည်။ ထို ဒုတိယထပ်မှ လှေကားသုံးစင်းဖြင့် တတိယထပ်သို့တက်ရသည်။ တတိယထပ် တွင် နံရံပတ်လည် တလျှောက်၌ သစ်သားခန်းစီးများ ကာထားသည်။ ဝင်ပေါက် ထွက်ပေါက်များ တတိုင်းခြား ဖောက်ပေးထား၏။ အုတ်နံရံတွင်း ရဟန်းအသုံး အဆောင်များ ထည့်နိုင်ရန် ဘီရိုများ အစီအရီလုပ်ထား၏။ ပြူတင်းပေါက် အကျယ် ကြီးတို့တွင် မှန်စိမ်းမှန်နီ မှန်ပြာမှန်ဝါကပ်ထား၏။ အရောင်များဖြင့်စိုပြေဝေဆာ နေ၏။ တတိယအထပ်မှာ လှေကားသုံးစင်းဖြင့် အထက်ဆုံးထပ်သို့ တက်နိုင်သည်။

အထက်ဆုံးထပ်မှ ပြတင်းပေါက်ကိုဖွင့်၍ မြော်ကြည့်လိုက်လျှင် ကွေ့ ကောက် စီးဆင်းနေသော ချင်းတွင်းမြစ်ကြောင်းနှင့် ရှင်မတောင်ကို အထင်းသား မြင်ရသည်။ ရေစကြိုတမြို့လုံးနှင့် ပတ်ဝန်းကျင် ညို့ညို့မှိုင်းမှိုင်း ရှုတိုင်းတင့်တယ် သာမောလှသည့် ထန်းတောများကို မြင်ရလေသည်။ စတုတ္ထအထပ်တွင် ဘုရား ကိုယ်တော်မြတ်ရုပ်ပွားတော်ကို သပ္ပါယ်စွာ ဖူးတွေ့ရလေသည်။

စတုတ္ထထပ်မှ ပြန်၍ဆင်းခဲ့ပြီး ဒုတိယထပ်သို့ရောက်က လှေကားကြီး သုံးစင်းဖြင့် အောက်သို့ဆင်းလျှင် မြေအောက်ထပ်အထိ ရောက်နိုင်၏။ အောက်ဆုံး ထပ်၌ အားလုံးကျောက်သားဖြင့်ပြီး၏။ မြေအောက်ခန်းသည်ပင် လှသုံးရပ်မြင့်သည်၊ မမှောင်စေရန်အလင်းရောင်နှင့် လေဝင်ပေါက်ယူထား၏။

မြောက်ဖက်ကျောင်းမှာလည်း တောင်ဖက်ကျောင်းကဲ့သို့ ခမ်းနား၏။ သို့ရာတွင် သုံးထပ်သာ ဆောက်လုပ်ထား၏။ ကျောင်းကြီးနှစ်ကျောင်း စင်္ကြံလမ်းဖြင့် ဆက်သွယ်ထား၏။ ယင်းကျောင်းကြီး ဆောက်လုပ်သူ ပန်းရံဆရာကား ဆားလင်း ကြီးမြို့အပိုင် ငါးခုန်ရွာ ဦးဖိုးမှီ ဖြစ်ကြောင်းသိရလေသည်။

ပန်းရံဆရာဦးဖိုးမှီ ခေါင်းဆောင်သော ပန်းရံအဖွဲ့တွင် ဆားလင်းကြီးမြို့နယ်, မြိုင်မြို့နယ်, ရေစကြိုမြို့နယ်တို့မှ ပန်းရံလုပ်သားများ ပါဝင်ကြ၏။ အုတ်ရိုးကိုင်ထား ပုံမှာ ထုနှင့်ထယ်နှင့် ခိုင်ခံ့နေသည်။ အတွင်းကသာ အင်္ဂတေဖွပ်ထား၍ အပြင်တွင် အုတ်ရိုးအတိုင်း မြောင်းဖော်ထားသည်။ အုတ်သားတို့မှာ ကျောက်သားပမာမာကျော လှသည်။ အတွင်းလှေကားကြီးများမှာ ကျွန်းလှေကားကြီးများဖြစ်၍ ခိုင်ခံ့သည်

လွန်စွာလည်း လှပချောမွတ်သည်၊ လက်ရာသန့်သည်၊ လက်သမား ဆရာကြီးမှာ ဦးလှဖေဖြစ်လေသည်။ ယင်းကျောင်းကြီးကို ရေစကြိုဦးချင်းကျောင်း ဟုခေါ်ကြသည်။

## ကျော်ကြားသည့်ကျောင်းကြီး နှစ်ကျောင်း

မြန်မာပြည်၌ လွန်စွာကျော်ကြားသည့်ကျောင်းကြီး နှစ်ကျောင်းရှိလေသည်။ တကျောင်းမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးက အလယ်သိမ်ကျောင်းတော်ကြီးဖြစ်လေသည်။ တစ်ကျောင်းမှာ ရေစကြိုမြို့ အောင်မြေသာယာတိုက်မှ ဦးချင်းကျောင်းကြီးပင် ဖြစ်လေသည်။ ယင်းနှစ်ကျောင်းလုံးပင် ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်ကံတော်အငွေ့အသက်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

ရေစကြို ဝိဟာရောစေဝ၊ ပခုက္ကူဝိဟာရောပိ စ။
ဥဘော တေ မဟာဝိဟာရာ၊ ပသိဒ္ဓါ မြန်မာ့ ဘူတလေ။

## ကျောင်းတိုက်တည် လှူဒါန်းရန် ဦးစံပေါ် ဒေါ်ငွေ တို့ကြံစည်

ပခုက္ကူမြို့ ဈေးဟောင်းရပ်၌ ဦးစံပေါ် ဒေါ်ငွေ ဟူသော ဇနီးမောင်နှံ သူတော်စင် နှစ်ဦးတို့ ရှိကြကုန်၏။ သူတို့နှစ်ဦးတို့သည် ဘုရားသာသနာတော်မြတ်ကြီးကို ထောက်ပံ့ရန်အတွက် အနာထပိဏ်, ဝိသာခါတို့ပမာ လူ့လောကသို့ လာရောက်ခြင်း ဖြစ်ကုန်၏။ ဥစ္စာဓနလည်း ကြွယ်ဝ, သဒ္ဓါတရားလည်း ပေါများကြသူတို့ ဖြစ်ကုန်၏။ သူတို့နှစ်ဦး သဘောချင်း တိုက်ဆိုင်လွန်းလှသည်။ ဦးစံပေါ်မှာ အလောင်းတော် ဝေဿန္တရာတန္တုဒါနပြုမှု၌ တင်းတိမ်အားရသည်ဟူ၍ မရှိပါချေ။ ဇနီးဒေါ်ငွေမှာလည်း မဒ္ဒီဒေဝီပမာ သဒ္ဓါတရား ကောင်းလှ၏။ သူတို့နှစ်ဦးတို့သည် ကျောင်းတိုက်ကြီး အသစ်တည်ထောင်ရန် တည်ဆောက်၍ ရေစကြိုဆရာတော်ဘုရားကြီးအား ပင့်တင်ကိုးကွယ်လှူဒါန်းရန် ကြံစည်ကြကုန်၏။

## ဂဏဝါစကများနှင့် ဆရာတော်ကြီးအား လျှောက်ခြင်း

ဦးစံပေါ် ဒေါ်ငွေတို့သည် နှစ်ဦးသဘောတူတိုင်ပင်ကြပြီး ပန်းစွာတိုက်၌ သွားကြ၍ အရှင်ကေလာသဘ, အရှင်ပညာဝံသ, အရှင်နန္ဒိယ, အရှင်ပညာ,

အရှင်နန္ဒဝံသ, အရှင်အဂ္ဂဓမ္မတို့ထံ သွားရောက်ကြကာ ကျောင်းတိုက်အသစ်တည်ဆောက် လှူဒါန်းလိုကြပါသည်။ ရေစကြိုဆရာတော်ဘုရားကြီးအား လျှောက်ထားပေးတော်မူကြပါဟု လျှောက်ထားကြကုန်၏။ ဂဏဝါစက ဆရာတော်များဖြစ်ကြသော အရှင်နန္ဒိယ, အရှင်ပညာ, အရှင်အဂ္ဂဓမ္မ, အရှင်နန္ဒဝံသတို့ကလည်း ရေစကြို ဆရာတော်ဘုရားကြီးအား လျှောက်ထားကြလေရာ ငါကား အသက် ၇၀–ရှိပြီ။ ငါ့ရှင်တို့ နေနိုင်ကြလျှင် အရံသစ်ကို လှူဒါန်းနိုင်သည်ဟု ရေစကြို ဆရာတော် ဘုရားကြီးက မိန့်ကြားတော်မူလေသည်။

ထိုအခါ ဂဏဝါစက ရဟန်းတော်များဖြစ်ကြသော အရှင်နန္ဒိယ, အရှင်ပညာ, အရှင်အဂ္ဂဓမ္မ, အရှင်နန္ဒဝံသတို့က တပည့်တော်တို့ ဆရာတော်ဘုရားကြီး အမိန့်အတိုင်း နေနိုင်ကြပါသည်ဟု လျှောက်ထားကြကုန်၏။

## ကျောင်းတိုက်နေရာ ဝယ်ယူပြုပြင်

အကြောင်းစုံကို ဦးစံပေါ် ဒေါ်ငွေတို့သိသဖြင့် လွန်စွာဝမ်းမြောက်ကြ၍ ခန်တောရွာ၏အရှေ့ဘက် တောင်မြောက်အရှေ့ ၃–မျက်နှာတို့၌ ပြလမ်းမတို့ဖြင့် ပိုင်းခြားလျက်ရှိသော မင်္ဂလာသီရိဘူမိလက္ခဏာ ကြံအင်နှင့်ပြည့်စုံသော လယ်မြေကို ပိုင်ဆိုင်သူ မြေရှင်ဆရာမောင်, ကိုစံရာ, ကိုဖိုးဦး, ကိုမြတ်သာ, ကိုမြတ်လူ, ကိုစံကျော်, ဆရာမြင့်, ကိုထပ်တို့ထံမှ ငွေအသပြာ ၁၀၀၀–(တထောင်)ကျပ်ဖြင့် ဝယ်ယူကြကုန်၍ မြေကို စည်မျက်နှာပြင်အသွင် ညီညွတ်အောင် စီမံကြကုန်၏။

ကဟာပဏာသဟာသေနဲ၊ ကီဏိတွာန စ တေ ဥဘော။
ပဋိသခ်တမကံသု၊ သာလိခေတ္တံ မနောရမံ။

## မဟာဝိသုတာရာမတိုက်ကြီး ပန္နက်ချပြီ

ဦးစံပေါ် ဒေါ်ငွေတို့သည် မြေနေရာဝယ်ယူ ညီညွတ်အောင်ပြုကြပြီး အရှေ့မျက်နှာမှ ၃၆၄–တောင်, အနောက်မျက်နှာမှ ၄၆၉–တောင်, တောင်မျက်နှာမှ ၄၆၂–တောင်, မြောက်မျက်နှာမှ ၃၈၈–တောင် ပတ်လည်အဝန်း ၁၆၈၃–တောင် ကျယ်ဝန်းသော မြေမျက်နှာပြင်ကို ကောဇာသက္ကရာဇ် ၁၂၆၅–ခု၊ တပို့တွဲလပြည့်ကျော် လေးရက် ကြာသာပတေးနေ့ နံနက် လေးချက်တီးကျော်အချိန်, တပါဒ်, ၁၂–ဗီဇနာ, ၅–ပြန်, ၃–ခရာ, မကာရလဂ်, ကံစန်း, နက္ခတ် ၂၀–လုံးတည့်မတ်၍

တပါဒ်ပြည့်အခါ၌ တြင်းသံ, နဝင်းသံတို့ကိုနာခံ၍ အရှေ့မြောက်ထောင့်၌ ရွှေပန္နက်ကို တနင်္ဂနွေသား, အရှေ့တောင်ထောင့်၌ ငွေပန္နက်ကို အင်္ဂါသား, အနောက်တောင်ထောင့်၌ ကြေးပန္နက်ကို ဗုဒ္ဓဟူးသား, အနောက်မြောက်ထောင့်၌ ကျောက်ပန္နက်ကို စနေသားတို့ကို စိုက်မှတ်ကြစေကာ ပန္နက်ချပွဲ ကျင်းပကြကုန်၏။

## ပရိတ်ရွတ်, ကမ္မဝါဖတ် မြေသန့်

ဤသို့ ပန္နက်ချပြီးနောက်-

၁။ ပခုက္ကူမြို့ ဂိုဏ်းအုပ် လယ်ပြင်ဆရာတော် အရှင်ကလျာဏ။

၂။ ပခုက္ကူမြို့ ဂိုဏ်းထောက်ခန်တောတိုက်အုပ်ဆရာတော်အရှင်စန္ဒိမာ။

၃။ ပခုက္ကူမြို့ ရွှေဂူတိုက် ရတနာဗိမာန်အုတ်ကျောင်းဘုန်းတော်ကြီး အရှင်ပညာဝံသ။

၄။ မဟာဝိသုတာရာမတိုက်သစ်တိုက်အုပ်ဘုန်းကြီး အရှင်နန္ဒိယ။

၅။ တိုက်ကြပ်ဘုန်းကြီး အရှင်ပညာ။

၆။ တိုက်ကြပ်ဘုန်းကြီး အရှင်နန္ဒဝံသ။

၇။ တိုက်ချုပ်ဘုန်းကြီး အရှင်ဝိမလ

စသော မထေရ်မြတ်တို့သည် ပခုက္ကူမြို့နေ ကိုရန်အောင်, ကိုရန်ကင်း, ကိုရန်လင်း, ကိုရန်မှား, ကိုရန်ဝေး, ကိုအောင်ကြီး, ကိုအောင်ရ, ကိုအောင်ခဲ, ကိုအောင်စံ, ကိုအောင်ဘ, ကိုထွန်းအေး, ကိုထွန်းပေါ်, ကိုထွန်း, ကိုရွှေတောင်, ကိုကြင်ဘော်, ကိုမြတ်သာ, ကိုကျော်, ကိုရွှေသိန်း စသောလူကြီးမင်းတို့ အစုံအညီ ပထဝီဇယမင်္ဂလာဂါထာမန္တာန်မန္တရား ပရိတ်မေတ္တာ ကမ္မဝါစာတို့ကို ဖတ်ရွတ်တော်မူကြကာ ကျောင်းတိုက်ကြီးနေရာ မြေသန့်မင်္ဂလာပွဲကြီး ကျင်းပကြကုန်၏။

## ဆရာတော်ကြီးများနှင့် သံဃာတော်များ သီတင်းသုံးပြီ ကျောင်းများရေတွင်းများ ဆောက်လုပ်စီမံခြင်း

ဦးစံပေါ် ဒေါ်ငွေ အမှူးရှိသော သူတော်သူကောင်း သူမြတ်လောင်းတို့သည် ပရဝုဏ်မျဉ်းတားခတ်ပြီး အသီးအသီး စိတ်တူကိုယ်မျှ ကျောင်းများ, ရေတွင်းများ စီမံဆောက်လုပ်ကြပြီး ရေစကြိုဆရာတော်ဘုရားထံ မဟာဝိသုတာရာမတိုက်သစ်သို့ ကြွရောက်သီတင်းသုံးရန် ချဉ်းကပ်လျှောက်ထားကြကုန်၏။

ဆရာတော်ဘုရားကြီးသည် သာသနာတော်သက္ကရာဇ် ၂၄၈၈၊ ကောဇာသက္ကရာဇ် ၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့တွင် အရှေ့ ပန်းစွာတိုက်မှ မိမိ၏နံသင့်စကားနှစ် ရုပ်ပွားဆင်းတုတော် နှစ်ဆူနှင့်တကွ ဓမ္မက္ခန္ဓာပေစာများကိုထီးဖြူစိုက်မိုးစေပြီး သံဃာတော် ၁၆၀-ကျော်တို့နှင့်အတူ မဟာဝိသုတာရာမတိုက်သစ်သို့ ကြွရောက်၍ သီတင်းသုံးတော်မူခဲ့လေသည်။

စမ္ပကက္ခန္ဓသာရေန၊ နိမ္မိတံ ပဋိမာဒွယံ။
ပုရေ ကတွာ ဓမ္မက္ခန္ဓံ၊ သသံဃော သမုပါဂမိ။

## မဟာဝိသုတာရာမတိုက်သမိုင်း မော်ကွန်းလင်္ကာ

မင်္ဂလာမဏ္ဍိုင် ကြံ့ကြံ့ခိုင်သား ရောင်ဆိုင်လေးထွေ စကြာဘွေဟု မေရုစွင့်စွင့် ဖြိုးဖြိုးမြင့်သား ငါးဆင့်အာလိန် တောင်ဂိရိန်မှ ရောင်ရှိန်မွန်းသိပ် ဇမ္ဗူဒိပ်တွင် မာရ်နှိပ်သခင် ရှင်ပင်အစ ဂင်္ဂါတုသည့် ဝါလုနှိုင်းလျော် မြတ်ဇိနော်တို့ ဟောဖော်မြွက်ကြား တရားတည်ရာ ဆိုထိုက်စွာသား မဟာနဂရ ပြည်မတမွတ် ပြည်သာဝတ်သို့ ညီညွတ်နှိုင်းတူ သမိုင်းမူသည့် ရွှေကူသမုတ် မြို့ပခုတ်ကား သမ္ဗုဒ်သာသနာထွန်းအံ့ရာကြောင့် မဟာဘုန်းမို ရေစကြိုဟု နဂိုရ်စွဲမှတ် ရွှေဘွဲ့ ခတ်သည်ထေရ်မြတ်သခင် ဉာဏ်ဒြုထင်၍ ဤလျှင်ဌာန ဤဒေသကား ဘုရား သာသနာတည်ထိုက်ရာဟု မဟာဉဿာဟ ရွှေလုံ့လဖြင့် ပါဒနှစ်ဆူ မြို့ရွှေကူသို့ ရှေးရှုလွှန့်လွန့်ချီ၍ကွန့်သော် အဝန့်ဗိုလ်လူ ရွှေမြို့သူတို့ ဝိဒူလောက ဘုရားရှင်ပင် ကြွသည်ထင်လျက် စိတ်ရွှင်မြူးမြူး တို့ကံထူး၍ နတ်မှူးဣန္ဒာ ပင့်ဆောင်လာဟု သဒ္ဓါနူးနူးပဒုံဖူးဖြင့် ရှိဦးလက်တင် ကြိုပင့်ငင်လျက် လေးအင်ယာပိုထ် မျှညီ ကြိုက်အောင်အခိုက်စံရာ ဖြစ်စိမ့်ငှါလျှင် ပန်းစွာရိပ်ချမ်း ကျောင်းသခ်မ်းကို ခယမ်း ကြည်လင်လှူထားတင်၏ ကောင်းကင်တာရာ ကြယ်တကာနှင့် သော်တာရွှေလ နှိုင်းမမျှအောင် ထွန်းပသောနှယ် သံဃာ့လယ်၌ နိကာယ်နှုတ်မြတ် ထုတ်ချဉ်း ခတ်အောင်မပြတ်စွဲမြဲ စာတော်ပွဲကို ဆင်နွှဲချိမ့်ငြာ စာပွဲနာတို့ နေရာမမျှ ကျဉ်းမြောင်း လှ၍ဌာနသပ္ပါယ် မြေပြန့်ကျယ်၌ ရွှေချယ်မှတ်သား တိုက်သီးခြားကို တည်ထားလိုကြောင်း ခွင့်ပန်တောင်းသော် ငြိမ့်ငြောင်းဝစီ ကွန့်မချိပဲ တုဏှီဘာဝေ ဆိတ်ဆိတ်နေက ဇေယျသိရီ ပရာဇိသို့ ဘူမိနက်သန် ကြန်မင်္ဂလာ ရွှေချယ်ကာဖြင့် ကောဇာတွက်စစ် သက္ကရာဇ်ဟု တစ်နှစ်ခြောက်ငါး နှစ်နောက်ဖျားဝယ် ဖြူထွားဝင်းတောက်

လေးလုံးဆောက်သည့် သံကောက်မာဃ ယှဉ်သည့်လဒ္ဓ ကာဠဆုတ်ပက် ကျော်လေးရက်ဟု ကြွက်ဂုရုမင်း နေ့အတွင်းတွင် နေမင်းစက်ရောင် ဥဒည်းတောင်မှ ထွန်းပြောင်ပေါ်ထွက် ကျော်လေးချက်၌ ပန္နက်လေးထွေ လက်ျာခွေသည့် ရွှေငွေ ကြေးကျောက် အရှေ့မြောက်မှ စဉ်လျှောက်ပတ်ဝိုက် နံသင့်ရိုက်က ဤတိုက်ဤတာ ပေါ်ထွန်းလာခဲ့ မဟာဝိသုတ အာရာမဟု နာမသမိုက် မော်ကွန်းစိုက်သည့် ကျောင်းတိုက်လက်မွန် ခမ်းနားတည်း။[၁]

## မဟာဝိသုတာရာမတိုက် ယခုမြင်ကွင်း

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ်မြတ်ကြီး၏ ဘုန်းတော်ကတော် သမ္ဘာတော်ကြောင့် ပေါ်ပေါက်ခဲ့သော မဟာဝိသုတာရာမကျောင်းတိုက်ကြီးကား ယခုအခါတွင် အဆောက်အအုံ အမျိုးမျိုးဖြင့် လွန်စွာစည်ပင် ခမ်းနားလှပေ၏။ အလယ်သိမ်ကျောင်းတော်ကြီး တောင်းတန်းလေးသွယ်တောင်ဖက်အဝင်ဝ မုခ်ဦးပြသာဒ်, မြောက်ဖက်အဝင်ဝ နာရီစင်ကြီးမှ သာသနဇောတိပါလကျောင်းကြီး, သဒ္ဓမ္မဇောတိကတိုက်ကျောင်းကြီး, ရတနာသိမ်ကျောင်း, ဈေးကျောင်း, ဓမ္မစေတီယတိုက်ကျောင်း, မန္တလေးကျောင်း, သိရီမာလာကျောင်း, ကန်တော်ကျောင်း, တိပိဋကာလင်္ကာရတိုက်ကျောင်း, ဓမ္မာလင်္ကာရကျောင်း, သာသနာလင်္ကာရကျောင်း, ဓမ္မဘဏ္ဍာဂါရိကတိုက်ကျောင်း, ဓမ္မမဥ္ဇူကျောင်း, တိလောကလင်္ကာရတိုက်ကျောင်း, ဓမ္မပိယကျောင်း, သာသနပါလကျောင်း, သာသနရက္ခိတကျောင်း, စိတ္တသုခကျောင်း, မင်္ဂလာအေးကျောင်း, အရိယဝံသကျောင်း, ဇေယျသုခတိုက်ကျောင်း, သာသနဇောတိကတိုက်ကျောင်း, စာချဆရာတော်များဆွမ်းစားကျောင်း, ဓမ္မာဓာရကျောင်း, ရတနသိဒ္ဓိတိုက်ကျောင်း, ဓမ္မောဒယကျောင်း, မကုဋကျောင်း, သာသနဝံသကျောင်း, ဓမ္မာယတနကျောင်း, သုဝဏ္ဏဝတီကျောင်း, မကျည်းပင်ကျောင်း အစရှိသော အဆောက်အအုံ အမျိုးမျိုးတို့ကို တင့်တယ်မြင့်မားလှသည့် မဟာရံတံတိုင်းကြီး ဝန်းရံထားကာ စည်ပင်သာယာလှပေသည်။[၂]

---

၁။ တိုက်အုပ်ဆရာတော်အရှင်နန္ဒိယ ထေရုပ္ပတ္တိဒီပနီနှင့်အဖိုးတန်စာပေများကျမ်း။ ၁၂၁-၁၂၂။ မဟာဝိသုတာရာမ နိကာယသာသနာဝင် ၅၃၉။

၂။ မဟာဝိသုတာရာမ နိကာယသာသနာဝင်။ ၅၂၆၊ ၅၄၃-ကြည့်။

## ရှေးကမဟာဝိသုတာရာမတိုက် . မြင်ကွင်း

ဆရာတော်ဘုရားကြီး တိုက်တာတည်ထောင်စကမူ ဤကဲ့သို့ မဟုတ်ပါချေ၊ အလယ်ခေါင်ကပ်မိုး ကျောင်းမကြီးကို ညောင်တုန်းကျောင်း, ဘုံကျောင်း, မြစ်ကိုင်းကျောင်းစသော ကပ်မိုးဝါးထရံကာကျောင်းငယ်များ ဝန်းရံထား၏။ တိုက်တာအရံမှာလည်း ဝန်းထရံကြိုးတို့ကြဲတဲ ဝါးခြမ်းအရံအကာ၏ မြောက်ဖက်, တောင်ဖက်မှာ မင်္ဂလာမဟာဝိသုတာရာမဟု ဆိုင်းဘုတ်ဆွဲချိတ်ထားလျက် ရှိသတတ်။ ရေတက်သောအခါ ကျောင်းများမှာ ရေထဲခုနစ်ရက်ခန့်ကြာ တက်လေသည်။ ရေကျသွားသောအခါ ကျန်ရှိသောဗွက်များ မိုးရွာ၍ဖြစ်ပေါ်သော ရွံ့ဗွက်များကို ဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ မြေထမ်းဖို့ခဲ့ကြရသည်။ သာမဏေကြီးများအား မြေပေါက်ခိုင်းပြီး ရေစကြိုဆရာတော်ကြီးကိုယ်တိုင် မြေထမ်း၍ ရွံ့ဗွက်များ ကင်းပျောက်အောင် ပြုတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးကား ရဟန်းသံဃာတို့စာတတ်အောင်လည်း စာပေချပို့တော်မူခဲ့လေသည်။ ချမ်းချမ်းသာသာ နေဖြစ်အောင်လည်း ပြုလုပ်တော်မူခဲ့ရလေသည်။ သြော် ... ကျေးဇူးတော် အနန္တ များလှသည့် စံပြပုဂ္ဂိုလ်ကြီးပါပေတည်း။

ဂန္ထသာရော မဟာထေရော၊ အနန္တဂုဏာစာရကော။
ဗဟူပကာရော သံဃဿ၊ အဟော တဿ ပရက္ကမော။

## ခဏ္ဍသိမ်သမုတ်ခြင်း

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် သံဃာတော်အရှင်မြတ်တို့ ဥပုသ်ပဝါရဏာ ဥပသမ္ပဒကံ အစရှိသော ကံကြီး, ကံငယ်များ ချမ်းသာစွာ ဆောင်ရွက်နိုင်ရန် ကျောင်းတိုက်အလယ် တကောခန့်အရပ်ကို သတ်မှတ်ပိုင်းခြားတော်မူစေပြီး ကျောင်းတိုက်ကြီး၏ ဒါယကာ ဦးစံပေါ်ကို အစိုးရမင်းတို့ထံ ဝိသုံဂါမသိမ်အမိန့် ခံစေတော်မူလေသည်။ ယင်းသို့ ဝိသုံဂါမရရှိပြီး ဝိသုံဂါမသိမ်၌ ဥပုသ်ကံ ပဝါရဏာကံ ဥပသမ္ပဒကံ စသည်တို့ကို သံဃာတော်တို့ ပြုလုပ်ကြရကုန်၏။ ဆရာတော်ဘုရားကြီးသည် လဇ္ဇီပေသလသိက္ခာကာမဖြစ်တော်မူသော ရွာသစ်ဘုန်းတော်ကြီး အရှင်သုဘောဂလျှောက်ထား တောင်းပန်ချက်အရ နောင်လာဆက်ပွားတပည့်သားတို့ နားလည်စေခြင်းအကျိုးငှါ တိုက်တွင်းရှိ သံဃာတော်အားလုံးတို့ကို သိမ်နှုတ်ကမ္မဝါစာ, သိမ်သမုတ်ကမ္မဝါစာတို့ကို အချိုးတကျ အာဂုံ

နှုတ်တက် သင်ကြားစေ၍ သိမာသက်ရ ဒေါ်သအတွက် ယုံမှားသံသယ ကင်းရအောင် တိုက်သစ်မြေကို အရပ်အားလုံး၌ ဟတ္ထပါသ်ချင်းစပ်မျှ အထပ်ထပ်အကြိမ်ကြိမ် သိမ်နှုတ်ကမ္မဝါစာဖြင့် နှုတ်သိမ်း စေတော်မူပြီးလျှင် ကျောင်းတိုက်ဒါယကာ ဦးစံပေါ်, ကျောင်းတိုက်ဒါယိကာမ ဒေါ်ငွေတို့ကိုပင် သိမ်ဒါယကာ, သိမ်ဒါယိကာမ ပြုလုပ်စေတော်မူ၍ သာသနာသက္ကရာဇ် ၂၄၄၈–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၆–ခုနှစ်၊ တပေါင်းလဆုတ် ၁–ရက်နေ့တွင်–

၁။ လယ်တွင်းကိုးခရိုင်ဂိုဏ်းချုပ်ဆရာတော်

၂။ မအူဂိုဏ်းချုပ်ဆရာတော်

၃။ စိုင်သေဆရာတော်

၄။ ကျက်ဆူကျင်းဆရာတော်

၅။ ပခုက္ကူမြို့ ဂိုဏ်းချုပ်လယ်ပြင်ဆရာတော်ဘုရားကြီး

အစရှိသော မြို့ပေါ်ရှိ ဆရာတော်သံဃာတော်တို့နှင့်တကွ အဝေးအနီး ဆရာတော်သံဃာတော်နှစ်ရာကျော်တို့ စုံညီစွာ နေ့လယ်တစ်ချက်တီးကျော်အချိန်တွင် ကျောင်းတိုက်အလယ် ဝိသုံဂါမမြေအတွင်း အရှေ့အနောက် အလျားအတောင် တရာ့နှစ်ဆယ်, တောင်မြောက် ရှစ်ဆယ့်ငါးတောင်ရှိသောမြေကို ခဏ္ဍသိမ်အဖြစ် ပိုင်းခြားမှတ်သားတော်မူ၍ အရပ်ရှစ်မျက်နှာတို့၌ ရေနိမိတ်ကို ပါဠိဘာသာ, မြန်မာဘာသာ, ပါဠိမြန်မာ နှစ်ဘာသာစုံဟူသော နိမိတ်ကြားနည်း သုံးပါးတို့ဖြင့် သုံးဦးသုံးပတ် ထပ်စေအောင် ကြားစေပြီးမှ သမာနသံဝါသက သိမာသမ္မုတိ ကမ္မဝါစာကို ဗျတ္တ, ပဋိဗလပုဂ္ဂိုလ်တို့ကို ရွေးကောက်တော်မူ၍ ပဌမအကြိမ်, ဒုတိယအကြိမ် စသည်ဖြင့် ပုဂ္ဂိုလ်လဲလှယ် ရွတ်ဖတ်ပြီး သတ္တမအကြိမ်၌မူကား ရေစကြိုဆရာတော်ဘုရားကြီးကိုယ်တိုင် ဖတ်တော်မူပြီးမှ အဝိပ္ပဝါသ သိမာသမ္မုတိကမ္မဝါစာကိုလည်း ရှေးနည်းအတူ ပဌမအကြိမ်, ဒုတိယအကြိမ် စသည်ဖြင့် ဖတ်ကြားစေတော်မူပြီးလျှင် ရေစကြိုဆရာတော်ဘုရားကြီး အပြီးအဆုံး နိဂုံးသတ် ဖတ်ကြားတော်မူ၍ သမုတ်တော်မူရကား ခဏ္ဍသိမ်တော်သည် အပြစ်ကင်းစင်၍ သန့်ရှင်းစင်ကြယ်စွာ အောင်မြင်ခြင်းသို့ ရောက်လေသည်။

သမ္မန္နိ ခဏ္ဍသီမမ္ပိ၊ မဟာထေရော မဟာကဝိ။
လောကဂ္ဂသာသနေ ဝုဒ္ဓိ–ကာမော ဝိစက္ခဏော သုဓီ။

## ခဏ္ဍသိမ် အောင်မြင်သည့် နိမိတ်ထူး

လက်ာခေါ်ဆို ကျွန်းသီဟိုဠ်၌ အရှင်မဟိန္ဒထေရ် ပုဂ္ဂိုလ်မြတ်သည် မဟာသိမ်ကြီးသမုတ်ပြီးသောအခါ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ပဲ့တင်မြည်ဟီးတုန်လှုပ်၍ သိမ်အောင်မြင်ကြောင်း သက်သေတည်နိမိတ်ပြသကဲ့သို့ အရှင်ဂန္ဓသာရမထေရ် အမှူးရှိသော ထေရ်ကျော် မဟာပုဂ္ဂိုလ်မြတ်တို့ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး သိမ်သမုတ်ပြီးမြောက်သောအခါ မွန်းတိမ်းခါစဖြစ်သော်လည်း မိုးကောင်းကင်တခွင်လုံး ဗိတာန်မျက်နှာကြက်သဖွယ် မိုးသားတိမ်တိုက်တို့ဖြင့် မရွာပဲ ဖုံးကွယ်စေ၍ သိမ်အောင်မြင်သည့် နိမိတ်ထူးကို မိုးနတ်သိကြားနတ်တို့ ထင်စွာပြကြကုန်၏။

အဗန္ဓိ ခဏ္ဍသိမံ စ၊ တသ္မိံယေဝ ဒိနေ သုဓီ။
မေဃစ္ဆန္နော အဟောသိ စ၊ သီမာဗန္ဓေ သမာပိတေ။

## မဟာသိမ်သမုတ်ခြင်း

ရေစကြိုဘုန်းမို ထေရ်ပုဂ္ဂိုလ်ထူး အမှူးရှိသော သံဃာတော်အရှင်မြတ်တို့သည် ခဏ္ဍသိမ်၏မြောက်ဖက် သမုတ်မည့် မဟာသိမ်အတွင်း ဆောက်လုပ်အပ်သောမဏ္ဍပ်၌ ညီညာတသွေးစုဝေး သီတင်းသုံးတော်မူကြကုန်၏။

## သီမန္တရိတ်

ဆရာတော်ဘုရားကြီးသည် အနံရှစ်တောင်ရှိသော မြေအရပ်ကို ခဏ္ဍသိမ်၊ မဟာသိမ်တို့၏အကြား သီမန္တရိတ် မြေအပိုင်းအခြားသတ်မှတ်စေတော်မူ၍ မဟာသိမ်၏အတွင်း နိမိတ်ဖြစ်သော ရေနိမိတ်တို့ကို နိမိတ်ရှိရာသို့ကြွ၍ မကြားစေပဲ သံဃာ့အလယ်၌ နိမိတ်မေးသူ ဖြေသူတို့ကို အသီးသီး မေးဖြေစေတော်မူ၍၊ ပါဠိ၊ မြန်မာ၊ ပါဠိမြန်မာ နှစ်ဘာသာစုံဟူသော နိမိတ်ကြားနည်း သုံးပါးတို့ဖြင့် သုံးဦး၊ သုံးပတ်၊ သုံးထပ်စေ့အောင် ကြားစေတော်မူပြီးမှ မဟာသိမ်၏အပြင် နိမိတ်ဖြစ်ထိုက်သော တိုက်ပရဝုဏ်မျဉ်းတား၏ အတွင်းစပတ်လည် အရပ်ရှစ်မျက်နှာတို့၌ ရေနိမိတ်တို့ကိုလည်း ရှေးနည်းတူ ကြားစေတော်မူပြီးလျှင် ခဏ္ဍသိမ်ကို သမုတ်တော်မူသည့်နည်းတူ သမာနသံဝါသက သီမာသမ္မုတိကမ္မဝါစာ၊ အဝိပ္ပဝါသသီမာသမ္မုတိကမ္မဝါစာတို့ကို ပဌမအကြိမ်၊ ဒုတိယအကြိမ်အစရှိသည့်ဖြင့်

ပုဂ္ဂိုလ်လဲလှယ် ဖတ်ရွတ်စေ၍ သတ္တမအကြိမ်မြောက် ကမ္မဝါစာကို ရေစကြို ဆရာတော်ဘုရားကြီး အပြီးအဆုံး နိဂုံးသတ် ဖတ်ကြားစေတော်မူသဖြင့် မဟာ သိမ်တော်သည်လည်း ဝိဂတဒေါသ, ဒဠှီကမ္မ, သုပရိသုဒ္ဓ, သဗ္ဗင်္ဂလက္ခဏာ စုံလင်စွာဖြင့် အောင်မြင်ခြင်းသို့ ရောက်လေသည်။

## မဟာသိမ်အောင်မြင်သည့် နိမိတ်ထူး

ရေစကြိုဆရာတော်ဘုရားကြီး အမှူးရှိသောသံဃာတော်တို့ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သစ် မဟာသိမ်တော်ကြီးသမုတ်ပြီးစီးသောအခါ မဟာ သိမ်တော်ကြီး အောင်မြင်သည့်အထိမ်းအမှတ်ဖြင့် ခေါင်းလောင်းသံ, ကျောက်စည် သံ, ဂီတသံတို့ ညိုးညိုးညံညံ ရုတ်တရက်ပေါ်ထွက်လာကုန်၏။ ထိုအခါ ရဟန်း ပရိသတ်, လူပရိသတ်ကြီးတို့ သာသနာထွန်းမည်မလွဲတည်းဟု ပြောပြာဆိုဆို ဝမ်းမြောက်နှစ်သက် ပိုမိုသာဓုခေါ်ဆိုကြကုန်၏။

ထုတိ ဂီတာနိ ဘူတာနိ၊ ဃဏ္ဍိသဒ္ဒေါပိ ဝတ္တတိ။
ဝိသုတာဘိနဝါရာမေ၊ သီမာဗန္ဓေ သမာပိတေ။
တဒါ ဗဟဝေါ ယတယော၊ မနုဿာ မောဒမာနကာ။
ကေန္ဒေ့နီဓ္ဓောနမှိ၊ သာသနံ ဇောတယိဿတိ။
က္လတိ ဝတွာန မောဒန္တိ၊ သာဓုကာရံ ဒဒန္တိစ။

## အနုမောဒနာတရားမြွက်ကြား ရေစက်ချ ကျောင်းတိုက်လှူ

ဤသို့ဖြင့် ကျောင်းတိုက်အင်္ဂါအတော်အသင့် စုံလင်ပြီဖြစ်သော တိုက်တာ အာရာမ်ကြီးကို သာသနာသက္ကရာဇ် ၂၄၄၉–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၇– ခု၊ ဝါဆိုလဆုတ်ရှစ်ရက်နေ့၌ ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး ကိန်းဝပ်တော်မူရာ အလယ်သိမ်ကျောင်းကြီးပေါ်တွင်–

၁။ ရွှေဘိုဘုန်းကြီး အရှင်ဝိလာသဂ္ဂ
၂။ ရွှေဘိုဘုန်းကြီး အရှင်အာစာရ
၃။ တိုက်ချုပ်ဘုန်းကြီး အရှင်ဝိမလ
၄။ ညောင်ကန်ဘုန်းကြီး အရှင်ဇဝန
၅။ ယင်းတော်ဘုန်းကြီး အရှင်အာလောက

၆။ ဝန်းသိုဘုန်းကြီး အရှင်စန္ဒိမာ
၇။ တိုက်အုပ်ဘုန်းကြီး အရှင်နန္ဒိယ
၈။ တိုက်ကြပ်ဘုန်းကြီး အရှင်နန္ဒဝံသ
၉။ ငါးသယောက်ဘုန်းကြီး အရှင်ဇဝန
၁၀။ ညောင်တုန်းကျောင်းဘုန်းကြီး အရှင်သောမ
၁၁။ ဘုံကျောင်းဘုန်းကြီး အရှင်သောမ

ဟူသော သံဃာတော်များနှင့် ပွဲစားကြီး ဦးရွှေတောင်, ဦးပဲလှော်, ဦးသာကမ်း, ဦးရွှေဝ, ဦးဘိုးချမ်း, ဦးရွှေသိုက်, ဦးအုန်းပင်, ဦးထိုက်, ဦးဖိုးလှ, ဦးချင်းအို စသော လူပုဂ္ဂိုလ်များရှေ့တွင် ကျောင်းတိုက်ဒါယကာ ဦးစံပေါ် ကျောင်းတိုက်ဒါယိကာမ ဒေါ်ငွေတို့က ကျောင်းတိုက်တာအာရာမ်ကို ရေစက်သွန်းချ လှူလိုပါကြောင်း ရေစကြိုဆရာတော်ဘုရားကြီးအား လျှောက်ထားကြလေရာ ဆရာတော်ဘုရားကြီးက–

မောင်စံပေါ် မိငွေတို့ ကျောင်းလှူခြင်းသည်–

၁။ ပုဂ္ဂလိကလှူဒါန်းခြင်း
၂။ ဂဏိကလှူဒါန်းခြင်း
၃။ သံဃိကလှူဒါန်းခြင်း
၄။ ဂိုဏ်းပုဂ္ဂိုလ် တစ်သက်တာလှူခြင်း
၅။ ကျောင်းကန်သံဃာတည်သမျှ လှူဒါန်းခြင်း
၆။ သာသနာစဉ်ဆက်လှူခြင်းမျိုးတို့တွင် အဘယ်မျိုးကဲ့သို့ လှူဒါန်းလိုကြသနည်း။ မိမိကြည်လင်ရာကို လှူဒါန်းနိုင်သည်ဟု မိန့်တော်မူလေသည်။

ထိုအခါ ဒါယကာကြီး ဦးစံပေါ် ဒါယိကာမကြီး ဒေါ်ငွေတို့က ထူးမြတ်သော အကျိုးရှိသည်ကို အလိုရှိပါသည်။ သာသနာစဉ်ဆက် မုတ္တစတ္တသံဃိက လှူဒါန်းပါရစေဟု လျှောက်ထားလေသော် ဆရာတော်ဘုရားက လွန်စွာဝမ်းမြောက်တော်မူ၍ မောင်စံပေါ် မိငွေတို့–

ဗိမ္ဗိသာရမင်းက ဝေဠုဝန်ကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော စာတုဒ္ဒိသာ သံဃာအား လှူဒါန်းသည်။ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော စာတုဒ္ဒိသာသံဃာအား လှူဒါန်းသည်။ ဝိသာခါ ဒါယိကာမကြီးသည်လည်း ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော သံဃာအားပင် လှူဒါန်းလေသည်။

ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတိုက်ကြီးကို ဘုရားရှင်၏ ဆွေတော်မျိုးတော် သာကီဝင်တို့က ဘုရားအမှူးရှိသော သံဃာအားလှူဒါန်းသည်။ သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းကြီးက မဟာဝိဟာရကျောင်းတိုက်ကြီးကို စာတုဒ္ဒိသာသံဃိကလှူဒါန်းသည်။ မောင်စံပေါ် မိဋ္ဌေတို့၏ လှူဒါန်းခြင်းသည်လည်း အထက်ပါ ဗိမ္ဗိသာရမင်း, အနာထပိဏ်, ဝိသာခါ, ဘုရားဆွေမျိုးသာကီဝင်များ, ဒေဝါနံပိယတိဿမင်းတို့၏ လှူဒါန်းပုံနှင့်တူသည်။ ရှေးသူတော်ကောင်း မင်းကောင်းမင်းမြတ်သူတော်သူမြတ်တို့ကဲ့သို့ ကိုယ်ထိလက်ရောက် လှူဒါန်းရမည့် စသည်ဖြင့် သွန်သင်ဆုံးမ ညွှန်ပြတော်မူပြီး ဦးစံပေါ် ဒေါ်မိဋ္ဌေတို့သည်-

ဣမာဟံ ဘန္တေ အာရာမံ၊ သုဝိသာလံ မနောရမံ။
စာတုဒ္ဒိသဿ သံဃဿ၊ ဒဒါမ ပဋိဂ္ဂဏှထ။

ဆရာတော်အရှင်သူမြတ်ဘုရား တပည့်တော် တပည့်တော်မတို့သည် လွန်စွာကျယ်ဝန်းလှသော နှလုံးမွေ့လျော် ပျော်ဖွယ်ရာလည်း ကောင်းလှသော ဤကျောင်းတိုက်ကြီးကို အာဂတာနာဂတ သကျန္တယ်ခေါ် စာတုဒ္ဒိသ သံဃာတော်အရှင်သူမြတ်တို့အပေါင်းအား သဒ္ဒါဖွေးဖြူ ပေးလှူပါကုန်၏ဘုရား ...။

အရှင်ဘုရားတို့သည် အလှူခံတော်မူပါကုန်ဟုဆို၍ ဆရာတော်ဘုရားကြီး၏ လက်တော်ပေါ်တွင် ရေစက်သွန်းချ လှူဒါန်းကြကုန်၏။

## သာဓုသံ တခဲနက်

ရေစက်ချပြီးသည်၏အဆုံး၌ ကောင်းချီးပေးကြသော ရဟန်းရှင်လူတို့၏ သာဓု, ခေါ်သံကြီးသည် တခဲနက် ကျယ်ဝန်း, ကျယ်လောင်စွာ ပေါ်ထွက်လာလေတော့သည်။

ဂန္ဓသာရဿ ဟတ္ထမှိ၊ ဒက္ခိဏောဒကမာကိရိ။
ဩသာနေ သာဓုနာဒေါ စ၊ ကေဠနော ပဝတ္တတိ။

## မဟာဝိသုတာရာမဝေါဟာရ

ကျောင်းတိုက်ကြီး၏အမည်ကို ကျေးဇူးတော်ရှင် ဆရာရင်းဖြစ်တော်မူသော "ဥဿျှမွှာဘိမုနိဝရ ဉာဏကိတ္တိသိရီဓဇမဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့်ဘွဲ့တံဆိပ်တော်သုံးထပ်ရ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး

သီတင်းသုံးတော်မူသည့် မန္တလေးမြို့ အရှေ့ပြင် ကျောင်းရံနှစ်ဆယ်ကျော်ရှိ မဟာဝိသုတာရာမတိုက်ကြီး၏အမည်ကို အပြီးသတ်မှည့်ခေါ် သတ်မှတ်တော်မူလေသည်။

သံဃာတော်အရှင်မြတ်အပေါင်းအား ကျောင်းဆောက်လှူဒါန်းခြင်းသည် မြတ်လှပါပေသည်ဟု သုံးလူထွတ်ထား ရှင်တော်မြတ်ဘုရား ချီးကျူးထောမနာ အပ်လေသည်။

''ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ'' (စူဠဝဂ္ဂပါဠိတော် ၂၉၂)

ကျောင်းကန်အလှူ၏ အကျိုးအာနိသင်ကို ဘုရားရှင်တို့ကိုကြည့်၍ ပါးစပ် ခံတွင်းပေါင်း တသောင်းရှိသော အဘယ်မည်သော အမျိုးကောင်းသား ယောကျ်ား သည် ကုန်စင်အောင် ဟောပြနိုင်လိမ့်မည်နည်း ကုန်စင်အောင် မဟောနိုင်ရိုး မှန်လှတော့သည်သာ။

အာဝါသဒါနဿ ပနာနိသံသံ၊ ကော နာမ ဝတ္တုံ ပုရိသော သမတ္ထော။
အညတြ ဗုဒ္ဓါ ပန လောကနာထာ၊ ယုတ္တော မုခါနံ နဟုတေန စာပိ။

(ဗုဒ္ဓဝံသဋ္ဌကထာ ၂၅)

## အကျိုးနှစ်မျိုးကြောင့် ကျောင်းအလှူခွင့်ပြုတော်မူခဲ့

(၁) ကျောင်းဆောက်လှူဒါန်းခြင်းကြောင့် နတ်လူတို့ ပဋိသန္ဓေနေမှု အိုမင်းရင့်ရော်မှု, ဖျားနာရမှု, သေရမှုတို့မှ လွတ်မြောက်ခြင်း။

(၂) ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့ကို ဖူးမြင်လိုသူတို့ လွယ်ကူစွာ ဖူးမြင်နိုင်ခြင်း၊ ဟူသော အကျိုးနှစ်ကျိုးကြောင့် ဘုရားရှင် ခွင့်ပြုတော်မူခဲ့လေသည်။

ဒွေ အတ္ထဝသေ သမ္ပဿမာနာ ဘဂဝတာ ဝိဟာရဒါနံ အနုညာတံ၊ ဝိဟာရဒါနံ နာမ သဗ္ဗဗုဒ္ဓေဟိ ဝဏ္ဏိတံ အနုမတံ ထောမိတံ ပသတ္ထံ၊ ဝိဟာရဒါနံ ဒတွာ ဒေဝမနုဿာ ဇာတိဇရာ ဗျာဓိမရဏေဟိ မုစ္စိဿန္တိ။ ဝိဟာရေ သတိ ဘိက္ခူ ဘိက္ခုနီယော ဝါ ကတောကာသော ဒဿနကာမာနံ သုလဘဒဿနံ ဘဝိဿတီတိ။

(မိလိန္ဒပဉှာဋ္ဌကထာ။ ၄၃၅။ သီဟိုဠ်မူ။)

## ကျောင်းလှူအကျိုး ရှစ်မျိုး

ရွှေဘုံပေါ်ပေါက် ထိတ်ကြောက်လန့်ကင်း ဘေးရန်ရှင်း၏ ကြောက်ခြင်း ယက္ခ ပါပမမက် ဘဝဆက်သိ မြဲသတိသည် ကုဋီကျောင်းလှူ ရှစ်မျိုးတည်း။

(သမ္ဗန္ဓနဒေါသာဒိ ဒီပနီ)

## သက်န်းရောင်ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းရာ

ထိုအချိန်မှစ၍ အဘိနဝါရာမသဒ္ဓမ္မသြဇဝန္တ, ရသဝန္တဖြစ်သော မဟာ ဝိသုတာရာမ နာမသမိုက် စာချတိုက်တော်ကြီးသည် ကျေးဇူးတော်ရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ မဟာထေရ်နှင့်တကွ တိုက်အုပ်, တိုက်ကြပ်, စာချပုဂ္ဂိုလ်ကျော်တို့၏ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ဝနှစ်တန်သော သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူကြခြင်းဟူသော ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟ သဒ္ဓမ္မသြဇရသချိုမြတ် ဝတ်ယက်ဝတ်မှုံကို တလုံတလဲ မှီဝဲဆည်းကပ် ပျားပန်း ခတ်သို့ အရပ်လေးမျက်နှာမှလာရောက်ကြကုန်သော တပည့်တပန်း ရဟန်း သာမဏေ ပရိသတ်တည်းဟူသော ပျားပိတုန်းတို့သည် အုန်းအုန်းဆူညံ အသံမစဲ ဝတ်မှုန်ဝဲလျက် စာပွဲသဘင် နေ့စဉ်ဝင်ကြကျင်းပကြ၍ အရပ်လေးမျက်နှာမှ လာ ရောက်ကြကုန်သော ရဟန်းသာမဏေတို့၏ ကွေးခြင်း, ဆန့်ခြင်း, သွားလာ ခြင်းတို့ကြောင့် ဖြစ်ကုန်သော လေတို့သည် ထက်ဝန်းကျင်မှ တိုက်ခတ်လာခြင်း သက်န်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပခြင်း ဖြစ်လေ သတည်း။

## နိကာယ်ငါးရပ် မပြတ်ချပို့တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် တည်ထောင်ပြီးစ မဟာဝိသုတာရာမတိုက် ကျောင်းတိုက်သစ်၌ အမြဲထာဝရ သီတင်းသုံးတော်မူ၍ နိကာယ်ငါးရပ် ပါဠိတော် များကို အဋ္ဌကထာတွဲဖက်၍ ချပို့တော်မူခဲ့လေသည်။ ဋီကာရှိသော ကျမ်းစာအချို့ ကို ဋီကာတွဲဖက်၍လည်း ချပို့တော်မူခဲ့လေသည်။

ပဥ္စာဂမေပိ ဝါစေသိ၊ အဋ္ဌကထာ သဟိတေပိ ဝါ။
သသံဝဏ္ဏနေ ထေရော သော၊ အဂမေသု သုကောဝိဒေါ။

## ပေစာများ ရေးကူးစေတော်မူခြင်း

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးအတွင်း၌ စရပ်ကြီးတဆောင် ဆောက်လုပ်စေတော်မူပြီး ပေစာ စာရေးများကို သင့်သလို ချီးမြှောက်ထောက်ပံ့စေတော်မူကာ ပါဠိ, အဋ္ဌကထာ, ဋီကာ, နိဿယ, ဂဏ္ဌိ စသော ကျမ်းစာအမျိုးမျိုးတို့ကို ရေးကူးစေတော်မူခဲ့လေသည်။ ယင်းပေစာတို့မှာ ရွှေပန်း ချပေ, မျဉ်းနီပေစသည်ဖြင့် များလှစွာကုန်၏။ ဆိုင်ရာ ဒကာဒကာမတို့ကလည်း ပေစာ ဒကာခံယူကြကုန်၏။ ပေတအင်္ဂါလျှင် ၁၂–ချပ် (၁၂–ရွက်) ဖြစ်ရာ အင်္ဂါပေါင်း ၃၀–ကျော်ခန့်ရှိ ပေတထုပ်ကို ဝတ္ထုငွေ ထိုစဉ်က ၁၀၀–ကျော် ၁၂၅–ကျပ်ခန့် ကျသည်ဟု သိရလေသည်။

## ပိဋကတ်တိုက်အစီအရီ

ရေးကူးပြီးသော ပေစာထုပ်များကို တိုက်တွင်းရှိ ပိဋကတ်တိုက်၌ ထားရှိစေတော်မူ၏။ ဥပုသ်နေ့တွင် ပိဋကတ်တိုက်စာရေး ရဟန်းတော်က လိုသမျှ စာရေးမှတ် ထုတ်ပေးရလေသည်။ ထိုစဉ်က စာသင်တိုက် တည်ထောင်ရသည်မှာ ယခုခေတ် စာသင်တိုက်တည်ထောင်ရသည်ထက် များစွာခက်ခဲလှပေသည်။

## ဥပုသ်နေ့တိုင်း ဩဝါဒမြွက်ကြား

တိုက်တာတည်သည့်မှစ၍ ယခုတိုင် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ ဝါတွင်းဆိုလျှင် ဥပုသ်နေ့တိုင်း အလယ်သိမ်ကျောင်းတော်ကြီးပေါ်ကြွ၍ ဘုရားဝတ်ပြုကြရကုန်၏။ ဝါပဖြစ်လျှင် လပြည့်လကွယ်တွင် အလယ်သိမ်ကျောင်းတော်ကြီးပေါ်သို့ သံဃာတော်ကုန်ကြွ၍ ဘုရားဝတ်ပြု, ဥပုသ်ပြု ဩဝါဒနာခံကြရ၏။ သာမဏေများမှာမူ ဥပုသ်နေ့တိုင်း အလယ်သိမ်ကျောင်းတော်ကြီးသို့ကြွ၍ ဘုရားဝတ်တက် သီလခံယူကြပြီး ဩဝါဒယူကြရလေသည်။ ဆရာတော်ဘုရားကြီးသက်တော် ထင်ရှားရှိစဉ်က ဆရာတော်ဘုရားကြီးသည် အောက်ပါအကြောင်းအရာပါရှိသော ဩဝါဒမိန့်ခွန်းတော်တို့ကို မကြာမကြာ မြွက်ကြားလေ့ရှိတော်မူသည်။

## အပရိဟာနိယတရားနှင့် ပြည့်စုံအောင်နေကြ

ကိုယ်တော်တို့ သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ်မှာ အပရိဟာနိယတရား ခုနစ်ပါး ရဟန်းတော်များအား ငါးနည်းဟောထား၏။ အဲဒီ ၅-နည်းထည်းမှ တနည်းပြောမယ်၊ ယင်းအပရိဟာနိယတရား ခုနစ်ပါးတို့ကား-

၁။ ညီညီညွတ်ညွတ် မပြတ်စည်းဝေးတိုင်ပင်ခြင်း

၂။ ညီညွတ်စွာ အစည်းအဝေးတွင် ပါဝင်တက်ရောက်ပြီး သံဃကိစ္စများကို ညီညွတ်စွာပြုလုပ်၍ ထပြန်ခြင်း။

၃။ ပညတ်ပြီးသော ဓမ္မဝိနယတို့ကို လိုက်နာကျင့်သုံးခြင်း မပယ်ဖျက်ခြင်း။

၄။ သိက္ခာဂုဏ်ဝါကြီးမားသော သီလဝန္တ, ဗဟုဿုတဓရ ရဟန်းတို့ကို ရိုသေလေး မြတ်ခြင်း ပူဇော်ခြင်း ၄င်းတို့ဆုံးမချက်ကို နာယူခြင်း။

၅။ မိမိသန္တာန်၌ လောဘတဏှာဆိုးတို့၏ အလိုအကြိုက်သို့ မလိုက်မပါစေခြင်း။

၆။ ချာန် မဂ် ဖိုလ် ရလွယ်ကြောင်းဖြစ်တဲ့ တောရကျောင်း နေလိုစိတ်ရှိခြင်း။

၇။ မိမိတို့ ကျောင်းအရံသို့ မလာမရောက်ဘူးသော သုလဇ္ဇီပေသလသိက္ခာကာမ သီတင်းသုံးဖော် ရဟန်းတော်တို့ကို လာရောက်စေခြင်း, လာရောက်ပြီးသော သီတင်းသုံးဖော်တို့ ချမ်းသာစွာနေခြင်းငှါ စောင့်ရှောက်ခြင်း အားဖြင့် ၇-ပါး ဖြစ်တယ်။

အဲဒီ အပရိဟာနိယတရား ၇-ပါးနှင့် လိုက်လျောကိုက်ညီအောင်နေလျှင် အဘယ်ရဟန်းပဲဖြစ်ဖြစ် ယခုဘဝလဲကောင်း နောင်တမလွန်လဲကောင်းတာပဲ ဒါကြောင့် ဤဘဝ,နောင်ဘဝ နှစ်မျိုးလုံးကောင်းအောင် အပရိဟာနိယတရား ၇-ပါးနှင့် အတတ်နိုင်ဆုံး ပြည့်စုံအောင်နေကြပါ။

## လဇ္ဇီဖြစ်အောင်လုပ်ကြ လဇ္ဇီကမှ သာသနာစောင့်ရှောက်နိုင်

လဇ္ဇီဆိုတာ ရှက်တတ်တဲ့ပုဂ္ဂိုလ်ကို ခေါ်တယ်။ အာပတ်သင့်မှာ ရှက်တဲ့ အတွက် အာပတ်မသင့်အောင်နေ, မတော်တဆ သင့်ပြီးတဲ့အာပတ်ကို ဒေသနာ ဂါမိ ဝုဋ္ဌာနဂါမိနဲ့ ကုစားတယ်။ ဆန္ဒ,ဒေါသ,ဘယ,မောဟခေါ်တဲ့ အဂတိတရား လေးပါး မလားမရောက်ဘူး။ ဤပုဂ္ဂိုလ်မျိုးကို လဇ္ဇီလို့ ခေါ်တယ်။ ပရိဝါပါဠိ တော်မှာလာတဲ့-

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိဂူဟတိ။

အဂတိ ဂမနဉ္စ ဂစ္ဆတိ၊ ဒေိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလော။

ဖြင့်ပြတဲ့ အလဇ္ဇီအဂ်ီ ပြောင်းပြန်ပဲ၊ ကိုယ်တော်တို့ လဇ္ဇီဖြစ်အောင်နေကြပါ။ သာသနာဟာ မိမိအတွက်မဟုတ်ပဲ မိမိသည်သာ မြတ်စွာဘုရားသာသနာအတွက် ဖြစ်အောင် သာသနာ့ဝန်ထမ်းဆောင် လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်ဖြစ်ပြီး သာသနာတော်ကြီး တိုးတက်ကြီးပွားအောင် ပြုလုပ်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ပြုလုပ်နိုင် စောင့်ရှောက်နိုင်တယ်။ ဒါကြောင့်–

"အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ နောင်အနာဂတ်ကာလ လဇ္ဇီပုဂ္ဂိုလ်များ သာသနာတော်ကို စောင့်ရှောက်လိမ့်မည်၊ စောင့်ရှောက်လိမ့်မည်၊ စောင့်ရှောက်လိမ့်မည်" ရှေးက မထေရ်တို့ မိန့်ဆိုကျူးရင့်တော်မူခဲ့ကြတယ်။

## သာမဏေတွေ သာသနာ့ဘောင်မြဲအောင် ကြိုးစားစောင့်ရှောက်ကြ

စာချဘုန်းကြီးတွေကို ပြောချင်တာ တခုရှိတယ်။ မိမိထံမှောက် အပ်နှံရောက်ရှိလာတဲ့သာမဏေငယ်ကို ပျော်မွေ့အောင် သာသနာ့ဘောင် နေချင်အောင် စောင့်ရှောက်မွေးမြူကြရမယ်။ သာမဏေများဟာ သာသနာမျိုးစေ့ ဖြစ်တယ်။ အရှင်နာဂသိန်လောင်းလျာ သာမဏေကလေးကို ဥပဇ္ဈာယ်ဆရာတော်ဖြစ်တဲ့ အရှင်ရောဟဏထေရ်ဟာ ဘယ်လောက်အပင်ပန်းခံ စောင့်ရှောက်ခဲ့ရပုံ, သာသနာဘောင်ရောက်အောင် သိမ်းသွင်းခဲ့ရပုံ, အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် လောင်းလျာ သာမဏေကို ဥပဇ္ဈာယ်ဆရာတော် အရှင်သိဂ္ဂဝမထေရ် မည်မျှလောက် စောင့်ရှောက်ခဲ့ရပုံ သာသနာ့ဘောင်သို့ ရောက်အောင်ကြိုးစားခဲ့ရပုံတို့ကို စဉ်းစားကြည့်ကြပါ။ အဲ့ဒီအရှင်ရောဟဏထေရ်, အရှင်မောဂ္ဂလိပုတ္တတိဿထေရ်တို့ထုံးကို နှလုံးသွင်းတော်မူပြီး သာသနာဘောင် မရောက်သေးတဲ့ အမျိုးကောင်းသားကလေးတွေ သာသနာဘောင်ရောက်အောင်, သာသနာဘောင်ရောက်ပြီး ပျော်ပိုက်အောင် စောင့်ရှောက်ကြပါ။ စာပေမပြတ် ကြိုးစားချပို့ကြပါ။

## စာတွင်တွင်ချ သာရေးနာရေး မလိုက်နဲ့ အိုးကွဲရေမလောင်းနဲ့

စာချဘုန်းကြီးတွေ စာတွင်တွင်ချပို့ကြပါ။ စာချတဲ့အခါ ပါဠိတော်တွေ, အဋ္ဌကထာတွေ မြန်မြန်ပေါက်အောင် တစ်ခေါက်ပြီးတစ်ခေါက် ဆက်တိုက်ချပို့ကြရမယ်၊ တတ်နိုင်လျှင် ဋီကာရှိတဲ့ကျမ်းတွေကို ဋီကာပါ တွဲချရမယ်။

ခက်တယ်ထင်တဲ့နေရာလောက်သာ အဓိပ္ပါယ်ပြောပြီး တွင်တွင်ပေါက်အောင် ချပို့ပေးကြပါ။

ပါဠိတော်တွေ ချရတာ ဘုရားနဲ့အမြဲတွေ့နေရတာနဲ့တူတယ်။ စာသင်သား ကိုယ်တော်တွေကလဲ စာပေကြိုးစားသင်ယူကြ။ ဆရာချတဲ့အတိုင်း မှတ်သား နာယူကြ။ ချတဲ့အတိုင်း နာနာလှည့်ကြရမယ်။ အရဆောင်သင့်တဲ့ ဂါထာတွေ, ဝါကျတွေ, စကားလုံးတွေကို အရဆောင်ရမယ်။ စာချတွေ စာဝါဖျက်ပြီး သာရေး နာရေးမလိုက်ချင်ကြနဲ့၊ တရားမဟောချင်ကြနဲ့၊ လူတွေတရားဟောတာဟာ အိုးကွဲ ရေလောင်းတာပဲ၊ အိုးကွဲရေမလောင်းချင်ကြနဲ့ စသည်ဖြင့်လည်း မကြာမကြာ မိန့်ကြားလေ့ရှိကြောင်း သိရပါသည်။

## အစားအသောက် မရွဲ့ချင်ကြနဲ့

ဆရာတော်ဘုရားကြီးသည် အနေအထိုင်လည်း ကြွားကြွားဝါးဝါး နေလေ့ ရှိတော်မမူကြောင်း သိရ၏။ ညောင်စောင်းပေါ် ဖျာကြမ်းသင်ဖြူးကြမ်းခင်းပြီး ရေသနုတ်သင်းပိုင် တထပ်ဆင့်ခင်း၍ သီတင်းသုံးတော်မူလေ့ရှိသည်။

မနက်ခင်း ဆံပြုတ်ဘုဉ်းပေးလေ့ရှိတော်မူ၏။ နေ့ဆွမ်းဘုဉ်းပေးပြီး လဘက် ရည်ချိုသောက်လေ့ ဘုဉ်းပေးလေ့မရှိပါ။ ရံခါဆွမ်းစားကျောင်းတွင် ဆွမ်းကျွေး ဆွမ်းကပ်ရှိသောအခါ၌သာ ဘုဉ်းပေးလေ့ရှိသည်။ စာချဘုန်းကြီး စာသင်သား ရဟန်းသာမဏေတို့အားလည်း ယင်းသို့ခြိုးခြိုးခြံခြံ နေထိုင်စားသောက်အောင် လည်း မကြာမကြာ ဩဝါဒပေးတော်မူလေ့ရှိသည်။

ကိုယ်တော်တို့ ဖြစ်သလိုစားကြ၊ အစားမရွဲ့ချင်ကြနဲ့ ဆွမ်းစားပြီး လဘက်ရည်မသောက်ကြနဲ့၊ အစားဟာ ရွဲ့လို့မဆုံးနိုင်ဘူး၊ တို့တတွေ မန္တလေးမြို့ အရှေ့ပြင်တိုက်တော် စာသင်သားဘဝ နေခဲ့ရစဉ်က ဆွမ်းခံသွားတာ တခါတခါ ဟင်းလျာမရဘူး။ အဲဒီတုန်းက တချို့ရက်တွေ ရေနွေးကြိုက်မျိုရတယ်။ တခါတလေ စျေးထဲသွားရပ်တော့လဲ ချဉ်ပေါင်ရွက်စီးကလေးများ ရတတ်တယ်။ အဲဒီ ချဉ်ပေါင် ရွက်ရည်ကလေးများ ညှစ်ပြီး စားခဲ့သည်လည်း ရှိသေးတယ်။

- ခုနေအခါ အဲ့သည်လောက် မရှားပါဘူး။ စာသာ ကြိုးစားချကြ၊ ကြိုးစား သင်ကြ ဘုန်းကြီးမှာ စာတတ်ချင်လျက်နဲ့ အစားဖျက်သည်။ ဒါကြောင့် တောင် ဇီလာ ဆရာတော်ဘုရားကြီးက ''ရဟန်းတရား ပွားများပါလျက်၊ အစားဖျက်သည်'' ဟု မိန့်တော်မူခဲ့လေသည်။

## သမဏသုခတရားငါးပါးနှင့် ပြည့်စုံအောင်နေကြ

ကိုယ်တော်တို့ သမဏသုခငါးမျိုး (ရဟန်းချမ်းသာတရားငါးပါး) ရှိတယ်။ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်မှာ ဘုရားဟောထားတယ်။

၁။ သန္တုဋ္ဌော ဟောတိ ဣတရီတရေန စီဝရေန၊ ရရသမျှ ကောင်းကောင်းဆိုးဆိုး သင်္ကန်းနဲ့ ရောင့်ရဲခြင်းတစ်ပါး။

၂။ သန္တုဋ္ဌော ဟောတိ ဣတရီတရေန ပိဏ္ဍပါတေန၊ ရရသမျှ ဆွမ်းခဲဖွယ် ဘောဇဉ်အာဟာရနဲ့ ရောင့်ရဲခြင်းတစ်ပါး။

၃။ သန္တုဋ္ဌော ဟောတိ ဣတရီတရေန သေနာသနေန၊ ရှိပြီးသား ရပြီးသား ကျောင်းနဲ့ ရောင့်ရဲခြင်းတစ်ပါး။

၄။ သန္တုဋ္ဌော ဟောတိ ဣတရီတရေန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရေန၊ ရရှိသမျှ ဆေးပစ္စည်း အသုံးအဆောင်နဲ့ ရောင့်ရဲခြင်းတစ်ပါး။

၅။ အဘိရတော စ ဗြဟ္မစရိတိ၊ မွေ့လျော် ပျော်ပိုက်စွာမြတ်သောအကျင့်ကို ကျင့်ခြင်းတစ်ပါးအားဖြင့် ငါးပါးဖြစ်တယ်။

အဲ့ဒီငါးပါးနှင့်ရောင့်ရဲနေလျှင် ကိုယ်စိတ်နှစ်ပါး ချမ်းသာတာပဲ၊ သင်္ကန်းဆိုလျှင် ပိတ်သင်္ကန်းဖြစ်ဖြစ်, ဖျဉ်သင်္ကန်းဖြစ်ဖြစ် လုံယင်ပြီးတာပဲလို့ သဘောပိုက်ပြီး ရှိသမျှသင်္ကန်းနှင့် ရောင့်ရဲပါ။ သင်္ကန်းအတွက် ကြောင့်ကြမစိုက်ကြပါနဲ့။ ဆွမ်းအတွက်လဲ ကောင်းကောင်းဆိုးဆိုး၊ မကောင်း, ကောင်းကြောင်း ရှာဖွေ စားသောက်မနေကြပါနဲ့၊ ကျောင်းလဲသစ်သားကျောင်းမှ တိုက်ကျောင်းမှလို့ လုပ်မနေကြပါနဲ့ ရှိပြီးသား ကျောင်းပေါ်နေလိုက်။ ဆေးပစ္စည်းလဲ ရှိတာစားပေါ့ မရှိလျှင် ဘုရား ပေးထားတဲ့ နွားကျင်ငယ်ပုတ်နဲ့ ဖန်းခါးသီးနဲ့ စိမ်မှိုဝဲကြ, ဝိနည်းသိက္ခာပုဒ်ကိုလည်း ရှိရှိသေသေနဲ့ စာကြိုးစားသင်။ စာကြိုးစားချ အဲ့ဒါသမဏသုခ ငါးပါးပဲ၊ အဲ့ဒီ ငါးပါးနဲ့ပြည့်စုံအောင်နေကြပါ။

## သာသနာမကွယ်အောင် သာသနာ့ဝန်ထမ်းများတာဝန်

ကိုယ်တော်တို့ သာသနာတော်မကွယ်အောင် ကိုယ်တော်တို့ တပည့်တော်တို့အပေါ်မှာ တာဝန်ရှိတယ်၊ သာသနာကွယ်ပျောက်ကြောင်း ငါးပါးရှိတယ်–

၁။ ရဟန်းတွေ ဘုရားရှင်သွန်သင်ဆုံးမတဲ့တရားဓမ္မကို မနာယူလျှင်လဲ သာသနာကွယ်တာပဲ၊ သည်တော့ကိုယ်တော်တို့ ဘုရား တရားဒေသနာတော်တွေကို

ရိုရိုသေသေ နာယူကြပါ၊ ကိုယ်ကြီးလာတဲ့အခါ ကိုယ့်တပည့်တွေကိုလဲ ဘုရားတရား လိုက်နာကြဖို့ ဟောပြောပေးကြပါ။

၂။ လေးလေးစားစား စာပေမသင်ကြားလျှင်လဲ သာသနာတော်ကွယ်ပကြောင်းပဲ၊ သာသနာ့ဝန်ထမ်းတွေ စာပေ ကောင်းကောင်းမသင်လျှင် ယခုချပို့နေတဲ့ ပိဋကတ်တွေ နိကာယ်တွေ ကောင်းကောင်းမသင်လျှင် သာသနာကွယ်မှာပဲ ဒါကြောင့် ကိုယ်တော်တို့ နေ့ရှိသမျှ အချိန်ရှိသမျှ အချိန်ရသမျှ ပိဋကတ်တွေ နိကာယ်တွေ သင်ကြပါ။

၃။ ဆောင်သင့်တဲ့ စာပေတွေ အရမဆောင်လျှင်လဲ သာသနာကွယ်ကြောင်းပဲ၊ ကိုယ်တော်တို့တတွေ အရဆောင်သင့်တဲ့ စာပေတွေ ရှိပါတယ်။ ပါတိမောက်, သုတ္တန်, အဘိဓမ္မာဆိုင်ရာကျမ်းစာတချို့တို့ ဘာတို့ပေါ့၊ အဲ့ဒါတွေကို နှုတ်တက်ရအောင် ဆောင်ကြပါ။

၄။ ရထားတဲ့ ပါဠိတော်တွေ, စာပေတွေရဲ့ အနက်အဓိပ္ပာယ်ကို မဆောင်မမှတ်ခြင်း သဘောမပေါက်ခြင်းဟာလဲ သာသနာကွယ်ကြောင်းပဲ၊ ဒါကြောင့် ကိုယ်နှုတ်ရဆောင်ထားတဲ့ သုတ္တန်ဆိုင်ရာ, ဝိနည်းဆိုင်ရာ, အဘိဓမ္မာဆိုင်ရာတွေကိုလဲ သဘောပေါက်အောင် ဆောင်ကြလုပ်ကြပါ။

၅။ တရားမကျင့်ခြင်းဟာလဲ သာသနာကွယ်ကြောင်းပဲ တပည့်တော်တို့ဆီဆိုတော့ စာသင်တိုက်ပဲ၊ စာကြိုးစားသင်ကြပို့ချရာဌာနဆိုတော့ စာပေကြိုးစား သင်ကြားပို့ချကြပြီး ည,မနက် ဘုရားဝတ်တက် မှန်မှန်တက်ခြင်း၊ ဘုရားဝတ်တက်ရင်း ပရိတ်မေတ္တာဘာဝနာပွားများခြင်းဟာ တရားကျင့်တာပါပဲ။

ဒါကြောင့် ယခုပြောခဲ့တဲ့ သာသနာကွယ်ကြောင်းငါးပါးတို့၏ ပြောင်းပြန်ပြန်၍ သာသနာမကွယ်ကြောင်း ငါးပါးအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ကြပြီး ကြုံခဲလှတဲ့ တွေ့ခဲလှတဲ့ ဘုရားသာသနာတော်ကြီးကို စည်ပင်အောင်ပြုလုပ် ဆောင်ရွက်ကြပါ။

ဤသို့စသည်ဖြင့် ရေစကြိုဆရာတော်ဘုရားကြီးသည် တိုက်တာသံဃာတော်တို့အား နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံကို မပြတ်ပို့ချခြင်းဖြင့်လည်းကောင်း၊ မိမိလက်အောက်ရှိ တိုက်အုပ်တိုက်ကြပ် စာချစာသင်သားတို့အား ဩဝါဒပေးခြင်းဖြင့်လည်းကောင်း သာသနာပြုတော်မူခဲ့ရာ များစွာအောင်မြင်လေသည်။

ဂန္ထာနံ ဝါစနေနေဝ၊ ဩဝါဒကထနေန စ။
သာသနံ ဇောတယိ ဓီရော၊ သမ္ဗုဒ္ဓဿ ဓိတိမတော။

## တိုက်တာကို တပည့်လေးပါးအား လွှဲအပ်တော်မူခြင်း

ရေစကြိုဆရာတော်ဘုရားကြီးသည် သံဃာ့ပရိသတ်ကို စာပေချပို့ ဩဝါဒ ပေးပြီး ကွပ်ကဲလျက် သံဃာတော် ၅၀၀–ကျော်, ၆၀၀–ခန့်ရှိ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးကို အုပ်ချုပ်ခဲ့ရာ သက်တော်လည်း ၇၀–ကျော်, ၈၀–တွင်း ရောက်ရှိပြီးဖြစ်သဖြင့် သတိသံဝေဂရရှိဖြစ်ပွားတော်မူကာ တိုက်တာတည်ထောင် မည်ပြုစဉ်ကပင် ရည်ရွယ်ယင်းရှိသော–

၁။ အရှင်နန္ဒိယ (ဆရာတော်ဘုရားရှိစဉ်ကပြန်လွန်)

၂။ အရှင်ပညာ (နောက်အဂ္ဂမဟာပဏ္ဍိတအရှင်ပညာ)

၃။ အရှင်နန္ဒဝံသ (နောက်အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသ)

၄။ အရှင်အဂ္ဂဓမ္မ (နောက်အဂ္ဂမဟာပဏ္ဍိတအဘယာရာမဆရာတော်)

ဟူသော တပည့်ကြီးလေးပါးတို့အား တနေ့တွင် တပည့်တို့ တပည့်တို့သည် ငါဆရာ မရှိသည့်နောက် ငါဆရာကဲ့သို့ နေ့မအား ညမအား စာပေချပို့၍ တပည့်တပန်းတို့ အား ဩဝါဒအနုသာသနီတို့ကို သင့်သလိုပေးကြ၍ ဤမည်သော မဟာဝိသုတာ ရာမအာရာမ်ဗိမာန်တော်ကြီးကို မပျက်မတိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ကြ၍ ဘုရားသာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်အောင်စောင့်ရှောက် ရစ်ကြရမည်ဟု မိန့်တော်မူကာ မဟာဝိသုတာရာမတိုက်ကြီးကို လွှဲအပ်တော် မူလေသည်။

နန္ဒိယော ပညာထေရော စ၊ အဂ္ဂေါ နန္ဒဝံသော တထာ။
ဣတိ စတုန္န ယတီနံ၊ အာရာမံ အပ္ပယီ သုဓီ။

## ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် မိမိမရှိသည့်နောက်တွင်လည်း မိမိစာပေချနည်း နိဿယနည်းကို နောင်လာနောက်သားတို့ ရရှိစေရန် ရည်သန်တော်မူ၍ စာစပ် နိဿယကျမ်းဂန် မြားမြောက်စွာတို့ကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်။ ၄င်းတို့မှာ–

၁။ ပကိဏ္ဏကစာစပ်

၂။ ကင်္ခါဝိတရဏီအဋ္ဌကထာနိဒါန်းစာစပ်

၃။ ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယ

၄။ သုတ်သီလက္ခန်ပါဠိတော်နိဿယ
၅။ သုတ်မဟာဝါပါဠိတော်နိဿယ
၆။ သုတ်ပါထေယျပါဠိတော်နိဿယ
၇။ မူလပဏ္ဏာသပါဠိတော်နိဿယ
၈။ မဇ္ဈိမပဏ္ဏာသပါဠိတော်နိဿယ
၉။ ဥပရိပဏ္ဏာသပါဠိတော်နိဿယ
၁၀။ မူလပဏ္ဏာသအဋ္ဌကထာနိဿယ
၁၁။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနိဿယ
၁၂။ ဥပရိပဏ္ဏာသအဋ္ဌကထာနိဿယ
၁၃။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၄။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၅။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၆။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၇။ မဟာဝဂ္ဂသံယုတ်ပါဠိတော်နိဿယ
၁၈။ အင်္ဂုတ္တရ– ဧကက, ဒုက, တိက, စတုက္ကနိပါတ်ပါဠိတော်နိဿယ
၁၉။ အင်္ဂုတ္တရ– ပဉ္စက, ဆက္က, သတ္တကနိပါတ်ပါဠိတော်နိဿယ
၂၀။ အင်္ဂုတ္တရ– အဋ္ဌက, နဝက, ဒသက, ဧကာဒသကနိပါတ်
ပါဠိတော်နိဿယ
၂၁။ ပါရာဇိကဏ်ပါဠိတော်နိဿယ
၂၂။ ပါစိတ်ပါဠိတော်နိဿယ
၂၃။ ဝိနည်းမဟာဝါပါဠိတော်နိဿယ
၂၄။ ပါရာဇိကဏ်အဋ္ဌကထာနိဿယ
၂၅။ ဝိနည်းမဟာဝါအဋ္ဌကထာနိဿယ
၂၆။ ပါစိတ်အဋ္ဌကထာနိဿယ
၂၇။ ဧကနိပါတ်အစ မဟာနိပါတ်အဆုံးရှိသော ဇာတ်အဋ္ဌကထာ နိဿယ
စသည်တို့ ဖြစ်ကုန်၏။

## ပကိဏ္ဏက စာစပ်

ရေစကြိုဆရာတော်ဘုရားကြီးသည် စာစပ်ကိုလွန်စွာ အရေးတယူ ပြုတော်မူ၍ စာပေချပို့တော်မူလေ့ရှိသည်။ မိမိထံစာဆိုမည့် တပည့်ရဟန်းသာမဏေများကို ရှေးဦးစွာ စာဆိုဝါမပေးသေးပဲ စာစပ်တလ, နှစ်လစပ်စေပြီးမှ စာဆိုဝါပေးတော်မူလေ့ရှိသည်။ စာစပ်ပုံမှာလည်း မူလတွင် ရိုးရိုးစာစပ်ပုံမှစ၍ တဖြည်းဖြည်း အဆန်းတကြယ်စာစပ်စေတော်မူလေသည်။ ယင်းစာစပ်နည်းတို့ကို စည်းသေနည်းကျ ရစိမ့်သော်ငှါ ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ် သာမဏေများဖြစ်ကြသော ရှင်ပညာဝံသ, ရှင်နန္ဒိယတို့ကို ပကိဏ္ဏကစာစပ်အမည်ဖြင့် ပေတွင်ရေးမှတ်သားစေတော်မူ၍ ကျမ်းတကျမ်းအဖြစ် ပြုစုတော်မူခဲ့လေသည်။

ကျမ်းဦး၌ သမ္ဗန္ဓဒီပနီအမည်ရှိသောကျမ်း၌ ကစ္စါနိသ္သယသမ္ဗန္ဓကဏ္ဍကို ပြဆိုပြီး၍ ယခုအခါ၌ ပကိဏ္ဏကသမ္ဗန္ဓကဏ္ဍကို ပြဆိုပေအံ့။ ထို၌သမ္ဗန်ကို ရှေးဦးစွာ ပြဆိုပေအံ့၊ သာမိသမ္ဗန္ဓေဆဋ္ဌီဟု ကစ္စည်းဆရာသုတ်ကို တည်အပ်ပါငြားသော်လည်း ၎င်းသုတ်သည် ယေဘုယျဥပလက္ခဏနည်းမျှသာဖြစ်၍ တောင်တွင်းဆရာတော် ရေးသားအပ်သော ပဒ်စစ်ကျမ်း၌လာသော အလိုအားဖြင့် မြတ်စွာဘုရားစကားတော်ဟူသော ပိဋကတ်သုံးပုံ၌ သမ္ဗန်အပြားသည် များစွာရှိလေသောကြောင့် သံသမ္ဗန်, သာမိသမ္ဗန်, သမူဟသမ္ဗန်, အဝယဝသမ္ဗန်, ဝိကာရသမ္ဗန်, ဌာနသမ္ဗန်, သမ္ဗန္ဓသမ္ဗန်အစရှိသောအားဖြင့် အရာမက များသောအပြားရှိ၏ဟု မိန့်တော်မူအပ်သတည်း။

၎င်းတောင်တွင်းဆရာတော် ဦးပျော်ပြုအပ်သော သမ္ဗန်အပေါင်းတို့တွင် ကာရကကျမ်း၌လာသော သာမိသ္မိံ ဆဋ္ဌီ–ဟူသောသုတ်အရ ဥဒါဟရဏ်ပြယုဂ်တို့ကိုစ၍ စပ်ဟန်စပ်နည်းနယကို ရေးသား၍ပြပေအံ့ဟု ''ပဋိညာဉ်'' ပြု၍ ရေးသားတော်မူခဲ့လေသည်။

ဖော်ပြပါ ပကိဏ္ဏကစာစပ်ကျမ်းသည် ဆယ်ကြောင်း ပေ ၂–အင်္ဂါကျော်ရှိသော အဖိုးတန်စာစပ်ကျမ်း ဖြစ်လေသည်။

ပကိဏ္ဏက သမ္ဗန္ဓဝှ–ဂန္ထံ သဗ္ဗဂ်သောဘနံ။
သမ္ဗန္ဓေ ဆေကကာမာနံ၊ အတ္ထာယ ရစယိ သုဓိ။

## ကင်္ခါဝိတရဏီအဋ္ဌကထာနိဒါန်း စာစပ်

ဆရာတော်ဘုရားကြီးသည် ကင်္ခါဝိတရဏီ အဋ္ဌကထာနိဒါန်း စာစပ်ကျမ်းကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းသို့ ရေးသားရာ၌ မိမိက နှုတ်ဖြင့် မိန့်ကြားတော်မူကာ ရွှေဘိုမြို့ မြောက်လက် ငရနဲကြို့ဖလန်ကြိုင်ရွာ လျှင် ဖွားရာဇာတိရှိသော အရှင်ဝိလာသဂ္ဂကို ရေးသားစေတော်မူလေသည်။ ယင်းသို့ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင်က ကင်္ခါဝိတရဏီအဋ္ဌကထာ နိဿယကျမ်းဦး၌–

အတ္ထနတ္ထေဝ ကောသလ္လံ၊ သမ္ဗန္ဓံ စ ဝိလာသဂ္ဂံ။
သာသနဿ ဝိရူဠှိယာ၊ သုဇနဿ စ အတ္ထာယ။

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။ အရှင်ဝိလာသဂ္ဂသည် ဆရာတော်ဘုရားကြီး၏ အနီးအပါး၌နေ၍ ဆရာတော်ကြီးရေးစေသမျှ စာပေတော်တော်များများကို ရေးသားရသူဖြစ်လေသည်။ စာပေကျွမ်းကျင်သည့် ပုဂ္ဂိုလ်တပါးဖြစ်လေသည်။

ယင်းကင်္ခါဝိတရဏီအဋ္ဌကထာနိဿယနိဒါန်းစာစပ်၌ အရှင်ဝိလာသဂ္ဂသည် ပေသို့ရေးတင်ရသော ပုဂ္ဂိုလ်အနေဖြင့်–

ကင်္ခါဘိန္နံ နိကာဒေယျံ၊ နမာမိ ရတနတ္တယံ။
ပါကဋံ ဂန္ထဝုရေသုံ၊ ဂုရုံ စ ဂဏာဝါစကံ။
နတ္វာ ပကတိယာဝေသော၊ ယထေဝ တေပိဋကဿ။
အတ္ထံ ဝါစေတိ သမ္ဗန္ဓံ၊ ကင်္ခါဝိတရဏီယာ စ။
တေသု အတ္ထဒွယံ စက္ခုံ၊ အတ္ထကောသလ္လနိဿယံ။
လိက္ခံ နိဒါနသမ္ဗန္ဓံ၊ သောတုဇနေဟိ သေဝိတံ။
တေန သာမံ ဥဋ္ဌါယ၊ လိက္ခာပိတံ တတော ပရံ။
ပကိဏ္ဏကဋ္ဌ သမ္ဗန္ဓံ၊ နာနာနယသုနိပုဏံ။
ကဏ္ဍဒွယံ သမောဒိယ၊ တေန ပညပိတံ သုဘံ။
– ဝိညူ ပဿန္တု နာမေန၊ က္လမံ သမ္ဗန္ဓ ဒီပနိံ။

ဟူ၍ ဂန္ထာရမ္ဘ ပြုခဲ့လေသည်။ ယင်းဂန္ထာရမ္ဘသည် ကင်္ခါဝိတရဏီအဋ္ဌကထာနိဒါန်း ပကိဏ္ဏကစာစပ်ကျမ်း နှစ်ကျမ်းလုံး၏ ဂန္ထာရမ္ဘဖြစ်လေသည်။

ယင်းစာစပ်ကျမ်းများ၏ နိဂုံး၌လည်း–

ကင်္ခါနိဒါန သမ္ဗန္ဓော၊ လိခိတော ဂရုဝါစိတော။
တတ္ထ စ ကွစိ သမ္ဗန္ဓေ၊ ဝိရုဇ္ဈေယျ ဝိသညိတော။
တသ္မိံ တထံဝ သောဓေတွာ၊ သမ္ဗန္ဓညူ အသေသတော။
ဝိဒ္ဓူကော သု နေတ္တူပမံ၊ ဣမံ ဝါစေန္တု သာဓဝေါ။
နဒ္ဓော ဒေသကဝိကလော၊ ဝဒေ အန္ဓောဝ ဝိသဒ္ဒော။
ဂန္ထေ သမ္ဗန္ဓဝိကလော၊ ပညတျတ္တော စ ဥမ္မာဒေါ။
ဣမံ လိက္ခာပိတံ တေန၊ ဣတော ပရံ ပက်ိတ္တကံ။
သမ္ဗန္ဓဥ္စ သုနိပုဏံ၊ ဝိစိတြံ သဝိနိစ္ဆယံ။
ဒွယမ္ပိ ပဂုဏံ ကတွာ၊ နိဿယာနံ ဂရုဝရာ။
သဒ္ဒါ ဝါစေန္တု သမ္ဗန္ဓံ၊ ဂန္ထဋ္ဌိတိ ဂဝေသနာ။

ဟူသော ၅– ဂါထာဖြင့် ဥပမေယျ, ဥပမာစုံလင်စွာ ဖော်ပြ၍ ဥယျောဇဉ်နှင့်တကွ နိဂုံးအုပ်ခဲ့လေသည်။

သောတူနံ ဝုမိုဘာဝါယ၊ သမ္ဗုဏ္ဏံ မနုညံ သုဘံ။
ကင်္ခါနိဒါနသမ္ဗန္ဓံ၊ အကာ သမ္ဗုဏ္ဏမာနသော။

## ကင်္ခါဝိတရဏီ အဋ္ဌကထာ နိဿယ

ကင်္ခါဝိတရဏီ အဋ္ဌကထာပါဠိကို သာသနာသက္ကရာဇ် ၉၅၅–ကျော် လောက်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက် ပဓာနာဃရ၌ သီတင်းသုံးတော်မူသော နာမည်ကျော် အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ ထေရ် ရေးသားစီရင်တော်မူခဲ့လေသည်။

အရှင်မဟာဗုဒ္ဓဃောသကား ယနေ့တိုင် ကျမ်းဂန်တတ်သိပညာရှိ ကဝိပုဂ္ဂိုလ်အဖြစ် ကျော်စောကိတ္တိ သံမဆိတ်သူဖြစ်သည်။ ကင်္ခါဝိတရဏီ အဋ္ဌကထာသည် စာနေ စာသွားကောင်းသည်၊ ဝါကျအသိအထားလှပသည်၊ မကျဉ်း မကျယ်မှတ်သားဖို့ လွယ်ကူသည်၊ သာသနာတော်၌ ဆိုရိုးရှိသည်။

ငင်းဆိုရိုးကား ''ခါသုံးကောင် တစ်ကောင်ကောင် မိအောင် ဖမ်းရမည်'' ဟုဖြစ်၏။

ယင်းခါသုံးကောင်ကား–

၁။ ကင်္ခါ (ကင်္ခါဝိတရဏီအဋ္ဌကထာ)

၂။ ခုဒ္ဒသိက္ခာ

၃။ မူလသိက္ခာ ဖြစ်လေသည်။

ယင်းကျမ်းသုံးကျမ်းကို တင်စား၍ ခါသုံးကောင်ဟုခေါ်သည်။ ယင်းကျမ်းသုံးကျမ်း အနက် ကင်္ခါမှာ ဝိနည်းအဋ္ဌကထာ တစ်ခုလုံး၏ အနှစ်အမြုတေ, ဝိနည်းပါဠိတော် လာ သိမ်မွေ့နူးညံ့ပြောင်မြောက် ကောင်းမွန်သော အနက်အဓိပ္ပါယ်တို့၏ စုဝေးရာ ဖြစ်၏။ ဆဋ္ဌသံဂါယနာတော်မူ စာမျက်နှာ ၃၅၅–ရှိလေသည်။

ပဉ္စနိကာယသာဂရ၌ တိက္ခဝိဇ္ဇာ ပညာဝုဓ လက်လက်ရှသော ဝိသေသ ဉာဏ်နီဝရဖိန်ပမာ သိက္ခာကာမ ပေသလဗ္ဗီ ဂုဏ်ရည်ထူးခြားတော်မူသော ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် ဖော်ပြပါ ကင်္ခါဝိတရဏီ အဋ္ဌကထာ၏ မိုရာ အတ္ထနိဿယကို ကျစ်လစ်နက်နဲ သိနိုင်ခဲသော အနက်ယောဇနာနည်း အမျိုးမျိုး ပိုင်းခြားဝေခွဲနိုင်ခဲသော အဆုံးအဖြတ်အမျိုးမျိုး ဂဏ္ဌိပဒဟူသမျှကို လုံးဝကုန်စင် သုတ်သင်ရှင်းလင်းနည်း အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်၍ ရေးသား တော်မူခဲ့လေသည်။

## ကင်္ခါဝိတရဏီ အဋ္ဌကထာနိဿယ ရေးသားချိန်

ဆရာတော်ဘုရားကြီးသည် ယင်းကင်္ခါဝိတရဏီ အဋ္ဌကထာနိဿယကို ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ် သက္ကရာဇ် ၁၂၆၄–ခုနှစ်၊ တပို့တွဲလဆုတ် ၉–ရက်နေ့မှစ၍ ရေးသားစီရင်တော်မူခဲ့ရာ သက္ကရာဇ် ၁၂၆၅–ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၉–ရက်နေ့ (ကိုးလတိတိပြည့်သောနေ့)၌ အောင်လံစိုက်ဆောက် ပြီးမြောက်ခဲ့လေသည်။

ဖော်ပြပါ ကင်္ခါဝိတရဏီအဋ္ဌကထာနိဿယကို ရေးသားစီရင်ရာ၌ စွန်သိုက် ရွာလျှင် ဖွားရာဇာတိရှိသော ရှင်ပညာဝံသအမည်ရှိသော အနီးနေတပည့် သာမဏေ ကို မိမိချပို့သည့်အတိုင်း ရေးသားစေတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ကျမ်းဦး၌–

ဝိနာယကော ဒယံ ဗောဓံ၊ တရံတရီ သယမ္ဘုဝံ။

တာရေသိ ပင်္ကံဇံ ဝန္ဒေ၊ ယံ ဓမ္မံ တဥ္စ သံဃံပိ။

နာနာနယေသု ကောသလ္လံ၊ ဝန္ဒိတွာ ရာဇပူဇိတံ။

သံဃရာဇံ ဗဟုက္ကာရံ၊ သေသေပိ သိရသာ နမေ။
ဝိနယာစာရယုတ္တေန၊ သဒ္ဓမ္မဋ္ဌိတိကာမေန။
ဂဏာစရိယထေရေန၊ ယာစိတောဟံ ဂဟေတွာန။
သံဃရာဇေန ဒိန္နံဝ၊ ရတနာပုဏ္ဏရာဇူဟိ။
ပူဇိတော ပစ္စယေနာပိ၊ ဂန္ထသာရောတိ နာမဝေါ။
နိပုဏာဂမ္ဘီရတ္ထာယ၊ သံဝဏ္ဏနာယ နိဿျဋ္ဌ။
ကာရကာ ကာရကာနဥ္စ၊ သမ္ဗန္ဓံ နိစ္စသောဝိတံ။
ဝါစေန္တော သာမဏေရံဝ၊ ဝါစေတွာ တံ ဒွယံ စိတြ။
ပညာဝံသံ လိခါပေသိံ၊ နာနာနယ ဝိစိတ္တတ္ထံ။

ဟူသော ၆–ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမတို့ကိုပြ၍ တောင်းပန်သူ သက်တော် ၇၀–ကျော်ရှိ နတ်ထောင့် ဂိုဏ်းထောက်ဆရာတော် အရှင်သီလ ဟူသော အဘိယာစက, ကျမ်းပြုပုံအခြင်းအရာ, မိမိစေခိုင်းသဖြင့် မိမိချသည့် အတိုင်း ရေးသားရသူ ရှင်ပညာဝံသတို့ကို ဖော်ပြတော်မူခဲ့လေသည်။

## ရှင်ပညာဝံသ ပဏာမပဋိညာဉ်ပြု

ဆရာတော်ဘုရားကြီးက ပညာဝံသ ငါချသည့်အတိုင်း ရေးရမည်ဟု မိန့်တော်မူသဖြင့် ရှင်ပညာဝံသက လိုက်၍ရေးသည်။ ရှင်ပညာဝံသက ရတနတ္တယ ပဏာမ အာစရိယပဏာမ ပဋိညာဉ်တို့ကို–

ရတနာနံ တယံ နတွာ၊ တံ နမေ ဝါစိတံ ဝါစံ။
ရမတံ သူရမံ စာပိ၊ ဝိသုတာနံ သုဝိသုတော။
ယော ဝါစေသိ သမူဟံဂံ၊ စာရေန္တော သာရဘူတံဝ။
သာဋ္ဌကထာပိ ဂမ္ဘီရေ၊ နာနာနယေဟိ ဖုဒ္ဓသာ။
ပါဝစနေ လိခိဿာဟံ၊ ပေသိတော တေန နိဿျံဝ။

ဟူသော ၂–ဂါထာခွဲဖြင့် ရေးသားဖော်ပြခဲ့လေသည်။ နောက်တွင် တစ်ပါးတည်း မနိုင်သဖြင့် အရှင်ဝိလာသဂ္ဂပါ ကူညီရေးသားရလေသည်။

## ကၡ်ါနိဿယ နိဂုံး

ဘိက္ခုပါတိမောက္ခဝဏ္ဏနာ ဆုံးရှုံသာ ရေးသားတော်မူခဲ့သည်။ ဘိက္ခုနီပါတိမောက္ခဝဏ္ဏနာနိဿယကိုကား ရေးသားတော် မမူခဲ့ပါချေ။

နိဂုံး၌–

ပါတိမောက္ခဝဏ္ဏနာကတာ၊ ဗုဒ္ဓဃောသေန ဂမ္ဘီရာ သုဘာ။
တဿာ သမ္ဗန္ဓယောဇနာ၊ နာနာနယူပဒေသကာ မယာ။
အန္တေဝါသိကေဟိ စူဘယံ၊ ဝိလာသဂ္ဂနာမကေန ယေဝ။
ပညာဝံသနာမကေန၊ လိခိတာ အနန္တရာယိကေန သေ။
နိဋ္ဌိတာ ဇိနဿ စက္ကဝဿ၊ ကေစုလီဝရံ ဂတေ ကမေန။
သက္ကရာဇိနိဗ္ဗာနက္ခယံ၊ ဂတေ စ မာဃမာသကာလကဿ။
နဝမိတော ပဉ္စာယ၊ နဝမာသအန္တပရိဆေဒနေ သမယတော။
ပထမကတ္တိကာယ နဝမေဝ၊ ပုဏ္ဏမိဒိနာ ဋ္ဌိတာဘာဝတုသာ။
စိရတရံ ပဘာတု၊ ဇိနသာသနဋ္ဌိတိကတာ ဗဟုဇ္ဇနသုခါ။
ဒါနိ စ သမ္ဘေတံ ကုသလမုတ္တမံ၊ ဗဟုကတံ ပုရေ မမ စ ယံ။
ပဘာဝေနေတဿိခ၊ သတမုပစေန္တာ နမဓိကံ။
ဝိတက္ကာသမ္ပူရေန္တု၊ မနရုစိယေဝံ မဏိယထာ။
သမ္မာ ဒေဝေါ ဝဿံ ဘဝတူ၊ ဒကဓာရာမူစနတော။
သမ္မာ ရာဇာ ဓမ္မေန၊ ပဇမုဇုကံ ရက္ခတု တထာ။
ယထာ ဗုဒ္ဓကုံရာ ယပနဇီဝိတာ ပေက္ခနရတာ။
ပလာယန္တုပ္ပစ္စတ္တိကဒုပုရိသာ ယေ အဟိတကာ။
အနုဂ္ဂါဟော ရာဇာ တုရိတတရ မာဂစ္ဆတု ဣမံ။
သုစိဘူတော ယော၊ သာသနုပကာရော ယတ္ထ မဟိယံ။[၁]

ဟူသော ဂါထာတို့ဖြင့် ကျမ်းပြုပုံအခြင်းအရာ, တပည့်များဖြစ်ကြသော ရှင်ပညာဝံသ, ရှင်ဝိလာသဂ္ဂတို့ကို ရေးစေခဲ့ပုံ, သာသနာသက္ကရာဇ် ၂၄၄၆– ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၄–ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉–ရက်နေ့၌

---

၁။ ငါးဂါထာအနက် ပဌမဂါထားကားဝေတာလီဂါထာတည်း၊ ဒုတိယဂါထာကား ဝိသက္ခရဝုတ္တဂါထာတည်း၊ တတိယဂါထာကား ဘဒ္ဒကဂါထာတည်း၊ စတုတ္ထဂါထာနှင့် ပဥ္စမဂါထာတို့ကား သိခရဏီဂါထာတည်း။

ပြီးခဲ့ကြောင်းကိုလည်းကောင်း, မိမိလိုလား တောင့်တချက်တို့ကိုလည်းကောင်း ဖော်ပြ၍ နိဂုံးချုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းကြီးကို ပေဖြင့်လည်း အကြိမ်ကြိမ် ရေးကူးခဲ့ကြကုန်၏။

စာအုပ်ဖြင့်လည်း နှစ်ကြိမ်ရိုက်နှိပ်ပြီးဖြစ်လေ၏။ ၁၂၇၅–ခုနှစ်က ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန် မင်္ဂလာဧယျာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့လေသည်။ တစ်ဖန် ၁၂၉၆–ခုနှစ်က ရန်ကုန်မြို့၊ ဟံသာဝတီ တိပိဋကတ်ပုံနှိပ်တိုက်တွင် ပဌမတွဲ စာမျက်မှာ ၅၅၂–ရှိပြီး ဒုတိယတွဲမှာ ၆၂၃–ရှိရာ နှစ်တွဲပေါင်း စာမျက်မှာ ၁၁၇၅–မျက်နှာရှိ၍ လွန်စွာကြီးကျယ်သည့် ဂန္ထဝင်မြောက် ကျမ်းစာမွန်ကြီး ဖြစ်လေသည်။ ကင်္ခါဝိတရဏီအဋ္ဌကထာကို ကျနပိုင်နိုင်စွာ လေ့လာလိုသူသည် ဤကျမ်းစာကြီးကို ကြည့်ရှုမှဖြစ်မည်ဟု ဆိုချင်ပါသည်။

ကင်္ခါဝိတရဏီယာပိ၊ နိဿယံ နိဿယာရဟံ။
သမ္မာ သော ကာသိ ဉာဏေန၊ ထိရေန ထိရစေတသာ။

## သုတ်သီလက္ခန် ပါဠိတော်နိဿယ

သီလက္ခန်ပါဠိတော်သည် ဒီဃနိကာယ်သုံးကျမ်းအပါအဝင် ပဌမဆုံး ကျမ်းဖြစ်၏။ ယင်းသီလက္ခန်ပါဠိတော်၌ ဗြဟ္မဇာလသုတ်၊ သာမညဖလသုတ်၊ အမ္ဗဋ္ဌသုတ်၊ သောဏဒဏ္ဍသုတ်၊ ကူဋဒန္တသုတ်၊ ဇာလိယသုတ်၊ မဟာသီဟနာဒ သုတ်၊ ပေါဋ္ဌပါဒသုတ်၊ သုဘသုတ်၊ ကေဝဋ္ဋသုတ်၊ လောဟိစ္စသုတ်၊ တေဝိဇ္ဇသုတ် အားဖြင့် ၁၃–သုတ်ပါရှိလေသည်။ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၃၆– ရှိလေသည်။ ခက်ခဲသောကျမ်းတစ်ကျမ်းဟု သာသနာတွင် ထင်ရှားလေသည်။ ယင်းသို့ ခက်ခဲသဖြင့် အရှင်မဟာဗုဒ္ဓဃောသသည် ယင်းပါဠိတော်၏ အဖွင့် အဋ္ဌကထာကို ရေးသားစီရင်တော်မူခဲ့လေသည်။ အရှင်ဓမ္မပါလသည် သီလက္ခန် အဋ္ဌကထာ၏ အဖွင့်ဋီကာကိုရေးရင် သီလက္ခန်ပါဠိတော်၏ တိမ်မြုပ်သည့် နေရာကို ထပ်ဆင့် ဖွင့်ဆိုတော်မူခဲ့လေသည်။ တစ်ဖန် မောင်းထောင်သာသနာပိုင် ဉာဏာ ဘိဝံသဓမ္မသေနာပတိသည်လည်း သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (သီလက္ခန်ဋီကာ သစ်)အမည်ဖြင့် အဋ္ဌကထာကိုဖွင့်ဆိုယင်း ပါဠိတော်၏ ခက်ခဲရာတစ်ချို့ကို ထပ်မံ ဖွင့်ဆိုတော်မူခဲ့လေသည်။ ၎င်းပြင် ပုဂံအရှင်ဂုဏဝဏ္ဍသက နေရင်းဆရာတော် အရှင်အရိယာလင်္ကာရတို့သည်လည်း သီလက္ခန်ပါဠိတော်နိဿယ ရေးသားတော်

မူခဲ့ကြကုန်၏။ ချောင်းကောက် ရှင်သဒ္ဓမ္မနန္ဒိ (ရာဇဗလကျော်ထင်)သည်လည်း အဋ္ဌကထာကို ပဓာနထား၍ ဂဏ္ဌိရေးသားတော်မူခဲ့သေး၏။

ရေစကြိုဆရာတော်ဘုရားကြီးသည် ယင်းသီလက္ခန်ပါဠိတော်၏ မိရာ အနက်မြန်မာပြန် နိဿယကိုလည်း ပခုက္ကူမြို့မကွေးမီ ရေစကြိုမြို့၊ အောင်မြေ သာယာကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်။ သီလက္ခန် အဋ္ဌကထာ နှင့်ဋီကာဟောင်း၊ ဋီကာသစ်စသည်တို့ကို မှီငြမ်းပြု၍လည်းကောင်း၊ မိမိ၏ ကျေးဇူး ရှင် ဆရာရင်းဖြစ်တော်မူသော သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျာဓမ္မ၏ နည်းနာနိဿယကို မှီငြမ်းပြု၍လည်းကောင်း ရေးသားစီရင် တော်မူခဲ့လေသည်။ ယင်း သီလက္ခန်နိဿယမှာ ပေဖြင့်သာ တည်ရှိခဲ့လေသည်။[၁]

သီလက္ခန္ဓဝဂ္ဂဿာပိ၊ နိဿယံ နိဿယာရဟံ။
သုတေသီနံ ဟိတတ္ထာယ၊ အကာ ဒင္ဇပရက္ကမော။

## သုတ်မဟာဝါ ပါဠိတော်နိဿယ

သုတ်မဟာဝါပါဠိတော်မှာ ဒီဃနိကာယ်အပါအဝင်ကျမ်းဖြစ်လေသည်။ ဒီဃနိကာယ်တွင် နှစ်ကျမ်းမြောက်ဖြစ်လေသည်။ ယင်းကျမ်း၌ မဟာပဓာနသုတ်၊ မဟာနိဒါနသုတ်၊ မဟာပရိနိဗ္ဗာနသုတ်၊ မဟာသုဒဿနသုတ်၊ ဇနသဘသုတ်၊ မဟာဂေါဝိန္ဒသုတ်၊ မဟာသမယသုတ်၊ သက္ကပဉှသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ ပါယာသိသုတ်အားဖြင့် သုတ်ပေါင်း ၁၀–သုတ်ပါရှိလေသည်။ ဆဋ္ဌသံဂါယနာ စာမျက်နှာ ၂၈၃–ရှိလေသည်။

ယင်းပါဠိတော်၏အဖွင့်အဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသ ရေးသားစီရင် တော်မူခဲ့လေသည်။ အရှင်ဓမ္မပါလထေရ်သည်လည်း အဋ္ဌကထာကို ပဓာနပြု၍ အဖွင့်ဋီကာ ရေးသားတော်မူခဲ့လေသည်။ ပုဂံဆရာတော် အရှင်ဂုဏာဝဍ္ဎိသကထေရ်၊ နေရင်းဆရာတော် အရှင်အရိယာဝံသထေရ်တို့သည်လည်း နိဿယရေးသား တော်မူခဲ့ကြကုန်၏။

---

၁။ ယင်းသုတ်သီလက္ခန်ပါဠိတော်နိဿယသစ်တစ်ဆူကို ဆရာတော်ဘုရား၏တပည့် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသထေရ် စီစဉ်ရေးသားတော်မူခဲ့လေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် အဋ္ဌကထာနည်း၊ ဋီကာနည်း၊ အာစရိယဝါဒ နည်းစုံချယ်လျက် ယင်းသုတ်မဟာဝါပါဠိတော်၏ မှီရာအနက် မြန်မာနိဿယကိုလည်း ရေစကြို အောင်မြေသာယာကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ် ရေးသားတော်မူခဲ့လေသည်။ ယင်းနိဿယသည်လည်း ပေဖြင့်သာတည်ရှိလေသည်။[၁]

မဟာဝဂ္ဂ ပါဠိယာပိ၊ နိဿယံ နိဿယာရဟံ။
သာတ္ထနံ ဉာဏဝုမိယာ၊ အကာ ကာရုညမာနသော။

## သုတ်ပါထေယျ ပါဠိတော်နိဿယ

သုတ်ပါထေယျပါဠိတော်သည် ဒီဃနိကာယ်သုံးကျမ်းအနက် နောက်ဆုံးကျမ်းဖြစ်လေသည်။။ ဒီဃနိကာယ်ပါဠိတော်ကို ပဌမသံဂါယနာတင်ပြီးချိန်မှစ၍ အချိန်ကြာမြင့်စွာ အရှင်အာနန္ဒာ၏ တပည့်စဉ်ဆက်တို့ ချပို့ကြကုန်၏။

ယင်းဒီဃနိကာယ်သုံးကျမ်းတွင် သုတ်ပါထေယျသည် အခက်ဆုံးဟု ဆိုချင်ပါ၏။ ဤစာပြုသူသည် ဒီဃနိကာယ်ကို အဋ္ဌကထာ တွဲဖက်ချခဲ့ဘူးသည်။ သုတ်ပါထေယျသည် အခက်ဆုံးဟု သဘောပိုက်မိပါသည်။ ယင်းသုတ်ပါထေယျပါဠိတော်၌ ပါထိကသုတ်၊ ဥဒုမ္ဗရိကသုတ်၊ စက္ကဝတ္တိသုတ်၊ အဂ္ဂညသုတ်၊ သမ္ပသာဒနီယသုတ်၊ ပါသာဒိကသုတ်၊ လက္ခဏသုတ်၊ သိင်္ဂါလသုတ်၊ အာဋာ နာဋိယသုတ်၊ သင်္ဂီတိသုတ်၊ ဒသုတ္တရသုတ်အားဖြင့် ၁၁–သုတ်ပါရှိလေသည်။ ဆဋ္ဌသံဂါယနာစာမျက်နှာမူ ၂၆၀–ရှိလေသည်။

ယင်းပါဠိတော်၏အဖွင့်သံဝဏ္ဏနာအဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသမထေရ် ရေးသားတော်မူခဲ့လေသည်။ ဒီဃနိကာယ်သုံးကျမ်းလုံး၏ အဋ္ဌကထာကို ရေးသားတော်မူခဲ့ခြင်းဖြစ်လေသည်။

လီနတ္ထပကာသနာအမည်ဖြင့် ဋီကာကိုလည်း အရှင်ဓမ္မပါလထေရ်သည် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းသုတ်ပါထေယျ ပါဠိတော်နိဿယကို ပုဂံဆရာတော် အရှင်ဂုဏဝဏ္ဏသကထေရ်၊ နေရင်းဆရာတော် အရှင်အရိယာဝံသထေရ်တို့လည်း ရေးသားတော်မူခဲ့ကြကုန်၏။

---

၁။ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသထေရ်လည်း နိဿယသစ်ရေးသားတော်မူခဲ့သည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် အဋ္ဌကထာဋီကာ စသည်တို့ကို မှီငြမ်း ပြုကာ မိမိဉာဏ်ရည်စွမ်းကို များစွာအသုံးပြုတော်မူ၍ သုတ်ပါထေယျပါဠိတော်၏ မှီရာအနက်၊ မြန်မာပြန်နိသ္သယကိုလည်း ရေစကြိုမြို့ အောင်မြေသာယာကျောင်း တိုက်ကြီး၌ ယာပိုက်မျှညီ သီတင်းသုံး နေထိုင်တော်မူစဉ် ရေးသားစီရင်တော်မူခဲ့လေ သည်။[၁]

ပါထိကဝဂ္ဂနာမာယ၊ ပါဠိယာ နိဿယမ္ပိ စ။
သောတူနံ ဉာဏဝုဍ္ဎာယ၊ အကာ သံသုဒ္ဓမာနသော။

## မူလပဏ္ဏာသပါဠိတော် နိဿယ

သုတ်ပေါင်း ၁၅၀-ရှိ မဇ္ဈိမနိကာယ်တွင် အဦးအစကျမ်းဖြစ်၍ မူလပဏ္ဏာသ ဟု တွင်လေသည်။

မူလပဏ္ဏာသပါဠိတော်၌ မူလပရိယာယဝဂ်၊ သီဟနာဒဝဂ်၊ ဩပမ္မဝဂ်၊ မဟာယမကဝဂ်၊ စူဠယမကဝဂ်အားဖြင့် ၅-ဝဂ်ရှိပြီး သုတ်ပေါင်း ၅၀-ပါဝင် လေသည်။ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၁၅-ရှိလေသည်။

ယင်းမူလပဏ္ဏာသပါဠိတော်မှာလည်း ခက်ခဲသော ကျမ်းပင်ဖြစ်လေသည်။ ရေစကြိုဆရာတော်ဘုရားကြီးသည် မူလပဏ္ဏာသအဋ္ဌကထာ၊ ဋီကာတို့ကို မှီငြမ်း ပြု၍ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်က သက္ကရာဇ် ၁၂၇၀-ပတ်ဝန်းကျင်လောက်တွင် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းနိဿယကြီးမှာလည်း ပေဖြင့်သာ တည်ရှိခဲ့လေသည်။

မူလပဏ္ဏာသနာမာယ၊ ပါဠိယာ နိဿယမ္ပိ စ။
သောတူနံ ဉာဏဝဖိယာ၊ အကာ ကာရုညမာနသော။

---

၁။ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသထေရ်လည်း နိဿယသစ် ရေးသားတော်မူခဲ့သေးသည်။

## မဇ္ဈိမပဏ္ဏာသပါဠိတော်နိဿယ

မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ မဇ္ဈိမနိကာယ်သုံးကျမ်းအနက်၊ အလယ်ကျမ်းဖြစ်သဖြင့် မဇ္ဈိမပဏ္ဏာသဟု ခေါ်တွင်လေသည်။ ယင်းမဇ္ဈိမပဏ္ဏာသပါဠိတော်၌ ဂဟပတိဝဂ်၊ ဘိက္ခုဝဂ်၊ ပရိဗ္ဗာဇကဝဂ်၊ ရာဇဝဂ်၊ ဗြာဟ္မဏဝဂ်အားဖြင့် ဝဂ်ပေါင်း ၅–ဝဂ်ရှိပြီး၊ သုတ်ပေါင်း ၅၀–ပါရှိလေသည်။ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၄၃၉–ရှိလေသည်။

ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရသည် ဖော်ပြပါ မဇ္ဈိမပဏ္ဏာသပါဠိတော်၏ အနက်၊ မြန်မာပြန်နိဿယကို အထပ်ထပ်ချုပ်ပြီး ရေးသားတော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် မဇ္ဈိမပဏ္ဏာသ ပါဠိတော်နိဿယကို မိမိချုပ်သည့်အတိုင်း မိမိ၏တပည့်ရင်းဖြစ်သည့် မိတ္ထီလာမြို့နယ်၊ လက်ပန်ခါး ကော့ရွာဇာတိ၊ အရှင်ဓမ္မာနန္ဒ အမည်ရှိသော ရဟန်းတော်ကို ပေးသို့တင်စေတော်မူခဲ့လေသည်။ ရေးသားပြီးစီးချိန်မှာ သာသနာသက္ကရာဇ် ၁၄၅၄–ခု၊ ကောဇာသက္ကရာဇ် ၁၂၇၂–ခုနှစ်၊ နယုန်လဆန်း ၅–ရက်၊ ကြာသပတေးနေ့ နံနက် တစ်ချက်တီး စက်နာရီ ၆–နာရီခွဲ အချိန်တွင် ရေးသားပြီးဖြစ်လေသည်။

ကျမ်းစာနိဂုံး၌–

ဒယမီဝရေနေဝ စ၊ ဒေသိတော ဝရဇိနေန။

ဝါဒီဝရေန နိက္ကာယော၊ အဒုတိယေန ဒုတိယော။

နိဿယော လိခိတော တဿ၊ တိပဏ္ဏာသေ မဇ္ဈိမဿ။

သက္ကရာဇေ ဝသပ္ပတ္တော၊ နိဋ္ဌိတော ပဝရော သာမန္တိ။

စ၊ စာကိုယ်ပြီးဆုံးကျမ်းနိဂုံးကို ဆိုဦးအံ့။ ဒယမီဝရေန၊ ကရုဏာပညာရှိသူတို့ ထက်မြတ်သော မဟာကရုဏာပညာရှိတော်မူသော။ ဝါ၊ ဘုရားဆုကို ပန်ပါဟု တိုက်တွန်းတောင်းပန်တတ်သော မဟာကရုဏာ အပရာဇိတ ပလ္လင်ဗောဓိပင်၌ရအပ်သော မြတ်သောသဗ္ဗညုတပညာရှိတော်မူသော။ ဝရဇိနေန၊ အောင်ရာပလ္လင် ဗောဓိပင်ဝယ် စစ်မြေတလင်း အောင်တပ်ခင်း၍ တစ်ထောင့်ငါးရာ ကိလေသာရန်မှက် စောရန်ချက်ကို မြတ်သောအရဟတ္တမဂ် ဓားသံလျက်ဖြင့် ခုတ်ဖြတ်သုတ်သင် အောင်မြင်တော်မူပြီးသော။ ဝါဒီဝရေန၊ သစ္စာလေးပါးမြတ်တရားကိုသာ ဟောတော်မူတတ်သော။ ဝါ၊ လောကုတ္တရာတရားကိုသာ ဟောတော်မူတတ်သော အရိယာသာဝကတို့ထက်မြတ်တော်မူသော။ အဒုတိယေန၊ နှစ်ယောက်မြောက်

ရှိတော်မမူသော။ (ဂေါတမေနေဝ၊ ဂေါတမနွယ်ဘွား မြတ်စွာဘုရားသည်သာလျှင် (ထည့်))။ ဒုတိယော၊ နှစ်ခုမြောက်သော။ ယောနိကာယော၊ အကြင်မဇ္ဈိမနိကာယ်ကို။ ဝိနေယျာနံ၊ ကျွတ်ထိုက်သောသတ္တဝါတို့အား။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ တဿနိကာယဿ၊ ထိုမဇ္ဈိမနိကာယ်၏။ တိပဏ္ဏာသေသု၊ သုံးပါးသော မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသတို့တွင်။ မဇ္ဈိမဿ၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၏။ ယောနိဿယော၊ မာဂဓဘာသာကို မြန်မာပြန်ဆိုရာဖြစ်သော အကြင်နိဿယသစ်ကို။ လဒိတော၊ ခုနှစ်ဆယ်ပြည့်နှစ် ဝါဆိုလဆုတ် တစ်ရက်နေ့မှစ၍ ရေးသားအပ်၏။ သိမ္ဗလိကဋ္ဌောနတဂါမေ၊ မိတ္ထီလာမြို့အဝင်အပါ လက်ပန်ခါးကျေးရွာ၌။ ဇာတေန၊ လူ၏အဖြစ်ကိုရသော။ မယာ၊ မွောနန္ဒဟူသော နာမပညတ်သကတ်၏တည်ရာ ငါသည်။ ဒိန္နနယံ၊ ငါတို့ကျေးဇူးရှင် ကိုးမြို့ဂိုဏ်းချုပ် ပခုက္ကူဆရာတော် အရှင်မြတ်သည် ပို့ချပေးအပ်သောနည်းကို၊ နိဿယံကတွာ၊ အမှီတကဲသဟဲပြု၍။ ဝသန္တေန၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၌ နေလျက် (ဆောင်ပုဒ် ထည့်) ဒွါဒသဝဿိကကာလေ၊ ဥပသမ္ပဒကို ဆောင်ရ၍ တစ်ဆယ့်နှစ်ဝါရသော ကာလ၌။ သာမံ၊ ကိုယ်တိုင်။ လိက္ခိတော၊ ရေးအပ်သော။ တဿ မဇ္ဈိမဿ၊ ထိုမဇ္ဈိမပဏ္ဏာသ၏(လိုက်စပ်)ပဝရော၊ ရှေးနိဿယတို့ထက်မြတ်သော။ သော နိဿယော၊ ထိုနောက်သားနောင်လာတို့၏ မှီရာအတ္ထနိဿယသည်။ ကေဝသော၊ တစ်နှစ်ကိုလွန်ခဲ့လေသည်ရှိသော်၊ နိဋ္ဌိတော၊ အပြီးသို့ရောက်ပြီး။ တစ်နည်း။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဣတော ပတ္တော၊ ရောက်ပြီ။ ဣတိကတ္တဒံပရိသမာ ပနံ၊ ဤသို့သော ပြီးဆုံးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဟူ၍ ပြည့်စုံစွာ ဖော်ပြလေသည်။

ယင်းမဇ္ဈိမပဏ္ဏာသပါဠိတော်နိဿယမှာ ၁၃-ကြောင်း(၁၂-ကြောင်း) ပေအင်္ဂါ ၄၀-ခန့် ရှိလေသည်။

မဇ္ဈိမပဏ္ဏာသာဂုယ၊ ပသတ္တတန္တိယာပိ စ။
နိဿယမ္ပိ စ သော ကာသိ၊ နိဿယကရဏော ဝိဒူ။

## ဥပရိပဏ္ဏာသပါဠိတော် နိဿယ

ဥပရိပဏ္ဏာသပါဠိတော်သည် မဇ္ဈိမနိကာယ်တွင် နောက်ဆုံးကျမ်းမြတ်ဖြစ်လေသည်။ ယင်း ဥပရိပဏ္ဏာသပါဠိတော်၌ ဒေဝဒဟဝဂ်၊ အနုပဒဝဂ်၊ သုညတဝဂ်၊ ဝိဘင်္ဂဝဂ်၊ သဠာယတနဝဂ်အားဖြင့် ၅-ဝဂ်ရှိပြီး သုတ်ပေါင်း ၅၀-ပါရှိလေသည်။ ယင်းသို့ သုတ်ပေါင်း ၅၀-ရှိ၍ မဇ္ဈိမနိကာယ်တွင် အထက်ဆုံး တတိယမြောက်

ကျမ်းဖြစ်သဖြင့် ဥပရိပဏ္ဏာသဟု တွင်သည်။ ယင်းဥပရိပဏ္ဏာသ ပါဠိတော်မှာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၃၅၂–ရှိလေသည်။

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ဥပရိပဏ္ဏာသပါဠိတော်၏မှီရာ အဋ္ဌနိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းသို့ရေးသားရာ၌ မိမိချပို့သည့်အတိုင်း ထီးလင်းမြို့နယ်ဇာတိ သာမဏေရှင်ပညာဇောတကို ရေးသားစေတော်မူခဲ့လေသည်။ ယင်းကျမ်းပြုစုချိန်မှာ သက္ကရာဇ် ၁၂၇၃–ခုနှစ်၊ နယုန်လဆန်း ၁၁–ရက်နေ့က ဖြစ်လေသည်။

ယင်းနိဿယကျမ်းဦး၌–
အဒုတိယော အနာထာနံ၊ နာထကရော ဇိနော ဇယံ။
ပူရံ ပူရံ ယမာဒေသိ၊ နိကာယံ ဒုတိယံ ဗောဓံ။
သော ပဏ္ဏာသေဟိ ထေရေဟိ၊ တီဟေဝ ဗန္ဒိတော နမော။
ကရောမိ တဿ တေသဥ္စ၊ နမသိတွာန ယော ယောပိ။
ပဏ္ဏာသော လဒ္ဓနာမောဝ၊ တေသု နိသျံ လိခံ ဝါစံ။
နာနာနယေဟိ သမ္ပုဏ္ဏံ၊ အတိတ္တံ ဝမုနံ ပိယံ။

ပူရံ–ပူရိတဗ္ဗံ၊ ဖြည့်အပ်သော ပါရမီဆယ်ပါးမြတ်တရားကို။ ပူရံ–ပူရေန္တော၊ ဖြည့်တော်မူသည်၏။ ဟုတွာဘာဝတော၊ ဖြစ်ခြင်းကြောင့်။ အဒုတိယော၊ တုဖက်ယှဉ်မြောက် နှစ်ယောက်မောက် ရှိတော်မမူသော။ အနာထာနံ၊ သံသာရာစက် ဝဲဝယက်၌ မှီရာကင်းကွာ ကိုးကွယ်ရာမရှိသောသူတို့၏။ နာထကရော၊ ကိုးကွယ်မှီခိုရာကို ပြုတော်မူတတ်သော။ ဇယံ–ဇယိတဗ္ဗံ၊ အောင်အပ်သော ကိလေသာတရားကို။ ဇိနော၊ အောင်ရာပလ္လင်အောင်ဗောဓိပင်ဝယ် အောင်မြေတလင်း အောင်တပ်ခင်း၍ အောင်တော်မူပြီးသော။ ယောတထာဂတော၊ အကြင်ငါတို့ထိပ်တင် ဂေါတမ ဘုရားရှင်ပင်သည်။ ဗောဓံ၊ သစ္စာလေးပါး မြတ်တရားကို သိကြောင်းဖြစ်သော။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ယံနိကာယံ၊ အကြင်မဇ္ဈိမနိကာယ်ကို။ အဒေသိ၊ ဟောတော်မူပြီ။

သောနိကာယော၊ ထိုမဇ္ဈိမနိကာယ်ကို။ ထေရေဟိ၊ အရှင်မဟာကဿပအစရှိသော မဟာထေရ်တို့သည်။ တီဟေဝပဏ္ဏာသေဟိ၊ သုံးပါးသောပဏ္ဏာသတို့ဖြင့်သာလျှင်။ ဗန္ဒိတော၊ ဖွဲ့အပ်၏။ ထီးလင်းတိအဝှယော၊ ထီးလင်းဟု ခေါ်ဝေါ်

အပ်သောမြို့၌။ ရက္ခဝသစောရိဂဟိတဂါမေ၊ လူတို့သည် စောင့်၍နေပြီးလျှင် ခိုးသူတို့ကို ဖမ်းယူရာဖြစ်သောရွာ၌။[၁]

ပဋိသန္ဓိ ပဋိသန္ဓေကို။ ဂဟေတွာ၊ ယူ၍။ လဒ္ဓမနုဿဘာဝေါ၊ ရအပ်သော လူ၏ အဖြစ်ရှိသော။ ပညာဓောတော နာမ၊ ပညာဓောတအမည်ရှိသော။ အဟံ၊ ငါသည်။ သာမဏေရော၊ သာမဏေသည်။ သမာနောပိ၊ ဖြစ်ပင်ဖြစ်ပါသော်လည်း။ တဿစတထာဂတဿ၊ ထိုမြတ်စွာဘုရားအားလည်းကောင်း။ တေသဥ္စထေရာနံ၊ ထိုအရှင်မဟာကဿပထေရ် အစရှိသောမထေရ်တို့အားလည်းကောင်း။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ပြုပါ၏။ နမဿိတွာ၊ ရှိခိုးပြီး၍။ ဝါ၊ ရှိခိုးခြင်းကို ပြုပြီးသည် ရှိသော်။ ယောယောပိ ပဏ္ဏာသော၊ အကြင်အကြင်ပဏ္ဏာသသည်လည်း။ လက္ခိတဝသေန၊ မှတ်သားအပ်သော သုတ္တဝဂ္ဂတို့၏ အစွမ်းအားဖြင့်။ (ဤပုဒ်လုတ္တနိဒ္ဒိဋ္ဌ) လဒ္ဓနာမောဝ၊ မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသဟု ရအပ်သော အမည်ရှိသည်သာလျှင်တည်း။ တေသုပဏ္ဏာသေသု၊ ထိုသုံးပါးသောပဏ္ဏာသတို့တွင်။ ဥပရိပဏ္ဏာသပါဠိယာ၊ ဥပရိပဏ္ဏာသ ပါဠိတော်၏။ (ဤပုဒ်ဂမျမာန်) နာနာနယေဟိ၊ ပုဗ္ဗာနုသန္ဓေ, ပရာနုသန္ဓေ, စပ်ရာနည်းနယ, အကြောင်းအကျိုး, စပ်ရာနည်းနယ, နိယတ်, အနိယတ်စပ်ရာနည်းနယ, ဥပမာ, ဥပမေယျစပ်ရာ နည်းနယ အစရှိသည်တို့ဖြင့်။ သံပုဏ္ဏံ၊ ပြည့်သော။ အတိတ္တံ၊ နာ၍ရောင့်ရဲခြင်းမှ ကင်းသော။ ဝါ၊ မရောင့်ရဲနိုင်သော။ ဝမုနံ၊ နာသောသူတို့ပီတိကို ပွားစေတတ်သော။ ပိယံ၊ နှစ်သက်ဖွယ်ရှိသော။ အာစရိယေန၊ ပဓက္ကူ, ရေစကြိုနှစ်မြို့၌နေကုန်သော ဥပါသကာ, ဥပါသိကာမတို့အား သင်္ဂဟတရားကို ရှေ့သွားပြု၍ သာသနာတော်ကို အရှည်တည်စိမ့်သောငှာ ထိုထိုမြို့ရွာမှ ဆိုက်ရောက်လာကြသော တပည့်သံဃာ အပေါင်းများစွာတို့အား နိကာယ်ငါးရပ်ကို မပြတ်ပို့ချတော်မူလေ့ရှိသော ငါတို့ ရေစကြိုဆရာတော်ဘုရားကြီးသည်။ ဝါစံ– ဝါစိတံ၊ ငါတို့အားပို့ချအပ်သော။ နိဿျ၊ နောက်သား နောင်လာတို့၏ မှီရာမာဂဓ ဝေါဟာရကို ပြန်ဆိုရာဖြစ်သောနိဿယ ကို။ လိခံ၊ ရေးသား၍ထားခဲ့အံ့။

---

၁။ ယခုကင်းပန်းရွာဖြစ်ဟန်တူသည်။ ရှင်ပညာဓောတကား နောက်အရှင်ပညာဓောတ ဖြစ်သည်။ ဝိနယဂရုကသိက္ခာကာမ စာတတ်ဆရာတော်တစ်ပါးဖြစ်တော်မူခဲ့သည်။ မဟာဝိသုတာရာမနိကာယ သာသနာဝင် ၄၉၉–၅၀၅–ကြည့်ရှု။

ဟူ၍ ပါဠိဂါထာရေး ပြခဲ့လေသည်။ ယင်းဥပရိပဏ္ဏာသပါဠိတော် နိဿယသည် ၁၃-ကြောင်း ပေ ၃၅-အင်္ဂါခန့်ရှိလေသည်။

ဥပရိပဏ္ဏာသာဘိဓာန၊ ပါဠိယာ နိဿယမ္ပိ စ။
နိမ္မာသိ သော မဟာထေရော၊ နိဿယနိမ္မာနေ ဝိဒူ။

## မူလပဏ္ဏာသအဋ္ဌကထာ နိဿယ

အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် သာသနာသက္ကရာဇ် ၉၅၅-ခုနှစ်တွင် နန်းတက်သော မဟာနာမမင်း လက်ထက်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့၊ မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ရောက်ရှိပြီး အရှင်ဗုဒ္ဓမိတ္တစသော မထေရ်မြတ်တို့ထံ သီဟိုဠ်အဋ္ဌကထာကို သင်ယူတတ်မြောက်ခဲ့သည့် မဟာဝိဟာရကျောင်းတိုက်နှင့် မဟာဝိဟာရဂိုဏ်းဂဏကြီး၏ ကျက်သရေဆောင်ပညာရှိကြီး ဖြစ်တော်မူခဲ့လေသည်။

အရှင်မဟာဗုဒ္ဓဃောသသည် သုမင်္ဂလဝိလာသိနီ အမည်ရှိသော ဒီဃနိကာယ်အဋ္ဌကထာကို ရေးသားစီရင်တော်မူပြီး အနားမယူပဲ အရှင်ဗုဒ္ဓမိတ္တ ထေရ်၏ တောင်းပန်မှုကြောင့် ဆက်တိုက် မဟာအဋ္ဌကထာ၏ အနှစ်အမြုတေကိုယူ၍ မဇ္ဈိမနိကာယ်ပါဠိတော်၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ပပဉ္စသူဒနီအမည် တပ်၍ ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းမဇ္ဈိမနိကာယ်အဋ္ဌကထာသည် ဘာဏဝါရပေါင်း ၁၀၇-ဘာဏဝါရရှိရာ လွန်စွာကျယ်ဝန်းသည်။ ခက်ခဲနက်နဲလည်း ခက်ခဲနက်နဲလေသည်။ မဇ္ဈိမနိကာယ်အဋ္ဌကထာသည် ဆဋ္ဌသံဂါယနာမူ လေးတွဲရှိ၍ စာမျက်နှာ ၁၂၈၀-ရှိလေသည်။ ယင်းလေးတွဲအနက် မူလပဏ္ဏာသအဋ္ဌကထာမှာ ပဌမ၊ ဒုတိယ၊ နှစ်တွဲရှိ၏။ ယင်းနှစ်တွဲတွင် ပဌမတွဲ ၃၉၈။ ဒုတိယတွဲ ၃၂၀-ရှိရာ ၂-တွဲပေါင်း ၇၁၈-မျက်နှာ ရှိလေသည်။

ကျေးဖူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် မန္တလေးမြို့၊ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော် သိက္ခာ ၁၄-ဝါလောက်တွင် ဖော်ပြပါ မူလပဏ္ဏာသအဋ္ဌကထာ၏ မှီရာနိဿယကို ကျေးဖူးရှင် ဆရာရင်းဖြစ်တော်မူသော မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး တိုက်တွန်းတော်မူခဲ့သဖြင့် ဂန္ထကရဏပုဗ္ဗကိစ္စ ပရိစယအထောက် အခေါက်ခေါက် အပြန်ပြန် အတန်တန်ပို့ချသဖြင့် ရအပ်သော စိန္တာမယပါရိဟာရိယပညာ မဟာဝါယာမဉာဏ်၊ ဆရာမွန်ဆရာမြတ်တို့ထံမှ ရအပ်သော လဒ္ဓေါပဒေသ၊ ရှေးရှေး

ဘဝကာလများစွာက ဆည်းပူးစုဆောင်းတော်မူခဲ့သော ဇာတိမဟာပုညဉာဏ်တို့ဖြင့် ဝေဖန်ဆုံးဖြတ် သဒ္ဒနယ, အတ္ထနယ, အဓိပ္ပါယတ္ထ, ဝိစိတြယောဇနာ စုံလင်စွာဖော်ပြ၍ စာချမပြတ် ပရိယတ်လုပ်လျားအကြားအကြားတွင် ရေးသားစီရင်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီး၏ ယင်းမူလပဏ္ဏာသအဋ္ဌကထာ နိဿယကျမ်းဦး၌–

သတ္တေ ကမ္ပိတမနေသော ဒိသွာ၊ ဝုယှန္တေ မတပဇဟိ နာထော။
ဟတ္ထံ ပတ္ထိတ ပဏာတဉာဏံ၊ ဝန္ဒေတံ ဂုဏာဒယသမ္ဗန္ဓံ။[၁]
ဝဇ္ဇိတဟတ္ထေ မဇ္ဈာတောယံ၊ ဒေဝမနုဿာနံ ဝရဓမ္မံ။
နာထကရောဒေသေ မလိဒ္ဒံ။ တေန မတံ ဝန္ဒေ မနသာ တံ။[၂]
ဩရေဇာတာအရိယကရာယေ၊ ဒိသံပတ္တာ သုပဋ္ဌိတစိတ္တာ။
ဝန္ဒာမှာဟံ ဝိဂတမလံ တံ၊ သိရေ ပါရိယပဋ္ဌိပန္နံ။[၃]
သာသနဇောတိဋ္ဌပရိယတ္တိ၊ ဝီရိယသမ္ပန္နာ ဂဏာဝါစာ။
ယေ စ နမုပဏ္ဏာစရိယာ တေ၊ တေသု ဝရတ္ထေရံ ဗဟုကာရံ။[၄]
ပသနေနန္တရာယေပိ၊ သောခေတွာ စေတသာ လိက္ခံ။
မူလပဏ္ဏာသကဿ စ၊ ပါဠိယာဋ္ဌကထာနိဿံ။
ယသ္မာ ပုရေဟိ ကိဋ္ဌာပိ၊ ဘိန္နုပဒေဟိ ယေ ကတာ။
ယထာဘူတံ န ဇာနိတုံ။ တသ္မာ လိခမဟံ နဝံ။
သဒ္ဒမ္မစိရဋ္ဌိတတ္ထံ၊ တန္တိယာ စ နယံ ဒိန္နံ။
သံဃရာဇေန နိဿာယ၊ မူလိက သတ္တ နိဿုန္တိ။

မဟာဓမ္မရာဇာ ဟိ ဘဂဝတော စတုရောဃနိမုဂ္ဂေ သတ္တနိကာယေ ဇာတိဇရာမရဏာဘိနိပ္ပီဠိက ဒုက္ခပ္ပတ္တေ ဂေါစရာဘာဝေန နိပ္ပတ္တာ ယာ သာဓာရဏမဟာကရုဏာယ သဥ္စောဒိတဿ ဒီပင်္ကရပါဒတော ပဋ္ဌာယ ယာဝမဟာဗောဓိမဏ္ဍော ဗုဒ္ဓတ္တကရေ ဓမ္မေ ဒသဗလစတုဝေသာရဇ္ဇ ဉာဏာဒိပဋိမဏ္ဍိတ ဗောဓိသမ္ဘာရေ ပါရမီဉာဏေန ပူရတော ဇမ္ဗုဒီပဝေမဇ္ဈေ သဗ္ဗဗုဒ္ဓါဇဟိတမာရဝိဇယဋ္ဌာနဘူတေ အသတ္တဋ္ဌာတာရဟာ ဗောဓိရုက္ခမူလေ မာရံ ဇိတွာ သောဓိတပုဗ္ဗေနိဝါသ

---

၁။ ပဏာဝ ဂါထာ။
၂။ ရုမ္မဝတီဂါထာ။
၃။ မတ္တဂါထာ။
၄။ စမ္ပကမာလာဂါထာ။

ဒိဗ္ဗစက္ခွာသဝက္ခယ ဒသဗလဉာဏာဒိ ပဋိမဏ္ဍိတသဗ္ဗညုတဉာဏပဝတ္တသာ နိမ္မိတာဒိသဗ္ဗကိစ္စာနိ ကရောတော အဋ္ဌမေ သတ္တာဟေ အဇပါလရုက္ခမူလေ နိသိန္နဿ အပ္ပေါသုက္ကဘာဝံ စ ပတ္တဿ ဗြဟ္မုနာ ဓမ္မဒေသနတ္ထာယ ယာစိတဿ ကာသိနံ ပုရံ ဂန္တွာ ဓမ္မစက္ကပဝတ္တနတော ပဋ္ဌာယ ယာဝ ကုသိနာရာယံ ပရိနိဗ္ဗာန ကတေ သဗ္ဗဗုဒ္ဓကိစ္စေ ပရိနိဗ္ဗာနမဉ္စကေ နိပန္နတော ဌပိတသာသနေ အဇာတ သတ္တု အာဒယော ဝိယာဘိပ္ပသန္နော ဝိဝိဓရဋ္ဌိဿရမဟာဇနိန္နော သဒ္ဓါသီလာဒိ သတ္တသဒ္ဓမ္မသမုပေတဘာဝနာရဇ္ဇ ယထာဘူတ ဉာဏာဒိဂုဏ သမ္ပန္နော သဒ္ဓမ္မ စိရဋ္ဌိတိကဝိရုဠှိဝေပုလ္လဘာဝမတိစ္ဆန္တော သာသနဿဆနဝုတိတိ သတဒွိသဟဿ ဝဿသမ္ပတ္တကာလေ ရဇ္ဇံ ပါပုဏိတွာ အပေါသုက္ကမနိသိန္နော သံဃရာဇာ ပဘုတိကေ ထေရေ ပရိယတ္တိဝိသာရဒေ စတူဟိ ပစ္စယေဟိ သင်္ဂဟေတွာ သာဋ္ဌကထံ ဗုဒ္ဓဝစနံ သောဓာပေသိ စေဝ အညေ စ ဘိက္ခူ ရာဇင်္ဂဏေ သဇ္ဈာပေသိ စ ဂဏဝါစကေ ဝါစာပေသိ စ၊ တေန ဝုတ္တံ “ဘိန္န ပဒေဟိ”တိ အာဒိ။

တဒါ ထေရဝရော ဣမံ သာဋ္ဌကထံ မဇ္ဈိမနိကာယံ သောဓေတွာ သိဿာနံ အနေကက္ခတ္တုံ ဝါစေတွာ မံ ဥပရိပဏ္ဏာသ ပါဠုတ္တံ လိခါပေသိ။ ဣဒါနိ ပန တေန ဝါစိတ လိခိတကာလေ ဂန္ထဂန္ထာတိ အာမန္တေတွာ မယာ ကတကိစ္စကရောတိ ဝါ, မာ ဝါ။

ဥပမံ တေ ကရိဿာမိ၊ ဇာနုပမာယ။ ယထာ ဟိ ဧကော ပုရိသော ဗဟွာဗာဓော အာဗာဓံ ကသာဝေန ဓောဝိတွာ နိသီဒိ။

အထ သမီပါဂတံ ကိံ ပုတ္တ ဗုဒ္ဓိကာလေ ကရောသီတိ ဝုတ္တေ ဓောဝနံ ကမ္မံ ကရိဿာမီတိ ဝုတ္တံ ဧဝံ ကတကိစ္စံ ကရိဿာမီတိ ဝဒေဟိ မာ မံ စဇဟံပိ န ဇဟာမိ မဟာပုညော နိစ္စံ မံ ပဋိသင်္ဂါဟံ သက္ခိဿတိ သာသနံ ရက္ခိတုံ သေစန္တော မဟာပုညော၊ ဒီဃာယုကော ဘဝိဿတိ၊ ဣမမ္ပိ နိကာယံ ဝါစာတိ ဝုတ္တဝစနံ သမနုဿရန္တော တသ္မိံ ဝါစိတေ နိကာယေ အတ္ထေ သုလိခိတ ဒုလ္လိခိတ ဘာဝဇာနနတ္ထံ ပဿိတေ ဒုလ္လိခိတဘာဝံ ဇာနိတွာ ဘိန္နေ အတ္ထေ အဓိပ္ပါယော ဘိန္နေယျ၊ အဓိပ္ပါယေ ဘိန္နေ ယထာဘူတံ န ဇာနေယျာတိ ပရံပရာယ သုခံ နလဘေယျ သောဓိတ တန္တိပိ ဘိန္နေယျ ဣဒါနိပိ ဝိပရိတ္တံ ပဓာနံ ကတွာ သောဓိတ ဘိန္န ပရံကတ္တစိ ပေါတ္ထကေ အတ္ထီတိ စိန္တေန္တော စ လိခါမိ မူလ ပဏ္ဏာသအဋ္ဌကထာ တန္တိယာတ္ထန္တိ။

ဟူသော ၇–ဂါထာ၊ စုဏ္ဏိယရှည်ကြီးတို့ဖြင့် ရတနတ္တယပဏာမ၊ အဘိယာစက၊ ပကရဏာဟေတု၊ ပကရဏာပယောဇဉ်၊ ပဋိညာဉ် စသည်တို့ကို ပြတော်မူခဲ့လေသည်။[၁]

မူလပဏ္ဏာသ အဋ္ဌကထာနိဿယသစ်၏ ၁၁–ကြောင်း ပေထုပ် ၂–ထုပ်တွေ့ရ၏။ ဒုတိယအဆုံး၌ အောက်ပါ နိဂုံးလင်္ကာကို တွေ့ရပါသည်။ သို့ရာတွင် ဆရာတော်ဘုရားကြီးရေးသားသော နိဂုံးလင်္ကာ ဟုတ်မည်မထင်ပါ။ သုတေသီတို့လေ့လာနိုင်ရန် မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

## မူလပဏ္ဏာသအဋ္ဌကထာ နိဿယနိဂုံးလင်္ကာ

ဇေယျတု။ ။ ဤသို့များစွာ ကုသလာကြောင့် သံသရာကျယ် လေးသွယ်သြဃ အာသဝလေးပါး ဝဋ္ဋတရားတွင် ကျင်လည်သမျှ ဒုက္ခတန်တန် အဖန်ဖန်တည့် စုံဆန်လူးလာ ခါခါခေါက်ခေါက် ရောက်မိရောက်ရာ ဖြစ်တတ်စွာ သားအဏ္ဏဝါဝှေ ပင်လယ်ရေမှ အောင်မြေနိဗ္ဗူ သောင်ကမ်းငူသို့ ရှစ်ဆူမဂ္ဂင် ဖေါင်ရေယာဉ်နှင့် ငွေစင်ဖြူနှစ် မြူမရပ်သို့ မှုသစ်မပြစ် ဖြောင့်မှန်စောစွာ ရောက်လိုပါ၏။ မဟာအမတ ချမ်းမြရွှန်းစို ကျွန်းရိပ်ညိုသို့ မခိုရသေး သံသကြေးတွင် ရှည်ဝေးကာလဖြစ်သမျှလည်း သုခကြီးပွား ကျင့်တရားမှု မများဖြောင့်ဖြောင့် မြဲကြောင်းစောင့်လျက်နှောင့်ယှက်တတ်စွာ မသမာသား မိစ္ဆာကျင့်ညစ် ခွာကုံမြစ်၍ ခုနှစ်ဥစ္စာ သူတော်စွာတို့ မက္ခာသုံးစွဲ အမြဲမပြတ် သုံးစွဲမှတ်သား အမြတ်ရတနာ သဒ္ဓါသီလ သုတစာဂံ ဉာဏ်ပညာရှိ ဟိရိဩတ္တပ္ပ သတ္တရတနာ ဤဉစ္စာလည်း ကိုယ်မှာ အမြဲ မပြတ်စွဲ၍ လွှန်ကဲပိုမို မငြိုမငြင် ဖြစ်ပါချင်၏။ ရှစ်ခွင်ရပ်ပြစ် လေးဆစ်ပယ်ပုံ မစုံမဆန် ငါးပါးရန်နှင့် သုံးတန်သောကပ် ကင်းဝေးလတ်၍ လူနတ်ပြဟ္မာ ပျော်စံရာသားချမ်းသာဖြစ်တတ် အကျင့်မြတ်ကို စွဲကပ်ပိုင်ပိုင် ဖြည့်ကျင့်နိုင်၍ မယိုင်မညွတ် ကျောက်တော်ထွတ်သို့ တမွတ်ရွှန်းစို ဖြစ်ပါလို၏။ နဂိုရ်ဌာန သာလှတုံဘိ ပတိရူပ ဒေသဝါသေ ပုဗ္ဗေကတ ပုညရေးပြု ကောင်းမှုမက္ခာ အတ္တသမ္မာ ပဏီဟိတာဟု သပ္ပုရိသနိဿယနှင့် လေးဝစက်ငွေ့ ကြိမ်ကြိုက်၍လျှင် လွေ့လွေ့ရမ်းရမ်း ကြည်ရွှင်လန်းလျက် ဖြောင့်တန်းမကွေ့မြတ်ဝေလေ့ဖြင့် မွေ့မွေ့သာသာ ဖြစ်ပြီးခါမှ နောင်လာဗုဒ္ဓ မိတေယျလျှင် လေးဝသစွာ ပွင့်သောခါ၌ သတ္တဝါမိုလ်ခြေ များဝေနေကို

---

၁။ အနက်ယောဇနာချက်များကို ကျမ်းလေးမည့်အရေး တွေးမိသဖြင့် ချန်လှပ်လိုက်ပါသည်။

ဒေသနာအမြွက် သိမ်းကျုံးပိုက်၍ တိုက်ကျွေးသောခါ တိုက်လိုရာရာ ဝါသနာဆုထူး ပန်ဆင်ဘူးသား ဂုဏ်ထူးအလျောက် ချီးမွမ်းလောက်အောင် မြတ်ခေါင်ထွန်းညှိ လင်းလင်းသိ၍ ပဋိသမ္ဘိဒါ ခြောက်ဖြာအဘိညာဉ် ရှစ်စဉ်သမာပတ် ပြီးပြည့်လတ်မှ အရဟတ္တဖိုလ် နိဗ္ဗာန်ဆိုသည့် ကျွန်းညှိအမတ ပြည်ပူရသို့ ရောက်ရစေကြောင်း ဆုပန်တောင်းသည့် သံသြောင်းကျူးရင့် အောင်စေသော်ဝ်။

ဤသို့စသည်ဖြင့် ဆရာတော်ဘုရားကြီးသည် မူလပဏ္ဏာသ အဋ္ဌကထာ ပါဠိ၏ မှီရာအနက် မြန်မာပြန်နိဿယကိုလည်း ထက်မြက်စူးရှသော ဉာဏ်ရည် ဉာဏ်သွားဖြင့် ရေးသား စီရင်တော်မူခဲ့လေသည်။

မူလပဏ္ဏာသနာမာယ၊ နိဿယံ သာဓုထောမိတံ။
အဋ္ဌကထာယ ကာရေသိ၊ ဂန္ထကာရေ သုကောဝိဒေါ။

## မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာနိဿယ

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာသည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၃၀၉–ရှိ လေသည်။ အရှင်ဗုဒ္ဓဃောသထေရ်သည် သီဟိုဠ်ဘာသာဖြင့် တည်ရှိခဲ့သော မဟာအဋ္ဌကထာမှ ကောင်းနိုးရာရာ အဓိပ္ပါယ် အဆုံးအဖြတ်တို့ကိုယူ၍ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၏အဖွင့်ဖြစ်သော မဇ္ဈိမပဏ္ဏာသအဋ္ဌကထာကို ရေးသား စီရင်တော်မူခဲ့လေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် ယင်းမဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၏ အနက်မြန်မာပြန် နိဿယကိုလည်း နည်းနာနယ စုံလင်စွာ တန်းဆာဆင်ရေးသား စီရင်တော်မူခဲ့လေသည်။ စာအုပ်အဖြစ်မရောက်ပဲ ပေဖြင့်သာ တည်ရှိလေသည်။

အဋ္ဌကထာနိဿယမ္ပိ၊ မဇ္ဈိမပါဠိယာပိ စ။
ထေရော သော သမ္ဘကာရေသိ၊ နိကာယေသု သုကောဝိဒေါ။

## ဥပရိပဏ္ဏာသအဋ္ဌကထာ နိဿယ

ဥပရိပဏ္ဏာသအဋ္ဌကထာသည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၂၅၄–ရှိ၏။ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါဥပရိပဏ္ဏာသအဋ္ဌကထာ၏ အနက်မြန်မာ ပြန်နိဿယကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီးကား မြင့်မြတ်သော ဂန္ထကာရက ပုဂ္ဂိုလ်ကြီးပါပေတည်း။

ဂန္ထသာရော မဟာထေရော၊ ဂန္ထေသု ပယုတ္တော သုဓီ။
ဂန္ထေ သော ရစယိတွာန၊ ဂန္ထကာရပဒံ လဘိ။

## သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်နိဿယ

သံယုတ္တနိကာယ်သည် ဘာဏဝါရ ၁၀၀–ခန့်ရှိသည်။ သဂါထာဝဂ္ဂ သံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂ သံယုတ်အားဖြင့် ကျမ်း ၅–မျိုးရှိလေသည်။ သုတ်ပေါင်း ခုနစ်ထောင့်ခုနစ်ရာ ခြောက်ဆယ့်နှစ် (၇၇၆၂)သုတ် ရှိလေသည်။ ယင်းသံယုတ္တနိကာယ်ကို ပဌမသံဂါယနာ အရှင်မဟာကဿပမဟာထေရ်၏ တပည့်စဉ်ဆက်တို့ ချပို့ရန် ပဌမသံဂါယနာတင် သံဂီတိကာရကသံဃာတော်များက အရှင်မဟာကဿပအား တာဝန်ပေးသဖြင့် အရှင်မဟာကဿပသည် မိမိ၏ တပည့်စဉ်ဆက်တို့ကိုလည်း ချပို့စေတော်မူခဲ့လေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည်လည်း သံယုတ္တနိကာယ်ကို အထပ်ထပ် အခေါက်ခေါက် ချပို့တော်မူခဲ့လေသည်။ မိမိတပည့်တို့ကိုလည်း ချပို့စေတော်မူခဲ့လေသည်။ ဖော်ပြပါ သံယုတ် ၅–ကျမ်းအနက် သဂါထာဝဂ္ဂသံယုတ်မှာ သုတ်ပေါင်း ၂၅၀–ကျော်ရှိပြီး ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၄၂–မျက်နှာရှိလေသည်။ ယင်းသဂါထာဝဂ္ဂသံယုတ်ပါဠိတော်၏ အနက်မြန်မာပြန်နိဿယကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။ ယင်းစီရင်ရေးသားတော်မူရာ၌ မိမိကိုယ်တိုင် ချပို့စဉ် တပည့် ၃–ဝါရ ရဟန်းတော် မိတ္ထီလာမြို့နယ်၊ သဖန်းပင်ရိုးရွာဇာထိဖြစ်သော အရှင်နာဂိန္ဒကို ရေးသားစေတော်မူခဲ့လေသည်။

ကျမ်းဦး၌–

ဝိသံယုတ္တော တရိပါရံ၊ နာဝိယ ကရုဏာဉာဏော။
သံယုတ္တော ပက်ဓေ ဝေနေ၊ ဝိနေန္တော သဟ သံဃေန။

တဥ္စ ဝဏ္ဏေ ဝိသတ္တိကံ၊ ဖဟံ ဓမ္မမလံ သံဃံ။
သဂါမံ ဝန္တနိမလံ၊ ယေ စာပိ မေ ဗဟုကာရာ။
သာသနောဝါဒဒါယကာ၊ တေသံ စ သိရသာ ဝန္ဒေ။
ဣစ္စေဝံ ဝန္ဒနာမယံ၊ လဒ္ဓံ ပုညာဘိသန္ဒံ ဟံ။
တဿ တေဇေန ဝိနာသေတွာ၊ အဇ္ဈတ္တံ စ ပရိဿယေ။
ယော တတိယောပိ ဒေသိတော၊ တိလက္ခဏာဝဟော တေန။
ဝရတရေန သေသာနံ၊ ကရုဏာဉာဏဝါရေန။
တဿ နိဿယံ သုဘောဂေန၊ ဝိသုဒ္ဓိစာရသီလေန။
သက္ကစ္စံ အဘိယာစိတော၊ လိက္ခာပေဿံ ဂဏာနံ ဝါ တိ။

ဟူသော ၅–ဂါထာခွဲတို့ဖြင့်လည်း ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ အဘိယာစက၊ ပဋိညာဉ် စသည်တို့ကို ပြုတော်မူခဲ့လေသည်။

## ဆရာသမား တစ်ဆယ့်သုံးပါး

ယင်းဂန္ထာရမ္ဘ၌ ရေစကြိုဆရာတော်ဘုရားကြီးသည် မိမိအား အတတ်ပညာ ဥပဒေသ နည်းနယအဝဝကို ပေးတတ်သော ဆရာသခင် ကျေးဇူးရှင်တို့မှာ ''ဥဿုျ ဓမ္မာဘိသိရိပဝရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' အဆုံးရှိသော တကျိပ် သုံးယောက်တို့ဖြစ်ကြောင်းကိုလည်း ကိုယ်တိုင်ဖော်ပြတော်မူခဲ့လေသည်။

## ပေပေါ်ရေးတင်ရသူ အရှင်နာဂိန္ဒ၏ ဂန္ထာရမ္ဘ

ဆရာတော်ဘုရားကြီး၏ စေခိုင်းချက်အရ ပေပေါ်သို့ ရေးတင်ရသော ရဟန်းတော် အရှင်နာဂိန္ဒကလည်း–

ယေန ဒေသိတော သံယုတ္တော၊ ဗန္ဒကာနံ ဝသေန စ။
ဝိသံယုတ္တော သော ထေရေဟိ၊ ဗန္ဓဝဂ္ဂေဟိ လက္ခိတော။
တဥ္စာဘိဝန္ဒိယ တေသု၊ ကေဿတ္တံ လိခံ နယံ။

ဟူသော တစ်ဂါထာခွဲဖြင့် ပဏာမ, ပဋိညာဉ် ပြုခဲ့လေသည်။ ယင်းသဂါထာဝဂ္ဂ သံယုတ္တပါဠိတော်နိဿယ ၁၂–ကြောင်း, ပေ ၂၃–အင်္ဂါခန့် ရှိလေသည်။

ယင်းနိဿယပြီးချိန်မှာ ၁၂၇၀–ပြည့်နှစ်၊ ဝါဆိုလပြည့် တနင်္ဂနွေနေ့တွင် ပြီးဆုံးလေသည်။

ယင်းသင်္ဂါထာဝဂ္ဂသံယုတ်ပါဠိတော်နိဿယ နိဂုံး၌လည်း-

သံယုတ္တဂမ အာဒိတော၊ ဝုတ္တော ဗုဒ္ဓေန ယော ဝရော။
ဝဂ္ဂေါ သဂါထကော တဿ၊ ယထာဝါစိတနိဿယော။
မဟာထေရေန ယော မယာ၊ ယတိပေါတေန လက်ိ္ခတော။
ဂဟိတနာမဓေယျေန၊ နာဂိန္ဒောက္တတိ ဂရုဟိ။
ဝသန္တဿာစရိယဿ၊ ဆန္ဒဝန္တဿ ကာရကော။
ယထာ ဆန္ဒဥ ဝါစနံ၊ ကာရုဏိကဿ သောတူနံ။
ဝိသုတောက္တတိ အာရာမေ၊ ဝသန္တဿ ဂတာသယော။
မဇ္ဈေ နဂြဿ တဿယံ၊ ပခုက္က္ကူက္တတိ နာမိကံ။
ဝတ္တုတ္တယ မာမကေန၊ ပူဂေနေ ကေန သမ္ဘသော။
သမ္ဘတ္တော ဝိနိစက္ကော၊ ရုဋ္ဌသခ် [၁] ဝသံ အယံ။
လောကေန ပန သခ်ါတော၊ သက္ကရာဇေ ပရိသိနံ။[၂]
အာသဠ်ပုဏ္ဏရဝိမှိ၊ နိဋ္ဌမနုဿရာယတော။
ဂတော ဣဝ စ သမ္ပိဏ္ဍာ၊ ဣမိနာ ပုညကမ္မုနာ။
ဟောတု ပုညာယ ပဋ္ဌတ္တံ၊ ဝိသေသေန ဘဝါဘဝေ။

ဟူသော ၇-ဂါထာဖြင့် ရေးရာဌာန, ရေးသားပြီးစီးချိန်, ဆုတောင်းစသည်တို့ကိုပါ ပြည့်စုံစွာဖော်ပြ၍ ပေပေါ်ရေးတင်ရသူ အရှင်နာဂိန္ဒ သုံးဝါရ ရဟန်းတော်က နိဂုံးအုပ်ခဲ့လေသည်။

သဂါထာဝဂ္ဂပါဠိယာ၊ နိဿယ နိဿယာရဟံ။
မာပယိ မာပနေ ဆေကော၊ ဂန္ထကိစ္စေသု သံယုတော။

## နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နိဿယ

နိဒါနဝဂ္ဂသံယုတ်၌ နိဒါနသံယုတ်၊ အဘိသမယသံယုတ်၊ ဓာတုသံယုတ်၊ အနမတဂ္ဂသံယုတ်၊ ကဿပသံယုတ်၊ လာဘသက္ကာရသံယုတ်၊ ရာဟုလသံယုတ်၊ လက္ခဏသံယုတ်၊ ဩပမ္မသံယုတ်၊ ဘိက္ခုနိသံယုတ် အားဖြင့် ၁၀-သံယုတ် ပါဝင်ပြီး

---

၁။ ရုဋ္ဌသခ် = ၂၄၅၂-ခုသို့ နိဿယမူရင်း
၂။ ပရိသိနံ = ၁၂၇၀ ပြည့်သို့။ (နိဿယမူရင်း)။

သုတ်ပေါင်း ၂၅၀–ခန့် ပါရှိခဲ့လေသည်။ ယင်းနိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၂၃၀–ရှိလေသည်။ ယင်းနိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာလည်း ခက်ခဲနက်နဲသည်ဖြစ်ရာ နောက်သားနောင်လာတို့ လွယ်ကူစေရန် ရည်သန်တော်မူ၍ ယင်းနိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၏ အနက်မြန်မာပြန် နိဿယကိုလည်း ရေးသားတော်မူခဲ့လေသည်။

ယင်းသို့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နိဿယကို ရေးသားပြုစုရာ၌ ဖျာသီးရွာဇာတိ အရှင်မေဓာဝီ အမည်ရှိသော ရဟန်းတော်ကို မိမိချုပ်ပို့သည့်အတိုင်း ရေးသားစေတော်မူခဲ့လေသည်။ ပေသို့ရေးရသူ အရှင်မေဓာဝီသည်–

ပုခန္တောတိ အဝှယဿ၊ ဥတ္တရေ နဂရဿ စ။
ဒိသာဘာဂေ ပရိက္ခိတ္တေ၊ နဝဂါမေတိ ဝိဿုတေ။
ဖျာသီးဝှယေ မဟာဂါမေ၊ ဇာတေန ဇာတိယာ ဂုရုံ။
နိဿာယေဝ ဝသိတွာန၊ ပရိယာပုဏာန္တေန မံ။
မေဓာဝီ နာမ ဘိက္ခုနာ၊ ဂရုနာ တေန ပေသိတော။
ဂဏ္ဌိဘူတောဒ္ဓကထာယ၊ ကတော နိဒါနနိဿယော။
နိဋ္ဌိတော သ သက္ကရာဇေ၊ သတ္တတိဝဿတေ ကာလေ။
ဒွိသတေကာသဟဿ စ၊ ဇိနစက္ကောဿဋ္ဌရေ။[၁]
သမ္ပတ္တေ ရဝိဝါရေ စ၊ ဝေသာခမာသပုဏ္ဏမေ။
တေေန ပုညကမ္မေန၊ သန္တံ သီဝံ လဘာမဟံ။
နယံ လဘန္တု သဗ္ဗေဝ၊ သတ္တာ သဗ္ဗတ္ထ သာဓကံ။

ဟူသော ၅–ဂါထာခွဲနှင့် ရေးသားပုံအခြင်းအရာ, ရေးသားပြီးစီးချိန်, ဆုတောင်းစသည်တို့ကို ဖော်ပြခဲ့လေသည်။ ယင်း နိဒါနဝဂ္ဂသံယုတ် ပါဠိတော်နိဿယမှာလည်း စာအုပ်အဖြစ်မရောက်ပဲ ပေနှင့်တည်ရှိခဲ့ရာ ၁၂–ကြောင်း ပေ ၁၂–အင်္ဂါခန့် ရှိလေသည်။

နိဒါနဝဂ္ဂသံယုတ္တ–ပါဠိယာ နိဿယမ္ပိ စ။
ရစယီ ဝိတိမာ ထေရော၊ ဂန္ထေသု လဂ္ဂမာနသော။

---

၁။ ခသဋ္ဌရေ၊ ၂၄၅၂–ခု ပြည့်သောကာလသို့။

## ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နိဿယ

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်သည်လည်း စိတ်ဝင်စားစရာကောင်းသော ဒေသနာပါဠိတော်ဖြစ်လေသည်။ ယင်းခန္ဓဝဂ္ဂသံယုတ်ဒေသနာကြောင့် ဝေနေယျပေါင်း ကုဋေကုဋာ ကျွတ်တန်းဝင်ခဲ့ကြကုန်၏။ ယင်းခန္ဓဝဂ္ဂသံယုတ်၌ ခန္ဓသံယုတ်၊ ရာဓသံယုတ်၊ ဒိဋ္ဌိသံယုတ်၊ ဩက္ကန္တသံယုတ်၊ ဥပ္ပါဒသံယုတ်၊ ကိလေသသံယုတ်၊ သာရိပုတ္တသံယုတ်၊ နာဂသံယုတ်၊ သုပဏ္ဏသံယုတ်၊ ဂန္ဓဗ္ဗကာယသံယုတ်၊ ဝလာဟကသံယုတ်၊ ဝစ္ဆဂေါတ္တသံယုတ်၊ ဈာနသံယုတ်အားဖြင့် သံယုတ်ပေါင်း ၁၃–သံယုတ်ရှိလေသည်။ နကုလပိတုသုတ်အစ သမာဓိမူလက သမာပတ္တိသုတ္တာဒိအဆုံး သုတ်ရာပေါင်းများစွာ ပါရှိလေသည်။

ယင်းခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၏မှီရာ ပဒတ္ထ၊ ဝါကျတ္ထ၊ သမ္ဗန္ဓတ္ထ စသောနည်းတို့ဖြင့် တန်းဆာဆင်၍ နိဿယလည်းမည် ဂဏ္ဌိလည်းဖြစ်သော နိဿယကိုလည်း ရေစကြိုဆရာတော်ဘုရားကြီး ပြုစီရင်တော်မူခဲ့လေသည်။

ယင်းသို့စီရင်ရာ၌ ရွှေတောင်မြို့နယ်၊ ကံသုံးဆင့်ရွာဇာတိ ရဟန်းသိက္ခာ ၅–ဝါရ ရဟန်းတော် အရှင်က္လန္ဒောဘာသကို ရေးသားစေတော်မူခဲ့လေသည်။

စာရေးရသူ အရှင်က္လန္ဒောဘာသသည် ကျမ်းဦး၌–

ယေန ဒေသိတော သံယုတ္တော၊ ဗန္ဓကာနံ ဝသေန စ။
ဝိသံယုတ္တာနံ ထေရေဟိ၊ ဝဂ္ဂဗန္ဓေဟိ လက္ခိတော။
တဿာဘိဝန္ဒိယ တေသု၊ ကေဿတ္ထံ လိခံ နယံ။[၁]

ဟူသော တစ်ဂါထာခွဲဖြင့် ပဏာမကရဏပ္ပကာရ ပဋိညာဉ် စသည်တို့ကို ပြုစုခဲ့လေသည်။

ကျမ်းစာအဆုံးနိဂုံး၌လည်း–

ယော စ ဗုဒ္ဓေန သံယုတ္တော၊ ဝိသံယုတ္တေန ဒေသိတော။
ဝဂ္ဂဗန္ဓဟိ ပဋ္ဌာပိ၊ ထေရေဟိ စာဘိလက္ခိတော။
တေသွေကခန္ဓဝဂ္ဂဿ၊ မဟာထေရဿ ဝါစိတံ။
နယံ မယာ ခာရေရန္တေန၊ လိခိတံ နဝနိဿယံ။
နိဿယဘူတော ဂဏ္ဌိဘူတော၊ သောနာယာသေန နိဋ္ဌိတော။
ဝံ အပုတိယ မာသေဟိ၊ သဗ္ဗေသိဏ္ဍာ သေသန္တုမေ။

---

၁။ နယံ–ဒိန္နနယံ၊ ငါတို့၏ကျေးဇူးရှင်ရေစကြိုဆရာတော် သခင်အရှင်သူမြတ်သည်, တပည့်သားတို့အား ချပို့အပ်သည်၏ အစွမ်းအားဖြင့် ပေးအပ်သောနည်းနယကို (နိဿယ)။

ဟူသော ၃–ဂါထာဖြင့် ကျမ်းပြုပုံအခြင်းအရာ ရေးသားပြီးရာကာလ ရေးသားပြုစုချိန် ဆုတောင်းစသည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်။

ယင်းကျမ်းမှာ ၂–လခွဲဖြင့် ပြီးကြောင်းကိုလည်းကောင်း၊ ၁၂၆၉–ခုနှစ်မှ ၁၂၇၀–ပြည့်နှစ်သို့အကူး တန်ခူးလဆန်း ၁၂–ရက်နေ့တွင် ပြီးစီးကြောင်းကို လည်းကောင်း နိဂုံးနိဿယတွင် ဖော်ပြခဲ့လေသည်။ ယင်းနိဿယသည် ၁၂–ကြောင်း ပေ ၁၁–အင်္ဂါခန့် ရှိလေသည်။

ခန္ဓဝဂ္ဂသံယုတ္တ–ပါဠိယာ နိဿယမ္ပိ စ။
ပသန္နဘာရတိယာပိ၊ ရစယိတ္ထ သုဗုဒ္ဓိမာ။

## သဠာယတနဝဂ္ဂ သံယုတ္တပါဠိတော်နိဿယ

သဠာယတနဝဂ္ဂသံယုတ်သည် သံယုတ် ၅–ကျမ်းတို့တွင် စတုတ္ထမြောက် သံယုတ်ဖြစ်လေသည်။ ယင်းသံယုတ်၌ သဠာယတနသံယုတ်၊ ဝေဒနာသံယုတ်၊ မာတုဂါမသံယုတ်၊ ဇမ္ဗုခါဒကသံယုတ်၊ သာမဏ္ဍကသံယုတ်၊ မောဂ္ဂလ္လာနသံယုတ်၊ စိတ္တသံယုတ်၊ ဂါမဏိသံယုတ်၊ အသင်္ခတသံယုတ်၊ အဗျာကတသံယုတ်အားဖြင့် ၁၀–သံယုတ်ပါဝင်လေသည်။ ယင်းသဠာယတနဝဂ္ဂသံယုတ်၌ အဒ္ဓန္တဉာနိစ္စသုတ္တာဒိ သုတ်အစ သဘိယကစ္စာနသုတ်အဆုံး သုတ်ရာပေါင်းများစွာ ပါရှိလေသည်။ ဆဋ္ဌ သံဂါယနာစာတော်မူ စာမျက်နှာ ၃၀၈–ရှိလေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် အရှင်မဟာဗုဒ္ဓဃောသ၏ သံယုတ် အဋ္ဌကထာ၊ အရှင်ဓမ္မပါလ၏ ဋီကာတို့ကို မှီငြမ်းပြု၍ နည်းမျိုးစုံချယ် လှယ်၍ အနက်မြန်မာပြန်နိဿယကို ရေးသားတော်မူခဲ့လေသည်။

သဠာယတနသံယုတ္တ–ပါဠိယာ နိဿယမ္ပိ စ။
နာနာနယေဟိ ဘူသေတွာ၊ ရစယိတ္ထ သုဓီတိမာ။

## မဟာဝဂ္ဂသံယုတ်ပါဠိတော်နိဿယ

မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ လွန်စွာကျယ်ဝန်းနက်နဲသော ပါဠိတော်ကြီး ဖြစ်လေသည်။ ယင်းမဟာဝဂ္ဂသံယုတ်၌ မဂ္ဂသံယုတ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ သတိပဋ္ဌာန သံယုတ်၊ ဣန္ဒြိယသံယုတ်၊ သမ္မပ္ပဓာနသံယုတ်၊ ဗလသံယုတ်၊ ဣဒ္ဓိပါဒသံယုတ်၊ အနုရုဒ္ဓသံယုတ်၊ ဈာနသံယုတ်၊ အာနာပါနသံယုတ်၊ သောတာပတ္တိသံယုတ်၊

သစ္စသံယုတ်ဟူ၍ သံယုတ်ပေါင်း ၁၂-သံယုတ်ပါဝင်လေသည်။ ယင်းမဟာဝဂ္ဂသံယုတ်ပါဠိတော်၌ အဝိဇ္ဇာသုတ်အစ ပေတ္တိဒေဝ ပေတ္တိဝိသယသုတ်အဆုံး သုတ်ထောင်ပေါင်းများစွာရှိပါသည်။ ယင်းမဟာဝဂ္ဂသံယုတ်ပါဠိတော်သည် ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၄၁၅-ရှိလေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် ဖော်ပြပါ မဟာဝဂ္ဂသံယုတ်ပါဠိတော်၏ အနက်မြန်မာပြန်နိဿယကိုလည်း "ဥဒ္ဓယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သီရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးထံမှရအပ်သော နည်းနယနိဿယနှင့် အဋ္ဌကထာ ဋီကာတို့ကို မှီငြမ်းပြု၍ ရေးသားတော်မူခဲ့လေသည်။

မဟာဝဂ္ဂသံယုတ္တဿ၊ နိဿယံ နိဿယာရဟံ။
နာနာနယေဟိ မဏ္ဍေတွာ၊ သုမာပယိ သုဓီတိမာ။

## ထူးမြတ်သည့် ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်

ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီးကား လဆန်း ၈-ရက်၊ လဆုတ် ၈-ရက်၊ လပြည့်လကွယ် သီတင်းနေ့ ဥပုသ်နေ့တို့၌ ပိတ်ရက်မထား အနားမယူပဲ နိကာယ် ၅-ရပ် ကျမ်းစာပို့ချ ကျမ်းစာပြုခဲ့လေသော ထူးမြတ်သည့် ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်ကြီးပါပေတည်း။ ယခင် သီဟိုဠ်ကျွန်းက မဟာပဒုမထေရ်၊ မဟာသုမထေရ်၊ တိဿထေရ်၊ တိပိဋကစူဠနာဂထေရ်၊ တိပိဋကစူဠာဘယထေရ် စသည့် ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်တို့နှင့်မခြား အလားတူစံပြုထိုက်သည့် ဘုရားမြတ်စွာ သာသနာပြုပုဂ္ဂိုလ်ကြီး မှန်လှပါပေ၏။

ဂန္ဓသာရော မဟာထေရော၊ ဂန္ထေသု ဥယျုတ္တော သုဓီ။
ဥယျောဂံ သော ကရိတွာန၊ ဇိနစက္ကံ သုဇောတယီ။

## အင်္ဂုတ္တရ ဧကက, ဒုတိက, တိက,
## စတုက္ကနိပါတ ပါဠိတော်နိဿယ

အင်္ဂုတ္တရနိကာယ်သည် သုတ်ပေါင်း ၉၅၅၇-သုတ်ရှိ ကျယ်ဝန်းသော နိကာယ်ကြီးဖြစ်လေသည်။ ပဌမသံဂါယနာ တင်ပြီးချိန်မှစ၍ ကြာမြင့်စွာ အရှင်အနုရုဒ္ဓါ၏ တပည့်စဉ်ဆက်တို့ ချပို့ထိန်းသိမ်းခဲ့ကြကုန်၏။ ဧကကနိပါတ်အစ ဧကာဒသကနိပါတ်အဆုံး ၁၁-နိပါတ်ရှိလေသည်။ ယင်းအင်္ဂုတ္တရနိကာယ်ကြီးမှာ

သုံးတွဲရှိလေသည်။ ကေကာ၊ ဒုကာ၊ တိကာ၊ စတုက္ကာ၊ နိပါတပါဠိ တစ်တွဲ။ ပဉ္စကာ၊ ဆက္ကာ၊ သတ္တက နိပါတပါဠိ တစ်တွဲ၊ အဋ္ဌကာ၊ နဝကာ၊ ဒသကာ၊ ကောဒသနနိပါတပါဠိ တစ်တွဲအားဖြင့် သုံးတွဲဖြစ်၏။ ထိုတွင် ကေကာ၊ ဒုတိကာ၊ စတုက္ကနိပါတပါဠိကို အင်္ဂုတ္တရပါဠိတော် ပဌမတွဲဟု ခေါ်ကြကုန်၏။ ယင်းကေကာ၊ ဒုတိကာ၊ စတုက္ကပါဠိ တို့ပါဝင်သောအတွဲမှာ သုတ်ပေါင်းမြောက်မြားစွာရှိပြီး ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅၈၀–ရှိလေသည်။

ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ အင်္ဂုတ္တရကေကာ၊ ဒုကာ၊ တိကာ၊ စတုက္ကာ၊ နိပါတပါဠိတော်၏ နိဿယကိုလည်း အဋ္ဌကထာနည်း၊ ဋီကာနည်း၊ ဆရာနည်းစသည်တို့ဖြင့် တန်းဆာဆင်၍ ရေးသားတော်မူခဲ့လေသည်။

ယင်းနိဿယမှာ ပေမူဖြင့်တည်ရှိရာ ကေကာ၊ ဒုကာ၊ တိကာ၊ နိသာယများကို ရှာဖွေသော်လည်း မတွေ့ရှိပါ။ စတုက္ကနိပါတနိဿယကို တွေ့ပါရှိ၏။ စတုက္က နိပါတနိဿယကို ဆရာတော်ဘုရားကြီးက အရှင်ဝိမလာစာရအမည်ရှိသော ရဟန်းတော်ကို မိမိချပို့သည့်အတိုင်း ရေးသားစေတော်မူခဲ့လေသည်။

အရှင်ဝိမလာစာရသည် စတုက္ကနိပါတ်နိဿယကျမ်းဦး၌–

ယောမတရိ စတုတ္တရံ၊ စတုဒ္ဒသံ နမေပိ တံ။

တဒ္ဒေသိတ နိကာယဿ၊ နိဿျာဟံ ဋီတိယာ လိခံ။

စတုတ္တရော၊ လေးပါးသော ဩဃကို မဂ္ဂင်တည်းဟူသော ဖောင်ဖြင့် ကူးတော်မူပြီးသော။ စတုဒ္ဒသော၊ လေးပါးသောသစ္စာကို လေးပါးသောမဂ်ဉာဏ်ဖြင့် မြင်တော်မူပြီးသော။ ယော တထာဂတော၊ အကြင်မြတ်စွာဘုရားသည်။ ဩဃံ၊ လေးပါးသောဩဃကို။ မဂ္ဂင်္နာဝါယ၊ မဂ္ဂင်တည်းဟူသောဖေါင်ဖြင့်။ အတရိ၊ ကူးတော်မူပြီ။ စတုတ္တရံ၊ လေးပါးသော ဩဃကို မဂ္ဂင်တည်းဟူသောဖောင်ဖြင့် ကူးတော်မူပြီးသော။ စတုဒ္ဒသံ၊ လေးပါးသောသစ္စာကို လေးပါးသောမဂ်ဉာဏ်ဖြင့် မြင်တော်မူပြီးသော။ တံပိ တထာဂတံ၊ ကိုလည်း။ အာစရိယာသဘောဟိ၊ ဆရာတော်သခင် အရှင်သူမြတ်တို့သည်။ ဝိမလာစာရောတိ၊ ဝိမလာစာရဟူ၍။ ဒေယျနာမော၊ ပေးအပ်သောအမည်ရှိသော။ အဟံ၊ သည်။ နမေ၊ သုံးဖြာဒွါရ ပဏာမဖြင့် ကြည့်ဆွသဒ္ဒါရှိခိုးပါ၏။ နမသိတွာ၊ ရှိခိုးပြီး၍။ အာစရိယေန၊ ဝရဇိန် လက်နက် မိုးကြိုးစက် တရထည့်သီလတော် ပြိုးပြောင်သမာဓိ ကျောက်တောင်နှင့် ပညာရောင်ထင်ရှား ရေစကြိုဆရာတော်ဘုရားသည်။ ဝါစိတံ၊ အထပ်ထပ် အပြန်ပြန် အဖန်ဖန် ပို့ချအပ်သော။ နယံ၊ နည်းကို။ ဂဟေတွာ၊ ယူ၍။ တဒ္ဒေသိတ

နိကာယဿ၊ ထိုမြတ်စွာဘုရားသည် ဟောတော်မူအပ်သော စတုက္ကနိပါတ်အင်္ဂုတ္တရ နိကာယ်မြတ်၏။ နိဿျ၊ သောတုဇနေတိုမှိုနိုရာ မြန်မာဘာသာနိဿယကို။ ဌိတိယာ၊ သုံးပါးသောသာသနာဖြင့် ရှည်ကြာအောင် တည်တံ့ခြင်းငှာ။ လိခံ၊ ရေးပေးအံ့ဟူ၍ ဂန္ထာရမ္ဘပြုခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် စတုက္ကနိပါတ်အပါအဝင် အင်္ဂုတ္တိုရ်ပါဠိတော် နိဿယကို ပခုက္ကူမြို့၊ ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ် ၁၂၅၈–ခုနှစ်က စတင်ချပို့ စီစဉ်ရေးသားစေတော်မူခဲ့လေသည်။

## အင်္ဂုတ္တရပဥ္စက ဆက္က သတ္တကနိပါတ်ပါဠိတော်နိဿယ

ဆရာတော်ဘုရားကြီးသည် သုတ်ပေါင်းမြောက်မြားစွာ ပါဝင်သော အင်္ဂုတ္တရ၊ ပဥ္စက၊ ဆက္က၊ သတ္တက နိပါတပါဠိ၏ အနက်မြန်မာပြန်ဆိုင်ရာ နိဿယကို ရေးသားတော်မူခဲ့လေသည်။ ယင်းသို့ ရေးသားပြုစုတော်မူရာ၌ ဆက္ကနိပါတ် နိဿယကို မိမိချပို့သည့်အတိုင်း သေယောက်မြို့ဇာတိ ရဟန်းသိက္ခာ ၂–ဝါရ အရှင်ပဏ္ဍဝကို ရေးသားစေတော်မူခဲ့လေသည်။

ယင်းနိပါတ်နိဿယများအနက် ဆက္ကနိပါတ်နိဿယ၏ ဂန္ထာရမ္ဘ၌–

တဒ္ဒေသိတနိကာယဿ၊ ယော ပိဒဟိ ဆသံဝရံ။

နိဿျာဟံ ဌိတိယာ လိက္ခံ၊ ဆဗ္ဗဏ္ဏံ နမေပိတံ။

ဆသံဝရံ–ဆသံဝရော၊ ရာဂ အစရှိသော တစ်ထောင့်ငါးရာ ကိလေသာ တည်းဟူသော ခိုးသူတို့၏ဝင်ရာ ခြောက်ပါးသောဒွါရတို့၌ သတိတည်းဟူသော တံခါးရွက်ကို ပိတ်တော်မူတတ်သော။ ဆဗ္ဗဏ္ဏံ–ဆဗ္ဗဏ္ဏဝါ၊ ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီတော်ကြောင့် ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော နီလပီတ အစရှိသော ခြောက်သွယ်သော ရောင်ခြည်တော်ရှိတော်မူသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သံဝရံ–သံဝရိတဗ္ဗံ၊ ပိတ်အပ်သော သတိတည်းဟူ သော တံခါးရွက်ကို။ ပိဒဟိ၊ ပိတ်တော်မူပြီ။ ဆသံဝရံ၊ ရာဂအစရှိသော တစ်ထောင့် ငါးရာကိလေသာတည်းဟူသော ခိုးသူတို့၏ဝင်ရာ ခြောက်ပါးသောဒွါရတို့၌ သတိ တည်းဟူသော တံခါးရွက်ကို ပိတ်တော်မူတတ်သော။ ဆဗ္ဗဏ္ဏံ၊ ဖြည့်ဆည်းပူးတော် မူအပ်သော ပါရမီတော်ကြောင့် ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော ရောင်ခြည် တော် ရှိတော်မူသော။ တံ ဘဂဝန္တံပိ၊ ထိုမြတ်စွာဘုရားကိုလည်းကောင်း။

တဿဘဂဝတော၊ သည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ခမ္ဘံအပိ၊ မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ တဿ ဘဂဝတော၊ ၏။ ဩရသံ၊ ရွှေရင်တော် နှစ်သားတော်စစ်ဖြစ်သော။ သံဃံ အပိ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ နမော၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ အာစရိယာသတေဟိ၊ ဆရာသခင်အရှင်မြတ်တို့သည်။ ပဏ္ဍဝေါတိ၊ ပဏ္ဍဝဟူ၍။ ဒေယျနာမော၊ ပေးအပ်သောအမည်ရှိသော။ အဟံ၊ နှစ်ဝါရ ဖြစ်သောငါသည်။ ဝါ၊ သေယောက်မြို့လျှင် ဖွားရာဇာတိပဏ္ဍဝ အမည်ရှိသော ပဋ္ဌင်းပျိုငါသည်။ တဒ္ဒေသိတ နိကာယဿ၊ ထိုမြတ်စွာဘုရားသည် ဟောတော်မူအပ်သော အင်္ဂုတ္တရနိကာယ်ကျမ်း၏။ နိသျံ–ဆက္ကနိသျံ၊ ဆက္ကနိပါတပါဠိတော် နိဿယကို။ ဋ္ဌိတိယာ၊ သာသနာတော်၏ ရှည်မြင့်စွာ တည်စေခြင်းအကျိုးငှာ။ လိက္ခံ၊ ရေးသားပေအံ့။

ဟူ၍ အရှင်ပဏ္ဍဝသည် ပြည့်စုံစွာ ပဏာမပဋိညာဉ် စသည်တို့ကို ပြုခဲ့လေသည်။ ယင်းနိဿယသည်လည်း ပေဖြင့်တည်ရှိလေသည်။

## အင်္ဂုတ္တိုရ်၏ အဋ္ဌက, နဝက, ဒသက, ဧကာဒသကနိပါတ ပါဠိတော်နိဿယ

ဆက်လက်၍ သုတ်ပေါင်းမြားမြောက်စွာပါရှိသော အင်္ဂုတ္တရ အဋ္ဌက, နဝက, ဒသက, ဧကာဒသကနိပါတ ပါဠိ၏ အနက်မြန်မာပြန်နိဿယကိုလည်း ရေးသားစီရင် တော်မူခဲ့လေသည်။ ယင်းသို့ ရေးစေရာ၌ အဋ္ဌကနိပါတနိဿယကို မိတ္ထီလာမြို့နယ်၊ သဖန်းပင်ရိုးရွာဇာတိ အရှင်နာဂိန္ဒအမည်ရှိသော သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် နိဿယကိုလည်းရေးရသူ နှစ်ဝါရရဟန်းတော်သည် ဆရာတော်ဘုရားကြီး ချုပ်နိုင်သည့်ပေစာတွင် ရေးတင်ခဲ့လေသည်။

အဋ္ဌကနိပါတနိဿယကျမ်းဦး၌–

အဋ္ဌင်္ဂုပေတံ အဒေသိ၊ အဋ္ဌနာဝိယ နာယကံ။

သတ္ထာရံ ဝန္ဒာမိ တမ္ပိ၊ တဿာ နိသျံ လိခါမဟံ။

အဋ္ဌနာဝိယ–အဋ္ဌမဂ္ဂင်္ဂနာဝိယ၊ သမ္မာဒိဋ္ဌိအစရှိသော ရှစ်ပါးသော မဂ္ဂင်ဖောင်ယာဉ်ဖြင့်။ (မဂ္ဂင်္ဂသဒ္ဒါကျေ)။ နာယကော၊ ကျွတ်ထိုက်သော ဝေနေယျများ

ဗိုလ်ခြေကို ခေမာသမိုက် မော်ကွန်းစိုက်ထောင် ဘေးမဲ့ဘောင်သို့ ဆောင်တော်မူ တတ်သော။ ယောသတ္ထာ၊ အကြင်မြတ်စွာဘုရားသည်။ အဋ္ဌင်္ဂုပေတံ၊ ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ယံနိကာယံ၊ အကြင်အင်္ဂုတ္တရနိကာယ်ကို။ အဒေသယိ၊ ဟောတော်မူလေပြီ။ မိတ္ထီလာနဂရအာယဘူတော၊ မိတ္ထီလာမြို့၏ စီရင်စုအဝင်အပါ အခွန်ဆက်သွင်းရာဖြစ်၍ဖြစ်သော။ ဥဒုမ္ဗရဂါမေ၊ သဖန်းပင်ရိုးရွာ၌။ ဥပပန္နော၊ အမိဝမ်း၌ ပဋိသန္ဓေနေ၍ လူ့ဘုံ၌ ကပ်၍ဖြစ်သော။ နာဂိန္ဒောနာမ၊ ဆရာသခင် အရှင်သူမြတ်တို့သည် နာဂိန္ဒဟုပေးအပ်သောအမည်ရှိသော။ အဟံ၊ ငါသည်။ ဒုဝသော၊ နှစ်ဝါရသည်။ သမာနောပိ၊ ဖြစ်ပါသော်လည်း။ (ထည့်)။ အဋ္ဌနာဝါယ၊ သမ္မာဒိဋ္ဌိအစရှိသော ရှစ်ပါးသော မဂ္ဂင်ဖေါင်တော်ယာဉ်ဖြင့်။ နာယကံ၊ ကျွတ်ထိုက် ဝေနေ မျှားဗိုလ်ခြေကို ခေမာသမိုက် မော်ကွန်းစိုက်ထောင် ဘေးမဲ့ဘောင်သို့ ဆောင်တော်မူတတ်သော။ တမ္ပိသတ္ထာရံ၊ ထိုမြတ်စွာဘုရာကိုလည်း။ ဝန္ဒာမိ၊ ၏။ ဝန္ဒိတွာ၊ ၍၊ တဿာပါဠိယာ၊ ထိုအဋ္ဌကထာ အင်္ဂုတ္တရနိကာယ်ပါဠိတော်၏။ နိဿျ၊ မာဂဓာဘာသာကို မြန်မာဘာသာပြန်ဆိုရာ အတ္ထနိဿယကို။ ဒိန္နယံ၊ ရေစကြို ဆရာတော်ဘုရားကြီး သခင်အရှင်သူမြတ်သည် ပေးအပ်သောနည်းကို။ ဂဟေတွာ၊ ၍။ (ထည့်)။ လိခါမိ၊ ရေးပေအံ့။ ဟူသောစကားတို့ဖြင့် ပဏာမ ပဋိညာဉ် ပြုခဲ့ လေသည်။

နဝကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်နိဿယကို သုံးဝါရ အရှင်ဝိသုဒ္ဓ အမည်ရှိ သော ရဟန်းတော်သည် ဆရာတော်ဘုရားကြီး အမိန့်အရ ရေးသားရလေသည်။ အရှင်ဝိသုဒ္ဓသည် နဝကနိပါတ်နိဿယကျမ်းဦး၌–

ယော နဝင်္ဂုပေတံ၊ နဝါနုပုဗ္ဗဒေသကံ။
ဒေသိတံ နဝဓမ္မံ တံ၊ ဝန္ဒေသာ နိဿျ လိခံ။

နဝါနုပုဗ္ဗဒေသကံ၊ အစဉ်အားဖြင့် ဝင်စားအပ်သော ကိုးပါးသော သမာပတ် ကို ဟောတော်မူတတ်သော။ ဒေသိတနဝဓမ္မော၊ ဟောတော်မူအပ်သော ကိုးပါးသော လောကုတ္တရာတရားလည်း ရှိတော်မူထသော။ ယောတထာဂတော၊ သည်။ နဝင်္ဂုပေတံ၊ ကိုးပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ယံ နိဿယံ၊ အကြင် အင်္ဂုတ္တရနိကာယ်ကို။ ဒေသေ–ဒေသေတိ၊ ဟောတော်မူ၏။ နဝါနုပုဗ္ဗဒေသကံ၊ အစဉ်အားဖြင့် ဝင်စားအပ်သော ကိုးပါးသောသမာပတ်ကို ဟောတော်မူတတ် သော။ ဒေသိတနဝဓမ္မံ၊ ဟောတော်မူအပ်သော ကိုးပါးသော လောကုတ္တရာတရား ရှိတော်မူသော။ တံတထာဂတံအပိ၊ ကိုလည်း။ အဟံ၊ သည်။ ဝန္ဒေ၊ ၏။ ဝန္ဒိတွာ၊

၍။ အဿာပါဠိုယာ၊ ထိုနဝင်္ဂတ္ထုရနိကာယ်ပါဠိတော်၏။ နိဿျ၊ မာဂဓဘာသာကို မြန်မာဘာသာပြန်ရာ အတ္ထနိဿယကို။ လိခံ၊ ရေးပေးအံ့။ ဟူသောစကားဖြင့် ပကရဏာနုရူပထောမနာဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ယင်းနဝကနိပါတ်နိဿယအဆုံး၌ သာသနာတော်၏အဓွန့်ရှည်စွာ ကာလ မြားမြောင် နှစ်ငါးထောင်ပတ်လုံး တည်ခြင်းကို အလိုရှိသည်ဖြစ်၍။ ရေစကြို ဆရာတော်ဘုရားကြီးသည် ကိုယ်တော်တိုင်ပင် ကြည့်ရှုစောင်မပို့ချပြီး၍ စေနိုင်း တိုက်တွန်းအပ်သောကြောင့် တိဝဿဝိသုဒ္ဓဟု နာမပညတ်သမုတ်အပ်သော ပဋ္ဌင်း ငယ်သည် မကျဉ်းမကျယ် အလယ်အလတ် စီရင်အပ်သော အင်္ဂုတ္တရနဝက နိပါတ် ၏မှီရာ အတ္ထနိဿယသည် ဤတွင် အပြီးသတ်သတည်းဟု ဖော်ပြပါရှိလေသည်။

ဆရာတော်ဘုရားကြီးသည် ဒသကနိပါတ်အင်္ဂုတ္တရပါဠိတော်နိဿယကို မိမိချပို့သည့်အတိုင်း ပုဂံမြို့အရှေ့ဘက် တစ်ယူဇနာရွာအရပ်၌ မွေးဖွားသော အရှင် ဝိမလကို မိမိချပို့သည့်အတိုင်း ရေးသားစေတော်မူခဲ့လေသည်။

အရှင်ဝိမလသည် ဒသကအင်္ဂုတ္တရနိပါတပါဠိတော်နိဿယကျမ်း၌–

ဒသင်္ဂုပေတံ ဒေသေသိ၊ ဒသဉာဏဗလောပေတံ။

ဝန္ဒေ တဿ နိဿျ လိခံ၊ သဒ္ဓမ္မဿေဝ ဋ္ဌိတိယာ။

ဒသဉာဏဗလောပေတံ၊ ဆယ်ပါးသော ဉာဏဗလရှိတော်မူသော။ ဝါ၊ ဆယ်ပါးသော ကာယဗလ၊ ဉာဏဗလရှိတော်မူသော။ ဒသမေ့ဝိဒူ၊ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရား အကုသိုလ်ကမ္မပထတရားကို သိတော်မူသော။ ယောနရ သီဟော၊ အကြင်မြတ်စွာဘုရားသည်။ (၂–ပုဒ်ထည့်)။ ဒသင်္ဂုပေတံ၊ ဆယ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော။ ယံနိကာယံ၊ အကြင်ဒသင်္ဂုတ္တရနိကာယ်ကို။ ဒေသေသိ၊ ပြီ။ တံပိ နရသီဟံ၊ ကိုလည်းကောင်း။ တေန နရသီဟေန၊ သည်။ ဒေသိတံ၊ ဟော တော်မူအပ်ပြီးသော။ ဓမ္မံအပိ၊ ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း။ တဿ နရသီဟဿ၊ ၏။ ဩရသံ၊ ရင်ခွင်တော်၌ဖြစ်သော။ သံဃံအပိ၊ ရှစ်ယောက်သော အရိယာသံဃာတော်ကိုလည်းကောင်း။ ပေါက္ကာရာမ နဂရဿ၊ ပုဂံမြို့၏။ ပုရတ္ထိမယောဇနပဒေသေ၊ အရှေ့မတ်မတ် တစ်ယူဇနာ တည့်တည့်ဝေးကွာသော အရပ်၌။ ဝသန္တော၊ ဖွားရာဇာတိဖြစ်၍ ငယ်ရွယ်စဉ် ကာလ၌နေသော။ အဟံ၊ ဝိမလအမည်ရှိသော ငါပဋ္ဌင်းငယ်သည်။ ဝန္ဒေ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊၍။ သဒ္ဓမ္မဿေဝ၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ၏

သာလျှင်။ ဋ္ဌိတိယာ၊ ကြာရှည်လေးမြင့် တည်စေခြင်းငှါ။ အာစရိယေန၊ ရေစကြို ဆရာတော်ဘုရားကြီးသည်။ ဒိန္နနယံ၊ ပေးအပ်သောနည်းကို။ ဂဟေတွာ၊ ယူ၍။ တဿာပါဠိယာ၊ ထိုအင်္ဂုတ္တရ နိကာယပါဠိတော်၏။ နိဿျံ၊ မာဂဓဘာသာကို မြန်မာဘာသာပြန်ဆိုရာ အတ္ထနိဿယကို။ လိခံ၊ ရေးပေအံ့။ ဟူ၍ ပကာရဏာနုရူ ပထောမနာဖြင့် ဂန္ထာရမ္ဘပြုခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ကောဒသကအင်္ဂုတ္တရ နိကာယနိဿယကို လည်း မိမိချပို့သည့်အတိုင်း ရေးသားစေတော်မူခဲ့လေသည်။

ကောဒသဟိ ဓမ္မေဟိ၊ ရာဂါဒိပဟီနော ဇိနော။
ကောဒသင်္ဂုတ္တရံပိ၊ အဒေသာယိ နမာမိ တံ။
နိဿျံ လိခံ ဝေပုလ္လာယ၊ စိရကာလံ စ ဋ္ဌိတိယာ။

ကေဒသဟိ၊ တစ်ဆယ့်တစ်ပါးကုန်သော။ ဓမ္မေဟိ၊ ပဋ္ဌမအစရှိကုန်သော ဈာန်တရားတို့ဖြင့်။ ရာဂါဒိပဟီနော၊ ရာဂအစရှိသော အကုသိုလ်တရားကို ပယ် တော်မူတတ်သော။ ယောဇိနော၊ အကြင်မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာ ဘုရားသည်။ ကောဒသင်္ဂုတ္တရံ၊ တစ်ဆယ့်တစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော ကော ဒသမအင်္ဂုတ္တရပါဠိတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။ တံပိဇိနံ၊ ထိုမြတ်စွာ ဘုရားကိုလည်း။ အဟံ၊သည်။ နမာမိ၊ ရှိခိုးပါ၏။ နမသိတွာ၊ ရှိခိုးပြီး၍။ သာသနဿ၊ ၏။ စိရကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ဝေပုလ္လာယစ၊ စည်ပင်ပြန့်ပွား စေခြင်းငှါလည်းကောင်း။ ဋ္ဌိတိယာစ၊ မြဲမြံခိုင်ခံ့ တည်တံ့စေခြင်းငှာလည်းကောင်း။ တဿာပါဠိယာ၊ ထိုအင်္ဂုတ္တရနိကာယ်ပါဠိတော်၏။ နိဿျံ၊ မှီရာအတ္ထ နိဿယကို။ လိခံ၊ ရေးပေအံ့။ ဟူ၍ ပကရဏာနုရူပထောမနာ ဂန္ထာရမ္ဘပြုခဲ့လေသည်။

## ဇာတ်နိဿယဆယ်စောင်ရေးပြီး အင်္ဂုတ္တိုရ်နိဿယရေး

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး တည်ထောင်၍ ခဏ္ဍာသိမ်, မဟာသိမ်များသမုတ်ပြီး၍ သုံးနှစ်ရှိပြီးနောက် ဇာတ်အဋ္ဌကထာနိဿယ ဆယ်စောင် တို့ကို ရေးသားတော်မူခဲ့လေသည်။ ၎င်းနောက် ရေစကြိုဆရာတော်သည် ရေစကြို မြို့သို့ ပြန်လည်ခေတ္တသီတင်းသုံးချိန် ၁၂၆၉–ခုနှစ်တွင် ဤအင်္ဂုတ္တရပါဠိတော် နိဿယများကို ရေးသား စီရင်တော်မူခဲ့လေသည်။

အင်္ဂုတ္တရ နိကာယဿ၊ နိဿယံ သာဓုထောမိတံ။
ရစယိ နာနာနယေဟိ၊ မဇ္ဈေတွာန ဟိတာဝဟံ။

## ပါရာဇိကဏ်ပါဠိတော်နိဿယ

ပါရာဇိကဏ်ပါဠိတော်(ပါရာဇိကပါဠိ)သည် ဝိနည်းပိဋကတ်တော်၏ အစဦးဖျားကျမ်းတစ်ဆူဖြစ်လေသည်။ ပါရာဇိက, သံဃာဒိသေသ,အနိယတ နိဿဂ္ဂိယဟူသော သိက္ခာပုဒ်ဥပဒေတော်များ ပညတ်ထုတ်ပြန်ပုံတို့ကို နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု, ပညတ်ပုံ အစီအရင်စသည်ဖြင့် အကျယ်မှတ်တမ်းတင်ရာ သာသနာ တော်၏ အသက်သွေးခဲ ကျမ်းစာကြီးဖြစ်လေသည်။ ဆဋ္ဌသံဂါယနာစာတော်မူ ၃၈၁–မျက်နှာ ရှိလေသည်။ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ပါရာဇိကပါဠိတော်၏ မီရာ အနက် မြန်မာပြန်နိဿယကျမ်းကြီးကို ရေးသားတော်မူခဲ့လေသည်။ ၎င်းနိဿယ မှာလည်း ပေဖြင့်သာ တည်ရှိကြောင်း သိရလေသည်။

ပါရာဇိကပါဠိယာပိ၊ နိဿယံ ဝိညုမာနိတံ။
ရစယိ သာသနသောဝ၊ ဓိရကာလာဘိဝမိယာ။

## ပါစိတ်ပါဠိတော်နိဿယ

ပါစိတ်ပါဠိတော် (ပါစိတ္တိယပါဠိ)သည် ဝိနည်းပိဋကတ်ကြီး၏ ဒုတိယ မြောက်ကျမ်းကြီးဖြစ်လေသည်။ ရဟန်းယောက်ျားတို့၏ ကျင့်ဖွယ်ပါစိတ်, ပါဋိဒေသနိယ, သေခိယ, အဓိကရဏသမထ, ဘိက္ခုနီမတို့ ကျင့်ဖွယ်သိက္ခာပုဒ်တို့ကို နိဒါန်း, ပုဂ္ဂိုလ်,ဝတ္ထု,စသည်တို့ဖြင့် အကျယ်ဟောတော်မူပြရာ ကျမ်းကြီး ဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၄၇၀–ရှိလေသည်။

ဆရာတော်ဘုရားကြီးသည် ဝိနည်းဒေသနာတော်၏ ကြာရှည်စွာ တည်ရေးကို တွေးကြံစဉ်းစား လိုလားတော်မူသဖြင့် ယင်းပါစိတ်ပါဠိတော်၏ နိဿယကိုလည်း ရေးသားတော်မူခဲ့လေသည်။

ပါစိတ္တိယပါဠိယာပိ၊ နိဿယံ ဝိဒုမာနိတံ။
ရစယိ သုဝိသုဒ္ဓိယာ၊ ဘာသာယ ယတိကုဥ္ဇရော။

## ဝိနည်းမဟာဝါပါဠိတော်နိဿယ

ဝိနည်းမဟာဝါပါဠိတော် (ဝိနည်းမဟာဝဂ္ဂပါဠိ)သည် ကိုယ်တော်မြတ် သစ္စာလေးပါးတရားသိတော်မူပြီး သတ္တသတ္တာဟ စံတော်မူခန်းမှစ၍ သာသနာ့ လုပ်ငန်း စဉ် ကျင့်ဝတ်မျိုးစုံတို့ ပါဝင်သည့်ကျမ်းစာကောင်း ကျမ်းစာမွန်ကြီး ဖြစ်လေသည်။

ယင်းမဟာဝဂ္ဂပါဠိ၏ ခန္ဓကအားဖြင့် မဟာခန္ဓက၊ ဥပေါသထက္ခန္ဓက၊ ဝဿူပနာယိကက္ခန္ဓက၊ ပဝါရဏာက္ခန္ဓက၊ စမ္မက္ခန္ဓက၊ ဘေသဇ္ဇက္ခန္ဓက၊ ကထိနက္ခန္ဓက၊ စီဝရက္ခန္ဓက၊ စမ္ပေယျက္ခန္ဓက၊ ကောသမ္ဗကက္ခန္ဓကတို့ ပါဝင်၏။ မဟာဝဂ္ဂပါဠိသည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅၁၁–ရှိလေသည်။

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် ဖော်ပြပါ မဟာဝဂ္ဂပါဠိတော်၏ မြီရာအနက်မြန်မာပြန် နိဿယကိုလည်း အမှာအထားများစွာ အဆုံးအဖြတ် များစွာတို့ဖြင့် တန်ဆာဆင်၍ သန့်ရှင်းကျစ်လစ်သောစကားဖြင့် ရေးသားတော်မူခဲ့လေသည်။

မဟာဝဂ္ဂပါဠိယာပိ၊ ဝိနယာယ ဝိရူဠိယာ။
ဘာရတိယာ ဝိသုဒ္ဓိယာ၊ ရစယီ မုနိပုင်္ဂဝေါ။

## ပါရာဇိကဏ်အဋ္ဌကထာနိဿယ

ပါရာဇိကဏ်အဋ္ဌကထာ (ပါရာဇိကကဏ္ဍအဋ္ဌကထာ)သည် ဝိနည်းအဋ္ဌကထာ၏ လက်မွန်မဆွ ပဌမဆုံးကျသော ကျမ်းကြီးဖြစ်လေသည်။ အရှင်မဟာဗုဒ္ဓဃောသသည် အရှင်ဗုဒ္ဓသီရိထေရ်၏ တောင်းပန်မှုကြောင့် မဟာအဋ္ဌကထာကို ကိုယ်ထည်ပြု၍ မဟာပစ္စရီအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ၊ အန္ဓကအဋ္ဌကထာ၊ သင်္ခေပအဋ္ဌကထာတို့မှ သင့်သောအဆုံးအဖြတ် အဆိုအမိန့်များကိုလည်းယူ၍ ဝိနည်းပါဠိတော်များ၏ အဖွင့်ဝိနည်းအဋ္ဌကထာများကို စီရင်ရေးသားတော်မူခဲ့လေသည်။ ပါရာဇိကဏ်အဋ္ဌကထာမှာ ပဌမ၊ ဒုတိယ ၂–တွဲရှိ၏။ ပဌမတွဲမှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၃၄၅၊ ဒုတိယတွဲ မှာ ၃၁၂–ရှိရာ ၂–တွဲပေါင်း စာမျက်နှာ ၆၅၇–မျက်နှာ ရရှိ၏။

ရေစကြိုဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ကြီးကျယ်ခက်ခဲသော ပါရာဇိကဏ်အဋ္ဌကထာ၏ မြီရာအနက် မြန်မာပြန်နိဿယကိုလည်း ပဒတ္ထ, ဝိနိစ္ဆယတ္ထ, စသည်တို့ဖြင့် တန်းဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်။

ယင်းနိဿယများမှာ ပေများဖြင့် တည်ရှိကုန်၏။ ဆရာတော်၏ ပါရာဇိကဏ် အဋ္ဌကထာနိဿယပေမူ၌ နမောတဿ အနက်ကျဉ်းကိုတွေ့ရ၏။ ရေစကြိုဆရာတော်ဘုရားကြီး၏ 'နမော တဿ' အနက်ကျဉ်းကို သုတေသီတို့ သိရှိရန် ဤ၌ ဖော်ပြပေးအပ်ပါသည်။

## ရေစကြိုဆရာတော်ဘုရားကြီး၏ 'နမော တဿ' ဘုရားရှိခိုး အနက်ကျဉ်း

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ အရဟံ၊ ဖျက်ဆီးအပ်ပြီးသော သံသရာစက်၏ အကန့်ရှိတော်မူပြီ။ သမ္မာသမ္ဗုဒ္ဓေါ၊ တစ်ပါးကုန်သောသူတို့သည် မနှိုးအပ်သည်ဖြစ်၍ ကိုယ်တော်၏အလိုလိုသာ ဝါသနာနှင့်တကွ မောဟသာလျှင် ဖြစ်သော ပြင်းစွာသောအိပ်ပျော်ခြင်းမှ စင်စစ်နိုးတော်မူပြီ။ အရဟတော၊ ဖျက်ဆီးအပ်ပြီးသော သံသရာစက်၏ အကန့်ရှိတော်မူပြီးသော။ သမ္မာသမ္ဗုဒ္ဓဿ၊ တစ်ပါးကုန်သော သူတို့သည် မနှိုးအပ်သည်ဖြစ်၍ ကိုယ်တော်အလိုလိုသာ ဝါသနာနှင့်တကွ မောဟသာလျှင်ဖြစ်သော ပြင်းစွာအိပ်ပျော်ခြင်းမှ စင်စစ်နိုးတော်မူပြီးသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ ဤကား ရေစကြိုဆရာတော်ဘုရားကြီး၏ နမောတဿ ဘုရားရှိခိုး အနက်တည်း။ နမော တဿနှင့်စပ်၍ မှတ်သားဖွယ်ကို ထေရဝုတ္တန္တဒီပနီကြည့်။

ပါရာဇိကာဘိဓေယျာယ၊ ဌကထာယ သုသောဘနံ။
နိဿယမ္ပိ စ ကာရေသိ၊ ကရဏော ကောဝိဒေါ ဝိဒူ။

## ပါစိတ်အဋ္ဌကထာနိဿယ

ပါစိတ်အဋ္ဌကထာသည် ပါစိတ်ပါဠိတော်၏ အဖွင့်ဖြစ်၏။ ထေရဝါဒနိုင်ငံအလုံးတို့၌ တညီတညွတ်တည်းအသုံးပြုသော ကျမ်းစာဖြစ်သည်။ တရုတ်ပြည်၌လည်း ယင်းအဋ္ဌကထာများ တရုတ်ဘာသာဖြင့်ရှိသည်ဟု သီဟိုဠ်ကျွန်း ဝိဇ္ဇောဒယ တက္ကသိုလ်နေစဉ်က သိခဲ့ရသည်။ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၃၁– ရှိလေသည်။ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ပါစိတ်အဋ္ဌကထာ၏ မှီရာအနက် မြန်မာပြန်နိဿယကိုလည်း စီရင်တော်မူခဲ့လေသည်။

ပါစိတ္တိယနာမိကာယ၊ ဝဏ္ဏနာယ သုနိဿယံ။
စက္ကဿ ဝုမိယာယေဝ၊ အကာ ဝီရိယဝါ သုဓီ။

## ဝိနည်းမဟာဝါ အဋ္ဌကထာနိဿယ

ဝိနည်းမဟာဝါအဋ္ဌကထာမှာ ဝိနည်းမဟာဝါပါဠိတော်၏ အဖွင့်ဖြစ်၏။ ဝိနည်းမိုရ်သာသနာ့ဝန်ထမ်းတို့ မလေ့လာလျှင် မဖြစ်သောကျမ်းဖြစ်လေသည်။ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၂၀၃–ရှိလေသည်။ ရေစကြိုဆရာတော်ကြီးသည် ယင်းဝိနည်းမဟာဝါအဋ္ဌကထာ၏ မှီရာအနက်မြန်မာပြန်နိဿယကိုလည်း နောက်ဆုံးရေးသားတော်မူခဲ့လေသည်။

## နေမကောင်းယင်းနှင့်ရေး

ယင်းဝိနည်းမဟာဝါအဋ္ဌကထာနိဿယရေးစဉ် ဆရာတော်ဘုရားကြီး နေမကောင်းဟု သိရ၏။ ကိုယ်ရောင်ရောဂါ ဝင်စပြုနေ၏။ သို့ရာတွင် မလျော့သော ဇွဲလုံ့လဖြင့် ရေးသားတော်မူခဲ့လေသည်။ သို့သော်လည်း အပြီးမရောက်ဟု သိရပါသည်။ ဆရာတော်ဘုရားကြီးကား သာမန်လူတို့ မတွေးဝံ့အောင် ကြီးမားသော ဝီရိယပိုင်ရှင် သာသနာ့ဝန်ဆောင်ကြီးပါတည်း။

မဟာဝဂ္ဂဝဏ္ဏနာယ၊ ဝိနယေ နိဿယမ္ပိ စ။
ဝိရဠ္ဋိယာ ဝိနယာယ၊ အကာ သံသုဒ္ဓမာနသော။

## ကေနိပါတ်အစ မဟာနိပါတ်အဆုံးရှိသော ဇာတ်အဋ္ဌကထာ နိဿယကျမ်းကြီး

ဇာတ်အဋ္ဌကထာ(ဇာတကဋ္ဌကထာ)မှာ လွန်စွာကြီးကျယ်သော ကျမ်းကြီးဖြစ်လေသည်။ ဇာတ်ပါဠိတော် အားလုံး၏ အဖွင့်ဖြစ်ရာ ပဌမတွဲအစ သတ္တမတွဲအဆုံး ၇–တွဲရှိလေသည်။ ၇–တွဲလုံး ဆဋ္ဌသံဂါယနာစာတော်မူ ၃၂၂၉–မျက်နှာရှိလေသည်။ သီဟိုဠ်ကျွန်း၌လည်း သီဟိုဠ်အက္ခရာဖြင့် ရိုက်နှိပ်ထားရာ စာမျက်နှာ ၂၄၄၃–ရှိလေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ကျယ်ဝန်းလှသော ကေနိပါတ်အစ မဟာနိပါတ်အဆုံးရှိသော ဇာတ်အဋ္ဌကထာကြီး၏ အနက်မြန်မာပြန်နိဿယကိုလည်း ကြီးမားသောဝီရိယဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းသို့ရေးသားစီရင်ရာ၌ မိမိချပို့သည့်အတိုင်း တပည့်တို့ကို ရေးသားစေ၍ ဆရာတော်ကြီးက နောက်မှကြည့်ရှုစစ်ဆေးတော်မူသည်။ ယင်းဇာတ်အဋ္ဌကထာနိဿယ

များမှာ ပေမူဖြင့်တည်ရှိခဲ့ကုန်၏။ ဤစာပြုသူ ကြိုးကြိုးပမ်းပမ်းရှာဖွေသော်လည်း စုံလင်စွာပင် ရှာ၍မတွေ့တော့ပါ။

ကေနိပါတ်ပဌမပဏ္ဏာသ အဋ္ဌကထာနိဿယ၊ ဒုကနိပါတ်အဋ္ဌကထာ နိဿယ၊ အဋ္ဌကနိပါတ်အဋ္ဌကထာနိဿယ၊ နဝကနိပါတ်အဋ္ဌကထာနိဿယ၊ ဒသကနိပါတ်အဋ္ဌကထာနိဿယ၊ ပကိဏ္ဏကနိပါတ်အဋ္ဌကထာနိဿယ၊ ဝီသတိ နိပါတ်အဋ္ဌကထာနိဿယ၊ တိံသနိပါတ်အဋ္ဌကထာနိဿယ၊ စတ္တာလီသနိပါတ် အဋ္ဌကထာနိဿယ၊ ပဏ္ဏာသနိပါတ်အဋ္ဌကထာနိဿယ၊ သဋ္ဌိနိပါတ်အဋ္ဌကထာ နိဿယ၊ သတ္တတိနိပါတ်အဋ္ဌကထာနိဿယ၊ အသီတိနိပါတ်အဋ္ဌကထာနိဿယ တို့ကိုသာ တွေ့ရှိရလေသည်။ ယင်းနိဿယများတွင် တစ်ချို့နိဿယများ၌ ဂန္ထာရမ္ဘ နိဂုံးတို့ပါရှိ၍ တစ်ချို့နိဿယများ၌ ဂန္ထာရမ္ဘ နိဂုံးတို့ သီးခြား မပါရှိချေ။ ကေနိပါတ် အဋ္ဌကထာနိဿယကျမ်းဦး၌–

ဗုဒ္ဓါဒိမနန္တဂုဏံ၊ နတွာန ရတနတ္တယံ။
သုဝါစေန္တံ သာဋ္ဌကထံ၊ ပဉ္စနိကာယမာဂမံ။
ရက္ခန္တံ သာသနံ ဝီရံ၊ ဂရုမ္ပိ တေန ပေသိတော။
ကဝိန္ဒောတိ ဂရူပေတ၊ ကတနာမော သုတေသကော။
တဗ္ဗာစိတ နယေနေဝ၊ လိခံ ဇာတကနိဿယံ။

ဣဓသာသနေ၊ ဤမြတ်စွာဘုရားသာသနာတော်၌။ ဂရူပေတ၊ ကျောက်ထီး တန္တု အလေးပြုအပ်သော ကျေးဇူးရှင်ဆရာမြတ်တို့သည်။ ကဝိန္ဒောတိ၊ ကဝိန္ဒဟူ၍။ နာမော၊ မှည့်ခေါ်အပ်သော ဘွဲ့အမည်ရှိသော။ အဟံ၊ ကူးခန်းကြီးမြို့လျှင် ဖွားရာ ဇာတိရှိသော ကဝိန္ဒအမည်ရှိသောငါသည်။ အနန္တဂုဏံ၊ ကောင်းကင်ပုံနှုန်း အဆုံးမရှိ သောဂုဏ်နှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓါဒိံ၊ ဘုရားအစရှိသော။ ဝါ၊ ဘုရားတရားသံဃာ တည်းဟူသော။ ရတနတ္တယံ၊ ရတနာတို့၏သုံးပါးတို့၏အပေါင်းကို။ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သာဋ္ဌကထံ၊ အဋ္ဌကထာနှင့်တကွဖြစ်သော။ ပဉ္စနိကာယံ၊ ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ, ခုဒ္ဒကနိကာယ်အားဖြင့် ငါးပါးသော နိကာယ်ဟု ဆိုအပ်သော။ အာဂမံ၊ ပိဋကတ်သုံးပုံပါဠိတော်ကို။ သုဝါစေန္တံ၊ နာနာနယ်နိပုဏကို ထုတ်ပြသေချာ တတ်လွယ်သာအောင် ကောင်းစွာပို့ချတော် မူပေတတ်သော။ သာသနံ၊ သုံးပါးသောသာသနာတော်ကို။ ဝါ၊ အရင်းမူလ ပဓာနဖြစ်သော ပရိယတ္တိ သာသနာတော်ကို။ ရက္ခန္တံ၊ ကျေးဇူးရှင်နတ်ရဲတောင် သာသနာပိုင်ဆရာတော် ဘုရားကြီးသည် ဆောင်နှင်းအပ်ခဲ့ပြီးသော အမိန့်တော်အတိုင်း အမြဲမပြတ်

စောင့်ရှောက်တော်မူပေတတ်သော။ ဓိရံ၊ မြဲမြံခိုင်ခံသော မဟာသာဟာလုံ့လရှိတော်မူသော။ ဝါ၊ မပြတ်ဖြစ်သော အဗ္ဗောစ္ဆိန္နဝီရိယလည်းရှိတော်မူသော။ ဂရုံပိ၊ ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီးကိုလည်း။ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သုတေသကော၊ ပရိယတ္တိဗဟုသုတကို ရှာမှီးဆဲ ဖြစ်သော။ သာမဏောရော၊ သာမဏေသည်။ သမာနောပိ၊ ဖြစ်ပင်ဖြစ်ပါသော်လည်း။ တေနဂရုနာ၊ ထိုရေစကြိုဆရာတော်ဘုရားကြီးသည်။ လိခိတုံ၊ ပို့ချသည့်အတိုင်း ရေးစေခြင်းငှါ။ ပေသိကော၊ စေခိုင်းတော် မူအပ်သည်။ ဟုတွာ၊ ဖြစ်၍။ နိဒါနတော၊ နိဒါန်းမှ။ ပဌာယ၊ စ၍။ ဇာတကနိဿယံ၊ ကေကနိပါတ် ပဋ္ဌမပဏ္ဏာသကဇာတ် အဋ္ဌကထာ နိဿယကို။ တဗ္ဗာစိတနယေနေဝ၊ ထိုရေစကြိုဆရာတော်ဘုရားကြီး ချပို့တော်မူအပ်သောနည်းဖြင့်သာလျှင်။ လိခံ-လိခိဿာမိ၊ ရေးသားပေအံ့။[၁]

ယင်းကေနိပါတ်ဇာတ်အဋ္ဌကထာ နိဿယပေထုပ်သည် ၁၀-ကြောင်း ပေ ၃၇-အင်္ဂါရှိလေသည်။

ဒုကနိပါတ်ဇာတ်အဋ္ဌကထာနိဿယကျမ်းဦး၌-

ဗုဒ္ဓါဒိမနန္တဂုဏံ၊ နတွာန ရတနတ္တယံ။
သုဝိစေန္တံ့ သာဋ္ဌကထံ၊ ပဥ္စနိကာယမာဂမံ။
ရက္ခန္တံ့ သာသနံ ဓိရံ၊ ဂရုံပိ တေန ပေသိကော။
သုန္ဒရောတိ ဂရုဟော၀၊ ကတနာမော သုတေသကော။
တဗ္ဗာစိတနယေနေဝ၊ လိခံ ဇာတကနိဿယံ။

ဟူ၍ ဆရာတော်ဘုရားကြီး၏အမိန့်အရ ဒုကနိပါတ်ဇာတ်အဋ္ဌကထာနိဿယကို ရေးသားရသူ ကျောက်ကန်ရွာဇာတိ ရဟန်းသိက္ခာ လေးဝါရ ရဟန်းတော် အရှင်သုန္ဒရသည် ရေးသားခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အဋ္ဌကနိပါတ် ဇာတ်အဋ္ဌကထာနိဿကို သေယောက်ရွာလျှင် ဖွားရာဇာတိရှိသော အရှင်တိလောကမည်သောရဟန်း, သိက္ခာ ၁-ဝါရ ရဟန်းတော်ကို မိမိချပို့ပြောဆိုသည့်အတိုင်း ရေးစေတော်မူခဲ့လေသည်။ အရှင်တိလောကသည် ကျမ်းဦး၌-

သုဇာတိမံ ဇိနံ နတွာ၊ ဒယာပညာပဘာဝိတံ။
ဂရုံပိ ဝါစိတံ တေန၊ လိက္ခံ ဇာတကနိဿယံ။

---

၁။ ယင်းကေနိပါတ်နိဿယအဆုံး၌ ၁၂၆၇-ခု တပေါင်းလဆန်း ၃-ရက်နေ့ ရေးကူး၍ပြီးသည် ဟုပါရှိလေသည်။

ဒယာပညာပဘာဝိတော၊ ကမ္ဘာပြုမိုး ရွာသွန်းဖြိုးသို့ ထိုနှင့်တရထည် ကြွင်းမဲ့ဥဿုံ အလုံးစုံသောသတ္တဝါတို့အား ကရုဏာရေအေးကို တိုက်ကျွေးတော်မူခြင်းကြောင့် ထွန်းတောက်ပသော ပညာရောင်ရှိတော်မူသော။ ဝါ၊ ကရုဏာတော်သည် တိုက်တွန်းအပ်သည်ဖြစ်၍ ဘုရားဆုကို ပန်ဆင်တော်မူသည့်နေ့မှစ၍ ဖြည့်ဆည်းပူးအပ်သော ပါရမီအဟုန်ကြောင့် ရအပ်သော ဣန္ဒြိယပရောပရိယတ္တအစရှိသော ပညာရောင်ရှိတော်မူသော။ သုဇာတိမာ၊ ရှေးရှေးကာလ၌ ပွင့်တော်မူကြသော ဗုဒ္ဓကုံရဝံသနွယ်ညောင်း ဘုရားအလောင်းတို့ကဲ့သို့ ကောင်းမြတ်သော ဗုဒ္ဓကုံရဇာတ်ရှိတော်မူသော။ ယောတထာဂတော၊ သည်။ ဇာတိဇာတိယံ၊ ဘုရားဆုကို ပန်ဆင်တော်မူသည့်နေ့မှစ၍ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပုရေတွာ၊ ဖြည့်ကျင့်တော်မူပြီး၍။ အဇ္ဈိနိ၊ အပရာဇိတပလ္လင်ဝယ် ငါးအင်သောမာရ်ယုတ်ကို ချက်တဖြုတ်ရှောင်တခင် အောင်မြင်တော်မူပြီ။ ဒယာပညာပဘာဝိတံ၊ ဘုရားဆုကို ပန်ဆင်တော်မူပါဟု တိုက်တွန်းတတ်သော ကရုဏာနှင့် ကရုဏာသည် တိုက်တွန်းအပ်သည်၏အဖြစ်ကြောင့် ရအပ်သော အကနိဋ္ဌဗြဟ္မပြည်တိုင်အောင် တောက်ပသောပညာရောင်လည်း ရှိတော်မူသော။ သုဇာတိမံ၊ အသမ္ဘိန္နခတ္တိယဇာတ် ကောင်းမြတ်သော အနွယ်လည်းရှိတော်မူသော။ ဇိနံ၊ ငါးပါးသောမာရ်ကိုအောင်တော်မူပြီးသော။ တံ တထာဂတံ၊ ထိုမြတ်စွာဘုရားကိုလည်း။ အဟံ၊ ပေါက္ကံမြို့အပိုင် သေယောက်ရွာလျှင် ဖွားရာဇာတိရှိသော တစ်ဝါရ တိလောကအမည်ရှိသော ငါသည်။ နတ္វာ–နမာမိ၊ ရှိခိုးပါ၏။

နတွာ၊ ရှိခိုးပြီး၍။ နော၊ ငါတို့၏။ ဒယာပညာပဘာဝိတော၊ ကရုဏာတော်သည် တိုက်တွန်းအပ်သည်ဖြစ်၍။ ပ၊ ပညာရောင်ဖြင့် တောက်ပသော။ သုဇာတိမော၊ သုံးတန်သော သင်္ဂါယနာတင်ပြီးသည်မှ နောက်ကာလ၌ ယခုထက်တိုင်အောင် ရှေးရှေးသောကာလ၌ ပရိယတ္တိဓမ္မ၌ အားထုတ်တော်မူကြသော အရှင်မြတ်တို့ကဲ့သို့ မပြတ်နေ့ည ပရိယတ္တိဓမ္မကို အားထုတ်တော်မူသည်ဖြစ်၍ သာသနာတော်ဝယ် ကောင်းမြတ်သော သဘောရှိတော်မူသော။ ယော အာစရိယော၊ အကြင်ရေစကြိုဆရာတော်အရှင်မြတ်သည်။ နယံ၊ ဥဿျှဓမ္မာဘိသိရီပဝရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု အမည်ရှိသော သာသနာပိုင် ဆရာတော်အရှင်မြတ်သည် ပေးအပ်သောနည်းနာနယကို။ ဂဟေတွာ၊ ယူ၍။ ဂဏာနံ၊ တပည့်သား အပေါင်းတို့အား။ အဝါစယိ၊ ငါးပါးသောနိကာယ်ပါဠိတော် အဋ္ဌကထာ

ကို ပို့ချတော်မူ၏။ ဒယာပညာပဘာဝိတံ၊ တောက်ပသောကရုဏာတော်၏ အရောင် ပညာ၏အရောင်ရှိတော်မူသော။ သုဇာတိမံ၊ သာသနာကိုစောင့်ခြင်း၌ ကောင်းမြတ်သော ဇာတ်ရှိတော်မူသော။ တံ ဂရုံပိ၊ ထိုရေစကြို ဆရာတော် အရှင်မြတ်ကိုလည်း။ နတွာနမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ တေန အာစရိယေန၊ ထိုရေစကြိုဆရာတော်အရှင်မြတ်သည်။ ဝါစိတံ၊ ပို့ချအပ်သော။ ဇာတကနိဿယံ၊ အဋ္ဌကနိပါတ် ဇာတ်အဋ္ဌကထာနိဿယကို။ လိက္ခံ– လိခိဿာမိ၊ ရေးပေအံ့။[1]

ပကိဏ္ဏကနိပါတ် ဇာတ်အဋ္ဌကထာနိဿယကျမ်းဦး၌လည်း–

ပကိဏ္ဏကဇိနံ နတွာ၊ သံဓာဝနံ တဒဒ္ဓေဒံ။
ဓမ္မံ သံဃဉ္စ သက္ကစ္စံ၊ ဇာတကံ တဿ လိခိဿံ။
ပကိဏ္ဏကန္တိ နာမေန၊ လဒ္ဓနာမံ တဒတ္တတ္တာ။
ဒိန္နနယေနာစေရဿ၊ မြမ္မဘာသာယ ဥပ္ပတ္တိံ။

အဟံ၊ ငါသည်။ ပကိဏ္ဏကသံဓာဝနံ၊ ပြိုးပြွမ်းအားဖြင့် ပြေးသွားသော ကျင်လည်ရာဖြစ်သော ဇာတ်ရှိတော်မူသော။ တဒဒ္ဓေဒံ၊ ထိုပြိုးပြွမ်းအားဖြင့် ပြေးသွား ကျင်လည်ခြင်းကို ဖြတ်တော်မူတတ်သော။ ဇိနံ၊ မြတ်စွာဘုရားကို။ သက္ကစ္စံ၊ အရို အသေပြု၍။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာစ၊ ရှိခိုးပြီး၍လည်းကောင်း။ တဒဒ္ဓေဒံ၊ ထိုပြိုးပြွမ်းသောအားဖြင့် ပြေးသွားကျင်လည်းခြင်းကို ဖြတ်တတ်သော။ ဓမ္မံ၊ တရား တော်ကို။ သက္ကစ္စံ၊ အရိုအသေပြု၍။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာစ၊ ရှိခိုးပြီး၍ လည်းကောင်း။ တဒဒ္ဓေဒံ၊ သော။ သံဃံ၊ ကို။ သက္ကစ္စံ၊ ၍။ နတွာ နမာမိ၊ ပါ၏။ နတွာစ၊ ၍လည်းကောင်း။ ပကိဏ္ဏကသံဓာဝနဿ၊ ပြိုးပြွမ်းသောအားဖြင့် ပြေးသွား ကျင်လည်ရာဖြစ်သော ဇာတ်ရှိတော်မူသော။ တဿဇိနဿ၊ ၏။ တဒတ္တတ္တာ၊ ထိုပြိုးပြွမ်းကျင်လည်ရာဖြစ်သော ဇာတ်ဟုဆိုအပ်သော နာမပညတ်သကတ် အနက် ရှိသည်၏အဖြစ်ကြောင့်။ နာမေန၊ အမည်အားဖြင့် ပကိဏ္ဏကဇာတ်တော်၏၊ ဥပ္ပတ္တိံ ဖြစ်ခြင်းကို။ အာစေရဿ၊ ဆရာတော်ဘုရားကြီး၏။ ဝါ၊ သည်။ ဒိန္နနယေန၊ ပေးတော်မူအပ်သောနည်းဖြင့်။ လိခိဿာမိ၊ ရေးပေအံ့။ ဟူ၍လည်း ဖော်ပြပါရှိ လေသည်။

---

၁။ အဋ္ဌကနိပါတ်နိဿယနိဂုံး၌ ၁၂၆၈–ခုနှစ်၊ နတ်တော်လဆန်း ၁–ရက်နေ့ကပြီးသည်ဟု ပါရှိ၏။ နဂက၊ ဒသကဂန္ထာရမ္ဘအဋ္ဌကနိပါတ်နိဿယနှင့်တူ၏။ အဋ္ဌကနိပါတ်၊ နဝကနိပါတ် နိဿယမှာ ၁၀–ကြောင်း ပေ ၂၆–အင်္ဂါခန့် ရှိလေသည်။

ဝီသတိနိပါတ်နိဿယ၌ ဂန္ထာရမ္ဘ မပါရှိချေ၊ ပကိဏ္ဏကနိပါတ်နိဿယနှင့် ဝီသတိနိပါတ် ပေတစ်ထုပ်တည်းဖြစ်ရာ ၁၀–ကြောင်း ပေ ၃၃–အင်္ဂါရှိလေသည်။[၁] တိံသနိပါတ်နိဿယ ဂန္ထာရမ္ဘမှာ အဋ္ဌကနိပါတ်နှင့်တူ၏။ စတ္တာသီလနိပါတ်နိဿယ၌ ဂန္ထာရမ္ဘမပါရှိချေ။ ၎င်း ၂–ကျမ်းတွဲ ၁၀–ကြောင်းပေ ၂၃–အင်္ဂါခန့်ရှိလေသည်။ အသီတိနိပါတ်ဇာတ်အဋ္ဌကထာနိဿယကို ဆရာတော်ဘုရားကြီးသည် ရှင်အမည် ရှင်ဝါယမ ရဟန်းအမည် အရှင်ဝရသမ္ဘောဓိ အမည်ရှိသောရဟန်းတော်ကို မိမိချပို့သည့်အတိုင်း ရေးသားစေတော်မူခဲ့လေသည်။

အရှင်ဝရသမ္ဘောဓိသည် ယင်းနိဿယကျမ်ဦး၌–

ဒိဇာတကံ ဒိနာမောဟံ၊ သာမဏေရမှိ သမ္ဘဒေ။

ပဥ္စကဋ္ဌ တတိယပဏ္ဏာ–သကံ သုလိခိါတုန။[၂]

ဒွတ္တိံသာသီတိ သမ္ဘန္နံ၊ တမခံသဝိတာမလံ။

မဒ္ဒကံ ဝနထတရံ၊ ဗုဒ္ဓံ ဓမ္မံ နမေ အရိယံ။

ရက္ခာစရိယပက္ကာရံ၊ နတွာ လိခံ အသီတိနိဿယံ။

လောကနာထဿ မုနိနော၊ ဇာတိက္ကမံ ပုနပ္ပုနံ။

ဒိဇဂနာမော၊ နှစ်ကြိမ်ဖွားသော ငှက်တို့ကဲ့သို့ သာမဏေဖြစ်စဉ်ကာလဝါယမဟူသောအမည် ရဟန်းဖြစ်သောကာလ ဝရသမ္ဘောဓိဟူသော နှစ်ပါးသောအမည်ရှိသော။ အဟံ၊ ငါသည်။ သာမဏေရမှိ၊ တစ်ဆယ့်ခြောက်နှစ်အရွယ်သာမဏေငယ်ဖြစ်စဉ်ကာလ၌။ ဒိဇာတကံ၊ ပညာအရာဝယ် ကြီးကျယ်သော နှစ်ပါးသော မဟောသဓဇာတ်, ဝေဿန္တရာဇာတ်ကိုလည်းကောင်း။ သမ္ဘဒေဥပသမ္ပဒကာလေ၊ ပဥ္စင်းဖြစ်စ ဝါမရမီကာလ၌။ ပဥ္စကဋ္ဌ၊ ပဥ္စကနိပါတ်ကိုလည်းကောင်း။ တတိယပဏ္ဏာသကဋ္ဌ၊ ကေနိပါတ် တတိယပဏ္ဏာသကကိုလည်းကောင်း။ သုလိခိါတုန၊ ကောင်းစွာရေးပြီး၍။ အဓုနာ၊ ယခုအခါ၌။ (ထည့်) ဒွတ္တိံသာသီတိသမ္ဘန္နံ၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာငယ်တို့နှင့်ပြည့်စုံတော်မူသော။

တမခံသဝိတာမလံ၊ အဝိဇ္ဇာတည်းဟူသော ဖျက်ဆီးအပ်သောအမိုက်တိုက်ရှိသည်ဖြစ်၍ ရာဂအစရှိသော အညစ်အကြေးမှ ကင်းတော်မူသော။ မဒ္ဒကံ၊ ကိလေ

---

၁။ ကျမ်းစာအဆုံး၌ ၁၂ရ၁–ခုနှစ်တွင် ရေးကူးပြီးစီးကြောင်းပါရှိ၏။

၂။ အသံထွက်ဖတ်လျှင် ပဥ္စကဋ္ဌ တတိယပဏ်–ဏာသကံ သုလိခိါတုန–ဟု ဖတ်ရာ၏။

သမာရ်၏ထိပ်ကို နှိမ်နင်းတော်မူတတ်သော။ ဝနထတရံ၊ လူသာမန်တို့သည် ကူးမြောက်နိုင်ခဲသော တဏှာတည်းဟူသော မြစ်ကြီးကိုကူးမြောက်တော်မူပြီးသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုလည်းကောင်း။ တမဓံသဂိတာမလံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကိုလည်း ဖျက်ဆီးတတ်သော ရာဂအစရှိသောအညစ်အကြေးမှ လည်းကင်းတော်မူသော။ ဓမ္မံ၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ မဒ္ဒကံ၊ ကိလေသမာရ်၏ထိပ်ကိုနှိမ်နင်းတော်မူတတ်သော။ ဝနထတရံ၊ လူသာမန်တို့သည် ကူးမြောက်နိုင်ခဲသောတဏှာတည်းဟူသော မြစ်ကိုကူးမြောက်တော်မူပြီးသော။ အရိယံ–အရိယသံဃံစ၊ ရှစ်ယောက်သော အရိယာသံဃာတော် အပေါင်းကိုလည်းကောင်း။ ပက္ကာရံ ပကာရံ၊ တပည့်သားအပေါင်းတို့အား များသော ကျေးဇူးရှိသော။ ရက္ခာစရိယံ–ရက္ခအာစရိယံ၊ သာသနာတော်ကို စောင့်တတ်သော ငါတို့၏ဆရာသခင် ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီးကိုလည်းကောင်း။ နမေ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ လောက နာထဿ၊ သတ္တလောက၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဝါ၊ သတ္တလောကကို သုစရိုက်ကိုပြုပါလော့ဟု တိုက်တွန်းတတ်သော။ မုနိနော၊ မြတ်စွာဘုရား၏။ ပုနပ္ပုနံ၊ ထိုထိုဘဝ၌ တတောက်ပတ်ပတ်။ ဝါ၊ အထပ်ထပ်။ ဇာတိက္ကမံ၊ ဖြစ်ရာအစဉ် ဖြစ်၍ဖြစ်သော။ အသီတိနိသယံ၊ အသီတိနိပါတ်၏မှီရာ အတ္ထနိဿယကို။ လိက္ခံ၊ ရေးပေအံ့။

ယင်းအသီတိနိပါတ်နိဿယမှာ ၁၀–ကြောင်း ပေ ၂၉–အင်္ဂါခန့် ရှိလေသည်။ ဆရာတော်ဘုရားကြီး၏ ဇာတ်အဋ္ဌကထာ နိဿယမှာ ပေထုတ်ကြီးပေါင်း ၂၅–ထုတ်ခန့်ရှိသည်ဟု ခန့်မှန်းမိပေသည်၊ ဆရာတော်ကြီးကား ကျော်ကြားထင်ရှား မြင့်မြတ်ထူးချွန်လှသည့် စာချ, ကျမ်းပြုပုဂ္ဂိုလ်ကြီး စစ်မှန်လှပေသည်။

ဇာတကဋ္ဌကထာယာပိ၊ နိဿယံ နိဿယာရဟံ။
သုတေသီနံ ဟိတတ္ထာယ၊ အကာ ဒဋ္ဌပရက္ကမော။

## ဂန္ထကာရကပုဂ္ဂိုလ်၏ ပင်ပန်းမှုကိုမမှုပဲ ကျမ်းစာများပြုစုခဲ့

ဆရာတော်ဘုရားကြီးကား နိကာယ်ငါးရပ်၊ ပါဠိအဋ္ဌကထာ၊ နိဿယ ကျမ်းပေါင်းများစွာကို စာဆိုသူသာမဏေ၊ ပဉ္စင်းငယ်တို့၏ အကူအညီဖြင့် ပြုစုတော်မူခဲ့လေသည်။ အားလုံးပေထုတ်ပေါင်းဆိုလျှင် ပေထုပ်ပေါင်း ၅၀–အောက် မနည်း ရှိပါလိမ့်မည်။ ကျမ်းပြုဆရာတို့၏ ပင်ပန်းမှုကို ဂရုပြုတော်မမူပဲ သာသနာ တော်၌ လုပ်အား အချိန်ပြည့်ပေးတော်မူခဲ့လေသည်။ ဈာန်ဝင်စားသော ပုဂ္ဂိုလ်တို့

သည်သာလျှင် ဈာန်၏အရသာကို သိနိုင်ကုန်၏။ နားစွန်နားဖျားကြားရုံမျှဖြင့် ဈာန်၏ အရသာကို မသိနိုင်ပါ။ ကျမ်းဂန်ပြုစုသူ ကျမ်းပြုပုဂ္ဂိုလ်စာပေသမား၏ ပင်ပန်းမှုနှင့် ပညာရှင်တို့၏ စွမ်းရည်ကို စာပေသမား ပညာရှင်တို့သာလျှင် သိနိုင်ကုန်၏။

ဈာယီဝ ဈာနသုခမဂ္ဂရသံ ဝိဒတ္တိ။
ဇာနန္တိ ကိန္နု သုတိမဂ္ဂရသံ ဒုဝိညော။
ဝေ ဂန္ထကာရကဿ ပရိဿမဥ္စ။
ဇာနန္တိ သာဝုကဝယော ကဝိတ္တနဥ္စ။[၁]

## ပညာရှိတို့သည် ပင်ပန်းမှုကို ဂရုမပြု

စာပြင်စာချ ကျမ်းစာအဝဝကိုပြုစုလေ့ရှိသော စာပေသမား၊ပညာရှင်၏ ပင်ပန်းမှုကို ပညာရှင်ပုဂ္ဂိုလ်သည်သာလျှင် သိနိုင်၏။ သားဖွားရသောဒုက္ခကို အမြုံမသည် မသိသကဲ့သို့တည်း။

ဝိဒွါ ဝေ ဝိဇာနာတိ၊ ဝိဒ္ဒဇ္ဇန ပရိဿမံ။
န ဟိ ဝဉ္ဈာ ဝိဇာနာတိ၊ ဂုရုံ ပသဝဝေဒနံ။[၂]

## အနန္တရာယိကမ္မဝါစာ

အိမ်သစ်၊ ကျောင်းသစ်၊ အာရာမ်သစ်၊ မြို့သစ်၊ ရွာသစ် စသည်များ တည်ဆောက်ရာ၌ ဘီလူး၊ သားရဲ၊ တစ္ဆေ အစရှိသော ဘေးရန်အမျိုးမျိုးမှ ကင်းရှင်းဖို့အတွက် ဤကမ္မဝါစာကိုရွတ်ဖတ်ရန် ရည်ရွယ်တော်မူ၍ ရေစကြိုဆရာတော်ကြီး သည် အနန္တရာယိကကမ္မဝါစာကို စီရင်တော်မူခဲ့လေသည်။

၎င်းကမ္မဝါစာမှာ–

၁။ အန္တရာယ သမုဂ္ဃါတကမ္မဝါစာ၊

၂။ အနန္တရာယိက ကမ္မဝါစာ၊

၃။ အနန္တရာယိက ကရဏ ကမ္မဝါစာ–ဟူ၍ သုံးမျိုးရှိလေသည်။

ယင်းကမ္မဝါစာများကို ရေစကြိုဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သည့် မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

---

၁။ မဟာကဝိအရှင်ဝိမလ (သီဟိုဠ်) ၏ သာသနဝံသဒီပ။ ၂။ ဂါထာ။

၂။ သက္ကတနီတိကျမ်းများ။

## အန္တရာယသမုဂ္ဃါတကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇီဝိတာနံ လောကာနုကမ္ပာနံ စက္ခုမတံ သိရိမတံ သဗ္ဗညုတာနုကမ္ပိနံ နာထကာနံ မာရသေနပမဒ္ဒိနံ ဗြဟ္မဏာနံ ဝုသီမတံ ဝိပ္ပမုတ္တာနံ သဗ္ဗဝိဓင်္ဂီရသာနံ အသမသမာနံ မဟိဒ္ဓိကာနံ ဒသဗလူပေတာနံ ဗာတ္တိံသလက္ခဏူပေတာနံ ဝီတသာရိဒါနံ ကတဘီရုတ္တာဏာနံ အရဟံတံ သဗ္ဗလောကံ အဘိဘဝတံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရံ ပဇဟတံ သဗ္ဗဝေရံ သမူဟနတံ ဣမသ္မိံ အာရာမေ ဝသတံ သဗ္ဗန္တရာယံ သဗ္ဗပရိဿယံ သံဃော သမူဟနေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ သဗ္ဗပရိဿယံ သမူဟနတိ။ ယဿာယသ္မတော ခမတိ၊ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံအာရာမေ ဝသတော သဗ္ဗန္တရာယဿ သဗ္ဗပရိဿယဿ သမုဂ္ဃါတော၊ သော တုဏှဿ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမူဟတော သံဃေန သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသန္တော သဗ္ဗန္တရာယော သဗ္ဗပရိဿယော ခမတိ သံဃဿ၊ တသ္မာ တုဏှီ ဧဝမေတံ ဓာရယာမိ။

## အန္တရာယိကကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ ဣမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယဝိနောဒနံ သဗ္ဗပရိဿယပဟာနံ သဗ္ဗပရိဿယာတီတံ သဗ္ဗပရိဿယဝိနာသကံ သမ္မန္နေယျ။ ဧသာ ဉတ္တိ။

– သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ ဣမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ အာရာမေ ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယဝိနောဒနံ သဗ္ဗပရိဿယ

ပဟာနံ သဗ္ဗပရိဿယာတိတံ သဗ္ဗပရိဿယဝိနာသကံ သမ္ဗန္ဓတိ။ ယဿာ ယသ္မာတော ခမတိ စေတေဟိ နိမိတ္တေတိ က္လမဿ အာရာမဿ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန အနန္တရာယိကဿ သဗ္ဗပရိဿယဝိနောဒနဿ သဗ္ဗပရိဿယ ပဟာနဿ သဗ္ဗပရိဿယာတိတဿ သဗ္ဗပရိဿယဝိနာသကဿ သမ္ဗတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတော သံဃေန စေတေဟိ နိမိတ္တေဟိ အယံ အာရာမော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန အနန္တရာယိကော သဗ္ဗပရိဿယဝိနောဒနော သဗ္ဗပရိဿ ယာတိတော သဗ္ဗပရိဿယဝိနာသကော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ ဝေမေတံ ဓာရယာမိ။

## အနန္တရာယိကကရဏ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော က္လမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနု ပရိဝတ္တိတကာယ ဝစီကမ္မာနံ အနန္တရာယိကဖိဝိတာနံ လောကာနုကမ္ပကာနံ စက္ခုမတံ သိရိမတံ သဗ္ဗဘူတာနုကမ္ပီနံ နာ့တကာနံ မာရသေန ပမဒ္ဒိနံ ပြာဟ္မဏာနံ ဝုသိမတံ ဝိပ္ပမုတ္တာနံ သဗ္ဗဓိ အင်္ဂီရသာနံ အသမသမာနံ မဟိဒ္ဓိကာနံ ဒသဗလူပေတာနံ ဗာတ္တိံသလက္ခ ဏူပေတာနံ ဝိတသာရဒါနံ ကတာဘိရုတ္တာဏာနံ အရဟတံ သဗ္ဗလောကံ အဘိဘဝတံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကံ ပရိတ္တံ တာဏံ လေဏံ ပရာယဏံ ကရေယျ။ က္လမသ္မိံ အာရာမေ ဝသတံ ဘယ ဝိနာသာယ သဗ္ဗပရိဿယဝိနောဒနာယ ပဋိသလ္လာနာယ ဖာသုဝိဟာရာယ ပြဟ္မ စရိယာနုဂ္ဂဟာယ အာသဝါနံ ပဋိဃာတာယ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော က္လမံ အာရာမံ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ. . . ပရာယဏံ ကရောတိ၊ က္လမသ္မိံ အာရာမေ ဝသတံ ဘယဝိနာသာယ သဗ္ဗပရိဿယ ဝိနော ဒနာယ ပဋိသလ္လာနာယ ဖာသုဝိဟာရာယ ပြဟ္မစရိယာနုဂ္ဂဟာယ အာသဝါနံ ပဋိဃာတာယ။ ယဿာယသ္မတော ခမတိ က္လမဿ အာရာမဿ သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန အနန္တရာယိကဿ ပရိတ္တဿ တာဏဿ လေဏဿ ပရာယ ဏဿ ကရဏံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ကတော သံဃေန အယံ အာရာမော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန အနန္တရာယိကော ပရိတ္တော တာဏော လေဏော ပရာယဏော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှိ၊ ဝေဝမေတံ ဓာရယာမိ။[၁]

## အရှင်နန္ဒဝံသထေရ်အတိုချုံး၍ ပြင်ဆင်ခြင်း

ဖေါ်ပြပါရေစကြိုဆရာတော်ဘုရားကြီး၏ ကမ္မဝါစာတော်မူကို ရေစကြိုဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသဆရာတော်သည် အတိုချုံး၍ ပြင်တော်မူပြီး ရိုက်နှိပ်ထုတ်ဝေစေတော်မူခဲ့လေသည်။ ယခုအခါ ယင်းမူသစ်ကို တစ်နိုင်ငံလုံး သုံးစွဲလျက်ရှိရာ ဤ၌ လွယ်ကူစွာသုံးစွဲနိုင်ရန် ဖေါ်ပြအပ်ပါသည်။ ဤစာအုပ်ကို ကြည့်ရှု၍ ရွတ်ဖတ်နိုင်လေသည်။[၂]

---

၁။ ဤကား ရေစကြိုဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော ကမ္မဝါစာများတည်း။ မူပျောက်မည်စိုး၍ တိုက်တာ၌ အစဉ်အဆက် မှတ်သားထားသော လက်ရေးစာမူမှ ကူးယူဖေါ်ပြပါသည်။

၂။ တည်ကာစ ကျောင်းတိုက်သစ်၊ မြို့သစ်၊ ရွာသစ်၊ အိမ်သစ်ဖြစ်စေ အန္တရာယ် ဖြစ်ပေါ်ဆဲအရပ်ဖြစ်စေ အလိုရှိသလောက် သတ်မှတ်ပိုင်းခြား၍ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲများကို သံဃာရှေ့မှောက်၌ ထားရမည်၊ အထူးအားဖြင့် သဲဖြူများကို အိုးသစ်လေးလုံး၌ဖြစ်စေ၊ ရှစ်လုံး၌ဖြစ်စေထည့်၍ အသင့်ထားရမည်။ ၎င်းနောက် မေတ္တသုတ်၊ ရတနသုတ်များကို ရွတ်ပြီးလျှင် အန္တရာယသမုဂ္ဃါတကမ္မဝါစာကို ဟတ္ထပါသ်ချင်းစပ်အောင် နေ၍ဖတ်ရမည်။ ထိုနောက် အိုးဖြစ်စေ၊ တောင်းဖြစ်စေ အောက်တည့်တည့်က အပေါက်ကျဉ်းကျဉ်းဖေါက်၍ ပရိတ်သဲများထည့်၍ ပတ်ပတ်လည်စပ်မိအောင် စည်းချရာ၏။
ပရိတ်ရေကို သောက်၍ ကျန် ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲများကို အိမ်နံရံစသည်၌ ထိုးသိပ်ပက်ဖျန်းကြဲဖြန့်ရာ၏။ ထို့နောက် ပရိတ်သဲ အိုးသစ်လေးလုံး၊ ရှစ်လုံးကို အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၌ မြှုပ်ထားရာ၏။ ၎င်းနောက် သိမ်နိမိတ်ကြားသကဲ့သို့ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ပါဠိ)အရှေ့အရပ်က ဘယ်နိမိတ်နည်း။ (မြန်မာ)။ ဝါလိကာ ပရိတ္တံဘန္တေ (ပါဠိ) ပရိတ်သဲပါဘုရား၊ (မြန်မာ)၊ ဧတံ ဝါလိကာ ပရိတ္တံ နိမိတ္တံ ထိုနောက် အနန္တရာယိကာသမ္မုတိကမ္မဝါစာ၊ အနန္တရာယိကရက္ခာကမ္မဝါစာများကို ရွတ်ဖတ်ရာ၏။ သဲများ မရနိုင်လျှင် တံတိုင်း၊ သစ်ပင် စသည်တို့တွင် တစ်မျိုးမျိုး နိမိတ်လုပ်နိုင်၏။

## အန္တရာယသမုဋ္ဌါတကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာ ယိကဇိဝိတာနံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသန္တံ သဗ္ဗန္တရာယံ သဗ္ဗပရိဿယံ သမူဟနေယျ၊ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇိဝိတာနံ သဗ္ဗ ဝေရဇိတာနံ သဗ္ဗဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသန္တံ သဗ္ဗန္တရာယံ သဗ္ဗပရိဿယံ သမူဟနတိ။ ယဿာ ယသ္မတော ခမတိ သတ္တန္နံ ဗုဒ္ဓါနံ အာနု ဘာဝေန ဉာဏပုဗ္ဗင် မာနု ပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇိဝိတာနံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသတော သဗ္ဗန္တရာယဿ သဗ္ဗပရိဿယဿ သမုဂ္ဃါတော။ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမူဟတော သံဃေန သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏ ပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိက ဇိဝိတာနံ သဗ္ဗဝေရဇိတာနံ သဗ္ဗဝေရံ သမူဟနတံ ဣမသ္မိံ (အာရာမေ) ဝသန္တော သဗ္ဗန္တရာယော သဗ္ဗပရိဿ ယော။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

## အနန္တရာယိက သမ္မုတိကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ ဣမံ (အာရာမံ)သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ (အာရာမေ) ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယ ဝိနာသကံ သမ္မနေယျ။ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ။ သံဃော ဧတေဟိ နိမိတ္တေဟိ ဣမံ (အာရာမံ)သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ (အာရာမေ) ဝသတံ အနန္တရာယိကံ သဗ္ဗပရိဿယဝိနာသကံ သမ္မနတိ။ ယဿာယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ ဣမဿ (အာရာမဿ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ (အာရာမေ) ဝသတံ အနန္တရာယိကဿ သဗ္ဗ ပရိဿယ ဝိနာသကဿ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော

ဘာသေယျ။သမ္ဘတော သံဃေန တေဟိ နိမိတ္တေဟိ အယံ (အာရာမော) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဣမသ္မိံ (အာရာမေ) ဝသတံ အနန္တရာယိကော သဗ္ဗပရိဿယ ဝိနာသကော။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## အနန္တရာယိက ကရဏ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမံ (အာရာမံ)သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာ ယဝစီကမ္မာနံ အနန္တရာယိကဇိဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကံ သဗ္ဗဝေရဝိဃာတကံ ကရေယျ ဣမသ္မိံ (အာရာမေ) ဝသတံ ဘယဝိနာသာယ ပြဟ္မစရိယာနုဂ္ဂဟာယ။ သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော ဣမံ (အာရာမံ)သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနု ပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇိဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကံ သဗ္ဗဝေရဝိဃာတကံ ကရောတိ ဣမသ္မိံ (အာရာမေ) ဝသတံ ဘယဝိနာသာယ ပြဟ္မစရိယာနုဂ္ဂဟာယ။ ယဿာ ယသ္မတော ခမတိ ဣမဿ (အာရာမဿ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇိဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကဿ သဗ္ဗဝေရဝိဃာတကဿ ကရဏံ ဣမသ္မိံ (အာရာမေ) ဝသတံ ဘယဝိနာသာယ ပြဟ္မစရိယာနုဂ္ဂဟာယ။ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ကတော သံဃေန အယံ (အာရာမော) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနု ပရိဝတ္တိတကာယဝစီကမ္မာနံ အနန္တရာယိကဇိဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇိတာနံ အနန္တရာယိကော သဗ္ဗဝေရဝိဃာတကော ဣမသ္မိံ (အာရာမေ) ဝသတံ ဘယဝိနာသာယ ပြဟ္မစရိယာနုဂ္ဂဟာယ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။[၁]

---

၁။ ရွာဖြစ်ခဲ့လျှင် (အာရာမေ) နေရာ ပုလ္လိင် (ဂါမ) သဒ္ဒါကိုပြင်၍ဖတ်ရာ၏။ မြို့ဖြစ်လျှင် နပုလ္လိင် နဂရ–သဒ္ဒါကိုပြင်ဖတ်ရာ၏။ နဂရ–သဒ္ဒါ ဣတ္ထိလိင်နှင့်လည်း ရှိတတ်၏။ သို့ရာတွင် အရှိများသော နပုလ္လိင်ဖြင့်သာဖတ်ရာ၏။ အိမ်ဖြစ်လျှင် နပုလ္လိင် (ဂေဟ)သဒ္ဒါဖြင့် ဖတ်ရာ၏။ ဂေဟ–သဒ္ဒါ ပုလ္လိင်နှင့် တွေ့ရ၏။

## ဤကမ္မဝါစာ၏ လက်တွေ့အကျိုးများ

ဖေါ်ပြပါ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော ကမ္မဝါစာကို ဖတ်ရွတ်သဖြင့် ကိုယ်တွေ့ ထူးဆန်းသောအကျိုးများကို တွေ့ဘူးကြပါ၏။

ပခုက္ကူအရှေ့ ရွှေချောင်း၌ တပ်ရင်း ၅၀-ရှိလေသည်။ ယင်းတပ်ရင်း ၅၀-မြေနေရာ၌ စစ်တပ်တန်းလျားများ၊ စစ်ဖက်ဆိုင်ရာဂေဟာများ ဆောက်စေကာ ပရိတ်ကမ္မဝါစာစသည် မရွတ်မဖတ်ပဲ တပ်မတော်သားများ နေကြကုန်၏။ မိမိစစ်တန်းလျားများတွင် ခုတင်များဖြင့် အိပ်ကြရာ မနက်အိပ်ရာထသောအခါ ခုတင်ပါ တပ်စခန်းပြင်ဖက်ရောက်၍ နေလေ၏။ ယင်းသို့ဖြစ်ရသည်မှာ တစ်ကြိမ်မက အကြိမ်များသဖြင့် တပ်မတော်သားများ တိုင်ပင်ပြီး ပခုက္ကူမြို့ ရွှေကူတိုက်မှ ရဟန်းသံဃာတော်များကိုပင့်၍ ပရိတ်ကမ္မဝါစာများ ရွတ်စေပြီး နာယူကြကုန်၏။ ရွှေကူတိုက်မှ ဆရာတော်သံဃာတော်တို့သည် ဖေါ်ပြခဲ့ပြီး အစီအရင်အတိုင်း ရေစကြိုဆရာတော်ဘုရားကြီး၏ ကမ္မဝါစာများကို ရွတ်ဖတ်ရာ ယနေ့တိုင် အန္တရာယ် အနှောင့်အယှက် မတွေ့ရတော့ကြောင်း သိရလေသည်။

မြင်းခြံနယ်မှာ အိမ်တစ်အိမ် တစ္ဆေသူရဲနှိပ်စက်သဖြင့် အိမ်သူအိမ်သားတို့ ရဟန်းတော်များကိုပင့်၍ ပရိတ်နာပြီး ဖေါ်ပြခဲ့သော ရေစကြိုဆရာတော်ဘုရားကြီး၏ ကမ္မဝါစာကို နာယူကြရာ ပဌမအကြိမ် အန္တရာယသမုဂ္ဃိယ (အန္တရာယ်နုတ်) ကမ္မဝါအပြီး အုတ်အုတ်ကျက်ကျက် အသံကြီးများ ဖြစ်ပေါ်လာတော့သည်။ ၎င်းအုတ်အုတ်ကျက်ကျက်အသံကြီးကား တစ္ဆေသူရဲများ အိမ်မှဆင်းသွားသော အသံများဖြစ်ကုန်၏။ ၎င်းနောက် သံဃာတော်တို့ အနန္တရာယိက ကမ္မဝါစာ၊ အနန္တရာယိကကရဏကမ္မဝါစာများ ဆက်လက်ရွတ်ဖတ်တော်မူကြကုန်၏။ ထိုအိမ်၌ ယနေ့တိုင် အန္တရာယ်တစ်စုံတစ်ရာ မကြုံရတော့ချေ။

ပခုက္ကူနယ်ပယ်စသည်၌ ယင်းကမ္မဝါစာကို ကားသစ်၊ လှေသစ်၊ မော်တော်သစ် စသည်၌လည်း သံဃာတော်များကိုပင့်၍ ရွတ်ဖတ်စေရိုး ထုံးစံရှိလေသည်။ အန္တရာယ်ကင်းကြကုန်၏။ ဖတ်သောပုဂ္ဂိုလ်များကလည်း ယုံယုံကြည်ကြည် ရွတ်ဖတ်ကုန်ရာ၏။ နာယူသော ပုဂ္ဂိုလ်များကလည်း ယုံယုံကြည်ကြည် နာယူကြကုန်ရာ၏။

ဆရာတော်ကြီးကား မရှိပြီဖြစ်သော်လည်း ယခုတိုင် သာသနာအတွက် လောကအတွက် အတိုင်းမသိသော အကျိုးများလှပါပေသည်။

သာသနဿစ လောကဿ၊ ဝုမိုယာ သော သမုဇ္ဇဝီ။
အဝုနာပိ တဿုပ္ပါဒေါ၊ ကေန္တံ သတ္တကော ဘဝေ။

## စာပေချုပ် နည်းစုံနိုင်နင်းခဲ့

ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်သည် မြန်မာ တစ်သာသနာလုံး အုပ်ဖုံးကျော်ကြားသလောက် စာပေပို့ချရာ၌ နည်းမျိုးစုံ နိုင်နင်း လှပေသည်။

ကေကာ္ခရကောသ၊ အဘိဓာနပ္ပဒီပိကာ စသည့်ကျမ်းများမှ သက်သေ သာဓက ထုတ်ဆောင်၍ ပါဠိ၊ အက္ခရာတို့ကို အတ္ထဒ္ဒါရ အနေကတ္ထသံဝဏ္ဏနာများ ဖေါ်ထုတ်ပြဆိုပြီး လိုအပ်သော အနက်အတ္ထုဒ္ဓေသ၊ အဓိပ္ပေတတ္ထ၊ ဂဟေတဗ္ဗ ကောက်ချက်ထုတ်၍ ဝေဝုစ်ပရိယာယ်ဆောင်၍ အဓိပ္ပါယ်ပြော၍ ချရာ၌လည်း နိုင်နင်းလှပေသည်။

ငင်းပြင် သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ သဒ္ဒသာရတ္ထဇာလိနီ၊ ဂန္ထာဘရဏ–အစရှိသော သဒ္ဒါငယ်ကျမ်းများကို ရွတ်ဆိုတော်မူ၍ သကတ်၊ ဒြပ်၊ လိင်၊ သင်္ချာ၊ ကာရက–ဟူသော ပဉ္စကတ္ထစသည်တို့ကို ပြော၍လည်းကောင်း၊ မုချဉပစာနည်းနာနယတို့ကို ပြော၍လည်းကောင်း၊ မူလဝါကျ၊ မူလီဝါကျ၊ ဟီနဝါကျ၊ မဇ္ဈိမဝါကျ၊ ဉတ္တမဝါကျ၊ သင်္ခေပဝါကျ၊ ဝိတ္ထာရဝါကျ စသောဝါကျ မျိုးစုံတို့၏ အဓိပ္ပါယ်ကိုပြော၍လည်းကောင်း၊ ပုဒ်ပါဠိအတွက် ခက်ခဲသောအရာ၌ အနက် ဆံရှည်လျှားစွာ ယောဇနာသမ္မာန်၍ သဘောသဘာဝတ္ထသို့ဆိုက်အောင် အဓိပ္ပါယ် ပြောဆို၍လည်းကောင်း ချပို့ရာ၌ လွန်စွာနိုင်နင်းလှပေသည်။

ငင်းပြင် အတက်အထွက် စုဒ်စောဒနာပရိဟာစကားတို့ဖြင့် အဓိပ္ပါယ် ဝေဝေဆာဆာ ပြောကြားတော်မူပြီး ဓာတ်ဝတ္ထုနိပါတ်ရာဇဝင်များကို ပြောဆို၍ ချနည်း၌လည်း နိုင်နင်းတော်မူပါပေသည်။

ငင်းပြင် ကျမ်းဆရာအချင်းချင်း အယူအဆကွဲပြား၍ ရှေ့နောက်ထောက်ဆ ၍ ကျမ်းဂန်စုံညှိ၍ အသင့်ယုတ္တိကို ပြောဆိုချပို့မှု၌လည်း နိုင်နင်းတော်မူကြောင်း သိရလေသည်။

ငင်းပြင် ဝိနည်းကျမ်းဂန်များကို ချပို့တော်မူရာ၌ မဟာပဒုမထေရ် အဘယ်ကိုဆိုသည်။ မဟာသုမထေရ် ဘယ်လိုယူသည်၊ အရှင်ဥပါလိဖြတ်ထုံးက ဤသို့ရှိသည် စသည်ဖြင့်ပြောဆိုကာ ချပို့ရာ၌လည်း ကျွမ်းကျင်တတ်မြောက်တော်မူကြောင်း သိရှိရလေသည်။

ငင်းပြင် အဘိဓမ္မာကျမ်းများကို ချပို့ရာ၌ ယမိုက်နည်း၊ ပဋ္ဌာန်းနည်းမျိုးစုံ သင်၍လည်းကောင်း၊ သရုပ်သဘော၊ ဇောဝီထိတို့၏ အဓိပ္ပါယ်ကိုပြော၍ လည်းကောင်း၊ ခက်ခဲလှသောစိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုင်ရာစကားတို့ကို ကွက်ကွက် ကွင်းကွင်း ထင်မြင်လာအောင် ပြောဆိုချပို့ရာ၌လည်းကောင်း ပိုင်နိုင်လှသည်ဟု သိရလေသည်။

ငင်းပြင် ကထာဝတ္ထုကျမ်းကို ချပို့ရာ၌ အန္ဓကဂိုဏ်းသားတို့၏ အယူအဆ အပရသေလိယဂိုဏ်းသားတို့ အတွေးအခေါ်၊ ဥတ္တရာပထဂိုဏ်းသားတို့၏ ကြံလုံး၊ ကဿပိကဂိုဏ်းသားတို့၏ ယူဆချက်၊ ဘဒ္ဒယာနိကဂိုဏ်းသားတို့ မသင့်, မတင့်ယူပုံ၊ မဟာသံဃိကဂိုဏ်းသားတို့ မဟုတ်မဟာတ်ယူပုံ၊ မဟိံသာသကဂိုဏ်းသားတို့ မတော်မလျော်ယူပုံ၊ ရာဇဂိရိဂိုဏ်းသားတို့၏ မှားမှားယွင်းယွင်းယူပုံ၊ ဝဇ္ဇိပုတ္တက ဂိုဏ်းသားတို့၏ မကိုက်မညီယူပုံ၊ ဝေတုလ္လဂိုဏ်းသားတို့၏ ထေရဝါဒအယူ ဖျက်ဆီးပုံ၊ သဗ္ဗတ္ထဝါဒီဂိုဏ်းသားတို့၏ ကြံစည်ချက်၊ သမ္မိတိဂိုဏ်းသားတို့ ဖောက်ဖောက်ပြန်ပြန်ကြံစည်ပုံ၊ သိဒ္ဓတ္ထိကဂိုဏ်း သားတို့၏ သဘာဝမကျပဲယူပုံ၊ ဟေတုဝါဒီတို့၏ မမှန်မကန်ယူဆပုံ စသည်တို့ကိုလည်းကောင်း၊ အရှင်မောဂ္ဂလိ ပုတ္တတိဿ မဟာထေရ်က ယင်းအယူဝါဒများကို ဖြတ်ချ ဖြေရှင်းပုံတို့ကိုလည်း ပိုင်နိုင်စွာ ပြောဆိုချပို့တော်မူခဲ့လေသည်။

ငင်းပြင် –

ပဌမံ ကရေ ပဒစ္ဆေဒံ၊ သမာသာဒိံ တတော ကရေ။

သမာသာဒေါ ကတေ ပစ္ဆာ၊ အတ္ထံ နိယျာထ ပဏ္ဍိတော။

ပဏ္ဍိတော၊ စာချဆရာကျမ်းပြုဆရာ ပညာရှင်သည်။ ပဌမံ၊ ရှေးဦးစွာ။ ပဒစ္ဆေဒါ၊ ပုဒ်ဖြတ်ခြင်းကို။ ကရေ၊ ပြုရာ၏။ တတော၊ ထိုပုဒ်ဖြတ်ပြီးသည်မှ။ ပစ္ဆာ၊ နောက်၌။ သမာသာဒိံ၊ သမာသ်စသည်ကို။ ကရေ၊ ပြုရာ၏။ သမာသာဒေါ၊ ကို။ ကတေ၊ ပြုပြီးသည်ရှိသော်။ ဝါ၊ ပြုပြီးမှ။ အတ္ထံ၊ အနက်ကို။ နိယျာထ၊ ထုတ်ဆောင်ရာ၏။[၁]

---

၁။ နိယျာထ–၌ ထေသာထ–ဟူသောနိတ်သုတ်ဖြင့် ထေ–ဝိဘတ်ကို အာထ–ပြု။)

ဟူသော ပုဂံခေတ်၊ ပင်းယခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ် စသည်တို့၌ ခေတ်စားခဲ့သော စာချုနည်းကို နိုင်နင်းစွာသုံး၍ ချပို့စွမ်းနိုင်လေသည်။

ငင်းပြင် ရေစကြိုဆရာတော်ဘုရားကြီးသည်–

''အနုသန္ဓေဆို လိုရင်းကိုကောက် အဓိပ္ပါယ်လျှောက် ထို့နောက် စာထွက်ပြ'' ဟူသည်နှင့်အညီ အနုသန္ဓေအမျိုးမျိုးဆို၍ လိုရင်းကောက်၊ အဓိပ္ပါယ်ပြန်၍ ချနည်းမျိုးကိုလည်း ဒိုးကဲ့သို့မွေ အာဂုံကျေတော်မူလေသည်။

ငင်းပြင်–

''အစဉ်ထွက်ငြား ဥဒေါင်းသွားတည့် ရှေ့သွားနောက်ပြန် ရဟတ်ဟန်ထွက် ကိုင်လျက်ကြိုယာ ထွက်ကာဥသျှောင် လယ်ခေါင်မဇ္ဈ ကိုင်ပြီးမှလျှင် ပုဗ္ဗပရံ ဝါးခွဲဟန်ထွက် တစ်ချက်တစ်စ အဆုံးကလျှင် မဏ္ဍပေါင်းဆုံ မဒ္ဒီပုံဟန် ရင်စည်း ပြန်သည့် မှတ်ရန်စာထွက် ငါးမျိုးတည်း''

ဟူသည့် ရှေးဟောင်းနိယံအားလျော်စွာ အမရပူရခေတ်မှစ၍ ရတနာပုံခေတ်တိုင် ခေတ်စားလှသည့် စာထွက်နည်း ငါးမျိုးကိုပြော၍ စာပို့ချရာ၌လည်း နိုင်နင်း တတ်မြောက်လှပေသည်။

ငင်းပြင်–

''အဘိဓာန်သဒ္ဒါ အလင်္ကာတောဒည်း စုံသောနည်းဖြင့် သိပ်သည်းသေခွေ စာပေချပို့'' ဟူသည်နှင့်အညီ အဘိဓာန်နည်း၊ သဒ္ဒါနည်း၊ အလင်္ကာနည်း၊ ဆန်းဝုတ္တောဒယနည်းတို့ဖြင့် ဝေဝေဆာဆာ ချပို့ရာ၌လည်း ပိုင်နိုင်လှပေသည်။

ငင်းပြင် ''ဒသော၊ ဒီပေ၊ ပကာသော၊ ဘာဝေ၊ နုဘာဝေ'' ဟူသည်နှင့်အညီ ဒဿနတ္ထ၊ ဒီပနတ္ထ၊ ပကာသနတ္ထ၊ ဝိဘာဝတ္ထ၊ အနုဘာဝတ္ထ စသည်ဖော်၍ ချပို့ရာ၌လည်း နိုင်နင်းလှပေသည်။[၁]

ငင်းပြင် ဆရာတော်ဘုရားကြီးသည်–

ပိဏ္ဍတ္ထော စာဝယဝတ္ထော၊ ဟေတွတ္ထော စ ပယောဇနာ။

သမ္ဗန္ဓော နိဗ္ဗစနော စေဝ၊ ပရိစ္ဆေဒေါစ သရူပေါ။

သောဓနာစောဒနာစေဝ၊ ဒသဧဿျာ နယညုနာ။

ဟူသည်နှင့်အညီ ပိဏ္ဍတ္ထ၊ အဝယဝတ္ထ အစရှိသော နည်းဆယ်မျိုးတို့ကို ကောက်ကာငင်ကာ ဖော်ပြပြောဆို၍ စာပေချပို့ရာ၌လည်း ကျွမ်းကျင်တော်မူလှပေသည်။

---

၁။ ပခုက္ကူစာချနည်းကြည့်။

ငှင်းပြင်–

ကမုဒ္ဒါရော နိရုတ္တဉ္စ သရုပတ္ထော စ လက္ခဏံ။

ဓမ္မကာလပဘေဒေါ စ၊ ဥဘော နာနပ္ပကာရတော။

ပစ္စယုပ္ပန္နပဘေဒေါ စ၊ ပစ္စယာဝတ္တဒီပနော။

နေတ္တိနယော ဝိညုနေက–ဒသဒါ ပရိဒီပယေ။

ဟူသော စာပေချုပ္ပိ ပညာရှိတို့၏ ပြောဆိုရိုးထုံး ၁၁–နည်းကိုလည်း နိုင်နင်းစွာ ပြောဆို၍ ချုပ်နိုင်စွမ်းနိုင်လေသည်။

ငှင်းပြင်–

နိဂ္ဂမနံ ဥဂ္ဂမနံ၊ ပုဗ္ဗာပရသမ္ဗန္ဓနံ။

အနုသန္ဓိ ယဋ္ဌနေန၊ တိဓာ ဝါစိတလက္ခဏာ။

ဟူသော ဂါထာအားလျော်စွာ စာပေချုပ်ဆရာတို့၏ လက္ခဏာကိုလည်း အချိန်မရွေး နိုင်နင်းသည့် စာချုပုဂ္ဂိုလ်ကျော်ကြီးလည်း ဖြစ်တော်မူလေသည်။

## ရေစကြိုဆရာတော်ဘုရားကြီး စာပေချုပ်စဉ်

ဆရာတော်ဘုရားကြီးသည် ဖေါ်ပြပါ နည်းနာနယတို့ကို သင့်သလိုသုံးစွဲ၍ ရှံခါချုပ်တော်မူလေသည်။ အမြဲမပြတ် ချုပ်တော်မူလေ့ရှိသော နည်းများမှာ–

ပုဗ္ဗာပရာနုသန္ဓေဖေါ်နည်း၊ ကျမ်းရိုးတက်၊ ထွက်နည်း၊ ကျမ်းရိုး ၅–တန်ပြန်လှန်ထုတ်ဖေါ်နည်း ကိရိယာငါးတန် ထုတ်ဖေါ်နည်း၊ ပုဒ္ဓဝါကျ ဝိသဇ္ဇနာ ဝါကျခင်းနည်း၊ စောဒကာဘောဂ ပရိဟာရာဘောဂထုတ်နည်း၊ ဥပမာဂဗ္ဘဥပမာပိဏ္ဍိ ယောဇနာနည်း၊ ဟေတုဂဗ္ဘဟေတုပိဏ္ဍိယောဇနာနည်း၊ သမ္ဗာဝနာဝါကျ၊ ဂရဟာ ဝါကျခင်းနည်း၊ အန္ဓယသာရှိရာ၌ ဗျတိ ရေကဝါကျလှန်နည်း၊ နီတတ္ထ၊ နေယျတ္ထ၊ ဥဇုဝုစ်၊ ဝင်္ကဝုစ်၊ အငုပ်ကိုဖွင့်ဖေါ်ပြန်လှန်နည်း၊ စောဒကဆရာ၏ ပြစ်တင် စောဒနာပုံ၊ ပရိဟာရဆရာ၏ ပယ်ရှားဖြေဆိုပုံ၊ ဟိ၊ စ၊ ပန၊ စ၊ ပနနှင့် အပိစ၊ ဝါ အပရော၊ အထ၊ နနုစ၊ ကာမဉ္စ၊ ယဒိစနှင့် ဝေဠ၊ ယဒိစနှင့် ဝေဠ၊ ယဒိပိ၊ ကိဉ္စ၊ ကိဉ္စာပိ၊ သစေပိ၊ ကိဉ္စ ဘိယျော–အစရှိသော နိပါတတ္ထတို့ကို ကျန သေချာစွာ ယောဇနာသမ္ဗန္ဓခြင်း၊ ဟောတိစေတ္ထ၊ ယံ ပန ဝုတ္တံ၊ ဝုတ္တ ဥ္စေတံ၊ ဝုတ္တမ္ပိ စေတံ၊ တေနာဟ၊ အယံ ပနေတ္ထသင်္ဂဟော၊ အလမတိပပဥ္စေန၊ တေနာဟ၊ တေနာဟု ပေါ်ရာဏာ၊ ယောဇနာ၊ သမ္ဗန္ဓော၊ အဓိပ္ပါယော၊ သေ နယော၊ သေဝနယော၊ ယထာဟ၊ တထာပိ၊ ဝေဠသတိ၊ ဝဒန္တိ အစရှိသော ပုဒ်ဝါကျတို့၏

ပါဠိသေသ၊ အဠ္ဌာဟရိတဗ္ဗများ ထည့်သွင်း၍ ယောဇနာခြင်းတို့ကို ဝေဝေဆာဆာဖြင့် နိကာယ် ၅–ရပ်ပါဠိ၊ အဋ္ဌကထာ စသည့်ကျမ်းဂန်များကို ချပို့တော်မူလေ့ရှိသည်။

ဤသို့ စသည်ဖြင့် ထာဝစဉ်စာပေချပို့ သာသနာပြုသဖြင့် အမိမြန်မာနိုင်ငံ အောက်ပိုင်း၊ အထက်ပိုင်း၊ အလယ်ပိုင်း ဟူသောတစ်နိုင်ငံလုံးနှင့် ရှမ်းပြည်၊ ရခိုင်ပြည်မကျန် အနှံ့အပြားတို့၌ သီတင်းသုံး သာသနာပြုတော်မူကြကုန်သော တပည့်ရင်း သာသနာ့ဝန်ဆောင်များ အဆက်အနွယ် မြေးမြစ်တပည့်တို့မှာ ဖေါ်ပြ၍ မကုန်နိုင်အောင် များပြားလှပါကုန်၏။ သုဓမ္မာ, ရွှေကျင်, ဒွါရဟူသော ဂိုဏ်းကြီး သုံးဂိုဏ်းတို့၌ အရှင်ဂန္ဓသာရ၏ ပညာတတ် တပည့် အဆက်အနွယ်တို့ကား များလှပါကုန်၏။ သမီပါတီတခေါ်အနီး အတိတ်ကာလ၌လည်းကောင်း၊ ယခု မျက်မှောက်ခေတ်၌လည်းကောင်း ရှိကြကုန်သော သာသာနပြု ပညာရှင် သာသနာ့ ဝန်ဆောင်တို့ကား ယေဘုယျအားဖြင့် ဒီဃဒဿီ ရေစကြိုဘုန်းမော် ဆရာတော်၏ ဗျတ္တိဗလလျှင် အမွန်အစ ရှိကြပေကုန်၏။

သမီပါတီတေ သမ္ဘတိ၊ ဝိဒိတာ ထေရကုဥ္ဇရာ။
ဂန္ဓပဘာဝနိဗဒ္ဓါ၊ သာသနေ ပါယသော ဝိဒူ။

## သာသနာ့တာဝန်ကို ပြတ်သားရဲဝံ့စွာ ဆောင်ရွက်တော်မူခြင်း

ရေစကြိုဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာသာသနာတော်ဝန်ကို ရဲဝံ့စွာ ဆောင်ရွက်တော်မူခဲ့လေသည်။

၁။ မိမိကျောင်းတိုက်ရှိ တိုက်အုပ်ဆရာတော်၊ ဂဏဝါစက စာချဆရာတော်၊ ကျောင်းအုပ်ဘုန်းကြီးများကို သီတင်းနေ့တိုင်းစည်းဝေးစေ၍ ဩဝါဒပေးတော်မူသည်။

၂။ တစ်တိုက်လုံး သံဃဥပုသ်လပြည့်လကွယ် ဥပုသ်နေ့တိုင်း ပြုစေတော်မူခဲ့လေသည်။

၃။ သိက္ခာကျင့်ဝတ် ချွတ်ယွင်းသူများကို တိုက်တာမှ နှင်ထုတ်စေတော်မူသည်။

၄။ ဂဏဝါစကစာချတို့ကို မြို့ပေါ်ရှိ မိမိတို့ထက် သိက္ခာဝါကြီးသူ အရှင်မြတ်တို့အား ဝါကျွတ်တိုင်း သွားရောက် ကန်တော့စေတော်မူလေသည်။

၅။ ဆွမ်းစဉ် ပရိတ်ရွတ် အလှူခံလိုက်တော်မမူပဲ စာပေကိုသာ နံနက်လင်းသည်မှ စ၍ နေဝင်ခါနီးအထိ ချပို့တော်မူလေသည်။

၆။ ညဘုရားဝတ်တက်ပြီး တပည့်တပန်းများအား သဒ္ဒါဖက်ဆိုင်ရာ၌ မည့်ဖျင်းရန် ရည်သန်တော်မူ၍ စာစပ်၊ ပုဒ်စစ်၊ သံဝဏ္ဏနာ၊ နည်းလေးဆယ် စသည်တို့ကို ချပို့တော်မူလေ့ရှိသည်။

၇။ ညဦးသုံးယာမ် ၁-ယာမ်သာကျိန်းစက်တော်မူ၍ ၂-ယာမ်၌ ကမ္မဋ္ဌာန်းဘာဝနာဖြင့်သာ မွေ့လျော်တော်မူသည်။

၈။ မင်းတုန်းမင်းတရားကြီး ကျောင်းဆောက်လှူဒါန်းခြင်းကို အလှူခံရန် ငြင်းပယ်တော်မူခဲ့လေသည်။

၉။ မင်းတုန်းမင်းတရားကြီးသည် "ဂန္ထသာရာဘိဓဇသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူမခံပဲ ငြင်းပယ်တော်မူခဲ့သည်။

၁၀။ တောင်ခွင်သာသနာပိုင်၏ အင်္ဂလိပ်အစိုးရကိုယ်စား "အဂ္ဂမဟာပဏ္ဍိတ" အလှူခံရန် ကမ်းလှမ်းချက်ကို ၂-ကြိမ်တိုင် ငြင်းပယ်တော်မူခဲ့လေသည်။

၁၁။ မန္တလေးမြို့တော်၌ စာလိုက်စဉ် စာချအံ့ဆဲဆဲတွင် ဆွမ်းစဉ်ပင့်သူ ဒကာထံလိုက်သွားသော စာချဆရာတော်ထံ၌ စာဝါလိုက်ခြင်းကို ဖြတ်လိုက်တော်မူသည်။

၁၂။ ကျောင်းတိုက်တွင် ဥပုသ်သည်များ လက်မခံပဲ သီလယူပြီး ပြန်သွားစေတော်မူသည်။

၁၃။ ဘဝနတ်ထံပျံလွန်တော်မူသည့်နေ့တိုင် စာပေချပို့တော်မူခဲ့လေသည်။

ဖော်ပြပါ လုပ်ငန်းတော်တို့ကြောင့် မိုးတွင်းရောက်မှ ပွင့်ခွင့်ကြုံရသော မြလေးပန်းပွင့်သည် အနီးအနား လေစုံ၌သာလျှင် သင်းပျံ့ကြိုင်လှိုင် မွှေးစွမ်းနိုင်သော်လည်း ကျေးဇူးတော်ရှင် ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရသည် သီလ၊ သမာဓိ၊ ပညာဂုဏ်များစွာတို့၏ အနံ့တော်ဖြင့် လေစုံလေညာမဟူ ဝေးနီးမဟူ နတ်လူဌာန လောကဉဿုံ အလုံးစုံသော အရပ်မျက်နှာတို့၌ သင်းပျံ့ကြိုင်လှိုင် မွှေးစွမ်းနိုင်ပါပေသည်။

ဝဿိကီ ပုပ္ဖမာနာစ၊ သန္တိကေ ဥပဝါယတိ။

တွံ ဝီရ ဂုဏဂန္ဓေန၊ ဒိသာ သဗ္ဗာ ပဝါယသိ။

ဝီရ၊ စတုရင်္ဂီက သမ္မပ္ပဓာန်ဖြင့် စိတ်သန်ဟုန်းဟုန်း ကုန်းရုံးလွှတ်ကြွလွှန်အားခဲ၍ မစဲနွေညှ ကျမ်းဂန္ထကို ပို့ချတော်မူခြင်း၊ နိဿရည်းကျမ်း အခမ်းခမ်းကို ကြိုးပမ်းပြုစုတော်မူခြင်း၊ ကိုယ်တော်မြတ်၏ အဇ္ဈတ္တသန္တာန်ဝယ် သီလက္ခန်၊ သမာဓိက္ခန်၊ ပညာက္ခန်တို့ကို အဖန်ဖန် ကိန်းဝပ်စေတော်မူခြင်းတို့ဖြင့် အစွာရဒ္ဓဝီရိယ၊

အလီနစိတ္တ၊ အကုသီတဝုတ္တိ၊ ဒဠှပရက္ကမ၊ ဓုရဓောရယှကြီး အစစ်ဖြစ်တော်မူသော အို... မဟာထေရ်အရှင်သူမြတ်။ ဝသိကီ၊ မိုးတွင်းရောက်မှ ပွင့်ခွင့်ရသည့် မွှေးလှသော မြတ်လေးပန်းသည်။ ပုပ္ဖမာနာစ၊ ကားကားစွင့်စွင့် အကြောင်းသင့်၍ ပွင့်လတ်သည်ရှိသော်ကား။ သန္တိကေ၊ မိမိထံပါး အနီးအနား၌သာလျှင် (ဝေ-ကျေ)။ ဥပါဝါယတိ၊ ကောင်းသောရနံ့ဖြင့် သင်းပျံ့ကြိုင်လှိုင် မွှေးစွမ်းနိုင်ပါ၏။ တွံ၊ ကျေးဇူးတော်သခင် မဟာထေရ်အရှင်သူမြတ်ကြီးသည်ကား။ ဂုဏဂန္ဓေန၊ သီလ၊ သမာ၊ ပညာကျေးဇူး ထူးသောဂုဏ်အပေါင်းတည်းဟူသော အနံ့တော်ဖြင့်။ သဗ္ဗဒိသာ၊ နီးဝေးမဟူ နတ်လူဌာန လောကဥဿုံ အလုံးစုံသော အရပ်မျက်နှာ၌။ ပဝါယသိ၊ သင်းပျံ့ကြိုင်လှိုင် မွှေးစွမ်းနိုင်ပါပေသည်ဘုရား။

## အခြားဂုဏ်တော်အမျိုးမျိုးနှင့် ပြည့်စုံတော်မူခြင်း

ကျေးဇူးရှင် ဒီဃဒဿီ ရေစကြိုဆရာတော်ဘုရားကြီးသည်-
ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစ ဌာနေ နိယောဇကော။
ယမှိ တောနိ ဌာနာနိ၊ သံဝိဇ္ဇန္တိဓ ပုဂ္ဂလေ။
သော မိတ္တော မိတ္တကာမေန၊ အတ္ထကာမာနုကမ္ပကော။
အပိ နာသိယမာနေန၊ ဘဇိတဗ္ဗော တထာဝိဓော။

ဟူသော အင်္ဂုတ္တရနိကာယ်၊ ဒုကနိပါတ် ၄-ဝဂ်၊ ၆-သုတ် (အံ၊၂။၄၂၂)နှင့်အညီ-

၁။ လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့ ချစ်နှစ်သက်အပ်သော ပိယဂုဏ်။
၂။ ကျောက်ထီးတန္တု အလေးပြုအပ်သော ဂရုဂါရဝဂုဏ်၊
၃။ ပြဟ္မစိုရ်မေတ္တာတရား ပွားများအပ်သော ဘာဝနီယဂုဏ်၊
၄။ ယုတ္တမုတ္တဝါဒီပါပဂရဟိတဝါဒီဝရဖြစ်သော ဝတ္တာဂုဏ်၊
၅။ အကြောင်းအကျိုးဖော်ပြ၍ ဆိုဆုံးမအပ်သည်ကို သည်းခံနိုင်၊ ပေးအပ်သော ဩဝါဒအနုသာသနီအတိုင်း လိုက်နာပြုကျင့်နိုင်သော ဝစနက္ခမဂုဏ်။
၆။ သီလ၊ သမာဓိ၊ ပညာအစုအနှစ် ရုပ်နာမ်နှစ်ပါးတို့ကို ဝေဖန်ပိုင်းခြား၍ နက်နဲသော တရားစကားတို့ကို ဟောပြောတော်မူတတ်သော ဂမ္ဘီရဉ္စကထံ ကတ္တာဂုဏ်။

၇။ ရဟန်းရှင်လူ ခပ်သိမ်းသူတို့ကို အရာမဟုတ်သည်၌ တားမြစ်၍ အရာဟုတ်သည်၌ တိုက်တွန်းနှိုးဆော်တော်မူတတ်သော နောစဋ္ဌာနနိယောဇကဂုဏ်ဟူသော ကလျာဏမိတ္တအင်္ဂါ ၇-ဖြာသောဂုဏ်တို့နှင့်ပြည့်စုံသည်သာမက။

၈။ နှိပ်အပ်နှိပ်သင့် နှိပ်ထိုက်သော တပည့်သားတို့အား အပြစ်အားလျော်စွာ နှိပ်ကွပ်ဆုံးမတော်မူခြင်း၊ ချီးမြှောက်အပ်၊ ချီးမြှောက်သင့်၊ ချီးမြှောက်ထိုက်သော တပည့်တို့အား ဂုဏ်အားလျော်စွာ ချီးမြှောက်အားပေးတော်မူခြင်းတည်းဟူသော နိဂ္ဂဟေတဗ္ဗနိဂ္ဂဟဂုဏ်၊ ပဂ္ဂဟေတဗ္ဗပဂ္ဂဟဂုဏ်နှင့် ပြည့်စုံတော်မူသည့်အပြင်–

၉။ သာသနာတော်မြတ်၏ အကျိုး၊ သူတစ်ပါး၏အကျိုးကို သည်ပိုးရွက်ဆောင်တော်မူသည့်အရာမှာ မဟာပထဝီမြေကြီးကို ထက်အောက်ပြောင်းပြန်လှန်ပြီးလျှင် မြေဆီမြေလွှာမြေသြဇာကို ယူငင်ကျွေးမွေးမည့်သဖွယ် ကြီးကျယ်သော အာသာဆန္ဒတော်မြတ်ရှိတော်မူရကား သာသနဟိတကာရီ၊ ပရဟိတကာရီ ဂုဏ်နှင့်လည်း ကုံလုံပြည့်ဝတော်မူလေသည်။

၁၀။ ၎င်းပြင် ဆရာတော်ဘုရားကြီးသည် စုဒိတက၊ စောဒကတို့ ဝင်ရောက်စွဲဆိုလာလျှင်လည်း အဂတိလေးပါး မလားမရောက်ပဲ တရားတော်နှင့်အညီ စီရင်ဆုံးဖြတ် ဟောပြောတတ်သော ဝိနယဓရ၊ ဝိနိစ္ဆယညာဏီပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူလှပါပေသည်။

၁၁။ အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ဟူသော ဘုရားဖိနော် ဒေသနာတော်အရ မိမိကိုယ်တိုင်ကလည်း သိက္ခာပုဒ်တော်ကို ရိုသေစွာစောင့်ထိန်း ကျင့်သုံးတော်မူလျက် စောင့်ထိန်းအပ်သော သီလတည်းဟူသော အောင်မြေရပ်၌ မတ်မတ်ခိုင်ကျည် ရပ်တည်တော်မူလျက် သမာဓိတည်းဟူသော ကျောက်ပြင်ပေါ်မှာ ဝိပဿနာတည်းဟူသော ဓားသံလျက်ကို မြမြထက်အောင် သွေးတော်မူ၍ ထိုဓားဖြင့် သုံးထောင်ဝက် ကိလေသာတည်းဟူသော တောနက်တောရှုပ်ကို ခုတ်ဖြတ်ရှင်းလင်းတော်မူသော သာသနာပြုပုဂ္ဂိုလ်မြတ်ကြီး မှန်လှပါပေသည်။

ဤသို့ဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယတက္ကသိုလ်တိုက်တာအာရာမ်ဗိမာန်တော်ကြီးကို စတင်ဖန်တီးတည်ထောင်တော်မူခဲ့သော ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီးသည် လောကုတ္တရာဂုဏ်တော်ပေါင်း မြောက်မြားစွာ

တို့၏ တည်ရာဖြစ်ရာ လောကဥဿျောင် ငါးမာရ်အောင် မြတ်ဘုန်းခေါင် သာသနာတွင် စင်စစ်မွန်မြတ်သော ပုဂ္ဂိုလ်ထူးကြီး စစ်မှန်လှပါပေသည်။

ဇေ ရေစကြိုထေရော ဟိ၊ ဝိသိဋ္ဌဂုဏာဓာရကော။
လောကဂ္ဂသာသနေ သော ဟိ၊ အစ္ဆန္တသတ္တမော ဘဝေ။[၁]

## နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း

မဟာဝိသုတာရာမတိုက်တည် ရေစကြိုဆရာတော်ဘုရားကြီးသည်–

ခမာ ဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။
ဆဟိ ဂုဏေဟိ သမ္ပန္နော၊ ဝိသုတော ဟောတိ နာယကော။

ဟူသည်နှင့်အညီ–

မိမိကောင်းမွန်မြတ်ဆန်းသော သာသနာ့ကိစ္စကို ပြုလုပ်သည်မှန်သော်လည်း မလိုမုန်းထားပြုမူပြောဆိုသူများ၏စကား စသည်ကို သည်းခံခြင်းဟူသော ခမာဂုဏ်နှင့်လည်း မပြတ်အစဉ် အမြဲယှဉ်သည့် ပုဂ္ဂိုလ်မြတ်ကြီး မှန်လှပါပေသည်။

ညဥ့် ၃–ယာမ်ရှိသည့်အနက် ညဥ့်ဦးယာမ်ကို ဘုရားဝတ်ပြုခြင်း၊ စာပေပို့ချခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာပွားများခြင်းဖြင့် ကုန်လွန်စေ၍ မဇ္ဈိမယာမ် တစ်ယာမ်သာ ခန္ဓာကိုယ်မျှတရုံ ကျိန်းစက်တော်မူ၍ ပစ္ဆိမယာမ်တွင် ကျိန်းစက်ရာမှ ထတော်မူကာ ကမ္မဋ္ဌာန်းဘာဝနာဖြင့် နိုးနိုးကြားကြား နေထိုင်ခြင်းဟူသော ဇာဂရိယဂုဏ်နှင့် ကုံလုံပြည့်ဝသည့် ပုဂ္ဂိုလ်မြတ် မှန်လှပါပေသည်။ ဥဋ္ဌာနခေါ်သည့် ငယ်သားတို့ထက် လွန်စွာကဲသာသော ထကြွလုံ့လဝီရိယနှင့်လည်း ပြည့်စုံတော်မူလေသည်။

စားဖွယ်သောက်ဖွယ်နှင့် သက်န်းစသော အသုံးအဆောင် ပရိက္ခရာတို့ကို တတ်နိုင်သမျှ ခွဲခြမ်းဝေဖန် ပေးကမ်းခြင်းတည်းဟူသော သံဝိဘာဂဂုဏ်နှင့် ပြည့်စုံတော်မူလှပေသည်။

ဆရာတော်ကြီး၏ သံဝိဘာဂဂုဏ်နှင့် ပြည့်စုံတော်မူပုံမှာ လွန်ကဲလှပါသည်။ ဆရာတော်ကြီးကိုယ်တိုင် ဝတ်ဖို့ရုံဖို့ လှူဒါန်းသည့် ပိုးသင်္ကန်းခဏ်းစိပ် ၂–ထပ်သင်္ကန်းကြီး စသည်တို့ကို မိမိမသုံးဆောင်ပဲ လှူဒါန်းလေ့ရှိပါသည်။ ကိုယ်တိုင်ကမူ ပိတ်ကြဲသင်္ကန်း၊ ဖျင်သင်္ကန်း စသည်ကိုသာ ဝတ်ရုံတော်မူတတ်သည်။ ဆရာသမားစဉ်ဆက်ပြောသည်ကို ကြားဘူးပါသည်။

---

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်၊ ၂၁၄။

သက္ကရာဇ် ၁၂၅၉–ခုနှစ်လောက်က ဆရာတော်အရှင်ပညာလောင်းလျာ သာမဏေသည် ပခုက္ကူ ပန်းစွာတိုက်သို့ ရောက်ရှိပညာသင်ကြားဆဲဖြစ်၏။ ထိုစဉ်က ပန်းစွာတိုက်၌ သံဃာ ၁၅၀–ခန့်ရှိရာ သာမဏေငါးဆယ်၊ ခြောက်ဆယ်ခန့် ရှိပါမည်။ ဆရာတော်ကြီးက နံနက်စောစော အရုဏ်ဆန်ပြုတ် ဘုဉ်းပေးတော်မူပြီး အဘိဓမ္မတ္ထဝိဘာဝနီဋီကာကျော်ကို ချဆဲဖြစ်ပါ၏။ တစ်နေ့တွင် စာဝါ၌ ဆိုမည့်သူ လစ်လပ်နေရာ ဆရာတော်ကြီးက စာဆိုသူမရှိဘူး။ စာဆိုချင်တဲ့ပုဂ္ဂိုလ် လာခဲ့ဟု ခေါ်လိုက်ရာ အရှင်ပညာလောင်းလျာ သာမဏေကထသွား၍ တပည့်တော် ဆိုပါမည်ဟု လျှောက်ထား၏။ ထိုအခါ ဆရာတော်ကြီးက မင်းလား စာဆိုနိုင်မည့်သူ၊ လူပုံက မဲကုပ်ကုပ်နဲ့ စသည်ဖြင့် မိန့်တော်မူကာ စာဝါဆိုစေတော်မူလေသည်။ အရှင်ပညာလောင်းလျာသာမဏေသည် ပဌမ အခေါက်တွင်သာ အထောက်အကူယူပြီး နောက်အခေါက်တွင် သာယာပြည့် ဟိန်းသောအသံဖြင့် အထောက်အကူမရှိတော့ပဲ သိန္ဓောနှင်သည့်ပမာ လျှင်မြန် စာဆို၍ စာဝါပြီးဆုံးသောအခါ ဆရာတော်ကြီးက ဟဲ့ကိုရင် နင်ဘယ်သူတုန်း မေးသဖြင့် တပည့်တော် ခွေးပြုတ်က ပညာပါဘုရားဟု လျှောက်ထားလေရာ ဆရာတော်ကြီးက ဟဲ့ နင်က လူကသာ မှုန်ကုပ်ကုပ် ဉာဏ်ကတော့ မကုပ်ပါပဲကလား[၁] ဟု မိန့်တော်မူ၍ ကိုရင်တစ်နေ့က ငါဝတ်ဖို့ ပိုးသင်္ကန်းတစ်စုံ ဒကာတစ်ဦး လာလှူသွားသည် ငါ မဝတ်တော့ဘူး။ မင်းဝတ်တော့ စားကြိုးစားပါ။ စာဝါမှန်မှန် ဆိုဟု မိန့်တော်မူကာ ချီးမြှင့်တော်မူလိုက်လေသည်။

သည့်တွင်မကသေး အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရ လောင်းလျာ ရဟန်းငယ်ဘဝနှင့် ဆရာတော်ထံရောက်စ ဝိနည်းမဟာဝါပါဠိတော် ဆိုစဉ် သဘောကျသဖြင့် ဦးပဥ္စင်း မင်းဟောဒီခဏ်းစိပ်သင်္ကန်းကြီး ယူရမည်၊ ရုံရမည် ဟု မိန့်မြွက်တော်မူကာ မိမိဝတ်ရန် ရည်ရွယ်ထားသော သင်္ကန်းကြီးကို ချီးမြှင့်တော်မူလိုက်လေသည်။

ယင်းသို့စသည်ဖြင့် ထူးမြတ်လှသည့် သံဝိဘာဂဂုဏ်နှင့်လည်း ပြည့်စုံတော်မူလေသည်။ဆရာတော်ကြီးကား သာရေးနာရေး မလိုက်သဖြင့် တစ်ခြားတစ်ပါးက လာ၍ လှူတတ်ကြသည်။ ယင်းလှူလာသမျှကိုလည်း ဆွမ်းစားကျောင်းဘုန်းကြီး

---

၁။ ထိုစဉ်က ဆရာတော်အရှင်ပညာလောင်းလျာ သာမဏေမှာ ကျောက်ပေါက်ပြီးစဖြစ်၍ ခန္ဓာကိုယ် မစည်ပင်သေးချေ။

ထံသို့သာ ပို့ရလေသည်။ မိမိအနီး၌ မိမိဝတ်ဖို့ သုံးစွဲဖို့ အနည်းအပါးသာ ရှိတတ်လေသည်။

ဒယာခေါ်သည့် သူတစ်ပါးတို့အား ကိုယ်နှင့်မခြား သနားကြင်နာခြင်းဟူသော ဂုဏ်နှင့်လည်းပြည့်စုံတော်မူသည့်အပြင် ဣက္ခဏာဟူသော တွေးခေါ်မြော်မြင် ဆင်ခြင်တုံဉာဏ်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။ ယင်းသို့ ပြည့်စုံတော်မူသဖြင့် သံဃာတော်ပေါင်း များထောင်သောင်းတို့၏ ထိပ်ဆောင်းဦးစီးနာယကကြီးအရာအား လွန်စွာမှလျော်ကန်ထိုက်တန် လိုက်ညီလှပါပေသည်။

ဧဝံ ဂုဏေဟိ သမ္ပန္နော၊ ရေစကြိုထေရသေခရော။
သံဃနာယကဓုရဿ၊ အနုရူပေါ မဟာယတိ။

## ရွှေစက်တော်ဘုရားဖူး ကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သက်တော် ၇၄–နှစ်လောက်တွင် မင်းဘူးခရိုင်၊ နမ္မဒါမြစ်ကမ်းအနီးရှိ ဘုရားဘုန်းမော် ခြေတော်ရာနှင့် သစ္စာဗန္ဓတောင်ထိပ်ရှိ ဘုရားမြတ်စွာ ခြေတော်ရာတို့ကို ဖူးမြင်လိုသည့်ဆန္ဒတော် ကဲပိုပါသဖြင့် ရေလမ်းမှ မင်းဘူးသို့ သင်္ဘောဖြင့် ကြွတော်မူလေသည်။ မင်းဘူးမှ စကုသို့ ကားဖြင့်ကြွတော်မူ၍ ၎င်းမှတစ်ဆင့် စက်တော်ရာသို့ ဆက်လက်၍ တပည့်များဝန်းရံ၍ ကြွတော်မူသည်။ ယင်းသို့ကြွတော်မူစဉ် စာပေချပို့၍ ဖြစ်သောသင်္ဘောပေါ်၌ အဆင်သင့်ပါလာသော စာဆိုတပည့်တို့ကို စာဆိုစေတော်မူ၍ စာပေချပို့တော်မူလေသည်။ ကိုယ်တော်တို့ စာဝါဆိုတာ အတော်မလွဲသာမှ ဖျက်ရတယ်။ ရှေးက တကယ့်ပရိယတ်ဝန်ဆောင်တဲ့ ပုဂ္ဂိုလ်တွေလဲ သည်နည်းပဲပြုကြတယ်။ စာဆိုမပျင်းကြနှင့်ဟု အားပေးစကားပြောကြား၍ စာပေချပို့တော်မူ၍သာ ကြွတော်မူသည်။

ကေဒါ ဂန္ဓသာရောဟိ၊ ပါဒင်္ကဒဿနံ ဂတော။
သိရီမတော မုနိန္ဒဿ၊ လောကဂ္ဂဿ ယသဿိနော။
တဒါထေရော ကရောန္တော၀၊ ဝါစနံ သိဿကံ ဗဟုံ။
ပုညဿ ပုညတိတ္ထဿ၊ သာသနာဿာဘိဝုဍ္ဎိယာ။[၁]

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၂၁၅။

## ခြေတော်ရာနှစ်ဆူဖူးမြော်

ဆရာတော်ဘုရားကြီးသည် ခြေတော်ရာ ၂-ဆူလုံးကို ခြေ၊ လက်၊ နဖူး၊ တစ်ထောင်၊ ဒူး ဟု ၅-ဦးသောတည်ရိုးဖြင့် ရှိခိုးဦးချတော်မူပြီး ရှေးဦးစွာ ဘုရားရှင်ရွှေကြေးမုံကို မှန်းဆတော်မူပြီး-

နာဂေါ ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ ဘုန်းတော်အနန္တကြီးလှပါသော မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နာဂေါ ဝတ၊ ဆင်ပြောင်ကြီးပမာ တူတော်မူပါပေစွတကား။

သီဟော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ ဘုန်းတော်နေလ တောက်ပ ထွန်းထိန် အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သီဟော ဝတ၊ ခြင်္သေ့မင်းတမျှ တူတော်မူလှပါပေစွတကား။

အာဇာနီယော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူမကိုဋ္ဌ သုံးတိုက်ထိပ်တင် ရှင်တော်မြတ်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဇာနီယော ဝတ၊ အာဇာနီစင်စစ်အမှန် ဖြစ်တော်မူပါပေစွတကား။

နိသဘော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နိသဘောဝတ၊ နိသဘနွားလားနှင့် မခြားတမျှ တူပါပေစွတကား။

ဓောရယှော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဓောရယှော ဝတ၊ ဝန်ဆောင်နွားလားနှင့် တူတော်မူပါပေစွတကား။

ဒန္တော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒန္တောဝတ၊ စက္ခုသောတ ဃာနဇိဝှါ ကာယမနော မချောမပြေ က္လေန္ဒြေခြောက်အင်္ဂါ ယဉ်ကျေးတော်မူလှပါပေစွတကား။

ဒွတ္တိံသလက္ခဏသောဘနော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒွတ္တိံသလက္ခဏသောဘနော ဝတ၊ ၃၂-ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တင့်တယ်တော်မူပါပေစွတကား။

အသီတိ အနုဗျဥ္ဇနသောဘနော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အသီတိအနုဗျဥ္ဇနသောဘနော ဝတ၊ လက္ခဏာ တော်ငယ် ရှစ်ဆယ်တို့ဖြင့် တင့်တယ်တော်မူပါပေစွတကား။

ဆဗ္ဗဏ္ဏရံသိသောဘနော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဆဗ္ဗဏ္ဏရံသိသောဘနော ဝတ၊ အညိုတစ်ဖြာ အဝါတလီ အနီတစ်ဆူ အဖြူတစ်ကြောင်း ရောင်မောင်းတစ်ချက် ပြိုးပြိုးပြက်ပြက်

ဆန်းကြေခြောက်သွယ်သော အဆင်းရှိသော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်တော်မူပါပေစွတကား။

ကေတုမာလာလင်္ကာတော ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကေတုမာလာလင်္ကာတော ဝတ၊ ရောင်လျှံတော်ဖြင့် တန်းဆာဆင်အပ်သော ဦးထိပ်ရှိတော်မူပါပေစွတကား။

စက္ကင်္ကိတသောဘနောပါဒေါ ဝတ ဘန္တေ ဘဂဝါ။ ဘန္တေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စက္ကင်္ကိတသောဘနောပါဒေါ ဝတ၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်တို့ဖြင့် မှတ်အပ်သော ခြေတော်တို့ဖြင့် တင့်တယ်တော် မူပါပေစွတကား စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ချီးကျူးပူဇော်တော်မူပြီး သတ္တိ၊ သိရိဝစ္ဆ စသော လက္ခဏာတော်တို့ကို တစ်ပုဒ်စီ ပါဠိအနက်တွဲ ရွတ်ဆို၍လည်း ဖူးမြော်တော်မူခဲ့လေသည်။

## ရွှေစက်တော်ဖူးမြော်အပြန် စာချပြန်ကြွတော်မူခြင်း

ယင်းသို့ ဘုရားရှင်ခြေတော်ရာကို ဖူးမြော်တော်မူပြီး ပြန်ကြွတော်မူရာတွင်လည်း သင်္ဘောပေါ်မှာ တပည့်တပန်းတို့ကို စာဝါဆိုစေ လိုက်နာစေတော်မူပြီး စာချ၍ ပြန်ကြွတော်မူခဲ့လေသည်။ ရေစကြိုဆရာတော်ဘုရားကြီး၏ ပရိယတ္တိဝန်ဆောင်တော်မူပုံမှာ လွန်စွာအံ့ဩဖွယ်ကောင်းပါပေစွတကား။

ပါဒစေတီယသေဋ္ဌမှာ၊ ပစ္စာဂတော မဟာယတိ။
ဝါစေတွာ မဟာနာဝါယ၊ ဂန္ထေ ဂန္ဓသာ ဝုဒ္ဓိယာ။

## သိမ်များသမုတ်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ပခုက္ကူခရိုင် မြို့နယ်အသီးသီး၊ ရွာအသီးသီးတို့၌ သာသနာတော်ကြီးပွားရေးကို ရှုမြော်တော်မူ၍ ဂရုတစိုက် ခဏ္ဍသိမ်များကို ဦးစီးဦးကိုင်ပြု၍ သမုတ်တော်မူခဲ့လေသည်။ သိမ်သမုတ်တော်မူစဉ် ကမ္မဝါဖတ်ပုံ၊ ဖတ်နည်း၊ နိမိတ်ကြားပုံကြားနည်းမှစ၍ စနစ်တကျသွန်သင်ဆုံးမ နည်းလမ်းပြတော်မူခဲ့လေသည်။ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ သိမ် ၂–လုံး၊ ပခုက္ကူမြို့၊ ဖန်ခါးပင် ကျောင်းတိုက် ခဏ္ဍသိမ်တော်၊ ပုသိမ်မြို့ နိဂြောဓကုန်း ညောင်ပင်သာကျောင်း တိုက်သိမ်တို့မှာ ဆရာတော်ဦးဆောင်သမုတ်သော သိမ်များအဖြစ် လွန်စွာထင်ရှားကုန်၏။

အဗန္ဓိ ခဏ္ဍာသီမာယော၊ ဂန္ထသာရော ယတိဿရော။
လောကဂ္ဂသာသနဿေဝ၊ စိရကာလာဘိဝုဒ္ဓိယာ။

## ပုသိမ်သို့ သိမ်သမုတ်ကြွရင်း စာချကျမ်းပြု

ဆရာတော်ဘုရားကြီးသည် ၁၂၇၄–ခုနှစ်လောက်က မရမနေ ပင့်လျှောက်ချက်အရ ပုသိမ်မြို့ နိဂြောဓကုန်း ညောင်ပင်သာကျောင်းတိုက်သို့ သိမ်သမုတ်ကြွတော်မူသည်။ ပခုက္ကူမှ ပုသိမ်အထိ သင်္ဘောကြီးဖြင့် ကြွတော်မူလေသည်။ ယင်းသို့ကြွတော်မူစဉ် စာဆိုရဟန်းတော်များ၊ ပေစာရေး ရဟန်းတော်များကိုပါခေါ်၍ သာမဏေ၊ ကပ္ပိယအစုံအလင်ဖြင့် ကြွတော်မူလေသည်။ သင်္ဘောကြီးပေါ်မှာ စာပေချုပ်ခြင်းကိစ္စများကို ပြုလုပ်တော်မူလျက် ကြွတော်မူသည်။ ထိုစဉ်က သင်္ဘောပေါ်တွင် ချုပ်သောကျမ်းစာမှာ ဝိနည်းမဟာဝါပါဠိတော် အဋ္ဌကထာဖြစ်၍ ၎င်းချုပ်သည့် ဝိနည်းမဟာဝါပါဠိတော် အဋ္ဌကထာ၏ နိဿယကို ပေစာရေးရဟန်းတို့အား ရေးသားစေတော်မူခဲ့လေသည်။

ကေဒါ ဂန္ထထေရော ဟိ၊ ကုသိမနဂရံ ဂတော။
တဒါပိ ဝါစေန္တော ပိ စ၊ ဗဟာဝေါ နိဇသိဿကေ။

## သိမ်သမုတ်ထုံး မိန့်ကြား

ပုသိမ်မြို့ရောက်သောအခါ သိမ်သမုတ်မည့် နိဂြောဓကုန်း၊ ညောင်ပင်သာကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ရောက်ရှိကန်တော့လာကြသော ရဟန်းသံဃာတော်တို့အား မဇ္ဈိမတိုက် ရာဇဩိုဟ်ပြည်က မဟာသိမ်ကြီး သမုတ်တော်မူပုံ၊ သီဟိုဠ်ကျွန်း၊ အနုရာဓမြို့ကို အတွင်းပြု၍ အရှင်မဟိန္ဒထေရ်တို့ မဟာသိမ်ကြီး သမုတ်ပုံ၊ ပုဂံပြည်က အရှင်အရဟံ သမုတ်တော်မူခဲ့သည့် မဟာသိမ်၊ ရတနာပူရ၊ အင်းဝမြို့က မဟာသိမ်သမုတ်ထုံး၊ မိမိ၏ ကျေးဇူးတော်ရှင် နတ်ရဲတောင် ဆရာ တော်ဘုရားကြီး သိမ်သမုတ်ပုံ စသည်တို့ကိုလည်းကောင်း၊ သိမ်သမုတ်ရာ၌ အယူ ဝါဒကွဲပြားတတ်သည်များကိုလည်းကောင်း၊ ကမ္မဝါဖတ်ပုံဖတ်နည်း စသည်တို့ကို လည်းကောင်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနည်း၊ လက်တွေ့နည်းတို့ဖြင့် သိမ်သင်တန်းပေးသည့်ပမာ မိန့်တော်မူခဲ့လေသည်။ ထိုအခါ ပုသိမ်နယ်မှ သံဃာတော်များက ဆရာတော်ကြီးနှင့် အကွေ့နောက်ကျလေခြင်း၊ ရေစကြို ဆရာတော်ဘုရားကြီးဦးဂန္ထဟု ကျော်ကြားလှပေရာ တကယ်ကျော်ထိုက်ပါပေသည် စသည်ဖြင့် ချီးကျူး ဩဘာ ထောမနာကြကုန်၏။

## သိမ်သမုတ်တော်မူခြင်း

ယင်းသိမ်နှင့်ပတ်သက်သည့် သိမှတ်ဖွယ်တို့ကို မိန့်ကြားတော်မူပြီး ရေစကြို ဆရာတော်ဘုရားကြီးသည် ကုန်းသာကျောင်းဆရာတော် ဦးပဒုမ၊ ကုန်းကျောင်း ဆရာတော် ဦးဇယန္တ၊ ကျီးသဲကျောင်းဆရာတော် ဦးအာသံ စသော သံဃာတော် တစ်ရာကျော်တို့၏ သံဃနာယက၊ သံဃဖခင်ပြုတော်မူ၍ စီစဉ်ကွပ်ကဲတော်မူကာ သိမ်သမုတ်ကံကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်တော်မူခဲ့လေသည်။

ကုသိမနဂရေ စာပိ၊ သာသနဋ္ဌိတိမာနသော။
အဗန္ဓိ ခဏ္ဍသီမမ္ပိ၊ မုနိသာသနဝုဒ္ဓိယာ။

## သာသနာပြု ကိုးဂိုဏ်းချုပ်

''နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇာဂုရု'' ဘွဲ့တံဆိပ်တော်ရ ပခန်းသမ္မုတိသာသနာပိုင် ဆရာတော်ဘုရားကြီးသည် ၁၂၅၈–ခုနှစ်၊ တပေါင်း လဆန်း ၁၅–ရက်နေ့တွင် ရေစကြိုဆရာတော် အရှင်ဂန္ဓသာရအား ငါးမြို့ သာသနာ ပြု ကိုးဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုစာချွန်တော်ကို ခန့်အပ်ပို့စေတော်မူခဲ့လေ သည်။ စာချွန်တော်ရောက်လာသောအခါ တပည့်တို့က လျှောက်ထားကြရာ ''ဦးပဉ္စင်းတို့ ထန်းဗူး ငါ့လာပြရသေး၊ တစ်နေရာထားလိုက် ပြီးရောပေါ့''ဟု မိန့်တော် မူလေသည်။ သာသာသနာပြု ၅–မြို့ ကိုးဂိုဏ်းချုပ်ခန့်အပ်လွှာ စာချွန် တော်မှာ ဆရာတော်ကြီးများကပေးအပ်သည့် စာချွန်တော်၊ သာသနာပိုင်က ပေးအပ်သည့် စာချွန်တော်ဟု ၂–မျိုးရှိရာ ယင်း ၂–မျိုးကို မူရင်းအတိုင်း ဤ၌ ဖော်ပြအပ်ပါသည်။

## ကိုးဂိုဏ်းချုပ်စာချွန်တော်

သံဃနာယကသာသနာပြုဖြစ်သော လုထွေဆရာတော်ကြီး၊ ကမ္မာ ကမ္မဝိနိစ္ဆယ ဆရာတော်ကြီးများဖြစ်ကြသော မက္ခရာဆရာတော်၊ ခင်မကန်ဆရာ တော်စသော တံဆိပ်တော်ရဆရာတော်တို့ အမိန့်ပေးဆင့်ဆိုလိုက်သည်၊ ပခန်းကြီး မြို့၊ ယောလေးမြို့ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်သံဃာတို့အပေါ်တွင် ဘုရားသခင် သာသနာတော်ကို နေဝန်း လဝန်းကဲ့သို့ ထွန်းလင်းတောက်ပအောင် အုပ်ချုပ်

သာသနာပြုစေရန် ရေစကြိုမြို့၊ အောင်မြေသာယာဘုံကျော်တိုက်နေ အသက် ၆၆၊ သိက္ခာတော် ၄၆–ရှိသူ ဂိုဏ်းချုပ်ဆရာ ရှင်ဂန္ဓသာရကို ၅–မြို့၊ ၉–ဂိုဏ်းချုပ် သာသနာပြု အတည်ဖြစ်စေရန် သင့်ကြောင်းကို သာသနသောဓက သံဃရာဇာ ဖြစ်တော်မူသော အတုမရှိတိုက် သမ္မုတိသာသနာပိုင် ပခန်းကြီးဆရာတော် ဘုရားကို လျှောက်ထားရာသင့်ပြီဟု အမိန့်တော်ရှိ၍ ဂိုဏ်းချုပ် သာသနာပြု အတည်ပြုလုပ် ခန့်အပ်တော်မူသည့်အတိုင်း ပခန်းကြီးမြို့၊ ယော ၄–မြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက်၊ ဂိုဏ်းသံဃာတို့အပေါ်တွင် ရှင်ဂန္ဓသာရကို ၅–မြို့၊ ၉–ဂိုဏ်းချုပ် သာသနာပြုအဖြစ် သက္ကရာဇ် ၁၂၅၈–ခု၊ တပေါင်းလဆန်း ၁၅–ရက်နေ့ကစ၍ အတည်ပြုလုပ် ခန့်အပ်တော်မူသည်။ ပခန်းကြီးမြို့ ယော ၄–မြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက်ဂိုဏ်း သံဃာတို့လည်း ဂိုဏ်းချုပ်သာသနာပြုဆရာ ရှင်ဂန္ဓသာရ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ တရား ၂–ပါးကို ပွားများအားထုတ် နေထိုင်ကြရမည်။

## တံဆိပ်တော်ရ ဆရာတော်ကြီးများ

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော အနာဝရဏဉာဏ မဟာဝဇိရ စသောဉာဏ်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရား၏သားကြီး ဩရသအရှင်မဟာကဿပ စသောရဟန္တာအရှင်မြတ်တို့၏ သိဿာနုသိဿဖြစ်တော်မူကြသော ရှေးရှေးသော သာသနာပိုင်ဆရာတော်ကြီးတို့ကဲ့သို့ သာသနာတော်မြတ်ဝန်ကို ရွက်ဆောင်တော်မူသော အတုမရှိတိုက် သမ္မုတိသာသနာပိုင် ပခန်းကြီးဆရာတော် အမိန့်တော်ရှိသည်။ ပခန်းကြီးရေစကြိုမြို့ အောင်မြေသာယာဘုံကျော်တိုက်နေ အသက် ၆၆၊ သိက္ခာ ၄၆–ရှိသူ ဂိုဏ်းချုပ်ဆရာတော် အရှင်ဂန္ဓသာရကို ပခန်းကြီး မြို့ ယော ၄–မြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့အပေါ်တွင် ဘုရားသခင်သာသနာတော်ကို နေဝန်လဝန်းကဲ့သို့ ထွန်းလင်းတောက်ပအောင် အုပ်ချုပ်သာသနာပြုစေရန် သက္ကရာဇ် ၁၂၅၈–ခု၊ တပေါင်းလဆန်း ၁၅–ရက်နေ့ ဂိုဏ်းချုပ်သာသနာပြု ခန့်အပ်တော်မူသည်။ ပခန်းကြီးမြို့ ယော ၄–မြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့လည်း ၅–မြို့ ၉–ဂိုဏ်းချုပ်သာသနာပြုဆရာ အရှင်ဂန္ဓသာရ ဆင့်ဆိုရာနာခံ၍ ဂန္ထဓုရ၊ ဝိပဿနာဓုရ တရား ၂–ပါးကို ပွားများ အားထုတ်နေထိုင်ကြရမည်။

## နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ပခန်းကြီးယောပေါက်မြို့ဂိုဏ်းချုပ်

တစ်ဖန် ၁၂၆၇–ခုနှစ်၊ တပေါင်းလဆုတ် ၃–ရက်နေ့စွဲဖြင့် "ဝိသုဒ္ဓသီလာစာရသိရီပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ" တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ပခန်းကြီး၊ ယော၊ ပေါက်မြို့ဂိုဏ်းချုပ်အဖြစ် ခန့်အပ်လွှာကိုလည်း ပခုက္ကူမဟာဝိသုတာရာမတိုက် ရေစကြိုဆရာတော်ဘုရားကြီးထံ ရောက်ရှိလာလေသည်။ အရှင်ပညာဇောတ စသောတပည့်ရဟန်းတော်များက အကျိုးအကြောင်း လျှောက်ထားကြရာ "သင့်တဲ့နေရာထားလိုက်ပါ။ တို့တတွေက သံဃာတွေ ရာပေါင်းများစွာ နိကာယ် ၅–ရပ် ချုပ်နေရာ သာသနာပြုဖြစ်ပြီးသား သာသနာပိုင်ရဲ့ သာသနာပြုဘွဲ့တွေ ဘာတွေမလိုပါဘူး" စသည်ဖြင့် မိန့်ကြားတော်မူလေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ပယ်မြစ်

သက္ကရာဇ် ၁၂၇၄–ခုနှစ်လောက်က တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးက ရေစကြိုဆရာတော်ဘုရားကြီးထံ ဆရာတော်ဘုရားကြီးကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းရန် စီစဉ်ထားပါသဖြင့် သာသနာတော်၌ ဆောင်ရွက် တော်မူချက် စသည်များ အကျဉ်းချုပ်ရေးပို့တော်မူရန် စသည်ဖြင့် လျှောက်ထားစာ ၂–ကြိမ်ရောက်လာ၏။ ထိုအခါ တောင်ခွင်သာသနာပိုင် ဆရာတော်ထံ–

မိမိသည် မန္တလေး၊ မဟာဝိသုတာရာမတိုက်တော်နေစဉ်က မင်းတုန်းမင်းတရားလှူဒါန်းမည့် "ဂန္ထသာရာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်ကို အလှူမခံဘဲ ပယ်မြစ်ခဲ့သည်။ ယခုလည်း အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူမခံလို စသည်ဖြင့် ၂–ကြိမ်တိုင် အလုပ်အကျွေး ရဟန်းတော် အရှင်ပညာဇောတကို စာရေးစေ၍ ပယ်မြစ်တော်မူခဲ့လေသည်။

## အုံညြစရာပုဂ္ဂိုလ်မြတ်

ဆရာတော်ဘုရားကြီးသည် လာဘသက္ကာရသိလောကကို အလျင်းပင် ငဲ့ကွက်တော်မမူပါချေ။ ယင်းသို့ ငဲ့ကွက်ခြင်း အလျင်းမရှိပါသဖြင့် ရာဇာဓိရာဇဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်များကို အကြိမ်ကြိမ် ပယ်မြစ်တော်မူခဲ့လေသည်။

ပုထုဇဉ်ပုဂ္ဂိုလ်အများစု ကြိုက်နှစ်သက်တတ်သော လာဘာသက္ကာရသိလောကကို ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်တည် သစ်ဆိမ့်တိုက်စာချ အရှင်သူမြတ်ကြီး အရှင်ဂန္ထသာရထေရ်ကား ကြိုက်နှစ်သက်တော်မမူပါချေ။ အံ့သြစရာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါပေတည်း။

သက္ကာရံ အနပေက္ခန္တော၊ သိလောကံပိ ဝိဝဇ္ဇယိ။
ဒေိပိ ပဏ္ဍိတော ထေရော၊ ကေန္တေန ပသံသိယော။

## ပရိယတ္တိကန်ပေါင်ကန်သင်း စောက်ချဆည်ဖို့နိုင်

ယင်းသို့ လာဘ, သက္ကာရ, သိလောကကို မငဲ့ကွက်ပါသဖြင့် အရှင်ဂန္ထသာရ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိကန်ပေါင်ကန်သင်းကို စိတ်ပါလက်ပါ သမ္မပ္ပဓာန်ဝီရိယဖြင့် နေ့ညဉ့်မအား စောက်ချ၍ ဆည်ဖို့တော်မူနိုင်လေသည်။ ယင်းသို့ စွမ်းစွမ်းတမံ ပြင်းထန်သော လုံ့လဝီရိယဖြင့် ကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံတွင် အရပ်မျက်နှာတိုင်း အရှင်ဂန္ထသာရ၏ တပည့်အဆက်အနွယ်တို့ ပေါက်ပွား၍ သာသနာပြုလျက် ရှိကြကုန်၏။

## ထူးခြားသောကျော်စောမှု

ယင်းသို့ စစ်မှန်သော စိတ်စေတနာတော်ကြောင့် ရေစကြိုဆရာတော် အရှင်ဂန္ထသာရသည် သီလရှိသည်၊ သမာဓိရှိသည်၊ ပညာရှိသည်၊ ပိဋကတ်သုံးပုံ တတ်သည်၊ ပိဋကတ်သုံးပုံနိုင်နင်းသည်၊ နိကာယ်ငါးရပ် ပိဋကတ်ကို အထပ်ထပ် မွှေနှောက်နိုင်သည်၊ အရှင်ဂန္ထသာရကား တိပိဋကဘုရင်တည်း။ တိပိဋကဝိညူတည်း စသည်ဖြင့် ထူးခြားလှသော ကျော်စောမှုကား ရဟန်းရှင် လူပုဂ္ဂိုလ် အနပ္ပ ကမ်းတို့ကို လွှမ်းကျော်၍ တက်ခဲ့လေသည်။

ဂန္ထသာရော မဟာထေရော၊ ဂန္ထေသု အတိကောဝိဒေါ။
သီလဝါ သမာဓိမာ စ၊ ပညဝါ ယသဝါ သုဓီ။
ဣတိ ဟိနေကဓာ ထေရော၊ ကိတ္တိသဒ္ဒေါ သမုဂ္ဂတော။

## သုတဗုဒ္ဓ မည်တော်မူခြင်း

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည်–

သမဏော ဟိ ဗဟုသုတော၊ သုတဗုဒ္ဓေါတိ ဝုစ္စတိ။

ဗုဒ္ဓတ္တာ ဗုဒ္ဓိတာဗ္ဗဿ၊ သုညာဏေန သုတေန ဝေ။

ဟူသည်နှင့်အညီ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် အကြားအမြင် ဗဟုသုတ အမျိုးမျိုး သုတမယဉာဏ်ဖြင့် ချဉ်းနင်းထိုးထွင်း၍ သိအပ်သိသင့် သိထိုက်သော အနက်အဓိပ္ပါယ်သဘောသကန်တို့ကို သိမြင်တော်မူတတ်ရကား သုတဗုဒ္ဓကြီး စင်စစ် ဖြစ်တော်မူပါပေသတည်း။[၁]

## ဘာဏကအသီးသီးတို့၏ တာဝန်ကို တစ်ဦးတည်းဆောင်ရွက်ခဲ့

ပဌမသံဂါယနာတင်ပြီးစ သာသနာသက္ကရာဇ် ၁–ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၂၅၁၈–ခုနှစ်)က ပဌမသံဂါယနာတင် ထေရ်အရှင်တို့က ၆၄–ဘာဏဝါရရှိ သုတ်ပေါင်း ၃၄–သုတ်ဖြင့် တန်းဆာဆင်အပ်သော ဒီဃနိကာယ်ကို အရှင်အာနန္ဒာ၏တပည့်တွေ ချပို့စေဘို့ တာဝန်ပေးအပ်ဖတ်မူကြကုန်၏။

ဘာဏဝါရ ၈၀–အတိုင်းအရှည်ရှိသော သုတ်ပေါင်း ၁၅၀–ရှိ မဇ္ဈိမနိကာယ် ကို ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ တပည့်များအား အဆက်မပြတ်ချရန် တာဝန်ပေးတော်မူကြကုန်၏။

ဘာဏဝါရ ၁၀၀–ရှိ သုတ်ပေါင်း ၇၀၇၆၂–(ခုနစ်သောင်းခုနစ်ရာ ခြောက်ဆယ့်နှစ်)သုတ်တို့ဖြင့် တန်းဆာဆင်ထားသော သံယုတ္တနိကာယ်ကြီးကို အရှင်မဟာကဿပ၏ တပည့်စဉ်ဆက်ချပို့ရန် တာဝန်ပေးတော်မူခဲ့ကြကုန်၏။ ၎င်းပြင် ဘာဏဝါရ ၁၂၀–ရှိ၍ သုတ်ပေါင်း ၉၅၅၇–(ကိုးထောင့်ငါးရာငါးဆယ့် ခုနစ်)သုတ်ပါဝင်သော အင်္ဂုတ္တရနိကာယ်ကြီးကို အရှင်အနုရုဒ္ဓါ၏တပည့် အစဉ် အဆက်တို့ ချပို့ရန် တာဝန်ပေးတော်မူခဲ့ကြကုန်၏။ ယင်းသို့တာဝန်ပေးအပ်ချက်အရ အသီးသီး ကိုယ့်တာဝန်ကို ကိုယ်ယူကြ၍ ယင်းနိကာယ်ကြီးလေးရပ်ကို ချပို့တော် မူခဲ့ကြကုန်၏။ ခုဒ္ဒကနိကာယ်ကိုလည်း သင့်သလို ချပို့တော်မူခဲ့ကြကုန်၏။

---

၁။ ဗဟုသုတော ဘိက္ခု သုတဗုဒ္ဓေါ နာမ။ အံ၊ ဋ္ဌ၊ ၁၊ ၈၉။ သံ၊ ဋ္ဌ၊ ၁။ ၂၄။ သုတဗုဒ္ဓေါ နာမ သုတမယေန ဉာဏေန ဗုဇ္ဈိတဗ္ဗံ ဗုဒ္ဓတ္တာ။ အံ၊ ဋီ၊ ၁။ ၁၃၇။ သုတေန သုတမယ ဉာဏေန ခန္ဓာဒိဘေဒံ ဉေယျံ ဗုဒ္ဓဝါတိ သုတဗုဒ္ဓေါ။ သံ ၊ ဋီ၊ ၁။ ၆၉။

ဒီဃနိကာယံ ဝါ စေသုံ၊ အာနန္ဒထေရသိဿကာ။
မဇ္ဈိမံ သာရိပုတ္တဿ၊ သံယုတ္တံ ကဿပဿ ဝေ။
အင်္ဂုတ္တရနိကာယံ တု၊ အနုရုဒ္ဓဿ သိဿကာ။
ဝိနာယကဿ စက္ကဿ၊ ဓိရကာလာဘိဝုဒ္ဓိယာ။

ဖော်ပြပါ သာသနာ့ဝန်ဆောင် ထေဒင်္ဂရမထေရ်မြတ်တို့၏ တပည့်အသီးသီးတို့ ဆောင်ရွက်ခဲ့သော တာဝန်ကြီးကို ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ရေစကြို ဆရာတော်ဘုရားကြီးသည် နှစ်ပေါင်းများစွာ တစ်ပါးတည်းတာဝန်ယူ၍ ချပို့တော်မူခဲ့လေသည်။ ယင်းသို့ ချပို့ခဲ့ရာ နိကာယ် ၅-ရပ် အခေါက်များစွာပေါက်ခဲ့လေရာ မဇ္ဈိမနိကာယ်ကို အခေါက် ၄၀-ပေါက်သည်ဟု သိရလေသည်။

## ကေန္တသာသနပါလကပုဂ္ဂိုလ်ဖြစ်ခြင်း

ဇိနသာသနံ ပါလေတိ၊ ဝါစေတွာ အာဂမံ ဗဟုံ။
သောပိ သာသနပါလကော၊ သာသနဿ ဝိရုဠှိယာ။

ဟူသည်နှင့်အညီ ကျေးဖူးရှင် သစ်ဆိမ့်တိုက်စာချ ရေစကြိုဆရာတော်ဘုရားကြီးသည် မြားမြောက်စွာသော ငါးရပ်နိကာယ်ကို ချပို့၍ သာသနာတော်လွန်စွာ စည်ပင်ပွင့်လင်းအောင် စောင့်ရှောက်တော်မူသော စင်စစ်သာသနာတော်စောင့် ကေန္တသာသနပါလက ပုဂ္ဂိုလ်ထူးကြီး မှန်လှပါပေသတည်း။

## ဝိဘာဝီပုဂ္ဂိုလ်ထူးလည်းဖြစ်ခြင်း

ကျေးဖူးရှင် ပခုက္ကူမဟာဝိသုတာရာမတိုက်တည် သိစ်ဆိမ့်တိုက်စာချ ရေစကြိုဆရာတော်ဘုရားကြီးသည်-

ဝိဘာဝေတိ ဣဓလောက-အတ္တေ စ ပရတ္ထေ ပိ စ။
ယာဒိသော ဟိ ပကာသေတိ၊ တာဒိ ဝိဘာဝိနာမကော။

ဟူသည်နှင့်အညီ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ မြားမြောက်စွာတို့အားလည်းကောင်း၊ လူပုဂ္ဂိုလ်တို့အားလည်းကောင်း ပစ္စုပ္ပန်အကျိုး တမလွန်အကျိုး အမျိုးမျိုးကို ကိုးကားသက်သေ ရှာဖွေဖော်ပြ ဟောကြားဆုံးမ ထင်စွာပြတတ်ပါသဖြင့် ဝိဘာဝီအမည်ရှိသော ပညာရှိပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပါပေသတည်း။[၁]

---

၁။ အဘိဓာန်ဋီကာ၌ "အတ္တေ ဝိဘာဝေတိ ပကာသေတိ သီလေနာတိ ဝိဘာဝီ"ဟု လာရှိ၏။

## မေဓာဝီမည်ခြင်း

ဌင်းပြင်–

ယာဒိသဿ မေဓာ မတိ၊ ဘဝတိ ဓာရဏာပိ ဝါ။

မေဓာဝီ နာမ တာဒိသော၊ ဝိညူဟိ အဘိသမ္မတော။

ဟူသည်နှင့်အညီ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံလာ အခဲအကတ် ဒုန္နယတ် မှတ်သားဖွယ်တို့ကို မှတ်စွမ်းနိုင်သော ဉာဏ်ပညာ၊ ဗျာကရဏ်းကျမ်း အားလုံးလာ သဒ္ဒါအဆုံးအဖြတ် မှတ်သားဖွယ် စသည်တို့လည်း ရွေခွက်မှာတည် ခြသေ့်ဆီ အလား မပျောက်မပျက်အောင် မှတ်သားနိုင်ဆောင်စွမ်းနိုင်ပါသဖြင့် စင်စစ် မေဓာဝီ မည်သော ပုဂ္ဂိုလ်ကြီးလည်း မှန်လှပါပေသည်။

## အာစရိယစစ်မှန်သည့်ပုဂ္ဂိုလ်

ဌင်းပြင်–

အနေကသိဿသြကာနံ၊ ဟိတမာစရတီတိ ယော။

တေန သော အာစရိယောတိ၊ ဝိညူဟိ အဘိသမ္မတော။

ဟူသည်နှင့်အညီ တပည့်များအပေါင်း ထောင်သောင်းတို့၏ အကျိုးစီးပွားများကို ပြုလုပ်ကျင့်ကြံတော်မူတတ်ပါသဖြင့် အာစရိယ(ဆရာ)မည်ပါပေ၏။ နေရေး၊ ထိုင် ရေး၊ စားရေး၊ သောက်ရေး၊ ပညာသင်ကြားချပို့ရေး စသည်တို့ဖြင့် တပည့် ရဟန်း သာမဏေတို့၏ အကျိုးစီးပွားအမျိုးမျိုးကို တိုးပွားသည်ထက်တိုးပွားအောင် ပြုလုပ်တော်မူသည့် တိုက်တာဦးစီး ဂိုဏ်းဂဏဦးစီးဂိုဏ်းချုပ်ဆရာကြီးလည်း ဖြစ်တော် မူပါပေသတည်း။

တစ်နည်းတစ်မျိုးတို့း၍ ဖေါ်ပြရပြန်သော်–

သာဝဇ္ဇေ ပဋိသေဓေန္တော၊ အနဝဇ္ဇေ နိယောဇကော။

ဘုသော စရတိ သိဿာနံ၊ အတ္ထေ အာစရိယော တတော။

ဟူသည်နှင့်အညီ တပည့်တပန်းတို့အား အပြစ်ရှိသော အမှုလုပ်ငန်း၌ မပြုမလုပ်မိ အောင် တားမြစ်ကန့်ကွက်တော်မူကာ အပြစ်ကင်းလွတ်သော လုပ်ငန်းအရပ်ရပ် ၌သာ တိုက်တွန်း နှိုးဆော်တော်မူ၍ တပည့်တပန်းတို့၏ အကျိုးကို လွန်စွာကျင့် ကြံတတ်ပါသဖြင့် ဆရာမည်လေရာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် တိုက်တာသံဃာ၊ ဂိုဏ်းဂဏ သံဃာတပည့်တို့အား သည်လိုကျင့်၊ သည်လိုကြံ၊

သည်လိုအံ၊ သည်လိုရေး၊ သည်လိုမေး၊ သည်လိုဖြေ၊ သည်လိုနေ၊ သည်လိုချပို့ စသည်ဖြင့် သွန်သင်ဆုံးမ နည်းလမ်းပြကာ ညွှန်ပြကျင့်စေတော်မူတတ်ပါသဖြင့် ကေန္ဒာစရိယ စစ်မှန်သော ပုဂ္ဂိုလ်မြတ်ကြီး မှန်လှပါပေသတည်း။

## ဂရုပီသသည့်ပုဂ္ဂိုလ်

ထို့ပြင် သစ်ဆိမ့်တိုက်စာချ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ ဂုဏ်တော်စ်ပါး ထပ်မံပြောကြားလိုပါသေး၏။

ဆရာတော်ကြီးသည်–

အတ္တလေဏာနသိဿာနံ၊ မေတ္တောဒကေန သိဥ္စတိ။

တေဟိ ဝါ တေန သိဥ္စိတ္တော၊ ဂရု ဝုစ္စတိ သော တတော။

ဟူသည်နှင့်အညီ မိမိထံမှောက် ရောက်ရှိလာသော သံဃာတော်အရှင်မြတ်တို့အား လည်းကောင်း၊ မဟာဝိသုတာရာမစာချ အာရာမ်ဗိမာန်စံပျော် သံဃာတော်တို့အား လည်းကောင်း၊ ၅–မြို့(ကိုးမြို့)ကိုးဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့အားလည်း ကောင်း၊ သာသနာ့ဝန်ဆောင် ရဟန်းသာမဏေ အရှင်မြတ်အပေါင်းအားလည်း ကောင်း၊ သနားကြင်နာခြင်း မေတ္တာရေစင် ရှိပါသဖြင့်လည်းကောင်း။ တစ်ဖန် တပည့်တပန်း သံဃာတော်တို့ကလည်း ငါတို့ကိုးစားရာ ရေစကြိုဘုန်းမော် ဆရာ တော်ဘုရားကြီး ကြည်လင်ချမ်းမြေ့ပါစေ၊ ချမ်းသာပါစေ စသည်ဖြင့် သွန်းလောင်း အပ်သော စန္ဒကူးနှင်းခဲပေါင်း ထောင်သောင်းမက အေးမြလှသော ရွှေမေတ္တာတော် ရေစင်ရေအေး ရေမွှေးရှိပါသဖြင့်လည်းကောင်း ကေန္ဒဂရုဟူသော ဂမုန်းခိုင်ကို သက်ဆုံးတိုင် ပန်ဆင်တော်မူသည့် ဂရုအမည်ရရှိသူ ပီသသည့် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပါပေသတည်း။

## စာပေချပို့သူကို အထူးမေတ္တာပို့

ဆရာတော်ဘုရားကြီးသည် မိမိနှင့်မခြား တမူအလားတူစွာ စာပေချပို့သည့် ပုဂ္ဂိုလ်များကိုရည်ညွှန်း၍ မေတ္တာပို့တော်မူလေ့ရှိသည်။ မြန်မာပြည်အရပ်ရပ် စာပေ ပို့ချ သာသနာပြုကြသော စာချရဟန်းသံဃာတော်တို့ ကျန်းမာတော်မူကြပါစေ စသည်ဖြင့် ရည်ညွှန်း၍ ဩဒိဿကမေတ္တာရေးစင်ဖြင့် မပြတ်သွန်းဖျန်းတော် မူလေ့ရှိပါသည်။

## လယ်တီဆရာတော်အား မိန့်ကြားတော်မူခြင်း

လယ်တီဆရာတော်သည် ရေစကြိုဆရာတော်ဘုရားအောက် ၁၄–နှစ်ငယ်လေသည်။ ပခုက္ကူမြို့သို့ ကြွရောက်တော်မူ၍ ရေစကြိုဆရာတော်ဘုရားကြီးအား လာရောက်ဖူးမြော်၍ သာသနာရေးနှင့်စပ်သော စကားများကို တိုင်ပင်ဆွေးနွေး၏။ စကားပြောရင်း ''မောင်လယ်တီ မောင်လယ်တီ စာချနေတယ်ဆိုလို့ ရည်ညွှန်းပြီး မေတ္တာပို့ပါ၏။ သို့ရာတွင် နောက်စာချဖျက် မြို့ရွာလယ် တရားဟောတယ်ကြားလို့ သဗ္ဗေသတ္တာထဲ ထည့်လိုက်ပြီ''ဟု မိန့်တော်မူလေရာ လယ်တီဆရာတော်သည် ပြုံးတော်မူ၍ ဆရာတော်ကြီး ပိုမို၍ ကြည်ညိုဟန်အမူအရာကို ပြုတော်မူလေသည်။

ကေဒါ လယ်တီထေရောပိ၊ ဂန္ထတ္တေရသာ သန္တိကံ။
ပတ္တာ ဝိသုတာရာမေ၊ ပူဇနံ ဝန္ဒနံ အကာ။
တဒါပိ သော ဂန္ဓသာရော၊ ဩဝါဒံ ကထယီ ဗဟုံ။
လယ်တီဝှယသ ထေရဿ၊ လယ်တီဝိဟာရဝါသိနော။

## ညောင်လွန့်က စာချများကို မေတ္တာပို့

ဆရာတော်ဘုရားကြီးသည် ရထားလမ်းနားမှ စာချနေတဲ့ မောင်ဇယန်တို့ မောင်မေဓာတို့လဲ အသက်ရှည်ရှည် စာချနိုင်အောင် ဩဒိဿကမေတ္တာဖြင့် မပြတ်မေတ္တာပို့လျက်ရှိပေ၏ စသည်ဖြင့်လည်း မကြာမကြာ မိန့်ကြားတော်မူလေ့ရှိကြောင်း သိရပါသည်။

ဆရာတော်ဘုရားကြီးကား မိမိလည်း ပရိယတ္တိဝန်ကိုဆောင်သည်။ ပရိယတ္တိဝန်ဆောင်သော ပုဂ္ဂိုလ်တို့၏လုပ်ငန်းကိုလည်း လွန်စွာအားပေး ဝမ်းမြောက်တော်မူလေသည်။

## ကျက်သရေတော်အမျိုးမျိုး

ဖော်ပြပါဂုဏ်တော်များကြောင့် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် ရဟန်းခံပွဲ၊ သိမ်သမုတ်ပွဲ၊ ဥပုသ်ပဝါရဏာပွဲ နေ့စဉ်မပြတ် ဆင်ယင်မြဲဖြစ်သော စာချပွဲသဘင်အစရှိသည်တို့၌ မင်း၊ မှူးမတ်၊ အစည်းအဝေး၌ မင်းကေရာဇ် ကျက်သရေကဲ့သို့လည်းကောင်း၊ ထီးဆောင်းမင်းအပေါင်း မြားမြောက်စွာတို့၏

အလယ်၌ လေးကျွန်းစိုးလတ်စကြာဝတ်ဖျား မင်းတရားတို့၏ ကျက်သရေတန်ဆာ လည်းကောင်း၊ တာဝတိံသာသုဓမ္မာနတ်သဘင်အစည်းအဝေး၌ သိကြားမင်း၏ ကျက်သရေသဖွယ်လည်းကောင်း၊ ဗြဟ္မာအပေါင်းတို့၏ အလယ်၌ မဟာဗြဟ္မာ၏ အသရေတရထည်လည်းကောင်း၊ ဆင်ပေါင်းများစွာ ဝန်းရံသော ဆဒ္ဒန်ဆင်မင်း၏ အသရေပုံကဲ့သို့လည်းကောင်း၊ ပါမောက္ခအသီးသီးတို့ ခြံရံအပ်သော ပါမောက္ခချုပ် (တက္ကသိုလ်အဓိပတိ)၏ အသရေကဲ့သို့လည်းကောင်း၊ နက္ခတ်တာရာ ကြယ်တကာ တို့ ဝန်းရံ၍နေသော ဒွေလမင်း၏ ကျက်သရေကဲ့သို့လည်းကောင်း၊ ပဌမသံဂါယနာ သဘင်အလယ် သံဂီတိကာရကရဟန္တာသခင်တို့ ဝန်းရံနေသော အရှင်မဟာ ကဿပမဟာထေရ်၏ ကျက်သရေကဲ့သို့လည်းကောင်း၊ ဒုတိယသံဂါယနာတင်စဉ် အရှင်မဟာယသထေရ်၏ ကျက်သရေကဲ့သို့လည်းကောင်း၊ တတိယသံဂါယနာ တင်စဉ်က အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်၏ တင့်တယ်ခြင်းအသရေကဲ့သို့ လည်းကောင်း၊ သီဟိုဠ်ကျွန်း ပေါတ္ထကာရုဠှသံဂါယနာ(စတုတ္ထသံဂါယနာ)တင်စဉ် သံဃနာယက အရှင်ဓမ္မရက္ခိတ၏ အသရေကဲ့သို့လည်းကောင်း၊ မဟာဝိဟာရ ကျောင်းတိုက်၌ စာချခေါင်းဆောင် အရှင်တိပိဋကစူဠနာဂထေရ်၏ ကျက်သရေ ကဲ့သို့လည်းကောင်း လွန်စွာ တင့်တယ်တော်မူခဲ့လေသည်။ လွန်စွာ ကျက်သရေ ရှိတော်မူခဲ့လေသည်။

ဇနာဓိပေါ ယထာရာဇာ၊ အမစ္စပရိဝါရိတော။
ဝံ နော ရေစကြိုထေရော၊ သောဘတိ သံဃမဇ္ဈဂေါ။
စက္ကဝတ္တိ ယထာရာဇာ၊ ရာဇူဟိ ပရိဝါရိတော။
တထေဝ ထေရသေဋ္ဌောပိ၊ ဝိရာဇိ သံဃမဇ္ဈဂေါ။
သက္ကော ဝ ဒေဝရာဇာပိ၊ ဒေဝေဟိ ပရိဝါရိတော။
သုသောဘတိ ဂန္ထသာရော၊ ယတီဟိ ပရိဝါရိတော။
သေယျထာပိ မဟာဗြဟ္မာ၊ ဗြဟ္မူဟိ ပရိဝါရိတော။
ဂန္ထသာရော ထေရိန္ဒောပိ၊ ဝိလာသိ ဇိနသာသနေ။
ဆဒ္ဒန္တော နာဂရာဇာဝ၊ နာဂေဟိ ပရိဝါရိတော။
သံဃပိတာ ဂန္ထသာရော၊ ဘိက္ခူဟိ ပရိဝါရိတော ။
ဝိဿဝိဇ္ဇာလယာဓိပေါ၊ ပါမောက္ခပရိဝါရိတော။
ဝေမဝံ ထေရိန္ဒောပိ၊ ဝိရာဇိ ဇိနသာသနေ။
ယထာ နာမ သသင်္ကော ဟိ၊ တာရကပရိဝါရိတော။

သောဘနော သော မဟာထေရော၊ သုသံဃပရိဝါရိတော။
ရာဇဂြိုဟ်သံဃသဘာယံ၊ ထေရိန္ဒော ကဿပေါ ယထာ။
တထာ ရေစကြိုထေရောပိ၊ သောဘတိ သံဃမဇ္ဈဂေါ။
ဝေသာလိသံဃမဏ္ဍလေ၊ ထေရသေဋ္ဌော ယသော ဝိယ။
ဝေမေဝံ ဂန္ဓသာရော၊ သုသံဃပရိဝါရိတော။
အသောကသံဃသဘာယံ၊ တိဿော မောဂ္ဂလိပုတ္တော ဝိယ။
ဝေံ ဟိ ဂန္ဓသာရောပိ၊ ဝိရောစိ ဇိနသာသနေ။
အာလောကလေဏမဏ္ဍလေ၊ ထေရိန္ဒော ရက္ခိတော ယထာ။
ရေစကြိုမဟာထေရောပိ၊ နာနာကာရေန သောဘတိ။
တိပေဋကစူဠနာဂ–ထေရိန္ဒော ဝိဟာရေ ယထာ။
တထာ ဝိသုတအာရာမေ၊ ဂန္ဓသာရော သုဘောဘတိ။

## လောကီလုပ်ငန်း မငဲ့ကွက်

ရေစကြိုဆရာတော်ဘုရားကြီးသည် လောကီရေးရာ၌ မတွေးမရှု ငဲ့ကွက်မှု ပြုတော်မမူပါချေ။ တစ်နေ့လုံး ညဥ့် သုံးယာမ် ၁–ယာမ်သာ ကျိန်းစက်တော်မူ၍ ၂–ယာမ်လုံး ပရိယတ် ပဋိပတ်အလုပ်ဖြင့် အချိန်ကိုသုံးစွဲတော်မူကာ ဘုရားမြတ်စွာ၏ ရွှေစိတ်တော်ကို နှစ်သက်စေတော်မူခဲ့လေသည်။

မိမိထံမှောက် အဖူးအမြော်ရောက်ရှိလာသော ဒကာ၊ ဒကာမတို့ကို ကြာရှည် ကြာမျှော စကားပြောတော်မမူဘဲ ကိစ္စကိုမေးပြီး တို့အလုပ်ရှိတယ် ပြန်တော့ဟုသာ မိန့်ကြားတော်မူလေ့ရှိသည်။

ကျောင်းတိုက်ကြီး၏ ဒါယကာ ဦးစံပေါ်နှင့် ဒကာမကြီး ဒေါ်ငွေတို့အားပင် ကြာရှည်ကြာမျှော စကားပြောတော် မမူပါချေ။ ကြားဘူးပါသေး၏။ ဤကျမ်းပြုသူ နေထိုင်ရာ ယခုပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၏ မြောက်ဘက်အဝင်ဝ လက်ျာဖက်ရှိ ၁၃–ခန်း ၆–ခန်း ကျောင်းကြီးကား ယခင်သာသနပါရဂူကျောင်း ဖြစ်သည်။[၁] ယခုမူ "သာသနဇောတိပါလ"ဟုခေါ်သည်။

---

၁။ မူလသာသနပါရဂူ–ကျောင်းဟု ခေါ်ကြောင်း ရေစကြိုဆရာတော်ဘုရားကြီး၏ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်နိဿယနိဂုံး၌ ပါရှိသည်။

ယင်းကျောင်းကြီး၏ အရှေ့ထိပ်က ပြာသာဒ်စနုဆောင် ပါရှိ၏။ ယင်းပြာသာဒ် (စနု)ဒါယကာမှာ ပခုက္ကူမြို့ ဈေးဟောင်းရပ်မှ ဒါယကာကြီး ဦးသောင်းဖြစ်၏။ ဦးသောင်းမှာ မြင်းရှိရာတိုက်ထဲလာပြီး ရံခါမြင်းလှန်လေ့ရှိသတတ်။ တစ်နေ့တော့ ဆရာတော်ကြီးက မောင်သောင်း မင်းကျောင်းတိုက်ထဲ မြင်းလှန်မလာနဲ့ မင်းပြာသာဒ် မလှူချင်လဲ ဖြုတ်သွားဟု မိန့်တော်မူသတတ်။ သို့ပေမဲ့ ဆရာတော်ဘုရားကြီး၏ အတွင်းသဘောကို သိပြီးဖြစ်သဖြင့် ဦးသောင်းမှာ ဆရာတော်ကြီး၏ စကားကိုကြားရ၍ ပျားသကာလို နားဝင်ချိုခဲ့လေသည်။ ဆရာတော်ကြီးကား လောကီဆန်သည့် ဆရာတော်ကြီးမဟုတ်။ ငါတို့၏ကိုးစားရာ ငါတို့ကို သုဂတိလမ်း နိဗ္ဗာန်လမ်းညွှန်သည့် ပုဂ္ဂိုလ်မြတ်ကြီးပါတကားဟု ပို၍ ကြည်ညိုကြကုန်၏။

## မာတုဂါမတွေ ရေခပ်မလာကြနဲ့

မဟာဝိသုတာရာမတိုက်တွင်းရှိ ရေတွင်းသို့ ကျောင်းတိုက်ပတ်ဝန်းကျင်မှ အရွယ်ရှိအမျိုးသမီးတွေ ရေခပ်လာတတ်ကြကုန်၏။ ဆရာတော်ဘုရားကြီးက "ဣတ္ထိ မလံ ဗြဟ္မစရိယဿ" မိန်းမဆိုတာ သာသနာ့ဗြဟ္မစရိယရဲ့ အညစ်အကြေးပဲ" "ငါ့ကျောင်းကကိုယ်တော်တွေ သူတို့တွေ မမြင်ရလေ ကောင်းလေပဲ" ဟု စဉ်းစားတော်မူပြီး တစ်နေ့ ရေခပ်တဲ့ ဒကာမတွေခေါ်ပြီး နင်တို့တစ်တွေ ကျောင်းတိုက်ထဲ ရေမခပ်ကြနဲ့၊ တစ်ခြားရေတွင်း သွားခပ်ကြဟု မိန့်တော်မူသည်။

## ဖွဲ့ဝင်ဆန်ထွက် ငါမလိုက်လို

ထိုစဉ်က တစ်ချို့ ပခုက္ကူ ဒကာ,ဒကာမတွေက အလှူအတန်းပြုလုပ်လျှင် ဆရာတော် မလိုက်မှန်းသိပေမဲ့ ကြွလိုကြွငြား ပင့်ကြကုန်၏။ ဆရာတော် တပည့်တော်တို့ အလှူကိုယ်တိုင် ကြွတော်မူပါ။ ဆွမ်းကျွေးကိုယ်တိုင် ကြွတော်မူပါဟု လျှောက်ထားတတ်ကြကုန်၏။ ဆရာတော်ကြီးက ငါမင်းတို့အလှူ နင်တို့အလှူ မလိုက်၊ ဘယ်သူ့အလှူအတန်းမှ စာဝါပျက်ခံပြီး မလိုက်လို၊ ဖွဲ့ဝင်ဆန်ထွက် မင်းတို့ရဲ့ အာမိသပစ္စည်းအလှူခံရတဲ့အတွက် ငါ့ရဲ့အဖိုးတန် စာပေချပို့မှု ဓမ္မဒါန အလှူပွဲ ပျက်စီးမည်၊ ဖွဲ့ဝင်ဆန်ထွက် ငါမလိုက်ဘူး စသည်ဖြင့် မိန့်တော်မူလေ့ရှိသည်။

## တလိုင်းကုန်းဆရာတော်ဦးဝိမလကြွလာ အချိန်တယ်မရဘူး

တစ်နေ့တွင် တလိုင်းကုန်းဆရာတော် ဦးဝိမလကြွလာ၏။ တလိုင်းကုန်း ဦးဝိမလကား ရေစကြိုဆရာတော်ကြီး အောက် ၂၅–နှစ်ခန့်ငယ်၏။[၁]

ဆရာတော်သီတင်းသုံးတော်မူရာ ကျောင်းကြီးပေါ်ကြွလာပြီး ကိုယ်တိုင် ရေးသည့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း အဖွင့်အကျံရဋ္ဌီကာကို ဆရာတော်ကြီးအား လှူလေ၏။ ထိုအခါ ဆရာတော်ကြီးက ဘာလုပ်ရအောင်တုန်းဟု မိန့်တော်မူ သတတ်။ ငါတို့အချိန်မရဘူး၊ လျှောက်စရာရှိလျှောက်ပြီးပြန်တော့ဟု မိန့်တော် မူသည်။

## ဆရာတော် ဦးကြည်ကြွလာ ကိစ္စပြီးပြန်တော့

ရုံဖန်ရုံခါ သဲပုံစေတီတောရဆရာတော် ဦးကြည်ကြွလာ၍ ဆရာတော်နှင့် တရားစာပေ ဆွေးနွေး၏။ ဆရာတော်ကြီး၏ စာဝါကြား အားလပ်သည့်အချိန်တို့ မှာသာ တွေ့ခွင့်ရလေသည်။ ခေတ္တခဏတွေ့ပြီး ဦးကြည် ဘာကိစ္စကြွလာတုန်း၊ မေးချင်တာမေး၊ ဆွေးနွေးချင်တာဆွေးနွေးဟု ခွင့်ပြုတော်မူ၏။ မေးသည့်ပြဿနာ များကို ဖြေဆိုပြီးလျှင် ဆွေးနွေးသင့်သည်များကို ဆွေးနွေးပြီးလျှင် ဦးကြည် ကိစ္စပြီး လျှင် ပြန်ကြွတော့ဟု မိန့်တော်မူတတ်လေသည်။ ဦးကြည်ကား ရေစကြိုဆရာတော် ကြီးအောက် ၁၀–နှစ် ငယ်လေသည်။[၂]

## ကန်တော့ပြီးပြန်ကြတော့

ဝါကျွတ်ခါနီး သီတင်းကျွတ်လဆန်း ၈–ရက်လောက်ကစ၍ သီတင်းကျွတ် လဆုတ် ၈–ရက်လောက်ထိအောင် ပခုက္ကူက ဒကာ,ဒကာမတွေ ရေစကြိုဆရာ တော်ကြီးအား လာရောက်ကန်တော့ လေ့ရှိကြ၏။ ဆရာတော်ဘုရားကြီးသည် ကန်တော့ကျိုး မိန့်ဆိုဆုပေးပြီး ကဲ ကန်တော့ပြီး ပြန်ကြတော့ဟု မိန့်တော်မူ၏။ ဘယ်သူဘယ်ဝါ နေကောင်းရဲ့လား၊ စသည်များကိုလည်းကောင်း၊ တိုင်းရေးပြည် ရေး၊_ ရပ်ရေးရွာရေး စသည်ကိုလည်းကောင်း မေးတော်မမူပါချေ။

---

၁။ တလိုင်းကုန်းဆရာတော် ဦးဝိမလ ၁၂၁၉–ခု ဖွားတည်း။

၂။ ဆရာတော်ဦးကြည်ကား ၁၂၀၄–ခုဖွားတည်း၊ မန္တလေးသာသနာဝင်။ ၂၁။ အဌမပိုင်းကြည့်။

ဆရာတော်ဘုရားကြီးကား လောကီလုပ်ငန်း၌ အလျှင်းပင်ငဲ့ကွက်တော်မမူပါချေ။ ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်လင်းလက်အောင် ဆောင်ရွက်ဖို့ရန် လူ့ပြည်ဌာန လူ့လောကသို့ တစ်လှည့်ဆင်းသက်ရောက်ရှိ လာရသော်လည်း လူ့လောကနှင့် ကင်းကွာအောင် နေတော်မူခဲ့သည်။ လောကနှင့် လိမ်းကျံတော်မမူပါချေ။ ထို့ကြောင့် စင်ကြယ်သန့်ရှင်း ရန့်ကြိုင်သင်း စိတ်နှလုံးကို မွေ့လျော်စေနိုင်သည့် ပဒုမ္မာကြာပန်းသည် ရေ၌ဖြစ်ထွန်းပေါက်ရောက်လင့်ကစား ရေဖြင့် မလိမ်းကျံ မကပ်ငြိသကဲ့သို့ ဘုရားမြတ်စွာ သာသနာပြုရန်အတွက် လူ့လောကသို့ ထူးခြားစွာ ရောက်ရှိလာရသော်လည်း လူ့လောက လောကီလုပ်ငန်းတို့နှင့် လိမ်းကျံကပ်ငြိတော် မမူပါချေ။

ယထာပိ ဥဒကေ ဇာတံ၊ ပုဏ္ဍရီကံ ပဝဍ္ဎတိ။
နောပလိမ္ပတိ တောယေန၊ သုစိဂန္ဓံ မနောရမံ။
တထာ လောကေဝ သဉ္ဇာတော၊ ထေရော လောကေ ပဝဍ္ဎတိ။
နောပလိမ္ပတိ လောကေန၊ တောယေန ပဒုမံ ယထာ။

တစ်နည်းတစ်ဖုံ ဖေါ်ပြသေး၏။

မြေမှုန့်မြူမှုန့်တို့မှဖြစ်သော ရွှေသည် မြေမှုန့်မြူမှုန့်တို့ဖြင့် မလိမ်းကျံမကပ်ငြိသကဲ့သို့ ပခုက္ကူမြို့ မဟာဝိသုတာရာမအာဒိမာပက မန္တလေးမြို့၊ သစ်ဆိမ့်တိုက်စာချ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် လောကအတွင်း ဖြစ်ထွန်းပေါ်ပေါက်လင့်ကစား လောကနှင့်ကင်းကွာအောင် သီတင်းသုံးတော်မူခဲ့လေသည်။

ပံသုတော ကဉ္စနံ ဇာတံ၊ ဝိသုဒ္ဓံ နိမ္မလံ သုစိ။
ပံသုအန္တရပတ္တမ္ပိ၊ နောပလိမ္ပတိ ပံသုနာ။
တထာ လောကမှိ သဉ္ဇာတော၊ ထေရော လောကေ ပဝဍ္ဎတိ။
နောပလိမ္ပတိ လောကေန၊ ပံသုနာ ကဉ္စနံ ယထာ။

## သက်တော်ရင့်ညောင်း ဇရာထောင်းပြီ

"လောကတစ္ဆ ပုံရှာပြုရသော် နွားကျောင်းသားသည် နွားအပေါင်းကို စားကျက်မြက်ခင်းသို့ မောင်းနှင်ဆောင်သွင်းအပ်သကဲ့သို့ သွားကြိုးဆံဖြူ အရေတွန့်လိပ်ခြင်း၊ ခါးကိုင်းခြင်း၊ မျက်စိမှုံခြင်း စသည့် ဇရာတရားသည် တဖြည်းဖြည်း သေမင်း၏အနီးသို့ ပို့ဆောင်လေ၏" ဟူသည်နှင့်အညီ ကျေးဇူးရှင် ရေစကြို

ဆရာတော်ဘုရားကြီးသည်လည်း ဇရာတရားက မရဏာထံသို့ တဖြည်းဖြည်း ပို့ဆောင်ခဲ့လေရာ အသက်ဇီဝိန်စွန့်ရဖို့ နီး၍နီး၍သာ လာတော့၏။

ဒွါသီတိဝဿိတော သော ဟိ၊ ဇရာယ အဘိမဒ္ဒိတော။
ဗျာဓိဓမ္မော နတီတတ္တာ၊ ဗျာဓိနာ အဘိပီဠိတော။

ဇရာကနှိပ်စက်ဖိစီးသဖြင့် ခန္ဓာကိုယ်ရုပကာယ၏ အမာခံ ပင်မတိုင်ခြေများ ဖြစ်ကုန်သည့် ရေ၊ မြေ၊ လေ၊ မီး ဘုတ်ကြီးလေးခုတို့လည်း အားပျော့နေချိန် သက်တော် ၈၂–နှစ်ရှိ ရေစကြိုဘုန်းမော်ဆရာတော်ဘုရားကြီးကို ကိုယ်ရောင်ရောဂါ တည်းဟူသော ဗျာဓိကဝင်ရောက်နှောင့်ယှက်သဖြင့် ရွှေကိုယ်တော်တယိမ်းယိမ်း တယိုင်ယိုင်ရှိခဲ့လေပြီ။ ၁၂၇၆–ခုနှစ်၊ ဝါဆိုဦးလောက်ကစ၍ ခြေထောက်တော်၊ လက်တော်များ ဖောသွပ်သွပ်ဖြစ်လာလေ၏။

သို့ရာတွင် စစ်ပွဲ၌ တိုက်ခိုက်နေရသော သူရဲကောင်း စစ်ဗိုလ်သည် စစ်ရိက္ခာပြတ်သဖြင့် အစားအစာ မစားရ၍ အားအင်နည်းပါးသော်လည်း အမိ တိုင်းပြည်၏ တာဝန်ကို တစ်ဖက်ရန်သူတို့ အသက်စွန့်ရသည်အထိ တိုက်ခိုက်၍ ကျေပွန် အောင်မြင်သကဲ့သို့ ဆရာတော်ဘုရားကြီးသည်လည်း ကိုယ်ရောင်ရောဂါ စွဲကပ်၍ အားနည်းလင့်ကစား ဖခင်ဘုရားသာသနာတော် စည်ပင်ရေးအတွက် နေ့မအားညမအား စာချ၍ ကျေပွန်အောင် ထမ်းဆောင်တော်မူခဲ့လေသည်။

## ဒို့ဘုရားရှင် ပရိနိဗ္ဗာန်စံရာညောင်စောင်းအထိ အလုပ်လုပ်တော်မူခဲ့သည်

ယင်းသို့ ကိုယ်ရောင်ရောဂါဝေဒနာ စွဲကပ်နေစဉ် ဒကာ၊ ဒကာမတွေ ဆရာတော်ဘုရား စာဝါများ ချတော်မမူပါနှင့်တော့၊ ဩဝါဒအနုသာသနီလောက် ပေးပြီး သံဃာ့ပရိသတ်အုပ်ချုပ်ရုံဆို တော်လောက်ပါပြီစသည်ဖြင့် လျှောက်ထားကြ ကုန်၏။ သို့ပေမဲ့ ဆရာတော်ဘုရားကြီးက ဒကာတို့၊ ဒကာမတို့ ဒို့ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံရာညောင်စောင်း၌ နောက်ဆုံးဟောကြားတော်မူယင်း ဗုဒ္ဓကိစ္စကို ပြုတော်မူ သေးသည်။ ငါတို့ကား ဘုရားသား၊ ငါတို့လဲသေသည်အထိ အလုပ်လုပ်ရမယ် စသည်ဖြင့် မိန့်ကြားတော်မူလေသည်။ သို့နှင့် နောက်ထပ်လျှောက်ဆိုရန် ဝန်လေး နေကြသည်။

## ပရိနိဗ္ဗာန်စံရမဲ့ ဓမ္မသေနာပတိ သာရိပုတ္တရာ တရားပြခဲ့သေး

၁၂၇၆–ခုနှစ်၊ ဝါလယ်လောက်တွင် ဆံပြုတ်ဘုဉ်းပေးမှု၊ ဆွမ်းဘုဉ်းပေးမှုများ လျော့လာရာ မနေသာကြသဖြင့် တိုက်အုပ်စာချတပည့် ရဟန်းတော်များ၊ တချို့ ကျောင်းဒကာများက ဆရာတော် စာဝါရပ်တော်မူပါတော့ သည့်ပြင် စာချမဲ့ ပုဂ္ဂိုလ် တွေ အများကြီးရှိနေပြီ စသည်ဖြင့် လျှောက်ထားရာ မင်းတို့ ငါတလောက ပြောပြီပဲ။ သေခါနီးမှ ပိုအလုပ်လုပ်ရတယ်၊ ဒို့ဘုရားရှင် လက်ျာတော်ရံ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာထေရ်ကြီးဟာ ပရိနိဗ္ဗာန်စံမည့်ည (သေမည့်ည) မယ်တော်အား တရားပြပြီး သာသနာအလုပ်ကိုလုပ်သွားသေးသည်။ နောက် မလျှောက်ထားကြနဲ့ စသည်ဖြင့် မိန့်တော်မူလေသည်။

မရဏာသန္နကာလေဝ၊ ကိစ္စံ ကတ္တဗ္ဗကံ ဗဟုံ။
အမှာကံ မုနိန္ဒော နာထော၊ ယာဝ နိဗ္ဗာနမဋ္ဌကံ။
အဂ္ဂသေနာပတိ သာရိ–ပုတ္တော ထေရိန္ဒသေခရော။
မရဏာနိသာယံယေဝ၊ မာတုဓမ္မုပဒေသနံ။

## နောက်ဆုံးချတော်မူခဲ့သောစာဝါများ

ဆရာတော်ဘုရားကြီးသည် နောက်ဆုံးတွင် ၁၂–နာရီ ဝိနည်းမဟာဝါ ပါဠိတော်ကို အဋ္ဌကထာတွဲဖက်၍ ချတော်မူသည်။ ညဥ့်သာမဏေများကို စာစပ်ဝါများ ချပို့တော်မူသည်။ ကိုယ်တော်တို့ ငယ်ရွယ်စဉ် ကျန်းမာတုန်းကြိုးစားကြ အိုတော့ငယ်စဉ်ကလို မလုပ်နိုင်ဘူး၊ ကြိုးစားကြ၊ သည်ကတော့ ကြာကြာနေရဖို့ မရှိတော့ဘူးစသည်ဖြင့် မကြာမကြာ မိန့်ကြားတော်မူလေ့ရှိလေသည်။

## နောက်ဆုံးပဝါရဏာပြု

၁၂၇၆–ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ည ပဝါရဏာပွဲကို အခါတိုင်း ဝတ်တက်ဝတ်ကာပ် ဥပုသ်ပြု ပဝါရဏာပြုမြဲဖြစ်သော သာသနပါရဂူ (ယခုအခေါ် သာသနဇောတိပါလ)ကျောင်းကြီးပေါ်မှာ ပြုတော်မူကြကုန်၏။ ထိုပဝါရဏာပွဲတွင် ဆရာတော်ဘုရားကြီးသည် သံဃနာယက သံဃဖခင်ဖြစ်ရာ ရှေးဦးစွာ တုန်တုန်ရီရီနှင့်

"သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ"

ဟု သုံးကြိမ်သုံးခါ ပဝါရဏာပြု ဖိတ်ကြားတော်မူသေးသည်။ ဆရာတော်ဘုရားကြီး ပဝါရဏာပြုတော်မူပြီး သံဃာတော်အားလုံးတို့ ဆက်လက် ပဝါရဏာပြုတော်မူကြကုန်၏။

မဟာပဝါရဏာယမ္ဟိ၊ ပဝါရဏံ အကာ သုဓီ။
သံဃပိတာ ကိလန္တောဝ၊ သာ အန္တိမ ပဝါရဏာ။

## နောက်ထပ်ကိုယ်တော်တို့နှင့် ပဝါရဏာပြုရတော့မှာမဟုတ်

ပဝါရဏာပြုပွဲအပြီး ဆရာတော်ဘုရားကြီးက ကိုယ်တော်တို့ နောက်နှစ်ဆို ကိုယ်တော်တို့နှင့်အတူ ပဝါရဏာပြုရဖို့ မရှိတော့ဘူး။ သည်အကြိမ် ပဝါရဏာပြုရတာ သည်ဘဝတွင် နောက်ဆုံးပဝါရဏာ ပြုရခြင်းဖြစ်လိမ့်မည်။ အကယ်၍ မိမိသေလျှင် ကျောင်းကြီးအောက်မှာ ၃-ရက်ထား၊ တိုက်ပြင်မှာ ၄-ရက်ထား အားလုံး ၇-ရက်ထားပြီး ရက်တိုတိုနဲ့ သင်္ဂြိုဟ်ရစ်ကြဟုလည်း မိန့်ကြားတော်မူခဲ့လေသည်။ နောက်နောက်လဲပဲ သည်လိုပဲ ညီညီမျှမျှ ပဝါရဏာပြုကြရန်နှင့် ပဝါရဏာနှင့်စပ်၍ မှတ်သားဖွယ်တို့ကို မိန့်ကြားတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူပြီ

သီတင်းကျွတ်လဆုတ် ၁-ရက်နေ့တွင် ဟိုကလာ ဒီကလာ ကန်တော့ကြသည့် ရဟန်းသံဃာများ၊ ဒကာ၊ ဒကာမများကို ဩဝါဒတို့တို ပေးတော်မူခဲ့လေသည်။ ယင်းတို့ကား နောက်ဆုံးဩဝါဒများဖြစ်ကုန်၏။ သီတင်းကျွတ်လဆုတ် ၂-ရက်နေ့တွင် စာဝါများ ဆက်လက်ချတော်မူသည်။ နေ့လည် ၁၂-နာရီတွင် ဝိနည်းမဟာဝါပါဠိတော်ကို အဋ္ဌကထာတွဲဖက်၍ ချတော်မူလေသည်။ ယင်းသို့ စာချယင်း မိမိသေလျှင် ၇-ရက်ထားပြီး ရက်တိုတိုနှင့် သင်္ဂြိုဟ်ကြရမည်။ စာဝါများ အပျက်မခံကြနှင့်စသည်ဖြင့် မိန့်ကြားတော်မူသေးသည်။ စာဝါချတော်မူပြီး ဝစ္စကုဋီသို့ ကြွတော်မူသည်။ ဝစ္စကုဋီမှအပြန် ညောင်စောင်းပေါ်တွင် လျောင်းတော်မူစဉ် ၂-နာရီအချိန်တွင် သမ္ပတိမရဏ အသံမှုဋ္ဌ ကာလံကရဖြင့် ဗိဝကင်းပြတ် နတ်တို့ဌာန ပြောင်းကြွ စံလွန်တော်မူလေသည်။

## သံဝေဂယူရန်

ဂန္ထသာရော မဟာထေရော၊ ဂန္ထေသု အတိကောဝိဒေါ။
သောပိ မစ္စုဝသံ ပတ္တော၊ မာဒိသေသု ကထာဝကာ။

ဘော၊ ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ ဂန္ထေသု၊ ဒီဃာဂမ မဇ္ဈိမနှင့် သံယုတ္တ အင်္ဂုတ္တရ ခုဒ္ဒကမည့် နိကာယ်ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့နှင့်တကွ ဗျာကရဏ်းကျမ်း အားလုံးတို့၌။ အတိကောဝိဒေါ၊ ပါရင်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်လိမ္မာတော်မူပါပေသော။ ဂန္ထသာရော၊ ဂန္ထသာရအမည် ရှိတော်မူသော။ သောပိမဟာထေရော၊ ထိုသစ်ဆိမ့်တိုက်စာချ ရေစကြိုအောင်မြေ သာယာတိုက်တာ အဓိပတိမဟာနာယက ပခုက္ကူမြို့ မဟာဝိသုတာရာမိကတိုက်တာအာဒိမာပကမဟာထေရ်ဆရာတော်ကြီးသော်လည်း။ မစ္စုဝသံ၊ သေမင်းအလို့သို့။ ပတ္တော၊ လွှဲမရပါ ကေန်မုချလိုက်ရတုံသေး၏။ မာဒိသေသု၊ ငါဏ်ရည်မပို တို့လို သာမန်ပုဂ္ဂိုလ်တို့၌။ ကထာဝ၊ သေ,မသေရေး ကြံတွေးပြောဆိုဖွယ်စကားသည် ပင်လျှင်။ ကာ၊ အဘယ်မှာလျှင် ရှိပါချေအံ့နည်း။

## တစ်နည်း သံဝေဂယူရန်

အနန္တရံ ဟိ ဇာတဿ၊ ဇီဝိတာ မရဏံ ဓုဝံ။
ဇာတာဇာတာ မရန္တိဓ၊ ဝေံ ဓမ္မာဟိ ပါဏိနော။

ဟူ၍ မဟာကပ္ပိနထေရဂါထာပါဠိလာရှိသည်နှင့်အညီ လူနတ်ပြဟ္မာခွဲရာမရှိ မရွေးဘိပဲ ဇာတိလက်နက် စူးရှမြက်သော် နှစ်သက်လောက်စွာ လက်ဆောင်ရှာလျှက်ပဏ္ဏာဆက်သွင်း တံစိုးနှင်လည်း ငြင်းသော်မရ ချော့မကျတည့် လေးဝသေနင်စတုရင်ဖြင့် စစ်အင်ကျင်းပ တင်းမာကြလည်း ယမမင်းပင် သူအောင်မြင်လိမ့်ရှေ့တွင်ရှည်ကြာ ကမ္ဘာဆက်ဆက် သေမင်းလက်မှ လွတ်ထွက်သောသူ မရှိဟူ၏မြိုင်ဂူတောင်စောင်း၊ ခိုမှီးအောင်းသည့် ရစ်သောင်းဇော်ဂျီ တပဿီနှင့် လေးလီကျွန်းရှင် လူတွင်တမွတ် စက္ကဝတ်လည်း မလွတ်မကင်း သူ့လက်တွင်းသို့ ရောက်ခြင်းမလှ ရောက်လေကြ၏။ ထိုမှတစ်ဖန် ဈာန်တွင်ဝိသိဋ္ဌ ဣဒ္ဓိဝိဓ်ဖြင့် မဟိဒ်တေဇပြွမ်းပြွမ်းထသည့် ဗုဒ္ဓပစ္စေကာ ခီဏာသဝေါ် ရှင်တို့သော်လည်း ခန်ကျော်လွတ်ကင်းသေဘေးရှင်းဟု ထင်လင်းခုထိ ဘယ်မရှိခဲ့ ဇာတိလက္ခဏာ ခြင်းအရာဖြင့် ဇာတာဇာတ ဖြစ်တိုင်းမျှတို့ ဘဝထိုထို ဘုံအလိုဖြင့် ငိုယိုတမ်းတ ဟစ်အော်ကြလည်း

ခုဝသဘော လွန်သောမရှိ သေကုန်ဘိ၏။ ဘူရိမြေကြီး လက်ခတ်တီးသို့ လွှဲလည်းမရ ကေန္ဒြဖြင့် ကမ္ဘာတံထွာ ဓမ္မတာဟု မဟာကပ္ပိန ထေရဂါထာ ကျမ်းရွှေစာ၌ သေချာတင်းကြပ် တပ်အပ်မိန့်ဆို နူတ်သံချိုဖြင့် မြင့်မိုရ်အထု သိနေရှုသို့ နှိုင်းတုခိုင်မာ ငြိမ်သက်စွာတည့် သမ္မာသမာဓိ သိက္ခာရှိလျက် လိခိတသခ် မြွတ်သီလဖြင့် ဝရဇိန်စက်သွား ပညာအားကိုး ပွားများဆင့်ဆင့် သိက္ခာတင့်သည့် အရှင့်ဘုန်းမိုရေစကြိုဟု နဂိုရ်သတ်မှတ် ရွှေဘွဲ့ခတ်သည့် နောက်ထပ်တမူ ပခုက္ကူ၌ ဝိသုတာ တိုက်တည် နာမည်ထွန်းလစ် သစ်ဆိမ့်တိုက်စာချ ကျော်လှဘုန်းဝေ တို့ဘုန်းထေရ်(ထည်)ကား လူ့ပြည်ဌာန အန္တိမဟု ဘဝတစ်ပါး ကွယ်လွန်သွား၍ နတ်များထံမှောက် ပင့်လျှောက်တောင်းပန် ငြင်းဆံမရှိ သတိသမ္ပဇဉ် ကပ်ကာယှဉ်၍ ဝိညာဉ်ရွှေ့လျော မိန့်မောကင်းထွေ မတွေဝေပဲ သန္ဓေဉပါတ် ယောနိမြွတ်ဖြင့် လူဇာတ်ခွါရှဲ နတ်ထီးဝှဲလျက် နတ်ပွဲသဘင် ဝင်တော်မူသတည်း။

## တစ်နည်း သံဝေဂယူရန်

**ခီရဗ္ဗူ ဝတ ဘော ဇာတိ၊ ယတြ ဟိ နာမ ဇာတဿ မရဏံ ပညာယိဿတိ။**

ဘော၊ ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ ယတြဟိယာဇာတိယာ၊ အကြင်စွဲလာ သန္ဓေတည်နေရခြင်းသည်။ သတိ၊ ကမ္ဘာဝအကြောင်းဆုံလစ်ဖြစ်သည်ရှိသော်။ ဇာတဿ၊ ဘဝဇာတ်ခုံ၌ ကြုံလာဖြစ်ငြား သတ္တဝါအား။ မရဏံ၊ ဇီဝိန်ပျက်ပြုန်း သေဆုံးရခြင်းသည်။ ပညာယိဿတိနာမ၊ အမြင်အားဖြင့် ထင်ရှားရတုံသေး၏။ သာဇာတိ၊ ထိုပဋိသန္ဓေတည်နေ စွဲကပ်ရခြင်းသည်။ ခီရဗ္ဗူဝတ၊ အတတ်မဟုတ် အပျက်ယုတ်သဖြင့် စက်ဆုပ်ဖွယ်ထိုက်လေစွတကား။ ခီရဗ္ဗူဝတ၊ အောနှလုံးဝယ် ထွီစဖွယ်ဖြစ်ပေစွတကား။

## တစ်နည်း သံဝေဂယူရန်

အပ္ပမာယု မနုဿာနံ၊ ဟိဠေယျ နံ သုပေါရိသော။
- စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။

မနုဿာနံ၊ ဆုတ်ကပ်ပေါက်ဖွား ယခုလိုလူများတို့၏။ အာယု၊ အသက်တမ်းသည်။ အပ္ပံ၊ ထောင်နှစ်မနေ သောင်းနှ်မရောက် ဘယ်လောက်မှမကြာ

တိုတောင်းလှပါ၏။ သုပေါရိသော၊ တွေးတောဆင်ခြင် မြော်မြင်တတ်သိ ပညာရှိ ယောက်ျားကောင်းသည်။ နံ၊ ကြာရှည်မနေရ တိုတောင်းလှသော ထိုအသက်ကို။ ဟိဋ္ဌေယျ၊ ချီးမွမ်းဩဘာ ထောမနာ မရေးမဖွဲ့ပဲ ကဲ့ရဲ့ရှုံ့ချရာ၏။ အာဒိတ္တသီသောဝ၊ ခေါင်းမှာရဲရဲ မီးစွဲလောင်သောသူကဲ့သို့၊ စရေယျ၊ သုစရိုက်တရား လွန်ကြိုးစား၍ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။ မစ္စုနော၊ ယုတ်မာစင်းစင်း ရှင်သေမင်း၏။ နာဂမော၊ မလာမရောက်ရာ အရပ်ဌာနမည်သည်။ နတ္ထိ၊ မရှိရိုးကေန် မှန်လှပေ၏။

## တစ်နည်း သံဝေဂယူရန်

ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယဏာ။

ယေ ဒဟရာ စ၊ ရုပ်ရေရှုပကာ လှပစိုပျို အကြင်လူငယ် ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ ယေ မဟန္တာ စ၊ အကြင်ရုပ်ရေမလှ အိုမင်းရင့်ရော်ကြပြီးသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ယေ ဗာလာ စ၊ အကြင်တရားမရှု ဒုစရိုက်လိုက်စား လူမိုက်များတို့သည်လည်းကောင်း။ ယေ ပဏ္ဍိတာ စ၊ တရားကိုကျင့် စာပေဖြင့်ပျော် အကြင်သူတော်ကောင်းတို့သည်လည်းကောင်း။ သန္တိ၊ မျက်မြင်ဒိဋ္ဌ ထင်ရှားရှိကြပေကုန်၏။ သဗ္ဗေ၊ ပျို၊ အို၊ မိုက်သူ၊ ပညာရှိသူဟူသော အလုံးစုံသော ပုဂ္ဂိုလ်တို့သည်။ မစ္စုဝသံ၊ သေမင်း၏အလိုနိုင်ငံသို့၊ ယန္တိ၊ မလိုက်ချင်ပဲ လွဲမရပါ လိုက်ပါကြရကုန်၏။ သဗ္ဗေ၊ ဖော်ပြခဲ့ပြီး အလုံးစုံသော ပုဂ္ဂိုလ်အသီးသီးတို့သည်။ မစ္စုပရာယဏာ၊ သေမင်းလျှင် လည်းလျောင်းရာ ရှိကြပေကုန်၏။

## သံဝေဂလင်္ကာ

ပညာရှိသူ၊ မရှိသူဟု၊ ကြီးသူငယ်သူ၊ ဘယ်မဟူပဲ၊ ဗိုလ်လူခပင်း၊ ထိုတသင်းကား၊ သေမင်းနိုင်ငံ၊ လိုက်ရမှန်သည်။ ဩဘ်ကေန်မုချ၊ အနိစ္စပါတကား။

## တစ်နည်း သံဝေဂယူရန်

ဒဟရာ စေဝ ဝုဍ္ဎာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
အဍ္ဎာ စေဝ ဒလိဒ္ဒါ စ၊ သဗ္ဗေ မစ္စုပရာယဏာ။

ယေ ဒဟရာစေဝ၊ အကြင်အရွယ်နုနယ်ငယ်လျကုန်သော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ယေ ဝုဍ္ဎာ စ၊ သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းကုန်ပြီး

အကြင်အသက်ကြီးသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ယေ ဗာလာ စ၊ အကြင် တရားမကြိုက် အမှားလိုက်သည့် လူမိုက်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ယေ ပဏ္ဍိတာစ၊ အကြင်ကဝိကဝိန် ပညာရှိသုခမိန်တို့သည်လည်းကောင်း။ ယေ အဍ္ဍာစေဝ၊ အကြင်စည်းစိမ်ဓနေ ကြွယ်ဝချမ်းသာကုန်သော ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ ယေဒလိဒ္ဒါ စ၊ အကြင်ဥစ္စာမဲ့မွဲ ဆင်းရဲကြကုန်သော ပုဂ္ဂိုလ် တို့သည်လည်းကောင်း။ သဗ္ဗေ၊ မျက်မြင်ပုံသေ ထင်ရှားရှိကြပေကုန်၏။ သဗ္ဗေ၊ ဖော်ပြခဲ့တုံအလုံးစုံကုန်သော။ တေ၊ ထိုပျိုသူ,အိုသူ,မိုက်မဲသူနှင့် ပညာရှိသူ,ချမ်းသာ ဆင်းရဲသူတို့သည်။ မစ္စုပရာယဏာ၊ သေမင်းလျှင် လည်းလျောင်းရာ ရှိကြပေ ကုန်၏။[၁]

## သံဝေဂလင်္ကာ

အသက်အရွယ်၊ နုနယ်ငယ်သူ၊ သက်ကြီးသူနှင့်၊ ပညာရှိသူ၊ မိုက်မဲ သူတည်း။ တနည်းတဖြာ၊ ချမ်းသာဆင်းရဲ အနဲနဲနှင့်၊ စွဲမှီရောက်လာ၊ သတ္တဝါခပင်း။ ထိုတသင်းကား၊ သေမင်းသတ္တဝါ၊ ခေါ်ရာပါသည်၊ ဩော် သခါရ ဟူသမျှ အနိစ္စပါတကား။ ဩော် သင်္ခါရဟူသမျှ ဒုက္ခပါတကား။ ဩော် သင်္ခါရဟူသမျှ အနတ္တပါတကား။

## တစ်နည်း သံဝေဂယူရန်

ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။

ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။[၂]

ဇီဝိတံစ၊ အသက်ဝိညာဉ် ရှင်ရခြင်းလည်းကောင်း။ ဗျာဓိစ၊ နှိပ်စက် ပြင်းစွာ မခံသာအောင် ဖျားနာရခြင်းလည်းကောင်း။ ကာလောစ၊ ဇီဝိန်ကင်းကွာ သေရာအခါလည်းကောင်း။ ဂတိစ၊ လားရောက်ရမည့် ဂတိလည်းကောင်း။ ဧတေပဉ္စ၊ သရုပ်သကောင် ထုတ်ဆောင်ဖော်ပြ သက်ရှင်ရောဂါ သေရာအခါ ခန္ဓာပစ်ချ ဂတိဟူသော ဤငါးဝတို့ကို။ ဇီဝလောကသ္မိံ၊ အသက်ဝိညာဉ် ရှင်ဆဲဖြစ်

---

၁။ ဇာ ၁၁ ၂၃၃။

၂။ ဝိသုဒ္ဓိ၊ ၁။ ၂၂၈။ သံ၊ ဋ္ဌ၊ ၁။ ၃၉။ ဇာ၊ ဋ္ဌ၊ ၁။ ၅၂။

သောလောကဉ္စ။ ဝါ၊ သတ္တလောကဉ္စ။ အနိမိတ္တာ၊ အပိုင်းအခြား အမှတ်အသား မရှိကုန်သည်ဖြစ်၍။ ဝါ၊ ပိုင်းခြားကန့်သတ် မမှတ်အပ်ကုန်သည်ဖြစ်၍။ န နာယရေ၊ ကေန်ပိုင်ပိုင် မသိနိုင်ကြလေကုန်။

## သံဝေဂယူရန်လင်္ကာ

ဇီဝလောက၊ ခေါ်ဆိုကြသား၊ လောကကြုံလာ၊ သတ္တဝါအား။ ဖျားနာ ရောဂါ၊ တဖြာသက်ရှင်၊ ထို့ပြင်တပါး၊ ကင်းငြားဇီဝေ၊ သေရာကာလ၊ ပစ်ချခန္ဓာ၊ လားရာဌာန၊ ဘဝဟူသည်၊ ဤငါးလီကား၊ မှတ်သားမရှိ၊ မသိနိုင်ပါ၊ ဩော် ခန္ဓာငါးဝ အနိစ္စပါတကား။ ဩော် ခန္ဓာငါးဝ ဒုက္ခပါတကား။ ဩော် ခန္ဓာငါးဝ အနတ္တ ပါတကား။

## အတိတ်နိမိတ်များ

မန္တလေးမြို့ မြောက်ပြင်သစ်ဆိမ့်တိုက်စာချအကျော် ပခုက္ကူမြို့၊ မဟာ ဝိသုတာရာမတိုက်တည် အရှင်ဂန္ဓသာရထေရ် ပျံလွန်တော်မူသည်ရှိသော် ဆရာ တော်ဘုရားကြီးသီတင်းသုံးရာ အလယ်သာသနပါရဂူ (နောက်သာသန ဇောတိ ပါလ)ကျောင်းတော်ကြီး၏ အရှေ့မျက်နှာစာရှိ ပိတောက်ပင်ကြီးသည် အချိန်မဲ့ အခါမဲ့ အပွင့်တွေတဝေဝေ ပွင့်လေသည်။ ကျောင်းတိုက်တွင်း ဘေးမဲ့ပေးမွေးမြူ ထားသော ဥဒေါင်းငှက်ကြီးသည်လည်း မရွှင်မလန်း ဝမ်းနည်းပူဆွေး သေဆုံး လေသည်။ တိုက်တွင်းရှိ ရေတွင်းကြီးငယ်တို့မှ ရေများ များစွာ ယိုထွက်ကုန်၏။ ကျောင်းတိုက်ပတ်ဝန်းကျင်ရှိ ကုက္ကိုပင်အားလုံးတို့ သွေ့ခြောက်ကုန်၏။

အနေကာနိ အဗ္ဘုတာနိ၊ ဥပ္ပဇ္ဇိံသု ဝိသေသတော။
လောကမှိ တီဝပသိဒ္ဓေ၊ ဂန္ဓသာရေ ဒိဝင်္ဂတေ။

ဝိကသိ ပိယတော သာခီ၊ အကာလေပိ စ သဗ္ဗသော။
မောရောပိ သောကသလ္လေန၊ သမပ္ပိတစ္စယော ဘဝေ။

ဥဒပါနေသု အမ္ဗူနိ၊ ဂလန္တိ စ အနေကဓာ။
ဘဏ္ဍိလာပိ စ သုက္ခန္တိ၊ အာရာမဿ သမန္တတော။

## သာဓုကီဠနပွဲသဘင် ခမ်းနားစွာကျင်းပ

ယင်းသို့ ကမ္မဇရုပ် ချုပ်တော်မူလေလျှင် ဝိညာဉ်မစပ် ဥတုရုပ်ကလာပ်ကို ပူဇော်ညွတ်ခကြကုန်၏။ တစ်ချို့သော ဒကာ,ဒကာမတို့ ဖြေမဆည်နိုင်အောင် ငိုယိုကြကုန်၏။ ရဟန်းငယ်၊ ရှင်ငယ်တစ်ချို့လည်း မျက်ရည်လွှတ်စို ငိုယိုကြကုန်၏။ ထေရ်ကြီးဝါကြီးမားသော သံဃာတော်များတို့ သံဝေဂပွားများကြကုန်၏။

တပည့်ကြီးများက ဆရာတော်ဘုရားကြီး မိန့်မှာတော်မူသည့်အတိုင်း ၇-ရက်ထား၍ မီးသဂြိုဟ်ရန် စီမံကြကုန်၏။ သို့ရာတွင် အများစုသဘောမတူသဖြင့် တပေါင်းလသို့ ပြောင်းရွှေ့ရက်မှတ်ကြ၍ သံဃိသရသံဃဦးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီးတို့၏ အလောင်းတော်ကို ပူဇော်ကြသကဲ့သို့ ပူဇော်ကြကာ သာဓုကီဠနပွဲသဘင်ကြီး ဆင်ယင်ကျင်းပကြ၍ သဂြိုဟ်ကြလေသည်။

## ခမ်းနားစွာကျင်းပပုံ

ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ရွှေချခေါင်း၊ ငွေသားခေါင်း၊ ကျောက်စီခေါင်း၊ ရွှေသားခေါင်း၊ စိန်စီရွှေသားခေါင်း၊ ကြေးခုတင်ကြီး၊ ငွေသားသလွန်၊ မှန်စီရွှေချသလွန်၊ ငွေသားပြာသာဒ်၊ ငွေသားဝေါယာဉ်၊ ငွေသားရထား၊ ကနက္ကဒဏ်၊ ဂျပန်ထီးဖြူတော်ကြီး ၈-လက်၊ လောင်တိုက်ကြီး၊ တလားကြီး၊ တလားငယ်၊ ပြာသာဒ်ထည်ရေ ၁၀၀(တရာ)တို့ဖြင့် ၁၂၇၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့တွင် အခမ်းအနားဖွင့်သဘင် ဆင်ယင်ကျင်းပကြပြီး ၎င်းနှစ် တပေါင်းလဆန်း ၈-ရက်နေ့မှစ၍ အလောင်းတော်ကို စံတော်မူရာ သာသနပါရဂူ (ယခုခေတ်အခေါ် သာသနဇောတိပါလ) ကျောင်းတော်ကြီးမှ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးမြောက်ဖက် ကွက်လပ်ရှိ ခမ်းနားလှသော မဏ္ဍပ်ကြီးအတွင်း ပင့်ဆောင်ပူဇော်ကြ၍ ပွဲလမ်းသဘင်အမျိုးမျိုးတို့ဖြင့် မြေမိုးဖြန်းဖြန်း အုံ့ဘနန်းမျှ အဆန်းတကြယ် လဲလှယ်နေ့ည သာဓုကီဠနသဘင် ဆင်ယင်ကျင်းပကြပြီးလျှင် တပေါင်းလဆုတ် ၁-ရက်၊ တနင်္ဂနွေနေ့တွင် ဝေဟင်စွင့်စွင့် ကြီးမားမွန်မြတ် ဆန်းကြယ်လှပ တင့်တယ်လှသော လောင်တိုက်တော်ကြီးထက်သို့ စက်ယန္တရား လေယာဉ်ပျံ ရထားဖြင့် ကြွားကြွားနှင်တွန်း ပျံကွန့်တင်ဆောင်ကြပြီးမှ လက်နက်

စိန်ပြောင် ချက်ပေါင်းများစွာ ပစ်ဖောက်ပူဇော်ကြပြီးလျှင် မီးတင်မီးခတ် တေဇာ ရှိးခတ် မြေကျစျာပနကို ခြိမ့်ခြိမ့်သဲ ကျင်းပကြကုန်၏။[၁]

## ဂန္ဓသာရစေတီတော်

ခမ်းနားစွာ သာဓုကီဠနသဘင် ဆင်ယင်၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးသောအခါ အရိုးတော်ကောက်ပွဲ ကျင်းပ၍ အရိုးတော်ခတ်တို့ကို ဥာပနာကြကာ မဟာဝိသုတာရာမကျောင်းတိုက်ကြီး ဒါယကာ ဦးစံပေါ်နှင့် ကျောင်းတိုက်ကြီး ဒါယိကာမကြီး ဒေါ်ငွေ၊ သမီး ဒေါ်နှင်းအေးနှင့် အများဒါယကာ၊ ဒါယိကာမတို့ စုပေါင်းပြီး ပခုက္ကူမြို့မြောက်ဖက်ရှိ ကူတောင်ထိပ်ပေါ်တွင် စေတီတော်တည်ထား ကိုးကွယ်ခဲ့ကြကုန်၏။

ယင်းစေတီကို ဂန္ဓသာရစေတီဟူ၍ ပခုက္ကူသာသနာဝင်ကျမ်း၊ မဟာဝိသုတာရာမသာသနဝင်ကျမ်းတို့၌ ဖော်ပြခဲ့ပြီးလေပြီ၊ ဖော်ပြပါ ဂန္ဓသာရစေတီတော်ကို–

စေတိယံ ဂန္ဓသာရံ ဟိ၊ ဂန္ဓဓာတု နိဓာနကံ။
သန္ဓာယ ဂန္ဓသာရမ္ဘိ၊ ဝန္ဒာမိ သိရသာဒရံ။

ဟူသောဂါထာဖြင့် ဦးညွတ်ပူဇော်ရာသတည်း။ ပခုက္ကူသာသနာဝင်၊ ၆၉။ မဟာဝိသုတာရာမသာသနဝင် ၂၁၉။ ၅၁၉။ တို့၌ ကြည့်ပါ။ ဤသည်လျှင် သစ်ဆိမ့်တိုက်စာချဆရာတော် အရှင်ဂန္ဓသာရ၏ ဖြစ်တော်စဉ်ပြီးသတည်း။

---ooo---

၁။ ပခုက္ကူမြို့ ဖော်ပြပါ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းကြီးပျံကို ကြီးကျယ်စည်ကားသော ဘုန်းကြီးပျံအဖြစ် ပြောရိုးဆိုစဉ်ရှိလေသည်။ ၎င်းနောက် ၁၂၈၈–ခုနှစ်၊ ပထမဝါဆိုလဆန်း ၆–ရက်နေ့တွင် ပျံလွန်တော်မူသော ဦးကြည်၏ ရုပ်ကလာပ်ကို ၁၂၈၈–ခု၊ တန်ခူးလဆန်း ၁၅–ရက်နေ့မှ ယင်းလဆုတ် ၈–ရက်နေ့တိုင် ထီးဖြူရုံ၊ ပြာသာဒ်အစရှိ သော အဆောက်အဦး ၁၀၀–ကျော်တို့ဖြင့် ခမ်းနားစွာ ကျင်းပကြလေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
## ဆရာတော်အရှင်ဥေ္တယျ

ညောင်ဦးမြို့ ရွှေစေတီတိုက်၏ အဓိပတိဆရာတော်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဆရာတော်အရှင်ဥေ္တယျသည်လည်း ငယ်စဉ်က မဟာခေမိကာရာမသစ်ဆိမ့်တိုက်၌ ကြာမြင့်စွာသီတင်းသုံးတော်မူ၍ ပညာသင်ကြား တတ်မြောက်တော်မူသည့် ဂိုဏ်းဦးစီးဆရာတော် ဖြစ်တော်မူသည်။

## ဖွားမြင်,ရှင်,ရဟန်းပြုခြင်း

ဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင် ညောင်ဦးမြို့ ဝက်ကြီးအင်းရွာ၌ သက္ကရာဇ် ၁၁၉၉–ခုနှစ် တော်သလင်းလဆန်း ၆–ရက် အင်္ဂါနေ့တွင်ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ညောင်ဦး ရွှေစေတီတိုက်သို့ရောက်ရှိကာ ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ဥေ္တယျ ဖြစ်လေသည်။ ''ဉာဏိန္ဒာဘိသိရီဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ပုဂံဆရာတော်ဘုရားကြီးသည် ဆရာတော်အရှင်ဥေ္တယျ၏ ဆရာအရင်းဖြစ်လေသည်။

## ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် မိမိ၏ဆရာရင်းဖြစ်သော ''ဉာဏိန္ဒာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဆရာတော်ဘုရားကြီးထံ ပိဋကတ်အခြေပြု စာဝါများနှင့်တကွ ပိဋကတ်ကျမ်းစာအချို့ကို သင်ယူတော်မူခဲ့လေသည်။

ဆရာတော်လောင်းလျာသည် ဉာဏ်ပညာထက်မြက်သဖြင့် ငယ်စဉ်ကပင် ပိဋကတ်ကိုကျူးခတ်ချဉ်းနင်း နိုင်ခဲ့လေသည်။

## သစ်ဆိမ့်တိုက်၌ ကြာမြင့်စွာ သီတင်းသုံးခြင်း

ဆရာတော်လောင်းလျာသည် မိမိဥပဇ္ဈာယ်၏ညွှန်ကြားချက်အရ မန္တလေးမြို့သို့ကြွတော်မူ၍ သစ်ဆိမ့်**တိုက်ဆ**ရာတော် "ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်**တော်ရ ဆ**ရာတော်ဘုရားကြီးနှင့် အခြားဆရာတော်ဘုရားများထံ ဆက်လက်၍ ပါဠိ, **အဋ္ဌကထာ**, ဋီကာ နေ့ဝါညဝါ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

## ရွှေစေတီတိုက်နာယကဖြစ်ခြင်း

ဆရာတော်သည် ရဟန်းသိက္ခာ(၇)ဝါအရတွင် **မန္တ**လေးသစ်ဆိမ့်တိုက်မှ ညောင်ဦးရွှေစေတီတိုက်သို့ ပြန်ကြွတော်မူခဲ့လေသည်။ **ကျေးဇူးရှင် ရွှေ**စေတီဆရာတော်ဘုရားကြီးသည် မြင်းကပါတောရကျောင်းသို့ ကြွသွားသီတင်းသုံးတော်မူသဖြင့် ယင်းရွှေ**စ**ဉ်ကပင် တိုက်တာဦးစီးနာယကဖြစ်၍ သာသနာ့ဝန်ထမ်းဆောင် တော်မူခဲ့လေသည်။

## စာပေပို့ချတော်မူခြင်း

ဆရာတော်သည် တိုက်တာ၌ စာသင်သားရဟန်း,သာမဏေများကို လက်ခံကာ နေ့ဝါ ညဝါ စာဝါအမျိုးမျိုးတို့ကို ချပို့တော်မူ၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။ ထိုစဉ်က ရွှေစေတီတိုက်၌ သံဃာတော် ၅၀-ခန့် ရှိလေသည်။ ဆရာတော်လက်ထက်တွင် တိုက်တာ၌ ကျောင်းအဆောက်အဦးများ လည်း တိုးတက်ခဲ့လေသည်။

## နတ်ထောင့်ဂိုဏ်းချုပ်ဖြစ်ခြင်း

သက္ကရာဇ် ၁၂၆၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့တွင် "ဝိသုဒ္ဓသီလာစာရသိရီပဝရ ဓမ္မသေနာပတိမဟာသံဃရာဇာ" တောင်ခွင် သာသနာပိုင်ဆရာတော်ဘုရားကြီးက နတ်ထောင့်ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခြင်းကို ခံယူတော်မူရလေသည်။ ဆရာတော်သည် နတ်ထောင့်ဂိုဏ်းချုပ်အဖြစ်၌တည်၍ ဂိုဏ်းဝင်သံဃာတော်တို့အား ဩဝါဒပေးခြင်း, ဝိနည်းဓမ္မကံလမ်းကြောင်းအရ ဝိနိစ္ဆယပေးခြင်းစသည်ဖြင့် သာသနာ့ရေးရာများကို အပတ်တကုတ် ဆောင်ရွက်တော်မူခဲ့လေသည်။

## ကျမ်းဂန်များပြုစုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ရတနဇောတက ကထာကျမ်း

၂။ ပဥ္စာဗျာကရဏ ကထာကျမ်း

၃။ ပါရမီပကိဏ္ဏက ကထာကျမ်း စသည်တို့ဖြစ်ကုန်၏။

ယင်းကျမ်းများအနက် ပါရမီပကိဏ္ဏက ကထာကျမ်းမှာ ဆေးဆရာကြီး ဆရာဖြူ(ဖြူ)က တောင်းပန်သဖြင့် ရေးသားတော်မူသည်။ ပါရမီနှင့်စပ်သည့် မှတ်သားဖွယ်တို့ကို စရိယပိဋကတ်အဋ္ဌကထာ, သီလက္ခန်ဋီကာဟောင်း, သီလက္ခန် ဋီကာသစ်တို့မှ မိုငြမ်းပြု၍ ရေးသားတော်မူခြင်း ဖြစ်လေသည်။

ကျမ်းဦး၌–

၁။ ပါရမီ သဗ္ဗယံ ဗုဒ္ဓံ၊ ဓမ္မံ စဃေန လဒ္ဓိတံ။
သံဃဥ္စ အဘိဝန္ဒိတွာ၊ ပုညက္ခေတ္တမနုတ္တရံ။

၂။ တက္ကေဟိ သတ္တနယေဟိ၊ ဇေဋ္ဌဗြူတိဝှယာ ဝရာ။
ဘေသဇ္ဇဒါနဆေကေန၊ ဝဇ္ဇကေနာဘိယာစိတော။

၃။ တဏှာမာနနုပဂတံ၊ ဒါနာဒီနံ မုနိကာရံ။
ပဋိပ္ပဒနယကမံ၊ ဗောဓိနံ ပုညသမ္ဘာရံ။

၄။ စရိယာပိဋကေ ဋီတံ၊ ယံ ပါရမီပကိဏ္ဏကံ။
တာ ဟရိတွာ ကထယိဿာမိ၊ သမ္မာ ဂဏှန္တု သာဓဝေါ။

(၁)။ အဟံ၊ ငါသည်။ ပါရမီ၊ အယုတ်,အလတ်,အမြတ်သုံးသွယ် သုံးဆယ်သော ပါရမီတို့ကို။ သဗ္ဗယံ၊ သခင်္ချေလေးဖြာ ကမ္ဘာတသိန်း မယိမ်းမယိုင် ကြံ့ခိုင်လေ့လာ ကောင်းစွာဆည်းပူးတော်မူပြီးသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်ပြီးမူသော မြတ်စွာဘုရားကိုလည်းကောင်း။ စဃေန၊ ပညာ ကွန့်မြူး လုံ့လထူးဖြင့် ဆည်းပူးတော်မူအပ်ပြီးသော ပါရမီအပေါင်းဖြင့်။ ဝါ၊ ပညာ ကွန့်မြူး လုံ့လထူးဖြင့် ဆည်းပူးတော်မူအပ်ပြီးသော ပါရမီအပေါင်းကြောင့်။ လဒ္ဓံ၊ ကိုယ်တိုင်ကိုယ်ကြပ် ရအပ်ပြီးသော။ ဣတံ၊ သဃမ္ဗူဉာဏ်တော်မြတ် ဓမ္မစာတ်ဖြင့် သိအပ်သော။ ဓမ္မံ စ၊ မဂ်,ဖိုလ်,နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်

ကိုလည်းကောင်း။ အနုတ္တရံ မျှားပြားပေါင်းစု ဂုဏ်အထုကြောင့် အတုမရှိမြတ်သော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသောမျိုးစေ့ကို စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်းနှင့်တူသော။ သံဃဥ္စ မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန် ရှစ်တန်သော အရိယာသံဃာတော်အပေါင်းကိုလည်းကောင်း။ အဘိဝန္ဒာမိ၊ ရှိသေလှစွာ ရှိခိုးပါ၏။ အဘိဝန္ဒိတွာ၊ ရှိသေမြတ်နိုး ရှိခိုးပြီး၍။

(၂)။ ဝရာ၊ တောင်တလိုလား ဆုထူးအားဖြင့်။ ဇေဠ္ဌမြုတိဝှယာ၊ ဆုကြီးပန်ထွာပဋ္ဌနာကြောင့် ဆရာကြီးဆရာမြုဟူ၍ ခေါ်ဝေါ်သောအမည်ရှိသော။ ဝါ၊ ကြီးသူအလျှောက် အရွယ်ထောက်၍ ချီးမြှောက်သိမ်မွေ့ ပြည်ကြီးလေ့ဖြင့် မမေ့မလျော့မပေါ့မဆ ရာရာထိုထို ခေါ်ဆိုအပ်သော။ ဝါ၊ စာပေယျဂုဏ်ထူးဖြင့် ဆရာကြီးဆရာမြုဟူ၍ ခေါ်ဝေါ်အပ်သောအမည်ရှိသော။ တက္ကေဟိ၊ ကျမ်းဆရာ့နည်းစုံအာဂုံသတ္တိ ကြံအားရှိသည့် မိမိအကြံဖြင့်လည်းကောင်း။ သတ္တနယေဟိ၊ ဆေးစာတ်ဗေဒင် ပိဋကတ်ကျမ်းမှ သင်အံဆည်းပူး နည်းအထူးတို့ဖြင့်လည်းကောင်း။ ဘေသဇ္ဇဒါနဆေကေန၊ ဆေးပေးခာတ်စာ အရာရာ၌ လိမ္မာမြင်သိသော။ ဝဇ္ဇကေန၊ မြန်အောင်ဇာတိ ဆရာမြုအမည်ရှိသော ဆေးဆရာသည်။ အဘိယာစိတော၊ ပါရမီဖြည့်လို မျှားမိုလ်လူတို့ မှီခိုရာဖွေ ကျင့်ကြံစေဟု ရှိသေလေးမြတ် တောင်းပန်အပ်သည်။ ဟုတွာ၊ ဖြစ်၍။

(၃)။ တဏှာမာနနုပဂတံ၊ တဏှာ,မာန,ဒိဋ္ဌိတို့သည် မကပ်အပ်သော။(ဒိဋ္ဌိကော) ဒါနာဒီနံ၊ ဒါနအစရှိသည်တို့၏။ မုနိကာရံ၊ ဘုရားအဖြစ်ကိုပြုတတ်သော။ ဗောဓိနံ၊ သစ္စာလေးတန် တရားမှန်ကို သယမ္ဘုဉာဏ်မြတ် အသာခာရဏ ထူးကဲလှသည့် ဓမ္မဇာတ်ဖြင့် နာဂတ်ဆိုင်းငံ့ အဝဿက နည်းအရဖြင့် မုချသိလတံ့ကုန်သော ဘုရားအလောင်းတို့၏။ ပဋိပ္ပဒနယကမံ၊ ပါရမီမြင့် သမ္မာရင့်အောင်ကျင့်နည်းအစရှိသော။ ပုညသမ္ဘာရံ၊ ဘုရားလောင်းဆု အကြောင်းပြုသည့် ကောင်းမှုအဆောက်အဦး ဖြစ်၍ဖြစ်သော။

(၄)။ ယံ ပါရမီပကိဏ္ဏကံ၊ အကြင်ပါရမီပကိဏ္ဏက အဆုံးအဖြတ် စကားရပ်သည်။ ဝါ၊ အကြင် ပါရမီတို့၏ အပြားအားဖြင့် ရောပြွမ်းသောအဆုံးအဖြတ်စကားရပ်သည်။ စရိယာပိဋကေ၊ အာစရိယဓမ္မပါလ ထေရ်မဟာသည် ကောင်းစွာချဲ့ထွင် စီရင်အပ်သော စရိယာပိဋကတ်အဋ္ဌကထာ၌။ ဋ္ဌိတံ၊ တည်ခဲ့ပြီ။ တံ ပါရမီပကိဏ္ဏကံ၊ ထိုပါရမီတို့၏အပြားအားဖြင့် ရောပြွမ်းသောအဆုံးအဖြတ်စကားရပ်ကို။ အာဟရိတွာ၊ စရိယာပိဋကအဋ္ဌကထာမှ ကောင်းစွာ ဆောင်ယူ၍။

ကထယိဿာမိ၊ မာဂဓ,မြန်မာ နှစ်ဘာသာဖြင့် ရောကာဆိုပေအံ့။ တံပါရမီပကိဏ္ဏကံ၊ ထိုအပြားအားဖြင့် ရောပြွမ်းသော အဆုံးအဖြတ် စကားရပ်ကို။ သာဓဝေါ၊ ပါရမီမွေ့လျှော် ကောင်းမှုပျော်သည့် သူတော်ကောင်းတို့သည်။ သမ္မာ၊ မဖောက်မပြန် ဟုတ်မှန်သင့်မြတ်စွာ။ ဂဏှန္တု၊ တပါးအမှု လျစ်လျူရှုလျက် ကျွတ်ဆုချူနောင် လွယ်ကူအောင် မှတ်ယူကြစေ ကုန်သတည်း။

ဟူသော ၄–ဂါထာပါဠိနိဿယဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ် စသည်ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်းအဆုံး၌လည်း–

ဖုဿမာသေသုက္ကပက္ခေ၊ သောဏ္ဍာရူပေ နဝါဟမေ။

သာယန္ဟေ စ နိဋ္ဌိတာယံ–ပါရမီပကိဏ္ဏကကထာ။

သောဏ္ဍာရူပေ၊ သက္ကရာဇ် ၁၂၅၉–ခုနှစ်၌။ ဖုဿမာသသုက္ကပက္ခေ၊ ဖုသျှနက္ခတ်နှင့်ယှဉ်သော ပြာသိုလ်လဆန်းပက္ခ၌။ နဝါဟမေ၊ ကိုးရက် ကြာသပတေးနေ့၌။ သာယန္ဟေ၊ ညနေချမ်းအခါ၌။ အယံ ပါရမီပကိဏ္ဏကထာ၊ ဤပါရမီပကိဏ္ဏကထာကျမ်းသည်။ နိဋ္ဌိတာ၊ အလုံးစုံသိမ်းကျုံး ကမွတ်ဖုံး၍ ပြီးဆုံးခြင်းသို့ ရောက်ပြီ။

ဟူသော ၁–ဂါထာပါဠိ နိဿယဖြင့်ကျမ်းပြီး၍ နှစ်,လ,ရက်ကိုဖော်ပြလျက် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက်ကြီးဖြင့် စာမျက်နှာ ၁၈၆–ရှိလေသည်။ ကျမ်းကြီး၏အတွင်းအပြင် မျက်နှာဖုံး၌ မန္တလေးရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တော် ''ဉာဏိန္ဒာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ပုဂံဆရာတော်ဘုရားကြီး၏တပည့် ညောင်ဦးမြို့ရွှေစေတီတိုက် ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ်တော်ရ နတ်ထောင့်ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၅၆–ခုနှစ် ပြာသိုလ်လဆန်း ၉–ရက် ကြာသပတေးနေ့ အပြီးတိုင် စီရင်တော်မူအပ်သော ပါရမီပကိဏ္ဏကကထာကျမ်း။ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အရှင်နန္ဒဝံသမဟာထေရ် သုတ်သင်ပြင်ဆင်၍ ပုံနှိပ်ရိုက်သည်။ မူပိုင် မောင်ရှိန် လေ့သူကြီး ဝက်ကြီးအင်ရွာ ညောင်ဦးမြို့။ အဘိုးနှုန်း –၁–ဝ။ ကမ္ဘာ့ထိပ်တင် စာပုံနှိပ်တိုက် မလွန်နီးပါးတန်းရပ် မန္တလေးဟု ပါရှိလေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၀–ပြည့်နှစ်တွင် ''အဂ္ဂမဟာပဏ္ဍိတ''ဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိတော်မူခဲ့လေသည်။ ဆရာတော်၌ စာပေကျမ်းဂန်တတ် တပည့်များလည်း များစွာ ပေါ်ထွန်းခဲ့ကုန်၏။

၎င်းတို့မှာ ကြံခင်းဆရာတော်အရှင်ကဝိ, ဝါခယ်မ ရန်မနိုင်ဆရာတော်အရှင်ကေသရ, ဆရာတော်အရှင်နန္ဒဝံသ အဂ္ဂမဟာပဏ္ဍိတ(ပခုက္ကူ)၊ အရှင်အာဒိစ္စ, အရှင်ဝိလာသ, အရှင်ဇောတ, အရှင်မဥ္ဇူ စသည်တို့ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် စာချ,ကျမ်းပြုကာ သာသနာပြုတော်မူခဲ့သော ဆရာတော်ဘုရားကြီး အရှင်ဥေယျသည် သက်တော် ၈၁–နှစ်, ဝါတော် ၆၁–ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## သံဝေဂယူရန်

တံ တံ နိမိတ္တမာဂမ္မ၊ ဝီမံသန္တာ မဟောသယော။
သယမ္ဘုဉာဏတေဇေန၊ ဧယ ပတ္တာ အာသဝက္ခယံ။
ကေစရိယနိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေပိ နာတိဂတာ မစ္စုံ၊ မာဒိသေသု ကထာ ဝကာ။[၁]

တံ တံ နိမိတ္တံ၊ ထိုထိုအကြောင်းအရိပ် အမှတ်နိမိတ်ကို။ အာဂမ္မ၊ အကြောင်းပြုကုန်၍။ ဝီမံသန္တာ၊ စူးစမ်းရှာဖွေကြကုန်လျက်။ မဟောသယော၊ မြတ်သောသီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှာမှီးတော်မူတတ်ကုန်သော။ သယမ္ဘုဉာဏတေဇေန၊ ပရတောဃောသနှင့်ကင်း၍ အလိုလိုဖြစ်သော အရဟတ္တမဂ်ဉာဏ်တော် စွမ်းပကားအာနုဘော်ဖြင့်။ အာသဝက္ခယံ၊ အာသဝေါတရားတို့၏ကုန်ခြင်းသို့။ ပတ္တာ၊ ရောက်တော်မူကြကုန်သော။ ကေစရိယနိဝါသေန၊ အဖော်မမှီး တကိုယ်တည်း နေတော်မူခြင်းဖြင့်။ ခဂ္ဂသိင်္ဂသမူပမာ၊ ကြံ့ချိုတမူ အလားတူသော

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၇။

ဥပမာရှိကြကုန်သော။ ယေ၊ အကြင်ပစ္စေကဗုဒ္ဓါသခင် ဘုရားရှင်တို့သည်။ သန္တို၊ ထင်ရှားပုံသေ ရှိတော်မူကြပေကုန်၏။ တေပိ၊ ထိုပစ္စေကဗုဒ္ဓါသခင် ဘုရားရှင်တို့သည်သော်မှလည်း။ မစ္စုံ၊ သေမင်းကို။ ဝါ၊ သေခြင်းတရားကို။ နာတိဂတာ၊ မတော်လှန်နိုင်ကြကုန်။ မာဒိသေသု၊ ပစ္စေကဗုဒ္ဓါတို့သဖွယ် ဂုဏ်ရည် မကြွယ် ငါ့နှယ်ပုဂ္ဂိုလ်တို့၌။ ကထာ၊ သေ,မသေရေး ကြံတွေးပြောဆိုဖွယ်သည်။ ကာဝ- ကာဝေ၊ အဘယ်မျှ လျှင်ရှိပါအံ့နည်း။

■ ■ ■

## "အာစာရာဘိဓေသိရီပဝရရာဇဂုရု"
## ဘွဲ့တံဆိပ်တော်ရ
## ဆရာတော်အရှင်အာစာရ

ဗန်းမော်မြို့ အရှေ့ဖက် သိမ်တော်ကျောင်းတိုက် ဆရာတော်ဘုရားကြီး "အာစာရာဘိဓေသိရီပဝရရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်အာစာရ သည်လည်း မန္တလေးမြို့မြောက်ပြင် သစ်ဆိမ့်ကျောင်းတိုက်၌ သီတင်းသုံး၍ စာပေ ချပို့ ကျမ်းဂန်ပြုလျက် သာသနာကို ချီးမြှောက်တော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင်,ရှင်,ရဟန်းပြုခြင်း

ရတနာသီခ(ရတနာသိင်္ဃ)ခွေဘိုမြို့မြောက် မန်တောင်းလှရွာ၌ သက္ကရာဇ် ၁၂၀၀–ပြည့်နှစ် ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ "ပညာ သီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့် ဆရာတော်ဘုရားကြီး အရှင်ပညာသီဟ၏ တူဖြစ်လေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## ပညာသင်ကြားတတ်မြောက်ခြင်း

သက်တော်အရွယ်ငယ်စဉ်ကပင် မန္တလေးမြို့မြောက်ပြင် မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်သို့ ကြွရောက်၍ မိမိဦးလေးတော် ဆရာတော်ကြီး အရှင် ပညာသီဟထံ ဂန္ထန္တရအဝဝကို မဟုဿာဟ ဖွဲ့လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## စာပေချပို့ သာသနာပြုခြင်း

စာပေကျမ်းဂန် တတ်မြောက်ကျွမ်းကျင်သဖြင့် သစ်ဆိမ့်တိုက်ကြီး၌ ကြာမြင့်စွာသီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။ ရေမြေ့ရှင် မင်းတရားလှူဒါန်းသည့် "အာစာရာဘိဓေသိရီပဝရရာဇဂုရု"ဟူသော ဘွဲ့တံဆိပ် တော်ကိုလည်း အလှူခံရရှိတော်မူလေသည်။

## ဗန်းမော်မြို့၌ သီတင်းသုံးသာသနာပြုခြင်း

နောက်တွင်ဗန်းမော်မြို့သို့ ကြွတော်မူ၍ ဗန်းမော်မြို့အရှေ့ဘက်ရှိ သိမ်တော် ကျောင်းတိုက်၌ သီတင်းသုံး၍ စာပေချပို့ခြင်း ကျမ်းဂန်ပြုစုခြင်း စသည့်အလုပ်များကို ဆက်လက်ပြုလုပ်ကြိုးပမ်းတော်မူခဲ့သည်။ ဆရာတော်ကား ဝီရိယရှိ, သဒ္ဓါတရား ကောင်းသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

ဆရာတော်သည် တရုတ်ပြည် မိုင်းလာမြို့စသည်တို့လည်း ကြွရောက် သာသနာပြုတော်မူခဲ့လေသည်။

## ပြုစုသောကျမ်းဂန်များ

ဆရာတော်ပြုစုသည့် ကျမ်းဂန်များမှာ–

၁။ နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်း

၂။ ဂန္ဓာလင်္ကာရဇောတိဌဒီပနီကျမ်း

၃။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း စသည်တို့ဖြစ်ကုန်၏။

## နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်း

နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်းကို သက္ကရာဇ် ၁၂၇၇–ခုနှစ် ကဆုန်လပြည့်နေ့တွင် အပြီးသတ်ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌ –

၁။ လောကေန ပူဇိတံ နာထံ၊ တိလောကဂ္ဂံ ပဒံ နီတံ။
တဿ ဓမ္မဥ္စ သံဃဥ္စ၊ ဝန္ဒိတွာန ဝရုတ္တမံ။

၂။ ခေမဆေဒံ ပဝက္ခာမိ၊ သုနိဿာယေဝ နိဿိတံ။
သုတိဌံ သဏှဂမ္ဘီရံ၊ ဒိဿန္တု ဓမ္မမာမကာ။

အဟံ၊ ခန္ဓာငါးခု ရုပ်,နာမ်စုဟုဆိုအပ်သောငါသည်။ လောကေန၊ လူ,နတ်,ဗြဟ္မာသတ္တဝါသည်။ ပူဇိတံ၊ ရှိသေကိုးကွယ် ပူဇော်အပ်သော။ တိလောကဂ္ဂံ၊ လူသုံးပါးတို့ထက် မြတ်တော်မူထသော။ ပဒံ၊ မီးတဆယ့်တတန် ငြိမ်းရာမှန်သော နိဗ္ဗာန်ရွှေပြည်ကြီးသို့။ နီတံ၊ ကယ်တင်ဆောင်ယူတော်မူတတ်သော။ နာထဥ္စ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ ဝရံ၊ မြတ်သော။ ဓမ္မဥ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်

ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ ဥတ္တမံ၊ နှုတ်အပ်ပြီးသော အဝိဇ္ဇာရှိထသော။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန်လေးယောက်,ဖလဋ္ဌာန်လေး ယောက်ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထအရိယာသံဃာတော်ကို လည်းကောင်း။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။ ဝန္ဒိတွာန၊ ရှိခိုးပြီး၍။

နိဿိတံ၊ မှီအပ်သော ပါဠိ,အဋ္ဌကထာ,ဋီကာ,ဂဏ္ဌိတို့ကို။ သုနိဿာယေဝ၊ ကောင်းစွာမှီ၍သာလျှင်။သဏ္ဍာဂမ္ဘီရံ၊ သိမ်မွေ့နက်နဲ ခက်ခဲသောသဘောရှိသော။ သုတိဋ္ဌံ၊ ကောင်းစွာတည်သော။ ခေမဆေဒံ၊ နိဗ္ဗာန်၏အဆုံအဖြတ်ဖြစ်သော။ ယံ ဂန္ထံ အကြင်ကျမ်းကို။ ပဝက္ခာမိ၊ ဆိုပေလတ့်။ တံ ဂန္ထံ ထိုကျမ်းကို။ ဓမ္မာမကာ၊ တရားတော်ကိုမြတ်နိုးကုန်သော ရှင်လူရဟန်းတို့သည်။ ဒိဿန္တု၊ သတိပြု၍ ရှုကြပါကုန်လော့။[၁]

ဟူသောပါဠ်နိဿယဖြင့် ရတနတ္တယပဏာမ ပဋိညာဉ် ဥယျောဇဉ် စသည် တို့ကိုဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့သည်။

## နိဗ္ဗာနဝိသဇ္ဇနာဒီပနီ ရေးသားခြင်းအကြောင်း

ပဥ္စမသင်္ဂါယနာတင်စဉ်က ကျောက်စာကြပ်တာဝန်ကို ထမ်းဆောင်ခဲ့သော ဆရာတော် အရှင်အာစာရသည် တရုတ်ပြည်အနောက် စုံးတူအဝင်အပါ ဂန္ဓာလတိုင်း မိုင်းတီမိုင်းလာစော်ဘွားများက သာသနာပြုပင့်လျှောက်ရာ နောက် လိုက် နောက်ပါ သံဃာတော် ၁၈–ပါးနှင့်တကွ ၁၂၆၅–ခုနှစ်တွင် သာသနာ ပြုတော်မူရာ မိုင်းတီးစော်ဘွားကြီးနှင့်တကွ ညီတော်ကျမိုင်းတို့က နိဗ္ဗာန်အကြောင်း လျှောက်ထားသဖြင့် နိဗ္ဗာနဝိသဇ္ဇနာ ဒီပနီကျမ်းကို ရေးသားစီရင်ခြင်းဖြစ်လေ သည်။

## သမိုင်းကိုပြနေသောနိဒါန်း

ဆရာတော်အရှင်အာစာရသည် ကျမ်း၏အစ၌ သာသနာ့သမိုင်း တစိတ် တဒေသကိုပြဆိုရာ အောက်ပါနိဒါန်းကို ပြုစီရင်တော်မူခဲ့လေသည်။

တရာ့တစင်း ထီးဆောင်းမင်းတို့ စက်ရင်းထံပါး ခစားခိုလှုံ ပဗ္ဗတာမေရု တောင်ထုထိပ်ဖျား မိုးသိကြား၏ စံစားတော်မူရာ တာဝတိံသာ မဟာသုဒဿန

---

၁။ ပဿန္တုရှိလျှင် ပိုကောင်းပါသည်။

နတ်မြို့ကြီးအတူ မြင်သူတို့စိတ်သဘောမှာ အံ့ဩ၍မပြီး ထီးနန်းပြအိုး မြို့ရိုးကျုံးမြောင်း တံဆောင်းပြဿဒ် တရားမထုံး လွှတ်ရုံးထောင်တန်း ပြလမ်းဈေးကြီး အသီးသီးသော ဥယျာဉ်ရေကန် ပန်းမန်သစ်သီး လုံးကြီးလုံးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော မန္တလေးရတနာပုံနေပြည်တော် ပဌမမြို့တည်နန်းတည် ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် ကြည်ညိုမြတ်နိုး ကိုးကွယ်တော်မူရာ ပညာစွယ်စုံ ကုန်စင်တတ်မြောက် ချီးမွမ်းလောက်၍ မြို့မြောက် ရှေ့ပါတည်ထားလေရာ ဘွဲ့နာမံနိမိ မဟာလောကမာရဇိန် ရှိန်သမ္မာမိုး ဘုရားကြီးတွင် ဝန်းကျင်ပတ်လည် တည်ကာမှတ်သား ငါးထောင်သာသနာ ရှည်ကြာအခွန့် အညွန့်အညောက် မပျောက်မပျက် ကျောက်ထက်အက္ခရာ တင်ရာကာလ တစမကြွင်း ထင်းလင်းမလုတ်(မရှုပ်) ပုဒ်ပါဠိအက္ခရာ သေချာစေ့စပ် ကြပ်မတ်ကုန်စဉ် ပြုပြင်တော်မူသော သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏တူ ကျောက်စာတော်ကြပ် ''အာစာရာဘိဓဇ သိရီပဝရရာဇဂုရု'' ဘွဲ့အမည်ရှိသော ရတနာသိယံ မြို့မမြောက်ဖက် ထည့်စွက်ခေါ်ရာ စေတုတ္တရာ နဂရာမချို့ မြို့၏မြောက်စောင်း မန်းတောင်းလှစွာ ဖွားရာဇာတိ ပဝတ္တိမှန် မြစ်ကမ်းဈေးကြီး ခိုမှီးစွဲလန်း ရဟန်းရှင်လူ ကြည်ဖြူမေတ္တာ သဒ္ဓါရှေ့ထား တရားကျင့်ထုံး စွဲသုံးနေ့ည မြို့မမရွှင်း စည်စောင်းညှင်းနှင့် ဆင်မြင်းရထား ခြောက်ပါးအသံ ပြင်းထန်ဆူဝေ လေးထွေရှစ်ရပ် ဆိုက်ကပ်ရောက်လာ လူတကာတို့ ပျော်ရာမချို့ ဗန်မော်မြို့မှ ပုရဒိသေ ရပ်ရွှေမြေမှီး သိမ်တော်ကြီးဘုရား နီးအပါးမှ လူများစက္ခု ရှု၍မညောင်း ကောင်းမွန်ပြန့်လှိုင် လေးဆောင် မြိုင်မိုး ကျောင်းတော်ကြီးမှ ဓူရနှစ်ထွေ မသွေဥဿဟ သိဿအများ တပည့်သား တို့ကို တရားဓမ္မ ပို့ချစာပေ ဆုံးမလေတောင်း သိမ်တော်ကျောင်း၌ ကိန်းအောင်းမွေ့လျော် ဆရာတော်သည် တရုတ်ပြည်မ ဂန္ဓာလတိုင်းကြီး မိုင်းတီးစော်ဘွား ခေါ်ကြားမရွှင်း ညီရင်းကျမိုင်း ခပ်လှိုင်းသဒ္ဓါ ဒွါဟတ္ထာလောင်း စုံကာပေါင်း၍ တောင်းပန်သည့်တာ ကြောင်းချင်းရာကြောင့် နောင်လာနောက်ဖွား လူအများကို မှတ်သားစေရာ အဖြာဖြာအတန်တန် ကျမ်းဂန်ရာဇဝင်တို့မှကြည့်ရှု၍ နိဗ္ဗာနဝိဿဇ္ဇနာကျမ်းနှင့်တကွ ဂန္ဓာလစက္ကဇောတိဌပကိဏ္ဏကဝိဿဇ္ဇနာခေါ်မှန်း သုံးစောင်တွဲကျမ်းကို စီရင်ရေးသားပေလတ္တံ့။

## နိဗ္ဗာနဝိသဇ္ဇနာဒီပနီနိဂုံး

၁။ သုတဒဿီ စ ထောမိကေ၊ သီမစေတီပူရဒိသေ။
စတုဝိဟာရဘုမ္မိကေ၊ သီမံဘုမ္မိကနာမကေ။
၂။ ဝသတာ မဟာထေရေန၊ အာစာရောနာမ ဘိက္ခုနာ။
ရစိတောဝ သုနိဋ္ဌိတော၊ အယံ ဂန္ထော ခေမဆေဒံ။

သီမစေတီပူရဒိသေ၊ ဆံတော်စေတ်မြတ် ကိန်းဝပ်တည်ရာ ဝေဆာမညီး သိမ်တော်ကြီးမှ သာလှဘိတောင်း ရှုမညောင်းမျှ တန်ဆောင်းပြသာဒ် ဝတ်ဇရပ်နှင့် သင့်မြတ်ချမ်းမြေ့ အရှေ့ရပ်လည်း ဖြစ်ထသော။ သုတဒဿီထောမိကေ စ၊ ကြားမြင်သသူ သဲအူရွှင်ကြွ ကောင်းလှပေစွ ကောင်းပေစွဟု တွေးကြမနော အံ့ဩခါခါ နှုတ်ဝါစာဖြင့် မြှောက်ခါလင့်၍ ချီးမြှင့်ထောမနာခြင်းလည်းရှိထသော။ သီမံဘုမ္မိကနာမကေ၊ ဝိသုံဂါမခဏ္ဍသိမ်တော်ကြီးအနီးဖြစ်သော သိမ်တော်ကျောင်း တိုက် အမည်လည်းရှိထသော။ စတုဝိဟာရဘုမ္မိကေ၊ ကျောင်းမလေးဆောင် ယှဉ်ကာမျှောင်လျှက် တွဲဖက်ရောနှီး ကျောင်းတော်ကြီး၌။ ဝသတာ၊ ပိဋကတ် သုံးအင် ကုန်စဉ်နှံ့စပ် တတ်မြောက်လတ်၍ သကတ်ဂုဏ်ပေါ် ထင်ရှားကျော်လျှက် သီတင်း သုံးတော်မူသော။ မဟာထေရေန၊ မဟာထေရ်ကြီး တိုင်းမြောက်ပြီးသော။ အာစာရောနာမ ဘိက္ခုနာ၊ ''အာစာရာဘိဓေယျရီပဝရရာဇဂုရု''ဘွဲ့အမည်ရှိသော ဆရာတော်သည်။ ရစိတော၊ စီရင်ရေးသားအပ်သော။ ခေမဆေဒံ၊ နိဗ္ဗာန်၏ အဆုံးအဖြတ်ဖြစ်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ သုနိဋ္ဌိတော၊ ၁၂၇၇–ခု ဥတုဂိမှန္တ ကဆုန်လပြည့် တနင်္လာနေ့၌ ချမ်းမြေ့သာယာ ကောင်းစွာပြီးပြည့်စုံ၏။ ဟူသော ၂–ဂါထာပါဋ္ဌ်နိဂုံးဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ရှိုင်ဆိုက်ဖြင့် ၁၃၅–မျက်နှာရှိလေသည်။

## ဂန္ဓာလစက္ကဇောတိဋ္ဌကျမ်း

ဆရာတော်အရှင်အာစာရသည် မဟာသမ္မတမင်းမှစ၍ သီပေါမင်းတိုင် အောင် သမိုင်းရာဇဝင်ကျဉ်း တရုတ်ပြည်ဂန္ဓာလရာဇ်တိုင်းသို့ သာသနာရောက်ပုံ သမိုင်း စသည်တို့ကိုပြဆိုရာ ဂန္ဓာလစက္ကဇောတိဋ္ဌကျမ်းကိုလည်း ၁၂၇၈–ခုနှစ် နယုန်လပြည့်နေ့တွင် အပြီးသတ် ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌ နိဒါန်း အမည်ဖြင့်–

လူသုံးပါးတို့၏ မကိုဋ်ဦးစွန်း တည်ထွန်းစိုက်ဆောက် စိန်ကျောက်အပြင် ခြေတော်တင်လျက် မပြတ်နှေ့ည ခယရှိသေ ဆယ်ထွေဟတ္တ ပဏာမဖြင့် ဂါရဝရှိ ကျိုး လက်စုံမိုး၍ ရှိခိုးကော်ရော် ပူဇော်ပါအပ် ဝိသုဒ္ဓိနတ်စစ် ဖြစ်တော်မူသော ငါတို့မြတ်စွာ စိန္တေယျာသည် အခါတပါး ညီဘွားအာနန် လုပ်ကျွေးခံလျက် တမ္ဗဒီပ ပစ္စန္တသို့ ကြွဇတော်မူရာ မန္တလာဟု မည်သာထူးထွေ တောင်သီသေတွင် ပန်းဖြေ သက်သာ နားနေရာ၌ ဆူလှိုက်သဒ္ဒါ ဗလဝါကြွ စန္ဒမုခိ မည်ရှိနာမ ဘီလူးမသည် ဗုဒ္ဓချစ်ရှင် တို့သခင်ကို လှူလိုဆန္ဒ အားကြီးလှ၍ ဒါနဥစ္စာ လှူစရာလည်း ဘာမှ မမြင် ရှိသည့်တွင်ဝယ် ထန်နှစ်ထွေ လှီးဖြတ်လေ၍ မြတ်စွာစိန္တေ ပရမေကို လှူလေသောခါ နောက်ပါးခြွေရံ ညီအာနန်က ခယတောင်းပန် လျှောက်ပြန် သည်မှာ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား—– ဤဘီလူးမ လှူဒါနကြောင့် ကာလဒေသံ ကျိုးပေးဟန်ကို အာနန်ညီခင် သိချင်ပါကြောင်း အခွင့်တောင်းရာ မြတ်စွာစိန္တေ ပရမေလည်း ဖြစ်လေသင့်ရန် နာဂတံနှင့် ကြည့်ပြန်သောခါ သဒ္ဒါထူးလှ ဘီလူးမသည် ငါ၏သာသနာတော် နှစ်ထောင်ကျော်လပ် ဤအရပ်တွင် အထင်အရှား တိုင်းကားပြည်ကြီး တည်ထောင်ပြီး၍ စည်တီးခရိုင် နိုင်ငံပြုလုပ် ထီးဖြူ အုပ်လျက် မင်းလုပ်ပြီးခါ သာသနာကို ရောင်ဝါရွှန်းရွှန်း ကျွန်းဇမ္ဗူပြင် စံတင်ပုံမှီး အံ့မပြီးအောင် ချီးမြှောက်အားထုတ် ပြုလုပ်လတ္တံ့သော သဒ္ဓံရှိန္တမှာ စကြာလေးမြွား လုံစားလက်နက် ထက်မြက်ပြည့်စုံ မန္တလေးရတနာပုံ နေပြည် တော်ကြီး၏အတွင်း မင်းဖြစ်မည်အကြောင်းများနှင့် ဗျာဒိတ်စကား ညွှန်ကြား သည်အရ ပဉ္စမမြို့တည် နန်းတည် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်တရား ထပ်ပွားစေတနာ ကိုးကွယ်ပါလစ် (သစ်ဆိမ့်ဆရာ)ဆရာတော်ဘုရား၏တူဖြစ်သော "အာစာရဘိဓဇသိရီပဝရ ရာဇဂုရု"ဘွဲ့အမည်ရှိသော ဗန်းမော်မြို့သိမ်တော်ကျောင်း ဆရာတော်သည် ဂန္ဓာလတိုင်းသား စော်ဘွားများနှင့်တကွ "မင်းလှမင်းထင် ကျော် ခေါင်" ဘွဲ့အမည်ရှိသော မော်လူးမြို့အုပ်နှင့်တကွ စော်ဘွားကြီးတို့က တောင်းပန် လျှောက်ထားသောကြောင့် အဆောင်ဆောင်သော ရာဇဝင်ကျမ်းများကို ကြည့်ရှု ထောက်ထား၍ စီရင်ရေးသားအပ်သော ဂန္ဓာလဇာတိဋ္ဌကျမ်းတွင် မဟာသမ္မတ မင်းမှစ၍ သီပေါမင်းတိုင်အောင် သာမည မင်းပေါင်းများကို သာသနာကို ထင်ရှား စွာပြုသော မင်းတို့၏အမည်နှင့်တကွ ထုတ်ဖော်၍ တရုတ်ပြည် ဂန္ဓာလတိုင်းသို့ သာသနာရောက်သည့်တိုင်အောင် အထင်အရှား ပြပေလတ္တံ့။ ။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

နတွာ ရာဇုတ္တမံ ဗုဒ္ဓံ၊ ဓမ္မဉ္စ မဟာသြသဓံ။
သံဃဉ္စ သုပုညခေတ္တံ၊ ဂန္ဓာလစက္ကံ လိက္ခိဿံ။

အဟံ၊ ခန္ဓာ,အာယတန ပေါင်းရောမျှလျှက် ခေါ်ကြသမုတ် အကျွန်ုပ်သည်။ ရာဇုတ္တမံ၊ လူမင်း,နတ်မင်း ဗြဟ္မာမင်းတို့ထက် မင်းမြတ်ဖြစ်တော်မူသော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်း။ နတွာ–နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ၍။ မဟာသြသဓံ၊ တထောင့်ငါးရာ ရောဂါပျောက်ကြောင်း ဆေးကောင်းဆေးမြတ် ဖြစ်တော်မူသော။ ဓမ္မဉ္စ၊ မဂ်လေးတန်,ဖိုလ်လေးတန် နိဗ္ဗာန်တရားတော်မြတ်ကိုလည်း။ နတွာ–နမာမိ၊ ရှိခိုးပါ၏။ သုပုညခေတ္တံ၊ ကောင်းသောမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော။ သံဃဉ္စ၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်များကိုလည်း။ နတွာ–နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ဂန္ဓာလစက္ကံ၊ ဂန္ဓာလနာမ တိုင်းဌာနတွင် ကောင်းကင်လှည့်ထွေ နေ၏အရောင်ကဲ့သို့ ပြောင်ပြောင်းရွှန်းရွှန်း သာသနာထွန်းခြင်း၏ အကြောင်းဖြစ်သော ဂန္ဓာလစက္ကဇောတိဌ ကျမ်းကို။ လိက္ခိဿံ–လိက္ခိဿာမိ၊ ရေးသားပေလတ္တံ့။

ရတနာပုဏ္ဏိနာမေန၊ လဒ္ဓါဝနဂရဿ စ။
ရတနေဟိ စ ပုဏ္ဏတ္တာ၊ ဝသန္တော နိဝေသနေ စ။
ရတနဿ ဂုဏောသိဒ္ဓံ၊ နိစ္စံ သီလဉ္စ ဓိတိမာ။
ပရိစ္စာဂဉ္စ နာထာနံ၊ သဒ္ဓမ္မဉ္စာပိ ပူရိတံ။
ဂမ္ဘီရသုခုမညာဏံ၊ ပရဿ ကရုဏာစိတ္တံ။
မေတ္တာစိတ္တဉ္စ သမ္ပန္နံ၊ သစ္စဝါဒီ စ ပညာဏံ။
အာစိဏ္ဏကုသလစိတ္တံ၊ ဂရုဓမ္မာဝဂမနံ။
တထာပိ သာသနောဂါဟံ၊ သံသာရေ အနုဂါမိတံ။
ဝသန္တော သက္ကော ဝိမာနံ၊ ဥပမာနဉ္စ အတုလံ။
ဝိစိတ္တကုဋ္ဋစုမ္ဗိတံ၊ ဝိဟာရံ ပတိဋ္ဌာဿ။
မင်းတုန်းမင်းတိ အဝှယေန၊ ဒေဝိယာ စာတိ သောဘိတံ။
ဝိဟာရဉ္စ သ အာရာမံ၊ ကတွာ သီမဉ္စ တတ္ထပိ။
သောဝဏ္ဏကုဋ္ဋဂါရေဟိ၊ ဝိစိတ္တံ သတ္တဘုမ္မိကံ။

ကတ္ဘာန သီမပါသာဒံ၊ တတ္ထပိ စ သဓာတုကံ။
ပတိဋ္ဌာယ စ ဥဒိသံ၊ ပစ္စယေဟိ အနုဂ္ဂဟံ။
ကရောန္တာ ၀ စ နာထာနံ၊ ရတ္တိန္ဒိဝံ ကတဿာပိ။
နာနာဂန္ထေသု ဆေကဿ၊ တဿ သီလိဿ ဓာရဏော။
သိက္ခာဂရုကတဿာပိ၊ လဇ္ဇိကုက္ကုစ္စကဿ စ။
ပဝေဏိယာ ကတေ ဝံသေ၊ ဌိတဿ သာသနေပိ စ။
သေဋ္ဌံ ဝံသောတိ နက္ခတ္တ–ရာဇာ၀ ပါကဋဿ စ။
စတုက္ခတ္တုံ ဒဒေနာပိ၊ လဒ္ဓဿ လဋ္ဌိတဿ စ။
သစ္စိန္တိ အဝှယဿာပိ၊ ဝိသုဒ္ဓာစရိယဿာပိ။
သန္တိကေ၀ ဝသန္တေန၊ နိဿာယ သာသနေပိ နံ။
ဝုမိုပတ္တေန အာစာရာ၊ နာမကေန စ ဘိက္ခုနာ။
စုစောဝါပုနပုနမ္ဘိ၊ ဂုဏော သရဏာထောပိ စ။
ဇော်ဘွားတိ အဝှယေနာပိ၊ ကမ္ဘောဇရာဇာ ယာစိတော။
သစ္စိတော၀ အယံ ဂန္ထော၊ မဟာန္တသုတပုဉ္ဇောဟိ။
ဂဝေသီဟိ စ သာဓူဟိ၊ တတ္ထ ဂတံ ပဿထ တံ။

ရတနေဟိ စ၊ လောကီရတနာ,လောကုတ္တရာရတနာတို့ဖြင့်လည်း။ ပုဏ္ဏတ္တာ၊ စုံပုံတည်ရာ ဖြစ်သောကြောင့်။ ရတနာပုန္တိနာမကေန၊ ရတနာပုံဟူသောအမည်ဖြင့်။ လဒ္ဓါဝနုဂရဿ၊ ရအပ်သောမြို့၏။ ဝါ၊ ရတနာပုံနေပြည်တော်၏။ နိဝေသနေ စ၊ နန်းတော်၌လည်း။ ဝသန္တော၊ စံနေတော်မူသော။ ယော ရာဇာ၊ အကြင် မင်းတုန်းမင်းနှင့်တကွ တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီးသည်။ ရတနဿ၊ ရတနာသုံးပါးအား။ သဒ္ဓဥ္စ၊ တုံလှုပ်ခြင်းမရှိ ယုံကြည်သော အစလသဒ္ဓါလည်း ရှိထသော။ နိစ္စသီလဉ္စ၊ မြဲသောသီလလည်းရှိထသော။ ဓိတိမာ စ၊ တည်ကြည် သော သမာဓိလည်းရှိထသော။ အနာထံ၊ ကိုးကွယ်ရာမရှိကုန်သော ဖုံးတောင်း ယာစကာတို့အား။ ပရိစ္စာဂဥ္စ၊ ပေးကမ်းစွန့်ကြဲခြင်းလည်းရှိထသော။ သဒ္ဓမ္မံ၊ သဒ္ဓါ,သီလ,သုတ,စာဂ, ပညာ,ဟိရီ,ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးကိုလည်း။ ပူရိတဉ္စာပိ၊ ဖြည့်ကျင့်ခြင်းလည်းရှိထသော။ ဂမ္ဘီရသုခုမဉာဏဉ္စ၊ နက်နဲသိမ်မွေ့သော ဉာဏ်နှင့်လည်းပြည့်စုံထသော။ ပရဿ၊ သူတစ်ပါးအား။ ကရုဏာစိတ္တဉ္စ၊ သနားတတ်သောစိတ်လည်းရှိထသော။ မေတ္တစိတ္တဉ္စ သမ္ပန္နံ၊ သူတစ်ပါးအား ချစ်ခင်လေးမြတ်သော စိတ်နှင့်လည်းပြည့်စုံထသော။

သစ္စဝါဒီ ၏၊ ဟုတ်မှန်သောစကားကိုလည်း ဆိုလေ့ရှိထသော။ ပညာနုဋ္ဌ၊ ရှေ့နောက်တိုင်းထွာ ပညာအမြော်အမြင်နှင့်လည်း ပြည့်စုံထသော။ အာစိဏ္ဏကုသလစိတ္တဋ္ဌ၊ မြဲသောကုသိုလ်ကောင်းမှုပြုသော စိတ်လည်းရှိထသော။ ဂရုဓမ္မအဝဂမနစိတ္တဋ္ဌ၊ ဂရုဓမ္မတရားငါးပါးတို့၌ ညွတ်သောစိတ်လည်းရှိသော။ တထာပိ၊ ထိုမှတပါးလည်း။ သာသနောဂါဟံ၊ သာသနာတော်၌ ယုံကြည်သက်ဝင်ခြင်းရှိသည်ဖြစ်၍။ သံသာရအနုဂါမိတံ၊ သွားလေရာရာ အစဉ်မပြတ် ထပ်ကြပ်လိုက်ပါဘိ ၁ကဲ့သို့ အနုဂါမိကပစ္စည်းအဖြစ်ဖြင့် သံသရာသို့အစဉ်မပြတ် လိုက်ပါတတ်သော။ သက္ကော၊ သကြားမင်းသည်။ ဝသန္တော၊ စံနေအပ်သော။ ဝိမာနံ–ဝိမာနံ ဣဝ၊ ဝေဇယန္တာ နတ်ပြဿာဒ်နှင့်တူသည်သာလျှင်ဖြစ်သော။ ဝိစိတ္တကုဋ္ဋစုမ္ဗိတဋ္ဌ၊ ဆန်းကြယ်သော တုရင်,မှန်ကင်း, အထွဋ်လည်းတတ်ထသော။ အတုလံ ဥပမာနုဋ္ဌ၊ အတုလကျောင်းတော်ကြီး ဥပမာလည်းရှိထသော။ ဝိဟာရံ၊ ကျောင်းတော်ကြီးကို။ ပတိဋ္ဌာနသ ၏၊ ဆောက်လုပ်လှူဒါန်းအပ်သည်လည်းဖြစ်ထသော။ မင်းတုန်းမင်းတိအဝှယေန ၏၊ မင်းတုန်းမင်းဟုခေါ်ဝေါ်အပ်သော ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင်မင်းမြတ်နှင့်လည်းတကွဖြစ်ထသော။

ဒေဝိယာ ၏၊ တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီးလည်းကောင်း။ သောရာဇာ၊ ထိုမင်း,မိဖုရား နှစ်ပါးတို့သည်။ အတိသောဘိတံ၊ မြင့်မြတ်သူတို့ ရှုမငြီးဘွယ်တင့်တယ်စွာထသော။ အာရာမံ၊ အာရာမ်ပရဝုဏ်နှင့် တကွဖြစ်ထသော။ ဝိဟာရဋ္ဌ၊ ကျောင်းတော်ကြီးကိုလည်း။ ကတွာ၊ ဆောက်လုပ်ပြီး၍။ တတ္ထပိ၊ ထိုအရပ်၌လည်း။ သီမဋ္ဌ၊ သိမ်ကိုလည်း။ ကတွာ၊ သမုတ်ခြင်းကိုပြုပြီး၍။ သောဝဏ္ဏကုဋ္ဋာဂါရေဟိ၊ ရွှေဖြင့်ပြီးသော စုလစ်မွန်းချွန် အမွှန်တန်ဆာတို့ဖြင့်။ ဝိစိတ္တံ၊ အထူးသဖြင့်ဆန်းကြယ်သော။ သတ္တဘုမ္မိကံ၊ ဘုံခုနှစ်ဆင့်ရှိသော။ သီမပါသာဒံ၊ သိမ်ပြဿာဒ်ကို။ ကတွာ၊ ဆောက်လုပ်ခြင်းကိုပြုပြီး၍။ တတ္ထပိ၊ ထိုပြဿာဒ်၌လည်း။ သဓာတုကံ၊ ဓာတ်တော်နှင့်လည်းတကွဖြစ်သော။ ဥဒိဿံ၊ ကိုယ်တော်စား ရုပ်ပွားတော်မြတ်ကို။ ပတိဋ္ဌာယ ၏၊ တည်ပြီး၍လည်း။

ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ အနုဂ္ဂဟံ၊ ချီးမြှောက်ထောက်ပံ့ခြင်းကို။ ကရောန္တောဝ၊ ပြုကုန်လျက်သာလျှင်။ ရတ္တိန္ဒိဝံ၊ ညဉ့်နေ့ပတ်လုံး။ နာထာနံ၊ ကိုးကွယ်ခြင်းကို။ ကတသာပိ၊ ပြုလည်းပြုအပ်ထသော။ နာနာဂန္ထေသု၊ အထူးထူးသော အဋ္ဌကထာ,ဋီကာစသော ကျမ်းဂန်တို့၌လည်း။ ဆေကာဿ၊ ခက်စစ်ခက်ရပ်စသော အထူးထူးသောအရာတို့၌ လိမ္မာသောပညာရှိထသော။ တဿ၊ ထိုကျမ်းကို။

ဓာရဏော၊ ဆောင်ခြင်း၌။ သီလဿ၊ အလေ့ရှိထသော။ သိက္ခာဂရုကတဿာပိ၊ သိက္ခာပုဒ်၌ ဂရုကတအလေးအမြတ်ပြုအပ်ထသော။ လဇ္ဇီကုက္ကုစ္စကဿ စ၊ သိက္ခာ ပုဒ်ကြီးငယ်တို့၌ လဇ္ဇီကုက္ကုစ္စလည်းဖြစ်ထသော။ ပဝေဏိယာဂတော၊ လဇ္ဇီပေသလ သိက္ခာကာမဝိနယ ဂရုကပရိယတ္တိဓရ ဖြစ်တော်မူကုန်သော ဆရာတော်မြတ်တို့၏ အနွယ်မပြတ် အစဉ်ဆင်းသက်လာသော။

ဝံသေ၊ အနွယ်၌။ ဌိတဿ၊ တည်ထသော။ သာသနေပိ စ၊ သာသနာ တော်၌လည်း။ သေဌဝံသောတိ၊ မြတ်သောအနွယ်ဟူ၍။ နက္ခတ္တရာဇာဝ၊ လမင်း ကဲ့သို့။ ပါကဋဿ၊ ထင်ရှားထသော။ စတုက္ခတ္တုံ ဒဒေနာပိ၊ မင်းလေးဆက်မြောက် လှူဒါန်းတော်မူသဖြင့်လည်း။ လဒ္ဓဿ၊ ရအပ်သော။ လဋ္ဌိတဿ စ၊ တံဆိပ်လည်း ရှိသော။ ဝါ၊ ပညာသီဟသာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသောတံဆိပ် လည်းရအပ်ထသော။ သစ္စိန္ဒြိအဝှယဿာပိ၊ သစ္စိန္ဒဟု အမည်တော်ရှိသော။ ဝိသိဋ္ဌာစရိယဿာပိ၊ ဂုဏ်ကျေးဇူးအထူးရှိသော ဆရာတော်၏လည်း။ သန္တိကေဝ၊ အထံ၌သာလျှင်။ ဝသန္တေန၊ နေသော။ သာသနေပိ၊ သာသနာတော်၌လည်း။ နံ အာစရိယံ၊ ထိုသစ္စိန္ဒဆရာတော်ကို။ နိဿာယ၊ အမှီသဟဲပြု၍။ ဝုမိုပတ္တေန၊ ကြီးပွားခြင်းသို့ရောက်သော။

အာစာရနာမကေန၊ အာစာရအမည်ရှိသော။ ဝါ၊ "အာစာရာဘိဓေ သိရီပဝရ ရာဇဂုရု" ဘွဲ့အမည်ရှိသော။ ဘိက္ခုနာ စ၊ ရဟန်းသည်လည်း။ ဂုဏော၊ ရတနာသုံးပါးဂုဏ် အမိအဖဆရာသမားဂုဏ်တို့ကို။ စုဓောဝါပုနပုနမ္ပိ၊ အဖန် တလဲလဲ။ သရဏတောပိ စ၊ ဘုရားစသောဂုဏ်ကို အောက်မေ့တတ်သော ကြောင့်လည်း။ စော်ဘွားတိအဝှယေနပိ၊ မိုင်လာစော်ဘွားဟု ခေါ်ဝေါ်အပ်သည် လည်းဖြစ်သော။ ကမ္ဗောဇရာဇာ၊ နေဝင်ဘုရင်ဖြစ်သော ရှမ်းမင်းသည်။ ယာစိတော- အဘိယာစိတော၊ ရှေ့ရှုတောင်းပန်အပ်သောကြောင့်။ သဇ္ဇိတော၀၊ ရေးသားစီရင် အပ်သည်သာလျှင်ဖြစ်သော။

အယံ ဂန္ထော၊ ဤဂန္ထာလစက္က ဇောတိဋ္ဌအမည်ရှိသောကျမ်းကို။ မဟန္တ သုတ ပုဉ္ဇေဟိ၊ များစွာသော ပညာဗဟုသုတ ပြည့်စုံလုံလောက်ခြင်းတို့ဖြင့်။ ဂဝေသီဟိ၊ ရှာမှီးလေ့ရှိကုန်သော။ သာဓူဟိ စ၊ သူတော်ကောင်းတို့သည်လည်း။ တတ္ထ-တံ၊ ထိုဂန္ထာလစက္က ဇောတိဋ္ဌကျမ်းကို။ ပဿထ၊ မပျင်းမရိဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့။ ဟူ၍မြန်မာစကားပြေ ပါဌ်နိဿယဖြင့် ပြည့်စုံစွာရေးသား ဖော်ပြတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌---

သမ္ပုန္နာဂတံ တိဂုဏံ၊ သမ္ပုန္နာဂတံ သုတံဟိ။

အနွတ္ထသညာနာမေန၊ အာစာရောနာမ ဘိက္ခုနာ။

ရစိတော အယံ ဂန္ထော၊ သက္ကေတေန က္လဒံ ဂနေ။

သံဝစ္ဆရေ သမတ္တော၀၊ ဇေယျမာသဋ္ဌ ပုဏ္ဏမီ။

တိဂုဏံ-တိဂုဏေဟိ၊ သုံးပါးသောဂုဏ်တို့နှင့်၊ ဝါ၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ဖြင့်။ သမ္ပုန္နာဂတံ၊ ပြည့်စုံခြင်းအဖြစ်သို့ရောက်သော။ သုတေဟိ၊ အကြားအမြင် ဗဟုသုတတို့ဖြင့်။ သမ္ပုန္နာဂတံ၊ ပြည့်စုံစွာထသော။ အနွတ္ထသညာ နာမေန၊ အမြဲမှတ်၍ခေါ်ဝေါ်အပ်သော အမည်အားဖြင့်။ အာစာ ရောနာမ ဘိက္ခုနာ၊ အာစာရမည်သောရဟန်းသည်။ ဝါ၊ ပဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး သည် ကျောက်စာတော်ကြပ်အဖြစ်ဖြင့် ဆန်တော်ရိက္ခာတော် ပစ္စည်းလေးပါးတို့ကို လှူဒါန်းလျက် ကိုးကွယ်သည်ကိုခံယူရသောကြောင့် "အာစာ ရာဘိဓေသိရီပဝရရာဇဂုရု"ဘွဲ့အမည်ရှိသော ရဟန်းသည်။ ဝါ၊ ပဌမသံဂါယနာ တင် ဘဝရှင်မင်းတုန်း မင်းတရားကြီး၏ သားတော်အစစ် ရင်နှစ်သည်းချာ ပညာ ဗဟုသုတအားလုံးတို့ကြောင့် ဓမ္မဝိနိစ္ဆယ အဘကိုးစား တရားစစ်သူကြီး ဝေးနီး အများ နိုင်ငံသားတို့ကို တရားနှင့်ဘက် လွှတ်တော်ကိုတက်ပြီးလျှင် တရားစီရင် ရသော မဟာသိရီသုဓမ္မ ရာဇာဘွဲ့အမည်ရှိသော မက္ခရာမြို့စား မက္ခရာမင်းသား သည် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းသည်ကို ခံယူရသောကြောင့် "အာစာရာဘိဓေသိရီပဝရရာဇဂုရု" ဘွဲ့အမည်ရှိသောရဟန်းသည်။

ရစိတော၀၊ စီရင်အပ်သည်သာလျှင်ဖြစ်သော။ အယံ ဂန္ထော၊ ဤဂန္ဓာလ စက္ကဓောတိဋ္ဌ အမည်ရှိသောကျမ်းသည်။ ဝါ၊ ဂန္ဓာလရာဇ်အနောက်ပိုင်း၌ ဝိုင်းသိုင်း ကြေငြာ ဝေဆာထွန်းပြောင် နေလရောင်ကဲ့သို့ တောက်လောင်တနန်း ရှုမခန်း အောင် ထူဆန်းတင့်တယ် အံ့ဩဖွယ်ဖြစ်ခြင်းကြောင့် ဂန္ဓာလစက္ကဓောတိဋ္ဌ အမည် ရှိသောကျမ်းသည်။ သက္ကေတေန၊ လူတို့အမှတ်ခေါ်ဝေါ်အပ်သော သက္ကရာဇ်ဖြင့်။ က္လဒံ ဂနေ သံဝစ္ဆရေ၊ ၁၂၃၈-ခုနှစ်၌။ ဇေယျမာသဋ္ဌ ပုဏ္ဏမီ၊ နယုန်လပြည့် ဗုဒ္ဓဟူးနေ့ ဆယ်နာရီအချိန်၌။ သမတ္တော၀၊ အပြီးအဆုံးသို့ ရောက်သည်သာလျှင်တည်း။။ ဟူသော ၂-ဂါထာပါဌ်နိဿယဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့ လေသည်[၁]

၁။ ဂါထာများမှာ သင့်ရုံသာရှိသည်။ ပါဌ်စာပေအရေးအသားပြော့သည်။ သမိုင်းအတွက် အဖိုးတန်သဖြင့် ပြည့်စုံစွာဖော်ပြပါသည်။

## သီပေါမင်းပါတော်မူကြောင်းသမိုင်း

ဤဂန္ဓာလစက္ကဓောတိဌကျမ်းလာ သီပေါမင်းပါတော်မူကြောင်းပြဆိုသည့် အပိုင်းကို ရာဇဝင်သုတေသီတို့ ကြည့်ရှုလေ့လာနိုင်ရန် လိုအပ်သမျှကို ဖော်ပြပါသည်---

ခမည်းတော်မင်းတုန်းမင်းတရား နတ်ရွာစံကံတော်ကုန်သည်မှုပြီးနောက် သားတော်ဥပရာဇာအိမ်ရှေ့မင်းဖြစ်သော သီပေါမင်းတရားသည် ခမည်းတော်၏ အရိုက်အရာဖြစ်သော ထီးနန်းကိုစိုးစံအုပ်ချုပ် မင်းလုပ်တော်မူပြီးလျှင်၊ ဤသို့ အကြံဖြစ် လေ၏။ ''ငါသည် များစွာသောဘဝတို့က အားထုတ်ခဲ့ဘူးသော ကုသိုလ်သမ္ဘာရ အဆောက်အဦတို့ကြောင့် လူတို့၏အဓိပတိ မင်းအဖြစ်သို့ရောက်ရသည်၊ ရှေးမင်းတို့ကျင့်ရိုးဖြစ်သော ဥပဒေတို့ကို မပျက်ရအောင်နှလုံးသွင်း၍ မင်းပြုမှသာလျှင် နောင်သံသရာလာလတ္တံ့သော ဘဝတို့၌လည်း ကြီးကျယ်များပြားသော ဘဝသို့ ရောက်ရခြင်းအကြောင်းဖြစ်သည်''ဟု ရှေးမင်းတို့၏ထုံးများကို စဉ်းစားဆင်ခြင်သော် မိဓိလာပြည် မဃ္ဃဒေဝမင်းကြီးက သားတော်ကို မှာတမ်းတော်တွင်–

မတ်ကြီးစကား ထောင်သည့်နားဖြင့် အများအုပ်သိုက် ပြည့်ဝမ်းပိုက်လည်း မရှက်မငယ် ပြည်အစွယ်လည်း မပယ်လေကောင်း ပြည်ဥက္ကောင်းလည်း စောင်းလည်းမရှိ ပြည်မျက်စိလည်း မတိမ်းစေရာ မင်းတကာတို့ အာသာကျင့်ထီး ကျင့်ရိုးမှီးလျှက်–ဟုလည်းကောင်း၊

ဇနကပျို့တွင်။ ။ ပြည်းစွယ်မချွန် ပြည်တံခွန်နှင့် ပြည်မွန်မျက်စိ ပြည်ကြီးမျက်နှာ ပြည်သာဦးကင်း ပြည်မင်းဝမ်းနက် ပြည်နားခွက်က ပြည့်လက်ပြည်ခြေ မပြတ်စေတည်း–ဟူ၍လည်းကောင်း။

ရာဇဝင်သတ္တမတွဲတွင်။ ။ ဘုရင်းမင်းခေါင် နန်းတက်တော်မူသောအခါ စည်တပစ်အမတ်ကို ခေါ်တော်မူ၍ ပြည်ထဲရေးငြိမ်းချမ်းသာယာအံ့သည်ကို မေးတော်မူရာ ပြည်ကြီး၏အရှင်ဖြစ်သော မင်းတို့သည် ''ပြည်တံခွန်ကို မလှည်းရာ၊ ပြည်ဦးကင်းကို မနှိမ်ရာ၊ ပြည်စွယ်ပြည်သွားကိုလည်း မချိုးရာ၊ ပြည့်မျက်လုံးကိုလည်း မနိုက်ရာ၊ ပြည့်မျက်နှာကိုမဖျက်ရာ၊ ပြည်ခြေပြည်လက်ကိုလည်း မဖြတ်ရာ၊ ပြည်ဝမ်းကိုလည်း မဖောက်ရာ–ဟု စည်တပစ်အမတ်က ဘုရင်မင်းခေါင်အား လျှောက်ထားဘူးသောထုံးများကို စဉ်းစားဆင်ခြင်သဖြင့်လည်းကောင်း၊ ငါသည် တသက်တာမျှ မင်းဘဝကိုရသောအခါ နောင်တော်တို့ကိုသတ်၍စေလျှင် သံသရာ

မှာလည်း ဝန်လေးရာအကြောင်း ပြည်သူပြည်သားလူအများနှင့်တကွ တရာ့တပါး သောမင်းတို့သည် ကဲ့ရဲ့ရှုံ့ချ ပြောဆိုကြရန်အကြောင်းလည်းရှိသည်–

သို့ဖြစ်၍ ဇာတ်နိပါတ်၌လာသော သံဝရမင်းသားများကဲ့သို့ နောင်တော်တို့ကို ခေတ္တအကျဉ်းထားပြီးလျှင် တဖြည်းဖြည်းနောင်တော်တို့နှင့်တိုင်ပင်၍ တိုင်းပြည်ကို အုပ်ချုပ်လျက် မင်းလုပ်တော်မူမည်ဟု အကြံတော်ဖြစ်ပြီးလျှင် မှူးမတ်တို့ကို ခေါ်တော်မူ၍ အကြံတော်ရှိသည့်အတိုင်းကို မိန့်တော်မူ၏ မှူးမတ်တို့ကလည်း လျော်ကန်သင့်မြတ်ကြောင်းကို တင်လျှောက်ကြသဖြင့် နန်းတော်၏အနောက်က ကြီးကျယ်လှစွာသော အုပ်တိုက်ကြီးတခုကိုစီရင်လေ၏။ ကောင်းမွန်ကြီးကျယ်လှစွာ သော အုပ်တိုက်ကြီးကိုစီရင်လုပ်ဆောင်၏။ ဤသည့်အတွက် မိဖုရားကြီးများသည် ရှေ့နောက်တိုင်းထွာ ပညာအမြော်အမြင် ဆင်ခြင်တရားနည်းပါးသော မှူးငယ် မတ်ငယ်များနှင့်တိုင်းပင်လျက် ကြံပြုပင်ခုတ် ကြံငုတ်မှျမကျန်စေနှင့် ရှေးသူတော် ကောင်းစကားများကို ထောက်ထားသဖြင့်လည်းကောင်း၊ နောင်တော်ကြီးတို့၏ ဝိပါကဝဋ်တရားသည်ဆိုက်ရောက်သည်ဖြစ် ၍ ကပိလဝတ်ပြည်၌ သာကီဝင်မျိုးတို့ကို ဝိဋူဒူပမင်းသား သုတ်သင်ကွပ်မျက်သကဲ့သို့လည်းကောင်း၊ တတိယပါရာဇိက သိက္ခာပုဒ်၌ ငါးရာသောရဟန်းတို့ကို မိဃဋ္ဌက္ကာကရှင်ရောင်ကြီးသည် အကုန်အစင် သတ်ဖြတ် ၍ဖြစ်သကဲ့သို့ လည်းကောင်း တိတ်တဆိတ်ထုတ်၍ ရှစ်ကျိပ်ကျော်ရှိသော နောင်တော်ညီတော်နှမတော်တို့ကို ကွပ်မျက်ကြကုန်၏။

လေးကျိပ်ကျော်ရှိသော နောင်တော်ညီတော်တို့ကို သက်နီးအဝတ်နှင့် ထားခြင်း သီပေါဘုရင်မင်းမြတ်သည် မင်းသားဖြစ်စဉ်ကာလကပင် မိဖုရားကြီးများ၏ ဩဇာကို ခံခဲ့ရသည်ဖြစ်၍လည်းကောင်း၊ ကျေးဇူးဥပကာရနှင့် မကင်းသည်ဖြစ်၍ လည်းကောင်း သိလျက်နှင့်ပင် ဥပေက္ခာပြုလစ်လျူရှု၍ နေလိုက်၏။ နောင်တော် ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားတို့သည် အသတ်ဘေးမှ လွတ်ရာ လွတ် ကြောင်းရှာကြံ၍ အင်္ဂလိပ်ဆရာဝန်ကြီးများနှင့်ပူးပေါင်းလျှက် သံတော်ဦးတင်သော ကြောင့် ဘိလပ်နိုင်ငံသို့ထည့်အပ်လိုက်ရ၏။ သီပေါဘုရင်မင်းမြတ်သည် ရာဇ ဘိသိက်ကိုခံတော်မူ၍ မင်းအဖြစ်သို့ရောက်တော်မူလျှင် ဆရာတော်သံဃာတော် တို့ကို နန်းတော်သို့ပင့်ဖိတ်၍ ဆွမ်းကျွေးခြင်း, ပစ္စည်းလေးပါးတို့ဖြင့်လှူဒါန်းခြင်း ခမည်းတော်ဘုရားရှေ့လက်ထက်တော်က အစဉ်မပြတ် ကျင်းပတော်မူခဲ့သော တဆယ့်နှစ်ရာသီ ပွဲတော်များကိုလည်း မလစ်ဟင်းရအောင် အားထုတ်ပြုလုပ်ခြင်း မာန်အောင်ရတနာစေတီတော်မြတ်ကို တည်ထားကိုးကွယ်ခြင်း၊ မြန်မာနိုင်ငံတော်

အတွင်း ရှစ်သောင်းလေးထောင်သော ကျောက်စေတီတော်တို့ကို တချိန်တနာရီတည်း တည်ထားကိုးကွယ်ခြင်း၊ မြို့ရှေ့မှ ကျောင်း အစရှိသော ကျောင်းတော်များကို ဆောက်လုပ်လှူဒါန်းခြင်း၊ အထူးထူးသောကုသိုလ်တို့ကို ကြိုးစားအားထုတ် ပြုလုပ်ပြီးလျှင် နန်းရင်ပြင်ညီလာခံအဆောင်၌ မှူးမတ်သေနာပတိတို့ကို ဤသို့ မေးတော်မူ၏–

ယခုငါ၏ရွှေလက်ထက်တော်၌ တိုင်းပြည်ခရိုင်နိုင်ငံ၏ အမှုကိစ္စတို့သည် အဘယ်သို့ပြုဖွယ်ရာ အကြောင်းရှိသေးသနည်း–ဟုမေးတော်မူ၏။ မှူးမတ်အပေါင်းတို့ကလည်း အရှင်ဘုရား ရွှေလက်ထက်တော်၌ တိုင်းပြည်ခရိုင် နိုင်ငံတုန်လှုပ်ဆုတ်ယုတ်ပျက်ပြား တိုင်းတပါးနှင့် ထိပါးတိုက်ခိုက်ရန် အကြောင်းဖြစ်သော ရှေးပညာရှိတို့ စီရင်ရေးသားတော်မူတဲ့ကြိုသောသမိုင်း စနည်းတပေါင် အတိတ်နိမိတ်များသည် ကြုံကြိုက်ဆုံတွေ့သည်ဖြစ်၍ ဘုန်းတော်ကြီး၍ သက်တော်ရှည်အံ့သောအကြောင်း တိုင်းပြည်ခရိုင်နိုင်ငံသာယာအံ့သောအကြောင်း စကောင်းမွန်စွာ ကျိန်းခန်းများကို ချေတော်မူသဖြင့် သင့်တင့်လျောက်ပတ်မည်အကြောင်းကို မှူးမတ်တို့က တင်လျှောက်ကြလေ၏၊ သီပေါဘုရင်မင်းမြတ်ကလည်း အဘယ်သို့သိုက် သမိုင်းစနည်းတပေါင် တိတ်နိမိတ်ရှိသနည်းဟု မေးတော်မူလျှင် မှူးမတ်အပေါင်းတို့က ဤသို့သံတော်ဦးတင်ကြလေ၏–––

''ဘုရားသိုက်တွင်အင်းကို ဟင်္သာဆင်းလိမ့်မည်၊ ဟင်္သာကိုမဆိုး လေးနှင့်ခွင်းလိမ့်မည်'' ဟူ၍လည်းကောင်း၊ အမောက်ခြင်းခြင်းနဂါးမင်း မြစ်တွင်းအညာဆန်လတ္တံ့ ဟူ၍လည်းကောင်း၊ သဘော်လည်းစီး ကုလာထီး မြစ်ကြီးအညာဆန်လတ္တံ့ ဟူ၍လည်းကောင်း၊ ပူးမင်းကိုဖမ်းခြသေ့ချမ်း ထီးနန်းအသစ်စိုက်လိမ့်မည် ခြသေ့်သားဝယ် နဂါးငယ် နန်းနွယ်ထီးရိုး ဆက်လိမ့်မည်၊ လူမျိုးမိစ္ဆာဖျက်သောခါ သာသနာရောင်ဝါညှိုးလိမ့်မည် ခဏစိုးခါလူမိစ္ဆာ ဆိုက်ရာကြွက်ကျား ကိုက်လိမ့်မည် ဟူ၍လည်းကောင်း၊ ကုန်ဘောင်သိုက်တွင်လည်း မူလမပျက် ယင်းဆက်ဆက်တွင် သွက်သွက်လည်းကြိုး မုဆိုးမြို့ကြီး တည်လေရာ ကောဒသမမင်းရောက်ခါ ကမ္ဘာပျက်သည့်လား မုဆိုးဆက်သား နဂါးဘွား တိုင်းကားပြည်ရွာပျက်လတ္တံ့၊ မုဆိုးစည်းတွင်း နဂါးမင်း မန်တင်းတောင်ဟုန် ဂဠုန်သုတ်ယူ ဇမ္ဗူအသစ်သာလတ္တံ့၊ ဂဠုန်သုတ်ခါ နဂါးရွာ ကြေငြာပျက်ပြိုပြုံးလတ္တံ့၊ ဂဠုန်လည်းသုတ် နဂါးငုတ် သမုဒ်ပင်လယ်ဆူလတ္တံ့ဟုလည်းကောင်း သိုက်စာများ၌လာရှိကြောင်း တိတ်တဘောင်များကို စူးစမ်းဆင်ခြင်လို၍ စနည်းများကိုနာရာ ထဆင်ထူးကို လုံးကြီးတင်

ထည်မထင်သည့် ကျောင်းတော်သားဟူ၍လည်းကောင်း၊ ဘုန်းတော်တောက်လို့ နောက်မှပေါ် နတ်ကတော်မှာ ဇေ့စေ့ခြောက်လုံး ဟူ၍လည်းကောင်း၊ ဒူးမတိုက်နှင့် မလိုက်နှင့် ဒူးတိုက်ပေတော့လိုက်ပေရော့ဟူ၍လည်းကောင်း၊ တုန်းအောက်က တီတွန် လူလွှန်မသား မုန့်ဆီကြော်အလယ်အက် ပြည်ဖျက်မဲ့သားဟူ၍လည်း ကောင်း၊ အမယ်ခွေတဲ့ ထင်သပြေသား သည်ကိန်းကိုဘယ်သူချေပါ့မယ် မင်းစနေ သား သိန်းနီမြို့တောင် ကိုမြတ်အောင်ရှိပါသေးငဲ့ မယုံလျှင်ကိုညိုအေးကို မေးပါ တော့ သားဟူ၍လည်းကောင်း၊ နှစ်ပါးကြည်တော်မူ ကုလားပြည်တော်ယူဟူ၍ လည်းကောင်း၊ နှစ်ပါးလုမ်းခေါ်ကြွ ကုလားနန်တော်ရဟူ၍လည်းကောင်း၊ ကတုန်းကတုန်း အုန်းရှစ်လုံး ကတုန်းပေါ်မှိုပေါက် ကုလားလက်နှင့်ခေါက် မခေါက် ပါနှင့်ကုလားငယ် လက်စော်နံလှတယ် လက်စော်နံရေဆေး ပျောက်တတ်ပါ၏ လေးဟူ၍လည်းကောင်း၊ ကုလားထိုင်ကုလားတက် ကုလားဒက်သံဒိုး ပတ်သံ ခရာသံဟူ၍လည်းကောင်း၊ တိတ်တဘောင်များ ပေါ်ပေါက်တွေ့မြင်ကြား ရကြောင်း များကို တင်လျှောက်ကြလေ၏-

ထိုအခါ သီပေါမင်းမြတ်က ဤကဲ့သို့လာရှိပေါ်ပေါက်သော သိုက်သမိုင်း စနည်းတဘောင်တို့၏အရ၊ နောင်ဘယ်သို့ဖြစ်ရန်အကြောင်းရှိသည် မညှာမထောက် မကြောက်မရွံ့ ဟုတ်မှန်ရာကို သံတော်ဦးတင်ကြရမည်ဟု အမိန့်တော်ရှိလေ၏။ မှူးမတ်တို့ကလည်း သိုက်သမိုင်းစနည်းတဘောင် လာရှိပေါ်ပေါက်သည့် အဓိပ္ပါယ် အရမှာ မြန်မာနိုင်ငံတွင် စနေသားမင်းလုပ်သောအခါ စနေထောင့်က စနေနံမင်းတို့ သည် ဝင်ရောက်တိုက်ခိုက် လုယူခြင်းကို ဖြစ်ပွားရန်အကြောင်းရှိပါသည်ဟု သံတော် ဦးတင်ကြလေ၏။ သီပေါမင်းမြတ်က အမိန့်တော်ထုတ်ပြန်သည်မှာ ဖြစ်လတ္တံ့သော ဘေးအန္တရာယ်တို့ကို ပျောက်ကွယ်ကင်းရှင်းစေရန် မှူးကြီးမတ်ရာ သေနာပတိတို့က တိုင်ပင်ညှိနှိုင်း၍ ကိန်းခန်းများကို ကြေစေရာအကြောင်း ကောင်းမွန်စွာ ပြုပြင် စီရင်စေဟူ၍ အမိန့်တော်မှတ်လိုက်၏ မှူးမတ်ရာသေနာပတိ တို့ကလည်း မြို့ ဟတ်ကျမ်း, ရာဇမတ္တံကျမ်း, အဌဂဋ္ဌံကျမ်း, စူဠာမဏိကျမ်း, အသီတိကျမ်း, စတုသာခါ, ပဥ္စသာခါစသောပကာသနီကျမ်း ယောယတြာစသော ယတြာဒီပနီ ကျမ်း ဇောတိဌကျမ်း သာမုတ္တဒီပနီအစရှိသော ဗေဒင်ကိန်းကြီးများ၌ တညီတညွတ် တည်းလာသော ကိန်းကြီးခန်းကြီးများအရ ထောက်ရှုတိုင်းထွာ၍ ယတြာဆင် သည်မှာ ဘုရင်မင်းမြတ်၏သက်တော်စေ့ ရွှေကိုယ်လေး, ငွေကိုယ်လေး ရုပ်ပွား တော်များကို သွန်းလောင်းကိုးကွယ်စေခြင်း တရားတော်ကိုနာစေခြင်း သံဃာ

တော်များကို နန်းတော်သို့ပင့်၍ အကြိမ်များစွာဆွမ်းလုပ်ကျွေးခြင်း၊ လောကီ အထောက်အပံ့ဖြစ်စေခြင်း၊ အကျိုးငါ့ ဗလိနတ်စာကျွေးခြင်း မြို့တော်၏စနေထောင့် အရပ်တွင် မဟာထီးတော်ကြီးဖွင့်ခြင်း၊ ထောင်၌ အကျဉ်းထားသော ထောင်သား တို့ကို ဘေးမဲ့လွှတ်တော်မူခြင်း၊ စနေထောင့်အရပ်သို့ထွက်တော်မူပြီးလျှင် စနေ ထောင့်အရပ်က မင်းလောင်းလုပ်၍ ဝင်တော်မူခဲ့ပါဟု မှူးမတ်တို့က တင်သော ကြောင့် စစ်ကိုင်းမြို့သို့ ထွက်တော်မူပြီးလျှင် ပုညစေတီတော်, ပတ္တမြားစေတီတော် ဘုရားကို ရှိသေလေးမြတ်စွာဖူးမျှော်ကန်တော့၍ ပြန်သောအခါ မှူးကြီးမတ်ရာ သေနာပတိတို့က မင်းမြောက်တန်ဆာငါးပါးနှင့်တကွ ခရီးဦးကြိုဆိုပြီးလျှင် ဘုရားကျွန်တော်မျိုးတို့၏ တိုင်းနိုင်ငံမှာ မင်းမဲ့တိုင်းပြည်ဖြစ်၍နေပါသည် ဘုန်းတော် ကြီးလှသောအရှင်သခင်သည် မင်းကျင့်တရားနှင့်အညီ ထီးနန်းကိုအုပ်ချုပ်၍ မင်းလုပ်တော်မူပါဟု သံတော်ဦးတင်ကြလေ၏---

သီပေါဘုရင်မင်းမြတ်က ကောင်းလှပြီ သတ္တဝါကို ရင်ဝယ်သားကဲ့သို့ သဘောထားပြီးလျှင် တရားတော်နှင့်အညီ မင်းလုပ်တော်မူပါမည်ဟု မင်းမြောက် တန်ဆာငါးပါးကိုသိမ်းယူ၍ စနေထောင့်ကဝင်ပြီးလျှင် ရာဇာဘိသိက်အသစ်ခံတော် မူ၍ စံစားတော်မူ၏။ မှူးမတ်သေနာပတိတို့သည် ဉာဏ်ပညာရှိသလောက် ထောက်ရှုတိုင်းထွာ၍ ကိန်းခန်းများကို ပြေပျောကြေစေခြင်းငှာ ယတြာယာယီဆင်၍ ချေပါသော်လည်း။ ပဲကြီးကိုရေစိမ် အချိန်တန်လျှင်ပွ၏ဆိုဘိသကဲ့သို့ မကြေမအေး ဘေးဘယတို့သည် ဖြစ်လတ္တံ့သောအကြောင်း ရှိသည်ဖြစ်၍ ကောဇာသက္ကရာဇ် (၁၂၄၅)ခုနှစ်သို့တိုင်ရောက်သောအခါ အင်္ဂါထောင့်က အုန်းပင်, ထန်းပင်ခန့် ပမာဏရှိသော ကြယ်တံခွန်ပေါက်၍ ခြောက်လခန့်ခုနှစ်လခန့် ကောင်းကင်ပြခြင်း၊ နေလနက္ခတ်တာရာတို့သည် သီဟဇာဗျူဟ ဇာဝက္ခဇာနိယထုံးကျင့်၍ မညီမညွတ် ဖောက်ပြန်သွားလာခြင်း၊ ဘုရင်မင်းမြတ်ကလည်း စိတ်တော်မချမ်းမသာဖြစ်လာ၍ ပြည်၏ဦးကင်းဖြစ်သော ပညာရှိအမတ်ကြီးများကိုနှိမ်ချ၍ ပညာနည်းသော သူတို့ကို မှူးမတ်ခန့်ခြင်း၊ ပြည်၏တံခွန်သဘွယ်ဖြစ်သော ရဟန်းတော်တို့က အကျင့်ဆုတ် ယုတ် ပျက်ပြားခြင်း၊ ပြည်၏အစွယ်ဖြစ်သော နောင်တော်ညီတော်တို့ကို သုတ်သင် မိခြင်း၊ ပြည်၏လက်ရုံးကြီးပခုံးဖြစ်သော ဗိုလ်မှူးဗိုလ်ချုပ်တို့ကလည်း အချင်းချင်း မညီမညွတ် မသင့်မတင့်ရှိခြင်း၊ ပြည်၏မျက်နှာတော်ဖြစ်သော အမတော်, နှမတော် များကို သုတ်သင်မိခြင်း၊ ပြည်၏မျက်စိဖြစ်သော ပညာရှိသုခမိန်တို့ကို နှိပ်ချ၍ ထားမိခြင်း၊ ပြည်၏နားနှင့်တူသော သူလျှိုတို့ကလည်း ပေါ့ပေါ့တန်တန်နေခြင်း၊

ပြည့်ဝမ်းဗိုက်နှင့်တူသော သူဌေးသူကြွယ်တို့ကလည်း မဟာထီးတော် နှိပ်စက်သောကြောင့် ပြည်၏ဝမ်းဗိုက်ပေါက်ခြင်း၊ ပြည်၏လက်နှင့်တူသော ဓားလှံသေနတ်ပုံးစိန်အမြောက်တို့ကလည်း ပြောစလောက်မပြည့်စုံခြင်း၊ ပြည်၏ခြေနှင့်တူသော စစ်သည်တော်များကလည်း ပြောစလောက်ရှိအောင်မပြည့်စုံခြင်း၊ တောင်ညာဒေဝီမဟေသီမိဖုရားကြီး အာဏာတန်ခိုးလွှမ်းမိုး၍ပြခြင်း၊ မြို့ရိုးပြအိုး တန်ဆောင်းတို့က မိုးကြိုးပစ်ခြင်း၊ နတ်စက်လောင်မီးကျခြင်း၊ မြို့တံခါး၌ ခိုင်ခံ့စွာစိုက်ထားသော မော်ကွန်းတိုင်လဲ၍ မြေသို့ကျခြင်း၊ မှန်နန်းတော်တွင် အင်္ဂါထောင့်က ပျားစွဲ၍အထင်အရှားပြခြင်း၊ မိုးကောင်းမြို့က သူပုန်ရန်သူဖြစ်သော ငဝ ထကြွ၍ ဗန်းမော်နယ်အရောက်တိုက်ခိုက်ဖျက်ဆီးသောကြောင့် ဗိုလ်မှူးတပ်မှူးတို့နှင့် ခုခံတိုက်ခိုက်ရခြင်း၊ နန်းတော်တွင်း၌ခစား၍နေသော မိုးနဲစောဘွားကြီး၏သမီးတော်ကို သုတ်သင်မိသောကြောင့် မိုးနဲစော်ဘွားကြီးက ထကြွတိုက်ခိုက်သည်ဖြစ်၍ ဗိုလ်မှူးဗိုလ်ချုပ်တို့နှင့် ခုခံတိုက်ရခြင်း၊ အင်္ဂလိပ်မင်းနိုင်ငံသို့ ထည့်လိုက်ရသော နောင်တော်ညောင်အုပ်မင်းက ဆင်ပေါင်ဝဲ,ချောင်းရဲ အစရှိသောမြို့များကို အတင်းအကြပ် ဝင်ပြီးလျှင် တိုက်ခိုက်စီးနင်းသောကြောင့် ဗိုလ်မှူးတပ်မှူးတို့နှင့် ခုခံတိုက်ခိုက်ရခြင်း၊ အင်္ဂလိပ်အစိုးရမင်းတို့၏ နိုင်ငံတွင်း၌နေသော ဘထွေးတော် အိမ်ရှေ့မင်း၏ သားဖြစ်သော လင်းပင်မင်းသားသည် တောင်ငူမြို့က စိုးငြီးပြီးလျှင် နင်းကြမ်း, ရမည်းသင်းမြို့များကို စီးနင်းဝင်ရောက်သောကြောင့် ခုခံတိုက်ခိုက်ရခြင်း၊ အလုံ,ဒီပဲယင်းနှစ်မြို့စပ်က လှဦး,လှထူး ညီအစ်ကိုနှစ်ယောက်တို့သည် လူငါးရာ ခြောက်ရာခန့်နှင့် သူပုန်ရန်သူဖြစ်၍ ထကြွတိုက်ခိုက်ခြင်း၊ ဘိုးတော်ဘေးတော်တို့မှ အဆက်ဆက် ကိုးကွယ်တော်မူအပ်သော မဟာမြတ်မုနိဘုရားကိုယ်တော်ကြီးသည် ပရိနိဗ္ဗာန်စံတော်မူဘိသကဲ့သို့ မီးသင်း၍ပြခြင်း၊ သိုးဆောင်းလူမျိုးဖြစ်သော ဝါလစ် သူဌေးသည် သစ်တောင်တိုကိုသာ နိုင်ငံတော်အတွင်းကထုတ်ရမည် သစ်တောင်ရှည်မှာ နိုင်ငံတော်သုံးဖြစ်သည်ဟု ကတိဝတ်စာချုပ် ရှိပါလျက်နှင့် ကတိဝတ်စာချုပ်ကို လွန်၍ သစ်တောင်ရှည်များကို နိုင်ငံတော်အတွင်းက တိတ်တဆိတ်ထုတ်ယူရာ ကင်းတော်များကဖမ်း၍ ထောင်မှာသွင်းလျက် အကျဉ်းချထားရာက တိတ်တဆိတ် ထွက်ပြေးပြီးလျှင် အင်္ဂလိပ်အစိုးရမင်းတို့နှင့်ပူးပေါင်း၍ တိုင်ပင်ပြုခြင်း၊ သီပေါဘုရင်မင်းမြတ်သည် တောင်ညာထား၍စံစားတော်မူသော တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီး၏မယ်တော်ဖြစ်သော မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းမတော် ဆင်ဖြူရှင်မိဖုရာကြီးသည် ဤသို့အကြံဖြစ်လေ၏-

ငါသည်သီပေါဘုရင်နှင့် သမီးဖြစ်သောတောင်ညာစံမိဖုရားကြီးကို ကြီးကျယ်မြင့်မြတ်သောမင်းအဖြစ်သို့ ရောက်စေခြင်းအကျိုးငှါ မင်းကြီးများနှင့်တိုင်ပင်ညှိနှိုင်း၍ ကြံဖန်အားထုတ်သောကြောင့် မင်းမိဖုရားအဖြစ်သို့ ရောက်ကြသည်။ ယခု မင်းမိဖုရားအဖြစ်သို့ရောက်ကြလျှင် ငါ၏စကားကိုလည်းနားမထောင် ဆယ်ပေါ်ငါးကျော် ဆိုဘိသကဲ့သို့ သဘောရှိတိုင်းကိုသာ ပြောဆိုနေထိုင်လုပ်ကိုင်ကြသည်ဤကဲ့သို့လုပ်ကိုင်နေထိုင်စံစားကြလျှင် ငါ အားထုတ်ရသောအကျိုးမရှိချေ။ ငါ၏စကားကိုနာယူ၍ ငါ၏သြဇာရှိမှသာလျှင် ငါကြံစည်အားထုတ်သော အကျိုးရှိချေမည်ဟု သဘောထားပြီးလျှင် အင်္ဂလိပ်မင်းတို့၏ တိုင်းနိုင်ငံအတွင်း၌ ရှိနေသောညောင်ရမ်းမင်းသားကိုဆောင်ယူ၍ သမီးအကြီးဖြစ်သော စုကြီးနှင့် လက်ထပ်ပြီးလျှင် ထီးနန်းတင်ရသော် ငါ၏သြဇာကိုနာခံယူဖွယ်ရာ အကြောင်းရှိ၏ဟု မင်းကြီးများနှင့် တိုင်ပင်ညှိနှိုင်းသည့်အတွင်း ညောင်ရမ်းမင်းသားကြီးသည် မကျန်းမမာ ရောဂါဝေဒနာ ကပ်ရောက်ပြီးလျှင် စုတိကျ၍ဘဝပြောင်းသွားလေ၏။

ညောင်ရမ်းမင်းသားကြီးမရှိသည့်နောက် ညီတော်ဖြစ်သော ညောင်အုပ်မင်းသားကို ဆောင်ယူပြီလျှင် သမီးအကြီးဖြစ်သောစုကြီးကို တောင်ညာတင်၍ ညောင်အုပ်မင်းသားကို နန်းတင်ရလျှင်ကောင်း၏ဟုအကြံဖြစ်၍ မင်းကြီးများကို တိုင်ပင်ပြန်လေ၏။ မင်းကြီးများကလည်း အရှင်သဘောတော်ကျလျှင် ကောင်းပါ၏ဟု တင်လျှောက်ကြသောအခါ ဆင်ဖြူရှင်မိဖုရားကြီးက ညောင်အုပ်မင်းသားထံ တင်လျှောက်ရန်စာနှင့်တကွ တမန်စေလွှတ်လိုက်၏။ စေလွှတ်လိုက်သော တမန်တို့သည် ဘင်္ဂလားမြို့သို့ရောက်၍ ညောင်အုပ်မင်းသားထံ ဝင်မည်ရှိရာ ရှေးအထက်ကာလက မြန်မာနိုင်ငံ၌ တွဲဘက်အရေးပိုင်ပြုလုပ်၍နေဘူးသော စလေတင်အရေးပိုင်နှင့် တွေ့ကြ၍ အဘယ်ကြောင်းကိစ္စနှင့်လာခဲ့ကြသနည်းဟု စုံစမ်းမေးမြန်းရာ တမန်တို့ကဤသို့ပြောကြ၏--- ဆင်ဖြူရှင်မိဖုရားကြီးသည် ညောင်အုပ်မင်းသားထံ စာသွား၍ပို့ရမည်ဟု စေခိုင်းတော်မူသောကြောင့် လာခဲ့ရကြောင်းကို ပြောကြလေ၏။ ဤသို့ပြောဆိုသောအခါ စလေတင်အရေးပိုင်က စာကိုပြပါဟုဆိုလျှင် သူတို့နိုင်ငံဖြစ်သောကြောင့် မပြပဲမနေဝံ့သည်ဖြစ်၍ စာကိုပြရလေ၏--

- စလေတင်အရေးပိုင်သည် မြန်မာစာကိုဖတ်တတ်သောသူဖြစ်၍ စာကိုဖတ်ကြည့်ရာ ဆင်ဖြူရှင်မိဖုရားကြီးကြံတော်မူသော အကြံအစည်ကို အလုံးစုံအကုန်သိသည်ဖြစ်၍ မောင်မင်းတို့တမန်တော်များသည် မင်းသားထံသို့မဝင်ကြနှင့်တော့ မန္တလေးမြို့တော်သို့သာ ပြန်၍သွားပြီးလျှင် ဆင်ဖြူရှင်မိဖုရားကြီးကိုသာ

တင်လျှောက်နှင့်ကြရမည် မစိုးရိမ်မကြောင့်ကြနှင့် မိဖုရားကြီး၏အလိုအတိုင်း ပြီးစေမည်ဟု စာပြန်၍ပေးလိုက်သောကြောင့် တမန်တော်တို့သည် ညောင်အုပ် မင်းသားထံမဝင်ရပဲ ပြန်ခဲ့ကြရ၏။ မန္တလေးနေပြည်တော်သို့ ရောက်လျှင် စလေတင် အရေးပိုင်က ပေးလိုက်သောစာကိုဆက်သ၍ ပြောဆိုလိုက်သောစကားများနှင့် တကွ အရပ်ရပ်စကားများကို တင်လျှောက်ကြလေ၏။ ဆင်ဖြူရှင်မိဖုရားကြီးနှင့် တကွ မင်းကြီးများသည် အကြံအစည်ပြုသည့်အတိုင်း ပြီးစီးအောင်မြင်လိမ့်မည် ဟု မျှော်လင့်တောင့်တလျက် နေနှင့်ကြ၏။ အင်္ဂလိပ်မင်းတို့သည် ဤသို့ အကြံ ပြုကြ၏---

မြန်မာနိုင်ငံသို့ သံတမန်စေလွှတ်ပြီးလျှင် တဆယ့်နှစ်ရပ်သော ကတိဝတ် စာချုပ်စကားများကိုပြောမည်။ တဆယ့်နှစ်ရပ်သော ကတိဝတ်စာချုပ်စကားကို လက်ခံလျှင် မြန်မာနိုင်ငံသို့တက်၍ အေးအေးသာသာနှင့် နိုင်ငံကိုသိမ်းယူမည်။ တဆယ့်နှစ်ရပ်သော ကတိဝတ်စာချုပ်ကိုလက်မခံလျှင် ညောင်အုပ်မင်းသား တပ်တော်ဆို၍ အတင်းအဓမ္မ တိုက်ခိုက်သိမ်းယူမည်ဟု အကြံပြုပြီးလျှင် မြန်မာနိုင်ငံ သို့ သံတမန်စေလွှတ်လေ၏။ မြန်မာနိုင်ငံသို့ ရောက်လျှင် သံတမန်တို့သည် နန်းတော်သို့ဝင်၍ သီပေါရှင်ဘုရင်ကို ဤသို့တင်လျှောက်ကြလေ၏။ နှစ်ပြည်တပြည် အရှည်ဆက်ဆံလျှက် လိုသောဘောဂဗလနှင့်ပြည့်စုံသော ကုန်သည်ကြီး သူဌေး ကြီးတို့ ကူးသန်းရောင်းဝယ် ဝင်ထွက်သွားလာသည်ကို အနိုင်အထက် ညှင်းပန်း နှိပ်စက်မပြုခြင်း၊ နန်းတော်သို့ဝင်ထွက်သောအခါ ခြေနင်းကိုမချွတ်ပဲဝင်ထွက်ခြင်း၊ နန်းတော်၌အရပ်ရပ်စကားမျိုးတို့ကို တင်လျှောက်ပြောဆိုသောအခါ သိုးဆောင်း လူမျိုးတို့၏ ဓလေ့ထုံးစံရှိသည့်အတိုင်း ကုလားထိုင်နှင့်နေ၍ မြန်မာနိုင်ငံတွင် မြန်မာ လူမျိုးတို့ချင်း တင်လျှောက်ပြောဆိုခြင်းအမှုမျိုး မြန်မာနိုင်ငံတွင် မြန်မာလူမျိုးချင်း အမှုအခင်းဖြစ်လျှင် ရုံးတော်လွှတ်တော်က စီရင်ခြင်း၊ မြန်မာနိုင်ငံသားနှင့် တိုင်းတပါးကလူတို့ အမှုအခင်းဖြစ်ပွားခဲ့လျှင် တွဲဘက်ရုံးကစီရင်ရန် တွဲဘက် ရုံးထားဖို့ လက်ခံခြင်း အစရှိသည်ဖြင့် တဆယ့်နှစ်ရပ်သော ကတိဝတ်စာချုပ်များကို တင်လျှောက်ပြောဆိုကြသည်ရှိသော်၊ မန္တလေးနေပြည်တော်ရှိ မှူးတော်မတ်တော် နှင့်တကွ သီပေါဘုရင်မင်းမြတ်က တဆယ့်နှစ်ရပ်သော ကတိဝတ်စာချုပ်ကို လက်မခံနိုင်ကြောင်းများနှင့် ပြောဆိုသောကြောင့် သံတမန်တော်များသည် မန္တလေး မြို့တော်မှ အင်္ဂလိပ်မင်းတို့၏တိုင်းနိုင်ငံသို့ ပြန်သွား၍ အကြောင်းမျိုးစုံကို အကုန် အစင် ပြောဆိုလျှင် အင်္ဂလိပ်မင်းတို့သည် တိုင်ပင်ညှိနှိုင်း၍ သဘောအမြောက်အများ

လက်နက်ကိရိယာ စားရေးရိက္ခာ အစုံအလင်နှင့်တကွ ပြင်ဆင်ပြီးလျှင်၊ ရှေ့ဆုံးဖြစ်သောသင်္ဘော၌ တိုက်ပုံ ကန့်လန့်ကာ,ပြတန်မျက်နှာကြက် ခွေထီးများကို ဖွင့်ဆောင်းမိုးကာလျက် ရန်ကုန်မြို့ ဝန်ထောက်မောင်အုန်း၏သား မောင်ဘာသန်း ဆိုသောသူကို ညောင်အုပ်မင်းသားလုပ်၍ ရှေ့ဆုံးဖြစ်သောသင်္ဘော၌ နေစေပြီးလျှင် ညောင်အုပ်ကိုယ်တော်ကြီး ချီတက်တော်မူခဲ့သည်ဟု မြန်မာနိုင်ငံသို့ ကြေးနန်းသတင်းပေးပြီးလျှင် ဗိုလ်မှူးဗိုလ်ချုပ်စစ်သား လူအမြောက်အများနှင့် မြန်မာနိုင်ငံအတွင်းသို့ အတင်းချီတက် ဝင်ရောက်လေ၏။

သီပေါဘုရင်မင်းမြတ်သည် အင်္ဂလိပ်အစိုးရမင်းတို့ ဝင်ရောက်တိုက်ခိုက်ကြောင်းကို ကြားတော်မူလျှင် ဗိုလ်ချုပ်ဗိုလ်မှူးတို့နှင့်တကွ များစွာသောစစ်သည်တော်သားများကို စီရင်ခန့်ခွဲတော်မူ၍ ကြည်းကြောင်းရေကြောင်းနှင့်တကွ ချီတက်တိုက်ခိုက်စေ၏။ အင်္ဂလိပ်မင်းတို့က ညောင်အုပ်ကိုယ်တော်ကြီး၏ တပ်တော်ဖြစ်သည် ငြိမ်ဝပ်စွာနေထိုင်ကြရမည်ဆို၍ ကြေးနန်းသတင်းပေးပြီးလျှင် စိန်အမြောက်တို့ကို တချိန့်ချိန့်ပြစ်ခတ်၍ တရွေ့ရွေ့တက်လာသဖြင့် မန္တလေးနေပြည်တော်၏ အနီးသို့ ဆိုက်ရောက်ကြလေ၏။ ဆင်ဖြူရှင်မိဖုရားကြီးနှင့်တကွ မှူးကြီးမတ်ကြီးတို့သည် ညောင်အုပ်ကိုယ်တော်ကြီး ချီတက်တော်မူခဲ့သည့် ကြေးနန်းသတင်းများကို ရရှိသည်ဖြစ်၍ ရှေ့ကတမန်တော်လွှတ်လျက် စကားလက်ခံရှိသည့်အတိုင်း ညောင်အုပ်ကိုယ်တော်ကြီးသည် အမှန်ပင်ပါလိမ့်မည်ဟု ထင်မှတ်မိသည်လည်း တကြောင်း၊ သိုက်သမိုင်းစနည်းတပေါင်ကိန်းခန်းများက စနေသား မင်းလုပ်သော အခါ စနေထောင့်က စနေနံမင်းတို့သည် ဝင်ရောက်တိုက်ခိုက်သိမ်းယူလိမ့်မည် လာရှိသော စာဟောင်းစာတန်းများ၏အရ ခုခံတိုက်ခိုက်သော်လည်း နိုင်ဖွယ်ရာ အကြောင်းမရှိဖြစ်သည်ဟု အောက်မေ့သည် ဖြစ်၍လည်းကောင်း၊ ယခု ချီတက်လာသော အင်္ဂလိပ်အစိုးရမင်းတို့၏ တပ်တော်များကို ခုခံတိုက်ခိုက်ခြင်း မပြုစေနှင့် ငြိမ်ဝပ်စွာနေထိုင်ကြရမည်ဟူသော အမိန့်တော်မှာစာများကို အရပ်ရပ်တပ်တော်တို့ကို ဆင့်ဆို၍ နှုတ်သိမ်းလေ၏---

အင်္ဂလိပ်အစိုးရမင်းတို့၏တပ်တော်များသည် အမြောက်သံပေးလျက် တဖြေးဖြေးတက်လာ၍ မန္တလေးနေပြည်တော်နှင့်နီးသဖြင့် မင်းကြီးအတွင်းဝန်ထောက်တော်တို့သည် ညောင်အုပ်ကိုယ်တော်ကြီး ပါသည်,မပါသည်ကို အမှန်သိလိုသည်ဖြစ်၍လည်းကောင်း၊ တဆယ်နှစ်ရပ်သောစာချုပ်များကို အချုပ်ခံ၍ ပြန်ပါမည်ဆိုလျှင် စာချုပ်ခံမည်ဟု အကြံရှိသည် ဖြစ်၍လည်းကောင်း၊

အင်္ဂလိပ်အစိုးရမင်းတို့၏ သဘော်ပေါ်သို့ တက်ပြီးလျှင် စကားအရပ်ရပ်တို့ကို ပြောဆိုကြရာ အင်္ဂလိပ်အစိုးရတို့က ညောင်အုပ်ကိုယ်တော်ကြီး၏ အမိန့်တော်ဆို၍ သဘော်ပေါ်၌ ချုပ်ထားသည်ကို ခံနေကြရ၏။ ၁၂၄၇–ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၆–ရက်၊ သောကြာနေ့ ည ၁၀–နာရီအချိန်သို့ရောက်သောအခါ မင်းနှင့်မြန်မာလူမျိုး တို့၏ ကုသိုလ်ကံသည် ယိမ်းယိုင်မှေးမှိန် သေးသိမ်တိမ်မြုပ်ခြင်း၏ အခါသမယ ကျရောက်သည်ဖြစ်၍လည်းကောင်း၊ သာသနာတော်သည် လွန်စွာ နုတ်ယုတ် ပျက်ပြားခြင်းသို့ ရောက်လတ္တံ့ဖြစ်၍လည်းကောင်း၊ လောကီကျမ်းလာ သိုက်သမိုင်းအရ ဆယ့်တဆက်သောမင်း၏လက်ထက် ကမ္ဘာပျက်ဘိသကဲ့သို့ တိုင်းပြည်နိုင်ငံ ပျက်ရန်အကြောင်းရှိသည်ဟူသော စာဟောင်းစာတန်းများနှင့် ညီသည်ဖြစ်၍လည်းကောင်း၊ ဘိလပ်နိုင်ငံ လန်ဒန်မြို့တော်ကြီး၏သခင် ဘုရင်မကြီး၏ ဘုန်းကံသည် ပြည့်စုံလုံလောက်၍ မြန်မာနိုင်ငံကို ရအံ့ရထိုက်သောအခါနှင့် ကြုံကြိုက်သောကြောင့်လည်းကောင်း၊ တဦးကောင်းစားလိုလျှင် တဦးသော သူ ပျက်နှင့်ရသည်ဆိုဘိသကဲ့သို့လည်းကောင်း၊ အာကာသကောင်းကင်က နက္ခတ်တာရာတို့သည် ကုန်လုကမန်း ပြုတ်ကြွေ၍ပြုခြင်း၊ တန်ဆောင်မုန်းလပြည့် ကျော်ခုနစ်ရက်နေ့ နံနက် တစ်ချက်တီးခန့်အချိန်တွင် နေပြုတ်၍ကျဘိသကဲ့သို့ ပြုခြင်း၊ ဤသို့အံ့ဩသဖွယ် ဖြစ်သော တိတ်ကြီးနိမိတ်ကြီးများကို ထင်ရှားစွာ ပြလေ၏။ စနေသားထီးနန်းစံ၍ မင်းလုပ်သောအခါ စနေထောင့်က စနေနံဖြစ်သော မင်းတို့သည် ဝင်ရောက်တိုက်ခိုက် သိမ်းယူစိုးအုပ် မင်းလုပ်လိမ့်မည်ဟု သိုက်သမိုင်း စနည်းတပေါင် ကိန်းခန်းဟုဆိုအပ်သော လောကီကျမ်းစာဟောင်းစာတမ်းတို့၌ လာရှိသည့်အတိုင်း မလာမရောက် မဘောက်မဝင်နိုင်စေခြင်းအကျိုးငှါ ယတြာယာ ရီတို့ကိုအမျိုးမျိုးဆင်၍ ကိန်းခန်းကို ချေပါသော်လည်း ထွက်လာလတ္တံ့သော နေလတို့ကို မထွက်မလာစေခြင်းအကျိုးငှါ ဆေးဝါးမန္တရား အင်းအိုင်လက်ဖွဲ့ ယတြာယာရီတို့ဖြင့် အမျိုးမျိုးအဖုံဖုံ အာဂုံသတ္တိရှိသမျှ ကြံဖန်၍တားမြစ်ပါသော် လည်း အချိန်ကျလျှင် တနာရီ တဗီဇာမဆိုင်း နက္ခတ်တာရာကြယ် တကာတို့ဖြင့်ခြံ ရန်လျက် အရှေ့ပြုပ္ပဝိဒေဟာ တောင်ဦးက ကွန့်မြူး၍ပေါ်ထွက်လာသော နေလကဲ့ သို့၊ ၁၂၄၇–ခု တန်ဆောင်မုန်းလပြည့်ကျော် ခုနစ်ရက် စနေနေ့ သုံးချက်တီး အချိန်သို့တိုင်ရောက်သောအခါ ဘိလပ်နိုင်ငံ လန်ဒန်ရွှေမြို့တော်ကြီး၏သခင် ဘုရင်မကြီး၏ စစ်သည်တော်သားများသည် ဗလအင်အား စွမ်းပကားရှိ ရဲရင့်ခြင်း သတ္တိနှင့်ပြည့်စုံလျက် သိကြားမင်း၏ ဝရဇိန်လက်နက်ကို နတ်စစ်သည်ကိုင်၍

တက်ဘိသကဲ့သို့ မန္တလေးမြို့တော်ကို ဝင်တိုက်လျက် နန်းတော်သို့ဝင်ပြီးလျှင်၊ သီပေါဘုရင် မင်းမြတ်ကို နန်းတော်မှချ၍ တောင်ဥယျာဉ်၌ထားလေ၏---

၁၂၄၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်၊ တနင်္ဂနွေနေ့၊ နေ့သုံးချက်တီးအချိန်တွင် နန်းတော်မှချပြီးလျှင် သင်္ဘောနှင့်တင်၍ ကောဇာသက္ကရာဇ် ၁၂၄၇-ခု၊ သာသနာတော် ၂၄၂၉-ခုတိုင် ရောက်သောအခါ လဝယ်ဂြိုဟ်ခွင်း ကြယ်ပြန်ဆင်း၍ ချက်ခြင်းနဂါး ပါလိမ့်မည်၊ နဂါးစံရာ နန်းဘုံသာကို ဥက္ကာပျံသန်း စက်ရောင် တန်းလျက် တခမ်းလျှောင် လှုပ်လိမ့်မည်၊ သပုန်ရန်သူ ယူမယူသို့ ဗိုလ်လူအများ စကားနှစ်ခွပြောလိမ့်မည် ဟူ၍လည်းကောင်း၊ အုန်းပင်သစ်နှင့်ဝေဝေ ပေပင်သစ်နှင့်ဆောင်းဆောင်း အင်းဝခိုနန်းကျောင်း၊ ခိုနန်းကျောင်း မြောက်ပါးမှာ ဘူးဒေါင်းမောင်သောကြာ၊ မောင်သောကြာပေါင်းသတ္တ ဆငီသာသ၊ မောင်စံပေါ်အရာမဟုတ် အင်းတွင်ငုတ်၊ ငုတ်သောအခါ အင်းသူကြီးက ပုံး၍နေ၊ စနေခဏ မင်းပြုသောအခါ နန်းကလျော ဆရာပါနန်းထော၊ ပါနန်းထော တပည့်မှာ နဂါးရွာသို့ပါရရှာဟူသော လောကီသမိုင်းများအရ ရေယာဉ်လှိုင်းတံပိုး တို့ဖြင့် ပြင်းထန်ကြီးကျယ်လှစွာသော မဟာသမုဒ္ဒရာကြီးကို ကူးသန်းဆောင် ယူလျက် ဘုံဘိုမြို့အနီးအပါး ရတနာဂီရိအမည်ရှိသောမြို့၌ထားလေ၏--

ဤအရာ၌ ငါတို့နိုင်ငံကို အဓမ္မယူသည်၊ ငါတို့ရှင်ဘုရင်ကို တိုင်းတပါးသို့ ဆောင်ယူ၍သွားသည်၊ ငါတို့နိုင်ငံကိုသိမ်းယူ၍ ငါတို့ကိုနှိပ်စက်ညှင်းပန်းသည်ဟု မြန်မာလူမျိုးအပေါင်းတို့သည် အင်္ဂလိပ် အစိုးရမင်းတို့အား ကဲ့ရဲ့ပြစ်တင် မပြောမဆိုသာချေ။ အဘယ်ကြောင့်နည်း ဆိုသည်ရှိသော် သိုက်သမိုင်းစနည်း တဘောင်ကိန်းခန်း အစရှိသောလောကီကျမ်းတို့က တဆယ့်တဆက်သောမင်း၏ လက်ထက်သို့ရောက်လျှင် စနေသားမင်းပြု၍ စနေထောင့်က စနေနံမင်းတို့သည် တိုက်ခိုက်သိမ်းယူလိမ့်မည်ဆိုသောကြောင့်တည်း။

မန္တလေးရတနာပုံနေပြည်တော်၌ရှိသော သာသနာပိုင်အစရှိသော ဆရာတော်ကြီး မိဖုရားကြီး မှူးကြီးမတ်ကြီး အစရှိသောသူတို့ကိုလည်း မလိမ္မာသည် ဖျင်းသည် ပေါ့သည်ဟူ၍ ကဲ့ရဲ့ပြစ်တင် မကြင်မနာ မပြောမဆိုသာချေ။ အဘယ့်ကြောင့်နည်းဆိုသော် တဦးကောင်းစားလိုလျှင် တဦးသောသူသည်ပျက်နှင့်ရသည် ဆိုဘိသကဲ့သို့ ဆယ့်တဆက်သောမင်း၏ လက်ထက်တော်မှာ ကမ္ဘာပျက်ဘိသကဲ့သို့ ပျက်လိမ့်မည်ဆိုသော လောကီကျမ်း စာဟောင်းစာတန်းများအရ အဟုတ်အမှန်ကြံဖန်၍လုပ်ပါသော်လည်း အလွဲသာကြံဖန်၍ လုပ်မိချေသောကြောင့်တည်း။

တို့မြန်မာနိုင်ငံသည် အမိအဖသေဆုံးသော သားငယ်ကဲ့သို့လည်းကောင်း၊ ဆရာသမားသေဆုံးသော တပည့်သားအပါင်းတို့ကဲ့သို့လည်းကောင်း၊ အထိန်းမရှိသော ချည်ခင် အကွပ်မရှိသော ကျမ်းကဲ့သို့ စိတ်ဝမ်းကွဲပြားပြီးလျှင် မချမ်းမသာကမ္ဘာမီးကြီး ဖိစီးနှိပ်စက် ဖျက်ဘိသကဲ့သို့ဖြစ်ပြီးလျှင် ကြံရာမရရှိ၍ အိမ်ရှေ့မင်း၏သားတော် ထိပ်တင်မှတ်, ထိပ်တင်သိန်း, ထိပ်တင်ညိန်း တို့သည် ရတနာသိင်္ခဝ္ဘော်ဘိုမြို့သို့ ထွက်ပြီးလျှင် ဗိုလ်သောင်ဗိုလ်ပြန့်ချီ အစရှိသော သူတို့ကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်၍ ဗိုလ်ထောက်ဗိုလ်ငယ်တစ်ရာ, လူတစ်သောင်းခန့်နှင့် ခုခံတိုက်ခိုက်ပါသော်လည်း ဘိလပ်နိုင်ငံ လန်ဒန်ရွှေမြို့တော်ကြီး၏သခင် ဘုရင်မကြီး၏ ဘုန်းကံကို မဘက်ပြိုင်နိုင်သောကြောင့် အဖျားရောဂါနှင့် မင်းသုံးပါးလုံးပင် ကံတော်ကုန်ကြလေ၏--

ထို့အတူ အိမ်ရှေ့မင်း၏သားတော်ဖြစ်သော ကျွန်းညိုမင်းသားသည် စစ်ကိုင်းမြို့သို့ထွက်ပြီးလျှင် ညိုဦးညိုဖူးညီအကိုနှစ်ယောက်တို့ကို ဗိုလ်ချုပ်ဗိုလ်ခန့်၍ ဗိုလ်ထောက်ဗိုလ်ငယ်-၁၀၀ လူ-၁၀၀၀ ခန့်ခုခံတိုက်ခိုက်ပါသော်လည်း ဘိလပ်နိုင်ငံဘုရင်မကြီး၏ ဘုန်းကံအလျှောက် ပြေပျောက်ပျက်စီးရသော အကြောင်းဖြစ်၍ ဗိုလ်မှူးဗိုလ်ချုပ်ဖြစ်သော ညိုဦး,ညိုဖူးညီအကိုနှစ်ယောက်နှင့် ဗိုလ်ထောက်ဗိုလ်ငယ် အပါအဝင်ဖြစ်သော လူဘောလူငွေတို့သည် အကြီးအမှူး လုပ်လိုသောဆန္ဒနှင့် သေနက်လက်နက်ပြစ်ခတ်ပြီးလျှင် မင်းသားကိုလုကြရာတွင် မင်းသားကို သေနက်လက်နက်ထိ၍ ကံတော်ကုန်လေ၏၊ ထို့အတူ မင်းတုန်းမင်းတရား၏သားတော် မြင်းဆိုင်းသားသည် မန္တလေးမြို့၏အရှေ့တောင်ထောင့် ဖီးပင်ကြီးဆိုသော အရပ်ဒေသသို့ထွက်ပြီးလျှင် ဝင်းတော်မှူးဦးဖေါင်း ဗိုလ်မင အမည်ရှိသောသူတို့ကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်၍ ဗိုလ်ထောက်ဗိုလ်ငယ် ၁၀၀, လူ ၁၀၀၀-ခန့်နှင့် ခုခံတိုက်ခိုက်ပါသော်လည်း ဘိလပ်နိုင်ငံလန်ဒန်ရွှေမြို့တော်ကြီး ၏သခင် ဘုရင်မကြီး ၏ဘုန်းသမ္ဘာကို မဘက်နိုင်သောကြောင့် အဖျားရောဂါ ဖိစီးနှိပ်စက်၍ ကံတော်ကုန်လေ၏။

ထို့အတူ မက္ခရာမင်းသား၏သားတော် မင်းတုန်းမင်းတရား၏ မြေးတော်ဖြစ်သော အသက်အရွယ် ၁၉-နှစ်ရှိ သတိုးက္ကန္ဒာသူရိယ အမည်တော်ရှိသော မင်းသားသည် ၁၂-နှစ်အရွယ်ရှိ သတိုးက္ကန္ဒာစန္ဒအမည်တော် ရှိသောညီတော်နှင့် အင်းဝမြို့သို့ထွက်ပြီးလျှင် ဗိုလ်ဖော့,ဗိုလ်ယန်တို့ကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်ပြီးလျှင် ဗိုလ်ထောက် , ဗိုလ်ငယ် ၁၀၀, လူ ၂၀၀၀-ခန့်နှင့်ခုခံ၍ တနှစ်ခန့်တိုက်ခိုက်ရာ လက်နက်အင်အားမတူသောကြောင့် တပ်များကိုဆုတ်ခွါ၍ မြစ်၏အနောက်ဘက်

သို့ကူးပြီးလျှင် ညီညီဦး,ညီဖူးအမည်ရှိသောသူတို့ကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်၍ တိုက်ပြန်ပါ သော်လည်း လက်နက်လူသူအင်အားမမျှကြ၍ တပ်ကိုဆုတ်ခွာ သိမ်းယုတ်ပြီးလျှင် မထင်မရှား မန္တလေးမြို့တွင်းသို့ဝင်ရာ အစိုးရမင်းတို့၏ စုံထောက်များက မြို့တွင်မှာ မင်းသားရှိသည်ဟု အစိုးရမင်းတို့ကို လျှောက်ထားပြောဆိုသောကြောင့် အစိုးရမင်း တို့က မြို့တံခါးလေးမျက်နှာတွင် မင်းသားကိုဖမ်းစေရန် အစောင့်အရှောက်များစွာ ထားကြ၏။ ထိုအခါ သတိုးဣန္ဒာသူရိယအမည်ရှိသော မင်းသားသည် ရုပ်သေး သမား ဇာတ်သမားတို့၏အသွင်အပြင်ကို ကျေးကျွန်နှင့်တကွဖန်ဆင်း၍ ထွက်ကြ သည်ရှိသော် အစောက်အရှောက်တို့သည် နာနာဘာဝဖန်ဆင်းသည့်အတွက် မသိမမိရှိခဲ့၍ မတ္တရာအုပ်ဖိုအုန်းမှင် အရပ်ဒေသ လမ်းခရီးက ရှမ်းပြည်သို့ တက် လေ၏။ ထိုအခါ နောင်တော်သတိုးဣန္ဒာသူရိယ မင်းသားသည် ရှမ်းပြည်သို့ တက်သည်ဟု အစိုးရမင်းတို့သိလေက ညီတော်ရှေးအမည်ထိပ်တင်စောရန်ပိုင် ယခုအမည် ဣန္ဒာစန္ဒမင်းသားကို ဖမ်းပြီးလျှင် ရန်ကုန်မြို့တွင် ပညာသင်၍နေစေ၏။ ၎င်းနောက် အချိန်အရွယ်ရောက်သောအခါ မြင်းခုန်တိုင်မင်းသား၏ သမီးတော် ညောင်အုပ်မင်းသား၏သမီးတော်များနှင့်ထိမ်းများ၍ ဘင်္ဂလားမြို့မှာထား၏။

နောင်တော် သတိုးဣန္ဒာသူရိယအမည်ရှိသောမင်းသားသည် ရှမ်းပြည်သို့ တက်၍ လာသည်ဟု ကြားသောကြောင့် ရှမ်းပြည်ရှိစော်ဘွားမြို့စားတို့က ဆင်တပ် မြင်းတပ်တို့နှင့် ကြိုပြီးလျှင် သိန္နီမြို့တွင် စံနေစေ၍ လက်နက်လူသူခွဲပြီးလျှင် လူ ၁၀၀၀–ခန့်နှင့် ခုခံတိုက်ခိုက်ပါသော်လည်း အားအင်ခြင်းမမျှကြသောကြောင့် တပ်များကို ဆုတ်ခွါယုတ်သိမ်းလျက် စော်ဘွားမြို့စားတို့က အရှင်သည် ဤအရပ် တွင် စံနေတော်မူလျှင် ရန်သူနှင့်နီးပါသည်။ တောင်ပိုင်မြို့၏မြောက်ဘက် တန်ခိုး ကြီးသော ရွှေလက်ဝါးဘုရား၏ အနီးအပါး မန်ပွန်ဆိုသော အရပ်ဒေသတွင် ရပ်တန့်စံတော်မူလျှင် ဘေးရန်ကင်းခြင်း၏ အကြောင်းရှိပါသည်။ ချီတက်တော်မူပါ ဟု စော်ဘွားမြို့စားတို့က တင်လျှောက်ကြသောကြောင့် ကျေးကျွန် အမြောက် အများနှင့် ချီတက်သွားရောက်ရာ ၎င်း မန်ပွန်ရွှေလက်ဝါးဘုရား၏အနီးတွင် အသက်ခြောက်ဆယ်ကျော်ခန့်ရှိသော ရွှန်းဘုန်းတော်ကြီးတပါးသည် မင်းသား မရောက်မီ ၁၅–ရက်ခန့်က အိပ်မက်မြင်မက်သည်မှာ ၎င်းရွှေလက်ဘုရား၏ ရာဟုထောင့်က ဆင်ဖြူတော်ပဆစ်တုပ်၍ဖူးသည်ဟု အိပ်မက်မြင်မက်ခြင်း၊ ၎င်း အရပ်ဒေသ၌ရှိသော လူများကလည်း ဆင်ပျံ့ မြင်းပျံနှင့်တကွ မင်းလောင်းရောက် လိမ့်မည်ဟု ကောလာဟလစကား ပြောကြခြင်းဖြစ်၍နေနှင့်ကြ၏။ သတိုးဣန္ဒာ

သူရိယအမည်ရှိသော မင်းသားသည် ရွှေလက်ဝါးဘုရားသို့ ရောက်သောအခါ ရာဟုထောင့်ကနေ၍ ဘုရားကိုဖူး၏။ ထိုအခါ အသက်ခြောက်ဆယ် ကျော်ခန့်ရှိသော ရွှန်းဘုန်းတော်ကြီးသည် သတိုးက္ကန္ဒာသူရိယ အမည်ရှိသော မင်းသားကို တစိမ့်စိမ့်ကြည့်ပြီးလျှင် ငါသည် ၁၅–ရက် အခါကာလကငင်း၊ ရွှေလက်ဝါးဘုရားကို ဆင်ဖြူတော် ပုဆစ်တုပ်၍ ဖူးသည်ဟု အိပ်မက်လည်းမြင်မက်သည်၊ ယခုလည်း ရုပ်ရည်သဏ္ဌာန်ကြန်အင်လက္ခဏာတို့ဖြင့် သန့်ရှင်းပြည့်စုံလျက် နောက်နောက်ပါ ကျေးကျွန်များစွာနှင့်လည်း ပြည့်စုံသည်။လက်နက်ငါးပါးတို့ကိုလည်း စွဲကိုင်လျက်ပါ ကြသည်၊ ထိုသူတို့၏ အနေအထိုင်မှာလည်း ရဲရင့်တည်ခြင်းနှင့်လည်း ပြည့်စုံသည်၊ အညတရ သာမညလူမျိုးမဖြစ်တန်ရာ ဤသို့ကြံစည် တွေးတော၍ ကျေးကျွန်များ ကို အမှတ်ဖြင့် စုံစမ်းမေးမြန်းရာ ကျေးကျွန်းများကလည်း ဘုန်းတော်ကြီးကို ဤသို့လျှောက်ထားကြလေ၏ ––

အရှင်ဘုရား တပည့်တော်တို့၏ အရှင်သခင်သည် သာမန်လူမဟုတ်ပါ။ မန္တလေး ရတနာပုံနေပြည်တော် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရား၏ မြေးတော် တိပ်တင်သတိုးက္ကန္ဒာသူရိယ အမည်တော်ရှိသော မင်းသားဖြစ်ပါသည် ဘုရားဟု လျှောက်ထားကြလေ၏။ ထိုအခါ အသက် ၆၀–ကျော်ခန့်ရှိသော ရွှန်းဘုန်းတော်ကြီးသည် ကြင်နာသနား မေတ္တာတော် အလွန်ပွားသည်လည်း တကြောင်း လွန်ခဲ့သော ၁၅–ရက်ခန့်က မြင်မက်သောအိပ်မက်နှင့် ညီညွတ်သည် လည်းတကြောင်း၊ ဤအရပ်ဒေသတွင် ဩဇာအာဏာတန်ခိုးကြီး သည်လည်း တကြောင်း၊ ဤသို့သောအကြောင်းများနှင့် ညီညွတ်သောကြောင့် ဤအရပ် ဤဒေသတွင်ရှိသော စော်ဘွားကင့်ဖက်ဖေါင်းဟုဆိုအပ်သော အရာရှိ အထူးခံဖြစ်သော သူတို့ကိုခေါ်၍ အကြောင်းမျိုးစုံကို ပြန်ပြောပြီးလျှင် ကောင်းမွန်စွာ စောင့်ရှောက် အားထုတ်ကြည့်ရှုကြရမည်ဟု ပြောဟောဆုံးမ၏။

ထိုသို့ဟောသောအခါ အရာရှိကြီးတို့သည် အချင်းချင်း တိုင်ပင်၍ စံနန်းတော် ဆောက်လုပ်ပြီးလျှင် စံနေတော်မူ၏။ ပန်းလောင်မျိုးတို့သည် ကိန္နရာမျိုး နဂါးမျိုးဟူ၍ နှစ်မျိုးရှိ၏။ ထိုအခါ ဤအရပ်ဒေ၌ ကောင်းခြင်းငါးဖြာ အင်္ဂါလက္ခဏာ နှင့်ပြည့်စုံသော နဂါး၏ အမျိုးအနွယ်ဖြစ်သော ပန်းလောင်စော်ဘွား၏ သမီးတော် နာဂဒေဝီမင်းသမီးကို ဆက်သကြလေ၏။ ထို့နောက် ရှင်မွန်လှ၏ အမျိုးအနွယ် ဖြစ်သော ရှမ်းစော်ဘွား၏သမီးတော် စောလှမယ်မင်းသမီးကို ဆက်သကြပြန်၏။ ထိုအခါ သတိုးက္ကန္ဒာသူရိယ အမည်တော်ရှိသောမင်းသားသည် မင်းသမီး

နှစ်ယောက်ကို လက်ခံသိမ်းယူတော်မူ၍ စံနန်းတော်တွင် စံတော်မူပြီးလျှင် ရွှေလက်ဝါးဘုရားကိုယ်တော်၏ရင်ပြင်တော်တွင် ဥပုသ်တော်စောင့်သုံး၍ နေတော်မူလေ၏။ ထိုအခါ မိုးမိတ်မြို့တွင်ရပ်တန့်နေထိုင်သော ဘိလပ်နိုင်ငံ လန်ဒန်ရွှေမြို့တော်ကြီး၏အရှင်သခင် ဘုရင်မကြီး၏ စစ်သည်တော်တို့သည် ဤအရပ် ဤဒေသတွင် မင်းသားရှိသည်ဟုကြားသိရသောကြောင့် လက်နက်စွဲကိုင်လျက် လူအမြောက်အများနှင့်တက်၍တိုက်လေ၏။ သတိုးဣန္ဒာသူရိယအမည်တော်ရှိသော မင်းသားကလည်း ဗိုလ်ဟိန်းသဲ,ဗိုလ်မောင်တို့ကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်ပြီးလျှင် ဗိုလ်ထောက်ဗိုလ်ငယ်တစ်ရာ စစ်သည်တော်သား လူ ၃၀၀၀–ခန့်နှင့် ခုခံတိုက်ခိုက်လေ၏--

ထိုအခါ အင်္ဂလိပ်စစ်သည်တော်သားများသည် ဆုတ်ခွါ၍သွားကြရ၏၊ နောက်တဖန် လူအမြောက်အများနှင့် တက်၍တိုက်ပြန်ပါသော်လည်း မတိုးမတက်နိုင်သည်ဖြစ်၍ အင်္ဂလိပ်စစ်သည်တော်တို့သည် တိမ်းရှောင်ထွက်သွားကြပြန်၏။ နောက်တဖန် သုံးကြိမ်မြောက်တွင် လူအမြောက်အများနှင့် သုံးသွယ်သုံးလမ်းတက်၍တိုက်သောအခါ အင်အားခြင်းမတူသောကြောင့် သတိုးဣန္ဒာသူရိယအမည်တော်ရှိသော မင်းသား၏ ဗိုလ်ချုပ်ကြီးသည် တိုက်ပွဲတွင်ကျသောကြောင့် တပ်တော်များသည်ဆုတ်ခွာခဲ့ရ၏။ ထိုအခါ အပါးတော်တွင် ရှိသော ပညာရှိသုခမိန်တို့က အရှင်ဘုရားဤကဲ့သို့နေတော်မူပါလျှင် ရန်သူ၏လက်တွင်းသို့ ပါဝင်ရန်အကြောင်းရှိပါသည်၊ ယခုရှိသောကျေးကျွန်များနှင့်အတူတကွ အရှင်သခင်သည် တရုပ်ပြည်ကြီးသို့ ချီတက်တော်မူ၍ တရုပ်ဘုရင်ဦးတီဘွားထံ စစ်ကူတောင်းတော်မူလျှင် သင့်လျော်ရန်အကြောင်းရှိပါသည်ဟု တင်လျှောက်ကြလေ၏။ ထိုအခါ ရှေးအမည့်ထိပ်တင်စောရန်နိုင် ယခုအမည်သတိုးဣန္ဒာသူရိယ အမည်တော်ရှိသော မင်းသားသည် ကျေးကျွန်လူသူအမြောက်အများနှင့် တရုပ်ပြည် အနောက်စုံတူမင်းကြီးထံတက်၍ အကျိုးအကြောင်းများကို ကုန်စဉ်အောင်ပြောပြီးလျှင် စစ်ကူတောင်းရာ အနောက်စုံတူမင်းကြီးက တရုပ်ရှင်ဘုရင် ဦးတီဘွားထံ ကြေးနန်းနှင့် သံတော်ဦးတင်လေ၏။ တရုပ်ရှင်ဘုရင် ဦးတီဘွားကလည်း ကောင်းပါပြီ၊ မြန်မာဘုရင်ဆိုသည်မှာ ငါတို့နှင့်ရာဇာမိတ်,မဟာမိတ်ဖြစ်ကြသည်၊ မစိုးရိမ်မကြောင့်ကြနှင့် အခါအခွင်သင့်သောအခါတိုင်ရောက်လျှင် ကူပန့်ဝိုင်းဝန်းအားထုတ်ပါမည်၊ ယခုမှာ အခါအခွင့်မဟုတ်ဖြစ်သည်၊ ကောင်းမွန်စွာ ပျော်ပျော်ပါးပါးခံစား၍ နေပါဦးဟုပြောဆိုလျှင် ဦးတီဘွားပိုင် ရှမ်းရစ်ပြည်တောင် စော်ဘွားတို့၏အကြီးအမှူး လက်ရုံးနှလုံးနှင့်ပြည့်စုံသော မိုင်းတီစောဘွားကြီးက

မလစ်မဟင်းရအောင် သတိုးဣန္ဒာသူရိယ အမည်ရှိသော မြန်မာမင်းသားကို ကျွေးမွေး ကြည့်ရှုရမည်ဟု အပ်လိုက်၏။

ထိုသို့အပ်လိုက်သောအခါ မိုင်းတီစော်ဘွားကြီးက တရုပ်မင်းဦးတီဘွား အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်၍ သတိုးဣန္ဒာသူရိယ အမည်တော်ရှိသော မင်းသားကို ကောင်းမွန်စွာ ကျွေးမွေးကြည့်ရှု၍ထားရ၏။ သတိုးဣန္ဒာသူရိယ အမည်တော်ရှိသောမင်းသားသည် တရံသောအခါ၌ ဤသို့အကြံဖြစ်လေ၏၊ ယခု ငါရောက်သောဂန္ဓာလတိုင်းသည် တိမ်တိုက်ဆီးနှင်းတို့ဖြင့် ဖုံးလွှမ်းသောလကဲ့သို့ သာသနာတော်မှေးမှိန် တိမ်မြုပ်ခြင်းသို့ရောက်ကုန်သည် သာသနာတော် စည်ပင် ပွင့်လင်းအောင် အားထုတ်ရသော်ကောင်း၏ဟု စိတ်နှလုံး၌အကြံဖြစ်ပြီးလျှင် မိုင်းတီ စော်ဘွားကြီးကို ဤသို့တိုင်ပင်လေ၏။ မိတ်ဆွေဖြစ်သောမိုင်းတီစောဘွာကြီး မြတ်စွာဘုရား၏ သာသနာတော်ကို စည်ပင်ပွင့်လင်းအောင် အားထုတ်သော မင်းတို့သည် အသက်ရှည်ခြင်း, ဘုန်းတန်ခိုးအာဏာကြီးခြင်း, လူချမ်းသာ, နတ်ချမ်း သာ, နိဗ္ဗာန်ချမ်းသာတို့ကို ရလွယ်ခြင်း၏အကြောင်းဖြစ်ပါသည်။ သိမ်သမုတ်ခြင်း, ရဟန်းခံခြင်း, စာပေကျမ်းဂန် ဂန္ထဓုရ သီလသမာဓိနှင့် ပြည့်စုံသောရဟန်းတော်တို့ကို ကိုးကွယ်ဆည်းကပ်၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းခြင်း တရားဟောခြင်း, တရား နာခြင်း ဥပုသ်သီတင်းစောင့်ခြင်း၊ ဘုရားပုထိုးကိုးကွယ်ခြင်း စာပေကျမ်းဂန်တို့ကို ရေးကူးလှူဒါန်းခြင်းအစရှိသော ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ပါလျှင် ဘုရား အစရှိသောသူတော်ကောင်းတို့၏ အကျင့်အကြံဖြစ်ပါသည်ဟု တိုက်တွန်းနှိုးဆော် ခြင်းကို ပြုလေ၏။

ထိုအခါ မိုင်းတီစော်ဘွားကြီးက ဤသို့မေးပြန်၏။ သာသနာတော် ကိုပြုနိုင်သော စာပေကျမ်းဂန်ကို တတ်စွမ်းသိမြင်လျှက် သီလသမာဓိ ပညာ ဗဟုသုတနှင့်ပြည့်စုံသော ရဟန်းတော်များကို အဘယ်မှာရနိုင်ပါအံ့နည်းဟု မေးမြန်း သော်၊ သတိုးဣန္ဒာသူရိယအမည်တော်ရှိသောမင်းသားက ဤသို့ပြောလေ၏။ ယခုမြန်မာနိုင်ငံမြောက်ပိုင်း ဗန်းမော်မြို့တွင် ပဥ္စမသံဂါယနာတင် ဘိုးတော် မင်းတုန်းမင်းတရားကြီး၏လက်ထက် ဘိုးတော်မင်းတုန်းမင်းတရားကြီးနှင့်တကွ ဘထွေးတော်ဖြစ်သော သီပေါဘုရင်မင်းမြတ်တို့ ဆည်းကပ် ကိုးကွယ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်သော ရွှေကျောင်းဆရာတော် သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏တူ ကျွန်ုပ်ဆရာဖြစ်သော သိမ်တော်ကျောင်း ဆရာတော်ဟုဆိုအပ်သော ဆရာတော်နှစ်ပါးတို့သည် ဗန်းမော်မြို့တွင် သာသနာ

တော်ကိုပြုလျက် သီတင်းသုံးနေတော်မူကြပါသည်။ ထိုပုဂ္ဂိုလ်နှစ်ပါးသည် သီလ, သမာဓိ,ပညာ ဗဟုသုတနှင့်ပြည့်စုံပါသည်။ လိမ္မာရေးချားရှိသော အမတ်များကို စေလွှတ်၍ ပင့်ဆောင်လျှင် ကြွဖို့ရန်အကြောင်းရှိပါသည်ဟု ပြောလေ၏။ မိုင်းတီစော်ဘွားကြီးသည် ထက်လှသော စေတနာသဒ္ဓါတရားတို့ဖြင့် အကြိမ်အကြိမ် အခါအခါဖြစ်ပွား၍ လိမ္မာရေးချားရှိသောအမတ်နှင့်တကွ နောက်လိုက်နောက်ပါ လူအမြောက် အများတို့ကို စည်းကြပ်စီမံပြီးလျှင် စားရေးရိက္ခာအလုံအလောက်နှင့် ဆရာတော်နှစ်ပါးရှိရာ ဗန်းမော်မြို့သို့ အပင့်စေလွှတ်လိုက်၏။ ဗန်းမော်မြို့သို့ ရောက်သောအခါ ပညာရှိအမတ်များက မိုင်းတီစော်ဘွားကြီး ပေးအပ်သော ပင့်လျှောက်စာများကို ရွှေကျောင်းဆရာတော် သိမ်ကျောင်းဆရာတော်ဘုရား နှစ်ပါး တို့၏လက်သို့ကပ်ပြီးလျှင် ပင့်လေ၏။ ရွှေကျောင်းဆရာတော် သိမ်ကျောင်း ဆရာတော်တို့ကလည်း မြတ်စွာဘုရားသခင်၏သာသနာတော်ကို စည်ပင်ပွင့်လင်း စေခြင်းအကျိုးငှါ နောက်လိုက်နောက်ပါ သံဃာတော် တကျိပ်ကျော် တပည့်တကာ ငါးကျိပ်ကျော်တို့နှင့် မြတ်စွာဘုရားသခင်၏သာသနာတော်နှစ် ၂၄၄၃–ခု၊ မြန်မာသက္ကရာဇ် ၁၂၆၁–ခုနှစ်သို့ ကျရောက်သောအခါ ဗန်းမော်မြို့မှသည် ခုနစ်ညအိပ်ခရီးကွာသော ဂန္ဓာလတိုင်း မိုင်းတီမြို့သို့ ကြွလေ၏––

မိုင်းတီမြို့သို့ကျရောက်သောအခါ မြို့ရွာချမ်းသာစည်ပင်ပွင့်လင်းခြင်း၏ အကြောင်းဖြစ်သော ပရိတ်မေတ္တာဘာဝနာတို့ကို ခုနစ်ရက်ပတ်လုံးနေ့ညဥ့်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိုပြုပြီးမှ ဝိသုံဂါမသိမ်ကြီးကို သမုတ်ခြင်း၊ တရားနှင့်မညီ မိစ္ဆာဝါဒီအယူရှိသော ၁၀၈–ကျိပ်ကျော် ရှင်ယောင်ရဟန်းတို့ကို တရားနှင့်အညီ နှိပ်ကွပ်ဆုံးမပြီးလျှင် သမုတ်ပြီးသောခဏ္ဍသိမ်သို့သွင်း၍ ကံထပ်ခြင်း၊ ရောက်လာ သော ဒါယကာ,ဒါယိကာမ လူပရိသတ်တို့ကိုလည်း ဒါနကထာ, သီလကထာ, ဘာဝနာကထာဟုဆိုအပ်သော တရားရေအေးတို့ကို နေ့ညမပြတ် တိုက်ကျွေးဟော ပြောလျက်နေလေ၏။ ထိုအခါ မြန်မာနိုင်ငံမြောက်ပိုင်း မော်လူးငါးခရိုင်ကို အုပ်ချုပ်၍ စီရင်ရဘူးသော နေမျိုးမင်းလှမင်းထင်ကျော်ခေါင် ဘွဲ့အမည်ရှိသော မော်လူးမြို့အုပ် သည် မြန်မာနိုင်ငံမှ တိမ်ရှောင်လျှက် ဂန္ဓာလတိုင်း မိုင်းလာစော်ဘွားကြီးထံရောက်၍ မိုင်းလာစော်ဘွားကြီးက ချီးမြှင့်ထောက်ပံ့လျှက် ထားသောအခါ၌ ကြုံကြိုက်၍ နေသောကြောင့် မော်လူးမြို့အုပ်က မိုင်းလာစော်ဘွားကြီးကို ဤသို့ တရားဟော လေ၏။ အရှင်စော်ဘွားကြီး ယခုမိုင်းတီစော်ဘွားကြီးသည် မြန်မာနိုင်ငံကဆရာတော် နှစ်ပါးကိုပင့်၍ သိမ်သမုတ်ခြင်း, သာသနာပြုခြင်း အမှုကိစ္စတို့ကို အားထုတ်လျက်

နေပါသည်။ အရှင်သခင်လည်း မိုင်းတီစော်ဘွားကြီးကဲ့သို့ သာသနာတော်ကို စည်ပင်ပွင့်လင်းအောင် ပြုစုအားထုတ်တော်မူပါလျှင် လူချမ်းသာ, နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော ချမ်းသာအပေါင်းနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်ပါသည်ဟု လျှောက်ထားလေလျှင် မိုင်းလာစော်ဘွားကြီးသည် တိမ်ဖုံးလျက်နေသော လမင်းကို လေပြင်းမုန်တိုင်းဖြင့် တိုက်ခတ်သကဲ့သို့ နလုံးသောမနသ ပွင့်လင်းသာယာခြင်းသို့ရောက်၍ ဆရာတော်နှစ်ပါးကိုပင့်ဆောင်ပါချေဟု မော်လူးမြို့အုပ်ကို မိုင်းတီမြို့သို့စေလွှတ်လိုက်၏။ မိုင်းတီမြို့သို့ရောက်သွားသောအခါ မိုင်းလာစော်ဘွားကြီး အလိုဆန္ဒရှိသည့်အတိုင်း မော်လူးမြို့အုပ်ကြီးက ဆရာတော်နှစ်ပါးကို ပင့်လျှောက်လေ၏။

ဆရာတော်နှစ်ပါးကလည်း မြတ်စွာဘုရား၏သာသနာတော်ကို အလွန်တရာစည်ပင်ပြန့်ပွားစေလိုသော သမ္မာဆန္ဒနှင့် မိုင်းတီမြို့မှသည် မိုင်းလာမြို့သို့ ကြွပြီးလျှင် မိုင်းလာစော်ဘွားကြီးနှင့်တကွ မိဖုရား,သားတော်,မြေးတော် မှူးမတ်ပြည်သူအပါင်းတို့ကို တရားရေအေး ဟောပြောခြင်းများကို နေ့ညပတ်လုံး အားထုတ်လျက်နေ၏။

မိုင်းလာစော်ဘွားကြီးလည်း ဖရဏာပီတိ ဆီထိသောဂွမ်းကဲ့သို့ ရွှင်လန်းနှစ်သက်ခြင်းဖြစ်၍ ပစ္စည်းလေးပါးတို့ဖြင့် များစွာအကုန်ခံလျက် လှူဒါန်းပေးကမ်း ကျွေးမွေးခြင်းတို့ကို လွန်စွာအားထုတ်လေ၏။ ထိုအခါ ဆရာတော်နှစ်ပါးနှင့်တကွ သံဃာတော်အများတို့သည် မိုးလအခါနီးသောကြောင့် တရားဓမ္မများကို လွန်စွာ ဟောပြောပြသခဲ့ပြီးလျှင် ဂန္ဓာလတိုင်း မိုင်းလာမြို့မှသည် ဗန်းမော်မြို့သို့ ပြန်ကြွလာကြလေ၏။ ထိုနောက် သက္ကရာဇ် ၁၂၆၂–ခုနှစ်တိုင်သောအခါ အာသာဆန္ဒမပြေသည်ဖြစ်၍ ဆရာတော်နှစ်ပါးနှင့်တကွ သံဃာတော်အများကို ပင့်ဆောင်ပြန်၏။ ဆရာတော်နှစ်ပါးလည်း နောက်လိုက်နောက်ပါသံဃာ တကျိပ်ကျော်နှင့် ဗန်းမော်မြို့မှသည် မိုင်းလာမြို့သို့ကြွတော်မူ၍ ဝိသုံဂါမသိမ်သမုတ်ခြင်း တရားနှင့်မညီ မိစ္ဆာဝါဒီအယူရှိသော ၁၁၂–ပါးသော ရှင်ယောင်ရဟန်းတို့ကို နှိပ်ကွပ်ဆုံးမ၍ နှစ်ကျိပ်ခြောက်ပါးသော ရှင်ရဟန်းတို့ကို သမုတ်ပြီးသော သိမ်အတွင်းသို့သွင်း၍ ကံထပ်ခြင်း၊ များစွာလာရောက်သော လူပရိသတ်တို့ကို တရားရေအေးတိုက်ကျွေးပြီးလျှင် ဂန္ဓာလတိုင်း မိုင်းလာမြို့မှသည် ဗန်းမော်မြို့သို့ ပြန်ကြွခဲ့လေ၏။ မြန်မာကောဇာသက္ကရာဇ် ၁၂၆၅–ခုနှစ်တိုင်ရောက်သောအခါ ဂန္ဓာလတိုင်း မိုင်းလာစော်ဘွားကြီးက မဟာမြတ်မုနိဘုရားကြီးကဲ့သို့ ဘုရားကိုယ်တော်ကြီးလို သွန်းလုပ်

လိုကြောင်း၊ ထပ်မံ၍သိမ်သမုတ်လိုသောကြောင့် သာသနာစည်ပင်ပွင့်လင်းအောင် ပြုလုပ်လိုကြောင်းများနှင့်၊ ထပ်မံ၍ မိုင်းတီစော်ဘွားကိုးကွယ်သော ဆရာတော် ဦးအာသဖ မိုးညှင်းဆရာတော်ဦဝိမလ ဗန်းမော်မြို့ သိမ်ကျောင်းဆရာတော်တို့ကို ပင့်ပြန်လေ၏။ ထိုသို့ပင့်ပြန်သောအခါ မိုးညှင်းဆရာတော် သိမ်ကျောင်းဆရာတော် နှစ်ပါးတို့သည် နောက်လိုက်နောက်ပါ သံဃာ ၁၆-ပါးနှင့် ဗန်းမော်မြို့မှသည် တရုပ်ပြည်ဂန္ဓာလတိုင်း မိုင်းလာမြို့သို့ ကြွလေ၏။

မိုင်းလာမြို့သို့ရောက်သောအခါ ကြေးချိန်-၃၀၀၀-ကျပ်၊ ဥဏှိတော် ခုနှစ်တောင်နှစ်မိုက် လေးသစ်ရှိသော တိလောကမာရဇိန်ဘွဲ့အမည်တော်ရှိသော မဟာမြတ်မုနိကိုယ်တော်အား ရုပ်ပွားတော်မြတ်ကို ရှမ်းရှစ်ပြည်ထောင်စော်ဘွား အစုံအညီ၊ မဟာမေရိယ၊ သိရီသုဓမ္မာရာဇာဘွဲ့အမည်ရှိသော ဝန်သိုစော်ဘွားကြီး မင်းလီမင်းထင်ကျော်ခေါင်ဘွဲ့အမည်ရှိသော မော်လူးမြို့အုပ်ကြီး ပြည်သူအပေါင်းတို့ နှင့်တကွ မန္တလေးရတနာပုံ နေပြည်တော်ဘုရင်မင်းမြတ် သုံးစွဲတော်မူသော တတ်သိလိမ္မာ ပညာဗဟုသုတနှင့်ပြည့်စုံသော ပြတင်းဆရာကြီး၊ မောင်သောင်၊ မောင်ရဲ၊ မောင်ဘိုကာတို့သည် တပည့်လက်သား လူပေါင်း ၂၀-ကျော်တို့နှင့် စက်ယန္တရား ရဟတ်များကို ထောင်ရင်ထပ် ပွဲတင်ခတ်သကဲ့သို့ ထွားထွားမွတ်မွတ် လည်စေလျှက်၊ မိုင်းလာမြို့၏ အရှေ့တောင်ထိပ်ပေါ်တွင် သွန်းလောင်း၍ အောင် မြင်ပြီးစီးခြင်း၊ ဘုရားကိုယ်တော်ကြီး၏ အနီးအပါးတောင်ခါးပန်းတွင် ဝိသုံဂါမ သိမ်သမုတ်ခြင်း၊ သမုတ်ပြီးသောသိမ်ထဲတွင် ရဟန်ခံခြင်း၊ ခံပြီးသောရဟန်း ၂၆- ပါးတို့ကို တရားနှင့်အညီ ဟောပြောဆုံးမခြင်း၊ ဥပဒေအသစ်ရေး၍ ပေးခဲ့ခြင်း၊ မိုင်းလာစော်ဘွားကြီးနှင့်တကွ ပြည်သူအပေါင်းတို့ကို တရားရေအေး တိုက်ကျွေး ဟောပြောခြင်း၊ တိလောကမာရဇိန်ဘုရားကိုယ်တော်ကြီး၏ အောင်မြင်ပြီးစီးသော သမိုင်းနှင့် သိမ်မော်ကွန်းကိုရေးထား၍ ကျောက်ထက်အက္ခရာတင်ခဲ့ခြင်း၊ အမှု ကိစ္စတို့ကို ပြီးစီးအောင်မြင်ပြီးနောက် ဗန်းမော်မြို့သိမ်ကျောင်းဆရာတော်သည် ဂန္ဓာလတိုင်း မိုင်းတီမိုင်းလာစော်ဘွားများနှင့်တကွ ရှမ်းရှစ်ပြည်ထောင်စော်ဘွား များကို တရားရေအေး တိုက်ကျွေးဟောပြောလျှက် သာသနာတော်ကို ပြုသော ကြောင့် သာသနာတော်သည် ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးငါးအင်၊ သန့်ရှင်း စင်လျှက်၊ နက္ခတ်တာရာတို့ဖြင့်ခြံရံ၍ ကောင်းကင်၏အလယ်တွင် စမ္မာယ်ကွန်မြူး သော ရွှေလမင်း၏အရောင်ကဲ့သို့ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းခြင်းသို့ ရောက်လေ၏။ ဗန်းမော်မြို့သိမ်ကျောင်းဆရာတော်သည်လည်း ပညာဗဟုသုတ

နှင့်ပြည့်စုံသော တပည့်များကို ကိုယ်စားလည်ထားခဲ့၍ ဗန်းမော်မြို့သို့ ပြန်ကြွခဲ့လေ၏။

ယင်းဂန္ဓာလစက္ကဓောတိဌကျမ်းကား ရှိုင်ဆိုက်ဖြင့်စာမျက်နှာ ၉၁–ရှိလေသည်။[၁]

## ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ဆရာတော်အရှင်အာစာရသည် သက္ကရာဇ် ၁၂၆၅–ခုနှစ် တပို့တွဲလဆန်း ၁၀–ရက်နေ့က တရုပ်ပြည် အနောက် စုံးတူအပါ ဂန္ဓာလရာဇ်တိုင်းအဝင်ဖြစ်သော မိုင်းလာမြို့ မိုင်းလာစော်ဘွားကြီးက သာသနာပြု သိမ်သမုတ်ပင့်၍ကြွစဉ် လျှောက်ထားသဖြင့် ၁၂၇၉–ခုနှစ် တပေါင်းလဆန်း ၁၀–ရက်နေ့တွင် ပကိဏ္ဏကဝိသဇ္ဇနာကျမ်းကို အပြီးသတ် ပြုစီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌–––

သူတော်ကောင်းတို့ကို ဆည်းကပ်ကိုးကွယ်ခြင်း၊ သူတော်ကောင်းတို့ ဟောပြောသော တရားစကားကို နာယူမှတ်သားခြင်း၊ သူတော်ကောင်းတို့ ကျင့်ကြံသောတရားတို့ကို ကျင့်ကြံအားထုတ်ခြင်းနှင့်တကွ ဗဟုသုတ အမှတ်အသားတို့ကို လွန်စွာလိုလားသော မဟာမောရိယသိရီသုဓမ္မာရာဇာဘွဲ့အမည်ရှိသော ဝန်းသိုစော်ဘွား ကိုအောင်မြတ်က မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူသည့် နောက်ကြွင်းကျန်ရစ်သောဓာတ်တော်,မွေတော်, စေတီတော်,ရုပ်တုတော်တို့ကို ဆွမ်းသက်န်းကျောင်းဆေးဟုဆိုအပ်သော လေးပါးသောပစ္စည်းတို့နှင့်တကွ အထူးထူးသောလှူဒါန်းဖွယ်တို့ဖြင့်ပေးလှူကြသောသူတို့သည် သက်တော်ထင်ရှား မြတ်စွာဘုရားသခင်ကို လှူဒါန်းသကဲ့သို့ အကျိုးထူးများကို ခံစားရပါမည်လော့ဟု သက္ကရာဇ် ၁၂၆၅–ခုနှစ် တပို့တွဲလဆန်း ၁၀–ရက်နေ့က တရုပ်ပြည်အနောက် စုံးတူအပါ ဂန္ဓာလရာဇ်တိုင်းအဝင်ဖြစ်သော မိုင်းလာမြို့ မိုင်းလာစော်ဘွားကြီးက သာသနာပြု သိမ်သမုတ်ပင့်၍ ကြွသွားသောအခါ မိုင်းလာစော်ဘွားကြီး၏ဟော်ပေါ်၌ တရားဓမ္မဟောပြောသောအခါ လျှောက်ထားသောကြောင့် ဗန်းမော်မြို့ သိမ်ကျောင်းဆရာတော်သည် အစောင်စောင်သောကျမ်းတို့မှ ကြည့်ရှု၍ ရေးသားဖြေဆိုလိုက်သည်ဟုဖော်ပြ၍ ရေးသားစီရင်တော်မူခဲ့လေသည်။

---

၁။ ဂန္ဓာလစက္ကဓောတိဌကျမ်း ၁၇၄–၁၉၄။

ကျမ်း၏အဆုံး၌လည်း––

သဒ္ဓါဒိဂုဏသမ္ပန္နာယ ဓိမန္တိယာ သာဓုသမ္မတာယ ကုသလာယ ဗဟူသု သတ္တေသု၊ အတိမနာပစာရိနိယာ ပဥ္စကလျာဏသမ္ပန္နာယ ဓမ္မရာဇိနော မဟာဒေဝိယာ၊ တေဟိ နဂရေ ရမ္မေ ရတနာပုဏ္ဏလင္ကတေ၊ ရာဇာဓိရာဇ အာဝါသေ မန္တလနဂရဿ ဥတ္တရဒေသေ သင္ဂိတိုက်တိ အဝှယေ၊ ယော ဝိဟာရော ကာရာပိတော၊ သုသမ္မဒ္ဒော သတ္တဘုမ္မိကော ပါသာဒေ အနေကေဟိ ပရိက္ခိတ္တော ကေတုဟိ အလင်္ကာတော ယော သာဓုရမ္မနော ဝသတာ တတ္ထ ဝသန္တော ပညာ သီဟော နာမ အန္တေဝါသိကော ဇာတဋ္ဌာနတော၊ ရတနာသိခ်နဂရဿ ဥတ္တရဋ္ဌာနေ အလောင်းစည်သူတိ အဝှယေ ရာဇာ၊ စတုရင်္ဂေဟိ အာဝိန္ဒန္တော။ တတ္ထ ဌာနေ သမ္ပတ္တော သဗ္ဗအမစ္စေဟိ နဂရရာဇိယော မန္တတောဒိသတောပိ၊ မန်းတောင်လှတိ အဝှယေန တတ္ထ ဂါမေ ဇာတေန နာမေန အာစာရောတိနာမံ အဟောသိ၊ ဒုတိယဝသတော ဒေသတော မန္တလနဂရဿ ဥတ္တရဒိသေ၊ ဒသမဟာသဒ္ဒေဟိ သမ္ပန္နော ဗန်းမော်တိအဝှယေန နဂရဿ ပုရတ္ထိမဒိသေ၊ သီမစေတိယအာသန္နေ စတုဘုမ္မိကဝိဟာရေ၊ မဟာသိဿာယော ဂန္ထဓူရတော ဝသန္တော၊ မဟာထေရေန အာစာရောနာမ ဘိက္ခုနာ၊ သဗ္ဗပုညကုသလေန ပရိပုဏ္ဏ တော မိုင်းတီစော်ဘွားတိ အဝှယေန ပဒေသရာဇာ၊ ယာစိတော အဘိယာစိတော ရစိတောတိ ဂန္ထန္တော အယံ ဂန္ထော နိဋ္ဌိတော သက္ကရာဇေ ဓာဆာခါယေ၊ ကစဝဒ္ဓေ ဇိနစက္ကေ ဖဂ္ဂုနမာသဒသမေ ဟုတွာ အနန္တရာယော စ၊ ဂန္ထောယံ နိဋ္ဌိတော ယထာ။ တထာ ကလျာဏသင်္ကပ္ပါ သီဃံ သိဇ္ဈန္တု ပါဏိနန္တိ။

သဒ္ဓါဒိဂုဏသမ္ပန္နာယ၊ ကံ,ကံ၏အကျိုး ရတနာသုံးပါးဂုဏ်ကို ယုံကြည် သော သဒ္ဓါစသောဂုဏ်နှင့် ပြည့်စုံစွာထသော။ ဓိမန္တိယာ၊ လေးကျွန်းသနင်း မြင့်မိုရ်ကြဲ့ခိုင် တောင်မဏ္ဍိုင်သို့ ယိမ်းယိုင်မရှိ သမာဓိဂုဏ်နှင့် ပြည့်စုံစွာထသော။ သာဓုသမ္မတာယ၊ များစွာသိန်းသောင်း ဗိုလ်လူအပေါင်းတို့သည် ကောင်းသည်ဟု သမုတ်အပ်သော။ ဗဟူသု၊ များစွာကုန်သော။ အတ္တေသု၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာ သောအကျိုး ကျေးဇူးသခင် အရှင်မြတ်ကြီး သရနတ်၏ ကောင်းမြတ်ပြည့်ဖြိုး အကျိုးစီးပွားတော်၌။ ကုသလာယ၊ သူ့ထက်ထူးချွန် အလွန်လိမ္မာထသော။ အတိ မနာပစာရိနိယာ၊ မိန်းမမြတ်တို့အကျင့်ဖြင့် အလွန်နှစ်သက်ဖွယ် အကျင့်ရှိထသော။ ပဥ္စကလျာဏသမ္ပန္နာယ၊ အရေ,အသား အကြော, အရိုး အရွယ်အားဖြင့် ငါးသွယ်သောကောင်းခြင်းနှင့် ပြည့်စုံထသော။ ဓမ္မရာဇိနော၊ တစ်ရာ့တက်စင်း

ထီးဆောင်းမင်းတို့ ဝပ်စင်းခယ နေ့ညမပြတ် ရှိခိုးအပ်သော တရားမင်းစစ် ကေရာဇ်၏။ မဟာဒေဝိယာ၊ တောင်ညာတင်ထား မိဖုရားကြီးသည်လည်းကောင်း။ ဒေဝေဟိ၊ ထိုသို့ဆိုအပ်ခဲ့ပြီးသော ဂုဏ်အပေါင်းတို့နှင့်ပြည့်စုံသော မင်းမိဖုရား နှစ်ပါးစုံတို့သည်။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော။ ရတနာပုဉ္ဇ လဒ္ဓိတေ၊ အထူးထူးသော အဝိညာဏက, သဝိညာဏက ရတနာမျိုးတို့ဖြင့်ပြည့်စုံသော ကြောင့် ရတနာပုံဟူသောအမည်တံဆိပ်ဖြင့် ခပ်နှိပ်အပ်ထသော။ ရာဇာဓိရာဇအာဝါ သေ၊ မင်းထက် မင်းမြတ် သမုနတ်တို့ ပျော်မှတ်စံရာဖြစ်ထသော။ နဂရေ၊ မင်းနေ ပြည်တော်ကြီး၌။ နဂရဿ၊ မြို့၏။ ဥတ္တရဒေသေ၊ မြောက်မျက်နှာတည့်တည့် အရပ်၌။ သစ္ဆိန္နံ တိုက်တိအဝှယေ၊ သစ္ဆိန္နံတိုက်ဟု ခေါ်ဆိုအပ်သော။ သုသမ္မဋ္ဌေ၊ ကောင်းစွာပြေပြစ်သော။ သတ္တဘုမ္မိကော၊ ဘုံခုနှစ်ဆင့်ရှိသော။ ပါသာဒေ၊ ပြာသာဒ် ကြီး၌။ အနေကေဟိ၊ များစွာသောကျောင်းတို့ဖြင့်။ ပရိက္ခိတ္တော၊ ခြံရံအပ်ထသော။ ကေတုဟိ စ၊ များစွာသောမုန်ကင်းတို့ဖြင့်လည်း။ အလင်္ကတော၊ တန်ဆာဆင် အပ်ထသော။ သာဓုရမ္မနော၊ သူတော်ကောင်းတို့ဖြင့် မွေ့လျော်ရာဖြစ်သော။ ယော ဝိဟာရော၊ အကြင်ကျောင်းကို။ ကာရာပိတော၊ ဆောက်လုပ်လှူဒါန်းစေအပ်ပြီ။

တတ္ထ၊ ထိုပြာသာဒ်ကျောင်းကြီး၌။ ဝသတံ–ဝသန္တေန၊ လေးပါးဣရိယာ သာယာရွှင်ပြုံး သီတင်းသုံးနေတော်မူသော။ နာမေန၊ အမည်အားဖြင့်။ ပညာသီ ဟော နာမ၊ ပညာသီဟသာသနာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရုတံဆိပ်နာမံ အမည်တော်ရှိသော ဆရာတော်ဘုရား၏။ အန္တေဝါသိကော၊ တပည့်ရင်းဖြစ် သော။ ဇာတဋ္ဌာနတော၊ ဖွားရာဌာနအားဖြင့်။ ရတနာသိင်္ခနဂရဿ၊ ရတနာ သိင်္ခရွှေဘိုမြို့၏။ ဥတ္တရဋ္ဌာနေ၊ မြောက်အရပ်၌။ အလောင်းစည်သူတိအဝှယော၊ အလောင်းစည်သူဟု ခေါ်ဆိုအပ်သော။ ရာဇာ၊ မင်းသည်။ စတုရင်္ဂေဟိ၊ အင်္ဂါလေး ပါးရှိသော။ သေနေဟိ၊ စစ်သည်တို့နှင့်။ သဗ္ဗဒိသေသု၊ အလုံးစုံသောအရပ်တို့၌။ အာဝိန္ဒန္တော၊ လှည့်လည် သည်ရှိသော်။ ထွေ ဌာနေ၊ ဤအရပ်သို့(ပါ) ထိုအရပ်၌။ သမ္ပတ္တော၊ ရောက်သည်ရှိသော်။ သဗ္ဗအမစ္စေဟိ၊ အလုံးစုံသော အမတ်အပေါင်း တို့နှင့်။ နဂရ ရာဇိယော၊ မြို့ရေးမင်းရေးတိုင်းရေးပြည်ရေးတို့ကို။ မန္တတော၊ တိုင်ပင် ရာဖြစ်သော။ ဒိသတောပိ၊ အရပ်ဖြစ်သောကြောင့်လည်း။ မန်းတောင်လုတိ အဝှယေန၊ မန်းတောင်လုဟု ခေါ်ဆိုအပ်သော။ တတ္ထ ဂါမေ၊ ထိုမန်းတောင်လု ရွာ၌။ ဇာတေန၊ ဖွားရာဇာတိဖြစ်သော။ အာစာရောတိနာမံ၊ အာစာရဟူသော အမည်သည်။ အဟောသိ၊ ဖြစ်၏။ ဒုတိယဝသတော၊ နှစ်ကြိမ်မြောက်နေရာ

ဖြစ်သော။ ဒေသော၊ အရပ်သည်။ မန္တလနဂရဿ၊ မန္တလေးမြို့၏။ ဥတ္တရတော၊ မြောက်အရပ်မှ။ ဒသမဟာသဒ္ဒေဟိ၊ အသံကြီး ဆယ်ပါးတို့နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ ဗန်းမော်တိအဝှယေန၊ ဗန်းမော်ဟုခေါ်ဆို အပ်သော။ နဂရဿ၊ မြို့၏။ ပုရတ္ထိမဒိသေ၊ အရှေ့အရပ်၌။ သီမာစေတိယ အာသန္နေ၊ သိမ်တော်ကြီး ဘုရား၏အနီး၌။ စတုဘုမ္မိကဝိဟာရေ၊ လေးဆောင်ပြိုင်မိုး ကျောင်းတော်ကြီး၌။ မဟာသိဿာယော၊ များစွာသောင်းသောင်း တပည့်အပေါင်း တို့ကို။ ဂန္ထဓုရတော၊ အဋ္ဌကထာဋီကာစသောကျမ်းတို့ကိုပို့ချလျှက်။ ဝသန္တော၊ နေသော။ မဟာထေရေန၊ မဟာထေရ်ကြီးတိုင်မြောက်ပြီးသော။ အာစာရောနာမ ဘိက္ခုနာ၊ အာစာရဘွဲ့ အမည်ရှိသော။ ဝါ၊ တစ်နည်းကား။ အာစာရောနာမ ဘိက္ခုနာ၊ အာစာရာဘိဓဇ သီရိပဝရရာဇဂုရုဘွဲ့အမည်ရှိသော သိမ်တော်ကျောင်း ဆရာတော်သည်။ သဗ္ဗပုည ကုသလေန၊ အလုံးစုံသော ဘုန်းသမ္ဘာကုသိုလ်မျိုးနှင့်။ ပရိပုဏ္ဏော၊ ပြည့်စုံသော။ မိုင်းတီစော်ဘွားတိအဝှယေန၊ မိုင်းတီမြို့စားစော်ဘွားကြီးဟု ခေါ်ဆိုအပ်သော။ ပဒေသရာဇာ၊ ပဒေသရာဇ်မင်းသည်။ ယာစိတော–အဘိယာ စိတော၊ ရှေးရှု တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။ ရစိတော၊ စီရင် ရေးသားအပ်သော။ တိဂန္ထသမ္ပန္နော၊ သုံးဆောင်တွဲကျမ်းသည်။ ဝါ၊ နိဗ္ဗာနဝိသဇ္ဇနာ ကျမ်း, ဂန္ဓာလစက္ကဇောတိဌကျမ်း, ပကိဏ္ဏကဝိသဇ္ဇနာအမည်ရှိသော သုံးဆောင် တွဲကျမ်းဟုခေါ်ဆိုအပ်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ သက္ကရာဇေ၊ ကောဇာသက္ကရာဇ်သည်။ ဓာဆာခါယေ၊ (၁၂၇၉)ခုသို့။ ဇိနစက္ကေ၊ ဘုရားသာသနာ တော်သည်။ ကစဝဒ္ဓေ၊ (၂၄၆၁)ခုသို့။ သမ္ပတ္တေ၊ ရောက်သည်ရှိသော်။ ဖဂ္ဂုန မာသဒသမေ၊ တပေါင်းလဆန်း(၁၀)ရက်နေ့၌။ နိဋ္ဌိတော၊ အပြီးအဆုံးသို့ ရောက်၏။ အယံ ဂန္ထော၊ ဤသုံးစောင်တွဲကျမ်းစာသည်။ အနန္တရာယော စ– အနန္တရာယော ဝေ၊ အန္တရာယ်မရှိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ နိဋ္ဌိတော ယထာ၊ အပြီးအဆုံးသို့ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ ပါဏီနံ၊ သတ္တဝါတို့၏။ ကလျာဏသင်္ကပ္ပါ၊ ကောင်းသောအကြံတို့သည်။ သီဃံ၊ လျှင်စွာ။ သိဇ္ဈန္တု၊ အပြီးအဆုံးသို့ရောက် စေကုန်သတည်း။

မိမျိုးဖမျိုး ဘိုးဘွားအစဉ်အလာမှ ဆင်းသက်၍ တည်ကြည့်ဖြောင့်မတ် မြတ်သောအမျိုးကောင်းသား အမျိုးကောင်းသမီးဖြစ်ကြသော ခေါမယောမ ကောတုမ္ဗရ စိန့်တိုင်းဟုဆိုအပ်သော တိုင်းကြီးတစ်ဆယ့်ခြောက် တိုင်းတို့တွင် တစ်တိုင်းအပါဝင်ဖြစ်သော ဇောတိကောမ္ဗရတိုင်းသား ယခုပဝတ္တိအခါ ဗန်းမော်မြို့မ တပ်ကလေးရပ်နေ ရေနံဆီကုမ္ပဏီမောင်တော်ပုံကြိုင် ရေနံဆီကုမ္ပဏီ ကတော်

မရွှေမြ သမီး ခင်ပွန်း မောင်နံ့စုံနှစ်ယောက်တို့က ဇန်းမော်မြို့ သိမ်တော်ကျောင်းဆရာတော်ဘုရား ရေးသားစီရင်အပ်သော သုံးစောင်တွဲကျမ်းကို ရွှေငွေဥစ္စာတို့ကို အကုန်ခံ၍ စာအုပ်ဖြစ်အောင် ရွက်ဆောင်အားထုတ်ပါသည်။

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်သို့ မြန်စွာခဏ ရောက်ရပါလို၏ဟူ၍ ဖော်ပြခဲ့လေသည်။

ယင်းကျမ်းကြီးမှာ ရွှိုင်ဆိုက် စာမျက်နှာ ၃၄၁–ခန့် ရှိလေသည်။ ယင်းနိဗ္ဗာနဝိသဇ္ဇနာကျမ်း, ဂန္ဓာလစက္ကဓာတိဒ္ဒဒီပနီကျမ်း, ပကိဏ္ဏကဝိသဇ္ဇနာကျမ်း ၃–ကျမ်းကို ခရစ်သက္ကရာဇ် ၁၉၂၁–ခုနှစ်၌ မန္တလေးမြို့ ရတနသိဒ္ဓိ ပိဋကတ်စာတော်စက်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့လေသည်။ တဖန် ၁၉၈၁–ခုနှစ်၊ ဒီဇင်ဘာလတွင် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ဒုတိယအကြိမ် အုပ်ရေ(၁၀၀၀) လစ်သိုအော့ဖ်ဆက်ဖြင့် ပြန်လည်ရိုက်ခဲ့ရာ ၃–ကျမ်းတွဲ ရွှိုင်ဆိုက်ဖြင့် စာမျက်နှာ ၅၇၆–ရှိခဲ့လေသည်။

ပဌမအကြိမ်ရိုက် ကျမ်းအတွင်းအပြင် မျက်နှာဖုံး၌။

''မန္တလေး ရတနပုံမြို့တည်နန်းတည် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်အခါတွင် လောကီလောကုတ္တရာ ပညာစွယ်စုံကုန်စင်တတ်မြောက်တော်မူသော မဟာလောက မာရဇိန်စေတီတော်ကြီးတွင် ပိဋကတ်သုံးပုံ ကျောက်ထက်အက္ခရာတင်ရာ ကျောက်စာတော်ပြင် သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏တူ ကျောက်စာတော်ကြပ် အာစာရာဘိဓေယ်ရိပဝရရာဇဂုရုဘွဲ့တံဆိပ်ရ ဇန်းမော်မြို့ သိမ်တော်ကျောင်းဆရာတော်သည် တရုပ်ပြည် ဂန္ဓာလတိုင်း မိုင်းတီးစော်ဘွားကြီးနှင့်တကွ ညီတော်ကျမိုင်းတို့ တောင်းပန် လျှောက်ထားချက်အရ အစောင်စောင်သောကျမ်းတို့မှ ထုတ်နုတ်၍ ပြဆိုရေးသားအပ်သော နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်း, ဂန္ဓာလစက္ကဓာတိဒ္ဒဒီပနီကျမ်း, ပကိဏ္ဏကဝိသဇ္ဇနာကျမ်း, မန္တလေးမြို့ ရတနသိဒ္ဓိ ပိဋကတ်စာတော် စက်ပုံနှိပ်တိုက် ၁၉၂၁–ခု ဟုပါရှိလေသည်။ ၁၉၈၁–ခုနှစ် သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် စာအုပ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။ သာသနာ ၂၅၂၅။ ကောဇာ ၁၃၄၃–ဒီဇင်ဘာ ၁၉၈၁–မျှသာထုတ်သည်။

## များစွာ အလုပ်လုပ်သောဆရာတော်

မဟာခေမိကာရာမ သစ်ဆိမ့်တိုက်ထွက် "အာစာရာဘိဓေသီရိပဝရ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်အာစာရသည် ဘုရားမြတ်စွာ သာသနာတော်၌ များစွာအလုပ်လုပ်သည့် ဆရာတော်ဖြစ်တော်မူသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤကဲ့သို့ များစွာအလုပ်လုပ်သော ဆရာတော် အရှင်အာစာရသည် သက်တော် ၈၀–ကျော်ခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

လူ့ဌာကြီးဘိ သားအမိပင် မချီကယ်ရေး ကိုယ်လွတ်ပြေးသည် မီးဘေး ရေဘေး ပြည်ပျက်ဘေးလည်း ဆယ်ရေးတရေး ကယ်နိုင်သေး၏ အိုဘေးနာဘေး သေခြင်းဘေးဟု ဘေးဆိုးအပြား လွန်ကြီးမားကား သားနှင့်အမိ ဖြစ်တုံဘိလည်း မျက်စိအောက်တွင် ရင်ခွင်တင်လျက် သက်သက်ရေးပိုင် မကယ်နိုင်ဘူး လက်မှိုင်ချကာ နေရစွာရှင့်။[၁]

## မြို့တော်ဝန် ဦးပေစိ၏ အရံကျောင်း

မာန်အောင်ရတနာစေတီတော် ဒါယကာသီပေါမင်း လက်ထက်တွင် မြို့တော်ဝန် ခန့်အပ်ခြင်းခံရသော ယင်းတော်မြို့စားမင်းကြီး သိရီမဟာဇေယျဂါမဏိ အမည်ရသော ဦးပေစိသည် မဟာခေမိကာရာမ သစ်ဆိမ့်တိုက်အတွင်း ငွေအသပြာ ၃၅၀၀–ကုန် အရံကျောင်း ဆောက်ခဲ့ဘူးလေသည်။[၂]

---

၁။ မန်လည်ဆရာတော်၏ မဃဒေဝလာလင်္ကာ။
၂။ အမှတ်တရပုဂ္ဂိုလ်များ။ ၁၁၃။

## မခင်ထွေး၏ ၇–ဆောင်ကျောင်း

တခေတ်က ကျော်ကြားခဲ့သော ဇာတ်မင်းသမီး မထွေးလေးခေါ် မခင်ထွေးနှင့်ခင်ပွန်းသည် ဦးမောင်ကြီးနှင့် သမီးမလွန်းမယ်တို့က သက္ကရာဇ် ၁၂၇၂–ခုနှစ်တွင် မဟာခေမိကာရာမသစ်ဆိမ့်တိုက်အတွင်း သီတင်းသုံးတော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သုဓမ္မာဝင်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရန် ငွေ ၁–သောင်း ၂–သောင်းကျော် အကုန်အကျခံ၍ ၇–ဆောင်ကျောင်းကြီးနှင့် ဉာဏ်တော် ၂–တောင် ၁–မိုက်ရှိ ကျောက်သလင်း ဆင်းတုတော်မြတ်ကို ပလ္လင်တော်ဥကင်တော် တန်ဆာနှင့်တကွ တည်ဆောက်ကိုးကွယ်လှူဒါန်းခဲ့ကြကုန်၏။

## မခင်ထွေး ကောင်းမှုလောကတန်ဆောင်စေတီ

တဖန် ၁၂၈၁– ခုနှစ်တွင် မထွေးလေးသည် ခင်ပွန်းသည် ကျောင်းဒကာဦးမောင်ကြီး ကွယ်လွန်သဖြင့် သတိသံဝေဂရရှိကာ ကုသိုလ်ကံတည်းဟူသော သံသရာရိက္ခာထုပ်ကို ကောင်းစွာရယူလိုသဖြင့် ၁၂၈၂–ခုနှစ်တွင် ဘိနပ်တော်အချင်း ၂၆–တောင် ၁–မိုက်, ဉာဏ်တော် ၃၆–တောင်ရှိ လောကတန်ဆောင်အမည်ရှိ စေတီတော်ကိုလည်း ငွေအသပြာ ၈–ထောင်ကျော် စွန့်လွှတ်၍ တည်ထားကိုးကွယ်ခဲ့လေသည်။ ၎င်းလောကတန်ဆောင် စေတီတော်သည် သစ်ဆိမ့်တိုက်ဦးရှိ စေတီငါးဆူအနက် တောင်ဆုံးစေတီ ဖြစ်လေသည်။

မခင်ထွေးသည် မိမိ၏ကောင်းမှု ဥသျှံအလုံးစုံကိုလည်း ကျောက်စာထိုး၍ ကျောက်စာဂူ တည်ထားခဲ့လေသည်။ ယင်းကျောက်စာဂူကိုလည်း လောကတန်ဆောင်စေတီတော်အနီးတွင် တွေ့မြင်နိုင်လေသည်။

ယင်းကျောက်စာကို

ပဥ္စဝဿသဟဿာနိ၊ ဇိနဂဗ္ဘော ပတိဋ္ဌတု။

တေဇေနတဝိမေသတ္တာ၊ ဇာနန္တု အမတံ ပဒံ။

ဟူသော ဂါထာဖြင့် အစချီ၍ ရေးထိုးခဲ့လေသည်။ လောကတန်ဆောင်ဘုရားအတွက်လည်း အောက်ပါအတိုင်း ရေးထိုးခဲ့သည်။

၁၂၈၁–ခု ဥတုမာသဖဂ္ဂုနအခါ ကျောင်းဒကာဦးမောင်ကြီး ရန်မီးမရဏာ ညှင်းပန်းခံသဖြင့် ဘဝကတ္တား ကွယ်ခြားရာ ကျောင်းအမမခင်ထွေးသည် မြော်တွေးစေ့မြေ့ ကြံအောက်မေ့မိသည်ကား –

န သန္တိ ပုတ္တာ တာဏာယ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာမိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

ဤသို့လာသည့် ဒေသနာလေးနက် န–လေးချက်ဖြင့် မိန့်မြွက်တော်မူခဲ့သော ဘုရားစကားတော်ကို တအော်လဲလဲ အမြဲရိုးရင်း နှလုံးသွင်းလျက် သေခြင်း တရားကို သားနှင့်အဖ တကွမျိုးပေါင်း ခင်ပွန်းကောင်းတို့သည် ပုန်းအောင်းခိုလှုံရာ မဟုတ်ချေ၊ ခေမာဝရနိဗ္ဗာနသာ ပုန်းရာကေန်မှန်ပေတမင့်ဟု အသင့်ပိုက်ကျုံး နှလုံးစွဲယူမျိုသဖြင့်လည်းကောင်း လောကီချမ်းသာ ဥစ္စာဟူသည် မျက်လှည့်သည်နှင့် လျှပ်ခြည်အရောင် တိမ်တောင်သဖွယ် ပျောက်ကွယ်တတ်စွာ တသက်လျာဟု ယထာဘူတ မုချတိတိ ဟုတ်တိုင်းသိသဖြင့်လည်းကောင်း အတိဗလဝါ သဒ္ဓါထက်သန်စွာဖြင့် ကျောင်းတကာရှိစဉ် ယခင်ကြံစည် ယင်းဖြစ်သော ကုသိုလ်ကို ပြုလိုသော အာသာသမ္ဘာဆန္ဒအားကြီးလှသောကြောင့် ၁၂၈၂–ခုနှစ်၊ တပို့တွဲ လဆန်း ၁၀–ရက်၊ ကြာသာပတေးနေ့၊ နံနက် ၁၁–နာရီခွဲအချိန်တွင် ဘိနပ်တော် အချင်း (၂၆–ဒီ) ဉာဏ်တော် ၃၇–ရှိ လောကတန်ဆောင်စေတီတော် မြတ်ဘုရားကြီးကို ကာဆီးဝိုက်သိုင်း တံတိုင်းမီးတားနှင့်တကွ ကျောင်း၏ ပြုပွဲရှေ့ မျက်နှာဦး ဗြဟ္မာနတ်လူသုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော်စိမ့်သောငှါ တည်ထားကိုးကွယ်ရာ အသပြာပေါင်း (၈၀၀၀)ကျော်၊ ယင်းသို့ အရပ်ရပ်ရုံးပေါင်း လတ်သော် နှစ်သောင်းကျော်သော ရတနာအသပြာတို့ကို တွယ်တာမက်မောနမျောနှစ်သက် ငဲ့မကွက်ပဲ ဖိုလ်မင်္ဂထီးဖြူ ရှစ်စင်းထူ၍ နိဗ္ဗူကြငှန်း ရွှေမြို့နန်းဝယ် စံမြန်းအံ့ငှါ မဟာကုသလ ဉာဏသမ္ပယော အာရုံပြောလျက် စိတ်ဇောထက်မြက် သဒ္ဓါလက်ဖြင့် ရက်ရက်မညှိုး ကုသိုလ်မျိုးကို စိုက်ပျိုးကြဲမြုပ်ပါသတည်း။ ဤသို့ယခုအစုစုဖြင့် ပြုပြုသမျှ ပရိကံ အာနိသံသ ကျိုးဖလတို့ကို ဘဝတကွေ့ ပြောင်းရွှေ့ခန္ဓာ ကျောင်းတကာနှင့် ဆရာမိဖ ဖိုးဘွားကလျှင် စ၍မလပ် လူရပ်တည်တည် နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ် အပါယ်လေးဘုံ ကြုံကြိုက်ကြုံသမျှ ထလဇလ အာကာသ စာရီ ထိုဤမလပ် လောကဓာတ်ကို အမှတ်တရ ပြည့်ကိုငှအောင် အမျှအကျွန် ဝေပါ၏။ အကျွန်ဝေတိုင်း ဆုတ်ဆိုင်းမဲ့စွာ ဝမ်းသာအင်ဖြိုး လူတရိုးနှင့် မြေစိုးရေစိုး ထက်မိုးကောင်းကင် ပွဲတင်ချေးချေး တော်သံကြွေးလျက် နောင်ရေးမျှော်ရှု သဒ္ဓါမှုဖြင့် သာဓုခေါ်ကြပါစေသော်။

တက်ထွန်းမင်္ဂလာ မော်ကွန်းသာပိမ့် ရတနာခေါင်ထိ တုမရှိသည့် မုနိမြတ်စွာ စောသတ္ထာ၏ သာသနာဂိုဏ်း စဉ်ဆက်လှိုင်း၍ မြန်တိုင်းကြက်သရေ ကွန့်ရွှန်းဝေသား အောင်မြေအမရ တည်တန်သသည့် မင်းများဥက္ကဋ္ဌ ဘိုးတော်နတ်၏ မြေးမြတ်သကျ မင်းသီဟနှင့် နှစ်မအိမ်ရှင် ဝတ်ငါးအင်ဖြင့် ကြင်ကလျားနိုး မမကြီးတို့ မညီရင်သွေး ဂုဏ်ပြန့်မွှေးသား ခင်ထွေးမည်ရ ကျောင်းအမလျှင် ဗုဒ္ဓသာသနေ လယ်ကောင်းမြေထက် များထွေရတနာ အသပြာကို တွယ်တာမကွက် သဒ္ဓါလက်ဖြင့် ဖိုလ်မဂ်ရွှယ်ကိုး ကုသိုလ်မျိုးကို စိုက်ပျိုးတည်ထောင် ကျောင်းဆောင်ဆောင်နှင့် ခြောက်ရောင်ရှိန်ငြိ အစိန္တိ၏ နိမ္မိတဖျား ကိုယ်တော်ပွားမှ များပြားစုံစီ မွေသရီတို့ နေတည်ကိန်းဝပ် စေတီမြတ်ကို နတ်လူပြဟ္မာ ဖူးစိမ့်ငှါလျှင် ကောင်းစွာတည်ထ ပြည့်ငုံ၍ လောကတန်ဆောင် ငါးမာရ်အောင်ဟု အခေါင်တံဆိပ် ဘွဲ့ပုံနှိပ်လျက် မြကျောက်ထက်ဝယ် အက္ခရာငွေဝန်း သံပိုင်းညွန်းသည် မြင့်ကျွမ်းကမ္ဘာတည်ကြောင်းတည်း။

ဤသည်လျှင် မခင်ထွေး၏ ကုသိုလ်လောကတန်ဆောင်ဘုရားမှ ကျောက်စာ ဖြစ်လေသည်။

## စည်ကားခြင်းနှင့်ပျက်စီးခြင်း

ရှေးယခင်က သစ်ဆိမ့်တိုက်သည် လွန်စွာစည်ကားခဲ့သည်။ မူလကျောင်းကြီးမှာ အမရပူရမြို့က ရွှေ့ဆောက်ခဲ့သည့် မဟာဘုံကျော်ကျောင်းကြီး ဖြစ်လေသည်။ အုတ်ကျောင်းကြီးက မင်းတုန်းမင်းကောင်းမှုဖြစ်၏။ သံဃာ စည်ကားစဉ်က ကျောင်းပေါင်း ၃၀–ခန့် ရှိသည်ဟုသိရ၏။ ၁၂၄၄–ခုနှစ်၊ တန်ခူးလဆုတ် ၃–ရက်နေ့တွင် လောင်သောမီးဘေးတွင် သစ်ဆိမ့်တိုက်မှ ကျောင်းရံတချို့ မီးသင့်ခြင်းခံရ၏။ တဖန်လဆုတ် ၁၄–ရက်နေ့တွင် သစ်ဆိမ့်တိုက်မှပင် စတင်မီးလောင်ရာ ကျောင်းရံ ၉–ကျောင်း မီးလောင်ကျွမ်းခံရ၏။

## သံဃာဦးရေ

မင်းတုန်းမင်းတရားလက်ထက်နှင့် သီပေါမင်းတရားလက်ထက် ရှေ့ပိုင်းတွင် သစ်ဆိမ့်တိုက်၌ သံဃာ ၈၀၀–၉၀၀–၁၀၀၀–ရံဖန်ရံခါ ၁–ထောင်ပင် ကျော်သည်ဟု သိရ၏။ ထိုစဉ်က သစ်ဆိမ့်တိုက်၌ပင် အသံမတိတ်ဟု သိရ၏။ သို့ရာတွင်

တဖြည်းဖြည်း ကျဆင်းခဲ့ရာ ၁၃၂၄–ခုနှစ်က ရဟန်းတော် ၃၀၊ သာမဏေ ၁၇–ပါး ၂–ရပ်ပေါင်း ၄၇–ပါးအထိ ရှိခဲ့လေသည်။ ယခုမူ သံဃာတော် ၃၀–ခန့်သာ ရှိတော့သည်။ သံဃာတော် ၁၀၀၀–ကျော်ရှိစဉ်ကနှင့် ထောက်စာလျှင် ကွာခြားလွန်းလှပေသည်။

ဆရာတော် အရှင်ပညာသီဟလက်ထက်က သစ်ဆိမ့်တိုက် စာသင်သားရောက်လာလျှင် ဆွမ်းခံအိမ်မရမီ ၇–ရက် ဆွမ်းကျွေးထားလေသည်။ သင့်တော်ရာ ကျောင်း၌ ဆရာတော်က နေရာချထားပေး၏။ တပါးတသြဇာတည်းဖြစ်၍ စည်းစနစ်ကောင်းလှသည်ဟု ဆိုရ၏။ ဆရာတော်အရှင်ပညာသီဟ ပျံလွန်တော်မူပြီးနောက် တိုက်တာမှာ သံဃာဦးရေ တဖြည်းဖြည်း ကျဆင်းခဲ့သည်ဟု သိရ၏။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
သစ်ဆိမ့်သာသနဝံသောယံ၊ သမတ္တော သာဓုဝဏ္ဏိတော။

## သစ်ဆိမ့်တိုက် သာသနာဝင်ပြီး၏။

---

■ ■ ■

## ဝေဠုဝန် သာသနာဝင်

ဝေဠုဝန်ကျောင်းတိုက်သည် မန္တလေးမြို့မြောက်ပြင် ဘုန်းတော်ကြီးရပ်ကွက် မန္တလေးတောင် အရှေ့မြောက်ဖက်၌ တည်ရှိလေသည်။

ကျောင်းတိုက်အတွင်း၌ ကျောင်းကြီး,ငယ်ပေါင်း ၅–ဆောင်နှင့် သိမ်တလုံး ရှိလေသည်။ ၎င်းပြင် သာသနာတော် ၂၅၀၀–ပြည့်အထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော် ၁၉–တောင်ရှိ စေတီတစ်ဆူကိုလည်း ဖူးမြင်နိုင်လေသည်။

ကျောင်းတိုက်ကြီးကို လေးဖက်လေးတန်မှ မဟာရံတံတိုင်းဖြင့် ဝန်းရံထားရာ လှပတင့်တယ်လှပေသည်။ ကျောင်းတိုက်အကျယ်အဝန်းကား တောင်မြောက် ပေ–၄၃၀၊ အရှေ့အနောက် ပေ–၄၃၀–ရှိပြီး လေးထောင့်စပ်စပ်ရှိသဖြင့် ကျောင်းတိုက်အနေအထား အချိုးအစား ကျလှပေသည်။

## သမိုင်းအကျဉ်း

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၈–ခုနှစ်က သရက်မော် စံနန်းတော်ကို ဖျက်ယူ၍ ဤမည်သောကွက်လပ်တည်ဆောက်၍ အိန္ဒိယနိုင်ငံ မဂဓတိုင်း ရာဇဂြိုဟ်နန်းမြို့တော်၌ ရှိခဲ့ဘူးသော ဗိမ္ဗိသာရမင်းကြီး၏ ကောင်းမှုတော် ဝေဠုဝန်ကျောင်းတိုက်ဟူသော နာမည်ကိုပင် မှည့်ခေါ်၍ ပရိယတ္တိဝိသာရဒ၊ ဂန္ထန္တရကောဝိဒဂုဏ်တို့နှင့်ပြည့်စုံသော ဆရာတော် အရှင်နန္ဒမာလာ မဟာထေရ်မြတ်အား တင်လှူတော်မူခဲ့လေသည်။

■■■

# နန္ဒမာလာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်နန္ဒမာလာ

ဆရာတော်အရှင်နန္ဒမာလာသည် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ အာဒိကမ္မိကပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။

## ဖွားမြင်, ရှင်, ရဟန်းပြုခြင်း, ပညာသင်ခြင်း

ဆရာတော်အရှင်နန္ဒမာလာသည် သက္ကရာဇ် ၁၁၈၆–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းတော်မူခဲ့လေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရနှင့် အခြားကျမ်းဂန်တတ်ဆရာတော်များထံ၌ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

## ဝေဠုဝန်တိုက် နာယက

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၈–ခုနှစ်က ဝေဠုဝန်ကျောင်းတိုက်ကို တည်ဆောက်ပြီး တင်လှူကိုးကွယ်ခြင်းခံရသဖြင့် ဝေဠုဝန်ဆရာတော်ဟု ထင်ရှားခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ကပ်လှူခြင်း

သက္ကရာဇ် ၁၂၄၆–ခုနှစ်တွင် မာရ်အောင်ရတနာစေတီတော် ဒါယကာသီပေါမင်းတရားသည် ကျမ်းဂန်တတ်ဆရာတော် ၈၁–ပါးတို့အား ဘွဲ့တံဆိပ်တော်များ ၅–ဆင့်ခွဲ၍ သင့်တော်သလို ဆိုင်ရာမှူးကြီးမတ်ရာ သေနာပတိတို့နှင့် တိုင်ပင်၍ လှူဒါန်းခဲ့လေသည်။ ထိုဆရာတော်အရှင်နန္ဒမာလာသည် "နန္ဒမာလာဘိဓဇရာဇာဓိရာဇဂုရု" ဟူသော စတုတ္ထဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူခဲ့လေသည်။

## စာပေချုပ်၊ ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်နန္ဒမာလာသည် တိုက်တာကို ဓားမဦးချ တည်ထောင်၍ စာပေချုပ်ကာ ဘုရားမြွတ်စွာ သာသနာတော်စည်ပင်ရေး အားပေးတော်မူခဲ့လေသည်။ ယင်းသို့ သာသနာရေး အားပေးတော်မူယင်း ဇရာ-ဗျာဓိ နှစ်ချက်ငြိသဖြင့် သမ္ဗုတိမရဏာဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အဗလံ ဒုဗ္ဗလံ အာယု၊ ဗဟူဟိ သမ္ဘန္တံ ဘဝေ။

တသ္မာ မုဟုတ္တန္တရေပိ၊ ဘဝေယျ မရဏံ ဟိ ခေါ။[၁]

ယသ္မာ၊ အကြင်ကြောင့်။ အာယု၊ အသက်သမုတ် နာမ်နှင့်ရုပ်သည်။ အဗလံ၊ ခွန်အားဗလမရှိသည်လည်းကောင်း။ ဒုဗ္ဗလံ၊ လွန်စွာ အားနည်းသည်လည်းကောင်း။ ဗဟူဟိ၊ ထွက်သက်, ဝင်သက် လေးချက်ကျုရိယာ တဖြာပူအေး လေးထွေဘုတ်မဟာ အစာအာဟာရ စသည်စုပေါင်း များစွာသော အကြောင်းတို့နှင့်။ သမ္ဘန္တံ၊ ဆက်စပ်သည်လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ မုဟုတ္တန္တရေပိ၊ တမုဟုတ် ချက်တဖြုတ် တိုတောင်းသော ကာလအတွင်း၌လည်း။ မရဏံ၊ စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဘဝေယျ ဟိ ခေါ၊ ဖြစ်နိုင်သည်သာ။

■ ■ ■

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၈-ကြည့်ရှု။

## ဆရာတော် အရှင်တိလောက

ဆရာတော်အရှင်နန္ဒမာလာ မရှိသည့်နောက်တွင် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ အကြီးအကဲဖြစ်သောပုဂ္ဂိုလ်မှာ ဆရာတော်အရှင်တိလောက ဖြစ်လေသည်။ ဆရာတော် အရှင်တိလောကသည် သက္ကရာဇ် ၁၂၇၆–ခုနှစ် နောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာဒိစ္စ

ဆရာတော်အရှင်အာဒိစ္စသည် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ တတိယမြောက် မဟာနာယကဆရာတော် ဖြစ်တော်မူလေသည်။ ဆရာတော် အရှင်အာဒိစ္စကား ဘုန်းလည်းကြီး၏ သက်တော်လည်းရှည်၏ စာပေ၌လည်း တတ်မြောက်ကျွမ်းကျင်တော်မူ၏။

## ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မိတ္ထီလာခရိုင် သာစည်မြို့နယ် မိတ္ထီလာမြို့ အရှေ့ဖက် ၇–မိုင်ခန့် ကွာလှမ်းသော ရုံးတော်ရွာ၌ အဖဦးတာ, အမ ဒေါ်ပိုးမှုံတို့မှ သက္ကရာဇ် ၁၂၄၄–ခုနှစ်၊ တပိုတွဲလပြည့်ကျော် ၁၃–ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာ၏ ငယ်မည်မှာ မောင်ဆင် ဖြစ်လေသည်။

## ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် သက်တော် ၆–နှစ်သားအရွယ်တွင် ဂိုဏ်းအုပ်ဆရာတော် အရှင်ဝိစိတ္တာလင်္ကာရထံ မိဖတို့ကအပ်နှံသဖြင့် သင်ပုန်းကြီး, မင်္ဂလသုတ်မှစ၍ အောက်ခြေစာများကို သင်ကြားတော်မူခဲ့ပြီး အထက်တက်ကာ သဒ္ဒါ, သင်္ဂြိုဟ်မှစ၍ အဆင့်ဆင့် သင်ယူခဲ့လေသည်။ ကျောင်းသားဝတ်နှင့် ဖော်ပြပါ အရှင်ဝိစိတ္တာလင်္ကာရဆရာတော်ထံ၌ ဝိနည်း, အဘိဓမ္မာကျမ်းတချို့ကို သင်ယူတော်မူခဲ့လေသည်ဟု သိရလေသည်။

## မန္တလေးခင်မကန်တိုက်ရောက် သာမဏေဝတ်

ဆရာတော်လောင်းလျာသည် သက်တော် ၁၁–နှစ်သားအရွယ်တွင် မန္တလေး ခင်မကန်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကုဋာရာမ တိုက်ဆရာတော် အရှင်တေဇဝန္တထံရောက်ရှိ၍ ရှင်သာမဏေဝတ်ကာ ၃–နှစ် တိုင်တိုင် ပညာသင်ကြားတော်မူခဲ့လေသည်။

## ရဟန်းဖြစ်ခြင်း ဆက်လက်ပညာသင်ခြင်း

ဆရာတော်လောင်းလျာသည် သက်တော် ၂၀–နှစ်ရှိရာ၊ သက္ကရာဇ် ၁၂၆၄–ခုနှစ်၊ တပေါင်းလဆန်း ၁၀–ရက်နေ့ နံနက် ၈–နာရီအချိန်တွင် မန္တလေးမြို့၊ ခင်မကန်တိုက်သိမ်၌ မူလသာမဏေ ဥပဇ္ဈာယ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မကုဋာရာမတိုက်ဆရာတော် အရှင်တေဇဝန္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘာဝဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်အာဒိစ္စ ဖြစ်လေသည်။ ရဟန်းဖြစ်ပြီးနောက်၌လည်း ဥပဇ္ဈာယ်ဆရာတော်ထံတွင် ၃– နှစ် တိုင်တိုင် ဆက်လက်၍ ပညာသင်ကြားတော်မူခဲ့လေသည်။

၄င်းနောက် မန္တလေးမြို့ အရှေ့ပြင် အတုမရှိတိုက် ရွှေနန်းတော်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဝိနည်းမိုရ် သုဓမ္မာဝင်ဆရာတော်ဘုရားကြီး အရှင်ဉာဏနှင့် အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော် အရှင်အဂ္ဂဝံသတို့ထံတွင် ၅–နှစ်တိုင်တိုင် ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

## ဝေဠုဝန်ဆရာတော်ဖြစ်ခြင်း

ဘုန်းတော်တိုးရပ်ကွက်ရှိ သဒ္ဓါတရားနှင့်ပြည့်စုံကြသော ဒကာဒကာမ အပေါင်းတို့သည် ဆရာတော် အရှင်အာဒိစ္စထံမှောက် ရောက်ရှိကြကုန်၍ မိမိတို့ ဘုန်းတော်တိုးရပ်ကွက်ရှိ ဝေဠုဝန်ကျောင်းတိုက်၌ ကြွရောက်သီတင်းသုံး နေထိုင် တော်မူပါမည့်အကြောင်း ရှိသေညွတ်ပြောင်း လျှောက်ထားကြကုန်၏။

ဆရာတော်အရှင်အာဒိစ္စသည် ယင်းသို့ လျှောက်ထားတောင်းပန်ချက်ကို နှစ်သက်ကြည်ဖြူ လက်ခံကာ သက္ကရာဇ် ၁၂၇၄–ခုနှစ် ဝါဆိုလဆန်း ၁၀– ရက်နေ့တွင် ကြွရောက်တော်မူ၍ သီတင်းသုံးတော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ ဝေဠုဝန်ဆရာတော်ဟု ထင်ရှားလာလေသည်။

သက္ကရာဇ် ၁၂၇၆–ခုနှစ်တွင် ဝေဠုဝန်တိုက် ဦးစီးနာယကဆရာတော် အရှင်တိလောကသည် ဂရုဘဏ် လဟုဘဏ်နှင့်တကွ အားလုံးကို အရှင်အာဒိစ္စအား လွှဲပြောင်းအပ်နှံခဲ့လေသည်။

## သံဃာတော် ၅၀–ခန့် စာပို့ချခြင်း

ဆရာတော်သည် မိမိထံမှောက် မိုခိုရောက်ရှိလာသော ရဟန်းသာမဏေ ၅၀–ခန့်တို့အား နေ့ဝါ, ညဝါစာပေပို့ချကာ ဘုရားမြတ်စွာ သာသနာလင်းလက်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

သံဃာတော် ဆိတ်သုဉ်းချောက်ကပ်ကပ်ဖြစ်နေသော ဝေဠုဝန်ကျောင်းတိုက်သည် သက်နှီးရောင်တို့ဖြင့် တင့်ရွှန်းခဲ့လေသည်။

## ပရိယတ္တိသာသနဟိတဓမ္မာစရိယ(မူလစာချ) ဖြစ်ခြင်း

ယင်းသို့ စာပေချပို့ရာ ကျော်ကြားသဖြင့် ၁၂၇၅–ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီး "ဘဒ္ဒန္တအာဒိစ္စာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (မူလစာချ)" အဖြစ်ဖြင့် ဆွမ်းဆန်တော်စသည် ထောက်ပံ့လှူဒါန်း ကိုးကွယ်ခြင်းကို ခံတော်မူခဲ့လေသည်။

## ဘွဲ့တံဆိပ်များ ဆက်ကာဆက်ကာ ရရှိခြင်း

ဆရာတော်အရှင်အာဒိစ္စသည် ရဟန်းသိက္ခာ ၁၂–ဝါအရတွင် တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီး ချီးမြှင့်အပ်သော တိုက်ကြပ်ဆရာတော်, တိုက်အုပ်ဆရာတော်ဟူသော အမိန့်တော် တံဆိပ်တော်များကို ရရှိခဲ့လေသည်။

ရဟန်းသိက္ခာ ၂၀–ဝါအရတွင် မန္တလေး မြောက်ပြင်ဌာနအုပ်ဆရာတော်, ဌာနချုပ်ဆရာတော်, ဒုတိယသုဓမ္မာဝင်ဆရာတော်ဟူသော ဘွဲ့တံဆိပ်တော်လက်မှတ်တို့ကို ရရှိတော်မူခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ, ပဌမသုဓမ္မာဝင်, ဆဋ္ဌသံဂါယနာဩဝါဒါစရိယ

သက္ကရာဇ် ၁၂၈၈–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည့်ပြင် ပဌမသုဓမ္မာဝင်ဆရာတော်ဟူသော ဘွဲ့ထူးနာမံကိုလည်း ရရှိတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၃၁၆–ခုနှစ် ကဆုန်လပြည့်နေ့မှ စတင်ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယအဖြစ်ဖြင့်လည်း ဆောင်ရွက်တော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုခြင်း

ဆရာတော်အရှင်အာဒိစ္စသည် ရဟန်းတော်အရှင်မာလာနှင့် ဗိုလ်ကြီးသိန်းကျော် ဇနီးတို့၏ တောင်းပန်ခြင်းကြောင့် ဒုစ္စရိတာဒိ ဒီပနီမည်သောကျမ်းကိုလည်း ၁၂၉၈–ခုနှစ်၊ တပိုတွဲလဆန်း ၄–ရက်နေ့တွင် အပြီးသတ်ရေးသားပြုစုတော်မူခဲ့လေသည်။

ကျမ်းဦး၌–

(၁) လောကနာထံ ဗုဒ္ဓံ နတွာ၊ ဓမ္မံ သုဇနသေဝိတံ။
ခေတ္တံ သံဃဥ္စ ဂုရုနံ၊ ဂန္ထမာစရိယာဒိနံ။

(၂) မာလာဝှယေန ဘိက္ခုနာ၊ သုတေသိနာဘိယာစိတော။
သမာသေန လိခိဿာမိ၊ ဒုစ္စရိတာဒိဒီပနီ။

(၁) အဟံ၊ ရတနပုဏ္ဏ မန္တလဟု နာမပုံ့မွေး မန္တလေးပဗ္ဗတ ရှေ့မြောက်ကျတွင် ဝိဟာရမည်ရ ဝေဠုဝန၌ ယာပထလေးလီ မျှညီရွှင်ပြုံး သီတင်းသုံးရာ ပုဂ္ဂလဝိသိဋ္ဌ ဟိတ်သညာရ မန္တလေးမြောက်ပြင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဌမသုဓမ္မာဝင် ငါဝေဠုဝန်ဆရာတော်ဘုရားကြီးသည်။ လောကနာထံ၊ ဖြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူညွှတ်ကြ ဝဋ္ဋဒုက္ခမှ မုချလွတ်မည် စိတ်ကရည်၍ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် အရဟတ္တကျိုးရွှယ် ကိုးကွယ်ရာအစစ်ဖြစ်တော်မူထသော။ ဗုဒ္ဓဥ္စ၊ နေနှင့်သင့်ကာ ကြာပဒုမ္မာ၏ ငုံကာစွင့်စွင့် ကားကားပွင့်သို့ လေးဆင်းသာစွာ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂဘာဝနာ မြတ်ဓမ္မာကို ဆရာမမှီး တယောက်ထီးတည်း သိတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း။ သုဇန သေဝိတံ၊ အဋ္ဌာသယ ခြောက်ဝလိုတူ ဗုဒ္ဓင်္ကုံရ လောင်းလျာစ၍ သာဝက

ပကတိ ပဋ္ဌနာရှိသည့် ဓိတိသီလာ ကျင့်သိက္ခာနှင့် ကလျာအပေါင်း သူတော်ကောင်းတို့၏ ဂေါစရာသေဝန ဘာဝနာသေဝနတို့၏အစွမ်းအားဖြင့် မှီဝဲရာဖြစ်တော်မူသော။ ဓမ္မဥ္စ၊ သွက္ခာတတာ ဂုဏ်ခြောက်ဖြာနှင့် လောကုတ္တရာနဝ မဂ္ဂလေးဖြာ ဖိုလ်မှာလေးရပ် နိဗ္ဗာန်ဓာတ်နှင့် ပရိယတ်သချ်ာ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်သော တရားတော်မြတ်ကိုလည်းကောင်း။ ခေတ္တံ၊ ဒသ သုစရိတာ မြတ်ဆယ်ဖြာနှင့် ပုညာကာရိယ ဓမ္မဆယ်တန် ဗီဇံအလား စိုက်ထားရာဌာန လယ်ပမာဏအတူ ကောင်းမှုဟူသမျှတို့၏ တည်ရာမှီရာဖြစ်တော်မူသော။ သံဃဥ္စ၊ သုပ္ပဋိပန္နတာစ နဝကိုးတန် ဂုဏ်ပေါင်းလျှံသဖြင့် မဂ္ဂဌာန်လေးယောက် ဖလဌာန် လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ မေ–မမ၊ နေမင်းပမာ ရောင်ဝါထွန်းပ သာသနာ့အကျိုးသည်ပိုးရွက်ဆောင် ခေါင်အမတ နိဗ္ဗာနကို လိုလှုဖြစ်အင် ခင်မင်မက်မော မနောအချုပ် အကျွန်ုပ်၏။ ဂုရုနံ၊ ကျောက်ထီးတန္ဒု အလေးပြု၍ သမုတိပညတ် အမြတ်တရား ထင်ရှားကျော်ဇောခြင်းရှိကုန်သော။ ဂန္ထမာစရိယာဒိနဥ္စ၊ ဝါကျသမူဟ ကျမ်းဂန္ထကို တရံမစဲ ငယ်ကတည်းက အမြဲပို့ချ အာစရိယအဆက်ဆက် လက်ဦးအစ ပြသပေးရာ မိတ္ထီလာနဂရ မြို့မအရှေ့ မရွှေ့တည်ရာ ကြိတ်ပုလဲဂါမ ဝိဟာရ ပျော်မှီး ဦးမေဓာဇ ဆရာတော်ဘုရားကြီးအစ ဒုတိယမှာ ရုံးတော်ရွာဂါမ အာဝါသမှီး ဦးဝိစိတ္တာဇ ဆရာတော်ဘုရားကြီးထံ သင်အံ့လေ့ကျက် ဆောင်ရွက်ပြီးမှ ဗုဒ္ဓဓမ္မ သံဃရတနာ စုပုံရာဟု ဘဝဂ္ဂါတိုင် သီတင်းလှိုင်မွှေး နဂရရွှေပြုဗ္ဗာတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သုဓမ္မာဝင် အတုမရှိ ရွှေနန်းကျောင်း ဆရာတော်ဘုရားအဆုံး ရှေးထုံးနည်းပြု ဆရာ့ဆရာတော် ဘုရားကြီးတို့ကိုလည်း။ အာဒရံ၊ ရိုသေစွာ။ ပဥ္စပတိဋ္ဌိတေန၊ ငါးဝအင်္ဂါ စုံလင်စွာဖြင့်။[1] နတွာ–နမာမိ၊ မနောဟာဒယ ဇောမြတ်ကြွ၍ သောမနဿဉာဏ် ပီတိလျှံသဖြင့် အတန်တန် ရှိခိုးပါ၏။

(၂) နတွာ၊ ရှိခိုးပြီး၍။ သုတေသိနာ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ် အကျယ်ဓမ္မက္ခန္ဓာ နည်းများစွာကို ဖွင့်ဆိုရာ သံဝဏ္ဏနာအဋ္ဌကထာအလို ဋီကာဆိုနှင့် သင့်မသင့်ကို ချင့်၍နှိုင်းစာ အရာရာကို လိမ္မာပွန်းတီး ဆရာတော်ဘုရားကြီးတို့

---

၁။ အင်္ဂါငါးလီတည်ခြင်းဖြင့်။ သို့မဟုတ် အင်္ဂါငါးထွေ မြေ၌တည်ခြင်းဖြင့်။ ပေးလျှင် ပိုကောင်းပါသည်။

အထံမှ သင်အံမှတ်သား သုတများကို ရှာမှီးတော်မူလေ့ရှိသော။ မာလာဝုယေန၊ မာလာအမည်ရှိသော။ ဘိက္ခုနာ၊ ရဟန်းနှင့်။ ဗိုလ်ကြီးသိန်းကျော် မာမာနွယ်တိ တုဒမ္ပတီဟိ၊ ဗိုလ်ကြီးသိန်းကျော်+ဗိုလ်ကြီးကတော် မာမာနွယ် ဇနီးမောင်နှံတို့သည်။ အဘိယာစိတော၊ ကျောက်ထီးပမာဏ ဂါရဝဖြင့် သက္ကစ္စအတန်တန် ရှေးရှုတောင်း ပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။ သမာသေန၊ အကျယ် ဝိတ္ထာရ မပြချန်ဖယ် အလယ်အလတ် အမှတ်မထား မရေးသားပဲ အများဗိုလ်လူ သိစိမ့်ဟူ၍ လွယ်ကူမှတ်သား အကျဉ်းအားဖြင့်။ ဒုစ္စရိတာဒိဒီပနိ၊ ဒုစ္စရိတာဒိ ဒီပနီအမည်ရှိကျမ်းကို။ ဝါ၊ ဒုစရိုက် သုစရိုက်အစရှိသည်တို့ကို ထွန်းပြရာ ထွန်းပြ ကြောင်း ဖြစ်ခြင်းကြောင့် ဒုစ္စရိတာဒိဒီပနီအမည်ရှိသောကျမ်းကို။ လိခိဿာမိ၊ ရေးသားပေအံ့။

ဟူသော ၂– ဂါထာပါဌ် နိဿယဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်ဖော်ပြ၍ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း–

မိတ္ထီလာတိဝှယနဂရဿ ပုရတ္ထိမဒိသာဘာဂေ သတ္တနိမိတဒွာနေ ရုံးတောက္ကတိအဝှယော ဂါမော ဟောတိ။ တတ္ထ ဦးတာတိသညော ပိတာ စ ဒေါ်ပိုးမှုံ က္ကတိနာမာ စ မာတာ ဝသတိ။ တေသု ဟိ မာတုယာ ဥရသ္မာ ပုတ္တော သက္ကရာဇသ ဧတုစတ္တာလီသ ဒွိသတေက သဟဿေ ဝဿေ ဟေမန္တဿ ကုမ္ဘမာသဿ ကာလပက္ခေ တေရသမဒိဝဿ ရဝိဝါရဿ ရတ္တိယာ ဇာတော။ တဿ မင်္ဂလဒိဝသေ မာတာပိတရော မောင်ဆင့်က္ကတိနာမံ ပညာပေန္တိ။ ဒွါရက် ပဥ္စဝသေ ကာလေ အတိက္ကမေ သီလဝန္တ သိက္ခာကာမ ဂန္ထန္တရ ဗဟုသုတဿ ဝိစိတ္တာလင်္ကာရနာမဿ ဂဏာစရိယ မဟာထေရဿ သန္တိကေ နာနာဂန္ထန္တရေ သိက္ခာပနတ္ထာယ ထပေန္တိ။ တတော ပဋ္ဌာယ ပုဗ္ဗပရိစိတဉာဏသမ္ဘာရဿ ဒွါရကဿ အာသေဝနာနုဘာဝေန ခုဒ္ဒကနိကာယပဒေသော ဂန္ထော သိက္ခိတော။

အထ တိဿာယုဿဂဏနာယ တေရသမဝဿော ဟောတိ။ တဒါ ကုလပုတ္တော စိန္တေသိ။ အဟော ဝတ မေ အင်္ဂလာဒိ ဒီပိန္ဒာနံ ရာဇူနံ ကာလေ ဗုဒ္ဓါဒိ ရတနာပုဥ္ဇ မန္တလနဂရံ အဂ္ဂိရထံ အာရုယှ ဂတောတိ။ သော ဂန္ဓာ မန္တလာ နဂရဿ ပစ္ဆိမာယ ဒိသာယ အတ္ထိ ခင်ပုဂံတိဝှယော ဝိဟာရာရာမော။ တတ္ထ တေဇဝန္တနာမဿ ထေရဿ ဝိဟာရော။ တသ္မိံ တဿ သန္တိကေ တိသရဏေန သဒ္ဓိံ ဒသသီလာနိ သမာဒိယိတွာ သာမဏေရပဗ္ဗဇ္ဇံ ပတွာ တေသံ တေသံ ဓမ္မာစရိယာနံ သန္တိကာ နာနာဂန္ထန္တရေ ဥဂ္ဂဏှိတွာ ဓာရေတွာ ဝတ္တပဋိပတ္တိံ ပရိပူရေန္တေန သတ္တဝဿာနိ ဝသတိ။

အထ ဟိဿာယု ပရိမာဏံ ဝီသတိဝဿော ပရိပူရတိ။ ဥပသမ္ပဒကမ္မပ္ပဟောန္တော ဟုတွာ ဥပဇ္ဈာစရိယာဒီနံ သန္တိကေ ဥပသမ္ပဒံ ပတ္တော။ တဿာစရိယေဟိ အာဒိစ္စောတိနာမံ ပညာပေတိ။ တတော ပဋ္ဌာယ ဒိနေဒိနေ ဒွေမာတိကံ ပဂုဏံ ကတွာ မန္တလာ နဂရဿ ပစ္ဆိမေ ဒိသာဘာဂေ ခင်ပုဂံတိ နာမဿ မဟာဝိဟာရာရာမဿ အန္တေ ဝသန္တဿ အဂ္ဂမဟာပဏ္ဍိတ လဉ္ဆိတဿ လဒ္ဓဿ ပစ္ဆိမာ ဌာန ဂဏာစရိယဿ သံဃနာယက မကုဋ္ဌရာမာစရိယဿ သန္တိကာ တေပိဋကနာနာဂန္ထန္တရနယံ ဥဂ္ဂဏှိတွာ ဓာရေတွာ တဿ ဝဿ ဂဏနာယ တိဝဿောဝ အဟောသိ။ အထ ပဥ္စမ သံဂါယန္တ ဂုဏဝိသိဋ္ဌတရဿ ရတနာပုဥ္ဇ မန္တလာ နဂရဿ ပုရတ္ထိမဒိသာဘာဂေ အတုလမဟာဝိဟာရာ ရာမေ ဟောတိ။ တဿန္တေ ရွှေနန်းတော်တိ အဝှယော ဝိဟာရော တသ္မိံ ဝသန္တဿ အဂ္ဂမဟာပဏ္ဍိတ လဉ္ဆိတ လဒ္ဓဿ ဝိနယဓရဿ သုဓမ္မာပဝိသနာစရိယဿ တေပိဋကဝါစကဿ ပုန သန္တိကေ နိရန္တရံ တေပိဋကနာနာဂန္ထန္တရေ ဥဂ္ဂဏှိတွာ ဓာရေတွာ သုဋ္ဌု နယံ လဒ္ဓေါ ဟုတွာ အတ္တနော ပရိစယံ အာသေဝနာနုဘာဝံ ဥပနိဿယံ ကတွာ သိဿာနံ ပရေသံ ဘိက္ခူနံ နာနာဂန္ထန္တရနယံ ဝါစေတုံ ဥဿာဟော ဘဝိဿတီတိ မနသိ ကရိတွာ ဝသတိ။

တသ္မိံကာလေ အာဒိစ္စနာမဿ ဘိက္ခုနော ဝဿဂဏနာယ အဋ္ဌဝဿိတော ဟောတိ။ အထ ဟိ အာဒိစ္စနာမ ဘိက္ခုံ ဥပသင်္ကမိတွာ သဒ္ဓါပသန္နေဟိ သမ္ပန္နာဂတာ သပ္ပုရိသ ဒါယကာ တဿ နဂရဿ ဥတ္တရာယ အနုဒိသာယ ဘုန်းတော်တိုးကြတိ အဝှယော ဂါမော။ တတ္ထ ဝသန္တာ မနုဿာ အတ္ထိ။ ဂါမိကာဒိ ဥပါသကာ ဘိက္ခုံ ဥပသင်္ကမိတွာ ဒွိတိက္ခတ္တုံ အမှာကံ ပဋိသေဝနတ္ထာယ ပူဇိတတ္ထာယ အာသန္နတရေ ဝေဠုဝန နာမကေ ဝိဟာရာ ရာမေ ဓမ္မသဝနတ္ထာယ အဝေါစုံ။ သမ္ပဋိစ္ဆိ သမ္ပဋိစ္ဆိတွာ စတုသတ္တတိ ဒွိသတေက သဟဿဝဿေ အာသဠှီမာသဿ သုက္ကပက္ခဿ ဒသဒိဝသေ ဂန္တွာ ဝသတိ။

တတ္ထ ဝသိတွာ ပညာသံ ပရေသံ သိဿာနံ သာမဏေရ ဘိက္ခူနံ နာနာဂန္ထန္တရေ ရတ္တိဒိဝံ ဝါစေတိ။ သာသနဘာရဉ္စ ဥဿာဟံ ကတွာ ဓာရေတိ။ တေဟိ ဝုတ္တဂုဏေဟိ ပရိယတ္တိဓမ္မံ ကထေန္တံ အာဒိစ္စနာမ ဘိက္ခုဿ ပဥ္စမသံဂါယန္တဿ ရာဇိနော ဒေဝိပုတ္တာ မာသနိမန္တရံ ကပ္ပိယဘဏ္ဍာနိ ဒေယျဓမ္မ တဏ္ဍုလာဒီနိ ဒေန္တိ။ တေဟိ ဂုဏေဟိ သမ္ပန္နာဂတဿ ဂဏဝါစက ပဌမစာချ ဂုဏဝိသိဋ္ဌတရဿ ထေရဿ သက္ကရာဇေ သဋ္ဌိဒွိသတေက သဟဿဝဿံ

အာဒိ ကတွာ ပရိယတ္တိသာသနာဟိတသာမဂ္ဂီ ကတွာ တေ ပုဂ္ဂလာ မာသနိရန္တရံ တဏ္ဍုလာဒိနိ ဒါတဗ္ဗဝတ္တုနို။

အထ ဟိ သက္ကရာဇေ ဆသတ္တတိ ဒွိသတေက သဟဿဝသေ ဝေဠုဝန ဝိဟာရိဿရော တိလောကနာမ မဟာထေရော အတ္တနော ဣဿရိယဘဏ္ဍာနိ ဝုတ္တဂုဏသမ္ပန္နဿ ထေရဿ ဒေတိ။ တဿ စ အာဒိစ္စနာမ ထေရဿ အာယုနော ဂဏနာယ ဒွတ္တိံသဝဿတော သမဏပတ္တေ ဝဿေ ဂဏနာယ တေရသ ဝဿော ပရိပူရတိ။

အထ သံဃိဿရော မဟာသံဃရာဇထေရော သံဃနာယတော တဿ အတ္တနော ဝိဟာရန္တေ သိဿသမူဟာနံ ဩဝါဒကမ္မံ ကရောဟီတိ ဒေတိ။ ထေရဿ သမဏပတ္တဝသေ ဂဏနာယ ဝီသတိဝဿိတော ပရိပူရတိ။ အထ တဿ ရတနာပုဋ္ဌ မန္တလနဂရဿ ဥတ္တရာယ ဒိသာယ ဂဏာစရိယောတိနာမံ ဒေတိ။ အထ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓိတံ ဒေတိ။ အထ ပဌမ သုဓမ္မာ ပဝိသနာ စရိယောတိနာမံ ဒေတိ။ တေဟိ ဂုဏေဟိ သမ္ပန္နာဂတေန အဂ္ဂမဟာပဏ္ဍိတ လဒ္ဓိတလဒ္ဓ ပဌမသုဓမ္မာ ပဝိသတာစရိယထေရေန သက္ကရာဇေ အဋ္ဌနဝုတိဒွိ သတေကသဟဿဝသေ ကုမ္ဘမာသဿ သုက္ကပက္ခဿ စတုတ္ထဒိနေ ရစိတော ဒုစ္စရိတာဒိ ဒီပဏီနာမ ဂန္ထော နိဋ္ဌိတော။

မိတ္တိလာတိဝှယ နဂရဿ၊ ဇမ္ဗူဒီပ မဇ္ဈိမချက် ဗွေတိုင်းဌာနေတွင် ဗုဒ္ဓေလောင်းလျာ မင်းမဟော်သဓာတို့ နှစ်မျိုးဝမ်းသာ ပျော်ရွှင်ကာဖြင့် မိတ္တိလာဟု ပမာပြု၍ အထုသညာ မိတ္တိလာခေါ် နေပြည်တော်၏။ ပုရတ္ထိမဒိသာဘာဂေ၊ ရှေ့ရပ်မျက်နှာဘို့ဘာဂဌ်။ သတ္တနိမိတဌာနေ၊ ခုနှစ်မိုင်ကွာရပ်ဌာနာဌ်။ ရုံးတော တိဝှယော၊ ရုံးတောသညာ လူတကာ၏ နှုတ်လျှာရွှရွ ခေါ်ဆိုကြသော။ ဂါမော၊ ဘုရားပညတ် ခေါ်တွင်အပ်သည့် မပြတ်မိုးလ နေထိုင်ကြမှု ရွာဟုမည်သည်။ ဟောတိ၊ ထင်ရှားဖြစ်၏။ တတ္ထတသ္မိံဂါမေ၊ ထိုရွာဌ်။ ဦးတာတိသညော၊ ဦးတာဟူ၍ အမည်ရှိသော။ ပိတာစ၊ ဖြဟ္မာစရိယ လေးလီရ၍ မွေးသည့်ဖခင် ကျေးဇူးရှင် သည်လည်းကောင်း။ ဒေါ်ပိုးမှုံဣတိနာမာစ၊ ဒေါ်ပိုးမှုံဟူ၍ အမည်ရှိသော။ မာတာ စ၊ ကလလရေကြည် စတည်ရှိက ဖြဟ္မစရိယအမွန် အဘထက်လွန်၍ သုမွန်ဗုဒ္ဓ ပြုကြအထူး ကျေးဇူးများအင် မွေးမိခင်သည်လည်းကောင်း။ ဝသတိ၊ ဗာဟိရကိစ္စ အဝဝမှီ လေးလီယာပထ မျှတသမျှ နေထိုင်ကြ၏။

ဟိဝိတ္တာရေမိ၊ ထိုစကားကို အကျယ်တဝင့် ဘွင့်၍ပြဦးအံ့။ တေသု၊ ထိုမိဘနှစ်ပါးတို့တွင်။ မာတုယာ၊ အမိ၏။ ဥရသ္မာ၊ ရင်မှ။ သက္ကရာဇေသ၊ သချာၤတွက်စစ် သက္ကရာဇ်၏။ စတုစတ္တာလီသ ဒွိသတေကသဟသေ၊ ၁၂၄၄-ခုမြောက်သော။ ဝသေ၊ ရာသီဒွါဒသ ဆဲ့နှစ်လဟု ဆိုအပ်သောနှစ်၌။ ဟေမန္တသေ၊ ဆီးနှင်းပြည့်ဂ လျှောကျ၍ ဆောင်းခါသမယဟုဆိုအပ်သော။ ကုမ္ဘမာသသေ၊ ပေါက်လဲကင်းစ တပိုတွဲလ၏။ ကာလပက္ခေ၊ လပြည့်ကျော်ဟု အခေါ်တနဲ လဆုတ်ပက္ခထဲ၌။ တေရသမဒိဝသေ၊ တဆယ့်သုံးရက်မြောက်သော ရဝိဝါရသေ၊ တနင်္ဂနွေနေ့၏။ ရတ္တိယာ၊ ညဥ့် (၃)ချက်တီးကျော် (၂)နာရီ (၁)ပါဒ် (၁၁)ဗီဇနာ (၅)ပြန် (၃)ခရာအချိန်၌။ ပုတ္တော၊ မာတာပီတ မိနှင့်ဘတို့ ဟဒယရွှင်ပြုံး နှစ်လုံးကြည်လင် သားရွှေစင်ကို။ ဇာတော၊ ချမ်းသာကြည်လင် ဘွားမြောက်မြင်၏။ တဿပုတ္တဿ၊ ထိုသို့ မျက်နှာရွှင်ပြ သားပုတ္တအား။ မင်္ဂလဒိဝသေ၊ ဣဋ္ဌကန္တ မနာပနှင့် လာဘထွေထွေ များစေအောင်ကြောင်း မကောင်းရိတ်လေ့ မင်္ဂလာရှိသော နေ့၌။ မာတာပီတရော၊ အမိအဘတို့သည်။ မောင်ဆင့်က္လတိ၊ မောင်ဆင့်ဟူ၍။ နာမံ၊ အမည်ကို။ ပညာပေန္တိ၊ မှည့်ကုန်၏။ ဒါရကံ၊ သူငယ်ကို။ ပဉ္စဝသေ၊ ငါးနှစ်ရှိသော။ ကာလေ၊ အခါကို။ အတိက္ကမေ၊ လွန်မြောက်သော။ ဆဝသေ၊ ခြောက်နှစ်အတွင်း၌။ သီလဝန္တသိက္ခာကာမဂန္ထန္တရဗဟုသုတဿ၊ သီလဖြူစင် သိက္ခာမင်၍ ထင်ထင်လျှားလျှား ကျမ်းဂန်များကို အထူးနားဝ ဗဟုသုတ ရှိတော်မူထသော။ ဝိစိတ္တာလင်္ကာရနာမဿ၊ ဦးဝိစိတ္တာလင်္ကာရ အမည်တော်ရှိသော။ ဂဏာစရိယမဟာထေရဿ၊ ဂိုဏ်းဆရာဖြစ်တော်မူသော မဟာထေရ်ကြီး၏။ သန္တိကေ၊ အထံတော်၌။ နာနာဂန္ထန္တရေ၊ အမျိုးမျိုး အထူးထူးသောကျမ်းဂန်တို့ကို။ သိက္ခာပနတ္ထာယ၊ သင်စေအံ့သောငှါ။ ထပေန္တိ၊ ထားကြကုန်၏။ တတော၊ ထိုဂဏာစရိယမထေရ်ကြီးထံ ထားသည်မှ။ ပဋ္ဌာယ၊ စ၍။ ပုဗ္ဗပရိစိတဉာဏ သမ္ဘာရဿ၊ ရှေး၌လေ့ကျက် ဖြည့်ဆည်းပူးအပ်သော ဉာဏ်တည်းဟူသော အဆောက်အဦးရှိသော။ ဒါရကဿ၊ သူငယ်၏။ အသေဝနာနုဘာဝေန၊ အဘန်တလဲလဲ မှီဝဲထုံအပ်သော အာနုဘော်ကြောင့်။ ခုဒ္ဒကနိကာယပဒေသော၊ ခုဒ္ဒကနိကာယ်၏အစိတ်ဖြစ်သော။ ဂန္ထော၊ ဝိနည်းအဘိဓမ္မာ နှစ်ဖြာပါဠိ လာရှိအဋ္ဌကထာ ဋီကာလက်သန်း ဆန်းအဘိဓာန် ကျမ်းထိုထိုကို။ သိက္ခိတော၊ သင်အပ်ပြီ။

ဟိ၊ အထူးကား။ အထတသ္မိံကာလေ၊ ထိုအခါ၌။ အသဿဒါရကာဿ၊ ထိုသူငယ်၏။ အာယုသ္မာ၊ အသက်မူ။ ဂဏနာယ၊ ရေတွက်အပ်သည်။ သတိ၊ ရှိသော်။ တေရသမဝဿော၊ တဆယ့်သုံးနှစ်ရှိသောအခါ၌။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ အဟောဝတမေ အင်္ဂလာဒိ ဒီပိန္ဒာနံ ရာဇူနံကာလေဗုဒ္ဓါဒိ ရတနာပုဥ္ဇ မန္တလနဂရံ အဂ္ဂိရထံ အာရုယှ ဂတောတိ။ လ။ ဂတောဟူ၍။ စိန္တေသိ၊ ကြံ၏။ မေမယာ၊ အကျွန်ုပ်သည်။ အင်္ဂလာဒိ ဒီပိန္ဒာနံ၊ အင်္ဂလန်အစရှိသော ကျွန်းတို့ကို အစိုးရကုန်သော။ ရာဇူနံ၊ မင်းတို့၏။ ကာလေ၊ လက်ထက်တော်၌။ ဗုဒ္ဓါဒိ ရတနာပုဥ္ဇ မန္တလ နဂရံ၊ ဘုရားအစရှိသော ရတနာတို့၏ စုပုံရာဖြစ်သော မန္တလေးမြို့သို့။ အဂ္ဂိရထံ၊ မီးရထားကို။ အာရုယှ၊ တက်စီး၍။ ဂတော၊ သွားရမူကား။ အဟောဝတ၊ ဩော် ကောင်းလေစွ။ သောဒါရကော၊ ထိုသူငယ်သည်။ ဂန္တွာ၊ သွား၍။ မန္တလနဂရဿ၊ မန္တလေးမြို့၏။ ပစ္ဆိမာယဒိသာယ၊ အနောက်မျက်နှာ အရပ်၌။ ခင်ပုဂံတိဝှယော၊ ခင်ပုဂံဟုအမည်ရှိသော။ မဟာဝိဟာရာ ရာမော၊ ကျောင်းတိုက်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုခင်ပုဂံကျောင်းတိုက်ကြီးအတွင်း၌။ တေဇဝန္တနာမဿ၊ ဦးတေဇဝန္တအမည်ရှိသော။ ထေရဿ၊ မထေရ်၏။ ဝိဟာရော၊ ကျောင်းသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံဝိဟာရေ၊ ထိုကျောင်း၌။ တဿထေရဿ၊ ထိုဦးတေဇဝန်ထေရ်ကြီး၏။ သန္တိကေ၊ အထံတော်၌။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဒ္ဓိံ၊ တကွ။ ဒသသီလာနိ၊ ဆယ်ပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ-ဂဏှိတွာ၊ ခံယူဆောက်တည်၍။ သာမဏေရပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်သို့။ ပတွာ၊ ရောက်၍။ တေသံတေသံ ဓမ္မာစရိယာနံ၊ ထိုထို ဓမ္မာစရိယတို့၏။ သန္တိကာ၊ အထံတော်မှ။ နာနာဂန္ထန္တရေ၊ အထူးထူးသော ကျမ်းတို့ကို။ ဥဂ္ဂဏှိတွာ၊ သင်ယူ၍။ ဓာရေတွာ၊ ဆောင်၍။ ဝတ္တပဋိပတ္တိံ၊ သာမဏေတို့၏ လိင်ဒဏ်အစရှိသော ဝတ်အကျင့်ကို။ ပရိပူရေန္တော၊ ဖြည့်ဆည်းပူး သဖြင့်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ဝသတိ၊ သီတင်းသုံးတော်မူ၏။

အထတသ္မိံကာလေ၊ ထိုအခါ၌။ အဿသာမဏေရဿ၊ ထိုသာမဏေ၏။ အာယုပရိမာဏံ၊ အသက်အတိုင်းအရှည်သည်။ ဝီသတိဝဿော၊ အနှစ်နှစ်ဆယ် သည်။ ပရိပူရတိ၊ ပြည့်၏။ သာမဏေရော၊ သာမဏေသည်။ ဥပသမ္ပဒံ ကမ္မပ္ပဟောန္တော၊ ပဥ္စင်းခံလောက်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဇ္ဈာစရိယာနံ၊ ဥပဇ္ဈာယ်ဆရာ အစရှိသည်တို့၏။ သန္တိကေ၊ အထံတော်၌။ ဥပသမ္ပဒံ၊ ပဥ္စင်းအဖြစ်သို့၊ ပတ္တော၊ ရောက်လေ၏။ အာစရိယေဟိ၊ ဆရာကြီးတို့သည်။ တဿ ဒဟရ

ဘိက္ခုနော၊ ထိုရဟန်းငယ်အား။ အာဒိစ္စောတိနာမံ၊ ဦးအာဒိစ္စဟူသောအမည်ကို။ ပညာပေတိ၊ အမည်မှည့်၏။ တတော၊ ထိုရဟန်းအဖြစ်မှ။ ပဋ္ဌာယ၊ စ၍။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ ဒွေမာတိကံ၊ ဒွေမာတိကာကို။ ဝါ၊ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်ကို။ ပဂုဏံကတွာ၊ လေ့ကျက်သည်ကိုပြု၍။ မန္တလနဂရဿ၊ မန္တလေးမြို့ ၏။ ပစ္ဆိမေဒိသာဘာဂေ၊ အနောက်မျက်နှာအဘို့၌။ ခင်ပုဂံတိနာမဿ၊ ရှိသော။ မဟာဝိဟာရာရာမဿ၊ ကျောင်းတိုက်ကြီး၏။ အန္တေ၊ ၌။ ဝသန္တဿ၊ သီတင်းသုံး တော်မူသော။ အဂ္ဂမဟာပဏ္ဍိတလဒ္ဓိတဿ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို။ လဒ္ဓဿ၊ ရအပ်ပြီးသော။ သံဃနာယကမကုဋ္ဌာရာမာစရိယဿ၊ သံဃာတော်တို့၏ အကြီးအမှူးဖြစ်သော မကုဋ္ဌာရာမဆရာတော်ဘုရားကြီး၏။ သန္တိကာ၊ မှ။ တေပိဋကနာနာဂန္ထန္တရနယံ၊ ပိဋကတ်သုံးပုံကျမ်းဂန်နည်းကို။ ဥဂ္ဂဏှိတွာ၊ သင်ယူ၍။ ဓာရေတွာ၊ ၍။ တဿထေရဿ၊ ထိုဦးအာဒိစ္စမထေရ်၏။ ဝဿဂဏနာယ၊ ဝါကိုရေတွက် သည်ရှိသော်၊ တိဝဿော၊ သုံးဝါရသည်။ အဟောသိ၊ ဖြစ်ပြီ။

အထ၊ ၌။ ပဥ္စမသံဂါယနာဂုဏဝိသိဋ္ဌတရဿ၊ ပဥ္စသံဂါယနာတင်ဂုဏ်ထူးရှိတော်မူသော။ ရတနာပုဥ္စ မန္တလနဂရဿ၊ မြို့၏။ ပုရတ္ထိမဒိသာဘာဂေ၊ ၌။ အတုလမဟာဝိဟာရာရာမော၊ အတုမရှိသော ကျောင်းတိုက်ကြီးသည်။ ဟောတိ၊ ထင်ရှား၏။ တဿ၊ ၏။ အန္တေ၊ ၌။ ရွှေနန်းတော်တိအဝှယော၊ ရွှေနန်းတော်အမည်ရှိသော။ ဝိဟာရော၊ ကျောင်းသည်။ ဟောတိ၊ ၏။ တသ္မိံ၊ ၌။ ဝသန္တဿ၊ သော။ အဂ္ဂမဟာပဏ္ဍိတလဒ္ဓိတလဒ္ဓဿ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရပြီးသော။ ဝိနယဓရဿ၊ ဝိနည်းမိုရ်ဖြစ်သော။ တေပိဋကဝါစကဿ၊ ပိဋကတ်သုံးပုံကို ပို့ချတော်မူသော။ သုဓမ္မာပဝိသနာစရိယာယ၊ သုဓမ္မာဝင်ဆရာတော်ဘုရားကြီးသည်။ ပုန၊ တဖန်။ သန္တိကေ၊ ပ၊ နိရန္တရံ၊ မပြတ်။ တေပိဋကနာနာဂန္ထန္တရေ၊ ပိဋကတ်သုံးပုံအထူးထူးသောကျမ်းဂန်တို့ကို။ ဥဂ္ဂဏှိတွာ၊ ၍။ ဓာရေတွာ၊ ၍။ သုဋ္ဌုနယံ၊ နည်းကောင်းနည်းမှန် နည်းတံခွန်ကို။ လဒ္ဓေါ၊ ကြံသိကြားသိ မှားမရှိအောင် ကောင်းစွာမှတ်သိ ဉာဏ်ဖြင့်ရခြင်းရှိသည်။ ဟုတွာ၊ ၍။ အတ္တနော၊ ၏။ ပရိစယံ၊ ဆည်းပူးလေ့ကျက်အပ်သော။ အာသေဝနာ နုဘာဝံ၊ အဘန်တလဲလဲ မှီဝဲထုံအပ်သော အာနုဘော်ကို။ ဥပနိဿယံ ကတွာ၊ အားကြီးသော အကြောင်းကိုပြု၍။ သိဿာနံ၊ တပည့်ဖြစ်ကုန်သော။ ပရေသံ၊ တပါးကုန်သော။ ဘိက္ခုနံ၊ ရဟန်းတို့အား။ နာနာဂန္ထန္တရနယံ၊ အထူးထူးသော ကျမ်းဂန်နည်းကို။ ဝါစေတုံ၊ ပို့ချအံ့သောငှါ။ ဥဿာဟော၊ စွမ်းနိုင်သည်။ ဘဝိဿတိ၊

ဖြစ်လတံ့။ ဣတိမနသိကရိတွာ၊ ဤသို့နှလုံးပိုက်၍။ ဝသတိ၊ ၏။ တသ္မိံကာလေ၊ ၌။ အာဒိစ္စနာမဿ၊ ဦးအာဒိစ္စအမည်ရှိသော။ ဘိက္ခုနော၊ ၏။ ဝဿဂဏနာယ၊ သည်ရှိသော်။ အဋ္ဌဝဿီကော၊ ရှစ်ဝါရသည်။ ဟောတိ၊ ၏။

ဟိ၊ ဆက်၍ပြဦးအံ့။ အထ၊ ၌။ အာဒိစ္စနာမံ၊ သော။ ဘိက္ခုံ၊ သို့။ ဥပသက်မိတွာ၊ ကပ်လေပြီး၍။ သဒ္ဓါပသန္နေဟိ၊ သဒ္ဓါကြည်ညိုခြင်းတို့နှင့်။ သမ္မန္နာဂတာ၊ ပြည့်စုံကုန်သော။ သပ္ပုရိသဒါယကာ၊ သူတော်ကောင်းတကာ ဟို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ တဿနဂရဿ၊ ၏။ ဥတ္တရာယအနုဒိသာယ၊ အရှေ့မြောက်ထောင့်အရပ်၌။ ဘုန်းတော်တိုးဣတိအဝှယော၊ ဘုန်းတော်တိုးဟူ၍ အမည်ရှိသော။ ဂါမော၊ ရွာသည်။ အတ္ထိ၊ ရှိ၏။ တတ္ထတသ္မိံဂါမေ၊ ၌။ ဝသန္တာ၊ နေကုန်သော။ မနုဿာ၊ တို့သည်။ အတ္ထိသန္တိ၊ ၏။ ဂါမိကာဒိဥပါသကာ၊ ရွာသူကြီးအစရှိကုန်သော ဥပါသကာတို့သည်။ ဘိက္ခုံ၊ ကို။ ဥပသက်မိတွာ၊ ၍။ ဘန္တေ၊ အရှင်ဘုရား။ အမှာကံ၊ အကျွန်ုပ်တို့အား။ ကရုဏာယ၊ သနားသဖြင့်။ ပဋိသေဝနတ္ထာယ၊ မှီဝဲဆည်းကပ်အံ့သောအကျိုးငှါလည်းကောင်း။ ပူဇိတတ္ထာယ၊ ပူဇော်အံ့သောအကျိုးငှါလည်းကောင်း။ အာသန္နတရေ၊ အလွန်နီးသော။ ဝေဠုဝန နာမကေ၊ ဝေဠုဝန်အမည်ရှိသော။ ဝိဟာရာရာမေ၊ ကျောင်းတိုက်ကြီး၌။ ဓမ္မသဝနတ္ထာယ၊ တရားနာအံ့သော အကျိုးငှါလည်းကောင်း။ ဒွိတိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ အဝေါစုံ၊ လျှောက်ကြကုန်၏။

ဘိက္ခု၊ ရဟန်းသည်။ သမ္ပဋိစ္ဆိ၊ ဝန်ခံတော်မူ၏။ သမ္ပဋိစ္ဆိတွာ၊ ၍။ စတုသတ္တတိ ဒွိသတေကသဟဿဝသေသ၊ ၁၂၇၄– ခုမြောက်သောနှစ်၌။ အာသဠှိ မာသဿ၊ ဝါဆိုလဟုဆိုအပ်သော။ သုက္ကပက္ခဿ၊ လဆန်းပက္ခ၏။ ဒသဒိဝသေ၊ ဆယ်ရက်မြောက်သောနေ့၌။ ဂန္တွာ၊ ကြွသွားတော်မူ၍။ ဝသတိ၊ သီတင်းသုံး နေတော်မူ၏။ တတ္ထ၊ ထိုဝေဠုဝန်ကျောင်းတိုက်၌၊ ဝသိတွာ၊ သီတင်းသုံးနေ တော်မူ၍။ ပညာသံ၊ ငါးဆယ်အတိုင်းအရှည်ရှိကုန်သော။ ပရေသံ၊ တပါးကုန်သော။ သာမဏေရဘိက္ခုနံ၊ ရဟန်းသာမဏေတို့အားလည်းကောင်း။ သိဿာနံ၊ တပည့် ဖြစ်ကုန်သော။ သာမဏေရဘိက္ခုနံ၊ ရဟန်းသာမဏေတို့အားလည်းကောင်း။ နာနာဂန္ထန္တရေ၊ တို့ကို။ ရတ္တိဒိဝံ၊ နေ့ညဉ့်ပတ်လုံး။ ဝါစေတိ၊ ချပို့တော်မူ၏။ သာသနာဘာရဋ္ဌ၊ သာသနာဝန်ကိုလည်း။ ဥဿာဟံ ကတွာ၊ စွန့်စားခြင်းကိုပြု၍။ ဓာရေတိ၊ ဆောင်တော်မူ၏။

တေဟိဝုတ္တဂုဏောဟိ၊ ထိုဆိုအပ်ပြီးသောဂုဏ်တို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ ပရိယတ္တိဓမ္မံ၊ ပရိယတ်တရားတော်ကို။ ကထေန္တံ၊ ဟောပြောပြသတော်မူသော။ အာဒိစ္စနာမဘိက္ခုဿ၊ ဦးအာဒိစ္စမထေရ်အရှင်မြတ်ကို။ ပဋ္ဌမသံဂါယန္တဿ၊ ပဋ္ဌမသံဂါယနာတင်တော်မူသော။ ရာဇိနော၊ သာသနာ့ဒါယကာ မင်းမြတ်ကြီး၏။ ဒေဝိပုတ္တာ၊ ကျေးမျှင်မိဖုရားနှင့်သားတော်ပျဉ်းမနားမင်းသားတို့သည်။ မာသနိရန္တရံ၊ လစဉ်မပြတ်။ ကပ္ပိယဘဏ္ဍာနိ၊ အပ်သောဘဏ္ဍာဖြစ်ကုန်သော။ ဒေယျဓမ္မ တဏ္ဍုလလာဒီနိ၊ ပေးလှူအပ်သော ဆန်အစရှိသည်တို့ကို။ ဒေန္တိ၊ ပေးလှူကုန်၏။

တေဟိ ဂုဏေဟိ၊ ထိုဂုဏ်တို့နှင့်။ သမ္ပန္နာဂတဿ၊ ပြည့်သော။ ဂဏာဝါစက ပဋ္ဌမစာချ ဂုဏာဝိသိဋ္ဌတရဿ၊ ဂိုဏ်းသံဃာတော်တို့၏ ဓမ္မကထိက ပဋ္ဌမစာချ ဂုဏ်ထူးရှိတော်မူသော။ ထေရဿ၊ ၏။ သက္ကရာဇေ ကို။ ဂဏနာယ၊ ရေတွက် သည်ရှိသော်။ သဋ္ဌိဒွိသတေကသဟဿဝဿံ၊ ၁၂၆၀-ပြည့်နှစ်ကို။ အာဒိကတွာ၊ ၍။ ပရိယတ္တိသာသနဟိတသာမဂ္ဂိ အသင်းကို။ ကတွာ၊ တည်ထောင်သည်ကိုပြု၍။ တေပုဂ္ဂလာ၊ ထိုအသင်းသားပုဂ္ဂိုလ်တို့သည်။ မာသနိရန္တရံ၊ လစဉ်မပြတ်။ တဏ္ဍုလာဒီနိ၊ ဆန်အစရှိကုန်သော။ ဒါတဗ္ဗဝတ္ထူနိ၊ လှူအပ်သော ဝတ္ထုတို့ကို။ ဘိက္ခုဿ၊ အား။ ဒေန္တိ၊ ကုန်၏။

ဟိ-ဝိသေသော၊ အထူးကား။ အထပစ္ဆာ၊ ၌။ သက္ကရာဇေ သက္ကရာဇ်၏။ ဆသတ္တဟိဒွိသတေကသဟဿဝဿေ၊ ၁၂၇၆-ခုနှစ်၌။ ဝေဠုဝနဝိဟာရိဿရော၊ ဝေဠုဝန်ကျောင်းတို့ကို အစိုးရသော။ တိလောကနာမမဟာထေရော၊ ဦးတိလောက အမည်ရှိသောထေရ်ကြီးသည်။ အတ္တနော၊ မိမိ၏။ ဣဿရိယဘဏ္ဍာနိ၊ အစိုးရသောဂရုဘဏ် လဟုဘဏ်တို့ကို။ ဝုတ္တဂုဏာသမ္ပန္နဿ၊ သော။ ထေရဿ၊ အား။ ဒေတိ၊ ၏။

စ၊ ဦးအံ့။ တဿအာဒိစ္စနာမဘိက္ခုဿ၊ ၏။ အာယုနော၊ ကို။ ဂဏနာယ၊ သော်။ ဒွတ္တိံသဝဿိကော၊ သုံးဆယ့်နှစ်နှစ်ရှိသည်။ ဟောတိ၊ ၏။ သမဏာ ပတ္တဝဿေ၊ ရဟန်းအဖြစ်သို့ ရောက်သောနှစ်ကို။ ဂဏနာယ၊ သော်။ တေရသ ဝဿော၊ တဆဲ့သုံးဝါသည်။ ပရိပူရတိ၊ ၏။ အထ၊ ၌။ သံဃိဿရော၊ သံဃာကို အစိုးရသော။ သံဃာနာယကော၊ သံဃာတို့၏အမှူးဖြစ်တော်မူသော။ မဟာသံဃ ရာဇာထေရော၊ သည်။ တဿ၊ အား။ ဝိဟာရန္တေ၊ ၌။ သိဿသမ္ပဟာနံ၊ တို့အား။ သြဝါဒကမ္မံ၊ ကို။ ကရောဟိ၊ လော့။ ဣတိ၊ သို့။ လဒ္ဓိတံ၊ တိုက်ကြပ်ဆရာတော် တိုက်အုပ်ဆရာတော်ဟူသော အမိန့်တော်တံဆိပ်ကို။ ဒေတိ၊ ၏။

ထေရဿ၊ ၏။ သမဏပတ္တဝဿေ၊ ရဟန်းအဖြစ်သို့ရောက်သောနှစ်ကို။ ဂဏနာယ၊ ရေတွက်သည်ရှိသော်။ ဝီသတိ ဝဿိကော၊ ဝါတော်နှစ်ဆယ်သည်။ ပရိပူရတိ၊ ပြည့်၏။

အထ၊ ၌။ တဿရတနာပုဥ္ဆမန္တလနဂရဿ၊ ထိုရတနာပုံမန္တလေးမြို့၏။ ဥတ္တရာယဒိသာယ၊ မြောက်မျက်နှာအရပ်၌။ ဂဏာစရိယောတိနာမံ၊ မြောက်ပြင်ဌာန အုပ်ဆရာတော် ဌာနချုပ်ဆရာတော် ဒုတိယသုဓမ္မာဝင်ဆရာတော်ဟူသော အမည်ကို။ ဒေတိ၊ ၏။ အထ၊ ၌။ အဂ္ဂမဟာပဏ္ဍိတလဒ္ဓိတံ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို။ ဒေတိ၊ ၏။ အထ၊ ၌။ ပဥ္စမသုဓမ္မာပဝိသနာစရိယောတိနာမံ၊ ပဥ္စမသုဓမ္မာဝင်ဆရာတော်ဟူသောအမည်ကို။ ဒေတိ၊ ၏။ တေဟိဂုဏေဟိ၊ ထိုဆို အပ်ခဲ့ပြီးသောဂုဏ်တို့နှင့်။ သမ္ပန္နာဂတေန၊ ပြည့်စုံသော။ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓိတလဒ္ဓပဥ္စမသုဓမ္မာပဝိသနာစရိယထေရေန၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော်ရ ပဥ္စမသုဓမ္မာဝင် ဝေဠုဝန်ဆရာတော်ဘုရားကြီးသည်။ သက္ကရာဇေ၊ သက္ကရာဇ်ကို တွက်စစ်သည်ရှိသော်။ ပဥ္စနဝုတိဒွိသတေကသဟဿဝဿေ၊ ၁၂၉၅–ခုနှစ်၌။ ကုမ္ဘမာသဿ၊ တပို့တွဲလဟုဆိုအပ်သော။ သုက္ကပက္ခဿ၊ လဆန်း ပက္ခ၏။ စတုတ္ထဒိနေ၊ ၄–ရက်မြောက်သောနေ့၌။ ရဝိတော၊ စီရင်အပ်သော။ ဒုစ္စရိတာဒိ ဒီပနီနာမ၊ ဒုစ္စရိတာဒိ ဒီပနီအမည်ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော + နိဋ္ဌင်္ကတော ဂတော ပတ္တော၊ ပြီးဆုံးခြင်းသို့ ရောက်ပြီ။

ဟူသော စုဏ္ဏိယပါဠိနိဿယဖြင့် အတ္ထုပ္ပတ္တိကို ပြည့်စုံစွာဖော်ပြ၍ နိဂုံး အုပ်တော်မူခဲ့လေသည်။

၄င်းပြင်ကျမ်းအစ၌လည်း–

ဓမ္မိဿရ ဓမ္မသာမိ မုနိပုင်္ဂဝ သုံးလူ့ဘဟု လောကသုံးခွင် ဘုံအပြင်တွင် ထင်ပေါ်ကျော်စော အံ့ဩဖွယ်မဆုံး ရိုက်ချွန်းသံဟီး မြေကြီးဝသုန် တုန်တုန်ညိမ့်ညံ သံသံပပ သံပကမ္ပ သံပဝေဓ စလနဟု ဓမ္မစကြာ ဒေသနာရောင် ထွန်းလင်း ပြောင်ကြွ ကောဏ္ဍညက အစမဂ်ဖိုလ် ရစေလို၍ ထိုထိုသတ္တ ဝေနေယျာနှင့် နောင်လာ နောက်သား ရစေသားဟု သနားကြင်နာ ဟောမိန့်မှာသည်။ ဓမ္မာသဝ ဥဒကကို သောက်ရစေငှါ သာဝဘာက သိဿာနုသိဿ ဝံသအဆက် မပျက် စဉ်ကာ တို့သူငါလည်း နောင်လာနောက်သား တရားမဂ်ဖိုလ် ရစေလို၍ ထိုထို ကျမ်းဂန် သင်အံမှတ်သား ဉာဏ်အားမြင်သိ မိမိပမာ သိစိမ့်ငှါဟု မန္တလေး မြောက် ပြင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဥ္စမသုဓမ္မာဝင် ဝေဠုဝန်ဆရာတော်

ဘုရားကြီးသည် ရေးပြုတည်ထွင် စီရင်အပ်သော "ဒုစ္စရိတာဒိဒီပနီ" အမည်ရှိသော ကျမ်းဟောင်းကို စကုမြို့ခြေလျှင်တပ်ရင်း (၂၁)ဗိုလ်ကြီးသိန်းကျော်လျှောက်ထား တောင်းပန်ချက်အရ ထပ်မဖြည့်စွက် ရေးသားပေးသနားတော်မူသော နောက်ဆက် တွဲစာမူသစ်တို့ပါစုပေါင်း၍ မန္တလေးမြို့ ၈၄-လမ်း ကျောက်သွေးတန်းရပ်ရှိ (သုခဝတီ) ပိဋကတ်စာပုံနှိပ်တိုက်တွင် ကောင်းမွန်သိုက်မြိုက်စွာ စက္ကူကောင်းစက္ကူချောပေါ်တွင် မှင်စမှင်န လှပသေသပ်ကောင်းမွန်စွာ အခါခါတည်း ရိုက်၍ ထပ်မံ ပုံနှိပ်လုပ်ဆောင် အောင်မြင်ပြီးစီးခြင်းသို့ ရောက်ပေသတည်း။

ဟူသော နိဒါန်းရေးပျိုးတော်မူခဲ့လေသည်။ ယင်းကျမ်းကြီးသည် ဒီမိုင်းဆိုက်ဖြင့် စာမျက်နှာ ၄၃၅-ရှိလေသည်။ ယင်းကျမ်းကြီးကို ရိုက်နှိပ်ခဲ့သည်မှာ ၁၃၂၆-ခုနှစ်က ရိုက်နှိပ်သည့်အကြိမ်နှင့် မူ ၃-ကြိမ် တိုင်ခဲ့လေသပြီ။

## စာပေဝါသနာပါသည့်ဆရာတော်

ဆရာတော်အရှင်အာဒိစ္စသည် စာချကျမ်းပြု ဝါသနာပါသည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။ တပည့်တပန်းတို့အပေါ် မေတ္တာကရုဏာ ပြည့်ဝစွာအုပ်ချုပ်သည့် ဆရာတော် ဖြစ်တော်မူသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ အလုပ်လုပ်သော မန္တလေးမြို့မြောက်ပြင် ဝေဠုဝန်ဆရာတော်ဘုရားကြီးအရှင်အာဒိစ္စသည် သက်တော် ၈၅-နှစ်၊ သိက္ခာတော် ၆၅-ဝါ ရရှိရာ ၁၃၂၉-ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်၊ နံနက် ၉-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သင်္ခါရာ ဟိ ဝိနာသိနော၊ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတို့ကား ပျက်စီးခြင်း သဘောရှိကုန်၏။ သူတော်ကောင်းတို့ စိတ်ကြည်လင်ကာ သဒ္ဓါတရားတိုးပွားရန်, သံဝေဂရရန် ရည်သန်၍ ဝေဠုဝန်သာသနာဝင်ကို ပြုစီရင်ရာ အတော်အသင့် ပြည့်စုံပြီဖြစ်၍ ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဝေဠုဝန်သာသနဝံသော၊ သမတ္တော သာဓုဝဏ္ဏိတော။

## ဝေဠုဝန်သာသနာဝင်ပြီး၏။

---ooo---

■ ■ ■

## မန္တလေးသာသနာ၀င် ဒွါဝီသတိမတွဲကျမ်းကြီး အပြီးသတ်ခြင်း

မန္တလေး သာသနာ၀င် ဧကဝီသတိမတွဲကျမ်းကြီး ၁၃၄၇–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀–ရက်နေ့၊ ညနေ ၄–နာရီ၊ မိနစ် ၃၀–အချိန်တွင် ပြီးဆုံးသဖြင့် မန္တလေးသာသနာ၀င် ဒွါဝီသတိမတွဲကျမ်းကြီးကို ခုဒ္ဒပါဌပါဠိတော်အဋ္ဌကထာတွဲဖက်၍ ချုပ်ခြင်း, သဒ္ဒတ္ထဘေဒစိန္တာနှင့် ကစ္စည်းသဒ္ဒါကြီးကျမ်းတို့ကို ချုပ်ခြင်းကိစ္စအကြား၌ ရေးသားပြုစုတည်းဖြတ်ရာ ယနေ့ ၁၃၄၇–ခုနှစ် နယုန်လဆန်း ၉–ရက်၊ ၄–နာရီ၊ မိနစ် ၃၀–အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ဖော်ပြပါ ၁၀–ဂါထာပါဠိ, မြန်မာစကားပြေတို့ကို အထွတ်တပ်၍ နိဂုံးအုပ်လိုက်ပါသည်။

၁။ ပခုက္ကူပုရသေဋ္ဌဿ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတ ဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ် ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက်လေးဂါဝုတ်ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင် (ပခုက္ကူမြို့နယ်)အတွင်း ကျော်စောခြင်းရှိသောရွာ၏ လေးဘက်လေးကန်၌ ကျောင်းကန်ဘုရားစေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်သော ကန်ရပ်ရွာကြီး တည်ရှိလေသည်။

၂။ ဒွိနောဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လက်ာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ် အနေအားဖြင့် သက္ကရာဇ် ၁၂၉၂–ခုနှစ် ၌ မီးရှူးသန့်စင် ဖွားမြင်သော။[၁] သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ ဘာရတခေါ်သည့်

---

၁။ ၁၂၉၂–ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁–ရက်နေ့တွင် ဦးဘရှန်+ဒေါ်လှပိုတို့မှ မွေးဖွားမြင်သည်။ ကန်တိမ်ရွာ ဦးဘသင်း, ဒေါ်စိန်ခတို့၏ ပစ္စယနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ပါသည်။ ကန်ရပ်ရွာ ဦးပျော်ပါး, ဒေါ်သောင်း၊ ညောင်တုန်းမြို့ ကျုံတမာရွာ ဦးအောင်ထင်, ဒေါ်စိန်ချစ်။ ပခုက္ကူမြို့ သံခိပ်သီလရှင် ဆရာကလေး ဒေါ်အေးသိဂီ။ ပခုက္ကူမြို့ ထမကောက်ရပ် ဦးဘညွန့်, ဒေါ်ပုတို့က သိမ်ထပ်ဒါန ပြုကြသည်။

အိန္ဒိယနိုင်ငံစသည့် နိုင်ငံရပ်ခြားတိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ, ပြာကရိတ်, အင်္ဂလိပ်, သီဟိုဠ်စသည့် ထိုထိုဘာသန္တရစာပေ ဗဟုသုတ သမိုင်းရာဇဝင် ဗဟုသုတအမျိုးမျိုးတို့ကို ရှာမှီးလေ့လာ သင်ယူလေ့ရှိသော။

၃။ ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေန နဝဝဿာနိ၊ သံဂီတိ ကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ အစရှိသော မထေရ်မြတ်တို့၏အထံ၌ ကိုးနှစ်တိုင်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂီတိကာရက, ဆဋ္ဌသံဂီတိဘာဏက, ဆဋ္ဌသံဂီတိပဋိသောဓက, ဆဋ္ဌသံဂီတိဩသာနသောဓက ဖြစ်၍ စာပေလုပ်ငန်း အဝဝကို ပြုလုပ်လေ့ရှိသော။

၄။ ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန စတုတ္တိံသ-ဝဿိကေန ယသဿိနာ။

ရတနာပုံ ဘွဲ့မည်ထုံသော မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယက အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အဝဝရှိသော ရဟန်းသိက္ခာ ၃၄-ဝါရပြီး မဟာထေရ်ဖြစ်သော တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ် ကောင်းလှသော ပခုက္ကူ ပိဋကတ်အတတ် မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမ မဟာဝိဇ္ဇာယတနကြီးအတွင်း၌ တိပိဋက ပါရဂါမီ ဒိဃဒဿီ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံး၍ ဝရနှစ်ပါး ပွားများအားသစ်ရာ ဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာ ကောင်းလှသော သာသနဇောတိပါလကျောင်းကြီး၌ သဒ္ဒါ, သင်္ဂြိုဟ်

ဒွေမာတိကာ သဒ္ဒတ္ထဘေဒစိန္တာ ရူပသိဒ္ဓိ ဋီကာကျော် ကင်္ခါဝိတရဏီ အဋ္ဌကထာ စသည့် ပိဋကတ်အခြေခံစာငယ်စာလတ် ဟူသောကျမ်းစာများနှင့်တကွ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒီဃနိကာယ်ပါဠိအဋ္ဌကထာ၊ မဇ္ဈိမနိကာယ်ပါဠိအဋ္ဌကထာ၊ သံယုတ္တနိကာယ် ပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်ပါဠိအဋ္ဌကထာ၊ ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ၊ အဘိဓမ္မာခုနစ်ကျမ်းပါဠိအဋ္ဌကထာ၊ ခုဒ္ဒကပါဌပါဠိအဋ္ဌကထာ၊ နေတ္တိပါဠိအဋ္ဌကထာ စသည့်နိကာယ်ငါးရပ်ပါဠိအဋ္ဌကထာဟူသော မာဂဓနှင့် မုဒ္ဒဗောဓအမရကောသ စာဏကျနီတိစသော သက္ကတဘာသာစသော ဘာသန္တရ ကျမ်းဂန်အမျိုးမျိုးကို ချပို့လေ့ရှိသော။

၆။ နေကောသံ ဂန္ထဇာတာနံ၊ လေခကေန သုတေသိနာ။
မဟတော ယတိဂဏဿ၊ ဇနဿ ဟိတဘာရိနာ။

ပခုက္ကူသာသနာဝင် မဟာဝိသုတာရာမနိကာယသာသနာဝင် စစ်ကိုင်းသာသနာဝင် ကလျာဏီသာသနာဝင် မန္တလေးသာသနာဝင်ကျမ်းကြီးများ ပခုက္ကူအဘိဓာန်နိဿယသစ်စသည့် မြားမြောက်လှစွာသော ကျမ်းဂန်တို့ကို ပြုစီရင်သော လောကီလောကုတ္တရာ ဗဟုသုတအဝဝကို ရှာမှီးလေ့ရှိသော များစွာသောရဟန်းရှင်လူအပေါင်း၏ အစီးအပွားကို ပြုလေ့ရှိသော။

၇။ မကွေးမဏ္ဍလေသုသံဃ–နာယကပရိသာယစ။
ပုဗ္ဗင်္ဂမ ဥက္ကဋ္ဌေန၊ သာသနကိစ္စကာရိနာ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် မကွေးတိုင်း သံဃနာယကအဖွဲ့ မကွေးတိုင်း သံဃနာယကသဘာ၏ ရှေ့ဆောင်ပဓာန ဥက္ကဋ္ဌဖြစ်၍ သာသနာတော် သန့်ရှင်းတည်တန့် ပြန့်ပွားရေးကို ပြုလုပ်ဆောင်ရွက်လေ့ရှိသော အကျွန်ုပ်သည်။

၈။ နိဿာယ ဣတိဟာသေ စ၊ သိလာလိပိ ပဘုတယော။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ တတောယံ ဝိဒုမာနိတော။

သမိုင်းရာဇဝင် သာသနာဝင် အတ္ထုပ္ပတ္တိကျမ်းဂန်အမျိုးမျိုးကျောက်စာ စသောအမှတ်အသားများ အခြားသက်ဆိုင်ရာနိဿယ ဋီကာယောဇနာ မှတ်စု မှတ်ရာကျမ်းစသည် များစွာသောစာကောင်းပေမွန်တို့ကို အမှီပြု၍ ပညာရှင်တို့သည်

နှစ်သက်အပ်သော ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီးကို ကြိုးပမ်းစီရင်အပ်ပါသတည်း။

၉။ တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ် များလှတွေပြား ဝိုင်းဝိုင်းလည်နေသော စာချစာရေးစသည့် အလုပ်ကိစ္စတွေကြားမှ စိတ်စေတနာထက်သန်လှစွာ ရေးသားပြုစုရသော ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီးသည် ဘုရားမြတ်စွာ သာသနာရောင်ခြည် တည်ရှိသရွေ့ ကာလပတ်လုံး သာသနာဝင်သမိုင်း အတ္ထုပ္ပတ္တိ သုတေသီတို့အား ကောင်းမြတ်သော အနွယ်အဆက်ကိုပေးလျှက် တည်ထွန်းပါစေသတည်း။

၁၀။ အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနီသိဘိဂုရူဟေဝ၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤမန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီး ပြုစုရသော ကောင်းမှုထူးနှင့် အခြားကျမ်းစာများ ပြုစုရသောကောင်းမှု စာပေကျမ်းဂန်ပို့ချ သာသနာပြုရသော ကောင်းမှုအစုစုကြောင့် ပညာရှင်ကြီးများသာ ဖြစ်တော်မူကြသော ကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

၂၉၁၂

# မန္တလေးသာသနာဝင်
# ဒွါဝီသတိမတွဲကျမ်း အလုံးစုံပြီး၏။

■ ■ ■

File Name = D/ Man Sasanawin-22/ Ukt-Sasanawin (22)
(29-1-2014. Final File)

မန္တလေး
သာသနာ့ဝင်

မုနိန္ဒက္ကောတမံ မောဟံ၊ ဟန္တွာ ဗောဓေသိ ပဏ်ဍံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ သော သမ္ဗာလေတု မံ ဇိနော။

"ထွန်းလင်းလျှံပြောင် တရားရောင်ဖြင့်
မိုက်မှောင်မြေးကာ အဝိဇ္ဇာကို
ပယ်ခွါပစ်နှုတ် ကမုဒ်အတူ ကျွတ်ထိုက်သူကို
လေးဆူသစ္စာ မုန်အာရွှန်းတင့်
ပွင့်စေဖားဖား ငါးပါးမာရ်အောင် ဘုန်းရောင်လွှမ်းကား
ဘုရားဟူသည် ရောင်ဖြူပဝင်း ရှင်နေမင်းသည်
ဝပ်စင်းခယ ကြည်ဆွအသင့်
သခင့်ကိုသာ ကိုးကွယ်ပါ၏
စာသစ်ပြုလို အကျွန်ုပ်ကိုလျှင်
စာဆိုပြီးလွယ် အန္တရာယ်ကို
ဖျောက်ပယ်မတော် မူစေသော်"။

အရှင်မေဓာလင်္ကာရ (ပြည်ဆရာတော်)
(စာ-၁၆၆-၁၆၇)

အတွဲအမှတ်စဉ် (၂၂)

Graphic Design by Shwemyay - Nanda